# ဇင်းမယ်ပဏ္ဏာသဝတ္ထုတော်ကြီး

(ဇင်းမယ်ဆရာတော်)

၁၉၃၂၆

ယိုးဒယား နိုင်ငံ ဇင်းမယ်မြို့လျှင် ဘွားရာဇာတိရှိသော

ဇင်းမယ်ဆရာတော်သည်

ပါဠိဘာသာဖြင့်ရေးသားထားခဲ့သော

ဇင်းမယ်ပဏ္ဏာသအဋ္ဌကထာ

ကို

လုံးစေ့ပါဌ်စေ့ မြန်မာပြန်ဆိုထားသော

# ခေတ်မှီ
# ဇင်းမယ်ပဏ္ဏာသဝတ္ထုတော်ကြီး


ဓမ္မာစရိယ ဦးစိုးမြင့်
မြန်မာမှုပြုသည်။


---


မူပိုင်ရှင်
ဦးညွန့်ဝေ-ဒေါ်မြကြည်

**သဒ္ဓါမဏ္ဍိုင်စာပေ**

အမှတ် ၂-ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း

၁၉၇၈-ခု၊ ဇန်နဝါရီလ

အုပ်ရေ-၂၀၀၀၊ ပထမအကြိမ်

အဘိုး ၂၀-ကျပ်။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် (၁၀၁၉၂)

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်လှမြင့်(မြဲ-၀၂၈၉၈) ကာယသုခပုံနှိပ်တိုက် အမှတ် ၁၂၉-၁၃၁-လမ်း၊ ရန်ကုန်မြို့ကပုံနှိပ်၍။ ဒေါ်မြကြည် (မြဲ-၀၁၅၂၀) ခေတ်မှီတရားဒေသနာစာပေ၊ အမှတ် ၆၇-ပိုက်လမ်း၊ ဗဟန်း ရန်ကုန်မြို့က ထုတ်ဝေသည်။

# မာတိကာ

၁၆၃၇၆


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဇင်းမယ်ပဏ္ဏာသ ဝတ္ထုငါးဆယ်မှ သိမှတ်ဘွယ်ရာများ .... | ၁ |
| ၂။ | မှတ်သားဘွယ်ပြည့်လျှမ်း ဇာတ်နိဒါန်း .... | ၂၁ |
| | **၁။ အာဒိတ္တဝဂ်** | |
| ၁။ | **အာဒိတ္တရာဇဇာတ်** .... | ၂၉ |
| | အတိတ်ဇာတ်ကြောင်း .... | ၃၀ |
| | အာဒိတ္တမင်းစေတနာ သိကြားမနေသာ .... | ၃၄ |
| | မိဖုရားသခ်ဒေဝီ သိကြားအလှူခံပြီ .... | ၃၆ |
| | မိဖုရားကိုမင်းအား ပြန်ပေးခြင်း .... | ၄၁ |
| | ဇာတ်တော်ပေါင်းခဏ်း .... | ၄၅ |
| ၂။ | **တုလကပဏ္ဍိတဇာတ်** .... | ၄၆ |
| | ဗုဒ္ဓမြတ်စွာ အတိတ်ဇာတ်ကြောင်း ဟောပြရှာ .... | ၄၇ |
| | မိစ္ဆာပုဏ္ဏား ဂုံးစကားဖြင့် .... | ၄၈ |
| | နာဂဒီပကမထေရ်၏ ဆုံးမစကား .... | ၅၀ |
| | ကိုယ်အလေးချိန်တူစွာ ရွှေပေးရှာ .... | ၅၁ |
| | ကျန်ရဟန်းတော် သုံးပါးအတွက် | |
| | သားနှင့်မယား ရောင်းပြီ .... | ၅၄ |
| | သာမဏေအတွက် အသက်ဖလှယ် .... | ၅၇ |
| | ဘခင်မေတ္တာ ကြီးမားလှစွာ .... | ၅၉ |
| | သေဘေးမှလွတ်မြောက် ရဟန္တာ သုံးကျိပ်သုံးယောက် .... | ၆၀ |
| | မင်းကြီး၏ ကြောက်ရွံ့စိုးရိမ်မှုကို ဖျောက်စေပုံ .... | ၆၁ |
| | စိန္တာရာမကျောင်းတော် .... | ၆၃ |
| | ဇာတ်တော်ပေါင်းခဏ်း .... | ၆၄ |
| ၃။ | **သမ္မာဇီဝ ကုမာရဇာတ်** .... | ၆၅ |
| | အတိတ်ဆောင်ဆော်မှုခြင်း .... | ၆၇ |
| | မြွေကိုက်၍ မိခင်ကွယ်လွန်ပြန်ခြင်း .... | ၆၈ |
| | လူ၏နှလုံးကိုပေးနိုင်လျှင် သင့်မိခင် အသက်ရှင်လတ့ံ .... | ၇၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သမ္မာဇီဝကမှာရသည် မိမိ၏နှလုံးသားဖြင့် မိခင်အသက်ကို ကယ်အံ့ဟု | .... | ၇၂ |
| | မိခင်ကတဖန် သစ္စာဆိုပြန် | .... | ၇၅ |
| | ဇာတ်တော်ပေါင်းခန်း | .... | ၇၇ |
| ၄။ | အရိန္ဒမဇာတ် | .... | ၇၈ |
| | ပုဏ္ဏားပျို၏အသွင်ဖြင့် တဖန်လာ၍ | .... | ၈၀ |
| | ရထားကိုလည်း မင်းကြီးလှူပြန်ချေပြီ | .... | ၈၄ |
| | ပဌမပုဏ္ဏားအိုကသူ့ရှေ့ကို တောင်းပြန်ချေပြီ | .... | ၈၅ |
| | မင်းကြီးသည် မိမိကိုယ်ကို ရောင်းခြင်း | .... | ၈၇ |
| | မိဖုရားကြီး၏ သနားစရာဖြစ်ထွေ | .... | ၈၈ |
| | ထူးဆန်းသော သစ္စာဓိဋ္ဌာန် | .... | ၉၀ |
| | ဘုရားလောင်းအား သိကြားမင်း အမွှန်းတင်ခန်း | .... | ၉၃ |
| | ဇာတ်တော်ပေါင်းပြီ | .... | ၉၅ |
| ၅။ | သုဗ္ဘမိတ္တဇာတ် | .... | ၉၆ |
| | ရှေးကကြောင်းရာ ပြောပြရှာ | .... | ၉၆ |
| | လျှို့ဝှက်သောစကားကို တိုင်ပင်ခြင်း | .... | ၉၇ |
| | မိဖုရားအား မှာကြားခန်း | .... | ၉၈ |
| | မင်းမိဖုရားသားတော်များ တောထွက်ခန်း | .... | ၁၀၆ |
| | မင်းလေးပါး တကွဲတပြားစီ | .... | ၁၀၇ |
| | သုဗ္ဘမိတ္တမင်း သောက | .... | ၁၀၈ |
| | မင်းလေးပါးကို တကွဲတပြားစီဖြစ်ရသောအကြောင်းကား | | ၁၁၂ |
| | သုဗ္ဘမိတ္တ မင်းဖြစ်ခန်း | .... | ၁၁၃ |
| | ထူးဆန်းလှသော ကြောင်းခြင်းရာများ | .... | ၁၁၅ |
| | မင်းလေးပါး ပြန်လည်ဆုံတွေ့ခန်း | .... | ၁၂၀ |
| | ဇာတ်တော်ပေါင်းခန်း | .... | ၁၂၅ |
| ၆။ | သမုဒ္ဒဃောသဇာတ် | .... | ၁၂၆ |
| | ရှေးဟောဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ | .... | ၁၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဘုရားလောင်းမင်းသား ဗန္ဓုမတီထံ လိုက်သွားခြင်း .... | ၁၂၉ |
| | အလောင်းတော်၏ စောင်းတီးအတတ် စွမ်းရည် .... | ၁၃၁ |
| | အလောင်းတော်၏ ဘခမည်းတော်ထံ တမန်စေလွှတ်ခြင်း .... | ၁၃၁ |
| | နတ်ကွန်းအား ပူဇော်ပသခြင်း .... | ၁၃၅ |
| | ဝိဇ္ဇာမိုရ်နှစ်ဦး စစ်ထိုးခဏ်း .... | ၁၃၆ |
| | ဝိဇ္ဇာမိုရ် ကျေးဇူးဆပ်ခြင်း .... | ၁၃၇ |
| | ဟိမဝန္တာ ချီးမွမ်းခဏ်း .... | ၁၃၈ |
| | သံလျက်ပျောက်ဆုံး၍ မင်းမိဖုရားတို့ ဒုက္ခတွေ့ကြုံခြင်း .... | ၁၄၃ |
| | ဇရပ်တဆောင်နှင့် အလှူလုပ်နေသူ .... | ၁၄၅ |
| | ရှေးကဝင်မွေကြွေး ပြေးမလွှတ်ခဲ့ .... | ၁၄၇ |
| | မင်းမိဖုရားတို့ ပြန်လည်တွေ့ဆုံခဏ်း .... | ၁၄၈ |
| | ဇာတ်ပေါင်းခဏ်း .... | ၁၅၀ |
| | မင်းနှစ်ပါးတို့ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ခြင်း .... | ၁၅၁ |
| ၇။ | **ဒါနစာဂဇာတ်** .... | ၁၅၃ |
| | ဝတ်ပန်းအဝတ်တို့သည် သက်နှံးအဖြစ်သို့ .... | ၁၅၃ |
| | မြတ်စွာဘုရားကိုယ်တိုင် ဒါနအကျိုး ဟောတော်မူခြင်း.... | ၁၅၅ |
| | အဇိတမင်းကြီး တဖန်လှူဒါန်းပြန် .... | ၁၅၆ |
| | အတိတ်ကကြောင်းရာ ဟောပြရှာ .... | ၁၅၈ |
| | သူရားလောင်း၏ ဒါနအာနုဘော် .... | ၁၅၉ |
| | ဇာတ်တော်ပေါင်းလေသော် .... | ၁၆၂ |
| ၈။ | **ဓမ္မိကပဏ္ဍိတရာဇဇာတ်** .... | ၁၆၃ |
| | ဘုရားမြတ်စွာ အတိတ်ဆောင်ရှာ .... | ၁၆၄ |
| | မဟာပထဝီမြေကြီးသည် အမုန်ယစ်သောဆင်ကဲ့သို့ .... | ၁၆၅ |
| | သိကြားခေါ်ဆောင် နတ်တို့ဘောင်သို့ .... | ၁၆၆ |
| | နတ်တို့ပြည် သာယာပုံတွေ .... | ၁၆၉ |
| | ဇာတ်တော်ပေါင်းခဏ်း .... | ၁၇၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉။ | သိရိဓရမဟာသေဋ္ဌိဇာတ် | .... | ၁၇၁ |
| | အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ | .... | ၁၇၃ |
| | မိမိထံရောက်လာ အလှူခံကို စေတနာထားလှူခြင်း | .... | ၁၇၃ |
| | ဆွမ်းလှူဒါန ကြီးမြတ်လှ | .... | ၁၇၄ |
| | နဂါးမင်း, သိကြားမင်းတို့မနေသာ | .... | ၁၇၇ |
| | ဘုရားလောင်းဟောသော ဒါနတရား | .... | ၁၇၈ |
| | ဇာတ်ပေါင်းခဏ်း | .... | ၁၈၁ |
| ၁၀။ | သင်္ခပတ္တဇာတ် | .... | ၁၈၁ |
| | အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ | .... | ၁၈၂ |
| | မင်းသားမင်းသမီးတို့ ရွှေလမ်းငွေလမ်းဖေါက်ခြင်း | .... | ၁၈၃ |
| | သမုဒ္ဒရာတွင်းဝယ် ဘုရားလောင်းစွမ်းအင် | .... | ၁၈၆ |
| | ဤသို့ဆင်းရဲဒုက္ခရောက်ရသော ရှေးကံ | .... | ၁၈၈ |
| | မိခင် အိပ်မက်မက်ခြင်း | .... | ၁၉၀ |
| | ဗေယျဒတ္တရောက်လာခြင်း | ... | ၁၉၁ |
| | ဝဒဝါမုခပုဏ္ဏား ရောက်လာခြင်း | .... | ၁၉၅ |
| | မင်းသမီးနှင့် ကျွန်မတို့ အပြန်အလှန်ပြောခဏ်း | .... | ၁၉၇ |
| | မင်းသမီးကြိုးဆွဲချရန်ကြံသည်ကို အထိန်းတော် ဝိဇယာမြင်၍ တားမြစ်ခြင်း | .... | ၂၀၀ |
| | ဘုရားလောင်း သမုဒ္ဒရာကမ်းပါးသို့ရောက်ခြင်း | .... | ၂၀၁ |
| | ကျေးဇူးရှင်ဖြစ်မှားသောပုဏ္ဏား ခိုးသားငါးရာတို့က ဖမ်းဆီး၍ ပင်းထံဆက်သခြင်း | .... | ၂၀၆ |
| | မျက်မမြင်ဘုရားလောင်းအား ဥယျာဉ်စောင့်တို့က ခေါ်ဆောင်ကျွေးမွေးခြင်း | .... | ၂၀၆ |
| | မုဆိုးမယားတို့အား တရားဟောခြင်း | .... | ၂၀၈ |
| | ဘုရားလောင်းမျက်မမြင်နှင့် ရတနဒေဝီတို့တွေ့ဆုံကြခြင်း | | ၂၁၀ |
| | ရွှေပြား၌ရေးထားသော သင်္ခပတ္တမင်းသား၏ အရုပ်ကို ကြည့်ရှုခြင်း | .... | ၂၁၄ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဝဒဝါမုခပုဏ္ဏားပြောပြ၍ ဘုရားလောင်းမှန်း သိသွားခြင်း ၂၁၄
ဦးရီးတော် အင်္ကုရမင်းကြီး ရောက်လာခြင်း .... ၂၁၅
ဘုရားလောင်းမယ်တော် ယသကိတ္တိဒေဝီ ရောက်ရှိလာခြင်း ၂၁၆
မျက်မမြင်သခ်ပတ္တမင်းသားအား ရတနဒေဝီနှင့်
လက်ထပ်ခြင်း .... ၂၁၈
မျက်စိဖေါက်သော ဒုတဝိတက္ကပုဏ္ဏားအား
ခေါ်ဆောင်လာခြင်း .... ၂၁၉
မယားက လင်အပေါ်၌ မထိမ့်မြင်ပြုခြင်းအကြောင်း ရှစ်ပါး ၂၂၀
ရတနဒေဝီ၏ သစ္စာဓိဋ္ဌာန်ကြောင့်
ဘယ်မျက်လုံး ဖြစ်ပေါ်လာခြင်း .... ၂၂၀
ဘုရားလောင်း သခ်ပတ္တမင်းသား သစ္စာဆိုခြင်း .... ၂၂၂
ယသမင်းကြီးနှင့် ပုရောဟိတ်တို့ ကောင်းကင်မှ ကြွလာခြင်း ၂၂၄
ရတနာလက်စွပ် နှစ်ကွင်းကို မာနဇေမင်းက
အင်္ကုရမင်းကြီးအား ဆက်သခြင်း .... ၂၂၄
ဇာတ်ပေါင်းခြင်း .... ၂၂၆

## ၂။ သုဓနုဝဂ်

၁။ **သုဓနုမင်းသားဇာတ်** .... ၂၂၇
အတိတ်ကဇာတ်ကြောင်း .... ၂၂၉
ဥတ္တရပဉ္စာလတိုင်း၌ နဂါး၏ အာနုဘော်ကြောင့်
သာယာဝပြောခြင်း .... ၂၃၀
မဟာပဉ္စာလမြို့၌ ငတ်မွတ်ခေါင်းပါး အစာရှားခြင်း .... ၂၃၁
ဇမ္ဗုစိတ္တနဂါးမင်းကို ဖမ်းရန်သွားခြင်း .... ၂၃၃
နဂါးမင်းကို မုဆိုးကယ်တင်ခြင်း .... ၂၃၅
ကိန္နရီမောင်နှံများ ရေကစားကြခြင်း .... ၂၃၈
နဂါးမင်းထံ နဂါးပါသ်ကျော့ကွင်း တောင်းခြင်း .... ၂၄၀
မနော်ဟရီ မိဘတို့ကို တမ်းတငိုကြွေးခြင်း .... ၂၄၃

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


သုခနုမင်းသား မနော်ဟရီကို သိမ်းပိုက်ခြင်း .... ၂၄၅
သမီးတော်မနော်ဟရီအတွက် မယ်တော်၏သောက .... ၂၄၇
သူပုန်နှိမ်နင်းရန် သုခနုမင်းသားချီတက်ရခြင်း .... ၂၄၀
ပုဏ္ဏားမိုက် တိုက်တွန်း၍ အာဒိစ္စမင်းကြီး ယစ်ပူဇော်
ရန် အားထုတ်ခြင်း .... ၂၅၃
ယဇ်ပွဲတွင် ဝိဇ္ဇာမိုရ် သမီးကညာတမျိုး လိုနေသည်ဟု ..... ၂၅၄
ပုဏ္ဏားသည် မနော်ဟရီကို ဖမ်းအံ့ဟု .... ၂၅၆
မနော်ဟရီသည် ခြေဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက် .... ၂၅၀
ရသေ့ကြီးအား မနော်ဟရီမှာကြားခြင်း .... ၂၆၀
သုခနုမင်းသားသည် ကျပ်မယားမရှိလျှင် မနေနိုင်ပါဟု ၂၆၂
ကဿပရှင်ရသေ့ကြီးနှင့် တွေ့ပြီ .... ၂၆၅
တောတောင်ခရီးတွင် ဇွဲကြီးလှသော သုခနုမင်းသား .... ၂၆၆
မနော်ဟရီသည် အော်မောင်တော် လိုက်လာပါပြီလားဟု ၂၆၇
ဖြစ်ကြောင်းကုန်စင် ခမည်းတော်အား မနော်ဟရီ
လျှောက်ထားခြင်း .... ၂၇၀
လေးအတက်ပြခြင်း .... ၂၇၃
ဇနီးမရွေးရန် သစ္စာဓိဋ္ဌာန် ... ၂၇၅
မိဘရပ်ထံပြန်လို၍ သုခနုမင်းသား လျှောက်ခြင်း .... ၂၇၆
ဇာတ်တော်ပေါင်းခဏ်း .... ၂၀၀

၂။ နရဇီဝဇာတ် .... ၂၀၁

အတိတ်ကိုဆောင်ခြင်း ... ၂၀၃
ကောင်းမှုဟူသည်မှာ အချည်းနှီးမဖြစ်ပေ .... ၂၀၉
သီလမစောင့်ထိန်းခဲ့ခြင်းအပြစ် .. ၂၉၀
ထူးခြားသော သစ်ပင်ခုနစ်ပင် .... ၂၉၁
ကထိန်အလှူအကျိုး .... ၂၉၄
ဇာတ်တော်ပေါင်းခဏ်း .... ၂၉၅

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | သုဝဏ္ဏကက္ကဋဇာတ် | .... | ၂၉၅ |
| | အတိတ်ကို ဆောင်တော်မူခြင်း | .... | ၂၉၆ |
| | ဘုရားလောင်းဘုန်းကံ နတ်တို့စိမံ | .... | ၂၉၇ |
| | ပြဟ္မဒတ်မင်း သောကရောက်ခြင်း | .... | ၂၉၈ |
| | ပြဿနာ ၁၀-ခုကို ဖြေကြားပုံ | .... | ၃၀၁ |
| | လူမင်းဘုန်းကြီးနတ်မင်းမနေသာ | .... | ၃၀၄ |
| | ဘုရားလောင်း၏ အဆုံးအမ ဩဝါဒ | .... | ၃၀၅ |
| | ဇာတ်တော်ပေါင်းခဏ်း | .... | ၃၀၆ |
| ၄။ | သုရူပရာဇဇာတ် | ... | ၃၀၇ |
| | အတိတ်ကိုဆောင်ခြင်း | .... | ၃၀၈ |
| | တရားနာလိုသော်လည်း ဟောကြားမည့်သူမရှိ | .... | ၃၀၉ |
| | တရားနာဘို့အရေး တမျိုးကြံတွေးပြန် | .... | ၃၁၁ |
| | ဘုရားလောင်းအကြံအစည် သိကြားမင်း မနေနိုင်ပြီ | .... | ၃၁၂ |
| | အလှူခံတို့အကြိုက် လှူပါအံ့ | .... | ၃၁၃ |
| | ဘာခမည်းဆန္ဒကို လိုက်လျောသောသား | .... | ၃၁၆ |
| | ဘီလူးဘေးရန်မှကြောက်၍ နန်းတော်၌ ရှောင်ပြေးကုန်ခြင်း | .... | ၃၁၇ |
| | ဘီလူးဟောကြား မြတ်တရား | .... | ၃၁၈ |
| | မိမိကိုယ်ခန္ဓာ လှူဒါန်းရှာ | .... | ၃၁၉ |
| | မိဖုရားနှင့် သားတော်ကို ပြန်ပေးခြင်း | .... | ၃၂၀ |
| | ဇာတ်တော်ပေါင်းခဏ်း | .... | ၃၂၁ |
| ၅။ | ကမ္ဗလရာဇဇာတ် | .... | ၃၂၂ |
| | မင်းကြီး၏ ယောနိသောမနသိကာရဆန္ဒ | .... | ၃၂၃ |
| | အတိတ်ကိုဆောင်တော်မူခြင်း | .... | ၃၂၅ |
| | သံဃိကအလှူထက် ကထိန်အလှူ အကျိုးကြီးပုံ | .... | ၃၂၆ |
| | ဇာတ်ပေါင်းခဏ်း | .... | ၃၃၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | **ဂေါပါလကသာလဇာတ်** | ၃၃၂ |
| | ကောင်းမှုရှင်တို့၏သွားရာလမ်းကား | ၃၃၃ |
| | အတိတ်ကိုဆောင်ခြင်း | ၃၃၃ |
| | ဒါနပြုသောသူတို့ကို နတ်တို့မြတ်နိုးခြင်း | ၃၃၆ |
| | နတ်ပြည်အတွေ့အကြုံရှင်းလင်းပွဲ | ၃၃၇ |
| | ဒါနအမျိုးမျိုး၏ ကောင်းကျိုးများ | ၃၃၈ |
| | ဇာတ်ပေါင်းခန်း | ၃၃၉ |
| ၇။ | **သိရိစုဒါမဏိရာဇဇာတ်** | ၃၄၀ |
| | အတိတ်ဇာတ်ကြောင်း | ၃၄၁ |
| | အဇ္ဈတ္တိကအလှူပေးချင်သူ | ၃၄၂ |
| | သိကြားမင်းအလိုစမ်းခြင်း | ၃၄၃ |
| | အဇ္ဈတ္တိကအလှူ လှူဒါန်းပြီ | ၃၄၄ |
| | ကိုယ်တခြမ်းလှူရန် လွှဖြင့်တိုက်ခြင်း | ၃၄၇ |
| | ကောင်းချီးနှုမော် သာဓုခေါ် | ၃၄၉ |
| ၈။ | **အဠပရိက္ခရာဇာတ်** | ၃၅၁ |
| | အတိတ်ဇာတ်ကြောင်း | ၃၅၃ |
| | လက်သမားအသွင် ဖန်ဆင်းပြီးသိကြားမင်း ကူညီခြင်း | ၃၅၄ |
| | ပရိက္ခရာရှစ်ပါး လှူရကျိုး | ၃၅၆ |
| | ဇာတ်တော်ပေါင်းခန်း | ၃၅၈ |
| ၉။ | **သိရိဝိပုလ ကိတ္တိရာဇဇာတ်** | ၃၅၉ |
| | အတိတ်ဇာတ်ကြောင်း | ၃၆၀ |
| | မိဖုရားကြီး သားဆုပန်ပုံ | ၃၆၁ |
| | ရန်သူမင်းတို့ တိုင်းပြည်လုယူ တိုက်ခိုက်ရန်လာခြင်း | ၃၆၂ |
| | တိုင်းပြည်ကို စွန့်ခွါသွားကြခြင်း | ၃၆၄ |
| | ကျေးဇူးမသိတတ်သော လောဘကြီးသော တောမုဆိုး | ၃၆၆ |
| | ယသကိတ္တိမင်း ရန်သူမင်းထံ အဖမ်းခံခြင်း | ၃၆၈ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဘုရားလောင်းမင်းသား ဖွားမြင်ခြင်း | .... | ၃၇၀ |
| | မိဖုရားကြီး အိပ်မက်မြင်မက်ခြင်း | .... | ၃၇၁ |
| | ဘုရားလောင်းမင်းသားသည် ဖြစ်ကြောင်းကုန်စင်ကို သိလေသောအခါ | .... | ၃၇၂ |
| | ခမည်းတော်ကို ရှာဖွေရန် ထွက်ခွါခြင်း | .... | ၃၇၄ |
| | ဘုရားလောင်းသည် မင်းကြီးကိုယ်စား အကျဉ်းခံခြင်း | .... | ၃၇၄ |
| | ထူးဆန်းတွေလာ အံ့ဩစရာ | .... | ၃၇၈ |
| | ဘုရားလောင်းအား နဂါးပြည်သို့ ဆောင်ယူခြင်း | .... | ၃၈၀ |
| | ကောက်ကျစ်သောမင်း၏ နောက်ဆုံးနေ့ | .... | ၃၈၀ |
| | ယသကိတ္တိမင်းနှင့် သားတော်မယ်တော်ကို ခေါ်ရန်သွားခြင်း | .... | ၃၈၁ |
| | မယ်တော်မိဖုရား ဈာပန | .... | ၃၈၂ |
| | ဇာတ်ပေါင်းခဏ်း | .... | ၃၈၄ |
| ၁၀။ | သတ္တုဓနုဇာတ် | .... | ၃၈၇ |
| | အတိတ်ကို ဆောင်တော်မူခြင်း | .... | ၃၈၇ |
| | ကေသနီမိဖုရား အိပ်မက်မြင်မက်ခြင်း | .... | ၃၈၈ |
| | သိကြားမင်းပေးသော ဆီးသီးကိုစားသော မိဖုရားနှင့် မြင်းမ | .... | ၃၈၉ |
| | သတ္တုဓနုမင်းသားအား အဘိသိက်သွန်းမည်ဟုကြံကြရာ | .... | ၃၉၀ |
| | မင်းသမီးစိရပဘာ၏ အလှကျက်သရေ ဂုဏ်သတင်း | .... | ၃၉၂ |
| | မင်းသမီးစိရပဘာထံ တိတ်တဆိတ် သွားရာမှ | .... | ၃၉၃ |
| | ဤအမှုသည် ဝိန္ဒနတ်သား၏ လက်ချက်ဟု | .... | ၃၉၄ |
| | မင်းသမီးနှင့် အထိန်းတော်တို့ အိပ်ချင်ယောင် ဆောင်၍ စောင့်ဖမ်းရာ | .... | ၃၉၄ |
| | သတ္တုဓနုနှင့် စိရပဘာတို့ ရည်ငံတော်မူကြခြင်း | .... | ၃၉၅ |
| | သေတမင်းသမီးတော် အဆောင်၌ မင်းသားတယောက် ရောက်နေသည်ဟု သိရာမှ | .... | ၃၉၇ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သတ္တဓနု၏ စွမ်းရည်ဂုဏ်အင် | .... | ၃၉၇ |
| | စိရပဘာနှင့် ထိမ်းမြားလက်ထပ် ပေးခြင်း | .... | ၃၉၉ |
| | **ပညာခဏ်း** | .... | ၃၉၉ |
| | ဇနီးမောင်နှံ မိဘာရပ်ထံသို့ ပြန်လာရာ | .... | ၄၀၂ |
| | ကန္တာရဘီလူးအုပ်စိုးရာတော၌ခရီးတထောက်နားခြင်း | .... | ၄၀၃ |
| | ဘီလူးနှင့်မဏိကက်မြင်းတို့ စစ်ထိုးရာမှ | .... | ၄၀၄ |
| | မင်းသားဇနီးမောင်နှံတို့ ခရီးဆက်ကြပြန်ခြင်း | .... | ၄၀၆ |
| | လှေနစ်မြုပ်ရာဇနီးမောင်နှံတို့ တကွဲတပြားစီ ဖြစ်ကြခြင်း | | ၄၀၇ |
| | အရာရာတို့သည် အကြောင်းနှင့် မကင်းကြ | .... | ၄၀၇ |
| | မင်းသမီး၏ ကြံရည်ဖန်ရည်များ | .... | ၄၀၉ |
| | မင်းသားနှင့်နှမဝမ်းကွဲ ကရေဏုဝတီမင်းသမီးတွေ့ခဏ်း | .... | ၄၁၁ |
| | ကရေဏုဝတီ၏ သံယောဇဉ်နှောင်ကြိုး | .... | ၄၁၄ |
| | တကျိပ်ခြောက်ယောက်သော မင်းသမီးတို့၏နှောင်ကြိုး | .... | ၄၁၅ |
| | အဋ္ဌုနဝတီဘီလူးမ နှောင်ကြိုး | .... | ၄၁၆ |
| | မဏိကက်မြင်းနှင့် ပြန်လည်ပေါင်းဆုံခြင်း | .... | ၄၁၈ |
| | ကြင်ယာအဋ္ဌုနဝတီအား စွန့်ခွါသွားခြင်း | .... | ၄၂၀ |
| | စိရပဘာမင်းသမီးနှင့် တွေ့ဆုံပြီး ပြည်တော်ပြန်ခဏ်း | .... | ၄၂၂ |
| | အဋ္ဌုနဝတီကို သွားရောက် ယူဆောင်ခြင်း | .... | ၄၂၃ |
| | ကန္တာရဘီလူးအား တရားဟောခြင်း | .... | ၄၂၆ |
| | သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၄၂၆ |
| | အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း အကျိုး | .... | ၄၂၇ |
| | ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၄၂၇ |
| | မုသာဝါဒမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၄၂၈ |
| | သုရာမေရယမှ ရှောင်ကြဉ်ခြင်းအကျိုး | .... | ၄၂၈ |
| | ကန္တာရဘီလူး ပဥ္စသီငါးပါးကို စောင့်ထိန်း၍ ယဉ်ကျေးလာခြင်း | .... | ၄၂၈ |
| | ဇာတ်တော်ပေါင်းခဏ်း | .... | ၄၂၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၃။ စန္ဒရာဇဝင်


**၁။ စန္ဒကုမာရဇာတ်** .... ၄၃၀

အတိတ်ဇာတ်ကြောင်း .... ၄၃၀

စန္ဒကုမာရ ရောင်းဝယ်ဖောက်ကားရန် သွားခြင်း .... ၄၃၂

ဘုရားလောင်း၏ ထူးခြားသော ကုန်သည်အဖြစ် .... ၄၃၃

ကုသိုလ်ကောင်းမှုမည်သည်ကို ပြသင့်ပြထိုက်ကြောင်း .... ၄၃၄

မဏိမေခလာနတ်သမီးကယ်တင်ခြင်း .... ၄၃၇

ကုသိုလ်၏ဒိဋ္ဌဓမ္မအကျိုးခံစားရ .... ၄၄၀

အလှူရေစက် လက်နဲ့မကွာ .... ၄၄၂

ဇာတ်ပေါင်းခဏ်း .... ၄၄၅

**၂။ သာဓိတရာဇဇာတ်** .... ၄၄၆

အတိတ်ဇာတ်ကြောင်း .... ၄၄၇

မင်းကြီးတောထဲ သစ်ခုတ်သွားခြင်း .... ၄၄၈

အလှူခံတို့အားရကျေနပ်ပြီး ချီးမွမ်းကြခြင်း .... ၄၅၁

အလှူဒါန၏ ဒိဋ္ဌဓမ္မအကျိုးပေးပုံ .... ၄၅၅

ဇာတ်ပေါင်းသော် .... ၄၅၇

**၃။ ရတနပဇ္ဇောတဇာတ်** .... ၄၅၈

အတိတ်ဇာတ်ကြောင်း .... ၄၆၀

မိဖုရား၏ အိပ်မက်ဆိုး .... ၄၆၀

အိပ်မက်၏ အကျိုးအပြစ်ကို ဖတ်စေခြင်း .... ၄၆၁

ရေလွှမ်းမိုးဒဏ် ခံရခြင်း .... ၄၆၂

ကံစီမံလာလျှင် ဘယ်လိုပင် ပြုလုပ်သော်လည်း .... ၄၆၄

သိကြားမင်းဖန်ဆင်း ကျောင်းသခ်မ်းတွင်းသို့ .... ၄၆၆

သားရတနာ မွေးဖွားလာ .... ၄၆၆

မင်းအဖြစ်လွှဲအပ်ပြီး တောထွက်ခြင်း .... ၄၇၈

ဇာတ်ပေါင်းသော် .... ၄၈၀

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | **ဒွေသိသဟံသဇာတ်** | ၄၀၁ |
| | အတိတ်ဇာတ်ကြောင်း | ၄၀၂ |
| | ခေါင်းနှစ်လုံးနှင့် ရွှေဟင်္သာ | ၄၀၃ |
| | နှစ်ခေါင်းတကိုယ်မှ ကိုယ့်ခေါင်းကိုယ့်ကိုယ်နှင့် | ၄၀၅ |
| | ခေါင်းနှစ်လုံးနှင့် ဟင်္သာတို့သည် ခေါင်းကိုယ်စီနှင့် | ၄၀၆ |
| | စိတ်ဝမ်းကွဲတတ်ပုံများ | ၄၀၇ |
| | ဇာတ်ပေါင်းသော် | ၄၉၁ |
| ၅။ | **ဝိရိယပဏ္ဍိတဇာတ်** | ၄၉၁ |
| | အတိတ်ဇာတ်ကြောင်း | ၄၉၂ |
| | ပဉ္စာလမင်းထံ ဗုဒ္ဓရုပ်ပွားတော်ပေးပို့ခြင်း | ၄၉၄ |
| | ဗုဒ္ဓရုပ်ထုတော်ကို တုံ့ပြန်ပို့စေပုံ | ၄၉၉ |
| | ဘုရားလောင်း ဝိရိယပဏ္ဍိတ | ၅၀၀ |
| | ဇနီးမယားနှင့်သားတို့ကို ရောင်းချ၍ ဗုဒ္ဓရုပ်ထုတော်အား ရွှေချခြင်း | ၅၀၁ |
| | ဗုဒ္ဓရုပ်ထုတော်၌ နတ်ဝင်စီးခြင်း | ၅၀၄ |
| | ဘုရားလောင်းသည် မိမိအသားအား ရွှေပြားခတ်စေပုံ | ၅၀၆ |
| | ရုပ်ပွားဆင်းတုပူဇော်ခြင်းအကျိုးများ | ၅၀၉ |
| | ဇာတ်ပေါင်းသော် | ၅၁၁ |
| ၆။ | **ဝိပုလရာဇဇာတ်** | ၅၁၁ |
| | အတိတ်ဇာတ်ကြောင်း | ၅၁၂ |
| | အဇ္ဈတ္တိကကိုယ်တွင်းအလှူကိုလှူလိုသောဘုရားလောင်း | ၅၁၄ |
| | သိကြားမင်းအလိုစမ်းခြင်း | ၅၁၆ |
| | ဘုရားဖြစ်ဘို့အရေး မယားကိုပေးလှူ | ၅၁၈ |
| | သားတော်လဲ မနေရ | ၅၁၉ |
| | မင်းနှစည်းစိမ်ကိုလှူဒါန်း | ၅၂၃ |
| | ဘုရားလောင်း ပီသပါပေတကားဟု | ၅၂၃ |
| | ဇာတ်ပေါင်းသော် | ၅၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | **မဟာပဒုမဇာတ်** .... | ၅၂၇ |
| | မိခင်ကိုလုပ်ကျွေးသောရဟန်း ဘုရားရှင်ချီးမွမ်းခြင်း .... | ၅၂၈ |
| | အတိတ်ကို ဆောင်တော်မူခြင်း .... | ၅၂၉ |
| | မင်းစဉ်းလဲ၏ တဏှာရမက် .... | ၅၃၀ |
| | စစ်ရှုံးသဖြင့်တိုင်းပြည်မှထွက်ခွါရန် မိဖုရားနှင့်တိုင်ပင်ခြင်း | ၅၃၂ |
| | မင်းကြီးစကားသည် ကြင်နာတရား မဲ့လှပါသည် .... | ၅၃၄ |
| | တောတောင်ဆိုသည်မှာ ကြမ်းတမ်းလှပါ၏ .... | ၅၃၇ |
| | မုဆိုးမ ဖြစ်ရသည်မှာ အဆင်းရဲတကာ အဆင်းရဲဆုံး .... | ၅၃၈ |
| | တောကြီးရိပ်ငြိမ်သည် နန်းစည်းစိမ်နှင့် ကွာခြားလှပါ၏ | ၅၄၁ |
| | မိဖုရားလိုအင် ပြည့်စုံခြင်း .... | ၅၄၂ |
| | ဘုရားလောင်း သူငယ်၏ဘုန်းကံ .... | ၅၄၄ |
| | အနင်္ဂသေနာမင်း နတ်ရွာစံ ကံကုန်၍ မိဖုရားကြီး၏သောက | ၅၄၆ |
| | မဟာပဒုမမင်းသား .... | ၅၄၈ |
| | အရေးကြုံလျှင်ကြံနိုင်ဘို့ မိခင်သွားရာနောက်ယောင်ခံလျက် | ၅၅၀ |
| | မိခင်ပိုးထိ၍ ကွယ်လွန်ရာ .... | ၅၅၁ |
| | မိခင်အသက် ပြန်ရရေးအတွက် နှလုံးသွေးဖြင့် .... | ၅၅၄ |
| | သိကြားမင်း အမြိုက်ရေစင်ဖြင့် ဖျန်းရာ .... | ၅၅၇ |
| | သားပဒုမအတွက် မိခင်သောကဖြစ်ရ .... | ၅၅၈ |
| | မိခင်၏ စေတနာနှင့် သစ္စာအဓိဋ္ဌာန် .... | ၅၆၀ |
| | ဇာတ်ပေါင်းသော် .... | ၅၆၂ |
| ၈။ | **မဟာသုရသေနရာဇဇာတ်** .... | ၅၆၃ |
| | အတိတ်ဇာတ်ကြောင်း .... | ၅၆၄ |
| | ကိုယ်တွင်းအဇ္ဈတ္တအလှူ ပေးလှူလို .... | ၅၆၅ |
| | သိကြားမင်း အလိုဆန္ဒပြည့်ပုံ .... | ၅၆၆ |
| | သားတော်ကိုထီးနန်းအပ် မိဖုရားကိုဆုံးမ .... | ၅၆၈ |
| | ဦးခေါင်းဖြတ်လှူရန် ဥယျာဉ်တော်သို့ ထွက်တော်မူခြင်း | ၅၇၀ |
| | ဇာတ်ပေါင်းသော် .... | ၅၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉။ | **ဗြဟ္မဒေဝသရာဇဇာတ်** | .... | ၃၇၁ |
| | အတိတ်ဇာတ်ကြောင်း | .... | ၃၇၆ |
| | လုလင်အသွင် သိကြားမင်းနှင့် ခွေးနက်ကြီး | .... | ၃၇၈ |
| | သိကြားမင်းအဆုံး အမ | .... | ၃၈၅ |
| | ဇာတ်ပေါင်းသော် | .... | ၃၈၈ |
| ၁၀။ | **သေတမူသိကဇာတ်** | .... | ၃၈၉ |
| | အတိတ်ဇာတ်ကြောင်း | .... | ၃၉၀ |
| | ကြွက်ဖြူ၏ တန်ခိုးသတ္တိ | .... | ၃၉၂ |
| | ပုဏ္ဏားခိုးယူသဖြင့် ကြွက်ဖြူပျောက်ဆုံးခြင်း | .... | ၃၉၃ |
| | ကြွက်ဖြူမရှိ၍ စီးပွားဥစ္စာ ဆုတ်ယုတ်လာပုံ | .... | ၃၉၃ |
| | ကြွက်ဖြူထွက်ပြေး လွတ်မြောက်လာပုံ | .... | ၃၉၄ |
| | ဘုရင့်ထံ ကြွက်ဖြူရောင်းချရန် သွားခြင်း | .... | ၃၉၆ |
| | ကြွက်ဖြူပိုင်ရှင် ပစ္စည်းဥစ္စာများ ရရှိခြင်း | .... | ၃၉၈ |
| | ဘုရားလောင်းကြွက်ဖြူ ဟိမဝန္တာသို့ | .... | ၃၉၉ |
| | ဘုရားလောင်းကြွက်ဖြူထံ အလိုစမ်းခြင်း | .... | ၆၀၁ |
| | ကြွက်သားစားလို ပုဏ္ဏား၏အလို | .... | ၆၀၂ |

## ၄။ အရိယသစ္စာဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | **အရိယသစ္စာဇာတ်** | .... | ၆၀၆ |
| | အတိတ်ကိုဆောင် | .... | ၆၀၇ |
| | သတ်လိုလျှင်သတ်တော့ ရတနာသုံးပါးကိုတော့မစွန့် | .... | ၆၁၂ |
| | သူတော်ကောင်းဥစ္စာခုနစ်ပါး | .... | ၆၁၄ |
| | ဇာတ်ပေါင်းသော် | .... | ၆၁၅ |
| ၂။ | **သုဘဒ္ဒရာဇဇာတ်** | .... | ၆၁၆ |
| | အတိတ်ဇာတ်ကြောင်း | .... | ၆၁၇ |
| | ဂုဏ်တော်ဆည်းကပ် မယားကမကျေနပ် | .... | ၆၁၈ |
| | တနေ့တညမျှသော စည်းစိမ်မှ | .... | ၆၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ကုသိုလ်၏အတ္တိဘာဂကို ရကုန်သောနတ်တို့က စောင့်ရှောက် ၆၂၈
ဇာတ်ပေါင်းသော် .... ၆၃၁

၃။ ဗဟာလပုတ္တဇာတ် .... ၆၃၁
အတိတ်ဇာတ်ကြောင်း .... ၆၃၂
သားသမီးတို့ကားမိဘတို့၏ ဆိုးမွေကောင်းမွေကိုခံယူရပေအံ့ ၆၃၄
နွားသားအမိကိုကျွဲကတော့ မဲ့ပေး .... ၆၃၅
သစ္စာ, ခန္တီ, ကတညုတ တရားသုံးပါး .... ၆၃၈
ယုတ်ညံ့သော အတ္တဘောကို ပယ်စွန့်၍ .... ၆၃၉

၄။ ဗမိရဇာတ် .... ၆၄၀
အတိတ်ဇာတ်ကြောင်း .... ၆၄၁
တရားနာရာ၌ မရှိမသေနာကြားခဲ့ .... ၆၄၆

၅။ ပဒီပဒါနဇာတ် .... ၆၄၈
အတိတ်ဇာတ်ကြောင်း .... ၆၄၉
အတိတ်၏အတိတ်ဇာတ်ကြောင်း .... ၆၅၁
အမျိုးသမီးများ ဘုရားဆုမပန်ထိုက် .... ၆၅၁
ဘုရားဖြစ်ရန် အင်္ဂါရှစ်တန် .... ၆၅၃
သင်ဘုရားဖြစ်သောအခါ ထိုမင်းသမီးသည်
ဘုရားဆုကို ပန်ပေအံ့ .... ၆၅၃

၆။ ဝေလာမဇာတ် .... ၆၅၆
အတိတ်ဆောင်တော်မူခြင်း .... ၆၅၈
ပညာရှိအကြံ သတ္တဝါများ ချမ်းသာရန် .... ၆၆၂
ဝေလာမပုဏ္ဏားကြီး အလှူပေးခြင်း .... ၆၆၃
အလှူခံထည်းတွင် သီလရှိသူ တယောက်မျှမရှိ .... ၆၆၆
တဆင့်ထက်တဆင့် မြင့်မြတ်သော ကုသိုလ်များ .... ၆၆၉
ဇာတ်ပေါင်းသော် .... ၆၇၀

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇။ | **ဝဋ္ဋကပိုလိဇာတ်** | .... | ၆၇၁ |
| | ရုပ်ပွါးတော် ကိုးကွယ်ပူဇော်ရန် ဘုရားရှင်အား လျှောက်ထားခြင်း | .... | ၆၇၂ |
| | အတိတ်ဇာတ်ကြောင်း | .... | ၆၇၃ |
| | နတ်များစုတောခါနီး နိမိတ်ပြပုံ | .... | ၆၇၅ |
| | ကျိုးပဲ့နေသော လက်ညှိုးကို ပြုပြင်ခဲ့သောအကျိုး | .... | ၆၇၅ |
| | တရာ့တပါးသော မင်းများနှင့် စစ်တိုက်ခဏ်း | .... | ၆၇၇ |
| | အတိတ်ဘဝကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ် | .... | ၆၇၉ |
| | ဘုရားဆင်းတု ထုလုပ်ကိုးကွယ် ပူဇော်ရကျိုး | .... | ၆၈၂ |
| | ရုပ်ပွါးတော် ထုလုပ်ကိုးကွယ်ခွင့် ပြုခြင်း | .... | ၆၈၄ |
| | ပသေနဒီကောသလမင်း ရုပ်ထုတော် ထုလုပ်ကိုးကွယ်ခြင်း | | ၆၈၆ |
| | သက်မဲ့ရုပ်ပွါးတော်က ဘုရားရှင်အား ခရီးဦးကြိုခြင်း | .... | ၆၈၇ |
| | ရုပ်ပွါးတော်ကို ပူဇော်ခြင်းကြောင့် ရရှိသောအကျိုးများ | | ၆၉၀ |
| | ဇာတ်ပေါင်းသော် | .... | ၆၉၃ |
| ၈။ | **သိရသာကုမာရဇာတ်** | .... | ၆၉၃ |
| | အတိတ်ဇာတ်ကြောင်း | .... | ၆၉၄ |
| | ဖွားရိုးဖွားစဉ် မဟုတ်ဘဲ ဘုရားလောင်း ဖွားမြင်ခြင်း | .... | ၆၉၅ |
| | ဂေါင်းမှဖွားမြင်ရကား သိရသာတွင်စေဟု | .... | ၆၉၆ |
| | သားငယ်ပျောက်၍ တမြို့လုံးရှာဖွေခြင်း | .... | ၆၉၇ |
| | သားတော်ကို ရှာဖွေတွေ့သော်လည်း ကံကြမ္မာ ဖန်လာပြန်တော့ | .... | ၆၉၉ |
| | ဆရာမှားတော့ ငါးပါးမှောက်ရ | .... | ၇၀၀ |
| | ရေမျှောရန် မင်းသားလေးကို လုကြရာ | .... | ၇၀၁ |
| | မင်းသားလေးကို တန်ဖိုးဖြတ် ဝယ်ယူသော်လည်း | .... | ၇၀၂ |
| | မင်းသားလေး၏နောင်တော် နို့ညှာမင်းသား၏ ဒေါသ | | ၇၀၃ |
| | မိဖုရားနှင့် မင်းသားလေးကို မြစ်ထဲမျှောပုံ | .... | ၇၀၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိဖုရားနှင့်သားတော် မရှိပြီးနောက် တိုင်းပြည်အခြေအနေ | ၇၀၆ |
| | အဖျက်သမားနှင့် ပြုပြင်ရေးသမားတို့ ကွဲပြားပုံ .... | ၇၀၇ |
| | အဖိုးစစ်သေနာပတိ၏ အဆုံးအမ .... | ၇၀၉ |
| | မိဖုရားနှင့် သားတော်လေးပြန်ရောက်စေကြောင်းပူဇော်ပသပုံ | ၇၁၀ |
| | အဓိဋ္ဌာန်တန်ခိုးကြောင့် သားအမိနှစ်ဦးတို့ရောက်ရှိလာ.... | ၇၁၁ |
| | သိရသာမင်းသားလေးကို ဘိသိက်သွန်း၍အဓိဋ္ဌာန်ပြုကြခြင်း | ၈၁၄ |
| | မြို့ရွာအခြေအနေ နဂိုနေအတိုင်းပြန်ဖြစ် .... | ၈၁၅ |
| | ပုရောဟိတ်ဆရာနှင့် မင်္ဂလာမြင်း .... | ၈၁၆ |
| | မင်းနှင့်ပါလိသမြို့သူမြို့သား မင်းသားထံလာရောက်ခြင်း.... | ၈၁၈ |
| | ပြုခဲ့သမျှအကုသိုလ်ကံ ပုဏ္ဏားတို့ခံ .... | ၈၁၉ |
| | လူရောနတ်ပါ အဘိသိက်သွန်းလောင်းပုံ .... | ၈၂၀ |
| | မင်းသားလေး၏ ရှေးမကောင်းမှု .... | ၈၂၁ |
| | ခမည်းတော်အားတရားနှင့်စပ်သောစကားကိုပြောခြင်း.... | ၈၂၂ |
| | မိမိမူလနေရာ နတ်ပြည်သို့ပြန်ရန်မိခင်ထံခွင့်ပန် .... | ၈၂၅ |
| | မိခင်၏မျက်ရည်ကြောင့် ဘုံဗိမာန်မှောင်အတိဖြစ်ပုံ .... | ၈၂၇ |
| ၉။ | **သောဏရာဇဇာတ်** .... | ၇၂၉ |
| | အတိတ်ဇာတ်ကြောင်း .... | ၇၃၀ |
| | ပေါက်ဆိန်ပျောက်ရာမှ ခမည်းခမက်တော်ကြ .... | ၇၃၁ |
| | ငါ့ပေါက်ဆိန်မှ ငါယူမည် .... | ၇၃၁ |
| | ကာလဝိပါက်နောက်ပိုးတက် .... | ၇၃၂ |
| | လက်စားချေလိုရကား ငါ့အိုးကွဲမှအိုးကွဲဟု .... | ၇၃၃ |
| | ကိုယ်ဝန်ရကာမှ လင်မယားကွဲကြ .... | ၇၃၆ |
| | မီးမဖွားမီကိုယ်ဝန်သားသမီးကိုသိကြားမင်းဆောင်ယူပုံ.... | ၇၃၇ |
| | သမီးလေးပဒုမာအတွက်နေရန် သိကြားမင်းစီမံ .... | ၇၃၈ |
| | ဖူးစာကံရှိလျှင်တောထဲမှာပင်နေရသော်လဲ .... | ၇၃၉ |
| | ပဒုမာရှိရာသို့ နတ်တို့လမ်းပြပုံ .... | ၇၄၀ |
| | သောဏနန္ဒမင်းသား တောထဲပျောက်သွားပုံ .... | ၇၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သောဏနန္ဒမင်းသား တိုင်းပြည်ပြန်ခြင်း | .... | ၇၄၃ |
| | နောင်တော်၏ဇနီး ကာလကဏ္ဏီ | .... | ၇၄၈ |
| | သူများမကောင်းကြံ ကိုယ့်ဘေးဒဏ် | .... | ၇၄၉ |
| | အသုဘစောင့်ရန် သောဏနန္ဒနှင့် ပဒုမာအလှည့် | .... | ၇၄၉ |
| | ပဒုမာရာဇဝတ်ဘေးဒဏ် သင့်ရောက်ခြင်း | .... | ၇၅၀ |
| | ပဒုမာ၏ သစ္စာဓိဋ္ဌာန် | .... | ၇၅၂ |
| | ပဒုမာအကြောင်းကို ကြက်တူရွေးများပြောပုံ | .... | ၇၅၃ |
| | ကြက်တူရွေး စကားပြောသည်ကို နားထောင်ကြပုံ | .... | ၇၅၄ |
| | သောဏနန္ဒအား မင်းအဖြစ် လွှဲအပ် | .... | ၇၅၉ |
| ၁၀။ | သုဝဏ္ဏကုမာရဇာတ် | .... | ၇၆၁ |
| | အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောပြီ | .... | ၇၆၂ |
| | ဘုရားလောင်းအာနုဘော် ဆင်ဖြူတော်ဆက်သ | .... | ၇၆၃ |
| | ရွှေအဆင်းရှိသောမင်း ကျန်းမာပါစေဟု | .... | ၇၆၆ |
| | တန်ခိုးစွမ်းအား ဘယ်ကရသနည်း | .... | ၇၆၈ |
| | သုဝဏ္ဏကုမာရ မင်းသား၏သတင်း ကျော်စောခြင်း | .... | ၇၆၉ |
| | သီဟိုဠ်ဘုရင် ရာဇသံ | .... | ၇၇၀ |
| | သီဟိုဠ်ဘုရင်အား ကိုယ်တိုင်ဖမ်းဆီးခြင်း | .... | ၇၇၁ |
| | ဘုရားလောင်းသည် ဘိသိက်ခံယူပြီး သီဟိုဠ်သို့ | .... | ၇၇၂ |
| | မြွေငါး●င်း၏ အစွမ်းထက်ပုံ | .... | ၇၇၆ |
| | သုဝဏ္ဏမင်းသား၏ နောက်ဆုံးရာဇသံ | .... | ၇၇၇ |
| | စိတ်ခက်ထန်သူအား နူးညံ့စေပုံ | .... | ၇၇၈ |
| | သီဟိုဠ်မင်းသည် ဘုရားလောင်းအတူ လိုက်ပါလျက် | .... | ၇၈၂ |
| | ဘုရားလောင်း၏ မှန်မြတ်သော တရားစကား | .... | ၇၈၅ |
| | ဇာတ်ပေါင်းခဏ်း | .... | ၇၈၈ |

## ၅။ မြဟ္မကုမာရဝဂ်

| | | | |
|---|---|---|---|
| ၁။ | ဗြဟ္မကုမာရဇာတ် | .... | ၇၈၈ |
| | အတိတ်ဇာတ်ကြောင်း | .... | ၈၉၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စေတနာရှိလျှင် လှူဘွယ်ဝတ္ထုမရှား .... | ၇၉၀ |
| | အတိတ်ကံသည် အံ့မခန်း အကျိုးပေးပုံ .... | ၇၉၁ |
| ၂။ | **သုစိတ္တပသဇာတ်** .... | ၇၉၅ |
| | တီကောင်၏ပြဿနာလေးရပ်ကို ဘုရားရှင်ဖြေရှင်းပုံ .... | ၇၉၇ |
| | အတိတ်ဇာတ်ကြောင်း .... | ၈၀၀ |
| | လင်းတနှင့် နွားကောင်တို့၏ ပြဿနာ .... | ၈၀၂ |
| | ရှင်ရသေ့ ပြဿနာလေးရပ်ကို ဖြေရှင်းပုံ .... | ၈၀၄ |
| | ဇာတ်ပေါင်းခဏ်း .... | ၈၀၇ |
| ၃။ | **အက္ခရလိခိတဇာတ်** .... | ၈၀၈ |
| | ရှေးရှေးက ပိဋကတ်တော်များ တည်တံ့အောင်ဆောင်ရွက်ပုံ | ၈၀၉ |
| | ကြီးကျယ်များမြတ်သော ကုသိုလ်အကျိုးပေးတွေ .... | ၈၁၁ |
| | မင်းသား လူအပေါင်းအား သြဝါဒပေးခြင်း .... | ၈၁၄ |
| | သိကြားမင်းက သမီးကညာဆက်ခြင်း .... | ၈၁၅ |
| | ပိဋကတ်တော် ရေးသားပူဇော်သူတို့ အကျိုးထူး .... | ၈၁၆ |
| | ဇာတ်ပေါင်းခဏ်း .... | ၈၁၈ |
| ၄။ | **ဝဍုနဇာတ်** .... | ၈၁၉ |
| | အတိတ်ဇာတ်တော် ဆင်းတုတော်ပြင်ဆင် .... | ၈၂၀ |
| | ကျိုးပဲ့နေသောရုပ်ပွားတော်ကိုပြုပြင် .... | ၈၂၁ |
| | မဏိမေခလာ စောင့်ရှောက်ရှာ .... | ၈၂၂ |
| | ဆင်းတုတော် ထုလုပ်ကိုးကွယ်သူ၏ အကျိုးတရားများ | ၈၂၅ |
| | ဇာတ်ပေါင်းခဏ်း .... | ၈၂၆ |
| ၅။ | **အကာတညုဇာတ်** .... | ၈၂၇ |
| | အတိတ်ဇာတ်တော် .... | ၈၂၈ |
| | ငါးများယောကျာ်းအား ကျီးကသင်ပေးခြင်း .... | ၈၂၉ |
| | မင်းမိုက်အား ကျီးဆုံးမပုံ .... | ၈၃၁ |
| | ပျက်စီးကြောင်းနှင့် ကြီးပွားချမ်းသာကြောင်း တရား၁၀-ပါး .... | ၈၃၂ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | တက္ကသိုလ်ပြည်သို့ | .... ၀၄၁ |
| | သုံးကြိမ်သမားနှစ်ယောက် ရောက်လာခြင်း | .... ၀၄၂ |
| | ဥဒါန်းတွင်ကာ ဇာတ်တော်ပေါင်းခြင်း | .... ၀၄၂ |
| ၇။ | ဝိဝါဒဇာတ် | .... ၀၄၃ |
| | ပုဒ္ဓမြတ်စွာ အတိတ်ဟောတော်မူရှာ | .... ၀၄၄ |
| | ကျီးမိုက်၏ဟန်ပန် | .... ၀၄၅ |
| | ကျီးမိုက်အား ဥသြငှက်များဖမ်းခြင်း | .... ၀၄၈ |
| | ဘုရားလောင်းငှက်တော်က ကျီးအားနှင်ထုတ်ခြင်း | .... ၀၄၉ |
| | ဇာတ်တော်ပေါင်းပြီ | .... ၀၅၂ |
| ၈။ | သိဒ္ဓိသာရစက္ကဝတ္တိဇာတ် | .... ၀၅၂ |
| | အတိတ်ဇာတ်ကြောင်းပြန်ပြောင်းဟောရှာ | .... ၀၅၃ |
| | တောထဲရောက်သော် နတ်တို့စောင့်ရှောက် | .... ၀၅၄ |
| | ရှေးဘုန်းကံရှိသူများ သွားလေရာ ချမ်းသာလှ၏ | .... ၀၅၈ |
| | ကြမ်းတမ်းသောဘီလူးများပင်မနေသာ | .... ၀၅၉ |
| | ယောက္ခမမင်း၏လောသရမက် | .... ၀၆၀ |
| | တတိယအကြိမ် နတ်တို့စောင့်ရှောက် | .... ၀၆၁ |
| ၉။ | သီလဇာတ် | .... ၀၆၃ |
| | အတိတ်ဇာတ်ကြောင်း | .... ၀၆၆ |
| | သီလစွမ်းရည် မိကျောင်းကယ်ပြီ | .... ၀၆၇ |
| | ဇာတ်ပေါင်းသော် | .... ၀၆၉ |
| ၁၀။ | မဟာသုဒဿနဇာတ် | .... ၀၉၆ |
| | အတိတ်ဇာတ်ကြောင်း | .... ၀၇၂ |
| | စကြာရတနာစသော ရတနာခုနစ်ပါး | .... ၀၇၄ |
| | စကြာရတနာစွမ်းရည် အာနုဘော် | .... ၀၇၆ |
| | ဆင်စသောရတနာတို့၏ စွမ်းရည်များ | .... ၀၇၇ |
| | နိဂုံးရတုပိုဒ်စုံ | .... ၀၈၁ |


မာတိကာ ပြီး၏။

# ခေတ်မီ
# ဇင်းမယ်ပဏ္ဏာသ ဝတ္ထုတော် ငါးဆယ်မှ
# သိမှတ်ဘွယ်ရာများ

## ၁- အာဒိတ္တဝဂ်

၁။ **အာဒိတ္တဇာတ်** = အာဒိတ္တမင်းသည် ဝေဿန္တရာ မင်းကြီးနှင့်တူလှ၏၊ ဝေဿန္တရာမင်းကြီးသည် သားသမီးတို့ကို ဇူဇကာပဏ္ဏားအား ပေးလှူသည်။ အာဒိတ္တ မင်းကြီးကား ချစ်စွာသော သခ်ဒေဝီမိဖုရားကြီးကို ပဏ္ဏားယောင်ဆောင်သော သိကြားမင်းအား ပေးလှူ၏။

၂။ **တုလကပဏ္ဍိတဇာတ်** = ၁— အလှူပေးခြင်း၏ အကျိုး။ ၂- သူတပါးအတွက် မိမိအသက်ကို မငဲ့ကွက်ဘဲ အသက်ကို စွန့်လွှတ်လှူဒါန်းခြင်း။ ၃ - ကုံးတိုက်သော ပဏ္ဏား၏စကားကို ယုံကြည်သဖြင့် ရဟန်းကောင်းတို့အား ပြစ်မှားမိခြင်း။ ၄- သုံးကျိပ်သုံးပါးသော ရဟန်းသံဃာတို့၏ အသက်ဘေးမှလွှတ်မြောက်ရန်အတွက် ကိုယ်အလေးချိန်နှင့်အမျှ ရွှေများပေး၍ လဲလှယ်ဝယ်ယူရခြင်း။ ၅- ရွှေအများအပြားပေးလှူကာ မိမိတို့အား ကယ်ဘင်ခဲ့သော အလှူ့ရှင်များ အကျိုးရှိအောင် တရားအားထုတ်ကြသဖြင့် ရဟန်းသံဃာအားလုံး ရဟန္တာ ဖြစ်ကြခြင်း။ ၆- လူတယောက်၏ အသက်တန်ဘိုးကို လူကိုယ်နှင့်အမျှ ရွှေချားဖြင့်ရောင်းဝယ်ရခြင်း။ ၇- လူကိုရောင်းဝယ်မှု စံနစ်ရှိခဲ့ခြင်း။ ၈- ရဟန္တာများ ကောင်းကင်၌ ပျံသန်းခြင်း ရပ်တည်ခြင်း၊ လ, နေ တို့ အနီး၌ သွားလာခြင်း၊ သူတော်ကောင်း ဒါယကာက လက်အုပ်ချီ၍ တမ်းတ,သောအခါ ကြွရောက်လာကြခြင်း။ ၉- ကောင်းမှုပြုလုပ်သူသည် နောက်ဆုံးတွင် ကောင်းကျိုးရရှိ၍ မကောင်းကြံသူတို့ နောက်ဆုံး၌ ပျက်စီးရခြင်း။ ၁၀- သားနှင့်

မယားတို့ကပင် လင်၏အလိုလိုက်၍ အဖ, လင်၏ ဆန္ဒအတိုင်း ပြုလုပ်ပေးကြခြင်း။

၃။ **သမ္မာဇီဝကုမာရဇာတ်** = ၁- မိဘကို လုပ်ကျွေးသော ရဟန်း။ ၂- မိခင်အတွက် သားဖြစ်သူက မိမိအသည်းနှလုံးကို ခွဲထုတ်ပေးပုံ။ ၃- အမိဋ္ဌာန်သဖြင့် သွေး အညစ်အကြေးများ မထွက်ခြင်း။ ၄- သိကြားမင်းလာ၍ သေသူကို ရှင်အောင် သိကြားရေစင် ပက်ဖျန်းပေးခြင်း။ ၅- သားသေသောကြောင့် မိခင်က သစ္စာဆိုသဖြင့် သိကြားမင်းလာ၍ အသက်ရှင်အောင် ပြုလုပ်ပေးခြင်း။ ၆- ရင်ကိုခွဲရန် ဓားလိုသဖြင့် နတ်များကို တိုင်တည်၍ ကောင်းကင်ကိုကြည့်လျက် ဓားကိုတောင်းရာ နတ်များက ကြိုးဖြင့် ဓားကိုယူဆောင်ပေး၏။

၄။ **အရိန္ဒမဇာတ်**= ၁-အရိန္ဒမ မင်းကြီးသည် ပုဏ္ဏားယောင် ဆောင်သော သိကြားမင်းအား တိုင်းပြည်ကို စွန့်လှူခြင်း။ ၂-မိမိကိုယ်တိုင် ကျွန်ခံရုံသာမက မိဖုရားကိုပါ ကျွန်ခံစေပြီး ရွှေတထောင်ကို သစ္စာရှိစွာ ပြန်ပေးခြင်း။ ၃- သစ္စာဆိုသဖြင့် သေနေသော သားသည် အသက် ပြန်ရှင်လာခြင်း။ ၄- သီလ စောင့်ထိန်း၍ အလှူကောင်းမှု ပြုသူတို့အား အရေးကြုံလျှင် နတ်သိကြားတို့ လာရောက်ကယ်တင်ခြင်း။ ၅- ထိုခေတ်ကလူကို အရောင်းအဝယ် ပြုသော စံနစ်ရှိခြင်း။

၅။ **သုဓမ္မမိတ္တဇာတ်** = ၁- သုဓမ္မမိတ္တမင်း၏ညီ အသုဓမ္မမိတ္တသည် တိုင်းပြည်ကို လိုချင်၍ မှူးမတ် သေနာပတိတို့အား တန်စိုးလက်ဆောင်များ ပေးကာ စည်းရုံးလျက် နောင်တော်ထံမှ တိုင်းပြည်ကို လုယူရန် ကြံစည်ခြင်း။ ၂- သစ္စာရှိ အမတ်တဦးက မင်းကြီးအား လာရောက်ပြောဆိုသည့်အခါ မင်းကြီးက မင်းအဖြစ်ကို စက်ဆုပ်လျက် တိုင်းပြည်မှ ထွက်ခွါခဲ့ခြင်း။ ၃- မိဖုရားနှင့် သားတော်တို့ တောထဲ လိုက်ရေး မလိုက်ရေးနှင့် ပတ်သက်၍ မင်းမိဖုရားတို့

အပြန်အလှန် ပြောဆိုကြခြင်း။ ၄- မင်းမိဖုရားနှင့် သားတော် နှစ်ဦးတို့ တောထဲအရောက် မြစ်ဆိပ်နားတွင် ကွဲကွာသွားကြလျက် မိဖုရားကြီးက လှေသူကြီးထံ ရောက်၍ သားငယ် နှစ်ဦးတို့က တံငါသည်တို့ထံ ရောက်သွား ကြခြင်း။ ၅- သုမ္ဘမိတ္တ မင်းသည် မင်းမရှိသော တက္ကသိုလ်ပြည်သို့ ရောက်သွား၍ မင်းဖြစ်ခြင်း။ ၆- မင်းမရှိသော တက္ကသိုလ်ပြည်မှ မင်းလောင်းရှာရန် မင်္ဂလာရထား(ဖုတ်သွင်းရထား) လွှတ်ခြင်း။ ၇- ထိုနောက် သားအမိအဖ လေးဦးတို့ ပြန်လည်တွေ့ဆုံကြခြင်း။

၆။ **သမုဒ္ဒဃောသဇာတ်** = ၁- ပြဟ္မပူရတိုင်း ဗန္ဓုဒတ္တမင်း ဒေဝဓိတာ မိဖုရား, သားတော် ဘုရားလောင်း သမုဒ္ဒဃောသ။ ၂- ရမ္မပုရတိုင်း သိရိသိမာနုဂုတ္တမင်း, ကနကဝတီမိဖုရား, သမီးတော် ဗန္ဓုမတီ။ ၃= နတ်ကွန်းများဆောက်၍နတ်တို့ကို ပူဇော်ပသခြင်း။ ၄- နတ်ပွဲသဘင်၌ မင်းပရိသတ်အစုံအလင်ရှေ့တွင် ဘုရားလောင်း စောင်းတီးသဖြင့် ဇွဲလမ်းသွားကြခြင်း။ ၅- သမုဒ္ဒဃောသမင်း၏ ဘခင်နှင့် ဗန္ဓုမတီ၏ ဖခင်တို့ နှစ်ပြည်တပြည် ရွှေလမ်းငွေလမ်း ပွင့်ကြခြင်း။ ၆- ကေလာသတောင် သုဒဿနတောင် တို့၌ ဝိဇ္ဇာဓိုရ်များ နေကြခြင်း။ ၇- ရဏာဘိမုခဝိဇ္ဇာဓိုရ်နှင့် ရဏာပတိတ ဝိဇ္ဇာဓိုရ်တို့ ကောင်းကင်၌ စစ်တိုက်ကြခြင်း။ ဂ- ရဏာဘိမုခဝိဇ္ဇာဓိုရ် ဒဏ်ရာရသဖြင့် ရှုံးနိမ့်ပြီး ဥယျာဉ်တွင်းသို့ ဆင်းလာခြင်း။ ၉- ဝိဇ္ဇာဓိုရ်၏ ဒဏ်ရာများကို လူသားတို့က ဆေးကုပေး၍ ပျောက်ကင်းစေခြင်း။ ၁၀- ဝိဇ္ဇာဓိုရ်က ပေးသွားသော သန်လျက်သည် ကောင်းကင်ပျံနိုင်သော အစွမ်းသတ္တိရှိခြင်း။ ၁၁- ရွှေတောင် ငွေတောင် ရတနာတောင် ဟိမဝန္တာတို့ အကြောင်း။ ၁၂- ကေလာသတောင်ထိပ် သုဝဏ္ဏမြို့၌ ကိန္နရာကိန္နရီတို့နေကြခြင်း။ ၁၃-ကိန္နရာ ကိန္နရီတို့ဘုရင်ဒုမရာဇ် မင်းကြီး အကြောင်း။ ၁၄-ရေဆိပ် လေးခုရှိသော အနောတတ်အိုင်, ရေကြာတို့ မရှိသော ဆန္ဒန္တအိုင်။ ၁၅-ဘုရားလောင်းနှင့် မိဖုရားတို့

အိပ်ပျော်နေစဉ် ဝိဇ္ဇာဓိုရ် တယောက်က သန်လျက်ကို ခိုးသွား ခြင်း။ ၁၆-ဘုရားလောင်းနှင့် မိဖုရားတို့ သမုဒ္ဒရာကို လက်ပံတုံးဖြင့် ကူးကြရာ လေမုန်တိုင်းကြောင့် တကွဲတပြား ဖြစ်သွားခြင်း။ ၁၇= ပတ္တမြားလက်စွပ် တခုသည် ရွှေလှည်း အစီးငါးရာတိုက်မျှ အဖိုး တန်ခြင်း။ ၁၈-ဇရပ်တွင် မိဖုရား၏ ရေးက ဖြစ်စဉ်များကို ပန်းချီ ရေးဆွဲခြင်း။ ၁၉—ဘုရားလောင်း ရေနစ်မျော နေစဉ် ဝိဇ္ဇာဓိုရ်က သန်လျက် ပြန်လာပေးခြင်း။ ၂၀-နတ်သဘင် အစည်း အဝေးသို့ သွားနေသဖြင့် သမုဒ္ဒရာကို မကြည့်မိသော မဏိမေ ခလာအား သိကြားမင်းက ကြိမ်းမောင်းခြင်း။ ၂၁-ဝိဇ္ဇာဓိုရ် များလည်း သိကြားမင်းအား ရှိခိုးရခြင်း။ ၂၂-ထိုဇာဦအခါက ကျွန်စံနစ်များ ရှိခဲ့ခြင်း။

၇။ **ဒါနစာဂဇာတ်** = ၁-မိဖုရားတို့သည် မိမိတို့အား ဘုရင်မင်း မြတ်က အမြတ်တနိုး ပေးထားသော တဖိုးတသိန်းတန် ဝတ်ပန်း ပုဆိုး ထမီ အဝတ်တို့ကို ရက်ရက်ရောရော ပေးကမ်းခြင်း။ ၂- အဝတ်အထည်များသည် ကောင်းကင်ပျံတက်၍ မျက်နှာကြက် သဖွယ် တည်ရှိကြခြင်း။ ၃-အဝတ်လှူသော အကျိုးကြောင့် အဝတ်အထည် ပေါများခြင်း။ ၄-အရေးကြုံလျှင် တောစောင့် နတ်တို့က စောင့်ရှောက်ခြင်း။ ၅—ဘုရားနှင့် သံဃာတော်များ ကောင်းကင် ခရီးဖြင့် ကြွရာတွင် အဝတ်များ လိုက်ပါလျက် တည်နေပုံတို့မှာ ပန်းချီရေးဆွဲ ကြည့်လျှင် အံ့သြစရာ ဖြစ်ဖွယ် ရှိခြင်း။ ၆- ယခုခေတ် လူမပါသော အာကာသယာဉ်များ ကောင်းကင်၌ ပျံသန်းသွားလာ နေသည်ကို ကြားနေရရာ ထိုခေတ်က လူမပါဘဲ အဝတ်များ ကောင်းကင်သို့ ပျံတက်ရပ်တည် နေနိုင်ကြသည်ကို မယုံကြည်စရာဟု ဆိုဘွယ် မရှိခြင်း။

၈။ **ဓမ္မိကပဏ္ဍိတရာဇဇာတ်** = ၁—ဓမ္မိကမင်းအား သိကြားမင်းသည် နတ်ပြည်သို့ ရထားဖြင့် ခေါ်ဆောင်သွားလျက် နတ်ဘုံဗိမာန် တို့ကို ပြခြင်း။ ၂-လူအရှင်လတ်လတ် နတ်ပြည် ရောက်သော မင်းဖြင်ခြင်း။

၉။ **သိရိဓရဇာတ်**= ၁-ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါများ ကြွလာခြင်း။ ၂-အလှူ၏ အကျိုးကြောင့် မူလနေအိမ်သည် ရွှေအိမ်ဖြစ်သွားခြင်း။ ၃-ခွက်၌ ထည့်ထားသော စားဘွယ် သောက်ဘွယ်တို့သည် လူပေါင်းများစွာ စားသုံးသော်လည်း မကုန်မခန်း နိုင်အောင်ရှိခြင်း။ ၄-ခွက်တခုမှ ခွက်ပေါင်းများစွာ ဖြစ်လာခြင်း။ ၅-နတ်နဂါးနှင့် သိကြားမင်းတို့ကပါ ရတနာ အမျိုးမျိုး တို့ဖြင့် ကောင်းချီးပေး၍ ပူဇော်ကြခြင်း။

၁၀။ **သင်္ခပတ္တဇာတ်**=၁-အဿကတိုင်း ပေါတပုရမြို့ ယသမင်း, ယသကိတ္တိ မိဖုရား,သားသင်္ခပတ္တဘုရားလောင်း။ ၂-လောမဒိပတိုင်း အင်္ကုရမင်း အနင်္ကာသေနာ မိဖုရား သမီး ရတနာဒေဝီ(ယသမင်းနှင့် အင်္ကုရမင်း မဟာမိတ် ယောက်ဖ) ယသကိတ္တိ မိဖုရားသည် အင်္ကုရမင်း၏ နှမဖြစ်သည်၊ အင်္ကုရမင်း၏ နှမ ယသကိတ္တိ မိဖုရား ယသမင်း၏ မိဖုရား ဖြစ်သောကြောင့် သင်္ခပတ္တသည် အင်္ကုရမင်း၏ တူ ဖြစ်သည်။ ၃-ဇေယျဒတ္တ(ဘုရားလောင်း၏ မိတ်ဆွေအမတ်) ပုဏ္ဏပြာဟ္မဏ(ဘုရားလောင်း၏ မိတ်ဆွေ)။ ၄-ဝဒခမုခ ပုဏ္ဏား (သင်္ခပတ္တ၏ မိတ်ဆွေ)။ ၅-ဖလဝိကာ(ရတနာဒေဝီ၏ အစေခံ)။ ၆-ဝိဇယာ (ရတနာဒေဝီ၏ အထိန်းတော်)။ ၇-ဒုတဝိတက္က ပုဏ္ဏား(ကြွေးတင်၍ မိမိကိုယ်ကို သေကြောင်းကြံသူ ထိုနောက် ဘုရားလောင်း မျက်လုံးကို နှိုက်ထုတ် ယူငင်သူ)။ ၈-ခိုးသားငါးရာတို့က ဒုတဝိတက္က ပုဏ္ဏားထံမှ လက်စွပ် နှစ်ကွင်းကို လုယူပြီးလျှင် မာနဝဇမင်းထံ ပို့ကြသည်။ ၉-သီဟနှင့် ကုဥ္စန (တောလိုက်မုဆိုး နှစ်ဦး+မာနဝဇမင်း၏ ဥယျာဉ်စောင့်)ငင်းတို့ နှစ်ဦးက ဘုရားလောင်းကို ခေါ်ဆောင် လာကြသည်။ ၁၀-ရတနာဒေဝီ (ဘုရားလောင်း၏ ဇနီး)။၁၁-ရတနာဒေဝီ သစ္စာဆိုသဖြင့် ဘုရားလောင်း မျက်စိတဖက် အလင်းပြန်ရ။ ၁၂-ဘုရားလောင်း ကိုယ်တိုင် သစ္စာဆိုသဖြင့် ညာမျက်လုံး အလင်းရခြင်း။

ဤသည်တို့ကား ဇာတ်လမ်းဝတ္ထုကို ဖတ်ရာ၌ မင်းမိဖုရားအမည်များကို မှတ်မိစေရန် မှတ်သားထားဘို့ ဖြစ်သည်။ သိမှတ်ဖွယ် တို့ကား—

၁-ဘုရားလောင်း သင်္ခပတ္တ သမုဒ္ဒရာ၌ ရေနစ်သော အခါ ပျဉ်ချပ်တို့ကို သူတပါးအား ပေးခြင်း။ ၂-သားတော် ရေနစ်နေချိန်တွင် မိခင်အား မကောင်းသော အိပ်မက်များ မြင်မက်ခြင်း။ ၃-သားတော်အကြောင်းကို နတ်များအား ပူဇော်ပသ၍ မေးမြန်းခြင်း။ ၄-ကြွေးတင်၍ စိတ်ညစ်သဖြင့် မိမိကိုယ်ကို သတ်သေရန် ကြံသော ပုဏ္ဏား။ ၅-ရတနာ လက်စွပ်ကို လိုချင်သဖြင့် ဘုရားလောင်း အိပ်နေစဉ် မျက်လုံးကို နှိုက်ထုတ်ယူခြင်း။ ၆ ရတနဝတီသည် သင်္ခမင်းသားနှင့် အတူ သွားနေရန်ဟု ဆိုပြီး ကိုယ့်ကိုယ်ကို သတ်သေရန် ကြံခြင်း။ ၇ ယော်စဉ်က မိမိဘခင်ထံ ရုပ်ပုံနှင့် စာတို့ကို ရေးသား ပေးထားသော ရွှေပြား၌ ရှိသော ရုပ်ပုံကို ကြည့်၍ အလွမ်းဖြေခြင်း။ ၈-မျက်မမြင် ဖြစ်သော သင်္ခပတ္တအား မင်းသမီးက လာရောက်ကြည့်ရှုခြင်း။ ၉-ဇနီးက သစ္စာဆို၍ မျက်လုံးတဖက် ပြန်ကောင်းလာပြီး မိမိကိုယ်တိုင် သစ္စာဆိုသဖြင့် ကျန်မျက်စိတဖက် ပြန်ကောင်းလာခြင်း။ ၁၀-ဇနီးမယား များက လင်သားများ အပေါ် မထိမဲ့မြင် ပြုခြင်း အကြောင်း ရှုစ်မျိုး။ ၁၁ ယသမင်းနှင့် ပုရောဟိတ်တို့ကို နတ်တို့က ပန်းဗိမာန်ဖြင့် ကောင်းကင်မှ တင်ဆောင် ခေါ်ငင်လာခြင်း။ ၁၂-ထို့နောက် နတ်တို့ကပင် ကောင်းကင်မှ ပြန်ပို့ပေးခြင်း။

## ၂-သုဓနုဝဂ်

၁။ **သုဓနုဇာတ်**= ၁-ဥတ္တရ ပဉ္စာလတိုင်း အာဒိစ္စဝံသမင်း+စန္ဒာဒေဝီ မိဖုရား သား ဘုရားလောင်း သုဓနု=ထိုတိုင်း၌ နဂါးကို ကိုးကွယ်၍ သာယာဝပြောသည်။ ၂-ဥတ္တရ ပဉ္စာလတိုင်း၏ အရှေ့ဘက်၌

မဟာပဥ္စာလမြို့-ထိုမြို့၌ ဝတ်မွတ် ခေါင်းပါး၍ နဂါးကို သတ်ရန် ကြိုးစားသည်။ ၃-ဇမ္ဗုစိတ္တ နဂါးမင်းကို မန္တန်ဖြင့် ဖမ်းရန် ပုဏ္ဏား၏ ဂဠုန်မင်း မန္တန်ကြောင့် နဂါးမနေနိုင်။ ၄-ပုဏ္ဏရိက တောမုဆိုးသည် နဂါး၏အသက်ကို ကာကွယ် ပေးသဖြင့် နဂါး မင်းက နဂါးပြည် ခေါ်သွားခြင်း။ ၅ ထိုမုဆိုးသည် ကဿပ ရသေ့နှင့် တွေ့ခြင်း။ ၆-ကေလာသတောင်တွင် နေသော ဒုမရာဇ် မင်း၏ သမီး ကိန္နရီခုနစ်ဖော်တို့ ရေချိုးလာသည်ကို မုဆိုးသည် မြင်သဖြင့် လုပသောကြောင့် မင်းသား သုဓနုအတွက် ရယူလို၍ ရသေ့ကို လျှောက်ထားရာ နဂါးကျော့ကွင်း ရမှ ဖမ်း၍ ရမည့် အကြောင်း ရသေ့ကပြောရာ သူ၏နဂါးထံ သွားတောင်းသည်။ နဂါးပါသ်ကျော့ကွင်း ဟူသည် ဂဠုန်တွေပြေးသော ကျော့ကွင်း ဖြစ်သဖြင့် မပေးလို၊ နောက်ဆုံး ပေးလိုက်သဖြင့် နဂါးပါသ် ကျော့ကွင်းကိုရ၍ အကြီးဆုံး မနောဟရီ ကိန္နရီမကို ကျော့ ကွင်းဖြင့်ဖမ်း၍ လက်ဝတ်လက်စားများ ရသည်။ နဂါးခါးပတ် ကြိုးများကို ဟိမဝန္တာတောင်မင်းထံ ထားခဲ့၍ ကိန္နရီမကို ခေါ်သွား၍ သုဓနုမင်းသားအား ဆက်သည်။ ၆- မနောဟရီ၏ မိခင်လိုက်လာသည်။ ၇- မနောဟရီ ကိန္နရီမသည် သုဓနုတို့ တိုင်းပြည်ကိုရောက်လျှင် ပုရောဟိတ်ပုဏ္ဏားက ကိန္နရီမကို သတ်၍ ယဇ်ပူဇော်ရမည် ဆိုသဖြင့် ကိန္နရီကို သတ်မည်ပြုရာ လက်ဝတ် လက်စားများယူ၍ ကိန္နရီမလေး ပြန်ရသည်။ ဂ- ရသေ့ထံ ရောက်သည်။ ကမ္ဗလာအဝတ်နှင့် စိန်လက်စွပ်ပေးခဲ့ ...။

ဤသည်တို့ကား ဇာတ်ဝတ္ထုကိုဖတ်ရာ၌ ရှင်းလင်းစွာ နား လည်စေရန် မှတ်သားထားဘို့ အချက်များဖြစ်သည်။

သိမှတ်ဖွယ်ရာတို့ကား....

၁- ဇမ္ဗု စိတ္တ နဂါးမင်းကိုကိုးကွယ်၍ ဥတ္တရပဉ္စာလ တိုင်း တွင် မိုးမှန် လေမှန် ရာသီဥတု ကောင်းသဖြင့် တိုင်းပြည် သာ ယာဝပြောသည်။ ၂- ထိုနဂါးကြီးကို ဂဠုန်မန္တန်ဖြင့် ပုဏ္ဏား

က ဖမ်းရန် ကြိုးစားခြင်း။ ၃– ပုဏ္ဏား၏ မန္တန်ကြောင့် နဂါးမင်း ညှင်းဆဲနှိပ်စက်ခံနေရရာ ပုဏ္ဏရိက တောမုဆိုးက နဂါးကြီးကို အသက်ဘေးမှကယ်တင်ပြီး ပုဏ္ဏားကို မြှားဖြင့်ပစ်သတ်ခြင်း။ ၄– နဂါးမင်းကြီး၏ အသက်ကို ကယ်တင်ခဲ့၍ ပုဏ္ဏရိကမုဆိုးအား နဂါးပါသ်ကျော့ကွင်းကို နဂါးကြီးက ပေးသည်။ ၅– နဂါးပါသ် ကျော့ကွင်းဖြင့် ကိန္နရီမကို ဖမ်းနိုင်ခြင်း။ ၆– မနောဟာရီပေးခဲ့သော ဂါထာမန္တန်နှင့် ဆေးများ အလွန်အစွမ်းထက်မြက်သည်။ ၇– ဘုန်းကံရှိသူတို့ ကြံစည်လျှင် အားလုံး ပြီးစီးအောင်မြင်ပုံ။ ၈– ကိန္နရီများသည် လူမရောက်နိုင်သော တောတောင်များ ကျော်လွန်ပြီး ကေလာသ တောင်ထိပ်၌ နေကြပုံ။ ၉– ကိန္နရီမများသည် သစ္စာရှိ၍ လင်သားအပေါ် ကြင်နာတတ်ခြင်း။

၂။ **နရဇီဝဇာတ်** = ၁–ကထိန်လှူရန် နှိုးဆော်သော နရဇီဝ ဘုရားလောင်းသည် ယင်းအလှူကြောင့် နောက်ဆုံးဘုရား ဖြစ်ခြင်း။ ၂–ကထိန်အလှူကြောင့် ဘုမ္မစိုးနတ် ဖြစ်ခြင်း။ ၃–အဆွေခင်ပွန်းဖြစ်ခဲ့ဘူး၍ ကျားဘဝ, ဘီလူးဘဝ,သစ်တောက်ငှက် ဘဝရောက်နေသူများက လူသားများအား ကူညီစောင့်ရှောက်ခြင်း။၄–သစ်ခက်ခုနစ်ခက်ရှိသော ဆေးပဒေသာပင် အကြောင်း အရုပ်လှအောင်မျောက်ဖြစ်အောင် လုပ်ပေးနိုင်သော ဆေးပဒေသာပင်ဖြစ်သည်။

၃။ **သုဝဏ္ဏကုမာရဇာတ်** = ၁–မင်းကြီးသည် အခိုင်းအစေ အခြွေအရံနှင့် ဖြစ်မှားကျူးလွန်ခဲ့ပြီးနောက် လူသတ်သမားအား သတ်ခိုင်းခြင်း။ ၂–ထီးဖြူစောင့်နတ်က ဝင်ရောက် ကယ်တင်ခြင်း။ ၃–မင်းကျင့်တရား ဆယ်ပါး။

၄။ **သုရူပရာဇဇာတ်** = ၁–မင်းကြီးသည် တရားနာလိုသဖြင့် တရားဟောမည့် ပုဂ္ဂိုလ်ကို တိုင်းပြည်ဘွင် လှည့်လည်ရှာဖွေ သော်လည်း မရခြင်း။ ၂–သိကြားမင်းက ဘီလူးယောင်ဆောင်၍ တရား

ဟောခြင်း။ ၃–တရားမဟောခင် ဆာလောင်သည်ဆို၍ သားနှင့် မယားအပြင် မိမိကိုယ်ကို အပ်နှင်း လှူဒါန်းခြင်း။ ၄–သားနှင့် မယားကို မိမိရှေ့၌ ဘီလူးစားသည်ကို နှစ်သက်စွာဖြင့် နေပြီးနောက် တရားနာယူလျက် မိမိကိုယ်တိုင် လှူဒါန်း အစားခံခြင်း။

၅။ **ကမ္ဗလရာဇဇာတ်** = ကထိန်လှူခြင်း အကျိုး။

၆။ **ဂေါပါလကသာလဇာတ်** = ၁ ဇရပ်အလှူ, ကျောင်းအလှူ, ဝေယျာဝစ္စအလှူ, တမူးတပဲ နှံများမဆို ကုသိုလ် ပါဝင်သူတို့၏ အလှူတို့အကျိုးနှင့် သာဓုအနုမောဒနာ ပြုသူတို့၏ အကျိုး။

၇။ **သိရိစုဒါမဏိဇာတ်** = ကိုယ်တခြမ်းအလှူ။

၈။ **အဋ္ဌပရိက္ခရာဇာတ်** = ၁–သုရုစိရပုဏ္ဏား အလှူကြီး ပေးရာတွင် သိကြားမင်းက လက်သမား အသွင်ဖန်ဆင်း၍ မဏ္ဍပ်များ တခမ်းတနား ဖန်ဆင်းခြင်း။ ၂–ပရိက္ခရာရှစ်ပါး လှူခြင်းအကျိုးမှစ၍ အလှူအကျိုး အမျိုးမျိုး။

၉။ **သိရိဝိပုလကိတ္တိဇာတ်** = ၁– မိဘကို လုပ်ကျွေးခြင်း အကျိုး။ ၂– ကျေးဇူးမဲ့ခြင်း အကြောင်း။ ၃– မိဘကျေးဇူး သိသောကြောင့် ဘခင်အတွက် အသက်လှူခြင်း။ ၄– ဘုရားလောင်းအား သန်လျက်ဖြင့် ထိုး သန်လျက်ကျိုး, ဆင်ဖြင့် နင်းသတ်သော်လည်း ဆင်ထွက်ပြေး, မီးနှင့်တိုက် မီးမလောင်, ချောက်ကမ်းပါးသို့ ပစ်ချသော်လည်း မသေ။ ၅– မိဘကျေးဇူးကို သိသဖြင့် မိခင်နှင့်အတူ မီးရှို့ခံ၍ အသေခံသော်လည်း မီးမလောင်သော ဘုရားလောင်း။ ၆– မိခင်၏ အထိမ်းအမှတ် ရှာတည် ဘုရားကည်၍ အထိမ်းအမှတ် ပွဲ ပြုလုပ်ခြင်း။

၁၀။ **သတ္တဓနုဇာတ်** = ၁–ကောင်းကင် ပျံနိုင်သော မဏိကက်မြင်း အကြောင်း။ ၂– ဘုရားလောင်းက တမ်းတလိုက်လျှင် မဏိကက်မြင်းပျံ ဆိုက်ရောက်လာခြင်း။ ၃– ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်

ထက်တွင်နေသော စိရပဘာထံ မြင်းပျံစီး၍ သွားရောက်ခြင်း။ ၄- လေးအတတ်ကို အံ့မခန်းပြသောကြောင့် စိရပဘာမင်းသမီးကို ရခြင်း။ ၅= ဘီလူးတိုင်းပြည်တွင် ဘီလူးနှင့် မြင်းပျံတို့ စစ်တိုက်ကြခြင်း။ ၆- သမုဒ္ဒရာတွင် လှေနစ်၍ မင်းသား မင်းသမီးတို့ ကွဲကွာသွားကြခြင်း။ ၇- ဘုရားလောင်းသည် အဥ္စနဝတီ ဘီလူးမနှင့် တွေ့ဆုံပေါင်းဖေါ်ခြင်း။ ၈- ဘီလူးသည် လူနှင့် ပေါင်းသင်း ဆက်ဆံလာလျှင် လူနံ့ပေါ်ထွက်ခြင်း။ ၉- မာယာ လေးဆယ်ဖြင့် ကရေဏုဝတီက ဖျားယောင်းခြင်း။ ၁၀- မြင်းပျံကို အဥ္စနဝတီ ဘီလူးမ၏ နောင်တော်ထံမှ ပြန်၍ တောင်းပေးခြင်း။ ၁၁-စိရပဘာသည် ဣန္ဒပတ္ထမြို့ရောက်၍ ဇရပ်ဆောက်လျက် ပန်းချီရေးထားခြင်း။ ၁၂- ဘုရားလောင်းသည် ထိုဇရပ်သို့ ရောက်သဖြင့် ပန်းချီရုပ်ပုံများကို တွေ့ပြီးနောက် စိရပဘာနှင့် ပြန်လည်တွေ့ဆုံခြင်း။ ၁၃- ထိုနောက် မိဘထံပြန်သွားပြီးမှ အဥ္စနဝတီတို့ထံပြန်လျက် ကန္တာရဘီလူးထံတွင် နှမကို တောင်းခြင်း။ ၁၄- ကန္တာရဘီလူးအား ငါးပါးသီလ အကျိုးတရားများ ဟောကြားပြီး တိုင်းပြည်ကို ပြန်လာခြင်း။

## ၃-စန္ဒကုမာရဝတ်

၁။ **စန္ဒကုမာရဇာတ်** = ကြက်ငှက်စသော သက်ရှိသတ္တဝါတို့ကို မသတ်ဘဲ လွှတ်ပါဖြင့် အကျိုးကျေးဇူး ခံစားရခြင်း။

၂။ **သာဝိတရာဇဇာတ်** = သိကြားမင်းသည် ရွှေငွေရတနာမိုး တို့ကို ရွာသွန်းစေခြင်း။

၃ ။**ရတနပဇ္ဇောတဇာတ်** ၁-မိဘကို လုပ်ကျွေးသော ကျေးဇူး။ ၂- တိုင်းပြည်တွင် ရေလွှမ်းမိုး၍ မင်းမိဖုရားတို့လှေဖြင့်သွားကြရခြင်း။ ၃- အိပ်မက် မကောင်းသဖြင့် ပုဏ္ဏားတို့အား မေးရာ တိုင်းပြည်ရေလွှမ်းမိုးပြီးလျှင် မင်းမိဖုရားတို့ ကွဲကွာရမည့် အဖြစ်ကို ပုဏ္ဏား

တို့က ပြောဆိုခြင်း။ ၄- မိခင်အား ဘီလူးဖမ်းထားသည်ကို သိ၍ ဘီလူးထံသွားလျက် မိခင်အသက်နှင့်လဲ၍ မိမိအားစားရန် ငါး နှစ်သား ဘုရားလောင်းက ပြောခြင်း။ ၅- ဘီလူးအား မိမိ၏ ရင်ကိုခွဲ၍ အသဲကိုပေးအပ်ခြင်း။ ၆- ထိုနောက် သိကြားမင်းလာ မှ ဘီလူးက မိမိဆေးဖြင့် ပြန်၍လိမ်းပေးမှ ပကတိအတိုင်း ဖြစ် လာခြင်း။ ၇-ရင်ကိုခွဲရန် ဓားကို သစ္စာဆို၍ တောင်းရာ ရောက် လာခြင်း။ ၈- မိခင်သစ္စာဆို၍ သားသည် အသက် ရှင်လာပြီး ထထိုင်ခြင်း။ ၉- ထိုနောက် သိကြားမင်းက သားအမိနှစ်ယောက် ကို မိမိတိုင်းပြည်သို့ ပို့ဆောင်ပေးခြင်း။

၄။ **ဒွေသီသဟံသဇာတ်** = ၁-ခေါင်းနှစ်လုံးနှင့် ကိုယ်တခုသာ ရှိသော ရွှေဟင်္သာမင်း။ ၂- လင်မယား နှစ်ယောက် အလွန်ချစ်ခင်ကြ သဖြင့် ဘဝတိုင်း မကွဲမကွာ တမိဝမ်း၌ ဖြစ်ရပါလိုကြောင်း ဆု တောင်းသောကြောင့် ယင်းကဲ့သို့ ဖြစ်ရခြင်း။ ၃- ခေါင်းနှစ်လုံး ကို ကွဲပြားအောင် ကိုးတိုက်သဖြင့် ကိုယ်နှစ်ခြမ်း ကွဲသွားရခြင်း။

၅။ **ဝိရိယပဏ္ဍိတဇာတ်**=၁-မိစ္ဆာအယူရှိသော မိတ်ဆွေအား ဘုရားဆင်း တု ရုပ်ပုံကို လက်ဆောင်ပေးရာ ရုပ်ပုံတော်မှ တန်ခိုးပြခြင်း။ ၂- ထိုနောက် ဘုရားဆင်းတုတော်မှ စကားပြောခြင်း။ ၃- သားနှင့် မယားကို ရောင်း၍ ရသမျှရွှေဖြင့် ရွှေသင်္ကန်းကပ်ခြင်း။ ၄- မိမိ အသားကိုဖြတ်လှီး၍ ရွှေပြားခတ်ကာ ရွှေသင်္ကန်းကပ်ခြင်း။၅-နတ် သိကြားဆေးဖြင့် ပြုလုပ်သောကြောင့် အကောင်းပကတိဖြစ်ခြင်း။ ၆- ဆင်းတုတော်အလှူ ရွှေပြားအလှူအကျိုးကို ဟောကြားခြင်း။

၆။ **ဝိပုလရာဇဇာတ်** = ၁ မယား သားနှင့် မင်း စည်းစိမ်တို့ကို လှူဒါန်းခြင်း။ ၂- သိကြားမင်းက ဘုရားလောင်း၏ ဒါန ပါရမီကို ဖြည့်ရန် ပုဏ္ဏားပျို, ပုဏ္ဏားလတ်, ပုဏ္ဏားအိုအသွင် ဆောင်၍ မယား သားနှင့် မင်းစည်းစိမ်တို့ကို လာရောက် တောင်းခံပုံ။ ၄- သိကြားမင်းသည် မယား, သားတို့ကို အလှူ

ခံ၍ တနေရာ၌ ဝှက်ထားပြီးနောက် မင်းစည်းစိမ်ကို အလှူခံပြီးမှ အားလုံးကို ခေါ်ဆောင်လာခြင်း။

၇။ **မဟာပဒုမဇာတ်** = ၁- အနင်္ဂသေနမင်းသည် ကောက်ကျစ်စဉ်းလဲသော မင်းအား စစ်ကို ယှဉ်ပြိုင်မတိုက်ခိုက်ဘဲ တိုင်းပြည်ကို ပေးလိုပုံ။ ၂- မှူးမတ် အပေါင်း စစ်သည်အပေါင်းတို့က မခံချင်၍ စစ် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် စစ်ရှုံး၍ ထွက်ပြေးကြရခြင်း။ ၃- မိမိ၏ မှူးမတ် စစ်သည်တို့ စစ်ရှုံးသဖြင့် အနင်္ဂသေနမင်းသည် မိဖုရားကြီးနှင့်အတူ တိုင်းပြည်မှ ထွက်ခွာခဲ့ရခြင်း။ ၄- ထိုနောက် မင်း မိဖုရားနှစ်ပါးတို့ သွားကြရာတွင် သမုဒ္ဒရာအလယ်၌ ရေနစ်ရာ မိဖုရားမှာ ကမ်းတဖက်ရောက်သွားသော်လည်း မင်းကြီးသည်ကား သမုဒ္ဒရာတွင် နစ်မျောနေလေရာ မိဖုရားက သစ္စာဆိုသဖြင့် ရေအပြင်သည် မြေပြင်ကဲ့သို့ ဖြစ်သွားခြင်း။ ၅- မိခင်အသက်သေသည်ကို သားက အသည်းနှလုံးထုတ်၍ လှူဒါန်း ဆေးကုခြင်း။ ၆- သား သေသောအခါ မိခင်က တဖန် သစ္စာဆိုပြန်သဖြင့် နတ်သိကြားများက လာရောက် ကူညီခြင်း။

၈။ **မဟာသူရသေနဇာတ်** = ၁- ဦးခေါင်းကိုဖြတ်၍ ပေးလှူခြင်း။ ၂- အလှူပေးခြင်း၌ မတင်းတိမ်သော မဟာသူရမင်းထံသိကြားမင်းသည် ဦးခေါင်းမပါသော လုလင်အသွင် ဖန်ဆင်းလျက် လာရောက်၍ ဦးခေါင်းကို အလှူခံသောအခါ မဟာသူရသေနမင်းက ဦးခေါင်းကို ဖြတ်၍ပေးလှူခြင်း။

၉။ **ဗြဟ္မဃောသဇာတ်** = သိကြားမင်းသည် မာတလိ နတ်သားကို ခွေးယောင်ဆောင်စေ၍ မိမိကိုယ်တိုင် ခွေးစောင့်ယောကျ်ားယောင် ဆောင်လျက် လူ့ပြည်လာ၍ ဗြဟ္မာဃောသမင်းအား စူးစမ်းခြင်း။

၁၀။ **သေတဲမှုသိကဇာတ်** = ၁–ကြွက်ဖြူအိမ်တွင် ရှိသဖြင့် စီးပွားဥစ္စာ တိုးတက်ခြင်း။ ၂-ကြွက်ဖြူက ငါးပါးသီလ စောင့်ထိန်းခြင်း။ ၃–နတ်လူတို့အား တရားဟောခြင်း။ ၄–သိကြားမင်းက သီလ စမ်းသည့်အနေဖြင့် အသားကို လာရောက် အလှူခံရာ မီးပုံတွင် ခုန်ဆင်း၍ လှူခြင်း။ ၅-သီလတန်ခိုးကြောင့် မီးမလောင်ခြင်း။ ၆–သိကြားမင်းက ကြွက်ဖြူအား နတ်ပြည်ခေါ်သွားခြင်း။

## ၄–အရိယဆတ္တဝဂ်

၁။ **အရိယဆတ္တဇာတ်** = ၁–တိုင်းသူ ပြည်သားတို့ ရတနာ သုံးပါးကို ကြည်ညိုခြင်းမရှိ စုံစမ်းရန် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် သူအား သတ်မည်ဟု ဘုရင့်အမိန့်ဖြင့် မောင်းကြေးနင်း ခတ်ခြင်း။ ၂–အရိယ ဆတ္တသည် သတ်လျှင်သတ်, ရတနာသုံးပါးကို မှီဝဲ ဆည်းကပ်မည်ဟု ပြောသဖြင့် သတ်ချန် ကားစင်တင်ခြင်း။ ၃– သတ်ခါနီးဆဲဆဲတွင် သင်းချိုင်းသို့ မြင်းနှင့်လာရောက် ခေါ်ငင် စေပြီး ကိုယ်တိုင် မေးမြန်းခြင်း။ ၄–သဒ္ဓါသီလစသော သူတော် ဥစ္စာ ခုနစ်ဖြာရှိလျှင် ဆင်းရဲသူမမည် ဥစ္စာများစွာ ရှိသူပင် မည်ခြင်း။ ၅–အရိယဆတ္တအား ဘုရင်မင်းမြတ် သဘောကျ၍ အိမ်ရှေ့အရာ ပေးခြင်း။

၂။ **သုဘဒ္ဒရာဇဇာတ်** = ရတနာသုံးပါးကို မှီဝဲဆည်းကပ်သော သုဘဒ် လုလင်အား သိကြားမင်းက ရတနာသုံးပါးကို ဆည်းကပ်ခြင်း မပြုဘဲ အလုပ်လုပ်ရန် ပြောကြားသော်လည်း မလုပ်ဘဲ ရတနာ သုံးပါးကိုသာ မှီဝဲဆည်းကပ်နေခြင်း။ ၂–လူဆင်းရဲသော်လည်း သဒ္ဓါသီလစသော သူတော်ဥစ္စာ ၇–ဖြာရှိလျှင် ဆင်းရဲသူမမည်၊ ပြည့်စုံကြွယ်ဝသည်သာမည်၍ ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း ထိုတရားတို့ မရှိလျှင် ဆင်းရဲသူမည်ခြင်း။ ၃–သုဘဒ်လုလင်သည် ရတနာသုံးပါးကို ဆည်းကပ်၍ သိကြားမင်းက တနေ့တည့်မျှ မင်းချမ်းသာခံစားရန် ဆုပေးရာ၊ ထိုအချိန်အတွင်း၌ အလှူအတန်း

ကို အကြီးအကျယ် ပေးလှူခြင်း။ ၄-အချိန် ကုန်ခါနီးတွင် နတ်များက သိကြားမင်းထံ ဆက်လက်၍ ပေးရန် တောင်းပန်သဖြင့် သိကြားမင်းက ဆုကိုဆက်လက်၍ပေးရာ အနှစ်ငါးရာ ပတ်လုံး မင်းအဖြစ် တည်သွားခြင်း။

၃။ **ဗဟာလပုတ္တဇာတ်** = ၁-မိခင်အား စားမည့်ကျားကို မိခင်၏ကိုယ်စား မိမိအားစားပါရန် ပြောကြားသော နွားငယ်လေးအကြောင်း။ ၂-နွားငယ်လေးကတရားဟောပြောသဖြင့် သဘောကျ၍နွားသား အမိကို မစားတော့ဘဲ ကျားကြီးသည် ၎င်းတို့နှင့်အတူ နေခြင်း။ ၃ ထိုသတ္တဝါသုံးဦးတို့၏ သစ္စာ,ခန္တီနှင့် ကတညုတ တရား တန်ခိုး ကြောင့် သိကြားမင်းက ၎င်းတို့ကို နတ်ပြည်သို့ ခေါ်ဆောင် သွားခြင်း။

၄။ **ဗဝိရဇာတ်** = ၁-နားပင်းလေးဦးတို့ တဦးစကားကို တဦးမကြားဘဲ မိမိထင်ရာမြင်ရာကို ပြောဆိုကြခြင်း။ ၂-တရားကို ရိုသေစွာမနာယူ လျှင် နားပင်းသူဖြစ်ရတတ်ခြင်း။

၅။ **ပဒိပဒါနဇာတ်** = ၁-မိန်းမအဖြစ်ဖြင့် ဘုရားဆုပန်၍ မရကြောင်း။ ၂-ဘုရားဖြစ်ကြောင်းရှစ်ပါး။၃-ဆီမီးပူဇော်လှူဒါန်းခြင်းအကျိုး။ ၄-ဤဝတ္ထု၌ အတိတ်ဆောင်ခြင်းနှစ်ခုပါသည်။

၆။ **ဝေလာမဇာတ်** = ၁-ဘုရားလောင်း ဝေလာမသည် ရွှေငွေရတနာ အမျိုးမျိုး၊ ရွှေခွက်ငွေခွက်အမျိုးမျိုး၊ နွားကျွဲဆင်မြင်းအမျိုးမျိုး လှူခြင်း၊မိန်းမအလှူ၊ နွားလားဥသဘအလှူ၊ သေရည်သေရက်အလှူ၊ ပွဲသဘင်အလှူတို့ကိုလှူ၏။ ၂-အနာထပိဏ်သူဌေးကြီးသည် ပစ္စည်း များကုန်ခန်းသွားသဖြင့် ဆန်ကွဲထမင်းပုန်းရည်ဟင်းမျှသာလှူဒါန်း ရာအကျိုးကြီးကြောင်း။၃-သောတာပန်အားလှူရသည်ထက် သက ဒါဂါမ်အား လှူရခြင်းက ပိုမြတ်ကြောင်းစသည်။

၇။ **ဝဋ္ဋင်္ဂုလိဇာတ်** = ၁ ဘုရားဆင်းတုမှ ကျိုးပဲ့နေသော လက်ချောင်းကို ဆက်စပ်ပြုပြင်ပေးသဖြင့် တန်ခိုးရှိသော လက်ချောင်းပိုင်ရှင်ဖြစ်

ရခြင်း။ ၂–တိုက်ခိုက်ရန်လာသော တရာ့တပါးသော မင်းတို့ကို လက်ချောင်းမြှောက်ချီ ဝေ့ရမ်းလိုက်ရုံဖြင့် ပြေးသူပြေး၊ လဲသူလဲ ဖြစ်ရခြင်း။ ၃–ဘုရားဆင်းတုတော်ကို ကိုးကွယ်ခြင်း အကျိုး။ ၄–ဘုရားရှင်လက်ထက်ကပင် ဘုရားရှင်၏ခွင့်ပြုချက်အရ ကောသလ မင်းသည် စန္ဒကူးသားဖြင့် ဘုရား ရုပ်ထုတော်ကို ပြုလုပ် ကိုးကွယ်ခြင်း။ ၅–သက်တော်ထင်ရှား ဘုရားကြွလာတော်မူသော အခါ ဘုရားရုပ်ထုတော်က ခြေကိုကြွ၍ ရိုသေသောအမူအရာကို ပြခြင်း။ ၆–ရုပ်ထုတော်ကို မြေကြီး၊ ကျောက်၊ သစ်သား၊ ရွှေ၊ ငွေ စသည် မိမိတို့အလိုရှိရာဖြင့် ပြုလုပ်ကိုးကွယ်နိုင်ခြင်း။

၈။ **တိရသာကုမာရဇာတ်** = ၁–ဘုရားလောင်းအား ဖွားရိုး ဖွားစဉ် မဖွားဘဲ ခံတွင်းမှဖွားမြင်ခြင်း။ ၂–ပုဏ္ဏားများကုံးတိုက်၍ သားကို ရေထဲမျှောခြင်း။ ၃–ထိုအခါမှစ၍ တိုင်းပြည်၌ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ခြင်း။ ၄–အဘိုးဖြစ်သော စစ်သူကြီးကပင်လယ်ဆိပ်ကမ်း၌ အမွေးတိုင်များ စိုက်ထူ၍ အဓိဋ္ဌာန်သဖြင့် ရေမျောနေသော သားအမိနှစ်ဦး ဆိပ်ကမ်းသို့ ရောက်လာခြင်း။ ၅–ပဓမမင်း၏ နိုင်ငံမှ အမွေးနံ့ကို အရှာထွက်ရာ မင်္ဂလာမြင်းကိုစီး၍မရဘဲ လိမ့်ကျ ခြင်း။ ၆–မင်းသားအား ဘိသိက်ရေစင် သွန်းလောင်းရာတွင် ကုံးတိုက်သောပုဏ္ဏားတို့ ရေသွန်းလောင်းရန်အားထုတ်ရာ ရေခရား များကွဲ၍ အဖုအပိန့်များဖြစ်ကုန်ခြင်း။ ၇–နှစ်နှစ်သား ဘုရား လောင်းက ဘခင်နှင့် အဘိုးတို့အားတရားဟောခြင်း။ ၈–လူ့ဘဝမှ ကွယ်ပျောက်၍ နတ်ပြည်သို့ရောက်သွားခြင်း။ ၉–လူ့ပြည်မှငိုသဖြင့် နတ်ဗိမာန်၌ မှောင်အတိဖြစ်ခြင်း။

၉။ **သောဏရာဇဇာတ်** = ၁–သူဌေးနှင့် ဆင်းရဲသားရှိရာတွင် သူဌေးထံမှ ဆင်းရဲသားက ပုဆိန်ငှါး၍ ပျောက်သွားသည်ကို အတင်းပြန် တောင်းခြင်း၊ ဆင်းရဲသားထံမှ ဒယ်အိုးကွဲကို သူဌေးကငှါး၍ ကွဲသွားသဖြင့် ပြန်အရော်တောင်းရာမှ ဘုရင်ထံရောက်၍ ၎င်းတို့ သားသမီးများကိုပေးစားလိုက်ခြင်း။ ၂–သူဌေးသားနှင့် သူဆင်းရဲ

သမီးတို့ ညားရာမှ ကိုယ်ဝန်ရ၍ ၎င်းကိုယ်ဝန်ကို ငှက်ကယူဆောင် လျက် ဟိမဝန္တာတောသို့ယူသွားရာမှ ကြာပန်းပေါ်မှရ၍ ရသေ့က ကောက်ယူ မွေးစားရာ ပဒုမာ အမျိုးသမီး ဖြစ်လာခြင်း။ ၃-သောဏနန္ဒာမင်းသားသည် တောလိုက်သွားရာမှ ပဒုမာအမျိုး သမီးကိုတွေ့၍မိဖုရားမြှောက်ခြင်း။ ၄-ကာလကဏ္ဏိသည် သားကြီး ကပိလနှင့် ရသော်လည်း မင်းသားငယ် သောဏကိုကြိုက်သဖြင့် ကပိလကို အဆိပ်ခတ်သတ်၍ လူသေလက်ညှိုးကိုဖြတ်ပြီး ပဒုမာ၏ ဆံထုံးထဲသို့ ထည့်ထားလျက် လူသတ်သမားအဖြစ် စွပ်စွဲခြင်း။ ၅-ပဒုမာသည် သစ္စာအဓိဋ္ဌာန်ပြု၍ ဥယျာဉ်တခု ဖန်ဆင်းခြင်း။ ၆-ထိုနောက် ကိုယ်ကို ဇရပ်အဖြစ် ဖန်ဆင်းပြီး၊ မျက်စိနှစ်လုံးကို ကြက်တူရွေးနှစ်ကောင် အဖြစ်ဖန်ဆင်းခြင်း။ ၇-ကြက်တူရွေးများ သည် စကားပြောကြရာမှ ကာလကဏ္ဏိ အကြောင်း သိသွား ခြင်း။ ၈-သရက်သီး များကို စိတ်ကောင်း ရှိသူတို့ စားလျှင် ချို၍၊ ယုတ်မာသူတို့ စားလျှင် ခါးခြင်း။ ၉-မင်းကြီးက သူ၏ သားတော် ကပိလကို အဆိပ်ခတ် သတ်ကြောင်း သိသဖြင့် ထိုအဆိပ်ကို ယူ၍ ကာလကဏ္ဏိအား သောက်စေပုံ။

၁၀။ **သုဝဏ္ဏကုမာရဇာတ်** = ၁-ဘုရားလောင်း၏ တန်ခိုးကြောင့် သမုဒ္ဒရာ ရေအလျှင်သည် မြေပြင်ကဲ့သို့ ဖြစ်ခြင်း။ ၂-သမုဒ္ဒရာ တွင်းရှိ ရတနာများ အားလုံးကို လူတို့ အလိုရှိတိုင်း ယူဆောင်ရခြင်း။ ၃ သမုဒ္ဒရာ အလယ်၌ လူတို့အား နတ်များက စောင့်ရှောက်ကြ ခြင်း။ ၄-ဘုရားလောင်းအား သိကြားမင်းက မြှားငါးစင်း ဆက်သခြင်း။ ၅-တိုင်းပြည်ကို လုယက်ရန် ချီတက်လာသော သိဟိုဠ်ဘုရင်အား မြှားလေးစင်းဖြင့် တန်ခိုးပြပြီး နောက် မိမိ အလိုသို့ ပါလာသော အခါ လိမ္မာယဉ်ကျေးအောင် ဆုံးမခြင်း။ ၆-ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တို့ ချီတက်ခြင်း။ ၇ မိဘစကားနားထောင်ခြင်း၊ ငါးပါးသီလ လုံခြုံခြင်းတို့ကြောင့် တန်ခိုးကြီးခြင်း။

## ၅-ဗြဟ္မကုမာရဝဂ်

၁။ ဗြဟ္မကုမာရဇာတ်=၁-စေတီကို သုတ်သင် ရှင်းလင်းခြင်း အကျိုး။ ၂-တံခွန်လှူခြင်း၊ ဆီမီးပူဇော်ခြင်း အကျိုး။

၂။ သုစိသာပသဇာတ်= ၁-ပစ္စုပ္ပန် ဝတ္ထု၌ တီကောင်နှင့် ကျီးတို့၏ မေးခွန်းလေးရပ်။ ၂-နံ့ကောင်နှင့် လင်းတတို့၏ မေးခွန်းလေးရပ်။

၃။ အက္ခရလိခိတဇာတ်= ၁-ကျောက်ဖြာပေရွက် စာရွက်တို့၌ ပိဋကတ်တော် တို့ကို ရေးသားပူဇော်ခြင်း အကျိုး။

၄။ ဝဓုနဇာတ်=၁-ဗုဒ္ဓ ရုပ်ပွါးတော်၌ ကျိုးပဲ့နေသော လက်ချောင်းကို ပြုပြင်မွမ်းမံပေးခြင်း၊ မိမိ၏အပေါ်ရုံ အဝတ်ကို တံခွန်ပြုလုပ်လှူဒါန်းခြင်း၊ ပန်း ဆီမီး ပူဇော်ခြင်း အကျိုးများ။ ၂-ပသေနဒီ ကောသလမင်း လက်ထက်ကပင် ဗုဒ္ဓရုပ်ပွား ပူဇော်မှုပြုကြခြင်း။

၅။ အကတညုဇာတ် = ၁- ငါးများ၏ အသက်မွေးရသောဘဝမှ မင်းဖြစ်အောင် ပြုလုပ်ပေးသော ကျီးအား အစာဝအောင် မကျွေးဘဲ မင်းစည်းစိမ် ယစ်မူးလျက် ကျေးဇူး မသိတတ်သော ငါးများယောကျ်ားမင်းသည် မင်းစည်းစိမ်မှ ကျလျော၍ ဆင်းရဲစွာ နေရခြင်း။

၆။ ဒုကမ္မရာဇဇာတ် = ၁- သုံးလင်ကွာပြီးသောမိန်းမကိုမယားမပြုသင့် သုံးကြိမ် လူထွက်ဘူးသော ရဟန်းလူထွက်ကို အပေါင်းအသင်း မပြုလင့်၊ မစူးမစမ်းပြုတတ်သော မင်း၏ နိုင်ငံတွင် မနေလင့်ဟု သေခါနီးတွင် မှာသွားသော ဘခင်၏ စကားသုံးခွန်းကို လက်တွေ့စမ်းသပ်သော ဒုကမ္မ သတိုးသား။ ၂- သုံးလင်ကွာ မိန်းမကို ရှာယူ၍ သုံးကြိမ် လူထွက်ဘူးသော ရဟန်းလူထွက်ကို ရှာ၍ ပေါင်းခြင်း။ ၃- ဘုရင်ဟသ်ာကို မသတ်ဘဲ ဝှက်ထားပြီး သတ်

ခဲ့သည်ဟုပြောကာ မယားအား လုပ်ကျွေးသဖြင့် ဘုရင်သိ၍အဖမ်း ခံရခြင်း။ ၄- ဟင်္သာသတ်သူကို ဖေါ်ထုတ်ပေးနိုင်လျှင် ရွှေစင် တထောင်ရမည်ဆို၍ ထိုမိန်းမက မိမိယောကျ်ားကို ဘုရင်ထံ အပ်ခြင်း။ ၅- ရာဇဝတ်သားအဖြစ် အဖမ်းခံရသော ဒုကမ္မကို လမ်းမှာတွေ့ရာ ရဟန်းလူထွက် မိတ်ဆွေက အဝတ်အစားများကို တောင်းယူခြင်း။ ၆- တံခါးလေးဘက်၌ တံခါးမှူးများကို မြေပေါ် လည်းဆုံး သားလည်းဆုံးပုံပြင်၊ သမီးလည်းဆုံး ခွေးလည်းဆုံး ပုံပြင်၊ ဘုရင်လည်းဆုံး ရသေ့လည်းဆုံးပုံပြင်၊ ဘုရင့် အမတ်ကြီး အပြစ်မရှိဘဲ ဆုံးရပုံ ပုံပြင်တို့ကို ပြောပြခြင်း။

၇။ **ဝိဓါဒဇာတ်** = ၁- ကျီးက သူတော်ကောင်းယောင် ဆောင်၍ ဇင်ယော် စသောငှက်များ၏ ကလေးငယ်တို့ကို ငှက်ကြီးများ အစာရှာသွားခိုက်တွင် သတ်ဖြတ်စားသောက်ပုံ။ ၂- ထို့နောက် နွတ်သီးကို နွယ်ကြိုးဖြင့် ချီနှောင်၍ အခြားငှက်များ ယုံကြည် လောက်အောင် ဟန်ဆောင် တုတ်နှောင်ပြီးလျှင် ငှက်ကြီးများ အစာရှာသွားခိုက် ငှက်ငယ်များကို စားပုံ။

၈။ **သိဒ္ဓိသာရစက္ကဝတ္ထိဇာတ်** = ၁-ရက္ခစိုးနတ်၏ ညွှန်ကြားချက် အရ ရွေးကောင်းမှုကြောင့် ရွှေသမင်၏ ညာဘက်မျက်လုံးကို စားလျှင် စကြာဝတေးမင်း ဖြစ်၍ ဘယ်မျက်လုံးကို စား၍ ရယ်လိုက်လျှင် ခံတွင်းမှ ရတနာများထွက်ခြင်း။ ၂-အဆိပ်သောက်မိ၍ သေလု မျောပါးဖြစ်နေသောသူအားနတ်ရေစင် ဖျန်းပက်၍နတ်နှံ့သာလိမ်း သောကြောင့် အသက် ရှင်လာခြင်း။ ၃-နတ်ရွှေခြေကျင်းကို စီးလျှင် ကောင်းကင် ပြန်နိုင်ခြင်း။ ၄-ပင်ညောင်ပင်၏ အကိုင်း လေးခုမှ အသီးတို့ကို စားသဖြင့် ကျား၊ ဝက်ဝံ၊ မျောက်၊ ဈိုင်း များဖြစ်ခြင်း။ ၅-သူတပါးအား မကောင်းကြံသော ယောကျ်ာမ မင်းကြီးသည် မျောက်ဖြစ်စေမည့် ညောင်သီးကို စားသဖြင့် မျောက်ဖြစ် သွားခြင်း။ ၆-ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ သောကြောင့် စကြာဝတေးမင်း ဖြစ်ရခြင်း။

၉။ **သီလဇာတ်** = ၁- သီလဆောက်တည် သောကြောင့် နတ်အများက စောင့်ရှောက်၍ ရွှေငွေရတနာ အမျိုးမျိုးနှင့် အဝတ်တန်းဆာ တို့ကိုပေးပုံ။ ၂-သူ့အသက် သတ်ရန် အမိန့် ပေးသည်ကို ငြင်းဆန်သဖြင့် ဖမ်းဆီး တုတ်နှောင်ခဲ့ရာမှ သီလတန်ခိုးကြောင့် လွတ်မြောက်လာပုံ။ ၃—မောင်သီလအား မိကျောင်းများသော ပင်လယ်သို့ ပစ်ချသော်လည်း မိကျောင်းတို့ အစားမခံရဘဲ၊ မြစ် စောင့်နတ်တို့၏ စောင့်ရှောက်မှုကြောင့် ရတနာပြာသာဒ် မြစ်ထဲမှ ထွက်ပေါ်လာပုံ။ ၄-ထို့နောက် သီလတန်ခိုးကြောင့် ရတနာ ပြာသာဒ်နှင့်တကွ မောင်သီလသည် ကောင်းကင်သို့ ပျံတက်၍ မြို့အလယ်၌ ရပ်တည်ပုံ။

၁၀။ **မဟာသုဒဿနဇာတ်** = ၁- ရဟန်းတပါးအား ဇရပ်တဆောင်နှင့် ပရိက္ခရာရှစ်ပါးတို့ကို လှူသဖြင့် စကြာဝတေးမင်းဖြစ်သော မဟာ သုဒဿနမင်း။ ၂- စကြာရတနာများ ထွက်ပေါ် လာပုံနှင့် စကြာရတနာတို့၏ တန်ခိုးအာနုဘော်တို့ ပါဝင်သည်။

သိမ့်တ်ဖွယ်ရာများ ပြီး၏။

# မှတ်ဘွယ်ပြည့်လျှမ်း ဇာတ်နိဒါန်း

## ဇင်းမယ်ပဏ္ဏာသ ကျမ်းပြု ဆရာတော်

ဤ ဇင်းမယ်ပဏ္ဏာသ ကျမ်းကြီးကား ပါဠိဘာသာဖြင့် ရေးသားထားသော ရှိုင်ဆိုက်(၆×၁၀)ဖြင့် စာမျက်နှာ ၆၀၅-မျှ ရှိသည့် ကျမ်းစာကြီး ဖြစ်သည်၊ ယင်း အဋ္ဌကထာ ကျမ်းကို ၁၉၁၁-ခု (၁၂၇၂) ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီ စာပုံနှိပ်တိုက်မှ ရိုက်နှိပ် ထုတ်ဝေခဲ့သည်၊ ကျမ်းစာအုပ် တို့၌ ပါရှိမြဲ ဖြစ်သော နိဒါန်း နိဂုံးတို့ မပါသောကြောင့် မည်သည့်ခုနှစ်က မည်သည့်ဆရာတော် ရေးသားခဲ့သည်ဟု အတိအကျ ပြဆိုထားခြင်း မရှိခဲ့ပေ၊ သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်က ရိုက်နှိပ်ခဲ့သည့် ယင်း ကျမ်းစာ၏ မျက်နှာဖုံးတွင်—

> "မဟာနိပါတ် အဋ္ဌကထာ ကြီးများကို အားထား မှီငြမ်း ပြု၍ ဗောဓိသတ္တ ဘုရားအလျာ သူတော်စဉ်တို့ ပါရမီ ဖြည့်ကြသော အစဉ်ကို စိတ္တဝါစာ ပညာဝစုန ဗန္ဓဖွဲ့နွဲ့ချုံထွင် သီကုံးမှုအရာ၌ လိမ်မာ ကြေပြွန် စိမ့်သောငှါ မယာ ယောနကရဋ္ဌ ဇင်းမယ်မြို့လျှင် ဖွားရာဇာတိ ရှိသော ပုဂ္ဂိုလ်အရှင်သူမြတ် ဖွင့်ပြစီရင်အပ်သော ဇင်းမယ်ပဏ္ဏာသကျမ်း"

ဟု ပါရှိသည်ကို တွေ့ရသောကြောင့် ဇင်းမယ်မြို့ဖွား, ဆရာတော်တပါးဟုသာ အမှတ်အသား ပြုရပါတော့သည်။

## ပုဂံခေတ်ကပင် ထင်ရှားခဲ့သည်

ဇင်းမယ်မြို့မှ ဆရာတော်တပါး ရေးသည်ဟုသာ သိရသော ဇင်းမယ် ပဏ္ဏာသ ကျမ်းသည် မြန်မာပြည်သို့ မည်သည့် ခုနှစ် လောက်က ရောက်ရှိ လာခဲ့သည်ဟု အတိအကျ မသိရ သော်လည်း ပုဂံ ဖွားစောရှာ အနောက် ၆၂၇-ခုနှစ်တွင် ရေးထိုး ခဲ့သော ကျောက်စာ၌ ဇင်းမယ်

၁၉၃၅၄

သာသနာရေးဦးစီးဌာန

ပဏ္ဏာသ လာ ဇာတ်တခုနှင့် ပတ်သက်၍ ရေးထိုးထားသည်ကို တွေ့ရသဖြင့် ပုဂံခေတ်ကပင် ထင်ထင်ရှားရှား လူသိများခဲ့သော ကျမ်းတကျမ်းဖြစ်ကြောင်း သိရပါသည်၊ ထိုအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းစွာ ဖေါ်ပြရသော်—

ဤကျမ်းလာ သုဓမ္မမိတ္တဇာတ်လမ်းသည် ပုဂံခေတ်၌ အလွန်ကျော်ကြား လူသိများခဲ့သည်၊ ဇာတ်လမ်း အကျဉ်းချုပ်မှာ-စမ္ပာပြည် သုဓမ္မမိတ် (သုဓမ္မမိတ္တ) မင်းကြီး၌ မိဖုရားကြီး ကေသနီ, သားကြီး ဇေယျသိန်, သားငယ် ဇေယျဒတ်, သုဓမ္မမိတ်၏ ညီတော် အသုဓမ္မမိတ်တို့ ရှိသည်၊ တရံရောအခါ ညီတော် အသုဓမ္မမိတ်မင်းက ထီးနန်း လုယူသောကြောင့် နောင်တော် သုဓမ္မမိတ်မင်းကြီး မိဖုရားကြီးနှင့် သားတော်နှစ်ပါးတို့ တိုင်းပြည်မှ ထွက်ခွါသွားကြရသည်၊ လမ်းခရီးအကြား မြစ်ကမ်းပါး တခုသို့အရောက်တွင် သားတော်နှစ်ပါးကို ထားခဲ့၍ မြစ်တဖက်ကမ်းသို့ မိဖုရားကြီးအားသွားပို့နေစဉ် သားတော်နှစ်ပါးကို တံငါသည်နှစ်ဦးတို့ကယူဆောင်သွားကြသည်။သားတော်နှစ်ပါးအားဆောင်ကြဉ်းရန်တဖက်ကမ်းသို့အလာ အခြားတဖက်ကမ်းတွင် ထားခဲ့သော မိဖုရားကြီးအားကုန်သည်ငါးရာတို့၏ဝန်ကိုတင်ဆောင်လာသော သင်္ဘောသူကြီးကယူဆောင်သွားလေသည်။ ဤသို့အားဖြင့် ချစ်လှစွာသော မယား, သားနှစ်ယောက်တို့နှင့် ကွေကွင်းရခြင်းဒုက္ခကို သုဓမ္မမိတ်မင်းကြီးအပြင်းအထန်ခံစားရလေသည်။

ဤဝတ္ထုဇာတ်လမ်းသည် ပုဂံခေတ်တွင် အလွန်ထင်ရှားခဲ့လေသည်၊ ထိုဇာတ်လမ်းပါ သုဓမ္မမိတ်မင်းကြီး၏ သားမယားတို့နှင့် ကွဲကွာရခြင်းဒုက္ခကြီးကျယ်ကြောင်းကိုသိကြသော ပုဂံခေတ်သားတို့သည် တဦးတယောက်အားကျိန်စာဆိုစေရာ၌ **သုဓမ္မမိတ်မင်းကြီးကဲ့သို့ဖြစ်ပါစေ** ဟူသော ကျိန်စာကို ဆိုစေခဲ့ကြသည်၊ ယင်းကျိန်စာကို ပုဂံခေတ်ကျောက်စာ၌ တွေ့ရသောကြောင့် ဇင်းမယ်ပဏ္ဏာသသည် ပုဂံခေတ်ကပင် ထင်ထင်ရှားရှားလူသိများခဲ့သော ကျမ်းတစောင်ဖြစ်ကြောင်း မှန်းဆရခြင်းဖြစ်ပါသည်။

## အင်းဝခေတ်ပဏ္ဏာသ

ပုဂံခေတ်နောက် ပထမအင်းဝခေတ် သက္ကရာဇ်ကထောင်အတွင်း သက္ကရာဇ် ၇၀၀-ကျော် ၉၀၀-နီးပါး အချိန်လောက်တွင် စာဆိုအကျော် ရှင်မဟာသီလဝံသ, ရှင်အဂ္ဂသမာဓိတို့ထွန်းကားခိုက် ပါဠိသက္ကဋဘာသာ စာပေများ, ဒေသအမျိုးမျိုးမှစာပေများ မြန်မာပြည်မ,သို့ အများဆုံး ဝင်နေသောခေတ်တွင် မြေခြား ရေခြား ယဉ်ကျေးမှု အသစ်အသစ်များကို တိုင်းရင်းအမျိုးသားများက ဝမ်းမြောက်စွာ ဆီးကြိုလက်လှမ်းခဲ့ကြသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ "သုဝဏ္ဏသျှံမြားပစ်ခန်း၌ စပ်ဆိုထားသည်ကို တွေ့ရပါသည်။

"ပိဋ္ဌိယက္ခမင်းကြီးက သုဝဏ္ဏသျှံ သတို့သားအား မောင့်ကို မြင်သဖြင့် သမင်ပြေးပါသည်၊ သမင်ကို ပစ်ရန် ချိန်ထားပေ မောင့်ကြောင့် သမင်ပြေးလေသည့်အတွက် မောင့်အပေါ် အမျက် ထွက်မိပြီး မြားဖြင့်ပစ်မိပါသည်"

ဟု လိမ်လည်ပြောဆိုသောအခါ သုဝဏ္ဏသျှံသတို့သားက....

"ဤဟိမဝန္တာကျောင်းသခ်မ်းနယ်နိမိတ်အတွင်း ငါ့ကို မြင်၍ ပြေးသောသမင်ဟူ၍မရှိ၊ သမင်များ, သားကောင်များ, ငါ့ကို အလွန်ပင်ခင်မင်ကြသည်၊ ကိန္နရီ ကိန္နရာများလည်း ငါ့ကို ခင်မင် ကြသည်၊ တရံတခါ ငါအပြင်းပြေအောင် ဖျော်ဖြေသောအနေ ဖြင့် ကိန္နရီ ကိန္နရာများက ဝတ္ထုပြောကြ, စာဖတ်ပြောကြသည်"

ဤသို့ သုဝဏ္ဏသျှံသတို့သားက ပိဋ္ဌိယက္ခမင်းကြီးအား ပြန်ကြား ပြောဆို သောအခန်း၌ ပျို့စာဆိုရှင် အဂ္ဂသမာဓိက သတ္တမနေဇာတ်, သုမေဓဇာတ် များကိုထည့်သွင်း၍ အောက်ပါအတိုင်း စပ်ဆိုထားခဲ့သည်။

ဝမ်းကားဆွတ်ဆွတ် စာပေဖတ်သား သတ္တမနေ ရှေးဝတ္ထု တည့်၊ ရတုလိုလို၊ ဆိုလတ်တုံငြား၊ လူမင်းသားလျှင်၊ လွှားလွှား ပျံတက်၊ မဏိကက်ဟု၊ ဆက်လည်းရထွေ၊ မင်းဝေလူလူ၊ မြင်းငယ်

ဖြူနှင့်၊ ချစ်သူရှာမှီး၊ မင်းသမီး (စိရပဘာ) ကို၊ ရပြီးတုံလျက်၊ ဘီလူး (ကန္တာရဘီလူး) ဖျက်၍၊ အသက်ဆုံးလု၊ မျိုးမယ်ပုနှင့်၊ ကျိုင်းနုမောင်မင်း၊ ကွာကင်းလေဟန် (သုဝဏ္ဏသျှံ မြွားပစ်ခန်း အပိုဒ် ၁၀၅)

## ပင်းယခေတ် ပဏ္ဏာသ

ထိုနောက် ပင်းယခေတ်တွင် ကျော်ကြားသော စတုရင်္ဂဗလအမတ်ကြီး စုဆောင်း ရေးသားအပ်သော လောကနီတိကျမ်း ဂူတ္ထိကဏ္ဍဂါထာ တဆယ့်၌—

နှစ်လင် သုံးလင် ကွာပြီးသော မိန်းမသည်လည်းကောင်း နှစ်ကျောင်း သုံးကျောင်း ပြောင်းပြီးသော ရဟန်းသည် လည်းကောင်း ပြုအပ်သော မာယာများ သည်သာတည်း''

ဟူသော လောကနီတိ ကျမ်းစကားနှင့် ဇင်းမယ်ပဏ္ဏာသကျမ်း ပြဟ္မ—ကုမာရဝင် ဒုကမ္မရာဇ ဇာတ်လာ ''သုံးလင် ကွာပြီးသော မိန်းမကို မယားမပြုအပ်၊ သုံးကြိမ်လူထွက်ဘူးသော ရဟန်းလူထွက်ကို အပေါင်းအသင်းမပြုအပ်''ဟူသော စကားနှစ်ရပ်သည် အတော်ပင် တူနေသောကြောင့် ပဏ္ဏာသ ကျမ်းထွက်ကို ယူ၍ လောကနီတိ ဆရာက ရေးလေသလောဟု တွေးတောဘွယ် ရှိပြန်ပါသည်။ သို့သော်ဇင်းမယ်ပဏ္ဏာသဆရာနှင့် လောကနီတိဆရာ နှစ်ဦးလုံးပင် တခုခုသော သသ်ကရိုက်နီတိကျမ်းမှ အသီးအသီး ယူကြလေသလောဟု တွေးတောဘွယ် ရှိပြန်လေသည်။ အကြောင်းသော်ကား အဆိုပါ ဒုကမ္မရာဇ ဇာတ်လာ အရှေ့တခါးမှ တခါးစောင့် ပြောသော မြေ့ပါလည်းဆုံး သားလည်းဆုံးပုံပြင်သည် ပဉ္စတန္တရ နကုလကထာ၏ အတိုချုပ်ပင် ဖြစ်သောကြောင့်ရင်း၊ ဒုကမ္မမင်းကြီး၏ ဥဒါန်းဂါထာ လေးပုဒ်တွင် ပထမ ဒုတိယ နှစ်ဂါထာသည် ဟိတောပဒေသ စသော သက္ကဋနီတိများမှ ယူထားသော ဂါထာများ ဖြစ်သောကြောင့်ရင်း ဤပဏ္ဏာသကျမ်းသည် သက္ကဋ အဆိုအမိန့် ဝတ္ထုဇာတ်လမ်းများနှင့် တနည်းတလမ်းဆက်သွယ်ဘွယ်ရာ ရှိသည်ဟု ဆိုသင့်ပါတော့သတည်း။

## ရှားပါးစာပေဝင် ဇင်းမယ်ပဏ္ဏာသ

ထို့နောက် ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာသည် သတ္တမနေဇာတ်ကို မဏိကက်ပျို့ဟုရှင်း၊ သုမနေဇာတ်ကို သုဇာပျို့ဟုရင်းရေးသားခဲ့၍ ဤကျမ်းလာ ဇာတ်အချို့ကိုယူ၍ အခြားစာဆိုတို့ကလည်း မနော်ဟာရီပျို့ စသည်တို့ကိုဖွဲ့နွဲ့စပ်ဆိုကြပါသည်။ ဤသို့လျှင် ပုဂံ အင်းဝ ပင်းယ ကုန်းဘောင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ လူကြိုက်များခဲ့သော ဇင်းမယ်ပဏ္ဏာသကို ယခုအခါ မြန်မာစာဖတ်ပရိသတ်တို့ မတွေ့ဘူး မဖတ်ဘူးဖြစ်ရသည်မှာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပါတော့သည်။

ယင်းသို့ဖြစ်ရခြင်းမှာလည်း ဇင်းမယ်ပဏ္ဏာသသည် ပါဠိဘာသာဖြင့်သာ ရေးသားထားသောကျမ်း ဖြစ်ရုံသာမက ၁၉၁၁-ခု လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်က တကြိမ်သာရိုက်နှိပ်ပြီး နောက်ထပ်တကြိမ်တခါမျှရိုက်နှိပ်ခြင်းမရှိသောကြောင့် ဖြစ်ပေသည်။ ထို့ထက်ကြီးမားသော အကြောင်းတရပ်မှာကား မြန်မာစာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန် မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားထားသောကျမ်းစာများ မရှိခဲ့ဘူးခြင်းကြောင့်လည်း မြန်မာစာဖတ်ပရိသတ်တို့အတွက် ကြီးမားသော စာပေဆိုင်ရာဆုံးရှုံးမှုကြီးတရပ် ဖြစ်နေပါတော့သည်။ ပါဠိဘာသာဖြင့် ရှိသော စာအုပ်သည်လည်း အလွန် ရှားပါးနေသောကြောင့် ပါဠိပညာရှင် အတော်များများပင် ဇင်းမယ်ပဏ္ဏာသ၏ အရသာကို ဖတ်ရှု ခံစားခွင့်မရကြဘဲ ကြားသာကြားဘူး၍ မမြင်ဘူးမဖတ်ဘူးသော ရှားပါးစာပေဝင်ကျမ်းကြီးတကျမ်းလည်း ဖြစ်ခဲ့ရပါသည်။

## ငယ်စဉ်ကပင် ကြားခဲ့ဘူးသည်

ကျွန်ုပ်တို့ငယ်စဉ်အခါက အဖိုးအဖွားများသည် ဇင်းမယ်ပဏ္ဏာသလာ ဇာတ်ဝတ္ထုအချို့ အကြောင်း ပြောဆိုနေကြသည်ကို ကြားဘူးခဲ့ပါသည်။ သို့သော် အတော်ကြီးပြင်းလာသည်အထိ ဇင်းမယ်ပဏ္ဏာသကို ကိုယ်တိုင်မဖတ်ဘူးခဲ့ပါ။ မဏိကက်ဇာတ် သုမနမင်းသားနှင့်ဒွေးမယ်နော်ဇာတ်များကို ခတ်ပြား၌ကြားရဘူးပါသည်။ သို့ရာတွင်ယင်းတို့သည်ကား ဇာတ်ကွက် ဇာတ်လမ်းအတွက် သင့်လျော်သလောက်ကိုသာ ယူငင်သုံးစွဲ

ဖြသကြသဖြင့် အပြည့်အစုံသိခွင့်မရခဲ့ပါ။ ယင်းသို့သော အခြေအနေတွင် လွန်ခဲ့သောတနှစ်ခန့်က ဇင်းမယ်ပဏ္ဏာသအဋ္ဌကထာ စာအုပ်တအုပ် ရရှိခဲ့၍ ဖတ်ရှု လေ့လာကြည့်သောအခါ ဤကျမ်းလာ ဝတ္ထုဇာတ်လမ်းများသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ မိဘတို့အားလုပ်ကျွေးခြင်း စသော လောကီ လောကုတ္တရာ အကျိုးများစွာကို ဖြစ်ထွန်းစေနိုင်သည့် ဇာတ်ဝတ္ထုအများအပြား ပါဝင်ရုံသာမက ယဉ်ကျေးမှု ဆိုင်ရာ၊ သမိုင်း ဆိုင်ရာ၊ လူမှုရေး ဆိုင်ရာ လေ့လာဘွယ်ရာများပါရှိသည်ကိုလည်း တွေ့ရပါသည်။ သာသနာအကျိုး၊ လောကအကျိုးအတွက် ကျေးဇူးများဘွယ်ရာ ရှိသော ဤဇင်းမယ်ပဏ္ဏာသကို မြန်မာပြန်ဆိုရလျှင် ကောင်းမည်ဟု ကြံစည် စိတ်ကူးမိသည့် အလျောက် သစ္စာမဏ္ဍိုင် စာအုပ်ဆိုင်ရှင် ကိုညွန့်ဝေနှင့် စကားစပ်မိရာမှ ကိုညွန့်ဝေကလည်း မြန်မာစာဖတ် ပရိသတ် အတွက် မြန်မာပြန်ဆိုရန် တိုက်တွန်းပြန်သောကြောင့် လွန်ခဲ့သော ရှစ်လခန့်ကစ၍ ဤစာအုပ်ကို စတင်ဘာသာပြန်ဆို ခဲ့ပါသည်။

## ခက်ခဲများစွာ ဇင်းမယ်မှာ

ဇင်းမယ်ပဏ္ဏာသတွင် ဝဂ်ငါးဝဂ်၊ တဝဂ်လျှင် ဇာတ်တော် ဆယ်ဇာတ် ရှိ၍ စုစုပေါင်း ဇာတ်တော် ငါးဆယ် ရှိရာ အချို့ဇာတ် များတွင် ဂါထာ အတော်များများ ပါဝင်ပါသည်။ ဤကျမ်းကို မြန်မာပြန်ရာ၌ မှီငြမ်းပြု အားထားစရာ ဟူ၍ ကျမ်းစာ တစုံတရာမျှ မရှိရုံ သာမက လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်က၊ ရိုက်နှိပ်ထားသော စာအုပ်ဖြစ်သဖြင့် ပါဠိပါဌ်သားများ မမှန်ကန်ခြင်း၊ ရှေ့နောက် ပြန်နေခြင်း၊ လိင်ဝုစ်များ မှားယွင်းနေခြင်း၊ အဓိပ္ပါယ် ယူ၍ မရလောက်အောင် ချို့ယွင်း နေခြင်းတို့ကို တွေ့ရပါသည်။ ထို့အပြင် အချို့ သက္ကဋ စာလုံးများကို သက္ကဋ အသံထွက် အတိုင်း ယူထားသော ပါဠိများကိုပါ တွေ့ရရုံသာမက၊ ဟိတောပဒေသ၊ စာဏကျ စသော သက္ကဋ ကျမ်းလာ ဂါထာ အချို့ပင် ပါနေပြန်သောကြောင့် သက်ဆိုင်ရာ သက္ကဋ စာအုပ် များကို ရှာဖွေ ကြည့်ရှု၍ တတ်နိုင်သမျှ အမှန်ကန်ဆုံး ဖြစ်အောင် ကြိုးစားပြန်ဆို

တားပါသည်။ ဘာဂဗက်ဟိန္ဒူ အင်္ဂလိပ် အဘိဓာန် ဗုဒ္ဓဒတ္တ၏ ပါဠိ အင်္ဂလိပ် အဘိဓာန်နှင့် တိပိဋကပါဠိ အဘိဓာန်တို့ကို အထူး အားထားလျက် မိမိ၏ ကျေးဇူးရှင် ဆရာသမား၏ ခြေမှ ကပ်သော မြူမှုန်ဖြင့် ပြွမ်းသည့် ဦးခေါင်းဖြင့် သာလျှင် ဤကျမ်းကို တတ်အားသမျှ ရေးသားရခြင်း ဖြစ်ပါသည်။ သို့ပါ၍ ဉာဏ်မမှီ သဖြင့် ချွတ်ချော် မှားယွင်းမှု၊ သတိလွတ်ကင်း၍ မှားယွင်း ချွတ်ချော်မှု တို့ကို တွေ့ရှိခဲ့ ပါလျှင် ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

## သိမှတ်ဘွယ်ရာ အဖြာဖြာ

ဤ ဇင်းမယ်ပဏ္ဏာသ၌ ပါဝင်သော လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး ပွါးတိုးဘွယ်ရာ အချက်အလက်ကို ကောက်နုတ်ဖေါ်ပြရသော်-

၁။ သုံးကျိပ် သုံးပါးသော ရဟန်းသံဃာတို့၏ အသက်ဘေးမှ လွတ်မြောက်ရန် အတွက် ကိုယ် အလေးချိန်နှင့် အမျှ ရွှေများ ပေး၍ လဲလှယ်ဝယ်ယူ လှူဒါန်းခြင်း။ (တုလက ပဏ္ဍိတဇာတ်)

၂။ သီလစောင့်ထိန်း၍ အလှူကောင်းမှုစသော ကုသိုလ်တို့ကို ပြုလုပ်သူတို့အား အရေးကြုံလျှင် နတ်သိကြားများက လာရောက် ကယ်မခြင်း (အရိန္ဒမဇာတ်)

၃။ မင်းမှဲ့တက္ကသိုလ်ပြည်မှ မင်းလောင်းရှာရန် မင်္ဂလာရဟား (ဖုတ်သွင်းရထား) လွှတ်ခြင်း (သုမ္ဘမိတ္တရာဇဇာတ်)

၄။ ကေလာသတောင်၊ သုဒဿနတောင်တို့၌ ဝိဇ္ဇာဓိုရ်များ ရှိခဲ့ခြင်းနှင့် ကေလာသတောင်ထိပ် သုဝဏ္ဏမြို့၌ ကိန္နရာ ကိန္နရီတို့ နေကြခြင်းတို့ကို ပြဆိုသားသဖြင့် ဝိဇ္ဇာဓိုရ်တို့အကြောင်း ကိန္နရာ ကိန္နရီတို့ အကြောင်းကို လေ့လာနိုင်ခြင်း (သမုဒ္ဒဃောသဇာတ်)

၅။ ချမ်းသာကြွယ်ဝသူတို့တွင် ခိုင်းစေရန် ကျွန်များရှိသည်ကို တွေ့ရသဖြင့် ရှေးခေတ်က ကျွန်စံနစ်များ ရှိခဲ့ပုံကို လေ့လာနိုင်ခြင်း။

၆။ ရှင်သာရိပုတ္တရာအား ဆွမ်းလှူသဖြင့် လယ်ထွန်ထားသော ထွန်ခဲမြေကြီးများမှ ရွှေတုံးရွှေခဲများ ဖြစ်သွားသော ပုဏ္ဏသူဌေးကဲ့သို့ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသဖြင့် မူလနေအိမ်သည် ရွှေအိမ် ဖြစ်သွားခြင်း (သိရိဓရဇာတ်)

၇။ ခေတ်ပုံရိုက် ကရိယာများ မပေါ်ခင်ခေတ်က ရွှေပြား၌ ပုံတူရေး၍ပေးခြင်း။

၈။ ခရီးသွားနေသော သားတော်၏ အခြေအနေကို နှတ်များအား ပူဇော်ပသ၍ မေးမြန်းခြင်း (သခ်ပတ္တဇာတ်)

၉။ ကိန္နရာကိန္နရီများ အကြောင်းနှင့်နဂါးပါသ်ကျော့ကွင်းဖြင့် မနော်ဟာရီ ကိန္နရီမကို ဖမ်းယူခြင်း (သုဓနုဇာတ်)

၁၀။ ကထိန်အလှူ လှူသဖြင့် အကျိုးရရှိပုံ (နရဇီဝဇာတ်)

၁၁။ တရားနာသဖြင့် ရရှိသောအကျိုး (သုရူပရာဇဇာတ်)

၁၂။ မိဘကျေးဇူး၊ ကျေးဇူးမဲ့သော မုဆိုး (သိရိဝိပုလကိတ္တိဇာတ်)

၁၃။ ကောင်းကင်ပျံနိုင်သော မဏိကက် မြင်းပျံအကြောင်း လေးအတတ်ကို အံ့မခန်း ပြသောကြောင့် စိရပဘာမင်းသမီးကို ရရှိခြင်း (သတ္တဓနုဇာတ်)

၁၄။ ဘုရားဆင်းတုတော်မှ တန်ခိုးပြခြင်း သားနှင့် မယားကိုရောင်း၍ ရသမျှရွှေဖြင့် ရွှေသင်္ကန်းကပ်ခြင်း.... စသော လောကီ လောကုတ္တရာယဉ်ကျေးမှု သမိုင်းဆိုင်ရာ မှတ်သားစရာ အချက်အလက်များစွာ ပါရှိသည်။

ယင်းသို့လျှင် အလွန်တရာ မှတ်သားဘွယ်ရာတို့ ပါရှိပြီး တကြိမ်တခါမျှ၊ လုံးစေ့ပါဌ်စေ့ မြန်မာပြန်ဆို ထားခြင်း မရှိခဲ့ဘူးသေးသည့် ကျမ်းစာကို မြန်မာဘာသာ ပြန်ဆိုပြီးနောက် ပြီးသမျှကို ကိုညွန့်ဝေအား ဖတ်ရှု ပြင်ဆင်စေလျက် ဗုဒ္ဓဘာသာ ရဟန်းရှင်လူများနှင့် သုတေသီပုဂ္ဂိုလ်များအတွက် တင်ဆက်လိုက်ရခြင်း ဖြစ်ပါသတည်း။

(ဤနိဒါန်းကို ကျွန်ုပ်၏ ကျေးဇူးရှင် ဆရာကြီး ဦးဆန်းထွန်း၊ (မန်းတက္ကသိုလ်)၏ စာပေဘဏ်စာအုပ်မှ ပဂံ အင်းဝ ပဏ္ဏာသ-စာတမ်းကို မှီငြမ်းပြု ရေးသားပါကြောင်း ဖေါ်ပြအပ်ပါသည်။)

(မေ့ာစရိယ) ဦးစိုးမြင့်
အမှတ် ၇၄၇၊ လမ်း ၂၀၊ ၄-ရပ်ကွက်
တောင်ဥက္ကလာပ၊

# ခေတ်မှီဇာတ်မယ်ပဏ္ဏာသ ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။အာဒိတ္တဝဂ်

## ၁-အာဒိတ္တရာဇဇာတ်

[အလှူဒါနမည်သည်ကို ကာလသုံးပါးတို၌ စိတ်ကိုကြည်
လင်စေလျက်အလှူကို ပေးလှူလျှင် မြတ်သော လူနတ်ချမ်း
သာစသော အကျိုးကို ရစေနိုင်ပုံကို ပြသော ဝတ္ထု]

မြတ်စွာဘုရားသည် ယဒါ ဘောဇ္ဇော သုပိနော မေ အစချီသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိမိ၏ ရှေးကပြုခဲ့ဘူးသော ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ၁ျှဦးအံ့ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ နေကုန်လျက် အချင်းချင်း=

"ငါ့ရှင်တို့ မြတ်စွာဘုရားသည် နတ်လူတို့အား လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာကို ပေးခဲ့သည်မှာ အံ့စရာပင်ဖြစ်၏။ ထိုမြတ်စွာဘုရားသည် ရှေးအခါကာလကလည်း ဘုရားလောင်း ဖြစ်စဉ်က သူတပါးတို့အား အလှူပေးခြင်းဖြင့် မရောင့်ရဲ အလှူပေးခြင်း၌ မွေ့လျော် ခဲ့၏။ ထိုအလှူပေးခြင်း၏ အစွမ်းဖြင့်ပင် ငါတို့မြတ်စွာဘုရားသည် ယခုဘဝ ဘုရားဖြစ်တော်မူ၍ သဗ္ဗညုတဉာဏ်သို့ ရောက်သောအခါ၌လည်း နတ်လူတို့အား အရိယမဂ်ဖိုလ်တရားကို ပေးတော်မူသည်သာတည်း"ဟု စကားကို ပြောဆို

နေကြကုန်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋီ ကျောင်းတော်၌ နေ၍တော် မူလျက် မိမိ၏ ဒိဗ္ဗသောတ ဉာဏ်တော်ဖြင့် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ ဂန္ဓကုဋီကျောင်းတော်မှ ထွက်ခွါခဲ့ပြီး ထိုတရားသဘင်သို့ ကြွလာတော်မူ၍ ခင်းထားအပ်သော မြတ်သော ဘုရား၏နေရာ၌ နေတော် မူလျက်—

"ရဟန်းတို့ ယခုငါဘုရားကြွလာတော်မူသောအခါ သင်ချစ်သား တို့ သည် အဘယ်စကားဖြင့် စည်းဝေးတိုင်ပင် ပြောဆိုနေကြပါသနည်း" ဟု မေးတော်မူ၍—

ဤမည်သော စကားဖြင့် စည်းဝေး နေကြပါသည် ဟု လျှောက်ထား ကုန်သတ်သော်—

ရဟန်းတို့ အံ့ဘွယ်မဟုတ် ငါဘုရားသည် ယခုမှသာ နံတ်လူတို့အား လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာကို ပေးသည်မဟုတ်၊ ရှေးအခါ ကလည်း ငါဘုရားသည် ဘုရားလောင်း ဖြစ်စဉ်အခါက သူတပါးတို့အား အလှူပေးခြင်း၌ မရောင့်ရဲ မတင်းတိမ် ဖြစ်ခဲ့၏။ ထိုသို့ ဖြစ်ခြင်းသည်သာ အံ့သြဘွယ် ဖြစ်ချေ၏ ဟု ဆို၍ ဆိတ်ဆိတ် နေတော်မူသဖြင့် ရဟန်းတို့ တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ ရှေးလွန်လေပြီးသော အခါ ဇောတိမည်သော မြို့၌ အာဒိတ္တ မင်းသည် မင်းပြု၏၊ ထိုမင်း၏ မိဖုရားကြီးသည် တသောင်း ခြောက်ထောင် သော မိန်းမတို့၏ အကြီးအကဲ သမ်မိဖုရား ဖြစ်၏၊ ထိုမင်းသည် သဒ္ဓါ တရားနှင့် ပြည့်စုံ၍ အလှူပေးခြင်း၌ မွေ့လျော်သဖြင့် မြို့တံခါးလေးဘက် တို့၌၎င်း, မြို့အလယ်၌၎င်း, နန်းတော် တံခါးဝ၌၎င်း ဤ၌ရာန ခြောက် ခု၌ အလှူပေးရာ စရပ်ခြောက်ခု တို့ကို ဆောက်လုပ်စေလျက် နေ့စဉ် နေ့ တိုင်း ခြောက်သိန်းသော ဒ္ဒသပြာတို့ကို စွန့်လွှတ်၍ အလှူစရပ် တို့သို့ ရောက်လာသမျှ လူအပေါင်းတို့အား အလှူကြီးကို ပေးလှူ၏၊ အခါအခွင့်

သင့်သော အခါ၌ကား ထိုမင်းသည် "မိုးကြီးသည်းစွာ ရွာသွန်း သကဲ့သို့ လှူအပေါင်းအား အလှူမိုးကို ရွာဖြိုး လှူဒါန်းလေ၏"။

ထိုအခါ တနေ့သ၌ ထိုမင်းသည် ညဉ့်အခါ အိပ်ပျော်နေစဉ် နံနက် မိုးသောက်ထ အခါ၌ အိပ်မက် မြင်မက်၏၊ အရွယ်ရင့်ယို အိုသောပုဏ္ဏား တယောက်သည် အာနံချိနံ့စွာ မင်း၏အထံ လာလျက် မင်းကြီးအား ထမင်း ဘောဇဉ်ကို တောင်း၏ဟု အိပ်မက် မြင်မက်၏၊ ထို အိပ်မက်ကို မြင်မက်ပြီး နောက် မင်းကြီးသည် အိပ်ရာမှ နိုး၍ မိမိမြင်မက်သော အိပ်မက်ကို စဉ်းစားဆင်ခြင် ကြံစည်၍နေလျက် မိုးလင်းသော အခါ မင်းကြီး သည် မိမိ၏ အမတ်တို့ကို ခေါ်စေ၍ အမတ်တို့နှင့် အတူ တိုင်ပင်လို သဖြင့် ရှေးဦးစွာသော ဤဂါထာကို ဆိုလေ၏။

၁။ အို အမတ်တို့ အကြင် အခါ၌ ငါသည် အရွယ်ယိုယွင်း အိုမင်း သော ပုဏ္ဏားတယောက်ကို အိပ်မက် မြင်မက်၏၊ ထိုအခါ ဤညဉ့် ပတ်လုံး နေသော ငါသည် နိုး၍ ထလာခဲ့ပါသည်ဟု ဂါထာကို ဆိုလေ၏။

ဤသို့ ဆိုပြီး၍ အမတ်တို့နှင့် တိုင်ပင်၍ မိမိမြင်မက်သော အိပ်မက်ကို စဉ်းစား ဆင်ခြင်လျက် အာဒိတ္တမင်းသည် ကြံစည်၏၊ ယနေ့ပင် စောစော စီးစီး တစုံတယောက်သော အလှူခံသည် ငါ့ထံလာ၍ ငါ့အား အပ၌ ရှိသော အလှူဒါနကို တောင်းဆိုလျှင်ငြင်း၊ တစုံတယောက်သည် ငါ့အား အတွင်း အလှူကို အလှူခံလျှင်ငြင်း ငါသည် ထိုအလှူကို ပေးလှူအံ့၊ တစုံ တယောက်သည် ငါ့အား ဦးခေါင်းကို တောင်းဆို အလှူခံလျှင် ငါသည် ထို အလှူခံအား ဦးခေါင်းကို ဖြတ်၍ ပေးအံ့၊ နှလုံးကို တောင်းလျှင် ရင်ကိုခွဲ၍ နှလုံးကို ထုတ်ပေးအံ့၊ အသားအသွေးကို တောင်းလျှင် အသား အသွေးကို ပေးအံ့၊ ကိုယ် တဝက်ကိုငြင်း၊ တကိုယ်လုံးကိုငြင်း တောင်းလာ လျှင် ထိုသူအား ပေးလှူအံ့၊ အကယ်၍ တစုံတယောက်သည် ကျွန်ဖြစ် လော့ဟု ဆိုကာ အလှူခံ လာလျှင်၊ ငါသည် ထိုသူအား သက်သာရာ ရစေ၍ ငါ၏ကိုယ်ကို ကျွန်အဖြစ် ပေးလှူအံ့၊ အကယ်၍ တစုံတယောက်

သည် မင်းစည်းစိမ်ကို တောင်းဆို အလှူခံလျှင် ထိုသူအား မင်းစည်းစိမ်ကို ပေးလှူအံ့ ဟု စဉ်းစား၍ နေလေ၏၊ ဤသို့ စဉ်းစားကြံစည်၍ အာဒိတ္တမင်းသည် အမတ်အပေါင်း ခြံရံလျက် တရားဆုံးဖြတ်ရာ ရတနာ့ပလ္လင် ထက်၌ နေတော်မူကာ ကိုယ်တွင်း အလှူကို လှူလိုလျက် ရှိနေ၏၊ ထိုအခါ ထိုအမတ် တို့သည် မင်းကြီး မြင်မက်သော အိပ်မက်ကို သိလိုသည် ဖြစ်၍ မင်းကြီးကို မေးလိုရကား နှစ်ခုမြောက် ဂါထာကို ဆိုကုန်၏။

၂။ မင်းမြတ် သင် မြင်မက်သော အိပ်မက်ကား အဘယ်ပါနည်း၊ အိပ်မက်ကို ပြောကြားပါလော့။ မင်းမြတ်၊ ဤညဥ့်တွင် သင် မြင်မက်သော အိပ်မက်ကို ပြောကြားပါလော့။

ထိုစကားကို ကြား၍ အာဒိတ္တမင်းသည် မိမိမြင်မက်သော အိပ်မက်ကို မြင်မက်သည့် အတိုင်း ပြောကြားလို၍ ဤဂါထာ ၂ပုဒ်ကို ဆိုလေ၏။

၃-၄။ ငါ၏ အထံမှ ထမင်း ဘောဇဉ်ကို တောင်းရန်လာသော အိုမင်းသော ပုဏ္ဏားတယောက်ကို ငါအိပ်မက် မြင်မက်၏၊ ထိုပုဏ္ဏားသည် အခြားပစ္စည်းကို မတောင်း ငါ၏ အင်္ဂါကြီးငယ် ကိုရင်း၊ အသက်ကိုရင်း မတောင်း၊ အို အမတ်တို့၊ ဤသို့ ငါအိပ်မက် မြင်မက်သည်ကို သိကြပါလော့ ဟု ဆို၏။

ဤသို့လျှင် မိမိ၏ အမတ်တို့နှင့် တိုင်ပင်၍ မင်းကြီးသည် အဇ္ဈတ္တိက အလှူ (ကိုယ်တွင်းအလှူ) ကို ပေးလှူလို၍ အကြိမ်ကြိမ် ကြံစည် စဉ်းစား၏။ တစုံတယောက်သော အလှူခံသည် ငါ့ထံလာ၍ အပြင်အပ ဗာဟိရ အလှူကို မတောင်းဘဲ အတွင်း အဇ္ဈတ္တိက အလှူကိုသာ တောင်းဆို အလှူခံပါစေဟု ကြံစည် ဆုတောင်းလျက် မင်းကြီးသည် ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်၍ အဇ္ဈတ္တိက အလှူကိုသာ ပေးလှူလို၍ ဆုတောင်းခြင်းကို ပြုလျက် ဤဂါထာကို ဆို၏။

၅။ ထိုငါသည် အဇ္ဈတ္တိက အလှူကို ဝမ်းမြောက်စွာ ပေးလှူအံ့၊ ငါ၏ သဗ္ဗညုတဉာဏ် အတွက် အလှူခံသည် လျင်စွာလာ၍ ငါ၏ အင်္ဂါကြီးငယ်နှင့် အသက် ဟူသော အတွင်း ပစ္စည်းဥစ္စာကို ခံယူလော့။

ဤသို့ ဆုတောင်း၍ အာဒိတ္တမင်းသည် မိမိ၏ ပြာသာဒ်ထက်သို့ တက်လေ၏၊ ထိုအခါ တနေ့သ၌ ထိုမင်းသည် မိုးသောက်သော အခါ၌ ထ၍ တင်ပလ္လင်ခွေ ထိုင်လျက် အလှူစရပ် ခြောက်ခုတို့၌ မိမိ၏ အလှူတို့ကို ကြံစည်လေ၏၊ ထိုသို့ ကြံစည်စဉ် အမြဲမပြတ် နှစ်သက်ခြင်း ပီတိဖြစ်လေ၏၊ ထိုခဏ၌ ထိုမင်းသည် ဤသို့ ကြံစည်လေ၏၊ အကယ်၍ အလှူခံ တယောက်ယောက်သည် ငါ့ထံ လာ၍ အပြင်အပ ဗာဟိရ အလှူကို အလှူ မခံဘဲ အတွင်း အဇ္ဈတ္တ အလှူတခုခု မျက်စိ, အသဲနှလုံး, အသားအသွေး, ကိုယ်တဝက်, တကိုယ်လုံးကို ဖြစ်စေ တောင်းခံလာလျှင် တောင်းတိုင်း တောင်းတိုင်းကို ငါသည် သဗ္ဗညုတဉာဏ် အတွက် ပေးလှူမည်သာတည်းဟု ကြံစည်၍ နေလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၆-၇-၈-၀။ အာဒိတ္တ မည်သော မင်းသည် တရားသဖြင့် မင်းပြုလျက် မိမိ ပြာသာဒ်ထက်၌ နေလျက် အလှူပေးရန် ကြံစည်ပြီး တစုံတယောက်သည် အတွင်းဥစ္စာ ဖြစ်သော မျက်စိ, နှလုံးသား, အသားအသွေး, ကိုယ်တဝက်ကို ငါ့ထံလာ၍ တောင်းခံလျှင်ငြား တစုံတယောက်သော အလှူခံသည် ငါ၏ တကိုယ်လုံးကို တောင်းခံ လာလျှင်ငြား ငါသည် အလှူခံအား နှမ်သိမ့်စေ၍ ငါ၏ ကိုယ်ကို ကျွန်ပြု၍ ထို အလှူခံအား ပေးလှူအံ့ ဟု မိန့်တော် မူ၏။

ဤသို့လျှင် အလှူသဘောတရားကို ကြံစည်သောမင်းကြီး၏ အစွမ်းအာနုဘော်ကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် မုန်ယိုသော ဆင်ကဲ့သို့ မြည်ဟီးလျက် တုန်လှုပ်၏။ သမုဒ္ဒရာသည်လည်း ချောက်ချား၏၊ မြင်းမိုရ်တောင်မင်းသည် ပေါင်းတင် မီးမြိုက်သော ကြိမ်ညွန့်ကဲ့သို့ ညွှတ်ကိုင်း၍ ဇောတိမြို့သို့ ရှေးရှုတည်၏။ မြေကြီး၏အသံဖြင့် မိုးထစ်ချုန်းလျက် တခဏချင်း မိုးရွာ၏၊ အခါမဟုတ် လျှပ်စီးများလက်ကြကုန်၏၊ သိကြားမင်းသည် လက်ခမောင်း ခတ်၏။ မဟာပြဟ္မာကြီးသည် ကောင်းချီးပေး၏၊ နတ်အားလုံးတို့ ကောင်းချီးပေးကြ၏၊ လူ့ပြည်လောကမှပြဟ္မာပြည် တိုင်အောင် အုတ်အုတ် ကျက်ကျက် တခဲနက်သော ကောလာဟလသည် ဖြစ်၏။

## အာဒိတ္တမင်းစေတနာ သိကြားမနေသာ

ထိုခဏ၌ သိကြားမင်း၏ နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ထိုအကြောင်းကို ဆင်ခြင်လျက် ဤဂါထာကို ဆို၏။

၉။ အလှူဒါနဟူသော ကုသိုလ်ကောင်းမှု၊ မြတ်သောအကျင့်ကို ကျင့်ခြင်းဟူသော ကုသိုလ်ကောင်းမှုကို ကောင်းစွာ ပြည့်စုံစေ ဖြည့်ဆည်းပူးသူကား အသူနည်း၊ လူလော၊ နတ်လော၊ ထိုသူသည် ကျွန်ုပ်ကိုနေရာ ဘုံဗိမာန်မှ ရွေ့လျော့စေဘိ၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ ဥဒါန်းကျူးရင့်လိုရကား ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၁၀-၁၁။ သတ္တလောကကြီးသည် ကိုးကွယ်ရာနှင့်တကွ ဖြစ်၏။ အခက်အလက်တို့နှင့်ယှဉ်၏၊ ငရဲသည်ကား ဆိတ်သုဉ်းနေ၏၊ နတ်ပြည်လောကသည် (နတ်သားတို့နှင့်)ပြည့်၏။ ဘုရားလောင်း အာဒိတ္တမင်းသည် အလှူပေးခြင်းနှင့် မွေ့လျော်၏၊ ပါရမီအားလုံးကို ဖြည့်ကျင့်သဖြင့် နောင်အခါ၌ ဘုရားဖြစ်လတ္တံ့။

ထိုအခါ သိကြားမင်းသည် ယခုပင်ငါသည် အာဒိတ္တမင်း၏ မပြည့်သေးသော ပါရမီကို ပြည့်စေအံ့ဟု ကြံလျက် နတ်ပြည်မှဆင်းသက်၍ မိမိကိုယ်ကို ပုဏ္ဏားအိုအသွင် ဖန်ဆင်းပြီး ပုဏ္ဏားအိုအသွင်ဆံဖြူ၍ တုန်ရီသော ကိုယ်ခန္ဓာဖြင့် တောင်ဝှေး လက်စွဲလျက် ဇင်းယင်ပြင်သို့ ဝင်လေ၏။ ထိုအခါ ထိုပုဏ္ဏားအိုကို မြင်၍ လူအပေါင်းတို့သည် အလွန်ချောက်ချားကြကုန်လျက် "အို...လူအပေါင်းတို့ ဤပုဏ္ဏားအိုသည် ဤအရပ်သို့လာဘူးသည်ကို ငါတို့မမြင်စဘူးကုန်၊ အဘယ်အကြောင်းကြောင့် ဤပုဏ္ဏားအိုသည် ဤအရပ်သို့ လာပါသနည်း"ဟု ဆိုကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် မိမိနေရာပြာသာဒ်ထက်မှ သက်ဆင်းလျက် နန်းတော်တံခါးအနီး မိမိ၏အလှူပေးရာ ဇရပ်၌ နေလေ၏။ ထိုပုဏ္ဏားအိုသည် ဘုရား

လောင်း၏ အထံသို့လာ၍ မိမိလက်ကို ဆန့်လျက် "အရှင်မင်းကြီး အရှင်မင်းကြီးသည် အောင်မြင်ပါစေသတည်း"ဟု ဆို၏။ ပုဏ္ဏားအို၏စကားကို ကြား၍ ဘုရားလောင်းသည် တောင်ဝှေး လက်စွဲလျက် အိုမင်းနေသော ပုဏ္ဏားကိုကြည့်၍"ကြာရှည်မဆိုင်းငံ့ဘဲ ဤပုဏ္ဏားအိုလာခြင်းအကြောင်းကို ယခုပင် မေးအံ့"ဟု ကြံစည်လေ၏။ ဤသို့ကြံစည်ပြီးနောက် ဘုရားလောင်းသည် သနားခြင်းကရုဏာ တိုက်တွန်း နှိုးဆော်သော စိတ်နှလုံးရှိသည် ဖြစ်၍ ထိုပုဏ္ဏားအား လာခြင်းအကြောင်းကို မေးလိုရကား ဤဂါထာကိုဆိုလေ၏။

၁၂။ အို.... ပုဏ္ဏား အဘယ်ကို အလိုရှိပါသနည်း၊ အဘယ့်ကြောင့် ဤအရပ်သို့ လာပါသနည်း၊ ကျွန်ုပ်၏ နိုင်ငံသို့လာသေ‌ာသင့်အား ကျွန်ုပ်မေးပါ၏၊ လာရင်း အကြောင်းကို ပြောကြားပါလော့။

ထိုစကားကိုကြား၍ ပုဏ္ဏားအိုသည် လကျာ်လက်ကို မြှောက်လျက် မင်းကြီး ကျွန်ုပ်သည် အိုမင်းမစွမ်း အားအင်ကုန်ခန်းပြီး ရောဂါဖိစီး၍ နေပါသည်၊ အားထား မှီခိုကိုးကွယ်စရာ မရှိပါ၊ ဤနေရာ၌ သင့်ထံမှ ထမင်းနှင့် အစားအစာကို တောင်းခံရန် လာပါသည်၊ ယခု ကျွန်ုပ်အား သနားသဖြင့် ထမင်းနှင့် အစားအစာကို ပေးပါလော့ဟု ဆို၍ ဤဂါထာကို ဆို၏။

၁၃။ မင်းမြတ် ကျွန်ုပ်အား ထမင်းဘောဇဉ်ကို သင်သည် သဒ္ဓါတရားဖြင့် ပေးလှူပါ၊ ကျွန်ုပ်သည် သင့်ထံမှ ထမင်းတောင်းရန် လာပါသည် ထမင်းတောင်းသော ကျွန်ုပ်အား ထမင်းပေးပါလော့။

ထိုစကားကိုကြား၍ အာဒိတ္တမင်းသည် နှစ်သက် ဝမ်းမြောက်သော စိတ်နှလုံးရှိသည်ဖြစ်၍ မနက်ဖြန်ပင် ဘုရားအဖြစ်သို့ ရောက်ကြတော့မည် ကဲ့သို့ မိမိကိုယ်ကိုထင်မှတ်လျက် "အိုပုဏ္ဏား ကောင်းပြီ သင့်အား ယခုပင် ထမင်းနှင့် အစားအစာကို ပေးအံ့ဟုဆို၍ ထိုပုဏ္ဏားအား ထမင်းနှင့် အစားအစာကို ပေးလိုရကား ဤဂါထာကိုဆို၏။

၁၄။ အို-ပုဏ္ဏား ကျွန်ုပ်ထံ ထမင်းတောင်းလာသော သင့်အား ထမင်းအစာကို ပေးအံ့၊ ကျွန်ုပ်သည် အလှူပေးခြင်း၌ မွေ့လျော်ပါ၏။

ဤသို့ဆိုလျက် အာဒိတ္တမင်းသည် "အကျွန်ုပ်၏ ယခု ထမင်းနှင့်အစားအစာ အလှူသည် နောင်အခါ သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေ" ဟု ဆို၍ ရွှေခွက်၌ ထမင်းအစာတို့ကို ပြည့်စေလျက် ဦးခေါင်းပေါ်တင်ကာ ပုဏ္ဏားအိုထံသွား၍ ခေါင်းမှချကာ ပုဏ္ဏားအား ပေးလှူ၏။ ထိုအခါ ပုဏ္ဏားသည် မင်း၏လက်မှ ထိုထမင်းအစာတို့ကို ယူ၍ မင်း၏ မျက်နှာရှေ့မှောက်မှာပင် ထိုထမင်းအစာတို့ကို စွန့်ပစ်၍ ထွက်ခွာသွားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် မိန့်တော်မူသည်မှာ—။

၁၅-၁၆။ ထိုအခါ အာဒိတ္တမင်းသည် စိတ်ကောင်း နှလုံးကောင်းဖြင့် ရှိသေစွာ ပုဏ္ဏားအား ထမင်းနှင့် အစားအစာကို ပေးလေ၏။ သဗ္ဗညုတဉာဏ်ဟူသောအကြောင်းကြောင့် မြတ်သော ထမင်းနှင့် အစားအစာကို သဒ္ဓါတရားဖြင့် မင်းကြီးသည် ပုဏ္ဏားအားပေးလှူ၏။ ထမင်း အစားအစာကို ပေးလှူပြီးနောက် ထမင်းနှင့် အစားအစာတို့ကို စိတ်ဆိုးလျက် စွန့်ပစ်သည်ကို မင်းကြီးမြင်၏။ ထို အခြင်းအရာကို မြင်သော မင်းကြီးသည် အမျက်ထွက်ခြင်း မရှိ၊ နှစ်သက်သော စိတ်နှလုံးရှိလျက် ဘုရားဖြစ်ရန်အတွက်ဟု စိတ်ထားမှန်မြတ်လျက်ရှိ၏။ ထို့ကြောင့် ပညာရှိသောသူသည် မြတ်သောချမ်းသာကို တောင့်တ၍ နှစ်သက် ဝမ်းမြောက်စွာ ကာလသုံးပါးတို့၌ စိတ်ကိုကြည်လင်စေလျက် အလှူကို ပေးလှူသည်ရှိသော် မြတ်သောလူနတ်ချမ်းသာတို့ကို ရလတ္တံ့။

## မိဖုရားသခံဒေဝီ သိကြားအလှူခံပြီ

ထိုခဏ၌ သိကြားမင်းသည် ပုဏ္ဏားအိုအသွင်ကို စွန့်လွှတ်ပယ်ဖျောက်၍ နုပျိုသော ပုဏ္ဏားလုလင်အသွင်ကို ဆောင်လျက် ရှုကြည့်ချင်စဖွယ် တင့်

တယ်စွာဖြင့် တဖန်ပြန်လာခဲ့ပြီး မင်းယင်ပြင်သို့ဝင်၍ အာဒိတ္တမင်းထံချဉ်း ကပ်၍ မင်းကြီးနှင့် စကားပြောလိုရကား ဤဂါထာကိုဆို၏။

၂၀။ မင်းကြီး အသို့နည်း ကောင်းမြတ်ချမ်းသာပါ၏လော၊ အသို့ နည်း မင်းကြီးအား ရောဂါကင်းကွာ ကျန်းမာပါ၏လော၊ ဇနပုဒ်တိုင်းသား စည်ကားဖွံ့ဖြိုးပါ၏လော၊ မိုးရေအယဉ် အစဉ် မပြတ်ရှိပါ၏လော။

ထိုစကားကိုကြား၍ အာဒိတ္တမင်းသည် ထိုပုဏ္ဏားနှင့် တိုင်ပင်ပြောဆို လိုရကား ဂါထာကိုဆို၏။

၂၁။ အို ပုဏ္ဏား၊ အကျွန်ုပ်အား ကောင်းမြတ်ချမ်းသာပါ၏၊ ရောဂါ ကင်းကွာ ကျန်းမာပါ၏၊ ဇနပုဒ်တိုင်းသား စည်ကားဖွံ့ဖြိုးပါ၏၊ မိုးရေအယဉ် အစဉ်မပြတ် ရွာသွန်းပါ၏၊ အို ပုဏ္ဏား သင်၏လာ ခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါ၏။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် "ဤပုဏ္ဏားသည် ဤ မင်း ယင်ပြင်သို့ အကြောင်းမဲ့တော့လာသည်မဟုတ်ရာ၊ ထို့ကြောင့် ငါသည် ပုဏ္ဏားဤအရပ်သို့ လာခြင်းအကြောင်းကို မေးအံ့ဟုကြံလျက် ဤဂါထာ ကို ဆို၏။

၂၂။ သင်သည် အဘယ် အကြောင်းကြောင့် ဤတိုင်းပြည်သို့ ဆိုက် ရောက်လာပါသနည်း၊ ကျွန်ုပ်အား ပြောကြားပါလော့။

ထိုစကားကိုကြား၍ နုပျိုသော ပုဏ္ဏားလုလင်သည် "မင်းကြီး ငါ သည် သင်မင်းကြီး၏ မယားသိမ်မိဖုရားကြီးကို မိမိမယားပြုရန်အတွက် တောင်းခံရန်လာပါသည်။ သင်မင်းကြီး၏မယားကို ကျွန်ုပ်အား ပေး လှူပါလော့ဟုဆို၍ ဤဂါထာကိုဆို၏။

၂၃။ မိုးရေတို့ဖြင့် ပြည့်သောမြစ်ရေသည် အခါခပ်သိမ်း မကုန်ခန်းနိုင် သကဲ့သို့ ထို့အတူ စေတနာမကုန်ခန်းနိုင်ဘော သင့်ထံမှတောင်းခံ ရန် ကျွန်ုပ်လာပါသည်။ သင့်မယားကို လျင်မြန်စွာ ပေးလှူ ပါလော။

တောသို့ဖြစ်သည့် ဦးဆောက်ပန်းသဖွယ် မြို့သို့ ရွေးရှုညွှတ်လာ၏၊ ထိုအချိန်၌ မဟာပထဝီမြေကြီးသည် တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ မြေကြီး၏အသံသည် ကြီးကျယ်လှ၏၊ ကြံညှစ် ယန္တယားသဖွယ်ဖြစ်၏။

ထိုအခါ ထိုပုဏ္ဏား လုလင်သည် သခ်ဒေဝီမိဖုရား၏ လက်ကို ကိုင် လျက် ဆံပင်အစု (တစု) ကဲ့သို့ ဆွဲငင်၍ မြေကြီး၌လဲကျစေ၏။ ထို အခါ ထိုမိဖုရားကြီးသည် ထိုနေရာ၌ပင်တည်လျက်သနားစဖွယ် ငိုကြွေး၏၊ မိဖုရားကြီး၏ ငိုကြွေးသံကို ကြားရ၍ ဘုရားလောင်းသည် ပုဏ္ဏား လုလင်အား မမျက်မထွက်ဘဲ မိဖုရားကိုသာ "မိဖုရားကြီးမစိုးရိမ်ပါလင့်၊ မငိုကြွေးပါလင့်၊ စင်စစ်သော်ကား ငါသည် ဤပုဏ္ဏားအား သင့်ကို လှူဒါန်းရသောဒါနကြောင့် သဗ္ဗညုတဉာဏ်ကို ဆုတောင်းပါ၏ ဟု ဆို၏။ ထိုစကားကိုကြား၍ မိဖုရားသည် ခြင်္သေ့ကဲ့သို့ ရဲရင့်သောအသံကို မြည် လျက် ဤဂါထာကိုဆို၏။

၃၆။ မင်းကြီး ကျွန်ုပ်သည် သင်၏ ကျွန်မပါ၊ သင် မင်းကြီးသည် ကျွန်ုပ်၏အရှင်သခင် အကျွန်ုပ်ကို အစိုးရသူပါ၊ ကျွန်ုပ်ကိုအကြင် သူအား ပေးလို၏၊ ထိုသူအားပေးပါ၊ ရောင်းလိုမူလည်း ရောင်း သတ်လိုမူလည်း သတ်ပါ။

ထိုအခါ ထိုမိဖုရားသည် ဝမ်းမြောက်ဝမ်းသာ စိတ်စေတနာကောင်း တားလျက် ပုဏ္ဏား၏အထံ၌ ရပ်တည်လေ၏။ ထိုအကြောင်းကို ပြလိုရ ကား မြတ်စွာဘုရားသည် မိန့်ဆိုတော်မူ၏။

၃၇။ ထိုအခါ သခ်ဒေဝီမိဖုရားသည် အခါခပ်သိမ်း အမျက်မထွက်ပါ မင်းသည်လည်း နောင်အခါ ဘုရားဖြစ်ရေးအတွက် အမျက် မထွက်ချေ။

ထိုအခါ သိကြားမင်းသည် ထိုမင်းမိဖုရားတို့၏ အလိုဆန္ဒကို သိသဖြင့် ထိုမင်းမိဖုရားတို့အား ချီးမွမ်းလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ် စွာဘုရားသည်—

၃၇-၄။ ထိုမိဖုရားတို့၏ စိတ်အကြံကိုသိ၍ သိကြားမင်းသည် ဤစကားကိုဆို၏။ နတ်လူ၌ဖြစ်သော အန္တရာယ်ဟူသမျှကို သင်သည်အောင်မြင်ပြီ၊ သင်သည် မဟာပထဝီမြေကြီးကို ပွဲတင်ထပ်စေခဲ့ပြီ၊ သင်၏အသံသည် နတ်ပြည်တိုင် ရောက်ခဲ့ပြီ၊ ပတ်ဝန်းကျင်မှ လျှပ်စစ်လျှပ်ပန်း တို့သည် ဖြစ်ပေါ်ကုန်ပြီ၊ တောင်ကြီး၏ အသံတို့ကို တဖန် ကြားကြရကုန်ပြီ၊ နာရဒတောင်၌နေသော နတ်တို့သည် မိမိ၏ဗိမာန်တံခါးတို့၌ ရပ်တည်ကြကုန်၍ ကောင်းသောစိတ်ထား ရှိကြကုန်လျက် ထိုမင်းအား အနုမောဒနာပြုကြကုန်၏။ သိကြားမင်း၊ ပြဟ္မာမင်း၊ ပဇာပတိနတ်မင်း၊ သောမနတ်မင်း၊ ယမနတ်မင်း၊ ဝေဿဝဏ် နတ်မင်းဟူသော အလုံးစုံသော နတ်တို့သည် အနုမောဒနာပြုကြကုန်၏။ မှန်၏၊ ထိုမင်းသည် ပြုနိုင်ခဲလှသော အမှုကို ပြုလုပ်ပေ၏။ မွန်မြတ်သော ထိုမယားအလှူကို မင်းကြီးသည် ပေးလှူခဲ့၏။ ငရဲသနင်း ယမမင်း၏ တိုင်းနိုင်ငံသို့ မသက်ရောက်ရဘဲ နတ်ပြည်၌သာ ကျက်ရ၏၊ ဖြစ်ရ၏ဟု မိန့်ဆိုတော်မူ၏

## မိဖုရားကို မင်းကြီးအား ပြန်ပေးခြင်း

သိကြားမင်း၏ စကားကိုကြား၍ ဘုရားလောင်းသည် ဝမ်းမြောက်ဝမ်းသာ မိမိ၏မြတ်သောအိပ်ရာထက်၌ နေလျက် "ငါသည် ကောင်းမြတ်သော အလှူဒါနကို ပေးလိုက်သည်မှာ ကောင်းပေစွ"ဟု မိမိ၏ အလှူဒါနကို ချီးမွမ်း၏။ ထိုခဏ၌ သိကြားမင်းသည် အာဒိတ္တမင်းကြီးကို "မင်းမြတ် ကျွန်ုပ်သည် ပုဏ္ဏားမဟုတ်၊ သိကြားမင်းဖြစ်၏၊ နတ်ပြည်လောက နှစ်ခုတို့၌ နတ်တို့ကိုအစိုးရသော သိကြားမင်းတည်း။ သင်မင်းကြီး၏ မိဖုရားကြီးကို အလှူခံခြင်းဖြင့် သင်၏ ဒါနပါရမီကို ဖြည့်ဆည်းရန် လာခြင်းဖြစ်သည်၊ ကျွန်ုပ်၏ အပြစ်ကို သည်းခံပါ"ဟု ဆို၏။ ဤသို့ဆိုပြီးလျှင် သိကြားမင်းသည် ဝမ်းမြောက်စကား ပြောကြားလိုရကား ဤဂါထာ နှစ်ခုကို ဆို၏။

၄၃-၄၄။ မင်းမြတ်၊ သင်သည် ကျွန်ုပ်အား ပေးလှူသော အလှူဒါနကို ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါ၏။ မိမိ

စိတ်ကိုကြည်လင်စွာ ထားပါ၊ ထို့ပြင်တပါး အခြားခြားသော အလှူကိုလည်း ပေးလှူပါ၊ ဒါနထက် မြင့်မြတ်သော အရာသည် မရှိ၊ သင်၏အလှူဒါနသည် ချမ်းသာသုခကို ဆောင်နိုင်၏၊ သင်၏ အလှူဒါနသည် တမလွန်ဘဝ၌ အခါခပ်သိမ်း သင်၏အားထား တည်ရာ ကိုးကွယ်ရာဖြစ်၏။

ဤသို့လျှင် သိကြားမင်းသည် မင်းကြီး၏အလှူ အနုမောဒနာကို ပြုပြီး နောက် "ငါသည် ဤမိဖုရားကြီးကို ငါ၏အထံ၌ ကြာရှည်စွာမထားဘဲ ဤမင်းကြီးအား ယခုပင်ပေးအံ့"ဟု ကြံ၍ မင်းကြီး၏သခ်ဒေဝီ မိဖုရားကို ပြန်ပေးလှူလိုရကား ဤဂါထာ ၃-ပုဒ်ကို ရွတ်ဆို၏။

၄၅-၄၆-၄၇။ မင်းမြတ် မင်းမျိုး၏သမီး သခ်ဒေဝီမိဖုရားကို သင့်အား ပေးပါ၏။ သင်သည် မိဖုရားကြီးနှင့် ထိုက်တန် လျောက် ပတ်သင့်မြတ်ပါ၏၊ မိဖုရားကြီး သည်လည်း အမူအရာအားဖြင့် သင်နှင့်သာ ထိုက်တန် လျောက်ပတ်ပါ၏။ နို့ရည်နှင့် ခရုသင်း သည် ဖြူဖွေးသော အရောင်အဆင်း အားဖြင့် တူညီကြသကဲ့သို့ ထိုနည်းတူစွာ သင်နှင့် မိဖုရားတို့ သည်လည်း အမြဲပင်တူမျှသော စိတ်နှလုံးရှိကြပါ၏၊ မင်းမြတ် မိကောင်းဖကောင်းတို့မှ ကောင်း စွာမွေးဖွား၍ မင်းမျိုးအဆက်အနွယ်နှင့် ပြည့်စုံကြသော သင်တို့ နှစ်ယောက်သည် အလိုရှိတိုင်း ချမ်းသာစွာ နေကြပါကုန်လော။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် သိကြားမင်းနှင့်အတူ ပြော ဆိုတိုင်ပင်လိုရကား ဤဂါထာတို့ကို ဆိုလေ၏။

၄၈-၅၁။ နတ်တို့ သနင်း သိကြားမင်း၊ ကျွန်ုပ်သည် သဒ္ဓါတရားဖြင့် သခ်ဒေဝီ မိဖုရားကို သင့်အား ပေးလှူပြီး၍ ထိုမိဖုရားကို ကျွန်ုပ် မယူပါ၊ မိဖုရားသည် သင့်ထံမှာပင် နေပါစေ၊ အို သိကြားမင်း ထိုသခ်ဒေဝီ မိဖုရားကို ယူဆောင်၍ ဤအရပ်မှ အလိုရှိရာ ဌာနသို့ မိဖုရားနှင့် အတူ ကြွသွားပါလော့၊ မိဖုရားသည် သင့်ထံမှာ နေ ပါစေ၊ အရပ်ဒေသ အမျိုးမျိုးသို့ သွားလျှင် ဤမိဖုရားကို ခေါ်

ဆောင်၍ မိဖုရားနှင့် အတူသာ ထိုထိုအရပ်ဒေသ တို့၌ အမြဲနေတော်မူပါ။ အို သိကြားမင်း ကျွန်ုပ်သည် ဥစ္စာစည်းစိမ် တည်းဟူသော အလှူဒါနကို ပေးလှူပြီး နောက် နောက်ထပ် တဖန် ပြန်မယူပါ၊ ထို ဥစ္စာစည်းစိမ်အတွက် အမြဲကြောင့်ကြ ပူပန်မှု မရှိပါ။

ထိုစကားကို ကြား၍ ထိုမင်းကြီးအားသာ မိဖုရားကို ပြန်ပေးလိုရကား ဤဂါထာကို ဆို၏။

၅၂။ မင်းကြီး ဤမိဖုရားကို သင့်အား ပေးပါ၏၊ ထိုမိဖုရားကို အမြန်ယူပါလော့၊ အကျွန်ုပ်ထံမှ ပေးသော မိဖုရားကြီးအား သင့်ထံမှာ နေပါစေ။

သိကြားမင်း၏ စကားကို ကြားရ၍ ဘုရားလောင်းသည် မိမိ၏ မိဖုရားကြီးကို တဖန် ခေါ်ဆောင်လျက် ဤဂါထာကို ဆို၏။

၅၃။ ယခုအခါ အကျွန်ုပ်အား သင် ပေးလှူသော မိဖုရားကို ကျွန်ုပ်သည် ယူပါ၏၊ သင့်ထံမှ ပေးသော မိဖုရားကြီအား ယူပါ၏၊ အို သိကြားမင်း သင်သည်လည်း ကောင်းစွာ နေတော်မူပါလော့။

ထိုစကားကို ကြား၍ သိကြားမင်းသည် နတ်၏ အဖြစ်ဖြင့် ထွန်းလင်းတောက်ပလျက် တဖန် တက်သစ်စ နေဝန်းကဲ့သို့ ကောင်းကင်၌ ရပ်တည်လျက် မိမိကိုယ်ကို မင်းကြီးအား ပြောကြားလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၅၄-၅၅။ သင့်ထံသို့ လာသော အကျွန်ုပ်သည် နတ်တို့ကို အစိုးရသော သိကြားမင်း ဖြစ်၏၊ သင့်အား လက်အုပ်ချီပါ၏၊ ကျွန်ုပ်သည် သင့်အား အမြဲ ရှိခိုးပါ၏၊ မင်းမြတ် ကောင်းလှပါ၏၊ သင်သည် အကြင် သဗ္ဗညုတဉာဏ်ကို တောင့်တ၏၊ ထို သဗ္ဗညုတဉာဏ်ကို နောင် အခါ၌ သင်ရပါလတံ့၊ သင်သည် လူသုံးပါး တို့၏ ကိုးကွယ်ရာ ဘုရားဖြစ်ပါလတံ့။

ဤသို့ ဆိုပြီးနောက် သိကြားမင်းသည် မင်းကျင့်တရား ဆယ်ပါးဖြင့် အာဒိတ္တမင်းကြီးကို ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏။

၅၆-၆၅။ မင်းကြီး။ ၁-အမိအဖ။ ၂ သားမယား။ ၃-အဆွေခင်ပွန်း မင်း အမတ်များ။ ၄-စစ်သည် ဗိုလ်ပါ ဆင်ယာဉ် မြင်းယာဉ်။ ၅-ရွာနိဂုံး။ ၆ တိုင်းပြည် ဇနပုဒ်။ ၇-ရဟန်းသံဃာ သီလရှိသူ များ။ ၈-အသက်ကြီးသူ ပုဏ္ဏား။ ၉ ခြသေ့ စသော သား သမင် နှင့် ငှက် အပေါင်း။ ၁၀-ဟသ်ာ စသော ကြေးငှက် အပေါင်း အားလုံး တို့၌ တရားကို ကျင့်ပါလော့၊ တရားကို ကျင့်သော ကြောင့် နတ်ပြည် သုဂတိသို့ ရောက်ပါလတ့်။

၆၆-၆၇။ မင်းမြတ် ဤသို့လျှင် တရားကို ကျင့်ပါလော့၊ ကောင်းစွာ ကျင့်အပ်သော တရားသည် ချမ်းသာ သုခကို ဆောင်နိုင် ပါ၏ ဤသည်ကား ကောင်းစွာ ကျင့်သော တရား၏ အကျိုးပါတည်း၊ တရားကျင့်သူသည် ဒုဂ္ဂတိ မကောင်းသော ဘဝသို့ မရောက်နိုင်ပါ။ သိကြားမင်း စသော အခြားသော နတ်တို့သည် တပါးသော နတ် ပြည်သို့ သွားကြရပါကုန်၏၊ မင်းကြီး ကောင်းစွာ ကျင့်အပ်သော တရား၌ သင်မင်းကြီးသည် မမေ့မလျော့ ပါလင့်၊ ဤအရပ်၌နေ၍ တရားကို ကျင့်သောကြောင့် နတ်ပြည်သို့ ရောက်ပါလတ့်။

ဤသို့ ဆိုလျက် သိကြားမင်းသည် ဘုရားလောင်းအား ဆုံးမဩဝါဒ ပေး၍ မိမိနေရာ ဘုံဗိမာန်သို့ ပြန်သွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၆၈။ သုဇာ နတ်သမီး၏ အရှင် သိကြားမင်းသည် ဤစကားကို ဆိုပြီး နောက် မင်းကြီး အား ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုပြီးလျှင် နတ်ဘုံဗိမာန်သို့ ထွက်ခွါ သွားလေပြီ။

ထိုအခါမှ စ၍ ဘုရားလောင်းသည် လူ အပေါင်းအား အလှူကြီးကို ပေးလှူလျက် သခ် မိဖုရားကြီးနှင့် အတူ တရားသဖြင့် မင်းပြုတော် မူ၏၊ ထိုအခါ ဘုရားလောင်းသည် လူ အပေါင်းအား အမျိုးမျိုးသော အလှူ ဝတ္ထုတို့ကို ပေးလှူပြီးလျှင် ထိုလူအပေါင်းအား ဆုံးမဩဝါဒ ပေးလိုရကား ဤဂါထာကို ဆို၏။

၆၉။ အို လူအပေါင်းတို့ ငါသည် ရှေးဦးစွာ အလှူကိုပေးခြင်းဖြင့် မိမိ ဆန္ဒပြည့်ဝခဲ့ပြီ၊ သင်တို့သည် မမေ့မလျော့ကြဘဲ မိမိတို့ တတ်စွမ်း သမျှအလှူဒါနကို ပေးကြကုန်လော့။

ထိုအခါမှစ၍ လူအပေါင်းတို့သည် ဘုရားလောင်း၏ အဆုံးအမကို လိုက်နာကြကုန်လျက် အလှူပေးခြင်းစသော ကောင်းမှုကုသိုလ်တို့ကို ပြုကြ ကုန်ပြီးလျှင် မိမိတို့အသက်အတိုင်း နေကြပြီးနောက် လူ့ပြည်မှ စုတေ သေလွန်သောအခါ နတ်ပြည်၌ဖြစ်ကြကုန်၏။ ဘုရားလောင်းသည်ကား မိမိ၏ သခင် မိဖုရားကြီးနှင့်အတူ မင်းစည်းစိမ်ကိုခံစားလျက် အလှူပေးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကိုပြုပြီးလျှင် အသက်အတိုင်းနေကြပြီးနောက် စုတေမနေ သေလွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူပြီးနောက် "ရဟန်းတို့ ဤယခုအခါ နတ်လူတို့အား စည်းစိမ်ချမ်းသာကိုပေးသည်မှာ အံ့စရာမဟုတ်သေး၊ ရှေးကလည်း ဘုရားလောင်းဘဝ၌ သူတပါးတို့အား အလှူပေးခြင်းဖြင့် မရောင့်ရဲ မတင်းတိမ်ခဲ့ဘဲ အလှူကို ပေးလှူခဲ့သည်သာ ဖြစ်၏ဟုမိန့်တော်မူလျက် ဇာတ်ကိုပေါင်းတော်မူလိုသဖြင့် ဤအဆုံးဂါထာ တို့ကို ရွတ်ဆိုမိန့်ကြားတော်မူလေ၏။

## ဇာတ်တော်ပေါင်းခန်း

၇၀ ၇၄။ ထိုအခါ သိကြားမင်းသည် ငါဘုရားသာသနာ၌ အခြားသူ မဟုတ် ယခုအခါ ဒိဗ္ဗစက္ခုအဘိညာဉ်(နတ်မျက်စိအမြင်)ရသည်ဟု ထင်ရှားသော ရှင်အနုရုဒ္ဓါ ဖြစ်လာ၏၊ အာဒိတ္တမင်းကြီး၏ ဘခင် သည် ယခုအခါ သုဒ္ဓေါဒနမင်းကြီးဖြစ်၍ အာဒိတ္တမင်း၏မယ်တော် သည် ယခုအခါ မဟာမာယာဖြစ်လာ၏၊ မင်းကြီး၏ စိတ်နှလုံး အလိုကိုပြည့်စေသော သခင်ဒေဝီမိဖုရားသည် ယခုအခါ ယသော်ဓရာ ဖြစ်လာ၏။အမတ်များ, တိုင်းသူပြည်သားများစသောလူအပေါင်း တို့သည် ယခုအခါ အမြဲသာသနအကျိုး သည်ပိုးဖြည့်စွမ်းကြသော

ငါဘုရား၏ ပရိသတ်တို့ ဖြစ်လာကြကုန်၏၊ တရားဦးတည်လျက် ကုသိုလ်ကောင်းမှုကို လိုလား ပြုလုပ်ခဲ့သော အာဒိတ္တမင်းကြီး သည်ကား ယခုအခါ လူသုံးပါးတို့၏ အားထားကိုးကွယ်ရာ ဖြစ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ငါဘုရား သခင်ပင်တည်းဟု- ဤဂါထာတို့ကို ရွတ်ဆို မိန့်ကြားတော်မူလေ သတည်း။ အလွန်ရှိသေသောစိတ်ဖြင့် ဇာတ်တော်ကို ဤသို့ဆောင် ကြကုန်လော့။

ရှေးဦးစွာသော အာဒိတ္တဇာတ် ပြီး၏။

---

# ၂-တုလကပဏ္ဍိတဇာတ်

[မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူစဉ် ကပင် နတ်လူတို့၏ အားထားကိုးကွယ်ရာ ဖြစ်ရုံသာမက အလောင်းတော်ဘဝ၌လည်း သာသနာတော်အတွက် မိမိ အသက်ကိုပင် ပဓာနမထားဘဲ လူတကာတို့ ပြုလုပ်နိုင်ခဲ သော အသက်စွန့်ခြင်း စသော ပရမတ္ထပါရမီတို့ကို ဖြည့် ကျင့်ခဲ့တော်မူပုံ ဟောကြားသော တုလကပဏ္ဍိတဝတ္ထု]

မြတ်စွာဘုရားသည် "ဧတေ စောရေ မဟာရာဇ" အစရှိသော တရား ဒေသနာကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏၊ ခပ်ဦးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင် အဆောက်အဦ၌ စည်းဝေးကြကုန်လျက်—

"ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပေစွ၊ ငါတို့ မြတ်စွာဘုရားသည် ယခုအခါ ဘုရားဖြစ်တော်မူစဉ်တွင်လည်း နတ်လူတို့၏ အားထားကိုးကွယ်ရာ ဖြစ်၏၊ ရှေးအခါကလည်း ဒါန စသော ပါရမီတရားတို့ကို ဖြည့်ကျင့် ဆည်းပူးခဲ့ သည်သာ ဖြစ်၏"ဟု အချင်းချင်းစကားကို ဖြစ်စေကြကုန်၏။

ဤသို့လျှင် ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြကုန်လျက် တရားစည်းဝေးရာ သဘင်ဇရပ်၌ နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီကျောင်းတော်၌ နေတော်မူလျက် မိမိ၏ ဒိဗ္ဗသောတ (နတ်တို့နားကဲ့သို့ ကြားသိနိုင်စွမ်းသောဉာဏ်) ဉာဏ်ဖြင့် ထိုရဟန်းတို့၏ စကားကိုကြားသဖြင့် ဂန္ဓကုဋီကျောင်းတော်မှ ထွက်ခဲ့ပါလာခဲ့ပြီးလျှင် ထိုတရားစည်းဝေးရာသဘင်ဇရပ်သို့ ကြွတော်မူလျက် ခင်းထားအပ်သော မြတ်စွာဘုရား၏ နေရာ၌ ထိုင်နေတော်မူ၍

"ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ သင်တို့သည် အဘယ်စကားကို ပြောဆို စည်းဝေးနေကြပါသနည်း" ဟု မေးတော်မူ၍ "ဤမည်သောစကားကို ပြောဆို စည်းဝေးနေကြပါသည်" ဟု လျှောက်ထားလေလျှင်—

"ရဟန်းတို့ အံ့ဩဘွယ်မဟုတ်ချေ၊ ယခုမှသာ ငါဘုရားသည် နတ်လူတို့၏ ကိုးကွယ်အားထားရာ ဖြစ်သည် မဟုတ်သေး၊ ရှေးအခါ ကာလကလည်းငါဘုရားသည် ဘုရားလောင်းဖြစ်စဉ် ကောဏာဂုံဘုရား၏ သာသနာတော်၌ ၃၂ ပါးသော ရဟန်းနှင့် သာမဏေတပါး၏ ကိုးကွယ် အားထားရာ ဖြစ်ခဲ့ပြီး ဥစ္စာပစ္စည်းကို စွန့်လွှတ်ခြင်း, အသက်ကို စွန့်လွှတ်ခြင်းကို ပြုလျက် ထိုကောဏာဂုံ မြတ်စွာဘုရား၏ သာသနာသော်ကို ပူဇော်ခြင်းကို ပြုရန်အတွက် အလွန်များပြားလှစွာသော ရွှေကိုပေးလှူခဲ့ပြီ၊ ထိုအဖြစ်သည်သာ အံ့ဩစရာဖြစ်ပါ၏" ဟု မိန့်တော်မူပြီ၊ ဆိတ်ဆိတ် နေတော်မူ၏၊ ရဟန်းတို့ တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ဗုဒ္ဓမြတ်စွာ အတိတ်ဇာတ်ကြောင်း ဟောကြားရာ

ရဟန်းတို့ လွန်လေပြီးသောအခါ ကောဏာဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါ ထိုဘုရားသခင်၏ အဆုံးအမသာသနာသည် လောက၌ တည်ရှိခဲ့၏။ ထိုအခါ စိန္တအမည်ရှိသော မြို့၌ စိန္တအမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်း၏ ပုဏ္ဏားတယောက်သည် မိစ္ဆာဒိဋ္ဌိ အယူရှိသော

ပုရောဟိတ်ပုဏ္ဏားဖြစ်၏ ထိုအခါ၌ ဘုရားလောင်းသည် ထိုစိန္ဒမြို့၌ သုဇာတ ပုဏ္ဏား၏ မယားဖြစ်သော သုဇာတာ ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုသုဇာတာ ပုဏ္ဏေးမသည် ဆယ်လပြည့်လတ်သော် လှပသော သားကို ဖွါးမြင်၏၊ ဘုရားလောင်းသည် အစဉ်သဖြင့် ကြီးပြင်းလာပြီး သိတတ်သော အရွယ်သို့ ရောက်သောအခါ မိမိအိမ်၌ ပြုလုပ်သမျှ အမှုကိစ္စ အဝဝတို့၌ မိမိ၏ ဉာဏ်ပညာဖြင့် ချင့်ချိန်နှိုင်းဆလျက် ထိုထိုလုပ်ငန်း ကိစ္စတို့ကို ပြုလုပ်တတ်၏ ထို့ကြောင့် ဘုရားလောင်း၏ မိဘ ၂-ပါးက "တုလက-ပဏ္ဍိတ" (နှိုင်းနှိုင်းချိန်ချိန် သုခမိန်) ဟူသောအမည်ကို မှည့်ကြကုန်၏။ တုလကပဏ္ဍိတသည် ၁၆ နှစ်ရွယ် ရောက်သော အခါ လှပမွန်မြတ်သော အဆင်းကို ဆောင်၏။ ထိုအခါ ဘုရားလောင်း၏ မိဘ ၂ ပါးတို့သည် မယားအလို့ငှါ သမ္ဘာရမည်သော ပုဏ္ဏေးမ တယောက်ကို ဆောင်ယူ ထိမ်းမြား ပေးစားကြကုန်၏။ သမ္ဘာရပုဏ္ဏေးမသည် ၂-နှစ် ၃-နှစ်လောက် တုလကပဏ္ဍိတနှင့် ပေါင်းသင်း ဆက်ဆံခြင်းကို အကြောင်းပြု၍ သား တယောက်ရလေ၏။ ဘုရားလောင်း၏ သားသည် သုဝစ အမည်ရှိ၏။

## မိတ္ထာပုဏ္ဏား ကုံးစကားဖြင့်

တရံရောအခါ ကောဏာဂုံမြတ်စွာဘုရား၏ တပည့် သုံးကျိပ် ၃ ယောက် သော ရဟန်းတို့သည် ဣရိယာပုထ် တင့်တယ်စွာ မြို့၏ အလယ်လမ်းဖြင့် ကြွသွားကြကုန်၏။ ထိုအခါ မင်း၏ ယုတ်မာအော မိတ္ထာအယူရှိသည့် ပုရောဟိတ်ပုဏ္ဏားတယောက်သည် ထိုရဟန်းတို့ကိုမြင်၍ "ဤရဟန်းတို့သည် ကြွလာကြသောအခါ ဤအရပ်သို့သာ လာကြကုန်၏။ ငါတို့မင်းကြီးသည် ထိုရဟန်းတို့ကို အမြဲမြင်ရလျှင် ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ထိုရဟန်း တို့အား ကြီးစွာပူဇော်ခြင်းကိုပြုလတ့်၊ ငါတို့အား လာဘ်ပူဇော်သကာသည် ဆုတ်ယုတ်လတ့်၊ ယခုအခါ ငါသည် မင်းကြီး၏ကြည်ညိုစိတ်ကိုဖျက်ဆီး၍ ထိုရဟန်းတို့ကိုသတ်စေရန်မင်းကြီးထံသွား၍ ဖျက်ဆီးအံ့"ဟုကြံစည်လေ၏။ ကြံစည်ပြီးနောက် ထိုပုဏ္ဏားသည် လျင်မြန်စွာ မင်းကြီးထံ ချဉ်းကပ်လျက် မင်းကြီး၏လက်ကို ဆွဲကိုင်ခေါ်ငင်ပြီး ပြာသာဒ်ထက်သို့တက်၍ "မင်းကြီး

သင်မင်းကြီးတို့သည် ယခုမှထိုခိုးသူတို့ကို မြင်ကြကုန်၏၊ စင်စစ် ဤခိုးသူတို့သည် ဤအရပ်သို့လာကြလျက် သင်မင်းကြီးတို့၏တမြို့လုံးကို လုယက်ဖျက်ဆီးလိုကုန်သောကြောင့် ထိုထို အရပ်ဌာနတို့သို့ သွားကြကုန်၏”ဟု ပြောဆိုလေ၏။ ဤသို့ဆိုလျက် ထိုပုဏ္ဏားသည် မင်းကြီးနှင့် တိုင်ပင်ပြောဆိုလိုရကား ရှေးဦးစွာသောဂါထာကိုဆို၏။

၁။ မင်းကြီး သင်မင်းကြီးသည် ဤအရပ်သို့လာကုန်သော ဤခိုးသူတို့ကို မြင်သည်မဟုတ်လော၊ ရထားစီးခြင်း မင်းဟကာတို့ထက်မြတ်သောမင်းကြီး ထိုခိုးသူတို့သည် တိုင်းပြည်ကို လုယက်ဖျက်ဆီးလိုကုန်သောကြောင့် လှည့်လည်သွားလာကြပါကုန်၏။

ထိုစကားကိုကြား၍ စိန္ဒမင်းကြီးသည် ထိုထိုအရပ်ဌာန၌ လမ်းကိုကြည့်သောအခါ ထိုရဟန်းတို့ကိုမြင်၍ နှစ်ခုမြောက်သော ဂါထာကိုဆို၏။

၂။ ဤအရပ်သို့လာကုန်သောလူတို့သည် ခိုးသူတို့မဟုတ်ကြပါ၊လုယက်ဖျက်ဆီးကြကုန်သည်လည်း မဟုတ်ပါ၊ ဘုရားသာသနာ၌ ရဟန်းတော်များ ထိုထိုလမ်းခရီးသို့ ကြွသွားကြခြင်း ဖြစ်ပါကုန်သည်။ ကောင်းသောအကျင့် ရှိကြကုန်သော ရဟန်းတို့သည် ဤအရပ်သို့ အဘယ်အကြောင်းကြောင့် ကြွသွားကြပါကုန်သနည်း။

ယုတ်မာသော မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားသည် “မင်းကြီး ဤသို့ မဆိုပါလင့်၊ ဤခိုးသူတို့သည် ရဟန်းအသွင်ဆောင်၍ သင်မင်းကြီးတို့၏ တမြို့လုံးကို လုယက်ဖျက်ဆီးခြင်းငှါ လာကြကုန်၏”ဟုဆို၏။ ထိုအခါ မင်းကြီးသည် ယုတ်မာသော မိစ္ဆာဒိဋ္ဌိပုဏ္ဏား၏စကားကို ကြားရသောကြောင့် အမျက်ဒေါသ ချောင်းချောင်းထလျက် “အို ပုရောဟိတ် ခိုးသူတို့ဖြစ်လျှင် ငါတို့သည် အဘယ်သို့ ပြုလုပ်မည်နည်း”ဟု ဆို၏။ ပုဏ္ဏားသည် “မင်းကြီး ဤနေရာ၌ပင် ကြာရှည်မဆိုင်းဘဲ ၃-ကျိပ် သုံးယောက်သော ခိုးသူတို့ကို လက်ပြန်ကြိုးတုပ်၍ နောကျင်စွာရိုက်နှက်ပုတ်ခတ်ပြီး သင်းချိုင်းသို့ဆောင်ယူကာ တံကျင်လျှိုထိုးခြင်း (အသွား ၃ ချောင်းရှိသည့်မှိန်းနှင့်ထိုးခြင်းမျိုး) ငှါသင့်၏”ဟု ဆို၏။ ပုဏ္ဏား၏ထိုစကားကိုကြား၍ စိန္ဒမင်းသည် “ပုဏ္ဏား

ကောင်းလှ၏”ဟုဆိုကာ လူသတ်သမားတို့ကို ခေါ်စေ၍ “အို လူသတ်သမားတို့ ဤခိုးသူတို့ကိုခေါ်ဆောင်၍ ခြေလက်လည်ပင်းတို့၌ တုတ်နှောင်လျက် ပြင်းထန်နာကျင်စွာရိုက်နှက်ပုတ်ခတ်ကြပြီး သင်းချိုင်းသို့ ယူဆောင်ကာ တံကျင်ထက်၌တင်ကြလေ”ဟုဆို၏။ (ကြိုးစင်တင်၍သတ်ခိုင်းခြင်းမျိုးဖြစ်၏)။

လူသတ်သမားတို့သည် ထိုသုံးကျိပ်သော ရဟန်းတို့၏ အကြီးအကဲ နာဂဒီပကမထေရ်နှင့်တကွ ရဟန်းအားလုံးကို ဖမ်းဆီး တုတ်နှောင်လျက် ပြင်းထန်နာကျင်စွာ ရိုက်နှက်ကြကာ သင်းချိုင်းသို့ ခေါ်ဆောင်သွားလေ၏။ လူသတ်သမားအချို့သည် ရဟန်းတို့၏ သင်္ကန်းတို့ကို ဆွဲချွတ်ကုန်၏၊ အချို့သည် ရဟန်းတို့၏မျက်နှာကို လက်သီးဖြင့် ထိုးကြကုန်၏၊ အချို့တို့သည် ဦးခေါင်းကိုရိုက်ကြကုန်၏။

## နာဂဒီပကမထေရ်၏ ဆုံးမစကား

ထိုအခါ နာဂဒီပကမထေရ်အစ သာမဏေအဆုံးရှိသော သုံးဆဲ့သုံးပါးသောရဟန်းတို့သည် ဆင်းရဲကြီးစွာရောက်ကြရှာကုန်၏၊ နာဂဒီပကမထေရ်သည် တရားစကားဖြင့်ဆုံးမ၍ ရဟန်းအားလုံးနှင့် သာမဏေကို စိတ်သက်သာရစေပြီး “ငါ့ရှင်တို့ သင်တို့ မစိုးရိမ်ကြကုန်လင့်မငိုကြွေးကြကုန်လင့်၊ ဤဆင်းရဲဒုက္ခသည် မည်သူ၏အပြစ်မှမဟုတ် ငါတို့၏ဖွေးဘဝအကုသိုလ်ကံ၏ အပြစ်သာဖြစ်၏၊ ထို့ကြောင့် သင်တို့သည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်လင့်ဟု ဤသုံးဂါထာကိုဆို၏။

၃-၅။ အရှင်မြတ်တို့ သင်တို့သည် ပြင်းစွာ မငိုကြွေး ကြကုန်လင့်၊ ငိုကြွေးခြင်းသည် ရဟန်းတို့အား တရံတခါမျှလည်း မသင့်လျော်ချေ။ လောက၌ ဖြစ်လာသမျှ သတ္တဝါတို့မှာ စိုးရိမ်စရာ ကြောက်မက်ဖွယ်ရာတို့ အမြဲရှိကြကုန်၏။ သတ္တဝါတို့သည် သေခြင်းသို့သာ ရှေးရှုနေကြသည်မှာ လောကဓမ္မတာဖြစ်၏။ ဖြစ်လာသမျှ သင်္ခါရ တရားတို့သည် မမြဲကြဟု ဘုရားရှင်တိုင်း ဟောတော်မူခဲ့ကြ၏။

မိမိတို့ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုကိုသာ အောက်မေ့ကြ မေ့မေ့
လျော့လျော့ မနေကြကုန်လင့်။

နာဂဒီပကထေရ်သည် တဖန်ထပ်၍ "ငါ့ရှင်တို့ အလုံးစုံသောဘဝတို့၌ သူတပါးက သတ်ပုတ်ညှဉ်းဆဲ၍ သေရခြင်းဟူသော ဥပစ္ဆေဒကကံတို့သည် သတ္တဝါတို့အား အရိပ်သဖွယ်အစဉ်လိုက်ပါနေကြ၏၊ ထိုကြောင့် ငါတို့သည် ကံသာလျှင် အဆွေခင်ပွန်း ကံသာလျှင် အားထားရာ ရှိကြကုန်လျက် ဤသုသာန်သင်းချိုင်း၌ နေကြကုန်အံ့" ဟု ဆို၍ ထိုရဟန်းတို့အား မငိုကြွေး ကြရန် ပြောဆိုလိုရကား—

၆။ ငါသည် ရှေးကပြုခဲ့သော မကောင်းမှုကံကြောင့် ဤကဲ့သို့ ဆင်းရဲ
ပြင်းစွာဖြစ်ရ၏။ ထိုအကုသိုလ်ကံကို မစိုးရိမ် မကြောင့်ကြဘဲ
တခါမျှပင် ငါမငိုကြွေးပါ။ သင်တို့လည်း အကုသိုလ်ကို မစိုးရိမ်
ကြကုန်ဘဲ ငိုကြွေးမြည်တမ်းခြင်း မပြုကြကုန်လင့်။

မထေရ်ကြီး၏ စကားကို ကြားရသောကြောင့် ရဟန်းသာမဏေ အားလုံးတို့သည် စိတ်သက်သာရာ ရကြကုန်လျက် အသီးသီးပင် မထေရ်ကြီး၏ မျက်စိရှေ့မှောက်၌ပင် သုသာန်သင်းချိုင်း လူသတ်သမားတို့၏ရှေ့၌ ရပ်တည်ကြကုန်၏။ ထိုခဏ၌ တမြို့လုံးသည် တုန်လှုပ်ချောက်ချား၏။

## ကိုယ်အလေးချိန်တူစွာ ရွှေပေးရှာ

ထိုအကြောင်းကို ကြားသဖြင့် တုလကပဏ္ဍိတမည်သော ဘုရားလောင်းသည် နာဂဒီပကထေရ်ထံသို့ လျင်စွာလာ၍ ရှိခိုးလျက် မထေရ်ကို မေးလိုရကား ဤဂါထာကို ဆို၏။

၇။ အရှင်ဘုရား အရှင်ဘုရားနှင့်တကွ ဤရဟန်းများကို အဘယ်အပြစ်
ရှိသဖြင့် ဤအရပ်သို့ ခေါ်လာပြီး လူသတ်သမားတို့က ဖမ်းဆီး
ချုပ်နှောင် ကြပါသနည်း၊ တပည့်တော်အား ပြောကြားကြပါ
ကုန်လော့။

မထေရ်ကြီးသည် "ဒါယကာ ဤဘဝမှာတော့ ငါတို့ အပြစ်ဟူ၍ တစုံတရာ အနည်းငယ်မျှ မတွေ့မရှိပါ၊ အတိတ်ဘဝက ဖြစ်ခဲ့သော အပြစ်ဒေါသကိုကား ငါတို့မသိနိုင်ပါကုန်။"

၈။ မှန်၏–ဒါယကာ လွန်ခဲ့သော ရှေးရှေးဘဝတို့က ငါတို့ပြုခဲ့သော အပြစ်ဒေါသကို မသိပါ။ ယခုပစ္စုပ္ပန်ဘဝမှာ ငါတို့ထံမှ ပြုလုပ်သော အပြစ်ကား လုံးဝမရှိပါ။

ဤသို့ဆိုပြီးနောက် မထေရ်ကြီးသည် ကျန်သောရဟန်းတို့၏ အပြစ်မရှိကြောင်းကို ဘုရားလောင်းအား ထင်စွာပြောကြားလိုရကား ဤဂါထာနှစ်ပုဒ်ကို ဆို၏။

၉–၁၀။ ငါနှင့်အတူနေကြသော ရဟန်းတို့သည် အပြစ်မရှိကြပါ၊ ကောင်းသော အကျင့်သီလနှင့် ပြည့်စုံစွာဘုရားသာသနာ၌ နေကြသူများဖြစ်ကြပါသည်၊ ဤယခုပစ္စုပ္ပန်ဘဝ၌ ရဟန်းတို့မှာ အပြစ် တစုံတရာ မရှိကြပါ၊ အိုလုလင် အပြစ်တစုံတခု အကျုံးမှ မရှိကြောင်း သင်သိပါလော့။

မထေရ်ကြီး၏ စကားကိုကြား၍ ဘုရားလောင်းသည် "အရှင်ဘုရား ဒီလိုဆိုလျှင် ရှိပခိုးပါ အရှင်ဘုရားတို့ မစိုးရိမ် မပူဆွေး မငိုကြွေးကြပါလင့်၊ တပည့်တော်သည် အရှင်ဘုရားများ ချမ်းသာရေးအတွက် အသက်ကို လှူဒါန်း စွန့်လွှတ်ပါမည်" ဟု လျှောက်ထားပြီးလျှင် မထေရ်ကြီးနှင့်တကွ ရဟန်းအားလုံးကို ရှိခိုးပြီး ထိုနေရာမှထ၍ လူသတ်သမားတို့ထံ သွားလျက် မိမိ၏ လက်ဝတ်တန်ဆာ ရတနာများကို ချွတ်၍ပေးပြီးနောက်"အမောင်တို့ သင်တို့သည် အနည်းငယ်မျှ ဆိုင်းငံ့ကြပါကုန်ဟု ဆိုကာ မင်းကြီးထံသွား၍ ရှိခိုးလျက် "မင်းကြီး ကျွန်ုပ်ကိုရှင်း ထို၃–ကျိပ် ၃–ယောက်သော ရဟန်းတို့ကိုရှင်း သနားသောအားဖြင့် ကျွန်ုပ်၏ဥစ္စာ ငွေကိုသော်ရှင်း ရွှေကို သော်ရှင်း အဖိုးအခပြု၍ယူပါ၊ အရှင်မင်းကြီးတို့သည် အလိုရှိသမျှ ဥစ္စာခနေကို ကျွန်ုပ်ပေးပါအံ့၊ "ထိုရဟန်းတို့ကို ဆင်းရဲဒုက္ခမှ လွှတ်ပါလော့"ဟု ဆိုလေ၏၊ ထိုစကားကို ကြား၍ စိန္နမင်းကြီးသည် " အို တုလက သင်သည်

ချိန်ခွင်ပမာဏဖြင့် ၃-ကျပ် ၃-ယောက်သော ရဟန်းတို့၏ ကိုယ်အလေးချိန်နှင့်ညီမျှသော ရွှေကို အကယ်၍ ပေးနိုင်ငြားအံ့၊ ဤ ၃-ကျပ် ၃-ယောက်သော ရဟန်းတို့ကို သင့်အားပေးအံ့ဟု ဆို၏၊ မင်းကြီး၏စကားကို ကြားရသောအခါ ဘုရားလောင်းသည် ဝမ်းမြောက် ရွှင်ပြုံး စိတ်နှလုံးရှိလျက် "မင်းကြီး ကောင်းလှပါပြီ"ဟု ဆို၍ နေရာမှထကာ မင်းကြီးအား ရှိခိုးပြီးနောက် မိမိ၏ မိခင်အိမ်သို့ သွားလေ၏၊ ဘုရားလောင်းသည် မိခင်ထံမှ ရွှေကို တောင်းလိုရကား ဤ ဂါထာတို့ကို ဆို၏။

၁၁-၁၃။ အို မိခင် ကျွန်ုပ်ပြောစကား နားထောင်ပါ၊ ကျွန်ုပ်သည် ရဟန်းတို့ကို ဝယ်ယူပါအံ့၊ သင် မိခင်၏အထံမှ ရွှေကိုတောင်းရန် ကျွန်ုပ် လာပါသည်၊ အို မိခင် ရဟန်းတို့ကို ဝယ်ရန်အတွက် ကျွန်ုပ်အား ရွှေကိုပေးပါ၊ သုသာန် သင်းချိုင်း၌ ဆင်းရဲဒုက္ခ ရောက်နေသောရဟန်းတို့ကို ဆင်းရဲဒုက္ခမှ လွတ်စေပါအံ့၊ ဘုရားသာသနာသည် ရခဲပါ၏၊ စည်းစိမ်ဥစ္စာ ရွှေစသည်သည် ရလွယ်ပါသည် အို မိခင် ကျွန်ုပ်အား ရွှေကို ပေးပါလော"

ထို သား၏စကားကို ကြားရ၍ မိခင်သည် ဝမ်းမြောက်ရွှင်ပြုံး စိတ်နှလုံးရှိသည်ဖြစ်၍ ဤ ဂါထာကို ဆို၏။

၁၄။ ငါ့သား ရွှေသွေး လူကလေး သင်သည် ငါ့အား အကျိုးရှိသော ကောင်းသည့်စကားကို ပြောဆိုဘိ၏၊ ငါ၏အထံမှ သင်အလိုရှိသမျှ ရွှေငွေတို့ကို ယူပါလော့။

တုလကပဏ္ဍိတ သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် ကောင်းစွာ ပွင့်သော ပဒုမာ ကြာပန်း ကဲ့သို့ ရွှင်လန်းသော မျက်နှာဖြင့် နေရာမှ ထကာ အဘိုးတန်အဝတ်တို့ကို ဝတ်လျက် ရွှေများထားရာ ဘဏ္ဍာ ကျီ တိုက်ကို ဖွင့်၍ မိမိ၏ အလုပ်သမား တို့အား ရွှေများကို သယ်ယူစေလျက် မင်း၏ နန်းယင်ပြင်၌ ရွှေအစုအပုံကြီးကို ပြုလျက် မိမိကိုယ်တိုင် မင်းကြီးထံ ချဉ်းကပ် ပြီးနောက် ရှိခိုးလျက် "အရှင် မင်းကြီး ယခု ရဟန်း သုံးပါး

များ၏ အဖိုးအခ အတွက် ကျွန်ုပ်၏ ရွှေကို ယူပါ၊ ထိုရဟန်း အားလုံး ကို ကျွန်ုပ်အား ပေးပါ"ဟု မင်းကြီးအား လျှောက်တင်လေ၏၊ ထိုစကား ကို ကြား၍ မင်းကြီးသည် ဤဂါထာကို ဆို၏၊

၁၅။ အမောင် တုလက သင်သည် ရဟန်းတို့၏ ကိုယ် အလေးချိန်နှင့် အမျှ ပမာဏ ရှိသော ရွှေကို ကျွန်ုပ်အား ပေးပါလျှင် သင့်အား ထိုရဟန်းကို ပေးပါအံ့၊ ထိုရဟန်းတို့ကို ချမ်းသာရာသို့ သင်ခေါ် ယူ သွားပါလော့။

ထိုစကားကို ကြား၍ တုလက ပဏ္ဍိတသည် ဝမ်းမြောက်စွာဖြင့် နာဂ ဒီပက မထေရ်ကြီးထံ ချဉ်းကပ် ရှိခိုးပြီးလျှင် "အရှင်ဘုရား တပည့်တော် အား သနားသဖြင့် သားရေဖြင့် ပြုလုပ်ထားသော ဤ ချိန်ခွင် ပေါ်သို့ တက်တော်မူပါ၊ တပည့်တော်သည် အရှင်ဘုရား၏ ကိုယ် အလေးချိန်နှင့် အမျှ ရွှေကိုထား၍ မင်းကြီးအား ရွှေကို ပေးပြီး ဆင်းရဲဒုက္ခမှ အရှင် ဘုရားကို လွတ်မြောက်စေ ပါအံ့"ဟု လျှောက်ထား၏၊ မထေရ်ကြီးသည် "ဒါယကာ သူတော်ကောင်း ကောင်းပါပြီ"ဟု ဆို၍ ချိန်ခွင် ထက်သို့ တက်လေ၏၊ ဘုရားလောင်းသည် အခြား ချိန်ခွင်တဖက်၌ ကိုယ်အလေး ချိန် အမျှ ရွှေများကို ထည့်၍ မင်းကြီးအား ရွှေများကို ပေးလျက် မထေရ်ကြီးကို ဆင်းရဲမှ လွတ်မြောက် စေ၏၊ ဤနည်းအတိုင်း သုံးကျိပ် သော ရဟန်းတို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေခဲ့၏။

## ကျန်ရဟန်းတော် ၃-ပါးအတွက် သားနှင့်မယား ရောင်းပြီ

ရဟန်း နှစ်ပါးနှင့် သာမဏေတပါး ကြွင်းကျန် နေသေး၏၊ ဘုရား လောင်း၏ ရွှေများလည်း ကုန်ခန်း သွားလေပြီ။ မင်းကြီးသည် တုလက ပဏ္ဍိတကို"အို ပညာရှိ အသို့နည်း သင့်မှာ ရွှေရှိသေးသလား"ဟု ဆိုသော အခါ "မင်းကြီး အကျွန်ုပ်မှာ ရွှေများ မရှိတော့ပါ" ဟု တုလက က လျှောက်တင်လေလျှင်"သို့ဖြစ်လျှင် ယခုအသို့ ပြုလတံ့နည်း"ဟု မင်းကြီးက မိန့်ကြား၏၊ ဘုရားလောင်း တုလကသည်"အရှင်မင်းကြီးတို့ ခေတ္တဆိုင်းငံ့

ပါဟု ဆိုပြီး မင်းကို ရှိခိုးလျက် နေရာမှ ထကာ မိမိအိမ်သို့ သွား၍ မိမိကိုယ်ကို ရောင်းချလို သဖြင့် သမ္ဘာရ အမည်ရှိ မယားအား "ရှင်မ ငါတို့၏ ရွှေများသည် သုံးကျိပ်သော ရဟန်းတို့ ကိုယ် အလေးချိန်နှင့် အမျှ ပေးခြင်းအားဖြင့် သုံးကျိပ်သော ရဟန်းတို့ ယခု ဆင်းရဲမှ ကင်း လွတ်ကုန်ပြီ ယခုအခါ ရဟန်း ၂-ပါးနှင့် သာမဏေ တပါး ကြွင်းကျန် နေပါသည်၊ ရွှေများလည်း ကုန်ခန်းခဲ့ပြီ၊ ငါသည် မိမိကိုယ်ကို သူတပါး တို့အား ရောင်းချလျက် နောင်အခါ၌ သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ ဖြစ်ရန် အလို့ငှါ ဒါနပါရမီကို ဖြည့်ကျင့်ပါအံ့"ဟု ဆို၏၊ ထို စကားကို ကြား၍ မယား သမ္ဘာရက "အရှင် သင့်ကိုယ်ကို မရောင်းပါလင့်၊ ကျွန်ုပ် နှင့် သားတို့ကို ရောင်း၍ အဖိုးအခပြုလျက် သင် စိတ်ချမ်းသာသလို ပြုပါ" ဟု ဆို၏၊ ထိုစကားကို ကြားသောအခါ တုလက ပဏ္ဍိတသည် နှစ်သက် သောစိတ် ရှိရကား ဤ ၂-ဂါထာတို့ကို ဆို၏။

၁၆။ အို ရှင်မ ကောင်းပါ၏၊ အကျိုးရှိသော စကားကိုသာ သင်ပြော ဆိုဘိ၏၊ သားနှင့်မယား သင်တို့ ၂-ဦးတို့ကို နောင်အခါ သဗ္ဗညုတ ဉာဏ် အလို့ငှါ ရောင်းပါအံ့။ အို ရှင်မ သင်သည် ကျွန်ုပ်၏ ချစ်လှစွာသော မယား ဖြစ်ပါ၏၊ သားသည်လည်း ချစ်လှစွာ သော သားပင် ဖြစ်ပါ၏၊ သဗ္ဗညုတဉာဏ် အတွက် အလှူဒါန အကျိုးငှါ သင်တို့ ၂-ဦးကို ရောင်းပါအံ့။

ဤသို့ဆိုပြီး၍ တုလကပဏ္ဍိတသည် ဦးခေါင်းထက်၌ ထိုသားမယား တို့၏လက်တို့ကိုထားလျက် ထိုသားနှင့်မယားတို့ကို ခေါ်ဆောင်၍ ပစ္စည်း ဥစ္စာ ကြွယ်ဝ ချမ်းသာသူတို့၏ အိမ်သို့ သွားပြီးလျှင် ထိုသားမယားတို့ကို ရောင်း၍ ရွှေကိုယူလာပြီးနောက် ကြွင်းကျန်ရစ်နေသော ရဟန်းနှစ်ပါး တို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေ၏။ ထိုအခါ သာမဏေတပါးသာ နောက်ဆုံးကျန်နေ၏၊ ဘုရားလောင်းအား ရွှေများကုန်ခန်းပြီ၊ ထိုအခါ သာမဏေသည် ကြောက်ရွံ့ထိတ်လန့်လျက် ဦးခေါင်းငိုက်စိုက်ချလျက် မျက်ရည်များကိုသုတ်ကာ ငိုကြွေးမြည်တမ်းပြီး အကြိမ်ကြိမ် အဖန်ဖန် သက်သာရာရစေလျက် ထိုလူသတ်သမားတို့ကို"အို ဒါယကာတို့ ကျွန်ုပ်အာ

တင်းကြပ်စွာ ချည်နှောင်ထားခြင်းကို လျှော့ပေ၊ ဖြေလျှော့ပေးပါရန် တောင်းပန်၏”ဟုဆို၏။ သာမဏေ၏စကားကိုကြား၍ ထိုလူသတ်သမား တို့သည် ချည်နှောင်ထားခြင်းကို ခပ်လျှော့လျှော့ ပြုလုပ်ပေးကြပါကုန်၏။ ထိုအခါ သာမဏေသည် နေရာမှထ၍ နာဂဒီပကမထေရ်ထံသို့ သွားလျက် ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးပြီးလျှင် “အရှင်ဘုရား ယခုအခါ တပည့် တော်သည် အရှင်ဘုရားကိုပန်ကြားလျှောက်ထားပါ၏၊ တပည့်တော်သည် အရှင်ဘုရားထံ၌ ဘာမဏေပြုခဲ့ပါ၏၊ တပည့်တော်အပေါ်မှာ အပြစ်တစုံ တရာရှိပါလျှင် တပည့်တော်အား သည်းခံတော်မူပါ”ဟု လျှောက်ထား၏၊ ဤသို့လျှင် သည်းခံစေရန် လျှောက်ထားပြီးနောက် “အရှင်ဘုရား တပည့် တော်၏ မိဘနှစ်ပါးက တပည့်တော်အကြောင်းမေးလျှင် အရှင်ဘုရားတို့ သည် တပည့်တော်၏ သာမဏေပရိက္ခရာတို့ကို မိဘနှစ်ပါးတို့အား ပြလိုက် ကြပါကုန်”ဟုဆို၍ ဤဂါထာတို့ကိုဆိုလေ၏။

၁၈-၂၂။ ဘုရားသာသနာ၌ ငြိမ်သက်သော အကျင့်သီလ ရှိကြကုန်သော ငါ၏ မိဘနှစ်ပါးတို့သည် ရှိကြကုန်၏၊ ထိုမိဘ နှစ်ပါးတို့သည် ဆင်းရဲကင်းကွာ ချမ်းသာကြကုန်လျက် သာသနာတော်၌အလှူကို ပေးလှူကြကုန်၏၊ ထိုမိဘနှစ်ပါးတို့သည် လုံခြုံစွာ သိမ်းဆည်း၍ ထားသော ကျွန်ုပ်၏ပရိက္ခရာတို့ကိုမြင်ရပြီး ကျွန်ုပ်၏မျက်နှာကို မမြင်မတွေ့ရလျှင် နှစ်ရှည်လများ နာကျင်ပူဆွေး ငိုကြွေးပါကုန် လတ့်၊ အထီးကျန်ဘဝ စိတ်ဆင်းရဲလှသောဘခင်သည် သာမဏေ ပြုလုပ်လာသော မိမိ၏သားဖြစ်သူ ကျွန်ုပ်ကိုမတွေ့မမြင်ရလျှင် မိမိ အိမ်၌ ကြာမြင့်စွာ ပူဆွေးနာကျင် သောကတွေ ဝင်နေပါလတ့်၊ အထီးကျန်ဘဝ စိတ်ဆင်းရဲလှပြီး သနားစရာမိခင်သည် သာမဏေ ပြုလုပ်လာသော မိမိ၏သားဖြစ်သူ ကျွန်ုပ်ကိုမတွေ့မမြင်ရလျှင် မိမိ အိမ်၌ ကြာမြင့်စွာ ပူဆွေးနာကျင် သောကတွေဝင်နေပါလတ့်၊ ကျွန်ုပ်မျက်နှာမမြင်ရ၍ နေ့ရောညဉ့်ပါ ငိုကြွေးကြရှာသော မိဘ နှစ်ပါး၏ မြစ်ရေပမာဏမျှမက များလှစွာသော မျက်ရည်တို့သည် ခန်းခြောက်ကုန်ပါလတ့်။

## သာမဏေအတွက် အသက်ဖလှယ်

ထိုစကားကိုကြား၍ မထေရ်ကြီးသည် သနားခြင်းကရုဏာဖြင့် တုန်လှုပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ "ငါ့ရှင်သာမဏေ ဤသို့ မငိုကြွေးမမြည်တမ်းပါလင့်၊ ငါသည် သင့်အတွက် ငါ၏အသက်ကို စွန့်လှူသည်ပါအံ့"ဟု သာမဏေအားပြောလေ၏၊ မထေရ်၏စကားကိုကြား၍ တုလကပဏ္ဍိတသည် မိမိကိုယ်ကိုဆုံးမလျက် "အို ပညာရှိ၊ သင်သည် ဘုရားသာသနာကို ပို၍ချစ်ခင်သလော၊ မိမိကိုယ်ကို ပို၍ချစ်ခင်သလော"ဟု မိမိကိုယ်ကိုပြောလေ၏၊ ထိုအခါ ဘုရားလောင်းသည် ငါ၏ကိုယ်ထက် အဆ အရာအထောင် အဆ အသိန်းမက ဘုရားသာသနာတော်ကို ပို၍ချစ်မြတ်နိုး၏ဟု ကြံစည်လျက် နေရာမှထကာ မင်းကြီးထံသို့ ချဉ်းကပ်ပြီး မင်းကြီးအား ရှိခိုးလျက် "မြတ်သောမင်းကြီး ကျွန်ုပ်သည် ထိုသာမဏေကို သနားသဖြင့် သာမဏေ၏ အသက်အတွက် ကျွန်ုပ်၏အသက်ကို စွန့်လှူတ်ပါအံ့"ဟုဆို၍ ဤဂါထာကို ဆို၏။

၂၃။ မင်းကြီး သာမဏေအတွက် ကျွန်ုပ်၏အသက်ကို စွန့်လွှတ်ပါ၏၊
ထိုသာမဏေကိုလွှတ်ပါ၊ ကျွန်ုပ်၏အသက်ကိုသတ်ပါ။

ထိုစကားကို ကြားသောအခါ မင်းကြီးသည် "အမောင်လုလင် မှန်ကန်သောစကားကို ဆိုပါသလော"ဟု မေး၏။ မင်းကြီး ကျွန်ုပ်သည် မှန်ကန်သော စကားကိုသာ ဆိုပါ၏ဟု ဆိုသောအခါ အမောင်လုလင် ကောင်းပြီဟု မင်းကြီးသည် ဝန်ခံလေ၏။ မင်းကြီး၏စကားကို ကြား၍ တုလကပဏ္ဍိတသည် ဝမ်းမြောက်သော စိတ်နှလုံး ရှိသည်ဖြစ်၍ နေရာမှ ထသွားလျက် သာမဏေကို ရှိခိုးပြီးလျှင် သာမဏေအား တုတ်နှောင်ထားခြင်းမှ ဖြေလွှတ်စေကာ ကောင်းကင်ကိုကြည့်လျက် ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၂၄-၂၅။ အို နတ်များတို့၊ ဤအရပ်သို့ လာကြကုန်လျက် ကျွန်ုပ်ကို
ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြပါကုန်လော၊ အကျွန်ုပ်
သည် သီလရှိသော သာမဏေအတွက် ကျွန်ုပ်၏အသက်ကိုလှူပါ၏၊

ဤအလှူဒါန၏ အကျိုးကြောင့် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏၊ လူအပေါင်းကို ကယ်တင်ရပါလို၏၊ အမြိုက်နိဗ္ဗာန်ကို ရပါလို၏။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် "သာမဏေ အရှင်ဘုရား၊ သီလကို စောင့်ထိန်းပါ၊ ဘာဝနာကို ပွါးများပါ၊ မိမိ၏ မေတ္တာစိတ်ဖြင့် ရဟန်းတရာကို အားထုတ်ပါ၊ မိမိအလိုရှိရာ စိတ်ချမ်းသာရာသို့ ကြွတော်မူပါ"ဟု ဆို၍ ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးလျက် ထိုသာမဏေကို တိုက်တွန်းလေ၏။ ထိုအခါ ထိုလူသတ်သမားတို့သည် ငါးမျိုးသော ချည်နှောင်ခြင်းတို့ဖြင့် တုထကပဏ္ဍိတအား တုတ်နှောင် ခေါ်ဆောင်ပြီးလျှင် တုလကအား အချက်ပေါင်းများစွာ ရိုက်နှက် ပုတ်ခတ်လျက် သုသာန်သင်းချိုင်းသို့ ခေါ်ဆောင်သွားကြ၏။ ထိုခဏ၌ တမြို့လုံးသည် တုန်လှုပ်ချောက်ချား၏။ တုလက၏မိခင် ပုဏ္ဏေးမကြီးသည် ထိုအကြောင်းကိုကြားသဖြင့် လက်နှစ်ဘက်ဖြင့် ရင်ကိုပုတ်ခတ်လျက် ဖရိုဖရဲ ဆံပင်များဖြန့်ကြဲပြီး အကြီးအကျယ် စိုးရိမ်ပူဆွေး ငိုကြွေးပြီးနောက် လျင်စွာလာ၍ မိမိ၏ချစ်လှစွာသော သားကို လက်ခြေလည်ပင်းတို့၌ တုတ်နှောင်ချည်ဖွဲ့ထားသည်ကိုမြင်ရသဖြင့် "ချစ်လှစွာသောသား မေမေ့ထံ လာပါ"ဟု ဆိုကာ ငိုကြွေးမြည်တမ်းလျက် ဤဂါထာကို ဆို၏။

၂၆။ ချစ်သား၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း စိတ်မချမ်းသာစရာကြီးပါကလား၊ ငါသည် အရွယ်ကကြီး အားကနည်းလျက် ခိုမှီးတွယ်တာ ကိုးကွယ်ရာမရှိပါ၊ ယနေ့သေမည်၊ နက်ဖြန် သေမည်ဟုလည်း မသိရပါ၊ ချစ်လှစွာသောသား၊ ငါ့မှာရှိသမျှ ဥစ္စာပစ္စည်းတို့ကို သင့်အား ပေးခဲ့ပါ၏။

မိခင်၏ ငိုကြွေး မြည်တမ်းသော အသံကိုကြား၍ ဘုရားလောင်းတုလကသည် "အိုမိခင်၊ ဤသို့မငိုကြွေးပါလင့်၊ ကျွန်ုပ်သည် ဘုရားသာသနာတော်၌ အသက်ကိုပေးလှူပါ၏"ဟုဆို၍ ဤဂါထာကိုဆို၏။

၂၇။ လောက၌ ဘုရားအဖြစ်ကို ရခဲလှ၏၊ ထိုထက် တရားတော်ကို ကြားနာရဘို့ ခဲယဉ်း၏၊ ဤအကျိုးတရားကို သိသောကြောင့်

ဘုရားသာသနာ၌ အသက်ကို စွန့်ပါ၏၊ ငါ၏အသက်ကို စွန့်လွှတ် လှူဒါန်းခြင်းသည် နောင်အခါ၌ ဘုရားဖြစ်ရန် အကျိုးငှါ ဖြစ်ပါ၏။

အိုမိခင်၊ ဤအကြောင်းကြောင့် ကျွန်ုပ်သည် သင်မိခင်အား တား မြစ်ခြင်းဖြစ်ပါ၏၊ ဤအရပ်မှ ပြန်လည်သွားပါလော့ဟုဆိုလျက် ထို သုသာန်သင်းချိုင်း၌ တည်ရှိသော တံကျင်းပင်(လက်ဝါးကပ်တိုင်, ကား စင်တင်၍ သတ်သည့်တိုင်လုပ်သည့် သစ်သားကိုပင် တင်စား၍ တံကျင်ပင် ဟု ဆိုသည်)ကို ကိုင်လျက် "အို သစ်သား၊ သင်ကား အလွန်ဘုန်းကံ နည်းပါးလှ၏၊ လူတို့သည် အခြားသစ်ပင် သစ်သားတို့ကိုယူ၍ ဘုရား စသည်တို့အား လှူရန် ကျောင်းစသည်ကို ပြုလုပ်ကြကုန်၏။ သင်ကား ဘုန်းကံနည်းလှစွာ ဤမစင်ကြယ်သော လူသတ်ရာ၌ တည်ရှိရ၏" ဟု ဆို၏။

## ဘခင်မေတ္တာ ကြီးမားလှစွာ

ထိုနေ့၌ပင် ဘုရားလောင်း၏ ဘခင် သုဇာတပုဏ္ဏားသည် လျှော်ဖွပ် အပြည့် ရွှေတို့ကိုယူဆောင်လျက် ပါဋလိပုတ်မြို့မှလာ၍ စိန္နမြို့ကို ဝင်လာ၏။ ထိုအခါ လူအပေါင်းတို့သည် အဝေးမှလာသော သုဇာတပုဏ္ဏားကိုမြင်၍ "အိုပုဏ္ဏား သင့်သား တုလကပဏ္ဍိတသည် မိမိ၏အသက်ကို ပဓာန မထားဘဲ ဘုရားသာသနာ၌ အသက်ကိုပေးလှူသဖြင့် အကြီးအကျယ် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လတံ့၊ ယခုအခါ သုသာန်သင်းချိုင်း၌ တံကျင်ထက်(ကားစင် ကြိုးစင်)၌ ရောက်လတံ့"ဟု ပြောကြကုန်၏၊ ခရီး ရောက်မဆိုက်ပင် ထိုစကားကို ကြားရ၍ တုန်လှုပ် ချောက်ချားသော စိတ်နှလုံးရှိရကား အလျင်အမြန် သုသာန်သို့သွား၍ မိမိ၏သားကို မြင် ရသောအခါ ထိုလူသတ်သမားတို့ကို "အို အမောင်တို့ ငါ၏သားကို မပျက်စီးစေပါလင့်၊ ငါသည် သူ့ကိုလွှတ်စေ၍ ဤနေရာ၌ နေမည်မဟုတ် ပါ၊ ယခုပင် ငါသည် သူ့ကိုဝယ်ယူပါအံ့ ဟု ဆို၏၊ ဤသို့ပြောဆိုပြီးနောက် ပုဏ္ဏားသည် အလျင်အမြန် မင်း၏နန်းတော်သို့ဝင်၍ မင်းကြီးကို ရှိခိုးလျက် "မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် ကျွန်ုပ်ကို သနားသဖြင့် ချစ်လှ

စွာသော ကျွန်ုပ်၏ သားကို မပျက်စီးပါစေလင့်၊ ကျွန်ုပ်သည် သားကို ဝယ်ယူပါအံ့” ဟု လျှောက်တင်လေ၏။

ထိုစကားကိုကြား၍ မင်းကြီးသည် “အို ပုဏ္ဏား သင်၏သားကို လွှတ်စေလိုပါက သင့်သား၏ ကိုယ်အလေးချိန်နှင့်အမျှ ပမာဏရှိသော ရွှေကိုပေးလော့” ဟု ဆိုသောအခါ ထိုပုဏ္ဏားသည် ကောင်းပါပြီ အရှင်မင်းကြီး ဟု ဆိုလျက် အလျင်အမြန်သွား၍ လှေပေါ်မှ များစွာသော ရွှေတို့ကို ယူဆောင်ကာ မင်းကြီး၏အထံမှ မိမိသား၏ ကိုယ်အလေးချိန်နှင့် ပမာဏရှိသော ရွှေတို့ဖြင့်ဝယ်၍ မိမိသား၏ ကိုယ်အလေးချိန်နှင့် အမျှ ပမာဏရှိသော ရွှေတို့ကို မင်းကြီးအားပေး၍ မိမိ၏ ချစ်လှစွာသော သားကိုခေါ်ဆောင်၍ အိမ်သို့သွားလေ၏။

## သေဘေးမှလွတ်မြောက် ရဟန္တာ ၃-ကျိပ် ၃-ယောက်

ထိုအခါ သံဃာတို့၏ အကြီးအကဲဖြစ်သော နာဂဒီပကထေရ်သည် ရဟန်းတို့အား ဆုံးမ ဩဝါဒကိုပေးလျက် “ငါ့ရှင်တို့ ငါတို့သည် ဤအမျိုးကောင်းသားကို အမှီပြု၍ အသက်ချမ်းသာရာ ရကြကုန်၏၊ ငါတို့ကိုက်တွန်းပါ၏၊ ငါတို့သည် မမေ့မလျော့သော လုံ့လဝီရိယဖြင့် တရားဘာဝနာ ပွါးများကြကုန်လော" ဟု မိန့်ဆိုပြီးလျှင် ထို ၃-ကျိပ် ၂-ပါးသော ရဟန်းတို့သည် တသိမ်တည်း၌ စည်းဝေး စုရုံးကြပြီးလျှင် အသက်နှစ်ဆယ် ပြည့်မြောက်ပြီဖြစ်သော သာမဏေကို ရဟန်းပြုပေးကြကုန်၏၊ ထို ၃-ကျိပ် ၃-ယောက်သော ရဟန်းတို့သည် တဦးလျှင် သစ်ပစ်တပင်စီ၏ ခြေရင်း၌ ချမ်းသာစွာနေကြလျက် ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြရာ မကြာမီပင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်ကြကုန်၏၊ ထိုအခါ ၃-ကျိပ် ၃-ပါးသော ရဟန္တာတို့သည် သမာပတ်ကို ဝင်စားကြပြီးလျှင် သမာပတ်မှ ထကြပြီးနောက် သင်္ကန်းကိုရုံလျက် သပိတ်ကိုပိုက်ကာ နေမင်းသဖွယ် ကောင်းကင်မှ ကြွသွားကြပြီး ရွာ၌ ဆွမ်းခံပြီး၍ တခုသော ကျောင်းအရာမ်၌ နေကြကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့တွင် အချို့တို့သည် ကောင်းကင်၌ စင်္ကြံလျှောက်ကြကုန်၏၊ အချို့သည် ကောင်းကင်၌ ရပ်နေကြကုန်၏၊ အချို့သည် လ,

နေတို့၏ အနီးသို့ သွားကြကုန်၏၊ အချို့သည် မြင်းမိုရ်တောင်ထိပ်၌ ရပ်တည်ကြကုန်၏၊ ဤသို့ စသောနည်းဖြင့် ထိုရဟန္တာတို့သည် အထွေထွေ ထူးထူး မဖြစ်ဘူးမြဲ ထူးကဲလှစွာသော အံ့ဩဘွယ်တို့ကို ပြုလုပ်ကြကုန်၏။

## မင်းကြီး၏ ကြောက်ရွံစိုးရိမ်မှုကို ပျောက်စေပုံ

ထိုအခါ စိန္နမင်းသည် မိမိ၏မြို့၌ မဖြစ်ဘူးသော အံ့ဩဘွယ်ရာတို့ကို မြင်ရ၍ ကြောက်ရွံထိတ်လန့်လျက် ကြက်သီးမွေးညှင်းများထကာ ကြံမှိုင်ငေးမော တွေးတောလျက် မိမိ၏ အမတ်တို့ကိုခေါ်၍ "အို အမတ်တို့ ဤခိုးသူတို့သည် ကောင်းကင်မှလာ၍ ငါတို့ကို သတ်ကုန်လတံ့၊ ငါတို့သည် အဘယ်သို့ ပြုလုပ်ကြကုန်မည်နည်း"ဟု မေးသောအခါ အမတ်တို့က "မြတ်သော မင်းကြီး ထိုသို့ဖြစ်လျှင် သင်မင်းကြီးတို့သည် တုလကပဏ္ဍိတကို ခေါ်၍ မေးပါလော့"ဟု ဆိုကြလေလျှင် မင်းကြီးသည် တုလကကို ခေါ်စေပြီး "အို ပညာရှိတုလက ထိုသူခိုးတို့သည် ငါတို့ကိုသတ်ရန် ဤအရပ်သို့ ကောင်းကင်မှ လာကြသည် ဖြစ်လတံ့၊ ယခုအခါ သင်သည် ငါတို့၏အသက်ကို ကယ်တင်ပါ"ဟု ဆို၏၊ ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် ဝမ်းမြောက် ဝမ်းသာသော စိတ်နှလုံးရှိသည်ဖြစ်၍ ကောင်းစွာ ပွင့်လန်း ကြည်လင်သော မျက်နှာရှိလျက် "မြတ်သောမင်းကြီး ထိုသို့ဖြစ်မူကား သင်မင်းကြီးသည် ဘာမျှ ကြောက်လန့်တော်မမူပါလင့်၊ ကျွန်ုပ်၏ အရှင်သခင်များဖြစ်ကြသည့်ရဟန္တာပုဂ္ဂိုလ်တို့သည် သင်တို့အား ဒုက္ခပေးရန် လာကြသည် မဟုတ်ပါ၊ စင်စစ်သော်ကား ကျွန်ုပ်၏ အရှင်သခင်များဖြစ်ကြသော ထိုရဟန္တာတို့သည် မိမိတို့ ကိုယ်တိုင် ကြီးမြတ်များပြားသော ဂုဏ်ထူးဝိသေသရှိကြသောကြောင့် ထိုဂုဏ်ထူးများကို ပြရန် ဤအရပ်သို့ ကြွလာခြင်း ဖြစ်ပါသည်"ဟူသော စကားဖြင့် မင်းကြီးအား စိတ်သက်သာရာရစေကာ မင်းကြီး၏ နန်းတော်၌ နေရာများကို ခင်းကျင်းလျက် နံ့သာပန်း စသည်တို့ကို စီမံစေ၏။

ထိုအခါ တုလကပညာရှိသည် ကောင်းကင်ကိုကြည့်လျက် လက်အုပ်ချီကာ ရှိခိုးပြီး "ဘုရား၏ တပည့်သာဝကဖြစ်ကြကုန်သော အရှင်ကောင်း

အရှင်မြတ်တို့ ဤအရပ်သို့ ကြွမြန်း သက်ဆင်းတော်မူကြပါကုန်''ဟု လျှောက်ထား၏၊ ထို ၃-ကျိပ် ၃-ယောက်သော ရဟန္တာပုဂ္ဂိုလ်တို့သည် တုလကပညာရှိ၏စကားကိုကြား၍ ကောင်းကင်မှ သက်ဆင်းကာ မင်း၏ နန်းတော်တွင် ခင်းထားအပ်သော နေရာ၌ နေကြကုန်၏၊ ထိုခဏ၌ မင်းကြီးနှင့်တကွ လူပေါင်းများစွာတို့သည် ထိုနန်းတော်သို့ စုဝေးညီညာ ရောက်လာကြကုန်လျက် ထိုရဟန္တာတို့ကို ရှိခိုးလျက် နေကြကုန်၏။

ထိုအခါ နာဂဒီပကမထေရ်ကြီးသည် မင်းကြီးအား တရားဟောလိုရကား ဤဂါထာတို့ကို မိန့်ဆိုလေ၏။

၂၈-၃၆။ မင်းကြီး ပုဂ္ဂိုလ်တယောက်သည် အမူမဲ့ အမှတ်မဲ့ အကြင်မကောင်းမှုကို ပြု၏၊ ထိုမကောင်းမှုကံသည် အကျိုးမရှိဘဲ အခါခပ်သိမ်း ဆင်းရဲဒုက္ခသို့ ရောက်စေတတ်၏၊ မင်းကြီး ပုဂ္ဂိုလ်တယောက်သည် စိတ်စေတနာနှင့်တကွ ဆင်ခြင်၍ အကြင်မကောင်းမှုကို ပြု၏၊ ထိုမကောင်မှုသည်လည်း အကျိုးမရှိဘဲ ဒုဂ္ဂတိဘဝ (မကောင်းသောသူတို့ ကျရောက် အရပ်)သို့ အမြဲလားရောက်ရ၏။

အကြင် သူသည်ကား ဘုရား, တရား, သံဃာတို့ကို ကိုးကွယ် ဆည်းကပ်၏၊ ထိုသူသည် အပါယ်ငရဲသို့ မကျရောက်၊ ထိုသူသည် နတ်ပြည်သို့သာ အမြဲသွားရ၏၊ လောက၌ မြတ်စွာဘုရားသည် မင်္ဂလာတပါး ဖြစ်၏၊ မြတ်စွာဘုရားသည် လောက သုံးပါးတွင် အမြတ်ဆုံး ဖြစ်၏၊ မြတ်စွာဘုရားကို ကိုးကွယ်ခြင်းကို စွဲ၍ ဆင်းရဲဒုက္ခ အပေါင်းမှ ကင်းလွတ်နိုင်၏၊ လောက၌ တရားတော်သည် မင်္ဂလာတပါး ဖြစ်၏၊ နက်နဲ၏၊ လူသာမန်တို့ သိနိုင် မြင်နိုင်ခဲ၏၊ တရားတော်ကို ကိုးကွယ်ခြင်းကို စွဲ၍ ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်နိုင်၏၊ သံဃာတော်သည် လောက၌ မင်္ဂလာတပါးဖြစ်၏၊ မြတ်သော အလှူကို ခံတော်မူထိုက်၏၊ မြင့်မြတ်တော်မူ၏၊ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်ခြင်းကို စွဲ၍ ဆင်းရဲဒုက္ခ အပေါင်းမှ ကင်းလွတ်နိုင်၏၊ မင်းမြတ် လယ်တို့၌ ကောင်းစွာ စိုက်ပျိုး အပ်သော မျိုးစေ့

ကောင်းတို့သည် လူတို့အတွက် ကောင်းစွာစားသုံးရန် အသီးစသည်ကို ပေးကုန် သကဲ့သို့ ထို့အတူ ဘုရားသာသနာတော်၌ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့သည် လောက၌ သတ္တဝါတို့၏ လိုအင်ဆန္ဒအတိုင်း အမြဲချမ်းသာကို ပေးနိုင်ကုန်၏၊ ထို့ကြောင့် ပညာရှိသော သူသည် ဤလူ့ဘဝ၌ ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်လျက် လောက၌ စည်းစိမ်ချမ်းသာတို့ကို ခံစားပြီးလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်နိုင်၏။

## စိန္တာရာမကျောင်းတော်

ထိုအခါ မင်းသည် နာဂဒီပကမထေရ်၏ တရားတော်ကို နာကြားရ၍ ရတနာသုံးပါး၌ ကြည်ညိုလျက် တမြို့လုံးကို မောင်းခတ်စည်တီးစေ၏။ "ဤမြို့၌ နေကြကုန်သောသူတို့သည် မိမိတို့၏အသက်ကို စောင့်ရှောက်ကြကုန်လျက် ရတနာသုံးပါး၌ ကြည်ညိုသောစိတ်ကိုရကြပါစေကုန်။ ထိုလူအပေါင်းသည် သဒ္ဓါတရားနှင့်ပြည့်စုံကြလျက် မိမိတို့တတ်စွမ်းသမျှ အလှူဒါနကိုပြုကြကုန်လော့"ဟု မောင်းခတ် စည်တီးစေ၏။ ထိုအခါမှစ၍ လူသတ်သမားတို့သည်၎င်း၊ မိစ္ဆာအယူရှိသော ပုဏ္ဏားသည်၎င်း ထိုမြို့၌ မရှိတော့ပြီ၊ ထိုအခါမင်းကြီးသည် တုလကဘုရားလောင်းကို စစ်သူကြီးအရာ၌ထား၍ မိစ္ဆာအယူရှိသောပုဏ္ဏားယုတ်ကို တိုင်းပြည်မှနှင်ထုတ်စေ၏။

ထိုပုဏ္ဏားယုတ်သည် တိုင်းပြည်မှနှင်ထုတ်သောကြောင့် ခြေဦးတည့်ရာသို့ သွားလေ၏။ ထိုခဏ၌ မဟာအဝီစိငရဲကြီးမှငရဲမီးလျှံတို့သည် ဖြစ်ပေါ်လာပြီး ပုဏ္ဏားယုတ်၏ကိုယ်ကို လောင်ကျွမ်းစေခဲ့ပြီး ထိုပုဏ္ဏားသည် မဟာအဝီစိငရဲ၌ ကျရောက်ကာ ဒုက္ခကြီးစွာခံရ၏။

ထိုမင်းသည်ကား မိမိ၏မြို့တံခါးအနီး အရှေ့ဘက်၌ စိန္တာရာမ အမည်ရှိသော ကျောင်းတိုက်ကြီးတခု ဆောက်လုပ်လျက် နာဂဒီပကထေရ်အား ပေးလှူ၏။ ထိုအခါမှစ၍ စိန္တမင်းသည် စိန္တာရာမကျောင်း၌ နေကြကုန်သော နာဂဒီပကထေရ်အမှူးရှိသော ရဟန်းသံဃာတို့အား ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလှူဒါန်းလေ၏။ တုလကပညာရှိသည် စိန္တာရာမကျောင်းတိုက်ရှိ

ရဟန်းသံဃာတို့ကို အလှူကြီးပေးလှူ၏၊ မြို့သူ မြို့သားတို့ သည်လည်း ကျောင်းတိုက်သို့သွား၍ မထေရ်တို့အား သက်နိုးစသော လှူဘွယ်ဝတ္ထု တို့ကိုပေးလှူကြကုန်၏။ ထိုမထေရ်တို့သည် အသက်ရှည်သမျှ နေကြပြီး လျှင် အသက်၏အဆုံး၌ ထိုကျောင်း၌ပင် ထူးဆန်းအံ့ဩဘွယ် တို့ကို ပြုကြလျက် ခန္ဓာကမ္မဇ ရုပ်အကြွင်းအကျန် မရှိသော အနုပါဒိသေသ ပရိနိဗ္ဗာန်ဖြင့် ခန္ဓာချုပ်ငြိမ်း ရွှေဇာတ်တော် သိမ်းကြကုန်၏။ မင်းအစ ရှိသော လူအပေါင်းတို့သည် ကောဏာဂုံ မြတ်စွာဘုရား၏ သာသနာကို စောင့်ရှောက်ကုန်လျက် ဒါနစသော ကောင်းမှုတို့ကို ပြုကြလျက် အသက် ၏ အဆုံး၌ နတ်ပြည်ဘုံ၌ ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့ ရှေးအခါကလည်း ဘုရား အလောင်းဖြစ်စဉ် ကာလ၌ ငါဘုရားသည် ဤကဲ့သို့ဥစ္စာပစ္စည်း, သား မယား အသက်တို့ကို စွန့်လှူတ်ခဲ့သည်မှာ အံ့ဩဘွယ်ရာ ဖြစ်ခဲ့၏ဟု မိန့် တော်မူ၍ ဇာတ်ကိုပေါင်းရန် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

## ဇာတ်တော် ပေါင်းခဏ်း

၃၇–၄၅။ ထိုအခါ ယုတ်မာသော မိစ္ဆာအယူရှိသော ပုရောဟိတ်ပုဏ္ဏား သည် ယခုအခါ၌ ရှိ၍ ဖြစ်ရသော ဒေဝဒတ်ဖြစ်လာ၏။ ထိုအခါ တုလက၏ ဘခင် သုဇာတပုဏ္ဏားသည် ယခုအခါ ငါ၏ဘခမည်းတော် သုဒ္ဓေါဒနေ မင်းမြတ်ဖြစ်လာ၏။ ထိုအခါ တုလက၏မိခင် သုဇာတာပုဏ္ဏေးမသည် ယခု အခါ ငါ၏မယ်တော် မဟာမယာဖြစ်လာ၏။ တုလက၏ မယား သမ္ဘာရာ ပုဏ္ဏေးမသည်ယခုအခါ လှပသောရာဟုလာမယ်တော်ယသော်ဓရာဖြစ်လာ၏၊ ထိုအခါ တုလက၏သား သုဝစမည်သော သားသည် ယခုအခါ အခြား သူမဟုတ်၊ ငါဘုရား၏ရင်သွေး ရာဟုလာဖြစ်၏။ စိန္တတိုင်း၌ လူတို့ကို အစိုးရသော စိန္တမည်သော ထိုမင်းသည် ယခုအခါ ငါဘုရား၏ အလုပ် အကျွေး ရှင်အာနန္ဒာ ဖြစ်လာ၏၊ မင်း၏အမတ်စသော မြို့သူမြို့သား ပရိသတ် အပေါင်းတို့သည် ယခုအခါ သာသနာကို ပြည့်စုံစေရေး၊ အလုပ်အကျွေး ပြုကြသော ငါဘုရား ပရိသတ်တို့ ဖြစ်လာကြ၏။

အလှူဒါနနှင့် မွေ့လျော်သော တုလကပဏ္ဍိတ ပုဏ္ဏားလုလင်သည်ကား ယခုအခါ လူသုံးပါးတို့၏ ကိုးကွယ်အားထားရာ သစ္စာလေးပါး တရားသိမြင် ငါဘုရားသခင်ဖြစ်လာသည်။ သင်တို့သည် ချမ်းသာသုခကို ပေးစွမ်းနိုင်သော ဆုမွန်ကောင်းကို အမြဲတောင်းကြကုန်လျက် အလှူနှိုရှိသေသောစိတ်ဖြင့် ဤသို့ ဇာတ်ကို ပေါင်းကြကုန်။

နှစ်ခုမြောက်သော တုလကပဏ္ဍိတဇာတ်ပြီး၏။

---

# ၃-သမ္မာဇိဝကုမာရဇာတ်

[မိဘနှစ်ပါးကို လုပ်ကျွေးထိုက်ကြောင်း ယင်းသို့လုပ်ကျွေးခြင်းသည် ဘုရားရှင်တို့၏ လမ်းစဉ် ရှေးသူတော်ကောင်းတို့၏ လမ်းစဉ်ဖြစ်ကြောင်း ဟောကြားတော်မူသော သမ္မာဇိဝကုမာရဝတ္ထု]

မြတ်စွာဘုရားသည် ဥဒ္ဒရိဿာမိ တေ သီသံ အစရှိသော တရားဒေသနာကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိဘကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့ဦးအံ့။ ရဟန်းတပါးသည် သူတပါးတို့၏ အိမ်တခါးဝအနီး၌ ဆွမ်းခံ လှည့်လည်လျက် ဆွမ်းရသောအခါ မိမိ၏ မိဘ ၂-ပါးတို့ကို ကျွေးမွေး၍ မိမိမူကား ကြွင်းကျန်သမျှကိုသာ စားသုံး၏။ ထိုရဟန်းသည် ထိုအခါမှစ၍ မိမိ၏ မိဘ ၂ ပါးတို့ကို လုပ်ကျွေးလျက် စာရေးတံမဲချ၍ လှူသောဆွမ်း, ဝါဆိုသံဃာအား လှူသောဆွမ်း ထိုမှတပါး အခြားသော ဝတ္ထုပစ္စည်းများရလျှင် ထိုမိဘတို့အားသာပေး၏။ နောက်အဖို့၌ ထိုရဟန်းသည် မိမိ၏ မိဘတို့ကို လုပ်ကျွေးလျက် များစွာ လုံ့လဥဿာဟပြုရသောကြောင့် တဖြေးဖြေးပိန်ချုံးလာပြီး အကြောပြိုင်းပြိုင်းထသော ခန္ဓာကိုယ်ဖြစ်လာ၏။ ထိုရဟန်း၏ မိတ်ဆွေရဟန်းများသည် ထို မိဘလုပ်ကျွေးသော ရဟန်းကို-

"ငါ့ရှင်၊ သင်၏ ခန္ဓာကိုယ်သည် ရှေးအခါက ဝဖြိုးတင့်တယ်၏၊ ယခုအခါ သင်သည် ပိန်ချုံးလာပြီး အကြောပြိုင်းပြိုင်းထသော ခန္ဓာကိုယ်ဖြစ်လာ၏၊ အသို့နည်း သင့်မှာ အဖျားအနာ ရောဂါတစုံတရာ ရှိပါသလော"ဟု မေးမြန်းကြကုန်၏။ မိတ်ဆွေရဟန်းတို့၏စကားကို ကြားရသောအခါ မိဘကို လုပ်ကျွေး ပြုစုရသောကြောင့် ပိန်ချုံးလာရပုံကို ရဟန်းတို့အား ပြောကြားလေ၏။ ထိုရဟန်းတို့သည် မိဘလုပ်ကျွေးသော ရဟန်းအား ကဲ့ရဲ့ရှုတ်ချကြကုန်၏။

"ငါ့ရှင်၊ သင်သည် အဘယ့်ကြောင့် သဒ္ဓါ၍ လှူသော ဆွမ်း စသော ဝတ္ထုတို့ကို လူတို့အားပေးလျက် မသင့်သည်ကို ပြုဘိသနည်း၊ ငါ့ရှင်၊ မြတ်စွာဘုရားသည် သဒ္ဓါ၍ လှူသော ဆွမ်း စသော ဝတ္ထုကို လူတို့အား ပေးကမ်းခြင်း၌ သိက္ခာပုဒ်ကို ပညတ်ထားသည်မဟုတ်ပါလော" ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြကုန်၏။ မိဘလုပ်ကျွေးသောရဟန်းသည် ရှက်သည်ဖြစ်၍ မှိုင်တွေငေးမောလျက် ကျောင်း၌ ချန်ရစ်နေခဲ့၏။ ရဟန်းတို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းအားခေါ်လျက်-

ရဟန်း၊ သင်သည် လူတို့ကိုကျွေးမွေး၏ဟု ငါဘုရားကြားရရာ ကြားသည့်အတိုင်း မှန်သလောဟု မေးတော်မူသောအခါ "မြတ်စွာဘုရား မှန်ပါ၏"ဟု လျှောက်လျှင် "ရဟန်းသင်နှင့် ဆွေမျိုး တော်စပ်သလား မတော်စပ်ဘူးလားဟု ထပ်၍မေးရာ "မြတ်စွာဘုရား တပည့်တော်၏ မိဘနှစ်ပါး ဖြစ်ပါသည်"ဟု လျှောက်ထားလျှင် "ရဟန်း ကောင်းပေစွ၊ ကောင်းပေစွ သင်သည် ငါ၏သွားရာလမ်းအတိုင်း လိုက်သူဖြစ်၏။ရဟန်း အမိအဖကို လုပ်ကျွေးခြင်းမည်သည် သူတော်ကောင်းတို့၏ အဆက်အနွယ် သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်း ဖြစ်ပေ၏။ ရှေးပညာရှိတို့သည် မိဘတို့အတွက် အသက်ကိုပင် စွန့်လွှတ်ခဲ့ဘူးကုန်ပြီဟု မိန့်တော်မူပြီး ဆိတ်ဆိတ် နေတော်မူရာ ရဟန်းများက တောင်းပန်သောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ် ဆောင်တော်မူခြင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဗာရာဏသီပြည် သူဆင်းရဲအမျိုး၌ ဖြစ်၍၊ ဘုရားလောင်းသည် ကြီးပြင်းလာသောအခါ အခစားသူရင်းငှါး အလုပ်ကို လုပ်လျက် ကောင်းသော အသက်မွေးခြင်းဖြင့် အမိအဖတို့ကို လုပ်ကျွေး၏။ ထို့ကြောင့် ဘုရားလောင်း၏ မိခင်ဖခင်တို့သည် ဘုရားလောင်းအား သမ္မာဇိဝ သတို့သားဟု အမည်မှည့်ကြကုန်၏။ ထိုသမ္မာဇိဝ သတို့သားသည် အရွယ်ရောက်လတ်သော် အဆင်းလှ၏၊ ကြည့်ရှုချင်ဘွယ် ရှိ၏၊ ကောင်းမှုကုသိုလ်တို့၌ မွေ့လျော်၏၊ သမ္မာအာဇိဝ(ကောင်းသော အသက်မွေးခြင်း)ဖြင့် အသက်မွေးခြင်းကိုပြုလျက် မိဘတို့ကိုလုပ်ကျွေး၏။ နောက်အဖို့၌ သမ္မာဇိဝသတို့သား၏ ဘခင်သည် ကွယ်လွန်လေ၏။ သမ္မာ ဇိဝသတို့သားသည် ဘခင်သေသည်ကိုမြင်၍ ငိုကြွေး မြည်တမ်းလျက် ရှေးဦးစွာဂါထာကို ဆို၏။

၁။ အို ဘခင်၊ သင်၏ဦးခေါင်းကို ကျွန်ုပ် ချီမပါအံ့၊ တဦးတည်း သောသားကို အသင်သည် အဘယ်ကြောင့် စွန့်ခွါသွားပါ သနည်း၊ ကျွန်ုပ်သည် အိမ်၌ မိခင်နှင့်အတူ အဘယ်သို့ ပြုရပါ အံ့နည်း။

ဤသို့ငိုကြွေး မြည်တမ်းလျက် တဖန်ဘခင်၏ အလောင်းကိုပွေ့ဘက်၍ ငါ၏ဘခင် သေဆုံးပြီဟု သနားစဖွယ်ငိုကာ ဤဂါထာတို့ကို ဆို၏။

၂-၅။ အို ဘခင် သင်နှင့်သေကွဲ ကွဲရခြင်းသည် စိတ်ချမ်းမြေ့စရာကြီး ပါလော၊ မိခင်နှင့် ကျွန်ုပ်ကို ခွဲခွါ၍သင်သွားခဲ့လေပြီ၊ အဘယ် ကြောင့် ကျွန်ုပ်တို့နှစ်ဦးကို စွန့်ခွါသွားပါသနည်း။ အို ဘခင် လက်အုပ်ချီ၍ ဘခင်၏ခြေတို့ကို ရှိခိုးလိုက်ပါ၏၊ အပြစ်ရှိလျှင် ကျွန်ုပ်အား သနားသဖြင့် ခွင့်လွှတ် သည်းခံပါလော၊ ကျွန်ုပ် ဦးခေါင်းကမလျှင် ခြေကဘယ်သူ မပါအံ့နည်း၊ ခြေကကျွန်ုပ်မှ သောအခါ ခေါင်းကမည်သူ မပါအံ့နည်း။ ဤအရပ်၌သင်၏

အလောင်းကောင်ကိုမီးသင်္ဂြိုဟ်ရန်အသို ပြုရပါအံ့နည်း၊ဤအရပ်သို့
လာ၍ ငါ၏ဘခင်အား အဘယ်သူသည် မီးသင်္ဂြိုဟ်ပါအံ့နည်း။

ဤသို့ ငိုကြွေးလျက် ဘခင်၏အလောင်းကောင်ကို မ၍သုသာန်၌ ထင်းပုံကိုပြု၍ ထင်းပုံ၌ထားကာ မီးသင်္ဂြိုဟ်လေ၏။ ဤသို့ဘခင်၏အလောင်းကို မီးသင်္ဂြိုဟ်ပြီးနောက် မိခင်ထံသို့လာ၍ မိခင်နှင့်စကားပြောဆို လိုရကား ဤဂါထာကိုဆို၏။

၆။ အို မိခင် တမလွန်ဘဝ၌ ကျွန်ုပ်၏ဘခင် ချမ်းသာစေရန်အတွက်
စွမ်းအားရှိသမျှ ကုသိုလ်ကောင်းမှုကို ကျွန်ုပ်သည် အမြဲပြုပါအံ့။

ထိုအခါဘုရားလောင်းသည် မိခင်ထံ၌နေလျက် ကောင်းသောအသက် မွေးခြင်းဖြင့် မိခင်ကိုလုပ်ကျွေး၏။ တနေ့သ၌ ဘုရားလောင်းသည် မိခင် ကိုလုပ်ကျွေးရန်အတွက် လယ်ထွန်သောအလုပ်ကို တောင့်တလျက် ပစ္စည်း ဥစ္စာ ကြွယ်ဝသောအမျိုးအိမ်သို့ ချဉ်းကပ်၍ သူရင်းငှါးအခစား အလုပ်ကို တောင်းလိုရကား ဤဂါထာကို ဆို၏။

၇။ အို အရှင် ကျွန်ုပ်သည် သင်တို့၏ အမှုကိစ္စလုပ်ငန်းအဝဝကို ပြုလုပ်
လိုပါ၏၊ ထိုသို့ပြုလုပ်သဖြင့် အဘိုးအခကို ရပါလတံ့။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် ချမ်းသာကြွယ်ဝသော အိမ်၌ အခစားအလုပ်ကိုလုပ်၍ မိခင်ကို ကျွေးမွေး၏၊ ထိုအခါ ဗာရာဏသီပြည်၌ နေသော သူဌေးကြီးတဦးသည် အလုပ်လုပ်သည့်အခါ၌ လုံ့လဝီရိယ ရှိလှ သော ဘုရားလောင်းကိုတွေ့၍ မိမိအိမ်၌ အလုပ်လုပ်ရန်အတွက် တိုက်တွန်း ပြောဆိုလျက် ဤဂါထာကိုဆို၏။

၈။ အမောင်လုလင် သင်သည် ငါ၏အိမ်၌နေ၍ အမှုကိစ္စ အဝဝကို
ပြုလုပ်ရန် ငါခွင့်ပေး၏၊ သင့်အားရင်း သင့်မိခင်အားရင်း စားနပ်
ရိက္ခာ အဖိုးအခကို ပေးပါအံ့။

## မြေကိုက်၍ မိခင်ကွယ်လွန်ပြန်ခြင်း

ဗာရာဏသီ သူဌေးသည် မိမိထံ၌ ဘုရားလောင်းကို နေစေလျက် "အမောင်လုလင် သင်သည် ငါ၏ထံ၌ ချမ်းသာသလို အသက်မွေးပါ

လော့'' ဟု ပြောဆိုသောအခါ ဘုရားလောင်းသည် ''ကောင်းပါပြီ သူဌေးကြီး''ဟု ဝန်ခံပြီး ထိုအိမ်၌ပင် လယ်လုပ်ငန်း အဝဝကို ပြုလုပ်၍ မိမိရသမျှ အဖိုးအခတို့ကိုယူ၍ သူဌေးကြီးအား ပန်ကြားပြောဆိုလျက် မိခင်ထံသွား၍ ''အို မိခင် သင်သည် ဤဥစ္စာပစ္စည်းဖြင့် မိမိ၏အသက်ကို မွေးမြူ ပါလော့''ဟု ဆိုကာ မိခင်အား ကျွေးမွေးပြုစု၏၊ နောက်အခါ၌ လယ်၌ ကောက်ပင်စပါးတို့သည် မှည့်ကုန်၏၊ ထိုအခါ ဘုရားလောင်းသည် လယ်ကိုစောင့်ရန် လယ်တဲတခုဆောက်၍ မိခင်ထံသွားကာ အို မိခင် ကျွန်ုပ်တို့၏လယ်၌ စပါးတို့သည် မှည့်ကုန်ပြီ၊ လယ်ကိုစောင့်ရန် ကျွန်ုပ်နှင့် အတူ နေပါဟု ဆိုသဖြင့် မိခင်လည်း သားနှင့်အတူ လယ်တဲ၌ နေလေ၏။

ထိုအခါ ဘုရားလောင်းသည် ရေနွေး, ယာဂု, ဆန်ပြုတ်, ထမင်းချက်ခြင်း စသည်တို့ကို ပြုလုပ်လျက် မိခင်ကို လုပ်ကျွေး၏၊ တနေ့သ၌ ဘုရားလောင်းသည် ရေမိုးချိုးကာ ကိုယ်လက်သုတ်သင်ပြီး မိခင်အား ရေနွေးဖြင့် ရေချိုးစေပြီး ယာဂု ထမင်းရေ စသည် အပြည့်အစုံ ပြုလုပ်ပေးပြီးနောက် ကောက်ရိတ်ရန်အတွက် မိခင်ကို ''အို မိခင် ဤလယ်တဲမှ အပြင်သို့ မထွက်ပါလင့်''ဟု ပြောကာ မိခင်အား ရှိခိုးပြီး လယ်သို့ဝင်၍ ကောက်ရိတ်၏၊ ထိုအခါ ဘုရားလောင်းမိခင် နေသော လယ်တဲ၏ မနီးမဝေး၌ တောင်ပို့တခုရှိ၏၊ ထိုတောင်ပို့၌ အဆိပ်ပြင်းသော မြွေတကောင်နေ၏၊ မြွေသည် အစာရှာရန် ထွက်လာသောအခါ ဘုရားလောင်း မိခင်နေရာ အနီး၌ရပ်လေ၏၊ ထိုအချိန်၌ မိခင်သည် အိပ်ပျော်နေသဖြင့် ခြေကို ဆန့်လိုက်ရာ မြွေသည် မိခင်၏ခြေကို ကိုက်လေ၏၊ မိခင်သည် နိုးလာသောအခါ မြွေဆိပ်၏ အရှိန်ကြောင့် ရပ်တည်ခြင်းငှါ မတတ်နိုင်ဘဲ မနေနိုင် မထိုင်နိုင်ဖြစ်ကာ သားကိုရည်၍ ငိုကြွေးမြည်တမ်းလျက် ဤဂါထာ၂-ပုဒ်တို့ ဆို၏။

၉-၁၀။ ချစ်လှစွာသောသား သင်သည် မိခင်အား ချစ်ခင်လှပါ၏၊ ငါ၏ မျက်လုံးနှင့် နှလုံးသားတို့ ပူလောင်လှပါ၏၊ မြန်မြန်လာပါချစ်သား၊ အို ချစ်သား ငါသည် မြွေကိုက်ခံရသဖြင့် မြွေဆိပ်ကြောင့် မချိ မဆန့် ဖြစ်နေပါပြီ၊ သင်နှင့် ကင်းကွာ အားထားရာမဲ့ သေရ တော့မည် ဖြစ်ပါ၏။

ဤသို့ငိုကြွေးလျက် "အကယ်၍ ငါ့သားလာသောအခါ သေနေသော မိခင်ကို မြင်ရလျှင် အကြီးအကျယ် ဆင်းရဲဒုက္ခ ဖြစ်ရလတံ့" ဟု ငိုမြည်တမ်းပြီး ထိုနေရာ၌ပင် လူးလှိမ့်လျက် သေလေ၏၊ ထိုမိခင်၏ ငိုကြွေးမြည်တမ်းသော အသံကိုကြားသဖြင့် မြွေသည် ကြောက်လန့်ထွက်ပြေး၍ ကောက်ရိုးပုံကခုံ၌ ပုန်းအောင်းနေ၏၊ ထိုအခါ ဘုရားလောင်းသည် နေထွက်ချိန်၌ မိခင်ကို လုပ်ကျွေးရန်အတွက် ကောင်ပင်အစည်း ကောက်လှိုင်းကို ခေါင်းပေါ်တင်၍ လယ်တဲသို့ဝင်၍ တံခါးကိုဖွင့်ပြီး ခုတင်ပေါ်၌ မိခင်အိပ်နေသည်ကို မြင်သဖြင့် လက်ဖြင့် မိခင်၏ ခြေတို့ကို ဆုတ်နယ်၍ အသက်ရှုရပ်နေသည်ကိုရင်း, ခန္ဓာကိုယ် ညိုမဲနေသည်ကိုရင်း မြင်ရသဖြင့် "စင်စစ် ငါ့မိခင်အား မြွေကိုက်၍ သေခြင်းဖြစ်မည်"ဟု ဒုတ်ကိုဆွဲကာ ထိုထိုဤဤရှာဖွေသောအခါ ကောက်ရိုးပုံ၌ မြွေကိုတွေ့လေ၏။

ဘုရားလောင်းသည် မြွေကိုတွေ့သောအခါ ယခု ငါသည် ဤမြွေကို သတ်လိုက်လျှင် မိခင်ကား ပြန်၍ရှင်လာမည်မဟုတ်၊ ငါ့မှာသာ သီလ ပျက်စီးတော့မည်ဟု ကြံလျက် မြွေကို "အို အဆိပ်ပြင်းသောမြွေ သင်သည် ငါ၏ မိခင်ကို ကိုက်သတ်ခဲ့ပြီ သင့်အပြစ်ကို ငါသည်းခံ၏၊ သင့်အသက်ကို ငါ ချမ်းသာပေးသလို ငါ့မိခင်လည်း အသက် ချမ်းသာပါစေ၊ သင် အလိုရှိရာသို့သွားနိုင်ပြီ" ဟု ဆိုကာ မိခင်ထံသွားကာ သနားစဖွယ် ငိုကြွေးလျက် ဤဂါထာကို ဆိုလေ၏။

၁၁။ အို မိခင် မိခင်ချစ်သောသား မိခင်ထံ ရောက်လာပါပြီ၊ ရှေးကကဲ့သို့ ထ,၍ ချစ်လှစွာသောသားဟု ကျွန်ုပ်ကို ခေါ်ပါဦးလား အို မိခင်။

ဤသို့ငိုကြွေးပြီး မိခင်၏ အနီး၌နေလျက် "အို မိခင် ကျွန်ုပ်မှာ အပြစ်ရှိလျှင် သည်းခံခွင့်လွှတ်ပါ" ဟု ဆိုပြီး ငိုကြွေး မြည်တမ်းလျက် ဤဂါထာတို့ကိုဆို၏။

၁၂-၁၇။ အိုမိခင် မမြဲသောအနိစ္စတရားသည် သင့်အားရင်း၊ ကျွန်ုပ်အားရင်း၊ ဆိုက်ရောက်လာပါပြီ၊ သင်သည် ကျွန်ုပ်နှင့် ခွဲခွာ

ရပြီ၊ အဘယ့်ကြောင့် ကျွန်ုပ်ကို စွန့်လွှတ်သွားပါသနည်း၊ ညဉ့်အခါ လူသူမရှိ ကြောက်စရာ ကောင်းလှသော ဤလယ်တဲ့အရပ်၌ သင်၏ကိစ္စကို ကျွန်ုပ် အသို့ပြုလုပ်ရပါမည်နည်း၊ သင်မိခင်၏ဦးခေါင်းကို ကျွန်ုပ်မလျှင် ခြေက ဘယ်သူမ ပါမည်နည်း၊ ခြေကို ကျွန်ုပ်မလျှင် ဦးခေါင်းက မည်သူမပါမည်နည်း၊ အို မိခင် ကျွန်ုပ် ဤအရပ်၌ အဘယ်သို့ ပြုလုပ်ရပါမည်နည်း၊ မိခင် သင်ကား သေခြင်းသို့ရောက်ခဲ့ပြီ၊ သင့် အလောင်းကို အဘယ်သို့ သင်္ဂြိုဟ်ရပါမည်နည်း၊ တန်ခိုးကြီးသော အဘယ် နတ် လူ ဘီလူး တဦးဦးသည် ငါ့ကို ဤဆင်းရဲဒုက္ခမှ လွတ်မြောက် စေပါမည်နည်း၊ ထိုနတ်လူဘီလူးတဦးဦးသည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်ပါလော့၊ ဤအရပ်ဒေသ ကောင်းကင်၌တည်သော နတ်များ၊ မြေအပြင်၌တည်သော နတ်များအားလုံးတို့သည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်ကြပါကုန်၊ အို မိခင် သင့်အလောင်းကို ကျွန်ုပ် အသို့ပြုလုပ်ရပါမည်နည်း။

## လူ၏နှလုံးကို ပေးနိုင်လျှင် သင့်မိခင် အသက်ရှင်လတ္တံ့

ထိုခဏ၌ သိကြားမင်း၏ဘုံဗိမာန်သည် ပူသော အခြင်းအရာကိုပြ၏။ သိကြားမင်းသည် ဤဂါထာကိုဆို၏။

၁၀။ အလှူပေးခြင်း မြတ်သောအကျင့်ကိုကျင့်ခြင်း စသည့် ကုသိုလ်ကောင်းမှုကို အဘယ်နတ်လူသည် ပြုလုပ်ပါသနည်း။ ထိုသူသည် ကျွန်ုပ်ကို မိမိနေရာမှ (ဖယ်ရှားရေးအတွက်) တုန်လှုပ်စေဘိ၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ မိမိကိုယ်ကို ပုဏ္ဏားအသွင် ဖန်ဆင်းလျက် မျက်စိလယ် လမ်းမှားခရီးသွား ယောကျ်ားကဲ့သို့ ဘုရားလောင်း၏ လယ်တဲ့အနီးသို့ သွား၍ "အမောင် ယောကျ်ား၊ ဗာရာဏသီပြည်သို့သွားရာလမ်းကို ကျွန်ုပ်အား ပြောကြားပါ" ဟု ဆို၏။ သင် အဘယ့်ကြောင့် ဤအရပ်သို့လာသနည်းဟု ဘုရားလောင်းက ဆိုသောအခါ မျက်စိလည် လမ်းမှား၍ ရောက်လာပါသည်ဟု ပုဏ္ဏားက

## ခေတ်မှီ ဇင်းမယ်ပဏ္ဏာသဝတ္ထုတော်ကြီး

ပြောလေရာ "ဤလမ်းသည် ဗာရာဏသီသို့သွားသောလမ်း ဖြစ်၏" ဟု ဘုရားလောင်းက လမ်းကို ညွှန်ပြလေလျှင် "အမောင်ယောကျ်ား သင်ကား ဤအရပ်၌ ဘာလာလုပ်နေပါသနည်း ဟု ပုဏ္ဏားက မေးသောကြောင့် အို ပုဏ္ဏား၊ ကျွန်ုပ်မိခင်သည် မြွေကိုက်၍ သေပါပြီ၊ ကျွန်ုပ်သည် စိုးရိမ်ပူဆွေး ငိုကြွေးလျက် ဤအရပ်၌ နေပါသည်ဟု ဘုရားလောင်းက ပြောပြီးနောက် ပုဏ္ဏားတို့မည်သည် အမျိုးမျိုးသောဂါထာမန္တန်လို တတ်သိကြ၏။ ယခု ပုဏ္ဏားကိုမေးအံ့ဟု ကြံ၍ ဂါထာကိုဆို၏။

၁၉။ အို ပုဏ္ဏား သင်သည် သေသောသူ အသက်ရှင်စေသည့် မန္တန်နှင့် ဆေးဝါးကို တတ်သိပါသလား၊ ကျွန်ုပ် မိခင်အား သနားသောအားဖြင့် မန္တန်နှင့် ဆေးကိုပေးပါလော့။

ပုဏ္ဏားသည် "အို လုလင် ယောကျ်ား ငါသည် မန္တန်ကို တတ်ပါ၏၊ သို့သော် ဆေး မရှိပါ၊ အကယ်၍ သင်သည် လူ၏နှလုံးသားကို ပေးနိုင်လျှင် မန္တန်ဖြင့် အသဲနှလုံးကို ဆေးဖော်၍ သင့်မိခင်အား အမြဲအသက်ရှင်လာစေပါအံ့ဟု ဆိုသောအခါ ဘုရားလောင်းသည် "အို ပုဏ္ဏား ဦးခေါင်း မျက်လုံး, အသဲနှလုံး, အဆွေး ဘာကို လိုပါသနည်း လိုရာကို ပေးပါအံ့" ဟု ဆိုလေလျှင် ပုဏ္ဏားက နှလုံးကို ပေးပါဟု ဆိုလေ၏၊ ထိုအခါ ဘုရားလောင်းသည် မိမိ၏ အသဲနှလုံးကို ဖေါက်ခွဲရန် ဓားငယ်ကို ရှာဖွေလျက် ကောင်းကင်ကို ကြည့်၍ ဤဂါထာကို ဆို၏။

၂၀။ ဤအရပ်၌ ရှိကြကုန်သော အိုနတ်အပေါင်းတို့ ကျွန်ုပ်ကို သနားသဖြင့် အကျွန်ုပ်အား ဓားငယ်ကို ချပေးကြပါကုန်။

### သမ္ဗဇာဝကုမာရသည် မိမိ၏ နှလုံးသားဖြင့် မိခင်အသက်ကို ကယ်အံ့ဟု

ထိုခဏ၌ပင် ဘုရားလောင်း၏ မိခင်ကို လုပ်ကျွေးသော ကျေးဇူးအာနုဘော်ကြောင့် ကောင်းကင်၌ တည်သော နတ်များက ရတနာအမျိုးမျိုးဖြင့် သန်းကြယ်သော ကိုးဖြင့် ဓားငယ် တချောင်းကို ချိ၍ ကောင်း

ကင်မှ ချလျက် ဘုရားလောင်း ရှေ့မှောက်၌ ထားလေ၏၊ ဘုရားလောင်းသည် ခေါင်းငယ်ကို လက်ဖြင့် ကိုင်လျက် "အို နတ်အပေါင်းတို့ ကျွန်ုပ်၏ ဤ အသဲနှလုံး အလှူကြောင့် စကြဝတေးစည်းစိမ် စသည်ကို မတောင့်တပါ စင်စစ် သော်ကား အသဲနှလုံး ဟူသော ဤ အလှူမြတ်သည် သဗ္ဗညုတဉာဏ်၏ အထောက် အပံ့ ဖြစ်ပါစေ သတည်း"ဟု ဆို၏၊ ဤသို့ ဆိုပြီးနောက် မိမိ၏ အသဲနှလုံး အလှူကို နတ်တို့အား ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုစေလိုရကား ဤဂါထာ ၃ ပုဒ်ကို ဆို၏။

၂၁-၂၂-၂၃။ ဤ အရပ်သို့ ရောက်လာ ကုန်သော အို နတ်အပေါင်းတို့ ကျွန်ုပ်၏ အသဲနှလုံး အလှူကို ဝမ်းမြောက်နှမော် သာဓုခေါ် ကြပါရန်၊ ပုဏ္ဏားအား ကျွန်ုပ်ပေးသော အသဲနှလုံးသည် မိခင် အတွက် ဖြစ်ပါစေ၊ ကျွန်ုပ် ပေးသော အသဲနှလုံးသည် မိခင်အတွက် ဖြစ်ပါစေ၊ သဗ္ဗညုတဉာဏ်အတွက် လှူသော ဤအလှူသည် အကျိုးကြီးလှ ပါ၏၊ ဤအလှူကို စကြဝတေး စည်းစိမ် စသည်ကို တောင့်တ၍ ပေးလှူသည် မဟုတ်ပါ သဗ္ဗညုတ ဉာဏ်ကို ကျွန်ုပ် ချစ်မြတ်နိုးသောကြောင့် ဤအလှူကို ပေးလှူပါ၏၊ ကျွန်ုပ်၏ ဤအသဲနှ ုံး အလှူကို ဝမ်းမြောက်ဝမ်းသာ အနုမော ဒနာ ပြုကြပါကုန်လော့။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် မိမိ၏ရင်ကိုခွဲလို၍ ရှေဦးစွာ အဓိဋ္ဌာန်ပါရမီကို ဖြည့်လိုရကား "ယခု ငါသည် အသဲနှလုံးကိုခွဲအံ့၊ ဤ ခန္ဓာကိုယ်၌ အသွေးစသော စက်ဆုပ်စရာ အကျန်အကြွင်းတို့သည် ပြင်ပသို့ မထွက်ပါစေကုန်သတည်းဟု အဓိဋ္ဌာန်၍ စိတ်ကို မြဲမြံစွာထားလျက် ရင်ကိုခွဲပြီး အသဲနှလုံးကို ဖြတ်၍ ပုဏ္ဏား၏လက်၌ထား၏။

ပုဏ္ဏားသည် "ယောကျ်ားမြတ် သင့်မိခင်၏ အသက်ပြန်ရှင်ရေးအတွက် ကျွန်ုပ်တာဝန်ထားပါ၊ ယခု ငါ၏လက်မှ အသဲနှလုံးကိုယူ၍ သင့်မိခင်၏ မျက်နှာ၌ထားပါ၊ ငါသည်ကား ဤအသဲနှလုံးဖြင့် မန္တန်ကို မန်းမှုတ်ပါအံ့ဟု ဆိုသောအခါ ဘုရားလောင်းသည် အသဲနှလုံးကို ပုဏ္ဏားလက်မှ

ယူ၍ မိခင်၏ မျက်နှာပေါ်၌ထား၏၊ ထိုအခါ ပုဏ္ဏားသည် မိမိသိကြွားမင်း၏ အစွမ်းအာနုဘော်ဖြင့် အသဲနှလုံးကို ဝှက်ထားပြီး အမြိုက်ရေစင်ကို ယူ၍ သူ့သေ၏ကိုယ်ပေါ်၌ ဖျန်းပေး၏၊ ထိုအချိန်၌ ဘုရားလောင်း၏ မယ်တော်သည် အသက်ပြန်ဝင်လာပြီး အိပ်ပျော်ယောကျ်ား နိုးသောလားသို့ နေရာမှထ၍ ထိုင်လေ၏၊ ထိုအခါ ဘုရားလောင်းသည် ဝမ်းမြောက်စွာဖြင့် မိခင်ကိုရှိခိုးလျက် မိခင်အား ပြောကြားလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၂၄-၂၅။ အို မိခင်ကျွန်ုပ်သည် ကျွန်ုပ်၏အသဲနှလုံးသားကိုသင့်အား ပေးပါ၏၊ဤကောင်းမှုကြောင့် နောင်အခါ၌ဘုရားဖြစ်ရပါလို၏၊အို မိခင် ဤနေရာ၌ ယခုညဥ့်မှာပင် ကျွန်ုပ်သေသည်ကို သင်တွေ့ရပါလတ့်၊ သင်သည် ကျွန်ုပ်ကို မမြင်ခြင်းကြောင့် ငိုကြွေးမြည်တမ်း ရပါအံ့၊

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် ထိုနေရာ၌ပင် လဲကျသေဆုံး၏၊ ထိုအခါမိခင်သည် မိမိ၏ ချစ်လှစွာသောသား သေသည်ကို မြင်ရ၍ ငိုကြွေးမြည်တမ်းကာ ဤဂါထာတို့ကို ဆို၏။

၂၆-၃၄။ ချစ်လှစွာသောသား၊ ငါ့အား ချစ်လှစွာသောသားကို ရခဲ့၏၊ ဤအရပ်၌ သင့်ဖခင်လည်းမရှိ၊ ငါအသို့ပြုရပါမည်နည်း၊ ဤနေရာ၌ ဆာလောင်မွတ်သိတ်လျှင် အာဟာရကို အဘယ်သူ ယူဆောင်၍ ပေးပါမည်နည်း၊ ငါ့အတွက် ကုသိုလ်ကောင်းမှု အဘယ်သူပြုပါမည်နည်း၊ သင်သည် ငါ၏အားထားရာ ဖြစ်ခဲ့၏၊ ငါသည် ဆင်းရဲဒုက္ခ ရောက်ရပြီ၊ ငါ၏ဆင်းရဲဒုက္ခကို အဘယ်သူသည် ပယ်ဖျောက် ပေးနိုင်ပါမည်နည်း။ သမ္ဘာဇိဝမည်သော ချစ်လှစွာသောသား သင်သည် မိဘကျေးဇူးကို သိ၏၊ ကြည်ကြည်ငြိမ်သက်၏၊ ငါ့ထံသို့ ချဉ်းကပ်၍ ငါ့အတွက် ကုသိုလ်ကောင်းမှုကို ပြုပါဦးလော့၊ အို ချစ်လှစွာသောသား ငါ့အတွက် ကုသိုလ်ကောင်းမှုပြု၍ ဆင်းရဲဒုက္ခရောက်နေသော ငါ့ကို ဆင်းရဲဒုက္ခမှ သင်သည် လွတ်မြောက်စေခဲ့၏၊ ငါသည် သင့်အားဆင်းရဲဒုက္ခမှ ကင်းလွတ်စေပါအံ့၊ တယောက်သည်း အထီးကျန်ဖြစ်သော ငါသည် နေ့ရောညဥ့်ပါ နာကြင်

စွာ ခံစားရပြီး မြစ်ရေမျှမက မျက်ရည်များပင် ခန်းခြောက်ပါလတံ့၊ အထီးကျန် ဖြစ်သောငါသည် သား၏ သောကဖြင့် ငိုကြွေးရသောကြောင့် မြစ်ရေများမရှိဘဲ ခန်းခြောက်သကဲ့သို့ မျက်ရေများ ကုန်ခန်းခြောက်သွေ့ ပါလတံ့၊ အားထားရာမဲ့ ဆင်းရဲရောက်နေသောငါသည် သားသေသည်ကို မြင်ရ၍ တယောက်ထည်း အဘယ်သို့ အသက်ရှင်နေရပါမည်နည်း၊ အို ချစ်လှစွာသော သား၊ ဆင်းရဲဒုက္ခသို့ရောက်ပြီး အထီးကျန်ဖြစ်သောငါသည် သားမရှိဘဲ တယောက်ထဲ အဘယ်သို့ အသက်ရှင် နေနိုင်ပါမည်နည်း။

## မိခင်ကတဲဖန် သစ္စာဆိုပြန်

ဤသို့ငိုကြွေးလျက် ရှေးပညာရှိ သူတော်ကောင်းတို့သည် မိမိတို့ကိုယ်တိုင် သစ္စာဆို၍ သူတပါးတို့၏ အသက်ကို ပေးလှူကြကုန်၏။ ငါသည်လည်း သစ္စာပြုရလျှင် ကောင်းလေစွဟု မိခင်သည် ကြံစည်၍ အရှေ့အရပ်ဘက်သို့ မျက်နှာမူလျက် လက်အုပ်ချီကာ သစ္စာပြုလိုရကား ဤဂါထာတို့ကို ဆိုလေ၏။

၃၅-၄၀။ ငါသည် အကြင်အခါမှစ၍ မိမိကိုယ်ကို အောက်မေ့သတိရ၏။ သိကြား လိမ္မာ၏၊ ထိုအခါမှစ၍ ပိုးရွခြပုန်းမျှကိုလည်း ငါသည် မသတ်ဖူးပါ။ ငါသည် သိတတ်သည့် အရွယ်မှစ၍ အရှင်မပေးသော သူ့ဥစ္စာကို တချင်ရွေးမျှ (တပြားသားမျှ) မယူဘူးပါ၊ငါသည် သူ့များ လင်သားအပေါ်၌ မပြစ်မှား မကျူးလွန်ဘူးပါ၊ မဟုတ်မမှန် မုသားစကား မပြောဘူးပါ၊ သေရည်သေရက်ကို လုံးဝ မသောက်ဘူးပါ၊ ငါ၏ သီလသည်စင်ကြယ်ပါ၏၊ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ၏သားသည် ယနေ့ အသက်ရှင်ပါစေသတည်း၊ ငါ၏ သားသည် ငါ့အား အသဲနှလုံးကိုပေး၏။ မကောင်းမှုတို့မှ စင်ကြယ်၏၊ လောက၏ အကျိုးစီးပွားအတွက် မြတ်သော သမ္ဗောဓိဆုကို တောင်း၏။ ငါ၏ သားသည် အလှူပေးခြင်း၌ မွေ့လျော်၏၊ သီလတို့၌ ဖြည့်ကျင့်ခဲ့၏၊ ဤမှန်သော သစ္စာစကားကြောင့် ငါ၏ သားသည် ယနေ့ အသက်ရှင်ပါစေသတည်း။

မိခင်ကြီး သစ္စာဆိုပြီးသည်နှင့် တပြိုင်နက် သိကြားမင်းသည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် အမြိုက်ရေစင်ကိုယူ၍ ဘုရားလောင်း၏အလောင်း ကိုယ်ပေါ်၌ ရေကိုပက်ဖျန်း၏၊ ထိုအချိန်၌ ဘုရားလောင်းသည် အသက် ပြန်ရှင်လာပြီး ရောဂါကင်းကွာ ကျန်းမာစွာဖြင့် နေရာမှထ၍ ထိုင်၏။ ထိုအခါ မိခင်သည် သားအား ပွေ့ဖက်၍ ဦးခေါင်းကို နမ်းစုတ်လျက် ငါ့သား အသက်ရှင်လာပြီဟု နှစ်သက်ရွှင်လန်းစွာ ရပ်တည်လေ၏၊ ထို သားအမိ နှစ်ဦးတို့ ဝမ်းမြောက်ဝမ်းသာစွာ နေသည်ကိုမြင်၍ သိကြား မင်းသည် ပုဏ္ဏားအသွင်ကိုပယ်ဖျောက်ပြီး သိကြားမင်း အဖြစ်ဖြင့် ကိုယ် ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တက်သစ်စ, နေဝန်းပမာ ကောင်းကင်၌ ရပ်လျက် အားလုံးသော လယ်ပြင်နှင့် လယ်တဲတို့ကိုပါ အရောင်အဝါ ထိန်လင်းစေလျက် မိမိ၏ သိကြားမင်း အဖြစ်ကို ပြောကြားလိုရကား ဤဂါထာ ၂ ပုဒ်ကို ဆိုလေ၏။

၄၁-၄၂။ ငါသည်ကား နတ်တို့သနင်း သိကြားမင်း ဖြစ်၏။ သင်၏ ပါရမီကိုဖြည့်ရန်အတွက် သင့်ထံသို့လာပါ၏၊ မမေ့မလျော့လုံ့လ ကို အားထုတ်ကြိုးစားပါ၊ သင် တောင့်တသော သဗ္ဗညုတဉာဏ် ကို သင်ရပါလတ့်၊ နောင်အခါ၌ သင်သည် ဘုရားဖြစ်လတ့်။

ဤသို့ဆိုပြီး၍ ထိုသားအမိ နှစ်ဦးအား ဆုံးမဩဝါဒ ပေးလိုရကား ဤဂါထာတို့ကိုဆို၏။

၄၃-၄၇။ အို အမျိုးသမီး မိမိသားကိုချစ်လျှင် တရားကို ကျင့်ပါ လော့၊ တရားကိုကျင့်လျှင် နတ်ပြည်၌ ဖြစ်ရလတ့်၊ အို.... လုလင် ယောကျ်ား မိမိ၏ မိခင်ကိုချစ်လျှင် တရားကိုကျင့်ပါလော၊ တရားကို ကျင့်လျှင် နတ်ပြည်သို့ ရောက်လတ့်၊ ဤသို့ သင်တို့သားအမိ နှစ်ယောက် တို့သည် တရားကိုကျင့်ကြလျှင် ကောင်းစွာကျင့်သောတရားသည် ချမ်း သာသုခကို ရွက်ဆောင်နိုင်၏။ ဤသည်ကား ကောင်းစွာ ကျင့်သော တရား၏ အကျိုးအာနိသင်ပါတည်း၊ တရားကိုကျင့်သူသည် ဒုဂ္ဂတိဘဝ (မကောင်းသောသူတို့လားရာ) သို့ မကျရောက်နိုင်၊ သိကြား၊ စသော နတ်များ, အခြား နတ်များတို့သည် တရားတို့၌ ကောင်းစွာ ကျင့်ကြ သောကြောင့် နတ်ပြည်၌ဖြစ်ကြကုန်လျက် မြတ်သော စည်းစိမ်ချမ်းသာ

ကို ခံစားကြရကုန်၏။ အို သားအမိနှစ်ယောက်တို့ သင်တို့သည် မဒမ့မလျော့ကြကုန်လင့်၊ သင်တို့သည် တရားကို ဖြည့်ကျင့်ကြပြီးနောက် နတ်ပြည်သို့ သွားရောက်ကြရကုန်လတ့်။

ဤသို့ ထိုသားအမိ နှစ်ယောက်အား ဆုံးမဩဝါဒ ပေးပြီးနောက် သိကြားမင်းသည် မိမိနေရာဘုံဌာနသို့ ပြန်လေ၏၊ ထိုအကြောင်းကို ပြလိုရကား မြတ်စွာဘုရားသည် မိန့်တော်မူ၏။

၄၇။ ထိုသားအမိ နှစ်ယောက်တို့အား ဆုံးမဩဝါဒစကား ပြောကြားပြီးနောက် သုဇာနတ်သမီး၏ အရှင် သိကြားမင်းသည် မိမိနေရာနတ်ပြည်လောကသို့ ပြန်သွားလေပြီ။

ထိုအခါမှ စ၍ သားအမိနှစ်ဦးတို့သည် မဒမ့မလျော့ကြဘဲ သက်တမ်းအလျောက် နေကြပြီးနောက် ထိုဘဝမှ စုတေသေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူလျက် "ရဟန်းတို့ ဤသို့လျှင် ဧရှးပညာရှိတို့သည် မိဘတို့၏ အကျိုးအတွက် မိမိအသက်ကိုပင် စွန့်လွှတ်ခဲ့ကြကုန်ပြီ"ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းလိုရကား အဆုံးဖြစ်သော ဂါထာတို့ကို မိန့်တော်မူ၏။

**ဇာတ်တော်ပေါင်းခဏ်း**

၄၈-၅၃။ ထိုအခါ ဗာရာဏသီပြည်၌ နေသော ဥစ္စာပစ္စည်းကြွယ်ဝ၍ အခြံအရံပေါများသော ဤသူဌေးကြီးသည် ယခုအခါ သာရိပုတ္တရာဖြစ်လာ၏။ ဗြဟ္မဒတ်မင်းသည် ယခုအခါ အာနန္ဒာဖြစ်လာ၏၊ ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါဖြစ်လာ၏၊ ဘုရားလောင်းမယ်တော်သည် ယခုအခါ မဟာမာယာ ဖြစ်လာပြီး ဘုရားလောင်း၏ ဘခင်သည် ယခုအခါ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏၊ အားလုံးသော မြို့သူမြို့သားလူအပေါင်းနှင့် နိဂုံး၌နေသူတို့သည် ယခုအခါ သာသနာတော်ကို ဖြည့်ကျင့် ဆည်းပူးကြသော ငါဘုရား၏ ပရိသတ်တို့ဖြစ်လာကြကုန်၏၊ သမ္မာဇီဝ သတို့သားသည်ကား လောကသုံးပါး၏ အားထားရာ ငါဘုရားဖြစ်လာ၏၊ ဤသို့ အလွန်ရိုသေသောစိတ်ထားဖြင့် ဇာတ်တော်ကို ပေါင်းကြကုန်။

သုံးခုမြောက် သမ္မာဇီဝဇာတ် ပြီး၏။

# ၄-အရိန္ဒမဇာတ်

[မြတ်စွာဘုရားသည် ဒါနပါရမီ စသော ပါရမီသုံးဆယ် စွန့်ခြင်းကြီး ငါးမျိုးတို့ကို စွန့်လှတ်ပေးလှူခဲ့သောကြောင့် ယခု ဘုရားဖြစ်တော်မူရာ၌ ဒါနပါရမီ၏ တန်ခိုး အာနုဘော် ကြီးကျယ်ပုံကို ပြသော အရိန္ဒမမင်း ဝတ္ထု]

မြတ်စွာဘုရားသည် သုပ္ပဏ္ဏ မေ မနောရထံ အစချီသော ဤတရား ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိမိ၏ ဒါနပါရမီကို အကြောင်း ပြု၍ ဟောတော်မူ၏၊ ခွဲဦးအံ့- တနေ့ သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ ကုန်လျက်—

"ငါ့ရှင်တို့ ငါတို့ မြတ်စွာဘုရား၏ ဒါနပါရမီ၏ တန်ခိုး အာနုဘော်သည် အံ့ဩဘွယ် ရှိပေစွ၊ ယင်း ဒါနပါရမီ၏ အာနုဘော်ကြောင့် ဘုရား အဖြစ်သို့ ရောက်တော်မူ၍ နတ်လူတို့အား အရိယ မဂ်တရားကို ဟော တော်မူပေ၏"ဟူ စကားကို ဖြစ်စေကြ ကုန်၏၊

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ မြတ်သောဘုရား၏ နေရာ၌ ထိုင်လျက် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ၌ သင် ရဟန်းတို့သည် အဘယ်စကားကို ပြောဆိုတိုင်ပင် စည်းဝေး နေကြပါ သနည်းဟု မေးတော်မူရာ ဤမည်သော စကားဖြင့် စည်းဝေး ကြပါ သည်ဟု လျှောက်ထားသော အခါ၊ "ရဟန်းတို့ ယခုမှသာ မဟုတ် ရှေး အခါကလည်း ငါဘုရားသည် အလှူပေးခြင်း၌ ရောင့်ရဲတင်းတိမ်ခြင်း မရှိ ဖြစ်ခဲ့၏" ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူရာ ထို ရဟန်းများက တောင်းပန် သဖြင့် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ

ရဟန်းတို့ လွန်လေပြီးသော အခါ သုစိမ္ဘို၌ အရိန္ဒမမင်း မင်းပြု၏၊ ထိုမင်း၏ သုဝဏ္ဏဂဗ္ဘာ မည်သော မိဖုရားကြီးသည် တသောင်း ခြောက်

ထောင် ကုန်သော မင်းမျိုးကညာ တို့၏ အကြီးအကဲ ဖြစ်၏၊ ထိုအခါ အရိန္ဒမ မင်းသည် မြို့တံခါး လေးဘက် မြို့လယ်နှင့် နန်းတော်တံခါး ခြောက်ဌာန တို့၌ အလှူ ပြုရန် ဇရပ်ခြောက်ခု တို့ကို ဆောက်လုပ်၍ နေ့ တိုင်း နေ့တိုင်း ခြောက်သိန်းသော အသပြာငွေ တို့ကို စွန့်လွှတ်၍ လာ လာသမျှ လူ အပေါင်းအား အလှူကြီးကို ပေးလျက် ဇမ္ဗူဒိပ် တကျွန်း လုံးကို ပဲ့တင်ထပ်စေလျက် မိုးကြီးရွာသွန်း သကဲ့သို့ အလှူမိုးကိုရွာဖြိုး စေခဲ့၏၊ အရိန္ဒမမင်းသည် တနေ့သ၌ နံနက်မိုးသောက်လတ်သော် အိပ်ရာမှ ထ၍ မိမိ၏ ဒါနစသည်တို့ကို ဆင်ခြင်လျက် အမြဲပီတိဖြစ်ခဲ့၏။ ထိုမင်းသည် ပီတိလွှမ်းဖုံး လွှန်ရှင်ပြုံးလျက် "ယနေ့ ငါသည် မျက်စိ အသဲနှလုံး စသော အဇ္ဈတ္တိကအလှူကို ပေးလှူလို၏၊ ယနေ့ စောစော အလှူခံများလာ၍ ငါ့ထံ ပြင်ပအလှူများကို မတောင်းခံဘဲ အတွင်းအဇ္ဈတ္တအလှူကို တောင်းလာကြမူ ကောင်းလေစွ၊ ထိုသူတို့အား ငါသည် ပေးလှူအံ့၊ ဦးခေါင်းကို တောင်း ခံလျှင် ဦးခေါင်းကိုဖြတ်၍ ပေးအံ့၊ အသဲနှလုံးကို တောင်းလာလျှင် ရင်ကိုခွဲ၍ သွေးအလိမ်းလိမ်း ကပ်သော အသဲနှလုံးကို ထုတ်၍ ပေးလှူအံ့၊ ထိုသို့မဟုတ်ဘဲ တစုံတယောက်သည် ငါ၏မျက်လုံး သွေးသား,ခန္ဓာကိုယ် တဝက်၊ ခန္ဓာကိုယ် တခုလုံးကို သော်ငြားလည်း တောင်းခံလာလျှင် ထိုအား လုံးကို ပေးလှူအံ့။

အို အရိန္ဒမမင်း၊ သင်သည် ငါ၏ကျွန် ဖြစ်ပါဟု တစုံတယောက်က တောင်းဆိုလာအံ့၊ ငါသည် မိမိကိုယ်ကို ကျွန်အဖြစ် ပေးလှူအံ့၊ ငါ၏ မင်းအဖြစ် မင်းစည်းစိမ်ကို တစုံတယောက်က တောင်းခံလာအံ့၊ ငါသည် မင်းအဖြစ် မင်းစည်းစိမ်ကို ပေးလှူအံ့ဟု ကြံစည်လေ၏။ အရိန္ဒမမင်း ထိုသို့ ကြံစည်သောအခါ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်း အရာကိုပြ၏။ ထိုအခါ သိကြားမင်းသည် ဆင်ခြင်သောအခါ ထိုအ ကြောင်းကိုသိ၍ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် "ယခု ငါသည် ထိုမင်း၏ ဒါနပါရမီကို ဖြည့်တင်းအံ့ဟုကြံကာ မိမိကိုယ်ကို ပုဏ္ဏားအို အသွင်ဆောင်လျက် တုတ်ကို လက်ကကိုင်ဆွဲပြီး တုန်ရီသော ကိုယ်ဖြင့် ဘုရားလောင်း၏ ရှေ့တွင်ရပ်လျက် လက်ျာလက်ကို မြှောက်လျက် "မြတ်

သောမင်းကြီး၊ သင်မင်းကြီးသည် အောင်မြင်ပါစေ သတည်း”ဟု သုံးကြိမ်ဆိုလေ၏။ မင်းကြီးသည် ထိုအခြင်းအရာကို မြင်ရ၍ အမတ်တို့နှင့်အတူတိုင်ပင်လိုရကား ရှေးဦးစွာသောဂါထာကို ဆို၏။

၁။ အို အမတ်တို့ ဥစ္စာကို လို၍ လာရောက်တောင်းခံ သူတို့အား အလှူကိုပေးရန် ငါ၏စိတ် အလိုဆန္ဒသည် ပြည့်ဝပြီ။

ဤသို့ဆိုပြီးနောက် မင်းကြီးသည် ပုဏ္ဏားကို “အိုပုဏ္ဏား သင်သည် ဘာကိုလို၍ လာပါသနည်း”ဟု မေးလျှင် ပုဏ္ဏားသည် “အို မင်းကြီး၊ ငါသည်အသက်ကြီးရင့် အိုမင်းရင့်ရော်နေပြီ၊ အားလည်းမရှိ၊ ဆင်းရဲလည်းဆင်းရဲပါ၏၊ သင့်ထံမှ အသပြာရွှေတထောင်ကို တောင်းခံရန်လာပါ၏”ဟု ဆိုသောအခါ ဘုရားလောင်းသည် ရွှေအိုးကို ရသော သူဆင်းရဲကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိလှရကား အို ပုဏ္ဏား သင့်အားရွှေကို ပေးပါအံ့”ဟု ဆိုပြီး ပုဏ္ဏားလက်သို့ ရွှေအသပြာ တထောင်ကို ပေးလိုက်ပြီးနောက် ပုဏ္ဏားနှင့် စကားဆိုလိုသဖြင့် ၂-ခုမြောက်သော ဂါထာကို ဆို၏။

၂။ အို ပုဏ္ဏား၊ ဤသို့လှူရသော အလှူဒါန၏ အကျိုးကြောင့် ကျွန်ုပ် အလိုရှိသမျှအရာဝတ္ထုအားလုံးကို ရနိုင်ပါစေ—

## ပုဏ္ဏားပျို၏ အသွင်ဖြင့်တဖန်လာ၍

ပုဏ္ဏားသည် အသပြာရွှေတထောင်ကို ယူ၍ ထိုနေရာမှ ထွက်သွားမည်ကဲ့သို့ပြုပြီးမှ တဖန်ပြန်လာပြီး “မင်းကြီး ကျွန်ုပ်အိမ်သည် ယိမ်းယိုင်ချိန့်ပြီး အပိုးအကာလဲမရှိပါ၊ထိုအိမ်၌ဤရွှေကို ထားဘို့မသင့်ပါ၊ ထို့ကြောင့်ဤရွှေကို သင့်ထံမှာပင် ထားပါ၊ ဤရွှေကို အသုံးပြုရန် ကိစ္စရှိသောအခါကျမှကျွန်ုပ်ယူပါအံ့”ဟု ပုဏ္ဏားက ဆိုသောအခါ မင်းကြီးသည်“ကောင်းပြီပုဏ္ဏားကြီး နှင့် ဤရွှေကို ကျွန်ုပ်သိမ်းဆည်း စောင့်ရှောက် ထားပါအံ့၊ သင်အလိုရှိသောအခါ လာယူပါ”ဟု ဆိုလေ၏။ ထိုအခါ သိကြားမင်းသည် ထိုနေရာမှ ထွက်ခွါသွားပြီး ပုဏ္ဏားအို၏အသွင်ကို စွန့်ပယ်ပြီး ပုဏ္ဏား

ပျို၏အသွင်ကို ဖန်ဆင်းလျက် တဖန်လာကာ လက်ျာလက်ကိုဖြန့်၍ မင်းကြီးအား မင်းအဖြစ် မင်းစည်းစိမ်ကို တောင်းခံလိုရကား ဤဂါထာကို ဆို၏။

၃။ ရေဖြင့်ပြည့်သော မြစ်ရေသည် မည်သည့်အခါမျှ မကုန်ခန်းနိုင်သကဲ့သို့ ထိုအတူ သင့်ထံမှ တောင်းခံရန် ကျွန်ုပ် လာပါ၏ ကျွန်ုပ်အားမင်းအဖြစ် မင်းစည်းစိမ်ကို ပေးပါလော့။

ထိုအခါ အရိန္ဒမမင်းသည် နှစ်သက် ဝမ်းမြောက်လှသည်ဖြစ်၍ "အိုပုဏ္ဏား ကောင်းလှပါ၏၊ သင့်အလိုဆန္ဒကို ကျွန်ုပ်ပြည့်ပါစေအံ့"ဟု ဆိုလျက် ဤဂါထာကို ဆို၏။

၄။ အို ပုဏ္ဏား ကျွန်ုပ်ထံမှမင်းစည်းစိမ်ကို သင်တောင်းခံ၏၊ ကျွန်ုပ်ပေးလှူပါမည် စိတ်နှလုံး တုန်လှုပ်ခြင်းမရှိပါ၊ ထင်ရှားရှိသော ဥစ္စာပစ္စည်းကို မဖုံးကွယ်ပါ၊ ကျွန်ုပ်သည် အလှူပေးခြင်း၌မွေ့လျော်သော စိတ်နှလုံးရှိပါ၏။

ဤသို့ဆိုပြီးနောက် မင်းကြီးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် "အို ပုဏ္ဏား ကျွန်ုပ်သည် အဇ္ဈတ္တိက(မျက်လုံးစသည်) အလှူကို ပေးလှူလိုသော်လည်း သင်ကား ဗာဟိရ(အပ)အလှူကိုသာတောင်းခံ၏။ သင့်အလိုဆန္ဒကို ပြည့်ဝစေပါအံ့"ဟု ဆိုပြီးလျှင် ဤဂါထာတို့ကိုဆိုလေ၏။

၅-၈။ ဥစ္စာကိုလို၍ ငါ၏ထံမှောက် လာရောက်တောင်းခံသူတို့၏ စိတ်အလိုဆန္ဒကို ငါ၏အလှူဒါနသည် ကောင်းစွာ ပြည့်ဝစေပြီ၊ ငါသည် သဗ္ဗညုတဉာဏ်ကိုမြတ်နိုးပါ၏၊ ထို့ကြောင့် ကျွန်ုပ်သည် မင်းစည်းစိမ်ကို ပေးလှူပါအံ့၊ ကျွန်ုပ်၏ မင်းစည်းစိမ်တို့ကိုယူ၍ သင်အလိုရှိတိုင်းပြုလုပ်ပါ၊ ငါ၏ ဦးခေါင်း, မျက်လုံး, အသက်, အသွေးအသားကို တစုံတယောက်သည် တောင်းခံလာအံ့၊ ငါသည် ထိုထိုတောင်းခံလာသမျှကို ပေးလှူပါအံ့၊ ကိုယ်တဝက်, တကိုယ်လုံး, လက်ရုံးသဖွယ် မင်းစည်းစိမ် ဤအလုံးစုံကို တောင်းခံလာအံ့၊ ထိုအလုံးစုံကို ငါသည် ပေးလှူပါအံ့။

ဤသို့ ဝန်ခံပြီးနောက် ဘုရားလောင်းမင်းသည် ထိုနေ့၌ပင် အမတ်စသည်တို့ကို မှိုတော်၍ စည်းဝေးစေ၍ "အို မြို့သူမြို့သား လူအများတို့ ဤပုဏ္ဏားသည် ငါ၏ထံမှ မင်းစည်းစိမ်ကို တောင်းခံလာ၏ ငါသည် ဤပုဏ္ဏားအား မင်းစည်းစိမ်ကို ပေးလူအံ့"ဟု ဆို၏။ ထိုခဏ၌ တမြို့လုံး တခဲနက် အုတ်အုတ်ကျက်ကျက် တအံ့တသြပြောဆိုကြသော အသံသည် ဖြစ်ပေါ်လာ၏။ ထိုအခါ စစ်သေနာပတိအစရှိသော မြို့သူမြို့သားတို့သည် တပြိုင်နက် မင်းကြီးထံချဉ်းကပ်၍ဤသို့ဆိုကြကုန်၏။

၉။ မင်းကြီး သင်သည် မင်းစည်းစိမ်ကိုမပေးလှူပါလင့်၊ ကျွန်ုပ်တို့ကို သင်သည် မပျက်စီးပါစေလင့်၊ ရွှေ ငွေ စသော ဥစ္စာပစ္စည်းသာ ထိုပုဏ္ဏားအား သင့်လျော်လျောက်ပတ် ထိုက်တန်ပါ၏၊ ပတ္တမြား ရတနာသည် အမြတ်ဆုံးဖြစ်ပါသည်။

ထိုစကားကိုကြား၍ မင်းကြီးသည် "အို တိုင်းသူပြည်သားလူအများတို့ ဤသို့ မဆိုကြကုန်လင့်၊ အလှူခံလာသူတို့ တောင်းခံသော အရာဝတ္ထုကို ကျွန်ုပ်ပေးလှူအံ့"ဟု ဆိုသောအခါ "မြတ်သောမင်းကြီး ရှင်မင်းကြီးသည် ကျွန်ုပ်တို့အပေါ်၌ ချစ်ခင်တွယ်တာမှုရှိပါက ဤပုဏ္ဏားကို စစ်သေနာပတိ အရာ၌ထားပါလော့"ဟု တိုင်းသူပြည်သားတို့က ဆိုလေရာ မင်းကြီးသည် ထိုသူတို့၏စကားကိုမနာယူဘဲ မင်း၏ရာဇပလ္လင်ထက်မှဆင်းလျက် နှံ့သာရေ ပြည့်သောရွှေကရားကိုယူ၍--

"အို ပုဏ္ဏား သင်ပုဏ္ဏားသည် ပလ္လင်ပေါ်၌ထိုင်ပါ"ဟု ညွှန်ပြလျက် ပုဏ္ဏားကို ရာဇပလ္လင်၌ နေစေ၍ "အို မြတ်သောပုဏ္ဏား ကျွန်ုပ်၏မိဖုရားကြီးနှင့် မြင်းရထားကိုထား၍ ကျန်သမျှ အားလုံးသော ဥစ္စာပစ္စည်းတို့သည် သင့်အားသာ ဖြစ်ပါစေ"ဟု ဆိုကာ ပုဏ္ဏားအား မင်းစည်းစိမ်များကိုအပ်နှင်းပြီးလျှင် "အို မြတ်သော ပုဏ္ဏား ငါသည် ဤမင်းစည်းစိမ်ထက် အဆာအရာ အဆအထောင် အသ အသိန်းမက သဗ္ဗညုတဉာဏ်ကို မြတ်နိုး နှစ်သက်ပါ၏၊ ယို့ကြောင့် ဤမင်းစည်းစိမ်ချမ်းသာ အလှူသည် နောင်အခါ၌

သဗ္ဗညုတဉာဏ်ကိုရခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း”

ဟု ဆို၍ ပုဏ္ဏားဧ၏လက်၌ ရေစက်သွန်းချ၍ မင်းအဖြစ် မင်းစည်းစိမ်ကို ပေးလှူ၏၊ ထိုအကြောင်းကိုပြလိုသောမြတ်စွာဘုရားသည်—

၁၀။ ထိုအခါ အရိန္ဒမမင်းသည် သဗ္ဗညုတ ဉာဏ်၏ အကြောင်းကြောင့် ရေစက်သွန်းချ၍ပုဏ္ဏားအား မင်းအဖြစ်,မင်းစည်းစိမ်ကို လှူလေ၏ဟု မိန့်တော်မူ၏။

ထိုခဏ၌ မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း စသည်တို့ ဖြစ်ပေါ်ကုန်၏၊ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည်။

၁၁-၁၂။ ထိုအခါ၌ ကြောက်မက်ဖွယ်သည် ဖြစ်၏၊ ကြက်သီး မွေးညှင်းထခြင်းသည် ဖြစ်၏၊ မင်းစည်းစိမ်ကို ပေးလှူစဉ်တွင် မဟာပထဝီမြေကြီးသည် တုန်လှုပ်၏၊ တမြို့လုံးသည် တုန်လှုပ်ချောက်ချား၏။

ဤသို့ ပုဏ္ဏားအား မင်းစည်းစိမ်ကိုပေးပြီးနောက် မင်းကြီးသည် နှစ်သက် ဝမ်းမြောက်လှစွာဖြင့် လက်အုပ်ချီလျက်“ငါသည် အလှူကို ကောင်းစွာ ပေးလှူခဲ့ပြီ”ဟု ဥဒါန်းကျူးလို ရကား—

၁၃။ မင်းစည်းစိမ်ကို ပေးလှူရသော ဤကောင်းမှုကြောင့် နောင်အခါ၌ ဘုရားဖြစ်ရ ပါလို၏၊ ဘုရားကိစ္စကို ပြုလုပ်အံ့၊ ငါ၏ဆုတောင်းသည် ပြည့်စုံပါစေ ဟု ဥဒါန်းကျူးရင့် လေ၏။

ဤသို့ ဆုတောင်းလျက် မင်းကြီးသည် လူအပေါင်းအား ဆုံးမသြဝါဒပေး၍ မိဖုရားကို ခေါ်၍ ရထားထက်သို့ တက်ပြီးလျှင် အရှေ့တံခါးပြင်မှ ထွက်လေ၏၊ ထိုအကြောင်းကို ပြလိုရကား မြတ်စွာဘုရားသည်—

၁၄။ ထိုအခါ အရိန္ဒမမင်းသည် ပုဏ္ဏားအား မင်းစည်းစိမ်ကို ပေးလှူပြီးနောက် ရထားဖြင့် မိဖုရားကြီးကို ခေါ်၍ မိမိတိုင်းပြည်မှ ထွက်ခွါလေ၏။

ထိုအခါ မြို့သူမြို့သား အားလုံးတို့သည် လက်ရုံးတို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်း ကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်

၁၅-၁၈။ မင်း မောင်းမများ, ငယ်ရွယ်နုပျို သူများ, ပြည့်တန်းဆာများ, ပုဏ္ဏားများ, မြို့သူ မြို့သားများ, ဇနပုဒ် နိဂုံး၌ နေသူများ ဆင်စီး သူရဲများ, ကိုယ်ရံတော် သက်တော်စောင့်များ, ရထားစီး သူရဲများ, ခြေလျင် စစ်သည်များ, အကြီး အငယ် အလယ် အလတ် ပုဂ္ဂိုလ်များ အားလုံး တို့သည် လက်မောင်းကို မြှောက်ချီလျက် ငိုကြွေး မြည်တမ်းကြကာ မင်းကြီးနောက်သို့ လိုက်ကြ လေကုန်၏ ဟု မိန့်တော်မူ၏။

ထိုအခါ ဘုရားလောင်းသည် မိမိနောက် လိုက်လာ ကုန်သော လူအများတို့အား မိမိ၏ လက်ဝတ် ရတနာများကို ချွတ်ပေး ပြီးလျှင် "အို လူအပေါင်းတို့ မစိုးရိမ် မပူဆွေး မငိုကြွေးကြ ပါကုန်လင့်၊ ဤသို့ သေကွဲ ရှင်ကွဲ ကွဲရခြင်းသည် သတ္တဝါ အားလုံးတို့အား ဓမ္မတာပင် ဖြစ်သည်၊ သခါရတရား ဟူသမျှ မမြဲကြပါ"ဟု ဆို၍ "သင်တို့သည် ငါ၌ မြတ်နိုး ချစ်ခင်မှု ရှိပါလျှင် အလှူဒါနကို ပေးလှူကြ, သီလကို ဆောက်တည် ကြ, မေတ္တာစိတ်ကို ပွါးများကြ" စသည်ဖြင့် ဆုံးမစကား ပြောကြား လျက် ရထားကို မောင်းနှင်စေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာ ဘုရားသည်—

၁၉။ ထိုအခါ အရိန္ဒမ မင်းသည် လူအပေါင်းကို ဆုံးမစကား ပြောကြား ပြီး၍ ထိုတိုင်းသူပြည်သား တို့ကို တိုက်တွန်းလျက် ရထားကို မောင်းနှင်လေ၏ ဟု မိန့်ဆိုတော်မူ၏။

## ရထားကိုလည်း မင်းကြီး လှူပြန်ချေပြီ

ထိုအခါ သိကြားမင်းသည် ပုဏ္ဏားပျို အသွင်ကို စွန့်၍ တဖန် အခြား ပုဏ္ဏား တဦး အသွင် ဖန်ဆင်းလျက် ဘုရားလောင်း မင်းကြီး နောက်မှ လိုက်၍ "မြတ်သော မင်းကြီး သင် မင်းကြီးသည် အောင်မြင် ပါစေ

သတည်း'' ဟု ဆိုကာ ရထားကို အလှူခံပြန်၏၊ ထိုအခါ မင်းကြီးသည် မိဖုရားကြီးနှင့် တကွ ရထားမှ ဆင်းကာ ရထားကို ပုဏ္ဏားအား ပေးလှူလိုက်၏၊ ထိုအကြောင်းကို ပြလိုရကား မြတ်စွာဘုရားသည်—

၂၀-၂၁။ ထိုအခါ ပုဏ္ဏားသည်လာ၍ မြင်းတပ်သောရထားကို အလှူခံ၏၊
မင်းကြီးသည် ရထားကို ပေးလှူ၏၊ စိတ်ထိခိုက်ခြင်း မရှိချေ။
အရိန္ဒမမင်းသည် မိဖုရားကြီးနှင့်အတူ ရထားမှ ဆင်းသက်၍ အလှူ
ခံ ပုဏ္ဏားအား မြင်းရထားကို ပေးလှူ၏-ဟု မိန့်တော်မူ၏။

## ပဥ္စမပုဏ္ဏားအိုက သူ့ရွှေကို တောင်းပြန်ချေပြီ

ထိုအခါမှစ၍ မင်းမိဖုရား ၂ ပါးတို့သည် ခြေကျင်သွားကြကုန်၏၊ သိကြားမင်းသည် ရထားကို မောင်းနှင်သွားသကဲ့သို့ပြု၍ ထိုနေရာ၌ပင် ကွယ်ပျောက်လျက် ပုဏ္ဏားပျို၏အသွင်ကိုစွန့်၍ ရှေးကကဲ့သို့ ပုဏ္ဏားအိုကြီး အသွင်ဆောင်လျက် မင်းကြီးနောက်သို့ လိုက်ပြီးလျှင်—

''မင်းကြီး ရပ်တန့်ပါဦး''ဟု ပုဏ္ဏားအိုကြီးက ဆိုသောအခါ မင်းမိဖုရားတို့သည် ရပ်တန့်လျက် လမ်းဖယ်ပေးကြကုန်၏၊ ပုဏ္ဏားအိုကြီးက ''မြတ်သောမင်းကြီး သင့်ထံ၌ ကျွန်ုပ်အပ်နှံထားခဲ့သော ရွှေတထောင်ကို ကျွန်ုပ်အား ပေးပါလော့၊ ကျွန်ုပ်သည် ရွှေကို အလိုရှိပါပြီ''ဟု ဆိုသောအခါ ဘုရားလောင်းမင်းကြီးက ''ပုဏ္ဏားကြီး စိတ်မရှိ အမျက်မထွက်ပါလင့်၊ ကျွန်ုပ်နှင့်ရော မိဖုရားကြီးပါ သင်ပုဏ္ဏားကြီး၏ ကျွန်အဖြစ်နေကြပါမည်''ဟု ဆိုသော် ပုဏ္ဏားကြီးက မင်းကြီး ကျွန်ကို ကျွန်ုပ် အလိုမရှိပါ၊ ရွှေကိုသာ ကျွန်ုပ်အားပေးပါဟု ဆိုပြန်ရာ-''ပုဏ္ဏားကြီး ထိုသို့ဖြစ်ပါမူ ကျွန်ုပ်တို့ ၂-ဦးလုံးကို သူတပါးထံရောင်းပါဟု ဆိုပြန်လျှင် ပုဏ္ဏားကြီးက ''မင်းကြီး ကျွန်ုပ်သည်ရောင်းဝယ်ရာဌာနကို မသိပါ။ အမှန်စင်စစ် သင်တို့ကိုယ်တိုင်သင်တို့ကိုယ်ကိုရောင်းကာ လျှင်စွာသွား၍ ကျွန်ုပ်၏ ရွှေတထောင်ကိုရောင်းပေးပါ''ဟုဆိုလေ၏။ဘုရားလောင်းသည် ပုဏ္ဏားကို သက်သာရာရစေရန်အတွက် ဤဂါထာကို ဆို၏။

၂၂။ အို ပုဏ္ဏား ကောင်းပါပြီ၊ ကျွန်ုပ်တို့နှစ်ဦးသည် မိမိတို့ ကိုယ်ကို ရောင်း၍ သင်၏ ထိုရွှေများကို ပေးပါအံ့၊ ကျွန်ုပ်ထံမှ ထိုရွှေကို ယူပါလော့။

ထိုအခါ ဘုရားလောင်းသည် မိဖုရားကြီး၏မျက်နှာကို ကြည့်လိုရကား ဂါထာကိုဆို၏။

၂၃။ မိဖုရားကြီး ကျွန်ုပ်သည် ဘုရားအဖြစ်ကို တောင့်တပါ၏၊ ကျွန်ုပ်သည် ဘေးကင်းရာ နိဗ္ဗာန်ကို အလိုရှိပါ၏၊ နောင်အခါ၌ ဘုရားဖြစ်ရေးအတွက် သင့်ထံမှ မိမိကိုယ်ကို ရောင်းချရေးကို တောင်းပန်ပါ၏။

ယင်းစကားကိုကြား၍ မိဖုရားကြီးသည် နှစ်သက်ဝမ်းမြောက်သော စိတ်နှလုံး ရှိသည်ဖြစ်၍ "မင်းကြီး ကျွန်ုပ်ကို ရှေးဦးစွာ ရောင်း၍ ရွှေကိုယူပါ၊ ကျွန်ုပ်သည် သင်၏အလိုဆန္ဒကို ပြည့်စေပါအံ့"ဟု မိဖုရားကြီးသည် ရရင့်သော ခြသေ့်မင်းအသံမျိုးကို မြည်လျက် ဂါထာကိုဆို၏။

၂၄။ အို မင်းမြတ် ကျွန်ုပ်သည် သင်မင်းကြီး၏ ကျွန်ဖြစ်ပါ၏၊ ကျွန်ုပ်ကို သင်အလိုရှိသူအား ပေးလိုပေး, ရောင်းလိုရောင်း, သတ်လိုလည်း သတ်နိုင်ပါသည်။

ထိုစကားကိုကြား၍ မင်းကြီးသည် နှစ်သက်သောစိတ် ရှိရကား မိဖုရားကြီးကို ရောင်းရန် အစဉ်သဖြင့် သွားသောအခါ ဇမ္ဗုဒ္ဒီပနဂိုရ်မြို့သို့ ရောက်၍ ထိုမြို့၌ ချမ်းသာကြွယ်ဝသော အမျိုးတို့အိမ်သို့ သွားလျက်"အို ချမ်းသာကြွယ်ဝသူတို့ သင်တို့သည် ကျွန်မကို ဝယ်ကြပါကုန်သလော" ဟု ပြောဆိုသော အခါ ပုဏ္ဏားတယောက်သည် လာ၍ "အမောင် သင်၏ကျွန်မသည် အဖိုးမည်မျှထိုက်ပါသနည်း"ဟုမေးသဖြင့် ဘုရားလောင်းက"အို ပုဏ္ဏား ဤကျွန်မ၏အဖိုးကား ရွှေငါးရာဖြစ်ပါသည်"ဟုဖြေသောအခါထိုပုဏ္ဏားသည် ငါးရာပမာဏရှိသော ရွှေကိုပေး၍ ကျွန်မကိုဝယ်လေ၏။ ဘုရားလောင်းသည် (မိဖုရားကြီးကိုရောင်း၍ ရသော)ထိုရွှေကိုယူ၍ မိဖုရားကြီးကို ပုဏ္ဏားအား အပ်နှင်း၍ "ရှင်မ မိဖုရားကြီး၊ သင်သည် ဤနေ့မှစ၍ ပုဏ္ဏားကြီး၏

ကျွန် ဖြစ်သောကြောင့် ပုဏ္ဏားကြီး၏ အမှုကိစ္စ အလုံးစုံကို ပြုလုပ်ပါဟု ဆုံးမသြဝါဒပေးလေ၏။ ထိုအခါ မိဖုရားကြီးသည် ဘုရားလောင်း၏ ခြေတော်ရင်း၌ ဦးခေါင်းဝပ်လျှိုး ရှိခိုး၍ ခြေတို့ကို ပွေ့ဖက်ပြီးလျှင် "အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့သည် ကျွန်ုပ်၏အပြစ်ကို သည်းခံပါ" ဟု ဆို၍ ငိုကြွေးလျက် ဤဂါထာကို ဆို၏။

၂၅။ မင်းကြီး၊ သင့်ကို ရှိခိုးရခြင်း၊ သင့်ကိုမြင်ရခြင်း၊ သင်နှင့်အတူ စကား ပြောဆိုရခြင်းတို့သည် ဤအကြိမ်သည် နောက်ဆုံး အကြိမ်ဖြစ်ပါသည်၊ အို မင်းမြတ်၊ ကျွန်ုပ်၌ အပြစ်ရှိလျှင် သည်းခံပါ။

## မင်းကြီးသည် မိမိကိုယ်ကို ရောင်းခြင်း

ဤသို့ ဘုရားလောင်းသည် မိဖုရားကြီးကို ရောင်းပြီး၍ မိမိကိုယ်ကို ရောင်းလိုသဖြင့် ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုးအိမ် တအိမ်သို့သွား၍ "အို ပုဏ္ဏား သင်တို့သည် ကျွန်ုပ်ကို ကျွန်အလို့ငှါ ဝယ်ကြပါကုန်လော" ဟု ဆိုလေသော် အမောင်၊ သင်၏ အဖိုးအခကား အဘယ်မျှပါနည်းဟု မေးသောအခါ– အို ပုဏ္ဏားကျွန်ုပ်၏ အဖိုးအခကား ရွှေငါးရာ ဖြစ်ပါသည်ဟု ပြောလေ၏။ သင်သည် ငါတို့၏ အမှုကိစ္စအဝဝကို ပြုလုပ်နိုင်ပါမည်လောဟု မေးသောအခါ ကျွန်ုပ် ပြုလုပ်နိုင်စွမ်း ရှိပါသည်ဟု ဘုရားလောင်းက ဖြေသဖြင့် ကောင်းပြီ၊ သို့ဖြစ်လျှင် ရွှေငါးရာဖြင့် ဝယ်အံ့ဟု ဆိုပြီး ငါးရာသော ရွှေကို ပေးလေ၏။

ထိုအခါ ဘုရားလောင်းသည် "ငါသည် မြို့တံခါးအနီး၌ နေရလျှင် အခြားသူများထံမှ ငါ့မိဖုရားကြီး၏ ချမ်းသာဆင်းရဲ အကြောင်းချင်းတာ အဝဝကိုသိရမည်ဟုကြံလျက် ပုဏ္ဏားအား "အို ပုဏ္ဏား ကျွန်ုပ်သည် မြို့တံခါးကို စောင့်ရှောက်၍နေလိုပါ၏"ဟု ပြောသောအခါ ပုဏ္ဏားသည် ဘုရားလောင်းအား ခေါ်ဆောင်သွားပြီး တံခါးစောင့်၏ အထံသို့ သွား၍ ဘုရားလောင်းအား အပ်နှင်းပြီးလျှင် "အမောင်လုလင် သင်သည် ယခု ဤတံခါးစောင့်၏ကျွန်ဖြစ်သည် သို့ဖြစ်၍ ဤတံခါး၌ ပြုလုပ်ဘွယ်ရာ ကိစ္စတို့ကိုပြုလုပ်ရမည်"ဟုပြောလေ၏။ ဘုရားလောင်းသည် မိမိအားရောင်း၍

ရသော ရွှေငါးရာနှင့် မိဖုရားကြီးအား ရောင်း၍ရသော ရွှေငါးရာတို့ကို ပေါင်း၍"ကျွန်ုပ်၏ ဤအလှူဒါနအကျိုးကြောင့် သတ္တဝါအားလုံးတို့သည် ကျွန်ုပ်ကဲ့သို့ ရှင်ကွဲကွဲရခြင်းမဖြစ်ပါစေသတည်း"ဟု ဆုတောင်းလျက် ထိုရွှေ တထောင်ထို ပုဏ္ဏားအိုကြီးအားပေးလှူ၏။ ထိုအကြောင်းကိုပြလိုရကား—

၂၆။ ထိုအခါ အရိန္ဒမမင်းသည် မိမိကိုယ်တိုင်နှင့် မိဖုရားကြီးကိုရောင်း၍ ရသောအဖိုးအခ ရွှေတထောင်ကိုယူ၍ ပုဏ္ဏားအိုကြီးအားလှူဒါန်း လေ၏—ဟု မြတ်စွာဘုရားသည် မိန့်ဆိုတော်မူ၏။

## မိဖုရားကြီး၏ သနားစရာဖြစ်ထွေ

သိကြားမင်းသည် ထိုတထောင်သောရွှေကိုယူဆောင်၍ ထိုနေရာ၌ပင် ပျောက်ကွယ်သွားလေ၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် တယောက် တည်း မြို့တံခါးကိုစောင့်လျက် ဣန္ဒပဋ္ဌမြို့နားကအိမ်တွင် နေ၏။ ထိုအခါ သုဝဏ္ဏဂဗ္ဘာမိဖုရားကြီးသည် အရိန္ဒမမင်းကြီးနှင့်ပေါင်းသင်းခဲ့ရာမှ မကြာမီ ကိုယ်ဝန်ရခဲ့၍ မိမိအရှင်ပုဏ္ဏား၏ စပါးကျီ(စည့်)အောက်၌နေရ၏။ နယုန် လကွယ်နေ့ညဥ့် သန်းခေါင်အချိန်တွင် မိုးကြီးသည်းစွာရွာနေစဉ် သားဖွား မြင်၏။ ထိုသားငယ်သည် အမိဝမ်းမှမွေးဖွားလျှင်မွေးဖွားခြင်း သေလေ၏၊ ထိုအခါ (သုဝဏ္ဏဂဗ္ဘာမိဖုရား) မိခင်သည် သေသောသားငယ်ကို ဖုံးအုပ် ထားလျက် ဘုရားလောင်းလင်သားကို အောက်မေ့ပြီး သနားစဖွယ်ငိုကြွေး၍ ဤဂါထာကိုဆိုလေ၏။

၂၇-၂၈။ သားလှရွှေသွေးလူကလေး ဦးဦးဖျားဖျား သားတယောက်ရရှိ ပါသည်၊ သင့်ဘခင်လည်း ဤမှာမရှိ၊ မွေးဖွါးသည်ကိုပင် သိမည် မဟုတ်၊ မိမိတို့တိုင်းပြည်မှာဆိုလျှင် ချမ်းသာသုခ များစွာရှိချေ မည်၊ ယခုမူကား သူတပါး၏ကျွန်မ ဖြစ်နေပြီမို့ သားငယ်ကို အဘယ်သို့ ပြုရပါမည်နည်း၊ ငါ၏လက်ရုံး, ငါ၏အသည်းနှလုံး နှင့်တူသောသားသည် ညဥ့်နက်သန်းခေါင်အချိန်မှာ ငါ့မှာလည်း တယောက်တည်း ငါအဘယ်သို့ ပြုရပါမည်နည်း။

ထိုမိခင်၏ ငိုကြွေးသံကိုကြား၍ အရှင်သခင်ပုဏ္ဏေးမကြီးက "ဟဲ့ ကျွန်ယုတ်မ သင် ဘာ့ကြောင့် ငိုနေသလဲ"ဟု မေးလေလျှင် "အို အရှင်သခင်မကြီး ကျွန်မသားလေးမွေးမွေးချင်း သေဆုံးသွားပါသည်"ဟု သားမိခင်က ပြောသောအခါ "အရှင်သခင်ပုဏ္ဏေးမကြီးသည် အမျက်ဒေါသ ပြင်းစွာထလျက် "ဟယ် ကျွန်ယုတ်မ သင် ဤအိမ်ခြံမှ မြန်မြန်ထွက်သွား"ဟု ပြောလိုက်လျှင်-သားမိခင်က "အို အရှင်သခင်မကြီး ယခုအခါ ညဥ့်နက်သန်ခေါင်ချိန်ဖြစ်ပြီး မိုးကြီးသည်းစွာ ရွာနေပါသည်၊ ကျွန်မမှာလည်း တယောက်တည်း ကြောက်လဲ ကြောက်လှပါသည်၊ ဤတညဥ့်တာမျှ နေပါရစေ၊ နံနက်မိုးသောက် အလင်းရောက်ရင်ဖြင့် စောစောထ၍ ထွက်သွားပါမည်ဟု အသနားခံ၍ ပြောသောအခါ အရှင်သခင် ပုဏ္ဏေးမကြီးသည် ကြင်နာခြင်းကင်းမဲ့စွာဖြင့် ဟယ် သူယုတ်မ ခဏလေးမျှ မနေလင့်၊ ခုချက်ချင်းထွက်သွားဟု ဆိုကာ အမျိုးမျိုး ဆဲရေရေရွတ်လေ၏။

ထိုအခါ မိဖုရား (သားမိခင်သည်) ရှေးအခါက ငါသည် မင်းမျိုးသမီးဖြစ်ပြီး သိမ်မွေ့နူးညံ့စွာနေခဲ့ရသည်၊ ယခုမူကား သူတပါး၏ကျွန်မ ဖြစ်ရ၍ အလွန်ဆင်းရဲလှစွာနေရပြီး စိုးရိမ်သောက ရောက်ခဲ့ရသည်၊ ခန္ဓာကိုယ်လည်း ဖောရောင်လျက် မီးမြိုက်ထားသော အသည်းနှလုံးကဲ့သို့ဖြစ်ချေသည်ဟု မျက်ရေမဆည်နိုင်ရှာဘဲ သေနေသောသားငယ်ကို ရင်ဝယ်ပိုက်လျက် ထွက်ခွါလာခဲ့ရာ လျှပ်စီးလက်သည့်အရောင်ဖြင့် လမ်းကိုကြည့်၍ ထိုထို ဤဤသွားလျက် ငိုကြွေးမြည်တမ်းနေရှာ၏။

ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်-

၃၀။ ထိုမိဖုရားသည် အသဲမျာ: လောင်ကျွမ်းလျက် အဖော်မပါ တယောက်တည်းသာ သေနေသော သားငယ်ကို ရင်ဝယ်ပိုက်လျက် ဟိုဟိုဒီဒီ ခြေဦးတည့်ရာ လှည့်လည်သွားရရှာ၏။

ဤသို့ မိဖုရားသည် အစဥ်သဖြင့်သွား၍ ဘုရားလောင်း စောင့်နေသော တံခါးဝသို့ ရောက်သောအခါ ငိုကြွေးလျက် မျက်ရေဖြင့် ပြည့်သော မျက်လုံးတို့ဖြင့် တံခါးဖွင့်ပေးရန် ဘုရားလောင်း (လင်သား)အား တောင်းပန်လိုရကား-

၃၁။ အို အရှင်ယောကျ်ား ကျွန်မအား သနားသဖြင့် တံခါးဖွင့်ပေးပါ၊ ကျွန်မသားကလေး သေသွားပါပြီ၊ထိုသားသေလေးကို တူးမြှုပ်ပါ အံ့။

ထိုအခါ ဘုရားလောင်းသည် ထိုမိန်းမ၏ ငိုကြွေးသံကို ကြားရ၍နေရာမှထလျက် အို ရှင်မ ယခုအချိန်အခါ မဟုတ်တော့ပါ၊ ကျွန်ုပ်သည်လည်း သူတပါး၏ ကျွန်ဖြစ်၍ အရှင်သခင်များကို ကြောက်ရွံ့ရပါသဖြင့် သင့်အား တံခါးဖွင့်မပေးနိုင်ပါ၊ အခြားတံခါးရှိရာသို့သွားပါဟု ဆိုလေ၏၊ ထိုအခါ သားသေမိခင် (မိဖုရား)သည် ထိုအသံကို မမှတ်မိသဖြင့် မိမိသား သေငယ်ကို ရင်ဝယ်ပိုက်လျက် ရင်ကိုတီးကာ အရှုးပမာ သနားစဖွယ် ငိုကြွေးလျက် ဤဂါထာကို ဆိုလေ၏။

၃၂။-၃၄။ အို သားလေး၊ သင်ကား ကုသိုလ်ဆိုးလေစွ၊ ငါသည် ရှေးက ပြည်ကြီးသခင် အရှင် မိဖုရားကြီးတဦး ဖြစ်ပါသည်၊ ယခုမူကား သူတပါး၏ကျွန်မဖြစ်ရချေသည်၊ အို သားလေး အဘယ်သို့ ပြုလုပ်ရမည်နည်း၊ သင်၏ဘခင် ငါ့ရှဲ့ချစ်လှစွာသော အရှင် အရိန္ဒမ ဘုရင်သာရှိလျှင် ဆန်းကျယ်လှစွာသော ပြာသာဒ်ထက်၌ ထားပြီး သင့်ကို သုသာန်သို့ပင် ပို့မည်မဟုတ်ပါ၊ ယခုအခါ ငါ့မှာ ပြည်ကြီးအရှင် လင်ယောကျ်ားနှင့် ကင်းကွာ မုဆိုးမပမာ ဖြစ်ရပါသည်၊ တံခါးဖွင့်ပေးရုံမျှ ခွင့်မရပါ၊ အို သားလေး ငါသည် အဘယ်သို့ ပြုရပါမည်နည်း။

## ထူးဆန်းသော သစ္စာ အဓိဋ္ဌာန်

ယိုအမျိုးသမီး (သားသယ်မိခင်) ငိုကြွေးမြည်တမ်းသည့် အသံကို ကြားသောအခါ အသံကို မှတ်မိသဖြင့် ဘုရားလောင်းသည် တုန်လှုပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ "အို သားသေငယ်မိခင် သင်ကား အဘယ်အမည် ရှိပါသနည်း"ဟု မေးလေရာ "အို အရှင်ယောကျ်ား ကျွန်ုပ်ကား သုဝဏ္ဏ- ဂဗ္ဘာမည်သော မိဖုရားပါတည်း"ဟု ပြောသောအခါ ဘုရားလောင်းသည်

မိမိ၏ မိဖုရားကြီးမှန်းသိသဖြင့် နေရာမှထကာ တံခါးယော်ကို ဖွင့်၍ မိမိသည် အရိန္ဒမမင်းဖြစ်ကြောင်း ပြောပြလေ၏၊ ထိုအခါ ထိုသားငယ်သေ မိခင်မိဖုရားသည် ဘုရားလောင်း၏ ခြေရင်း၌ ဦးခေါင်းဝပ်လျှိုး၍ ထိုနေရာ၌ပင် သတိမေ့ကာ လဲကျသွားလေ၏။

ထိုအခါ ဘုရားလောင်းသည် မိဖုရားကြီးကို ပွေ့ထူ၍ "အို မိဖုရားကြီး မငိုကြွေးပါလင့်၊ သေကွဲ ကွဲခြင်း ရှင်ကွဲ ကွဲခြင်း ဟူသည်မှာ လောကဓမ္မတာပင် ဖြစ်ပါသည်၊ လူတို့၏ အသက်သည်လည်း တနေ့တွင် မုချ မသေ့ သေကြရခြင်းအတွက် ရှိချေသည်၊ ထို့ကြောင့် မငိုကြွေး မပူဆွေး ပါလင့်ဟု ဆိုကာ မိဖုရားကြီးအား ဖျောင်းဖျ ပြောဆို၏၊ ထိုအခါ မိဖုရားသည် ဘုရားလောင်းကို မိမိသားသေကို ယူစေ၍ ဘုရားလောင်း၏ ခြေတို့ကို ရှိခိုးလျက် မိမိ၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြောပြလေ၏၊ ထိုအခါ ဘုရားလောင်းသည် သေနေသော မိမိသားငယ်ကို ရင်ခွင်မှာ ထားလျက် "အို မိဖုရား သင်သည် မငိုကြွေးပါလင့်" ဟု ဆို၍ လောက၏ အနိစ္စ(မမြဲ)အဖြစ်ကို ပြလိုရကား ဤဂါထာကို ဆို၏။

၃၅။ ဤသို့ သေကွဲ ကွဲခြင်း ရှင်ကွဲ ကွဲခြင်းသည် သတ္တဝါတို့အား ဓမ္မတာ ဖြစ်သည်၊ အလုံးစုံသော သင်္ခါရ တရားတို့သည် အမြဲမရှိ အနိစ္စဖြစ်သည် ဤသည်မှာ လောကဓမ္မတာ ဖြစ်ချေသည်။

ဤသို့ ဆိုပြီးနောက် ဘုရားလောင်းသည် မိဖုရားကြီးနှင့် အတူ သားသေကို ယူ၍ လျှပ်စီးလက်သည့် အလင်းရောင်ဖြင့် သုသာန်သို့ သွား၍ သုသာန်၌ သစ်ကိုင်း သစ်ခက် များကို ချိုးကာ တင်းတူး၍ မိဖုရားကြီး လက်၌ သားသေကို ထား၍ "အို မိဖုရား ငါသည် ငါတို့၏ သားကိုအသက် ရှင်အောင် ပြုလုပ်အံ့"ဟုဆိုလေရာ အဘယ်သို့ ပြုလုပ်မည်နည်း မင်းကြီးဟု မိဖုရားက မေးသောအခါ "အို မိဖုရား ဤလောက၌ သစ္စာပြုခြင်းနှင့် တူသော အမိဋ္ဌာန် မည်သည် မရှိ၊ ယခု ငါသည် သစ္စာပြုအံ့"ဟု ဆို၍ ဘုရားလောင်းသည် အရှေ့အရပ်သို့ မျက်နှာမူလျက် လက်အုပ်ချီ၍ သစ္စာကို ပြုလိုရကား ဤဂါထာတို့ကို ဆို၏။

၃၆-၄၄။ အို နတ်များတို့ သင်တို့သည် ဤအရပ်သို့ လာရောက်ကြကုန်လျက် ကျွန်ုပ်စကားကို နားဆင်ကြပါကုန်လော့၊ အကျွန်ုပ်သည် မိမိကိုယ်ကို အောက်မေ့ မှတ်မိသည့် အချိန်, လူမှန်း သိတတ်သည့် အချိန် အခါမှ စ၍ သူတပါး အသက်ကို ပိုးရွခြပုန်း ကိုမျှ မသတ်မိ ဘူးပါ၊ သူတပါး ဥစ္စာကို တချင်ရွေး(ရွေးစေ့)ကိုမျှ မခိုးယူခဲ့ ဘူးပါ၊ သူတပါး သားမယားကို မပြစ်မှား မလွန်ကျူးခဲ့ဘူးပါ၊ မဟုတ်မမှန် မုသားစကား မပြောကြားမိ ခဲ့ဘူးပါ၊ သေရည်သေရက် မသောက်ခဲ့ ဘူးပါ၊ ကျွန်ုပ်၏ သီလသည် အမြဲစင်ကြယ်ခဲ့ ပါ၏၊ ကျွန်ုပ်သည် အလှူခံ ပုဂ္ဂိုလ်တို့အား သဒ္ဓါတရားဖြင့် အမြဲ လှူဒါန်းခဲ့ ပါ၏၊ ပေးလှူ အပ်သော လှူဘွယ်ပစ္စည်း တို့၌လည်း မငြိမတွယ် စိတ်ထား စင်ကြယ်ခဲ့ ပါ၏၊ ကျွန်ုပ်သည် လောက အားလုံး၏ အကျိုးစီးပွါး အတွက် မြတ်လှစွာသော သဗ္ဗညုတ ဉာဏ်ကို ဆုတောင်းခဲ့ ပါ၏၊ မိမိ ကိုယ်ကိုပင် ရောင်း၍ စကားမပျက် သစ္စာမဖျက် အမျက် မထွက်ခဲ့ဘဲ သစ္စာပါရမီကို ဖြည့်ကျင့်လျက် နောင်အခါ၌ ဘုရားဖြစ်ရန် ဆုပန်ခဲ့ပါ၏၊ ဤ သစ္စာစကားကြောင့် ကျွန်ုပ်၏ သားသည် ယခုမကြာ အသက် ရှင်ပါစေသား။

ထိုခဏ၌ ဘုရားလောင်း၏ သစ္စာ မိဋ္ဌာန်၏ အာနုဘော်ကြောင့် သိကြားမင်းသည် ဒဂုမြိုက်ရေစင်ကို ယူလျက် သေသော သူငယ်၏ ကိုယ်၌ ပက်ဖျန်း၏၊ ထိုအခါ သေသော သူငယ်သည် လူးလဲ၍ လက်ျာနံပါးဖြင့် အိပ်၏၊ ထို အခြင်းအရာကို မြင်ရသဖြင့် မိဖုရားကြီးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍"အရှင်မင်းကြီး ယနေ့ပင် ငါတို့သား၏ အသက်ကို ရလတ့်" ဟု ဆိုလျက် မိမိသည် သစ္စာမိဋ္ဌာန် ပြုလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၄၅-၄၇။ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ တောမြောင် ချောက်ကြား၌ နေသောနတ်များ၊ သစ်ပင် နွယ်ပင်တို့၌ နေသော နတ်များ၊ ဆေးဘက်ဝင်သော သစ်ပင်တို့၌နေသော နတ်များ

အားလုံးတို့သည် ကျွန်မ၏စကားကို နားထောင်ကြပါကုန်လော့၊ ကျွန်မ၏လင်သား အရှင်သခင်ကြီးသည် သူတပါး၏ ကျွန်အဖြစ် ကျွန်မကိုရောင်းချပါ၏။ ဤနေရာသို့ရောက်လာသော ကျွန်မသည် မိမိလင်သားအတွက် အနည်းငယ်မျှ စိတ်မကွက် အမျက်မထွက်ခဲ့ပါ၊ ဤနေရာသို့ရောက်လာသောကျွန်မသည် သားအတွက် ဤသို့မှန်ကန်သောသစ္စာကို အဓိဋ္ဌာန်ပြုပါ၏။ ဤမှန်သော စကားကို ဆိုရသောကြောင့် ကျွန်မ၏သားသည် ယခု ထ၍ထိုင်ပါစေသား"

ထိုအခါ မိခင်၏ သစ္စာအဓိဋ္ဌာန်အစွမ်းကြောင့် သူငယ်သည် တဖန်လူးလည်းလျက် ထ၍မိခင်ထံသို့ ရှေးရှုလာကာ မိခင်၏နို့ကို စို့လေ၏၊ ထိုခဏတွင် ဤမင်းမိဖုရား ၂-ဦးသားတို့၏ သစ္စာအဓိဋ္ဌာန် အစွမ်းကြောင့် ဤထူးဆန်း အံ့ဩဘွယ်ကိုမြင်ရသဖြင့် သိကြားမင်းသည် ကြည်ညိုသော စိတ်ရှိရကား နတ်၏အဖြစ်ဖြင့် ကိုယ်ရောင်ကိုယ်ဝါ ထွန်းတောက်ပလျက် တက်သစ်စနေဝန်းပမာ ကောင်းကင်၌ရပ်တည်ပြီးလျှင် သုသာန်တခုလုံးကို အလင်းရောင်ဖြင့် လွှမ်းဖုံးစေပြီးနောက် နတ်၌ဖြစ်သော ပန်းမိုးကိုရွာသွန်းစေလျက် မိမိလာခြင်း၏အကြောင်းကို ဘုရားလောင်းအား ပြောဆိုလိုရကား ဤဂါထာ ၂-ပုဒ်ကိုဆိုလေ၏။

၄၀-၄၉။ မြတ်သောမင်းကြီး ကျွန်ုပ်သည်ကား နတ်တို့သနင်းသိကြားမင်းဖြစ်ပါသည်၊ သင်၏ ဘုရားဖြစ်လိုသောပါရမီကို ဖြည့်ရန်အတွက် သင့်ထံသို့ လာခြင်းဖြစ်သည်၊ မြတ်သောမင်းကြီး ဤအရပ်သို့ ရောက်လာသော အကျွန်ုပ်သည် သင်၏ပါရမီအားလုံးကို ဖြည့်ခဲ့ပြီးပါပြီ၊ သင်သည် ဘုရားအဖြစ်သို့ ကပ်ရောက်ပါလော့ (ဘုရားဖြစ်ရန် ကျင့်ကြံအားထုတ်ပါလော့)။

## ဘုရားလောင်းအား သိကြားမင်း အမွှန်းတင်ခဏ်း

ဤသို့ဆိုပြီးနောက် သိကြားမင်းသည် ထိုမင်းမိဖုရားနှစ်ပါးတို့ကို မိမိ၏ အစွမ်းအာနုဘော်ဖြင့် သုသာန်မှခေါ်ဆောင်၍ သုစိမြို့တော်၌ တည်စေ၏၊ သုစိမြို့သို့ ရောက်စေ၏၊ ထိုအခါ အရုဏ်တက်၍ မိုးလင်းလာသဖြင့် သိကြား

မင်းသည် ဘုရားလောင်းအား မင်းစည်းစိမ်ကို အပ်နှင်းပြီးလျှင် "မင်းကြီး ဤမနုဿစည်းစိမ်ဖြင့် မမွေ့မလျော်သော ဘဲ မင်းပြုပါလော့" ဟုဆိုကာ မင်းကြီးအား ဆုံးမ ဩဝါဒပေးပြီးနောက် မိမိနေရာ ဘုံဗိမာန်သို့ ပြန်သွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၅၀-၅၈။ ထိုအခါ သိကြားမင်းသည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ကောင်းကင်၌ ရပ်တည်လျက် မင်းကြီးအား မင်းအဖြစ်ကို အပ်နှင်း ပြီးနောက် မင်းကြီးအား ဤစကားကို ဆိုလေ၏။ ကောင်းပေစွ ကောင်းပေစွ၊ မင်းကြီးသည် ဆုတောင်းခြင်းကိုပြု၏၊ ဘဒ္ဒကမ္ဘာ၌သာလျှင် သင်သည် ဘုရားဖြစ်ပါလတ္တံ့၊ နောင်အခါ၌ သင်သည် လောကသားအားလုံးအတွက် လောက၌ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည့် ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့၊ သင်သည် လောက၌ ပူဇော်အထူးကို ခံထိုက်သော ကောင်းသော စကားကို ဆိုတတ်သော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏကဆယ့်ငါးပါး တို့နှင့်ပြည့်စုံသော ဝိမုတ္တိဟု ဆိုအပ်သော နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်သောဘုရားစင်စစ် ကေန် ဖြစ်လတ္တံ့၊ နောင်အခါ၌ သစ္စာလေးပါးကို သိသော လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်သော လူသုံးပါးတို့ထက် မြတ်သော ရာဂဒေါသစသော ကိလေသာတို့ကို ဖျက်ဆီးတော်မူပြီးသော ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့၊ လောက၌ သင်သည် ဖြစ်ပေါ်လာသည် ရှိသော် နတ်လူတို့ထက် မြင့်မြတ်ကြီးကဲပြီး ပြိုင်ဘက်ရည်တူ ရှိတော်မမူသော ဘုရားစင်စစ်ဖြစ်လတ္တံ့၊ လောက၌ ချမ်းသာကို ပေးတတ်သော သတ္တဝါတို့၏ အားထားရာ၊ မှီခိုကိုးကွယ်ရာ ဖြစ်၍ သတ္တဝါတို့အား သနားခြင်း၊ မဟာကရုဏာရှိသော ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့၊ သင်သည် လောကသုံးပါး၏ အကျိုးစီးပွါးကို ရှာမှီးသော ဒိဗ္ဗစက္ခုဉာဏ်အမြင် ရှိ၍ အကျိုးစီးပွါး၌ လိမ္မာသော တရားတို့၏အရှင် ဘုရားသခင်သည် ကေန် စင်စစ် ဖြစ်လတ္တံ့၊ သစ္စာလေးပါး တရားကိုကိုရင်း၊ ဝိမောက္ခ တရားတို့ကိုရင်း၊ မှန်ကြေးမုံနှင့် တူသော တရားတို့ကိုရင်း၊ ချမ်းသာ သုခတို့တွင် အမြတ်ဆုံး ဖြစ်သော နိဗ္ဗာန် တရားတို့ကိုရင်း၊ သတ္တဝါ အားလုံးတို့အား ပေးစွမ်းနိုင်သော ဘုရားစင်စစ် ကေန် ဖြစ်လတ္တံ့ဟု မိန့်ဆိုတော်မူ၏။

ထိုအခါမှစ၍ ဘုရားလောင်းသည် အလွန်နှစ်သက်သောစိတ် ရှိသည် ဖြစ်၍ တရားနှင့်အညီ မင်းပြုတော်မူ၏။ မင်း၏ အနေတ်စသော တိုင်းသူ ပြည်သား အားလုံးတို့ သည်လည်း ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်၍ နံ့နက်စောစော အမျိုးမျိုးသော လက်ဆောင်ပဏ္ဏာတို့ကို ယူဆောင်ကြ ကုန်လျက် မင်းကြီးထံ ချဉ်းကပ်ရှိခိုး၍ ခြံရံ၍ ရပ်နေကြကုန်၏။ မင်းကြီး သည် တိုင်းသူပြည်သား တို့အား ဆုံးမဩဝါဒ ပေး၍ လွှတ်လိုက်၏။ ထိုအခါမှစ၍ မင်း၏ အဆုံးအမ ဩဝါဒကို လိုက်နာကြကုန်လျက် လူအ ပေါင်းတို့သည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပြီးလျက် သက် တမ်းတလျှောက်နေကြပြီးနောက် သေသည့်အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ကြ ကုန်၏။မင်းကြီးသည်လည်း မိဖုရားကြီးနှင့်အတူ မင်းစည်းစိမ်ကိုခံစားလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင် သက်တမ်းရှိသမျှ နေပြီး နောက် သေသည်၏ အခြားမဲ့ နတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့ ယခုမှသာမဟုတ်၊ ရှေးအ ခါကလည်း ဉာဏ်နုစဉ်၌ပင် ဤသို့သော အလှူကြီးကို ပေးလှူခဲ့ပြီ" ဟု မိန့် တော်မူကာ ဇာတ်ကို ပေါင်းလိုရကား ဤအဆုံးဂါထာတို့ကို မိန့်တော်မူ၏။

**ဇာတ်တော်ပေါင်းပြီ**

၅၄-၆၁။ ထိုအခါ သိကြားမင်းသည် ယခုအခါ ငါဘုရားသာသနာ၌ အခြားသူမဟုတ် ဒိဗ္ဗစက္ခု (နတ်မျက်စိဉာဏ်) ဉာဏ်ရဟု ထင်ရှားသော ရှင်အနုရုဒ္ဓါ ဖြစ်လာ၏၊ အရိန္ဒမမင်းကြီး၏ ဘခင်သည် ယခုအခါ သုဒ္ဓေါ- ဒနမင်းကြီးဖြစ်၍ အရိန္ဒမမင်း၏ မယ်တော်သည်ယခုအခါ မဟာမာယာ ဖြစ်လာ၏၊ သုဝဏ္ဏဂဗ္ဘာမည်သော မိဖုရားသည် ယခုအခါ ယသော်ဓရာ ဖြစ်လာ၍ မင်းသားသူငယ်သည် ယခုအခါ ရာဟုလာ ဖြစ်လာ၏၊ ထိုအခါ အရိန္ဒမမင်း၏ ပရိသတ်ဖြစ်သော စစ်သည်များ မြို့သူမြို့သား များ နိဂုံးသားများတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ ဖြစ်လာ ကြ၏၊ ကုသိုလ်ကောင်းမှုကို အလိုရှိသော အလှူပေးခြင်း၌ မွေ့လျော်သော အရိန္ဒမ မင်းကြီးသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ် တော်ကို ဆောင်ထားကြကုန်လော့။

လေးခုမြောက် အရိန္ဒမဇာတ် ပြီး၏။

# ၅-သုမ္ဘမိတ္တဇာတ်

[ အလောင်းတော်သုမ္ဘမိတ္တမင်းအား ဒေဝဒတ်အလောင်း အသုမ္ဘမိတ္တက အကျိုးမဲ့အောင် ပြုခဲ့ပုံကို ဟောတော်မူသော သုမ္ဘမိတ္တဝတ္ထု။ ]

မြတ်စွာဘုရားသည် ဩကာသံ ကရောဟိ ရာဇာ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌နေတော်မူစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ချဉ်းအုံ့-တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ သဘင်အဆောက်အဦ၌ စည်းဝေးကြကုန်လျက်—

"ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပေစွ၊ ဒေဝဒတ်သည် မြတ်စွာဘုရားရှင်၌ ရန်ငြိုးဖွဲ့သောစိတ်ဖြင့် လေးသမားကိုလွှတ်၍ ဘုရားရှင်အား သတ်ရန် အားထုတ်သော်လည်း လေးသမား အားလုံးတို့သည် မြတ်စွာဘုရားကို အမှီပြု၍ အသက်ချမ်းသာရကြကုန်၏"ဟု ပြောဆိုနေကြကုန်သည်။

ဘုရားရှင်သည် ကြွတော်မူလာ၍ "ရဟန်းတို့ ယခုငါဘုရား ကြွလာတော်မူသောအခါ အဘယ်စကားဖြင့် စည်းဝေးပြောဆိုနေကြပါသနည်းဟု မေးတော်မူလေလျှင် ဤမည်သောစကားဖြင့် စည်းဝေး ပြောဆိုနေကြပါသည်ဟုလျှောက်ထားသောအခါ—

ရဟန်းတို့ ယခုမှသာမဟုတ် ရှေးကလည်းဒေဝဒတ်သည် ငါဘုရား၏ အကျိုးမဲ့ကို ပြုခဲ့သည်သာဖြစ်၏ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူသဖြင့် ထိုရဟန်းတို့က တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ရှေးကကြောင်းရာ ဟောပြရှာ

ရဟန်းတို့ လွန်လေပြီးသောအခါ စမ္ပာမြို့၌ သုမ္ဘမိတ္တမင်း မင်းပြု၏၊ ထိုမင်း၏ညီသည် အသုမ္ဘမိတ္တအမည်ရှိ၏၊ မိဖုရားကြီးသည် ကေသနီဖြစ်၍ သားတော် ၂-ယောက်မှာ ဇေယျသေနနှင့်ဇေယျဒတ္တတို့ဖြစ်ကြ၏။ ထိုအခါ

တနေ့သ၌ အသုမ္ဘမိတ္တသည် "ငါ၏နောင်တော်ဘုရင်သည် ဤနန်းတော်၌ နေလျှင် ဤတိုင်းပြည်သည် သူ၏သား ၂-ယောက်လက်ထဲ ကျရောက်လိမ့်မည်၊ ငါသည် ဤမင်းစည်းစိမ်ကို နောင်တော်ဘုရင်၏သား ၂-ယောက်အားမပေးမူ၍ ရယူအံ့"ဟု ကြံစည်လေ၏။ ထိုသို့ ကြံစည်ပြီးနောက် မင်းစည်းစိမ်ကိုရယူရန်အတွက် ရွှေငွေအဝတ်တန်းဆာစသော လက်ဆောင်ပစ္စည်းတို့ကိုများစွာသော အမတ်စသည်တို့အား မိမိကို ချစ်ခင်လာစေရန် ၎င်း၊မိမိ၏ အသင်းအပင်း မိမိဘက်သားဖြစ်စေရန်၎င်းပေးလေ၏၊ ထိုအမတ်စသည်တို့သည် အသုမ္ဘမိတ္တထံမှ လာဘ်လာဘများကို ရသောကြောင့် အသုမ္ဘမိတ္တ၏ အသင်းအပင်း ဘက်တော်သားများ ဖြစ်ကြကုန်၏။

ထိုအခါ တနေ့သ၌ အသုမ္ဘမိတ္တသည် မိမိ၏ အသင်းအပင်း ဘက်တော်သားများ၏အားပမာဏကို သိရန်အတွက် မိမိအိမ်၌ စည်းဝေး တိုင်ပင်လေ၏။ ထိုအချိန်၌ အမတ်တယောက်သည် ဘုရားလောင်းသုမ္ဘမိတ္တ၏ ဂုဏ်ကျေးဇူးကို သိတတ်ရကား မင်း၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့သတိရလျက် သုမ္ဘမိတ္တ၏အထံသို့သွား၍ အသုမ္ဘမိတ္တ၏ အကြောင်းကို ယထာဘူတကျကျ ဟုတ်တိုင်းမှန်စွာ ပြောကြားလိုရကား ရှေးဦးစွာ ဂါထာကိုဆို၏။

## လျှို့ဝှက်သောစကားကို တိုင်ပင်ခြင်း

၁၂။ သုမ္ဘမိတ္တမင်းမြတ်၊ ကျွန်ုပ်အား စကားပြောခွင့်ပြုပါ၊ သင်မင်းကြီးအား လျှို့ဝှက်သောစကားကို ပြောကြားရန် ကျွန်ုပ်လာပါသည်၊ မင်းမြတ် အလျင်အမြန် ထပါလော့၊ ကျွန်ုပ်၏ စကားကို နားဆင်ပါလော့၊ ကျွန်ုပ်ကြားသိရသော လျှို့ဝှက် စကားကို ဟုတ်တိုင်းမှန်စွာ သင်မင်းကြီးအား ပြောကြားပါအံ့။

ထိုစကားကိုကြား၍ သုမ္ဘမိတ္တမင်းကြီးသည် ပြောဆိုခွင့်ကို ပေးလိုရကား ၃-ခုမြောက်သော ဂါထာကို ဆို၏။

၃။ အမတ်ကြီး ကျွန်ုပ်အား ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်ကို ကျွန်ုပ်အား ပြောကြားပါလော့၊ နှောင့်နှေးကြန့်ကြာ အခါမဆိုင်းဘဲ ကျွန်ုပ်အား ဟုတ်တိုင်းမှန်စွာ ပြောကြားပါလော့။

ထိုစကားကိုကြား၍ အမတ်သည်—

၄။ သင်၏ တိုင်းနိုင်ငံကို လုယက်ရန် ကြံနေသော သင်၏ညီတော် အသုမ္ဘမိတ္တ၏စကားကို ယနေ့ ကျွန်ုပ်ကြားခဲ့ရပါ၏၊ သင် မင်းကြီးသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေဘဲ သတိဝီရိယ ရှိတော်မူပါ။

ထိုစကားကိုကြား၍ သုမ္ဘမိတ္တမင်းကြီးသည် "မင်းတို့မည်သည် ရန်များလှ၏၊ ဤတိုင်းပြည်စည်းစိမ်သည်လည်း လူအများနှင့် ဆက်ဆံ၏ဟု သံဝေဂဉာဏ် ဖြစ်ပေါ်သောကြောင့်ရင်း၊ သတ္တဝါတို့၌ သနားကြင်နာသော ကရုဏာစိတ် ဖြစ်ပေါ်သောကြောင့်ရင်း ငါသည် ငါ၏ညီနှင့် အကယ်၍ စစ်ထိုးငြားအံ့၊ ညီတော်၏ စစ်သည်ဗိုလ်ပါ အပေါင်းသည် အများအပြား သေကြေပျက်စီးကုန်လတံ့၊ သတ္တဝါတို့ သေကြေပျက်စီးခြင်းမည်သည် အလွန်သနားစရာကောင်းလှ၏၊ ထို့ကြောင့် ငါသည် ယနေ့ညပင် ဤမြို့မှ ထွက်ခွာသွားတော့အံ့"ဟု ကြံစည်လေ၏။ ထိုသို့ ကြံစည်ပြီးနောက် ထို (လာပြောသော) အမတ်အား များစွာသော ဥစ္စာပစ္စည်းတို့ကို ပေး၍ လွှတ်လိုက်ပြီးလျှင် မိမိတယောက်တည်း မိဖုရားကြီး၏ အိပ်ရာတိုက်ခန်းသို့ဝင်၍ သား ၂ ယောက်တို့ကို ငေ့ွဖက်လျက် ဦးခေါင်း၌ နမ်းစုတ်၍ ခြေသံ့ရုပ်ထပ် အိပ်ရာပြင်ထက်၌ ထိုင်လျက် မိဖုရားကြီးနှင့် တိုင်ပင်၏။ ထိုအကြောင်းကို မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

## မိဖုရားအား မှာကြားခဏ်း

၅-၉။ သုမ္ဘမိတ္တမင်းကြီးသည် ကြန်အင်လက္ခဏာ တင့်တယ်လှစွာသော တေသနီ မင်းမိဖုရားကြီးကိုခေါ်၍ မိန့်ဆိုလေ၏။ အဘယ်မိဖုရား ငါသည် သင့်အား ပေးအပ်သော ရွှေ ငွေ ဇပါး အစရှိသော ဥစ္စာသည်လည်း သင့်၌ များစွာရှိ၏၊ သင်၏ဘခင်မင်းမှ လက်ဖွဲ့ဥစ္စာ ရတနာအပေါင်းတို့ သည်လည်း သင့်၌ များစွာရှိ၏၊ ထိုဥစ္စာ အပေါင်းကို ကောင်းစွာ ထွေးအိုးကြီးပြု၍ မြေ၌မြှုပ်ထားလော့၊ ထိုစကားကို ကြန်အင်

လက္ခဏာ တင့်တယ်စွာသော ကေသနီမိဖုရားကြီး ကြား၍ ဤသို့ဆို၏၊ အရှင်မင်းကြီး ကျွန်ုပ်၏ ဥစ္စာရတနာများကို အဘယ်အရပ်၌ မြှုပ်ထား ရသော် လုံခြုံပါအံ့နည်းဟု လျှောက်၏၊ သုဗ္ဘမိတ္တပင်းကြီးက မိန့်ဆိုသည်မှာ အဘယ်မိဖုရားကြီး သီလဝန္တဖြစ်သော ရဟန်းပုဏ္ဏားတည်းဟူသော အလှူခံ မြေခိုင်ခိုင်၌ မခိုင်မပြို ကြည်ညိုခြင်းသဒ္ဓါတရား တည်းဟူသော တိုက်ကြီးဖွဲ၍ သင်၏ရတနာအစစ် ဥစ္စာနှစ်တို့ကို ကျစ်လစ်သေချာ မြှုပ်ထားလော့၊ မှန်၏၊ သတ္တဝါတို့အား ဒါနမှတပါး အခြား အားထား ကိုးကွယ်ရာဟူ၍ မရှိ၊ အလှူဒါနသည် စိည်းစိမ်ချမ်းသာကို ပြုတတ်၍ ဒါနသည် စည်းစိမ်ချမ်းသာ၌တည်၏ဟု ဆိုလေ၏။

ထိုအခါ ဘုရားလောင်းသည် တဖန် မိဖုရားကြီးကို ဆုံးမဩဝါဒ ပေးလိုရကား—

၁၀-၁၂။ အဘယ်မိဖုရားကြီး ငါ၏သားတော်တို့ကို ရှေးကထက်ပို၍ ချစ်ခင်ရစ်ပါလော့၊ ယုတ်မာသော ညီတော်အသုဗ္ဘမိတ္တသည် ငါ့သားတော် များကို မသတ်နိုင်အောင် သားတော်များကို စောင့်ရှောက်ပါ၊ သင်သည် ယောကျ်ားတို့မြတ်နိုးသော အရွယ်အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံသော အရွယ် နုနယ်သေးသဖြင့် ယောကျ်ား တပါးတို့က တောင်ညာအပ်နှင်း လိုပါသည်ဟု တောင်းခံလာလျှင် ထိုဆိုလာသော သူကို အရှင်သခင်ဟု မှတ်၍ ရှိသေစွာလုပ်ကျွေးပါ၊ ထိုသို့ဆိုလာသော သူတို့ကို မနှစ်သက်လျှင် သင် စိတ်နှစ်သက်ရာ ထိုက်တန်သော အရှင်သခင်ကိုရှာ၍ ငါကဲ့သို့ ရိုသေစွာ လုပ်ကျွေးပါလော့၊ ငါနှင့်ကွေကွင်းရသည် ဟူ၍ ကြုံလှီဖျော့တော့ နွမ်းလျော့ညှိုးငယ် ကိုးကွယ်ရာမရ ဒုက္ခမဖြစ်ရစ်ပါနှင့်ဟု ဆို၏။

ထိုစကားကို ကြားလျှင် ကေသနီ မိဖုရားကြီးသည် ဤစကားကို အရှင်မင်းကြီး မဆိုတန် အဘယ့်ကြောင့် ဆိုသနည်းဟု ကြံ၍ "အရှင် မအပ်မရာစကားကို အဘယ့်ကြောင့် ဆိုဘိသနည်း အရှင်မင်းကြီးကား အဘယ် အရပ်သို့ သွားပါအံ့နည်း"ဟု မေးလျှောက်၏၊ ဘုရားလောင်းသည် မိဖုရား ကြီးအား ထိုအကြောင်းကို ပြောလိုရကား ဂါထာ ၂-ပုဒ်ကို ဆို၏။

၁၃-၁၄။ ငါသည် ကြမ်းတမ်းသော သစ်ကျား ဆင် စသော သားရဲ
တို့ဖြင့် ပြွမ်းသော တောသို့ သွားအံ့၊ ထို ကြောက်မက်ဖွယ် သားရဲ
တို့ဖြင့် ပြွမ်းသော တောအုပ်သို့ တယောက်တည်း သွားရအံ့သော
ငါသည် အဘယ်မှာ အသက်ရှင်နိုင် အံ့နည်း၊ ထို့ကြောင့် သင်
သည် ဤအရပ်မှာပင် နေပါလော့။

ထိုစကားကို ကေသနီ မိဖုရားကြီး ကြားလျှင် စိတ်မချမ်းသာ နှလုံး မသာမယာ ရှိသဖြင့် မိမိချစ်လင် ဘုရင်ကြီးနှင့် အတူ လိုက်ပါရဘို့ အရေး အတွက် အမျိုးမျိုးအဖုံဖုံ စကားစုံ လျှောက်တင်လေ၏၊ ထိုအကြောင်း ကို ပြလိုရကား မြတ်စွာဘုရားသည်—

၁၅-၁၆။ ထိုစကားကိုကြားလျှင် လက္ခဏာကြန်အင် စုံလင်တင့်ပြောင်း ကေသနီ မိဖုရားသည် ဤသို့ လျှောက်ထား လေ၏၊ အဘယ့်ကြောင့် မအပ်သော စကားကို ဆိုတော်မူဘိ သနည်း၊ ယခု ငါ တယောက် အထီး တည်း၊ လူသူမနီး တောကြီးသို့ သွားရမည်ဟု ဆိုတော်မူသော် အရှင် မင်းကြီး စကားသည် မယား၌ ချစ်ခင် ကြင်နာသူ တို့၏ စကားမဟုတ် တကား၊ မယားကို ချစ်သောသူ တို့၏သဘောသည် အခွင့်ကို ပြောဆို၍ ခေါ်လျက် မယားမလိုက်လိုသော်သာ တယောက်တည်း သွားရမည် ဆို သင့်၏၊ အရှင် မင်းကြီးသည် ကျွန်ုပ်၏ အလိုကို သိသကဲ့သို့ မအပ်မရာ မှာထားတော် မူခဲ့သည်များကား မသင့်၊ အရှင်မင်းကြီးသည် ကျွန်ုပ် စိတ် မချမ်းသာစရာ စကားကိုသာ ပြောဆိုဘိ၏၊ အရှင်မင်းကြီး တယောက် ထီးတည်း မယားကို မခေါ်ဘဲ သွားမည်ဟူသော စကားသည် ကျွန်ုပ် အား နှဲ့နှဲ့မျှ စိတ်ချမ်းသာစေသော စကားမဟုတ်ပါ၊ အရှင်မင်းကြီး သွားရာ ဘဝါးခြေထပ် အကျွန်ုပ် လိုက်ပါအံ့၊ အရှင်မင်းကြီးနှင့် အတူ နေ၍ ယခုပင် သေရမည်ဖြစ်စေ အရှင်မင်းကြီးနှင့် ကွေကွင်း၍လျှတ် အသက် ယက်သုံး နေရမည်ဖြစ်စေ အသက်ထက်ဆုံး အိုအောင်ပင် စည်းစိမ်ချမ်း သာနှင့် နေငြားသော်လည်း အရှင်နှင့်ကွေကွင်း၍ မနေလိုပါ၊ ယခုပင် သေရမည်ဆိုစေကာလည်း အရှင်မင်းကြီးနှင့် အတူ နေရလျက် သေလိုပါ ၏၊ အသက် ရှင်လျှင်လည်း မင်းကြီးလက်တွင် ရှင်စေ၊ သေလျှင်လည်း

မင်းကြီးလက်တွင် သေစေ၊ အရှင်မင်းကြီးနှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍ အဘယ်မှာ အကျိုး ရှိတော့အံ့နည်း၊ အလျှံပြောင်ပြောင် တောက်လောင်သော ရှားမီးကျီးထဲ၌ ဆင်း၍သေရသော်မှ ကောင်းသေး၏။

အရှင်မင်းကြီး အကျိုးအပြစ်ကို ဆင်ခြင်နိုင်သော လူကိုထား၍ တိရစ္ဆာန်မှသော်လည်း မိမိတို့လင် သွားရာနောက်၌ အစဉ်တစိုက်လိုက်လျက် ဆင်းရဲမကွာ ချမ်းသာမကွဲ အတူတကွ ပျော်ပါးကြ ကုန်သေး၏၊ အကျိုးအပြစ်ကို မြင်မြော် နိုင်သော အကျွန်ုပ်သည် သွားတော်မူရာ နောက်တော်သို့ အဘယ့်ကြောင့် မလိုက်ဘဲ နေပါအံ့နည်း၊ ဆင်ပြောင်ကြီး၏နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်သို့ ကျွန်ုပ်သားငယ် ၂-ယောက်နှင့် အဟုဘကွလိုက်၍ အရှင်မင်းကြီးအား စိတ်တော်ချမ်းမြေ့အောင် ရှိသေစွာလုပ်ကျွေးပါအံ့။

ထိုစကားကို ကြား၍ မင်းကြီးက ဤစကားကိုဆို၏၊ အဘယ်မိဖုရားသင်သည် ရွှေနန်းထက်၌ စန္ဒကူး အမွှေး အထုန်ဖြင့် လိမ်းကျံသောကိုယ်ရှိလျက် ယခုတောအရပ်၌ အဘယ့်ကြောင့် မှုန့်မှုန့်မှုန့်ချေ ကပ်တင်စေချင်ပြန်ဘိသနည်း၊ ကာသိကရာဇ်တိုင်းဖြစ်အထည်မျိုး အဖိုးတသိန်းမက ထိုက်တန်သော ခေါမတိုင်းဖြစ် ကောဋုမ္ဗရာဇ်တိုင်းဖြစ် ဝတ်ကောင်းတန်းဆာကို ဝတ်ဆင်ပြီးမှ ယခုအဘယ့်ကြောင့် သမန်းကျစ်သက်န်းကို ဝတ်ဆင်ပြန်ဘိသနည်း။

ထိုစကားကို ကြား၍ မိဖုရားကြီးက ပြောဆိုသည်မှာ အရှင်မင်းကြီးအကျွန်ုပ်သည်လင်နှင့်ကင်းသဖြင့် စန္ဒကူးနံ့သာအထုန်အမှုန်လိမ်းဆင်ရသော်လည်း အလိုမရှိ၊ လင်နှင့်အတူတကွနေရသဖြင့် မှုန့်မှုန့်အလိမ်းလိမ်းကပ်လျက် သစ်နက်ရေ သမန်းကျစ်သက်န်းကို ဝတ်၍ ရသမျှသော တောသစ်သီး သစ်ရွက်လျှင် အစာရှိသဖြင့် သစ်ရိပ်ဝါးရိပ်မျှကွင်ပင် နေရသော်လည်း အလွန်စိတ်ချမ်းမြေ့ပါ၏။

ထိုစကားကိုကြား၍ မင်းကြီးက မိဖုရားကြီးအား ပြောသည်မှာကား—အဘယ်မိဖုရား ငါဆိုသောစကားကို သင်နာယူလော၊ တော အရပ်ဟူသည်

ကား ဤနန်းပြာသာဒ်မှာကဲ့သို့မဟုတ် ဘောက်ဖတ် ကင်းသန်း နှံမှက် ခြင် ယင်များတို့သည် များစွာရှိကုန်၏၊ ထိုသတ္တဝါတို့၏ ကိုက်ခဲခြင်း ဆင်းရဲ သည် အလွန်သည်းခံနိုင်ခဲ၏၊ ထိုသို့သော ဆင်းရဲကို သင်သည် သည်းမခံနိုင် သည် ဖြစ်လတ့်၊ ဤမှတပါးလည်း လူတို့အား ဘေးရန်ကို ပြုတတ်လျက် မြစ်နား အိုင်နားကို အမှီပြု၍ နေကုန်သော စပါးကြီးမြွေတို့သည်ကား အဆိပ်မရှိသော်လည်း ကြီးသော ခွန်အားရှိသောကြောင့် မိမိအနီးသို့ ရောက်လာသော လူ သမင် စိုင် ဆတ် သတ္တဝါတို့ကို အခွေဖြင့် ရစ်ပတ်၍ အလိုရှိတိုင်း နှိပ်စက်တတ်ကုန်၏၊ ဤမှတပါးလည်း အဆင်းမည်းနက် ယှက် လိမ်သော အမွေးရှိသော ဝံသတ္တဝါတို့သည်ကား လူတို့၏ ဆင်းရဲကို ဆောင် တတ်ကုန်၏၊ ထိုဝံနက်တို့သည် လူကိုမြင်လျှင် သစ်ပစ်ထက်သို့ တက်ပြေး ငြားသော်လည်း မလွတ်နိုင်ရာ၊ ထိုမှတပါး ဦးချိုဖျားထက်စွာနှင့် နှစ်ဘက်ထိ ခမန်း ကြမ်းတမ်းခက်ထန်သော ကျွဲရိုင်းတို့သည်လည်း သောဒုမ္ဗရ(ကောင်း သောရေသဖန်းမင်ရှိသောမြစ်) အမည်ရှိသော မြစ်နား၌ များစွာရှိကုန်၏၊ ထိုသို့သားရဲဘေးရန် တွေ့သည်ရှိသော် သင်အဘယ်သို့ပြုနိုင်ပါလိမ့်မည်နည်း၊ သားငယ်တို့ကိုမြင်ရသောသင့်အား နွားငယ်ကိုမက်မောသော နွားမကဲ့သို့ မရှိပြီလော၊ ရှုံမြောင်ချောက်ကြား အသွားခက်လှသော တောထဲ၌ ကြမ်းတမ်းသော မျောက်တို့ကိုတွေ့ရလျှင် မသွားတတ် မလာတတ် မိမိ ကျွမ်းကျင်ရာနယ်ပယ်မဟုတ်သောကြောင့် သင်အဘယ်သို့ပြုနိုင်ပါအံ့နည်း၊ အဘယ်မိဖုရားကြီး သင်သည် ဤရွှေနန်းထက်၌နေလျက် မြွေ ခွေးသံကို တရံတခါ ကြားရသဖြင့်လည်း သခြင်းအနီးသို့ရောက်သကဲ့သို့ ကြောက် ထိတ်လန့်ကြားတတ်၏၊ ထိုသို့ဖြစ်လျက် တောသို့သွားရလေသော် အဘယ်သို့ သင်ဖြစ်နိုင်ပါလိမ့်မည်နည်း၊ တောကြီးထဲ၌ နေမွန်းတည့် အခါတွင် ငှက်အပေါင်းတို့သည် တညီတညွတ် တွန်မြည်သောအသံဖြင့် တောသံ ပေးသကဲ့သို့ အလွန်ကြောက်ဖွယ်ရှိ၏၊ ထိုကြောက်ဖွယ်ရှိသော တောကြီးသို့ သင်အဘယ့်ကြောင့် လိုက်ချင်ဘိသနည်း။

ဟိုစကားကိုကြား၍ ကေသနီမိဖုရားကြီးက ပြောဆိုသည်မှာ အရှင် မင်းကြီး တောကြီးထဲ၌ ဘေးရန်များသည်ဖြစ်စေ ထိုဘေးရန်တို့ကို

သည်းခံလျက် အကျွန်ုပ်လိုက်ပါအံ့၊ အရှင်မင်းကြီးသည် ချမ်းသာကိုသာ စံ၍ ဆင်းရဲအတူမခံသော် မယားကောင်း၏လက္ခဏာမဟုတ် ဖြစ်ရာပါ၏၊ ထိုတောကြီးထဲ၌ ကျွန်ုပ်ခေါင်းပင် ပေါက်ပင် ကိုင်းပင် ဆံပြူမြက် သမန်း မြက်တို့ကို အကျွန်ုပ်သည် လင်၏ရှေ့ကရင်ဖြင့်တွန်းဖယ်လှဲ၍ လမ်းထွင်သော အားဖြင့် သွားပါအံ့၊ ရွှေနန်းသခင် ကျေးဇူးရှင်ကို မြက်တပင်နွယ်ဘတံမျှ မခိုက်မထိ မငြိမရှစေဘဲ လိုက်၍လုပ်ကျွေးပါအံ့၊မင်းကြီး မိန်းမတို့မည်သည် ကား လင်ကောင်းကိုအလွန်ရခဲပါ၏။ လင်ကောင်းကို ရလိုသောကြောင့် မီးနတ်ကိုလုပ်ကျွေးခြင်း ရေငုပ်ခြင်း ကောင်းသောအရှက်အကြောက်ကို သိမ်းဆည်းခြင်း၊ ကိုယ်ကိုပြုပြင်တန်းဆာဆင်ခြင်း၊ အစရှိသော အကျင့် အလေ့နှင့် ယှဉ်စေရာ၏။

အရှင်မင်းကြီး၊ လောက၌ မိန်းမတို့၏ ဆင်းရဲဟူသမျှတွင် မုဆိုးမ ဖြစ်ရခြင်းသည် အလွန်ဆင်းရဲလှပါ၏၊ အကျွန်ုပ် လင်သွားရာ ဘဝါးခြေ ထပ်မလိုက်ဘဲ အဘယ်ကြောင့် မုဆိုးမ လုပ်နေရစ်ပါအံ့နည်း၊ မင်းစဉ် မင်းမျိုး ထီးရိုးနန်းစွယ်မဟုတ် အမျိုးယုတ်ညံ့သော ရွှေနန်းရှင်ပင် ဖြစ် လင့်ကာစား ထီးရိုးနန်းစွယ်ဖြစ်သော မုဆိုးမ၏ စားကြွင်းကို စားခြင်းငှါ မထိုက်၊ ထိုအမျိုးယုတ်ညံ့သောသူသည် ငါရှင်ဘုရင်ဖြစ်သည်ဟု အနိုင် အထက် အလိုမတူဘဲ လက်ကိုဆွဲငင် ကျီစယ်ပြုစေအံ့၊ ထိုထီးရိုးနန်းစွယ် မုဆိုးမသည် ဆင်းရဲတကာတို့၏ အဆုံးရှုံးပါ ပျက်စီး အရှက်ကြီးရ ဒုက္ခ သေဘေးရောက်ရာ၏၊ အရှင်မင်းကြီး၊ ခပ်သိမ်းသောအမျိုး၌ အရွယ်ရှိ သေးလျက် မုဆိုးမဖြစ်ရသော မိန်းမတို့ကို ယဉ်ပါးလိုသော ယောကျ်ား တို့သည် ရှက်ကြောက် လန့်ရွံ့ခြင်းမရှိ၊ မိမိ ပြက်ရယ်စကားဖြင့် ဖြား ယောင်း၍ ကျော်နင်း ကျူးလွန်တတ်၏၊ အခါအချိန်ကိုမထောက်၊ ရှက် ကြောက်ခြင်းကို မဆို့ပိတ်၊ စိတ်အလိုကို မချုပ်၊ ကိုယ်နှုတ်ဖြင့် မထေ မဲ့မြင် ကလွှင်ကပေါက် မလောက်မလေး ပြုတတ်၏၊ ခပ်သိမ်းစုံသော အမှုတို့၌လည်း ညှဉ်းဆဲကလူ ပြုတတ်ပါ၏။

ပုံပမာဆိုသော် အရွယ်ရှိလျက် မုဆိုးမဖြစ်ရသော မိန်းမ တို့သည် ကျီးအပေါင်းတို့ အလယ်၌ရောက်သော ခင်ပုပ်ငှက်ကဲ့သို့ ဖြစ်ရာ၏။

ရွှေအိုး ရွှေခွက် ရွှေလင်ပန်းဖြင့်သာ မင်းမျိုး သူဌေးမျိုးတို့၌ မောင်, အမ, ညီမ, မိဘ, ဆွေမျိုး တို့သည် ဤသူကား ငါတို့အပြင် ကျေးမွေးမည့်သူ မရှိဟုသိမ်းထားအုပ်ချုပ်၍ နေသော်လည်း ယောကျ်ား မတော်မမှန် တို့သည် ပေါ့လျှံ့ ချော့စား၍ တိမ်းမှားမိ သဖြင့် ပေါက်ပေါ် မိဘ ဆွေမျိုး တို့၏ ကဲ့ရဲ့ ပြစ်တင်ခြင်း ကိုလည်း ခံရရာ၏၊ အရှင်မင်းကြီး ဥပမာပုံ ဆိုသော် ဆိပ်ကမ်း ကျွန်းသောင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းနှီးတည်း၊ မြို့ပြ ကျုံး ပစ္စင် ရင်တား တံခါးမုခ် စသည် ရှိလင့်ကစား မင်း မရှိသော ပြည်သည် အချည်းနှီးတည်း၊ အမျိုးစည်းစိမ် အရောင်အဝါ ရှိလင့်ကစား အတတ်ပညာ မရှိသော ယောကျ်ားသည် အချည်းနှီးတည်း၊ အဖိုးတသိန်း တန်သော အဝတ်တန်းဆာကို ဝတ်ဆင်လင့် ကစား အကျင့်မရှိသော သူသည် အချည်းနှီးသာတည်း၊ မောင်တကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီး သာတည်း၊ မင်းကြီး ဥပမာပုံ ဆိုရသော်-ရထား၏ တန်ခိုးကား အောင်လံ တမ်းခွန်တည်း၊ မီး၏ တန်ခိုးကား အခိုးတည်း၊ ပြည်တိုင်းကား၏ တန်ခိုးကား မင်းသာတည်း၊ ယောကျ်ားတို့၏ တန်ခိုးကား အတတ်ပညာတည်း၊ မိန်းမတို့၏ တန်ခိုးကား လင်သာတည်း၊ အကြင်မိန်းမသည် လင်ဆင်းရဲသော အခါ အတူဆင်းရဲ၏၊ လင်ကောင်းစားသော အခါ၌လည်း အတူ ကောင်းစား၏၊ ထိုသို့ သဘောဖြောင့်မှန်သော မိန်းမကို နတ်,သိကြား,ဗြဟ္မာ,မင်းတို့ သည်လည်း အလွန် မြတ်နိုး ကြည့်ရှု သာခု ခေါ်ကြပါကုန်၏။

အရှင်မင်းကြီး ကျွန်ုပ်သည် အရှင်မင်းကြီး ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်၍ နေသမျှကာလပတ်လုံး အရှင်မင်းကြီးနှင့်အတူ ဖန်ရည် သင်္ကန်း ဝတ်ဆင်မြန်းလျက် ရှင်မင်းကြီးနှင့် လိုက်၍ ဆင်းရဲအတူ အပူမရွေး ချမ်းအေးမရှောင် တောမြောင်ချောက်ကြားတို့၌ သားရဲဘေးရန် တွေ့ကြုံသော်လည်း ရှေ့ကနေ၍ အရှင်မင်းကြီးအလျောင် အသေခံပါအံ့၊ အရှင်မင်းကြီးနှင့် ကင်း၍ ဤတိုင်းပြည်ကြီးကို တကိုယ်တည်း စိုးအုပ်ခံစားလျက် နေရစ်ဆိုသော်လည်း ကျွန်ုပ်အလိုမရှိပါ၊ အရှင်မင်းကြီး မင်းဖြစ်လျှင်

လည်း ဖြစ်ခြင်း အတူမကွာ ခံရလိုပါ၏၊ လင်ချမ်းခိုက် စံစား၍ လင်ဆင်းရဲတွေ့သောအခါ အဖေါ်မလုပ်လိုသော မိန်းမသည် ဘီလူးမ မြေဘုတ်မကဲ့သို့ ယုတ်လှသော မိန်းမသဘောဖြစ်ပါသည် ထို့ကြောင့် ကျွန်ုပ်လင်နှင့်အတူ လိုက်ပါရစေဟု လျှောက်၏။

ထိုစကားကို ကြားလျှင် သုမ္ဘမိတ္တမင်းကြီးက ကေသနီ မိဖုရားကြီးအားပြောဆိုသည်မှာ- အဘယ်မိဖုရား သင်မူကား လင်ကိုချစ်၍ ဆင်းရဲကိုခံလိုမူ ခံနိုင်ပါစေ၊ ဤငါ့သားတော် ဇေယျသေန ဇေယျဒတ္တ သားတော်နှစ်ဦးတို့သည်ကား အလွန်နုနယ် ငယ်ရွယ်လှသေး၏၊ ဤရွှေနန်းစည်းစိမ်၌ ငါး အမဲ သလေးထမင်းတို့ဖြင့် မြိန်ရှက်သော အစာကိုသာ စားရသူများဖြစ်၍ တောအရပ်၌ သစ်သီးသစ်ဖုတို့ကို အဘယ်မှာ စားနိုင်ပါအံ့နည်း။ ဤနန်းစည်းစိမ်၌ အချိန်ပိုလ်တရာ အနားရေးတရာရှိသော ရွှေလင်ပန်း၌သာ စားရသူဖြစ်လျက် တောသို့ရောက်သောအခါ သစ်ရွက်ပေါ်၌ ထည့်၍ငါ့သားတော်များ အဘယ်သို့ စားနိုင်ရှာလိမ့်မည်နည်း၊ ကာသိကရာဇ်တိုင်းကောဋုမ္ဗရာဇ်တိုင်းဖြစ် ပုဆိုးတို့ကို ဝတ်ခဲ့ပြီး၍ အဘယ်သို့လျှင် သမန်းကျစ် သက်န်း ရှန့်ကြမ်းသောအဝတ်ကို ဝတ်နိုင်ရှာလိမ့်မည်နည်း၊ ရွှေသံလျှင် ရွှေယာဉ် ရွှေဝေါ ရွှေရထားတို့ဖြင့်သာလျှင် နန်းတွင်း နန်းပြင်ထွက်ဝင်သွားလာ ကစားရွှင်ပျော်ခဲ့ပြီး၍ ခြေလျှင် အဘယ်သို့ သွားနိုင်ရှာလိမ့်မည်နည်း၊ လေမျှမခတ် ပိတ်အပ်သော တခါးရွက်ဖြင့် ကျက်သရေရှိသော တိုက်၌ အိပ်စက်ခဲ့ပြီး၍ အသို့လျှင် မြေမူနှ့် ခလုတ် ဆူးငြောင့်နှောင့်ရှက်ခက်ကြမ်းသော သစ်ပင်ရင်း၌ အိပ်နိုင်ရှာလိမ့်မည်နည်း၊ ရွှေသလွန်ပေါ်၌ ကော်ဇောခင်းနှီးပြောက် လဲဝါပေါက်မက နုလှသောမွေ့ရာ၌ အိပ်ခဲ့ပြီး၍ အသို့လျှင် ရှန့်ကြမ်းစွာသောမြက်ခင်းနှီး၌ အိပ်နိုင်ရှာလိမ့်နည်း အကျော်စန္ဒကူးနံ့သာအမွှေးအထုန်တို့ကို လိမ်းကျံပြီးမှအသို့လျှင် မှုံချေးညှိတို့ကို လိမ်းကျံနိုင်လိမ့်နည်း ၊ စာမရီ သားမြီးယပ်, ဥဒေါင်းမြီးယပ်တို့ဖြင့် ယပ်၍ ဘေးဥပဒ်မှုန်းမသိ ရှိခဲ့ပြီးမှ တောအရပ်၌ မှက် ခြင်ယင်ရဲတို့ ကိုက်ခဲ့သော် ငါ့သားတော်တို့သည် အသို့လျှင် ခံနိုင်ရှာလိမ့်နည်း၊

## ပင်းမိဖုရား သားတော်များ တောထွက်ခွါခဏ်း

ဤသို့ အချင်းချင်း အမျိုးမျိုးသော စကားတို့ကို ပြောဆိုကြပြီးနောက် ကေသနီမိဖုရားကြီးသည် မင်းကြီးနှင့်အတူ လိုက်ပါလျက် သားငယ်တို့ကို ခေါ်ဆောင်လိုရကား ဤဂါထာ ၂-ပုဒ်တို့ ဆိုလေ၏။

၆၀-၆၁။ အရှင်မင်းကြီး ကျွန်ုပ်၏ ဤသားငယ် ၂-ယောက်တို့သည် ကျွန်ုပ်တို့၏ အသက်တမျှ ချစ်မဝသော သားများဖြစ်ကြပါသည်၊ ကျွန်ုပ်တို့ ၂-ဦး ကွဲနေကြရလျှင် သူတို့နှစ်ဦးပါ ကွေကွင်း ခွဲခွါကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် သားငယ် ၂-ဦးပါ ခေါ်လျက် အရှင် မင်းကြီးအား ပြုစုလုပ်ကျွေးပါအံ့၊ မိဘနှင့် ခွဲခွါရသဖြင့် ပြုစုလုပ်ကျွေးမည့်သူ မရှိဘဲ သားတော် ၂-ဦး ဆင်းရဲဒုက္ခရောက်မည် ဖြစ်ပါသောကြောင့် သားငယ်များနှင့်အတူ ကျွန်ုပ်ပါ မင်းကြီးနောက် လိုက်ပါရစေဟု ဆိုလေ၏။

ထိုစကားကို ကြား၍ ဘုရားလောင်း သုမ္ဘာမိတ္တ မင်းကြီးသည် မိဖုရားကြီးကို တားမြစ်ခြင်းငှါ မတတ်နိုင်ရကား “မိဖုရားကြီး သို့ဖြစ်လျှင် သင်သည် ကျွန်ုပ်နှင့်အတူ လိုက်ရန် ခွင့်ပြုပါ၏” ဟုဆို၍ ဤဂါထာကို ဆို၏။

၆၂။ အဘယ်မိဖုရားကြီး မိမိတို့အလိုမပါလျှင် ကျွန်ုကိုသော်မျှ တောသို့ မခေါ်လိုပါ၊ ယခုမူ သင်သည် ဆင်းရဲဒုက္ခ အဝဝကို သည်းခံပြီး လိုက်လိုက လိုက်ပါတော့ဟု ဆိုလေ၏။

ဤသို့လျှင် မိဖုရားကြီးသည် မင်းနှင့်အတူ လိုက်ပါခွင့်ရသဖြင့် လမ်းခရီး၌ စားနပ်ရိက္ခာအတွက် အထုပ်အပိုးများကို ထုပ်ပိုးလျက် ဇေယျဒတ္တ သားငယ်ကို ရင်ခွင်ပိုက် ယူဆောင်၏။ သုမ္ဘာမိတ္တ မင်းကြီးလည်း အထုပ်အပိုးများကိုထမ်း၍ ဇေယျသေနကို ပခုံးဖြင့်ထမ်းဆောင်၏။ ဤသို့အားဖြင့် ပင်းပိဖုရား ၂-ဦးသားတို့သည် သား ၂-ယောက်ကို အသီးသီး ထမ်းပိုးကြလျက် မြို့မှ ထွက်ကြလေ၏၊ ထိုအကြောင်းကို မိန့်ဆိုလိုရကား မြတ်စွာဘုရားသည် -

၆၃-၆၄။ ထိုအခါ ကေသနီ မိဖုရားကြီးသည် အထုပ်အပိုး များကို ရွက်၍ ဇေယျဒတ္တသားငယ်ကို ရင်ခွင်ပိုက်လျက် မြို့မှထွက်လေ၏၊ သုမ္ဘမိတ္တမင်းသည်လည်း အထုပ်အပိုးများကို ပခုံးဖြင့် ထမ်းလျက် ဇေယျသေနကို ရင်ခွင်ပိုက်ကာ မြို့မှထွက်ခွါလေ၏ဟု မိန့်တော်မူ၏။

## မင်းလေးပါး တကွဲတပြားစီ

ထိုအခါ ဘုရားလောင်း သုမ္ဘမိတ္တ မင်းကြီးသည် သားမယားတို့နှင့် အတူတကွ မိမိ၏ စမ္ပါမြို့တော်မှထွက်၍ အစဉ်သဖြင့် သွားသည်ရှိသော် မြစ်တခုသို့ရောက်၍ တည်ပင်၏အနီး ရေသဖန်းပင်ရင်း၌ထိုင်လျက် မိဖုရားကြီးအား "အဘယ်မိဖုရားကြီး ဤမြစ်သည် အစောက်နက်၍ အကျယ် ၄-ဂါဝုတ်မျှ ပမာဏရှိပါသည် ငါတယောက်တည်း သင်တို့ သုံးဦးသားလုံးကို တပြိုင်တည်း ခေါ်ဆောင်၍တဖက်ကမ်းသို့ ကူးခြင်းငှါ မဟုတ်နိုင်၊ ခလေး ၂-ယောက်က ငယ်ရွယ်သဖြင့်ပေါ့ပါး၏၊ ငါသည် အားမစိုက်ရဘဲ ခလေး များကို ယူဆောင်ရန်တတ်နိုင်၏၊ သင်ကား အသက်ကြီးသဖြင့် လေးလံ၏၊ ငါသည် ခွန်အားစိုက်ထုတ်၍ ယူဆောင်ရချေမည်။ ထို့ကြောင့်သင့်ကို ပဌမ ဦးစွာကမ်းတဖက်သို့ ယူဆောင်၍ပြန်လာပြီးနောက် ဤသားငယ်၂-ယောက် ကို ကမ်းတဖက်သို့ တဖန် ယူဆောင်အံ့"ဟု မင်းကြီးက ပြောဆိုသော အခါ မိဘုရားကြီးသည် ကောင်းပြီဟု ဝန်ခံ၍ နို့စို့သားငယ် ဇေယျ သေနကို နို့တိုက်လျက် ခေါင်းခု ပုဆိုးကို ခင်း၍သိပ်ထားပြီး၊ ဖြည်းညှင်း စွာကျပြီးနောက် သားကြီး ဇေယျသေနကို အစာ ကျွေးပြီးလျှင် သားကြီး ဇေယျသေနကို ဤမှာ ဘက်ကမ်း၌ ထားခြင်းငှါ အား ထုတ်၏။ ထိုအခါ သားကြီး ဇေယျသေနက မိဘ ၂-ပါး တို့အား ပြောသည်မှာ "မေမေ ဖေဖေတို့ ကျွန်ုပ်တို့သည် အလွန်ငယ်ရွယ်ကြပါ သေးသည်၊ ဤမြစ်ကမ်း၌ ညအခါတွင် ကိုးကွယ်အားထားရာမဲ့ ဖြစ်ကြ ပါမည်၊ ထို့ကြောင့် ဖေဖေ-မေမေတို့သည် ကြာကြာ မနေဘဲ ကျွန်ုပ်တို့ကို မြန်မြန် လာခေါ်ပါ" ဟု သနားစဖွယ် ပြောလေ၏၊ မိဘနှစ်ပါး မင်း မိဖုရားတို့သည်ဇေယျသေနစကားကို ကြားရသောအခါ နှလုံးကွဲမတတ်စိတ်

ထိခိုက်ကြလျက် ဇေယျသေနကို ဖျောင်းဖျလျက် ထားကြကုန်၏။ ထိုအခါ မင်းကြီးသည် မိဖုရားကြီးကို ခေါ်ဆောင် ထမ်းပိုး၍ သုံးဂါဝုတ်မျှ ပမာဏရှိသော မြစ်ကိုကူး၍ မြစ်တဖက်ကမ်းသို့ ရောက်သောအခါ သစ်ပင်တပင်အောက်၌ မိဖုရားကြီးကို နေစေလျက် တဖန် ထိုမြစ်ကို ကူးရန် အားထုတ်လေ၏။

## သုဗ္ဘမိတ္တ မင်းသောက

ထိုအခါ ဘုရားလောင်းသည် တဖက်ကမ်းသို့ မရောက်မီ ပင်လျှင် တံငါ ၂-ယောက်တို့သည် လှေငယ်ဖြင့် ခလေးငယ် ၂-ယောက်ရှိရာ မြစ်ကမ်းသို့ ရောက်လာပြီး တဦးနှင့်တဦး အသံပြု ခေါ်ငင်သောအခါ ဇေယျသေန သားကြီးသည် ထိုတံငါတို့ အသံကို ကြား၍ မိမိဘခင်ဟု မှတ်သဖြင့် တံငါတို့ကို ခေါ်လေ၏၊ တံငါတို့လည်း ခလေးအသံကို ကြား၍ အသံကြားရာသို့ သွားသော အခါ ခလေး ၂-ယောက်ကို တွေ့သဖြင့် တယောက်စီ ယူကြလျက် မိမိတို့ရွာသို့ ယူဆောင် သွားကြလေ၏၊ တဖက်ကမ်းမှ ပြန်ကူးလာသော မင်းကြီးသည် မြစ်ကမ်းသို့ ရောက်သောအခါ သားငယ် ၂-ယောက်ကို မတွေ့သဖြင့် ငါ၏ သားငယ်များ အဘယ်သို့ သွားကြပါသနည်းဟု ဟစ်အော်လျက် တညလုံး လှည့်ပတ် ရှာဖွေ လေ၏၊ မိုးလင်းလတ်သော် ဘုရားလောင်းသည် အဖေါ်မပါ တယောက်တည်းသာ သားငယ်တို့ အိပ်ရာ နေရာသို့ ပြန်လာလျက် သားတို့ကို မတွေ့ရကား ဖြေမဆည်နိုင် မျက်ရေဖြိုင်ဖြိုင် ကျလျက် သားငယ်တို့ကို ခေါ်လိုရကား ဤဂါထာ ၂-ပုဒ်ကို ဆို၏၊

၆၅-၆၆။ ချစ်လှစွာသော ဒတ္တ, သေန သား၂-ယောက်တို့ အဘယ်အရပ်သို့ သွားကြ ကုန်သနည်း၊ ငါ့အား ကိုးကွယ်ရာမဲ့ မဖြစ်စေပါလင့်၊ ချစ်လှစွာသော သားတို့ တဖက်ကမ်းမှာ ကျန်ရစ်သော မိခင်သည် သားငယ် ၂-ဦးကိုမမြင်ရလျှင် ဆင်းရဲကြီးစွာ ဖြစ်ပါလတ့်၊ သို့ဖြစ်၍ ရောက်ရာအရပ်မှ အမြန်လာကြပါလော့။

ဤသို့ ဆိုလျက် ဘုရားလောင်းသည် ထိုထိုအရပ်တို့သို့ ပြေးသွား ရှာဖွေပါသော်လည်း သားငယ် ၂-ယောက်ကို မတွေ့သဖြင့် ငိုကြွေးလျက် ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၆၇-၆၈။ အပွင့်အသီး တို့နှင့် ပြည့်စုံသော တော သစ်ပင်ခြုံနွယ်ပိတ်ပေါင်း တို့ကို ဤအရပ်၌ တွေ့မြင်ရ သော်လည်း ငါ၏ သားငယ်၂-ယောက်ကိုကား မတွေ့ရချေ၊ ဤ ရေသဖန်းပင် စသော သစ်ပင် အမျိုးမျိုး ဆိတ်မ စသော သတ္တဝါတို့ကို တွေ့ရသော်လည်း ငါ့သားတော်တို့ကိုကား မတွေ့ရကုန်။

ဤသို့ ဘုရားလောင်းသည် ငိုကြွေး မြည်တမ်းလျက် သားတို့အတွက် ပူဆွေးရသော သောကကို မခံနိုင်ရကား ထိုနေရာ၌ပင် လဲကျလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်။

၆၉-၇၀။ ထိုအခါ သုမ္ဘမိတ္တမင်းသည် မြစ်ကမ်းနားသို့ တဖန် လာလျက် ထိုနေရာ၌ သားတို့ကို မမြင်သဖြင့် ငိုကြွေးလျက် မြေကြီး၌ လဲကျ၏၊ ထိုမင်းသည် မြစ်ကမ်းသို့ တဖန် ပြန်လာသော အခါ ထိုနေရာ၌ သားငယ်တို့ကို မတွေ့သဖြင့် သနားစဖွယ် ငိုကြွေးလျက် မြေကြီး၌ သတိမရဘဲ လဲကျလေ၏။

ထိုမင်းသည် တဖန် သတိရ လာသော အခါ "ငါတို့အား ယခု အခါ သေကွဲ ကွဲခြင်း ရှင်ကွဲ ကွဲခြင်းတို့ ဖြစ်ရ၏၊ ဤသို့ဖြစ်ရခြင်းသည် လောက၏ ဓမ္မတာပင် ဖြစ်သည်ဟု မိမိကိုယ်ကို ဆုံးမပြီး စိတ်သက်သာရာ ရစေပြီးလျှင် တဖက်ကမ်း၌ ကျန်ရစ်သော မိဖုရားကြီး အထံသို့ သွားရန် မြစ်သို့ သက်ဆင်း ကူးသွားလေ၏၊ ထိုအခိုက်တွင် လှေသူကြီး တယောက်သည် ကုန်သည် ငါးရာတို့နှင့် အတူ ထို မိဖုရားကြီးရှိရာ မြစ်ကမ်းသို့ ရောက်လေရာ သစ်ပင်ရင်း၌ ထိုင်နေသော မိဖုရားကြီးကို တွေ့သဖြင့် ခေါ်ဆောင်၍ လှေပေါ်၌ ထားလေ၏၊ ထိုအခါ မိဖုရားကြီးသည် မိမိသားငယ် ၂-ယောက်နှင့် မိမိအရှင်သခင် မင်းကြီးကို မတွေ့ရသဖြင့် ပူဆွေးတသလျက် ဤ ဂါထာကို ဆို၏။

၇၁။ ချစ်လှစွာသော လင်နှင့်သားတို့ ယခုအခါ ငါ့မှာ လင်သားများနှင့် ကွေကွင်း ကွဲကွာခြင်းသို့ ရောက်ရပြီ၊ ရှေးအခါက ငှက်ငယ်များကို သူ့မိခင် ဘခင် များနှင့် ကွဲကွာအောင် ပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကြောင့်များ ဖြစ်ရသလား မသိပါ၊ ယခုအခါ ငါ့မှာ သား ၂-ယောက်နှင့် လင်သားတဦး သင်တို့ ၃-ဦးနှင့် ကွဲကွာ နေရပါပြီ။

ဤသို့ ငိုကြွေးနေသော မိဖုရားကြီးကို ခေါ်၍ လှေသူကြီးသည် မိမိတို့ နေရပ်အစုသို့ ခေါ်ဆောင် သွားလေ၏၊ ထိုအခါ ဘုရားလောင်းသည် မြစ်မှ ကမ်းပေါ်သို့ တက်လာသော အခါ ထိုသစ်ပင်ရင်း၌ မိဖုရားကြီးကို မတွေ့သဖြင့် တိုထိုဤဤ လှည့်လည်ပြေးသွား ရှာဖွေသော်လည်း မတွေ့ရကား ထိုနေရာ၌ပင် ငိုကြွေးမြည်တမ်းလျက် ဤဂါထာကို ဆိုလေ၏။

၇၂-၇၀။ မြစ်ဆိပ်ကမ်းနား၌ သားမယားတို့ကို ထားလျက် မြစ်ကို ငါကူးခဲ့၏၊ ယခုအခါ သားမယား ၃ သုံးဦးတို့ကို မတွေ့ရတော့ချေ။ အို သားနှင့် မယားတို့ သင်တို့ ၃ ဦးနှင့်ကင်း၍ ငါ့မှာ အဘယ်သို့ အသက်ရှင် နေနိုင်ပါအံ့နည်း။ ငါသည် ယခုအခါ လူသား ဖြစ်လျက် အဖော်ကင်းမဲ့ပြီး တယောက်တည်းသာ ကျန်ရစ်ခဲ့ရပါပြီ၊ ဤသို့ငိုကြွေးလျက် ဤဆင်းရဲဒုက္ခမှ အဘယ်သို့ လွတ်မြောက်ရပါအံ့နည်း၊ နာရဒ ပေါင်၌ နေကြသော နတ်များတို့သည် ကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်ကြပါကုန်လော၊ နတ်တို့သည် ကျွန်ုပ်အား စောင့်ရှောက် ကြပါကုန်လော့၊ နတ်တို့ကန်ခိုး အာနုဘော်ဖြင့် သားမယားတို့ကို ပြန်တွေ့ရပါစေလို၏၊ တန်ခိုးကြီးသော လူနတ်ဘီလူး တဦးဦးသည် ဤဆင်းရဲဒုက္ခမှ ကျွန်ုပ်ကို လွတ်မြောက်စေပါလော့၊ ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ပြုတော်မူကြပါကုန်လော့၊ လူ့ပြည် လောက၌ ရှိကြကုန်သော နတ်အများတို့သည် သားမယားတို့ကို ကျွန်ုပ်ထံသို့ လာရောက်ခေါ်ဆောင် ပို့ပေးကြပါကုန်လော့၊ ထိုနတ်များတို့သည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်ကြပါကုန်လော့၊ ဤညဉ့် လွန်မြောက် မိုးသောက်ချိန် ရောက်သောအခါ

သားမယား ၃ ဦးတို့ကို ကျွန်ုပ်ထံသို့ စောစောပင် ပို့ပေးကြပါကုန်လော့။

ဤသို့ စသည်ဖြင့် ငိုကြွေးလျက် ဘုရားလောင်းသည် ထိုနေရာ၌ပင် သတိမေ့ကာ လဲကျသွားရှာလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်....

၇၉။ တော၌ လေတိုက်ခတ်သည့်အခါ သစ်ရွက်ရော်များ မြေ၌ကြွေကျသကဲ့သို့ ထိုမင်းသည်လည်း ငိုကြွေးခြင်း အပူဖြင့် ရိုက်ခတ်အပ်သည်ဖြစ်ရကား ထိုနေရာ၌ပင် သတိမရ လဲကျလေတော့၏။

၈၀-၈၆။ အကြင် သူသည် ငါ၏ သားမယားတို့ကို ယူဆောင်၍ သွားကြကုန်ပြီ၊ ထိုသူတို့ကို မမြင်တွေ့ရပါ၊ အသက်ရှင်လျက် ရှိကြသောသူတို့၏ အော်သံဟစ်သံကိုမျှလည်း မကြားရပါ။ ထိုသူတို့အားလုံး သေလွန်ကုန်ကြပြီတကား၊ အကြင် သူသည် ငါ၏ သားမယားတို့ကို ခေါ်ဆောင်သွား၏။ ထိုသူတို့ကိုလည်း မတွေ့ရပါ၊ ဤအရပ်၌ ကြီးမြည်သံမျှ မကြားရပါ၊ ထိုသူအားလုံး သေလွန်ကုန်ကြပြီတကား၊ အကြင်အရပ်သို့ ငါ၏ သား ၂ ယောက်ကို ယူဆောင်သွားကြကုန်ပြီ၊ ထိုသား ၂ ယောက်ကို မတွေ့ရပါတကား၊ ထိုသားတို့ နေရာကို မမြင်ရပါတကား၊ ငါ၏ သားငယ်တို့သည် သေလွန်ကြကုန်ပြီ တကား၊ အကြင် အရပ်သို့ ထိုကေသနီမိဖုရားကြီးကို ဆောင်ယူသွားကြပြီ၊ ယခုအခါ ကေသနီ မိဖုရားကြီးကို မမြင်တော့ပါတကား၊ ထိုနေရာကိုလည်း မမြင်ရပါတကား၊ ကေသနီ မိဖုရားကြီးသည် သေလွန်ခဲ့ပြီတကား၊ မိဖုရားကြီးကို မတွေ့ရ၍ ပူဆွေးရခြင်း ဟူသော ၂-ခုမြောက် သောကမြားသည် ကျွန်ုပ်သို့ စူးဝင်လာပြီ၊ ကျွန်ုပ်၏နှလုံးသည် တုန်လှုပ်လှုပါပြီ၊ သားမယားတို့ကို မမြင်ရသဖြင့် ကျွန်ုပ်၏ နှလုံးသားတို့သည် ပူဆွေးတုန်လှုပ်လှုပါ၏။ ဤညဉ့်ကုန်လွန်၍ နံနက်မိုးသောက် အလင်းရောက်ချိန်မှ သားမယားတို့ကို မမြင်ရလျှင် ငါသည် အသက်ကို စွန့်ရပါတော့အံ့။

ဤသို့ ငိုကြွေးလျက် ဘုရားလောင်းသည် တယောက်ထည်း ရောက်မိရောက်ရာ ထွက်ခွာသွားလေ၏။

## မင်းလေးပါးတို့ တကွဲတပြားစီ ဖြစ်ရသောအကြောင်းကား

မင်းမျိုး၌ဖွား ဤလေးဦးသားတို့သည် အဘယ့်ကြောင့် ဤသို့ကွဲကွာကြရပါသနည်းဟူမူ ရှေးအခါက ဤမိသားစုလေးဦးတို့သည် ခရီးသွားကြသောအခါ လမ်းခရီးအကြား၌ သစ်ပင်ရင်းတခု၌နားနေကြကုန်၏၊ ထိုခဏ၌ သစ်ပင်ပေါ်ရှိ အသိုက်မှ ကျေးငှက်အသံကို ကြားကြကုန်ရာ သူငယ်တို့သည် သစ်ပင်ထက်မှ ကျေးငှက်အသံကို ကြားကြသဖြင့် ကျေးငှက်ကို ယူ၍ ကစားကြလိုသောကြောင့် ငိုကြွေးလျက် "အို မိခင်ဘခင်တို့ ကျွန်ုပ်တို့အား ဤကျေးငှက်ငယ်ကို ယူပေးကြပါ"ဟု တောင်းကြကုန်၏။ ထိုအခါ မိခင်ဖြစ်သူက မိမိ၏လင်ယောကျ်ားအား "အရှင်သင်သည် ဤသစ်ပင်ပေါ်သို့တက်၍ ဤကျေးငှက်တို့ကို ယူ၍ သားငယ်တို့အားပေးပါသော့"ဟု ဆိုလေရာ မယား၏ စကားကို ကြားသဖြင့် သူငယ်တို့၏ဖခင် ဖြစ်သူသည် သစ်ပင်ပေါ်တက်၍ သစ်ပင်ပေါ် အသိုက်မှ ကျေးငှက်များကို ယူကာ သူငယ်များအား ပေး၏။ ထိုသူငယ်တို့သည် ဖခင်ထံမှ ကျေးငှက်များကိုယူလျက် ကစားစရာ ကျေးငှက်၏ အမွေးအတောင် ၃ ခုတို့ကို နှုတ်၏ ထို့နောက် ဖခင်ဖြစ်သူသည် ယင်းကျေးငှက်ကို သစ်ပင်ပေါ်က အသိုက်တွင် ပြန်တင်ထားလိုက်၏။ ထိုသို့ ကျေးငှက်၏ အမွေး အတောင်တို့ကို နှုတ်ခဲ့သော အကုသိုလ်ကံကြောင့် ထိုမိသားစုလေးဦးတို့သည် ဘဝ ငါးရာတို့ပတ်လုံး အချင်းချင်း ကွဲကွာနေရခြင်းဒုက္ခကို ခံစားခဲ့ကြရကုန်၏၊ ယခုလည်း ဤအကျိုးဆက်ကြောင့်ပင် မိသားစုလေးဦး ကွဲကွာနေကြရခြင်း ဖြစ်၏။

ထိုအခါ သုမ္ဘမိတ္တ မင်းသည် တယောက်တည်း အစဉ်သဖြင့် သွားသည်ရှိသော် မိမိ၏ သားမယားတို့ကို အောက်မေ့ရကား ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၇၇-၀၀။ သတ္တဝါတို့အား မချစ်မနှစ်သက်သူ များနှင့် အတူတကွနေရခြင်းသည် ဆင်းရဲ၏၊ အချင်းချင်း ကွေကွင်း ကွဲကွာ၍ နေရခြင်းသည် ငါတို့အား ဆင်းရဲ၏၊ ချစ်ခင်နှစ်သက်ခြင်းကြောင့် စိုးရိမ်

ပူဆွေး ငိုကြွေး၏။ ချစ်ခင်နှစ်သက်ခြင်းကြောင့် ဘေးအမျိုးမျိုး ဖြစ်ရ၏၊ ချစ်ခင်နှစ်သက်မှု ကင်းသူအား စိုးရိမ်ပူဆွေး ငိုကြွေး ရခြင်း မကင်းလွတ်သည့်အပြင် ဘေးအမျိုးမျိုးကား အဘယ်မှာ ရှိပါအံ့နည်း။

## သုမ္ဘမိတ္တ မင်းဖြစ်ခဏ်း

ထိုအခါ ဘုရားလောင်းသည် မိမိ၏သောကကို ဉာဏ်ပညာဖြင့် ဆင်ခြင်ဖြေဖျောက်လျက် တက္ကသိုလ်ပြည်သို့သွား၍ ဥယျာဉ်တခုသို့ ဝင်ပြီးလျှင် သစ်ပင်တရင်းရင်း၌ မင်္ဂလာရှိသော ကျောက်ဖျာထက်ဝယ် ထိုင်နေပြီးနောက် ထိုသစ်ပင်ရင်း၌ပင် ခေါင်းမြီးခြုံ၍ အိပ်နေလေ၏။ ထိုအခါတွင် တက္ကသိုလ်ပြည်၌ ဘုရင်မင်းမြတ်သည် ကွယ်လွန်အနိစ္စ ရောက်သဖြင့် မင်းမှူးမတ်တို့သည် ဘုရင်မင်းမြတ်၏ ဈာပနကိစ္စအဝဝကို ပြုကြပြီးနောက် ခုနစ်ရက်မြောက်နေ့တွင် မင်းယင်ပြင်၌ စည်းဝေးတိုင်ပင်ကြကုန်၏။

ငါတို့၏ ဘုရင်မင်းမြတ်၌ သားသမီးမရှိခဲ့၊ ငါတို့သည် မင်းမရှိသော ဤတိုင်းပြည်ကို စောင့်ရှောက်ကြကုန်အံ့၊ ယခုအခါ အဘယ်သူ မင်းပြုအံ့နည်း၊ အဘယ်သို့ ငါတို့ ပြုလုပ်ကြမည်နည်းဟု တိုင်ပင် စည်းဝေးကြရာ ထိုအခါတွင် ပုရောဟိတ်ပညာရှိ ပုဏ္ဏားတယောက်က ဤသို့ အကြံပေး၏။ "အို အမတ်အပေါင်းတို့ သင်တို့ မစိုးရိမ်ကြကုန်လင့်၊ ယခုအခါ ငါတို့သည် မင်္ဂလာရထား (ဖုတ်သွင်းရထား) ကို လွှတ်ကြကုန်အံ့၊ (ဖုတ်သွင်းရထား) မင်္ဂလာရထား လွှတ်၍ ရသောမင်းသည် ဇမ္ဗူဒိပ် တကျွန်းလုံးကိုပင် အုပ်ချုပ်စွမ်းနိုင်၏" ဟု အကြံပေး ပြောဆိုရာ ထိုပညာရှိ ပုရောဟိတ်ပုဏ္ဏား၏ စကားကို အားလုံး လက်ခံအတည်ပြုကြပြီးလျှင် တက္ကသိုလ်မြို့တော်ကို လှပစွာ မွမ်းမံပြင်ဆင်လျက် မင်္ဂလာရထား၌ ကုမုဒြာကြာ အဆင်းရှိသော မြင်းလေးကောင်တို့ကို ကပ်ဆင်စေပြီး ရထားထက်၌ ကောင်းမွန်စွာ ခင်းကျင်းပြီးလျှင် ရထား၌ ထီးဖြူကိုစိုက်လျက် သင်းကျစ်, သန်လျက် (ထားလွယ်) ခြေနင်း ဓာမရိသားမြီး ယပ်ထီးဖြူ ဟူသော မင်းမြောက်တန်းဆာ ငါးပါးတို့ကို တင်လျက်

နံ့သာရေကိုယူ၍ ရွှေကရားဖြင့် မင်္ဂလာရထား၏ထိပ်၌ သွန်းလောင်းပြီးလျှင် "အိုမင်္ဂလာရထား-အကြင်သူအား ဤတိုင်းငံ၌ မင်းပြုခြင်းငှါ ထိုက်တန်သော ဘုန်းကံရှိ၏၊ သင်သည် ထိုဘုန်းကံရှိသော မင်းဖြစ်ထိုက်သူအထံသို့သွားလော့"ဟု ဆိုလျက် မင်္ဂလရထားကို စေလွှတ်ကြကုန်၏။

ထိုအခါ ထိုမင်္ဂလာရထားသည် ထိုတက္ကသိုလ်မြို့၌ မင်း၏ ပြာသာဒ်ကို လက်ျာရစ်လှည့်လည်၍ အရှေ့တံခါးဖြင့် မြို့တော်မှ ထွက်ခွါ သွား၏။ မင်းအမတ်များ ဦးဆောင်သော လူအပေါင်းတို့သည် တူရိယာအမျိုးမျိုးတို့ကိုယူ၍ ထိုရထား၏ နောက်မှ လိုက်သွားကြကုန်၏။ ထိုအခါ ထိုမင်္ဂလာရထားသည် ဥယျာဉ်တော်သို့ ဝင်၍ ဥယျာဉ်တော်ရှိ အင်ကြင်းပင်ရင်း၌တည်ရှိသော မင်္ဂလာကျောက်ဖျာကို လက်ျာရစ် လှည့်လည်လျက် ရထားပေါ်သို့တက်စေသော အခြင်းအရာကို ပြလျက် ရပ်တည်လေ၏။ ထိုခဏ၌ ထိုပညာရှိ ပုရောဟိတ် အမတ်သည် ထိုသစ်ပင်၌ အိပ်နေသော ယောက်ျား တယောက်ကိုမြင်၍ အမတ်တို့ကို ပြောဆိုသည်မှာ 'အို အမတ်တို့၊ လူတယောက်သည် ဤမင်္ဂလာ ကျောက်ဖျာထက်၌ အိပ်နေ၏၊ ထိုသူသည် ထီးဖြူနှင့်ထိုက်တန်သူ ဖြစ်လတံ့၊ ထိုသူအား မင်းပြုခြင်းငှါ ထိုက်တန်သော ဘုန်းကံ ရှိမရှိ မသိရသေး၊ အကယ်၍ ၎င်းပုဂ္ဂိုလ်၌ မင်းနှင့်ထိုက်တန်သော ဘုန်းကံရှိအံ့၊ ထိုသူသည် မထလတံ့၊ အကယ်၍ မင်းနှင့် မထိုက်တန်သော လူယုတ်လူညံ့ ဖြစ်မူကား ကြောက်ရွံ့ ထိတ်လန့်လျက် ပြေးလတံ့၊ ငါတို့သည် စုံစမ်းရန်အတွက် တူရိယာ အမျိုးမျိုးတို့ကို တပြိုင်နက်တည်း မြေကြီးပြိုမတတ် တီးခတ်ကြကုန်အံ့ဟုဆို၍ တီးကုန်၏။ ထိုအခါဘုရားလောင်းသည် အိပ်ရာမှနိုး၍ စစ်သည်ဗိုလ်ပါ လူများစွာတို့ကိုကြည့်ပြီး လက်ျာဘက်သို့စောင်း၍ အိပ်မြဲအိပ်နေ၏။

ထိုအခါ ပညာရှိ ပုရောဟိတ်သည် အိပ်နေသော ထိုယောက်ျား၏ ခြေမှ ပုဆိုးကို အသာဖွင့်၍ ခြေ၏လက္ခဏာကို ကြည့်၍ အမတ်တို့အား ပြောသည်မှာ အို အမတ်အပေါင်းတို့ ဤပုဂ္ဂိုလ်သည် ဤဇမ္ဗူဒိပ်တကျွန်းလုံးကိုမဆိုထားဘိ လေးကျွန်းလုံးကိုပင် စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်သော ပုဂ္ဂိုလ်ဖြစ်လေသည်ဟု ပြောဆိုလေ၏၊ ထိုစကားကို ကြား၍

အမတ်များအားလုံးတို့သည် လက်အုပ်ချီမိုး ရှိခိုးကြလျက် "အရှင်မင်းကြီး သင်သည် ကျွန်ုပ်တို့၏တိုင်းပြည်စည်းစိမ်ကို လက်ခံပါ"ဟု တောင်းပန်လိုကြ ရကား ဤဂါထာကို ဆိုလေ၏။

၇၉။ အို မင်းမြတ် ဤတိုင်းနိုင်ငံသည် ထမင်းအဖျော်တို့နှင့် ပြည့်စုံ၍ သာယာရွှင်ပျော် မွေ့လျော်ဘွယ်ရှိပါ၏၊ ကျွန်ုပ်တို့အားလုံးသည် အရှင် မင်းမြတ်အား ခြံရံကြလျက် အရှင်အား မင်းစည်းစိမ်ကို ပေးပါအံ့။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် အိပ်ရာမှထ၍ ထိုနေရာ၌ ထိုင်လျက် "အို လူအပေါင်းတို့ သင်တို့ဘုရင်မင်းမြတ်သည် အဘယ်အရပ် သို့ သွားသနည်းဟုမေးရာ နတ်ရွာစံ ကွယ်လွန်ကြောင်း လျှောက်ဘင်ကြ သောအခါ ကွယ်လွန်သောမင်းကြီး၌ သားရတနာများ မရှိပါသလောဟု မေးပြန်လျှင် ကွန်လွန်သော ကျွန်ုပ်တို့၏ မင်းကြီး၌ သားသမီး တဦး တယောက်မျှမရှိပါဟု ဆိုကြသောအခါ "သို့ဖြစ်လျှင် ကျွန်ုပ်သည် သင်တို့၏ အရှင်သခင်ဘုရင်မင်း ပြုပါအံ့"ဟု ဆိုလေ၏။ ထိုအခါ အမတ်အပေါင်း တို့သည် ဥယျာဉ်တော်ကို လှပစွာ တန်ဆာဆင်လျက် ထိုနေရာ၌ပင် ဘုရား လောင်းကို အဘိသိက်သွန်းပြီးလျှင် ထိုနေ့၌ပင် ရထားဖြင့် တင်ဆောင် ကာ တက္ကသိုလ်မြို့သို့ ဝင်ကြကုန်၏၊ ထိုဘုရားလောင်းသည် ပြာသာဒ်ထက် တက်၍ မင်းမြတ်၏ သလွန်တော်ပေါ်၌ နေထိုင်လေ၏၊ ထိုဘုရားလောင်း သည် ထိုအခါမှစ၍ ထိုတက္ကသိုလ်ပြည်၌ နေကုန်သော တိုင်းသူပြည်သား လူအများတို့အား ဒါနစသော ကောင်းမှုတို့ကိုပြုစေသဖြင့် တရားသဖြင့် မင်းပြု၏။

## ထူးဆန်းထွေလာ ကြောင်းခြင်းရာများ

ထိုအခါ ထိုတံငါသည် ၂-ဦးတို့သည် သူငယ်များကို မိမိတို့သားများ အဖြစ်ဖြင့် ပြုစုကျွေးမွေးကြကုန်၏၊ ထိုသူငယ် ၂-ဦးတို့ အရွယ်ရောက်လတ် သော် တံငါသည် ၂-ဦးတို့သည် လက်ဆောင်ပဏ္ဏာများကို ယူဆောင် လျက် ထိုသူငယ် ၂-ဦးနှင့်အတူ မင်း၏ အထံသို့သွား၍ ရှိခိုးပြီးလျှင် လက်ဆောင်များကို မင်းအား ပေးပြီးနောက် မင်းကြီးအား အမြဲတန်း

လုပ်ကျွေးဆည်းကပ်ရန် ယင်းသူငယ် ၂-ဦးတို့ကို မင်းကြီးအား ပေးအပ်လေ၏၊ ထိုအခါသုမ္ဘမိတ္တမင်းကြီးသည် တရားဆုံးဖြတ်ရာ မြတ်သောပလ္လင်ထက်၌ နေလျက် ထိုသူငယ် ၂-ဦးကိုတို့မြင်၍ အမတ်တို့နှင့် တိုင်ပင်ပြောဆိုလိုရကား ဤဂါထာ ၃-ပုဒ်ကို ဆိုလေ၏။

၉၀-၉၂။ အပူရှိန်ပြင်းပြသော မီးအပူကြောင့် ရွှေသည် တောက်ပဝါဝင်းနေသကဲ့သို့ငှင်း ပန်းပဲဖိုဝ်သို့ ရောက်သဖြင့် သိင်္ဂီနိက္ခရွှေ၏တောက်ပဝါဝင်းနေသကဲ့သို့ငှင်း ဝါဝင်းသော ဤမျက်နှာတို့ကား အဘယ်သူ၏ မျက်နှာတို့ပါနည်း၊ တူညီသော ကိုယ်အင်္ဂါကြီးငယ် တူညီသော လက္ခဏာရှိကြသည့် ဤသူငယ် ၂-ယောက်တွင် တယောက်က ဇေယျာသေနနှင့်တူ၍ တယောက်က ဇေယျာဒတ္တနှင့် တူလှပေ၏။ တွင်းမှ ထွက်လာသော ခြင်္သေ့တို့ကဲ့သို့ ဤသူငယ်တို့သည် တူလှပေစွ၊ ဤသူငယ်တို့ကား ရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းသော အဆင်းဖြင့် တင့်တယ်လှပေစွ။

ဤသို့ သုမ္ဘမိတ္တမင်းသည် သုံးဂါထာတို့ဖြင့် သူငယ်တို့ကို ချီးမွမ်းလျက် "အို တံငါသည်တို့ဤသူငယ် ၂-ယောက်တို့သည် အဘယ်သူ၏သားများဖြစ်ကြပါသနည်းဟု တံငါသည်တို့အားမေးရာ "ကျွန်တော်မျိုးများ၏သားများဖြစ်ကြပါသည်ဟု" တံငါသည်တို့က လျှောက်ထားသောအခါ—သင်တို့သားဖြစ်လျှင် အဘယ်ကြောင့် သင်တို့၊ ရုပ်လက္ခဏာ နှင့် မတူပါသနည်းဟု မေးမြန်းလျှင် အရှင်မင်းကြီး ဤသူငယ်များသည် ယင်းတို့၏ မိခင်များနှင့် တူကြပါသည်ဟု တံငါသည်တို့က လျှောက်ထားကြ၏။ ထိုအခါ ဘုရားလောင်းသည် "ဤသူငယ်တို့သည် ငါ၏သားများနှင့် တူလှချေ၏၊ ငါ၏သားများရှိလျှင် ဤသူငယ်တို့နှင့် အရွယ်တူလောက် ရှိမည်ဖြစ်၏၊ ငါ၏သားများနှင့် ရုပ်အဆင်း သဏ္ဌာန်လည်းတူကြ၏ဟု ကြံစည်လျက် ဤသူငယ် ၂-ယောက်တို့အား မိမိ၏ သားရင်းတမျှ ချစ်ခင်မြတ်နိုးလှလေ၏။ ထိုတံငါသည်တို့သည် မင်းကြီးအား ထိုသူငယ် ၂-ယောက်တို့ကို အပ်နှင်းလျက် မိမိတို့ နေရပ်ရွာသို့ ပြန်သွားကြကုန်၏။ ထိုအခါမှစ၍ သူငယ် ၂-ယောက်တို့သည် မင်းသားများ အဖြစ်ဖြင့် မင်းကြီး၏ ဝတ်ကြီး

ဝတ်ငယ်တို့ကို ပြည့်ပြည့်ဝဝ ကျေပြွန်စွာ လုပ်ဆောင်ကြ၏။ မင်းကြီးသည် သူငယ် ၂-ယောက်တို့၏ တာဝန် ဝတ္တရား ကျေပြွန်သည်ကို မြင်ရ၍ များစွာသော စပ်ဆိုင်ရာ အသုံးအဆောင်တို့ကိုရှင်း ဥစ္စာပစ္စည်းတို့ကိုရှင်း ပေးကမ်း ချီးမြှောက်လေ၏။

ထိုအချိန်တွင် (ကောသနီ မိဖုရားကြီးကို တောထဲမှ ခေါ်ဆောင်သွားသော) လှေသူကြီးသည် ကောသနီ မိဖုရားကြီးကို မိမိအိမ်၌နေစေလျက် ထိုမိဖုရားကြီးအား သားမယားအဖြစ် ပြုကျင့်လိုလှ သော်လည်း မိဖုရားကြီး၏ အဝိဋ္ဌာန် အစွမ်းကြောင့်ရှင်၊ သီလ အစွမ်းကြောင့်ရှင်း၊ မိဖုရားကြီးအား သားမယားအဖြစ် ပြုကျင့်ရန် ကြံစည်တိုင်း ကိုယ်ကို မီးမြိုက်သကဲ့သို့ ခန္ဓာကိုယ်ပူလောင်လျက် ရှိရကား သားမယားအဖြစ် ပြုကျင့်ရန် မတတ်နိုင်သောကြောင့် ရိုးသား ဖြူစင်သော မေတ္တာပေမ မေတ္တာချစ်ဖြင့်သာလျှင် ချစ်ခင်ကြင်နာလျက် မိမိအိမ်တွင်နေစေ၏။ နောင်တချိန်တွင်ကား နတ်များက နှိုးဆော် တိုက်တွန်းသကဲ့သို့ဖြစ်၍ မိဖုရားကြီးကိုရှင်း၊ လက်ဆောင်ပဏ္ဏာ ဥစ္စာပစ္စည်း များစွာတို့ကိုရှင်း၊ ယူဆောင်လျက် တပည့်လက်သား များစွာသော ကုန်သည်အပေါင်းနှင့် အတူ တက္ကသိုလ်မြို့သို့ ထွက်ခွါသွား၏။ ထိုအခါ ထိုလှေသူကြီးသည် မင်းကြီးအား လက်ဆောင်ပဏ္ဏာ တို့ကို ပေး၍ ထိုမြို့၌ ၃-လပတ်လုံး နေပြီးနောက် မင်းကြီးအား ပန်ကြားပြောဆို လိုရကား ဤဂါထာကို ဆို၏။

၉၃။ အရှင်မင်းကြီး ကျွန်ုပ်သည် ဤမြို့၌ သုံးလကြာမျှ နေခဲ့ပါပြီ၊ ယခုအခါ အရောင်းအဝယ် ကိစ္စအတွက် မိမိတို့ သွားလိုရာသို့ ပြန်သွားပါတော့အံ့။

ထိုစကားကိုကြား၍ သုမ္ဘမိတ္တမင်းကြီးက ဤဂါထာကို ဆို၏။

၉၄။ အချင်းလှေသူကြီး၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို အခြားကုန်သည်များနှင့်အတူ နားထောင်လျက် တညဥ့်မျှ နေပြီးနောက် နံနက်စောစောမှ သွားပါလော့။

ဤသို့ဆိုပြီးနောက် မင်းကြီးသည် လှေသူကြီးအား လက်ဆောင်ပဏ္ဏာများကို တုံ့ပြန်ပေးလေ၏။ ထိုအခါ လှေသူကြီးသည် ထိုမြစ်ကမ်းနား

၌ပင် ခိုးသူ့ဓားပြဘေးမှ ကြောက်သောကြောင့် မင်းကြီးအား ပန်ကြား ပြောဆိုလိုရကား ဤဂါထာကို ဆို၏။

၉၅။ အရှင်မင်းကြီး၊ နေဝင်သွားလျှင် ကျွန်ုပ်တို့ အသို့ပြုပါကုန်အံ့နည်း၊ ကျွန်ုပ်တို့သည် ခိုးသူ ဓားပြတို့ကို ကြောက်ပါ၏၊ ကျွန်ုပ်တို့အား ခိုးသူ ဓားပြဘေးမှ စောင့်ရှောက်ပါလော့။

ထိုစကားကိုကြား၍ မင်းကြီးက—

၉၆။ အို ကုန်သည် အပေါင်းတို့၊ ငါ၏နိုင်ငံ ဤမြို့၌ သီဆိုတီးမှုတ်ခြင်း စသော နားဆင်ဘွယ်ရာ တူရိယာအမျိုးမျိုးတို့ကို နားဆင်ရန် တညတာမျှ နေကြပါကုန်၊ နံနက်မိုးသောက် အလင်းရောက်မှ မိမိတို့ လိုရာသို့ သွားကြပါကုန်။

ဤသို့ မင်းကြီးက ဆိုသောအခါ ''အရှင်မင်းမြတ် ကျွန်ုပ်တို့၏ လှေကို သင်မင်းကြီးတို့သည် စောင့်ရှောက် ပေးကြပါကုန်''ဟု တံငါသည်တို့က ဆိုလျှင် အို ကုန်သည်အပေါင်းတို့ သင်တို့ မစိုးရိမ်ကြလင့်၊ ကျွန်ုပ်သည် သင်တို့၏လှေကို စောင့်ရှောက်စေအံ့ဟုဆိုကာ ထိုသူငယ်၂-ယောက်တို့ကို ခေါ်၍—

အမောင်တို့ သင်တို့သည် နောက်ပါအခြံအရံများနှင့်အတူ မြစ်ဆိပ် သို့သွား၍ ထိုကုန်သည်တို့၏လှေကို စောင့်ရှောက်ကြကုန်လော့ဟု မိန့်တော် မူသောအခါ ထိုသူငယ် ၂-ယောက်တို့သည် ကောင်းပါပြီ အရှင်မင်းကြီး ဟု ဝန်ခံကြလျက် နောက်လိုက် နောက်ပါ အခြံအရံများနှင့်အတူ မြစ်ဆိပ် သို့သွား၍ လှေပေါ်သို့တက်ပြီးလျှင် လှေဦးထိပ်၌ နေကြကုန်၏။

ထိုအချိန်၌ ထိုသူငယ်တို့၏မိခင် ကေသနီမိဖုရားသည် နံနက်မိုးသောက် အလင်းရောက်လျှင် ကွဲကွာနေသော လင်နှင့်သားတို့ကို ပြန်လည်တွေ့ဆုံရ သည်ဟု အိပ်မက်မြင်မက်လေ၏၊ မြင်မက်ပုံမှာ လူတယောက်သည် ပဒုမာ ကြာပန်း ၃-ပွင့်တို့ကိုယူလျက် မိဖုရားကြီး၏ရင်ဘတ်ပေါ်၌လာ၍ထားသည် ဟု အိပ်မက် မြင်မက်လေ၏၊ မိဖုရားကြီးသည် ယင်းသို့ အိပ်မက်ပြီးနောက်

နိုးလာသောအခါ ကွဲကွာနေသော လင်နှင့် သားတို့ကိုသတိရသဖြင့် မျက်ရည် မဆည်နိုင်အောင် ငိုကြွေးလျက်ရှိ၏၊ လှေပေါ်ရှိ လူများအားလုံး ညဉ့်အခါ၌ အိပ်ပျော်နေကြကုန်၏၊ ညီငယ်ဇေယျဒတ္တသည်လည်း ထိုင်လျက် အိပ်ပျော်နေ၏၊ အကိုကြီး ဇေယျသေနသည်ကား ထိုထို ဤဤ အလီလီတို့ကို စဉ်းစားတွေးတောနေသဖြင့် အိပ်မပျော်နိုင်ရကား ညီငယ် ဇေယျဒတ္တကို နှိုး၏၊ ညီငယ်ဇေယျဒတ္တသည် မအိပ်ဘဲ မနေနိုင်သဖြင့် မိမိနောင်တော်ဇေယျသေနကို—

"အကိုကြီး သင်ကား ရှေးဟောင်း နှောင်းဖြစ် များကို စဉ်းစား တွေးတောလျက် ညီလေးအိပ်နေတာကို နှိုးနေ၏"ဟု ဆိုသောအခါ အကိုကြီးဖြစ်သူက "ညီလေး ငါသည် ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားနေခြင်းမဟုတ်ပါ၊ အမှန်မှာ ငါတို့တတွေ မိဘများနှင့် ကွဲကွာနေရခြင်းကို အောက်မေ့ စဉ်းစား နေပါ၏"ဟု ဆို၏၊ ထိုအခါ ညီငယ်ဇေယျဒတ္တက "အကိုကြီး သင်သည် ငါတို့၏ ကွဲကွာနေရခြင်းကို ဘယ်သို့ အောက်မေ့ နေပါသနည်း"ဟု မေးပြန်ရာ ညီလေး ငါတို့ဟာ ငါတို့ရဲ့မိဘများနှင့် ကွဲကွာသွားပုံကို ပြောပြပါအံ့ဟု ဆိုသောအခါ—

"အကိုကြီး ငါတို့မှာ တံငါသည် မိဘတွေ ရှိကြသည် မဟုတ်ပါ လား၊ အဘယ်မှာ မိဘများနှင့်ကွဲကွာရလို့ပါလဲဟု ညီငယ်ကမေးပြန်ရာ "ညီလေး ငါတို့ဟာ မိဘတဦးတည်းက မွေးဖွါးလာခဲ့ခြင်းဖြစ်သည်ဟု ပြောသဖြင့် ညီငယ်က အကြောင်းစုံကို မေးသဖြင့် ပြောဆိုသည်မှာ—

"ရှေးအခါ ငါတို့ ငယ်ရွယ်စဉ်က မိဘ ၂-ပါးဟာ ငါတို့ကိုခေါ်၍ စမ္ပာ မြို့မှ ထွက်ခွါ၍ အစဉ်သဖြင့်သွားရာ မြစ်ကမ်းနားတခုသို့ ရောက်သော အခါ အနည်းငယ်နား၍ ငါ့ကို ထမင်းအစာများ ကျွေးမွေးပြီး ညီလေး ကို နို့တိုက်လျက် ခေါင်းခုပုဆိုးဖြင့် ညီလေးကို အိပ်စေပြီး ညီလေးအိပ် သောအခါ ငါ့ကိုနမ်း၍ငါငိုနေစဉ်မှာပင် မြစ်တဖက်ကမ်းသို့ ထွက်ခွါသွား ခဲ့ကြသည်၊ ထိုအခိုက်တွင် ဤတံငါသည်များက ငါတို့ကိုခေါ်၍ သူတို့၏ သားများအဖြစ် ကျွေးမွေးထားခြင်း ဖြစ်သည်ဟု အကိုကြီး ဇေယျသေနက ပြောသောအခါ—

အကိုကြီး၊ ဒီလိုဆိုလျှင် ငါတို့မိဘများသည် ငါတို့အပေါ်၌ ချစ်ခင်ခြင်း၊ သနားကြင်နာခြင်း မရှိကြ၍ ငါတို့ကိုစွန့်လွှတ်ထွက်ခွါ သွားကြခြင်းဖြစ်သည်၊ ငါတို့ကလည်း မိဘနှစ်ပါးကို ရှိသည်ဟု မထင်ကြဘဲ မေ့ပျောက်ထားကြပါအံ့ဟု ညီငယ် ဇေယျဒတ္တသည် အကိုကြီးနှင့် တိုင်ပင် ပြောဆိုလိုရကား—

၉၇။ အကိုကြီး၊ လောက၌ လူတွေဟာ သားသမီးများကို ချစ်ခင်မြတ်နိုးကြရိုး ဖြစ်ကုန်၏၊ ငါတို့မိဘနှစ်ပါးကား သားသမီးတို့အပေါ်၌ ချစ်ခင်မြတ်နိုးမှု လုံးဝ ကင်းမဲ့ကြပါကုန်၏။

ဇေယျသေန အကိုကြီးက "ညီလေး၊ ဒီလိုလဲမပြောပါလင့်၊ မြစ်ကမ်းတဖက် တနေရာရာ၌ ငါတို့မိဘများ ရှိတန်ကောင်းပါရဲ့၊ ငါတို့တွေ့အောင် ရှာဖွေကြပါကုန်အံ့ဟု ဆိုသောအခါ ညီငယ်က မြို့နာမည်၊ အမိအဘနာမည်တွေကို အကိုကြီး သိပါသလားဟု မေးရာ မြို့နာမည်က စမ္ပာမြို့၊ အဖေအမည်က သုမ္ဘမိတ္တမင်း၊ အမေနာမည်က ကေသနီမိဖုရားဖြစ်သည်ဟု အကိုကြီးဖြစ်သူကပြောပြလေ၏။ ထိုညီအကို ၂-ယောက်ပြောနေကြသော စကားသံကို လှေပေါ်၌ရှိသော ကေသနီမိဖုရားကြီးကြား၍ လျင်မြန်စွာထ၍ ကန့်လန့်ကာကို ဖွင့်ပြီးလျှင် "ချစ်လှစွာသော သားတို့ လာကြကုန်လော့"ဟုဆိုလျက် လက် ၂-ဖက်တို့ဖြင့် သူငယ်တို့ကို ပွေ့ဖက်လေ၏။ သူငယ်တို့လည်း ရုတ်တရက်ဖြစ်၍ ကြောက်လန့်လျက် ထွက်ပြေးကြကုန်၏။ ထိုအခါ မိဖုရားကြီးသည် မိမိ၏သားသူငယ်တို့နှင့် အတူပြောဆိုလိုရကား—

၉၈-၁၀၀။ လူလေးတို့ ဘယ်လိုထင်၍ ပြေးကြတာပါလဲ၊ မေမေ့ ထံထိုလာကြကုန်၊ ငါတို့ကွဲကွာနေရတာကြာပါပြီ၊ ယခုအဘယ့်ကြောင့် ပြေးကြပါသနည်း။ လူလေးတို့ သင်ကား ဇေယျသေနမည်သော သားကြီးဖြစ်၍ သင်ကား ဇေယျဒတ္တမည်သောသားငယ်ဖြစ်သည်၊ ငါကား သင်တို့၏မိခင် ကေသနီဖြစ်ပါသည်။ သင်တို့နှင့်ကွဲကွာရ, သင်တို့ကို မမြင်မတွေ့ရသဖြင့် ငါ့မှာ စိတ်ချမ်းသာမှု မရခဲ့ပါ။ ရှေးတုန်းက ငါ့ရင်ခွင်ထက်မှာ နေခဲ့ကြပြီး ယခုအခါ အဘယ့်ကြောင့် အဝေးမှာရပ်တည်နေကြပါသနည်း။

## မင်းလေးပါး ပြန်လည်ဆုံတွေ့ခဏ်း

ကောသနိမိဖုရားကြီး၏စကားကိုကြားရ၍ ထိုသူငယ် ၂-ယောက်တို့သည် မိမိတို့၏ မိခင်အဖြစ်ကို သိကြသဖြင့် မိဖုရားကြီး၏ခြေရင်း၌ ဝပ်၍ငိုကြွေးကြကုန်၏။ ထိုအခါ ကုန်သည်အပေါင်းတို့သည် ငိုကြွေးသံကိုကြားကြသဖြင့် ထိုနေရာသို့ စုရုံးလာကြပြီးသောအခါ ထိုအကြောင်းကို သိကြရကား လှေသူကြီးထံသို့ သွားရောက်ကြပြီးလျှင် ထိုအကြောင်းကို ပြောကြားကြကုန်၏။ ထိုအခါ လှေသူကြီးသည် အမျက်ထွက်ပြီးလျှင်—

အရှင်မင်းကြီး အရှင်မင်းကြီး၏ သူငယ်တို့သည် ကျွန်ုပ်၏မယားကို စိုင်းဝန်း ကျင့်ကြံကြကုန်၏ဟု မင်းကြီးအား သံတော်ဦးတင်သောအခါ မင်းကြီးလည်း ဒေါသအမျက် ချောင်းချောင်းထလျက် ထိုသူငယ်တို့ကို သတ်အံ့သောငှါ လူသတ်ယောကျ်ားတို့ကို အမိန့်ပေးလိုက်၏၊ ထိုလူသတ်သမားတို့သည် သူငယ်တို့ကို ရိုက်နှက်ပုတ်ခတ်ပြီး ချည်နှောင်လျက်မင်းကြီးထံ ခေါ်ဆောင်လာကြကုန်၏။ ထိုအခါ မင်းကြီးက "ထိုသူငယ်တို့ကို ဦးခေါင်းဖြတ်ရန် အမိန့်ပေး၏၊ မင်းကြီးအမိန့်သံကိုကြား၍ လူသတ်သမားတို့သည် သူငယ်တို့ကိုသုသာန်သို့ ခေါ်ဆောင်သွားကြကုန်၏။ ထိုအခါ ပညာရှိသော ပုရောဟိတ်ပုဏ္ဏားတယောက်သည်မင်းကြီးထံချဉ်းကပ်လျက်—

၁၀၁-၁၀၃။ အရှင်မင်းကြီး မစူးမစမ်း မဆင်မခြင် ပြုလုပ်သော အမှုကိစ္စသည် အကျိုးမရှိ၊ ဆင်းရဲခြင်းသို့ရောက်စေတတ်၏၊ မကောင်းသောသူတို့ လားရောက်ရာ ဒုဂ္ဂတိသို့ ရောက်စေတတ်၏၊ ဆင်ခြင်ခြင်းကင်းမဲ့စွာ ပြုလုပ်သောအမှုသည် မကောင်း၊ ဆင်ခြင် စဉ်းစား၍ ပြုလုပ်သောအမှုသည် ကောင်းမွန်မြင့်မြတ်၍ မင်းကြီးအား အခြံအရံ အကျော်အစောတို့ များစွာတိုးပွားနိုင်ပါ၏။

ထိုစကားကိုကြား၍ မင်းကြီးသည် ပညာရှိ ပုရောဟိတ်အမတ်ကြီး၊ သို့ဖြစ်လျှင် ဤသူငယ်တို့ကို ဤအရပ်သို့ အလျင်အမြန် ခေါ်ဆောင်ခဲ့ပါလော့ဟု ပုရောဟိတ်အမတ်အား ပြောဆိုသောကြောင့် အမတ်ကြီးသည် ထိုသူငယ်တို့ကို (သုသာန်မှ) ခေါ်လာပြီး နား၂-ဖက်တို့၌ ဇလပ်ပန်း

တို့ကို ပန်ပေးလျက် သူငယ်တို့၏ခေါင်းမှ တကိုယ်လုံးကို ချိတ်ရေတို့ဖြင့် သွန်းလောင်းပေးပြီးလျှင် မင်းရင်ပြင်ထက်သို့ တက်စေပြီး မင်းကြီး၏ ရှေ့သို့ ခေါ်ဆောင် လာ၏။ ထိုအခါ မင်းကြီးသည် ထိုသူငယ် တို့အား—

"အမောင်တို့၊ အဘယ်ကြောင့် ဤကဲ့သို့သော အလုပ်ကို လုပ်ကြပါ သနည်း"ဟု မေးသောအခါ ဇေယျသေနက အကြောင်းစုံကို ပြန်ကြား လျှောက်တင်လေ၏။ ဇေယျသေန၏စကားကို မင်းကြီးကြားလတ်သည် တွင် သင်တို့မွေးဖွားရာမြို့၊ အမိအဘတို့၏ အမည်တို့ကို သိပါသလောဟု မေးပြန်ရာ— မြို့အမည်မှာ စမ္ပာ၊ မိခင်အမည်က ကေသနီ ဖြစ်ပါသည်ဟု လျှောက်ထားပြီး ဘခင်အမည်ကို မပြောဝံ့ဘဲရှိရာ မင်းကြီးက ဘာမျှ ကြောက်ရွံ့စရာမလို၊ မှန်ရာကို တင်လျှောက်ရန် အမိန့်ရှိသဖြင့် ဘခင် အမည်မှာ သုဗ္ဘမိတ္တမင်းကြီး ဖြစ်ပါသည်ဟု လျှောက်တင်လိုက်သော အခါ မင်းကြီးမှာ နှလုံးကွဲမတတ်ဖြစ်လျက် ပလ္လင်ထက်မှ ဆင်းသက်ကာ လက် ၂-ဖက်တို့ဖြင့် သူငယ်တို့ကို ပွေ့ဖက်လျက် ထိုနေရာတွင်ပင် လဲကျ လေ၏။ ထိုအခါ အမတ်များနှင့်တကွ ရောက်လာကြသော လူအပေါင်း တို့သည်လည်း မိန်းမောတွေဝေ၍ ထိုနေရာ၌ပင် လဲကျကြကုန်၏။ ထို အကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုတော်မူ၏။

၁၀၄-၁၀၇။ အင်ကြင်းပင်ကဲ့သို့ ရပ်တည်မနေဘဲ တော၌နေကာ မေ့လျော့ခဲ့ကြကုန်၏၊ သုဗ္ဘမိတ္တ၏နန်းတော်၌ စုဝေးရောက်လာကြသော လူအပေါင်းတို့သည် မှိုင်ဆည်းကပ်ကြကုန်၏။ အမတ် စသော မြို့သူ မြို့သားများ, ပြည့်တန်ဆာမများ, ပုဏ္ဏားများ, နိဂုံးသူ နိဂုံးသားများ, ဇနပုဒ်သူ ဇနပုဒ်သားများ သူယုတ်မျိုး မိန်းမမှ မင်းမျိုးယောကျ်ား ကြောင့် ဖွားဖွားသော သူများ, မင်း၏ မောင်းမ မိဿံများ တို့သည် သုဗ္ဘမိတ္တ၏ နန်းရင်ပြင်၌ လက်တို့ကိုမြှောက်၍ ဟစ်ကြွေး ငိုမြည်ကြကုန် ၏။ ဆင်စီးသူရဲကိုယ်ရံတော် သက်တော်စောင့်များ, ရထားစီး သူရဲများ, ခြေလျင် စစ်သည်များ, လူကြီးလူငယ် လူလတ်များ, ကချေသည်များ တို့သည် သုဗ္ဘမိတ္တ၏ နန်းရင်ပြင်၌ လက်တို့ကိုမြှောက်၍ ဟစ်ကြွေး ငိုမြည်

ကြကုန်၏။ အညီအညွတ် စုဝေး ရောက်လာကြသော လူအပေါင်း တို့သည် မိမိတို့ လက်တို့ကိုမြှောက်ကြ၍ သုမ္ဘမိတ္တ၏ နန်းရင်ပြင်၌ သနားစဖွယ် ငိုကြွေးကြကုန်၏။

ထိုအခါ သုမ္ဘမိတ္တမင်းသည် သက်သာရာရပြီးနောက် မိမိ၏သားတို့ကို လက်မှမလွှတ်ဘဲ ဆွဲထားလေရာ သူငယ်တို့လည်း ကြောက်လန့်လျက် ထိုနေရာ၌ပင် ရပ်တည်နေကြကုန်၏။ ထိုနောင်မှ သုမ္ဘမိတ္တမင်း ဆိုသည်မှာ ငါဘဲဟု သားတို့ကို သိစေလိုရကား—

၁၀၉။ ချစ်လှစွာသောသားတို့၊ လာကြကုန်လော့၊ သင်သည် ဇေယျသေနမည်သော သားကြီးဖြစ်၍ သင်ကား ဇေယျဒတ္တမည်သော သားငယ်ဖြစ်သည်၊ငါကား သင်တို့ဘခင် သုမ္ဘမိတ္တမင်း ဖြစ်သည်၊ ငါ၏ထံ၌ အမြဲနေကြကုန်လော့။

ထိုစကားကို ကြားသောအခါ မင်းသားငယ်တို့သည် ဦးခေါင်းဖြင့် မင်းကြီး၏ခြေ၌ငုပ်လျှိုး၍ ငိုကြွေးကာရပ်တည်ကြကုန်၏၊ ထိုအခါမင်းကြီးသည် သားကြီးဇေယျသေန သင်တို့မိခင်ကား ယခုဘယ်မှာရှိပါသနည်းဟု မေးလေရာ လှေပေါ်၌ရှိပါသည်ဟု ဇေယျသေနက ဖြေကြားလျှောက်ထားသောအခါ မင်းကြီးသည် လူများအပေါင်းခြံရံလျက် မြစ်ဆိပ်ကမ်းသို့ သွားကာ လှေပေါ်သို့တက်ပြီးလျှင်လှေ၏ဦးထိပ်၌ရပ်တည်လျက်လှေသူကြီး နှင့်စကားပြောဆိုလိုရကား—

၁၁၀။ အို လှေသူကြီး သင်သည် ကျွန်ုပ်ထံမှ ဥစ္စာပစ္စည်း ရတနာ အသုံးအဆောင်များစွာတို့ကိုယူ၍ ကျွန်ုပ်၏ ချစ်လှစွာသော မိဖုရားကြီးဖြစ်သည့် သူတော်ကောင်းမ ကေသနီမိဖုရားကြီးကို ကျွန်ုပ်အား ပေးပါလော့။

ထိုစကားကိုကြားရ၍ လှေသူကြီးက—

၁၁၁။ အရှင်မင်းကြီး အရှင်မင်းကြီးသည် ကေသနီမိဖုရားကြီး၏ အရှင်သခင်ဖြစ်ပါ၏၊ မိဖုရားသည် သင်၏ချစ်လှစွာသော ဇနီးကြင်ရာဖြစ်ပါသည်၊သင်မင်းကြီး၏ဘုန်းကံကြောင့်ရခဲ့သော မိဖုရားကြီးကို ကျွန်ုပ်ထံမှ ယူပါလော့။

ထိုစကားကိုကြားရ၍ မိဖုရားကြီးသည် အိပ်ရာမှထလျက်မင်းကြီးအား ရှိခိုးပြီးလျှင် မင်းကြီး၏ခြေရင်း၌ ဦးခေါင်းဝပ်လျှိုး၍ ထိုနေရာ၌ပင် မိန်းမောမေ့မျောသွား၏။ ထိုအခါ မင်းကြီးသည် မိဖုရားကြီး၏ ဦးခေါင်းကို မလျက် ရင်ခွင်၌ထား၏။ ဘုရားလောင်း၏သားတော်များဖြစ်ကြသော သူငယ်ညီနောင်တို့သည်လည်း ခမည်းတော်၏ ခြေရင်း၌ ဝပ်စင်းလျက် ထိုနေရာ၌ သနားစဖွယ် ငိုကြွေးကြကုန်၏။ ထိုအခါ သုမ္ဘမိတ္တမင်းသည် မျက်ရေပြည့်သောမျက်လုံးများဖြင့် ငိုကြွေးလျက်—

၁၁၂။ ကေသနီမိဖုရာကြီး ထပါလော့၊ သင်၏ချစ်မြတ်နိုးလှသော အရှင်လင်သည် ရောက်နေပြီ၊ သင်၏သားတို့သည်လည်း သင်၏ခြေရင်း၌ တည်ရှိကြကုန်ပြီ၊ ငါ၏ထံ၌နေပါလော့။

ထိုစကားကို ကြားရ၍ မိဖုရားကြီးသည် စိတ်သက်သာရာ ရလျက် ထိုနေရာမှထပြီးလျှင် မင်းကြီး၏ ခြေဟော်အစုံတို့၌ ဝပ်လျှိုးဦးတိုက်ကာ နေလေ၏။ ထိုအခါ မိဖုရားကြီးသည် ဝမ်းမြောက်ဝမ်းသာရှိလှရကား=

၁၁၃။ အရှင်မင်းကြီး အကျွန်ုပ်၏ စိုးရိမ်ပူဆွေး ငိုကြွေးပူပန်ခြင်းတို့သည် ယခုအခါ ငြိမ်းအေးကုန်ပါပြီ၊ သင်မင်းကြီးတို့နှင့် ယနေ့ပြန်လည် ပေါင်းဆုံရ၍ ချမ်းသာစွာ တည်ရှိသော ကျွန်ုပ်ကို ရှုမြင်ပါကုန်လော့။

ထိုအခါ၌ မြို့သူမြို့သားတို့သည် သုမ္ဘမိတ္တမင်းကြီးအား လက်ဆောင်အလို့ငှါ ရွှေထမ်းစင် ၂-ခုတို့ကို ယူဆောင်လာကြကုန်၏။ ထိုအခါ မင်းနှင့် မိဖုရားကြီးကထမ်းစင်တခုတည်း၌ရင်း, မင်းသားညီနောင် ၂-ဦးတို့က ထမ်းစင်တခုတည်း၌ရင်းနေလျက် လူများအပေါင်းခြံရံကာ တက္ကသိုလ်ပြည်သို့သွားကြကုန်၏။ ထိုအခါ မင်းကြီးသည် မိမိမြို့သို့ရောက်ပြီးနောက် ကေသနီမိဖုရားကြီးအား မိဖုရားခေါင်ကြီးအဖြစ်ချီးမြှင့်၍သားကြီး ...သေနအား အိမ်ရှေ့မင်းအရာ၌ ထားပြီးလျှင် သားငယ်ဇေယျဒတ္တအား စစ်သူကြီးအရာ၌ ခန့်ထားလေ၏။ ထိုအခါမှစ၍ မင်းမိဖုရားနှင့် သားတော်များတို့သည်ပရိသတ်နှင့်တကွ အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် အသက်ရှည်သမျှ နေကြပြီးနောက် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်၏။

## ဇာတ်တော် ပေါင်းခဏ်း

သုမ္ဗမိတ္တမင်း၏ညီတော် အသုမ္ဗမိတ္တမင်းသည်ကား စမ္ပာမြို့၌ မင်းအဖြစ်ကို မတရားသဖြင့် ရယူပြီးနောက် တိုင်းပြည်တွင် မင်းကျင့်တရားကင်းမဲ့စွာ မတရားသဖြင့် မင်းပြုပြီးလျှင် အသက်ရှည်သမျှတည်ရှိပြီး ကွယ်လွန်သောအခါ ငရဲပြည်၌ဖြစ်လျက် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရလေ၏။ ဘုရားရှင်သည် ဤဒေသနာကို ဆောင်တော်မူလျက် "ရဟန်းတို့ ယခုမှသာမဟုတ် ရှေးအခါကလည်းဒေဝဒတ်သည် ငါဘုရားကို သတ်ချန်အားထုတ်ခဲ့သည်သာ ဖြစ်၏"ဟု မိန့်တော်မူကာ—

၁၁၄ ၁၂၂။ ထိုအခါ မတရားမှု၌ တည်လျက် မင်းပြုသော အသုမ္ဗမိတ္တမင်းယုတ်သည် ငရဲ၌ ဆင်းရဲစွာ ခံစားရပြီးနောက် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ပညာရှိပုရောဟိတ်ပုဏ္ဏားသည် ယခုအခါ ရှင်သာရိပုတ္တရာဖြစ်လာပြီး။ ကုန်သည်ဖြစ်သောလှေသူကြီးသည် ယခုအခါ ရှင်မောဂ္ဂလာန်ဖြစ်လာ၏။ သုမ္ဗမိတ္တ၏ဘခင်သည် ယခုအခါ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာပြီး မယ်တော်သည် ယခုအခါ မဟာမာယာဖြစ်လာ၏။ ထိုအခါ သားကြီး ဇေယျသေနသည် ယခုအခါ ငါဘုရား၏သားတော် ရာဟုလာဖြစ်လာပြီး ညီငယ်ဇေယျဒတ္တသည် ယခုအခါ ငါဘုရား၏ အလုပ်အကျွေးရှင်အာနန္ဒာဖြစ်လာ၏။ သုမ္ဗမိတ္တမင်း၏ မိဖုရားကြီး ကေသနီသည် ယခုအခါ ရာဟုလာမိခင် ယသော်ဓရာဖြစ်လာ၏။ မြို့သူမြို့သားစသော သုမ္ဗမိတ္တမင်း၏ မရိသတ်အပေါင်းတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်လာကြ၏။ တက္ကသိုလ်ပြည်ကို အစိုးရသော သုမ္ဗမိတ္တမင်းကြီး သည်ကား ယခုအခါ လောကသုံးပါး၏ အားထားကိုးကွယ်ရာဖြစ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ငါဘုရားရှင် ဖြစ်လာပေ၏။ သင်တို့သည် လူနတ်နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ဆုတောင်းကြကုန်လျက် အလွန်ရှိသေမြတ်နိုးလှစွာသော စိတ်ထားဖြင့် ဤသို့ ဇာတ်တော်ကို ဆောင်ကြကုန်လော့။ ။

ငါးခုမြောက် သုမ္ဗမိတ္တရာဇဇာတ် ပြီး၏။

# ၆-သမုဒ္ဒဃောသဇာတ်

[ ယောက်ျားတို့ လုံ့လမည်သည်ကို မလျော့စေအပ်ပဲ များစွာသော မင်းစည်းစိမ် အစရှိသည်တို့ကို စွန့်ခွာ၍ လုံ့လ ပြုအပ်သည်ကိုပြသော သမုဒ္ဒဃောသမင်းဝတ္ထု ]

မြတ်စွာဘုရားသည် ယော ပေါသော ဒေဝတာ ပိယေ အစရှိသော ဤတရားဒေသနာကို ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော် မူစဉ် ယသော်ဓရာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့၍ဆိုဦးအံ့။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာသဘင်အဆောက် အဦ၌ နေကြကုန်လျက်–

"ငါ့ရှင်တို့ အံ့သြဘွယ်ရှိပါပေစွ၊ ငါတို့၏ မြတ်စွာဘုရားသည် မင်း အဖြစ်ကို ပြုသောအခါ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေလျက် ယသော်ဓရာဒေဝီကို ရရန်အတွက် သူတပါးတို့ မတတ်ကျွမ်းသော၊ သူ တပါးတို့ လိုက်၍မမှီနိုင်သော လေးအတတ်ကိုပြ၍ မိမိ၏ ဇနီးကြင်ရာ အဖြစ် ယသော်ဓရာဒေဝီကို ရခဲ့ပေ၏"ဟု စကားကိုပြောဆိုနေကြကုန်၏။

ဘုရားရှင်သည် ကြွလာတော်မူလျက် ရဟန်းတို့ ယခု ငါဘုရားကြွလာ တော်မူစဉ်တွင် သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေး ဆွေးနွေးကြ ပါသနည်းဟု မိန့်တော်မူလေရာ ဤမည်သောစကားကို ပြောဆိုဆွေးနွေး နေကြပါသည်ဟု ရဟန်းတို့က လျှောက်ထားသောအခါ–

ရဟန်းတို့ ငါဘုရားသည် ယခုမှသာ ယသော်ဓရာဒေဝီကို ရသည် မဟုတ်။ ရှေးအခါ၌လည်း ကြင်ရာဇနီးအဖြစ် ယသော်ဓရာဒေဝီကို ရရေး အတွက် များစွာသော မင်းစည်းစိမ်ကိုရင်း၊ အမိအဘတို့ကိုရင်း စွန့် ခွာ၍ အခြားမြို့သို့ သွားခဲ့ရဘူးသည်ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ် နေတော်မူရာ ရဟန်းများက တောင်းပန်သဖြင့် အတိတ်ကို ဆောင် တော်မူ၏။

## ရှေးကဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ကာသိကတိုင်း၌ ဖြဟ္မပုရ မည်သော မြို့သည် ရှိခဲ့၏။ ထိုမြို့၌ ဗန္ဓုဒတ္တမည်သော မင်းသည် တရားနှင့်အညီ မင်းပြု၏။ မင်း၏ မိဖုရားကား ဒေဝဓိတာမည်၏။ ထိုအခါ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ ဒေဝဓိတာ မိဖုရား၏ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုဒေဝဓိတာ မိဖုရားသည် ကိုယ်ဝန် ဆယ်လစေ့သောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပသောသားကို ဖွားမြင်၏။ ဘုရားလောင်း ဖွားမြင်သောနေ့တွင် မဟာသမုဒ္ဒရာသည် ချောက်ချား ကြောက်မက်ဖွယ်သောအသံကို ပြု၏။ ထို့ကြောင့် ဘုရားလောင်းအား မိဘ ၂-ပါးက သမုဒ္ဒဃောသဟု နာမည်မှည့်ကြကုန်၏။ ဘုရားလောင်း သမုဒ္ဒဃောသ မင်းသားသည် ၁၆-နှစ် အရွယ်ရောက်သောအခါ အင်္ဂါရသ တဆဲ့ရှစ်ရပ်သော အတတ်တို့ကို သင်ယူတတ်မြောက်၏။ သမုဒ္ဒဃောသ မင်းသား၏ရုပ်ရည်အဆင်း လှပခြင်းသတင်းစကားသည် ဇမ္ဗူဒိပ်တကျွန်းလုံးသို့ ပြန့်နှံ့၏။

ထိုစဉ်အခါ ဇမ္ဗူဒိပ်ကျွန်း၌ ရမ္မပူရမည်သော မြို့သည် ရှိ၏။ ထိုမြို့တွင် သိရိသီဟနဂုတ္တမင်းပြု၍ မိဖုရားသည် ကနကဝတီအမည်ရှိ၏။ ကနကဝတီ မိဖုရား၌ ဗန္ဓုမတီမည်သော သမီးတော်တပါးရှိရာ အဆင်းလှ၏။ ကြည့်ချင်ဘွယ်ကောင်း၏။ မြင်ရသူစိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်၏။ နတ်သမီးတမျှ လှပ၏။ အကျင့်သီလ အာစာရနှင့်လည်း ပြည့်စုံ၏။ ထိုဗန္ဓုမတီ မင်းသမီးသည် ဘုရားလောင်း၏ ရုပ်ရည်အဆင်း လှပခြင်းသတင်းကို ကြားရသဖြင့် ဘုရားလောင်း၌ ချစ်ခင်နှစ်သက် တပ်မက်သောစိတ်ရှိသဖြင့် နေ့ရောညဉ့်ပါ ဘုရားလောင်းကို တွေ့မြင်ချင်လှ၏။

ထိုအချိန်၌ ဗန္ဓုမတီ မင်းသမီး၏ဘခင် သိရိသီဟနဂုတ္တ မင်းသည် မြို့အလယ်၌ နတ်တို့ကို ပူဇော်ပသရာဌာန၌ ဒေဝကုလခေါ်သောနတ်နန်း (နတ်ကွန်း) တခုတည်ဆောက်ထား၏။ မင်းကြီးသည် ၁၄-ရက် ၁၅-ရက် ၈-ရက် ဥပုသ်နေ့များ၌ ဒေဝကုလ နတ်နန်းသို့သွား၍ ရှိသေစွာ ရှိခိုးလျက်

အမျိုးမျိုးသောပူဇော်ဘွယ် အထူးတို့ဖြင့် ပူဇော်ပသ၏။ ထိုအခါ ဗန္ဓုမတီမင်းသမီးသည်လည်း ရွှေထမ်းစင်၌ ထိုင်လျက် တသောင်းနှစ်ထောင်သော အမျိုးသမီးများ ခြံရံလျက် ထီးဖြူများ ဆောင်းကာ တူရိယာအဖွဲ့မျိုးစုံတို့ဖြင့် ခြံရံ၍ မင်း၏နန်းတော်မှ ထွက်ခွါခဲ့ပြီး ထိုဒေဝကုလနတ်နန်းသို့ဝင်ကာ ရှိသေစွာရှိခိုးပြီး ပူဇော်ပသဘွယ် အမျိုးမျိုးတို့ ပူဇော်ပသလျက် တနေရာ၌ ရပ်တည်၍ လက်အုပ်ချီမြှောက်လျက်—

၁။ အို နတ်အပေါင်းတို့၊ အကြင်ယောကျ်ားသည် ချစ်ခင်ဘွယ်ရှိ၏၊ ရုပ်အဆင်း လှပ၏။ လူအပေါင်း၏ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်၏၊ သမုဒ္ဒဃောသဟူ၍ ထင်ရှားကျော်ကြား၏။ ထိုမင်းသားသည် တန်ခိုးလည်းကြီး၏၊ နှလုံးသားကို တုန်လှုပ်ထိခိုက်စေပါ၏၊

ဤသို့ဆိုပြီးနောက် မင်းသမီးသည် ရပ်လျက် ဆုတောင်း၏။

၂။ ဤနတ်နန်း၌ရှိကြသော နတ်မင်းကြီးသည် ကျွန်ုပ်၏ စိတ်အလိုကို ပြည့်စေပါလော့၊ ထိုသမုဒ္ဒဃောသ မင်းသားကို လင်အဖြစ် ဗေဒင်ဟူးရား ယတြာအရ ဆုအနေဖြင့် ရလိုပါ၏၊ သမုဒ္ဒဃောသ မင်းသားကို ရပါလျှင် သင်နတ်မင်းကြီးအား ကြီးကျယ်စွာ ပသပါအံ့။

ဤသို့ ဆုမွန်များတောင်းပြီးနောက် ဒေဝကုလနတ်နန်းကို ရှိခိုးပြီးလျှင် နန်းတော်သို့ပြန်သွား၏၊ ထိုအခါ ပုဏ္ဏားလေးယောက်တို့သည် ရမ္မပုရမြို့မှ ထွက်၍ ဇနပုဒ်သို့သွားကြ၏။ ထို ပုဏ္ဏားတို့သည် အစဉ်သဖြင့်သွားကြသည်ရှိသော် ပြဟ္မပုရမြို့သို့ ရောက်သောအခါ မြို့ထဲသို့ဝင်လိုသဖြင့် မြို့တံခါးအနီး၌နေကြကုန်၏။ ထိုအချိန်၌ သမုဒ္ဒဃောသ မင်းသားသည် ဆင်စီးလျက် ထီးဖြူများဆောင်းကာ စစ်သည်အပေါင်းခြံရံ၍ ပြဟ္မပုရမြို့မှ ထွက်၍ ဥယျာဉ်ကစားရန် ဥယျာဉ်သို့ထွက်လာ၏။ ထိုအခါ ထိုပုဏ္ဏား ၄–ယောက်တို့သည် သမုဒ္ဒဃောသမင်းသားကိုတွေ့သောအခါ "အို မင်းသား သင်သည် အောင်မြင်ပါစေသတည်း" ဟုဆို၍ ထိုနေရာ၌နေကြရာ ဘုရားလောင်း သမုဒ္ဒဃောသမင်းသားသည် ထိုပုဏ္ဏားတို့ကိုမေးလိုရကား—

၃–၄။ အို ပုဏ္ဏားတို့ သင်တို့သည် အဘယ်အရပ်မှ လာကြပါကုန်သနည်း၊ ခရီးပန်း၍ ပင်ပန်းနွမ်းနယ်၍ ကျုံ့လှီသော လက္ခဏာရှိလျက် ဤနေရာ၌ သင်တို့ရပ်တည်ကြကုန်၏၊ သင်တို့ကိုကျွန်ုပ်မေးပါအံ့၊ အဘယ်အကြောင်းဖြင့် ဤတိုင်းနိုင်ငံသို့လာကြပါသနည်း။ ကျွန်ုပ်အား အမြန်ပြောကြားကြပါကုန်လော့။

ထိုစကားကိုကြား၍ ပုဏ္ဏားတို့သည် မင်းသားအား–

၅။ အို မင်းသား ကျွန်ုပ်တို့သည် နှိုင်းခိုင်းဆရာ ဥပမာမရှိလောက်အောင် လှပဆန်းကြယ်သော ရမ္မပုရမြို့၌ နေကြပါ ကုန်၏။ သင်မင်းသားအားကြည့်ရှုလိုပါ၍ရမ္မမြို့မှလာကြခြင်းဖြစ်ပါသည်။

ထိုအခါ ဘုရားလောင်းသည် အို ပုဏ္ဏားတို့ လာကြပါကုန်၊ ကျွန်ုပ်တို့အားလုံး ဥယျာဉ်ကစားကြပါကုန်အံ့ဟုဆို၍ ဥယျာဉ်တော်သို့ ရှေးရှုသွားလေ၏။ ဘုရားလောင်းသည် ဥယျာဉ်တော်သို့ဝင်လျက် ပုဏ္ဏားတို့နှင့်၎င်း, မိမိ၏ ခြွေရံပရိသတ်များနှင့်၎င်း ဥယျာဉ်၌ ပျော်ပါးစွာ ကစားကြပြီး ပုဏ္ဏားတို့ကိုပြောဆိုလိုရကား–

၆။ အို ပုဏ္ဏားတို့ သင်တို့၏မြို့တော်၌ ထူးဆန်းအံ့ဩစရာ တစုံတခုရှိပါက အလျင်အမြန် ကျွန်ုပ်အားပြောကြားပါလော့။ ကျွန်ုပ်သိလိုလှပါ၏။

## ဘုရားအလောင်းမင်းသား ဗန္ဓုမတိထံ လိုက်သွားခြင်း

ထိုစကားကို ကြားသောအခါ "အို မင်းသားကျွန်ုပ်တို့၏မြို့၌ သိရိသိဟနဂုတ္တမည်သော မင်းရှိပါသည်၊ ထိုမင်း၏ မိဖုရားကြီးကား ကနကဝတီအမည်ရှိ၍ သမီးတော်သည် ဗန္ဓုမတီ မည်ပါသည်။ ထိုဗန္ဓုမတီမင်းသမီးသည် အလွန်အဆင်းလှပါ၏။ ရှုကြည့်ချင်ဘွယ်ရှိပါ၏။ ကြည်လင်သန့်ရှင်းတင့်တယ်သော အဆင်းရှိပါ၏။ မြင်ရသူတို့စိတ်နှလုံးကို ယူကြုံး ဆွဲဆောင်နိုင်စွမ်းရှိပါ၏။ နတ်သမီးတမျှလှပချောမော၍ လက္ခဏာအဝဝနှင့်လည်း ပြည့်စုံပါ၏။ ဇမ္ဗူဒိပ်တကျွန်းလုံးမှာ ရှိကြသော မင်းအပေါင်းသည် ထိုမင်းသမီး၏ ရုပ်အဆင်းလှပခြင်း သတင်းစကားကိုကြားကြသဖြင့် နေ့စဉ်နှင့်အမျှ ထိုမင်းသမီးကို တောင်းခံလာကြပါကုန်၏။

ကျွန်ုပ်တို့၏ မင်းကြီးသည် ထိုဇမ္ဗူဒိပ်ကျွန်းရှိ မင်းတို့အားသမီးတော်ကို မပေးဆက်ပါ။ "အို မင်းသား ဤသို့ကား ကျွန်ုပ်တို့တိုင်းပြည်၌ ရှိသော အံ့ဩစရာဖြစ်ပါ၏"ဟု ပြောကြားသော ပုဏ္ဏားတို့၏စကားကို ကြားသိရသောအခါ ဘုရားလောင်းသည် နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်လျက် ထိုပုဏ္ဏားတို့အား ပူဇော်သက္ကာပြု၍ တယောက်လျှင် ရွှေအသပြာ ၅၀၀-စီ ပေးလေ၏။ ထိုအခါ နေဝင်ချိန်ရောက်လတ်သော် ဘုရားလောင်းသည် မြို့တော်သို့ဝင်ခဲ့ပြီးလျှင် နောက်တနေ့၌ မိမိ၏ မိဘ ၂-ပါးထံသို့ ချဉ်းကပ်၍ ပန်ကြား ပြောဆိုလိုရကား—

၇-၈။ အို မိခင် ဘခင်တို့ ရမ္မပုရမြို့သို့သွားရန် ပန်ကြားပါ၏၊ အခွင့်ရလျှင် ဤတိုင်းပြည်သို့ ပြန်လာပါအံ့။ ရမ္မပုရမြို့၌ နတ်သမီးပမာ လှပချောမွေ့၍ နိုင်းခိုင်းစရာ ဉပမာမရှိလောက်အောင် ဝါဝင်းသော အဆင်းရှိသည့် ဗန္ဓုမတီမည်သော မင်းသမီးကို တွေ့မြင်လိုလှပါ၏။

သားတော် သမုဒ္ဒဃောသ၏ စကားကို ကြားသောအခါ မင်းမိဖုရား မိဘ ၂-ပါးတို့သည် နှလုံးကွဲလုမတတ် စိတ်ထိခိုက်ကြပြီးလျှင် သားအား လက် ၂-ဖက်တို့ဖြင့် ပွေ့ဖက်လျက် ဦးခေါင်းကို နမ်းရှုပ်ငုံစုတ်ပြီးလျှင် မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိလျက် သားကိုတားရန် ဆို၏။

၉-၁၀။ အို သားတော်မောင် သင်သည် မိဘ ၂-ပါး၏ ချစ်လှစွာသော သားဖြစ်ပါသည်၊ သင်၏မျက်နှာကို မမြင်ရဘဲ သင်နှင့် ကွဲကွာ၍ နေရပါလျှင် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ သင်အလိုရှိသော မင်းသမီးအတွက် တမန်စေလွှတ်၍ ငါတို့တောင်းခံပေးပါအံ့။

ဘုရားလောင်းသည် မိဘတို့၏စကားကိုကြား၍ မိဘတို့ကို ရှိခိုးလျက် နေရာမှထကာ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် မိမိ၏ အသုံးအဆောင် ဝတ်စားတန်းဆာ လက်ဝတ်ရတနာများကို ယူဆောင်၍ အမတ်၏သားအား ပေးလေ၏။ အမတ်၏သား၂-ယောက် ပုဏ္ဏားလေးယောက်တို့နှင့် အတူ ဘုရားလောင်းသည် ပြဟ္မပုရမြို့မှ ထွက်ခွါသွားလေ၏၊ ဘုရားလောင်း၏

တန်ခိုးကြောင့် နတ်တို့သည် လမ်းခရီးကို ချုံးလိုက်၏။ ထို၇-ယောက်တို့သည် တညချင်းဖြင့်ပင် ယူဇနာ၁၀ရာခရီးကို ကျော်လွန်၍ နံနက်မိုးသောက်အလင်းရောက်လျှင် ရမ္မပုရမြို့သို့ ရောက်လေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၁။ ထို ၇-ယောက်သောသူတို့ကို သနားသဖြင့် နတ်တို့သည် လမ်းကို ချုံးကုန်၏။ ညဥ့်ကိုလွန်မြောက် မိုးသောက်သို့ရောက်လျှင် ရမ္မ-ပုရမြို့သို့ ရောက်ကုန်၏။

## အလောင်းတော်၏ စောင်းတီးအတတ်စွမ်းရည်

ထိုအခါ ဘုရားလောင်းသည် ၆-ယောက်သောသူတို့နှင့်အတူ မြို့၏ မြို့တခါး၏အနီး၌ ဇရပ်တဆောင်တွင် အပန်းဖြေလျက် နေကြကုန်၏။ ထိုနေ့၌ သိရိသိဟနဂုတ္တမင်းသည် များပြားလှစွာသော ပူဇော်ဘွယ် အထူးတို့ဖြင့် ထိုဒေဝကုလနတ်နန်းသို့ သွားရောက်ပူဇော်၍ ထိုနတ်နန်း၌ပင် သင့်လျော်ရာနေရာ၌ နေလေ၏၊ ထိုအခါ ဗန္ဓုမတီမင်းသမီးသည် မိမိ၏ ပြာသာဒ်မှဆင်းသက်၍ ရွှေထမ်းစင်၌နေလျက် တသောင်း ၂-ထောင်သော အခြွေအရံမိန်းမတို့နှင့်အတူ ထိုဒေဝကုလနတ်နန်းသို့သွား၍ ဖခင်မင်းကြီး၏ အထံ၌နေ၏။

ထိုအခါတွင် ဘုရားလောင်းသည် ဝတ်စားဆင်ပြင် တန်းဆာဆင်၍ ထို ၆-ယောက်သောသူတို့နှင့်အတူ ထိုဒေဝကုလနတ်နန်းသို့ သွားလေ၏။ ထိုအခါ လူအများတို့သည် ဘုရားလောင်း သမုဒ္ဒဃောသမင်းသား၏ ရှေ့၌ နေခြင်းငှါ မဝံ့ရဲကြကုန်၊ ဘုရားလောင်း သမုဒ္ဒဃောသ မင်းသားသည် မင်းသား၏ တင့်တယ်စံပယ်ခြင်းဖြင့် တင့်တယ်စွာ ထိုဒေဝကုလနတ်နန်းသို့ ဝင်၍ ထို သိရိသိဟနဂုတ္တမင်း၏ ရှေ့၌ထိုင်လျက် စောင်းကိုတီးကာနေလေ၏၊ ထိုရမ္မပုရမြို့သည် ၇-ယူဇနာကျယ်ဝန်း၏၊ ဘုရားလောင်းသမုဒ္ဒဃောသ၏ စောင်းသံသည် ငြိမ့်ညောင်းသာယာလှ၏၊ ကြားရသူတို့၏ စိတ်နှလုံးကို သိမ်းကြုံးဆွဲဆောင်နိုင်၏၊ ဘုရားလောင်း၏ တန်ခိုးအာနုဘော်ကြောင့် တမြို့လုံးကိုပျံ့နှံ့၏။ ထိုအခါ သိရိသိဟနဂုတ္တ မင်းသည် စောင်းသံကို

နားထောင်လျက် မမှိတ်သော မျက်လုံးအစုံဖြင့် ဘုရားလောင်းကို ကြည့်ပြီးလျှင် ဘုရားလောင်း၏ စောင်းသံ၌ ကြည်နူးလှသဖြင့် ထိုပုဏ္ဏားလေးယောက်တို့ကို မေးမြန်းလိုရကား ဤဂါထာကို ဆိုလေ၏။

၁၂။ အို ပုဏ္ဏားတို့ ဤအရပ်သို့လာ၍ စောင်းတီးသော ဤသူသည် အဘယ်သူ၏ သားနည်း၊ ကျွန်ုပ်သည် ထို စောင်းတီးသူကို မသိပါ၊ ထိုသူ၏အကြောင်းကို ကျွန်ုပ်အား ပြောကြားကြပါလော့။

ထိုစကားကိုကြား၍ ပုဏ္ဏားလေးယောက်တို့က....

၁၃။ အရှင်မင်းကြီး သင်မင်းကြီးတို့၏ အထံ၌ စောင်းကို တီးသော မင်းသားသည်ကား ဗြဟ္မပုရတိုင်း ဗန္ဓုဒတ္တမင်း၏သား သမုဒ္ဒဃောသ မည်သော သူပါတည်း။

မင်းကြီးသည် ထိုပုဏ္ဏားတို့၏ စကားကိုကြား၍ နေရာမှထ,ပြီးလျှင် ဘုရားလောင်းကို ပွေ့ဖက်လျက် ဦးခေါင်းကို နမ်းစုတ်၍ "အမောင်မင်းသား၊ မိမိ၏တိုင်းပြည်နိုင်ငံ မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး အဘယ့်ကြောင့် ဤအရပ်သို့ လာပါသနည်း" ဟု မေးသောအခါ မြတ်သော မင်းကြီး ကျွန်ုပ်သည် အရှင်မင်းကြီး၏ ဂုဏ်ကျေးဇူး ကျော်စောခြင်းကို ကြားရ၍ ကျွန်ုပ်၏ကိုယ်ကို အရှင်မင်းကြီး၏ ကျွန်ပြုလုပ်ပါရန် ဤအရပ်သို့လာပါ၏ ဟု မင်းသားက လျှောက်တင်သောအခါ သိရိသိဟန ဂုတ္တမင်းကြီးသည် နှစ်သက်ဝမ်းမြောက်လှသဖြင့် ထိုဒေဝကုလ နတ်နန်း၌ပင် မိမိ၏သမီး ဗန္ဓုမတီ မင်းသမီးနှင့်အတူ ဘုရားလောင်းအား တနေရာတည်း၌ နေထိုင်စေပြီးလျှင် ဘုရားလောင်းမင်းသားနှင့် မိမိ သမီးတော်တို့၏ လက်တို့ကိုယူ၍ ရေဖြင့်ပြည့်သော ရွှေခွက်၌ လက်များကို တပြိုင်နက်ချလျက် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ ပြုပြီးနောက် ထိုမင်းသား မင်းသမီး နှစ်ယောက်တို့ကို ရွှေထမ်းစင်တခုထည်း၌ နေထိုင်စေပြီးလျှင် အခြံအရံများစွာဖြင့် ခေါ်ဆောင်လျက် နန်းတော်ပြာသာဒ်ထက်သို့ တက်စေလေ၏။

## အလောင်းတော်၏ ဘခမည်းတော်ထံ တမန်စေလွှတ်ခြင်း

ထိုအခါ သိရိသိဟနဂုတ္တမင်းသည် လက်ဆောင်ပဏ္ဏာ များစွာတို့ကို စီရင်လျက် နောက်လိုက်အခြံအရံများနှင့် အတူ မင်းတမန် နှစ်ဦးတို့ကို ဗြဟ္မပုရတိုင်းနိုင်ငံသို့ စေလွှတ်လေ၏။ ထိုမင်း၏ တမန် နှစ်ဦးတို့သည် ဗြဟ္မပုရတိုင်းနိုင်ငံသို့သွား၍ (ဘုရားလောင်းမင်းသား၏ဘခင်) ဗန္ဓုဒတ္တမင်းထံ ချဉ်းကပ်လျက် ရှိခိုးပြီးလျှင် ပေးလိုက်သော လက်ဆောင်ပဏ္ဏာတို့ကို ဆက်သပြီးနောက် ဗန္ဓုဒတ္တ မင်းကြီးအား ဤသို့ လျှောက်တင်ကြ၏။

အရှင်မင်းကြီး ကျွန်ုပ်တို့ဘုရင် သိရိသိဟနမင်းသည် သင်မင်းကြီးတို့နှင့် မိတ်ဆွေဖြစ်လိုပါ၏။ စင်စစ်အားဖြင့် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ရှိကြသော မင်းအပေါင်းတို့သည် ကျွန်ုပ်တို့ဘုရင်၏ သမီးတော် ဗန္ဓုမတီကို လာရောက် တောင်းကြပါကုန်သည်။ ကျွန်ုပ်တို့ မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းက မင်းတို့အား သမီးတော်ကို မပေးပါ။ သင် မင်းကြီး၏သား သမုဒ္ဒဃောသမင်းသားအား မြင်လျှင်မြင်ခြင်း ချစ်ခင် မြတ်နိုးလှသဖြင့် ငွေဖက်၍ ဦးခေါင်း၌ နမ်းစုတ်ပြီး သင်မင်းကြီး၏သား သမုဒ္ဒဃောသအား ၎င်း၏ သမီးတော် ဗန္ဓုမတီနှင့်အတူ တနေရာတည်း၌ နေစေလျက် အရှင်မင်းကြီးသားတော်နှင့် ကျွန်ုပ်တို့ မင်းကြီး၏ သမီးတော်ကို လက်ထပ်ထိမ်းမြားမင်္ဂလာ ပြုလုပ်လိုပါ၍ အရှင်မင်းကြီးထံ အကြောင်းကြားရန် လာရောက်ကြပါသည်ဟု လျှောက်တင်ကြကုန်၏။

ဘုရားလောင်း၏ ဘခင် ဗန္ဓုဒတ္တ မင်းကြီးသည် တမန်တို့၏စကားကို ကြားရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ရှိလှရကား နောက်တနေ့၌ ရထား ဆင် မြင်း ခြေသည် စစ်တပ်များ ခြံရံလျက် မိမိ၏ မိဖုရားကြီးနှင့် အတူ ဗြဟ္မပုရမြို့မှ ထွက်ခွါ၍ ရမ္မပုရမြို့သို့ ရောက်လေလျှင် မြို့အပြင်၌ စခန်းချ ရပ်နားလေ၏၊ သိရိသိဟန မင်းကြီးသည် ထိုဗန္ဓုဒတ္တ မင်းကြီး ကြွလာသည့် သတင်းကို ကြားသဖြင့် ဘုရားလောင်းမင်းသား, အခြံအရံ များစွာတို့နှင့် အတူ မြို့မှထွက်၍ ဗန္ဓုဒတ္တ မင်းကြီးအား ခရီးဦး ကြိုဆို

လျက် အခြံအရံတို့နှင့် အတူ မိမိ၏မြို့တော်သို့ ဝင်လာကြကုန်၏၊ သိရိသီဟန ဂုတ္တ မင်းကြီးသည် ထိုနေ့၌ပင် မိမိ၏ ရမ္မပုရမြို့တော်ကို နတ်မြို့ နတ်နန်း တမျှ လှပစွာ တန်းဆာဆင်စေလျက် သမုဒ္ဒဃောသမင်းသားနှင့် ဗန္ဓုမတီ မင်းသမီးတို့ကို ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာကို တခမ်းတနား ပြုလုပ် လေ၏။

ထို အခါတွင် သိရိသီဟနဂုတ္တ မင်းနှင့် ဗန္ဓုဒတ္တမင်း (ခမည်းခမက်) ၂-ပါး တို့သည် အလွန်ချစ်ကျွမ်းဝင်သော မိတ်ဆွေများ ဖြစ်ကြပြီး မြတ်သော ပလ္လင်ထက်၌ ထိုင်ကြလျက် ရွှေခွက် တခုတည်း၌ ထမင်းသုံး ဆောင်ကြ ကုန်၏။ ထိုအခါ ဘုရားလောင်း၏ ဘခင် ဗန္ဓုဒတ္တမင်းသည် သိရိသီဟနဂုတ္တ မင်းကြီးနှင့် ချစ်ကျွမ်းဝင်သော စကားတို့ကို ပြောဆို လိုရကား—

၁၄-၁၅။ အို အဆွေတော် သိရိသီဟနဂုတ္တ မင်းကြီး လပြည့်ဝန်းသည် ကြယ်တာရာ အပေါင်းတို့၏ အလယ်၌ တင့်တယ်ဘိ သကဲ့သို့ ထိုနည်းတူစွာ ကျွန်ုပ်တို့ ၂-ဦးသည်လည်း ပရိသတ် အပေါင်း၏ အလယ်၌ တင့်တယ်ကြပါ၏၊သင်မင်းကြီး၏တိုင်းပြည်နှင့် ကျွန်ုပ်၏ တိုင်းပြည်တို့သည် ၂-ခု မပြား တခုထည်း တသားထည်းဖြစ်ကြပါ ကုန်၏။ သင်၏ ချမ်းသာခြင်း, ဆင်းရဲခြင်းသည်လည်းနှင့် ကျွန်ုပ်၏ ချမ်းသာခြင်း ဆင်းရဲခြင်းကဲ့သို့ ဖြစ်ပါ၏၊သင်နှင့်ကျွန်ုပ် အေးအတူ ပူအမျှ ဆင်းရဲမကွာ ချမ်းသာအတူ ဖြစ်ကြပါကုန်၏။

ထိုဗန္ဓုဒတ္တမင်း စကားကို ကြားသောအခါ သိရိသီဟနဂုတ္တမင်းသည် လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်—

၁၆။ အဆွေတော် ဗန္ဓုဒတ္တမင်း သင်၏ အနှစ်သာရ ရှိသော စကား သည် ကောင်းမွန်လှ ပါ၏၊ ကျွန်ုပ်တို့သည် နှစ်ပြည့် တပြည် ချစ်ကျွမ်း ဝင်သော အဆွေခင်ပွန်းများ ဖြစ်ကြ ပါကုန်၏၊ ဤ အတိုင်းသာ အမြဲတမ်း ဖြစ်၍ နေကြပါကုန်အံ့။

ထိုနောက် ဘုရားလောင်း၏ ဘခင် မင်းကြီးနှင့် မယ်တော်မိဖုရားကြီး တို့သည် သိရိသီဟနဂုတ္တမင်းအား ပန်ကြားနှုတ်ခွန်းဆက် ပြီးလျှင် အခြွေ

အရံပရိသတ်များနှင့် အတူ ရမ္မပုရမြို့မှ ထွက်ခွါ၍ မိမိတို့ တိုင်းနိုင်ငံ ဗြဟ္မပုရမြို့သို့ ပြန်ကြွတော်မူ၏။ ဘုရားလောင်း သမုဒ္ဒဃောသ မင်းသားသည်လည်း ထိုရမ္မပုရမြို့ ဗန္ဓုမတီ မင်းသမီးနှင့် အတူ နေလျက် နတ်၏ စည်းစိမ် ချမ်းသာကဲ့သို့ စည်းစိမ်တို့ကို ခံစားနေလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၇။ ထိုအခါ သမုဒ္ဒဃောသ မင်းသည် ဗန္ဓုမတီ မင်းသမီးနှင့် အတူ ရမ္မပုရမြို့၌ နှစ်ရှည်လများနေလျက် ချမ်းသာသုခ စည်းစိမ်အဝဝကို ခံစား နေလေ၏ ဟု ဟောတော်မူ၏။

## နတ်ကွန်းအား ပူဇော်ပသခြင်း

ထိုနောက် ဗန္ဓုမတီ မင်းသမီးသည် (ဒေဝကုလနတ်နန်းမှ မိမိဆုတောင်းချက် ပြည့်ဝသည်ကို သတိရသဖြင့်) ရှေးက ဒေဝကုလ နတ်နန်းတွင် မိမိတောင်းဆိုခဲ့သော ဆုတောင်းမှု ပြည့်စုံသဖြင့် နတ်ကွန်းအား ပူဇော်ပသ သက္ကာရပြုလိုရကား ဘုရားလောင်းအား "ချစ်လှစွာသော အရှင်မင်းသား၊ ရှေးက ကျွန်ုပ်သည် ဒေဝကုလ နတ်နန်းတွင် ဆုတောင်းပြုခဲ့ ပါသဖြင့် (ယခု ပြည့်ဝနေပြီ ဖြစ်သောကြောင့်) နတ်နန်းအား ပူဇော်ပသ သက္ကာရ ပြုလိုပါ၏"ဟု ပြောဆိုသော အခါ ဘုရားလောင်းက "အဘယ် ချစ်နှမ သင်သည် အဘယ်ဆုကို တောင်းခဲ့ပါသနည်း"ဟု မေးလေရာ မင်းသမီးသည် မိမိဆုတောင်းခဲ့ပုံကို ပြောပြလိုရကား—

၁၈-၁၉။ ချစ်လှစွာသော သမုဒ္ဒဃောသ မင်းသား ရှေးက သင်၏ ဂုဏ်သတင်းကို ကြားရသဖြင့် သင့်ကို နေ့ရောညဉ့်ပါ တွေ့မြင်လိုသောကြောင့် သင်နှင့် တွေ့ဆုံ ပေါင်းသင်းရရန် နတ်တို့ထံ ဆုပန်ခဲ့ပါသည်၊ ကျွန်ုပ်၏ ဆုတောင်းသည် ယခုအခါ အောင်မြင်ခဲ့ ပါသည်၊ ထို့ကြောင့် နတ်တို့အား ပူဇော်ပသ သက္ကာရ ပြုပါအံ့။

ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် ဝမ်းမြောက်လှစွာဖြင့်—

၂၀-၂၁။ ချစ်လှစွာသော မန္ဓုမတီမင်းသမီး၊ ကျွန်ုပ်သည်လည်း ပုဏ္ဏားတို့ထံမှ သင်မင်းသမီး၏ ဂုဏ်သတင်းကို ကြားရသဖြင့် သင့်ကို

တွေ့လို မြင်လိုလျက် အမြဲကြံစည်ကာ အရူးပမာ ဖြစ်ခဲ့ပါ၏။ ထို့ကြောင့် မိမိ တိုင်းပြည်နှင့် မိဘနှစ်ပါးတို့ကို စွန့်ခွါလျက် သင်နှင့်တွေ့ဆုံ ပေါင်းဖေါ်ရရေး အတွက် ဤနိုင်ငံသို့ လာခဲ့ပါ၏။

ထို့နောက် ဘုရားလောင်းသည် ဗန္ဓုမတီ မိဖုရားနှင့်အတူ ပြာသာဒ်ထက်မှ ဆင်းသက်လျက် နန်းတော်တံခါးမှ ထွက်၍ ထိုဒေဝကုလနတ်နန်းသို့သွားပြီး နတ်တို့အား ပူဇော်ပသ သက္ကာရပြု၍ မိမိ၏နန်းတော်ပြာသာဒ်ထက်သို့ ပြန်လာကြ၏။ ဤသို့နေပြီး တနှစ်မျှ ကြာသောအခါ ဥယျာဉ်တော်သို့ သွားလိုရကား ဗန္ဓုမတီမိဖုရားနှင့်အတူ ရွှေထမ်းစင်တခုတည်း၌ ထိုင်လျက် အခြံအရံ ပရိသတ် များစွာတို့ဖြင့် ဥယျာဉ်တော်သို့ ထွက်ခွါလာ၏။

## ဝိဇ္ဇာဓိုရ်နှစ်ဦး စစ်ထိုးခဏ်း

ထိုအချိန်၌ ဝိဇ္ဇာဓိုရ် တယောက်သည် ရွှေအတိပြီးသော ကေလာသတောင်ထိပ်၌ မိမိမယားနှင့် အတူ ကစားပျော်ပါးလျက် ပန်းမျိုးစုံကို ယူဆောင်ကာ မိမိ ကိုယ်တိုင်နှင့် မယားကိုပါ တန်ဆာဆင်၍ လက်တဖက်ဖြင့်သန်လျက် လက်တဖက်ဖြင့် သန်လျက်အိမ်ကိုကိုင်ကာ မယားကို ပေါင်အလယ်၌ ထားလျက် ကောင်းကင်ခရီးဖြင့် ပျံသန်းလေ၏။

ထိုအချိန်၌ပင် အခြားဝိဇ္ဇာဓိုရ် တယောက်သည် ရွှေအတိ ပြီးသော သုဒဿန တောင်ထိပ်၌နေလျက် ထိုတောင်၌ပင် အဖေါ်မပါတယောက်တည်း ကစားမြူးတူးလျက် နတ်ပန်းတို့ကို ယူဆောင်ကာ မိမိကိုယ်ကိုတန်ဆာဆင်လျက် သန်လျက်နှင့် သန်လျက်အိမ်ကို ဖွဲ့ယှက်ယူဆောင်ပြီး သုဒဿန တောင်ထိပ်မှ ကောင်းကင်သို့ ပျံတက်လျက် ကောင်းကင်ခရီးဖြင့် ပျံသန်းလေ၏။ ကေလာသ တောင်မှ ဝိဇ္ဇာဓိုရ်ကား **ရဏာဘိမုခ** အမည် ရှိ၍ သုဒဿနတောင်မှ ဝိဇ္ဇာဓိုရ်ကား **ရဏာပတိတ** အမည်ရှိ၏၊ ဤသို့ ဝိဇ္ဇာဓိုရ် ၂-ဦး ကောင်းကင်၌ ပျံသန်းသွားလာ နေကြသောအခါ သုဒဿန တောင်မှဝိဇ္ဇာဓိုရ်သည် ကေလာသတောင်မှဝိဇ္ဇာဓိုရ်ကိုမြင်၍ "အို မိတ်ဆွေ သင်ကား အဘယ်အမည် ရှိပါသနည်း"ဟုမေးလျှင် ကေလာသတောင်မှ

ဝိဇ္ဇာဓိုရ်က အို မိတ်ဆွေ ငါသည် ရဏာဘိမုခ အမည်ရှိ၏၊ သင်ငါ့ကို မသိပါသလောဟု ပြန်လည်ပြောဆိုသောအခါ ထိုဝိဇ္ဇာဓိုရ် ၂-ယောက်တို့သည် တယောက်နှင့်တယောက် အမျက်ဒေါသထွက်သဖြင့် ကောင်းကင်၌ စစ်တိုက်ကြလေ၏။ ရဏာဘိမုခဝိဇ္ဇာဓိုရ်သည် ရဏာပတိတဝိဇ္ဇာဓိုရ်နှင့် စစ်တိုက်ရာတွင် ရှုံးလေ၏။

ထိုအခါ ရဏာပတိတဝိဇ္ဇာဓိုရ်သည် စစ်ရှုံးသော ရဏာဘိမုခဝိဇ္ဇာဓိုရ်၏ မယားကိုယူသွားလေ၏။ စစ်ရှုံးသော ရဏာဘိမုခ၏ကိုက်တွင် သန်လျက်ဖြင့်ထိုးခုတ်ထားသောဒဏ်ရာများဖြင့်ပြည့်ကာ သွေးတို့သည် ချိပ်ရေဖြင့် ရေချိုးထားသကဲ့သို့ စီးကျကုန်၏။ ရဏာဘိမုခဝိဇ္ဇာဓိုရ်သည် မိမိကိုယ်ကို ရပ်တည်ခြင်းငှါမတတ်နိုင်ရကား သန်လျက်လက်စွဲလျက် ဘုရားလောင်း၏ ဥယျာဉ်တော်အလယ်၌ ကျလာ၏။

## ဝိဇ္ဇာဓိုရ်ကျေးဇူးဆပ်ခြင်း

ထိုအခါ၌ ဘုရားလောင်းသည် ဥယျာဉ်သို့ဝင်၍ မိမိ မိဖုရားနှင့်အတူ ဥယျာဉ်ကစားပြီးလျှင် ဥယျာဉ်အလယ်ရှိပြာသာဒ်ထက်၌မိဖုရားကိုထားခဲ့၍ ပုရောဟိတ်သား, အမတ်၏သားတို့ကိုခေါ်လျက် "အို အမတ်တို့ငါတို့သည် ယခုအခါ ဥယျာဉ်သစ်ပင်များအကြား၌ကခားကြကုန်အံ့"ဟုဆို၍ ဥယျာဉ်တောအတွင်းသို့ သွားသည်ရှိသော် အဝေးမှပင် ဝိဇ္ဇာဓိုရ်ကို မြင်သဖြင့် အနီးသို့ချဉ်းကပ်လျက် "အို မိတ်ဆွေ သင်သည်အဘယ်အကြောင်းကြောင့် ဤအရပ်သို့လာပါသနည်း"ဟု မေးသောအခါ ရဏာဘိမုခ ဝိဇ္ဇာဓိုရ်က "အို ယောကျ်ားမြတ် ငါတို့ဝိဇ္ဇာဓိုရ် ၂-ယောက် ကောင်းကင်၌စစ်တိုက်ကြရာ ငါသည် ရှုံးနိမ့်သဖြင့် ဤနေရာ၌ကျရောက်လာပါသည်ဟု ဖြေကြားသောအခါ ဘုရားလောင်းသည် သနားခြင်းပြင်းစွာဖြစ်ပြီးလျှင် ဝိဇ္ဇာဓိုရ်ကို ပွေ့ချီလျက် ဥယျာဉ်အလယ်ရှိ ပြာသာဒ်သို့ယူဆောင်ကာ ဆေးသမားတို့ကိုခေါ်၍ ဆေးကုသပေးလေ၏။

ထိုအခါဆေးဆရာသည် ဝိဇ္ဇာဓိုရ်၏ကိုယ်မှ သွေးတို့ကို ဖယ်ရှားသုတ်ပယ်ပြီးလျှင် ဆေးကုသောအခါ လေးငါးရက် အတွင်း၌ပင် ရောဂါ

ပျော်လျက် ပကတိ ကျန်းမာလာသောကြောင့် ဝိဇ္ဇာဓိုရ်သည် ဘုရားလောင်း၏အထံသို့ သွား၍ ဘုရားလောင်းအား ရှိခိုးပြီးလျှင် "အဆွေယောကျ်ားမြတ်၊ ကျွန်ုပ်၏ ဤသန်လျက်သည် အလွန် တန်ခိုးထက်မြက်ပါ၏၊ သင်သည် ဤသန်လျက်ကို လက်ကကိုင်စွဲထားလျှင် မြေပြင်၌ရှင်း၊ ကောင်းကင်၌ရှင်း၊ မိမိလိုရာသို့ ပျံသန်းနိုင်ပါလတ့်" ဟု ဆို၍ ဘုရားလောင်းအား သန်လျက်ကိုပေးကာ မိမိနေရာ ကေလာသ တောင်သို့ ပြန်သွားလေ၏။ ထိုအခါ ဘုရားလောင်းသည် မိမိ၏ မိဖုရားနှင့် ဤသို့ တိုင်ပင်ပြောဆို၏။

၂၂။ ချစ်လှစွာသော ဗန္ဓုမတီမိဖုရား ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါ။ ကျွန်ုပ်သည် နှလုံးမွေ့လျော် ပျော်စရာကောင်းလှသော ဟိမဝန္တာသို့ သွားလိုပါ၏။ သင်မိဖုရားသည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလော့။

**ဟိမဝန္တာချီးမွမ်းခဏ်း**

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် မိဖုရားကို ပေါင်အလယ်၌ နေစေလျက် သန်လျက်ကိုလက်စွဲကာ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ကောင်းကင်ခရီးဖြင့် မြောက်အရပ်သို့ ရှေးရှုသွားလေ၏။ ကောင်းကင်ခရီးဖြင့် သွားသော ဘုရားလောင်းသည်တောင်အမျိုးမျိုးကို မြင်ရ၏။ ဘုရားလောင်းသည် မိဖုရားနှင့်အတူ ကောင်းကင်ခရီးဖြင့် သွားသောအခါ ပဌမ ငွေတောင်,ထို့နောက် ရွှေတောင်, ထို့နောက် ရတနာအမျိုးမျိုးရှိသောတောင်နှင့် ထို့နောက်ဟိမဝန္တာတောင်တို့ကို တွေ့မြင်လေ၏၊ ဤတောင်ကား ဟိမဝန္တာတောင်ဖြစ်၏၊ တောင်အထွတ်ပေါင်း တရာမျှခန့်ရှိ၍ ရတနာ ၇-ပါးနှင့် ပြည့်စုံ၏၊ ရှစ်သောင်းလေးထောင်သော တောင်ထွတ်ငယ်များရှိ၏၊ အမြင့် ယူဇနာငါးရာရှိ၍ ပဒေသာပင်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်လျက်ရှိပြီး ကိန္နရာ, ကိန္နရီအမျိုးမျိုး ငှက်မျိုးစုံတို့နှင့် ပြည့်စုံ၏။ ဆင် မြင်း ခြသေ့် ကျားသစ် ဝံအောင်းတို့ ပေါများ၏။

ထိုအခါ ဘုရားလောင်းသည် မယားနှင့်အတူ ဟိမဝန္တာတောင်ဘက်သို့ သက်ဆင်း၍ ပန်းအမျိုးမျိုး ကိုယူ၍ မိမိနှင့် မိဖုရားကြီးကိုပါ တန်ဆာ

ဆင်လျက် သစ်သီးအမျိုးမျိုးတို့ကို စားသုံးကြကာ ငှက်ပေါင်းများစွာ သာယာလှသော ကြာမျိုးငါးပါးဖြင့် စုံလင်သော ရေကန်ကြီးတခု၌ သောက်သုံး ရေမိုးချိုးကြပြီးနောက် ဟိမဝန္တာရှိ ဂူလိုဏ်အမျိုးမျိုးတို့ကို ကြည့်ကြကုန်လျက် ဂူတခုသို့ဝင်၍ အပန်းဖြေလျက် တည်ခိုမျှနေလေ၏။

ထိုအခါ(ဥယျာဉ်ကစားထွက်စဉ် ဘုရားလောင်းမင်းသားနှင့် ဗန္ဓုမတီမင်းသမီးတို့ ပျောက်ကွယ်သွားသဖြင့်)ဥယျာဉ်၌ ရှိကြသော အမတ်များနှင့် လူအပေါင်းသည် ဘုရားလောင်းကိုရင်း မင်းသမီးကိုရင်း မတွေ့ကြသဖြင့် တမြို့လုံးအနှံ့ရှာဖွေကြသော်လည်း မတွေ့ကြသောကြောင့် ဥယျာဉ်မှ ပြန်လာကြကာ ရမ္မပူရမြို့သို့ဝင်လျက် သိရိသိဟနဂုတ္တမင်းထံ (ဘုရားလောင်းနှင့် မင်းသမီးတို့ ပျောက်ကွယ်နေခြင်း)အကြောင်းစုံကို လျှောက်တင်၏။ ထိုအကြောင်းကိုကြားသဖြင့် သိရိသိဟနဂုတ္တမင်းကြီးသည် အမတ်တို့ကို ခေါ်၍ "အချင်းအမတ် သင်သည် ဗြဟ္မပူရတိုင်းပြည်သို့ သွား၍ ငါ၏မိတ်ဆွေ ဗန္ဓုဒတ္တမင်းအား ဤအကြောင်းကို ပြောကြားပါလော့"ဟု စေလွှတ်ရာ အမတ်သည် ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံလျက် ဗြဟ္မပူရတိုင်းပြည်သို့သွား၍ မြို့ထဲသို့ဝင်ပြီးလျှင် ဗန္ဓုဒတ္တမင်းကြီးအားရှိခိုးလျက် သင့်ရာမှနေ၍ ထိုအကြောင်းကို ဤသို့ ပြောကြား၏။

၂၃။ ဗန္ဓုဒတ္တမင်းကြီး သင်မင်းကြီး၏သားတော် သမုဒ္ဒဃောသ မင်းသားနှင့် ကျွန်ုပ်တို့မင်းကြီး၏ သမီးတော် ဗန္ဓုမတီမင်းသမီးတို့သည် ယခုပျောက်နေကြပါသည်။ သင်မင်းကြီး၏သားတော်သည် ဤတိုင်းပြည်၌ရှိပါသလားဟု အကြောင်းစုံကို သိစေရန် သင်မင်းကြီးထံ ကျွန်ုပ်တို့ မင်းကြီးက စေလွှတ် အကြောင်းကြားလိုက်ပါသည်။

ထိုအခါ ဗန္ဓုဒတ္တမင်းကြီးသည် တဖန် အမတ်တို့အား—

၂၄။ အို အမတ် ယခုအခါ သားတော်တို့သည် အဘယ်အရပ်သို့သွားကြပါသနည်း ငါ့ထံပါးသို့လည်း မလာကြပါ၊ ဤတိုင်းပြည်၌လည်း မရှိကြပါ။

ထိုစကားကိုကြမီး၍ ဘုရားလောင်း မယ်တော်မိဖုရားကြီးသည် စိုးရိမ်ပူပန်လျက်—

၂၅။ အို ဗန္ဓုဒတ္တမင်းကြီး သားတော်တို့ကို တွေ့ရန် သင်အဘယ်သို့ ပြုလုပ်ပါမည်နည်း၊ ရှေးမကောင်းမှု အကုသိုလ်ကံကြောင့် သားတော်တို့ ပျောက်ဆုံး နေကြဟန် ရှိပါ၏။

ထိုစကားကို ကြား၍ ဗန္ဓုဒတ္တမင်းသည် အကြီးအကျယ် စိတ်ဆင်းရဲလေ၏။ ဘုရားလောင်း၏ မိဘ ၂-ပါး မင်းမိဖုရားတို့သည် လက်တို့ကို မြှောက်၍ ငိုကြွေးလျက်—

၂၆-၂၇။ အို သားတော်တို့ ငါတို့တိုင်းပြည်ကြီး ပျက်စီးရချေပြီ။ ငါတို့လည်း ပျက်စီး ဆုံးပါးကြပါတော့မည်။ သင်တို့ ၂-ယောက် အဘယ်သို့ သွားရောက် နေကြပါသနည်း။ ငါတို့ အဘယ်သို့ အသက်ရှင်ရ ပါအံ့နည်း။ အဘယ်တိုင်းပြည် အဘယ်ဒေသမှာမှ သင်တို့ကို မတွေ့ရပါကုန်။ သားတို့ မျက်နှာကို မမြင်ရသဖြင့် ငါတို့သည် အဘယ်မှာ ချမ်းသာသုခကို ရနိုင်ပါအံ့နည်း။

ထိုအခါ ဗန္ဓုဒတ္တမင်း မိဖုရားနှစ်ပါးတို့သည် တဖန် အမတ်အား လက်ဆောင်များပေးလျက် ပြန်လွှတ်လိုက်ပြီးလျှင် မိမိတို့သားနှင့် ကွေကွင်းကြရသဖြင့် မျက်နှာကိုမျှဖြင့် ဖွင့်မပြရဲအောင် ရှိချေ၏။ ထိုအမတ်သည်လည်း မိမိနိုင်ငံသို့ ပြန်သွားလျက် မင်းကြီးကို ချဉ်းကပ်ရှိခိုးလျက် ထိုအကြောင်းကို မင်းကြီးအား ပြောကြားလိုရကား ဤသို့ ဆို၏။

၂၈။ အို သိရိသိဟနဂုတ္တမင်းမြတ် သင်မင်းကြီး၏ မိတ်ဆွေ ဗန္ဓုဒတ္တမင်းသည်လည်း သားတို့ကို မတွေ့ရပါ။ ထိုအကြောင်းကို ကြား၍ ဗန္ဓုဒတ္တမင်းကြီးသည် သနားစရာ ငိုကြွေးရှာပါ၏။

ထိုစကားကိုကြားသဖြင့် သိရိသိဟနဂုတ္တမင်းကြီးလည်း စိတ် မချမ်းမသာ ဖြစ်လေ၏။

ထိုအချိန်၌ ဘုရားလောင်း သမုဒ္ဒဃောသ မင်းသား သည် ဗန္ဓုမတီ မိဖုရားနှင့်အတူ ဟိမဝန္တာ၌ ၂- လမျှ နေကြပြီးနောက် ကောင်းကင်

ခရီးဖြင့် ပျံသန်းလာလေ၏။ ကေလာသ တောင်ထိပ်၌ သုဝဏ္ဏမြို့ တည်ရှိ၏။ ထိုမြို့သည် ကိန္နရာ ကိန္နရီတို့နေရာဖြစ်၏။ ထိုမြို့တွင် ကိန္နရာတို့ကို အစိုးရသော ဝိဇ္ဇာဓိုရ် ဒုမရမင်းသည်ရှိ၏။ ထိုအခါ၌ ဘုရားလောင်းသည် မင်းသမီး ဗန္ဓုမတီနှင့်အတူ ကောင်းကင်ခရီးဖြင့် သွားသော အခါ နတ်မြို့ကဲ့သို့ လှပဆန်းကြယ်သော မြို့ကိုတွေ့၍ မြေပြင်သို့ သက်ဆင်းပြီးလျှင် မင်းသားကဲ့သို့ တင့်တယ်စွာ ဆင်ယင်လျက် သုဝဏ္ဏမြို့သို့ ဝင်လေ၏။ ထိုအခါ ဒုမရမင်းသည် ဘုရားလောင်းကို မြင်သောအခါ ဤမင်းသည် သမုဒ္ဒဃောသမင်းသား ဖြစ်သည်ဟု သိ၍ "အမောင်မင်းသား လာလော့၊ ကျွန်ုပ်နှင့်အတူ တနေရာတည်း၌ ထိုင်ပါ" ဟု ဖိတ်မန္တက ပြု၏။ ထိုစကားကို ကြား၍ ဘုရားလောင်းသည် မိဖုရားနှင့်အတူ ကိန္နရာတိုင်းဘုရင် ဒုမရမင်းနှင့် တနေရာတည်းတွင် အတူထိုင်နေကြကုန်၏။ ထိုအခါ ကိန္နရာဘုရင် ဒုမရမင်းသည် ဘုရားလောင်းကို လည်ပင်းဖက်လျက် ဦးခေါင်း၌ နမ်းစုတ်ပြီးလျှင်....

၂၉။ အို ဘုရားလောင်း မင်းသား အကျွန်ုပ်၏ ဘုန်းကံပါရမီကြောင့် ဖြစ်သော ဤမြို့သည် နှလုံးမွေ့လျော် ပျော်ဘွယ်ရာရှိပါ၏၊ ရွှေငွေတို့ဖြင့် ပေါများကျယ်ဝသော ဤမြို့တော်ကို သင့်အား ပေးပါ၏။

ထိုစကားကိုကြား၍ ဘုရားလောင်းက-

၃၀။ ကိန္နရာတို့ဘုရင် ဒုမရမင်းမြတ် သင်ပြောသောစကားသည် ကောင်းလှပါ၏၊ သင်၏ထံ၌ ကျွန်ုပ်နေပါအံ့၊ ဤမြို့၌ ကျွန်ုပ်သည် တလမျှ ပျော်ပျော်ပါးပါး နေပါအံ့။

ထိုအခါ ဘုရားလောင်းသည် ကေလာသတောင်ထိပ်၌ တလမျှနေပြီးနောက် ဒုမရမင်းကြီးကို ပန်ကြားလျက် ကေလာသတောင်မှ ကောင်းကင်ခရီးဖြင့် သွားသောအခါ ရေဆိပ်လေးခုဖြင့် တန်းဆာဆင်အပ်သော ရတနာ ၇-ပါးတို့ဖြင့်ပြီးသော အနေတတ်အိုင်ကို အဝေးမှပင်မြင်ရ၏၊ ထို ရေဆိပ်လေးခုအနက် ရေဆိပ်တခုတွင် နတ်သားများ ရေဆိပ်တခုတွင်

နတ်သမီးများ ရေဆိပ်တခုတွင် ဘီလူးများနှင့် နောက်ရေဆိပ်တခုတွင် ဝိဇ္ဇာဓိုရ်များ ရေချိုးကြကုန်၏။ ဘုရားလောင်းသည် မိဖုရားနှင့် အတူ ကောင်းကင်မှ သက်ဆင်း၍ အနောတတ်အိုင်၌ ရေကစားလျက် ထို၌ပင် တလမျှနေပြီးနောက် ကောင်းကင်ဖြင့် သွားသောအခါ ဆဒ္ဒန္တအိုင်သို့ ရောက်လေ၏။

ထိုဆဒ္ဒန္တအိုင်သည်ကား ၃၆-ယူဇနာ အဝန်းအဝိုင်းရှိ၏။ ထို ဆဒ္ဒန္တ အိုင်၌ကား ရေ, ကြာတို့ မရှိပေ။ ငွေတောင် ရွှေတောင် ပတ္တမြားတောင် ဟင်းသပဒါးတောင်, မျက်စဉ်းတောင် ကျောက်တောင် ဟူသော တောင် ၇-လုံးတို့သည် ဆဒ္ဒန္တအိုင်ကို ဝန်းရံ၍ တည်ကုန်၏။ ထိုအခါ ဘုရား လောင်းသည် ဤကဲ့သို့သော ဆဒ္ဒန္တအိုင်ကို တွေ့မြင်ရ၍ ကောင်းကင်မှ သက်ဆင်းကာ ဆဒ္ဒန္တအိုင်ကို ကြည့်ရှု၏။ ထိုအခါ ဘုရားလောင်းသည် မိမိ၏ ဇာတိဿရဉာဏ် (နောက်ဘဝကအကြောင်းကို ပြန်လည် သတိရ သော ဉာဏ်) ဖြင့် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို ပြန်လည်သတိရ၍ မိဖုရားအား ဤသို့ပြောဆို၏။

၃၁-၃၂။ ရှေးဘဝများက ကျွန်ုပ်သည် ပျော်စရာကောင်းလှသော ဤ ဆဒ္ဒန္တအိုင်၌ တန်ခိုးကြီးသော နဂါးတို့ကို အစိုးရသော နဂါး မင်းကြီး ဖြစ်ခဲ့ဘူး၏၊ အို မိဖုရား ကျွန်ုပ်သည် ဤဆဒ္ဒန္တအိုင်၌ နဂါးမင်းဖြစ်လျက် ရှစ်သောင်းသော နဂါးတို့၏ သရှင်သခင် ဖြစ်ခဲ့ပါ၏။

မင်းသမီးသည်လည်း ထိုနည်းအတူ ဇာတိဿရဉာဏ်ကို ရသဖြင့် ဘုရားလောင်းနှင့်အတူ ပြောဆိုလိုရကား ဤသို့ဆို၏။

၃၃။ အရှင်မင်းသား ရှေးအခါက ကျွန်ုပ်သည်ဤဆဒ္ဒန္တအိုင်၌ သုဘဒ္ဒါ မည်သော မိဖုရားဖြစ်ခဲ့၍ သင်၏ထံပါး၌ ခစားနေထိုင်ခဲ့ပါသည်။

ဤသို့ မင်းသား မင်းသမီး နှစ်ဦးတို့သည် အချင်းချင်း စကား ပြော ကြလျက် ဆဒ္ဒန္တအိုင်၌ ဆင်းသက်၍ ပန်းတို့ကိုယူ၍မိမိကိုယ်ငင်း မိဖုရားကိုယ်ငင်း တန်းဆာဆင်လျက် မြူးတူးပျော်ပါး ကစားကြပြီး ထို ဆဒ္ဒန္တအိုင်မှ

ကောင်းကင်ခရီးဖြင့် သွားသောအခါ မွှေလျော်ပျော်ဘွယ် ကောင်းလှသော (သုဝဏ္ဏဘူမိ) ရွှေအတိပြီးသောမြေကို တွေ့မြင်ကြကုန်၏။ ထိုသုဝဏ္ဏဘူမိ၌ ဖလ်အတိရှိသောတောင်သည် ကြောင်မျက်ရွဲ ရတနာတို့ဖြင့် ပြီး၏။ ၁၅ တောင်မျှမြင့်၍ အတောင်သုံးဆယ် အလျားရှိ၏။ ထိုအခါ ဘုရားလောင်းသည် ဤသို့သော ပြည့်စုံမှုကို တွေ့မြင်ရ၍ မိဖုရားနှင့် အတူ ပြောဆိုတိုင်ပင်လိုရကား-

၃၄။ အို မိဖုရား ဖလ်ရတနာ ကြောင်မျက်ရွဲရတနာတို့ဖြင့် ပြည့်သော ဤနေရာ၌ ငါတို့သက်ဆင်း၍ အပန်းဖြေကြကုန်အံ့။ ထိုနောက်မှ ရမ္မပုရမြို့သို့ သွားကြပါကုန်အံ့။

## သံလျက်ပျောက်ဆုံးသဖြင့် မင်းမိဖုရားတို့ ဒုက္ခတွေ့ကြုံခြင်း

ဤသို့ဆိုပြီးနောက် ထိုမင်းမိဖုရား နှစ်ဦးတို့သည် ထိုဖလ်မြေအရပ်၌ သက်ဆင်းကြကုန်၏။ ထိုနေရာ၌ ရွှေတွင်းနှစ်ခုရှိ၍ တခုသည် ရေအပြည့်ရှိ၍ အခြားတခုသည် နံ့သာမျိုးစုံ ရှိလေ၏။ ရှေးအခါက ဝိဇ္ဇာဓိုရ်တို့သည် ရွှေတွင်းမှရေကို ယူ၍ရင်း နံ့သာအမျိုးမျိုးတို့ကိုယူ၍ရင်း၊ ကိုယ်ကို လိမ်းကျံလျက် ကြောင်မျက်ရွဲတို့ဖြင့် ပြီးသော ဖလ်မြေ၌ နေကြကုန်သတဲ့။ ဘုရားလောင်းသည်လည်း ရွှေတွင်းမှရေကိုယူ၍ ခံတွင်းကိုဆေးကြောလျက် မိဖုရားနှင့်အတူ နံ့သာတို့ကိုလိမ်းကျံ၍ အပန်းဖြေရန်အတွက် ကြောင်မျက်ရွဲဖြင့်ပြီးသော ဖလ်မြေ၌ မိဖုရားနှင့်အတူ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ထိုခဏ၌ ဝိဇ္ဇာဓိုရ်သည် ကောင်းကင်ခရီးဖြင့် ထိုနေရာသို့ရောက်လာ၍ မိဖုရားနှင့်အတူနေသော ဘုရားလောင်းကို တွေ့သဖြင့် ထိုနေရာသို့သွားကာ ဘုရားလောင်း၏ သန်လျက်ကိုယူ၍ ကောင်းကင်ဖြင့်သာလျှင် ပြေးသွားလေ၏။ မင်းမိဖုရားနှစ်ဦးတို့သည် အိပ်ရာမှနိုးသောအခါ သန်လျက်ကို မတွေ့သဖြင့် ထိုထိုဤဤ ရှာဖွေကြပါသော်လည်း မတွေ့ကြကုန်၊ ထိုအခါ မိဖုရားသည် ဘုရားလောင်း၏ ခြေရင်း၌ ဦးခေါင်းဖြင့် ဝပ်လျှိုး၍ သနားစဖွယ် ငိုကြွေးလျက်-

၃၅။ အို မင်းသား သင့်ကိုရှိခိုးခြင်း သင့်ကိုမြင်ရခြင်းမှာ ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ်ပါသည်။ ချစ်လှစွာသော မင်းသား ကျွန်ုပ်၌ အပြစ်တစုံတရာရှိပါက ကျွန်ုပ်အား သည်းခံပါ။

ထိုအခါ ဘုရားလောင်းသည် ထိုမိဖုရားကို စိတ်သက်သာရာ ရစေရန် ဖျောင်းဖျလျက် ဤသို့ဆို၏။

၃၆။ ချစ်လှစွာသောမိဖုရား ကိုယ်၌၎င်း,စိတ်၌၎င်း ဆင်းရဲဒုက္ခတို့သည် ဖြစ်ကုန်မြဲတည်း။ ထိုဆင်းရဲဒုက္ခဟူသမျှကို ကျွန်ုပ်တို့ သည်းခံကြပါကုန်အံ့၊ လောက၌ ပြည့်စုံမှု ပျက်စီးဆုံးရှုံးမှုတို့မှာ ဖြစ်မြဲဓမ္မတာပါ၊ သတ္တဝါတို့သည် အမြဲမရှိကြပါ၊ သင်သည် ပြင်းစွာပူဆွေး မငိုကြွေးပါလင့်။

ထိုစကားကိုကြား၍ "အရှင်မင်းသား ယခု ကျွန်ုပ်တို့ အဘယ်အရပ်သို့သွားကြကုန်အံ့နည်းဟု မိဖုရားက မေးသောအခါ ချစ်လှစွာသော မိဖုရား၊ ကျွန်ုပ်တို့သည် သမုဒ္ဒရာကို ကူးပါအံ့ဟု ဖြေလေရာ သမုဒ္ဒရာကို ဘယ်အရာဖြင့် ကူးမည်နည်းဟု မိဖုရားက မေးမြန်းသောကြောင့် ဘုရားလောင်းက ဤဂါထာကို ဆို၏။

၃၇။ အို မိဖုရား၊ သမုဒ္ဒရာ၌ သွားလာနေကြကုန်သော လူတို့သည် အကြင် အရာဝတ္ထုဖြင့် သွားလာ နေကြကုန်၏၊ ကျွန်ုပ်တို့သည်လည်း ထိုအရာဝတ္ထုဖြင့် ကူးကြပါကုန်အံ့။

ဤသို့ ဆိုပြီးနောက် ဘုရားလောင်းသည် မိဖုရားနှင့်အတူ မြစ်ကိုကူးရန် မြစ်ကမ်းနားသို့ သွားရာ.... လှေသမ္ဗန် တစုံတရာကိုမှ မတွေ့ရဘဲ မြစ်မှ မျောလာသော ဆွေးမြေ့နေသည့် လက်ပံပင် သစ်တုံးတတုံးကို တွေ့သဖြင့် ၎င်းလက်ပံတုံးကြီးကို ဆယ်ယူလျက် မင်းမိဖုရား ၂-ပါးတို့သည် ယင်းလက်ပံတုံးကြီးပေါ် တက်စီး၍ မြစ်ကို ကူးကြရာ မြစ်အလယ်သို့ရောက်ကြလေ၏။ ထိုအချိန်တွင် ညဉ့်နက် သန်ကောင်အချိန် ရောက်လာသဖြင့် တမိုးလုံး မှောင်မဲနေ၏၊ အရပ်လေးမျက်နှာမှ လာသောမိုးသည်လည်း သည်းသည်းထန်ထန် ရွာသွန်းချ၏၊ သမုဒ္ဒရာအလယ်၌ ရေအယဉ်တို့ လှိုင်း

ကြီးများထလျက် ကြမ်းတမ်းပြင်းထန် လေအဟုန် ကြီးမားသောလှိုင်း ပုတ်ခတ်သဖြင့် မင်း မိဖုရားတို့ စီးတွယ်၍လာသော လက်ပံပင်တုံးကြီး သည် ၂-ခြမ်းပြတ်ထွက် သွားလျက် မိဖုရားသည် မိမိရသောလက်ပံတုံး အပိုင်းကို စီးပြီး ဘုရားလောင်းမှာလည်း မိမိရသော လက်ပံတုံးအပိုင်းကို စီးကာ တယောက်တကွဲ သမုဒ္ဒရာ အသယ်၌ မျောပါသွားကြ လေ၏။

ထိုအခါ မင်းမိဖုရား နှစ်ပါးတို့သည် အချင်းချင်း ကွဲကွာသွားပြီး လေပြင်း မုန်တိုင်းအဟုန်ဖြင့် သမုဒ္ဒရာ အလယ်၌ မျောနေရာ နံနက် မိုးသောက် အလင်းရောင် ရောက်လာသောအခါ မိဖုရားသည် မိမိအနီးသို့ မျောလာသော ဝါးဖောင်တခုကို တွေ့သဖြင့် ၎င်းဖောင်ကိုစီး၍ မြစ်ကို ကူးရာ ဆိပ်ကမ်း မြေပြင်သို့ ရောက်သွားသောအခါ ၊ ဘုရားလောင်း မင်းသားကို မတွေ့သဖြင့် သနားစဖွယ် ငိုကြွေး မြည်တမ်းလျက် ထိုမြေပြင် ၌ပင် သတိမေ့မျော သွားလေ၏။ ထို့နောက်တဖန် သတိရလာပြန်၍ ဘုရားလောင်းကို ရှာဖွေရင်း ငိုကြွေးလျက် ဤဂါထာကိုဆို၏။

၃၀။ ငါ၏သခင် အရှင်မင်းသားသည် မြစ်ထဲတွင် ငါးလိပ်တို့အစာ ဖြစ်၍ နေပြီလား၊ ထို့ကြောင့် အရှင်မင်းသား ကမ်းကို ရောက် မလာခြင်းဖြစ်မည်၊ ဤနေရာ၌ ငါ၏သခင် အရှင်မင်းကြီး အဘယ်မှာ ရှိပါသနည်း။

## ဇရပ်တဆောင်နှင့် အလှူလုပ်နေသူ

မိဖုရားကြီးသည် ဤသို့ငိုကြွေး မည်တမ်းပြီးနောက် မိမိ၏ အဝတ် စိုများကို နေလှမ်းခြောက်သွေ့စေပြီး မိမိ၌ပါလာသော လက်ဝတ်တန်ဆာ ရတနာများကို ပုဆိုးဖြင့်ထုပ်လျက် ဆင်ခြေရာ များကို ကြည့်၍ ၎င်းအတိုင်း ခရီးဆက်လက် ထွက်ခွါသွားရာ မုဏ္ဍရဋ္ဌ (မုဏ္ဍတိုင်း)သို့ ရောက်လေ၏။ ထိုအခါ မိဖုရားသည် မီးကျိုးခဲ မီးသွေးခဲမှုန့်များဖြင့် ကိုယ်ကိုသုတ်လိမ်းလျက် မြို့ထဲသို့ ဝင်လေ၏။ ထိုအခါ အမယ်အိုတယောက် သည် မိဖုရားကြီးကိုမြင်၍ “အို အမိ- သင်ဘယ်အရပ်က လာပါသနည်းဟု မေးသောအခါ “အို အဖွား ကျမသည် ရမ္မပူရမြို့မှ လာပါသည်ဟု

ပြေဆိုရာ "ဒီမြို့မှာ သင့်ဆွေမျိုးဉာတိ ရှိပါသလားဟု ထပ်၍မေးပြန်လျှင် မရှိပါဟု မိဖုရားက ပြေဆိုသောအခါ "သို့ဖြစ်လျှင် ဒီမြို့မှာအဖွားတို့ အိမ်တွင် နေလေ့ဟုဆိုသဖြင့် ယင်းအဖွားအိုနှင့်အတူ လိုက်သွားပြီး အဖွား အို၏အိမ်၌ နေလေ၏။ နောက်တနေ့တွင် မိဖုရားသည် လက်စွပ်တကွင်းနှင့် ပတ္တမြားတလုံးကို ယူ၍ ယင်းမြို့၌ရှိသော သူဌေးတဦး၏ အိမ်သို့ သွားရောင်း၏။

ထိုသူဌေးသည် ပတ္တမြားကိုမြင်သောအခါ ဤ ပတ္တမြားသည် အဖိုး အနဂ္ဃထိုက်တန်၏ဟု သိ၍ မိဖုရားက "အို မိဖုရား ကျွန်ုပ်တို့ ဤမုဏ္ဍရဋ္ဌ တိုင်းနိုင်ငံသည် အဖိုးတန် ပတ္တမြားရတနာများမရှိပါ၊ ကျွန်ုပ်တို့မှာရှိ သော ဥစ္စာပစ္စည်းသည် ဤပတ္တမြားရတနာ၏ အဖိုး မရှိပါ၊ အကယ်၍ သင်မိဖုရားသည် လှည်းငါးစည်းတိုက်မျှ ပမာဏရှိသော ရွှေတို့ဖြင့် အလို ရှိပါမူကား ကျွန်ုပ် ဝယ်ယူပါအံ့ဟု သူဌေးကြီးက ဆိုသောအခါ မိဖုရားက သူဌေးကြီး သို့ဖြစ်လျှင် လှည်းငါးစည်းတိုက်မျှ ပမာဏရှိ သော ရွှေတို့ကို ကျွန်ုပ်အားပေး၍ ဤပတ္တမြားကို သင့်အား ကျွန်ုပ် ပေးအံ့ဟု ဆိုကာ သူဌေးကြီးအား ပတ္တမြားကိုပေးပြီး မိမိသည် လှည်း ငါးစည်းတိုက်မျှ ပမာဏရှိသောရွှေတို့ကို ယူလျက် အလိုရှိတိုင်း သုံးစွဲ၍ လက်သမားကိုခေါ်ပြီး ဘုံခုနစ်ဆင့် ရှိသော ဇရပ် တဆောင်ကို ထိုမြို့၏ တံခါးအနီး၌ ဆောက်လုပ်စေလျက် ပန်းချီဆရာတို့ကို ခေါ်စေပြီး....

အို ပန်းချီဆရာတို့ ဤဇရပ်၌ ဒေဝကုလ နတ်နန်း၏ပုံကိုရင်း၊ ထိုနတ် နန်း၌ ဗန္ဓုမတီ မိဖုရားနှင့် သမုဒ္ဒဃောသ မင်းသားတို့ တွေ့ဆုံပုံရင်း၊ သမုဒ္ဒဃောသ မင်းသားနှင့် ဗန္ဓုမတီ မိဖုရားတို့ ထိမ်းမြားလက်ထပ် အခမ်းအနားကိုရင်း၊ သုဝဏ္ဏဘူမိ (ရွှေမြေ) ကိုရင်း၊ ထိုသုဝဏ္ဏဘူမိ (ရွှေမြေ) ၌ ကြောင်မျက်ရွဲရတနာဖြင့် ပြီးသောဖလ်မြေ၌ ဇနီးမောင်နှံ တို့ အိပ်နေကြပုံကိုရင်း၊ သမုဒ္ဒရာအလယ်၌ လက်ပံတုံးကြီးကို ဇနီးမောင်နှံ နှစ်ယောက်တို့ စီးလာပုံနှင့် လက်ပံတုံးကြီး ၂ ပိုင်းပြတ်ပြီး ဇနီးမောင်နှံ နှစ်ဦး တယောက်တခြား ဖြစ်သွားပုံကိုရင်း၊ ရေးခြယ်ပေးကြပါဟု ပန်းချီ ဆရာများကို ရေးသားစေ၏။

ထို့နောက် မိဖုရားသည် မိမိ၏ ကျွန်မတယောက်အား "ဤဇရပ်သို့ ရောက်လာသမျှသော သူတို့ကို ထမင်း အစားအစာများ ကျွေးမွေးပြီး ဤ ဇရပ်အတွင်းသို့ ဝင်ကြည့်ရန် ဖိတ်ခေါ်ပါ" ဟု မှာထား၏၊ ထို အချိန်၌ မိဖုရားသည် ဘုရားလောင်းအား လွမ်းဆွတ် သတိရလျက် နေ့စဉ်မပြတ် မျက်ရေနဲ့ မျက်ခွက် သနားစဖွယ် ငိုကြွေးလျက်သာ ထို အဖွားအိုအိမ်၌ နေလေ၏။

## ရှေးကဝဋ်ကြွေး ပြေးမလွတ်ခဲ့

ဘုရားလောင်းသည်လည်း လေပြင်းမုန်တိုင်းဖြင့် သမုဒ္ဒရာအလယ်၌မျော နေတုံးပင်ဖြစ်၏၊ ဘုရားလောင်းသည် အဘယ့်ကြောင့် ဤကဲ့သို့သောဆင်းရဲ ဒုက္ခကိုခံစားရပါသနည်း ဆိုသော် ရှေးအခါက ဘုရားလောင်းသည် သား မယားနှင့်တကွ ဗာရာဏသီပြည်သား လူတယောက် ဖြစ်ခဲ့ဘူး၏။ ထို အခါက ဘုရားလောင်း ဇနီးမောင်နှံတို့သည် မြစ်တခုသို့ သွား၍ လှေ ငယ်ကိုစီးကာ ရေချိုးကြ၏၊ ထိုအခိုက်တွင် သာမဏေငယ် တပါးသည် ထိုဇနီးမောင်နှံတို့ အနီးအနား၌ လှေငယ်ဖြင့် ရေချိုး ရေကစားနေ၏၊ ထိုအခါ ထိုဇနီးမောင်နှံတို့သည် လက်ဖြင့် ရေကိုလှုပ်၍ လှိုင်းထအောင် လုပ်သောအခါ သာမဏေငယ်၏ လှေငယ်သည် မြစ်ထဲ၌ နစ်မြုပ်သွား၏၊ သာမဏေသည် ရေနစ်မည်စိုးသဖြင့်ကူးရာ လှိုင်းများကြားတွင် မျောပါ သွား၏၊ ထိုအခါတွင်မှ ဇနီးမောင်နှံတို့သည် သာမဏေကို ဆယ်ယူကာ ကမ်းပေါ်သို့ တင်ပို့ပေး၏၊ ဤမကောင်းမှု အကုသိုလ်ကံကြောင့် ဘဝ ငါးရာတို့ပတ်လုံး ဇနီးမောင်နှံနှစ်ဦးသည် သမုဒ္ဒရာ၌ ရေနစ်မျောရသော ဒုက္ခကို ခံစားခဲ့ရပြီးနောက် ယခုအခါ မယားနှင့်အတူ သမုဒ္ဒရာ၌ နစ် မျော၍ ဤသို့သော ဆင်းရဲဒုက္ခကို ခံစားရခြင်း ဖြစ်သည်။ ထို အကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၃၉-၄၄။ ထိုသမုဒ္ဒဃောသမင်းသည် ရှေးက မကောင်းမှုကံကို ပြုခဲ့ သောကြောင့် ဖြစ်လေရာရာ ဘဝတိုင်း၌ သားမယားနှင့် ကွဲကွာရခြင်း ဒုက္ခကို ခံစားရ၏၊ မိမိပြုခဲ့သော ကောင်းမှု မကောင်းမှုတို့သည် မည် သည့်အခါမျှ အချည်းနှီးမဖြစ်ပေ။ သေးငယ်သော အမှုဖြစ်သောကြောင့်

ဘာမျှ မထူးခြားလှဟု မထင်မှတ်ရာ၊ ရှေးရှေး ဘဝက ပြုခဲ့သော ကောင်းမှုကံ, မကောင်းမှုကံ, ယခုဘဝပြုသော ကောင်းမှုကံ မကောင်းမှုကံတို့သည် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ အချည်းနှီးဖြစ်၍မသွား၊ တည်မြဲတည်လျက် ရှိချေသည်။ ယခုဘဝ ပြုသမျှ ကုသိုလ် အကုသိုလ်ကံတို့သည် အရိပ်ပမာ မိမိနောက်သို့ လိုက်၍နေ၏၊ ထို့ကြောင့် ချမ်းသာကို အလိုရှိသောသူသည် မကောင်းမှုဘက်၌ စိတ်ကို အလိုမလိုက်ဘဲ ကောင်းမှုဘက်၌သာ စိတ်အလိုကို လိုက်ရာ၏၊ သတ္တဝါတို့အား ဤဘဝ ထိုဘဝ ချမ်းသာအမျိုးမျိုးကို ပေးတတ်ပြီး သတ္တဝါတို့၏ အားထားကိုးကွယ်ရာဖြစ်သော ကုသိုလ်ကောင်းမှုကိုသာ အမြဲမပြတ် ပြုလုပ်ကြရာသည်ဟု မိန့်ဆိုတော်မူ၏။

## မင်းမိဖုရားတို့ ပြန်လည်တွေ့ဆုံခဏ်း

ထို အချိန်၌ ဘုရားလောင်းသည် သမုဒ္ဒရာ၌ မျောနေ၏၊ ထိုအခါ သမုဒ္ဒရာကိုစောင့်သော မဏိမေခလာ နတ်သမီးသည် ၇-ရက်ပတ်လုံး နတ်တို့အစည်းအဝေးသို့ သွားနေသဖြင့် ၇-ရက်မြောက် တွင်မှ သမုဒ္ဒရာကို ကြည့်ရှုသော အခါ၌ သမုဒ္ဒရာ၌ မျောနေသော ဘုရားလောင်းကို တွေ့၍ သိကြားမင်းထံ သွားရောက် ရှိခိုးလျက် ထိုအကြောင်းကို ပြောကြား၏၊ မဏိမေခလာ စကားကို ကြား၍ သိကြားမင်းသည် နတ်သမီးကို ကဲ့ရဲ့ရှုတ်ချလျက်—

"အို နတ်သမီး မိဘသားမယားကို လုပ်ကျွေးသူ သီလရှိသူ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ သမုဒ္ဒရာ၌ နစ်မျော၍ နေလျှင် ကမ်းသို့ ဆယ်တင်ရမည် မဟုတ်ပါလား၊ အဘယ့်ကြောင့် ဘုရားလောင်းကို သမုဒ္ဒရာ၌ ဆင်းရဲကြီးစွာ ရောက်စေရပါသနည်းဟု မြည်တွန်မောင်းမဲ ပြောဆိုလေ၏။ (သိကြားမင်းက မေခလာ နတ်သမီးအား ပြောဆိုကြိမ်းမောင်း နေသည်ကို ဘုရားလောင်း အိပ်ပျော်နေစဉ် သန်လျက်ကို ယူလာခဲ့သော ဝိဇ္ဇာဓိုရ်ကကြားသဖြင့်) ထိုအချိန်တွင် ထိုဝိဇ္ဇာဓိုရ်သည် ကြောက်ရွံ့ထိတ်လန့် သဖြင့် သိကြားမင်းကို ရှိခိုးပြီး ထိုနေရာမှ ထကာ သမုဒ္ဒရာ အလယ်၌ နစ်မျောနေသော ဘုရားလောင်းထံ သွား၍ ဘုရားလောင်း လက်ထဲသို့(မိမိယူလာ

ခဲ့သော)သန်လျက်ကို ပေးပြီး မိမိအပြစ်ကို သည်းခံခွင့်လွှတ်ရန် တောင်းပန်လျက် မိမိနေရာသို့ ပြန်သွားလေ၏။

ဘုရားလောင်းသည် သန်လျက်ကို ကိုင်လျက် သမုဒ္ဒရာမှ ကောင်းကင်သို့ ပျံတက်ပြီး ကောင်းကင် ခရီးဖြင့် သွားလေရာ (မုဏ္ဍရဋ္ဌ) မုဏ္ဍရဋ္ဌမြို့သို့ ရောက်သော အခါ"ငါသည် နေ့ရက်များစွာ သမုဒ္ဒရာ၌ နစ်ခမျာနေခဲ့ရာ အစာမစားရ ဖြစ်ခဲ့သည်၊ ဤမြို့၌ ဝင်ရောက်ရပ်နား အပန်းဖြေအံ့"ဟု ကြံလျက် ကောင်းကင်မှ သက်ဆင်းကာ ထိုမြို့သို့ ဝင်လေ၏၊ ထိုအခါ ဘုရားလောင်းသည် မိမိ၏ မိဖုရားကို သတိရသဖြင့် ဤမြို့၌ရှိ လူများကို မိဖုရားအကြောင်း မေးမြန်း စုံစမ်းလျက် သမုဒ္ဒရာသို့ သွားရောက် ရှာဖွေမည်ဟု ကြံစည်ကာ လက်ဝတ် လက်စား များကို ချွတ်၍ တနေရာ၌ ဝှက်ထား ဖုံးအုပ်ခဲ့ ပြီးလျှင် ပုဏ္ဏားအသွင်ဖြင့် မြို့တွင်းသို့သွား၍ "ဤသို့သော ရုပ်လက္ခဏာ, ဤသို့သော အမည်ရှိသည့် မိန်းမတယောက် ဤမြို့မှာ ရှိပါသလား"ဟု တွေ့သမျှ လူတို့အား မေးမြန်းစုံစမ်းသောအခါ အို ပုဏ္ဏား ထိုမိန်းမကိုတော့ မသိပါ၊ ဒါပေမဲ့ မိန်းမ တယောက်တော့ ရှိတယ်၊ သူသည် ဤမည်သော အရပ်၌ ဇရပ်တဆောင် ဆောက်လုပ်ထားပြီး ဤမြို့သို့ ရောက်လာသမျှ ဧည့်သည် အာဂန္တုများသည် ၎င်းဇရပ်သို့ သွား၍ ဝမ်းအာဟာရ များကို စားသောက်ကြပြီး အပမ်းဖြေ နားနေကြပါတယ်၊ သင်သည်လည်း ထိုဇရပ်သို့ သွား၍ ထမင်းအာဟာရ များကို စားသောက်ပါလောဟု လူတို့က ပြောသဖြင့် ဘုရားလောင်းသည် ထိုဇရပ်သို့ သွား၍ စားဘွယ် သောက်ဖွယ်များကို စားသုံးပြီးနောက် ဇရပ်တွင် ရေးထားသော ပန်းချီ အရုပ်ကား များကို လှည့်လည် ကြည့်ရှုသော အခါ ၎င်း၏ မိဖုရား ရုပ်ပုံကို တွေ့ရသဖြင့် ထိုနေရာ၌ပင် ငိုကြွေးလေ၏။

ထိုအခါ ဇရပ်၌ရှိသော (မိဖုရား၏) ကျွန်မသည် ဇရပ်၌ ဘုရားလောင်း ငိုနေသည်ကို တွေ့သဖြင့် မိဖုရားထံ သွားရောက်၍ "အို အရှင်သခင်မ ပုဏ္ဏား တယောက်သည် ဇရပ်မှာ ရှိသော ပန်းချီအရုပ်ကား များကို ကြည့်ပြီးနောက် ငိုကြွေးမြည်တမ်း နေပါသည်"ဟု သွားရောက် အကြောင်းကြားသောအခါ ဇရပ်ရှင် မိဖုရားသည် အိမ်မှလာလျက် ဇရပ်သို့ တက်လာ၍

ပုဏ္ဏားကို မြင်သောအခါ မိမိလင်ယောကျ်ား အဖြစ်ကို သိသဖြင့် ခြေတော်၌ဝပ်၍ သနားစဖွယ် ငိုကြွေးမြည်တမ်းလျက် ဤဂါထာကို ဆိုလေ၏။

၄၇။ အို အရှင်မင်းသား သင့်ကို ပြန်လည် တွေ့ဆုံရ၍ ကျွန်ုပ်၏ စိုးရိမ်ပူဆွေးခြင်း, ကြောက်ရွံ့ ထိတ်လန့်ခြင်း တို့သည် ငြိမ်းအေးပါပြီ၊ ကျွန်ုပ်၏ စိတ်ဆန္ဒ အဝဝ ပြည့်ပါပြီ။

ဤသို့အားဖြင့် မင်းမိဖုရား ၂-ပါးတို့သည် အချင်းချင်း ပြန်လည်တွေ့ဆုံ ချစ်ကြင်နာခွင့် ရကြသဖြင့် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် ထိုအဖွားအို အိမ်၌ပင် နေကြကုန်၏၊ နှစ်ရက်မြောက်သော နေ့တွင်ကား နံနက်စောစော နံ့သာရေမျှားဖြင့်ရေမိုးချိုး၍ မိမိကိုယ်ကိုင်း မိဖုရားကိုင်း ဝတ်စားဆင်ပြင် တန်းဆာ ဆင်လျက် ထိုမြို့၌ ပုဏ္ဏားတို့ကိုင်း လူအပေါင်းတို့ကိုင်း ဖိတ်မန်လျက် ထိုပုဏ္ဏားများနှင့် လူတို့အား များစွာသောရွှေတို့ကို ပေးလှူပြီးလျှင် ထိုဇရပ်၌လည်း အလှူများကိုရေးကကဲ့သို့ မပြတ်လှူဒါန်းလျက်မဟ္လာရဋ္ဌမြို့၌ ပျော်ရွှင်သမျှ နေထိုင်ကြကုန်၏။ ဘုရားလောင်းသည် မိဖုရား၏ ဝဝ-သောကျွန်တို့ကို ကျွန်အဖြစ်မှလွတ်ငြိမ်းချမ်းသာခွင့် ပေးလျက် အိမ်ရှင် အဖွားအိုအားလည်း ရွှေများနှင့် အခြားဥစ္စာပစ္စည်းတို့ကို ပေးလှူပြီးလျှင် မိဖုရားကြီးနှင့်အတူ မဟ္လာရဋ္ဌမြို့မှ ထွက်ခွါလာခဲ့ရာ တနေရာ၌ အပန်းဖြေပြီးနောက် မိဖုရားကို ပေါင်၏ အလယ်၌ ထားလျက် လက်တဖက်ဖြင့် သန်လျက်ကိုကိုင်ကာ ကောင်းကင်သို့ပျံတက်ပြီး ကောင်းကင်ခရီးဖြင့် ပျံသွားလေ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ ဘုရားလောင်းသည် နံနက်မိုးသောက် အလင်းရောက်လတ်သော် ရမ္မပုရမြို့အနီးရှိ ဥယျာဉ်တော်သို့ မိဖုရားနှင့်အတူ သက်ဆင်းသောအခါ မင်းမိဖုရား ၂-ပါးတို့ကိုတွေ့မြင်သောဥယျာဉ်စောင့်သည် သိရိသိဟနဂုတ္တမင်းကြီးထံသွား၍ အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သမီးတော်ဗန္ဓုမတီမင်းသမီးသည် သမုဒ္ဒဃောသမင်းသားနှင့် အတူဥယျာဉ်တော်၌ ရောက်ရှိ၍နေပါပြီဟု လျှောက်တင်လေ၏။ ထိုအခါ သိရိသိဟနဂုတ္တ မင်းကြီးသည် နှစ်သက်ရွှင်ပြုံး ဝမ်းမြောက်သော စိတ်နှလုံးရှိရကား အမတ်အပေါင်း

ခြံရံလျက် မြို့မှထွက်ကာ ဥယျာဉ်သို့ ဝင်ပြီးလျှင် သမက်နှင့်သမီးတို့အား ပွေ့ဖက်လျက် ဦးခေါင်း၌ နမ်းစုတ်ပြီးနောက် အို ချစ်လှစွာသောသား သမီးတို့ သင်တို့ အဘယ်အရပ်သို့ သွား၍ အခုအဘယ်က ပြန်လာကြပါ သနည်းဟုမေးသောအခါ ဘုရားလောင်းသည် မိမိနှင့် မိဖုရားတို့၏ဖြစ် ကြောင်းစုံလင်ကို ဦးတင်လျှောက်ထားလျှင် သိရိသိဟနဂုတ္တ မင်းကြီးသည် ထိုနေ့၌ပင် မြို့တော်ကို မွမ်းမံပြင်ဆင် တန်ဆာတင်စေလျက် ဘုရားလောင်း အား ရာဇာဘိသိက်သွန်းကာ မိမိ၏တိုင်းပြည်စည်းစိမ်ကိုအပ်နှင်း၍ မင်းကြီး သည် ဟိမဝန္တာသို့ ထွက်ခွါပြီး ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွါးများလျက် အဘိညာဉ် ၅-ပါး သမာပတ်ရှစ်ပါးတို့ ရရှိစေ ပြီးနောက်အသက်ထက်ဆုံး နေထိုင်ပြီးလျှင် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်အဖြစ် ဖြင့်စုတေကွယ်လွန်သောအခါ ဗြဟ္မာပြည်၌ ဖြစ်လေ၏။

ထိုအခါတွင် ဘုရားလောင်း၏ဘခင် ဗြဟ္မပုရပြည့်ရှင် ဗန္ဓုဒတ္တမင်းသည် သားတော်မောင် ဘုရားလောင်း ပြန်ရောက်လာကြောင်း သတင်းကောင်း ကို ကြားရသဖြင့် မိမိထံသို့ သွားရောက်ခေါ်ငင်စေပြီး မိမိ၏ တိုင်းပြည် ကို သားတော်မောင် ဘုရားလောင်းအား အပ်နှင်းလျက် မြို့မှထွက်၍ ဟိမဝန္တာတောသို့ ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်း ဘာဝနာ များကို အားထုတ်လျက် အဘိညာဉ် ၅-ပါး သမာပတ်ရှစ်ပါးတို့ကို ရရှိ စေပြီးနောက် အသက်ထက်ဆုံး နေပြီးလျှင် ဈာန်အဘိညာဉ်ရအဖြစ် စုတေ ကွယ်လွန်သောအခါ ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

## ပြည်ထောင်စု မင်းနှစ်ပါးတို့ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ခြင်း

ထိုအခါ ဘုရားလောင်းသည် မိမိဖခင်၏တိုင်းပြည် ဗြဟ္မပုရပြည်နှင့် မိဖုရားကြီး၏တိုင်းပြည် ရမ္မပုရမြို့တို့၌ မြို့တခါးလေးဘက်, မြို့အလယ်, နန်းတော်တခါးအနီးတို့၌ အလှူဇရပ် ၆-ခုစီ ဆောက်လုပ်စေလျက် ဗြဟ္မ- ပုရမြို့သူမြို့သားများနှင့် ရမ္မပုရ မြို့သူမြို့သားတို့အား နေ့စဉ်နေ့တိုင်း အလှူ ကြီးပေးလျက် မိမိကိုယ်တိုင်ကား မင်းကျင့်တရားဆယ်ပါးကို မချွတ်ယွင်း စေဘဲ တရားနှင့်အညီ ၂-ပြည်စလုံးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော မူလေ၏။ ထိုအခါတွင် နှစ်ပြည်စလုံးရှိ တိုင်းသူပြည်သား လူအများတို့သ

သမုဒ္ဒဃောသမင်း၏ ဆုံးမဩဝါဒကို လိုက်နာကြလျက် ငါးပါးသီလကို အမြဲစောင့်သုံးကြကာ ဒါနစသော အလှူကောင်းမှုတို့ကို ပြုကြကုန်ပြီး သက်တန်းရှိသမျှ နေကြပြီးနောက် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။ သမုဒ္ဒဃောသမင်းနှင့် ဗန္ဓုမတီ မိဖုရား တို့သည်လည်း ၂-ပြည်စလုံးရှိ မင်းစည်းစိမ်များကို ခံစားလျက် အလှူပေးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်၍ ရဟန်းတို့ ယခုမှသာမဟုတ် ရှေးအခါကလည်း ငါဘုရားသည် ယသော်ဓရာမိဖုရားကို ရခဲ့သည်သာဖြစ်၏ဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

၄၆-၅၆။ ထိုအခါ သန်လျက်ကို ခိုးယူသော ယုတ်မာသောစိတ်ရှိသည့် ဝိဇ္ဇာဓိုရ်သည် ယခုအခါ ငါဘုရားအား ရန်ငြိုးထားသော ဒေဝဒတ် ဖြစ်လာ၏။ ဗန္ဓုမတီမိဖုရား၏ဘခင် သိရိသိဟနဂုတ္တမင်းသည် ယခုအခါ ရှင်သာရိပုတ္တရာ။ ကိန္နရာတို့၏ဘုရင် ဒုမရမင်းသည် ယခုအခါ ရှင်မောဂ္ဂလာန်။ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ။ ပုရော-ဟိတ် သားသူငယ်သည် ယခုအခါ ရှင်အာနန္ဒာ။ အမတ်၏သားသူငယ်သည် ယခုအခါ ရာဟုလာ။ ဗန္ဓုဒတ္တမင်းကြီးသည် ယခုအခါ သုဒ္ဓေါ-ဒနမင်း၊ ဒေဝဓိတာမိဖုရားသည် ယခုအခါ မဟာမာယာ၊ ကနကဝတီမင်းသမီးသည် ယခုအခါ မဟာပဇာပတိဂေါတမီ၊ မဏိမေခလာနတ်သမီးသည် ယခုအခါ ဥပ္ပလဝဏ်ထေရီ၊ သမုဒ္ဒဃောသမင်း၏ ကြင်ရာတော် ဗန္ဓုမတီမင်းသမီးသည် ယခုအခါ ယသော်ဓရာ၊ ၂-ပြည်လုံး၌ရှိကြသော အမတ်များ တိုင်းသူပြည်သားတို့ကား ယခု ငါဘုရား၏ ပရိသတ်များ ဖြစ်လာကြပြီ၊ တိုင်းပြည် ၂-ပြည်၌ တရားနှင့်အညီ စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့သော သမုဒ္ဒဃောသမင်းသည်ကား ယခုအခါ ငါဘုရားဖြစ်လာ၏။ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို တောင့်တကြကုန်သော သင်တို့သည် အလွန်ရိုသေသောစိတ်ထားဖြင့် ဤသို့ဇာတ်တော်ကို ဆောင်ကြကုန်လော့။

ခြောက်ခုမြောက် သမုဒ္ဒဃောသဇာတ် ပြီး၏။

# ၇-ဒါနမံလေ့ပျော်မွေ့သူ ဒါနစာဂဇာတ်

[ အလှူဒါနကိုအမှီပြု၍ လူတို့သည် စည်းစိမ်ဥစ္စာခြေရံ
သင်းပင်းတို့ကိုရရှိခြင်းဖြစ်သည်၊ အလှူဒါနမည်သည်အစဉ်
အမြဲ ပြုထိုက်ကြောင်းကို ပြသော ဒါနစာဂဝတ္ထု ]

မြတ်စွာဘုရားသည် ဣဒါနိ ဒါနံ မေ ဒိန္နံ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရှေးအခါက မိမိ၏စွန့်ကြဲခြင်း ဒါနကိုအကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့၍ဆိုဦးအံ့—ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသည် မိုးလလွန်မြောက်သောအခါ ဇေတဝန်ကျောင်းတော်မှထွက်ခွါလျက် ရှင်မောဂ္ဂလာန်, ရှင်ကောဏ္ဍည, ရှင်အနုရုဒ္ဓာဟူသော တပည့်ကြီးသုံးဦးတို့ကို လိုက်ပါစေလျက် ထိုထိုမြို့ရွာဇနပုဒ်တို့၌ ဝေနေယျကြာ သတ္တဝါတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလျက် အစဉ်သဖြင့် ကြွသွားသည်ရှိသော် အဇိတမြို့သို့ရောက်လေ၏။ အဇိတမြို့၌ အဇိတမည်သောမင်းသည် မင်းပြု၏။

ထိုမင်း၏ ကဥ္စနဒေဝီမည်သော မိဖုရားခေါင်ကြီးသည် တထောင်သော မင်းမိဖုရားတို့၏ ကြီးကဲထိပ်ထားဖြစ်၍ ဘုရင်ကြီးက အလွန်တရာချစ်မြတ်နိုးတော်မူ၏။ ထိုမင်းသည် ကဥ္စနဒေဝီမိဖုရားကြီးအား အသပြာကသိန်းတန် ဝတ်ပန်း(ဆူးပန်း)ဆိုးသော အဝတ်ကိုပေးလျက် ကြွင်းသောမိဖုရားတထောင်တို့အားလည်း တထောင်တန် ဝတ်ပန်းဆိုးသော အဝတ်တခုစီ အသီးသီးပေးကမ်းချီးမြှောက်ထားလျက် သင်တို့သည် ယနေ့မှစ၍ ငါချီးမြှင့်ထားသော အဝတ်တို့ကို ဝတ်ဆင်ကြလေ့ဟု မိန့်တော်မူ၏။ ထိုအခါ တနေ့သ၌ အဇိတမင်းသည် စစ်အင်္ဂါလေးပါးရှိသော စစ်တပ်ဖြင့် ထွက်ခွါလျက် မိမိတိုင်းပြည်၏ နာစွန်အဖျား နယ်ခြားဒေသကိုကြည့်ရှုရန်ထွက်ခွါသွား၏။

## ဝတ်ပန်းအဝတ်တို့သည် သက်န်းအဖြစ်သို့

ထိုအခါ ဘုရားရှင်သည် ချစ်သားမောဂ္ဂလာန် သင်သည် ဤမြို့၌ ဆွမ်းခံဝင်လေ့ ငါဘုရားသည်ကား ဤနေရာ၌ပင်နေအံ့ဟု မိန့်တော်

မှုသဖြင့် ရှင်မောဂ္ဂလာန်သည် သပိတ်သက်န်းများကို ယူဆောင်လျက် မြို့တွင်းသို့ဝင်ပြီးလျှင် မင်းယင်ပြင်၌နေလေ၏။ ထိုခဏ၌ ကဉ္စနဒေဝီမိဖုရား သည် မိဖုရားငယ်တထောင်ခြံရံလျက် လေသာပြူတင်းကို ဖွင့်၍ကြည့်သော် မင်းယင်ပြင်၌နေသော ရှင်မောဂ္ဂလာန်မထေရ်ကိုမြင်လျှင် ကြည်ညိုသော စိတ်ရှိရကား နန်းတော်တွင်းသို့ကြွတော်မူရန် ပင့်စေလျက် နေရာထိုင်ခင်း များခင်းကျင်းစေပြီး မထေရ်အား နေထိုင်စေတော်မူပြီးခါ မွန်မြတ်သော အရသာရှိသည့် ခဲဘွယ်ဘောဇဉ်တို့ဖြင့် ရှင်မောဂ္ဂလာန်၏ သပိတ်တော်ကို ပြည့်စေပြီးနောက် တရားနာလိုသဖြင့် မထေရ်အား တရားဟောတော် မူရန်တောင်းပန်လျှောက်ထား၏။

ယင်းတရားကား အလှူနှင့် စပ်သောတရား, သီလ စောင့်ထိန်းခြင်း နှင့် စပ်သောတရား, နတ်ပြည်ရောက်ကြောင်း တရား, ဘုရားဂုဏ်, သံ ဃာဂုဏ်နှင့် စပ်သော တရားများ ဖြစ်၏။ ကဉ္စနဒေဝီ မိဖုရားကြီးသည် မထေရ်မြတ်၏တရားကို နာကြားရသဖြင့် များစွာ ကြည်ညိုခြင်း ဖြစ်ရ ကား "ငါတို့၏ အဇိတဘုရင်ကြီးသည် ငါ၏ ဦးခေါင်းကို ဖြတ်လိုလျှင် ဖြတ်, တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်, ကြိုက်သလို လုပ်ပေစေဟု ကြံလျက် ဘုရင်ကြီး ချီးမြှင့်ပေးကမ်းထားသော အသပြာ တသိန်းတန် ဝတ်ပန်း အဝတ်ထမီကို ရှင်မောဂ္ဂလာန်အား ဓမ္မပူဇာအနေဖြင့် ပေး လှူလေ၏။ အားလုံးသော မိဖုရားငယ် တထောင်တို့သည်လည်း ရှင် မောဂ္ဂလာန်၏ တရားကို နာရသဖြင့် အလွန် ကြည်ညိုကြသောကြောင့် မိဖုရားကြီးနည်းတူ ကြံစည်လျက် မိမိတို့အား ဘုရင်မင်းမြတ် ပေးအပ် ချီးမြှင့်ထားသော ဝတ်ပန်းအဝတ်ထမီတို့ကို ရှင်မောဂ္ဂလာန်အား ဓမ္မပူဇာ အဖြစ်ဖြင့် ပေးလှူကြကုန်၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည် မိဖုရားကြီးနှင့် တကွ မိဖုရားငယ် တထောင်တို့အား တရားဟောပြီးလျှင် နေရာမှထ,လျက် ကောင်းကင် ခရီးဖြင့် ကြွသွားတော်မူ၏။ ထိုအခါ မိဖုရားများ လှူလိုက်သော ဝတ် ပန်း အဝတ်ထမီတို့သည် မထေရ်၏ တန်ခိုးတော်ဖြင့် မထေရ်၏နောက်မှ လိုက်ပါလျက် ကောင်းကင် ခရီးဖြင့်ပင် ပါသွားကြကုန်၏။ ကဉ္စနဒေဝီ

အမှုးရှိသော မိဖုရား အပေါင်းတို့သည် မထေရ်အား ဖူးမြော်ရှိခိုးကြလျက် မမြင်ရတော့မှ မိမိတို့နေရာအသီးသီးသို့ ပြန်ကြကုန်၏။ ရှင်မောဂ္ဂလာန် မထေရ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူပြီးလျှင် ဆွမ်းများဆက်ကပ်ရာ ဘုရားရှင်သည် ဘုန်းပေးတော်မူလေ၏။ ထိုအခါမှစ၍ ကဥ္စနဒေဝီနှင့် မိဖုရားတို့သည် အတူတကွ ငါးပါးသီလကို စောင့်ထိန်းကြကုန်၏။ ထိုအခါ အဇိတဘုရင်သည် တိုင်းစွန်ပြည်နား နယ်ခြားအရပ်မှ ပြန်လာ၍ နန်းတော် ပြာသာဒ်ထက်သို့ တက်လာသောအခါ ကဥ္စနဒေဝီ အမှုးရှိသော မိဖုရားတို့သည် မင်းကြီးအား ခြံရံလျက် ခစားကြကုန်၏။

ထိုအခါ အဇိတမင်းသည် အားလုံးသော မိဖုရားတို့အား မိမိ ချီးမြှင့်ထားသော ဝတ်ပန်း အဝတ်ထမီများကို မမြင်သောကြောင့် "အို မိဖုရားတို့ သင်တို့အား ငါ ပေးထားသော ဝတ်ပန်း အဝတ်အထည်များကို မမြင်ပါလား" ဟု မိန့်တော်မူလျှင် "ရှင်မောဂ္ဂလာန် မထေရ်အား တရားဟောသဖြင့် ဓမ္မပူဇာအဖြစ် လှူဒါန်း လိုက်ကြပါကုန်သည်" ဟု မိဖုရားများက လျှောက်ထားသောအခါ ဘုရင်မင်းမြတ်သည် ဒေါသအမျက် ချောင်းချောင်း ထွက်လျက် မင်းချင်းယောကျ်ား တယောက်ကို ခေါ်၍ "အမောင်ယောကျ်ား အမြန်သွား၍ ထိုရဟန်းကို ပင့်ခေါ်ခဲ့လော့" ဟု မိန့်တော်မူသဖြင့် မင်းချင်းယောကျ်ားလည်း ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံလျက် နေရာမှထကာ မြတ်စွာဘုရားထံ သွား၍ လျှောက်ထား၏။

## မြတ်ဘုရားကိုယ်တိုင် ဒါနအကျိုးကို ဟောတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် မထေရ်ကြီးများ ခြံရံလျက် အဇိတမင်း၏ နန်းတော်သို့ကြွသွားသောအခါ အဇိတမင်းသည် ဘုရားရှင်အား ရှိခိုးပြီး သင့်လျော်ရာ၌ ထိုင်လျက် ဘုရားရှင်အား "ဘုန်းတော် ကြီးသော မြတ်စွာဘုရား အချို့ လှူဒါန်းသူ ဒါယကာတို့အား တူမျှသော အဝတ်လှူဒါန်းခြင်း၏ အကျိုးကို သိတော်မူ၍ တပည့်မထေရ်ကိုလွှတ်ကာ တရားဓမ္မကို ဟောကြားစေတော်မူပါ၏၊ တပည့်တော်အားလည်း ယင်း

တရားကို ဟောကြားတော်မူပါ" ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "ဒကာတော်မင်းမြတ် ဥစ္စာဓနကိုဖြစ်စေ, ငွေကို ဖြစ်စေ, ရွှေကိုဖြစ်စေ အမျိုးမျိုးသော အဝတ်အထည်ကို ဖြစ်စေ အခြားသောပစ္စည်းဝတ္ထု အမျိုးမျိုးကိုဖြစ်စေ ဒါယကာတို့သည် ပေးလှူအပ်၏၊ မြတ်သောမင်းကြီး လွန်လေပြီးသောအခါ များစွာသော အလှူဒါနကို အမှီပြုလျက် ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်၏။

ဒကာတော်မင်းမြတ် နှောင်အနာဂတ်၌ ပွင့်တော်မူလတ္တံ့ ကုန်သော ဘုရားရှင်တို့သည်၎င်း၊ ငါဘုရားသည်၎င်း ရှေးအခါက လှူဒါန်းခဲ့သော အလှူဒါနတို့ကိုမှီ၍ ယခုအခါ ဘုရားအဖြစ် သဗ္ဗညုတဉာဏ်ကို ရတော်မူကြကုန်၏။ ဒကာတော်မင်းမြတ် စကြဝတေးမင်းအဖြစ်ကို အလိုရှိသော သူသည်လည်း ရှေးဘဝက မိမိလှူခဲ့သော အလှူဒါနကိုမှီ၍ ထိုစကြဝတေး မင်းအဖြစ်ကို ရခဲ့၏။ ဒကာတော်မင်းမြတ် နတ်ပြည်တို့၌ အမျိုးမျိုးသော စည်းစိမ်ချမ်းသာကို ခံစားကြသောသူတို့သည်၎င်း လှပသော အဆင်းရှိသောသူတို့သည်၎င်း အလှူဒါနကို အမှီပြု၍သာ မိမိတို့လိုရာ ဘုံအသီးသီးကို ရရှိကြကုန်၏။ ဒကာတော်မင်းမြတ် အဖိုးအနဂ္ဃထိုက်တန်ပြီး ဆန်းကြယ်သော ရတနာ ၇-ပါးတို့ဖြင့် တန်ဆာ ဆပ်အပ်သော အဝတ်အမျိုးမျိုးတို့ကို သုံးဆောင်ဝတ်ရုံရသူတို့သည် အဝတ်အထည် တို့ကို ပေးလှူခဲ့သော ဝတ္ထုဒါနကြောင့်ဖြစ်သည်။ ဒကာတော် မင်းမြတ် လှူတို့ ပေးလှူအပ်သော အလှူဝတ္ထုကို စိုးရပိုင်ဆိုင်ခြင်း, ကျွန်မိန်းမ, ကျွန်ယောကျ်ား, သားသမီးကျွန်အမှုလုပ်တို့နှင့် ပြည့်စုံခြင်း, ဆင်မြင်း ရထားနွား ကျွဲ စသည်တို့နှင့် ပြည့်စုံခြင်း လယ်ယာ ကိုင်းကျွန်းတို့နှင့် ပြည့်စုံခြင်းတို့သည်၎င်း ထိုအလုံးစုံသည် ရှေးဘဝက ပြုခဲ့ဘူးသော အဝတ်စသော အလှူဒါနတို့ကိုမှီ၍ ရကြခြင်း ဖြစ်သည်ဟု ဟောကြားတော်မူလေသည်။

## အဇိတမင်းကြီးက တဖန်လှူဒါန်းပြန်

ဤသို့ ဟောကြားအပ်သောဘုရားရှင်၏ တရားဒေသနာကို ကြားနာရသဖြင့် အဇိတမင်းသည် အလွန်ကြည်ညိုသောစိတ်ရှိရကား မိမိ၏ဘဏ္ဍာ

တိုက်မှ အလွန်နူးညံ့ချောမွေ့သော အဖိုးတသိန်းထိုက်တန်သော တထောင်သော ပုဆိုးအစုံတို့ကို ထုတ်ယူစေလျက် မြတ်စွာသူရားအား တရားကိုပူဇော်သောအားဖြင့် ပေးလှူလေ၏။ ရှင်မောဂ္ဂလာန်စသော မထေရ်သုံးပါးတို့အားလည်း အဝတ်တထည်စီ ပေးလှူလေ၏။ ဘုရားရှင်၏ ရှေ့မှောက်၌ပင် ကဋ္ဌနဒေဝီအမှူးရှိသော တထောင်သောမိဖုရားတို့အား အဖိုးတသိန်းထိုက်သော အဝတ်တထည်စီ ပေးလေ၏။ ထိုအခါ ကဋ္ဌနဒေဝီအမှူးရှိသော မိဖုရားအားလုံးတို့သည်သည်း ဘုရားရှင်၏ထံ၌ တရားနာကြလျက် ယင်းအဝတ်အထည်တို့ကို ဘုရားရှင်အား လှူဒါန်းကြကုန်၏။

ဤသို့လျှင် မင်းကြီးလှူသော ဝတ်စုံတထောင်နှင့် မိဖုရားအမှူးရှိသော မိဖုရားငယ်တို့လှူသော ဝတ်စုံတထောင်ဖြင့် ၂-ထောင်သော ဝတ်စုံတို့သည် ဘုရားရှင်၏ ရှေ့တော်၌ အစုအပုံကြီး ဖြစ်နေလေ၏။ ထိုအခါ ဘုရားရှင်သည် အဇိတမင်းကြီးအား တရားနှင့်စပ်သောစကားတို့ကို ဟောကြားပြီးနောက် ရှင်မောဂ္ဂလာန်စသော မထေရ် ၃-ပါးနှင့်အတူ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ ယခင် ဘုရားရှင်အားလှူလိုက်သောအဝတ်အထည်အားလုံးတို့သည် ဘုရားရှင်၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ကောင်းကင်ခရီးဖြင့်သာလျှင်ပျံတက်၍ မြတ်စွာဘုရား၏နောက်တော်မှ လိုက်ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ကောင်းကင်၌ ကြယ်တာရာ အပေါင်းခြံရံသော လပြည့်ဝန်းကဲ့သို့ မထေရ်မြတ်တို့ဖြင့်ရင်း ထိုအဝတ်တို့ဖြင့်ရင်း ခြံရံလျက် အလွန်တင့်တယ်စွာ ကောင်းကင်ခရီးမှ သက်ဆင်းလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၏။ ထိုအဝတ်အထည် အားလုံးတို့သည် ဘုရားရှင်သို့ အစဉ်လိုက်လျက် ဘုရားရှင်၏ ရှေ့တွင် ပူဇော်သောအခြင်းအရာကိုပြု၍ တည်နေကြကုန်၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ အဆောက်အဦ၌ "ငါ့ရှင်တို့ ဘုရားရှင်၏ တန်ခိုးအာနုဘော်သည် အံ့သြဘွယ် ရှိပါပေစွ၊ လက်ဖျောက်ခတ်တီး အံ့ချီးဘွယ် ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ထူးကဲစွာဖြစ်ပါပေစွ၊ ဤအဝတ်တို့သည် ကောင်းကင်ခရီးဖြင့်သာလျှင် မြတ်စွာဘုရားသို့ အစဉ်လိုက်လျက် ဘုရားရှင်၏ ရှေ့တော်ဝယ် ပူဇော်သောအခြင်းအရာဖြင့် တည်နေကြကုန်၏"ဟု စကားကို ပြောဆိုနေကြကုန်၏။ ဘုရား

ရှင်သည် ကြွလာတော်မူလျက် ခင်းထားအပ်သော မြတ်သော ဘုရား၏ နေရာ၌ ထိုင်တော်မူပြီးလျှင် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ သင်တို့သည် အဘယ်စကားကို ပြောဆိုတိုင်ပင် စည်းဝေး နေကြပါသနည်း" ဟု မေးတော်မူရာ ဤမည်သောစကားဖြင့် စည်းဝေး နေကြပါသည်ဟု ရဟန်းတို့က လျှောက်ထားလေသော် ရဟန်းတို့ ယခု မှသာ မဟုတ် ရှေးအခါကလည်း ဘုရားလောင်းဖြစ်စဉ်ဝယ် မိမိ၏ အဝတ် အထည်တို့ကို ပေးလှူသောကြောင့် များစွာသော အဝတ်အထည် တို့ကို ရခဲ့ဘူးလေပြီဟု မိန့်ကြားတော်မူပြီး ဆိတ်ဆိတ်နေတော်မူရာ ရဟန်းတော် တို့ကတောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကကြောင်းရာ ဟောပြရှာ

ရဟန်းတို့ လွန်လေပြီးသောအခါ ကမ္ဗလမည်သော မြို့၌ ကမ္ဗလမင်း သည် တရားနှင့်အညီ မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် သံသရာ၌ ကျင်လည်လျက် ထိုမြို့၌ သူဆင်းရဲမျိုး၌ဖြစ်၍ သူတပါးတို့ထံ၌ အခစား အလုပ်ကို လုပ်လျက် အနည်းအများ ရသမျှသော ဥစ္စာတို့ကို မိဘ၂-ပါး တို့အား ပေးလှူသောအစွမ်းဖြင့် မိမိရသမျှကို လှူဒါန်းလေ၏။ ထို့ကြောင့် မိဘ ၂-ပါးတို့က ဘုရားလောင်းအား၊စာဂဒါနဟု အမည်မှည့်ကြကုန်၏။ ထိုစာဂဒါနဘုရားလောင်းသည်မိဘ၂-ပါးအားကျွေးမွေးပြုစုလျက် ကမ္ဗလ မြို့၌နေလေ၏။ ထိုအခါ တနေ့သ၌ ဘုရားလောင်း စာဂဒါနသည် မိမိ၏ လုပ်ငန်းကိစ္စဖြင့် တောသို့ ဝင်သောအခါ ခိုးသူများလုယက် ဖျက်ဆီးသဖြင့် ပျောက်ပျက်သော သက်န်းရှိသဖြင့် အဆင်း ညစ်နွမ်း၍ စိုသောသင်္ကန်း ကထည်ကိုသာ ဝတ်လျက် တော၌ကြွသွားသော ပစ္စေကဗုဒ္ဓါတပါးကို တွေ့မြင်လေရာ ယခုအခါ ငါ၏ကုသိုလ်ကောင်းမှုပြုဘို့ အချိန်ရောက်ပြီဟု ကြံစည်လျက် ထိုပစ္စေကဗုဒ္ဓါထံသို့ ချဉ်းကပ်ရှိခိုးကာ ဤသို့လျှောက်၏။

၁။ အရှင်မြတ်ဘုရား၊ အရှင်မြတ်အား လှူအပ်သော တပည့်တော်၏ အလှူသည် များစွာ အကျိုးရှိသည် ဖြစ်၍ အခါခပ်သိမ်း ချမ်းသာကို ပေးဆောင်နိုင်ပါစေ၊ အရှင်ဘုရားသည် တပည့် တော်၏အဝတ်ကို အလှူခံတော်မူပါ ဘုရား။

ဤသို့ လျှောက်ထားလျက် ဘုရားလောင်းသည် တော၌ရှိသော သစ်ရွက် များကို ချုပ်စပ်လျက် ထို သစ်ရွက်ဖြင့် ချုပ်စပ်သော အဝတ်တို့ကို မိမိဝတ်လျက် မိမိ၏ ၂-ထည်သော ပုဆိုးတို့ကို လျှော်ဖွတ် ချောက်သွေ့စေ ပြီးလျှင် မိမိ၏ ပုဆိုး ၂-ထည်ကို ပစ္စေကဗုဒ္ဓါအား လှူလေ၏။ ကိုပစ္စေကဗုဒ္ဓါသည် ဘုရားလောင်းထံမှ ပုဆိုး ၂-ထည်ကို ခံယူလျက် သင်္ကန်းဆိုးရေတို့ဖြင့် ဆေးဆိုးပြီး တထည်ကို သင်းပိုင်ကဲ့သို့ ဝတ်၍ တထည်ကို ကိုယ်ရုံကသီကဲ့သို့ ဝတ်ရုံခါ နေတော်မူ၏။ ထိုအခါ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါအား ရှိခိုးလျက် အရှင်ဘုရား၊ မျက်မှောက်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း အဝတ်များရရှိပါစေဟု ဆုတောင်းပြီးတဖန် ဤသို့လျှောက်ထား၏။

၂။ အရှင်ဘုရား၊ ယနေ့ အရှင်ဘုရားအား တပည့်တော်လှူအပ်သော ဤအဝတ်အထည်အလှူဒါနကြောင့် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ရင်း၊ နောင်တမလွန် ဘဝ၌ရင်း အမျိုးမျိုးသော အဝတ်အထည်ကို ရရှိသည်ဖြစ်ပါစေ၊ ထိုအဝတ်သည်လည်း အမြဲတမ်းတပည့်တော်၏ အလိုဆန္ဒအတိုင်း ဖြစ်ပါစေ။

## ဘုရာလောင်း၏ ဒါနအာနုဘော်

ထိုအခါ ဘုရားလောင်း၏ အလှူဒါန၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ထိုတော၌ နေသော တောစောင့်နတ် တယောက်သည် ထိုသစ်ပင်၏ သစ်ခက်တို့ကို လှုပ်စေလျက် သစ်ရွက်တို့သည် နတ်ဝတ်တန်းဆာများ ဖြစ်၍ ဘုရားလောင်း၏ ခြေရင်းအနီး၌ ကျကုန်၏၊ ထိုနတ်သားသည် နတ်၌ဖြစ်သော ရတနာတို့ကို ကောင်းကင်မှ ကျဲချ၏၊ ထိုရတနာတို့ သည်လည်း ဘုရားလောင်း၏ ခြေရင်းအနီး၌ ကျလေ၏၊ ထိုနတ်ဝတ် တန်းဆာတို့သည် အရာမက အသိန်းမကသော နတ်ဝတ် တန်းဆာများ ဖြစ်ကုန်၏၊ ထိုအခါ ဘုရားလောင်းသည် ထိုနတ်ဝတ်တန်းဆာ နတ်၌ဖြစ်သော ရတနာတို့ကို ယူလျက် ကြွင်းကျန်သော အဝတ်တန်းဆာ ရတနာတို့ကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းပူဇော် လေ၏၊ ထိုခဏ၌ ထို နတ်ဝတ်တန်းဆာ, နတ်ရတနာ တို့သည် ရှင်ပစ္စေက ဗုဒ္ဓါ၏ တန်ခိုးအာနုဘော်ကြောင့် ရတနာ

အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ရွှေပလ္လင်ဖြစ်၍ တည်လေ၏၊ ထိုအခါ ရှင်ပစ္စေကဗုဒ္ဓါသည် ထိုပလ္လင်၏ အလယ်၌ ထိုင်နေတော်မူ၏၊ ဘုရားလောင်း၏ ဒါနတန်ခိုး အာနုဘော်ကြောင့် သိကြားမင်း၏ နေရာဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြ၏။ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လျက် ဤသို့ ဆို၏။

၃။ အလှူပေးခြင်း, မြတ်သော အကျင့်ကို ကျင့်ခြင်းဖြင့် အမြဲတန်း ပါရမီကို ဖြည့်ကျင့်သူကား လူလော နတ်လော၊ အဘယ်သူပါနည်း၊ ထိုသူသည် ငါ့အား နေရာမှတုန်လှုပ်ရွေ့လျော စေယောင်တကား။

ဤသို့ ဆင်ခြင်သောအခါ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ နတ်ပြည်မှ ဆင်းလာ၍ ဘုရားလောင်း၏ ထံပါး၌ ရပ်လျက် ကောင်းချီးပေး၍ နတ်ဝတ်တန်းဆာ တခုကို ယူ၍ ကောင်းကင်၌ ပစ်သောအခါ သိကြားမင်း၏တန်ခိုး, ဘုရားလောင်း၏ တန်ခိုးကြောင့် ထိုနတ်ဝတ်တန်းဆာသည် ၂-ဆ ၃-ဆ ၄-ဆ ၁၀-ဆ အဆ တသိန်းသော အဝတ်များဖြစ်လျက် ဘုရားလောင်း၏ ခြေရင်း၌ ကျလာ၏၊ ထိုအခါ သိကြားမင်းသည် ထိုအဝတ်တို့ကို ယူလျက် ဘုရားလောင်းအား အဝတ်တို့ဖြင့် ပူဇော်လျက် မိမိနေရာဘုံဗိမာန်သို့ ပြန်ကြွလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၄-၁၀။ ထိုအခါ သိကြားမင်းသည် ထိုအရပ်၌ တည်ရှိသော ပစ္စေကဗုဒ္ဓါကို နတ်၌ဖြစ်သော အဝတ်တို့ဖြင့် စွန့်ကြဲပေးလှူခြင်းကို ပြုကာ ပူဇော်၍ ရှင်ပစ္စေကဗုဒ္ဓါအား ပန်ကြားလျက် မိမိကိုယ်သို့ ရောက်သော ရွှေငွေအဝတ်တို့ကို မိမိကိုယ်တိုင် ကြာရှည်စွာ မသုံးဆောင်ဘဲ ကြည်ညိုမြတ်နိုး လေးစား ကော်ရော်သော စိတ်ထားဖြင့် အနည်းငယ်သာ ဖြစ်သော ထိုအလှူကို ပေးလှူသော်လည်း စေတနာ စိတ်ထားမွန်မြတ်သောကြောင့် ပေးလှူသောသူသည် တမလွန် ဘဝ၌ ချမ်းသာကို ရလေ၏၊ ကောင်းစွာ စွန့်ကြဲခြင်း, ကောင်းစွာ အဝတ်ကို လှူခြင်းသည် မြတ်၏၊ ကြည်ညိုသော စိတ်ထားဖြင့် အနည်းငယ်မျှသော အလှူကို လှူခြင်းသည် မြတ်သည် ဖြစ်၍ လူပြည် နတ်ပြည်တို့၌ ချမ်းသာတကာတို့ထက် လွန်မြတ်သော ချမ်းသာကို အလှူ့

ဒါယကာသည် ရရှိလေ၏၊ လောက၌ အဝတ်ဟူသော အသုံးအဆောင်ကို ပေးလှူသော သူသည် အနုပ္ပကမ်း တင်းကြမ်းပြည့်မျှ ကျိုးဖလကို ရ၍ အခါခပ်သိမ်း များမြတ်သော အကျိုးရှိပေ၏၊ ထို့ကြောင့် ပညာရှိသော သူသည် မိမိ၏ ပစ္စုပ္ပန်တမလွန် ၂–တန်သော ချမ်းသာကို မြင်မြော်လျက် ကြည်ညိုသောစိတ်ထားဖြင့် အခါခပ်သိမ်း အလှူကိုပေးရာ၏။ လောက၌ ချမ်းသာကိုအလိုရှိသော ချမ်းသာတကာတို့ထက် မြတ်သော ချမ်းသာကို တောင့်တလိုချင်သောသူသည် စင်ကြယ်သောစိတ်ထားဖြင့် ဤသို့အမျိုးမျိုး သောအလှူဒါနကိုပေးလှူရာ၏။

ဘုရားလောင်းသည် မိမိအလိုရှိသလောက် ထိုနတ်ဝတ်တန်းဆာ တို့ကို ယူဆောင်၍ ရှင်ပစ္စေကဗုဒ္ဓါအား ပန်ကြားရှိခိုးပြီးနောက် မိမိအိမ်သို့ ပြန်သွားလေ၏။ သိကြားမင်း လှူဒါန်းသွားသော ထိုနတ်ဝတ်တန်းဆာ တို့သည် ဘုရားလောင်း၏ တန်ခိုးအာနုဘော်ကြောင့် ကောင်းကင်သို့ ပျံတက်ကြပြီး ဘုရားလောင်း၏အိမ်ပတ်ဝန်းကျင်အနီးအပါးတွင် ကျရောက် ၍ ကြီးစွာသော အဝတ်အထည်များ အစုအပုံကြီးဖြစ်လေ၏။ ထိုအခါမှ စ၍ ဘုရားလောင်း၏အိမ်၌ များစွာသောအဝတ်အထည်များရတနာများ တို့သည်ဖြစ်ကုန်၏။ ထိုအခါ၌ကား ကမ္ဗလမင်း, မိဖုရား အမတ် စသော လူအပေါင်းတို့သည် (ဘုရားလောင်း၏ တန်ခိုးသတင်းကြောင့်) ရပ်တည် ခြင်းငှါ မတတ်နိုင်ရကား ဘုရားလောင်းအား ကြည့်ရှု ဖူးမြင်လိုကြသဖြင့် ဆင် မြင်း ရထား ကျွန်မိန်းမ ကျွန်ယောကျ်ား ရွှေငွေစသည်ဖြင့် မိမိတို့ တတ်စွမ်းသမျှ ဥစ္စာပစ္စည်းတို့ကို ယူဆောင်လျက်ဘုရားလောင်းထံ ချဉ်းကပ် ကာ ဘုရားလောင်းနှင့် ဝမ်းမြောက် ဝမ်းသာစကား ပြောကြားကြပြီးလျှင် ဝမ်းမြောက်စွာဖြင့် မိမိတို့တတ်စွမ်းသမျှ ဥစ္စာရွှေငွေ အထွေထွေ တို့ဖြင့် ဘုရားလောင်းအား ပူဇော်၍ မိမိတို့ နေရာအသီးသီးသို့ ပြန်ကြကုန်၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်–

၁၁–၁၂။ ထိုအခါ ကမ္ဗလမင်းသည် သားမယားများ, အမတ် စသည် များခြံရံလျက် နှစ်သက် ဝမ်းမြောက်သောစိတ်ဖြင့် စွန့်ကြဲပေးလှူခြင်းငှါ ချဉ်းကပ်လေ၏။ ထိုမင်းသည် ဘုရားလောင်း၏အထံ၌တည်လျက် (ဘုရား

လောင်း၏ ဒါနတန်ခိုးဖြင့်) ဘုရားလောင်းအား အရာမကသောဥစ္စာ ပစ္စည်းတို့ကိုပေးလှူ၍ပန်ကြားပြီး မိမိနေရာ နန်းတော်ပြာသာဒ်သို့ ဖဲ့ခွါခဲ့လေ၏။

ထိုအခါမှစ၍ ဘုရားလောင်းအား များစွာသော အခြံအရံတို့သည် ဖြစ်ကုန်၏၊ ဘုရားလောင်းသည် မိမိအိမ်တံခါးအနီး၌ ဇရပ်တဆောင် ဆောက်လုပ်စေလျက် နေ့တိုင်း ဇရပ်သို့ရောက်လာသောသူတို့အား အဝတ်စသောအလှူဒါနတို့ကို ပေးလှူ၏။ ဤသို့ပေးလှူပြီးနောက် ဘုရားလောင်းသည် ထိုလူတို့အား ဤသို့လျှင် ဆုံးမဩဝါဒပေး၏။

၁၃။ အို လူအပေါင်းတို့၊ ရှေးအခါက ကျွန်ုပ်သည် အလှူဒါနကိုပေးလှူခဲ့သောကြောင့် ယခုအခါ ချမ်းသာပြည့်စုံ ကုံလုံခြင်းသို့ရောက်ခဲ့၏၊ သင်တို့သည် မမေ့မလျော့ကြဘဲ မိမိတို့တတ်အားသမျှအလှူဒါနကို ပေးလှူကြကုန်လော့။

## ဇာတ်တော်ပေါင်းလေသော်

ထိုအခါမှစ၍ လူအပေါင်းတို့သည် ဘုရားလောင်း၏ ဆုံးမဩဝါဒကို လိုက်နာကြ ကုန်လျက် ဒါနစသော ကောင်းမှုတို့ကို ပြုကြကုန်ပြီးလျှင် ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်ကြကုန်၏။ ထိုပစ္စေကဗုဒ္ဓါသည် ကမ္ဗလမြို့သူမြို့သားတို့၏ အကျိုးစီးပွားအတွက် တော၌နေလျက် ထိုလူတို့အား လောကီစည်းစိမ်ချမ်းသာ အမျိုးမျိုးကိုပေးတော်မူပြီးနောက် ကောင်းကင်ပျံတက်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွကာ အသက်အတိုင်းနေပြီးမှ ခန္ဓာကမ္မဇရုပ် အကြွင်းအကျန်မရှိသော ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ထိုအကြောင်းကို ပြတော်မူလိုသော ဘုရားရှင်သည်—

၁၄-၁၅။ သစ္စာလေးပါးကိုသိမြင်၍ အာသဝေါကင်းကွာ ရှင်ပစ္စေကဗုဒ္ဓါသည် လူတို့အား လောကီစည်းစိမ်ချမ်းသာ အမျိုးမျိုးကို ပေးတော်မူလျက်၊ ဂန္ဓမာဒနတောင်၌ အသက်ရှည်သမျှနေပြီးနောက် အနုပါဒိသေသနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထိုအခါ ဘုရားလောင်းသည် ကမ္ဗလမြို့၌ မိဘ ၂=ပါးတို့နှင့် အတူ စည်းစိမ်ချမ်းသာတို့ကို ခံစားလျက် ဒါနစသော ကောင်းမှုတို့ကိုပြုလျက် အသက်ရှည်သမျှနေပြီးနောက် စုတေမနေ သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ရလေ၏။ ဘုရားရှင်သည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းလိုရကား ဤအဆုံးဂါထာတို့ကို မိန့်တော်မူ၏။

၁၆-၂၁။ ထိုအခါ သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ ထိုအခါ တော၌နေသောတောစောင့်နတ်သည် ယခုအခါ အာနန္ဒာ၊ထိုအခါ ကမ္ဗလမင်းသည် ယခုအခါ ရှင်မောဂ္ဂလာန်၊ ကမ္ဗလမင်း၏မိဖုရားသည် ယခုအခါ မိထွေးတော်ဂေါတမီ၊ စာဂဒါန်၏မယ်တော်သည် ယခုအခါ မဟာမာယာ၊ ဘခင်သည် ယခုအခါ သုဒ္ဓေါဒန၊ စာဂဒါနသည်ကား ယခုအခါငါဘုရားဖြစ်လာ၏။ ဤသို့အလွန် ရိုသေသောစိတ်ထားဖြင့် ချမ်းသာတကာတို့ထက် အမြတ်ဆုံးချမ်းသာကို တောင့်တကြလျက် ဇာတ်တော်ကိုဆောင်ကြကုန်လော့။

ခုနစ်ခုမြောက် ဒါနစာဂဇာတ် ပြီး၏။

---

# ဂ-ဓမ္မိကပဏ္ဍိတရာဇ ဇာတ်

[အလှူပေး သဖြင့် ယာဉ် ပစ္စုပ္ပန် ဘဝ၌ပင် သိကြားမင်း ကိုယ်တိုင် ခေါ်ဆောင်၍ အလှူ၏အကျိုး အပျိုးပျိုးတို့ကို ပြသော ဓမ္မိကပဏ္ဍိတရာဇ ဇာတ်ဝတ္ထု။]

မြတ်စွာဘုရားသည် အယံ မေ မဏ္ဍပေါ ဘောန္တော အစ ရှိသော ဤ တရားဒေသနာကို မေဃဝတီ မည်သော မြို့ကို အမှီပြု၍ မေဃဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အလုံးစုံသော ပရိဘောဂ ပရိက္ခရာတို့ကို လှူဒါန်းခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ မေဃဝတီ မြို့၌နေသော သူဌေးသူကြွယ် ဟယောက်သည် များစွာသော ဥစ္စာပစ္စည်း ရှိသဖြင့် ရွာ၌ မဏ္ဍပ်ကြီး တဆောင် ဆောက်လုပ်စေလျက်

ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ် ပြီးလျှင် ၇-ရက်ပတ်လုံး အလှူကြီးကို ပေးလေ၏၊ ထိုသူကြွယ်သည် ကြည်ညိုသောစိတ် ရှိရကား ၇-ရက်မြောက်သော နေ့၌ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ပရိက္ခရာရှစ်ပါး အလှူကို ပေးလှူလေ၏၊ ထိုအခါ မဏ္ဍပ်ကြီး၌ ရှိသော ဘုရားသခင်သည် ထိုသူကြွယ်၏ အလှူကို အနုမောဒနာ ပြုလျက်—

အို ရဟန်းတို့ ဤသူကြွယ်သည် ယခုအခါ၌သာ ငါဘုရားသာသနာ၌ ဤသို့သော အလှူကြီးကို ပေးလှူသည် မဟုတ် ရှေးအခါကလည်း ဤကဲ့သို့သော အလှူကြီးကို ပေးလှူကုန်သည်သာဟု မိန့်တော်မူ ပြီးလျှင် ဆိတ်ဆိတ်နေတော် မူလေရာ ရဟန်းတော် များက လျှောက်ထား တောင်းပန် သဖြင့် အတိတ်ကို ဆောင်တော်မူ၏။

## ဘုရားမြတ်စွာ အတိတ်ဆောင်ရာ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဓမ္မိကပဏ္ဍိတ မည်သော မင်းသည် တရားနှင့် အညီ မင်းပြုတော် မူ၏၊ မင်း၏ မိဖုရားကြီးကား သုဓမ္မာ အမည် ရှိ၏၊ ထိုဓမ္မိက မင်းသည် သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် အလှူကြီးကို ပေးလှူလို၍ လက်သမားတို့ကို ခေါ်လျက် မြို့အလယ်၌ မဏ္ဍပ်ကြီးတဆောင် ဆောက်လုပ်စေပြီးလျှင် အထူးထူးအပြားပြား များစွာသော အလှူကြီးကိုစီရင်စေပြီးလျှင် ထိုလက်သမားအား အဝတ်တန်ဆာ ဥစ္စာရွှေငွေတို့ကို ပေးလေ၏၊ ဓမ္မိကပဏ္ဍိတမင်းသည် နန်းတော်မှ ထွက်ခွါခဲ့လျက် ထိုမဏ္ဍပ်ကြီးကိုကြည့်၍ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေ၏၊ ထိုအခါ မင်းကြီးသည် ထိုမဏ္ဍပ်၌ပင် ရပ်တည်လျက် အမတ်တို့နှင့် ဤသို့လျှင် တိုင်ပင်တော်မူလေ၏။

၁။ အို အမတ်အပေါင်းတို့ ကျွန်ုပ်၏ ဤမဏ္ဍပ်သည် ရှုကြည့်ချင်ဘွယ် ရှိပါ၏၊ မွန်မြတ်တင့်တယ်လှသည်မှာ အံ့သြစဘွယ် ဖြစ်ပါ၏။ ကျွန်ုပ်၏ လှပတင့်တယ်သော တခုတည်းသော မဏ္ဍပ်ဖြစ်ပါ၏၊ ထိုမဏ္ဍပ်၌ အလှူကြီးကို ကျွန်ုပ် ပေးပါ၏၊ လူအပေါင်းအား ၇ - ရက်ပတ်လုံး အလုံးစုံသော အလှူဒါနကို ကျွန်ုပ်ပေးလှူပါ၏။

ဤသို့ဆိုပြီးလျှင် ဘုရားလောင်းသည် မဏ္ဍပ်၌ အမြဲ လူတို့အား အလှူပေးလျက်—

၂။ အနာဂတ်ကာလ၌ သဗ္ဗညုတဉာဏ်အတွက် လူ အပေါင်းတို့အား ငှင်း၊ သင်အမတ်အပေါင်းတို့အားငှင်း အလှူကြီးကိုပေးလှူပါ၏၊ သင်တို့သည် အလိုရှိတိုင်း ခံယူကြပါကုန်လော့ဟု ကြည်ကြည် နူးနူးဆို၏။

**မဟာပထဝီ မြေကြီးသည် အမုန်ယစ်သောဆင်ကဲ့သို့**

ထိုစကားကိုကြား၍ လူအများတို့သည် ထိုမဏ္ဍပ်၌ အမြဲတန်းဘုရား လောင်း၏အလှူကို ခံယူကြကုန်၏၊ ထိုမင်းသည် ၇-ရက် မြောက်သော နေ့၌ အလှူကြီးဖြစ်သော ပရိဘောဂ (အသုံးအဆောင်အစုံကို ပေးလှူ ခြင်း) ဒါနကို ပေးလှူလေ၏။ ထိုခဏ၌ ဘုရားလောင်း၏ ဒါနအစွမ်း အာနုဘော်ကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေ ကြီးသည် အမုန်ယစ်သောဆင်ကဲ့သို့ ဟစ်ကြွေးမြည်ဟီးလျက် ၊မဟာသမုဒ္ဒရာ ကြီးဖြစ်လေ၏၊မြင်းမိုရ်တောင်မင်းသည်ကောင်းစွာ ပေါင်းတင်မီးမြိုက်အပ် သော ကြိမ်ကဲ့သို့ ညွတ်၍ ဗာရာဏသီမြို့သို့ ရှေးရှုတည်၏။ မြေကြီး၏အသံ ကြောင့် မိုးသည် ပြင်းထန်စွာ ထစ်ချုန်းလျက် တခဏချင်း အခါမဟုတ် မိုးကြီး သည်းထန်စွာ ရွာသွန်းလျက် လျှပ်စစ် လျှပ်နွယ် တို့သည်လည်း တဝင်းဝင်း တလက်လက် တွက်ပေါ်ကုန်၏၊ သိကြားမင်းသည် လက်ပန်း ပေါက်ခတ်၏၊ မဟာဗြဟ္မာသည် ကောင်းချီးပေး၏၊ ဗြဟ္မာ့ပြည် တိုင် အောင် အုတ်အုတ်ကျက်ကျက် တခဲနက်သော အသံသည် ဖြစ်လေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၃-၄။ ဘုရားလောင်းသည် အလှူကြီးကို ပေးလှူသောအခါ ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကြက်သီးမွေးညှင်းထခြင်းများသည် ဖြစ်ပေါ်၍ မြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်၍ မြို့တော်တခုလုံး ချောက် ချား တုန်လှုပ်၏ဟု ဟောတော်မူ၏။

ထိုခဏ၌ သိကြားမင်း၏နေရာ ဘုံဗိမာန်သည် ပူလောင်သော အခြင်း အရာကိုပြ၏။ သိကြားမင်းသည်ထိုအကြောင်းကို ဆင်ခြင်လျက်ဤသို့ဆို၏။

၅။ အလှူပေးခြင်း မြတ်သော အကျင့်ကိုကျင့်ခြင်းဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးသူကား လူလော နတ်လော အဘယ်သူပါနည်း၊ ထိုသူသည် ကျွန်ုပ်အား မိမိနေရာ ဘုံဗိမာန်မှ ရွှေလျောစေဘိ၏။

## သိကြားခေါ်ဆောင် နတ်တို့ဘောင်သို့

ဤသို့လျှင် သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍–"ယခုအခါ ဘုရားလောင်း ဓမ္မိကပဏ္ဍိတမင်းသည် လူအပေါင်းတို့အား အလှူကြီးကို ပေးလှူသဖြင့် နောင်အခါတွင် ဘုရားစင်စစ် ဧကန်ဖြစ်လတံ့၊ ယခုအခါ ငါသည် လူ့ပြည်သို့သွား၍ ထိုဓမ္မိကပဏ္ဍိတမင်းအား နတ်ပြည်သို့ခေါ်ဆောင်အံ့"ဟု ကြံလျက် သိကြားမင်းသည် ရတနာ ၇–ပါးတို့ဖြင့် တန်းဆာဆင်အပ်သော ရထားဗိမာန်ကိုဖန်ဆင်း၍ ထိုရထားဗိမာန်ပေါ်သို့ တက်စီးလျက် နတ်ပြည်မှ သက်ဆင်းပြီးလျှင် ထိုဓမ္မိကပဏ္ဍိတမင်းကြီး၏ ရှေ့မှောက် မဏ္ဍပ်ကြီး၏ အရှေ့ဘက်၌ ရပ်တည်လေ၏။ ထိုအခါ ဓမ္မိကပဏ္ဍိတမင်းသည် ထိုရထားဗိမာန်ကို မြင်လေလျှင် ဤသို့မေး၏။

၆။ ကျွန်ုပ်၏ရှေ့မှောက်၌ တည်ရှိသောဗိမာန်ကား အဘယ် ဗိမာန်ပါနည်း။ နတ်သားကဲ့သို့ ကျွန်ုပ်ရှေ့မှောက် ရောက်လာသူကား အဘယ် အမည်ရှိပါသနည်း၊ ကျွန်ုပ်မသိပါ၊ အဘယ့်ကြောင့် ဤအရပ်၌ရောက်လာ ရပ်တည်ပါသနည်းဟု ဆိုလေ၏။

ထိုအခါသိကြားမင်းသည် ထိုအကြောင်းကို ဤသို့ဆို၏။

၇။ အရှင်မင်းမြတ် ကျွန်ုပ်ကား ရှေးဘဝကပြုခဲ့သော ကုသိုလ်ကောင်းမှု အကျိုးကြောင့် သိကြားမင်းဖြစ်ပါ၏၊ ဤအရပ်သို့ ရောက်လာခြင်းကား သင်မင်းကြီးအား နတ်ပြည်လောကသို့ ကြွရောက်ရန် ဖိတ်ကြားဘို့ ရောက်လာခြင်းဖြစ်သည်

သိကြားမင်းသည် ထပ်မန်၍ "အရှင်မင်းမြတ် သင်သည် ဘုရားဆုကို ပန်လျက် ယခုအခါ အလှူကြီးကိုပေး၍ မဟာပထဝီမြေကြီးကို တုန်လှုပ်စေသည်မှာ နောင်အခါ ဧကန်စင်စစ် ဘုရားဖြစ်ပါလတံ့၊ ထို့ကြောင့်

ကျွန်ုပ်သည် သင်မင်းကြီး၏ အလှူပေးခြင်းကို နှစ်သက်ဝမ်းသာဖြစ်သော ကြောင့် ဤအရပ်သို့ လာပါသည်၊ ယခုအခါ သင်သည် ကျွန်ုပ်နှင့် အတူ ရထားဗိမာန်ပေါ်သို့ တက်ပါလော့''။

ဂ။ အရှင်မင်းကြီး ကျွန်ုပ်နှင့်အတူ နတ်ပြည်သို့သွားရန် ဤရထား ပေါ်သို့ အလျင်အမြန် တက်စီးပါလော့၊ သင်မင်းမြတ်သည် နတ်ပြည်၌ မွေလျော် ပျော်ရွှင်စွာ နေပါလော့ဟု ပင့်ဖိတ်၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''သိကြားမင်း၊ ကောင်းပါပြီ''ဟု ဝန်ခံလျက် ထိုရထားဗိမာန်ပေါ်သို့ တက်ပြီးလျှင် ထိုင်နေလေရာ သိကြားမင်းသည် ထိုရထားဗိမာန်ကို ယူဆောင်၍ ကောင်းကင်သို့ ပျံတက်ပြီးနောက် နတ်ပြည်သို့ ရွှေ့ရှုထွက်ခွာသွားလေ၏။ ထိုအခါဘုရားလောင်းသည် သိကြားမင်းနှင့်အတူ နတ်ပြည်သို့ ရောက်သောအခါ နတ်ပြည်၌ ရတနာသုံးပါးတို့ဖြင့် ဆန်းကြယ်သော ရွှေဖြင့်ပြီးသော ဗိမာန်ပေါင်းများစွာကို တွေ့ရသဖြင့် သိကြားမင်းကို မေးတော်မူ၏။

၉။ အရှင်သိကြားမင်း၊ ဤနတ်တို့သည် ရတနာ၇–ပါးတို့ဖြင့် ဆန်းကြယ်သော ရွှေဗိမာန်တို့ကို ရကြကုန်သည်ကား အဘယ် ကုသိုလ်ကောင်းမှုကြောင့်ပါနည်း၊ ကျွန်ုပ်သည် သင်မင်းကြီးအား မေးပါ၏၊ ထိုအကြောင်းကိုမေးသော ကျွန်ုပ်အား ဖြေကြားပါလော့။

ဘုရားလောင်း၏ စကားကိုကြား၍ သိကြားမင်းသည် ထိုနတ်တို့၏ ရှေးကောင်းမှုကံအကြောင်းကို မင်းကြီးအား ပြောကြားလေ၏။

၁၀–၁၇။ ဤနတ်တို့သည် ဘုရားရှင်တို့အား ကျောင်း၊ဆင်းထုတော်၊ စေတီ၊ ဗောဓိပင်တို့ကို လှူဒါန်းခဲ့သောကြောင့်ရင်း, ဇရပ်၊ တံတားတို့ကို ဆောက်လုပ်လှူဒါန်းသောကြောင့်ရင်း, ထမင်း, အဖျော်, အဝတ်, ကျောင်းအိပ်ရာနေရာတို့ကို လှူခဲ့သောကြောင့်ရင်း, တံခွန်, ကုက္ကား, ထီး တောင်ဝှေးတို့ကို ပေးလှူခဲ့သောကြောင့်ရင်း, ပန်းကန်ခွက်ယောက်, သစ်သား, ဒန်ပူ, ရေတို့ကို ပေးလှူခဲ့သောကြောင့်ရင်း, ဆိမီး, အခိုးအငွေ့

အမွှေးတိုင်, ပန်းနံ့သာ, နံ့သာပျောင်းတို့ကို ပေးလှူခဲ့သောကြောင့်ရင်း, ပရိက္ခရာရှစ်ပါး, သပိတ်စေတီတို့ကို ပြုလုပ် လှူဒါန်းခဲ့သောကြောင့်ရင်း, ဘိနပ်, ညောင်စောင်း,အင်းပျဉ်, ပလ္လင်, ဥစ္စာရွှေငွေ, စပါး, ဘောဇဉ် တို့ကို လှူဒါန်းခဲ့သောကြောင့်ရင်း, ရတနာဗိမာန်တို့ကို အသီးသီးရရှိခဲ့ကြ ခြင်းဖြစ်ပါ၏။

ဤသို့ ဆိုပြီးနောက် သိကြားမင်းသည် ဘုရားလောင်းတို ပင့်ဖိတ်လို ရကား—

၁၈။ လူတို့ကို အစိုးရသော မင်းမြတ်၊ နှစ်သက်ဘွယ်ရှိ၍ ရောင်ဝါ တောက်ပ ဤဗိမာန်၌ နေပါလော့၊ သင့်အား ကျွန်ုပ်ပေး ပါ၏၊ ကျွန်ုပ်ထံ၌ အမြဲနေပါလော့။

သိကြားမင်းစကားကို ကြား၍ ဘုရားလောင်းသည်—

၁၀-၂၂။ အရှင် သိကြားမင်း၊ ဤယာဉ်ရထားနှင့်ဥစ္စာ စည်းစိမ်တို့၏ ပြည့်စုံ နေခြင်းသည် သူတပါးတို့ လှူဒါန်းခဲ့သော ဒါနကြောင့် ပြည့် စုံနေရခြင်း ဖြစ်သည်၊ သူတပါးလှူဒါန်း၍ ရရှိသောစည်းစိမ် ဥစ္စာတို့ကို ကျွန်ုပ် အလိုမရှိပါ၊ ကျွန်ုပ်ကိုတိုင် ကုသိုလ် ကောင်းမှုကို ပြု၍ ကျွန်ုပ် အတွက် သီးခြားဖြစ်သော ဥစ္စာစည်းစိမ်ကိုသာ ကျွန်ုပ်အလိုရှိပါ၏၊ ကျွန်ုပ် သည် လူ့ပြည်သို့ပြန်သွား၍ အလှူပေးခြင်း၊ မြတ်သော အကျင့်ကိုကျင့် ခြင်း၊ ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းအားဖြင့် ကောင်းမှု များစွာကို ပြုပါအံ့၊ ကျွန်ုပ်သည် မိမိကိုယ်တိုင် ကုသိုလ်များစွာ တို့ကိုပြုလျက် ယင်းကုသိုလ်တို့ကို ဝမ်းမြောက်ပြီးမှ ဘေးရန် ကင်းကွာ ချမ်းသာလျက် နေ၁င်အခါလည်း ပူပန်ရခြင်း မဖြစ်လတံ့။

ဤသို့ ဆိုပြီးလျှင် ဘုရားလောင်းသည် သိကြားမင်းကို ပန်ကြား လိုရကား—

၂၃။ နတ်တို့သနင်း သိကြားမင်း၊ ကျွန်ုပ်သည် လူ့ပြည်လောကသို့ ပြန်၍ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများ ခြင်း စသည့်ကုသိုလ်ကောင်းမှု တို့ကို ပြုပါအံ့၊ မိမိကိုယ်တိုင်ပြု အပ်သော ကုသိုလ် ကောင်းမှုများ ဖြင့်သာ သင်သိကြားမင်း အထံ၌ ဖြစ်လိုပါ၏။

ထိုအခါ သိကြားမင်းသည် မိမိ၏ ရထားဗိမာန်နှင့်အတူ ဘုရားလောင်းအား ခေါ်ဆောင်လျက် နတ်ပြည်မှ ဆင်းသက်၍ ဗာရာဏသီပြည်သို့ ပို့ဆောင်ပြီးလျှင် မိမိနေရာ ဘုံဗိမာန်သို့ ပြန်လာခဲ့လေ၏။

ထိုအကြောင်းကို ပြလိုသောဘုရားရှင်သည်—

၂၄။ ထိုအခါ သိကြားမင်းသည် ဓမ္မိကမင်းကို လူ့ပြည်သို့ ခေါ်ဆောင်လျက် မင်းကြီးကို ဆုံးမသြဝါဒပေးပြီးလျှင် မိမိ ဘုံဗိမာန်ရှိရာ နတ်ပြည်သို့ ပြန်လည် ထွက်ခွာခဲ့၏ဟု မိန့်တော်မူ၏။

## နတ်တို့ပြည် သာယာပုံတွေ

ထိုအခါ အမတ်တို့နှင့် လူအများတို့သည် ဓမ္မိကမင်း ပြန်လာသည်ကို သိကြ၍ မင်း၏ နန်းတော်ယင်ပြင်သို့ လာရောက် စုဝေးကြသောအခါ ဘုရားလောင်းသည် ထိုလူတို့အား သိကြားမင်း၏ စည်းစိမ်ကိုငင်း၊ နတ်တို့၏ စည်းစိမ်ကိုငင်း ပြောကြားလိုရကား—

၂၅-၃၀။ နတ်ပြည်၌ ရွှေဖြင့်ပြီးသော ဗိမာန်သည် အရောင်တလက်လက် ပြိုးပြိုးပြက်ပြက်ရှိ၍ စည်းစိမ်တို့ဖြင့်ငင်း၊ အဆိုအကတို့ဖြင့်ငင်း အမြဲတင့်တယ်လှပါ၏၊ နတ်အများတို့ မွေ့လျော်အောင် ဖျော်ဖြေနေသော နတ်စောင်းသံတို့ကလည်း သာယာလှ၍ နတ်သမီးအပေါင်း ခြံရံလျက် နေရသည်မှာလည်း တင့်တယ်လှပါ၏၊ ဥစ္စာရွှေငွေ အထွေထွေသော ပြည့်စုံမှုတို့ဖြင့် ထွန်းလင်းတောက်ပလျက် နတ်ဥယျာဉ် နတ်ရေကန်တို့ဖြင့် ဝန်းရံထားသဖြင့်လည်း နတ်နန်းပြာသာဒ်သည် တင့်တယ်ပါပေ၏၊ လိုရာဟူသမျှ အားလုံးရသော ပဒေသာပင်တို့၏ ပြည့်စုံခြင်းသည်လည်း နတ်တို့အတွက် ပျော်မွေ့ဘွယ်ဖြစ်ပေ၏၊ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပေါ်သော ဝါဂွမ်းအဝတ်အထည် စသော အဝတ်အထည်မျိုးစုံသည် ပဒေသာပင် တို့ဖြင့်လည်း တင့်တယ်ပါ၏၊ နတ်မြို့တော်၌ နားထောင်ကောင်းသော သာယာညှင်းပြောင်းသော အသံရှိသည့် မုရိုးစည် (ဒိုးပတ်) ထက်စည် ခရုသင်း စသော နတ်တူရိယာသံတို့သည်လည်း အမြဲရှိနေပါ၏။ မိမိတို့ ကုသိုလ်အဟုန်ကြောင့် ဖြစ်ပေါ်လာသော ပုလဲ

ပတ္တမြား ကြောင် စသော အဆင်တန်ဆာတို့သည်ငှင်း၊ နတ်၌ ဖြစ်သော အစားအစာတို့သည်လည်း နတ်ပြည်၌ ဖြစ်ပေါ်ပါကုန်၏။

## ဇာတ်တော်ပေါင်းလေသော်

ဤသို့ ဘုရားလောင်းသည် နန်းယင်ပြင်၌ စုဝေးရောက်လာကုန်သော လူအပေါင်းအား နတ်စည်းစိမ်တို့ကို ပြောကြားလေ၏၊ ဘုရားလောင်း၏ စကားကို ကြားကြ ရသောအခါ လူ အပေါင်းတို့သည် ကြည်ညို သောစိတ်ရှိကြကုန်သဖြင့် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြ ပြီးလျှင် သေသည့်အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ကြကုန်၏။ ဘုရား လောင်းသည်လည်း အလှူပေးခြင်း စသော ကုသိုလ် ကောင်းမှုတို့ကို ပြုလျက် သေသည့်၏အခြားမဲ့၌ နတ်ပြည်၌ပင်ဖြစ်လေ၏၊ ဤသို့လျှင် ဘုရား ရှင်သည် သူကြွယ်အား ဤတရားဒေသနာကို ဆောင်တော်မူပြီးနောက် သစ္စာ ၄-ပါးတို့ကိုဟောလိုရကား ဂါထာ ၂-ပုဒ်ကိုမိန့်တော်မူ၏။

၃၁-၃၂။ ဆင်းရဲအစစ်အမှန်တရား, ဆင်းရဲဖြစ်ကြောင်းအစစ်အမှန်တရား, ဆင်းရဲငြိမ်းရာအစစ်အမှန်တရား, ဆင်းရဲငြိမ်းရာ ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်တရားဟူသော ဤအမှန်တရား လေးပါးကို ငါဘုရားဟောတော်မူအပ်ပြီ။ ဘုံသုံးပါး၌ဖြစ်သမျှ သည် ဒုက္ခသစ္စာ, တဏှာလောဘသည် သမုဒယသစ္စာ, ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ, နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်ပေ၏။

ဤသို့ သစ္စာလေးပါးတရားကို ဟောပြီးသည် အဆုံး၌ ထိုသူကြွယ် သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ မြတ်စွာဘုရားသည် သူကြွယ်အား သစ္စာလေးပါးကို ဟောကြားပြီးနောက် ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဂါထာကို မိန့်တော်မူ၏။

၃၃-၃၇။ ထိုအခါ ဓမ္မိကမင်းကိုနတ်ပြည်သို့ခေါ်ဆောင်သွားသောသိကြား မင်းသည် ယခုအခါ အနုရုဒ္ဓါ၊ ဓမ္မိကမင်း၏ဘခင်ကားသုဒ္ဓေါဒန၊ မယ်တော်ကား မဟာမာယာ၊ ဓမ္မိက၏မိဖုရား သုဓမ္မာသည်

ယသောရော၊ အမတ်စသောလူအပေါင်းသည် ယခုအခါ ဘုရား၏ ပရိသတ်များဖြစ်လာကြ၍ ဓမ္မိကပဏ္ဍိတမင်းသည်ကား လူသုံးပါး တို့၏အားထားကိုးကွယ်ရာငါဘုရားဖြစ်လာ၏။ အလွန်ရိုသေသော စိတ်ထားဖြင့် ဇာတ်တော်ကို ဤသို့ ဆောင်ကြကုန်လော့။

ရှစ်ခုမြောက် ဓမ္မိကပဏ္ဍိတရာဇဇာတ် ပြီး၏။

---

# ၉-သိရိဝရမဟာသေဋ္ဌိဇာတ်

[အလှူဒါနသည် မျက်မှောက်ဒိဋ္ဌ၌သာ အကျိုးဖြစ်ထွန်း သည် မဟုတ် နောင်သော အနာဂတ် ကာလ၌လည်း ကောင်းကျိုးချမ်းသာ ရရှိစေနိုင်ကြောင်းကို ပြသော သိရိဝရမဟာသေဋ္ဌိဇာတ်ဝတ္ထု]

မြတ်စွာဘုရားသည်-ပဿထ သဒ္ဓါ ဒါနသာ အစရှိသော ဤတရား ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာတယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့ဦးအံ့၊ သာဝတ္ထိပြည်၌ နေသော ဆင်းရဲသား တယောက်သည် မယား နှင့်အတူ တောမှ မြက်, ထင်း တို့ကို ယူဆောင်လျက် သူတပါးတို့အား ရောင်းချ၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးခြင်းကို ပြု၏။ ထို သူဆင်းရဲယောကျ်ားသည် သဒ္ဓါတရားနှင့် ပြည့်စုံရကား ရရသမျှဥစ္စာကို သုံးစုပြု၍ တစုကို လှူရန်, တစုကို အသက်မွေးဝမ်းကျောင်းပြုရန်နှင့် ကျန် တစုကို စုဆောင်းရန်ဟု ခွဲခြားထား၏။ တနေ့သ၌ ထို သူဆင်းရဲ ယောကျ်ားသည်—

"ဤလောက၌ ဖြစ်ဖြစ်သမျှ သင်္ခါရ တရားတို့သည် အမြဲမရှိကုန်၊ ဖြစ် ပြီးလျှင် ပျက်စီးခြင်းသဘောရှိကြကုန်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်၌ ဖြစ်ကြ ရှိကြကုန်သော အလုံးစုံသော သင်္ခါရတရားတို့ကား များပြားကြ ကုန်၏"ဟု ကြံစည်လျက် မိမိ၏မယားကို ခေါ်လျက် "ချစ်ဇနီး၊ ဤ

လောက၌ ဖြစ်ကြသော အလုံးစုံသော သခၤါရတရားတို့သည် အမြဲမရှိကြကုန်၊ ဖြစ်ပြီးလျှင် ပျက်စီးခြင်းသဘောရှိကြကုန်၏၊ ငါတို့ သေလွန်လျှင် ဤဥစ္စာပစ္စည်းတို့သည် ငါတို့နောက်သို့ လိုက်ပါကြမည်မဟုတ်ချေ၊ ငါတို့ မသေခင် ငါတို့ရှိသမျှပစ္စည်းဥစ္စာတို့ဖြင့် အလှူပေးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်အံ့၊ ငါတို့ပြုလုပ်သော အလှူကောင်းမှုတို့သည်သာ အရိပ်ပမာ ငါတို့နောက်သို့ လိုက်ပါမည်ဖြစ်သည်၊ ငါတို့သည် စုဆောင်းရန်ထားသော အဖို့တစုကိုမထားတော့ဘဲ အလှူကိုသာ ပေးလှူကြကုန်အံ့''ဟု ပြောဆို တိုင်ပင်သောအခါ မယားဖြစ်သူလည်း ကောင်းပါပြီအရှင်ဟု ဝမ်းမြောက်ဝမ်းသာ သဘောတူလေ၏။

ထိုအခါမှ စ၍ သူဆင်းရဲ ယောကျ်ားသည် တစုကို မိမိတို့စားသုံး၍ ကျန်နှစ်စုကို အလှူပေးခြင်းငှါ ထား၏။ ထိုနောက် ဆင်းရဲသား ဇနီးမောင်နှံနှစ်ဦးတို့သည် တောမှ မြက်ထင်းတို့ကို ယူဆောင်၍ သူတပါးတို့အား ရောင်းချလျက် အဖိုးအခများစွာ ရသောကြောင့် မိမိ၏ အစွမ်းအာနုဘော်ဖြင့် ကုံလုံကြွယ်ဝခြင်းသို့ ရောက်လေ၏၊ ထိုအခါ တနေ့သ၌ ဆင်းရဲသား ဇနီးမောင်နှံ နှစ်ယောက်တို့သည် ကြတိပိသောဘဂဝါ စသော ဘုရားဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်လျက် ဘုရား၏အထံသို့သွား၍ရှိခိုးပြီးလျှင် သင့်လျော်ရာအရပ်၌ နေထိုင်လေ၏၊ သင့်လျော် လျောက်ပတ်သောအရပ်၌ နေကြသော ဇနီးမောင်နှံတို့သည်—

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်တို့ ဇနီးမောင်နှံနှစ်ဦးတို့သည် လှူဘွယ်ဝတ္ထုတစုံတခုရပါလျှင် ပေးလှူပါအံ့၊ တရားသဖြင့် အဝတ်အထည်များရလျှင် ယင်းအဝတ်အထည်များနှင့် အခြားဥစ္စာပစ္စည်းတို့ကို ပေးလှူပါအံ့''ဟု ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်သည်—

''ဒါယကာ ဇနီးမောင်နှံ သင်တို့၏ ပေးလှူခြင်း ဒါနသည်မျက်မှောက် ဒိဋ္ဌ လာဘ်လာဘနှင့် အကျိုးအဝဝ လုံးဝဥဿုံ ပြည့်စုံခြင်းသို့ ရောက်အောင် ဆောင်ရွက်နိုင်၏၊ ရှေးက ပညာရှိတို့သည် အလှူကိုပေးခြင်း

ကြောင့် ချမ်းသာသုခနှင့် ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ထိုနည်းတူစွာ ယခုအခါ သင်တို့၏ အလှူဒါနသည်လည်း ချမ်းသာသုခနှင့်ပြည့်ဝခြင်းသို့ ရောက်နိုင်၏ဟု မိန့်ဆိုတော်မူလျက် ဆိတ်ဆိတ်နေတော်မူရာ ရဟန်းတော်များက တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုစဉ်ဘုရားလောင်းသည် ဗာရာဏသီမြို့ တခုသောသူဌေးမျိုး၌ ဖြစ်လျက် မိမိ၏ မိဘ ၂၀ ပါးကွယ်လွန်သောအခါ သိရိဝရမည်သော သူဌေးဖြစ်လေ၏၊ သိရိဝရသူဌေးသည် သဒ္ဓါတရားနှင့် ပြည့်စုံပြီး ကောင်းသောတရားရှိရကား ငါးပါးသီလကို အမြဲစောင့်ထိန်း၏၊ ထိုအခါ ပစ္စေကဗုဒ္ဓါတပါးသည် ဂန္ဓမာဒနတောင်၌ နေလျက် နိရောဓသမာပတ်ဝင်စားပြီးလျှင် ၇-ရက်လွန်၍ နိရောဓသမာပတ်မှ ထတော်မူသောအခါ "ငါသည် ဗာရာဏသီမြို့၌ နေသော သိရိဝရ သူဌေး၏အိမ်သို့ သွားရောက် ရပ်တည်ခြင်းငှါ သင့်၏ဟု ကြံစည်လျက် နံနက်စောစော ဒန်ပူကိုတိုက်လျက် ခံတွင်းတို့ကို ဆေးကြောပြီးနောက် သင်္ကန်းကိုရုံလျက် တန်ခိုးဖြင့် ပြီးသော မြေသပိတ်ကို ယူဆောင်လျက် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ သိရိဝရ သူဌေးအား နံနက်အချိန် စဖိုသည် ထမင်းချက်သမားက မွန်မြတ်သော ဘောဇဉ်တို့ကို လာရောက် ပို့ပေးချိန်တွင် ယင်း သူဌေး၏ အိမ်တံခါးဝတွင် ဆွမ်းရပ်တော်မူလေ၏။

## မိမိထံရောက်လာ အလှူခံကို စေတနာထား လှူခြင်း

ထိုခဏ၌ သိရိဝရ သူဌေးသည် ဆွမ်းရပ်လာသော ရှင်ပစ္စေက ဗုဒ္ဓါကို ဖူးမြင်ရ၍ ကြည်ညိုသောစိတ် ရှိရကား "အော် အဖိုးတန်ပေ၏ ဤကဲ့သို့သော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရသဖြင့် ငါ၏ မျက်လုံး တို့ကား အကျိုးရှိပေစွ၊ ငါသည် ဤပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဒါနဟူသော မြတ်သောမျိုးစေ့ကို စိုက်ပျိုးပေအံ့၊ ဤ ပစ္စေကဗုဒ္ဓါသည် ငါ့အား သနားသဖြင့် အဝေးမှ ကြွလာခြင်း ဖြစ်သည်"ဟု ကြံစည်ပြီးလျှင် မိမိအတွက် ထမင်း

ချက်သမား စီမံပြုလုပ်ထားသော ထမင်းဟင်း အပြည့်ထည့်ထားသည့် ရွှေခွက်ကို ယူပြီးလျှင် လက် ၂-ဖက်တို့ဖြင့် ခေါင်းပေါ်သို့ တင်ပြီးလျှင် ပစ္စေကဗုဒ္ဓါ၏ ထံသို့ သွား၍ လက်နှစ်ဖက်တို့ဖြင့် ဦးခေါင်းမှ ရွှေခွက်ကို ချလျက် ရွှေခွက်မှ ဆွမ်း, ဆွမ်းဟင်းတို့ကို ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ လောင်းထည့်၏၊ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းအလှူကို ပေးပြီးလျှင် ပစ္စေကဗုဒ္ဓါ၏ ခြေတော်ရင်း၌ ဝပ်စင်းလျက်—

"အရှင်ဘုရား တပည့်တော်၏ ဒါနကုသိုလ်အစွမ်း အာနုဘော်ကြောင့် အားလုံးသော လူနတ် တို့သည် မိမိတို့ အသက်မွေး ဝမ်းကျောင်း ပြည့်ဝ ချမ်းသာကြ ပါစေ၊ တပည့်တော်သည် ဤ အလှူဒါန၏ အစွမ်းကြောင့် နောင်အခါ သစ္စာလေးပါးကို သိမြင်သော ဘုရားစင်စစ် ဧကန်ဖြစ်ရပါ လတ့်"ဟု ဆုတောင်းလေ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် သိရိဓရသူဌေး၏ ဆုတောင်းသံကို ကြား သော အခါ "အို သူဌေးကြီး သင်၏ဆုတောင်းသည် တောင်းသည့်အတိုင်း ပြည့်စုံပါစေ သတည်း" ဟု မိန့်တော်မူ၍ ကောင်းကင်ခရီးဖြင့် သာလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော် မူလျက် ဆွမ်းဘုဉ်းပေးတော် မူပြီးလျှင် အသက်အတိုင်း တည်နေပြီး ဂန္ဓမာဒန တောင်၌ပင် ပရိနိဗ္ဗာန် ပြုလေ၏။

## ဆွမ်းလှူဒါန ကြီးမြတ်လှ

ရှင်ပစ္စေကဗုဒ္ဓါကြွသွားပြီးနောက် ဘုရားလောင်းသည် မိမိ၏ အိမ်သို့ ရှေ့ရှုသွား၍ "ရှင်ပစ္စေကဗုဒ္ဓါအား မိမိပေးလှူသော အလှူကို အောက်မေ့ ဆင်ခြင်ပြီးလျှင် မိမိအိမ်တံခါးအနီး၌ ရပ်လျက် "ငါ၏အလှူဒါနအကျိုး သည် မျက်မှောက်ထင်ထင် အကျိုးပေးမည်ဖြစ်လျှင် ယခုလျှင်မြန်စွာ အကျိုးတရား ထင်ရှားဖြစ်ပါစေဟု အဓိဋ္ဌာန်ခြင်းကို ပြုလေ၏။ ဘုရား လောင်း၏ ဒါနတန်ခိုးကြောင့် ၎င်း၏မူလအိမ်ဟောင်းသည် ကွယ်ပျောက် သွားပြီးလျှင် အလုံးစုံ ရွှေဖြင့်ပြီးသောအိမ်ကြီး ဖြစ်လာလေ၏။ ထိုခဏ၌ ဘုရားလောင်းသည် မိမိ၏အိမ်သည် အလုံးစုံရွှေဖြင့်ပြီးသော အိမ်ကြီးဖြစ် သွားသည်ကို မြင်တွေ့ရသဖြင့် "အော် ထူးဆန်းအံ့သြဘွယ် ရှိပါပေစွ၊ ငါ၏ ဤရွှေဖြင့်ပြီးသော အိမ်ကိုရခြင်းသည်၎င်း၊ ယခုချက်ချင်း ဥစ္စာရွှေငွေတို့

ထင်ရှား ဖြစ်ပေါ်လာခြင်းသည်၎င်း၊ ဒါန၏ အကျိုးသာနိသင်ကြောင့် ရရှိခြင်း ဖြစ်သည်၊ဤဒါန၏ တန်ခိုးကြောင့် နောင်တမလွန်ဘဝ၌လည်း မချွတ်ကေန် စည်းစိမ်အမျိုးမျိုးကို ရရှိခံစားရလတံ့ဟု ကြံစည်ကာ အလုံးစုံ ရွှေဖြင့်ပြီးသောအိမ်သို့ဝင်၍ ထိုအိမ်၌ပင် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်း ကြယ်သော ရွှေပလ္လင်ထက်၌ ထိုင်လေ၏။

ထိုအခါ သိရိဓရသူဌေး၏ ထမင်းချက်သမားသည် မွန်မြတ်သော ဆွမ်း ဘောဇဉ်တို့ကို စီစဉ်၍ သူဌေးအားကျွေးမွေးရန် ဆောင်ယူခဲ့ပြီး သူဌေး၏ ရှေ့၌ထား၏၊ ထိုအခါ အလုံးစုံသော ဆွမ်းဘောဇဉ်သည် မွန်မြတ်သော အရသာရှိပြီး အလွန်အနံ့အရသာနှင့် ပြည့်စုံသော ရွှေခွက်တရာနှင့်အပြည့် ထင်ရှားဖြစ်ပေါ်လာ၏၊ ဘုရားလောင်းသည်လည်း မိမိရှေ့မှောက်၌ တည်၍ ရှိသော ရွှေခွက်၌နတ်၌ဖြစ်သော ဘောဇဉ်များ အပြည့်ရှိနေသည်ကိုမြင်ရသ ဖြင့် အံ့သြဘွယ်ရှိပါပေစွ၊ ငါ၏ဒါနတန်ခိုးအစွမ်းကြောင့် နတ်၌ဖြစ်သော ဘောဇဉ်များသည် ရွှေခွက်တရာတို့၌ အပြည့်အဝ ဖြစ်နေလေ၏ ဟု ကြံ၍ ထိုအိမ်၌နေကာ ယင်းနတ်ဘောဇဉ်များကို သုံးဆောင်၏၊ ဘုရားလောင်း သည် ထိုနတ်ဘောဇဉ်တို့ကို သုံးဆောင်ပြီးနောက် မိမိ၏ အလုပ်အကျွေး တို့ကို၎င်း ထိုမှတပါး တရာတထောင် ထိုထက်များစွာသော လူအပေါင်း တို့ကို၎င်း ယင်းနတ်ဘောဇဉ်တို့ကို ကျွေးမွေးလေ၏။ ထိုမျှလောက် များ စွာသောလူအပေါင်းတို့ စားသုံးကြသော်လည်း နတ်ဘောဇဉ်တို့သည် ရွှေခွက်တရာတို့၌ မကုန်မခန်း ပြည့်မြဲပြည့်လျက် ရှိလေ၏၊ ဘုရားလောင်း၏ ရွှေဖြင့်ပြီးသော အိမ်၌ရှိသည့် နတ်ဘောဇဉ်များ၏ အလွန်သင်းပျံ့ မွှေး ကြိုင်သော အနံ့သည် ဗာရာဏသီတမြို့လုံးကို ပျံ့နှံ့လေ၏။

ထိုအခါ ဗာရာဏသီတမြို့လုံး ချောက်ချောက်ချားချား တခဲနက်သော အုတ်အုတ်ကျက်ကျက် အသံသည် ဖြစ်ပေါ်လေ၏။ ထိုအခါ မြို့သူမြို့သား အားလုံးတို့သည် သိရိဓရ သူဌေး၏ ရွှေအိမ်ကို ကြည့်ရန် ထိုထိုအရပ်တို့မှ လာကြကုန်လျက် ထိုနေရာ၌ပင် စုဝေးကြကာ အလုံးစုံရွှေဖြင့် ပြီးလျက် တင့်တယ်လှသော ရွှေအိမ်ကို ကြည့်ရှုကြကုန်၏။ လူအပေါင်း တို့သည် သိရိဓရ သူဌေး၏ အလုံးစုံသော ရွှေဖြင့်ပြီးသော အိမ်ကိုမြင်ကြသဖြင့်

မိမိတို့၏ ပကတိပင်ကိုယ် သဘာဝအတိုင်း ရပ်တည်ဆောက်တည်ခြင်းငှါ မစွမ်းနိုင်ရကား လက်အုပ်ချီလျက် သူဌေးကြီးအား ရှိခိုးကြကုန်လျက် "အရှင်သူဌေးကြီးကောင်းလှပါ၏၊ သူဌေးကြီး၏ အလှူဒါနကို ကျွန်ုပ်တို့ အားလုံး ဝမ်းမြောက်နှမော် သာခုခေါ်ကြပါ ကုန်၏"ဟု ပြောဆိုကြပြီး နောက် များစွာသော အဝတ်တန်ဆာ လက်ဆောင်များ ပေးကမ်းခြင်း ကိုရင်း ကောင်းချီးပေးခြင်းကိုရင်း ပြုကြကုန်၏။ ထိုအခါ ဘုရားလောင်း သည် ထိုနေရာ၌ စုဝေးရောက်လာ ကုန်သော လူအပေါင်းအား မိမိ၏ ရွှေအိမ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ဤသို့ပြောကြား၏။

၁။ အို လူအပေါင်းတို့၊ ကြည့်ညိုသဒ္ဓါ ပြည့်စုံစွာဖြင့် လှူအပ်သော အလှူ၏အကျိုးကို ကြည့်ကြကုန်လော့၊ စည်းစိမ်တို့ဖြင့်ပြည့်သော တင့်တယ်လှပသည့် ကျွန်ုပ်၏ ဤရွှေအိမ်သည် ဥစ္စာစပါး ရွှေငွေ ရတနာများစွာသော စည်းစိမ်ရှိပါ၏။ ထိုအခြင်းအရာကို ကြည့် ကြပါကုန်လော့။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် မိမိရရှိသော အကျိုးအာနိ သင်ကို ပြလိုရကား—

၂-၄။ အလှူပေးခြင်းဒါနသည် လောက၌ အမြတ်ဆုံးဖြစ်၏။ ဒါန သည် လောက၌ ကျော်စောခြင်း အခြံအရံများခြင်းတို့ကို ရွက်ဆောင်ပေး စွမ်းနိုင်၏၊ ဒါနသည် တောင်းအပ်သောဆုကို ပြည့်စုံအောင် ရွက်ဆောင် နိုင်၏၊ ဒါနသည် အလွန်အကျူး ထူးကဲသောချမ်းသာကို ဖြစ်စေနိုင်၏၊ ဒါနသည် မိန်းမအပေါင်းကိုရင်း ကျွန်ကိုရင်း ချစ်စွာသော သားမြေးကို ရင်း, ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းကိုရင်း, ပေးလှူအပ်သော အလှူ မျိုး ဖြစ်၏၊ ကောင်းမွန်သောယာဉ်သည် လူ့လောက၌ ချမ်းသာ အမျိုး မျိုးကို ဆောင်နိုင်သကဲ့သို့ ဒါနသည် နတ်ပြည်၌ ချမ်းသာစည်းစိမ်တို့ကို ပြုလုပ်ပေးဆောင်နိုင်၏၊ ထို့ကြောင့် သင်တို့သည် ဒါနကိုပြုကြကုန်လော့။

ဒါနစသည်၏အကျိုးကိုကြားသိရသဖြင့် လူအပေါင်းတို့သည် နှစ်သက် ဝမ်းမြောက်သောစိတ် ရှိကြ၍ ဘုရားလောင်းနှင့်အတူ စကားဆိုကြ၏။

၅-၆။ သူဌေးကြီး သင်ဆိုသောစကားအားလုံး ကောင်းလှပါ၏၊ သင်ကောင်းစွာပြောဆိုအပ်သောစကားသည် နားချမ်းသာ၍ ကျွန်ုပ်တို့ လူသားအားလုံးသည် ချစ်မြတ်နိုးကြပါကုန်၏၊ သင်သူဌေးကြီးအား မြင်တွေ့ရခြင်း သင်နှင့်အတူတကွ နေရခြင်းတို့သည် ကျွန်ုပ်တို့အား ချမ်းသာလှပါ၏၊ သင်သည် ယခုအခါ အလှူပေးတတ်သူ ဖြစ်ပါ၏။

ဤသို့ဆိုပြီးနောက် မြို့သူမြို့သား အားလုံးတို့သည် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့နှင့်တကွ မိမိတို့ကိုယ်ကိုပါ အပ်နှင်းလျက် ဘုရားလောင်း၏ တရားပူဇော်သက္ကာရကိုပြုရန် ပေးလှူကြကုန်၏၊ ထိုခဏ၌ မြေ၌တည်သော ဘုမ္မဇိုးနတ်, ကာမာဝစရနတ်ခြောက်ဘုံမှ နတ်တို့ကလည်း ကောင်းကင်မှ နတ်ပန်းတို့ကို ကျဲချကြကုန်လျက် ဘုရားလောင်းအား တရားပူဇော်ခြင်းကို ပြုကြကုန်၏၊ ထိုအကြောင်းကို ပြောပြလိုသော မြတ်စွာဘုရားသည်—

၇။ ထိုအခါ သူဌေးကြီး၏ တရားကို ပူဇော်သောအားဖြင့် အားလုံးသော နတ်အပေါင်းတို့သည် နတ်ပန်းတို့ကို ယူလာကြကုန်လျက် ပတ်ဝန်းကျင်တို့၌ ကျဲချကြကုန်၏ ဟု မိန့်တော်မူ၏။

## နဂါးမင်း သိကြားမင်းတို့မနေသာ

ထိုအခါ နဂါးမင်းသည် မိမိဘုံဗိမာန်မှ ရတနာ ၇-ပါးကိုယူလျက် ဘုရားလောင်း၏ အထံ၌ ရတနာအစုအပုံကြီးကိုပြုပြီးလျှင် ဘုရားလောင်းအား တရားကို ပူဇော်ခြင်းကိုပြု၍ မိမိနေရာသို့ ပြန်သွားလေ၏။ ထိုအကြောင်းကို ပြလိုသောမြတ်စွာဘုရားသည်-

၈။ မိမိဘုံ၌နေလျက် ဘုရားလောင်းကို မြင်သော နဂါးမင်းသည် ရတနာတို့ကို ယူလာလျက် ရတနာအစုအပုံပြုကာ ဘုရားလောင်းသူဌေးကြီးအား တရားကို ပူဇော်သောအားဖြင့် ထိုမြို့သို့ ဆိုက်ရောက်လာလေ၏။

ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် နတ်ပြည်မှ အဆင်းအမျိုးမျိုးရှိသော နတ်ဝတ်တန်းဆာနှင့် နတ်ရတနာ အမျိုးမျိုးတို့ကိုယူလာလျက်

ဘုရားလောင်း၏ရွှေ၌ရပ်၍ ကောင်းချီးပေးပြီးလျှင် ဘုရားလောင်းအား ပူဇော်သောအားဖြင့် နတ်ဝတ်တန်းဆာ ရတနာအားလုံးကို ပေးလှူလေ၏၊ သိကြားမင်းသည် ဘုရားလောင်း၏ ဘဏ္ဍာတိုက် စပါးကျီတို့ကို ရွှေ ငွေ ရတနာအမျိုးမျိုး အဝတ်တန်ဆာအမျိုးမျိုး စပါးတို့ဖြင့် ပြည့်စေလျက် ရွှေအိမ်၏ အထက်ပတ်ဝန်းကျင်ကောင်းကင်၌ ရထောင်မက များစွာသော ရွှေငွေတို့ဖြင့်ပြီးသော တံခွန်ကုက္ကား အမျိုးမျိုးကို တွဲလွဲကျစေလျက် ဘုရားလောင်း၏ တရားကို ပူဇော်ရန်အတွက် ထိုဥစ္စာအားလုံးကို ပေးလှူ၍ မိမိနေရာသို့ ပြန်၍ထွက်ခွါသွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်–

၉–၁၁။ ထိုအခါ သိကြားမင်းသည် နတ်ပြည်မှဆင်းသက်၍ သူဌေး၏ အထံ၌ ရပ်တည်လျက် နတ်ဝတ်တန်းဆာ ဘဏ္ဍာနှင့် ရတနာ အမျိုးမျိုး တံခွန်အမျိုးမျိုးတို့ သူဌေး၏ တရားကို ပူဇော်သော အားဖြင့် ပေးလှူပြီးနောက် သူဌေးကြီးအား ဆုံးမဩဝါဒကောင်း မှုအနုမောဒနာကိုပြုလျက် စည်းစိမ်ချမ်းသာ အမျိုးမျိုးနှင့်ပြည့်စုံ သော နတ်ပြည်သို့ ဖဲခွါသွားလေ၏ ဟု မိန့်တော်မူ၏။

ထိုအခါ ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း၏ ကြီးကျယ်များပြားလှ သော စည်းစိမ်ချမ်းသာ အခြံအရံအကျော်အစောသတင်းကို ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မိမိ၏ ပြာသာဒ်ထက်၌ တည်ငြိမ်စွာ ရပ်တည် ခြင်းငှါ မတတ်စွမ်းနိုင်ရကား ဘုရားလောင်းထံ ချဉ်းကပ်လျက် စကား ပြောဆိုလိုရကား ဤသို့ဆို၏။

၁၂။ အဆွေတော်သူဌေးကြီး သင်သည် စည်းစိမ်ဥစ္စာ အခြံအရံ အကျော်အစောနှင့် ပြည့်စုံခြင်းသည် အဘယ်အကြောင်းကြောင့် ပါနည်း ကျွန်ုပ်အား ပြောကြားပါလော့။

## ဘုရားလောင်းဟောသော ဒါနတရား

ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် မင်းကြီးအားဒါန အကျိုးကို ဤသို့လျှင်ဟော၏။

၁၃-၁၅။ အရှင်မင်းကြီး ဒါနသည် လောကဌ် အမြတ်ဆုံးဖြစ်၍ မိမိ ကိုယ်ကို အစဉ်စောင့်ရှောက်တတ်၏၊ ဒါနသည် သူတော်ကောင်း တို့၏ မြတ်သော လာဘ်လာဘလည်း ဖြစ်၍ ဥစ္စာစည်းစိမ်အမျိုးမျိုးကို ပေး ဆောင်နိုင်စွမ်းပါ၏၊ ဒါနသည် ချစ်စဘွယ်သော လာဘ်လာဘအမျိုးမျိုး ချစ်ဖွယ်သော မိန်းမအမျိုးမျိုး, ချစ်ဖွယ်သော သားသမီး, ချစ်ဖွယ် သော မိတ်ဆွေ အမျိုးမျိုး တို့ကိုလည်း ပေးဆောင်စွမ်း နိုင်ပါ၏၊ ကောင်းစွာ ပေးလှူအပ်သော ဒါနသည် လူ့လောကဌ် မွန်မြတ်သော ဥစ္စာရွှေငွေ, ယာဉ်အမျိုးမျိုးကို ပေးစွမ်းနိုင်၍ နတ်ပြည်၌လည်း အလွန် အကျုံး ထူးကဲသော ချမ်းသာကို ပေးစွမ်းနိုင်ပါ၏။

ဤသို့ ဘုရားလောင်းထံမှ တရားကို ကြားနာရသဖြင့် ဗြဟ္မဒတ်မင်း သည် အလွန် နှစ်သက်ဝမ်းမြောက်ရကား ဆင်တရာ မြင်းတရာ ရထား တရာ ကျွန်မိန်းမ ကျွန်ယောကျ်ားတရာစီ စသော ဥစ္စာ ပစ္စည်းတို့ကို အပ်နှင်း၍ ဘုရားလောင်းအား ဓမ္မပူဇာအဖြစ် ပေးလှူလေ၏၊ ဘုရား လောင်းသည် မင်းကြီးအား မိမိ၏စည်းစိမ် ချမ်းသာ ပြည့်စုံပုံကို ပြော ကြား၏။

၁၆။ မြတ်သောမင်းကြီး ထမင်း အဖျော် စသည်ကို ပြုတတ်သော ရွှေငွေ ဥစ္စာတို့ဖြင့် တင့်တယ်သော ကျွန်ုပ်၏ ဤရွှေအိမ်ကို ကြည့်ရှုပါလော့၊

ဤသို့ဆို၍ ဘုရားလောင်းသည် မိမိ၏ ပြာသာဒ်ထက်သို့ တက်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၇။ ထိုအခါ ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း အထံသို့လာ၍ မင်း မျိုးနွယ်၌ အလုံးစုံ တရာစီသော ဥစ္စာကို ဓမ္မပူဇာအဖြစ်ဖြင့် လှူလျက် သူဌေးကြီးကို ပန်ကြားပြီးလျှင် မိမိ၏ နန်းပြာသာဒ် သို့ ထွက်ခွါသွားလေ၏။

ထိုအခါမှစ၍ သိရိဓရသူဌေးကြီးသည် မိမိအိမ်တံခါးရှေ့ရှိ ရွာတံခါး၌ အလှူဇရပ်တခုကို ဆောက်လုပ်စေလျက် နေ့စဉ် အဝတ် စသော လှူဘွယ်

ဝတ္ထုများကို လှူရန်အတွက် ရွှေတသိန်းသုံးစွဲ၍ အလှူဇရပ်သို့ ရောက်လာကုန်သော သူတို့အား ထိုထိုလှူဘွယ်ဝတ္ထုကို ပေးလှူလေ၏၊ ဤသို့လျှင် ဘုရားလောင်းသည် အလှူပေးပြီးနောက် တဖန် လူအပေါင်းအား ဆုံးမသြဝါဒပေးလိုရကား—

၁၈။ အို လူအပေါင်းတို့ ငါသည် ရှေးက အလှူဒါန ပြုခဲ့သောကြောင့် ယခုအခါ အစစအရာရာ ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ သင်တို့သည်လည်း မမေ့မလျော့ကြဘဲ စွမ်းအားရှိသမျှ အလှူဒါနကို ပေးလှူကြကုန်လော့ဟု ဆုံးမ၏။

ထိုအခါမှစ၍ ဘုရားလောင်း၏ ဆုံးမသြဝါဒကို လိုက်နာကြကုန်လျက် လူအပေါင်းတို့သည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြသဖြင့် သေသည့် အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ကြကုန်၏၊ ဘုရားလောင်းသည်လည်း ဗာရာဏသီမြို့၌နေလျက် မိမိ၏ ကြီးကျယ် များပြားစွာသော စည်းစိမ်ချမ်းသာတို့ကို ခံစားလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရာ သေသောအခါ တုသိတာနတ်ပြည်၌ နတ်သမီး တသိန်း အခြံအရံရှိသော ယူဇနာငါးရာရှိ နတ်နန်းပြာသာဒ်၌ ဖြစ်လေ၏၊ ဤသို့လျှင် ဘုရားရှင်သည် ထိုဇနီးမောင်နှံတို့အား ဤဇာတ်တော်ကို ဆောင်တော်မူပြီး၍ ယခုအခါ သစ္စာလေးပါး တရားကို ဟောလိုရကား ဤဂါထာနှစ်ပုဒ်ကို မိန့်တော်မူ၏။

၁၉-၂၀။ ဆင်းရဲ အစစ်အမှန်တရား, ဆင်းရဲ ဖြစ်ကြောင်း အစစ်အမှန်တရား ဆင်းရဲငြိမ်းရာ အစစ်အမှန်တရား, ဆင်းရဲငြိမ်းရာ ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်တရား ဟူသော ဤ အမှန်တရားလေးပါးကို ငါဘုရား ဟောတော်မူအပ်ပြီး ဘုံသုံးပါး၌ ဖြစ်သမျှသည် ဒုက္ခသစ္စာ, တဏှာလောဘသည် သမုဒယသစ္စာ, ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ, နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့ သစ္စာလေးပါးတို့ ဟောကြားပြီးသည့်အဆုံး၌ ထို သူဆင်းရဲ ဇနီးမောင်နှံ နှစ်ဦးတို့သည် သောတာပန်အဖြစ်သို့ ရောက်ကြကုန်၏၊ဘုရား

ရှင်သည် ထိုဇနီးမောင်နှံ နှစ်ဦးတို့အား သစ္စာလေးပါးတရားကို ဟော ကြားပြီးနောက် ယခုအခါ ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဖြစ် သော ဂါထာကို မိန့်တော်မူ၏။

**ဇာတ်ပေါင်းခဏ်း**

၂၁-၂၅။ ထိုသူဌေး၏မိခင်သည် ယခုအခါ မဟာမာယာ, သူဌေး ဖခင်သည် သုဒ္ဓေါဒန နဂါးမင်းသည် ဆန္န အမတ် သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ ဗြဟ္မဒတ်မင်းသည် ရှင်သာရိပုတ္တရာ၊ အမတ် စသည်တို့ သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်ကြကုန်၏၊ သူဌေး၏ ဇနီးသည် ယသောဓရာ၊ သူဌေး၏ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ ဖြစ်လာကုန်၏၊ သိရိဝရ သူဌေးကြီးကား ယခုအခါ ငါ ဘုရား ဖြစ်လာသည်၊ ဤသို့ အလွန် ရှိသေသော စိတ်ထားဖြင့် ဇာတ် တော်ကို ဆောင်ကြကုန်လော့။

ကိုးခုမြောက် သိရိဝရမဟာသေဋ္ဌိဇာတ်ပြီး၏။

---

# ၁၀-သခ်ပတ္တဇာတ်

**[ယောက်ျားတို့မည်သည် အရာရာတိုင်း၌ လုံ့လဝီရိယကို မလျော့ဘဲ အစဉ်အမြဲ ထထကြွကြွ နိုးနိုးကြားကြားဖြင့် အားထုတ်က ရည်မှန်းချက်နှင့်အညီ ပြုမူဆောင်ရွက်သင့် ကြောင်း ပြသော သခ်ပတ္တဇာတ် ဝတ္ထု။]**

မြတ်စွာဘုရားသည် ဟာဟာ ဒေဝ ဂဏာ သေဋ္ဌာ အစရှိသော ဤတရားဒေသနာကို သာဝတ္ထိမြို့ကိုအမှီပြု၍ ဇေတဝန်ကျောင်း၌ နေတော် မူစဉ် ယသောဓရာဒေဝီကို အကြောင်းပြု၍ ဟောတော်မူသည်။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ သဘင်အဆောက်အဦ၌ စုဝေးကြကုန်လျက်—

ငါ့ရှင်တို့ အံ့ဩဘွယ် ရှိပါပေစွ၊ ငါတို့ မြတ်စွာဘုရားသည် ယသောဓရာမိဖုရားကိုရရန် အတွက် ကြီးကျယ်စွာသော အတတ်ပညာတို့ကို ပြရ၏ဟု စကားကို ပြောဆိုနေကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ဒိဗ္ဗသောတဉာဏ်ဖြင့် ကြားသိတော်မူ၍ ဂန္ဓကုဋီ ကျောင်းတော်မှ ထွက်လျက် တရားသဘင်အဆောက်အဦသို့ ကြွတော်မူပြီး ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်နေတော်မူကာ—

"ရဟန်းတို့ ယခုငါဘုရား ကြွလာတော်မူသော အချိန်၌ အဘယ်စကားကို ဆွေးနွေးပြောဆို နေကြပါသနည်းဟု မေးတော်မူရာ ဤမည်သောစကားကို ပြောဆိုနေကြပါသည် လျှောက်သော်– ရဟန်းတို့ ငါဘုရားသည် ယခုဘဝမှာသာ ယသောဓရာကို ရသည်မဟုတ် ရှေးအခါကလည်း မိမိမယားအဖြစ် ယသောဓရာဒေဝီကိုရရန်အတွက် များစွာသော မင်း၏စည်းစိမ် ကျက်သရေကိုငင်း၊ မိဘတို့ကိုငင်း စွန့်၍ အခြားတမြို့တနိုင်ငံသို့ သွားခဲ့ရဘူးသည်ဟု မိန့်တော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းများက တောင်းပန်သဖြင့် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရှာ

ရဟန်းတို့ လွန်လေပြီးသောအခါ အသကတိုင်း ပေါတပုရ မြို့၌ ယသမည်သောမင်းသည် မင်းပြုလေ၍ လောမဒီပတိုင်း၌ အင်္ကုရမင်းသည် မင်းပြု၏။ မင်းနှစ်ပါးတို့သည် အချင်းချင်း လက်ဆောင်ပဏ္ဏာ ပေးခြင်းအားဖြင့် ချစ်ကျွမ်းဝင်သော မိတ်ဆွေများ ဖြစ်ကြလျက် မိမိတို့တိုင်းပြည်တို့၌နေကြကုန်၏။ အင်္ကုရမင်းသည် စင်သည်ဗိုလ်ပါ များစွာနှင့်ငင်း၊ ရတနာအမျိုးမျိုးတို့နှင့်ငင်း ပြည့်စုံကြွယ်ဝ၏။ အင်္ကုရမင်း၏ မိဖုရားကားအနက်သေနာမည်၏၊ ထိုအင်္ကုရမင်းသည် မိမိ၏နှမ ရုပ်အဆင်းလှပ၍ အကျင့်အာစာရနှင့် ပြည့်ဝသော ယသကိတ္တိမည်သော မင်းသမီးကို ပေါတပုရမြို့နေ ယသမင်းအား ပေးအပ်လိုသဖြင့် လက်ဆောင်ပဏ္ဏာ, အခြံအရံ, ရတနာ ၇–ပါး' တသိန်းသော ကိုယ်လုပ်မောင်းမတို့နှင့်အတူ ယသ

ကိတ္တိဒေဝီကိုစေလွှတ်၍ ယသမင်းအားပေးဆက်လေ၏။ ယင်း ယသကိတ္တိ ဒေဝီကို ယသမင်းသည် အလွန်တရာ မြတ်နိုးနှစ်သက်၏။ ထိုအခါ ဘုရား လောင်းသည် သံသရာ၌ ကျင်လည်လျက် ဘုရားဖြစ်ရန် ပါရမီတို့ကို ဖြည့် ကျင့်၍ နတ်ပြည်မှစုတေကာ ပေါတပုရမြို့ ယသမင်း၏မိဖုရား ယသကိတ္တိ ဒေဝီ၏ဝမ်း၌ မဋ္ဌိသန္ဓေ တည်လေ၏။

ကိုယ်ဝန် ရင့်မာလာသောအခါ ယသကိတ္တိဒေဝီသည် နေ့စဉ်နေ့တိုင်း အလှူပေးလိုသော ချင်ခြင်းဖြစ်သဖြင့် ယသမင်းအား လျှောက်ကြား သောအခါ ယသမင်းက "ချစ်နှမ၊ မစိုးရိမ်လင့်၊ ကျွန်ုပ်သည် သင်၏ ချင်ခြင်းဆန္ဒအလိုကို ပြည့်စေပါအံ့"ဟု ဆို၍ မင်းယင်ပြင်၌၎င်း၊ မြို့လယ် ၌၎င်း၊ မြို့တံခါးလေးဘက်တို့၌၎င်း အလှူမဏ္ဍပ် ခြောက်ခုကို ဆောက်လုပ် စေပြီး မိဖုရားအား အကြောင်းကြား၏။ ယသကိတ္တိဒေဝီ မိဖုရားသည် နေ့စဉ် ၆-သိန်းသော အသပြာငွေတို့ကို စွန့်လွှတ်၍ ယင်းအလှူမဏ္ဍပ် ၆-ခု တို့၌ အဝတ်အထည် အလှူကိုပေး၏။ မိဖုရားကြီး၏ ဝမ်း၌တည်ရှိသော ဘုရားလောင်း၏ ဘုန်းကံကြောင့် ယသမင်းကြီးမှာ လာဘ်လာဘများ ပေါများလှ၏။ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ရှိကြသော မင်းတို့သည် ယသမင်း ကြီးအား လက်ဆောင်ပဏ္ဏာ အမျိုးမျိုးဆက်သကြကုန်၏။ မိဖုရားကြီးသည် ဘုန်းလက္ခဏာနှင့် ပြည့်စုံသောသားကို ဖွားမြင်၏။ ဘခင်ယသမင်းကြီးသည် မိမိသားအား ခရုသင်းအပြားသဏ္ဌာန်, ဆန်းကြယ်သော တံခါးရွက်နှင့်တူ သောလက်အပြင်ကိုမြင်၍ သခ်ပတ္တဟူသောအမည်ကိုမှည့်လေ၏· ထိုသခ်ပတ္တ မင်းသားသည် တဖြေးဖြေး အရွယ်ရောက် လာသောအခါ အလွန်တရာ အဆင်းလှပ၍ကောင်းသော တရားနှင့်လည်း ပြည့်စုံလျက်အရပ်ဒေသ အား လုံးတို့၌ ထင်ပေါ်ကျော်ကြား၏၊ သခ်ပတ္တမင်းသားသည် ၆-သိန်းသော အသပြာငွေကို စွန့်လွှတ်၍ အလှူမဏ္ဍပ်တို့၌ နေ့စဉ်အလှူကြီးကို ပေး၏။

**မင်းသားမင်းသမီးတို့ ရွှေလမ်းငွေလမ်း ဖေါက်ခြင်း**

လောမဒိပ တိုင်း၌ နေသော အကုံရမင်းသည် အနက်ဒေဝီ မိဖုရားနှင့် ပေါင်းသင်း ဆက်ဆံသဖြင့် သီလရှိ၍ နတ်သမီးတမျှ လှပသော ရတနဝတီ မည်သော သမီးတော်တပါးကို ရလေ၏၊ ထိုအခါ အကုံရမင်းသည် မိမိ၏

တူ သခ်ပတ္တ မင်းသားအား သမီးတော် ရတနဒေဝီကို ပေးအပ်လို၏၊ ထို့ကြောင့် "သမီးတော်၏ ရုပ်အဆင်း လှပခြင်းနှင့် အမည်တို့ကို ရွှေပြား၌ ရေးစေ၍ ဘုရားလောင်း၏ အမည်အဆင်း လှပခြင်းတို့ကိုလည်း ယင်းရွှေပြား၌ပင် ရေးစေလျက် သင်၏သား သခ်ပတ္တအား ကျွန်ုပ်၏ မင်းစည်းစိမ်နှင့်တကွ သမီးတော်ကိုပါ ပေးလိုပါ၏၊ သင်သည် သင်၏သားကို ကျွန်ုပ်ထံသို့ အမြန် ပို့လွှတ်ပါလော့"ဟု စာရေး၍ အိတ်တခု၌, ထိုရွှေပြားနှင့် စာတို့ကို ထည့်၍ မင်းတံဆိပ် ခတ်နှိပ်ပြီးလျှင် ပေါတပုရတိုင်း ယသမင်းကြီးထံ သံတမန် စေလွှတ်လေ၏။

ထိုအခါ သံတမန်သည် လက်ဆောင်ပဏ္ဏာ အမျိုးမျိုးနှင့်တကွ မင်း တံဆိပ် ခပ်နှိပ်ထားသော အိတ်ကို ယူဆောင်လျက် အခြံအရံ များစွာဖြင့် ပေါတပုရမြို့ ယသမင်းကြီးထံ ချဉ်းကပ် ရှိခိုးလျက် ယသမင်းကြီးအား လက်ဆောင်ပဏ္ဏာ များစွာနှင့် တကွ တဆိပ် ခပ်နှိပ်ထားသော အိတ်ကို ဆက်သလေ၏၊ ထိုအခါ ယသမင်းသည် တံဆိပ်ခပ်နှိပ် ထားသည်ကို တွေ့၍ တံဆိပ်ကို ဖေါက်ဖျက်၍ စာကို ဖတ်လေ၏၊ ထိုအခါ သခ်ပတ္တ မင်းသား၏ မယ်တော် ယသကိတ္တိဒေဝီသည် အကုရမင်းထံမှ ပေးပို့လိုက်သော စာပါ အကြောင်းအရာကို သိ၍ ယသမင်းအား ဤသို့ဆို၏။ အရှင်မင်းကြီး မဟာသမုဒ္ဒရာ မည်သည် ကြောက်စရာ ကောင်း၏၊ ကြမ်းတမ်းသော ငါးလိပ်တို့လည်း ရှိ၏၊ အပြောကျယ်၏၊ ကျွန်ုပ်၏သား သခ်ပတ္တ မင်းသားသည် ငယ်ရွယ်နုနယ် ပါသေး၏၊ သူ့ခံတွင်းမှာ နို့နံ့မပြယ်သေးပါ၊ သခ်ပတ္တ မင်းသားသည် ရှည်လျား ကျယ်ပြန့်သော သမုဒ္ဒရာကို ကူးခပ်ခြင်းငှါ မစွမ်းနိုင် သေးပါ၊ သင်မင်းကြီးသည် သမုဒ္ဒရာ၏ ကြောက်စရာကောင်းပုံ ရှည်လျား ကျယ်ပြန့်ပုံတို့ကို မသိပါသလော ဟု ဆို၏။

**ယသမင်း။** ။အို မိဖုရားကြီး သမုဒ္ဒရာ မည်သည် သမုဒ္ဒရာအတွင်း ရေနစ်မြုပ်ခြင်းသို့ ရောက်သော အခါမှသာ စင်စစ်ပျက်စီးခြင်း ဖြစ်သည်၊ သမုဒ္ဒရာ အလယ်၌ လှေသင်္ဘောတို့ဖြင့် သွားလျှင်ကား များစွာသော စည်းစိမ်ချမ်းသာတို့ကို ရရှိနိုင်၏၊ အမှန်စင်စစ် ကုန်သည် များစွာတို့သည် သမုဒ္ဒရာကို အမှီပြုလျက် ရွှေ ငွေ ရတနာ တို့နှင့်

ပြည့်စုံကြွယ်ဝခြင်း မင်းအဖြစ်ကိုရ၍ မိမိတို့ အလိုဆန္ဒ ပြည့်ဝခြင်း ဖြစ်ကြကုန်၏၊ ငါတို့၏သား သည်လည်း သမုဒ္ဒရာ အလယ်၌ လှေဖြင့် သွားလျှင် ထို လောမဒိပ တိုင်း၌ ရတနာ အမျိုးမျိုးတို့နှင့် ပြည့်စုံကြွယ်ဝသော မင်းစည်းစိမ်ကိုဖြင့်လည်း မင်းသမီးကိုဖြင့်လည်း ရလတံ့၊ ထို့ကြောင့် ငါတို့၏ သားသည် ဤသို့ သွားလျှင် အလွန် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ ရန်သူ ဟူသမျှကို အောင်မြင်နိုင်သော စွမ်းရည်ရှိသည် ဖြစ်ပါလတံ့။

**ယသကိတ္တိဒေဝီ**။ ။အို အရှင်မင်းကြီး မိခင်၏ နှလုံးသားသည် သားသွီးတို့အပေါ်၌ အလွန်တရာ နူးညံ့ပျော့ပျောင်းလှ ပါ၏၊ မိခင်တို့ မည်သည် သားသမီးများနှင့် မည်သည့်အခါမျှ ခွဲခွာ၍ မနေလိုကြပါ၊ သို့ဖြစ်၍ ကျွန်ုပ် ဤစကားကို ပြောခြင်း ဖြစ်ပါသည်၊ ယခုမူကား သင် မင်းကြီးသည် သား၏နောင်ရေး အဝဝကို သိမြင်သောကြောင့် သားအား ပြုလုပ်စီမံဘွယ် အဝဝကို အမြန် စီမံပြုလုပ်ပေးပါလော့။

ထိုအခါ ယသမင်းသည် သားတော် သခ်ပတ္တမင်းသားကို ခေါ်၍ မင်္ဂလာရှိသော ဝတ်စားတန်ဆာတို့ကို တန်းဆာ ဆင်စေပြီးလျှင် ချိုမြိန်ကောင်းမြတ်သော အရသာရှိသည့် ထမင်း ဘောဇဉ်တို့ကို ကျွေးမွေးလျက် "ချစ်သား သခ်ပတ္တ ဤမည်သော လောမဒိပတိုင်း၌ နေသော အကိုရမင်းသည် သင်၏ ဦးရီးတော် ဖြစ်သည်။ သင့်အားလည်း တွေ့လို မြင်လို လာရောက်စေလိုသည်။ ထို့ကြောင့် သင်သည် သင့်ဦးရီးတော်မင်းထံသွား၍ အမျိုးတို့၏ ဥစ္စာဖြစ်သော မင်းစည်းစိမ်ကို ရယူခံစားပါလော့ဟု ဆိုပြီးနောက် ဆက်လက်၍ ချစ်လှစွာသောသား မင်း၏အထံ၌ နေသောသူမည်သည် မမေ့သောသတိ မလျော့သော ဇွဲလုံ့လဖြင့် မင်း၏ စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်ထိန်းသိမ်းရမည်၊ သို့မှသာ သင့်အား စည်းစိမ် ချမ်းသာများ တိုးပွား လာလိမ့်မည်ဟု စသည်ဖြင့် သားတော်အား ဆုံးမစကား ပြောကြားလျက် သား၏၊ ဦးထိပ်၌ နမ်းစုပ်၍ အခြံအရံ ပရိသတ်များနှင့် အတူ လောမဒိပ တိုင်းသို့ စေလွှတ်

လိုက်၏၊ ထိုအခါ ဘုရားလောင်းသည် မိဘနှစ်ပါးအား ရှိခိုးကန်တော့လျက် လက်ျာရစ်ပတ်၍ အခြံအရံပရိသတ်များနှင့်အတူ ထွက်ခွာလေ၏၊ ထိုအခါ မယ်တော် ယသကိတ္တိဒေဝီသည် သားတော်နောက်မှ အစဉ်လိုက်လျက် ဦးခေါင်းပေါ်၌ လက်ကိုတင်ပြီးလျှင် မျက်ရေဖြင့် ပြည့်သောမျက်လုံးများဖြင့် ချစ်သား သခ်ပတ္တ သင်သည် မိဘတို့အား ကိုးကွယ်အားထားရာမဲ့ဖြစ်အောင် ပြုလုပ်၍သွားဘိ၏၊ ငါ၏အသက်ရှင်ခြင်းသည် သားနှင့် ဆက်စပ်နေပါ၏၊ သို့ဖြစ်၍ ငါ၏ထံသို့ မကြာမတင် ဆောလျင်စွာ ပြန်လာခဲ့ပါလော့ ဟု ဆိုကာ နောက်က လိုက်လျက် မမြင်ကွယ်ရာရောက်တော့မှ ပြန်လာခဲ့လေ၏။

## သမုဒ္ဒရာတွင်းဝယ် ဘုရားလောင်းစွမ်းအင်

ဘုရားလောင်း သခ်ပတ္တမင်းသားသည် အခြွေအရံ ပရိသတ်များနှင့်အတူ ပေါတပုရမြို့မှထွက်၍ သမုဒ္ဒရာကမ်းအထိ သွားပြီးလျှင် လှေပေါ်သို့ တက်၏၊ အခြွေအရံများနှင့် အတူ ထွက်ခွာသွားသော လှေသည် သမုဒ္ဒရာအလယ်သို့ ရောက်သောအခါ လေမုန်တိုင်း မိသဖြင့် လှေမှ ပျဉ်ချပ်တို့သည် ကွဲထွက်ကုန်၍ ထိုမှ ဤမှ ရေများ လှေထဲသို့ဝင်ကုန်သဖြင့် လှေသည် သမုဒ္ဒရာအလယ်၌ နစ်မြုပ်လေ၏၊ ထိုအခါ လှေပေါ်၌ ပါလာသူ လူအများတို့သည် ငိုကြွေး မြည်တမ်းကြကုန်လျက် နတ်များကိုတမ်းတပူဇော် ရှိခိုးကြကုန်ပြီးလျှင် ဤဂါထာကို ဆိုကြကုန်၏။

၁။ အို နတ်အပေါင်းတို့ မြင့်မြတ်သော စိတ်နှလုံး ရှိကြကုန်သော သင်တို့သည် ဤအရပ်သို့ လာကြပါကုန်လော့၊ ကျွန်ုပ်တို့အား သနားသဖြင့် သေအံ့သောဘေးမှ လွတ်မြောက် စေကြပါကုန်လော့၊ ကျွန်ုပ်တို့အား သမုဒ္ဒရာ အတွင်းမှ ထုတ်ဆောင် ကယ်တင်၍ သမုဒ္ဒရာကမ်းပေါ်သို့ တင်ဆောင် ပေးကြပါကုန်လော့။

ထိုအချိန်၌ ဘုရားလောင်းသည် ငိုကြွေး မြည်တမ်းခြင်း၊ နတ်တို့ကိုတမ်းတပူဇော်ခြင်း မပြုဘဲ လှေနစ်မြုပ်တော့မည်ကို သိသဖြင့် ထောပတ်ဖြင့် ကိုယ်ကိုသုတ်လိမ်း၍ အစာဝအောင်စားလျက် ပုဆိုးတို့ကို ဆီဆွတ်၍

မြဲမြံစွာဝတ်ပြီးလျှင် လော့၌ ရပ်တည်လေ၏၊ ဤဇာတ်၌ ဘုရားလောင်းသည် ဆင်ပြောင်ကဲ့သို့ အားအစွမ်းရှိ၏၊ ထိုအခါ ဘုရားလောင်းသည် ငိုကြွေးမြည်တမ်းကြသူ ငါးလိပ်တို့ ဖမ်းယူစားသောက်ခြင်း ခံရသူ လူအပေါင်းတို့ကို တွေ့ရသဖြင့် သနားကြင်နာလှ၍ "မိမိ ထင်ရှားရှိနေပါလျက် ဤသူတို့ မသေစေရကုန်" ဟု ကြံစည်ကာ မကူးခတ်နိုင်သူတို့အား မိမိရရှိသော ပျဉ်ချပ်တို့ကိုပေးလေ၏၊ ထိုအခါ ဘုရားလောင်း၏ ဇေယျဒတ္တမည်သော အမတ်သည် (ဘုရားလောင်းသည်မိမိရရှိသော ပျဉ်ချပ်တို့ကို သူတပါးတို့အား ပေးသည်ကိုသိ၍) ဘုရားလောင်းအား ချစ်ခင်သောအားဖြင့် ထိုသို့ မပြုလုပ်ရန် တားမြစ်လိုရကား နှစ်ခုမြောက် ဂါထာကိုဆို၏။

၂။ မြတ်သောမင်းသား မိမိရရှိသော တွယ်မှီစရာ ပျဉ်ချပ်တို့ကို သူတပါးတို့အား ပေးခြင်းသည် တရားနည်းလမ်းမဟုတ်ချေ၊ မိမိရရှိသော မှီတွယ်စရာပျဉ်ချပ်တို့ကို ပေးလှူသဖြင့် သင်သည် မကြာခင် သေမင်းနိုင်ငံသို့ ရောက်ရလိမ့်မည်။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ၃ ခုမြောက် ဂါထာကို ဆို၏။

၃။ လောက၌ အရိယာနွယ်ဝင် သူတော်စင်တို့၏ အားထုတ်ကြိုးပမ်းမှုသည် အားလုံးသော သတ္တဝါတို့အတွက် ဖြစ်၏။ အလုံးစုံသော သတ္တဝါတို့ထက် မွန်မြတ်သော သူတော်စင်သည် သူတပါးတို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေတတ်ပါ၏။

ထိုစကားကိုကြား၍ ဇေယျဒတ္တအမတ်သည် ဘုရားလောင်းကို တဖန် တားမြစ်လိုပြန်သောကြောင့် ဤလေးခုမြောက် ဂါထာကို ဆို၏။

၄။ မြတ်သောမင်းသား ရေ၌မျောပါလာသော ဤပျဉ်ချပ်တို့သည် သင့်အတွက် ကမ်းပါးသဖွယ် မှီတွယ်ရာဖြစ်၏၊ မိမိလိုသော လာဘ်လာဘကို ရစေရေးအတွက် ထိုဆွဲမှီစရာ ပျဉ်ချပ်ကိုရင်း, ဇနပုဒ်သား လူများအကျိုးကို သည်ပိုးနိုင်ရေးအတွက် ထိုဆွဲမှီစရာ ပျဉ်

ချုပ်ကိုင်၊ အလုံးစုံသော ပထဝီမြေအပြင်ကို စိုးမိုးအုပ်ချုပ်နိုင်ရန် အတွက် ရရှိသော ဆဲ့မှီစရာ ပျဉ်ချပ်ကိုင်၊ သင်သည် စွန့်လွှတ် ဘိ၏။ ပညာရှိသည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှါ၎င်း၊ အကျိုးစီးပွါးကို အလိုရှိသူတို့သည် အကျိုးစီးပွါးကို ရွက်ဆောင် နိုင်ရန်၎င်း ဖြစ်သင့်ပါ၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဇေယျဒတ္တကို ဖျောင်းဖျ ပြောဆိုလိုရကား ဤ ၃-ဂါထာတို့ကိုဆို၏။

၅-၇။ ငှက်တို့သည် အိုင်ကိုမှီ၍၎င်း သားသမင်တို့သည် တောင်ကိုမှီ၍ ၎င်း ပညာရှိတို့သည် သူတပါးတို့ကို မှီ၍၎င်း အသက်မွေးကြကုန်၏၊ သူတော်ကောင်းတို့သည်ကား သတ္တဝါတို့၏ အကျိုးစီးပွါးကို ရွက်ဆောင် ခြင်း၌ မွေ့လျော်ပျော်ပိုက်အလွန်နှစ်ချိုက်ကြကုန်၏၊ ဥစ္စာစည်းစိမ်, ကိုယ် လက်အင်္ဂါ အသက်၊ ထိုစည်းစိမ်ဥစ္စာ ကိုယ်လက် အင်္ဂါ အသက်တို့ကို စွန့်လွှတ်ရခြင်းထက် သတ္တဝါတို့ အကျိုးအတွက် ထိုသူသည် ဆောင်ရွက်၏၊ နှတ်နှင့်တကွသော လူတို့ကို ကယ်တင်ခြင်းငှါ ထိုသူသည် စွမ်းနိုင်၏၊ ဤသို့ပြုအပ်သော ကောင်းမှုကြောင့် အလိုရှိအပ်သော လာဘ်လာဘကို ရလတ္တံ့၊ ထိုအလိုရှိအပ်သော လာဘ်လာဘကို ဥပါယ်တမျဉ်ဖြင့် မချရပါ လတ္တံ့။

ဤသို့ ဇေယျဒတ္တနှင့်အတူ စကားပြောဆိုလျက် ဘုရားလောင်းသည် သမုဒ္ဒရာအလယ်၌ လှိုင်းတံပိုး ရိုက်ပုတ်သည့်ဒဏ်ကို အပြင်းအထန် ခံရ ပြီး- ပတ္တမြား၌ တပ်ဆင်ထားသော ရွှေတုံး ရွှေခဲ့ပမာ လက်ရုံးကို အား ကိုးကာ သမုဒ္ဒရာကို ကူးခတ်လေ၏။

## ဤသို့ဆင်းရဲဒုက္ခရောက်ရသောရှေးကံ

အဘယ်မကောင်းမှုကံကြောင့် ဘုရားလောင်းသည် သမုဒ္ဒရာအလယ်၌ ကျရောက်ပြီး ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရပါသနည်းဟူမူ- ရှေး အခါက ဘုရားလောင်းသည် ဗာရာဏသီပြည်၌နေသော လူတယောက် ဖြစ်၍ တနေ့သ၌ မြစ်ကိုကူး၍ ရေချိုး၏၊ ထိုအခါ သာမဏေတပါးသည်

လှေငယ်ကိုစီး၍ ထိုမြစ်၌ပင်တည်ရှိ၏။ ထိုအခါ ထိုလူသည် ထိုသာမဏေကိုတွေ့၍ ထိုလှေငယ်ကို ပြက်ရယ်ကစားလိုသဖြင့် ရေလှိုင်းကိုပြုလုပ်ရ၏၊ ထိုခဏ၌ သာမဏေငယ်သည် ရေလှိုင်းများပုတ်ခတ်သဖြင့် မြစ်၌နစ်မြုပ်၏၊ ရေထဲ၌နစ်မြုပ်သော သာမဏေအား ကြီးစွာသော ဆင်းရဲဒုက္ခဖြစ်လေ၏၊ ထိုလူသည် နစ်မြုပ်နေသော သာမဏေကိုမြင်၍ မြစ်ကမ်းနားသို့ ဆယ်ယူတင်ပို့ပေးလိုက်၏၊ ဤမကောင်းမှုကံကြောင့် ဘဝငါးရာပတ်လုံး ဤကဲ့သို့ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားခဲ့ရပြီးနောက် ယခုအခါ ဘုရားလောင်း သခ်ပတ္တမင်းသားဘဝတွင် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရခြင်း ဖြစ်၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်-

၈-၁၃။ ထိုအခါ သခ်ပတ္တ မင်းသားသည် ရှေးဘဝက ပြုခဲ့သော ကံကြောင့် ဘဝတိုင်း ဘဝတိုင်းတို့၌ သမုဒ္ဒရာ အလယ်၌ ကျရောက်လျက် ဆင်းရဲခြင်းသို့ ရောက်ရ၏၊ ကောင်းစွာ ပြုခဲ့သော ကုသိုလ်ကံ, မကောင်းသဖြင့် ပြုခဲ့သော အကုသိုလ်ကံ တို့သည် အနည်းငယ်မျှ အချည်းနှီး မဖြစ်ပေ၊ မိမိပြုခဲ့သော သေးငယ်သည့် ကံကိုလည်း သေးငယ်သည် ဟူ၍ မထင်မှတ်ရာ၊ ရှေးရှေးက ပြုခဲ့သောကံ, ယခုဘဝ၌ ပြုခဲ့သော ကံတို့သည် ကြီးသည် ဖြစ်စေ ငယ်သည်ဖြစ်စေ မည်သည့်အခါမျှ အကျိုးမပြီး အချည်းနှီး ဖြစ်မသွားပေ၊ မုချ အကျိုးပေး မည်သာ ဖြစ်သည်၊ မိမိပြုသော ကောင်းမှုကံ, မကောင်းမှုကံတို့သည် အရိပ်ပမာ မိမိနောက်သို့ အမြဲလိုက်လျက်နေ၏၊ ထို့ကြောင့် ဘုရားရှင် သာသနာ၌ ချမ်းသာသုခကို အလိုရှိသော သူသည် မကောင်းမှု၌ စိတ်ကို အလိုမလိုက်ဘဲ ကောင်းမှု၌သာ စိတ်ကိုပျော်မွေ့စေရာ၏၊ ကောင်းသောနတ်ရွာ သုဂတိစည်းစိမ်ချမ်းသာကို ပေးတတ်သော ကုသိုလ်ကောင်းမှုကို ပြုအပ် ပြုထိုက်၏၊ ထိုသို့ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် တမလွန် ဘဝ၌လည်း သတ္တဝါတို့၏ အားထားရာ တည်ရာ ကိုးကွယ်ရာဖြစ်၏။

ထိုအခါ ဇေယျဒတ္တ အမတ်သည် သမုဒ္ဒရာ အလယ်၌ ကြီးစွာသော လှိုင်းဒဏ်ကို ခံရလျက် ဘုရားလောင်းကို မတွေ့ရတော့ဘဲ ပေါတပုရမြို့သို့ ဆိုက်ရောက် သွားလေ၏၊ ဇေယျဒတ္တသည် သမုဒ္ဒရာမှ ကူးလျက် ၇-ရက်

ပတ်လုံး အစာမစားရသဖြင့် ဆာလောင်မွတ်သိပ်လှရကား ကိုယ်ခန္ဓာ ညှိုးနွမ်းစွာဖြင့် ပုဆိုးတထည်ကို ဝတ်၍ ပုဆိုးတထည်ကို ခြုံကာ တဖြေး ဖြေး သွားသောအခါ လူတို့ သွားလာရာ ခရီးလမ်းမကြီးသို့ ရောက်သွား လေ၏။

## မိခင်အိပ်မက် မက်ခြင်း

သင်္ခပတ္တမင်းသား သမုဒ္ဒရာ၌ ရေနစ်မြုပ်သောနေ့တွင် ဘုရားလောင်း၏ မယ်တော် ယသကိတ္တိဒေဝီသည် သန်ကောင်ကျော်၍ နံနက် လင်းအားကြီး အချိန်တွင် အိပ်မက်မြင်မက်၏။ မည်းနက်သော အဆင်းရှိသောယောကျ်ား တယောက်သည် နီမြန်းသော အဝတ်ကို ဝတ်လျက် လက်နက်ကို စွဲကိုင် ကာ မိဖုရားကြီးကို ဆွဲငင်ပြီး ပက်လက်လဲစေ၍ မိဖုရားကြီး၏ ညာမျက် လုံးကိုထုတ်၍ ညာလက်ရုံးကို ဖြတ်လျက် သွေးသံရဲရဲရှိသော နှလုံးသားကို ယူဆောင်၍ ထွက်ခွာသွား၏ဟု အိပ်မက် မြင်မက်၏၊ မိဖုရားကြီးသည် အိပ်ရာမှ လန့်နိုး၍ ကြောက်ရွံ့တုန်လှုပ်လျက် ငါသည် မကောင်းသော အိပ်မက်ကို မြင်မက်၏၊ ဤမကောင်းသော အိပ်မက်ကြောင့် ငါ့အားရင်း, အရှင်မင်းကြီးအားရင်း သားတော် သင်္ခပတ္တမင်းသားအားရင်း တစုံတခု သော ဘေးဥပဒ်အန္တရာယ်သည် မဖြစ်ပါစေသတည်းဟု ဆို၍ မျက်ရည် များ ယိုစီးကာ ယသမင်းကြီးထံ သွား၍ မိမိအိပ်မက်သည့် အကြောင်းကို သံတော်ဦး တင်လေ၏၊ မိဖုရားကြီးစကားကို ကြားသောအခါ ယသမင်း ကြီးသည် "အို မိဖုရားကြီး မစိုးရိမ်ပါလင့်၊ သင့်အားလည်း တစုံတရာ ယုတ်မာဆိုးသွမ်း ကြမ်းတမ်းသည့် အမှု ဖြစ်လိမ့်မည် မဟုတ်ပါ၊ အိပ်မက် ဆိုသည်မှာ သွေးလေလှုပ်ရှား ဓာတ်ချောက်ချားခြင်း ကြောင့်လည်း မြင်မက်တတ်ပါသည်ဟု မိဖုရားကြီးအား ဖျောင်းဖျ ပြောဆိုလေ၏၊ ထို အခါမှစ၍ ယသမင်းကြီးနှင့် ယသကိတ္တိဒေဝီ မိဖုရားကြီး တို့သည် သား တော် သင်္ခပတ္တကို ရည်စူး၍ သူတပါးတို့အား အလှူဒါနများ ပေးကမ်း လှူဒါန်းလျက် ဥပုသ်သီလများကို စောင့်ထိန်း၍ မိမိတို့၏ မှုးမတ်အပေါင်း ခြံရံကာ နန်းတော်ယင်ပြင်၌ နေကြကုန်၏။

## ဇေယျဒတ္တ ရောက်လာခြင်း

ထိုအခါ ဇေယျဒတ္တ အမတ်သည် မြို့သို့ဝင်၍ မင်းနန်းတော်သို့ သွားကာ ယသမင်းကြီးကို ရှိခိုးလျက် မျက်ရည်ဖြင့် ပြည့်သော မျက်လုံးတို့ဖြင့် ဘုရားလောင်း၏ မယ်တော် ခမည်းတော် တို့အား ဘုရားလောင်း သမုဒ္ဒရာ၌ ရေနစ်မြုပ်သည့် အကြောင်းကို လျှောက်ကြား သံတော်ဦး တင်လေ၏၊ ထိုစကားကို ကြားသောအခါ မင်းမိဖုရား နှစ်ပါးတို့သည် သားနှင့် ကွေကွင်း ကွဲကွာရသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးကြလျက် ထိုနေရာ၌ပင် လဲကျလေ၏၊ အလုံးစုံသော မှူးမတ်တို့ သည်လည်း သနားစဖွယ် ဖြစ်အင်ကိုမြင်ရ၍ ဖြေမဆည်နိုင်အောင်ရှိကြရကား ထိုနေရာ၌ပင် လဲကျကြကုန်၏။ အမျိုးသမီးတို့သည်လည်း မိမိတို့၏ ဆံပင်တို့ကိုဖြေ၍ ကျောသို့ ဖြန့်ကြဲချကုန်လျက် ရင်ဘတ်ကို လက်ဖြင့်ပုတ်ခတ်ကြပြီးလျှင် ထိုနေရာ၌ပင် ငိုကြွေးမြည်တမ်းကြကုန်၏။ ဘုရားလောင်း၏မယ်တော်သည် အတန်ကြာသောအခါ သတိရလာ၍ ဇေယျဒတ္တအမတ်ကိုမေးမြန်းလိုရကား ဤဂါထာ နှစ်ပုဒ်ကိုဆို၏။

၁၄-၁၅။ အမောင်ဇေယျဒတ္တ သင်သည် ငါ့သားကို ဆည်းကပ်ခစားသော သား၏ချစ်မိတ်ဆွေဖြစ်ပါ၏။ သို့ပါလျက် သင်သည် ငါ့သားကို စွန့်ခွါပြီး အဘယ့်ကြောင့် ဤအရပ်သို့လာပါသနည်း၊ ငါ့သားနှင့် အတူသွားသော သင်ဇေယျဒတ္တသည်ရေ၌နစ်မြုပ်နေသောငါ့သား ကိုစွန့်ခွါလျက် အဘယ့်ကြောင့် ဤအရပ်သို့လာဘိသနည်း။

မိဖုရားကြီး၏စကားကို ကြားသောအခါ ဇေယျဒတ္တအမတ်သည် အသဲနှလုံး ခုနစ်စိတ်ခုနစ်ဖြာ ကွဲသကဲ့သို့ဖြစ်လျက် မျက်ရည်များ ယိုစီးကာ ဤသုံးဂါထာတို့ကို ဆို၏။

၁၆-၁၈။ အရှင်မိဖုရားကြီး မင်းသားသခ်ပတ္တသည် လှေပျက်သောအခါ ထိုသမုဒ္ဒရာထဲ၌ပျဉ်ချပ်တို့ကိုရသဖြင့် မိမိကိုယ်ကိုလွတ်မြောက်ခြင်းငှါ စွမ်းနိုင်ပါ၏။ ကျွန်တော်မျိုးသည် အကြောင်းအမျိုးမျိုးပြ၍ တားမြစ် ပြောဆိုပါသော်လည်း ကျွန်တော်မျိုး၏စကားကိုမနာယူဘဲ မိမိရရှိသော

ပျဉ်ချပ်တို့ကို သူတပါးတို့အား ပေးပစ်သဖြင့် အရှင်မိဖုရားကြီး၏သားသည် ရေအလယ်ရှိ တယောက်တည်း နစ်မျောနေပါ၏။ ကျွန်တော်မျိုးသည် လှိုင်းတံပိုးများရိုက်ပုတ်ခြင်းဒဏ်ကို အလူးအလဲခံရင်း ဤအရပ်သို့ရောက်လာခဲ့ရပါသည်။

ဤသို့ဆိုပြီးနောက် ဇေယျဒတ္တအမတ်သည် တဖန် မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချလိုရကား ဤ ၃-ဂါထာတို့ကိုဆို၏။

၁၉-၂၁။ အို အရှင်မိဖုရားကြီး ကျွန်တော်မျိုးသည် အလွန်တရာ ဘုန်းကံနည်းပါးသူ ဖြစ်ပါ၏၊ သူ့ကျေးဇူးကိုမသိတတ်သော လူယုတ်မာလည်းဖြစ်ပါသည်၊ကျွန်တော်မျိုးသည် ချစ်ခင်လှစွာသောကိုယ့်ကျေးဇူးရှင် သမ္ပတ္တမင်းသားကို မိမိစကားကို နားထောင်စေရန် မတတ်စွမ်းနိုင်ခဲ့ပါ။ စင်ကြယ်သော ဉာဏ်ရှိသော, လူတို့ထက်မြတ်၍ အားအစွမ်းနှင့် ပြည့်စုံသောထိုသမ္ပတ္တမင်းသားသည် မိမိကိုယ်တိုင် ရေတွင်နစ်မျောသော်လည်း ထိုသမုဒ္ဒရာ၌သေခြင်းသို့ ရောက်မည်မဟုတ်ပါ၊ ကျွန်တော်မျိုးသည် သင်မိဖုရားကြီးတို့၏ ဘုန်းကံတန်ခိုးအာနုဘော်ကြောင့် သေချိန်မရောက် သက်မပျောက်ဘဲ ဤအရပ်သို့ရောက်လာသကဲ့သို့ ထို့နည်းတူစွာသင်မိဖုရားကြီး၏ ချစ်လှစွာသော သားတော်သမ္ပတ္တသည် သေချိန်မရောက်သက်မပျောက်ဘဲ ဤအရပ်သို့ရောက်လာပါလိမ့်မည်။ သင်မိဖုရားကြီးသည် ကျွန်တော်မျိုးအား များစွာစိတ်ထိခိုက်စေပါ၏။ (သင်မိဖုရားကြီးကို မြင်ရသဖြင့် ကျွန်ုပ်များစွာစိတ်ဆင်းရဲမိပါ၏)။

ထိုအခါ ယသကိတ္တိဒေဝီသည် သားတော် သမ္ပတ္တ မင်းသားကို လွမ်းဆွတ်တမ်းတသတိရအောက်မေ့သဖြင့် ဤဂါထာတို့ကိုဆို၏။

၂၂-၂၆။ ချစ်လှစွာသော သားတော်သမ္ပတ္တ သင်သည် ငါ့အား ကိုးကွယ်ရာမဲ့အောင်ပြုဘိ၏၊ မင်းစည်းစိမ်နှင့် မိန်းမကို အလိုရှိသဖြင့် မဟာသမုဒ္ဒရာသို့အဘယ့်ကြောင့်သွားပါသနည်း။ဤငါတို့နိုင်ငံ၌ ချမ်းသာသုခကို မရဟုထင်ပါသလော၊ သင့်မျက်နှာကို မမြင်ရသဖြင့် ငါ့မှာ ပူတငွေ့ငွေ့ အောက်မေ့ကြံမှိုင် ဗျာပါလှိုင်လျက်ရှိရပါ၏၊ ရှေးအခါက ရာဇပလ္လင်

မင်းယင်ပြင်၌ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက်နေသော ငါ့သား သခ်ိပတ္တကို တွေ့မြင်ရသကဲ့သို့ ပညာရှိ၍ ကျက်သရေနှင့် ပြည့်စုံသော ငါ့သားကို ဘယ်သောအခါမှ တွေ့မြင်ရပါအံ့နည်း၊ ငါ၏အလိုဆန္ဒများ ပျက်ပြား၍ စိတ်အလိုများမပြည့် လုံးလုံးပျက်သုဉ်းခဲ့ရပါပြီ၊ ငါ့သားတော် နှင့်အသက်ရှင်လျက် ကွဲကွာနေရသော ငါသည်ဘုန်းကံနည်းပါး အကုသိုလ် များလှချေ၏၊ သားနှင့် ကွေကွင်းကွဲကွာခွဲခွါရကာ သားရဲ့မျက်နှာကိုမမြင် ရလျှင် ငါမိခင်မှာ အဘယ်သို့ အသက်ရှင်နိုင်ပါအံ့နည်း။

ဤသို့လျှင် ယသကိတ္တိဒေဝီမိဖုရားသည် ငိုကြွေးမြည်တမ်းလျက် ယသ မင်းကြီးနှင့်အတူ စကားပြောဆိုလိုရကား ဤဂါထာကို ဆို၏။

၂၇။ အို မင်းကြီး သမုဒ္ဒရာဟူသည် ဘေးအန္တရာယ်များ၍ ကြောက် စရာကောင်းပါသည်ဟု ကျွန်ုပ်ကြားဘူးပါကြောင်း သင်မင်းကြီး ထံပါး၌ ကျွန်ုပ် ရှေးက ပြောကြားခဲ့သည် မဟုတ်ပါလား—

ထိုစကားကို ကြားသောအခါ ယသမင်းကြီးသည် မျက်ရည် စက် လက်ဖြင့် လောက၌ ဖြစ်ပျက်တတ်သည့် သဘာဝကို ပြောပြ လိုရကား ဤဂါထာကို ဆို၏။

၂၈။ ချစ်စွာသော မိဖုရားကြီး သေကွဲကွဲရခြင်း ရှင်ကွဲကွဲရခြင်းဟူ သည် သတ္တဝါတို့၏ လောကဓံတရားအတိုင်းပင် ဖြစ်ပါ၏၊ ဖြစ်ဖြစ် သမျှ သင်္ခါရတရားတို့သည် အမြဲမရှိ ပျက်စီးရသည်မှာ လောက ဓမ္မတာပင်ဖြစ်ပါသည်၊ ထို့ကြောင့် သင်မိဖုရားကြီးသည် ပြင်း စွာပူဆွေး မငိုကြွေးပါလင့်၊ ငါ၏ထံပါး၌ ပူပင်ကင်းကွာ ချမ်း သာစွာ နေပါလော့။

ထိုအခါ မိဖုရားကြီးသည် ဤဂါထာကို ဆိုပြန်၏။

၂၉။ လူတို့သနင်းအရှင်မင်းကြီး ကျွန်ုပ်သည် သားနှင့်ကွေကွင်းလျက် အသက်ရှင်ခြင်းငှါ မတတ်စွမ်းနိုင်ပါသောကြောင့် သင်မင်းကြီး သည် ကျွန်ုပ်၏သားတော်ကို မတွေ့တွေ့အောင် ရှာဖွေပေးနိုင် ရန် တောင်းပန် လျှောက်ကြားပါ၏။

ထိုစကားကို ကြား၍ ယသမင်းကြီးသည် "ချစ်လှစွာသော မိဖုရားကြီး ကောင်းပါပြီ၊ သင်သည် သမုဒ္ဒရာစောင့်နတ်တို့အထံ၌ ကြိုတင်မြော်မြင် ဆင်ခြင်ကောက်ယူပုံ (နိမိတ်)ကို ရပါလတ့်၊ သင်မိဖုရားကြီးသည် စိတ်အေးချမ်းသာစွာ နေပါလော့ဟု မိန့်တော်မူလျက်—မိမိ၏ ပုဏ္ဏမည်သော ပုရောဟိတ်ပုဏ္ဏားကို ရှေတော်သို့ ခေါ်စေ၍—

"အို ပုရောဟိတ်ပုဏ္ဏား သင်သည် ယနေ့ပင် သမုဒ္ဒရာသို့သွား၍ နတ်တို့အား ပူဇော်ပသလျက် ကျေနပ်နှစ်သက်ခြင်းကိုပြု၍ နတ်တို့ထံမှ ကြိုတင်သိမြင်ဆင်ခြင်ကောက်ယူပုံ (နိမိတ်)ကို ရှာမြင်ပါလော့ (နိမိတ်ဖတ်ပါလော)ဟုဆိုကာ စေလွှတ်လေ၏။

ပုဏ္ဏပုဏ္ဏားသည် သမုဒ္ဒရာ ကမ်းနားသို့သွားလျက် ကမ်းနား၌ ဗလိနတ်စာ ပူဇော်ပသခြင်းကိုပြု၍ ညဘက်တွင် နတ်တို့အား ကျေနပ်နှစ်သက်စေသည်တို့ကို ပြုလုပ်၏၊ ထိုအခါ သမုဒ္ဒရာစောင့်နတ်တို့သည် ကိုယ်ထင်ပြလျက် ထိုဗလိနတ်စာ ပူဇော်ရာသို့လာ၍ ပုဏ္ဏားအား ပြောကြား၏၊ "အို ပုဏ္ဏား သင်တို့ မိဖုရားကြီးသည် သောကကင်းဝေး ပူဆွေးကင်းပ ချမ်းသာရလျက် မိမိ၏ချစ်စွာသောသား သခ်ပတ္တနှင့် ပြန်လည် တွေ့ဆုံရလတ့်၊ နတ်တို့သည် ပန်းဗိမာန်ဖြင့် ထိုသခ်ပတ္တမင်းသားကို အကုံရမင်းကြီးထံ ပို့ဆောင်လတ့်၊ တဖန်အကုံရမင်းကြီးသည် ပေါတပုရမြို့သို့ ထိုမင်းသားကို ပို့ဆောင်လတ့်"ဟု သမုဒ္ဒရာစောင့်နတ်တို့က ကြိုတင် သိမြင်ဆင်ခြင်ကောက်ယူ၍ နိမိတ်စကား ပြောကြားကြကုန်၏။

ထိုသို့ ပြောကြားသောနတ်တို့စကားကို ကြား၍ ပုရောဟိတ်ပုဏ္ဏားသည် ထိုညဉ့်လွန်မြောက် မိုးလင်းသို့ ရောက်သောအခါ ယသမင်းကြီးထံ ထိုအကြောင်းကို လျှောက်ထား သံတော်ဦး တင်လေ၏၊ ထိုစကားကို ကြားလျှင် ယသမင်းကြီးသည် လွန်စွာ နှစ်သက် အားတက်သောစိတ်ရှိရကား ဤဂါထာကို ဆို၏။

၃၀။ ယဒါအဟံ ငါသည် ချစ်စွာသော သားတော် သခ်ပတ္တ၏ အကြောင်းခြင်းရာတို့ကို သိရတော့မည်၊ နတ်တို့ကို ပူဇော်ပသ

ခြင်းအမှုကို ပြုသဖြင့် ငါ၏ သောကတောင်ကြီး ပျက်စီးပြိုကွဲသွားချေပြီ၊ သောက ကင်းဝေး စိတ်အေးရပြီ။

ဤသို့ဆိုပြီးနောက် မင်းကြီးသည် ယသကိတ္တိဒေဝီ မိဖုရားကို ခေါ်စေ၍ "အို မိဖုရားကြီး သင်သည် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုနှင့်တော့၊ ငါတို့သား သခ်ပတ္တသည် အသက်ရှင်လျက် ရှိသတဲ့" ဟု ပြောကြား၏၊ ထိုအခါ မိဖုရားကြီးက "အရှင်မင်းကြီး သင်သည် အဘယ်ကဲ့သို့ ကျွန်ုပ်တို့၏ သား အသက်ရှင်နေကြောင်း သိပါသနည်း" ဟု မေးသောအခါ မင်းကြီးက "အရှင် မိဖုရားကြီး ကျွန်ုပ်သည် ပုဏ္ဏမည်သော ပုဏ္ဏားကို သမုဒ္ဒရာကမ်းနားသို့ စေလွှတ်၍ သမုဒ္ဒရာစောင့်နတ်တို့အား ဗလိနတ်စာ ပူဇော်စေပြီး မေးမြန်းခဲ့ရာ ထို သမုဒ္ဒရာစောင့်နတ်များသည် သမုဒ္ဒရာကမ်းနား ဗလိနတ်စာ ပူဇော်ရာသို့ လာလျက် မင်းကြီး၏သား သခ်ပတ္တသည် အသက်ရှင်လျက်ရှိသည်၊ မင်းကြီး ဘာမျှ မစိုးရိမ်ပါလင့်" ဟု ပုဏ္ဏားပုရောဟိတ်အား ပြောကြားကြပါသတဲ့ ဟု မိန့်တော်မူသောအခါ ထိုမင်း မိဖုရားနှစ်ဦးတို့သည် သားနှင့် ပတ်သက်သော သတင်းစကားတို့ကို ပြောကြားကြလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။

## ဝဒ္ဒဝါမုခပုဏ္ဏားရောက်လာခြင်း

ထိုအခါ သခ်ပတ္တ၏မိတ်ဆွေ ဝဒ္ဒဝါမုခမည်သော ပုဏ္ဏားသည်သမုဒ္ဒရာ အလယ်၌ လှိုင်းလေများ ရိုက်ခတ်လျက် ကူးမြောက်ရာမှ သမုဒ္ဒရာကမ်းသို့ ဆိုက်ရောက်လာပြီး လောမဒီပမြို့သို့ ရောက်လာလေ၏။ ထိုပုဏ္ဏားသည် ဥယျာဉ်တော်သို့ဝင်၍ ရေကန်၌ ရေချိုးပြီးနောက် သစ်သီးကြီးငယ်တို့ကို ဝမ်းပြည့်အောင်စားလျက် မင်္ဂလာကျောက်ဖျာထက်၌ အိပ်စက်နေလေ၏၊ ဥယျာဉ်စောင့်ဘည် ဥယျာဉ်တော်ကို လှည့်လည် ကြည့်ရှုသော အခါ အိပ်ပျော်နေသော ဝဒ္ဒဝါမုခပုဏ္ဏားကိုတွေ့သဖြင့် အိပ်ရာမှ နှိုးစေလျက် အို ပုဏ္ဏား သင်ဤနေရာ၌လာ၍ အိပ်နေပါသလားဟု ဥယျာဉ်စောင့်က မေးသောအခါ ထိုပုဏ္ဏားက မိမိ၏အမည်ကိုပြောကြားကာ အိုဥယျာဉ်စောင့်၊ သခ်ပတ္တမင်းသား၏မိတ်ဆွေ ဝဒ္ဒဝါမုခဆိုတာ ကျွန်ုပ်ပါဘဲ"ဟု

ဥယျာဉ်စောင့်အားပြောကြားရာ ယခု သင်္ခပတ္တမင်းသားအဘယ်မှာနည်းဟု သိလိုဇောဖြင့်မေးလျှင် အို ဥယျာဉ်စောင့် သင်္ခပတ္တမင်းသားသည်သမုဒ္ဒရာ၌ နစ်မြုပ်လေ၏ဟု ဝဒ၀ါမုခပုဏ္ဏားက ပြောကြားလေ၏။

ထိုစကားကို ကြားသောအခါ ဥယျာဉ်စောင့်က "သင်္ခပတ္တမင်းသား သည် ငါတို့မင်းကြီး၏တူတော်ဖြစ်သည်၊ ယခုအခါ ငါတို့တွေ့မြင်ရတော့ မည်မဟုတ်"ဟုငိုကြွေးလျက် ပုဏ္ဏားအားခေါ်၍ဘုရင်မင်းထံသွားလေ၏။ ဝဒ၀ါမုခပုဏ္ဏားကိုတွေ့သဖြင့် အင်္ကုရမင်းကြီးက "အို ပုဏ္ဏား သင်္ခပတ္တ အကြောင်း ပြောပြစမ်းပါဟုဆိုရာ အရှင်မင်းကြီး သမုဒ္ဒရာအလယ်၌ လှေပျက်သောကြောင့် သင်္ခပတ္တသည် သမုဒ္ဒရာရေ၌ နစ်မြုပ်ပါသည်ဟု ပုဏ္ဏားက လျှောက်ထားသောအခါ မင်းမိဖုရားနှင့် အမတ်စသော အခြွေ အရံအားလုံး ယူကြုံးမရ သောကပူဆွေးငိုကြွေးကြကုန်၏။ အနည်းငယ်မျှ ကြာသောအခါ အင်္ကုရမင်းကြီးသည် အနက်ဒေဝီမိဖုရားကြီးကို ဖျောင်းဖျ လျက် "ချစ်လှစွာသောမိဖုရားကြီး ကံကြမ္မာဝိပါက်မှလွတ်မြောက်သောသူ ဟူ၍ လောကမှာမရှိပါ၊ စင်စစ်သော်ကား ထိုကဲ့သို့သော ဘုန်းကံပညာ လက္ခဏာနှင့်ပြည့်စုံသောသူအား အခါမဟုတ် သေချိန်မရောက်ဘဲ သေရ ခြင်းမျိုးမဖြစ်နိုင်ပါ၊ သင်မိဖုရားကြီး မည်သို့မျှ စိုးရိမ်တော်မမူပါလင့်"ဟု ပြောဆိုကာ ဤဂါထာကိုဆိုလေ၏။

၃၁။ မိဖုရားကြီး မိကောင်းဖခင်တို့မှ ကောင်းစွာမွေးဖွားလျက် အကျင့် သီလနှင့်ပြည့်စုံပြီး တရားစောင့်ခြင်း, သစ္စာစကားကိုသာပြော ကြားခြင်းတို့ကို ပြုလုပ်လေ့ရှိသောသူကို သမုဒ္ဒရာ၌ရှိသောနတ်တို့ သည် စောင့်ရှောက်ကြပါကုန်၏။

ထိုသို့ ပြောဆိုပြီးလျှင် အင်္ကုရ မင်းကြီးသည် ဝဒ၀ါမုခ ပုဏ္ဏားအား ကျွေးမွေးပြုစုပြီးနောက် "အို ဝဒ၀ါမုခ ပုဏ္ဏား၊ သင်၏အရှင်သခင် ယသမင်းကြီး၏ နန်းတော်သည်လည်း ငါ၏ နန်းတော်နှင့် အတူတူပင် ဖြစ်သည်၊ သို့ဖြစ်၍ သင်သည် ငါ၏ထံ၌ပင်နေပါလော့ဟု ဆို၏။ ထိုစကား ကြားသောအခါ ဝဒ၀ါမုခပုဏ္ဏားက အင်္ကုရမင်းကြီးအား "အို အရှင် မင်းကြီး၊ ကျွန်တော်မျိုးသည် သင်မင်းကြီး ထံ၌ပင် ချမ်းသာစွာနေပါအံ့

ဟု ဆိုပြီးနောက် ဘုရားလောင်းကို အောက်မေ့သတိရ လွန်းဆွတ်သဖြင့် မျက်ရည်စို့ရွဲ ငိုပွဲဆင်ပြီးမှ နေ့ရာမှထကာ ချမ်းသာစွာနေလေ၏။

**မင်းသမီးနှင့် ကျွန် မတို့ အပြန်အလှန်ပြောခဏ်း**

ထိုအခါ အင်္ဂရမင်းကြီး၏ သမီးတော် ရတနဝတီဒေဝီသည် သခ်ပတ္တ မင်းသား သမုဒ္ဒရာ၌ နစ်မြုပ်ကြောင်းကို ကြားရသဖြင့် စိယ်မချမ်းသာ ရကား ဖလဝိကာကျွန်မက ယတ်ခတ်ပေးနေ့စဉ် သက်ပြင်းချ၍နေဘိ၏။ ဖလဝိကာကျွန်မက ရတနဒေဝီ မင်းသမီးအား "အရှင်သခင်မ၊ မစိုးရိမ် ပါလင့်၊ မိမိကိုယ်ကိုလည်း ပူလောင်ထန်ပြင်း မညှဉ်းဆဲပါလင့်ဟု ဆို၏။ ထိုအခါ ရတနာဒေဝီမင်းသမီးက အို ဖလဝိကာ၊ ငါသည်ယခုအခါ မိမိ ကိုယ်ကိုမိမိ မထိန်းနိုင် မသိမ်းနိုင် ဗျာလှိုင်ပူဆွေး စိတ်မအေးဖြစ်နေပါ၏ဟု ဆိုလေရာ—

ဖလဝိကာက အို အရှင်သခင်မ၊ သင်သည် ပုလဲသွယ်များကို ဆင်မြန်း နေပါလျက် နီမြန်သောစန္ဒကူးနံ့ သင်းပျံ့မွှေးကြိုင် လှိုင်လှိုင်ခြယ်သ လိမ်းကျံနေရပါလျက်အဘယ့်ကြောင့် စိုးရိမ်ခြင်းဖြစ်ပါသနည်းဟုမေးလျှင်၊

"အို ဖလဝိကာ၊ သင်ပြောသောစကားသည် မှန်ပါသည် သို့ရာတွင် သင်သည် အသဲနှလုံးအကြောင်းကို သင်ကိုယ်တွေ့ မကြုံသဖြင့် သင်မသိ သေးပါ၊ ငါသည် သခ်ပတ္တမင်းသာကို မမြင်တွေ့ရသဖြင့် ငါ့နှလုံးသား ကွဲလုမတတ် စိတ်ဆင်းရဲလှပါ၏၊ ယခု ငါခံစားနေရသော ဒုက္ခကို ပုလဲ သွယ်များ ဆင်မြန်းရခြင်း၊ စန္ဒကူးနံ့သာအဖြာဖြာကို လိမ်းကျံရခြင်း ဟူသော ချမ်းသာသုခများက ပြေပျောက်စေနိုင်မည် မဟုတ်ပါ၊ ငါ့ရဲ့ ခံစားနေရသော ဆင်းရဲဒုက္ခကို ငြိမ်းစေနိုင်သောဆေးကား ချစ်လှစွာ သောသခ်ပတ္တကို တွေ့မြင်ရခြင်းဟူသော ဆေးသာဖြစ်ပါသည်၊ ထိုဆေး ကိုကား မည်သူမျှမသိကြပါဟု ဆိုလေ၏။ ထိုအခါ ဖလဝိကာကျွန်မက ပြောသည်မှာ—

ဖလဝိကာ။ ။အို အရှင်သခင်မ ဒီလိုဆိုလျှင် ရွှေပြား၌ သခ်ပတ္တမင်းသား၏ ရုပ်ပုံကို မမြင်ရပါသလော။

ရတနဝတီဒေဝီ။ ။အို ဖလဝိကာ သင် စကားသည် သင့်မြတ် ကောင်းမွန်ပါ၏ ဟု ဆို၍ ထိုမင်းသမီးသည် ရွှေပြားကို ယူ၍ မိမိရွှေဒ္ဓထားလျက် ရွှေပြား၌ မင်းသား၏ ရုပ်ကို ကြည့်ရန် အားထုတ်၏၊ မင်းသား၏ ရုပ်ပုံကို မြင်ရသောအခါ ငိုကြွေးလေ၏။

ဖလဝိကာ။ ။အို အရှင်သခင်မ အဘယ့်ကြောင့် ငိုပါသနည်း၊ မင်းသား၏ ရုပ်ပုံကို မမြင်ပါ သလော။

ရတနဝတီ။ ။အို ဖလဝိကာ–မိန်းမတို့ မည်သည်မှာ ဘုန်းကံ နည်းပါးလှပါ၏၊ အသုံးအဆောင် တို့ကိုလည်း ရခဲလှပါ၏။

ဖလဝိကာ။ ။အို အရှင်မ သင် ဤသို့ မပြောပါလင့်၊ သင်သည် ဘုန်းကံရှိသောကြောင့် စည်းစိမ်ချမ်းသာ ကြွယ်ဝသော မင်းမျိုး၌ ဖြစ်ရိုသာမက ဘုရင်မင်းမြတ်၏သမီးတော်ပင်ဖြစ်ရသည်မဟုတ်ပါလား။

ရတနဝတီ။ ။အို ဖလဝိကာ ငါဟာ ဘုန်းကံရှိသူ ဖြစ်ပါလျှင် အဘယ့်ကြောင့် ငါ၏ အရှင်ကို မတွေ့ရပါ သနည်း၊ ငါ့ရဲ့အရှင် ထိုသခ်ပတ္တ မင်းသားသည် ငါ့ကို မတွေ့မြင်ရဘဲ သမုဒ္ဒရာ၌ သေခြင်းသို့ ရောက်ခဲ့၏၊ ယခုအခါ ငါသည် မုဆိုးမအဖြစ် ရောက်လေပြီ။

ဖလဝိကာ။ ။အို အရှင်သခင်မ သင်နှင့် ထိုမင်းသား ဘယ်လိုတော်စပ်လို့လဲ သင့်ဘခင် ဘုရင်ကြီးက ထိမ်းမြားလက်ထပ် ပေးစားပြီးပြီလား သင် ဘယ်လို မုဆိုးမ ဖြစ်ရတာလဲ။

ရတနဒေဝီ။ ။ငါတို့ဘခင် ဘုရင်ကြီးက ငါ့ကို မင်းသားအား ပေးပြီးပြီ။

ဖလဝိကာ။ ။ဘယ်တုန်းက သင့်ဘခင်က သင့်ကို မင်းသားအား ပေးခဲ့ပါသလဲ။

ရတနဝတီ။ ။ယသမင်းကြီး၏ သား သခ်ပတ္တမင်းသားအား ငါ့သမီးတော်ကို ပေးအံ့ ဟူသော ပဋိညာဉ်ဝန်ခံ စကားကို ရှေးက ငါ၏ဘခင် မင်းကြီးက ပြုခဲ့ပါ၏။

ဖလဝိကာ။ ။အို ရှင်မ သင်သည် သခ်ပတ္တမင်းသားအား ငါ့သမီးတော်ကို ပေးအံ့ဟူသော ပဋိညာဉ်စကားကို အဟုတ်မှတ်၍ ပြောဆို နေဘိ၏၊

တရားဝင် အသေအချာ ပိုင်နိုင်အောင် ပေးမှ ပေးသည်ဟု ဆိုရပါသည်။

ဖလဝိကာ၏ စကားကို ကြားသောအခါ ရတနဒေဝီ မင်းသမီးသည် မင်းတို့ ထုံးတမ်းစဉ်လာ သဘာဝကို ပြောပြလိုရကား ဤဂါထာကို ဆို၏။

၃၂။ မင်းတို့သည် တခွန်းတည်းသော စကား တကြိမ်တည်းသော စကားကိုသာ ဆိုသကဲ့သို့ ပုဏ္ဏား, အမျိုးသမီးတို့ သည်လည်း တခွန်းတည်းသော စကား တကြိမ်တည်းသော စကားကိုသာ ဆိုပါ၏၊ ဤသည်ကား ရှေး လူကြီးသူမများ၏ သဘောတံတွာ ဓမ္မတာဖြစ်ပါသည်။

ဖလဝိကာ။ ။အို အရှင်သခင်မ သင့်ကို ထိုသခ်ပတ္တ မင်းသားအား ဤသို့ ပေးခဲ့သည်ဘဲ ထားပါတော့၊ သင်သည် ထိုမင်းသားနှင့် အတူတကွ တွေ့ဆုံ ပေါင်းသင်း ဆက်ဆံခြင်း ရှိခဲ့ပါသလား။

ရတနဒေဝီ။ ။ထိုမင်းသားနှင့် အတူယှဉ်တွဲ၍ ပေါင်းသင်း ဆက်ဆံခြင်း ရှိခဲ့ပါသည်။

ဖလဝိကာ။ ။ဘယ်တုန်းက ဘယ်နေရာမှာ ထိုမင်းသားနှင့် အတူတကွ တွေ့ဆုံပေါင်းသင်း ဆက်ဆံခြင်း ရှိခဲ့ပါသနည်း။

ရတနဒေဝီ။ ။အိပ်မက်ထဲမှာ တွေ့ဆုံပေါင်းသင်းဆက်ဆံခြင်း ရှိခဲ့ပါသည်။

ဖလဝိကာ။ ။အို အရှင်သခင်မ သင်သည် ထိုမင်းသားကို ချစ်ခင်မြတ်နိုးသဖြင့် ကျွန်မ၏ ဆုံးမဩဝါဒကို မေ့လျော့ နေဘိ၏။

ဤစကားကို ကြား၍ ရတနဒေဝီမင်းသမီးသည် ဤကျွန်မသည် ငါ့ကို ဆုံးမစကား ပြောကြားဘိ၏ဟု ကြံ၍-

ရတနဒေဝီ။ ။အို ဖလဝိကာ ငါ၏ နှလုံးသားများ ပူလောင်လှသည်၊ ပဒုမာကြာအိုင်သို့ သွား၍ ကြာစွယ်ကြာရင်းတို့ကို ယူ၍ လာပါလော့။

ဖလဝိကာ။ ။အို ရှင်မ ကျွန်မသည် သခင်မကို တယောက်ထည်း ထားခဲ့ပြီး စွန့်ခွာသွားရပါမည်လား။

ရတနဒေဝီ။ ။သခ်ပတ္တ မင်းသားသည် ငါ၏အဖော်အဖြစ် ရှိပါလိမ့်မည်၊ သင်သည် မကြာခင် ပြန်လာပါလော့။

ထိုအခါ ဖလဝိကာ ကျွန်မသည် နေရာမှ ထ၍ ထွက်ခွါ သွားလေ၏။

## မင်းသမီး ကြိုးဆွဲချရန်ကြံသည်ကို အထိန်းတော် ဝိဇယာမြင်၍ တားမြစ်ရခြင်း

ထိုအခါ ရတနဝတီမင်းသမီးသည် ရွှေပြား၌ ဘုရားလောင်း သခ်ပတ္တ၏ ရုပ်ပုံကိုမြင်၍ မျက်ရည်ဖြင့်ပြည့်သော မျက်လုံးတို့ဖြင့် "အရှင်မင်းသား ကျွန်ုပ်မှာ ဘယ်လိုအပြစ်ရှိ၍ စကားမပြောပါသလဲ၊ ယခုအခါ သင် မင်းသားသည် သမုဒ္ဒရာ၌ နတ်သမီးများနှင့် ပျော်ပါးမွေ့လျော် နေတော်မူ၍ ကျွန်ုပ်ထံသို့ မလာခြင်း ဖြစ်ပါသလား၊ ကျွန်ုပ်အတွက် သင်မင်းသားမှာ သမုဒ္ဒရာ၌ ဒုက္ခခံစားနေရသလို ကျွန်ုပ်မှာ သင့်ကိုမှန်းဆလျက် တမ်းတ ပူဆွေး တနေ့မှ စိတ်မအေးရသည်ကို သင်မသိပါသလော၊ သင်နှင့် ကင်းကွာပြီး ကျွန်ုပ်မှာ အသက်ရှင်နေ၍ ဘာအကျိုးရှိမှာလဲ၊ သင့်အတွက် ကျွန်ုပ်၏အသက်ကို ယခုစွန့်လွှတ်ပါအံ့ ဟု ရွှေပြားပေါ်၌ ပေါ်ထင် နေသော ဘုရားလောင်း၏ ရုပ်သွင်ကိုကြည့်၍ ပြောဆိုပြီးလျှင် အပေါ်ရုံ အဝတ်ဖြင့် ကျော့ကွင်း (ကြိုးကွင်း) ပြု၍ တိုင်ဝကြိုးကိုချီလျက် အရှင်မင်းသား သင့်အားပန်ကြားပါ၏၊ ဤသို့ အသက်ကို စွန့်လွှတ်ရခြင်းကြောင့် နောက်ဘဝ၌ သင်၏ထံပါး ခစားလုပ်ကျွေး ချစ်လှစွာသော မယားကလေး ဖြစ်ရပါလို၏ ဟု ဆိုလေ၏၊

ရတနဒေဝီမင်းသမီး ဤသို့ပြုမူလုပ်ကိုင်နေသည်ကို ဝိဇယာမည်သော အထိန်းတော်သည် တံခါးပြင်ပမှမြင်ရာ မပြောဝံ့၍ ရပ်ကြည့်နေလေ၏၊ ရတနဒေဝီသည် တံခါးအနီး၌ ကျော့ကွင်း (ကြိုးကွင်း)ကို ကိုင်ကာ- "ငါ၏အသည်းနှလုံးတို့ သင်တို့ဘဝမှ မကြောက်ကြလင့်၊ သင်သည် သင့်ကိုယ်ခန္ဓာကိုပြောင်းလဲ၍ (ခန္ဓာကိုယ်၊အသွင်တမျိုးပြောင်းလဲ၍) နောက်ဘဝ၌ မင်းသားနှင့်အတူ ပေါင်းရလတံ့ ဟု ဆိုလျက် မိမိလည်ပင်းကို ကြိုးကွင်း၌သွင်းရန်အားထုတ်၏၊ ထိုအခိုက်တွင် ဝိဇယာအထိန်းတော်သည် ကဗျာကယာပြေးလာ၍ သူမ၏ လက်နှစ်ဖက်တို့ဖြင့် ရတနာဒေဝီမင်းသမီးကို ဖမ်းချုပ်အုပ်ကိုင်၍-

ဝိဇယာအထိန်းတော်။ ။အို အရှင်မ သင်ကဲ့သို့သော အလုပ်ကို လုပ်ရန် မသင့်ပေ ါ၊ ဤအလုပ်မျိုးသည် မကောင်းသော အလုပ်ဖြစ်ပါသည်။

ရတနာဒေဝီ။ ။အို အထိန်းတော် ယခုငါလုပ်သော အလုပ်သည် ဘာလို မသင့်တော်တဲ့အလုပ်ဖြစ်ရမှာလဲ၊ မင်းသားသခ်ပတ္တဟာ ငါ့ကိုလို ချင်လို ငါ့အတွက်သူ အခုအသက်စွန့်သွားသလို ငါကလဲ သူ့ကို လိုချင်လိုသူ့မယားဖြစ်ဘို့အတွက် ငါ့အသက်ကို စွန့်ရမှာပေါ့။

အထိန်းတော်။ ။အို အရှင်မ အခု သင့်ခန္ဓာကိုယ် အသွင်ပြောင်းသဖြင့် ဘယ်လိုဖြစ်လာမှာလဲ။

ရတနာဒေဝီ။ ။အို အထိန်းတော် ကိုယ်ခန္ဓာအသွင်ပြောင်းလျှင် နောက် ဘဝ၌ သခ်ပတ္တမင်းသားနှင့်အတူပေါင်းရမှာပေါ့။

အထိန်းတော်။ ။ဒီလိုဟာ ဒီလိုစကားမျိုးကို တခါမှ မကြားဘူးပါဟု ဆိုလျက် မင်းသမီးကို ဆုံးမဩဝါဒပေးရန် ဤဂါထာကို ဆို၏။

၃၃။ အိုအရှင်မ—အကြင်မိန်းမသည် အကြင် ယောကျ်ားနှင့်အတူတကွ အမြဲတန်း ကုသိုလ်ကောင်းမှုကို ပြု၏၊ ထိုမိန်းမသည် ထို ယောကျ်ားနှင့် ချစ်ခင်စွာ ပေါင်းသင်းရခြင်းကို နောက်ဘဝ၌ ရပါလတ့်။

ဤစကားကို ကြားသောအခါ ရတနာဒေဝီမင်းသမီးသည် သဘော ပေါက်သွားပြီး "အို အထိန်းတော်ကြီး သင်ပြောသလိုသာ ပြုပါတော့ အံ့"ဟု ဆိုလေ၏။ထိုအခါ ဖလဝိကား ကျွန်မသည် ပဒုမာရေကန်မှ ကြာ စွယ် ကြာရင်းတို့ကို ယူ၍ ရတနဒေဝီထံလ ာရာ အထိန်းတော် ဝိဇယာက ကျွန်မအား မင်းသမီးကို တယောက်တည်း ပစ်ထားခဲ့ပြီး သွားသဖြင့် ကျိန်းမောင်း မာန်မဲပြောဆို သောအခါ မင်းသမီးက ကျွန်မဖလဝိကာ၌ အပြစ်မရှိပါ၊ သူမက စေခိုင်းသဖြင့် သွားခြင်းဖြစ်ကြောင်း ရှင်းပြ၏၊ ထိုအခါမှစ၍ ရတနဒေဝီမင်းသမီးသည် ဘုရားလောင်းကို ရည်စူး၍ အလှူ ပေးခြင်း ငါးပါးသီလ ရှစ်ပါးသီလ စောင့်သုံးခြင်းတို့ကို ပြုလေ၏။

## ဘုရားလောင်း သမုဒ္ဒရာကမ်းပါးသို့ရောက်ခြင်း

ထိုအခါ ဘုရားလောင်းသည် သမုဒ္ဒရာရေပြင်အလယ်၌ ရေနစ်မျော နေသောလူအပေါင်းအား မိမိရရှိသော ပျဉ်ချပ်တို့ကို ပေးခြင်းအားဖြင့်

ငါးလိပ်တို့၏အစာအဖြစ်မှလူတို့ကိုလွတ်မြောက်စေလျက် "ငါသည် မွန်မြတ်သောအလုပ်ကိုပြုလုပ်ရပြီ" ဟုဆင်ခြင်၍သမုဒ္ဒရာဆားငန်ရေတို့ဖြင့်ခံတွင်းကိုဆေးကြောလျက် မိမိသည် ရှစ်ပါးသီလကိုဆောက်တည်ကာ မိမိလက်ရုံးအားဖြင့် သမုဒ္ဒရာကိုကူးဖြတ်ရာ ၇-ရက်မြောက်သောနေ့၌ လောမဒီပကမ်းခြေသို့ ဆိုက်ရောက်လေ၏။ ညဘက်တွင် သမုဒ္ဒရာမှတက်၍ အဝတ်တထည်ကိုဝတ်ပြီး တထည်ကိုခြုံကာ သစ်ပင်ရိပ်၌နေပြီးလျှင် ကိုယ်နှင့်လက်ခြေတို့ကိုသုတ်သင်ပြီး အပန်းဖြေလျက် သမုဒ္ဒရာကမ်းနားရှိသဲသောင်ပြင်၌စင်္ကြံလျှောက်လျက်-"ငါသည် ကျေးဇူးကြီးလှ မိနှင့်ဘကို စွန့်ခွါ၍မိန်းမနှင့် မင်းစည်းစိမ်အတွက် ထွက်ခွါခဲ့၍ ယခု ဤနေရာသို့ရောက်ခဲ့ပြီငါသည်ကား မိဘကျေးဇူးကို မသိရာကျ၏" ဟု အောက်မေ့ ဆင်ခြင်လျက်ဤဂါထာတို့ကိုဆို၏။

၃၄-၃၉။ ငါ၏မိခင်သည် ငါ့ကို သမုဒ္ဒရာ၌ နစ်မြုပ်သည်ဟုသိလျှင်သားအတွက် စိုးရိမ်ခြင်းဖြင့် နှစ်လရှည်ကြာ စိုးရိမ်ပူဆွေးရှာလတံ့၊ သားပျောက်သောနွားမကဲ့သို့ သားနှင့်ကွေကွင်းသဖြင့် ပူဆွေးခြင်းဖြစ်ပေလတံ့၊ ဘခင်သည်လည်း ငါ့ကို သမုဒ္ဒရာ၌နစ်မြုပ်သည်ဟုသိလျှင် နှစ်လရှည်ကြာ စိုးရိမ်ရှာလတံ့၊ သားပျောက်သော ဆင်ပြောင်ကြီးကဲ့သို့ သားအတွက် ရတက်မအေးဘဲ ပူဆွေးခြင်းဖြစ်လတံ့၊ ငါ့မိဘနှစ်ပါးတို့သည်ကြေကွဲသောနှလုံးရှိလျက် ယူကြုံးမရ အထီးကျန်ဘဝ ရောက်ရချေပြီ၊ ငါသည် ရှေးကပြုခဲ့သော နည်းမျှားမဆို ကုသိုလ်ဒါနတို့၏ တန်ခိုးအာနုဘော်ကြောင့် ငါ၏ မိဘနှစ်ပါးသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ဤသို့ဆိုလျက် ဘုရားလောင်းသည် ထိုနေရာ၌ ထိုင်နေလေ၏၊ ထိုနေရာသည် လပြည့်နေ့ဖြစ်၍ ထိုအချိန်သည် နေဝင်၍ လထွက်သောအချိန်ဖြစ်၏၊ ထိုအခါ ဒုတဝိတက္ကပုဏ္ဏားသည် ငွေအသပြာတထောင် ကြွေးတင်သဖြင့် ကြွေးရှင်တို့က တောင်းသောအခါ မပေးနိုင်သောကြောင့် စိတ်ညစ်ရကား မိမိကိုယ်ကို သတ်သေရန်အတွက် ညဉ့်အခါ မြို့မှထွက်၍တောသို့ဝင်ကာ ကြိုးကွင်းကိုယူ၍ ဘုရားလောင်းနှင့် မနီး မဝေးသို့ရောက်သောအခါ သစ်ပင်ပေါ်သို့ တက်၍ သစ်ကိုင်း၌ ကြိုးကိုချည်၍

ထိုကြိုးကွင်း၌ မိမိလည်ပင်းကို ဖွဲ့ချည်ရန် အားထုတ် နေ၏၊ ထိုအခြင်းအရာကို မနီးမဝေးမှ ဘုရားလောင်းမြင်သောအခါ ထိုပုဏ္ဏားအား သနားသဖြင့် တားမြစ်လျက် ထိုပုဏ္ဏားနှင့် စကားပြောလိုရကား ဤဂါထာကို ဆို၏။

၄၀။ လူ့ဘဝသည် ရခဲလှ၏၊ လူ့ဘဝမရောက်သေးသောသူတို့က လူဖြစ်ရန် တောင့်တကြပါ၏၊ ကုသိုလ်ကောင်းမှုရှိသူတို့သာ လူ့ဘဝကို ရပါလျက် သင့်အား အဘယ့်ကြောင့် သေခြင်းကို အလိုရှိ၍ သေရန် အားထုတ်ရပါသနည်း။

ထိုစကားကိုကြား၍ ပုဏ္ဏားသည် လဲ၏အရောင်ဖြင့် ဘုရားလောင်းကို တွေ့သောအခါ ဤလူကား ယုတ်ညံ့သော သာမန်လူ မဟုတ်တန်ရာ ငါ၏ ဆင်းရဲဒုက္ခကို လွတ်ကင်းအောင် 'စွမ်းဆောင်နိုင်သူဖြစ်လတံ့၊ ယခုငါသည် ထိုသူထံသွားအံ့ဟု ကြံလျက် ကြိုးကွင်းများကို လွှင့်ပစ်လျက် သစ်ပင်မှဆင်း၍ ဘုရားလောင်းထံ သွားကာ အကျိုးအကြောင်းကို ပြောပြလေ၏၊ ဒုတဝိတက္က ပုဏ္ဏား၏စကားကို ကြားသောအခါ ဘုရားလောင်းသည် သနားခြင်းကရုဏာ ဖြစ်သောကြောင့် မိမိလက်မှ ရတနာလက်စွပ်တကွင်းကို ပေးလိုက်ပြီးနောက် "အဆွေပုဏ္ဏား၊ ဤရတနာလက်စွပ်ဖြင့် သင်၏ကြွေးများကို ဆပ်၍ သားမယားများကို ကျွေးမွေးလျက် အသက်မွေးဝမ်းကျောင်း အမှုကို ပြုပါလော့၊ သင်သည်ချမ်းသာစွာသွားပါလော့"ဟု ဆိုလျက် ဆုတောင်းခြင်းကို ပြုလိုရကား ဤဂါထာကို ဆို၏။

၄၁။ ငါသည် ဤရတနာလက်စွပ်ကို ပေးလှူရသော ကုသိုလ်ဒါနကြောင့် မယုတ်ညံ့သော စိတ်အကြံရှိသည် ဖြစ်ရပါလို၏၊ ယခုကဲ့သို့ ကောင်းစွာ ပေးလှူအပ်သောငါ၏ အလှူဒါနသည် နောင်အခါ၌ ဗောဓိဉာဏ် အတွက်ဖြစ်ပါစေ—

ဒုတဝိတက္ကပုဏ္ဏား။ ။အို မိတ်ဆွေ၊ သင်သည် အဘယ်အရပ်မှ လာပါသနည်း။

သင်္ခပတ္တမင်းသား။ ။အို ပုဏ္ဏား၊ သမုဒ္ဒရာမှတက်၍ ဤအရပ်သို့ လာပါသည်။

ပုဏ္ဏား။ ။အို မိတ်ဆွေ၊ သင်ပင်ပန်းခြင်းကို ဖြေဖျောက်ရန်နှင့် ချမ်းသာစွာအိပ်ရန်အတွက် ငါ၏ရင်ခွင်ထက်၌ အိပ်ပါလော့။

ပုဏ္ဏား၏စကားကို ကြားသောအခါ ဘုရားလောင်းသည် "ယခုငါသည် ရတနာလက်စွပ်ကို ပေးလှူခြင်းဖြင့် ဤသူအား ကျေးဇူးပြုလိုက်ပြီ၊ ဤပုဏ္ဏားသည် ငါ၏အကျိုးမဲ့ကို ပြုလိမ့်မည်မဟုတ်ချေဟု ကြံစည်ကာ ပုဏ္ဏား၏ရင်ခွင်၌ အိပ်လေ၏။ ထိုအခါ ပုဏ္ဏားသည် မိမိရင်ခွင်၌ အိပ်နေသောဘုရားလောင်းကိုကြည့်၍ ကြံစည်သည်မှာ "ယခုအခါငါသည်အဘယ်နည်းဖြင့် ဤသူ၏နောက်ထပ် လက်စွပ်တကွင်းတို့ ရအောင်ပြုရပါအံ့နည်း၊ ရနိုင်သောနည်းလမ်း တခုတော့ရှိသည်၊ ငါသည် ဤသူ၏ မျက်စိနှလုံးကို ထုတ်ယူ၍ နောက်ထပ်လက်စွပ် တကွင်းကိုယူကာ ချမ်းသာစွာသွားအံ့ဟု ကြံစည်လေ၏။ ထိုခဏ၌ ပုဏ္ဏားသည် မိမိ၏လက်နှစ်ချောင်းဖြင့် ဘုရားလောင်း၏မျက်လုံးနှစ်လုံးကို တအားနှိုက်ယူ ဆွဲထုတ်လေ၏။ ထိုအခါ ဘုရားလောင်းသည် နာကျင်သဖြင့် မိမိ၏လက်နှစ်ဖက်ဖြင့် ပုဏ္ဏား၏လက်ကို ဖမ်းဆွဲကိုင်လိုက်၏၊ ဘုရားလောင်း ဆင်ပြောင်ကြီးကဲ့သို့ ခွန်အားအစွမ်းနှင့် ပြည့်စုံသူ ဖြစ်၏၊ ကြံကြိတ်စက်ထဲက ကြံပမာ ဘုရားလောင်းက ဆွဲယူဖမ်းကိုင်လိုက်သောအခါ ပုဏ္ဏားသည် သေဘေးမှ ကြောက်ရွံ့ရကား မိမိအား အသက်ချမ်းသာပေးပါရန် တောင်းပန်လိုသဖြင့် ဤဂါထာကိုဆို၏။

၄၂။ ပညာမဲ့၍ ပြစ်မှားမိသော ကျွန်ုပ်ကို သနားသဖြင့် ချမ်းသာပေးစောင့်ရှောက်တော်မူပါ၊ ကျွန်ုပ်၏ဆင်းရဲဒုက္ခကို သနားသောအားဖြင့် ကျွန်ုပ်အားလွှတ်ပါ၊ သင်သည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါ၏၊ ကျွန်ုပ်၏အသက်ကို ချမ်းသာပေးတော်မူပါ။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "အို မိတ်ဆွေ၊ သင်မစိုးရိမ်ပါလင့်"ဟု ဆို၍ ပုဏ္ဏားကို ဖျောင်းဖျ ပြောဆိုလိုရကား ဤဂါထာကိုဆို၏။

၄၃။ အို ပုဏ္ဏား၊ သင့်အပေါ်၌ အမျက်ဒေါသမဖြစ်ပါ၊ သူတော်ကောင်းတို့၏တရား၌ ဒေါသသည် ဖျက်ဆီးအပ်သူဟူ၍မရှိပါ၊ နေဝန်းရောင်သည် အမိုက်မှောင်ကို ပယ်ဖျောက်သကဲ့သို့ ကျွန်ုပ်သည် သင့်အား ခွင့်လွှတ်ပါ၏။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် ပုဏ္ဏားကို လွှတ်လိုက်ပြီး "အို ပုဏ္ဏား၊ အဘယ့်ကြောင့်ကျွန်ုပ်ကို ဆင်းရဲဒုက္ခဖြစ်အောင် သင်ပြုလုပ်ပါသနည်း" မေးသောအခါ ပုဏ္ဏားက အို မိတ်ဆွေ၊ ကျွန်ုပ်သည် နောက်ထပ်လက်စွပ်တကွင်းကို အလိုရှိသောကြောင့် ဤသို့ပြုပါသည်ဟု ဖြေလေ၏၊ ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ငါ၏အလှူပေးရန် အကြံသည် အထမြောက်ပြီး ဤပုဏ္ဏားအား ရှေးဦးစွာလက်စွပ်ကို ငါသည်ပေးခဲ့၏၊ ယခုတခါ ပုဏ္ဏားသည် နောက်ထပ် လက်စွပ်တကွင်းကို အလိုရှိ၏ဟု ဆိုလာသည်၊ ဤပုဏ္ဏား၏ စိတ်အလိုဆန္ဒကို ပြည့်စေအံ့ဟု ကြံစည်ကာ ဤဂါထာတို့ကို ဆို၏။

၄၄-၄၇။ အို ပုဏ္ဏား သင်သည် ကျွန်ုပ်၏ဦးခေါင်းကိုဖြစ်စေ အသွေးအသားကိုဖြစ်စေ အသည်းနှလုံးကို ဖြစ်စေ ကိုယ်လက်အင်္ဂါကို ဖြစ်စေ တောင်းခံလာငြားအံ့၊ ကျွန်ုပ်သည် သင်တောင်းသည့် အရာအားလုံးကို ပေးမည်သာဖြစ်ပါ၏၊ အို ပုဏ္ဏား ကျွန်ုပ်သည် စိတ်မှုရင်း ကိုယ်လက်အင်္ဂါမှုရင်း တုန်လှုပ်ခြင်းမရှိပါ၊ ကျွန်ုပ်သည် ပေးလှူခြင်းဒါနကို ချစ်မြတ်နိုးလှပါ၏၊ အလှူပေးခြင်း၌လည်း မွေ့လျော်ပျော်ပိုက်ပါ၏၊ အို ပုဏ္ဏား သင်အလိုရှိသောအရာကိုတောင်းပါ၊ ကျွန်ုပ်ပေးလှူပါအံ့၊ ဗောဓိဉာဏ်အတွက် ဒါနကိုပြုရန် ကျွန်ုပ် တောင့်တလိုလားနေပါ၏၊ ကျွန်ုပ်သည် သင်၏ အလိုဆန္ဒကို ပြည့်စေပါအံ့၊ ကျွန်ုပ်ထံမှ သင်အလိုရှိသော လက်စွပ်ကို ယူပါလော့။

ဤသို့ဆိုပြီးလျှင် ဘုရားလောင်းသည် နာကျင်ခြင်းဝေဒနာကို ပယ်ဖျောက်လျက် ပုဏ္ဏားအား ရတနာလက်စွပ်တကွင်းကို ပေးလှူ၏၊ ထိုအခါ ပုဏ္ဏားသည် လက်စွပ်ကိုယူလျက် "သင်၏ ဤအလှူသည် သင့်အား ချမ်းသာစွာဖြင့် စောင့်ရှောက်ပါစေ"ဟုဆိုကာ သွားလေ၏။

## ကျေးဇူးရှင် ပြစ်မှားသော ပုဏ္ဏားအား ခိုးသားငါးရာတို့က ဖမ်းဆီး၍ မင်းထံဆက်သခြင်း

ထိုအခါ ခိုးသားငါးရာတို့သည် ညဘက်တွင် သွားလာသော လူတို့ကို လုယက်ဖျက်ဆီးလျက် တောချုံစသည်တို့၌ ပုန်းအောင်းကြကာ လူသွား လူလာတို့ကိုကြည့်ရှု၍ ထိုထိုနေရာတို့၌ နေကြကုန်၏၊ ထို ခိုးသားတို့သည် ထိုပုဏ္ဏားကိုတွေ့၍ ရတနာလက်စွပ် နှစ်ကွင်းတို့ကို လုယူကြကုန်ပြီးလျှင် ရိုက်နှက်ပုတ်ခတ်ပြီး မာနဇဗမင်းကြီးထံ ပို့ဆောင်ခေါ်ယူသွားကြကုန်၏။

## မျက်မမြင် ဘုရားလောင်းအား ဥယျာဉ်စောင့်တို့က ခေါ်ဆောင် ကျွေးမွေးခြင်း

ထိုအခါ တော၌ ကျင်လည်ကျက်စားသွားလာနေကြသော မာနဇဗ မင်း၏ ဥယျာဉ်စောင့်များဖြစ်ကြသော သိဟနှင့် ကုဋ္ဌရတို့သည် မင်းဥယျာဉ် အနီးရှိ အိမ်တအိမ်၌ နေကြကုန်၏၊ နေထွက်သောအခါ ဥယျာဉ်စောင့် မုဆိုးနှစ်ယောက်တို့သည် လေးမြားတို့ကို ယူဆောင်လျက် သားသမင်တို့ကို ဖမ်းယူရန်အလို့ငှါ တောသို့သွားကြရာ ဘုရားလောင်း၏ နေရာဌာနသို့ ရောက်၍ ဘုရားလောင်းထံ ချဉ်းကပ်ပြီး "အို အရှင် သင်သည် ဤအရပ် မှာပင်နေပါသလား" ဟု မေးကြလျှင် ဘုရားလောင်းက အို မိတ်ဆွေတို့ ကျွန်ုပ်သည် မနေ့ကမှ သမုဒ္ဒရာမှ တက်ရောက်လာပါသည် ဟု ဖြေဆို သော စကားကို ကြားကြသောအခါ တောလိုက်မုဆိုး နှစ်ယောက်တို့သည် ဤသူ၏စကားသည် မှန်ပေမည်၊ ဤသို့သော သူတော်ကောင်းကို ငါတို့သည် ကျွေးမွေးစောင့်ရှောက်ထိုက်၏ဟု ကြံစည်ကြကုန်လျက်-

အို အရှင် ကျွန်ုပ်တို့သည် သင့်ကို လုပ်ကျွေးပြုစုံ စောင့်ရှောက်ကြပါ ကုန်အံ့၊ ကျွန်ုပ်တို့အိမ်သို့ လိုက်နိုင်ပါမည်လော ဟု မေးကြ၏၊ အို မိတ်ဆွေတို့ ကျွန်ုပ်၏ မျက်စိမမြင်သော အခြေအနေကိုသိကြပါကုန်သလော ဟု ဆိုရာ ထိုမုဆိုး နှစ်ယောက်တို့သည် ဘုရားလောင်းကို ဖိတ်ကြားပြီး ဘုရားလောင်းလက်ကိုဆွဲလျက် အိမ်သို့ခေါ်ဆောင်သွားကာ မျက်လုံးများ ကို ဆေးကြောပေး၍ ဆေးများထည့်ပေးကြလျက် အစားအစာများ

ကျွေးမွေးကြပြီးလျှင် မွန်မြတ်သော မေတ္တာဖြင့် ပြုစုလုပ်ကျွေးကြကုန်၏၊ ထိုအခါ မုဆိုး ၂-ယောက်တို့က ဆေးထည့်ပေးခြင်း ကျွေးမွေးခြင်းတို့ဖြင့် ပြုစုကြသောကြောင့် ၂-ရက် ၃-ရက်အတွင်းတွင် နာကျင်မှုရောဂါများ ပျောက်ကင်းသွားလေ၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမုဆိုး ၂-ဦးအား တရားစကားဖြင့် ဆုံးမသြဝါဒ ပေးလိုရကား ဤဂါထာတို့ကိုဆို၏။

၄၇-၅၂။ သံသရာ၌ ကျင်လည်ကုန်သော သတ္တဝါတို့အား ကံသာလျှင် အကြောင်းရင်း ရှိကြကုန်၏၊ မိမိတို့ ကောင်းစွာ ပြုအပ်သောကံ, မကောင်းသဖြင့် ပြုလုပ်ခဲ့သောကံတို့သည် တမလွန် ဘဝနောင်အခါကာလအထိ အရိပ်ပမာ လိုက်ပါကြ ကုန်၏၊ မိမိတို့ ပြုလုပ်သည့်ကံသည် သတ္တဝါတို့ နောက်သို့ အရိပ်ပမာ လိုက်ပါကြ၏။ သတ္တဝါအားလုံး တို့သည် အပြစ်ဒဏ် ခံရခြင်း ကို ထိတ်လန့်ကြ ကုန်၍ သေခြင်း ဘေးကိုလည်း ကြောက်ရွံ့ကြ ကုန်၏၊ သို့ဖြစ်၍ မိမိနှင့် ဥပမာထားကာ ကိုယ်ချင်းစာနာလျက် သူတပါးတို့အား သတ်ပုတ်ညှဉ်းဆဲခြင်းကို မပြုကြကုန်ရာ၊ လောက၌ လူ့အဖြစ်ကို ရခြင်း, သဒ္ဓါတရားနှင့် ပြည့်စုံခြင်း, သူတော်ကောင်း တရားကို ကြားနာရခြင်း, သူတော်ကောင်းတရားကို ဟောပြောတတ်ခြင်း တို့ကား ရခဲသော ဒုလ္လဘ တရားများ ဖြစ်ကြပါသည်၊ ထို့ကြောင့် ပညာရှိသော သူသည် မမေ့ မလျော့သော သတိတရား လက်ကိုင်ထားလျက် ဒါနသီလစသော ကုသိုလ်ကောင်းမှု တို့ကို ပွါးများမယုတ် ကြိုးစား အားထုတ်ကြကုန် ရာသည်၊ ပညာရှိသောသူ သူတော်ကောင်း တရားရှိသူ တို့သည် မှန်သောစကား ကို သာ ပြောဆိုကြ ကုန်၏၊ သင်တို့သည် နေ့ညဥ့်မပြတ် ငါးပါးသီလ တို့ကို ထိန်းသိမ်းစောင့်ရှောက် မယွင်းဖေါက် ကြစေနှင့်။

ဘုရားလောင်း၏ စကားကို ကြား၍ ထိုမုဆိုး ၂-ယောက် တို့သည် ကောင်းပါပြီဟု ဝန်ခံကြ ကုန်၏၊ ဘုရားလောင်းသည် မုဆိုး ၂-ယောက် အား ငါးပါးသီလတို့ကို ပေးပြီးနောက် မုဆိုးတို့သည် ဘုရားလောင်းအား ခတင်ညောင်စောင်း တခုပေါ်၌ ထိုင်စေလျက် မိမိတို့အိမ်သို့ ထမ်းဆောင် ခေါ်ယူ သွားရာ လမ်းကြီးလမ်းငယ် အသွယ်သွယ်သို့ ရောက်၏၊ ထိုအခါ လူအပေါင်းတို့သည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိ၍ ယောကျ်ား မြတ်လက္ခဏာတို့ဖြင့် တင့်တယ်လှပသော ကျက်သရေရှိသော ဘုရားလောင်း

နောက်သို့ တကောက်ကောက် လိုက်လာကြ ကုန်၏၊ ထိုဘုရားလောင်းအား ခတင်ညောင်စောင်းဖြင့် ထမ်းဆောင်လာသော မုဆိုး ၂-ယောက်တို့သည် ဇရပ်တခု အနီး၌ ခတင်ညောင်စောင်းကို ချ၍ အပန်းဖြေ နားနေကြ ကုန်သောအခါ လူအများတို့သည် ဘုရားလောင်းအား ဝန်းရံလျက် "ရုပ်ဆင်း အင်္ဂါ ပြည့်စုံစွာသော အို ယောကျ်ားမြတ် သင့်ကို အဘယ့်ကြောင့် ဤခတင်ညောင်းဖြင့် ထမ်းဆောင် ခေါ်ငင်လာကြ ပါသနည်း" ဟု မေးကြရာ ဘုရားလောင်းသည် ထိုလူတို့အား တရားဟောပြောလိုရကား ဤ ၃-ဂါထာ တို့ကို ဆို၏။

၅၃-၅၅။ ပြစ်မှားကျူးလွန်လိုသော ကိုယ် နှုတ် တို့ဖြင့် ပြုလုပ်သော မကောင်းမှုကံသည် ဝန်ဆောင် နွားလားသို့ လှည်းဘီးသည် အစဉ်လိုက် သကဲ့သို့ ဆင်းရဲဒုက္ခကို ရစေတတ် ဖြစ်စေတတ်၏၊ ကောင်းစွာ သန့်ရှင်း ကြည်လင် ဖြူစင်သော စိတ်ဖြင့် ပြုလုပ်သော ကာယကံမှု ဝစီကံမှု မနောကံ အမှုတို့သည် လူ၏နောက်သို့ အရိပ်သည် အစဉ်လိုက် သကဲ့သို့ ကောင်းမှု ကုသိုလ်ကို ပြုသောသူအား ချမ်းသာသုခကို အမြဲရစေ, ဖြစ်စေတတ်၏၊ လောက၌ ပေးကမ်း လှူဒါန်းခြင်းကြောင့် ဥစ္စာပေါများခြင်း, သီလ ဆောက်တည်မှုကြောင့် ရုပ်ရေလှပခြင်း, ဘာဝနာ ပွါးများမှုကြောင့် ငြိမ်သက်သော စိတ်ရှိပြီး ဉာဏ်ကြည်လင်ခြင်း အကျိုးတရားများ ဖြစ်ပွါး ရ၏၊ ထို့ကြောင့် ပညာရှိသော သူသည် ဒါန သီလ ဘာဝနာတို့ကို အားထုတ်၍ နိဗ္ဗာန်ချမ်းသာကို ရောက်အောင် ကြိုးစားရာ၏။

ထိုစကားကို ကြားသောအခါ လူအပေါင်းသည် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန် သဖြင့် ခေါင်းပေါင်းများကို ချွတ်၍ မြှောက်ခြင်း စသည်တို့ကို ပြုကြကုန်လျက် ပူဇော် သက္ကာရပြုကာ ကောင်းချီးပေးကြ ကုန်၏။ ထိုမုဆိုး ၂-ယောက်တို့သည် လူတို့ပူဇော်သည့် အလုံးစုံသော ဥစ္စာဘဏ္ဍာတို့ကို သိမ်းဆည်းလျက် ဘုရားလောင်းအား မိမိတို့အိမ်သို့ ယူဆောင်သွားကြ ကုန်၏။

## မုဆိုးမယားတို့အား တရားဟောခြင်း

ထိုအခါ ယင်းမုဆိုးတို့၏ မယားတို့သည် ထက်မြက်ပြင်းပြသော အရက်နှင့် မုံ့ခဲဘွယ်တို့ကို ယူဆောင်လျက် မိမိတို့လင်သား မုဆိုး ၂-ယောက်အား

သွားရောက် ခရီးဦးကြိုဆို ပြုကြသော အခါ ဘုရားလောင်းအား ထမ်းဆောင်လာသော လင်သားတို့ကို တွေ့ရသဖြင့် ရင်ဘတ်များကို ခတ်တီးကြလျက် "အို လင်ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ဤမျက်မမြင်ကြီးကို ခေါ်ဆောင်လာကြ ပါသနည်း၊ ဤမျက်မမြင်ကြီးကို ယူဆောင်လာသဖြင့် သင်တို့မှာ ဘာအကျိုး ရှိမှာမို့လဲ၊ သင်တို့သည် ဤမျက်မမြင်ကြီးကို အိမ်သို့ ခေါ်မသွားကြနှင့်" ဟု ဆိုကြကုန်သော်လည်း ထိုမုဆိုး ၂-ယောက် တို့သည် ယင်းတို့၏ မယားများ အပေါ် စိတ်မဆိုး အမျက် မထွက်ကြဘဲ ရယ်မောလျက်သာ အိမ်သို့ ခေါ်ဆောင် သွားကြကုန်၏။

ထိုအခါ ယုတ်မာသော မုဆိုးမယား တို့သည် အိမ်တအိမ်၌ နေ၍ကာ အရက်များ သောက်ကြပြီး ရင်ဘတ်ကို တီးကာ ရယ်မောကြ ကုန်၏၊ ထိုမုဆိုး ၂-ယောက်တို့ကား မိမိတို့၏အိမ်၌ ညောင်စောင်းအင်းပျဉ်တို့ကို ကောင်းစွာ ခင်းကျင်းလျက် ဘုရားလောင်းအား နေစေပြီး အဝတ်တန်းဆာ စသည်တို့ကို သိုမှီးသိမ်းဆည်းကြ ကုန်၏၊ ထိုမိန်းမ တို့သည် အိုးသံခွက်သံတို့ကို ကြားသဖြင့်၎င်း, ဖြန့်ခင်းထားသော အဝတ်တန်းဆာတို့ကို တွေ့သဖြင့်၎င်း အချင်းချင်း တိုင်ပင်ပြောဆိုကြ ကုန်၏၊ ရှင်မရေ, လာကြည့်စမ်း, ဤမျက်မမြင်ကို ကြည့်စမ်း၊ ဤမျက်မမြင်သည် ဥစ္စာပစ္စည်း များစွာကြွယ်ဝသည် ထင်၏၊ ယခုအခါ ငါတို့ လင်ယောကျ်ားများဟာ ဤမျက်မမြင်၏ ထံမှ ဥစ္စာပစ္စည်း အများအပြားကို ရတဲ့အခါ ငါတို့ကို ပစ်ခွါ၍ ငယ်ရွယ်သော အခြားအမျိုးသမီး နုနုထွတ်ထွတ် ကလေးများကို ဇနီးအဖြစ် ပေါင်းသင်း ယူငင်ကြလိမ့် လတ့ံ။ ငါတို့သည် ယင်းတို့၏ မယားငယ်များ အတွက် သောက်ရေ သုံးရေ ခပ်ပေးရခြင်းတို့ကို ပြုရကုန် လတ့ံ၊ ထိုအခါ ငါတို့မှာ အလွန် ရှက်ဖွယ်လိလိ မခံချိစရာ ဖြစ်လတ့ံ ဟု တိုင်ပင်ကြကုန်၏။

ယင်းသို့ မုဆိုးမယား ၂-ဦး တို့သည် တိုင်ပင်ကြ ကုန်ပြီး နောက်-ယောကျ်ားများ ပြုလုပ် သကဲ့သို့ မျက်မမြင်၏ ဝေယျာဝစ္စ ပြုလုပ်ဘွယ် ဟူသမျှတို့ကို မယား ၂-ဦးတို့သည် ပြုလုပ်ကြကုန်လျက် မျက်မမြင်ကို ပြုစု

လုပ်ကျွေးရ ပါမည်လားဟု ယောကျ်ားများ အပေါ် မိမိတို့ပြုမူပြောဆို ရယ်မောခဲ့သော အပြစ်များကို လင်ယောကျ်ားတို့အား ခွင့်လွှတ်သည်းခံ ကျေနပ်ပါရန် ရှိခိုး၍ ကန်တော့ကြကုန်၏၊ ထိုယောကျ်ား ၂-ဦးက ခွင့် မလွှတ် သည်းမခံပေ၊ ထိုအခါ ဘုရားလောင်းသည် "အို မုဆိုးနှစ်ဦးတို့ သင်တို့သည် မိမိတို့ သားမယားများနှင့် အတူတကွ ညီညွတ်စွာ ပေါင်း သင်းကြလျက် မိမိတို့မယားများ အပေါ် မေတ္တာစိတ် ထားကြကုန်လော့ ဟု ဆုံးမဩဝါဒ ပေးပြီးလျှင် ထိုမိန်းမ တို့ကိုလည်း သီလတို့၌ တည်စေ လျက် ငါးပါးသီလကို ပေးလေ၏။

ထိုမှ နောက်တချိန်၌ ယင်း မုဆိုးနှစ်ဦးတို့သည် ဘုရားလောင်းအား "အို အရှင် ဤအိမ်သည် အလွန် ကျဉ်းမြောင်း ပါ၏၊ ဤအိမ်၌ အိပ်ရုံ စားရုံသာ နေ၍ နေ့လယ် နေ့ခင်းအတွက် ဥယျာဉ်အလယ်ရှိ မင်္ဂလာ ကျောက်ဖျာ ထက်၌ နေရန်သင့်၏"ဟု ပြောသောအခါ ဘုရားလောင်း ကလည်း "အို မုဆိုး ၂-ဦးတို့ သင်တို့ကြံစည် ပြောဆိုသော စကားသည် သင့်မြတ်ကောင်းမွန်ပါ၏"ဟု သဘောတူလေ၏။

## ဘုရားလောင်း မျက်မမြင်နှင့် ရတနဒေဝီတို့ တွေ့ဆုံကြခြင်း

ထိုအခါမှစ၍ မုဆိုးနှစ်ယောက်တို့သည် နေ့စဉ် နံနက်စောစော ထကြ လျက် ဘုရားလောင်းအား ရေချိုးပေးပြီး အာဟာရများကို ကျွေးမွေး ပြီးနောက် ဘုရားလောင်းမျက်မမြင်၏ လက်ကိုဆွဲ၍ ဥယျာဉ်တော်သို့ ဝင် လျက် ဥယျာဉ်အလယ်ရှိ မင်္ဂလာကျောက်ဖျာထက်၌ ဘုရားလောင်းကို နေစေလျက် နေဝင်သောအခါ နေအိမ်သို့ ပြန်ခေါ်သွားကြကုန်၏၊ ဤသို့ နေ့စဉ်ပြုလုပ်နေရာ တနေ့သောအခါ အကုရုမင်းကြီး၏သမီးတော် ရတန ဒေဝီမင်းသမီးသည် နန်းတော်၌နေရသည်ကို ပျင်းရိငြီးငွေ့သဖြင့် ဥယျာဉ် ကစား ထွက်လိုရကား အလုပ်အကျွေး အခြွေအရံများနှင့်အတူ မြို့မှ ထွက် လေ၏၊ နန်းတော်စောင့် ယောကျ်ားတို့သည် 'ထိုမှဤမှ ပြေးလွှား၍ ယောကျ်ားတို့ကို ဖယ်ရှားကြကုန်၏။

ထိုအခါ ဘုရားလောင်းမျက်မမြင်သည် မင်္ဂလာကျောက်ဖျာထက်၌ နေလျက် ယောကျ်ားများအား ဖယ်ရှားသည့်အသံကို ကြား၍ မိမိရှေ့တွင်

ရှိသော သီဟနှင့် ကုဋ္ဌရ မုဆိုးနှစ်ဦးအား "အို မိတ်ဆွေတို့ ဤအသံကား ဘာသံနည်း"ဟု မေးရာ "အို အရှင် ကျွန်ုပ်တို့ အက်ုရမင်း၏ သမီးတော် ရတနဒေဝီသည် ဥယျာဉ်တော်သို့ လာမည်ဖြစ်၍ ယောကျ်ားများကို ဖယ်ရှား ရှောင်တိမ်းစေသော အသံဖြစ်ပါ၏၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဥယျာဉ်မှ ထွက်ခွါသွားကြပါကုန်အံ့"ဟု ဆိုသောအခါ ဘုရားလောင်းက ကျွန်ုပ်လည်း သင်တို့နှင့်အတူ လိုက်ပါအံ့ဟု ဆိုလေ၏၊ ထိုအခါ မုဆိုး ၂-ယောက်တို့က အို အရှင် သင်သည် ယောကျ်ားဖြစ်သော်လည်း မျက်စိ ၂-ကွင်း အလင်းမရသူ ဖြစ်သောကြောင့် ဤနေရာ၌ပင် နေပါလော့"ဟု ဆိုလေရာ ဘုရားလောင်းက "ဒီကျွန်းဟာ ရတနာဒီပကျွန်း ဟုတ်ပါသလား ဟု မေးပြန်သောအခါ ဟုတ်ပါကြောင်း ဘုရားလောင်းအား ပြောကြား ပြီးလျှင် ထိုအရပ်မှ ထွက်ခွါသွားကြကုန်၏။

ထိုရတနဒေဝီမင်းသမီးသည် သစ်ပင်အမျိုးမျိုးတို့ဖြင့် တင့်တယ်၍ ရွှေရောင်တောက်နေသောသဲတို့ဖြင့် လှပသော ဥယျာဉ်တော်ကို မြင်ရသဖြင့်၎င်း ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကို မြင်ရသဖြင့်၎င်း ငှက်အပေါင်းတို့၏ သာယာကွန့်မြူးတွန်ကျူးသံကို ကြားရသဖြင့်၎င်း ကြည်လင်ရွှင်ပြုံး စိတ်နှလုံးအေးချမ်းလျက်ရှိရာ မင်္ဂလာကျောက်ဖျာထက်၌ ထိုင်နေသော ဘုရားလောင်းကို အဝေးမှပင် မြင်ရသောကြောင့် မိမိ၏ ကျွန်မကို စေလွှတ်၍ ဘုရားလောင်းအား သွားရောက်မေးမြန်းစေ၏၊ ကျွန်မ ဖလဝိကာသည် ဘုရားလောင်းထံ ချဉ်းကပ်လျက် "အို အရှင် သင်ဘာသူနည်း ဘယ်အရပ်မှလာသနည်း"ဟု သွားမေးရာ ဘုရားလောင်းက ကျွန်ုပ်သည် သမုဒ္ဒရာမှတက်လာပြီး ဤမှာနေပါသည်ဟု ပြောဆိုလိုက်၏။

ထိုစကားကိုကြား၍ ကျွန်မဖလဝိကာသည် ရတနဒေဝီထံ ထိုအကြောင်းကို သွားရောက်ပြောကြားလျက် အို အရှင်သခင်မ ဤယောကျ်ားသည် သမုဒ္ဒရာမှ တက်လာသည်ဟု ဆိုပါ၏ ရုပ်အဆင်းက လှပတင့်တယ် ရှုချင်ဘွယ် ရှိပါ၏၊ သို့သော်လည်း မျက်စိနှစ်ကွင်း အလင်းမရသဖြင့် ဤမင်္ဂလာကျောက်ဖျာထက်၌ ထိုင်နေသူဖြစ်ပါ၏ ဟု ပြောကြားသောအခါ ရတနဒေဝီက ငါတို့အရှင် သခ်ပတ္တမင်းသားသည် သမုဒ္ဒရာမှ တက်ရောက်လာ

သည် ဖြစ်ရာ၏ဟု ကြံစည် တွေးတောလျက် ကျွန်မဖလဝိကာ လာလော့ ထိုသူ၏အနီးသို့သွား၍ ကြည့်ကြကုန်အံ့ဟု ဆိုကာ မင်္ဂလာကျောက်ဖျာ အနီးသို့သွား၍ ဘုရားလောင်းကို မြင်သောအခါ ဘုရားလောင်းကို ကောင်းစွာမမှတ်မိသော်လည်း ရှေးကချစ်ခင်ခဲ့ခြင်းကြောင့် စိတ်သောက များ ကင်းပျောက်ပြီး ဝမ်းမြောက်ခြင်းဖြစ်ကာ ထိုနေရာ၌ ရပ်နေလေ၏၊ ထိုအခါ ဖလဝိကာ ကျွန်မက ဘုရားလောင်းအား အို အရှင် ကျွန်မတို့ ၏ မင်းသမီး ရတနဒေဝီသည် သင်ဤနေရာသို့ ရောက်လာခြင်းအကြောင်း ကို မေးရန် ဤနေရာသို့ ရောက်ရှိနေပါ၏ ဟု ဆိုသောအခါ ဘုရားလောင်း က အို အမျိုးသမီး သင်တို့မင်းသမီးက ကျွန်ုပ်ကို မေးမြန်းရန် လာပါလျှင် မေးလိုရာမေးပါဟု ဆိုသောကြောင့် ရတနဒေဝီမင်းသမီးက-

အိုအရှင်၊ သင့်အား ဤကဲ့သို့ ဆင်းရဲဒုက္ခဖြစ်အောင် အဘယ်သူက ပြုလုပ်ထားပါသနည်းဟု မေးသောအခါ ဘုရားလောင်းက "အို မင်းသမီး ရှေးကံကြမ္မာသည် ကျွန်ုပ်အား ဤကဲ့သို့ ဆင်းရဲဒုက္ခဖြစ်အောင် ပြုလုပ် ပါသည်ဟု ဖြေလျှင် ရတနာဒေဝီက အိုအရှင်၊ ထိုရှေးကံကြမ္မာဆိုတာ အဘယ်သူ၊ အဘယ်အရာဝတ္ထုပါနည်းဟု ထပ်မံမေးပြန်ရာ ဘုရားလောင်းက အို မင်းသမီး၊ အကြင်အမှုကို ရှေးကပြုခဲ့၏၊ ထိုရှေးက မိမိပြုခဲ့သော အမှုကို ရှေးကံကြမ္မာဟု ဆိုပါသည်ဟု ဖြေပြီးလျှင် ဘုရားလောင်းသည် တရားဟောလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၅၆-၅၇။ ကျွန်ုပ်သည် ရှေးဘဝတို့၌ မကောင်းမှု အကုသိုလ်ကို ပြုလုပ်ခဲ့၏၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့် ယခု မျက်စိနှစ်ကွင်း အလင်းမရခြင်း ဖြစ်ပါ၏၊ ထိုမကောင်းမှုကံကြောင့် ဆင်းရဲဒုက္ခ ဖြစ်ရပါ ၏၊ အို မင်းသမီး၊ အကြင်သူတယောက်သည် ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း ကောင်းသောအမှု၊ မကောင်းသော အမှုတို့ကို ပြုလုပ်၏၊ ထိုကောင်းသောအမှု၊ မကောင်းသော အမှုတို့သည် ထိုသူ့အား အရိပ် ပမာထက်ချပ်မကွာ လိုက်နေပါ၏။ ထိုစကားကို ကြားသောအခါ ရတနာ ဒေဝီမင်းသမီးသည် ဘုရားလောင်းအား "မိဘဆွေမျိုးများနှင့် ကွဲကွာ ရခြင်းကိုဘယ်သူကပြုလုပ်ပါသလဲ"ဟု မေးလေရာ ဘုရားလောင်းက ဂါထာ ကိုဆို၏။

၅၈။ အသီးသည် အစေ့၏ သဘာဝအတိုင်း ဖြစ်သကဲ့သို့ ထို့အတူ ကျွန်ုပ်သည် ရှေးဘ၀က သူတပါးတို့၏ ချစ်ခင်ကြင်နာခြင်းကို ကွဲကွာအောင် ပြုခဲ့သောကြောင့် ယခုအခါ မိဘဆွေမျိုးတို့နှင့် ကွဲကွာရခြင်း ဖြစ်ပါသည်။

ဤသို့လျှင် ဤမျှလောက်သော တရားစကားကို ကြားရသောကြောင့် ရတနဒေဝီမင်းသမီးသည် နှစ်သက်ဝမ်းမြောက်ခြင်း ရှိလှ၍ "ကျွန်မ ဖလဝိကာကိုခေါ်လျက် "ကျွန်မ ဖလဝိကာ၊ သင်သည်သွား၍ ငါ၏ ရွှေစင်တထောင်ကိုယူ၍ မြန်မြန်ပြန်လာခဲ့လော့"ဟုစေလွှတ်လိုက်ရာ ကျွန်မ ဖလဝိကာသည် ရတနဒေဝီ မင်းသမီး၏ ခိုင်းစေချက်အတိုင်း သွား၍ ရွှေစင် တထောင်ကို ယူလျက် ရတနဒေဝီ လက်ထဲသို့ ထည့်ပေးလိုက်၏၊ ရတန ဒေဝီ မင်းသမီးသည် ရွှေစင်တထောင်ကို ယူ၍ ဘုရားလောင်းအား "အို အရှင်၊ ယခုအခါ သင် ဟောကြားသော တရားကို ပူဇော်သော အား ဖြင့် ဤရွှေစင်တထောင်ကို ပေးလှူပါ၏၊ ဤ ရွှေစင်တထောင်ကို ခံယူ ပါလော့"ဟု လှူဒါန်းရာ ဘုရားလောင်းသည် "ဤမင်းသမီးသည် ဤရွှေ စင်တထောင်ကို ငါ့အား ပေးလှူ၏၊ ငါသည်လည်း ပင်ကိုယ်သဘာဝ အားဖြင့် အလှူပေးခြင်း၌ မွေ့လျော်ခဲ့၏၊ ထို့ကြောင့် မင်းသမီး၏ ဤရွှေ စင်တထောင်ကို မင်းသမီးအားပင် ပြန်၍ လှူအံ့ဟု ကြံစည်လျက် ထိုရွှေစင် တထောင်ကို လက်မခံဘဲ မင်းသမီးအား ပြန်ယူပါဟု ပေးလှူ၏။

ထိုအခါ မင်းသမီးက ထပ်မံ၍ "အို အရှင် ဤရွှေစင် တထောင်သည် သင့်အားသာ လျောက်ပတ်, သင်နှင့်သာ ထိုက်တန်ပါ၏၊ စင်စစ်အားဖြင့် ကျွန်မအား သနားသဖြင့် လက်ခံတော်မူပါ"ဟု ပေးလှူ၏၊ ထိုအခါ ဘုရား လောင်းသည်"ဤမုဆိုး ၂-ယောက်သည် ငါ၏ ချစ်စွာသော မိတ်ဆွေများ ဖြစ်ရုံသာ မက ငါ့အားလည်း များစွာကျေးဇူး ပြုကြ၏၊ ဤ ရွှေစင် တထောင်ကို လက်ခံ၍ ထိုမုဆိုး ၂-ယောက်အား ပေးလှူအံ့"ဟု ကြံလျက် "အို အရှင်သခင်မ သင်သည် ကျွန်ုပ်အား ရွှေစင်တထောင်ကို လှူဒါန်းလျှင် ဤနေရာသို့ ဆောင်ယူခဲ့ ပါလော့"ဟု မင်းသမီး၏ ရှေ့၌ "ခရသင်းတံဆိပ် ခပ်နှိပ် ထားသော" လက်ကို ဖြန့်၏၊ ထိုအခါ ဖလဝိကာ ကျွန်မသည်

မင်းသမီးအနီး၌ ရပ်နေသဖြင့် ဘုရားလောင်း လက်ဖြန့်လိုက်သော အခါ တွင် ခရုသင်းတံဆိပ် ခပ်နှိပ်ထားသော လက်အပြင်ကို မြင်လိုက်သော ကြောင့် "အို အရှင်သခင်မ ဤယောကျ်ားမြတ်၏ ခရုသင်းတံဆိပ် ခပ်နှိပ် ထားသော လက်အပြင်ကို ကျွန်မ မြင်ရပါသည်"ဟု မင်းသမီး၏ နား နား သို့ ကပ်၍ တိုးတိုးပြောလေ၏၊ ထိုစကားကို ကြားသောအခါ ရတနဝတီ သည် ဘုရားလောင်းကို သေချာစွာ ကြည့်ရှုလျက် ဘုရားလောင်းအား ရွှေစင်တထောင် ပေးလှူ၏၊ ဘုရားလောင်းသည် ထို ရွှေစင်တထောင်ကို ခံယူလျက် မိမိအနီး၌ ထား၏။

## ရွှေပြား၌ရေးထားသော သခ်ပတ္တမင်းသား၏ အရုပ်ကို ကြည့်ရှုခြင်း

ထိုအခါ ရတနဝတီသည် အနည်းငယ် နောက်သို့ ဆုတ်၍ "ကျွန်မဖလ ဝိကာ ငါတို့ ဘယ်လိုသိအောင် လုပ်ကြမည်လဲ"ဟု ဖလဝိကာအား ပြော သောအခါ "အို အရှင်သခင်မ ရွှေပြား၌ ရေးထားသော မင်းသားအရုပ်ကို ကြည့်လျှင် ကောင်းမည်ဟု ဖလဝိကာက ပြောလျှင် "ဒီအကြံကောင်းတယ်၊ သင်သွား၍ ထိုရွှေပြားကို ယူခဲ့လော့"ဟု စေခိုင်းလိုက်သည့် အတိုင်း ဖလ ဝိကာသည် ရွှေပြားကို သွားယူ၍ မင်းသမီးအား ပေးလိုက်၏၊ ရတနဒေဝီ သည် ရွှေပြား၌ ရေးထားသော ဘုရားလောင်း၏ ရုပ်ပုံကို ကြည့်သော အခါ "အံ့ဩစရာဘဲ၊ ဒီရွှေပြားမှာ ရေးထားတဲ့ ဘုရားလောင်းရဲ့ရုပ်ပုံနှင့် ဤယောကျ်ား၏ ရုပ်ရေဟာ တထေရာထဲ အတူတူပါကလား၊ ဒါပေမဲ့ ဤယောကျ်ားမြတ် ကတော့ စက္ခုနှစ်ကွင်း အလင်းမရ မျက်စိချို့တဲ့နေ တာ တခုဘဲ ပြောစရာ ရှိသည်ဟု သိ၍ ဖလဝိကာအား ပြောသည်မှာ "အို ကျွန်မ ဖလဝိကာ ရုပ်လက္ခဏာ အားလုံးကတော့ တထေရာထဲ တူနေတာဘဲ၊ ဒါပေမဲ့ မျက်စိချို့တဲ့ နေတဲ့ အတွက် ငါ့မှာ သံသယ ဖြစ်နေတယ်"ဟု ပြောလေ၏။

## ဝဒဝါမုခပုဏ္ဏားကပြောပြ၍ ဘုရားလောင်းမှန်း သိသွားခြင်း

အို အရှင်သခင်မ၊ ဝဒဝါမုခ ပုဏ္ဏားသည် ကျွန်မတို့၏ သံသယကို ဖြေရှင်းပေးနိုင်လိမ့်မယ် ထင်ပါတယ်ဟု ဖလဝိကာ က မင်းသမီးအားပြော

သောအခါ ရတနာဒေဝီသည် ဖလဝိကာအား ဝဒဝါမုခပုဏ္ဏားကို အခေါ်ခိုင်းလိုက်ပြီးနောက် "အို ပုဏ္ဏား၊ မင်္ဂလာကျောက်ဖျာထက်မှာ ထိုင်နေသောထိုယောကျ်ားကို သင်သိပါသလားဟု မေးသဖြင့် ပုဏ္ဏားသည် လှမ်း၍ကြည့်လိုက်ရာ အဝေးမှပင် ဘုရားလောင်းကိုမြင်၍ လျင်မြန်စွာပြေးသွားပြီး ဘုရားလောင်းထံ ချဉ်းကပ်လျက် လည်ပင်းကိုဖက်ကာ အို မင်းသမီး၊ ဤမင်းသားသည် ကျွန်ုပ်တို့မင်းကြီး၏သား ကျွန်ုပ်၏ချစ်လှစွာသောမိတ်ဆွေ သခ်ပတ္တ ဖြစ်ပါသည်ဟု ပြောလေရာ ရတနာဒေဝီမင်းသမီးနှင့် အခြွေအရံနန်းတွင်းသူ အားလုံးတို့သည် ထိုနေရာ၌ ငိုကြွေးကြကုန်၏။ ထို့နောက် ဝဒဝါမုခ ပုဏ္ဏားသည် ဘုရားလောင်း၏ မျက်နှာကို သေချာစွာကြည့်လျက် "အို သခ်ပတ္တမင်းသား၊ သင့်မှာ စက္ခုနှစ်ကွင်း အလင်းမရ ဖြစ်နေပါသည်၊ အဘယ်သူသည် သင့်အား မျက်စိဒုက္ခကို ပြုလုပ်ပါသနည်း"ဟု မေးသောအခါ ဘုရားလောင်းက "အို မိတ်ဆွေပုဏ္ဏား၊ ဒါကိုတော့ မမေးပါနှင့် သံသရာ၌ ကျင်လည်သော သတ္တဝါတွေမှာ ဒီလိုဘဲ ဖြစ်တတ်သည်ဟုသာ သင်သိမှတ်ထားပါလော့"ဟု ပြောပြီးနောက် ဘုရားလောင်းသည် ပုဏ္ဏားအား "ကံသည်သာ လျှင် ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို ဖြစ်စေသည့် အကြောင်းရင်း ဖြစ်ပါသည်"ဟု ပြောပြလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၅၉-၆၀။ သံသရာ၌ ကျင်လည်ကုန်သောသတ္တဝါတို့သည် ကံကြောင့်ဖြစ်ပေါ်လာကြကုန်၏။ လောက၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့သည်လည်း မိမိတို့၏ရှေးက ပြုခဲ့သော ကောင်းမှုကံ မကောင်းမှုကံတို့ကြောင့်ဖြစ်ကြရ၏။ လောက၌ ကျော်စောခြင်း၊ ချီးမွမ်းခြင်း၊ ဆုတ်ယုတ်ခြင်း၊ တိုးတက်ကြီးပွါးခြင်းတို့သည် ကံတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကြရကုန်၏။

## ဦးရိုးတော် အကိုရမင်းကြီး ရောက်လာခြင်း

ထိုအခါ ရတနဒေဝီမင်းသမီးသည် ဖလဝိကာအား အို ကျွန်မ ဖလဝိကာ သင်သည် ဘခင်မင်းကြီးထံ ဤအကြောင်းကိုသွားရောက် လျှောက်ထား သံတော်ဦးတင်လော့ ဟု ပြောဆိုစေလွှတ်လိုက်သည့်အတိုင်း ဖလ-

ဝိကာသည် အက်ုရမင်းကြီးထံသွား၍ ဘုရားလောင်း သခ်ပတ္တ၏အကြောင်းကို လျှောက်ကြား သံတော်ဦးတင်လေ၏၊ အက်ုရမင်းကြီးသည် အနက်သေနာ မိဖုရားကြီးနှင့်အတူ သခ်ပတ္တမင်းသား အကြောင်းကို ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် စစ်သည်ဗိုလ်ပါအပေါင်း ခြံရံကာ ဘုရားလောင်းထံသို့ သွားကြကုန်၏၊ ဝဒ္ဒဝါမုခပုဏ္ဏားသည် မင်းမိဖုရားတို့ ကြွရောက်လာသည်ကိုမြင်၍ ယခု သင်၏ ဦးရီးတော် မင်းကြီးနှင့် မိဖုရားကြီးတို့သည် ကြွရောက်လာကြပြီဟု ဘုရားလောင်းအား ပြောပြလျက် မင်းမိဖုရားတို့အား ရှိခိုးဦးချစေ၏၊ ထိုအခါ အက်ုရမင်းကြီးသည် ဘုရားလောင်းအား လည်ပင်းဖက်ကာ ငိုကြွေးလေ၏၊ မိဖုရားကြီးနှင့် မှူးမတ်အများ လူအများတို့သည်လည်း ထိုနေရာ၌ ငိုကြွေးကြကုန်၏၊ ထိုနောက် အက်ုရမင်းကြီးသည် တူတော်မောင် သခ်ပတ္တ သင့်မှာ မျက်စိနှစ်ကွင်း အလင်းမရသည့်ဒုက္ခကို ခံစားနေရသည်၊ သင့်မျက်စိကို အဘယ်သူသည် ဖေါက်ဖျက်ပျက်စီးအောင် ပြုလုပ်ပါသနည်းဟု မေးသောအခါ မြတ်သော ဦးရီးတော်မင်းကြီး ဤမျက်စိဒုက္ခမှာ ကျွန်ုပ်၏ ရှေးမကောင်းမှုကံကြောင့် ဖြစ်ရပါသည်ဟု လျှောက်ထားလေ၏။

## ဘုရားလောင်းမယ်တော် ယသကိတ္တိဒေဝီ ရောက်ရှိလာခြင်း

ဘုရားလောင်း၏ မယ်တော် ယသကိတ္တိဒေဝီသည် စစ်သည်ဗိုလ်ပါ အပေါင်း ခြံရံလျက်လာရာ ထိုနေ့၌ လောမဒီပကျွန်းသို့ ဆိုက်ရောက်လေ၏၊ ထိုအခါ မင်းချင်းယောကျ်ားတို့သည် ယသကိတ္တိဒေဝီမိဖုရားကြီး လာရောက်ကြောင်းကို အက်ုရမင်းကြီးအား လာရောက် သံတော်ဦး တင်ကြကုန်၏၊ အက်ုရမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ရှိလှရကား ယသကိတ္တိအား ကြိုဆိုရန် အနက်သေနာမိဖုရားနှင့် ရတနဝတီတို့ကို မှူးမတ်များ အခြံအရံများနှင့်တကွ စေလွှတ်လိုက်၏။ ထိုအခါ ဘုရားလောင်းသည် မယ်တော်လာမည့်အကြောင်းကို ကြားရ၍ ဦးရီးတော် အက်ုရမင်းကြီးအား ဦးရီးတော်မင်းကြီး မိခင်ကိုကြိုဆိုရန်အတွက် ကျွန်တော်များ သွားလိုပါသည်ဟု လျှောက်ထားရာ မင်းကြီးက တူတော်မောင်သခ်ပတ္တ သင်သည် မျက်စိနှစ်ကွင်း အလင်းမရသဖြင့် ဂိလာနဖြစ်ပါသည်၊ ဤမှာဘဲ ငါနှင့်

အတူ နေရစ်ခဲ့ပါဟု မိန့်တော်မူသောအခါ ဦးရီးတော်မင်းကြီး ကျွန်ုပ်၏ မယ်တော်သည် ကျွန်ုပ်ကိုရှာဖွေရန် မိမိအသက်ကိုပင် ပမာဏမထားဘဲ ကြောက်မက်စရာ ငါးလိပ်ဟင်္သာ ပြည့်စုံတဲ့ သမုဒ္ဒရာကို ကျော်ဖြတ်ပြီး ဤမှာဘက်ကမ်း လောမဒီပကျွန်းသို့ပင် ဆိုက်ရောက်ပါသည်၊ ကျွန်ုပ်မှာ အသက်ထင်ရှားရှိပါလျက် မိမိမယ်တော်အား အဘယ့်ကြောင့် မကြိုဆို သင့်ဘဲ နေပါမည်နည်း၊ အရှင်မင်းကြီး ကျွန်ုပ်အား ခွင့်ပြုတော်မူပါ၊ ကျွန်ုပ်သွားရောက် ကြိုဆိုလိုပါသည်ဟု လျှောက်ထားပြန်ရာ မင်းကြီးသည် ၃-ကြိမ်တိုင်တိုင် မသွားရန် တားမြစ်သဖြင့် ဘုရားလောင်းသည် မိဘ ကျေးဇူးကိုသိ၍ သွားရောက်ကြိုဆိုလိုလှပါသော်လည်း မိမိမှာ သူတပါး ကို မှီ၍ အသက်မွေးရသောကြောင့် မသွားရဘဲ ငိုကြွေးလျက်သာ နေရ ရှာပါ၏။

ထိုအခါ အနက်သေနာ မိဖုရားသည် သမီးတော် ရတနဒေဝီနှင့် အတူ မှူးမတ်ပရိသတ်များ ခြံရံလျက် သမုဒ္ဒရာ မြစ်ကမ်းသို့ တိုင်အောင် သွား ရောက်၍ ယသကိတ္တိဒေဝီအား ကြိုဆိုပြီး ထမ်းစင်ဖြင့် တင်ဆောင် ခေါ်ယူ လျက် ဘုရားလောင်းထံ ပို့ဆောင်ကြ ကုန်၏၊ ယသကိတ္တိဒေဝီသည် ဥယျာဉ် တော်သို့ ဝင်ရောက် လာလျှင်ပင် "ယခု ငါ့သား ဘယ်မှာ နေပါသလဲ"ဟု လူတို့အား မေး၍ "အရှင် မိဖုရားကြီး သင့်သားတော်သည် လူအများ ခြံရံလျက် ဥယျာဉ်အလယ် မင်္ဂလာ ကျောက်ဖျာထက်၌ နေပါသည်"ဟု ဖြေကြား ကြသောအခါ သားတော်ကို အလွန်တရာ တွေ့လိုလှသဖြင့် ထမ်းစင်ဖြင့် သွားရသည်ကို ကြာသည်ဟု ထင်မှတ်လျက် ထမ်းစင်မှ ဆင်း ကာ ခြေကျင်ပြေးသွားပြီး အဝေးမှပင် သားတော်ကို မြင်ရသော အခါ သားကို ချစ်ခင်သော ဇောဖြင့် အပြေးသွားကာ ဘုရားလောင်းထံ ချဉ်း ကပ်လေ၏၊ ယသကိတ္တိဒေဝီကို မြင်၍ အင်္ကုရမင်းကြီးက "ဘုရားလောင်း အား တူတော်မောင် သင့်မယ်တော် လာပြီ"ဟု ပြောပြလေ၏၊ ထိုအခါ ဘုရားလောင်းသည် နေရာမှ ထ၍ မယ်တော်အား ခရီးဦးကြိုပြုကာ ရှိခိုး လေ၏၊ ယသကိတ္တိဒေဝီသည် အကိုတော် အင်္ကုရမင်းကြီးအား ရှိခိုးပြီး နောက် သားတော် သင်္ခပတ္တမင်းသား လည်ပင်းကို ဖက်လျက် ဦးထိပ်၌

နမ်းရှုပ်ပြီးလျှင် မျက်ရေဖြင့် ပြည့်သော မျက်လုံးများဖြင့် သနားစရာ ငိုကြွေးကာ ဤဂါထာ ၂-ပုဒ်ကို ဆိုလေ၏။

၆၁-၆၂။ ချစ်လှစွာသော မေမေ့သား၊ ချစ်သားကို တွေ့ရန် မေမေရောက်လာပါပြီ၊ သားကို တွေ့ရလို့ စိုးရိမ်ပူဆွေးခြင်းအားလုံး ယနေ့ကင်းပျောက်ချုပ်ငြိမ်း ဇာတ်သိမ်း သွားပါပြီ၊ ယခုအခါ မေမေ့မှာ စိတ်ချမ်းသာခြင်း ဖြစ်ရသလို မေမေ့သား မှာလဲ စိတ်ချမ်းသာခြင်း ဖြစ်ပါစေ၊ မေမေ့မှာ သားနှင့် ကွေကွင်းရခြင်း ဆင်းရဲဒုက္ခမှ ကင်းဝေးချုပ်ငြိမ်း သလို မေမေ့သားမှာလဲ မေမေနှင့် ကွဲကွာရတဲ့ ဒုက္ခများ ကင်းငြိမ်းပပျောက်ပြီး ချမ်းသာခြင်းသို့ ရောက်ပါစေ။

ဤသို့လျှင် ယသကိတ္တိ မိဖုရားကြီး၏ ငိုကြွေးသံကို ကြားကြသဖြင့် မင်း၏ပရိသတ် အားလုံးတို့လည်း ငိုကြွေးကြ ကုန်၏၊ ထိုခဏ၌ သောက ကင်းပျောက် ချမ်းသာခြင်းသို့ ရောက်သော ယသကိတ္တိဒေဝီသည် မိမိ သားတော်၏ မျက်နှာကို ကြည့်လျက်''ချစ်လှစွာသော မေမေ့သား သင်၏ မျက်စိနှစ်ကွင်း အလင်းမရခြင်း ဒုက္ခသည် အဘယ်သူ ထိုးဖေါက် ဖျက်ဆီး၍ ယခုကဲ့သို့ ဖြစ်နေရပါသလဲ''ဟု မေးသော အခါ ''အို မိခင် ကျွန်ုပ်၏ ဤမျက်လုံးအစုံကို ဒုတဝိတက္ကပုဏ္ဏား ထိုးဖေါက်ဖျက်ဆီး၍ပျက်စီးခြင်းသို့ ရောက်ရပါသည်''ဟု ပြောပြရာ မိဖုရားကြီးမှာ ငိုယိုမြည်တမ်းလျက် ဤဂါထာကို ဆိုလေ၏။

၆၃။ သူ့ကျေးဇူးကိုမသိတတ်, ယုတ်မာသောစိတ် ရှိလျက် ဥစ္စာပစ္စည်း၌ လောဘရမက် ငန်းငန်းတက်သော ထိုပုဏ္ဏားယုတ်သည် ငါ့သားအား ဤကဲ့သို့ ဆင်းရဲဒုက္ခ ဖြစ်အောင် ပြုမှု ပြုရက်လေ၏။

## မျက်မမြင်သခ်ပတ္တမင်းသားအား ရတနဒေဝီနှင့် လက်ထပ်ခြင်း

ထိုခဏ၌ အကုံရမင်းကြီးသည်''ဤသခ်ပတ္တမင်းသားသည် ငါ၏ သမီးတော်ရတနဒေဝီအတွက် ဤကဲ့သို့သော ဆင်းရဲဒုက္ခသို့ရောက်ရခြင်းဖြစ်သည်၊ ငါသည်လည်း သမီးတော်ကို ပေးမည်ဟု ရှေးကပင်ရှိညာဉ် ဝန်ခံစကား ပြုခဲ့သည်၊ ဤ မင်းသားသည် မျက်စိ ကွယ်စေ ကာမူ ဤမင်းသားအား

ငါ့သမီးတော်ကို ပေးအံ့ ဟု'' ကြုံလျက် ယသကိတ္တိဒေဝီနှင့် အတူ သမ္ဗုလ မင်းသားကို အခြံအရံ များစွာဖြင့်၎င်း၊ များစွာသော ပူဇော်ဘွယ် လက်ဆောင် အထူးတို့ဖြင့်၎င်း တန်းဆာဆင်ယင် ပြုပြင်ထားသော မြို့တော်သို့ ဝင်စေပြီးနောက် နတ်ဗိမာန်ကဲ့သို့ပြုပြင်စီမံထားသောခတင်ညောင်စောင်း၌ ဘုရားလောင်းကို ရတနဒေဝီနှင့် အတူ နေစေ၏၊ ရတနဒေဝီ သည်လည်း ဘုရားလောင်းနှင့် အတူတကွ စိတ်တူကိုယ်မျှ ပေါင်းသင်း ကြုံလျက် လင်သားမှတ်မှတ် မေတ္တာစိတ် အပြည့်အဝဖြင့်, ပြုစုလုပ်ကျွေး လေ၏။

## မျက်စိပေါက်သော ဒုတိဝိတက္ကပုဏ္ဏားအား ခေါ်ဆောင်လာခြင်း

ထိုအခါ မာနဇေမင်းသည် မိမိ၏ မင်းချင်းယောကျ်ား တို့အား ''အို အချင်းတို့၊ ဤပုဏ္ဏားနှင့်အတူ လက်စွပ် ၂-ကွင်းကို ပါယူဆောင် လျက် အကုံရမင်းကြီးထံ ဆက်သ အပ်နှင်းကြကုန်လော့''ဟု မိန့်ဆိုတော်မူ၏။ ထိုမင်းချင်းယောကျ်ားတို့သည် ဘုရင်မင်းမြတ် အမိန့်တော်ရှိသည့် အတိုင်း လက်စွပ် ၂-ကွင်းကိုပါယူလျက် ဘုရားလောင်းအား မျက်လုံး ဖေါက်ခဲ့သော ပုဏ္ဏားယုတ်ကို သံခြေကျင်းများ တုတ်နှောင်ဖမ်းဆီးပြီး လောမဒီပမြို့တွင်းသို့ ခေါ်ဆောင်လာကြ၏။ သံခြေကျင်းများတုတ်နှောင် လျက် ဖမ်းဆီးခေါ်ဆောင်လာသော ယင်းပုဏ္ဏားယုတ်ကို တွေ့မြင်ရသော လူအပေါင်းတို့သည် ရုတ်ရုတ်ရက်ရက် အုတ်အုတ် ကြွက်ကြွက် ဖြစ်ကြကုန်၏။ ထိုအခါ ရတနဒေဝီ၏အလုပ်အကျွေးမိန်းမ တယောက်သည်လည်း ထိုပုဏ္ဏားကိုတွေ့၍ ရတနဒေဝီအား သွားရောက်ပြောကြား၏။ ရတနဒေဝီသည် အတွင်းဆောင်မှ ထွက်၍ နန်းတော် အိမ်ရှေ့ပြင်၌ ရပ်လျက် လေသာပြူတင်းကို ဖွင့်လျက် ရုတ်ရုတ်သဲသဲ ဖြစ်နေသော အသံကိုကြား သဖြင့် ဤအသံကား အဘယ်အသံနည်းဟု အခြွေအရံ မိန်းမတို့အားမေး မြန်းနေ၏။

ထိုအခိုက်တွင် သမ္ဗုလသည် ရတနဒေဝီအား ''အို အရှင်မင်းသမီး ဤနေရာ၌ ကျွန်ုပ်တယောက်တည်း နေစဉ်တွင် ယင်း အသံများကြောင့် ထိတ်လန့်တကြား ဖြစ်သွား၏၊ ဤနေရာသို့ မြန်မြန် လာပါလော့'' ခေါ်

လေ၏။ ထိုဘုရားလောင်း၏ စကားကိုကြား၍ ရတနဒေဝီသည် လျင်မြန်စွာလာ၍ ရွှေခွက်ဖြင့် အနံ့အရသာနှင့် ပြည့်စုံသော သကြားရည်ကို ဆက်သလျက် အရှင်မင်းသား၊ သင်ထိတ်လန့်သွားလျှင် ဤသကြားအဖျော်ရေကို သောက်လိုက်ပါဟု ဆိုလေ၏။ ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် မင်းသားဟူသောမာန်ဖြင့် နှလုံး မသာမယာဖြစ်လျက် ဤမင်းသမီးသည် ဤသကြားဖျော်ရည်ကို သောက်ပါဟူသော စကားဖြင့် ငါ့ကို မထီမဲ့မြင်ပြုဘိ၏။

## မယားက လင်အပေါ်၌ မထီမဲ့မြင်ပြုခြင်းအကြောင်းရှစ်ပါး

မိန်းမသည် မိမိလင်သားအပေါ်၌ မထီမဲ့မြင်ပြုခြင်း အကြောင်းရှစ်မျိုးရှိ၏။ ကိုယ်လက်အင်္ဂါချို့တဲ့၍ ဒုက္ခိတဖြစ်သောအခါ, မကျန်းမမာဖြစ်သောအခါ, ဆင်းရဲသောအခါ, အိုမင်းသောအခါ, သေရည်သေရက်သောက်စားသောအခါ, သတိလွတ်ကင်း မေ့လျော့ခြင်းဖြစ်သောအခါ, ကိလေသာ ရစ်မူး၍ ကိစ္စအဝဝကို မလိုက်လျောသောအခါ, ရွှေငွေအသပြာ ဥစ္စာခနေ မပေးနိုင်သောအခါ ဤအခါများ၌ မိန်းမများသည် မိမိတို့ လင်သားများအပေါ် မထီမဲ့မြင် ပြုတတ်သည့်အတိုင်း ဤမင်းသမီးသည်လည်း ငါ့မှာမျက်စိမမြင် ဒုက္ခိတဖြစ်၍ ဤသို့ မထီမဲ့မြင်ပြုခြင်းဖြစ်သည်၊ ဤအပြစ်သည် ငါ၏အပြစ်ပင် ဖြစ်သည်ဟု ကြံစည်ဆင်ခြင်လျက် အိုမင်းသမီး၊ ဤအဖျော်ရေကို မသောက်လိုပါဟု ငြင်းပယ်လိုက်လေ၏။

## ရတနဒေဝီ၏ သစ္စာဓိဋ္ဌာန်ကြောင့် ဘယ်မျက်လုံးဖြစ်ပေါ်ခြင်း

ထိုအခါ ရတနဒေဝီမင်းသမီးသည် ဘုရားလောင်း၏ စကားကို ကြား၍ အသည်းနှလုံး ခုနစ်စိတ် ခုနစ်ဖြာကွဲသကဲ့ဖြစ်ကာ ထိတ်လန့်တုန်လှုပ်လျက် အရှင်မင်းသား ကျွန်တော်မ၏ အပြစ်ကို သည်းခံခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မသည် တမင်သက်သက် စော်ကားလို၍ မထီမဲ့မြင်ပြုခြင်းမဟုတ်ပါဟု ဘုရားလောင်းအား ၃-ကြိမ်တိုင်အောင် တောင်းပန်သော်လည်း ဘုရားလောင်းက သည်းမခံသောကြောင့် မိဘ ၂-ပါး

မင်းမိဖုရားတို့ထံသွား၍ ထိုအကြောင်းကို ပြောကြား သံတော်ဦးတင်လေ၏။

ထိုအခါ မိဘ ၂-ပါးတို့က ရတနဒေဝီအား နောင်ကို ဤကဲ့သို့ ဘုရားအလောင်းအား စိတ်မချမ်းမသာဖြစ်အောင် မပြုလုပ်ရန် ပြောဆိုဆုံးမ၏။ ရတနဒေဝီမင်းသမီးသည် အို မိခင် ဖခင်ကျေးဇူးရှင်တို့ သမီးတော်သည် ယနေ့ပင် အရှင်မင်းသားအား သည်းခံခွင့်လွှတ်ရန် ပြုလုပ်ပါအံ့ဟုဆို၍ တရားကို ကျင့်သုံးကြကုန်သော ရဟန်းပုဏ္ဏားတို့ကို ပင့်ဖိတ်လျက် နတ်ဗိမာန်သဖွယ် တင့်တယ်စွာ တန်ဆာဆင်အပ်သော နန်းယင်ပြင်၌ နေစေ၍ အကုံရမင်းကြီး၊ အနက်သေနာ မိဖုရားကြီးနှင့် ယသကိတ္တိဒေဝီတို့ကိုလည်း သင့်လျော်သော မှန်မြတ်သည့်နေရာတို့၌ နေစေပြီး မိမိကိုယ်တိုင် ဘုရားလောင်းကို ပင့်ဖိတ်၍ ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ရွှေသလွန်ထက် မင်းပရိသတ်တို့၏ အလယ်တွင် နေစေ၏။ ရတနဒေဝီသည် ရေမိုးချိုး၍ တန်ဆာများ ဆင်ယင်လျက် ခံတွင်းများကို ဆေးကြောပြီး မင်းပရိသတ်အလယ်သို့သွားကာ ဘုရားလောင်းအား ပဒုမာကြာပန်းတို့ဖြင့် ပူဇော်လျက် အရှေ့ဘက်ကို မျက်နှာမူလျက် ညာဘက်ပုဆစ်ဒူးကို မြေ၌ဝပ်တွား၍ လက်အုပ်ချီကာ သစ္စာမိဋ္ဌာန်ပြုလိုရကာ ဤဂါထာ ၃-ပုဒ်ကို ဆိုလေ၏။

၆၄-၆၆။ ကြွရောက်လာကြသော အားလုံးသော ရဟန်းပုဏ္ဏား မိဘများနှင့်တကွ ပရိသတ် အပေါင်းတို့၊ ကျွန်မ၏စကားကို နားဆင်တော်မူကြပါ၊ လောကမှာ သစ္စာတရားဟာ မှန်မြတ်၍ ပဓာနလည်း ကျပါသည်၊ ကျွန်မသည် လင်ယောကျ်ားခေါ်သောအခါ တုံ့ပြန်စကားပြောကြားလျက် အမြဲပြုလုပ်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်မ၏အရှင်သခ်ပတ္တမင်းသားအား ဘယ်ဘက်မျက်လုံးဖြစ်ပေါ်၍ ချမ်းသာရာ ရပါစေသား၊ ကျွန်မသည်လည်း လင်သားဖြစ်သော အရှင်မင်းသား၏အပါး၌ တဖဝါးမကွာ မမေ့မလျော့ နေပါအံ့။

ရတနဒေဝီ၏ သစ္စာစကားဆုံးသည်နှင့် တပြိုင်နက် ဘုရားလောင်းအား ဘယ်ဘက်မျက်လုံး ဖြစ်ပေါ်လာလေ၏။ ထိုခဏ၌နှစ်သိန်းလေးသောင်း

အထုရှိသော ဤမဟာပထဝီမြေကြီးသည် အမုန်ယစ်သောဆင်ပေါက်ကဲ့သို့ သည်းစွာသောအသံကိုပြုလျက် တုန်လှုပ်၏။ ရှစ်သောင်းလေးထောင်အမြင့် ဆောင်သော မြင့်မိုရ်တောင်မင်းသည်လည်း မီးအုံးသော ကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ် ခွေပြော့လျက် လောမဒီပတိုင်းသို့ ရှေးရှုတည်၏။ လျှပ်စီး လျှပ်နွယ်တို့သည်လည်း အခါမဟုတ် ပြက်သန်း၏၊ ပန်းမျိုးစုံတို့လည်း ကောင်းကင်မှကျလာကုန်၏။ နတ်၌ဖြစ်သော တူရိယာဂီတသံ အမျိုးမျိုး တို့သည်လည်း ကောင်းကင်၌ဖြစ်ပေါ်ကုန်၏၊ ထိုခဏ၌ နတ်တို့သည်လည်း အထောင်မက ကောင်းချီးပေးကြကုန်၏။

## ဘုရားလောင်း သခ်ပတ္တမင်းသား သစ္စာဆိုခြင်း

ထိုအခါ ဘုရားလောင်းသည် နေ့ရာမှထလျက် အကုံ့ရမင်းကြီးအား မြတ်သောမင်းကြီး ကျွန်ုပ်သည် သစ္စာဓိဋ္ဌာန်ပြုပါအံ့ ဟု လျှောက်ထား သောအခါ မင်းကြီးသည် ဘုရားလောင်းအား အနုမောဒနာ ပြုလျက် တူမောင်သခ်ပတ္တ သင်သည် သစ္စာဓိဋ္ဌာန်ပြုပါလော့ဟု မိန့်တော်မူသော် ဘုရားလောင်းသည် ခံတွင်းများကိုဆေးကြောလျက် အရှေ့အရပ်သို့ ရှေးရှု မျက်နှာမူလျက် ညာဘက်ပုခုစ်ဒူးဖြင့် မြေ၌ဝပ်တွားကာ လက်အုပ်ချီ၍ သစ္စာဓိဋ္ဌာန်ပြုလိုရကား ဤဂါထာတို့ကိုဆို၏။

၆၇=၇၀။ ကြွရောက်လာကြသော ရဟန်းပုဏ္ဏား မိဘများနှင့် တကွ ပရိသတ်အပေါင်းတို့ခင်ဗျား၊ ကျွန်ုပ်၏မျက်လုံး ၂-ဖက်ကိုပျက်စီးအောင် ပုဏ္ဏားတယောက်သည် ပြုလုပ်ခဲ့ပါ၏။ ကျွန်ုပ်၏ရတနာလက်စွပ်ကို ရယူလို သောကြောင့် ပုဏ္ဏားသည် ယင်းသို့ပြုလုပ်ကြောင်း သိရပါသည်၊ မျက်စိ ၂-ဖက်ပျက်စီးသွားသောကြောင့် ကျွန်ုပ်မှာ ဆင်းရဲဒုက္ခဖြစ်ရသော်လည်း ထိုပုဏ္ဏားအပေါ်၌ အမျက်ထွက်ခြင်းတစုံတရာမျှမဖြစ်ခဲ့ပါ။ ပုဏ္ဏားအလို ရှိသောရတနာလက်စွပ်ကိုပုဏ္ဏားအားလှူဒါန်းလိုက်ပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ညာဘက်မျက်လုံးသည် ဖြစ်ပေါ်ပါစေသား၊ ထို့ပြင်တဝ ကျွန်ုပ်သည် ဘုရားဖြစ်ရန် ဗောဓိဉာဏ်ကို ရည်သန်တောင့်တ ပြုလုပ်ရသော ဤကောင်းမှုကြောင့် နောင်အခါ၌ ဘုရားစင်စစ် ကေန်

ဖြစ်ပါလတံ့။ ဤသစ္စာစကားကြောင့် ကျွန်ုပ်၏ ညာဘက်မျက်လုံးသည် ဖြစ်ပေါ်ပါစေသား။

ဘုရားလောင်း၏သစ္စာစကားဆုံးသည်နှင့်တပြိုင်နက် ညာဘက်မျက်လုံးသည် ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုခဏ၌ မဟာပထဝီ တုန်လှုပ်ခြင်းစသော အံ့ဘွယ်သရဲတို့ဖြစ်ပေါ်ကုန်၏။

## ယသမင်းကြီးနှင့် ပုရောဟိတ်တို့ ကောင်းကင်မှကြွလာခြင်း

ထိုအခါ၌ နတ်တို့သည် ပုရောဟိတ်ပုဏ္ဏားနှင့်တကွ ယသမင်းကြီးကို ပန်းဗိမာန်၌နေစေပြီး ပန်းဗိမာန်ဖြင့် မင်းပုဏ္ဏား ၂-ဦးတို့ကိုယူဆောင်လျက် လောမဒီပမှ ကောင်းကင်ထက်၌ ရပ်တည်စေလေ၏။ ဝဒဝါမုခပုဏ္ဏားသည် ကောင်းကင်သို့ မော့ကြည့်သောအခါ ပုရောဟိတ်ပုဏ္ဏားနှင့်တကွ ယသမင်းကြီးကိုတွေ့ရ၍ အို လူအပေါင်းတို့ ပုရောဟိတ်ပုဏ္ဏားနှင့်တကွ ငါတို့၏ မင်းကြီးသည် ကောင်းကင်၌တည်၏ဟု လူတို့အား ပြောကြားသောအခါ လူအပေါင်းတို့သည် ကောင်းကင်ကို မော့ကြည့်ကြကုန်၏။ ထိုခဏ၌ ထိုပန်းဗိမာန်သည် လာ၍ ခြသေ့ရုပ်ထုလုပ်ထားသော တံခါးခုံအနီး၌ဟန့်ရပ်၏။ ထိုအခါ အကုံရမင်းကြီးနှင့် ဝဒဝါမုခပုဏ္ဏားတို့သည်ယသမင်းကြီးတို့ကိုတွေ့၍ ခရီးဦးကြိုပြုရန်လာ၏။ ဘုရားလောင်းဘခင် ယသမင်းကြီးသည် ထိုနေရာ၌ရှိသော သခ်ပတ္တမင်းသားကိုတွေ့၍ ဦးထိပ်၌နမ်းစုတ်လျက် ချစ်သားသခ်ပတ္တ သင်သည် အနှစ်တထောင် အသက်ရှည်ပါစေသတည်းဟု ဆို၍ သားသခ်ပတ္တနှင့် ချွေးမတော် ရတနဒေဝီတို့အား အလွန်ချစ်ခင် မြတ်နိုးသောအဖြစ်ကိုပြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

## ရတနာလက်စွပ်နှစ်ကွင်းကို မာနဝဇမင်းကအကုံရမင်းကြီးအား ဆက်သခြင်း

ထိုအခါ လူအပေါင်းတို့သည် "မြတ်သောမင်းကြီး မာနဝဇမင်း၏ တမန်တို့သည် ရောက်ရှိနေပါသည်၊ အရှင်မင်းကြီး၏ နန်းတော်တံခါး၌ ဆိုက်ရောက်နေပြီဟု အကုံရမင်းကြီးအား လျှောက်ထားကြသော–မင်းကြီး က ရှေတော်သို့ ဝင်စေရန် အမိန့်ပေးသဖြင့် မင်း၏တမန်တို့သည် ရှေ

တော်သို့ဝင်ကာ မင်းအား ရှိခိုးလျက် "အရှင်မင်းကြီး ဤလက်စွပ်နှစ်ကွင်းကို အရှင်မင်းကြီးအား လက်ဆောင်အတွက် မာနဇဗမင်းကြီးက ပေးပို့လိုက်ပါသည်ဟု ဆက်သရာ အကုံရမင်းကြီးသည် လက်စွပ်နှစ်ကွင်းကို ယသမင်းကြီးအား ပြ၍၊ အကုံရမင်းကြီးသည် ယင်း လက်စွပ် နှစ်ကွင်းကို သခ်ပတ္တမင်းသားအားပေး၍"အို တမန်တို့ ဤလက်စွပ်ကို အဘယ်မှ ရပါသနည်းဟု မေးသောအခါ ပုဏ္ဏားတယောက်ထံမှ ရကြောင်း တမန်တို့က လျှောက်တင်ကြကုန်၏။ အကုံရမင်းသည် "အမောင်တမန်တို့ ယင်းပုဏ္ဏားသည် ယခု အဘယ်အရပ်မှာ နေပါသနည်းဟု တမန်တို့အား မေးလျှင် အရှင်မင်းကြီး ယင်းပုဏ္ဏားသည် ယခုအခါ အရှင်မင်းကြီးတို့၏ နန်းတော် တံခါးဝ၌ ရောက်နေပါပြီဟု လျှောက်တင်လေရာ ယင်း ပုဏ္ဏားကို ရှေ့တော်သို့ ဝင်စေရန် အကုံရမင်းက မိန့်တော်မူသောအခါ အရှင်မင်းကြီး ယင်းပုဏ္ဏားသည် ကြည့်ရှုမကောင်းဖြစ်နေပါသည်၊ သံခြေကျင်းတို့ဖြင့် ချည်နှောင်ထားသဖြင့် ကျက်သရေမင်္ဂလာမရှိဖြစ်ပါသည်၊ ဤမင်္ဂလာရှိသောနေရာသို့သူ့အား ခေါ်သွင်းခစားစေရန် မသင့်ပါကြောင်း လျှောက်ထားကြကုန်၏။

ထိုအခါ အကုံရမင်းကြီးက သံခြေကျင်း ချီတုတ်နှောင်ဖွဲ့ထားသည်တို့ကို ဖြေလွှတ်၍ ရှေ့တော်သို့ ဝင်စေရန် အမိန့်ပေးတော့မှ ဖြေလွှတ်၍ မင်းကြီးရှေ့တော်သို့ ခေါ်ဆောင်လာကြ၏၊ တူမောင်သခ်ပတ္တ သင်အား ဖျက်ဆီးပြစ်မှားခဲ့သောသူသည် ဤပုဏ္ဏား ဟုတ်ပါသလောဟု မေးသောအခါ "ဦးရီးတော်မင်းကြီး ဤပုဏ္ဏားသည် ကျွန်ုပ်အား ဖျက်ဆီး ပြစ်မှားသော ပုဏ္ဏားဖြစ်ပါသည်"ဟု ဘုရားလောင်းက လျှောက်ထားသော စကားကိုကြားလျှင်—ဒုတဝိတက္ကပုဏ္ဏားသည် ကြောက်လန့်သဖြင့် မြေပေါ်သို့ လဲကျသွားလေ၏၊ ထိုခဏ၌ မိတ်ဆွေပြစ်မှားမိသော မကောင်းမှုကံကြောင့် ယင်းပုဏ္ဏား၏ မျက်စိအစုံသည် တခုတခုဖြင့် ထိခိုက်မိသကဲ့သို့ဖြစ်၍ ကွဲပျက်လေ၏၊ ထိုအခြင်းအရာကို ဘုရားလောင်းမြင်သောအခါ သနားခြင်းကြီးစွာဖြစ်သဖြင့် ထိုပုဏ္ဏားကို လည်ပင်းဖက်လျက် "အို ပုဏ္ဏား သင်ဘာမျှ ကြောက်ရွံ့စိုးရိမ်ခြင်း မဖြစ်လင့်ဟု ပုဏ္ဏားအား စိတ်သက်သာရာ ရစေလျက် နေရာမှထ၍ သစ္စာပြုလိုရကား ဤဂါထာကို ဆို၏။

၇၁။ အို ပုဏ္ဏား သင်သည် ကျွန်ုပ်၏ မျက်လုံးအစုံကို ထုတ်ယူသော အခါ ကျွန်ုပ်စိတ်တွင် အမျက်ဒေါသ အနည်းငယ်မျှ မဖြစ်ပါ၊ ဤမှန်ကန်သော သစ္စာစကားကြောင့် သင်၏ မျက်လုံး အစုံ သည် မူလပကတိအတိုင်း ဖြစ်ပြီး ချမ်းသာပါစေသား....

ဘုရားလောင်း၏ သစ္စာဆိုပြီးသည်နှင့် တပြိုင်နက် ပုဏ္ဏား၏မျက်လုံး အစုံသည် တပြိုင်နက်တည်း ဖြစ်ပေါ်လာလေ၏၊ ထိုအခါ ပုဏ္ဏားသည် ဘုရားလောင်းကိုမြင်၍ "အံ့သြဘွယ်ရှိပါပေစွ၊ ဤကဲ့သို့သော မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရခြင်းသည် ငါ့အား ချမ်းသာလှပါတကား ဟု ကြံစည်အောက်မေ့လျက် ဥဒါန်း ကျူးလိုရကား ဤဂါထာကို ဆို လေ၏။

၇၂။ အို မင်းသား သင်၏ထံပါး၌ သင်နှင့်အတူတကွ ပေါင်းဖေါ် ရခြင်းသည် ကောင်းမြတ်လှပါ၏၊ ချမ်းသာပါ၏၊ ဘေးရန် အန္တရာယ်လည်း မရှိပါ၊ သင်မင်းသားသည် ကျွန်ုပ်အား ချမ်းသာ သုခကို ဖြစ်စေပါ၏၊

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ထိုပုဏ္ဏားအား ဆုံးမဩဝါဒ ပေးလိုသည်ဖြစ်၍ အို ပုဏ္ဏား ဤနေ့မှစ၍ မိတ်ဆွေခင်ပွန်းတို့ကို ပြစ်မှား ဖျက်ဆီးခြင်းကို မပြုပါလင့် ဟု ဆုံးမဩဝါဒပေးပြီးနောက် ပုဏ္ဏားအား ရွှေစင်တထောင်ကို ပေးလေ၏၊ ပုဏ္ဏားသည် ရွှေစင်တထောင်ကို ယူ၍ ထွက်ခွါသွားလေ၏၊ ထိုအခါ ဘုရားလောင်းသည် အကုံရမင်းကြီးအား အရှင်မင်းကြီး ကျွန်ုပ်အား ကျေးဇူးပြုခဲ့ကြသော သီဟနှင့် ကဥ္စရတို့အား တွေ့လိုပါသည် ဟု လျှောက်ထား၍ မင်းကြီးက ယင်းဥယျာဉ်စောင့်တို့အား ခေါ်၍ တွေ့ဆုံစေလေသည်၊ အရှင်မင်းကြီး ဤသူ ၂-ယောက်သည် ကျွန်ုပ် အား ကျေးဇူးများလှပါသောကြောင့် သူတို့အား သင့်လျော်သော လက် ဆောင် ပဏ္ဏာတို့ကိုပေးရန် လျှောက်ထားရာ ယင်း ၂-ဦးတို့အား ထီးဖြူ စိုက်လျက် ရွာကြီးတထောင်ကို အပိုင်စားပေးလေ၏။

ထိုအခါ အကုံရမင်းကြီးသည် အထူးထူး အပြုံးပြားသော မင်္ဂလာတို့ကို ပြုလုပ်စေပြီးလျှင် မင်းယင်ပြင်၌ ရတနာအမျိုးမျိုးတို့ဖြင့် ပြုလုပ်စီမံထား

သော နေရာ၌ ဘုရားလောင်းအား နေစေလျက် ရွှေအိုး ဆဲ့ခြောက်လုံး အပြည့်ထည့်ထားအပ်သော မင်္ဂလာဘိသိက် နံ့သာရေဖြင့်ရင်း အလွန်မင်္ဂလာ ရှိသည်ဟု သမုတ်အပ်သော လက်ျာရစ်လည်သော ခရုသင်းအပြည့် ထည့် ထားအပ်သော မင်္ဂလာဘိသိက် နံ့သာရေဖြင့်ရင်း အဘိသိက်သွန်းလောင်း ၍ မင်းအဖြစ် တင်မြှောက်လေ၏၊ ဘုရားလောင်းအား ရာဇာဘိသိက် မြှောက်ပြီး နောက်တနေ့၌ ယသကိတ္တိဒေဝီ, ပုရောဟိတ်နှင့်တကွသော ယသမင်းကြီးအား အခြံအရံတို့နှင့်တကွ နတ်များက ပန်းဗိမာန်ဖြင့် ကောင်းကင်ခရီးမှ တင်ဆောင်ယူငင်လျက် ပေါတပုရမြို့သို့ ပြန်လည် ပို့ ဆောင် ပေးလေ၏၊ ဘုရားလောင်း မယ်တော် ခမည်းတော်များသည် ပေါတပုရမြို့၌ မင်းစည်းစိမ်ကို ခံစားလျက် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်၏၊ ဘုရားလောင်းသည်ကား မိမိအား ကျေးဇူးများစွာ ပြုခဲ့ ကြသော သီဟနှင့် ကုဉ္ဇရတို့အား ဆုံးမဩဝါဒပေးလျက် တဖန် အဝတ် တန်ဆာတို့ကိုပေး၍ ငါးပါးသီလတို့၌ တည်စေပြီး ဌာနသို့ ပြန်လွှတ်လေ ၏၊ ဘုရားလောင်းသည် ရတနဒေဝီမိဖုရားကြီးနှင့်အတူ လောမဒီပမြို့၌ မင်းစည်းစိမ်တို့ကို ခံစားလျက် လူအပေါင်းအား ဒါနစသော ကုသိုလ် ကောင်းမှုတို့ကို ပြုစေ၍ ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည်ဤတရားဒေသနာကိုဆောင်၍ ဇာတ်ကိုပေါင်းလိုရကား အဆုံးဂါထာတို့ကို ဆို၏။

## ဇာတ်ပေါင်းခဏ်း

၇၃-၇၉။ ထိုအခါ သီလမရှိသော မျက်လုံးဖေါက်သော ဒုတဝိတက္က ပုဏ္ဏားသည် ယခုအခါ ငါဘုရား၏ရန်သူ ဒေဝဒတ်၊ သီဟသည် ယခုအခါ သာရိပုတ္တရာ၊ ကုဉ္ဇရသည် ရှင်မောဂ္ဂလာန်၊ ယသကိတ္တိ မိဖုရားသည် မဟာမာယာ၊ ယသမင်းသည် သုဒ္ဓေါဒန၊ အကုံရ မင်းသည် အာနန္ဒာ၊ ရတနဝတီသည် ယသော်ဓရာ၊ ၂-နိုင်ငံ တို့မှ မြို့သူမြို့သားတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်ကြ၍ သခ်ပတ္တမင်းသည်ကား ငါဘုရားဖြစ်လာ၏၊ အလုံးစုံ သော သင်တို့သည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို

တောင့်တကြကုန်လျက် အလွန်ရိုသေသော စိတ်ထားဖြင့် ဇာတ်တော်ကို ဆောင်ယူမှတ်သား ကြကုန်လော့။

၁၀-ခုမြောက် သခ်ပတ္တဇာတ် ပြီး၏။

---

၂-သုဓနုဝဂ်

# ၂-သုဓနုမင်းသားဇာတ်

[အသုဘ ကမ္မဋ္ဌာန်းနှင့် ကင်းကုန်သော သာသနာ ဝန်ထမ်း ရဟန်း သာမဏေတို့အား ရာဂတရားများ နှိုက်စက်ပုံကို ပြတော်မူသော သုဓနု ဇာတ်ဝတ္ထု။]

မြတ်စွာဘုရားသည် ကုတော နုတံ့ အာဂစ္ဆသိ လုဒ္ဒက အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်တော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကိုအကြောင်းပြု၍ ဟောတော်မူ၏။ ခွဲဦးအံ့၊ ထိုအခါ တနေ့သ၌ ထိုရဟန်းသည် ရွာထဲ၌ ဆွမ်းခံကြွတော် မူသောအခါ ရုပ်အဆင်းလှပ ချောမောသော အမျိုးသမီးတယောက်ကို တွေ့မြင်ခဲ့၍ တပ်မက်စွဲလမ်းသောစိတ် ရှိသဖြင့် ဆွမ်းခံပြန်လာပြီးနောက် သပိတ်ကို သင့်လျော်ရာတွင် ထားလျက် ခေါင်းငိုက်စိုက်ချလျက် နေလေ၏။ ထိုရဟန်း၏ မိတ်ဆွေရဟန်းတို့သည် ထိုရဟန်း၏ မရွှင်သောအမူအရာကို တွေ့မြင်ကြသဖြင့်—

"ငါ့ရှင်၊ သင့်မှာ အဘယ်ကဲ့သို့သော စိတ်မချမ်းသာမှု ရှိနေပါသနည်းဟု" မေးကြသောအခါ အို ရဟန်းတို့၊ တပည့်တော်မှာ အခြားစိတ်မချမ်းသာဝရာ မရှိပါ၊ စင်စစ်မှာကား ရွာထဲ ဆွမ်းခံ ကြွတုန်းက လှပချောမောသော အမျိုးသမီး တယောက်ကို တွေ့မြင်ခဲ့ရ၍ ထိုအမျိုးသမီး၏ လှပခြင်းဟာ မျက်စိက မထွက်နိုင်အောင် စွဲလန်းမိသဖြင့် ယင်းအမျိုးသမီးအတွက် စိတ်လက်မသာ သာသနာမှာ မပျော်မွေ့ ငြီးငွေ့ဆန့်ကျင် လည်တငင်ငင် ဖြစ်နေပါသည်ဟု လျှောက်ထားလေ၏။

ထိုစကားကို ကြားသောအခါ မိတ်ဆွေ ရဟန်းတို့က အကြောင်း အမျိုးမျိုးပြ၍ ဆုံးမသြဝါဒ ပေးကြသော်လည်း ထိုရဟန်း၏ သာသနာ၌ မပျော်ပိုက်သည့် အခြေအနေကို ငြိမ်းပျောက်စေခြင်းငှါ မတတ်နိုင်သော ကြောင့် မြတ်စွာဘုရားအား ရှက်ကြောက်၍ ဘုရားထံသွားရန် အလိုမရှိ သော တပ်မက်စွဲလန်း ထိုရဟန်းအား ဘုရားရှင်ထံ ခေါ်ဆောင်ကြလျက်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤရဟန်းသည် ဘုရားရှင်၏ သာသနာ၌ မပျော်မွေ့ ငြီးငွေ့ ဆန့်ကျင် လည်တငင်ငင် ဖြစ်နေပါသည်၊ တပည့်တော်များ တောင်းပန် လျှောက်ထားပါ၏၊ ဤရဟန်းအား သာသနာတော်၌ ပျော်ပိုက်မွေ့လျော်လာအောင် တရားဟောတော်မူပါ၊ ဤသို့ တရားဟောတော်မူလျှင် ရဟန်းလည်း သာသနာတော်၌ ပျော် မွေ့လာပြီး တပည့်တော်များလည်း တရားတော်ကို နာယူမှတ်သားရပါ လတံ့ ဟု လျှောက်ကြားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်း၊ သင်သည် သာသနာတော်၌ မပျော်မမွေ့ငြီးငွေ့ဆန့်ကျင် လည်တငင်ငင်ရှိ၏ ဆိုသည်မှာ မှန်ပါသလား" ဟု မေးတော်မူရာ မှန်ပါကြောင်း လျှောက်ထားလျှင် အဘယ် အကြောင်းကြောင့် သာသနာတော်၌ မပျော်ပိုက်ဘဲ ငြီးငွေ့ရပါသနည်း မေးပြန်သောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော် သည် အမျိုးသမီးတဦးကြောင့် သာသနာတော်၌ မပျော်ပိုက်ခြင်း ဖြစ် ပါသည်ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည်—

ရဟန်း၊ သင်သည် မရှင်မလန်း ညစ်နွမ်းသောစိတ်ကို မပြုပါလင့်၊ သင်သည် သဒ္ဓါတရားဖြင့် စည်းစိမ်ချမ်းသာနှင့် ဆွေမျိုးအပေါင်းတို့ကို စွန့်ခွာလျက် သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သော ငါဘုရား၏ သာသနာ၌ ရဟန်းပြုခဲ့သည် မဟုတ်ပါလော၊ သံသရာမှ ထွက်ရာလမ်း ကြောင်းဖြစ်သော ကိလေသာကုန်ခန်းခြင်းကို ပြုတတ်သည့် သမထ ဝိပဿနာကို ပယ်စွန့်၍ ကိလေသာ၏အလိုကို အဘယ့်ကြောင့် လိုက်နေ ဘိသနည်း၊ ဤသို့ ကိလေသာအလိုလိုက်ခြင်းသည် သင့်အား မလျော်

ပတ် မလျော်ကန်သည်မဟုတ်ပါလောဟု ဘုရားရှင်က ဆုံးမတော်မူလျက် တဖန်ထပ်၍—

ရဟန်း၊ သင်သည် အသုဘ ကမ္မဋ္ဌာန်းကို မပွါးများခြင်းကြောင့် သင့်မှာ ရာဂတရားတွေ တိုးပွါးနေဘိသည်၊ ထို့ကြောင့် သင်သည် ရာဂကိုပယ်ရန် အသုဘကမ္မဋ္ဌာန်းကို ပွါးများနှလုံးသွင်းအပ်၏၊ အသုဘ ကမ္မဋ္ဌာန်းကို ပွါးများလျှင် သင့်မှာ ရာဂစိတ်များ နည်းပါးသွားလိမ့်မည်-စသည်ဖြင့် ဘုရားရှင်သည် ထိုရဟန်းအား အကြောင်းအမျိုးမျိုးဖြင့် တရားစကား ဟောကြားပြီးလျှင် တရားသဘင် အဆောက်အဦ၌ စည်းဝေးညီညာ ရောက်လာကြကုန်သော ရဟန်းတို့အား မိမိရှေးဘဝက ပြုမူကျင့်ကြံခဲ့သောတရားတို့ကို ဟောကြားလိုရကား—

ရဟန်းတို့ မိန်းမ၏ရုပ်အဆင်းသည် ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကြုံးဆွဲငင်လွှမ်းမိုးနိုင်ကြ၏၊ ထို့ကြောင့် မိန်းမရုပ်အဆင်း၌ တပ်မက်သောရာဂကိုပုထုဇဉ်တို့မှာ စွန့်လွှတ်ဖြေဖျောက်နိုင်ခဲ၏၊ ရှေးအခါကလည်း ရှေးပညာရှိတို့သည် အမျိုးသမီးတို့ကိုအမှီပြု၍ အမျိုးသမီးများ အတွက် မိမိ၏များလှစွာသော စည်းစိမ်ချမ်းသာတို့ကိုငင်း၊ မိခင်ဘခင် ကျေးဇူးရှင်တို့ကိုငင်း၊ အသက်ကိုငင်း ပဓာနမထားဘဲ မိန်းမကို ရှာမှီးရန် သွားခဲ့ဘူးကုန်၏ မိန့်တော်မူရကား ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များက တောင်းပန်သဖြင့်အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ကဇာတ်ကြောင်း

လွန်လေပြီးသောအခါ ဥတ္တရပဉ္စာလတိုင်း၌ အာဒိစ္စဝံသမင်းသည် တရားနှင့်အညီမင်းပြု၏၊ မိဖုရားခေါင်ကြီးသည် စန္ဒာဒေဝီမည်၏၊ စန္ဒာဒေဝီသည် အကျင့်သီလနှင့်ပြည့်စုံလျက် အလှူပေးခြင်း၌ မွေ့လျော်၏၊ ထိုအခါ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေပြီးလျှင် မိဖုရားကြီး၏ဝမ်း၌ပဋိသန္ဓေတည်၏၊ ဘုရားလောင်း ပဋိသန္ဓေတည်သော နေ့၌ မဟာပထဝီမြေကြီးတုန်လှုပ်၏၊ မြင့်မိုရ်တောင်သည် ဥတ္တရပဉ္စာလ တိုင်းသို့ရှေးရှုညွတ်၏၊ သမုဒ္ဒရာသည်ချောက်ချား၏၊ အံ့ဩစရာမဖြစ်ဘူးမြဲ

ထူးကဲသောအဖြစ်တို့ ဖြစ်ကုန်၏၊ ဘုရားလောင်း၏ တန်ခိုးအာနုဘော်ကြောင့် မင်းနန်းတော်ပြာသာဒ်၏နံပါးလေးဘက်လေးတန်တို့၌ရွှေအိုးကြီးလေးလုံးတို့သည် ဖြစ်မြဲမြေအပြင်၌ မြေမှုန်များဖုံးအုပ်လျက် တည်လာ၏။ စန္ဒာဒေဝီသည် ဆယ်လလွန်မြောက်သောအခါ ရွှေရုပ်ထုပမာ လှပသောသားတော်ကိုဖွားမြင်၏၊ ဘုရားလောင်း ဖွားသောနေ့၌ တည်ရှိသောရွှေအိုးကြီးလေးလုံးတို့သည် မြေမှထွက်၍ အထင်အရှားပေါ်လာကုန်၏။ အာဒိစ္စဝံသမင်းကြီးသည် မဖြစ်ဘူးမြဲ ထူးကဲလှစွာသော ဤအခြင်းအရာတို့ကိုမြင်ရ၍ ငါ၏သားသည် ဘုန်းတန်ခိုးအာနုဘော်ရှိပေ၏ဟု မှတ်သားဆင်ခြင်လျက် သားတော်ကို သုဓနု ဟု အမည်မှည့်၏၊ သုဓနုမင်းသားသည် အရွယ်ရောက်လတ်သော် အလွန်လှပသော ကျက်သရေကိုဆောင်လျက် တကိုယ်လုံးရှိ ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည် ပြေပြစ်ချောမောလှ၍ ထက်မက နတ်တမျှကဲ့သို့ရှိ၏၊ သုဓနုမင်းသားသည် လေးအတတ်စသောအတတ်ပညာ အမျိုးမျိုးတို့ကို သင်ယူလျက် မိခင်ဘခင်တို့အားအတတ်ပညာတို့ကို ပြ၏၊ မင်းကြီးသည် သားတော်၏ အတတ်ပညာတို့ကိုနှစ်သက်သဘောကျသဖြင့် သားတော်အား မင်းအဖြစ်ကို အပ်နှင်း၏၊ ဘုရားလောင်းသည် ဘခင်အား ရိုသေလေးစားသောအားဖြင့် မင်းအဖြစ်ကို လက်ခံသည်ဟု အမည်ခံလျက် ဘခင်မင်းကြီးအား ပြန်လည်ပေးအပ်၏။

## ဥတ္တရပဥ္စာလတိုင်း၌ နဂါး၏အာနုဘော်ကြောင့် သာယာဝပြောခြင်း

ထိုအချိန်၌ ဥတ္တရပဉ္စာလတိုင်း၏ အရှေ့မျက်နှာဘက်၌ အိုင်ကြီးတအိုင်ရှိ၏၊ ယင်းအိုင်ကြီး၌ စိတ္တမည်သော နဂါးကြီးနေ၏၊ နှစ်စဉ် ဥတ္တရပဥ္စာလတိုင်း မြို့သူမြို့သားတို့သည် မြို့မှထွက်၍ရေအိုင်သို့သွားကာ နဂါးမင်းကြီးအား ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် နဂါးအား ပူဇော်မှု (ဗလိကမ္မ)ကိုပြုကာ—နဂါးမင်းကြီး ကျွန်ုပ်တို့တိုင်းပြည်ကို ကောက်ပဲသီးနှံ့ ပေါများ၍ သာယာဝပြောအောင် ပြုလုပ်ပေးပါ"ဟုဆိုကြကာ နဂါးမင်းကြီးအား ရှိခိုးပြီး မြို့သို့ ပြန်လာကြကုန်၏၊ ထိုနဂါးကြီးသည် မြို့သူ မြို့သားတို့၏ ပူဇော်သက္ကာရကို ခံယူသည့်အတိုင်း မြို့သူမြို့သားတို့အလိုရှိသော တိုင်းပြည်

ဝပြော စည်ပင်ရေးအတွက် မိုးကောင်းစွာရွာစေလျက် စားနပ်ရိက္ခာများ ပေါများကြွယ်ဝပြီး တိုင်းပြည်အေးချမ်းသာယာ ဝပြောစေလေ၏။

## မဟာပဥ္စာလမြို့၌ ငတ်မွတ်ခေါင်းပါးအစာရှားခြင်း

ထိုအချိန်၌ပင် ဥတ္တရပဥ္စာလတိုင်း၏ အရှေ့ဘက်၌ပင် မဟာပဥ္စာလမြို့ ရှိ၏၊ ထိုမြို့၌ ငတ်မွတ်ခေါင်းပါး အစာရေစာ ရှားပါး၏၊ မြို့သူမြို့သားတို့ သည် ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရ၏၊ ထိုအခါ မဟာပဥ္စာလမြို့သူမြို့ သားတို့သည် ငတ်မွတ်ခေါင်းပါးအစာရေစာ ရှားပါးခြင်းဒဏ်ကို သည်း မခံနိုင်ကြသောကြောင့် အစာရေစာပေါများသောဥတ္တရပဥ္စာလမြို့သို့ သွား ရောက်နေထိုင်ကြသဖြင့် မဟာ ပဥ္စာလမင်း၏ စစ်သည်ဗိုလ်ပါတို့သည် နည်း လာ၍တဖြေးဖြေး မဟာပဥ္စာလမင်း၏ ပရိသတ်သည် ကျဲသကဲ့သို့ ကုန်ခန်း လာ၏၊ မဟာ ဥ္စာလမင်းသည် ရှေးက မိမိမြင်ဘူး သူတို့အား နောက် အခါတွင် မတွေ့မြင်သဖြင့်"အို အမတ်များတို့ ငါ၏ ပရိသတ်တို့ အဘယ်သို့ ရောက်သွား ကုန်ကြသနည်း"ဟု မေးသောအခါ အရှင်မင်းကြီး ပရိသတ် တို့သည် ဥတ္တရပဥ္စာလတိုင်းသို့ သွားရောက် နေထိုင်ကြ ပါကုန်၏"ဟု အမတ် တို့က ဖြေဆိုလေလျှင် အဘယ်ကြောင့် ပရိသတ်များ ဥတ္တရပဥ္စာလတိုင်း သို့ ပြောင်းရွှေ့ နေထိုင်ကြကြောင်း မေးပြန်သော အခါ ဥတ္တရပဥ္စာလ တိုင်းသည် အစာရေစာ ပေါများ၍ သာယာ ဝပြောသောကြောင့် လူတို့ ပြောင်းရွှေ့ သွားကြခြင်း ဖြစ်ကြောင်း အမတ်တို့က လျှောက်ကြားကြ ကုန်၏။

ထိုအခါမဟာပဥ္စာလ မင်းက"အဘယ့်ကြောင့် ဥတ္တ,ရပဥ္စာလတိုင်းသည် အစာရေစာ ပေါများပြီး သာယာဝပြော ပါသနည်း"ဟု မေးလေရာ "အရှင် မင်းကြီး ဇမ္ဗုစိတ္တ နဂါးမင်းသည် ဥတ္တရာပဥ္စာလ မြို့ကို စောင့် ရှောက် သိမ်းပိုက် ထား၏၊ ထိုနဂါးမင်း၏ တန်ခိုးအစွမ်းကြောင့် မိုး ကောင်းစွာ ရွာလျက် ကြီးပွါးခြင်းသို့ ရောက်ကြကာ ဘေးရန်မရှိ၊ နတ်မြို့ ကဲ့သို့ သာယာဝပြောခြင်း ဖြစ်သည်"ဟု ကျွန်ုပ်တို့ ကြားဘူးပါကြောင်း အမတ်တို့ လျှောက်ထား သံတော်ဦးတင်သော အခါ မဟာပဥ္စာလ မင်း သည် ဦးခေါင်းကို အရိုက်အနှက် ခံလိုက်ရသည့် ပမာ စိတ်ထိခိုက်သော

ဒေါသအမျက် ချောင်းချောင်း ထွက်လျက် သူတပါး လက်ထဲသို့ ရောက်သွားသော မိမိ၏စစ်သည်ဗိုလ်ပါ ပရိသတ်တို့ကို ဆင်ခြင်တွေးတောလျက် အဘယ့်ကြောင့် မိမိပရိသတ်သည် သူတပါးပရိသတ် အဖြစ် ခံနေရမည်နည်း ဟူသော ဝန်တို မစ္ဆရိယကို အရင်းခံ၍ ဥတ္တရပဉ္စာလမင်း၏ စစ်သည်ဗိုလ်ပါတို့နှင့် ပြည့်စုံခြင်းကို သည်းမခံနိုင်ရကား အဘယ်နည်းဖြင့် ထိုမင်း၏ စစ်သည်ဗိုလ်ပါတို့ ဆုတ်ယုတ်ပျက်စီး ပါအံ့နည်းဟု ကြံစည်ကာ မခံမရပ်နိုင် ဖြစ်နေပြီး—

"အို အမတ်များတို့ ဥတ္တရပဉ္စာလတိုင်းကို သာယာဝပြော ပေါများကြွယ်ဝအောင် ပြုလုပ်ပေး နေသော နဂါးမင်းကြီးကို တတ်နိုင်သည့် နည်းဖြင့် သတ်ကြကုန်အံ့"ဟု အမတ်တို့အားပြောလေ၏။

အမတ်တို့က "မြတ်သောမင်းကြီး၊ ထိုနဂါးမင်းကြီးသည် တန်ခိုးအာနုဘော် ကြီးလှပါ၏၊ ကျွန်ုပ်တို့သည်. ယင်းနဂါးမင်းကြီးကို လက်နက်ဖြင့် သတ်ဖြတ်ခြင်းငှါ မတတ်နိုင်ကြပါ၊ မန္တန်အစွမ်းဖြင့်သာ နဂါးမင်းကို သတ်ဖြတ်နိုင်ပါလိမ့်မည်"ဟု လျှောက်တင်ကြကုန်၏။ ဤသို့သော မန္တန်မျိုးကို အဘယ်သူသည် တတ်ကျွမ်းနားလည်ပါသနည်းဟု မင်းကြီးက မေးရာ မြတ်သောမင်းကြီး မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၍ မန္တန်ကို ဆောင်ကြသော ပုဏ္ဏားတို့သည် ယင်းမန္တန်မျိုးကို တတ်ကျွမ်း နားလည်ကြပါကုန်၏ဟု အမတ်တို့က လျှောက်တင်သော အခါ ပဉ္စာလမင်းသည် မိမိ၏မြို့တော်၌ စည်လည်စေလျက် မင်းယင်ပြင်၌ ပုဏ္ဏားတို့ကို စုရုံးနေစေ၏။ မင်း၏ နန်းတော်၌ မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မန္တန်ကို ဆောင်ကြသော ပုဏ္ဏားတထောင်မျှ စုဝေးလာကြ၏။ ယင်းတထောင်မှ လက်ရွေးဝင် အတော်ဆုံး တရာတို့ကို ထပ်မံ ရွေးချယ်ပြီးနောက် ယင်းတရာမှ လက်ရွေးစင် ငါးဆယ်-ယင်းမှတခါ ဆယ်ယောက်၊ ယင်းဆယ်ယောက်မှ တဖန် အတော်ဆုံး အစွမ်းနိုင်ဆုံး ပုဏ္ဏားတယောက်ကို ရွေးချယ်ပေးကြကုန်၏။

ပဉ္စာလမင်းသည် ယင်းပုဏ္ဏားကိုခေါ်၍ "အို ပညာရှိပုဏ္ဏား၊ သင်သည် ဇမ္ဗုစိတ္တနဂါးမင်းကို လည်ပင်းကို ကြိုးဖြင့်ချီ၍ ခေါ်ခြင်းငှါပြင်း၊

သေစေရန်ငှင်း တတ်စွမ်းနိုင်ပါသလော၊ အကယ်၍ ဤနဂါးကို အရှင် ရရ အသေရရ ဖမ်းမိနိုင်ပါလျှင် သင့်အား ကျွန်ုပ်၏ မင်းစည်းစိမ် တဝက်ကို ပေးပါအံ့''ဟု မိန့်ဆိုသောအခါ ထိုပုဏ္ဏားသည် ဗေဒင် အတတ်၌ တဖက်ကမ်းရောက် ပေါက်မြောက် တတ်ကျွမ်းသောကြောင့် ငှင်း, မင်းစည်းစိမ်တဝက်ပေးမည် ဟူသည်ကို လိုချင် တပ်မက်သော ကြောင့်ငှင်း နဂါးမင်းအား အသေ သို့မဟုတ် အရှင် ဖမ်းဆီးခြင်းငှါ တတ်နိုင်ပါကြောင်း လျှောက်တင်လေ၏။

ဇမ္ဗုစိတ္တနဂါးမင်းကိုဖမ်းရန်သွားခြင်း

ပုဏ္ဏား၏စကားကိုကြားသဖြင့် ပဉ္စာလမင်းသည် ပုဏ္ဏားအား ပူဇော် သက္ကာရများပြုလုပ်ပေးပြီးနောက် အို ပညာရှိပုဏ္ဏား အချိန်ကြာမြင့်စွာ ဆိုင်းငံ့တော်မမူပါလင့်ဟု ဘုရင်မင်းမြတ်က အမိန့်ရှိသောကြောင့် ပုဏ္ဏား သည် ''အို အရှင်မင်းမြတ် အကျွန်ုပ်သည် နဂါးမင်းရှိရာသို့သွား၍ နဂါး မင်းကိုအားနည်းပြီး မလှုပ်နိုင်အောင်ပြုပြီး အရှင်မင်းကြီးထံ ယူဆောင် ခဲ့ပါမည်ဟုဆိုကာ ပုဏ္ဏားသည် နဂါးရှိရာသို့သွားလျက် ယခုအခါ နဂါး၏ အခြေအနေကို အကဲခတ်ဦးအံ့ဟုကြံလျက် ရေအိုင်ကမ်းနားသို့ သွား၍ ''ငါသည် နက်ဖြန် ဆေးကိုယူ၍ ဆေးအစွမ်းဖြင့်နဂါးကိုအားနည်းအောင် ပြုပြီးမှဖမ်းယူ၍ မင်းအားလက်ဆောင်အဖြစ်ဆောင်ယူလာအံ့ဟုစိတ်ကူး၍ နေဝင်သောအခါ ခံတွင်းကိုဆေးကြော၍ အဝတ်ဖြူကိုဝတ်လျက် အဝတ်ဖြူ တထည်ကိုပုခုံးထက်၌တင်ပြီးလျှင် လက်ဝဲလက်ဖြင့် ပန်းကိုကိုင်၍ လကျာ လက်ကိုဆန့်တန်းလျက် (အလမ္ဗာယန) အလမ္ဗာယ်အတတ်ဟု ခေါ်သော ဂဠုန်မင်းမန္တန်ကို ရွတ်ဆိုမန်းမှုတ်လေ၏။ ထိုခဏ၌ ယင်းမန္တန်၏တန်ခိုး ကြောင့် ညှိုးနွမ်းသောကိုယ်ရှိသော ထိုနဂါးမင်းသည် မိမိကိုယ်ကို ရပ်တည် ခြင်းငှါ မစွမ်းနိုင်အောင်ရှိလေ၏၊ ထိုရေအိုင်၌ ရေမှ အခိုးအငွေ့တို့ထွက် ကုန်၏၊ ဤအခြင်းအရာကို မြင်သောအခါ ထိုပုဏ္ဏားသည် ယခုအခါ ငါသည် ထိုနဂါးကိုဖမ်းယူနိုင်၏ဟုသိသဖြင့် ဝမ်းမြောက်လျက် ယင်းဂဠုန် မင်းမန္တန်ကို အဆုံးသတ်ပြီးလျှင် တနေရာ၌ထိုင်နေ၏။ နောက်တနေ့ စောစော၌ပုဏ္ဏားသည် မန္တန်နှင့်ဆိုင်ရာ ဆေးပင်တို့ကိုရှာရန် တောသို့ ဝင်လေ၏။

နဂါးမင်းသည် မိမိ၏နဂါးဘုံဗိမာန်မှထွက်၍ မိမိကိုယ်ကို ပုဏ္ဏားအသွင် ဖန်ဆင်းလျက် ဤအရပ်၌ငါ့ကိုကယ်တင်နိုင်မည့် ကျေးဇူးရှင် တယောက် ယောက် ပေါ်ပေါက်လိုပေါ်ပေါက်ငြား သဘောထားဖြင့် ထိုရေအိုင်၌ ရပ်တည်လေ၏၊ ထိုအခိုက်တွင် ပုဏ္ဏရိကမည်သော မုဆိုးတယောက်သည် တောလိုက်ရင်း ထိုနေရာသို့ ဆိုက်ရောက်လာ၏။ ယင်းမုဆိုးကိုတွေ့၍ နဂါးမင်းက ဤသူသည် ငါ့ကိုကယ်တင်မည့် ငါ၏ ကိုးကွယ်အားထားရာ ပုဂ္ဂိုလ်ဖြစ်ရာ၏ဟုကြံကာ စိတ်သက်သာရာရလျက် ထိုမုဆိုးကိုခေါ်၍ မုဆိုး လာခြင်းအကြောင်းကိုမေးလိုရကား ဂါထာကိုဆိုလေ၏။

၁။ အို မုဆိုး ခွန်အားဗလနှင့်ပြည့်စုံ၍ လက်နက်များ စွဲကိုင်လာသော သင်သည် အဘယ်အရပ်မှ လာပါသနည်း၊ အဘယ် အကြောင်းဖြင့် ဤအရပ်သို့ လာသည်ကို ကျွန်ုပ်အား ပြောကြားပါလော့။

ပုဏ္ဏား၏စကားကိုကြား၍ မုဆိုးသည် နှစ်ခုမြောက်ဂါထာကို ဆို၏။

၂။ အို ပုဏ္ဏား ခွန်အားဗလနှင့်ပြည့်စုံသော လက်နက်စွဲကိုင်ထားသော ကျွန်ုပ်သည် သားသမင်တို့ကို ဖမ်းဆီးရန်အတွက် တယောက်တည်း ဤအရပ်သို့ လာပါ၏။

ထိုစကားကိုကြား၍ (ပုဏ္ဏားယောင် ဖန်ဆင်းထားသော) နဂါးမင်းက အို မုဆိုး သင်တို့၏ ဥတ္တရပဉ္စာလတိုင်းမှာ အစာရေစာပေါများ၍ သာယာဝပြောစွာရှိပါသလော၊ ထိုသို့မဟုတ် အစာရေစာ ခေါင်းပါး၍ ငတ်မွတ်ခြင်း ရှိပါသလောဟု မေးသောအခါ "အို ပုဏ္ဏား ကျွန်ုပ်တို့ ဥတ္တရ-ပဉ္စာလတိုင်းမှာ အစာရေစာပေါများ၍ သာယာဝပြောစွာ ရှိပါ၏ ဟု ဖြေလေ၏၊ အို မုဆိုး အဘယ့်ကြောင့် သင်တို့နိုင်ငံမှာ အစာရေစာပေါများ၍ သာယာဝပြောစွာ ရှိပါသလဲ ဟု မေးပြန်ရာ အို ပုဏ္ဏား ကျွန်ုပ်တို့၏ မြို့၌ ဇမ္ဗုစိတ္တမည်သော နဂါးမင်းကြီး ရှိနေပါသည်၊ ယင်းနဂါးမင်းကြီးသည် ကျွန်ုပ်တို့မြို့ကို ကောင်းစွာ စောင့်ရှောက်ထားသောကြောင့် အစာရေစာများ ပေါများပြီး သာယာဝပြောစွာ ရှိနေသည်ဟု မုဆိုးကဖြေလေ၏၊ ထိုစကားကိုကြား၍ နဂါးမင်းက-

အို မုဆိုး၊ သင်တို့နိုင်ငံကို သာယာဝပြောအောင်, အစာရေစာပေါများအောင် စောင့်ရှောက်နေသော နဂါးမင်းကို တစုံတယောက်ကနှိပ်စက်ညှဥ်းပန်းမည်ဆိုလျှင် ယင်းညှဥ်းဆဲမည့်သူကို သင် အသို့ပြုလုပ်မည်နည်းဟု ပုဏ္ဏားကမေး သောအခါ အို ပုဏ္ဏား၊ ကျွန်ုပ်တို့နိုင်ငံကို စောင့်ရှောက်နေသော ဇမ္ဗုစိတ္တ နဂါးမင်းကြီးကိုမှ သတ်မည်ဆိုလျှင် ဤလိုလူမျိုးကိုတွေ့ရလျှင် ကျွန်ုပ်သည် ထိုသူ၏ခေါင်းကို ဖြတ်ပစ်ပါမည်ဟု မုဆိုးကပြောလေလျှင် အမှန်တကယ် ပြောပါသလားဟု ပုဏ္ဏားက ထပ်မေး၍ တကယ်ပြောကြောင်း မုဆိုးက ပြန်ပြောသောအခါ အို မုဆိုး၊ ငါသည်ကား အခြားသူ မဟုတ်ပါ၊ သင်ယခုပြောသော ဇမ္ဗုစိတ္တ နဂါးမင်းဆိုတာကျွန်ုပ်ပင် ဖြစ်ပါသည် သင်ကယ်နိုင်လျှင် ကယ်ပါ၊ သင်မှမကယ်နိုင်၊ မကူညီနိုင်၊ မစောင့်ရှောက်နိုင်ပါလျှင် ကျွန်ုပ်အဖို့ သေရရန် အမှန်ဖြစ်နေပါသည်ဟု ပုဏ္ဏားက ပြောလေ၏။

## နဂါးမင်းကို မုဆိုးကယ်တင်ခြင်း

ထိုအခါ နဂါးမင်းသည် အကြောင်းအလုံးစုံကို မုဆိုးအားပြောပြလေ၏။ထိုအခါ မုဆိုးက''အို ပုဏ္ဏား၊ကျွန်ုပ် ယခု ဘယ်သို့ပြုလုပ်ကူညီစေလိုပါသနည်းဟု မေးလေသော် နဂါးမင်းက အို မုဆိုး၊ သင်သည်သစ်ပင်ခြုံကြားတို့၌ မြှားကိုကိုင်၍ အသင့်စောင့်နေပါ၊ မန္တန်ကို ရွတ်ဖတ်ပြီး ကျွန်ုပ်ကို ညှဥ်းဆဲနှိပ်စက်မည့် ပုဏ္ဏားသည် ဤရေကန်သို့လာ၍ မန္တန်စုတ်ပါလိမ့်မည်၊ ထိုအခါတွင် ရေမှအခိုးအငွေ့များ ထွက်လာပါ လိမ့်မည်၊ ထိုအခါသင်သည် အခွင့်ကောင်းကိုယူ၍ ပုဏ္ဏားအား မြှားဖြင့်ပစ်၍ လဲသွားသောအခါမှ သင်ခြုံမှ ထွက်လာပြီး သူ့အနားသို့ သွားလျက်ခေါင်းကို ဆွဲငင်၍ သန်လျက်ကို ကိုင်မြှောက်ပြီး ပုဏ္ဏားအား ချိမ်းချောက်ပြီးမှ ''ဟဲ့ ပုဏ္ဏားယုတ်၊ သင့်မန္တန်ကို စွန့်လွှတ်ပါလော့၊ သင့်မန္တန်အတတ်ပညာကို ယခုချက်ချင်း စွန့်လျှင်စွန့်၊ မစွန့်လျှင် သင့်ကို ဒီနေရာမှာပင် သတ်ရ လိမ့်မည်ဟု ဆိုသောအခါ ပုဏ္ဏားသည် သူ့မန္တန်သူ့အတတ်ကို စွန့်လွှတ်ပါသည်ဟု ဆိုလျှင် ဤရေအိုင်ကရေများ ပကတိအတိုင်း ကြည်လင်စွာ ဖြစ်လာပါလျှင် သင်လုပ်ချင်သလိုသာ လုပ်ပါတော့ဟု နဂါးပုဏ္ဏားက ပြောပြ လေ၏။ ဤသို့ ပြောဆိုပြီး

နောက် နဂါးမင်းသည် မိမိဘုံဗိမာန်သို့ ပြန်သွားလေ၏၊ မုဆိုးသည်လည်း ကောင်းပြီဟု ဝန်ခံကာ လေးကိုတင်၍ သင်ပင်ခြုံကြား၌ ပုန်းအောင်း နေတော၏။

ထိုအချိန်၌ မန္တန်ဖြင့် နဂါးကို ဖမ်းမည့်ပုဏ္ဏားသည် နတ်ပွဲ(နတ်ပူဇော်ရန် ပြင်ဆင်ထားသော အုန်းငှက်ပျောစသည်)များကို ယူဆောင်၍ ရေအိုင်ကမ်းနား၌ ရပ်လျက် နတ်များကို ပူဇော်ပသပြီး မန္တန်ကို စုတ်လေ၏၊ ထိုအခိုက်တွင် ရေမှ အခိုးများထလျက် မီးတောက် မီးလျှံများ ဟုန်းဟုန်းတောက်လာ၏၊ ထိုအခါ မုဆိုးသည် ယင်းပုဏ္ဏား၏ အခြေအနေတို့ကို ချောင်းမြောင်း ကြည့်ရှုနေလျက် ပုဏ္ဏားသည် မန္တန်စုတ်နေစဉ် ပုဏ္ဏားကို မြားဖြင့် ပစ်လေ၏၊ ပုဏ္ဏားလဲကျသွားသောအခါ မုဆိုးသည် သစ်ပင်ခြုံကြားမှထွက်လာပြီး ပုဏ္ဏားအနီးသို့သွားလျက် ခေါင်းကို ဆွဲကိုင်ပြီးနောက် သန်လျက်ချိန်ရွယ်လျက် "ဟယ် ပုဏ္ဏားယုတ် ဇမ္ဗူစိတ္တနဂါးမင်းသည် ငါတို့၏ အရှင်သခင် ငါတို့၏ ကိုးကွယ်ရာ နတ်ဖြစ်သည်၊ ဘယ်သူကစေ၍, ဘယ်သူက ခိုင်းလို့ သင် ဤသို့ ပြုလုပ်ရပါသနည်း၊ သင့်မန္တန်အတတ်ပညာကို ချက်ချင်း ဖြေလော့၊ အကယ်၍ မဖြေလွှတ် စွန့်လွှတ်လျှင် သင့်ခေါင်းကို ဤသန်လျက်ဖြင့် ဖြတ်ပစ်အံ့ဟုဆိုသောအခါ မုဆိုးသည် သေအံ့သည်မှ ကြောက်သောကြောင့်"အို အရှင် အကျွန်ုပ်ကို မသတ်ပါလင့်၊ ကျွန်ုပ်သည် ကျွန်ုပ်၏မန္တန် အတတ်ပညာကို ဖြေတော့ပါအံ့ စွန့်လွှတ်ပါအံ့ဟု ပုဏ္ဏားဆိုသောအခါ ရေအိုင်မှ ရေတို့သည်ပကတိအတိုင်း ကြည်လင်ခြင်းသို့ ရောက်လေ၏။

ထိုအခါ မုဆိုးသည် ဤပုဏ္ဏားယုတ် မသေသေးလျှင် တနေ့နေ့တချိန်ချိန်၌ ငါတို့ နဂါးမင်းကြီးအား နှိပ်စက်ညှဉ်းပန်းခြင်းပြုလတ့်ဟု ကြံလျက် သန်လျက်ဖြင့် ခေါင်းကိုဖြတ်လျက် တခနေရာ၌ စွန့်ပစ်လိုက်လေ၏။ ထိုအခါ ဇမ္ဗူစိတ္တနဂါးမင်းသည် ပေါ့ပါးသော ကိုယ်ရှိလျက် မိမိ၏ ဘုံဗိမာန်မှ ထွက်ခဲ့၍ တောသွား မုဆိုးအသွင် ဖန်ဆင်းလျက် ကျေးဇူးရှင် မုဆိုးကို နဂါးဘုံသို့ ခေါ်ဆောင်သွားပြီး "ဤမုဆိုးသည် ငါ့အား များစွာကျေးဇူး ရှိသည်၊ ငါ့၏ အသက်ကို ပေးသူဖြစ်သည်ဟု ကြံလျက် နဂါးပြည်၌ ၇-ရက်

လုံးလုံး မုဆိုးအား ပူဇော်ပွဲကျင်းပပြီး အဖိုးတန် ရတနာများစွာကို ပေးလိုက်လျက် နဂါးပြည်မှတဖန် ထိုရေအိုင်သို့ ရောက်အောင် ပို့ဆောင်ပြီး "အို ကျေးဇူးကြီးလှသောမုဆိုး၊ သင့်မှာ ကိစ္စတစုံတရာရှိလျှင် ကျွန်ုပ်ထံ လာခဲ့ပါ၊ ကျွန်ုပ်ထံသို့ လာသောအခါ ဤတံခါးစောင့်ကို ပြောပြပါ၊ ထိုအခါ တံခါးစောင့်က သင့်ကိုကျွန်ုပ်ထံခေါ်လာပါလိမ့်မည်"ဟု ပြော၍ လွှတ်လိုက်လိုရကား ဤဂါထာကို ဆိုလေ၏။

၃။ အို မုဆိုး၊ သင့်အိမ်ရှိရာဌာနသို့ ဤနေရာမှ ဖြောင့်စွာ သွားပါလော့၊ သင်သည် မိမိ၏ ဆွေမျိုးဉာတိတို့နှင့် အတူ ချမ်းသာစွာ အသက်မွေးပါလော့။

ဤသို့ ဆိုပြီးနောက် နဂါးမင်းသည် ထိုမုဆိုးကို လွှတ်လိုက်ပြီး မိမိဘုံဗိမာန်သို့ ပြန်သွားလေသည်။ မုဆိုးသည် မိမိနေအိမ်သို့ ပြန်သွားလေ၏။ အချိန်အတန် ကြာညောင်းသောအခါ တနေ့သ၌ သားသမင်များကို ဖမ်းဆီးသတ်ဖြတ်ရန် တောသို့ဝင်၍ ဟိမဝန္တာအရပ်သို့ ရောက်သောအခါ ကျောင်းသင်္ခမ်းတခုကိုတွေ့၍ လေး မြှား လက်နက်တို့ကို တနေရာ၌ထားခဲ့ပြီး ထိုကျောင်းသင်္ခမ်းသို့ ဝင်သောအခါ ကဿပ မည်သောရသေ့ကို တွေ့သဖြင့် ရှိခိုးလျက် သင့်လျော်ရာ၌ထိုင်နေ၏။ ထိုအခါ ကဿပရသေ့သည် မုဆိုးကိုမေးလိုရကား ဤဂါထာကို ဆို၏။

၄။ အို မုဆိုး၊ အဖေါ်မပါ တကိုယ်တည်း အလွန်ဝေးရာ ဤနေရာသို့သင်လာရောက်လာဘိ၏၊သင်သည် အဘယ်အကြောင်းကိစ္စဖြင့် တယောက်တည်း တောထဲသို့ လာရောက်ပါသနည်း။

ထိုစကားကိုကြား၍ မုဆိုးက ပြောဆိုလေ၏။

၅။ အို အရှင်ရသေ့၊ တပည့်တော်သည် သားသမင်တို့ကို ဖမ်းဆီးသတ်ဖြတ်ရန်အတွက် တယောက်တည်း တောသို့ လှည့်လည်ပါ၏၊ ခြင်္သေ့ကဲ့သို့ ကြောက်ရွံ့ခြင်းမရှိဘဲ တောအုပ်ကြီးထဲ၌တပည့်တော် တယောက်တည်း လှည့်လည်ပါ၏။

မုဆိုးသည် ကဿပ ရသေ့ကိုရှိခိုးပြီးလျှင် သားသမင်တို့ကို ဖမ်းဆီးသတ်ဖြတ်ရန်တောထဲသို့ သွားသောအခါ ပျော်စရာကောင်းသော သစ်ပင်အမျိုးမျိုးနှင့် ပြည့်စုံသော ဥယျာဉ် တခုကိုရှင်း၊ ထိုဥယျာဉ်ကြီး၏

အလယ်၌ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော လေးထောင့်ကန်ကြီးကိုရင်း၊ ကန်ကြီး၏ ကန်ဘောင် ကန်ရိုး၌ စကာဝါပန်း၊ ကြက်ရုံးပန်းတို့ကိုရင်း တွေ့မြင်ရသောကြောင့် ကဿပ ရသေ့ထံ ပြန်သွားပြီး ရသေ့အား ရှိခိုးလျက် ထိုရေကန်အကြောင်းကို မေးလိုရကား ဤဂါထာကို ဆို၏။

၆။ အို အရှင်ရသေ့၊ ဥယျာဉ်၏ အလယ်၌ ရေကန်ကြီးတကန်ရှိ၍ ကန်ဘောင်ရိုးတို့၌စကားဝါပန်းတို့ဖြင့်လှပသော ပျော်စရာကောင်းသော ဥယျာဉ်ကြီးတခုသို့ ရောက်ခဲ့ပါသည်၊ ထိုဥယျာဉ်အကြောင်းကို သိရန် ယခုလာပါသည်၊ တပည့်တော်အား ထိုရေကန်အကြောင်းကို ပြောကြားပါလော့။

ထိုစကားကိုကြား၍ ရသေ့က ပြောဆိုသည်မှာကား—

၇။ အမောင်မုဆိုး၊ ဤအရပ်မှသွားပါလော့၊ သင်သည် အကျိုးမဲ့ရှိသည်ကိုမေးတုံဘိ၏။ သင့်မေးခွန်းကား သင့်လျော်သောမေးခွန်းမဟုတ်ပေ၊ သင်သည် ချမ်းသာစွာ သွားပါလော့။

ထိုရသေ့စကားကိုကြား၍ မုဆိုးသည် နေရာမှထ၍ ဥယျာဉ်ရေကန်၏ ကန်ဘောင်ရိုး၌ တောသစ်ပင် ချုံထဲသို့ဝင်၍ ပုန်းအောင်းနေလေ၏။

## ကိန္နရီမောင်နှံများ ရေကစားကြခြင်း

ထိုနေ့ကား လပြည့်နေ့ဖြစ်၏။ ထိုနေ့တွင် ကေလာသ တောင်ထွတ်တောင်ထိပ်၌နေသော ဒုမရာဇ်မင်းကြီး၏ သမီးများဖြစ်ကြသည့် ကိန္နရီခုနစ်ဖော်တို့သည် အခြွေအရံ တထောင်တို့နှင့်အတူ ကောင်းကင်ယံမှပျံလာကြပြီးလျှင် ယင်းရေအိုင်၌ သက်ဆင်း၍ ကန်ဘောင်၌ စောင်းတီးကခုန် သီဆို ပျော်မြူးကြလျက် ရေချိုးကြပြီးမှ ကောင်းကင်ခရီးဖြင့်ပျံ၍ ကေလာသတောင်ထိပ်သို့ ပြန်သွားကြကုန်၏။ မုဆိုးသည် ယင်းကိန္နရီတို့လောက် လှပချောမောသည့် ရုပ်အဆင်းကို တကြိမ်တခါမျှမမြင်ဘူးရကား အံ့သြခြင်းဖြစ်လျက် ယင်းကိန္နရီများအနက် တယောက်ယောက်ကို ရလျှင် ငါသည်ယူဆောင်သွားပြီး ငါတို့၏ သုဓနုမင်းသားအား လက်ဆောင်အဖြစ်ပေးရပါလျှင် အလွန်ကောင်းမှာဘဲဟု တွေးတောကာ တဖန်ကဿပရသေ့ထံသွား၍ ကိန္နရီတို့၏အကြောင်းကိုမေးလိုရကား ဤဂါထာကိုဆို၏။

၈။ အို ရှင်ရသေ့ကြီး၊ တပည့်တော်သည် လှပချောမွေ့သော ကိန္နရီ
များစွာကို တွေ့ရပါ၏။ ယင်းတို့အနက် တယောက်ယောက်ကို
အဘယ် နည်းဖြင့် ရနိုင်ပါမည်နည်း ဘုရား၊ တပည့်တော်သည်
ကိန္နရီမကိုရရန် အလွန်အလိုရှိပါ၏ ဘုရား။

မုဆိုးစကားကိုကြားလျှင် ရသေ့သည် အကျိုးအကြောင်း ပြောပြလို
ရကား ဤဂါထာတို့ကို ဆို၏။

၉-၁၀။ အမောင်မုဆိုး၊ ကိန္နရီမများကို ရရန် ဥပါယ်တမျဉ်ကို
ကြံစည်လျှောက်ထား သင်မုဆိုးသားသည့် ငါ၏စကားကို နားထောင်
ပါလော့၊ နဂါးကျော့ကွင်း (နဂါးပါသ်ကျော့ကွင်း)ကို ရနိုင်ပါလျှင်
ဤလှပချောမွေ့သော ကိန္နရီမများကို ရပါလိမ့်မည်၊ နဂါးပသ်ကျော့ကွင်း
ရအောင် မရှာနိုင်လျှင်ကား ကိန္နရီမများကို သင်ရနိုင်ဘို့ မမျှော်လင့်
လေနှင့်၊ နဂါးပါသ်ကျော့ကွင်းကို ရပါလျှင် ကိန္နရီမတို့ကို သင်ရနိုင်
ပါလိမ့်မည်။

ရသေ့ကြီး၏စကားကို ကြားသောအခါ နဂါးပါသ်ကျော့ကွင်းရနိုင်
သော နေရာဌာနကို မေးမြန်းလိုရကား ဤဂါထာကို ဆိုလေ၏။

၁၁။ အိုအရှင်ရသေ့ကြီး သင်ရသေ့ကြီးသည် နဂါးပါသ်ကျော့ကွင်း
ရနိုင်ရာ ဌာနကို တပည့်တော်အား မိန့်ကြားပါလော့၊ ယင်း နဂါးပါသ်
ကျော့ကွင်းဖြင့် ကိန္နရီမများကို ရယူပါအံ့ဘုရား။

ရသေ့က ဆိုပြန်၏—

၁၂။ အမောင်မုဆိုးသား ဤနဂါးပါသ်ကျော့ကွင်းကို နဂါးပြည်
တို့၌ ရနိုင်ပါ၏၊ အကယ်၍ နဂါးပြည်မှ နဂါးပသ်ကျော့ကွင်းကိုရလျှင်
သင်သည် ချောမောလှပသော ကိန္နရီမတို့ကို ရပါလတ့်။

ရသေ့ကြီးစကားကြားရသောအခါ ပုဏ္ဏရိကမုဆိုးသည် ဝမ်းမြောက်
ဝမ်းသာဖြစ်လျက် ကောင်းပါပြီ အရှင်ရသေ့ကြီးဟု ရသေ့ကြီးအား
ပန်ကြား လျှောက်ထားပြီးလျှင် ရေအိုင်ကြီးသို့သွား၍ ကန်ဘောင်ရိုး၌
ရပ်လျက် ယခင် မိမိအသက် ကယ်ခဲ့ဘူးသော ဇမ္ဗုစိတ္တနဂါးမင်းကြီးကို
သတိရသဖြင့် ထိုဓာဌ်ပင် (နဂါးကြီး မှာထားခဲ့သည့်အတိုင်း) တံခါး

စောင့်နဂါးကို ခေါ်သောအခါ တံခါးစောင့် နဂါးသည် မုဆိုးအား နဂါးမင်းကြီးထံ ခေါ်သွားလေ၏၊ မုဆိုးကိုတွေ့၍ နဂါးမင်းက လာရင်း အကြောင်းကို မေးလိုရကား ဤဂါထာကို ဆို၏။

၁၃။ အို မုဆိုး ကျွန်ုပ်၏ထံသို့ အဘယ်အကြောင်းရှိ၍ လာပါသနည်း၊ လာခဲ့ရင်း အကြောင်းကို ကျွန်ုပ်အား ပြောကြားပါလော့၊ သင့်အလို ဆန္ဒကို ကျွန်ုပ် ဖြည့်ပါအံ့။

ထိုစကားကြား၍ မုဆိုးက ဆို၏။

၁၄။ တန်ခိုးကြီးသော နဂါးမင်းကြီး၊ ကျွန်ုပ်သည် နဂါးပါသ် ကျော့ကွင်းကို အလိုရှိ၏၊ နဂါးကျော့ကွင်းကို အလိုရှိ သောကြောင့် ကျွန်ုပ်လာခဲ့ပါသည်၊ ကျွန်ုပ်အား နဂါးကျော့ကွင်းကို အလျင်အမြန် ပေးပါလော့။

မုဆိုးစကားကြားသောအခါ နဂါးမင်းကြီးက ဆိုလေ၏။

၁၅-၁၆။ အို မုဆိုး သင်သည် အခြားဥစ္စာပစ္စည်း ရတနာ ရွှေငွေတို့ကို မတောင်းဘဲ နဂါးပါသ်ကျော့ကွင်းကိုမှ အဘယ့်ကြောင့် တောင်းပါ သနည်း၊ နဂါးကျော့ကွင်းဆိုသည် ငါတို့၏လက်နက် ငါတို့၏ အကာ အကွယ် အစောင့်အရှောက်ဖြစ်ပါ၏၊ ဂဠုန်လာ၍ ငါတို့ကို ဖမ်းယူသော အခါ ငါသည် နဂါးကျော့ကွင်းကို လက်မှာ ကိုင်ထားလျှင် ယင်း ဂဠုန်သည် ကြောက်ရွံ့ပြီး ထွက်ပြေးရပါ၏။

## နဂါးမင်းထံ နဂါးပါသ်ကျော့ကွင်းတောင်းခြင်း

အို နဂါးမင်းကြီး ကြာရှည်မဆိုင်းဘဲ နဂါးပါသ်ကျော့ကွင်းကို ကျွန်ုပ် အား ပေးပါလော့ဟု မုဆိုးက အတင်းတောင်းနေပေရာ "ဤမုဆိုး သည် ငါ့အပေါ်အလွန်ကျေးဇူးများခဲ့သည်၊ ငါ၏အသက်ကို ဤမုဆိုး သည် ကင်တင်ခဲ့ပေသည်၊ သို့ဖြစ်၍ ငါအသက်ရှင်နေပါလျက် သူ့အလို ရှိသောအရာကို မပေးဘဲနေရန် မသင့်"ဟုကြံလျက် မိမိ၏နဂါးပါသ်ကျော့ ကွင်းကို မုဆိုးအား ပေးလေ၏၊ ထိုအခါ မုဆိုးသည် ဝမ်းမြောက် ရွှင် ပြုံး စိတ်နှလုံးရှိရကား နဂါးမင်းကြီးအား ချီးမွမ်းထောပနာ ပြုလိုရ ကား ဤဂါထာကို ဆို၏။

၁၇။ ငါသည် ဒိဋ္ဌမျက်မှောက်အကျိုးပြုပေးသော မိတ်ကောင်း ဆွေမွန် ဇမ္ဗုစိတ္တနဂါးမင်းကြီးကို မြင်တွေ့ရပါ၏၊ နဂါးမင်းသည် ငါပြုခဲ့သော ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ငါ့အား ကျေးဇူးပြုပါ၏။

ထိုနောက် နဂါးမင်ကြီးသည် မုဆိုးကို လူတို့နေရာဌာနသို့ ယူဆောင်သွားလျက်—"အို မုဆိုး သင့်မှာ အရေးတကြီးကိစ္စ တစုံတရာကြုံခဲ့ပါလျှင် ငါ၏ထံထို နောက်ထပ်တဖန်လာခဲ့ပါဟု" မှာကြား၍ နဂါးပြည်သို့ပြန်သွားလေ၏။

ထိုမုဆိုးသည် နှစ်သက်ဝမ်းမြောက်စွာ ကဿပရှင်ရသေ့ထံ သွား၍ ရသေ့ကို ရှိခိုးပြီးနောက် ရေကန်နားသို့သွား၍ ကန်ဘောင်ရိုး၌ရှိသော သစ်ပင်ချုံယှပ်များထဲသို့ဝင်ရောက် ပုန်းအောင်းလျက် ကိန္နရီမများအလာကို စောင့်မျှော်လျက် နေလေ၏၊ ထိုအချိန်တွင် ဒုမရာဇမင်းကြီး၏ သမီးတော်များဖြစ်သော ကိန္နရီ ခုနစ်ပေါ်တို့သည် ဝတ်စား ဆင်ယင်ကြလျက် ခြံရံကာ ကောင်းကင်ခရီးဖြင့်လာ၍ ယင်းရေကန်၏ ကန်ဘောင်ပေါ်၌ သက်ဆင်းကြကုန်၏၊ ကိန္နရီခုနစ်ပေါ်နှင့် အခြားအခြံအရံ ကိန္နရီအပေါင်းတို့သည် ထိုနေရာ၌ စောင်းကိုတီးကြလျက် သီဆိုကခုန် ပျော်မြူးကြကုန်၏၊ ကိန္နရီ ခုနစ်ပေါ်တို့သည် မိမိတို့ အဝတ်တန်ဆာကိုကို ချွတ်၍ ရေထဲဆိုဆင်း၍ ကစားမြူးတူးကြလျက် ရေချိုးပြီးနောက် ရေမှတက်လာကြကုန်၏။

ထိုအချိန်၌ မုဆိုးသည် တောချုံမှထွက်၍ နဂါးပါသ်ကျော့ကွင်းကို ပစ်ဖမ်းလေ၏၊ ထိုနဂါးပါသ်ကျော့ကွင်းသည် အခြားကိန္နရီတို့ထံ ရောက်မသွားဘဲ အမကြီးဖြစ်သော မနော်ဟရီမည်သော ကိန္နရီမ၏ လက်တွင်သွားဝင်လေ၏၊ ကိန္နရီအားလုံးတို့သည် မုဆိုးတို့ တွေ့၍ ကြောက်လန့်ကြကာ ကောင်းကင်သို့ပျံတက်၍ ထွက်ပြေးကြပြီးနောက် အမကြီးမနော်ဟရီ၌ မတွေ့ကြသဖြင့် တဖန်ပြန်လာကြည့်ကြသောအခါ မနော်ဟရီ၏လက်ကိုနဂါးပါသ်ကျော့ကွင်း မိနေသည်ကို တွေ့ကြသဖြင့် နှလုံးကွဲမတတ်ဖြစ်ကြလျက် ငိုကြွေးမြည်တမ်းကြပြီးလျှင် ပြန်သွားကြကုန်၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၁၈။ ထိုအခါ အားလုံးသော ကိန္နရာတို့သည်လက်၌ နဂါးပါသ်ကျော့ ကွင်းမိနေသော မနော်ဟာရီကိုတွေ့သဖြင့် မုဆိုးကို ကြောက်ရွံ့ထွက်ပြေးကြ ပြီး တဖန်ပြန်လာကြလျက် သနားစဖွယ်ငိုကြွေး မြည်တမ်းကြကာ စိတ် ဆင်းရဲခြင်းပြင်းစွာ ခံစားကြရကုန်၏။

ထိုကိန္နရီမတို့သည် ထိုနေရာ၌ပင် ဤဂါထာတို့ကို ဆိုလေ၏။

၁၉-၂၂။ ငါတို့သည် ရှေးက ဤရေကန်၌ မြူးတူး ပျော်ပါးကြ ကုန်၏။ သို့သော် မည်သည့်ဘေးရန်အန္တရာယ်မျှ မရှိခဲ့ပါ၊ ယခုအခါငါ တို့အား ဘေးအန္တရာယ် ဖြစ်ခဲ့ပြီ၊ အဘယ် အကြောင်းများကြောင့် ပါနည်း၊ ကိန္နရီအားလုံး ကြေကွဲသောစိတ် ရှိကြပြီး မုဆိုးဖမ်းမိသွား သော အမကြီးမနော်ဟာရီအတွက် မိဘနှစ်ပါးတို့က မေးလျှင် ငါတို့ဘယ် လိုပြန်ဖြေကြရ ပါမည်နည်း၊ မနော်ဟာရီနှင့် ကွေကွင်း သွားရခြင်းထက် ဤနေရာ၌ပင် သေရခြင်းက ကောင်းပါသေး၏၊ အမကြီး မနော်ဟာရီနှင့် အတူတွဲ၍ သေပွဲဝင်ရခြင်းက ကောင်းမြတ်ပါသေး၏။

ထိုအခါ ကိန္နရီမအားလုံးတို့သည် လက်ဝတ်တန်းဆာများကို ချွတ်၍ ဆံပင်တို့ကိုကျောသို့ ဖြန့်ချကြကုန်လျက် ကေလာသ တောင်ထိပ်ရှိ ဘခင် ဒုမရာဇ်မင်းကြီး၏ ခြေရင်း၌ ဝပ်စင်းငံ့လျှိုးကြလျက် ငိုကြွေးမြည်တမ်း ကာ ဤဂါထာကို ဆိုလေ၏။

၂၃။ အို ဘခင်၊ ကျွန်မတို့ ပျက်စီး ဆုံးရှုံးခဲ့ပါပြီ၊ သမင်ကိုကျားဖမ်း သကဲ့သို့ အမကြီး မနော်ဟာရီကို မုဆိုး ဖမ်းသွားပါ၍ တယောက်တည်း ဂ ့န်ရစ်ခဲ့ပါပြီ။

ကိန္နရီတို့၏စကားကို ကြားသောအခါ မိခင်သည် တုန်လှုပ်ချောက် ချား စိတ်သောက များကာ ငိုကြွေး မြည်တမ်းလျက် ဤဂါထာ တို့ကို ဆိုလေ၏။

၂၄-၂၆။ သမီး မနော်ဟာရီ၊ သင်သည် ငါ၏ချစ်စွာသောသမီး ဖြစ်ပါ သည်၊ယခု သင့်မျက်နှာ မမြင်ရလျှင် ငါတို့မှာ ကြီးစွာသောဆင်းရဲ

ဒုက္ခ ဖြစ်ရပါသည်၊ မုဆိုးက ငါ့သမီးကိုမှ ဘာကြောင့် ဖမ်းရသလဲ၊ ငါ့သမီးမျက်နှာ မမြင်ရဘဲ အသက်ရှင်နေ၍ ဘာအကျိုးရှိမှာလဲ၊ သေရခြင်းက ကောင်းပါသေးသည်။

ဤသို့လျှင် မိခင်ကိန္နရီမကြီးသည် ငိုကြွေးလျက် ဒုမရာဇ်မင်းကြီးထံသွား၍ ဒုမရာဇ်မင်းကြီးအား "အရှင်မင်းကြီး၊ ကျွန်မသည် သမီးကိုရှာဖွေတွေ့ရှိရန် သွားပါအံ့"ဟု ပန်ကြားပြောဆိုသောအခါ "အိုရှင် မိဖုရားကြီး၊ သမီးတော် မနော်ဟရီကို ရှာဖွေကြည့်ရှုရန် သွားပါလော့"ဟု မင်းကြီးက ခွင့်ပြုသောကြောင့် ကိန္နရီ မိဖုရားကြီးသည် မိမိ၏ကျော၌ ဆံပင်ကိုဖြန့်လျက် မိမိအခြံအရံများနှင့်အတူ ကောင်းကင်ခရီးဖြင့် ပျံသန်းသွားလေ၏။

မနော်ဟရီ မိဘတို့ကို တမ်းတငိုကြွေးခြင်း

ထိုအခါ ထိုမုဆိုးသည် လျင်စွာသွား၍ မနော်ဟရီ၏လက်ကို ဆွဲကိုင်လိုသဖြင့် အနီးသို့ကပ်၍ သွားလေ၏။ ဤသို့ မိမိထံ အလျင်အမြန် ပြေး၍ လာသော မုဆိုးအား မနော်ဟရီကိန္နရီမက မြင်သောအခါ အို မုဆိုး၊ သင်သည် ကျွန်ုပ်၏လက်ကို ထိကိုင်ကာမျှဖြင့် ကျွန်ုပ်အသက် သေရပါလိမ့်မည်၊ ထို့ကြောင့် ကျွန်ုပ်၏လက်မှ ဤနဂါးပါသ်ကျော့ကွင်းကို ဖယ်ရှားဖြုတ်ပေးပါလော့၊ ကျွန်ုပ်သည် မိမိဘာသာ လိုက်လာပါအံ့ဟု ဆိုလေလျှင် မုဆိုးသည် မနော်ဟရီလက်မှ နဂါးပါသ် ကျော့ကွင်းကို ဖယ်ရှားပြီးလျှင် အို ကိန္နရီမလေး၊ သင့်ခြေဝတ်ကန်ဆာနှင့် တန်ဆာအားလုံးကို ကျွန်ုပ်အား ပေးပါလော့ဟု မုဆိုးကပြောသောကြောင့် မနော်ဟရီသည် မိမိဝတ်ဆင်ထားသော ခြေဝတ်တန်ဆာနှင့် တန်ဆာအားလုံးကို ချွတ်၍ မုဆိုး၏လက်သို့ ပေးလေ၏။ မနော်ဟရီသည် ပုဆစ်ဒူးနှစ်ဖက်ကို မြေ၌တုပ်ဝပ်လျက် မြောက်အရပ်သို့ ရှေးရှုဦးညွတ်လျက် မိဘနှစ်ပါးတို့ကို ရှိခိုး၍ မိဘနှစ်ပါး၏ မျက်မှောက်၌ ရှိသကဲ့သို့ ဤ ၃ ဂါထာတို့ကို ဆို၏။

၂၇-၂၉။ အို မိခင်ဖခင်ကျေးဇူးရှင်တို့ မိဘ ၂-ပါးတို့က သမီးတော်ကို တွေ့ရခြင်းတွင် ယနေ့တွေ့ရခြင်းကား နောက်ဆုံးတွေ့ရခြင်း ဖြစ်ပါ၏။

ထို့ကြောင့် သမီးတော်အပေါ်၌ အပြစ်ရှိပါလျှင် သည်းခံခွင့်လွှတ်တော်မူကြပါ၊ သမီးတော်မှာ မုဆိုးနှင့်အတူ လိုက်ရပါတော့မည်။ အိုမိခင်ဖခင်တို့ ဤနားတောင်းသည် ရတနာတို့ဖြင့် တောက်ပသော သမီး၏နားတောင်းဖြစ်ပါ၏။ သမီးကို ကြည့်လိုပါလျှင် ဤနားတောင်းကိုသာ ကြည့်ကြပါလော့၊ အို မိခင်ဖခင်ကျေးဇူးရှင်တို့ မိမိ၏ ရှေးမကောင်းမှုကံကြောင့် ဖြစ်လာသောသမီးဒုက္ခကို အဘယ်သို့ ပြုလုပ်ကြပါမည်နည်း။ သူတပါးလက်ထဲသို့ ရောက်နေပြီဖြစ်ပါ၍ ထိုမုဆိုးနှင့်အတူ သွားရပါတော့မည်။

ဤသို့ဆိုပြီးနောက် မနော်ဟရီသည် မုဆိုးနှင့်အတူ တောင်တံခါးသို့ရောက်၍ မျက်နှာကိုပြန်လှည့်လျက် မိမိ၏ပတ္တမြား ခါးကြိုးတန်ဆာကိုချွတ်၍ တောင်တံခါး၌ ဟိမဝန္တာမင်းကိုခေါ်လျက် အို ဟိမဝန္တာမင်းကျွန်ုပ်၏မိခင်သည် ဤနေရာသို့ရောက်လာပါလျှင် သင်သည် ဤပတ္တမြားခါးကြိုးတန်ဆာကိုမိခင်အားပေး၍ "ဤခါးကြိုးတန်ဆာသည် သင့်သမီးမနော်ဟရီ၏ ပတ္တမြား ခါးကြိုးတန်ဆာဖြစ်သည်ဟု ပြောပါလေ"ဟု မှာကြားလျက် ထိုနေရာ၌ငိုကြွေးပြန်ကာ ဤဂါထာတို့ကိုဆို၏။

၃၀-၃၂။ မိခင်ဘခင် ကျေးဇူးရှင်တို့၏ ခြေတော်အစုံကို သမီးတော်ရှိခိုးခဲ့ပါသည်။ ဤနေရာသို့ မိဘ ၂-ပါး အမြန်ရောက်လာပါလျှင် သမီးတော်သည် နောက်ဆုံးအနေဖြင့် အားရပါးရဖူးမြင်လိုလှပါ၏။ ယခုအခါ မိဘ ၂-ပါးနှင့် သမီးတော်တို့၏တွေ့ဆုံဘို့ခဲယဉ်းလှပါပြီ။ သတ္တဝါတို့အား သေကွဲကွဲခြင်း ရှင်ကွဲကွဲရခြင်းတို့သည် လောကတံထွာ ဓမ္မတာဖြစ်ပါသည်၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းမှာ အမြဲထာဝရမရှိပါ၊ သတ္တဝါဟူသမျှ ဖေါက်ပြန်ပျက်စီးရသည်မှာ ဓမ္မတာဖြစ်ပါသည်။

ဤသို့ဆိုပြီး၍ မနော်ဟရီသည် မုဆိုးနှင့်အတူ လိုက်ပါသွားလေ၏၊ ထိုအကြောင်းကိုပြလိုသောမြတ်စွာဘုရားသည်။

၃၃-၄။ မနော်ဟရီသည် ထိုနေရာ၌သနားစဖွယ် ငိုကြွေးပြီးလျှင် မုဆိုးနှင့်အတူလိုက်ပါသွားလေ၏။ ပုဏ္ဏရီကမုဆိုးသည် အစဉ်သဖြင့်သွားကြရာ ပဉ္စာလမြို့သို့ဆိုက်ရောက်လေ၏။

## သုဓနုမင်းသား မနောဟရီကိုသိမ်းပိုက်ခြင်း

ထိုအခါမုဆိုးသည် မနောဟရီနှင့်အတူသွားသောအခါ တပ်မက်သော တဏှာမဖြစ်ဘဲ မနောဟရီ၏လက်ခြေတို့ကို သုံးသပ်ကိုင်တွယ်ရုံမျှ စိတ်မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် ယုတ်မာသောယောကျ်ားသည် ကျက်သရေရှိသောအမျိုးသမီးနှင့် တရံတခါမျှ စိတ်တူကိုယ်မျှ ချစ်ခင်ခြင်းမဖြစ်ပေ။ ထို့ကြောင့် မုဆိုးသည် မနောဟရီနှင့်အတူ ကာမတဏှာနှင့် ပတ်သက်၍ မွေ့လျော်ပျော်ပါးခြင်းကိုပြုရန် မတတ်စွမ်းနိုင်ရကား "ယခုအခါ ငါသည် ကိန္နရီမကိုခေါ်၍ ငါတို့၏အရှင် သုဓနုမင်းသား၏ အလုပ်အကျွေး ဇနီးမယားအဖြစ်ပြုရန် ဆောင်ယူအံ့"ဟု ကြံလျက် ဥတ္တရပဉ္စာလမြို့သို့ ရှေးရှုသွားလေရာ မြို့တော်သို့ရောက်လေ၏။

ထိုနေ့၌ ဘုရားလောင်း သုဓနုမင်းသားသည် လက္ခဏာကြွန်အင်စုံလင်ပြည့်ဝ ကုမာရိကမည်သော မင်္ဂလာဆင်တော်ကိုစီးလျက် အခြွေအရံတို့နှင့် အတူဥယျာဉ်သို့ထွက်တော်မူ၏။ ထိုအခါ သုဓနုမင်းသားသည်အဝေးမှလာသောမုဆိုးကိုငှင်း၊ မုဆိုးနောက်မှလိုက်လာသော မနောဟရီကိန္နရီမကိုငှင်း မြင်ရရာ မနောဟရီကို မြင်လျှင် မြင်ခြင်း ရှေးက ချစ်ခင်ခဲ့ဘူးသည့် အလား အလွန်ပြင်းပြစွာ ချစ်ခင်စုံမက်ခြင်း ဖြစ်ရကား၊ ယောကျ်ား တယောက်ကိုခေါ်၍ အမောင်ယောကျ်ား သင်သည် အလျင်အမြန် သွား၍ မင်္ဂလာဆင်တော်ကို ယူ၍ ဤယောကျ်ားနှင့် နောက်က အမျိုးသမီးကို ဆောင်ယူခဲ့လော့ ဟု စေခိုင်းလိုက်၏၊ သုဓနုမင်း စေခိုင်းလိုက်သော ယောကျ်ားသည် လျင်မြန်စွာသွား၍ မနောဟရီနှင့်အတူ မုဆိုးကို ခေါ်ဆောင်လာ၏၊ သုဓနုမင်းသားသည် မိမိအနီးသို့ ရောက်လာသော မုဆိုးကို မြင်၍....

သုဓနု။ ။အမောင်ယောကျ်ား သင်သည် အဘယ်အမည်ရှိပါသနည်း၊
ပုဏ္ဍရိကမုဆိုး။ ။ကျွန်ုပ်နာမည် ပုဏ္ဍရိကမည်ပါသည်၊
သုဓနု။ ။အမောင်မုဆိုး သင် အဘယ်အရပ်မှလာပါသနည်း၊
မုဆိုး။ ။အရှင်မင်းသား ကျွန်ုပ်သည် ဟိမဝန္တာအရပ်မှ လာပါသည်

သုဓနု။ ။အခေ ါင်မုဆိုး အဘယ်ကိစ္စဖြင့် ဤအရပ်သို့ လာပါသနည်း၊

မုဆိုး။ ။အရှင်မင်းသား ယခုပင် သင်မင်းသား၏ ခြေရင်း အလုပ် အကျွေး ဇနီး မယားအဖြစ် ထားရှိရန် ဒုမရာဇ် ဝိဇ္ဇာမိုရ်၏ သမီးတော် မနော်ဟရီမည်သော ဤမင်းသမီးကို ခေါ်ဆောင်ခဲ့ ပါသည်။

ထိုစကားကိုကြားသောအခါ ဘုရားလောင်းသည် နှစ်သက် ရွှင်လန်း ဝမ်းသာလှရကား အဖိုးတသိန်းတန်သော စိန် လက်စွပ်ကို ရွှေးဦးစွာ မနော်ဟရီအား ပေးပြီးနောက် ထိုမုဆိုးအား များစွာသော လက်ဆောင် ပဏ္ဏာတို့ကို ပေးလေ၏၊ သုဓနုမင်းသားသည် ဉယျာဉ်တော်၌ မနော်ဟရီ ကို ထားပြီး ယောကျ်ားတယောက်ကို ခေါ်၍ "အမောင် ယောကျ်ား သင်သည် မြို့တော်သို့သွား၍ ငါ၏ မိဘနှစ်ပါးတို့အား ဤအကြောင်း ကို ပြောကြားလော့" ဟု အမြန်စေလွှတ်လေ၏၊ ထို ယောကျ်ားသည် လည်း သုဓနုမင်းသား စေခိုင်းသည့်အတိုင်း အမြန်သွား၍ မင်းမိဖုရား နှစ်ပါးတို့အား ထိုအကြောင်းကို သွားရောက် သံတော်ဦး တင်လေ၏၊ မင်းမိဖုရား နှစ်ပါးတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏၊ ထိုအခါ သုဓနုမင်း၏ ခမည်းတော် အာဒိစ္စဝံသမင်းကြီးသည် အံ့သြ ဝမ်းမြောက် လျက် မိဖုရားကြီး စန္ဒာဒေဝီကို ခေါ်ကာ "မိဖုရားကြီး သားတော် သုဓနုသည် ဘုန်းကံကြီးပါပေစွ၊ သားတော်သည် လူသား တယောက် ဖြစ်သော်လည်း မိမိဘုန်းကံကြောင့် နတ်သမီးတမျှ လှပသော ဝိဇ္ဇာမိုရ် မင်းကြီး၏ သမီးကို ဇနီးအဖြစ် ရရှိပေ၏" ဟု ဆို၍ ဥတ္တရာပဉ္စာလ မြို့တော်ကို တာဝတိံသာ နတ်ပြည်ပမာ တန်ဆာဆင်လျက် မြို့တော်ကို လှည့်လည်၍ မြို့သူမြို့သား လူအများတို့သည် ငါ၏ ချွေးမတော်ဝိဇ္ဇာမိုရ် မင်းကြီး၏ သမီး မနော်ဟရီကို ကြိုဆိုရန် လက်ဆောင် ပဏ္ဏာတို့ဖြင့် ဉယျာဉ်တော်သို့ လာကြကုန်လော ဟု ကြွေးကြော်စေလေ၏။

ထိုခဏ၌ပင် မြို့သူမြို့သားတို့သည် လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကို ယူဆောင်လျက် မြို့မှထွက်ကြကုန်၏၊ အာဒိစ္စဝံသမင်းကြီးသည် စစ်သည်

ဗိုလ်ပါအပေါင်း ခြံရံလျက် ဥယျာဉ်တော်သို့သွား၍ မနော်ဟရီကို ခေါ်ဆောင်ကာ သားတော် သုဓနုအား ပြာသာဒ်တက် မင်္ဂလာ, ထိမ်းမြား မင်္ဂလာ, အဘိသိက်မင်္ဂလာ မင်္ဂလာ သုံးရပ်ကို တပြိုင်တည်း ကျင်းပတော်မူလေ၏။ သုဓနုမင်းသားသည် မနော်ဟရီအား မိဖုရားခေါင်ကြီး အရာ၌ထား၍ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ နေတော်မူ၏၊ ထိုအချိန်မှစ၍ သုဓနု မင်းသားသည် ကိလေသာ ကာမဂုဏ် အနေဖြင့် အခြား မိဖုရားငယ်တို့ထံ သွားရောက်ကြည့်ရှု မြတ်နိုးခြင်း မရှိတော့ဘဲ မနော်ဟရီ နတ်ကိန္နရီနှင့်သား နတ်၏ချမ်းသာ ခံစား သည့်ပမာ ကြီးစွာသော ချမ်းသာကို ခံစားလျက် ဥတ္တရပဉ္စာလမြို့၌ နေတော်မူ၏။

## သမီးတော်မနော်ဟရီအတွက်မယ်တော်၏သောက

ထိုအချိန်၌ မနော်ဟရီ၏မယ်တော်သည် သမီးတော်ကို ရှာဖွေရန် ကောင်းကင်မှပျံလာရာ ရေကန်ကြီးသို့ရောက်၍ ကန်ဘောင်၌ ကစားမြူးတူးနေရာတွင် ပန်းအမျိုးမျိုး တို့ဖြင့် ရောပြွမ်းနေသော ပတ္တမြားနားတောင်းကိုတွေ့၍ ထိုနေရာ၌ပင်ငိုကြွေးသကဲ့သို့လဲကျကာငိုမြည်တမ်းလျက် ဤဂါထာ ၂-ပုဒ်ကိုဆို၏။

၃၂-၃၆။ ကန်ဘောင်ရိုး၌ပန်းပွင့်များနှင့်အတူ ပတ္တမြားနားတောင်းကိုသာ တွေ့ရပြီး ငုံစုတ်ချင်စရာ မျက်နှာရှိသော သမီးတော်ကိုကား မမြင်ရပေ။ ငါသည် လပြည့်ဝန်းပမာလှပသော သမီးတော် မနော်ဟရီနှင့်ခွဲခွါရပြီ။

ဤသို့ငိုကြွေးပြီးလျှင် သတိမေ့ကာ ထိုနေရာ၌ပင် လဲကျသွားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၃၇-၄၃။ ထိုအခါ မယ်တော်သည် လဲကျသွားလိုက် အားယူကာပြန်ထလိုက်ဖြင့် မျက်ရည်များယိုစီးကာအရူးပမာဖြစ်ရရှာ၏။ မယ်တော်သည် ဆံပင်ကိုကြဲဖြန့်လျက် အစဉ်သဖြင့်သွားရာဟိမဝန္တာသို့ရောက်လေရာ ဟိမဝန္တာ၌ ပတ္တမြား ခါးကြိုးတန်ဆာကို တွေ့၍ ငိုကြွေးကာ ယင်းခါးကြိုးတန်ဆာကို ရင်ဝယ်ပိုက်လျက် ငို၍မဆုံးဖြစ်ပြီးနောက်

"လောကဥ္စသေကွဲကွဲခြင်း ရှင်ကွဲကွဲရခြင်းတို့သည် သတ္တဝါတို့အား ဖြစ်မြဲနိယာမပင်ဖြစ်တော့သည်"ဟု မိန့်တော်မူ၏။

ဤသို့ ငိုကြွေးပြီးနောက် မနော်ဟရီ၏ မယ်တော်သည် ဟိမဝန္တာမှ ပြန်လာခဲ့ပြီး ကေလာသ တောင်ထိပ် ဒုမရာဇ်မင်းကြီးထံသို့ ရောက်လေ၏၊ ထိုအခါ ဒုမရာဇ်မင်းကြီးသည် မိဖုရားကြီးကို မေးလိုရကား ဤဂါထာကို ဆို၏။

၄၄။ အို မိဖုရားကြီး၊ တောအထပ်ထပ် တောင်အသွယ်သွယ်မှာ ယောင်လယ်လယ်လှည့်၍ သမီးတော်ကို ရှာဖွေခဲ့ရာ ငါတို့၏ သမီးကညာကို မတွေ့ခဲ့ပါလော။

ထိုအမေးစကားကိုကြား၍ မိဖုရားကြီးက ဂါထာကို ဆို၏။

၄၅။ အို အရှင် မင်းကြီး၊ တောအထပ်ထပ် တောင်အသွယ်သွယ်မှာ ယောင်လည်လည် လှည့်ပတ်၍ သမီးတော်ကို ရှာဖွေပါသော်လည်း သမီးတော် မနော်ဟရီကို မတွေ့ခဲ့ပါ၊ ဟိမဝန္တာ၌ သမီးထားခဲ့သော ပတ္တမြား ခါးကြိုး တန်ဆာကိုသာ တွေ့ခဲ့ပါ၏။

ထိုအခါ ကိန္နရီအားလုံးတို့သည် ထိုနေရာသို့ စုဝေးရောက်လာကြလျက် မိဖုရားကြီးကို ဝန်းရံကာ ငိုကြွေးကြကုန်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၄၆။ ကိန္နရီ အားလုံးတို့သည် မိဖုရားကြီးထံမှောက်သို့ ရောက်လာကြကုန်လျက် မိဖုရားကြီးကို ဝန်းရံကြပြီး ငိုကြွေးကြကုန်ပြီ။

## သုဓနုမင်းသား ဉာဏ်ခိုင်းရန် သုပုန္နိမိနင်းရန် ချိတက်ရခြင်း

ထိုအခါ ပေဒင်အရာ၌ တဖက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင် ပညာရှင်ဖြစ်သော ကုသလ မည်သော ပုဏ္ဏားကယောက်သည် နေ့စဉ် နေ့တိုင်း ဘုရားလောင်းအား ဆည်းကပ် ခစားအံ့သောငှါ ရောက်လေ၏။ ထိုအခါ ဘုရားလောင်းသည် ကုသလ ပုဏ္ဏား ပင်ပန်းနွမ်းနယ် သည်ကို မြင်ရ၍ "အို ပညာရှိ ပုဏ္ဏား၊ သင်သည် ကျွန်ုပ်အား အဘယ်

အကြောင်း ကိစ္စရှိ၍ နေ့စဉ်နေ့တိုင်း ခစားဆည်းကပ် လာပါသနည်း ဟုမေးသောအခါ အို မင်းသား သင့်ဘခမည်းတော် နတ်ရွာလားလျှင် အကျွန်ုပ်အား သင်မင်းသား၏ ပုရောဟိတ်အရာ၌ ထားပါ၊ ကျွန်ုပ်၏ ဘခင်ကဲ့သို့ ကောင်းမွန်စွာ. အမှုတော်ကို ထမ်းရွက်မည်ဖြစ်ပါ၍ ကျွန်ုပ် ဘခင်၏ ပုရောဟိတ်ရာထူးကို ကျွန်ုပ်အား ပေးပါ၊ အခြားသူအား မပေးပါလင့်ဟု တောင်းဆိုလေရာ ဘုရားလောင်းလည်း ကောင်းပါပြီဟု ဝန်ခံလိုက်လေ၏၊ ကုသလပုဏ္ဏားနှင့် ဘုရားလောင်းတို့ ယင်းသို့ ပြောဆိုသောစကားကို ကုသလ၏ဘခင် ပုရောဟိတ်ပုဏ္ဏားကြီး ကြားသောအခါ ဘုရားလောင်းအပေါ်၌ ရန်ငြိုးထားကာ အာဒိစ္စဝံသမင်းကြီးနှင့် လျှို့ဝှက်သောနေရာသို့သွား၍ ကုံးတိုက်စကားကို ပြောလေ၏။ အရှင်မင်းမြတ် သင်မင်းကြီး၏သားတော် သုဓနုမင်းသားသည် သင်မင်းကြီးကို သတ်၍ တိုင်းပြည်ကို သိမ်းပိုက်လျက် မင်းလုပ် အုပ်ချုပ်မည်ကြံနေပါသည်ဟု ကုံး တိုက်သော်လည်းဘုရင်ကြီးမှာ မယုံကြည်သဖြင့် မကြားသကဲ့သို့ပြု၍ ဆိတ် ဆိတ်နေလေ၏။

ပုရောဟိတ်ပုဏ္ဏားသည် မိမိစကားကို ဘုရင်ကြီး မယုံကြည် သဖြင့် အရှက်ရပြီး မျက်မှောင်ကြုတ်ကာ မင်းကြီးထံ၌ နေလေ၏။ နောက်များ မကြာမီတွင် အာဒိစ္စမင်းကြီး၏ ပစ္စန္တအရပ် (တောသူတောင်သားတို့နေ သောအရပ်)တွင် သူပုန်သူကန်များ ထကြွ သောင်းကျန်းနေ၏၊ ထိုအခါ အာဒိစ္စဝံသမင်းကြီးသည် သူပုန်များကို နှိမ်နင်းရေးအတွက် ကိုယ်တော် တိုင်ကြွချီတော်မူရန် စီမံနေသည်ကို ပုရောဟိတ်ပုဏ္ဏားကြီးသိသဖြင့် မင်း ကြီးထံချဉ်းကပ်ရှိခိုးလျက် "မြတ်သော အရှင်မင်းကြီး အရှင်မင်းကြီးသည် သူပုန်များ နှိမ်နင်းရန် ကြွချီတော် မမူပါလင့် သောင်းကျန်းသူ သူပုန် များကို နှိမ်နင်းရန်သားတော် သုဓနုကိုစေလွှတ်သင့်သည်မဟုတ်ပါလော" ဟု လျှောက်ထားသောအခါ အို ပုရောဟိတ်ပုဏ္ဏားကြီး သားတော် သုဓနု သည် အရွယ်လည်း ငယ်ပါ၏၊ စစ်ရေးစစ်ရာလည်း မကျွမ်းကျင်သေးပါဟု မင်းကြီးကမိန့်လေရာ အရှင်မင်းမြတ် အရှင့်သားတော် သုဓနုသည် ငယ် ရွယ်သူ ဖြစ်သော်လည်း ရေးဘုန်းရှေးကံရှိသူဖြစ်၍ အရာရာ၌ လိမ်မာ

ကျွမ်းကျင်သူ ဖြစ်သောကြောင့် ဤကိစ္စမျိုးကို ဆောင်ရွက်ရန် စွမ်းနိုင်သည်သာဖြစ်ပါ၏၊ သို့ဖြစ်၍ အရှင်မင်းကြီးသည် စိုးရိမ် ကြောင့်ကြတော် မမူဘဲ နန်းတော်မှာသာ အေးချမ်းစွာ နေတော်မူပါဟု ပုဏ္ဏားကြီးက လျှောက်ထားလေ၏။

ပုဏ္ဏားလျှောက်ထားသော စကားကိုကြား၍ မင်းကြီးသည် ယုံကြည်တော်မူသဖြင့် သားတော်သုဓနုကို ခေါ်လျက် "သားတော် သုဓနု ငါတို့တိုင်းပြည်စွန်ဖျား ရွာငယ်များကို သူခိုးသူပုန်များ လုယက် ဖျက်ဆီး သောင်းကျန်းလျက် ရှိကြသည်၊ ယင်း သူပုန်ရန်ကို နှိမ်နင်းရန် သားတော် သွားပါလေ"ဟု အမိန့်ပေးတော်မူရာ ကောင်းပါပြီဘခင်မင်းကြီး ဘခမည်းတော်၏ ဘုန်းတော်ဖြင့် ထိုသူခိုးသူပုန်များကို ထွက်ပြေးစေပါအံ့ဟု ဝန်ခံလျက် မိခင်ထံသွား၍ ဘခင်အမိန့်ရှိသည်ကို မိခင်အား ပြောကြားပြီးနောက် မိမိနေရာ နန်းပြာသာဒ်သို့လာ၍ မနော်ဟာရီအား သူပုန်နှိမ်ရန် ထွက်ခွာရမည့်အကြောင်းကို ပြောပြလေ၏။

သုဓနုမင်းသားစကားကို ကြားရသောအခါ မနော်ဟာရီကိန္နရီမလေးသည် နှလုံးကြေကွဲသကဲ့သို့ ဖြစ်ကာ မင်းသား၏ခြေရင်း၌ ဝပ်လျှိုး၍ "အရှင်မင်းသား လင့်တမျက်နှာ တရွာထင်ပြီး ကျွန်ုပ် လိုက်လာခဲ့ရာယခု အရှင်မင်းသား ထွက်ခွာသွားပါလျှင် ကျွန်ုပ်မှာ ခိုကိုးရာမဲ့ဖြစ်နေပါသည် ကျွန်ုပ်တယောက်ထည်း သေနေတာတောင်မှ အရှင် မင်းသားလေး သိလိမ့်မည် မဟုတ်ပါ"ဟု ငို၍ ပြောသောအခါ "ချစ်လှစွာသော မနော်ဟာရီ သင်သည် စိုးရိမ်ပူဆွေးငိုကြွေးခြင်း မပြုပါလင့်၊ အချိန်မကြာစေရပါ၊ မကြာခင် ကြင်သူသက်ထား ချစ်မယားထံ အမြန်ပြန်လာပါမည်" ဟု သုဓနုမင်းသားက ဖျောင်းဖျ ပြောဆိုခဲ့ပြီးနောက် စစ်အင်္ဂါ လေးပါး ခြံရံလျက် မြတ်သောဆင်ထက်သို့ တက်စီးကာ ထီးဖြူကို ဆောင်မိုး၍ မြို့တော်မှ ထွက်ခွာလေ၏၊ ထိုခဏ၌ တမြို့လုံး၌ရှိကြသော မြို့စောင့်နတ်တို့သည် အချင်းချင်းတိုင်ပင် ညှိနှိုင်းကြွေးကြော်ကြလျက် ဤဂါထာ ၂-ပုဒ်ကိုဆိုလေ၏။

၄၇-၄၈။ အို မြို့စောင့်နတ်အပေါင်းတို့ သူပုန်နှိမ်နင်းရန် စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် စစ်မြေပြင်သို့ ထွက်ခွာသွားသော သုဓနမင်းသားကို ကျွန်ုပ်တို့ အားလုံးသည် နေရာဌာန အသီးသီးမှ နေကြလျက် စောင့်ရှောက်ကြပါကုန်အံ့၊ ယနေ့ သုဓနမင်းသားသည် စစ်တိုက်အံ့သောငှါ စစ်သည်ဗိုလ်ပါ များစွာဖြင့် ထွက်ခွာသွား၏၊ ထို့ကြောင့် ကျွန်ုပ်တို့ နတ်အားလုံးသည်လည်း မိမိတို့ စစ်သည်ဗိုလ်ပါများ ခြံရံလျက် သုဓနနှင့် ထွက်ခွာကြကုန်အံ့။

ဤသို့လျှင် အချင်းချင်း တိုက်တွန်းနှိုးဆော် ကြွေးကြော်ကြလျက် နတ်အားလုံးတို့သည် မိမိတို့ နတ်စစ်သည်များနှင့်တကွ သုဓနမင်းသားနှင့် အတူ ထွက်ခွါကြကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်....

၄၉-၅၅။ စစ်မြေပြင်သို့ ရောက်လာကြကုန်သော နတ်အများတို့သည် သုဓန၏ရှေ့ရော နောက်ပါ ခြံရံလျက် သုဓနနှင့်တကွ တပ်သားအားလုံးဘေးဥပဒ်အန္တရာယ် တစုံတရာ မငြိတွယ်စေခြင်းငှါ စောင့်ရှောက်ခြင်းကို ပြုကြကုန်၏။ အချို့သူတို့သည် သန်လျက်လက်စွဲကုန်၍ အချို့ကားလေးမြှား လက်နက် စွဲကိုင်ကြကာ သုဓနမင်းသား၏ ဝဲယာ ရှေ့နောက်ခြံရံလျက် စောင့်ရှောက်ကြကုန်၏။ သုဓန၏ ရှေ့ရော နောက်ပါ ခြံရံကုန်သော ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည်တပ်တို့သည် သုဓနနှင့်စစ်တပ်အားလုံးကို စောင့်ရှောက်ကြကုန်၏။ သုဓန၏ စစ်တပ်ကြီးသည် ဆန်းကြယ်သော တံခွန်အောင်လံတို့ဖြင့် မနိုင်းယှဉ်လောက်အောင် ကြီးကျယ် များပြားလျက် စစ်အင်္ဂါလေးပါးသည်လည်း မြေပို့မည့်အလားများပြားလှပါ၏။ အချို့သူတို့သည် သုဓန၏ရှေ့မှ ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ကြကုန်လျက် အော်ဟစ်ဆူညံ ကြွေးကြော်သံ များဖြင့် ဝင့်ကြွား ကြိမ်းမောင်းစကား ပြောကြားကြကုန်၏။ သမုဒ္ဒရာကြီးချောက်ချားသကဲ့သို့ စစ်မြေပြင်၌ ဒိုးပတ်ထက်စည်၊ ခရုသင်းနှင့် စည်ကြီး အသံတို့သည်လည်း ကျယ်လောင် ဆူညံစွာ ရှိကြကုန်၏။ သုဓန

မင်းသား၏ ရှေ့နောက် ဝဲယာတို့၌ သန့်လျက်ရောင်သာ မက အခြား လက်နက်အရောင်တို့သည်လည်း တပြောင်ပြောင်တောက်ကုန်၏။

ဤသို့လျှင် ကြီးကျယ်များပြားစွာသော စစ်သည် ဗိုလ်ပါများ ခြံရံလျက် ဘုရားလောင်းသည် ထိုပစ္စန္တရွာသို့ရောက်လေ၏။ ဘုရားလောင်း၏ အာနုဘော်ကြောင့်၎င်း, နတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်ကြောင့်၎င်း ရန်သူ တဦးတယောက်မျှ ဘုရားလောင်းအား ရင်ဆိုင်ခြင်းငှါ မဝံ့ရဲကြသဖြင့် ရန်သူအားလုံး အရှုံးပေး လက်မြှောက်ကြကာ ထွက်ပြေးကြကုန်လျက် ဘုရားလောင်း မမြင်ရာသို့ ပုန်းရှောင် ထွက်ခွါသွားကြကုန်၏။ ထိုနေ့၌ ဘုရားလောင်း၏ခမည်းတော် အာဒိစ္စဝံသမင်းကြီးသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ ဤသို့သောအိပ်မက်ကို မြင်မက်လေ၏။ မင်းကြီး၏ အူတို့သည် ဝမ်းဗိုက်မှထွက်၍ ဇမ္ဗူဒိပ်တကျွန်းလုံးကို သုံးကြိမ် ရစ်ပတ်ပြီးနောက် တဖန် ဝမ်းဗိုက်သို့ ပြန်၍ဝင်၏ဟု မြင်မက်၏။ မင်းကြီးသည် အိပ်ရာမှနိုးလတ်သော် ထိတ်လန့် ကြောက်ရွံ့သည် ဖြစ်၍ မိမိ အိပ်ရာ၌ထိုင်လျက်သာ နေလေ၏။ မိုးလင်းသောအခါ မင်းကြီးထံသို့ စောစော ဆည်းကပ် ခစားရန်လာသော ပုရောဟိတ်အား အိပ်မက် အကြောင်းကို မေးလေ၏။

မင်းကြီးစကားကြားသောအခါ ပုရောဟိတ်သည် ယခုအခါ ငါ့အကြံ အောင်တော့မည်၊ ယနေ့ငါ့ရန်သူများပျက်စီးသည်ကို ကောင်းကောင်းကြီး မြင်ရတော့အံ့ဟု နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက် မင်းကြီးအား "အရှင် မင်းကြီး သင်မင်းကြီးသည် မကောင်းသောအိပ်မက်ကို မြင်မက်၏"ဟု ပြောဆိုလေရာ အို ပုရောဟိတ်အမတ်ကြီး ဤအိမ်မက်အတွက် ဆုတ်ယုတ် ခြင်း ကြီးပွားတိုးတက်ခြင်းဖြစ်လတံ့ပါလော‌ဟု မေးသောအခါ အရှင် မင်းမြတ် ဤအိပ်မက်အတွက်ကြီးပွားတိုးတက်ရန်လမ်းမမြင်ပါ၊ဤအိပ်မက် ကြောင့် မင်းကြီးအားသော်၎င်း, မိဖုရားကြီးအားသော်၎င်း, တိုင်းပြည် အားသော်၎င်း မုချအန္တရာယ်ဖြစ်ရန်မြင်ပါသည်။ ထိုစကားကိုကြားသော အခါ မင်းကြီးသည် ကြောက်ရွံ့ထိတ်လန့်လျက် ချွေးများပင်ထွက်ကာ "အို ပုရောဟိတ်အမတ်ကြီး အဘယ်သို့ပြုလုပ်ကြပါမည်နည်းဟု မေးမြန်းရာ

အို မင်းကြီး အလျှင်အမြန်ယဇ်ပူဇော်ရမည်ဟု ပုရောဟိတ်ကပြောလေ၏။ အဘယ်ဝတ္ထုပစ္စည်းများဖြင့် ယဇ်ပူဇော်ရပါမည်နည်းဟု မင်းကြီးက အမိန့်ရှိသောကြောင့် ထိုယဇ်ပူဇော်ခြင်းအကြောင်းကို ပြလိုရကား ဤဂါထာ ၂–ပုဒ်ကိုဆိုလေ၏။

## ပုဏ္ဏားမိုက်တိုက်တွန်း၍ အာဒိစ္စမင်းကြီး ယဇ်ပူဇော်ရန် အားထုတ်ခြင်း

၅၆=၅၇။ မြတ်သောမင်းကြီး အသင်မင်းကြီး၏ ယုတ်မာ ဆိုးဝါး ကြမ်းတမ်းသောအိပ်မက်အတွက် အသက်ရှိသော သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ပါလော့။ ထိုသို့ယဇ်ပူဇော်ပါလျှင် ဖြစ်ပေါ်လာမည့် ဘေးဥပဒ် အန္တရာယ်များပျောက်ကွယ်သွားနိုင်သည်ဟု ဗေဒကျမ်းများ၌ ဆိုပါသည်၊ ထို့ကြောင့် ယဇ်ပူဇော်ရန် အမြန်စီစဉ်ပါလော့။ သို့မှသာအရှင်မင်းကြီး မှာ ဘေးဥပဒ်အန္တရာယ်များ ကင်းပျောက်ပြီး မင်းစည်းစိမ်ကို ချမ်းသာ စွာခံစားရပါလတ္တံ့။

ထိုအခါ မင်းကြီးသည် ပုရောဟိတ်၏စကားကိုကြား၍ အမတ်တို့ကို အို အမတ်များတို့ သင်တို့သည် လျင်စွာသွား၍မုဆိုးအားလုံးတို့ကို မင်းယင် ပြင်၌ စုဝေးစေပါလော့ဟု မိန့်တော်မူသောကြောင့် အမတ်တို့သည် မုဆိုး အားလုံးတို့ကို မင်းယင်ပြင်၌စုဝေးစေလျက် မင်းကြီးအား လျှောက်ကြား လိုရကားဂါထာကိုဆိုကြကုန်၏။

၅၈။ မြတ်သောမင်းကြီးအားကောင်းကုန်သော, လေးလက်နက်ခွဲကိုင် ကုန်သော, အလွန်ရဲရင့်ကုန်သော တောသွ်ကျက်စားကုန်သော မုဆိုးတို့ကို လမ်း၌ တွေ့တွေ့သမျှသတ္တဝါတို့ကိုသတ်ရန် တာဝန်ပေးပါကုန်လော့။

ထိုစကားကိုကြား၍ မင်းကြီးသည် စေခိုင်းလိုရကား–

၅၉-၆၀။ အို မုဆိုးအပေါင်းတို့ ဤနေရာသို့ရောက်လာကြကုန်သော သင်တို့ အားလုံး မှတ်သား နားထောင်ကြကုန်လော့၊ ငါ၏ အသက် ချမ်းသာရာရရေးအတွက် သင်တို့သည် တော၌ တွေ့သမျှသော သက်ရှိသတ္တဝါများဖြစ်သည့် အခြေ ၂–ချောင်းသတ္တဝါ၊ အခြေ

လေးချောင်းသတ္တဝါ၊ အခြေမရှိသော သတ္တဝါ၊ အခြေများစွာ ရှိသောသတ္တဝါ အထီးအမမကျန်အားလုံးတို့ကိုသတ်၍ ယူဆောင်လာကြကုန်လော့။ ထိုသတ္တဝါတို့၏အသက်ဖြင့်ယဇ်ပူဇော်ကုန်အံ့။

ထိုအခါ မှုဆိုးအားလုံးတို့သည် ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံကြပြီးနောက် တောသို့သွား၍ တွေ့သမျှသက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ယူဆောင်လာကြလျက် ယဇ်ပူဇော်ရာဌာနဥ္စထား၍ မင်းကြီးအား သံတော်ဦးတင်ရန် ဂါထာကိုဆိုကြကုန်၏။

၆၁။ အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ခြေတော်တို့ကို ကျွန်ုပ်တို့ ရှိခိုးပါကုန်၏၊ ကျွန်ုပ်တို့အားလုံးသည် အရှင်မင်းမြတ် မိန့်တော်မူသည့်အတိုင်း အားလုံးစုံသော သက်ရှိ သတ္တဝါတို့ကို ယူ၍ ယဇ်ပူဇော်ရာဥ္စ ထားပါကုန်၏။

ထိုစကားကိုကြား၍ မင်းကြီးသည် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ပုရောဟိတ်နှင့်အတူ စကားဆို၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်--

၆၂-၆၃။ ထိုမှုဆိုးတို့၏စကားကို ကြားသဖြင့် မင်းကြီးသည် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ပုရောဟိတ်ကို စကားပြောလိုရကား ဤစကားကိုဆို၏။ အို ပုရောဟိတ်၊ သင်သည် ယဇ်ကိစ္စအားလုံးကို စီစဥ်၍ အလျင်အမြန် ယဇ်ပူဇော်ပါလော့၊ ကျွန်ုပ် ဘေးဥပဒ် အန္တရာယ်ကင်းအောင် တောင့်တပါလော့၊ ကျွန်ုပ်ကို ချမ်းသာအောင် ပြုပါလော့။

**ယဇ်ပူဇော်ပွဲတွင် ဝိဇ္ဇာဓိုရ်၏ သမီးကညာတမျိုး လိုနေသည်ဟု**

မင်းကြီးစကားကို ကြားသောအခါ ပုရောဟိတ်သည် ယဇ်ပူဇော်ရာဌာနသို့သွား၍ အားလုံးသော ပူဇော်ဘွယ်ပစ္စည်းဘဏ္ဍာတို့ကို တွေ့မြင်သောအခါ မင်းကြီးထံ ချဉ်းကပ်လျက် "အရှင်မင်းကြီး၊ သင်၏ ယဇ်ပူဇော်ရာဌာနဥ္စ အားလုံးသော ပူဇော်ဘွယ်ဘဏ္ဍာအားလုံး ပြည့်စုံပါ၏၊ သို့သော် ဝတ္ထုပစ္စည်းတခု လိုနေပါသည်ဟု လျှောက်ထားရာ လိုနေ

သော ဝတ္ထုပစ္စည်းကား အဘယ်အရာဝတ္ထုပါနည်း” ဟု မင်းကြီးက မေးသောအခါ မြတ်သောမင်းကြီး၊ ဝိဇ္ဇာဓိုရ်၏ သမီးကညာ တမျိုး လိုနေပါသည်ဟု ပုရောဟိတ်က လျှောက်ထားလေ၏။

မင်းကြီး။ အို ပုရောဟိတ်၊ ဤဝိဇ္ဇာဓိုရ်၏ သမီးကညာ ဆိုသည်ကို ကျွန်ုပ်တို့အား ဘယ်မှာ ရနိုင်ပါမည်နည်း။

ပုရောဟိတ်။ အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ချွေးမတော် မနော်ဟရီသည် ဝိဇ္ဇာဓိုရ်ကညာပင် မဟုတ်ပါလော။

မင်းကြီး။ အို-ပုရောဟိတ်၊ ကျွန်ုပ်အား ဤစကားမျိုးကို နောက်ထပ် မပြောပါနှင့်၊ မနော်ဟရီသည် ဝိဇ္ဇာဓိုရ်ကညာ ဖြစ်သည် မှန်သော်လည်း ကျွန်ုပ်သားတော်၏ အသက်တမျှ ရှုမဝသော ချစ်ဇနီးဖြစ်နေပါသည်၊ ဤချွေးမတော် မနော်ဟရီ မရှိလျှင် ကျွန်ုပ် သားတော်လည်း အသက်ရှင်နေနိုင်မည် မဟုတ်ပါ၊ စင်စစ်မှာ ချွေးမတော်ကို သတ်၍ ယဇ်ပူဇော်သဖြင့် အဘယ်သို့ အကျိုးထူးလာမှာပါအံ့နည်း။ ချွေးမတော်ကို သတ်၍ ယဇ်ပူဇော်သည်ဆိုသည်မှာလည်း လုံးဝ မသင့်တော်သောကိစ္စ ဖြစ်ပါသည်။

ပုရောဟိတ်။ အရှင်မင်းကြီး၊ သင့်မသင့် ကောင်း မကောင်းကို သင်မင်းကြီးမသိပါ၊ မိမိကိုယ်တိုင်၏ အသက်, ထို့နောက် မိမိ၏ ပိဖုရားကြီး၏အသက်, ထို့နောက် တိုင်းပြည်စည်းစိမ် ဤသည်တို့သာ အရေးကြီးဆုံး မဟုတ်ပါလော၊ သမီးအရင်းမဟုတ်သော ချွေးမကို ဘာများ ငဲ့ညှာနေဘို့ လိုပါသေးသနည်း”။

မင်းကြီး။ ဒိုလိုဆိုရင် ပုဏ္ဏား၊ သင်သည်သာ သင့်သလို ဂိုပါတော့၊ ကျွန်ုပ်မှုကား သား၏ချစ်စွာသောဇနီး မနော်ဟရီကို အဘယ်မှာ ကိုယ်တိုင်သတ်ရက်ပါမည်နည်း။

ထိုစကားကိုကြား၍ ပုရောဟိတ်သည် ဤဂါထာတို့ကိုဆို၏။

၆၄-၆၇။ အရှင်မင်းမြတ်၊ ကျွန်ုပ်၏စကားကို နားထောင်ပါလော့၊ သူတပါးအသက်ကို စောင့်ရှောက်ခြင်းထက် မိမိကိုယ်ကို စောင့်ရှောက်

ခြင်းကိုသာ ပညာရှိများ ချီးမွမ်းကြပါသည်၊မိမိဦးခေါင်း၌ မီးလောင်နေပါလျှင် သားသမီးကိုလည်း စွန့်လွှတ်ရမည်ဖြစ်ပါသည်။မိမိအသက်မှ ချမ်းသာရေးကို အလိုရှိလျှင် သူတပါးအသက်ဘေးမှ လွတ်မလွတ် စဉ်းစားနေစရာမလိုပါ၊ ထို့ကြောင့် မိမိ အသက်ချမ်းသာလိုလျှင် ချွေးမတော် မနော်ဟရီကို စောင့်ရှောက်ငဲ့ညှာနေစရာမလိုပါ၊ သဘောထား နူးညံ့သည်ဖြစ်စေ ကြမ်းတမ်းသည် ဖြစ်စေ မိမိ အကျိုး ပြီးစီးရေးကိုသာ ဦးစွာကြည့်ရှုရပါမည်၊ သို့မှသာနောင်အခါတွင် တရားကို ကောင်းစွာ ကျင့်နိုင်ပါမည်။

## ပုဏ္ဏားသည် မနော်ဟရီကိုဖမ်းအံ့ဟု

ပုရောဟိတ်ပုဏ္ဏား ဤသို့ဆိုသောအခါ အာဒိစ္စဝံသ မင်းကြီးသည် စကားမပြောနိုင်ဘဲ ဆိတ်ဆိတ်သာ နေရတော့၏၊ ပုရောဟိတ်သည် မင်းကြီး ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူကြောင်း သိလျှင် ယဇ်ပူဇော်ရာဌာနကို စီစဉ်၍ မနော်ဟရီကို ဖမ်းဆီးခေါ်ဆောင်ရန် သွားလေ၏၊ ထိုအခါတွင် တမြို့လုံး၌ အုတ်အုတ်ကျွက်ကျွက် တခဲနက်သော အသံသည် ဖြစ်လေ၏၊ ထိုအခါ ယင်းအကြောင်းကို လူအများသည် မနော်ဟရီအား သွားရောက်ကြို့တင် ပြောနှင့်လေ၏၊ ထိုစကားကိုကြားလျှင် မနော်ဟရီသည် နှလုံးကြေကွဲသကဲ့သို့ဖြစ်၍ သမနေ၏မိခင် မိဖုရားကြီးထံ အမြန်သွားရောက်လျက် ငိုကြွေးမြည်တမ်းကာ—

"ကျေးဇူးရှင် မိဖုရားကြီး အာဒိစ္စဝံသ မင်းကြီးသည် ပုရောဟိတ်၏စကားကိုယုံကြည်ပြီး ကျွန်မကိုသတ်၍ ယဇ်ပူဇော်ရန် စီမံနေပါသည်။ သင်မိဖုရားကြီးသည် ကျွန်မကို သနားသောအားဖြင့် ကျွန်မ လင်တော်မောင် သုဓနုပြန်လာအောင် စောင့်ဆိုင်းဘို့ တောင်းပန်ပေးပါ၊ ကျွန်မယောကျ်ား ပြန်လာလျှင် သူ့အပေါ်မှာ ရှိသမျှ ကျမ အပြစ်များကိုတောင်းပန်ဝန်ချ ရှိခိုးပြီးမှ မင်းကြီးသည် ကျမကို ၇-ပိုင်း ဖြတ်ဖြတ်လုပ်ချင်ရာလုပ်နိုင်ပါသည်" ဟု မိဖုရားကြီးအား ပြောပြလေ၏။

ချွေးမတော် မနော်ဟရီ၏ စကားကို ကြားသောအခါ မိဖုရားကြီးသည် ကောင်းပြီဟု ဝန်ခံကာ အခြံအရံများနှင့် အတူ မင်းကြီး ထံသို့

ချက်ခြင်းသွားလေ၏။ သို့သော် ပုရောဟိတ်သည် စန္ဒာဒေဝီ မိဖုရားကြီး ဘုရင့်ထံ လာသည့်ကိုသိ၍ မိမိ၏ တပည့်များအား ဘုရင့် အမိန့်တော်ဖြင့် စန္ဒာဒေဝီ မိဖုရားကြီး မလာရန် တားမြစ်ထားဘို့ အချက်ပေးထားသောကြောင့် စန္ဒာဒေဝီသည် မင်းကြီးအား တွေ့ဆုံခွင့် မရသဖြင့် ပြန်လာလျက် ပြာသာဒ်ထက်သို့တက်ကာ ချွေးမတော် မနော်ဟရီကို ဖက်၍ "ချွေးမတော် မနော်ဟရီ ငါသည် မင်းကြီးထံ သွားသော်လဲ တွေ့ခွင့်မရ၍ ပြန်လာခဲ့ရပါသည်၊ အခု ဘယ်လိုလုပ်ကြမလဲ"ဟု ဆိုကာ ငိုကြွေးလေ၏၊ ထိုစကားကို ကြားသောအခါ မနော်ဟရီသည် မိဖုရားကြီးသွား၍မှ ဘုရင်ကြီးအားတွေ့ခွင့်မရခဲ့လျှင် မိမိ သေရမည်မှာ မုချ ဖြစ်တော့သည်ဟု သိလျက် ငိုကြွေးကာ ဤ၃-ဂါထာတို့ကို ဆိုလေ၏။

၆၈-၇၀။ အို မိဖုရားကြီး ယဇ်ပူဇော်ရန်အတွက် ကျွန်မကိုသတ်၍ သူတပါးတို့ ယူဆောင်သွားကြတော့မည်၊ ကျွန်မ ယောကျ်ား မရှိသဖြင့် ကိုးကွယ်အားထားရာမဲ့ ဖြစ်နေသောကြောင့် ဤသို့ သေရခြင်းဖြစ်သည်၊ လင်တော်မောင် သုဓနုမင်းသားရှိလျှင် ကျွန်မ ဒီလိုဖြစ်ရမည်မဟုတ်ပါ၊ အခုတော့ ကျွန်မမှာ ကိုးကွယ်အားထားစရာ တယောက်မှ မရှိပါကလား။

ဤသို့ ငိုကြွေးပြီးလျှင် မနော်ဟရီသည် "အို မိခင် မိဖုရားကြီး ကျွန်မ၏ခြေဝတ်တန်ဆာများနှင့်အခြား ဝတ်စားကန်ဆာဘဏ္ဍာတို့ကို ပေးပါလော့" ဟု ဆိုသဖြင့် စန္ဒာဒေဝီ မိဖုရားကြီးသည် မနော်ဟရီ၏ ခြေဝတ်တန်ဆာများနှင့် အခြားဝတ်စားတန်ဆာ အားလုံးတို့ကိုယူ၍ မနော်ဟရီ၏ လက်ထဲသို့ ထည့်ပေးပြီးနောက် မနော်ဟရီကို ဖက်၍ ငိုကြွေးလျက် ဤဂါထာတို့ကို ဆိုလေ၏။

၇၁-၇၂။ အို ချွေးမတော် မနော်ဟရီ သားတော်မောင် ပြန်ရောက်လာသောအခါ ပြာသာဒ်ပေါ်မှာ မယားမရှိဘဲ ပြာသာဒ်အချည်းနှီးကို သာတွေ့၍ ကျွန်တော့်မယား ဘယ်သွားပါလဲလို့ မေးလျှင် သားတော်

ကို ဘယ်လိုပြောရပါမလဲ၊ ငါ့ သားတော် သုဓနု သေသွားသောအခါ ပြန်လျှင် ပြန်သွားပါ၊ သားတော် သုဓနု အသက် မသေသေးလျှင် ကား သင် ဒီမှာနေ၍ သားတော်နှင့် ငါတို့တို တွေ့မြင်ကြည့်ရှု နေပါ လော့။

## မနော်ဟရီသည် ခြေဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက်

ထိုစကားကိုကြား၍ မနော်ဟရီသည် စန္ဒာဒေဝီကို လက်အုပ်ချီမိုး ရှိခိုးလျက် ခြေဝတ်တန်ဆာနှင့်အခြားဝတ်စားတန်ဆာများကိုယူ၍ မိမိကိုယ် ကို ဆင်ယင်ပြီးလျှင် နိမ့်ရာအရပ်မှ နေလျက် အကယ်၍ သင်၏ သား တော် ကျမလင်တော်မောင် သုဓနုပြန်လာပါလျှင် သင့်မယား မနော်ဟရီ သည် သွားခါနီးတွင် ၇-ကြိမ်တိုင်မျှ သင့်ရဲ့ခြေအစုံကို ခိုလှုံရှိခိုးလျက် အပြစ်ရှိသမျှ သည်းခံပါရန် ဝန်ချ တောင်းပန်သွားသည်။ သင်ကလည်း အပြစ်ဟူသမျှနှင့် ခွင့်လွှတ်သနားခံပါ ဟု. ကျမ မှာသည့်အတိုင်း သင် မိဖုရား၏ သားတော်ကို ပြောလိုက်ပါဟု မှာထားပြီးနောက် ငါသည် ဤကဲ့သို့ လင်နှင့် ကွေကွင်း၍ ဆင်းရဲခြင်း ဖြစ်ရသလို အခြားသူများ မဖြစ်ကြပါစေနဲ့ ဟု ဆို၍ ဤဂါထာတို့ကို ဆို၏။

၇၃-၇၄။ အို မိခင် မိဖုရားကြီး သင်မိဖုရားကြီးနှင့် ကျမ လင်တော် မောင် သုဓနုတို့ကို ရှိခိုးဦးတင် ကန်တော့ခဲ့ပါသည်။ ကျမ မှာထား သော စကားများကိုလည်း ပြောပြလိုက်ပါ၊ နောင်တခါ တွေ့ဆုံရ တော့မှာ မဟုတ်လို့ ယခု ဖူးမြင်တွေ့ဆုံရခြင်းဟာ နောက်ဆုံး ဖူးတွေ့ရ ခြင်း ဖြစ်သည်။ သေကွဲ ကွဲခြင်း၊ ရှင်ကွဲ ကွဲခြင်းဟာ လောကဓမ္မတာဖြစ် ပါသည်။

ဤသို့ ဆိုပြီးနောက် မနော်ဟရီသည် ယောက္ခမ မိဖုရား၏ ခြေ မတော်တို့ကို ဦးနှိမ်ဝပ်လျှိုး ရှိခိုးလျက် မိမိအပြစ်များကို သည်းခံခွင့်လွှတ် ပါရန် ကန်တော့လေ၏၊ ထိုအခါ စန္ဒာဒေဝီသည် မနော်ဟရီကို လည်ပင်း ဖက်၍ ငိုကြွေးမြည်တမ်းလျက် ဤဂါထာကို ဆိုလေ၏။

၇၅-၇၈။ လူများ ငှက်တိရစ္ဆာန်များတို့ကို ကွဲကွာအောင် ပြုလုပ်ခဲ့ သော ရှင်၏ ရှေးမကောင်းမှုကံကြောင့် ယခု သင်သည် လင်နှင့် ကွဲကွာရ

ခြင်း ဖြစ်ပေသည်၊ အိုချွေးမတော် မနော်ဟရီ ငါ့မှာ တိုင်းပြည်အတွင်း လှည့်လည်သည့်အခါ တယောက်တည်း အဖော်မပါ ခိုကိုးရာမရှိ ဖြစ်ချေပြီ၊ သင့်မှာလည်း တောအထပ်ထပ် တောင်အသွယ်သွယ်မှာ ယောင်လယ်လယ် တယောက်ထည်း ဖြစ်ချေတော့မည်၊ သစ်ပင် တောတော ကောင်းကင် သမုဒ္ဒရာတို့၌ စောင့်ရှောက် နေကြသော နတ်အပေါင်း တို့သည် ကျွန်ုပ်၏သားကို အမြန်ခေါ်ယူ ပို့ဆောင်ပေးကြ ပါလော့၊ ရဲရင့်စွာ ပြည်တော်သို့ ပြန်လာသော သားတော်သည် ချွေးမတော် မနော်ဟရီကို မမြင်ရလျှင် အသိုက်တွင် သားသမီးတို့ကို မတွေ့ရသဖြင့် ဆင်းရဲဒုက္ခ ရောက်ရသော ဝံလိုင့်ကွက်ကဲ့သို့ အသက်ရှင်နိုင်မည် မဟုတ်ပါချေ။

ဤသို့ စန္ဒာဒေဝီငိုကြွေးမြည်တမ်းနေစဉ် ထိုမင်းချင်း ယောကျ်ားတို့သည် မနော်ဟရီကို ဖမ်းဆီးခေါ်ဆောင်ရန် ပြာသာဒ်ထက်သို့ တက်လာကြကုန်၏၊ ထိုအခါ မနော်ဟရီသည် ထိုမင်းချင်းယောကျ်ားတို့ကို တွေ့မြင်သဖြင့် စန္ဒာဒေဝီကို ရှိခိုးလျက် မယ်တော်မိဖုရားကြီး ကျမသွားပြီဟု ပန်ကြား၍ နတ်ဆက်ကာ ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာသို့ ရှေးရှုပျံသွားလေ၏၊ ထိုနောက် ကဿပရှင်ရသေ့၏နေရာ ကျောင်းသင်္ခမ်းသို့ ရောက်သောအခါ ကောင်းကင်မှ ဆင်းသက်လျက် ကဿပရှင်ရသေ့အား ဖြစ်ကြောင်းကုန်စင် အကြောင်း အစုံ အလင်ကို လျှောက်တင်ပြီးနောက် အို အရှင်ရသေ့ကြီး၊ တပည့်တော်မ၏လင်သား သုဝဏ္ဏ မင်းသားသည် တပည့်တော်မအား ရှာဖွေရင်း ဤနေရာသို့ ရောက်လာပါလျှင် တပည့်တော်မ၏ ဤကမ္ဗလာ အဝတ်နှင့် ဤစိန်လက်စွပ်ကို သုဝဏ္ဏ မင်းသားအား ပေးလိုက်ပါဘုရား၊ ထိုနောက် အရှင်ရသေ့ကြီးသည် တပည့်တော်မ၏ စကားဖြင့် သုဝဏ္ဏအား ပြောကြားလိုက်ပါ၊ သင့်ဇနီး မနော်ဟရီသည် သင့်ရဲခြေတော်အစုံကို ရှိခိုးခဲ့ပြီး ဤမှရှေ့သို့မလိုက်ရန် မှာကြား ပြောဆိုလိုက်ပါ၊ ရှေ့မှာသွားရမဲ့လမ်းက လူမဟုတ်တဲ့ နတ်ဘီလူးများ နေသော နေရာဌာနများ ဖြစ်ကြ၍ လမ်းခရီး ကြမ်းတမ်းလှပါသည် တပည့်တော်မရဲ့ယောကျ်ား သုဝဏ္ဏမင်းသားကလေးကို ဤနေရာမှသာ ပြန်ဘို့ပြော လိုက်ပါဘုရားဟု လျှောက်ထားလျက် ဤဂါထာကို ဆို၏။

၇၉။ ကျွန်မသည် ယခုဘဝ၊ ရှေးဘဝတို့က ကိုယ်နှုတ်တို့ဖြင့် ပြစ်မှား ကျူးလွန်ခဲ့သောအပြစ် တစုံတရာ ရှိပါလျှင် ကျွန်မ၏အပြစ်များ စင်ကြယ်စေရန် အတွက် သည်းခံကျေနပ် ခွင့်လွှတ်ပါ။

ဤသို့ဆိုပြီးနောက် မနော်ဟရီ ကိန္နရီမလေးသည် မိမိလင်ယောကျ်ား ရှိရာ တောင်ဘက်သို့ မျက်နှာမူလျက် လက်အုပ်ချီကာ ရှိခိုးရန် ဤဂါထာ ကို ဆို၏။

၈၀-၈၁။ ကျေးဇူးရှင်လင်သား သုဓနုမင်းသားကို ရှိခိုးကန်တော့လိုက် ပါသည်၊ လင်ယောကျ်ားနှင့် ခွဲခွါရပြီးနောက် ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့ကို ခံစားရပါမည်၊ ချစ်သူနှင့် ကွေကွင်းရန် ရှေးက လည်း ဆုတောင်းပတ္ထနာ မပြုခဲ့ဘူးပါ၊ ရှေးဘဝက ကျူးပ်ပြုခဲ့ သော မကောင်းမှုကံကြောင့် ယခုလို လင်သားနှင့် ကွေကွင်းရခြင်း ဖြစ်ပါသည်။

## ရသေ့ကြီးအား မနော်ဟရီမှာကြားခြင်း

ဤသို့ဆိုပြီးနောက် မနော်ဟရီကိန္နရီမလေးသည် ကဿပရသေ့ကြီးအား ဤသို့လျှောက်ထားမှာကြားလေ၏။ အရှင်ဘုရား တပည့်တော်မ၏လင်သား သုဓနုမင်းသားသည် ဤအရပ်မှမပြန်ဘဲ ရှေ့ကိုဆက်လက်၍ လိုက်လာမည် ဆိုပါလျှင် သုဓနုအား သနားသောအားဖြင့် ဤမန္တန်နှင့် တပည့်တော် များ ဆေး ၇-ဆက်တိုင် သုံးစွဲလာခဲ့သော ဤ(သတ္တကုလိက)ဆေးကိုပေး လိုက်ပါ။ ဤမှကျော်လွန်သောအခါ တယူဇနာမျှရှည်လျားသော သမန်း မြက်တော, ပန်းရင်းမြက်တော, ဝါးတော, ထိုနောက် ယူဇနာသုံးဆယ် လောက်ကျယ်ဝန်းရှည်လျားသော သမန်းမြက်တော, မြက်တော, ပင်စိမ်း တော, မြှားမြက်တော, ဆူးချုံပေါသောတော, ကြိမ်တော, အားလုံးစုံ ပေါသည့်တော၊ ကောင်းကင်သဖွယ် ဖြစ်နေသောတော, လက်သည်း ခြေသည်း ခွါရှေသောသတ္တဝါတို့ ပေါများသည့်တော၊ အခွဲရခက်သော အသီးများရှိသည့်တော၊ ဘီလူးတော၊ အားလုံး မှောင်မဲနေသောတော၊ တောင်အထပ်ထပ်ရှိသောတော စသည်အားဖြင့်တောတန်းများ ၁၈-မျိုးကို

တွေ့လိမ့်မည်။ ထိုမှဆက်၍သွားသောအခါ လမ်း၌ အလွန်ကြီးမားသော ဆင်ပြောင်ကြီး ၂ ကောင်တို့သည် အချင်းချင်းထိုးခတ်လျက် လမ်း၌နေကြပါလိမ့်မည်။ ထိုအခါ 'သုဓနုမင်းသားလေးသည် ဤမန္တန်ကိုရွတ်၍ ဤ (သတ္တကုလိက) ဆေးကို စား၍ပြီးလျှင် ထိုဆင်ပြောင်ကြီးများ၏ ပေါင်ကြားမှထွက်၍သွားပါ။ထိုမှဆက်၍သွားပါလျှင် အလွန်မြင့်မားသော တောင်ကြီးနှစ်လုံးတို့သည် အချင်းချင်း ထိပါးပုတ်ခတ်နေသည်ကိုတွေ့ပါလိမ့်မည်။ ထိုအခါ ဤမန္တန်ကိုရွတ်၍ ဤဆေးကိုစားပါလျှင်ဤမန္တန်နှင့် ဆေးတန်ခိုးကြောင့် ယင်းတောင်ကြီးတို့သည် ပြိုကွဲပျက်စီးသွားပါလတံ့။

ထိုအခါ ယင်းတောင်ကြီးများ၏ အပေါက်အကြားမှ သွားပါလော့၊ ထိုမှဆက်၍ ပြန်သွားသောအခါ ဘီလူးများနေသော နေရာသို့ ရောက်ပါလိမ့်မည်၊ လမ်းအလယ်၌ ထန်း ၇–ပင်ဆက်၍ထားသော အမြင့်ပမာဏရှိပြီး အလုံးအထည် ကြီးမားလှသော ဘီလူးကြီးသည် လမ်း၌ တည်ရှိနေလိမ့်မည်၊ ထိုအခါ ဤမန္တန်ကို ရွတ်၍ ဤဆေးကို စားပြီးနောက် ဤဆေးကို တုတ်ဖျား၌ အနည်းငယ် လိမ်းကျံ၍ ယင်းတုတ်ဖြင့်ဘီလူးကြီးရင်ကို ထိုးရိုက်လိုက်လျှင် ဘီလူးသည် ထိုနေရာ၌ လဲကျသွား လိမ့်မည်၊ ထိုအခါ ဘီလူး၏ဦးခေါင်းမှ ကျော်လွှား၍ သွားပါလော့၊ ထိုမှဆက်၍ သွားပါလျှင် ယူဇနာ တရာမျှ ကျယ်ဝန်းသော မြစ်ကြီးတခုကို တွေ့ပါလိမ့်မည် ထိုသမုဒ္ဒရာမှရေကို မတို့မထိပါလင့်၊ အကယ်၍ တို့ထိပါလျှင် သုဓနုမင်းသာလေး အသက်သေပါလိမ့်မည်၊ အကယ်၍ မယုံပါလျှင် သန်လျက်ဖြင့် သော်၎င်း၊ ဓားဖြင့်သော်၎င်း၊ တခုခုဖြင့် တဝတ်ကို ချည်နှောင်၍ ရေထဲချကြည့်ပါလျှင် ယင်းအဝတ်သည် မွမွ ကြေညက် သွားပါလိမ့်မည်၊ ယင်းသမုဒ္ဒရာ၌ ကြီးမားသော စပါးကြီးမြွေသည် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို တံတားသဖွယ် ကိုယ်ကိုခင်း၍ နေပါလိမ့်မည်။

ထိုအခါ ဤမန္တန်ကို ရွတ်၍ ဤဆေးကိုစားပြီးလျှင် ဆေးကိုခြေ၌ အနည်းငယ် သုတ်လိမ်း၍ မြွေကြီး၏ကျောရိုးမှ လျှောက်သွားပါလော့၊ ထိုမြစ်ကို ကူးလိုသောသူသည် တယူဇနာမျှရှိသော မြစ်ကို နံနက်စောစော ထ၍ အမြီးမှစ၍ ခေါင်းတိုင်အောင် သွားလျှင် တနေ့တာမျှ သွားသော

အခါ ကမ်းတဖက်သို့ ရောက်ပါလိမ့်မည်၊ ထိုမှဆက်၍သွားလျှင် ယူဇနာ တရာမျှရှိသော ကြိမ်တောသို့ ရောက်လိမ့်မည်၊ ထိုကြိမ်တော၌ ယူဇနာ တရာမျှခရီးတွင် ကြိမ်တို့သည် အပေါက်အကြားမရှိ တည်ရှိနေလိမ့်မည်၊ ထိုနေရာတွင် အိမ်လုံးပမာဏရှိသော ငှက်ဆင်ကြီးများ ရှိကြသည်၊ သုဓနုမင်းသားသည် ယင်းငှက်ဆင်ကြီး တကောင်ကို တက်စီး၍ ဤကမ္ဗလာနီ အဝတ်ကိုခြုံ၍ ငှက်ကြီးအတောင်ကြား၌ အဝတ်ဖြင့် ဖွဲ့ချည်၍ တောင်ပံကြား၌ အိပ်နေပါလျှင် ငှက်ဆင်ကြီးများ ကောင်းကင်ခရီးဖြင့် အစာရှာထွက်သောအခါ ယင်းကြိမ်တောကို ကျော်လွန်၍ ကေလာသ တောင်ထွတ်၌ရှိသော မြို့တော်ကို ရောက်ပါလိမ့်မည် ဟူသော ခရီးစဉ်ကိုစာဖြင့် ရေး၍ ရသေ့ကြီးအား ပေးအပ် မှာကြား ပြီးနောက် ရသေ့ကြီးကို ရှိခိုးလျက် ကောင်းကင်ခရီးဖြင့် ပျံသွားသောအခါ ကေလာသ တောင်ထိပ်၌ရှိသော ဖခင်မြို့သို့ ရောက်ရှိလေ၏။

ဖခင် ဒုမရာဇ်မင်းကြီးသည် မနော်ဟရီ ပြန်လာကြောင်း သတင်းစကားကို ကြားသိ၍ ငါ၏သမီးဘော် မနော်ဟရီသည် လူ့ပြည်ခလာကဉ် လူတို့နှင့် ရောနှောဆက်ဆံ၍ နေခဲ့၏၊ သို့ဖြစ်၍ သမီးတော်မနော်ဟရီသည် ငါ၏ ဘုံဗိမာန်သို့ ဝင်ရန်မသင့်ဟု ကြံစည်လျက် တခုသောအရပ်၌ ပြာသာဒ်တဆောင်ကို ဆောက်လုပ်၍ သမီးတော်ကို ပြုစုလုပ်ကျွေးရန် ကိန္နရီ အခြံအရံများပါ ပို့ထားလျက် ယင်းပြာသာဒ်အထက်၌ နေစေ၏။

## သုဓနုမင်းသားသည် ကျုပ်မယားမရှိလျှင် မနေနိုင်ပါဟု

ထိုအခါ ဘုရားလောင်း သုဓနုမင်းသားသည် ပစ္စန္တရွာ၌ သူပုန်များကို နှိမ်နင်းပြီးနောက် စစ်သည်ဗိုလ်ပါများနှင့် အတူ ဥတ္တရပဉ္စာလ မြို့သို့ ဝင်လာလျက် ဖခင်အား ရှိခိုးလျက် သူပုန် ရန်များကို နှိမ်နင်းပြီးကြောင်းများကို သံတော်ဦးတင်ပြီးလျှင်မိမိနေရာ ပြာသာဒ်သို့ သွားလေ၏၊ ထိုအခါ မယ်တော်စန္ဒာဒေဝီသည် အဝေးမှလာသော ဘုရားလောင်းကို မြင်သဖြင့် မိမိ၏နေရာသို့ သားတော်ကို ခေါ်၍ လည်ပင်းကိုဖက်လျက် ငိုကြွေးလေ ၏၊ ထိုအခါ ဘုရားလောင်းသည် မယ်တော်အဘယ့်ကြောင့် ငိုပါသနည်း

ဟု မေးရာ သားတော်သုဓန သင့်မယားမနော်ဟရီသည် သင့်နန်းပြာသာဒ်၌ မရှိတော့ပါဟု မယ်တော်ကဖြေသောအခါ အိုမယ်တော်ကြီး သင့်ချွေးမတော် မနော်ဟရီသည် ကျွန်ုပ်၏နန်းပြာသာဒ်မှာ အဘယ့်ကြောင့် မရှိပါသနည်းဟု ထပ်မံမေးပြန်ရာ မယ်တော်စန္ဒာဒေဝီသည် သုဓနအား အကြောင်းစုံကိုပြောကြားလေ၏၊ ချစ်ဇနီးမနော်ဟရီ၏ အကြောင်းကို ကြားရသောအခါ သုဓနမင်းသားသည် နှလုံးကွဲသကဲ့သို့ဖြစ်လျက် သတိမေ့သွားကာ ထိုနေရာ၌ပင် လဲကျသွားလေ၏။

ထိုအခါ မယ်တော်စန္ဒာဒေဝီသည် ထိုနေရာ၌ လဲကျသွားသော သားတော် သုဓနကို နံ့သာရေဖြင့် သွန်းဖြန်းပေးသောအခါ သုဓနမှာ သတိပြန်ရလာပြီး ထိုမှထကာ မိမိအိပ်ရာခန်းသို့ ဝင်ကြည့်သောအခါ ပန်းများ ညှိုးနွမ်းနေသည်ကိုရှင်း အိပ်ရာ ခတင် ညောင်စောင်းကိုရှင်း ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ဝတ်စားတန်ဆာတို့ကိုရှင်း တွေ့မြင်သဖြင့် ပူလောင်သော စိတ်နှလုံးဖြင့် ငိုကြွေးလျက် ဤ ၃-ဂါထာတို့ကို ဆိုလေ၏။

၇၂-၇၄။ အို မိခင် မေမေ့ချွေးမ မနော်ဟရီသည် ဘယ်ဆီကြွလှမ်း ဘယ်စခန်းသို့ မြန်းလေဘိသနည်း၊ သားတော်မောင်၏ စိတ်နှလုံးသားတွေမှာ ဆိုတ်လူးမြွားဒဏ် အပြစ်ခံရသကဲ့သို့ ကြေမွပျက်ပြုန်း ယူကျုံးမရဖြစ်လှပါ၏။ ချစ်ဇနီး၏ ရှုမငြီးသော မျက်နှာလှလှလေးကို သားတော် မတွေ့ရတော့ပါ၊ မိခင်အား ပန်ကြားခွင့်ပန်ပါ၏၊ သားတော်သည် ဇနီးပျောက် ရှာဖွေရန် တောကြီးမျက်မဲ ဂန္ဓိုင်ထဲသို့ သွားပါအံ့၊ ကြင်သူသက်ထား ချစ်မယားလေးကို တွေ့ပါလျှင် မိခင်ထံ ပြန်လာပါမည်၊ အကယ်၍ မတွေ့လျှင်ကား သေလိုရာမှာသေပါစေ၊ နေ့ညဥ့်မဆိုင်း အချိန်တိုင်း ရှာဖွေရန် သားတော်သွားပါအံ့၊

ထိုအခါ မယ်တော်စန္ဒာဒေဝီသည် ပူဆွေးဝမ်းနည်း ကြေကွဲမဆုံး ယူကျုံးမရ ဖြစ်နေသော သားတော်ကို ''သားတော်သုဓန သင်သည် စိုးရိမ်ပူဆွေး မငိုကြွေးပါလင့်၊ သင့်အတွက် ခတ္တိယမျိုး အဖိုးထိုက်တန် ကြန်အင်

ပြည့်စုံ ဂုမ်းပုံစံမှီး နတ်သမီးတမျှ လှပသော အခြားအမျိုးသမီးတယောက်ကို ငါတို့ ရှာဖွေပေးပါအံ့၊ ယင်းအမျိုးသမီးနှင့်အတူ ပျော်ပျော်နေ၍ ငါတို့၏ တိုင်းပြည်စည်းစိမ်ကို စောင့်ရှောက်ပြီး ဤမှာပင် နေပါလော့ဟု ဆိုသောအခါ သုဓနုမင်းသားက—

၇၅။ အို မယ်တော်ကြီး သားတော်သည် မနော်ဟာရီ၏ မျက်နှာကိုမှ မမြင်ရလျှင် သေရပါလိမ့်မည်၊ ချစ်သူမျက်နှာလှလှကလေးကို မမြင်ရဘဲ အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်ပါသေးသည်။

ထိုအခါ စန္ဒာဒေဝီသည်သားတော်ကို တားမြစ်ခြင်းငှါမတတ်နိုင်ရကား လက်မှိုင်ချကာ ဆိတ်ဆိတ်နေလေ၏။ ထိုအခါ သုဓနုမင်းသားသည် မယ်တော်အား ရှိခိုးကန်တော့လျက် ပြာသာဒ်ထက်မှ ဆင်းလာ၏၊ စန္ဒာဒေဝီသည် သားတော်ထွက်ခွါသွားသည်ကို မြင်သောအခါ နှလုံးကွဲသကဲ့သို့ဖြစ်လျက် သားတော်နောက်မှ လိုက်လာလျက် ချစ်လှစွာသောသား တဦးတည်းသောသားတော်ကို မမြင်ရလျှင် မိခင်သေရပါလိမ့်မည် မိခင်အား ခိုကိုးရာမဲ့ မပြုခဲ့ပါနှင့် ဟု ဆို၍ ဤဂါထာကို ဆိုလေ၏၊

၇၆။ ချစ်သားသုဓနု ပြန်လာခဲ့ပါလော့ မိခင်အား အားထားရာမဲ့အောင် မလုပ်ခဲ့ပါနှင့် သားတော်ကို မမြင်ရလျှင် မိခင်မှာသေရပါလိမ့်မည်။

ဤသို့ဆိုပြီးနောက် စန္ဒာဒေဝီသည် သားတော်ကိုကြည့်၍ ပြာသာဒ်ယက်၌ နေလေ၏။ ဘုရားလောင်း သုဓနုမင်းသားသည်လည်း မိမိနှင့်ကိန္နရီတို့ ဇာတ်လမ်းစဖြစ်ရာ မနော်ဟာရီကို ယူဆောင်လာခဲ့သော ပုဏ္ဏရိကမုဆိုးနေရာ ဌာနသို့သွား၍ "အို အဆွေတော်မုဆိုး၊ သင်သည် မနော်ဟာရီနေရာဌာန သွားရာလမ်းတို့ကို သိပါသလောဟု မေးရာ အရှင်မင်းသား၊ ထိုမနော်ဟာရီ ကိန္နရီမလေးသည် တန်ခိုးဣဒ္ဓိပါဒ် ရှိသဖြင့် ကောင်းကင်ခရီးဖြင့်ပြန်သွားပြီး ယခုအခါ ဝိဇ္ဇာမိုရ်ပင်းကြီး၏ အထံသို့ သွားသည်ဖြစ်လဟ့်၊ သင်မင်းသား သိလိုပါလျှင် ဟိမဝန္တာ၌ နေသော' ကဿပရှင်ရသေ့၏ နေရာဌာနသို့ သွား၍မေးရန် သင့်၏ဟု ပုဏ္ဏရိက မုဆိုးက

ပြောသောအခါ အမောင်မုဆိုး၊ သို့ဖြစ်လျှင် သင်သည် လမ်းပြအဖြစ် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလော့ဟု ဘုရားလောင်းက ပြောသောကြောင့် မုဆိုးသည်လမ်းပြအဖြစ် လိုက်ပါသွားလေ၏။ ဘုရားလောင်းသည်သန်လျက်ကိုလွယ်၍ လေးကိုကိုင်ကာ လမ်းပြမုဆိုးနှင့်အတူ သွားရာ မြို့အပြင်သို့ရောက်သောအခါ မြို့ဘက်သို့ မျက်နှာမူ၍ မြို့တော်ကို ကြည့်လျက် သစ္စာ (မှန်ကန်သောစကား)ကို ပြုလိုရကား ဂါထာကို ဆို၏။

၈၇။ ချစ်ဇနီး မနောဟရီကိုရလျှင် ဤမြို့သို့ ပြန်လာပါမည်၊ မရပါလျှင် ဤမြို့သို့ ပြန်မလာတော့ပါ။

## ကဿပ ရှင်ရသေ့နှင့် တွေ့ပြီ

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် ခြသေ့်ကဲ့သို့ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းလျက် ရဲရင့်သောစကားကို ဆိုလျက် ဟိမဝန္တာသို့ ရှေ့ရှုပုဏ္ဏရိကမုဆိုးနှင့်အတူ သွားလေ၏။ ဘုရားလောင်းသည် အစဉ်သဖြင့်သွားရာ ကဿပရှင်ရသေ့နေရာဌာနသို့ရောက်လေ၏။ ထိုအခါ လမ်းပြမုဆိုးပုဏ္ဏရိကကို ပြန်လွှတ်လိုက်လျက် တယောက်တည်း ကဿပ ရှင်ရသေ့၏ သခ်မ်းကျောင်းသို့ဝင်၍ ရသေ့ကို ရှိခိုးကန်တော့လျက် မေးမြန်းလိုရကား ဂါထာကို ဆို၏။

၈၈။ အရှင်ရသေ့၊ ရှင်ရသေ့အား တပည့်တော်ရှိခိုး ကန်တော့ပါ၏၊ တပည့်သော်၏ဇနီး မနောဟရီကို တွေ့မြင်ပါသလော၊ မနောဟရီသည် သင်ရသေ့ကို ဖူးမြင်ရန် ဤနေရာသို့ လာပါသလား ဘုရား။

ထိုစကားကိုကြား၍ ရသေ့က ဂါထာ ၂-ပုဒ်ကို ဆို၏။

၈၉-၉၀။ အို မင်းသား၊ သင်၏ဇနီး မနောဟရီကို တွေ့ပါသည်၊ သို့သော် (သင်လာလျှင်) ဤနေရာမှနောက်ကိုသာ ပြန်သွားပါ၊ ရှေ့ကိုဆက်၍ မလိုက်ပါနှင့်ဟု မှာသွားပါသည်၊ ရှေ့ဆက်လက်၍ သွားရမည့်လမ်းတွင် ဘီလူးယက္ခ ဂန္ဓဗ္ဗတို့ ပေါများ၍ သွားရန် ခက်ပါသည် သို့ဖြစ်၍ သင်မင်းသားသည် ရှေ့ကိုဆက်၍ လိုက်

မလာဘဲ ဤနေရာမှ ပြန်သွားရန် မနော်ဟာရီက မှာကြားသွား ပါသည်။

ဤသို့ဆိုပြီးလျှင် ကဿပ ရှင်ရသေ့သည် သုဓနုမင်းသားနှင့် အလွှာပ သလ္လာပစကား ပြောကြားပြီးနောက် "အို မင်းသား၊ ဤစိန်လက်စွပ်နှင့် ဤကမ္ဗလာနီအဝတ်ကို သင့်အတွက် မနော်ဟာရီက ပေးသွားပါသည်"ဟု ဆို၍ ယင်းပစ္စည်း နှစ်ခုကို ထုတ်၍ သုဓနုအား ပေးလေ၏။ ထိုအခါ ဘုရားလောင်းသည် ယင်းပစ္စည်းနှစ်ခုကို ယုယစွာ ပိုက်ထွေးလျက် မိမိ မျက်စိအောက်တွင် မနော်ဟာရီ ရောက်နေသကဲ့သို့ ထင်မှတ်ကာ ငိုကြွေး လေ၏။ ကဿပ ရသေ့သည် သုဓနုအား ဤနေရာမှ ဆက်လက်မသွားဘဲ နောက်ကို ပြန်သွားရန်ပြောသေး၏။ သို့သော် သုဓနုကား မနော်ဟာရီ အပေါ်၌ ပြင်းပြစွာ စွဲလန်းနေသောကြောင့် မည်သို့ပင်ဖြစ်စေ အသက် ပင်သေသေ ရှေ့ဆက်လက် သွား၍ မတွေ့တွေ့အောင် ရှာမည်ဟု ဆိုနေ သောကြောင့် ရသေ့သည် မနော်ဟာရီ မှာခဲ့သည့်အတိုင်း မန္တန်နှင့် ဆေးတို့ အပြင် လမ်းညွှန်စာတန်း စသည်တို့ကို သုဓနုအား အားလုံး ပြောပြ ပေးအပ်လေ၏။ ထိုအခါ ဘုရားလောင်းသည် ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၉၁-၉၂။ ကျွန်ုပ်၏ ချစ်ဇနီး မနော်ဟာရီကို ရပါလျှင် ဟိုင်းပြည်သို့ ပြန် လာပါမည်၊ မရပါက ရောက်ရာ၌ပင် သေချင် သေပါစေတော့၊ ချစ်သူနှင့် ကွဲ၍ နေရခြင်းထက် သေရခြင်းက ပြတ်သေး၏၊ ဇနီးကို ရပါလျှင်ကား မယ်တော်ထံပြန်၍ မယ်တော်အား ဖူးမြင် ရပါလတ့်။

## တောတောင်ခရီးခဲ့တွင် ဒွဲကြီးလှသော သုဓနုမင်းသား

ဤသို့ ဆိုပြီးလျှင် ဘုရားလောင်းသည် မိမိ၏ လမ်းပြအဖြစ် မျောက် ငယ်တကောင်ကို ခေါ်၍ ရသေ့ကို ရှိခိုးလျက် ရှေ့ဆက်လက် ခရီးထွက်ရန် အားထုတ်၏၊ ထိုအခါ ရသေ့သည် (မနော်ဟာရီ ပေးခဲ့သော) ဆေးခုနစ်ဆက် တိုင်တိုင် အသုံးပြုခဲ့သည့် သတ္တကုလိက ဆေးတို့ကိုရင်း ပေး၍ မနော်ဟာရီ

ပေးခဲ့သော မန္တန်ကိုရင်း သင်ကြားပေးပြီးလျှင် လမ်းညွှန်စကားတို့ကိုလည်း ပြောကြားကာ ဘုရားလောင်းအား ခွင့်ပြုလိုက်၏၊ ထိုအခါ ဘုရားလောင်းသည် ကြီးသောလုံ့လ ဝီရိယဖြင့် သွားသည်ရှိသော် ၇-နှစ် ၇-လ ၇-ရက်တို့ လွန်ပြီးမှ အလုံးစုံသော တောတန်းတို့ကို ကျော်ဖြတ်ပြီးနောက် တောအုပ်ကို လွန်ခဲ့ပြီး ဘီလူးတောသို့ ရောက်သောအခါ ထန်း ၇-ဆင့်မျှ အမြင့် ပမာဏရှိ၍ မီးတောက်မီးလျှံသဖွယ် မျက်လုံးရှိသော မျက်စင်းညို အဆင်းရှိသော ကိုယ်ခန္ဓာဖြင့် လက်ဝဲလက်မှ ကျည်ပွေ့ကို ကိုင်လျက် လက်ယာလက်မှ ပုဆိန်ကိုင်ထားသော ဘီလူးကြီးကို တွေ့ရရာ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ သတ္တကုလိက ဆေးကို ဝါးမျိုလျက် မန္တန်ကို ရွတ်ဆိုပြီးလျှင် တုတ်ဖျား၌ ဆေးကိုလိမ်းသုတ်၍ ယင်းတုတ်ဖြင့် ဘီလူးကြီး၏ ရင်ညွန့်ကို ထိုးလိုက်လျှင်ပင် ဘီလူးကြီးသည် ထိုနေရာ၌ လဲကျသွား၏၊ ထိုအခါ သုဝဏ္ဏမင်းသားသည် ဘီလူးကြီး၏ ဦးခေါင်းကို နင်း၍ ဆက်လက်သွားလေရာ မြစ်ကြီးတခုသို့ ရောက်လေ၏၊ ယင်းမြစ်ကြီးကိုလည်း စပါးကြီးမြွေ၏ ကျောကုန်းပေါ်မှ တက်ရောက်ကူးသွား ပြီးလျှင် ကြိမ်တောသို့ ရောက်သွားရာ ကြိမ်နွယ်ကို ဆွဲငင်၍ သစ်ပင်ထက်သို့ တက်လျက် ကြိမ်ပင်များ အကြားတွင် အိပ်လေ၏၊ ထိုအချိန်တွင် နေလည်း ဝင်လေပြီ။

ဘုရားလောင်းသည် ရှေ့ဆက်လက် သွားရန်လည်း မသိတော့သဖြင့် ထိုနေရာ၌ပင် ငိုကြွေးလျက် အို သုဝဏ္ဏမင်းသား သင်သည် မိန်းမအာတွက်နှင့် ကျေးဇူးကြီးမားလှသည့် မိဘများကို စွန့်ခွါခဲ့လျက် ဤသို့ ထွက်လာခဲ့သည် ဖြစ်သမျှဒုက္ခကို မင်းခံပေတော့ဟု မိမိကိုယ်ကို ပြောဆိုရေရွတ်လျက် ဂါထာကို ဆို၏။

၄၃။ အို သုဝဏ္ဏ သင်သည် မိန်းမအာတွက်နှင့် ကျေးဇူးရှင် မိဘများကို စွန့်ခွါလျက် ဤအရပ်သို့ ထွက်လာခဲ့သည်၊ ကြုံလာသမျှ ဒုက္ခတို့ကို ခံပေအုံးတော့ သုဝဏ္ဏ။

မနော်ဟရီသည် အော် မောင်တော်လိုက်လာ ပါပြီလားဟု

ထိုအခိုက်တွင် များစွာသော ငှက်ဆင်ကြီးတို့သည် ကြိမ်တောသို့ လာ၍ ထိုနေရာ၌ နေလျက် အချင်းချင်း မေးမြန်း ပြောဆိုကြကုန်၏၊ “အို အဆွေ

ငှက်တို့၊ ငါတို့သည် ယနေ့ အဘယ်အရပ်သို့ အစာရှာ ထွက်ကြကုန်မည်”ဟု တကောင်က မေးရာ ဤမည်သော နေရာသို့ သွားမည်ဟု တကောင်က ဖြေလေ၏၊ နောက်တဖန် နက်ဖြန် ငါတို့ ဘယ်ကို သွား၍ အစာရှာကြမည်ဟု ပြောကြရာ အို မိတ်ဆွေတို့ နက်ဖြန်တွင် ကေလာသတောင်၌နေသော ဒုမရာဇ်မင်းကြီး၏ သမီးတော် မနော်ဟရီသည် လူ့ပြည်ကို လူသားတွေနှင့် သွားနေရာမှ ပြန်ရောက်လာသည် သူ့ဘခင် ဒုမရာဇ် မင်းကြီးက နက်ဖြန် ၇-ရက်မြောက် နေ့တွင် မနော်ဟရီ၏ ကိုယ်မှ လူနံ့များကို ပယ်ရှားရန် ပွဲကြီးသဘင် ဆင်ယင် ကျင်းပလိမ့်မည်၊ ငါတို့သည် ယင်းပွဲသဘင်သို့ သွား၍ အစောင့်အရှောက် ထားသော များစွာသော ဥစ္စာဘဏ္ဍာတို့ကိုယူလျက် အစားအစာ အမျိုးမျိုးကို စားသောက်ကြကုန်အံ့ဟု ပြောဆိုတိုင်ပင် နေကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ငှက်ဆင်ကြီးများ၏ စကားကို မှတ်သားလျက် ငှက်ဆင်ကြီး တကောင်၏ အတောင်ပံကြားသို့ ဝင်၍ သံလျက်ကြိုးဖြင့် ဖွဲ့နှောင် တုတ်ချည်လျက် အိပ်နေလေ၏၊ ယင်း ငှက်ဆင်ကြီး တို့သည် နံနက်စောစောထလျက် တကောင်နှင့် တကောင် ခေါ်ငင်ကြပြီး ကောင်းကင်ခရီးဖြင့် သွားရာ ယင်း ကြိမ်တောကို ကျော်လွန်၍ သုဝဏ္ဏမြို့ အနီး ရေကန်ကြီး(ရေအိုင်ကြီး)တခု၏ကမ်းနား(ကန်ဘောင်)တွင် သက်ဆင်းကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ဖြည်းညှင်းစွာ မိမိကိုယ်ကို ဖြေ၍ ငှက်ဆင်၏ အတောင်ပံမှ ဆင်းသက်ပြီးလျှင် ကန်ဘောင်နံဘေး၌ ပုန်းအောင်းနေလေ၏၊ ထိုခဏ၌ပင် ဝိဇ္ဇာမိုရ်၏ အလုပ်အကျွေး ကိန္နရီပျို ဆဲ့ခြောက်ယောက်တို့သည် ထိုရေအိုင်ကမ်းသို့ လာပြီးလျှင် ယနေ့ငါတို့သည် မနော်ဟရီကို ဤရေဖြင့် ရေချိုးပေးကုန်အံ့ဟု အချင်းချင်း ပြောဆိုကြ ကုန်၏။

ထိုအခါ ဘုရားလောင်းသည် ရေအိုင်ကြီးမှ ကမ်းပါးတနေရာ၌ နေလျက် ထိုကိန္နရီတို့၏စကားကို ကြားရ၏၊ ဘုရားလောင်းသည် ကိန္နရီမတို့ ပြောသောစကားကို ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ ငါ၏လုံ့လဥဿာဟအကျိုးသည် ယနေ့ထမြောက်အောင်မြင်ခြင်းသို့ရောက်

တော့မည်၊ ယခုပင် မနော်ဟရီ၏ သတင်းစကား အစအနကို ကြားရပြီ၊ ဤအကျိုးသည်ကား တောအသွယ်သွယ် တောင်အထပ်ထပ်ကို ဖြတ်ကျော်လာခြင်း၏ အကျိုးပင် ဖြစ်သည်ဟု ကြံလျက် ငါဒီကို ရောက်နေတဲ့အကြောင်းကို မနော်ဟရီသိအောင် ဘယ်လိုကြံဆောင် ရပါမည်နည်းဟု စိတ်ကူးကာ သစ္စာဓိဋ္ဌာန်၏ အစွမ်းဖြင့် ငါ့အကြံအောင်မြင်လတ့ံဟု ဆုံးဖြတ်ချက်ချလိုက်၏၊ ထို့နောက် ငါ၏ သစ္စာဓိဋ္ဌာန်အစွမ်းကြောင့် မနော်ဟရီနှင့် ပြန်လည်တွေ့ဆုံ ပေါင်းသင်းရမည်မှန်လျှင် ထိုရေခပ်သော ကိန္နရီများအနက် တယောက်ယောက်သည် ရေအိုးကို မချီမနိုင်ဘဲ ဤနေရာ၌ပင် တည်ရှိပါစေ ဟု သစ္စာဓိဋ္ဌာန်ပြုလျက် ထိုရေအိုင်ကြီး ကမ်းနား၌ နေ၏လေ၏။

ထိုကိန္နရီမတို့သည် မိမိတို့ရေအိုးကိုယ်စီ ချီမလျက် သွားကြကုန်၏။ ထိုအထဲမှ ကိန္နရီမတယောက်သည် မိမိရေအိုးကို မချီပင့်နိုင်သဖြင့် ထိုရေကန် ဘေးပတ်လည်ကို ကြည့်သောအခါ သစ်ပင်တပင်အောက်၌ ထိုင်နေသော ဘုရားလောင်းကိုတွေ့မြင်၍ ဘုရားလောင်းထံလာရောက်လျက် "အိုလုလင်ယောကျ်ား ကျမကိုသနားသဖြင့် ကျမရေအိုးကို တဆိတ် ပင့်ပေးပါ"ဟု ဆိုလေရာ ဘုရားလောင်းသည် ထိုကိန္နရီမအနား ချဉ်းကပ်သွားလျက် "အိုအမျိုးသမီး ဒီရေက ဘာလုပ်ဖို့လဲ"ဟု မေးသောအခါ ကိန္နရီမလေးသည် ဘုရားလောင်းအား အကြောင်းစုံကို ပြောပြလေ၏။

ထိုအခါ ဘုရားလောင်းသည် ကိန္နရီမလေးအား ရေအိုးကိုပင့်ပေးယင်း၊ ရေအိုးထဲသို့ စိန်လက်စွပ်ကို မသိမသာ ထည့်ပေး လိုက်၏၊ ပဌမဦးစွာ ရောက်သွားသောကိန္နရီမတို့သည် မိမိတို့ ရွှေအိုးဖြင့် သယ်ယူလာကြသော ရေဖြင့် မနော်ဟရီ ကိန္နရီကို ရေချိုးပေးကြကုန်၏၊ ရေအိုးမပင့်နိုင်၍ နောက်ကျနေသော ကိန္နရီမသည် ခပ်သုတ်သုတ်သွား၍ မနော်ဟရီ၏ ခေါင်းပေါ်သို့ မိမိရွက်လာသော ရေအိုးဖြင့် ရေကို လောင်းချပေးလိုက်၏၊ ထိုသို့ ခေါင်းပေါ်မှ ရေလောင်းချသောအခါ စိန်လက်စွပ်သည် အိုးမှ ရေအယဉ်များကြောင့် ထွက်ကျကာ မနော်ဟရီ၏ လက်သန်းတွင် သွား၍ စွပ်နေလေ၏။

စိန်လက်စွပ်ကို တွေ့သောအခါ မနော်ဟရီသည် အံ့ဩထိတ်လန့်သွားပြီး ငါ၏ယောကျ်ား သုဓနုမင်းသားသည် ဤအရပ်သို့ ရောက်ရှိနေပြီဟု သိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဘေးလူများမသိအောင် ဣန္ဒြေဆောင်ကာ မိမိအိပ်ရာတိုက်ခန်းသို့ ဝင်သွားပြီးနောက် နောက်ဆုံးရေလောင်းပေးသော ကိန္နရီမကိုခေါ်၍ "အို အရှင်မ သင်အဘယ့်ကြောင့် နောက်ကျမှ လာပါသနည်း"ဟုမေးသောအခါ ထိုကိန္နရီမသည် မိမိနောက်ကျသည့်အကြောင်း အလုံးစုံကို မနော်ဟရီအား ပြောပြ၏။

ထိုအခါ မနော်ဟရီသည် ယင်းကိန္နရီမအား အို ရှင်မ သင့်ကို ရေအိုးပင့်ပေးသော ယောကျ်ားသည် ကျမယောကျ်ား သုဓနုမင်းသားဖြစ်သည် သင်သည် မည်သူ့အားမျှမပြောကြားပါလင့်ဟု နှုတ်ပိတ်စကား ပြောကြားလျက် ပန်းနံ့သာ နံ့သာပျောင်းကိုင်၎င်း၊ နတ်၌ဖြစ်သော အဝတ်ပုဆိုးတို့ကို၎င်း၊ ဆင်မြန်းရန် တန်ဆာတို့ကို၎င်း၊ ယူ၍ ယင်းကိန္နရီမလေးမှ တဆင့် သုဓနုမင်းသားထံ ပေးပို့စေ၏။ "အို အရှင်မ သင်သည်ပစ္စည်း အားလုံးကိုယူ၍ ငါ၏လင်တော်မောင် သုဓနုထံသွားပေးပြီး သုဓနုမင်းသားအား ရေကန်၌ရေချိုးပြီး ဤပန်းနံ့သာ နံ့သာပျောင်း တို့ကို လိမ်းကျံလျက် ဤနတ်ဝတ်တန်းဆာတို့ကို ဝတ်ဆင်ကာ ဤဆင်မြန်းရန် တန်းဆာတို့ဆင်မြန်းလျက် ကျွန်ုပ်လာသည်တိုင်အောင် ဤနေရာမှာပင် စောင့်ဆိုင်းနေပါ"ဟုအမှာစကား ပြောကြားလိုက်၏။ ထိုကိန္နရီမလေးသည် မနော်ဟရီမှာသည့်အတိုင်း သွားရောက်ပေးကမ်း ပြောကြားလေ၏။

## ဖြစ်ကြောင်းကုန်စင် ခမည်းတော်အား မနော်ဟရီ လျှောက်ထားခြင်း

ဘုရားလောင်းသုဓနုသည်လည်း ကိန္နရီမလေး၏လက်မှ ယင်းပစ္စည်းများကိုယူ၍ ရေချိုးပြီးနောက် နံ့သာများလိမ်းကျံလျက် ဝတ်စားတန်းဆာကိုဝတ်ဆင်ပြီးလျှင် ရေအိုင်ကမ်းနားချ်နေလေ၏။ ထိုနောက် မနော်ဟရီသည် အလုပ်အကျွေး ကိန္နရီတို့နှင့်အတူ ဘခမည်းတော်ဒုမရာဇ်မင်းကြီးထံ သွားလေ၏။

ထိုအခါ ဒုမရာဇ်မင်းကြီးသည် သမီးတော် မနော်ဟရိကိုတွေ့၍ "အို သမီးတော် သင်သည် ဤမျှကာလကြာအောင်လူတို့နှင့်အတူနေဘိ၏၊ သင့်ယောကျ်ားသည် အဘယ်သို့သောလူစားနည်း၊ မင်းမျိုးလား, ပုဏ္ဏား မျိုးလား, ကုန်သည်မျိုးလား, သူဆင်းရဲမျိုးလား အဘယ်အမျိုးအစား ထဲကပါနည်း"ဟု ဘခင်ကြီးကမေးသောအခါ မနော်ဟရိသည် ဘခင်အား လက်အုပ်ချီ ရှိခိုးလျက် အို ဘခမည်းတော်မင်းကြီး သမီးတော်၏ ယောကျ်ားသည် အညံ့စားလူသာမန်မဟုတ်ပါ၊အမှန်မှာကျွန်မယောကျ်ား သည် ဇမ္ဗူဒိပ်တကျွန်းလုံးကို စိုးမိုးအုပ်ချုပ်နိုင်သော ဆင်ပြောင်ခုနစ်စီး အားကိုဆောင်သော ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ပါသည်ဟု သမီးတော်ကဖြေဆိုလေရာ သို့ယောကျ်ားမြတ်ဖြစ်ပါလျှင် သမီးတော်သည် လင်သားကိုစွန့်ခွါ၍ အဘယ်ကြောင့် ဤအရပ်သို့ ရောက်လာပါသနည်းဟု ဘုရင်ကြီးကထပ်မံမေးပြန်လျှင် မနော်ဟရိသည် အဖြစ်အပျက်အစုံအလင် ကို အကုန်အစင် လျှောက်ထားသံတော်ဦးတင်လေ၏။

ထိုအခါ ဒုမရာဇ်မင်းကြီးက "သမီးတော် သမီးတော်၏ ယောကျ်ား သည် ဤကဲ့သို့ ခွန်အားဗလနှင့်ပြည့်စုံသော ယောကျ်ားမြတ် ဖြစ်ပါလျက် အဘယ့်ကြောင့် သမီးတော်နောက်ကို လိုက်မလာပါသနည်းဟု မင်းကြီးက မေးလေ၏။ အို ဖခင်ကြီး အကယ်၍ သမီးတော်၏ ယောကျ်ားသည် ဤအရပ်သို့ လိုက်လာပါလျှင် ခမည်းတော်သည် ကျုပယောကျ်ားကို အဘယ်သို့ပြုပါမည်နည်းဟုမေးသောအခါ အို သမီးတော်သင့်ယောကျ်ား ၏ ခွန်အားဗလစွမ်းအားသတ္တိကို သိရလျှင် သင့်ကို သင့်ယောကျ်ားနှင့် ထည့်ပေးလိုက်မည်ဟု ဘခမည်းတော်ကပြောလေ၏။

ထိုစကားကိုကြား၍ မနော်ဟရိသည် နှစ်သက်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ အို ဘခင် ဘခင်သည် တကယ်အစစ်အမှန် ပြောပါသလား သို့မဟုတ် ပြက်ရယ်ပြောင်လှောင်၍ပြောပါသလားဟု သမီးတော်ကထပ်၍ မေးပြန်ရာ အို သမီးတော် တကယ်အစစ်အမှန် ပြောခြင်းဖြစ်ပါသည်ဟု မင်းကြီးက ပြောလေ၏။ ထိုအခါ မနော်ဟရိက အို ဘခင်ကျွန်မ ယောကျ်ား သုဓနုမင်းသားသည် ဤအရပ်သို့ ရောက်ရှိ နေပါပြီဟု

လျှောက်ထားသံတော်ဦးတင်လေလျှင် ဒုမရာဇ်မင်းကြီးသည် အလွန်အံ့ဩသွားပြီး "အံ့ဩစရာဘဲ ဤသို့သောခွန်အားဗလစွမ်းထာမရှိလို့သာဤအရပ်သို့လာနိုင်ပေတာဘဲဟု"ကြံ၍ လျင်စွာ"အို သမီး သမီးအခုသင့်ယောကျ်ားဘယ်မှာနေသလဲ"ဟုမေးလေသည်။အို ဘခင်အခုသူမြို့အပြင်မှာနေပါသည်ဟုသမီးကပြောသောအခါ သို့ဖြစ်လျှင် သင့်ယောကျ်ားကိုခေါ်ပါလေ့ဟု ဘခင်မင်းကြီးက မိန့်ဆိုသောအခါ မနေ်ဟရိသည် မိမိ၏အလုပ်အကျွေး ကိန္နရိမလေးများကို ဘုရားလောင်း၏အထံသို့ စေလွှတ်၍ ဘခင်ကြီးထံ သုဓနုအား ခေါ်ဆောင်စေ၏။

ထိုအခါ ဘုရားလောင်း သုဓနုမင်းသားသည် တွန့်ဆုတ် ကြောက်ရွံ့ခြင်း မရှိဘဲ ခြင်္သေ့မင်း ကဲ့သို့ ရဲဝံ့စွာ မင်း၏ပြာသာဒ် ထက်သို့ တက်၍ ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော သီဟာနပလ္လင်ထက်၌ နေသော ယောက္ခမ ဒုမရာဇ် မင်းကြီးကို ရှိခိုးလျက် သင့်လျော်သော နေရာ၌ နေလေ၏၊ ထိုအခါ ဝိဇ္ဇာဓိုရ် အဖိုအမနှင့် ကိန္နရိအဖိုအမ အားလုံးတို့သည် ထိုနေရာသို့ ရောက်လာကြ ကုန်လျက် ဘုရားလောင်း၏ ရုပ်အဆင်း တင့်တယ်လှပခြင်း ကျက်သရေကို ကြည့်ရှုလို့ တင်းမတိမ် နိုင်အောင် ရှိကြရကား အချို့သည် မျက်နှာဖုံးများကို ဖွင့်၍ မမှိတ်သော မျက်စိဖြင့် ဘုရားလောင်းအား ကြည့်နေကြ ကုန်၏။

ဒုမရာဇ် မင်းကြီးသည် ဘုရားလောင်း သုဓနုအား ကြည့်လျက် ချစ်ခင်နှစ်သက်စွာဖြင့် အို မင်းသား သင်သည် အဘယ်မျှ ကြာအောင် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်၍ လာခဲ့ရပါသနည်းဟု မေးသောအခါ အို မြတ်သောမင်းကြီး ကျွန်တော်သည် ၇-နှစ် ၇-လ ၇-ရက်မက လာရောက်ပြီးမှ ကြောက်မက်ဖွယ်သော လမ်းခရီးကို ကျော်လွန်လျက် ဘိလူးကြီးကို ထိုးနှက်ပုတ်ခတ်ပြီးနောက် စပါးကြီးမြွေကြီး၏ ကျောကုန်း ထက်မှ တက်ရောက် လာခဲ့ကာ ငှက်ဆင်ကြီး တကောင်၏ အတောင်ကြားမှ ဝင်၍ လာသဖြင့် ယခု ဤနေရာသို့ ရောက်လာခြင်း ဖြစ်ပါသည်။

## လေးအတတ် ပြခြင်း

ထိုစကားကို ကြားသောအခါ ဒုမရာဇ် မင်းကြီးသည် ဤယောက်ျား အံ့သြဘွယ် ကောင်းသော လူစွမ်းကောင်း ယောက်ျားပါတကားဟု ကြံ လျက် အို မင်းသား သင်သည် သုဝဏ္ဏနေမင်းသား ဖြစ်ပါသလားဟု မေးရာ ဟုတ်ပါသည် ကျွန်တော့်အမည် သုဝဏ္ဏနေပါဟု မင်းသားက ဖြေသောအခါ ကောင်းပြီ အသင်မင်းသား သင်သည် လေးအတတ်၌ ကျွမ်းကျင်လိမ်မာပါ သလောဟု မေးပြန်ရာ အို အရှင် မင်းကြီး ကျွန်တော် အနည်းငယ် တတ် ကျွမ်းပါ၏ဟု သုဝဏ္ဏနေမင်းသားက လျှောက်တင်လေ၏။ ထိုအခါ သုဝဏ္ဏနေ မင်းကြီးသည် ယနေ့ သင်၏ လေးအတတ်ကို ကြည့်လိုသည်ဟု ဆိုပြီးလျှင် လူများစုဝေးရာ ထိုနေရာ၌ပင် ထန်းခုနစ်ပင် ရေသဖန်းခုနစ်ပင် ကြေးပြား ခုနစ်ချပ်၊ ကျောက်တိုင် ခုနစ်တိုင်၊ ကြေးတိုင် ခုနစ်တိုင် ထိုနောက်မှ သဲ အပြည့် တင်ထားသော လှည်းခုနစ်စီး၊ ထိုနောက် မီးစက်နှင့် တူသော စက်ယန္တရား ခုနစ်ခုတို့ကို အဆင့်ဆင့် အစဉ်အတိုင်း ထားစေပြီးလျှင် သုဝဏ္ဏနေမင်းသားအား "အမောင် သုဝဏ္ဏနေမင်းသား သင်သည်ဤအရာဝတ္ထု အား လုံးတို့ကိုပစ်ခြင်းငှါစွမ်းနိုင်ပါမည်လော"ဟုမေးလေရာ သုဝဏ္ဏနေမင်းသားသည် "မြတ်သောမင်းကြီး ကျွန်တော်သည် ယင်း အရာဝတ္ထု အားလုံးကို ပစ် စွမ်းနိုင်ပါ၏"ဟုလျှောက်တင်လျက် နေရာမှထကာ မကြောက်မရွံ့ ရဲဝံ့စွာ ဖြင့် ရှေ့တည့်တည့်မှ ရပ်၍မိမိ၏ လေးကို တင်လျက် မြှားကိုတပ်ဆင်ပြီးလျှင် ယင်း အရာဝတ္ထုအားလုံးတို့ကို ပစ်လေ၏။

ထိုအခါ မြှားသည် ယင်းအရာဝတ္ထု အားလုံးကို ထွင်းဖေါက်ပြီးနောက် စကြာဝဠာ တောင်ဝမ်းအလယ်ကို ထိပြီးလျှင် တဖန်သုဝဏ္ဏနေ၏ လက်သို့ ရောက် လေ၏၊ ထိုအခါ ဝိဇ္ဇာဓိုရ် အပေါင်းတို့သည် ဤသို့ ပြန်လာသော မြှားကို မြင်ကြ ကုန်သဖြင့် အလွန် အံ့သြကြကုန်လျက် အော်ဟစ် ကြွေးကြော်၍ လက်ပမ်းပေါက်ခတ်ကြကာ ကောင်းချီးသြဘာ အထောင်မက ပေးကြ ကုန်၏၊ ဒုမရာဇ်မင်းကြီးသည်နေရာမှထ၍ သုဝဏ္ဏနေအားလည်ပင်းကို ဖက်လျက် အလွန့်အလွန် ကောင်းလှပါသည် ယောက်ျားမြတ်ဟု ဆို၍ သုဝဏ္ဏနေကို များ စွာချီးကျူးလေ၏။

ဒုမရာဇ်မင်းကြီးသည် နောက်ထပ်တဖန် ဘုရားလောင်းကို ပြောဆိုပြန်၏၊ အမောင် သုဓနုမင်းသား ဤအညိုရောင်ရှိသော ကျောက်ဖျာချပ်သည် အလွန် ကြီးလေးသော ကျောက်ဖျာချပ်ကြီး ဖြစ်သည်၊ ယောကျ်ားတထောင်တို့ဖြင့်လည်း ချီမခြင်းငှါ မတတ်နိုင်ကြကုန်၊ ငါတို့ တဦးချင်း အနေဖြင့်ကား ချီမနိုင်ဘို့ အလွန်တရာ ခဲယဉ်းလှပါသည်၊ သင်သည် ယင်းကျောက်ဖျာချပ်ကြီးကို တယောက်ထည်း ချီမ, ခြင်းငှါ စွမ်းနိုင်ပါမည်လောဟု မေးပြန်ရာ အရှင် မင်းမြတ် ကျွန်တော်သည် အရှင်မင်းကြီးတို့ ဘုန်းတန်ခိုးတော်ကြောင့် ယင်း ကျောက်ဖျာကို ချီမခြင်းငှါ စွမ်းနိုင်ပါ၏ဟု ဆိုလျက် နေရာမှထ၍ ခြင်္သေ့မင်း ကဲ့သို့ ရဲရင့်စွာ ကျောက်ဖျာအနီးသို့သွားကာ ကျောက်ဖျာကို ၃-ကြိမ် လက်ျာရစ်လှည့်ပတ်၍ ညာလက်ဖြင့် ကျောက်ဖျာကိုကိုင်လျက် ငါသည် နောင်အခါ ပေါဓိပင်ရင်း၌ ရတနာများစွာရှိသည့် အမျိုးပေါင်း တထောင်ခြံရံ၍ ဝိဇ္ဇာဓိုရ်တို့၏ ကိုးကွယ်အားထားခြင်း ထိပ်ထက်၌ ရပ်တည်လျက် မာရ်နစ်သည်တို့ကို ချေမှုန်း ဖျက်ဆီးပြီး ညဥ့်သုံးယမ်ပတ်လုံး ပွါးဘွယ် ကိစ္စတို့ကို ပြည့်စုံစေပြီးနောက် သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိလတံ့၊ အကယ်၍ ငါသည် သတ္တဝါတို့၏ ဇာတိမာန စသော အလွန် လေးလံသည့် တောင်ကြီးများကို ရွှေပြောင်းဆဲ့ငင် မချီခြင်းငှါ တတ်နိုင်မည်ဖြစ်ပါလျှင် ဤအလွန်လေးလံသော ကျောက်ဖျာကြီးသည် ငါ့အား ပေါ့ပေါ့ကလေးသာ ဖြစ်ပါစေသားဟု သစ္စာဓိဋ္ဌာန်ပြုလျက် ကျောက်ဖျာကို ချီမလေ၏။

သုဓနုမင်းသားသည် ယင်းကျောက်ဖျာဆို ချီမပြီး မိမိ၏ ပခုံးထက်သို့ တင်ကာ လူးလာတုံ့ခေါက်စကြံ လျှောက်လေ၏၊ ဒုမရာဇ်မင်းကြီးသည် မိမိတပါမျှ မမြင်ဘူးသော အံ့ဩဘွယ်ရှိသည့် ကျောက်ဖျာထမ်းသော ဘုရားလောင်းကို တွေ့မြင်ရသောအခါ သိဟာသနပလ္လင်မှ ဆင်းကာ ဘုရားလောင်းအား လည်ပင်ဖက်ပြီးလျှင် ကောင်းချီးသြဘာ ပေးလေ၏၊ ယိုအခါ ဝိဇ္ဇာဓိုရ်အားလုံးတို့သည်လည်း ပုဆိုး ဦးရစ် ခေါင်းပေါင်းပြောက်ကျဲခြင်း စသည့်တို့ကို ပြုကြကုန်၏။

## ဇနီးရွေးရန် သစ္စာဓိဋ္ဌာန်

ထိုနောက်တဖန် ဒုမရာဇ်မင်းကြီးက ဆိုပြန်၏၊ အမောင် သုဓနုမင်းသား သင်သည် သင့်ဇနီးကို သိပါမည်လောဟု မေးပြန်ရာ အရှင်မင်းကြီး ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီးကို သိပါ၏ဟု လျှောက်ထားသောအခါ ဒုမရာဇ်မင်းကြီးသည် ရုပ်အဆင်းတူ အရွယ်တူ အသွေးအရောင်တူ ဖြစ်သော မိမိ၏ သမီး ခုနစ်ဖော်တို့ကို အဆင်တန်ဆာ တန်ဆာဆင်ထဲ ဆင်ယင်စေပြီးလျှင် ထိုနေရာ၌ အစဉ်အတိုင်း နေစေလျက် အမောင်သုဓနုမင်းသား သင်သည် ဤ သမီးခုနစ်ဖော်အနက် သင့်ဇနီးကို ကြည့်ပါလော၊ ဤခုနစ်ဖော်တွင် သင့်ဇနီး အဘယ်သူဖြစ်သည် သို့မဟုတ် ဤအထဲ၌ သင့်ဇနီး ပါသည့် မပါသည် စသည်ဖြင့် ရွေးချယ်စိစစ် ပြပါလော့ဟု ဆို၏။

သုဓနုမင်းသားသည် ကိန္နရီမခုနစ်ဖော်ကို အသေအချာ ကြည့်ရှုပါသော်လည်း အားလုံးအတူတူချည်းဖြစ်နေ၍ မိမိဇနီးကို မမှတ်မိ မသိရှိနိုင်အောင် ဖြစ်နေရာ ဘုရားလောင်းတို့မည်သည် သစ္စာဓိဋ္ဌာန်နှင့် ကင်းရှိး ထုံးစံမရှိ၊ ထို့ကြောင့် ငါသည်လည်း ယခု သစ္စာဓိဋ္ဌာန်ကို ပြုအံ့ဟု ကြံ၍ သစ္စာဓိဋ္ဌာန်ကို ပြုလိုရကား ဂါထာကိုဆို၏။

၉၃။ ငါသည် ရှေးက အများအကျိုးကို ရှာမှီးခဲ့လျက် ယခု အခါ သူတပါးတို့၏ နေရပ်ဌာနသို့ ရောက်နေပေပြီ၊ ငါ၏ စိတ်အလို ဆန္ဒသည် ပြည့်ဝပါစေ။

ထိုခဏ၌ သစ္စာဓိဋ္ဌာန်၏အစွမ်းကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကိုပြ၏။ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သော် သုဓနုမင်းသားအကြောင်းကိုသိရ၍ ရွှေယင်ကောင်အသွင်ဖြင့် လာ၍ဘုရားလောင်း၏နားအနီးသို့ကပ်၍ သုဓနုမင်းသားလေး ငါသိကြားမင်းသည် ယင်ကောင်အဖြစ်ဖြင့် သင့်ဇနီး၏လက်၌ နားမည် သင်သည် ယင်ကောင်နားသော အမှတ်အသားဖြင့် သင့်ဇနီးလက်ကိုဆွဲ၍ ဤကိန္နရီမသည် ငါ၏ဇနီးဖြစ်သည်ဟုဆိုလော့ဟု သိကြားမင်းက တိုးတိုးပြော၏။

ထို့နောက်သိကြားမင်းသည် ရွှေယင်ကောင်အသွင်ဖြင့် မနော်ဟရီ၏လက်၌ နား၏၊ သုဓနုမင်းသားသည် ယင်ကောင်နားသော အမှတ်အသားဖြင့် "အရှင်မင်းကြီး ဤအမျိုးသမီးသည် ကျွန်ုပ်၏ဇနီးဖြစ်ပါသည်"ဟုလက်ကို ဆွဲ၍ပြ၏။ သိကြားမင်းသည်လည်း သုဓနုမင်းသားက မနော်ဟရီလက်ကို ဆွဲပြသည်နှင့်တပြိုင်နက် ပျောက်ကွယ်ပြီး မိမိဘုံဗိမာန်သို့ပြန်သွား၏။

ထိုအခါ ဒုမရာဇ်မင်းကြီးသည် အံ့ဩလောက်စွာ မနော်ဟရီ၏လက်ကို ဆွဲ၍ပြသော သုဓနုမင်းသားကိုမြင်ရသောအခါ ဤမင်းသားသည် အလွန်တူ၍ အခွဲရခက် အရွေးရခက်သော သမီးခုနစ်ပေါ်အနက် မိမိ၏ဇနီးကို ခွဲခြားနိုင်ပေ၏၊ ဤမင်းသားကား သာမန်ပုဂ္ဂိုလ်မဟုတ် ဘုန်းကံရှိသော မင်းသားဖြစ်သည်ဟု ချီးမွမ်းစကားပြောကြားပြီးလျှင် မကြာခင်ပင်မိမိ၏ နန်းယင်ပြင်၌ ရတနာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော အဘိသိက် မင်္ဂလာမဏ္ဍပ်ကိုစီရင်စေ၍ သုဓနုမင်းနှင့် သမီးတော်မနော်ဟရီကို ရတနာ အစုံအပုံ၏အထက်၌နေစေပြီး မင်းမြောက်တန်ဆာငါးပါးတို့ဖြင့် ဘိသိက် သွန်းလျက် သုဓနုမင်းသားအား မင်းအဖြစ်အပ်နှင်း၏။ ထိုနောက် သုဓနု မင်းသားသည် မိမိအလိုဆန္ဒ ပြည့်ဝပြီဖြစ်၍ မနော်ဟရီနှင့်အတူပေါင်းဖော် လျက် ကေလာသတောင်ထိပ်သုဝဏ္ဏမြို့တော်၌ နှစ်ရှည်လများ ကြီးကျယ် သော နတ်စည်းစိမ်တို့ကို ခံစားနေလေ၏။

## မိဘရပ်ထံပြန်လို၍ သုဓနုမင်းသားပြောခြင်း

ထိုသို့နေရာမှ တနေ့သောအခါတွင် ဘုရားလောင်းသုဓနုသည် မိမိ၏ မိဘနှစ်ပါးကိုသတိရလျက် ထိတ်လန့်တုန်လှုပ်သော သံဝေဂဖြစ်လာပြီး မိမိ၏ကိုယ်ကိုမိမိကဲ့ရဲ့ရှုတ်ချမိ၏။ ဥပမာအားဖြင့် ဤမဟာပထဝီမြေကြီး သည် သတ္တဝါအားလုံးတို့အား စားသုံးရန် သုံးစွဲရန် အသုံးအဆောင် အမျိုးမျိုးကိုပေး၍ သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ ထိုနည်းတူစွာ မိဘတို့သည်လည်း သားသမီးတို့အား ရေချိုးပေးခြင်း, အစာကျွေးမွေး ခြင်း, ကျန်းမာစွာ ကြီးပြင်းလာစေခြင်းစသည်တို့ဖြင့် များစွာကျေးဇူး ရှိခဲ့ကြကုန်၏။ ငါသည် မိဘနှစ်ပါး၏ဂုဏ်ကျေးဇူးကိုသိသော်လည်း ယခု အခါ မသိသကဲ့သို့ဖြစ်နေပြီ မိခင်ဘခင်ကျေးဇူးရှင်တို့ကို မငဲ့မကွက်စွန့်လွှတ်

ခဲ့၍ မိမိမြို့တော်မှ ထွက်ခွါလာခဲ့ခြင်းမှာ အံ့ဩဖွယ်ရာဖြစ်သည်ဟု မိမိကိုယ်ကို မိမိကဲ့ရဲ့ရှုတ်ချအပြစ်တင်ပြီးလျှင် မနော်ဟရီနှင့်အတူတကွ အိပ်နေစဉ် မိဘတို့ကိုအောက်မေ့၍ ငိုကြွေးလိုရကား ဂါထာကိုဆို၏။

၉၄။ ငါသည် ဤနေရာ၌ မနော်ဟရီနှင့် လာရောက်နေဘိ၏၊ ငါမိ တိုင်းပြည်ကိုဘယ်လိုသွားရပါမည်နည်း၊ မိဘတို့ကိုလည်း မတွေ့ရ၊ မိဘ ၂ ပါး အသက်ရှင်လျက်မှရှိကြပါလေရဲ့လား။

ဤသို့ သုဓနုမင်းသားငိုသံကိုကြား၍ မနော်ဟရီသည် အိပ်ရာမှ နိုးလာလျက် ''ချစ်လှစွာသော အို မင်းသား သင်ဘာ့ကြောင့်ငိုပါသလဲဟု မနော်ဟရီသည် ကြင်နာယုယစွာမေးလေ၏။ သို့သော် သုဓနုကား မိမိငိုကြွေးသော အကြောင်းရင်းကို မနော်ဟရီအား ဖွင့်မပြောရက်ချေ။ ဤသို့ဖြင့် ၂-ကြိမ်မြောက်မေး၏၊ သုဓနုကား ဖွင့်မပြော၊ သုံးကြိမ်မြောက်မေးသော အခါ၌ကား သုဓနုမင်းသားသည် မျက်ရည်များသုတ်လျက်—

အို ချစ်လှစွာသော မနော်ဟရီ၊ ငါသည် အမေ့ကိုလွမ်း၍ ငိုကြွေးပါသည်၊ ငါဒီကို ထွက်လာတုန်းက ငါ့မိခင်ဟာ အမျိုးမျိုး တားမရလို့ ငိုယိုပြီးကျန်ရစ်ရှာပေတယ်ဟု သုဓနုမင်းသားက ပြောပြသော အခါ—

မနော်ဟရီ။ ။အို ချစ်စွာသော သုဓနုမင်းသား၊ အခု ကျွန်မ ဘယ်လို လုပ်ပေးရမလဲ။

သုဓနု။ ။အို ချစ်ဇနီး မနော်ဟရီ၊ ငါ့မိခင်ကို မမြင်ရလျှင် ငါအသက် ရှင်လိမ့်မည် မထင်ပါ၊ သို့ဖြစ်၍ ယနေ့ ငါသည် ငါ့မိခင်ထံ ပြန်သွားလိုပါသည်။

မနော်ဟရီ။ ။ဆင်ပြောင်ကြီး သွားရာ ဆင်မယဉ်သာ လိုက်ပါရသလို ကျွန်မလည်း လိုက်ခဲ့ပါအံ့။

သုဓနု။ ။အို ချစ်စွာသော မနော်ဟရီ၊ သင်မလိုက်ခဲ့ပါလင့်။

မနော်ဟရီသည် အမျိုးမျိုး အပုံပုံ အဖန်ဖန် အထပ်ထပ် လိုက်ပါရမည့်အကြောင်း တောင်းပန်ရှာ၏။ နောက်ဆုံးတွင်ကား သုဓနုမင်းသားက လိုက်လိုလျှင် လိုက်ပါတော့ဟု အခွင့်ပြုလိုက်၏။

ထို့နောက် သုဓနုမင်းသားသည် ယောက္ခမ ဒုမရာဇ်မင်းကြီးထံ ချဉ်းကပ်၍ ရှိခိုးလျက် မိခင်ထံ ပြန်မည့် အကြောင်း ပန်ကြား ပြောဆို၏။ ထိုအခါ ဒုမရာဇ် မင်းကြီးသည် ဝမ်းမြောက် ကျေနပ်စွာဖြင့် ဤမင်းသား မြတ်သည် စွန့်ပစ်အပ်သော အမှိုက်သရိုက် ကဲ့သို့ရင်း၊ ထွေးအပ်သော တံထွေးကဲ့သို့ရင်း၊ မိမိမြို့တော်၌ ကြီးစွာသော မင်းစည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိဘဲ ဤကဲ့သို့ စွန့်စွန့်စားစား လာခဲ့သော်လည်း မိဘကျေးဇူးကို သတိရဘိ၏၊ ဤယောကျ်ားမြတ်ကား မိဘကျေးဇူးကို သိတတ်သော ယောကျ်ားမြတ်ပါတကားဟု စိတ်ထဲမှ ကြံစည်လျက် အို သုဓနုမင်းသား၊ ယခု ငါသည်လည်း သင်နှင့်အတူ လူ့ရွာ လောကသို့ လိုက်ခဲ့ပါအံ့ဟု ဆိုပြီးလျှင် ထိုခဏ၌ပင် ကြီးကျယ်များပြားလှစွာသော ဝိဇ္ဇာခိုရ်အပေါင်း ခြံရံလျက် ဒုမရာဇ်မင်းကြီးသည် မနော်ဟရီနှင့် အတူ သုဓနုမင်းသားကို ခေါ်ဆောင်ကာ ကေလာသ တောင်ထိပ်ရှိ သုဝဏ္ဏမြို့တော်မှ ထွက်ခွါလေ၏။ ဒုမရာဇ်မင်းကြီးသည် ဘုန်းတန်ခိုး အာနုဘော်ဖြင့် စစ်သည်များစွာခေါ်ဆောင်လျက် ကောင်းကင် ခရီးဖြင့် ကြွသွားရာ မကြာမီပင် လူ့ရွာလောကသို့ ရောက်ရှိပြီး ဥတ္တရပဉ္စာလ မြို့တော်နှင့် မနီးမဝေးတွင် ယာယီတဲစခန်းများတွင် နေလေ၏။

ထိုအခါ သုဓနု၏ ဘခမည်းတော် အာဒိစ္စဝံသ မင်းကြီးသည် နံနက် လေသာပြူတင်းကို ဖွင့်လှစ် ကြည့်လိုက်သောအခါ တတိုင်းတရိုဏ်တို့ဖြင့် တန်ဆာဆင်ထားသော ယာယီတဲစခန်းများကို မြင်လေရာ "အခြားရန်သူမင်းတို့သည် သားတော် သုဓနုမရှိသည်ကို သိ၍ ငါ၏တိုင်းပြည် နိုင်ငံ မင်းစည်းစိမ်ကို လုယူတိုက်ခိုက်ရန် လာသည်ထင်၏ဟု ကြံစည်အောက်မေ့လျက် စိတ်နှလုံး မချမ်းမသာ ဖြစ်မိလေ၏။

ထိုအခိုက်တွင် သုဓနုမင်းသားသည် များစွာသော ဝိဇ္ဇာခိုရ်အပေါင်း ခြံရံလျက် မြို့တော်သို့ဝင်လာ၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် မိဘနှစ်ပါး၏ ခြေတော်အစုံကို ရှိခိုးဦးချလျက် မိမိချမ်းသာစွာ လာရောက်ခြင်းအကြောင်းကို မိဘတို့အား ပြောပြလေ၏။ မယ်တော်စန္ဒာဒေဝီသည် သားတော် သုဓနုချမ်းသာစွာဖြင့် ပြန်လာသည်ကို မြင်ရ၍ သားတော်၏

ဦးထိပ်၌ ငုံစုပ်လျက် ငါ့သား သုဓနု၊ ငါ့သား သွားသည့်နေ့မှ စ၍ မေမေ့မှာ မျက်ရည်နှင့်မျက်ခွက် သွားလဲသားစိတ်, ရပ်လဲသားစိတ်, ထိုင်လဲသားစိတ်, စားလဲသားစိတ် ဖြင့်သာ တနေကုန်လျှင် အိပ်ရာဝင်ခဲ့ရပါသည်၊ ယနေ့ သားပြန်လာသည်မှစ၍ မေမေ မငိုရ, မျက်ရည်မကျတော့ပါဟုဆိုကာ သားတော်နှင့် အားရပါးရ စကားမပြည့် ပြောမကုန်နိုင်အောင် ရှိကြ၏။

ထိုအခါ သုဓနု၏ ဘခင် အာဒိစ္စဝံသမင်းကြီးသည် နှစ်သက်ဝမ်းမြောက်လျက် ခြွေရံသင်းပင်းများစွာဖြင့် မိမိမြို့တော်မှ ထွက်၍ ယာယိတဲနန်းသို့ ကြွရောက်လေ၏၊ ထိုအခါ အဝေးမှလာသော အာဒိစ္စဝံသမင်းကြီးကို တွေ့သောအခါ ဒုမရာဇ်မင်းကြီးသည် ခရီးဦးကြိုဆို၍ အချင်းချင်း လက်ဆွဲ နှုတ်ဆက်ကြပြီးလျှင် ဝမ်းမြောက်စကားပြောကြားကြကုန်၏၊ အာဒိစ္စဝံသမင်းကြီးနှင့် ဒုမရာဇ်မင်းကြီး ခမည်းခမက်တို့သည် အခြွေအရံများစွာတို့နှင့်အတူ ယင်းယာယိတဲနန်းများသို့ ဝင်ကြလျက် ၇-ရက်တိုင်မျှ ချစ်ကြည်စွာ နေကြပြီးလျှင် ထိုယာယိတဲနန်း၌ပင် မိမိတို့၏ စစ်သည်ဗိုလ်ပါများနှင့်အတူ စားသောက်ပျော်ပါး ကစားကြကုန်၏၊ ထိုနောက် ဒုမရာဇ်မင်းကြီးသည် သုဓနုမင်းသား၏ မယ်တော် ခမည်းတော်တို့အား လက်ဆောင်ဘဏ္ဍာအမျိုးမျိုးတို့ကို ပေးပြီးလျှင် မိမိတို့မြို့တော်သို့ပြန်ကြကုန်၏။

မနော်ဟရီသည်ကား သုဓနုမင်းသားနှင့်အတူ ဥတ္တရပဉ္စာလမြို့၌ နေရစ်ခဲ့၏၊ အာဒိစ္စဝံသမင်းကြီးသည် မိမိမြို့တော်သို့ ဝင်ပြီးနောက် မြို့တော်ကို နတ်နန်းတမျှ ပြင်ဆင်မွန်းမံလျက် မင်းနန်းတော်အကွင်း၌ ရတနာမျိုးစုံဖြင့် မွမ်းမံစီခြယ်ထားသော ရတနာမဏ္ဍပ်ကို ဆောက်လုပ်စေလျက် ထီးဖြူများ ဆောင်မိုးကာ သုဓနုမင်းသားအား ရာဇာဘိသိက်ဖြင့် မင်းအဖြစ် တင်မြှောက်ခြင်း မင်္ဂလာပွဲကို ဆင်နွှဲကျင်းပလေ၏။ သုဓနုမင်းသားသည် မနော်ဟရီအား မိဖုရားခေါင်ကြီးအဖြစ် ထားလျက် တရားနှင့် မင်းပြုပြီးလျှင် မယ်တော်ခမည်းတော်တို့ကို ကောင်းမွန်စွာ ကျွေးမွေးပြုစုလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ နတ်ရွာစံသောအခါ ဟုသိတ

နတ်ပြည်၌ ဖြစ်လေ၏၊ တိုင်းသူပြည်သားတို့သည်လည်း ဘုရားလောင်း သုဓနုမင်းသား၏ ဆုံးမသြဝါဒအတိုင်း လိုက်နာကြကုန်လျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်သဖြင့် သေလွန်သောအခါ နတ်ပြည်တို့၌ ဖြစ်ကြကုန်၏။

ဤသို့လျှင် ဘုရားရှင်သည် အကျယ်ချဲ့၍ တရားဒေသနာကို ဆောင် တော်မူပြီးနောက် ရဟန်းတို့ ရှေးအခါကလည်း ပညာရှိသော သူတို့သည် မာတုဂါမ(အမျိုးသမီးများ) ကို အမှီပြုလျက် မာတုဂါမအတွက် မိမိ၏ တိုင်းပြည်စည်းစိမ်ကိုရှင်း မိခင်ဘခင်တို့ကိုရှင်း မိမိအသက်ကိုရှင်း မငဲ့ကွက်ဘဲ လူတို့သွားလာ၍ မရောက်နိုင်သော နေရာတို့သို့ ရောက်ခဲ့ကြကုန်၏ ဟု ဟော တော်မူ၏၊ ထိုနောက် တရားသဘင်၌ ရောက်ရှိကြကုန်သော ရဟန်းတို့အား သစ္စာလေးပါးတို့ကို ဟောကြားလိုရကား ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၉၅-၉၆။ ဤဂါထာ ၂-ပုဒ်ကား နံပါတ် ၉-သုဓနုဇာတ်လာ ဂါထာ ၂-ပုဒ်နှင့် တူ၏။

ဘုရားရှင်သည် သစ္စာလေးပါးတရားကို ဟောပြီးသည့်အဆုံး၌ ယင်း သာသနာတော်၌ မပျော်ပိုက်ဘဲ ငြီးငွေ့သော ရဟန်းသည် ကိလေသာ အာသဝေါ ကင်းကွာ၍ ရဟန္တာ ဖြစ်သွားလေ၏၊ အခြား ပရိသတ် တို့လည်း သောတာပန်စသည် ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည်ဇာတ် တော်ကို ပေါင်းလိုရကား အဆုံးဂါထာတို့ကို မိန့်တော်မူ၏။

### ဇာတ်တော်ပေါင်းခဏ်း

၉၇-၁၀၃။ ယုယ်မာသောစိတ်ဖြင့် ယစ်ပူဇော်ရန် တိုက်တွန်းသော ပုရောဟိတ်သည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏၊ ဇမ္ဗုစိတ္တနဂါး မင်းသည် ရှင်မောဂ္ဂလာန်၊ ကိန္နရာတို့ဘုရင် ဒုမရာဇ်မင်းကြီးသည် ယခုအခါ သာရိပုတ္တရာ၊ ကဿပရသေ့သည် ယခုအခါ ငါဘုရား တပည့် ကဿပမထေရ်၊ ပုဏ္ဏရိကမုဆိုးသည် ယခုအခါ အာနန္ဒာ၊ လမ်းပြသောမျောက်သည် ယခုအခါ ကာဠုဒါယီ၊ သိကြားမင်း သည် ယခုအခါ အနုရုဒ္ဓါ၊ အာဒိစ္စဝံသမင်းသည် သုဒ္ဓေါဒန၊

စန္ဒာဒေဝီသည် မဟာမာယာ၊ မနော်ဟာရီကား ယခုအခါ ယသော်ဓရာ ဖြစ်၍ သုဓနုမင်းသားကား ယခုအခါ ငါဘုရားဖြစ်လာသည်၊ ဤသို့ အလွန်ရှိသေသောစိတ်ထားဖြင့် ဇာတ်တော်ကို ဆောင်ကြကုန်လော့။

ရှေးဦးစွာသော သုဓနုဇာတ်ပြီး၏။

---

# ၂-နုရဇီဝ ဇာတ်

[ကထိန်သင်္ကန်း လှူရသော အကျိုးအားဖြင့် ပစ္စုပ္ပန်ဘဝ၌ တရားထူးကို မျက်မှောက် ပြုရခြင်းမှ အစ သဗ္ဗညုတဉာဏ် အထိ ရစေနိုင်ပုံကို ပြသော နုရဇီဝဇာတ်။]

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ယေဇနာ သုခမိစ္ဆန္တာ အစရှိသော ဤတရားဒေသနာကို ပသေနဒီ ကောသလမင်းကြီး၏ ကထိန်အလှူကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ မိုးတွင်းချိန်သို့ ရောက်လတ်သော် ကောသလမင်းကြီးသည် မြို့တော်၌ စည်လည်စေလျက် "အို လူများ အပေါင်းတို့ သင်တို့သည် ယခု ဝါတွင်း သုံးလ အတွင်း၌ မိမိတို့ ရရသမျှသော ပစ္စည်းဥစ္စာ တို့ဖြင့် ရဟန်းတော်များအားဆည်းကပ်လှူဒါန်းကြ ကုန်လော့" ဟုဆိုလျက် မိမိကိုယ်တိုင် ကစ္စာယန မထေရ်ကို ပင့်ဖိတ်၍ မိမိ၏အရာမ် အတွင်း၌ ဝါဆိုစေ လေ၏၊ ကောသလမင်းကြီးသည် သုံးလ လွန်မြောက်သောအခါ အဝတ်အထည်များ ဖြတ်လုပ် ချုပ်ဆိုးသူ တယောက်ကို ခေါ်၍ စင်ကြယ်သော ပုဆိုးတခုကို ယူလျက် ကထိန်သင်္ကန်း အတွက် ဖြတ်ခြင်း ဆိုးခြင်းတို့ကို ပြုပြီးလျှင် အလှူနှင့်စပ်သော ကိစ္စအဝဝကို ပြုလုပ်စီရင်ပြီးနောက် ယာဂု, ဆွမ်းစသည်တို့ကို ပြည့်စုံစွာ စီမံလျက် ကိုယ်တော်တိုင် ဆီမီးနှံ့သာ ပန်းစသည်တို့ကို ယူဆောင်၍ နန်းတော်တွင်းရှိ ကျောင်းအရာမ်သို့ သွား၍ မဟာကစ္စာယန မထေရ် အမှူးရှိသော သံဃာတော်များကို ဆွမ်းလုပ်ကျွေး၏၊ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးပြီးသော အခါ ကောသလမင်းကြီးသည်—

ဣမံ ကထိနံ စီဝရံ သံဃဿ ဒေမ၊ ဤကထိန်လျှာ သင်္ကန်းကို သံဃာတော်အား လှူပါ၏ဟု သံဃာတော်အား ကထိန်သင်္ကန်း ကပ်လှူ၏။

ထိုအခါ ကစ္စာယန မထေရ်သည် ကထိန်သင်္ကန်းကို အလှူခံတော် မူပြီးလျှင် သိမ်အပြင်၌ ရဟန်းအပေါင်းကို စည်းဝေး၍ ကမ္မဝါစာကို ဖတ်၍ သင်္ကန်းဟောင်းကို ပစ္စုဒ္ဓရိပြု စွန့်၍ သင်္ကန်းအသစ်ကို အဓိဋ္ဌာန် ပြုလျက် ယင်း သင်္ကန်းကို ခြုံလျက် ခင်းထားသော နေရာ၌ ထိုင်နေပြီးနောက်— ကောသလ မင်းကြီးအား ကထိန် အာနိသင် (ကထိန် အကျိုးတရား)နှင့် ပတ်သက်၍ တရားစကား ဟောကြားတော် မူရာ တရားအဆုံး၌ မင်း ပရိသတ် များစွာတို့သည် သောတာပန် စသည် ဖြစ်ကြ ကုန်၏၊ ကောသလမင်းသည် သောတာပန်စသော တရားထူးတခုခုကို ရသင့်ရထိုက်ပေ၏။ သို့သော် ကောသလမင်းကား ဘုရားဆုပန် မင်းယောကျ်ား ဖြစ်သော ကြောင့် သောတာပတ္တိမဂ်ဖိုလ်စသော တရားထူးကို မရဘဲ ယင်းကထိန် အလှူသည် သဗ္ဗညုတဉာဏ်၏ အထောက်အပံ့သာ ဖြစ်လေသည်၊ ထို အခါ တရား စည်းဝေးရာ တရားသဘင် အဆောက်အဦ၌ ရဟန်းတို့ သည် စုဝေးကြလျက်....

ငါ့ရှင်တို့ ပသေနဒီ ကောသလမင်းသည် ကစ္စာယန မထေရ်ကို ကထိန် သင်္ကန်းလှူ၍ မထေရ်မြတ်ထံမှ ကထိန်အနုမောဒနာ တရား နာရသော် လည်း သောတာပတ္တိမဂ်ဖိုလ်စသော တရားထူးကို မရရှိပေ၊ မင်း ပရိ သတ် အားလုံးတို့သည်ကား ကထိန်တရားကြားနာရသဖြင့် သောတာပန် စသည်တို့ အသီးသီး ရောက်ရှိကြကုန်၏ ဟု စကားကို ဖြစ်စေကြကုန်၏။

ထိုစကားကို ကြား၍ မြတ်စွာ ဘုရားသည် ကြွလာတော် မူလျက် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူစဉ် သင်တို့သည် အဘယ် စကားကို ပြောဆိုတိုင်ပင် စည်းဝေးနေကြကုန်သနည်း" ဟု မေးတော် မူရာ ဤမည်သော စကားဖြင့် စည်းဝေးပြောဆို နေကြပါသည်ဟု လျှောက်ထားကြသောအခါ—

"ရဟန်းတို့ ကောသလမင်းသည် ယခုမှသာ ကထိန် အလှူကို လှူ သည်မဟုတ်၊ ရှေးအခါကလည်း ဘုရားလောင်း ဖြစ်စဉ်အခါ ငါဘုရား

သည် သူကြွယ်တယောက်ကို နှိုးဆော်တိုက်တွန်းလျက် ပဒုမုတ္တရ ဘုရားရှင်အား ကထိန်သင်္ကန်းကို လှူခဲ့သောကြောင့် သဗ္ဗညုတဉာဏ်ကို ရခဲ့ပေသည်'' ဟုမိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များက တောင်းပန် လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကိုဆောင်ခြင်း

ရဟန်းတို့ ရှေး လွန်လေပြီးသောအခါ ဟံသာဝတီ မြို့ကော်၌ အာနန္ဒမင်း မင်းပြုနေစဉ်အခါ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၍ နရဇီဝ အမည်ရှိလေ၏၊ အရွယ် ရောက်လတ်သော် နရဇီဝသည် မိခင်ကို လုပ်ကျွေးလေ၏။ ထိုအခါ ဟံသာဝတီမြို့၏ မနီးမဝေး၌ ရွာတရွာရှိ၏၊ ယင်းရွာ၌ ၁-လက်သမား၊ ၂-သားမုဆိုး၊ ၃-ငှက်မုဆိုး၊ ၄-ဆေတ္တာသည်၊ ၅-သူကြွယ် ဟူ၍ မိတ်ဆွေငါးဦးတို့သည် အချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေကြကုန်၏၊ ယင်း ငါးယောက်တွင် သူကြွယ် တယောက်သာ ရတနာ သုံးပါးကို ယုံကြည်စွာဖြင့် ပဒုမုတ္တရ ဘုရားရှင်ထံ၌ တရားဓမ္မများကို ကြားနာလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၏၊ ထိုအချိန်၌ ဘုရားလောင်းသည် သူဌေးပါးထံ၌ အခစားလုပ်ရလျက် ထိုထို ဤဤ လှည့်လည်သွားလာသောအခါ ယင်းရွာကြီးသို့ ရောက်လေသည်တွင် ထိုသူကြွယ်၏ လယ်တိုကို စောင့်ရှောက်လျက် လယ်တဲဇရပ်ကို စောင့်ရှောက်ရသော အလုပ်ကိုလုပ်သဖြင့် လယ်ထဲ၌ တဲကလေးတခုတွင် နေလေ၏။

တနေ့သောအခါ ဘုရားလောင်းသည် ပဒုမုတ္တရ ဘုရားရှင်ကို ကြည်ညို ဆည်းကပ်နေသော သူကြွယ်အား ''အို အရှင် သူကြွယ် သင်ကဲ့သို့ စည်းစိမ်ဥစ္စာများစွာ ရှိသောသူသည် အခြား အလှူများထက် အကျိုးကြီးမြတ်သော အလှူကို နှစ်စဉ်နှစ်တိုင်း ပေးလှူသင့်၏'' ဟု ပြောဆိုတိုက်တွန်းသောအခါ သူကြွယ်သည် ဘုရားလောင်းအား အမောင်အခစားယောကျ်ား အခြားအလှူတို့ထက် အကျိုး ကြီးမြတ်သော အလှူမှာ အဘယ်အလှူပါနည်းဟု မေးမြန်းလေရာ အို သူကြွယ် အခြား

အလှူဒါနများထက် အကျိုး ကြီးမြတ်သော အလှူဆိုသည်မှာ ကထိန် အလှူဖြစ်သည်၊ သင်သည် ကထိန်အလှူကို နှစ်စဉ်နှစ်တိုင်း လှူဒါန်းရန် သင့်၏ ဟု ဘုရားလောင်းက ပြောလေ၏။

ထိုစကားကိုကြားသောအခါ သူကြွယ်သည် နှစ်သက် ဝမ်းမြောက် လျက် ကထိန်အလှူကို ပေးလှူလိုသည်ဖြစ်၍ ရဟန်းတို့အား အပ်စပ်သော ညောင်စောင်း အင်းပျဉ် ခတင် ခေါင်းအုံး စသည်တို့ကိုလည်း လှူဒါန်း အံ့ဟု ကြံလျက် မိမိ၏ မိတ်ဆွေလေးဦးတို့အားခေါ်၍ "အို မိတ်ဆွေတို့ ငါတို့သည်ရှေးဘဝက ကုသိုလ်ဒါနကို အတူတကွ ပြုလုပ်ခဲ့ကြသောကြောင့် ယခုဘဝတွင် ဤကဲ့သို့ ချစ်ခင်စွာသော မိတ်ဆွေ သူငယ်ချင်းများ ဖြစ်ကြ သည်၊ယခုအခါလည်း အတူတကွ ကထိန်အလှူကိုပြုလုပ်ကြကုန်အံ့ဟု တိုင်ပင် ပြောဆိုသောအခါ ယင်းမိတ်ဆွေ ၄-ဦးအနက် ဆေတ္တာသည်တဦးသာလျှင် သူကြွယ်၏စကားအတိုင်း လိုက်နာလျက် ကထိန်အလှူကိုလှူ၍ ဝေယျာဝစ္စ တို့ကိုပြုလုပ်၏။ အခြားမိတ်ဆွေ သုံးယောက်တို့သည်ကား သူကြွယ်က အကန်တန်ပြောဆိုပါသော်လည်း မိမိတို့မှာ အသက်မွေး ဝမ်းကျောင်း အတွက် အလုပ်များရှိသည်ဟုဆိုလျက် အလှူလှူရာသို့လည်း မလာမရောက် ကြပေ။

ထိုအခါ၌ သူကြွယ်သည် နရဇီဝနှင့်အတူ ကျောင်းသို့ သွားလျက် ပရိက္ခရာများနှင့်အတူ ကထိန်သင်္ကန်းကိုယူ၍ ပဒုမုတ္တရဘုရားထံချဉ်းကပ် လျက် ကထိန်ခင်းရန်အတွက်ထိုသင်္ကန်းကိုပေးလှူ၏၊ပဒုမုတ္တရဘုရားရှင်သည် တပည့် သုဇာတမထေရ်အား ကကိန်ခင်းရန်ခွင့်ပြုလိုက်၏။ သူကြွယ်သည် နှစ်သက်ဝမ်းမြောက်လျက် ဘုရားရှင်၏ ခြေတော်အစုံကို ရှိခိုးပြီးနောက် ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်အားကထိန်အလှူ၏အကျိုး အာနိသင်တရားကို ဟောကြားတော်မူပါဟု လျှောက်ထားသောအခါ ဘုရားရှင်သည် ကထိန်အနုမောဒနာကို ပြုပြီးနောက် ကထိန်အကျိုးကို ဟောပြလိုရကား ရှေးဦးစွာသော ဤဂါထာကိုမိန့်တော်မူ၏။

၁။ ချမ်းသာကို အလိုရှိသဖြင့် သံဃာတော်အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းလျှင် ကထိန်အလှူ၏အကျိုးကြောင့် ချမ်းသာ သုခကိုရကြကုန်၏။

ထိုနောက် ဆက်လက်၍—

၂။ မြတ်သောအလှူဖြစ်သည့် ကထိန်အလှူကို ပေးလှူသောသူတို့သည် လူ့ပြည်၊နတ်ပြည်တို့၌ အမြဲတန်း ချမ်းသာသုခကိုရနိုင်ကုန်၏။ သံသရာ၌ ကျင်လည်ရ၍ ထိုထိုဘုံဘဝ၌ ဖြစ်သောအခါ လူ့ပြည်၊ နတ်ပြည်တို့၌ ကောင်းသော အမျိုးတို့၌သာ ဖြစ်ကြရကုန်၏။ အပါယ်ဘုံတို့၌ မဖြစ်ဘဲ ဆင်းရဲအပေါင်းမှကင်းလွတ်ပြီးလျှင် လူ့ဘဝ၌ဖြစ်လျှင် မင်းမျိုးတို့၌သာ ဖြစ်ကြရကုန်၏။ ကထိန်အလှူလှူသောသူတို့သည် နတ်ပြည်တို့၌နတ်စည်းစိမ်တို့ကို ကြာမြင့်စွာခံစားပြီး၊ နတ်ပြည်မှစုတေသောအခါ လူ့ပြည်၌ဖြစ်လျှင် ယုတ်ညံ့သောအမျိုး၌မဖြစ်ဘဲ မင်းမျိုး ပုဏ္ဏားမျိုးတို့၌သာဖြစ်ရပြီးစည်းစိမ် ဥစ္စာ အခြံအရံတို့နှင့် ပြည့်စုံလျက် သောတာပတ္တိမဂ်ဖိုလ်စသော ချမ်းသာမြတ်ကိုရရှိကြကုန်၏ဟု ဟောကြားတော်မူ၏။

သူကြွယ်သည် ပဒုမုတ္တရဘုရားထံမှတရားဓမ္မတို့ကိုကြားရသောကြောင့် သာသနာတော်၌ ရှေးကထက်ပို၍ကြည်ညိုလာ၏။ နရဇီဝသည် ပဒုမုတ္တရဘုရားထံချဉ်းကပ်ရှိခိုးလျက် ဘုန်းတော်ကြီးသောမြတ်စွာဘုရား သူကြွယ်သည် ယခုကဲ့သို့ အလှူပေးကမ်းခြင်းမှာ တပည့်တော်၏နှိုးဆော်တိုက်တွန်းခြင်းကြောင့်ဖြစ်ရာ တပည့်တော်၏ ဤသို့ နှိုးဆော် တိုက်တုန်းရသော ကောင်းမှုကြောင့် နောင်အခါ ဘုရားဖြစ်ခြင်း၏အထောက်အပံ့ဖြစ်ရပါစေ ဘုရားဟုဆုတောင်းခြင်းကိုပြုလျက် ဤဂါထာတို့ကိုဆို၏။

၈။ ဤသို့သူတပါးတို့အလှူလှူရန် နှိုးဆော်တိုက်တွန်းရသောကောင်းမှုကြောင့် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏။ ဖြစ်လေရာဘဝတို့၌ သူဆင်းရဲ မဖြစ်ရပါစေနှင့်ဘုရား။

ထိုဆုတောင်းစကားကို ကြားသောကြောင့် ပဒုမုတ္တရမြတ်စွာဘုရားသည် ဘုရားလောင်းအား ဗျာဒိတ်စကားမိန့်ကြားလိုရကား ဤဂါထာကို မိန့်တော်မူ၏။

၉။ ဤကမ္ဘာမှ နောင်ကမ္ဘာတသိန်းအလွန်၌ သင်သည် ဂေါတမ ဟူသောအမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လတ့်။

ထိုသို့ ပဒုမုတ္တရဘုရားထံမှ ဗျာဒိတ်စကားကြားရသောအခါ ဘုရားလောင်း နရဇီဝသည် အလွန်နှစ်သက်ဝမ်းမြောက်လေ၏။ ထိုအခါ အမျိုးသမီးတယောက်သည် စင်ကြယ်သောအဝတ်တခုကိုယူလျက် ဘုရားရှင်၏ ခြေရင်း၌ထား၍ ကုမုဒြာကြာပန်းများနှင့်အတူ ဘုရားရှင်အား လှူဒါန်းပူဇော်လျက် ဤယောကျ်ားမြတ်သည် နောင်အခါဘုရားဖြစ်လျှင် ထိုဘုရားရှင်၏သာသနာတော်၌ ကျွတ်တမ်းဝင်သော ပုဂ္ဂိုလ်ဖြစ်ရ ပါလို၏၊ ဤသို့ ကျွတ်တမ်းမဝင်မီ သံသရာ၌ ကြင်လည်သောအခါ ဖြစ်လေရာ ဘဝတိုင်းတို့၌ ဤပုဂ္ဂိုလ်မြတ်ဘုရားလောင်း၏ ပါရမီတော် ဖြည့်ဘက်ဇနီးမယားဖြစ်ရပါလို၏ဟု ဆုတောင်း၏၊ ထိုခဏ၌ အမျိုးသား တယောက်သည်လည်း ရတနာအမျိုးမျိုးတို့ဖြင့် စီခြယ်ထားသော ရွှေသင်းကျစ်တခုကို ဘုရားရှင်အား လှူလျက် အရှင်ဘုရား တပည့်တော်သည် ဤကောင်းမှုကြောင့် ဤယောကျ်ားမြတ် ဘုရားဖြစ်သောအခါ ဘုရား၏သားတော်ဖြစ်ရပါလို၏ဟု ဆုတောင်း၏၊ သူဌေးတယောက်ကလည်း အဖိုးတသိန်းတန် လက်စွပ်တကွင်းကို ပဒုမုတ္တရာ ဘုရားရှင်အား လှူဒါန်းပြီးလျှင် အရှင်ဘုရား တပည့်တော်သည် ဤတသိန်းတန် လက်စွပ်ကို လှူရသော ကုသိုလ်ကံကြောင့် ဤယောကျ်ားမြတ် ဘုရား ဖြစ်သော အခါ ဤယောကျ်ားမြတ်၏ ဘခင်ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

ထိုအခါမှစ၍ ဘုရားလောင်းသူဆင်းရဲ နရဇီဝသည် ပစ္စည်းဉစ္စာများစွာ ကြွယ်ဝချမ်းသာလျက် သေသွားသည့်နောက်တွင် တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ ကာထိန်ဒါယကာ သူကြွယ်သည်ကား သေလွန်ပြီးနောက် ဟိမဝန္တာတော ဂန္ဓမာဒနတောင်၌ ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ရွှေဗိမာန်၌ ဘုမ္မဇိုးနတ်ဖြစ်လျက် နတ်စည်းစိမ်တို့ကို ခံစားနေ၏၊ ဆေတ္တာသည်သည် သေပြီးသည့်နောက် ဗာရာဏသီပြည်၌ ကုန်သည်မျိုး၌ ဖြစ်၏၊ လက်သမားသည် သေပြီးနောက် တက္ကရ ဇနပုဒ်၌ လမ်းမကြီး တခုအနီး ရေအိုင်ရေကန်၏ ကန်ဘောင်၌ကျားဖြစ်၍ လမ်းသွားလမ်းလာများ မောပန်း၍ ရေအိုင်သို့ သက်ဆင်း၍ ရေသောက်သောအခါ ယင်းကန်ဘောင်ပေါ်၌ လူတို့ကို စားသောက်၏၊ သားမုဆိုးသည် သေပြီး

သည့်နောက် လမ်းမကြီးတခုအနီး ပညောင်ပင်၌ ဘီလူးဖြစ်၍ ယင်းသစ်ပင်ရိပ်သို့ ဝင်ရောက်ခိုလှုံသူတို့ကို စား၏၊ ငှက်မုဆိုးသည် သေပြီးသည့်နောက် ဟိမဝန္တာ၌ လမ်းသုံးခွဆုံ သစ်ပင်ကြီးတပင်တွင် နေသော သစ်တောက်ငှက် (ကြိုးကြာငှက်တမျိုး) ဖြစ်၍ နေ၏၊ ယင်း လမ်းသုံးခွကား တလမ်းသည် ဗာရာဏသီပြည်သို့သွားရာလမ်း တလမ်းသည် သုဝဏ္ဏဘူမိသို့ သွားရာလမ်းဖြစ်၍ အခြားတလမ်းကား ဂန္ဓမာဒန တောင်သို့ သွားရာလမ်းဖြစ်၏· ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၀-၁၂။ နရဇီဝသည် လူ့ပြည်မှ စုတေပြီးနောက် တုသိတာနတ်ဘုံ၌ ဖြစ်၍ ကထိန်ဒါယကာ သူကြွယ်သည် ဘုမ္မဇိုးနတ် ဖြစ်၏၊ ဆေတ္တာသည် သည်ကုန်သည်မျိုး၌ဖြစ်၍ လက်သမားသည် တက္ကရဇနပုဒ်၌ ကျားဖြစ်၏၊ သားမုဆိုးသည် လူ့ပြည်မှ စုံတေ၍ ဘီလူးမျိုး၌ဖြစ်၍ ငှက်မုဆိုးသည်ကား သစ်ပင်၌ သစ်တောက်ငှက် (ကြိုးကြာငှက်တမျိုး) ဖြစ်လေ၏ဟု မိန့်တော်မူ၏။

ထိုတွင် ကပ္ပက ဆေတ္တာသည်သည် ကုန်သည်မျိုး၌ဖြစ်၍ ကုန်ရောင်းကုန်ဝယ်ပြုလုပ် အသက်မွေး၏၊ ထို့ကြောင့် သူ့ကို ရှေးဘဝက အမည်အတိုင်း ကပ္ပကကုန်သည်ဟု ခေါ်ဝေါ်ကြကုန်၏၊ ထိုအခါ တနေ့သ၌ ကပ္ပက ကုန်သည်သည် ကုန်ရောင်းဝယ်ရန် ပစ္စည်းဘဏ္ဍာတို့ကို စုဆောင်းစီမံလျက် နက်ဖြန် သုဝဏ္ဏဘူမိသို့သွားအံ့ဟု ကြံ၍ နောက်တနေ့၌ ကုန်သည်အပေါင်း အခြံအရံဖြင့် ရွာမှထွက်၍ သုဝဏ္ဏဘူမိသို့ ထွက်ခွါသွားသောအခါ ရေကန်ကြီးတခု၏ ကမ်းနားဘောင်သို့ ဆိုက်ရောက်လေ၏။

ထိုအခါ ထိုရေကန်နား၌ နေသောကျားသည် ကပ္ပက ကုန်သည်ကို မြင်လျှင်မြင်ခြင်းပင် ရှေးက ချစ်ခင်စွာ ပေါင်းသင်း ဆက်ဆံခဲ့ဘူးခြင်းကြောင့် ဝမ်းမြောက် ဝမ်းသာဖြစ်လျက် "အိုမိတ်ဆွေ သင်သည် ယခုအခါ အဘယ်အရပ်သို့ သွားမည်နည်းဟု မေးသဖြင့် ကုန်သည်ကလည်း အို အဆွေကျား ယခု ကျွန်ုပ်သည် သုဝဏ္ဏဘူမိသို့ သွားမည်ဖြစ်ပါသည်ဟု ပြောဆိုလေရာ ကျားသည် မိမိနေရာ၌ ကပ္ပက ၊ ကုန်သည်နှင့်

အခြံအရံကုန်သည်တို့အား တည္မျှနေစေပြီးလျှင် မိမိ၌ရှိသောသားကောင်တို့၏အသားတို့ကို ပေးလျက် နောက်တနေ့၌ "အဆွေ ကပ္ပက ကုန်သည်၊ သင်တို့သွားရာလမ်းရိုး ပညောင်ပင်၌ ဘီလူးတကောင်ရှိသည်၊ ယင်းဘီလူးသည်လာသမျှလူတို့ကို သတ်ဖြတ်စားသောက်၏ဟု ဆိုလျက် သင်သည် ယင်းပညောင်ပင် အထဲသို့မဝင်နှင့်၊ သွားရောက်နားနေ အိပ်စက်ခြင်း မပြုလင့်ဟု အမှာစကား ပြောကြားလိုက်၏။ ကပ္ပက ကုန်သည်သည် အစဉ်သဖြင့် သွားသောအခါ ပညောင်ပင်သို့ ရောက်လေ၏။

ထိုခဏ၌ ဘီလူးသည် ပညောင်ပင်မှ ဆင်းသက်၍ အစာရှာရန်သွားသောအခါ ကပ္ပက ကုန်သည်ကို တွေ့မြင်၍ ရှေးက ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံခဲ့ဘူးသောကြောင့် မြင်လျှင်မြင်ခြင်း ချစ်ခင်ရကား အိုအဆွေလူသား၊ သင် အဘယ်အရပ်သို့ သွားမည်နည်းဟု မေးရာ အို အဆွေဘီလူး၊ ကျွန်ုပ် ယခု သုဝဏ္ဏဘူမိသို့ သွားမည် ဖြစ်ပါသည်ဟု ဖြေဆိုလေ၏။ ထိုအခါ ဘီလူးသည် ယင်းကုန်သည်တို့အား တည္ခ်မျှ ထိုနေရာ၌ နေစေလျက် ပညောင်သီးနှင့် အခြား ပိန္နဲသီးတို့ကိုပေး၍ ပေါက်တနေ့၌ အဆွေလူသား ရှေ့ဆက်လက် သင်တို့သွားမည့် လမ်းသုံးခွဆုံ၌ သင်ပင်ကြီးတပင်တွင် သစ်တောက်ငှက် တကောင်ရှိသည် ထိုသစ်တောက်ငှက်သည် သင်တို့သွားမည့် လမ်းခရီးကို သွားမရအောင် ပိတ်ဆို့ထားလိမ့်မည်ဟု ပြောကြားလိုက်၏။

ကပ္ပက ကုန်သည်သည် ခရီးဆက်လက် ထွက်ခွါ သွားသောအခါ ထိုလမ်းသုံးခွဆုံသို့ ရောက်၍ ရပ်လျက် အဘယ်လမ်းမှသွားလျှင် သုဝဏ္ဏဘူမိသို့ ရောက်မည်နည်းဟု ကြံတွေး၍ နေလေ၏။

ထိုခဏ၌ ထိုသစ်တောက်ငှက်သည် သစ်ပင်ထိပ်ဖျားမှ လမ်းကိုကြည့်လိုက်သောအခါ ကပ္ပက ကုန်သည်ကို တွေ့၍ အဆွေလူသား၊ သင်သည် အဘယ်အရပ်သို့ သွားပါမည်နည်းဟု မေးလေရာ အဆွေငှက်၊ ကျွန်ုပ် ယခု သုဝဏ္ဏဘူမိသို့ သွားမည် ဖြစ်ပါသည်ဟု ဖြေဆိုလေ၏။ ထိုအခါ သစ်တောက်ငှက်သည် ကပ္ပက ကုန်သည်နှင့် အခြံအရံ ကုန်သည်များကို ထိုနေရာ၌ တည္ခ်မျှ နေစေပြီးလျှင် အလျှင်အမြန်သွား၍ ခြသေ့္၊ ကျားတို့

စားကြွင်း အသားတို့ကို ယူဆောင်လာခဲ့လျက် ကပ္ပက ကုန်သည်အား ယင်းအသားတို့ကို ပေး၍ နောက်တနေ့၌ ဂန္ဓမာဒန တောင်သို့ သွားရာလမ်းကို ညွှန်ပြလျက် လွှတ်လိုက်လေ၏၊ ကပ္ပက ကုန်သည်သည် အစဉ်သဖြင့် သွားသောအခါ ဂန္ဓမာဒနတောင်သို့ ရောက်လေ၏။

## ကောင်းမှုဟူသည်မှာ အချည်းနှီး မဖြစ်ပေ

ထိုခဏ၌ ဘုမ္မဇိုး နတ်သည် မိမိဘုံဗိမာန်မှ လေသာပြူတင်းကို ဖွင့်၍ ကြည့်သောအခါ ကပ္ပကကုန်သည်ကို မြင်၍ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လျက် ကပ္ပကကုန်သည်ကို ခေါ်ပြီးလျှင် မိမိ၏ရွှေပြာသာဒ် ထက်သို့ တက်စေပြီးနောက် ခင်းထားအပ်သော နေရာ၌ နေစေ၏၊ ဘုမ္မဇိုးနတ်သည် မိမိ၏ ရှေးဘဝက ဖြစ်ခဲ့သည်တို့ကို ပြန်လည် ဆင်ခြင်သောအခါ ငါသည် ရှေးဘဝက သူကြွယ်ဖြစ်၍ ကထိန်အလှူကို လှူရသည့် အကျိုးကြောင့် ဘုမ္မဇိုးနတ် ဖြစ်လာသည်ဟု သိပြီးနောက် မိမိ၏အဆွေခင်ပွန်း ငါးယောက်တို့သည် ယခုအခါ အဘယ်အရပ်၌ ဖြစ်ကြကုန်သနည်းဟု ဆင်ခြင်လတ်သော် လက်သမား, သားမုဆိုးနှင့် ငှက်မုဆိုး သုံးယောက်တို့သည် ရှေးဘဝက ကုသိုလ်ကောင်းမှု မပြုသောကြောင့် ယခုအခါ ကျား, ဘီလူးနှင့် သစ်တောက်ငှက် ဟူသော တိရစ္ဆာန်မျိုးတို့၌ ဖြစ်ကြပြီး ဤယခုလာသော ကုန်သည် တယောက်သာ ရှေးက ဆေတ္တာသည်ဖြစ်၍ ငါ၏ ကထိန်အလှူ၌ အနုမောဒနာ ပြုခြင်း, ဝေယျာဝစ္စ ပြုခြင်းဟူသော ကောင်းမှုကို ပြုသောကြောင့် ယခုအခါ ကုန်သည်မျိုး၌ ဖြစ်ပေသည်ဟု သိမြင်လေ၏၊ ယခုအခါ ဘုမ္မဇိုးနတ်သည် မိမိ၏ ရှေးကောင်းမှုကို ပြလိုရကား ဤဂါထာကို ဆို၏။

၁၃-၁၆။ ကျွန်ုပ်သည် ရှေး လူဖြစ်စဉ် ကာလက သူကြွယ်မျိုး၌ ဖြစ်၍ ပဒုမုတ္တရ ဘုရားအား ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းခဲ့၏၊ ထိုကောင်းမှုကြောင့် ယခုအခါ ဘုမ္မဇိုးနတ် ဖြစ်၍ ချမ်းသာသုခကို ခံစားနေပါ၏၊ အကြင်သူသည် သံဃာတော်အား ကထိန်သင်္ကန်း အလှူကို လှူ၏၊ ထိုသူသည် ဖြစ်လေရာ ဘဝတိုင်း၌ ချမ်းသာသုခကို

ခံစားရ၏၊ ထို့ကြောင့် ချမ်းသာကို အလိုရှိသော ပညာရှိယောကျ်ားသည် သံဃာတော်အား ကထိန်အလှူကို လှူလျှင် ချမ်းသာသုခကို ခံစားရမည် ဖြစ်သည်။

## သီလမစောင့်ထိန်းခဲ့ခြင်း အပြစ်

ဘုမ္မဇိုးနတ်သည် ကပ္ပကကုန်သည်အား နတ်ဩဇာများကို ကျွေးမွေးလျက် နတ်အိပ်ရာတို့၌ အိပ်စေပြီးလျှင် မိမိ၏နတ်နန်းပြာသာဒ်၌ နေစေလျက်၂-ရက်၃-ရက်နေပြီးသောအခါ ကပ္ပကကုန်သည်အားရတနာခုနစ်ပါး အပြည့်ထည့် ပေးလိုက်ပြီး နတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဗာရာဏသီမြို့ ကပ္ပကကုန်သည်၏ အိမ်သို့ ရောက်စေလေ၏၊ ထိုအခါမှ စ၍ ကပ္ပကကုန်သည်သည် နတ်တို့၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် စည်းစိမ်ဥစ္စာ များစွာကြွယ်ဝချမ်းသာလေ၏၊ ထိုအချိန်၌ ဗာရာဏသီမြို့တွင် သူဌေးတဦးသည် ပစ္စည်းဥစ္စာများစွာကြွယ်ဝ ချမ်းသာ၏၊ ဗာရာဏသီသူဌေး၌ လှပချောမောသော သမီးတယောက် ရှိ၏၊ ယင်း သူဌေးသမီးအား ယောကျ်ားတကာတို့ လိုချင်မက်မောကြ၏၊ ထိုသူဌေးကြီးသည် မိမိသမီးတော်၏ ခင်ပွန်းသည်အဖြစ်ယင်းကုန်သည်အား အပ်နှင်း၍ နေ့ရက်သတ်မှတ်လျက် ထိမ်းမြားလက်ထပ်ပေးလေ၏၊ ကပ္ပကကုန်သည်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ၏၊ သို့သော် အဆင်းမလှ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၇။ ကပ္ပကကုန်သည်သည် ရှေးအခါက ကထိန်အလှူ၌ သာဓုအနုမောဒနာပြုခြင်း, ဝေယျာဝစ္စကို ပြုခြင်းကြောင့် ယခုအခါ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝ၏၊ သို့သော် သီလမရှိသောကြောင့် ရုပ်အဆင်း မလှ ဖြစ်ရ၏။

ထိုအခါ ၎င်းရွာ၌နေကြသော လူငယ်လူရွယ် တို့က ယင်းသူဌေးကြီးကို ကဲ့ရဲ့ရှုတ်ချကြလျက် အို သူဌေးကြီး ဤကပ္ပကကုန်သည်သည် ရှေးကဆင်းရဲ၏၊ ယခုမှသာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်၊ စင်စစ် ဤသူသည်ခိုးယူလုယက်ခြင်းအမှုကို ပြုသဖြင့် ဥစ္စာပစ္စည်းများစွာ ရှိလာခြင်း ဖြစ်ရာ၏ဟု ပြောဆိုကြလျက် ဤကုန်သည်မျိုး သင့်အိမ်ရောက်

လာလျှင် သင့်ပစ္စည်းများ မကြာခင် ကုန်ဆုံးပျက်စီးလိမ့်မည် ထို့ကြောင့် ဤကုန်သည်ကို တောကြီးထဲသို့ ဖျားယောင်း ခေါ်ဆောင် သွားကြ ကုန်အံ့ ဟု သူဌေးကြီးအား ဝိုင်းဝန်း ပြောဆိုကြသောအခါ သူဌေး လည်း ကြောက်ရွံ့ထိတ်လန့်သဖြင့် သဘောတူလိုက်လေ၏။

လူငယ်လူရွယ်တို့သည် သူဌေးကြီးနှင့်အတူ ယင်းကပ္ပကကုန်သည်အား တောကြီးထဲသို့ ခေါ်သွားကြပြီးလျှင် တောနက်တနေရာ အရောက်တွင် ၎င်းအား စွန့်ပစ်ထားခဲ့ကြကုန်၏၊ ထိုအခါမှစ၍ ကပ္ပကကုန်သည်သည် ကြံ့၊ သစ်တို့ ကျက်စားရာ တောနက်ထဲ၌ အစဉ်သဖြင့် သွားသောအခါ ဂန္ဓမာဒနတောင်သို့ ရောက်လေ၏။ ထိုခဏ၌ ဘုမ္မဇိုးနတ်သည် ထိုကပ္ပက ကုန်သည်ကိုတွေ့၍ အို မိတ်ဆွေ သင့်အား ကျွန်ုပ်ပေးလိုက်သော ဥစ္စာ ပစ္စည်းများ ကုန်ခန်းသွားပြီလား အခုတဖန် ဤအရပ်သို့ အဘယ့်ကြောင့် လာပါသနည်းဟု မေး၍ လာခြင်း၏အကြောင်းကို မေးလိုရကား ဤ ဂါထာကို ဆို၏။

၁၈။ သင်သည် အခုတဖန်တောကြီးထဲသို့ အဘယ်အကြောင်းကြောင့် လာပါသနည်း၊ သိလိုရေးဖြင့် မေးမြန်းသော ကျွန်ုပ်အား ပြော ကြားပါလော့။

ထိုစကားကိုကြား၍ ကပ္ပကကုန်သည်သည် ဘုမ္မဇိုးနတ်အား မိမိလာရ ခြင်း အကြောင်းကို ပြောကြားလိုရကား ဤဂါထာကိုဆို၏။

၁၉။ အို မိတ်ဆွေ ကျွန်ုပ်အား ရပ်အဆင်းမလှ အရုပ်ဆိုးသည်ဟုဆိုကာ လူငယ်လူရွယ်တို့က နှင်ထုတ်လိုက်ပါသည်၊ ကျွန်ုပ်မှာ ခိုကိုးအား ထားရာ မရှိသောကြောင့် ယခုအခါ သင့်ထံသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

## ထူးခြားသော သစ်ပင်ခုနစ်ပင်

ထိုစကားကိုကြား၍ ဘုမ္မဇိုးနတ်သည် "အဆွေလူသား သင်ဘာမျှ မစိုးရိမ်ပါလင့်၊ ယခုအခါ ကျွန်ုပ်သည် သင့်အား ချီးမြှောက်ခြင်းကို

ပြုပါအံ့၊ ဤတောကြီးထဲ၌ ဆေးဘက်ဝင်သော ပဒေသာပင်တပင်ရှိသည်၊ ယင်းနတ်သစ်ပင်ကြီးတွင် အခက်အလက်ခုနှင်ခုရှိသည်၊ ယင်းသစ်ခက်တို့၏ နာမည်တို့ကား ဗက, မက္ကဋ္ဌ, အဘိရူပ, ဒီဃာယုက, မဟာဗ္ဗလ, မဟာပုည နှင့် အရောဂိ နတ်တို့ဖြစ်ကြ၏။ ယင်းသစ်ခက်တို့အနက် ဗကသစ်ခက်ကိုစားလျှင် ဗျိုင်းဖြစ်၏၊ မက္ကဋ္ဌသစ်ခက်ကိုစားလျှင် မျောက်ဖြစ်ပြီး အဘိရူပသစ်ခက်ကို စားလျှင် ရုပ်အဆင်းလှပ၏၊ ဒီဃာယုကသစ်ခက်ကိုစားလျှင် အသက်ရှည်၏၊ မဟာဗ္ဗလသစ်ခက်ကိုစားလျှင် ခွန်အားဗလ ကြီးမားသန်စွမ်း၏၊ မဟာပုညသစ်ခက်ကိုစားလျှင် ဘုန်းတန်ခိုးအာနုဘော်ကြီး၏၊ အရောဂိနသစ်ခက်ကိုစားလျှင် အနာရောဂါကင်းရှင်း၏။

ဘုမ္မဇိုးနတ်သည် မက္ကဋ္ဌ(မျောက်)သစ်ခက်နှင့်အဘိရူပ(ရုပ်အဆင်းလှ) သစ်ခက်နှစ်ခက်ကိုချိုး၍ ကုန်သည်၏လက်၌ အဘိရူပသစ်ခက်ကို ထား၍ အို မိတ်ဆွေ သင်သည် ဤအဘိရူပသစ်ခက်ကိုစားလျှင် ရုပ်အဆင်းလှပ ပါလိမ့်မည်ဟုဆို၏။ ကုန်သည်လည်းကောင်းပါပြီဟုဆိုလျက် ဘုမ္မဇိုးနတ်၏ ရှေ့မှာပင် အဘိရူပသစ်ခက်ကို စားလိုက်၏၊ ထိုခဏ၌ပင် ထိုကုန်သည်သည် လှပတင့်တယ်ရှုချင်စဖွယ် ရုပ်အဆင်းဖြစ်လာ၏၊ ထို့နောက်ဘုမ္မဇိုးနတ်သည် မက္ကဋ္ဌ(မျောက်)သစ်ခက်ကို တထွာမျှ ယူ၍ ကုန်သည်၏ လက်၌ ထည့်၍ "အကြင်သူတို့သည် သင့်အား ဖျက်ဆီးနှိပ်စက်ခဲ့သည်၊ ထိုသူတို့ကို ဤသစ်ခက်ကို စားစေပါလော့၊ ထိုအခါ ယင်း လူတို့သည် လူစင်စစ်က မျောက်ဖြစ်သွားပါလိမ့်မည်၊ ထိုအခါ ယင်းလူတို့၏ ဥစ္စာပစ္စည်း အားလုံးတို့သည် သင့်ဥစ္စာပစ္စည်း အားလုံးဖြစ်ပါလိမ့်မည်ဟု ဆို၍ မိမိ၏တန်ခိုး အာနုဘော်ဖြင့် ကုန်သည်ကို ခေါ်၍ ညဥ့်ဘက်၌ သွားလျက် ယင်း သူဌေး သမီး၏ အိပ်ရာ၌ပင် သူဌေးသမီးနှင့် အတူ အိပ်စေပြီး ဘုမ္မဇိုးနတ်သည် ကွယ်ပျောက်ခဲ့လေ၏။

သူဌေးသမီးသည် အိပ်ရာမှနိုး၍ လူးလွန့်သည့် အခါ ထိုကုန်သည်၏ ကိုယ်လက် နှီးနှောခြင်း အတွေ့ကို ခံရလျက် မိမိယောကျ်ား၏ အဖြစ်ကို မသိသဖြင့် မေးလိုရကား--

၂၀။ ညဉ့်ဘက်တွင် လာ၍ ငါနှင့် အတူအိပ်သော သင်သည် အဘယ်သူနည်း၊ လူလော, နတ်လော၊ သိလိုရေးနှင့် မေးသော ကျွန်ုပ်အား ပြောကြားပါလော့။

ထိုစကားကို ကြား၍ ကုန်သည်သည်—

၂၁။ အို နှမ ကျွန်ုပ်သည် သင်၏ လင်ယောကျ်ား ဖြစ်သည်၊ ယခုသင့်ကို အလိုရှိ၍ သင့်ထံလာခြင်း ဖြစ်သည်။

သူဌေးသမီးသည် မိမိလင်ယောကျ်ား အဖြစ်ကို သိ၍—

၂၂။ အို ယောကျ်ား သင်သည် တောကြီးထဲသို့ သွားသည် မဟုတ်ပါလော၊ အဘယ် အချိန်က, အဘယ်သို့ ဤအိမ်သို့ ရောက်လာပါသနည်း။

ထိုကပ္ပက ကုန်သည်သည် သူဌေးသမီးအား တစုံတရာစကား မပြောတော့ဘဲ အိပ်ပျော်သွားလေ၏၊ ထိုညဉ့် လွန်မြောက် နံနက်စောစောသို့ ရောက်သောအခါ ဘခင်ထံ သွား၍ ထိုအကြောင်းကို ပြောကြားလေ၏၊ ထိုခဏ၌ သူဌေးကြီးသည် ကြောက်ရွံ့ ထိတ်လန့်လျက် (ယင်း ကုန်သည်ကို တောထဲသို့ ခေါ်သွားကြသော)လူငယ်လူရွယ်တို့ကို ခေါ်စေ၍ အို လူငယ်လူရွယ် အပေါင်းတို့ သင်တို့အားလုံး လာကြ၍ ကပ္ပကကုန်သည်ကို ကြည့်ကြပါကုန်လော့ဟု ဆိုသောအခါ ထိုသူတို့သည် ကြောက်ရွံ့ကြကုန်လျက် အိမ်ပေါ်သို့ တက်ကြည့်သောအခါ ရုပ်အဆင်း လှပနေသော ကုန်သည်ကို တွေ့ကြသဖြင့် အို ကုန်သည် သင်သည် အဘယ်အရာကို စားသောကြောင့် ဤကဲ့သို့ ရုပ်အဆင်း လှပလာပါသနည်းဟု မေးကြရာ ကုန်သည်သည် မိမိလှပလာသည့် အကြောင်းကို လိမ်လည်၍ ထိုသူတို့အား ပြောကြားလိုရကား—

၂၃။ ငါသည် ဆေးပင်များ ပြည့်စုံလှသော တောကြီးထဲသို့ လှည့်လည်သွားသောအခါ တွေ့၍ စားခဲ့ပါ၏၊ သင်တို့အတွက် အနည်းငယ်ယူလာပါသည်။

**ရုပ်အဆင်းလှပခြင်းကို အလိုရှိကြသော သူတို့အဖြစ်**

ထိုသူတို့သည် ရုပ်အဆင်း လှပလိုကြသောကြောင့် အို ကပ္ပကကုန်သည် ကျွန်ုပ်တို့အား ဆေးအနည်းငယ်စီ ပေးပါလော့ဟု ဆိုကြကုန်၏၊ ထိုအခါ

ကုန်သည်သည် မိမိအားပျက်စီးအောင်ပြုခဲ့သူတို့အားသာလျှင် ထိုဆေးကို ပေးလေ၏၊ ထိုအားလုံးသော သူတို့သည် ယင်းဆေးကို သူ့ထက်ငါ အားရပါးရ စားကြကုန်၏၊ ထိုဆေးကို စားသော ခဏ၌ပင် ထိုလူငယ် လူရွယ် အားလုံးတို့သည် လူစင်စစ်က မျောက်ဖြစ်သွားကြ ကုန်၏၊ ထိုအခါ ထိုကုန်သည်သည် မိမိကိုယ်တိုင် ယင်း မျောက်တို့ကို ဖမ်း၍ ဝေးလံသော တောကြီးထဲသို့ သွားရောက် လွှတ်လေ၏၊ ထိုအခါမှ စ၍ ကပ္ပကကုန်သည် သည် ထိုလူငယ်လူရွယ်တို့၏ရင်း, ထိုသူဌေးကြီး၏ရင်း ဥစ္စာပစ္စည်း အားလုံး ကိုရ၍ ဗာရာဏသီပြည်၌ သူဌေးကြီး ဖြစ်လေ၏၊ ထိုအခါ ဘုမ္မဇိုးနတ်သည် အသက်ရှည်သမျှ နေပြီးနောက် စုတေသော အခါ တာဝတိံသာ နတ် ပြည်၌ သိကြားမင်း ဖြစ်၏၊ ယခုအခါ တရားသဘင် အဆောက်အဦ၌ စည်းဝေးကြကုန်သော ရဟန်းတို့အား ကထိန်၏ အကျိုးအာနိသင်ကို ပြလို ရကား ငါတို့ မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၏။

## ကထိန် အလှူအကျိုး

၂၄-၂၆။ ဟံသာဝတီမြို့၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူကြွယ် တယောက်သည် နေ၏။ ထိုသူကြွယ်သည် ကထိန်အလှူကို ပေးလှူ၏။ ထိုမှ စုတေသောအခါ ဂန္ဓမာဒန တောင်၌ တန်ခိုးကြီးသော ဘုမ္မဇိုးနတ် ဖြစ်လေ၏။ ဘုမ္မဇိုးနတ်အဖြစ်မှ စုတေသောအခါ စတုမဟာရာဇ် တာဝတိံ သာ နတ်ရွာနှစ်ခုတို့၌ အစိုးရသော များသော အခြံအရံရှိသည့် သိကြားမင်း ဖြစ်၏။ နတ်မှ စုတေသောအခါ လူ့ပြည်၌ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်၍ ချမ်းသာကို ခံစား၏။ နတ်ပြည်၌ ဖြစ်သော အခါ နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားပြီး၊ လူ့ပြည်၌ ဖြစ်သော အခါ လူ၌ ဖြစ်သော ချမ်းသာသုခကို ခံစား၏။ ကထိန် အလှူ၏ အကျိုး ကြောင့် ကမ္ဘာတသိန်းပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာ အမျိုး မျိုးကို ခံစားရ၏။ ထိုကထိန်အလှူကို လှူသောသူသည် ကထိန်အလှူ၏ အကျိုးကြောင့် ထမင်း အဖျော်နှင့်ရတနာအမျိုးမျိုး ရရှိခံစားရ၏။ ကထိန် အလှူ အကျိုးကြောင့် ကျွန် မိန်းမ ကျွန် ယောကျ်ားတို့ကိုလည်း ရရှိ၏။ ကထိန်အလှူ အကျိုးကြောင့် မိမိတို့ လိုသမျှကို ရနိုင်၏။ ကထိန်အလှူ

အကျိုးကြောင့် ကောင်းကင်၌ တည်သောနတ်, မြေ၌ တည်သောနတ်အား လုံးတို့သည် ထိုကုန်သည်ကို ဆည်းကပ် ကိုးကွယ်ကြကုန်၏။ ထို့ကြောင့် ချမ်းသာကို အလိုရှိသော ပညာရှိသည် ကထိန်ခေတ်ရောက်လျှင် သံဃာအား ကထိန်အလှူကို ပေးလှူရာ၏။ ကထိန်၏ အကျိုးကြောင့် ချမ်းသာ အမျိုးမျိုးကို ရရှိပြီးလျှင် နောက်ဆုံး၌ နိဗ္ဗာန်ကို ရရှိလေ၏။

ဘုရားရှင်သည် "ရဟန်းတို့၊ ယခုမှသာ ကထိန်အလှူကို လှူသည်မဟုတ် ရှေးကလည်း ကထိန်အလှူကို လှူခဲ့၏ဟု ဟောတော်မူ ပြီးလျှင် ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဂါထာကို မိန့်ဆိုတော်မူ၏။

### ဇာတ်တော် ပေါင်းခဏ်း

၃၆-၄၀။ ထိုအခါ ကပ္ပက ကုန်သည်သည် ယခုအခါ ဆန္နအမတ်, ကထိန်အလှူဒါယကာ သူကြွယ်သည် ယခုအခါ နာဂထေရ်၊ လက်စွပ်လှူသော သူဌေးသည် ဘခင် သုဒ္ဓေါဒန၊ သင်းကျစ်လှူသော သတိုးသားသည် ရာဟုလာ၊ အဝတ်လှူသော အမျိုးသမီးသည် ယသော်ဓရာ၊ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များဖြစ်၍ နရဇိဝသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏၊ ဤသို့ အလွန်ရိုသေသော စိတ်ဖြင့် ဇာတ်တော်ကို ဆောင်ကြကုန်လော့။

နှစ်ခုမြောက် နရဇိဝဇာတ် ပြီး၏။

---

# ၃-သုဝဏ္ဏကုမာရဇာတ်

[မင်းကျင့်တရား၁၀-ပါးနှင့်ပြည့်စုံခြင်း၊ဒါနအကျိုးအမျိုးမျိုးနှင့် မေတ္တာပွါးခြင်း၊ လက္ခဏာယာဉ် သုံးပါးတို့ကို အားထုတ်သင့်ကြောင်းပြသော သုဝဏ္ဏကုမာရဇာတ်]

မြတ်စွာဘုရားသည် ကောသ အဒုတိယော ရာဇာ အစရှိသော ဤ တရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမေးပြဿနာ

ဆယ်ရပ်ကို ဖြေဆိုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင် အဆောက်အဦ၌ စုဝေးကြကုန်လျက် ငါ့ရှင်တို့ ငါတို့မြတ်စွာဘုရားသည် အမေးပုစ္ဆာ ပြဿနာဆယ်ရပ်ကို ဖြေဆိုတော်မူလျက် ယုံမှားသံသယကို ပယ်ဖျောက်တော်မူသည်မှာအံ့ဩဘွယ် ကောင်းလှ၏ ဟု ချီးမွမ်းစကားကို ပြောဆိုနေကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်၌ နေတော်မူလျက် ဒိဗ္ဗသောတ (နတ်တို့၏နားကဲ့သို့ ကြားနိုင်သောဉာဏ်) ဖြင့် ရဟန်းတို့၏ စကားကို ကြားတော်မူသဖြင့် တရားသဘင် အဆောက်အဦသို့ ကြွလာတော်မူ၍ ရဟန်းတို့ ယခုငါဘုရား ကြွလာတော်မူသောအခါ အဘယ်စကားတို့ စုဝေးပြောဆိုနေကြပါသနည်းဟု မေးတော်မူရာ ဤမည်သောစကားကို စုဝေးပြောဆိုနေကြပါသည်ဟု ရဟန်းတို့က လျှောက်ထားလေလျှင် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာ ကြီးသော ဉာဏ်ပညာရှိသည်မဟုတ်သေး ရှေးအခါကလည်းငါဘုရားသည် သံသရာ၌ ကျင်လည်စဉ်အခါ ကြီးသော ပညာရှိသည်ဖြစ်၍ အမျိုးမျိုးသော အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေရှင်းနိုင်သည်သာဖြစ်၏ဟု မိန့်တော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏၊ထိုအခါ ရဟန်းတို့သည် တောင်းပန်လျှောက်ထားသဖြင့် အတိတ်ကိုဆောင်ဘော်မူ၏။

## အတိတ်ကို ဆောင်တော်မူခြင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တနေ့သ၌ ဗာရာဏသီမင်းသည် ကိလေသာရာဂ သောင်းကျန်းလှ၍ မိမိအလုပ်အကျွေးအမျိုးသမီးအား တကြိမ်မျှ လွန်ကျူးခြင်းကို ပြုလေ၏၊ ထိုအခိုက်တွင် ဘုရားလောင်းသည် ယင်းအမျိုးသမီး၏ ဝမ်း၌ ပဋိသန္ဓေယူ၏၊ ထိုအခါ ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီးသည် ထိုအပြုအမူကိုသိ၍ ဘုရင့်အပေါ်၌ များစွာ စိတ်မကျေမနပ်ဖြစ်လျက် ဒေါသဖြစ်ပြီးလျှင် ထိုအမျိုးသမီးအားလည်း စိတ်ဆိုးလျက် ရှင်ဘုရင်နှင့် ကျူးလွန်၍ ထိုအမျိုးသမီး ကိုယ်ဝန်တည်သည်ကို သိရကား ဗာရာဏသီမင်းအား ဤသို့ပြောလေ၏။

မြတ်သောမင်းကြီး ဤအမည်ရှိသော သင်၏ကျွန်မသည် ယခု သင့်ကို အကြောင်းပြု၍ ကိုယ်ဝန်ရှိနေပြီ၊ မြတ်သောမင်းကြီး ယခုအခါ သင့် ချစ်မယားလေးကို ကိုယ်ဝန်အစောင့်အရှောက် ပြုလုပ်ပေးပါလော့ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ မင်းကြီးသည် ရှက်လည်းရှက် အမျက်လည်း ထွက်ကာ စိတ်မချမ်းသာရကား အို မိဖုရားကြီး ပျက်စီးလေဘိလော ဤကျွန်မသည် ထမင်းချက်သမား ယောကျ်ားများနှင့် ကျူးလွန် ပျော်ပါး၍ ကိုယ်ဝန်ရရှိခြင်း ဖြစ်ပေမည်၊ ကျွန်ုပ်မူကား ဤကျွန်မအား တကြိမ် တခါမျှ လွန်ကျူးပျော်ပါးခြင်း မရှိပါ ဟု မိမိ၏ မိဖုရားကြီးအား လိမ်လည်လှည့်ဖျား မုသားစကား ပြောဆိုပြီးနောက် မင်းကြီးသည် မိမိ၏ အပြုအမူကို များစွာ ရှက်လှသောကြောင့် ညဘက်တွင် လူသတ်သမား တယောက်ကိုခေါ်၍ အချင်းလူသတ်သမား ယခုပင် ဤ ကျွန်မိန်းမကို ခေါ်၍ မြို့ပြင်သို့ ဆောင်ယူသွားပြီး ယခုညတွင်းချင်းပင် သတ်ပစ်ပါလော့ ဟု စေခိုင်းလေ၏။

## ဘုရားလောင်း၏ဘုန်းကံ နတ်တို့စိမ့်

ထိုအခါ ယင်းအမျိုးသမီး၏ ဝမ်း၌ရှိသော ဘုရားလောင်း၏ တန်ခိုး အာနုဘော်ကြောင့် မင်းကြီး၏ ထီးဖြူစောင့် နတ်သားသည် ထိုလူသတ် သမား၏ စိတ်ကို (နူးညံ့အောင်) လှည့်စားလှည့်ပတ်သဖြင့် ထိုအမျိုး သမီးကို မသတ်တော့ဘဲ အမျိုးသမီးကို မိမိအိမ်သို့ ခေါ်ဆောင်သွား လျက် အိမ်၏အလယ်၌ ချမ်းသာစွာနေစေလျက် ဗြဟ္မဒတ်မင်းထံ သွား ရောက်၍ အရှင်မင်းကြီး၊ ထို ကျွန်မိန်းမကို ညကပင် သတ်ဖြတ်ပစ်လိုက် ပါပြီဟု မင်းကြီးအား လိမ်လည် လှည့်စား၍ ပြောကြားလေ၏။ ထိုစကား ကြားသောအခါ မင်းကြီးသည် အချင်း လူသတ်သမား၊ ကောင်းလှပါ ပြီဟု ဆို၍ လူသတ်သမားအား ပစ္စည်း ဥစ္စာများစွာ ပေးကမ်း ချီးမြှင့် လေ၏။ ထိုအခါမှစ၍ ထိုအမျိုးသမီးသည် လူသတ်သမား၏ အိမ်၌ ချမ်းသာစွာ နေလေရာ ဆယ်လစေ့သောအခါ ရွှေအဆင်းနှင့် တူသော အဆင်းရှိသည့် သားယောကျ်ားကို ဖွားမြင်၏။ လူသတ်သမားသည်

ဘုရားလောင်းအား အမည်မှည့်သောနေ့၌ သုဝဏ္ဏကုမာရဟု အမည်ပေးလေ၏။ ဘုရားလောင်းသည် အစဉ်သဖြင့် ကြီးပြင်းလာ၍ ခုနစ်နှစ်အရွယ်ရောက်သောအခါ လှပတင့်တယ် ရှုချင်ဘွယ် ရုပ်အဆင်းရှိ၍ မိခင်နှင့်အတူလူသတ်သမား အိမ်၌ နေလေ၏။

ထိုအခါ မင်းကြီး၏ ထီးဖြူစောင့် နတ်သားသည် မိခင်နှင့် အတူတကွဘုရားလောင်းအား မင်းအဖြစ်ဖြင့်တည်ရှိစေလို ရကား ဗြဟ္မဒတ်မင်းအား ကိုယ်ထင်ပြလျက် "မြတ်သောမင်းကြီး၊ ကျွန်ုပ်သည် သင့်အား ပြဿနာတို့ကိုမေးမည်၊ သင်သည် ကျွန်ုပ်မေးသော ပြဿနာကို အကယ်၍ ဖြေနိုင်အံ့၊ သင့်အဖြေသည် ကောင်းသော အဖြေ ဖြစ်ပါသည်၊ အကယ်၍ မဖြေနိုင်လျှင်ကား ဤသံတူဖြင့် သင့်ဦးခေါင်းကို ခုနစ်စိတ် ကွဲစေအံ့"ဟု ဆို၏။

၁-၃။ ၁- တခုသာ ဖြစ်၏၊ နှစ်ခုမဟုတ်။
၂- နှစ်ခုသာဖြစ်၏၊ သုံးခု မဟုတ်။
၃- သုံးခုသာ ဖြစ်၏၊ လေးခု မဟုတ်။
၄- လေးခုသာ ဖြစ်၏၊ ငါးခုမဟုတ်။
၅- ငါးခုသာ ဖြစ်၏၊ ခြောက်ခုမဟုတ်။
၆- ခြောက်ခုသာ ဖြစ်၏၊ ခုနစ်ခု မဟုတ်။
၇- ခုနစ်ခုသာ ဖြစ်၏၊ ရှစ်ခုမဟုတ်။
၈- ရှစ်ခုသာဖြစ်၏၊ ကိုးခုမဟုတ်။
၉- ကိုးခုသာဖြစ်၏၊ ဆယ်ခု မဟုတ်။
၁၀- ဆယ်ခုသာ ဖြစ်၏၊ ဆယ့်တစ်ခု စသည်မဟုတ်။

ဤ ပြဿနာ ဆယ်ခုကို အလျင်အမြန် ဖြေပါလော့။

## ဗြဟ္မဒတ်မင်း သောက ရောက်ခြင်း

ဤသို့ ဆိုပြီးနောက် နတ်သားသည် ကွယ်ပျောက် သွားလေ၏။ နတ်သား၏ အမေးစကားကို ကြား၍ ဗြဟ္မဒတ်မင်းသည် ကြောက်ရွံ့ထိတ်လန့်လျက် တုန်လှုပ်သော စိတ်နှလုံး ရှိရကား ခန္ဓာကိုယ်မှ ချွေးများထွက်

သည်အထိ မေးခွန်း ပြဿနာ၏အဖြေကို ကြံစည်ပါသော်လည်း ထိုပြဿနာဆယ်ခုအနက် တခုကိုမျှ ဖြေဆိုခြင်းငှါ မစွမ်းနိုင်ချေ၊ ထိုအခါ ဗြဟ္မဒတ်မင်းသည် အမတ်စသော လူအပေါင်းတို့ကို စည်းဝေးစေ၍ "အို အမတ်များတို့၊ နတ်သားတယောက်သည် ကျွန်ုပ်အား ပြဿနာ ဆယ်ရပ်ကိုမေးပါ၏၊ ကျွန်ုပ်သည် ယင်းပြဿနာ ဆယ်ရပ်ကို မဖြေနိုင်ပါ၊ ပါခုလာကြသော ပုဂ္ဂိုလ်များထဲမှ တစုံတယောက်သည် ယင်းပြဿနာကို ဖြေနိုင်လျှင် ထိုသူအား ကျွန်ုပ်သည် များစွာသော စည်းစိမ်ဥစ္စာ အခြံအရံတို့ကိုပေးပါအံ့"ဟု အမတ်နှင့် ပရိသတ်အပေါင်းအား မေးလေ၏။

ထိုအခါ ထိုလူသတ်သမားသည် မင်း၏စကားကို ကြားသဖြင့် မိမိအိမ်သို့သွား၍ ထိုအကြောင်းကို ဘုရားလောင်းအားရင်း, မိမိ၏မယားအားရင်း ပြောကြားလေ၏။ ဘုရားလောင်းသည်ကား တိဟိတ်ပဋိသန္ဓေဉာဏ်ရှိသူဖြစ်ရကား ထိုလူသတ်သမား၏ စကားကိုကြား၍ ဤသို့ဆို၏။ အို ဖခင် ကျွန်ုပ်သည် ဤပြဿနာဆယ်ရပ်ကို ဖြေဆိုပါအံ့၊ ဤပြဿနာဆယ်ရပ်ကိုသာမဟုတ် အခြား မည်သည့်ပြဿနာကိုမဆို ကျွန်ုပ်အားပြောကြားပါလော့ဟုဆို၏။ နောက်တနေ့တွင် ထိုလူသတ်သမားသည် ဗြဟ္မဒတ်မင်းထံသွား၍ အရှင်မင်းကြီး ကျွန်ုပ်၏သားသည် ယင်းပြဿနာဆယ်ရပ်ကိုဖြေဆိုပါလတ့်၊ ဤပြဿနာဆယ်ရပ်ကိုသာမက ပြဿနာအရာအထောင်ကိုပင် ဖြေစွမ်းနိုင်ပါသည်ဟုလျှောက်၏။

ထိုစကားကိုကြားသောအခါ ဗြဟ္မဒတ်မင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ အို လူသတ်သမား သင်၏သားသည်ပြဿနာဖြေရန်အတွက် လိုအပ်သောအစီအရင်ဟူသမျှကို ကျွန်ုပ်အားပြောကြားပါလောဟု မိန့်ဆိုသောအခါ လူသတ်သမားသည် တဖန်မိမိအိမ်သို့သွား၍ ဘုရားလောင်းအားအကြောင်းစုံကိုပြောကြား၏။ ဘုရားလောင်းသည် မိမိအလိုရှိသော အစီအမံဟူသမျှကို ပြောကြားလိုရကား ဤသို့ဆိုလေ၏။

အို ဖခင် သင်သည် တမြို့လုံးကို တန်ဆာဆင်စေပြီး သင်တို့၏အိမ်မှ မင်း၏နန်းတော်တိုင်အောင် လမ်းတလျှောက်ကို မြေများကို ညီညွတ်စွာပြုပြီးနောက် မင်းယင်ပြင်၏အလယ်ဗဟို၌ ပလ္လင်ကြီးကိုထားလျက် ယင်း

ပလ္လင်၌ မှန်မြတ်ကောင်းမွန်သောအိပ်ရာကိုခင်းကျင်းပြင်ဆင်၍ယင်းနေရာ၌ ထီးဖြူများကို ဆောင်မိုးစိုက်ထူထားပါ။ ယင်းအပြင် မင်္ဂလာရှိသော ဆင်တော်ကိုပြင်ဆင်၍ ကျွန်ုပ်ထံသို့ခေါ်ဆောင်ခဲ့ပါ၊ ကျွန်ုပ်သည် ယင်း မင်္ဂလာဆင်တော်ကိုစီးလျက် နန်းတော်သို့ဝင်၍ မြတ်သော ပလ္လင်ထက်၌ ခင်းထားအပ်သော မြတ်သော အိပ်ရာထက်၌ နေလျက် ယင်းပြဿနာ ဆယ်ရပ်ကိုမင်းကြီးအား ဖြေဆိုပါအံ့ဟုဆိုသောအခါ လူသတ်သမားသည် မင်းကြီးထံသွား၍ ဘုရားလောင်း ပြောဆိုစီမံခိုင်းသမျှတို့ကို ပြုလုပ်စီမံ ထားရန်မင်းကြီးအား လျှောက်ထားလေ၏။ မင်းကြီးလည်းဘုရားလောင်း ပြောဆိုသည့်အတိုင်း မိမိ၏မြို့တော်ကို နတ်မြို့တော်တမျှ မွမ်းမံခြယ်လှယ် ပြင်ဆင်ပြီးလျှင် မင်းနန်းတော်မှ လူသတ်သမားအိမ်အထိ မြေများကို ညီညွတ်အောင် ညှိပြီးနောက် ငှက်ပျောရွက် ကြံရွက် ရေပြည့်အိုး တံခွန် ကုက္ကား စသော လမ်းဘေး ၂-ဘက်၌ပြုပြင်စီရင်ဘွယ်တို့ကို ပြုပြင်ဆင်ယင် ပြီးလျှင် လမ်း၏အထက်မှလည်း ရွှေကြယ်တို့ဖြင့် အဆန်းတကြယ် ပြုလုပ် ထားသော ဗိတာန်မျက်နှာကြက်တပ်ဆင်ထားလျက် လမ်းဘေး ၂-ဖက်တို့၌ ထီး, စာမရီသားမြီးယပ်တောင်တို့ကို ထားစေ၍ ပန်းပေါက်ပေါက်စသည် တို့ကိုကြဲစေလျက် ဘုရားလောင်းကိုဆောင်ယူစေ၏။

ထိုအခါ ဘုရားလောင်းသည် မိမိကိုယ်ကို တန်ဆာဆင်၍ မင်္ဂလာ ဆင်တော်၏ ကျောက်ကုန်းထက်သို့တက်ပြီးလျှင် အမတ်ပုဏ္ဏား အိမ်ရှင် စသော လူအပေါင်းခြံရံလျက် ပြုပြင်စီမံထားသော လမ်းတလျှောက်မှ ကြွသွားတော်မူ၍ မင်းယင်ပြင်၌ ပလ္လင်ကြီးပေါ်ရှိအိပ်ရာထက်သို့ တက်ပြီး လျှင် ထီးဖြူအောက်မြတ်သောအိပ်ရာထက်၌ သိကြားမင်းကဲ့သို့တင့်တယ်စွာ နေတော်မူလေ၏။ ထိုခဏ၌ ဗြဟ္မဒတ်မင်းသည် ဘုရားလောင်းထံ ချဉ်းကပ် လျက် အမောင်ပညာရှိလုလင် ကျွပ်၏ထီးဖြူစောင့်နတ်သားသည် ကိုယ်ထင် ပြလျက် ကောင်းကင်၌ ရပ်ကာ ကျွန်ုပ်အား ပြဿနာ ဆယ်ရပ်ကို မေးမြန်းပါသည်၊ အကျွန်ုပ်သည်ကား ယင်း ပြဿနာ ဆယ်ရပ်ကို ဖြေ ဆိုခြင်းငှါ မစွမ်းနိုင်ပါ၊ ထို့ကြောင့် ယခုအခါ သင်ပညာရှိ လုလင်သည် ယင်း ပြဿနာဆယ်ရပ်ကို ကျွန်ုပ်အား ဖြေကြားပေးပါလော့ဟု ပြောကြား လေ၏၊ ထိုစကားကို ကြား၍ ဘုရားလောင်းက "မင်းကြီး ကောင်းပါပြီ

ယင်းပြဿနာ ဆယ်ရပ်ကို ကျွန်ုပ်အား ပြောကြားပါလော့ဟု ဆိုသော အခါ မင်းကြီးသည် ပြဿနာဆယ်ရပ်ကို ဘုရားလောင်းအား ပြောပြလေရာ ယင်း ၁၀-ပါးအနက် ရှေးဦးစွာသော ပြဿနာကို ဖြေဆိုလိုရကား ဘုရား လောင်းသည် ဤဂါထာကို ဆို၏။

## ပြဿနာ ၁၀-ခုကို ဖြေကြားပုံ

၄။ မြတ်သောမင်းကြီး လောက၌ တဆူသာဖြစ်သော နှစ်ဆူမြောက် မရှိသော အရာသည် ဖြစ်ပေါ်ပါ၏၊ ယင်းသည်ကား သစ္စာလေး ပါးကို သိသောဘုရားသည် တဆူသာ ဖြစ်ပါ၏၊ ဘုရားနှစ်ဆူ ဟူ၍ မရှိပါ။

ထိုခဏ၌ ဗြဟ္မဒတ်မင်း၏ ထီးဖြူစောင့်နတ်သည် ဘုရားလောင်း ရှေး ဦးစွာသော ပြဿနာ၏ အဖြေကို ကြားရဖြင့် ကောင်းချီးသြဘာ ပေး၍ ကောင်းကင်မှ ရတနာ ခုနစ်ပါးတို့ကို ကြဲဖြန့်လျက် ဘုရားလောင်းအား ချီးကျူး၍ ရပ်တည်လေ၏၊ မင်းကြီးသည် မင်္ဂလာဆင်တော်ကို ယူ၍ ဘုရားလောင်းအား ဓမ္မပူဇာ (တရားဟောပြော၍ လှူဒါန်းပူဇော်ခြင်း)ကို ပြု၏၊ ထိုနောက် နှစ်ခုမြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်း သည် ဤဂါထာကို ဆို၏။

၅။ မြတ်သောမင်းကြီး လောက၌ ၂-ယောက်သာ ဖြစ်၍ သုံးယောက် မရှိသော အရာသည် ဖြစ်ပေါ်ပါ၏၊ ယင်းသည်ကား မြတ်စွာ ဘုရား၏ လက်ဝဲရံ လက်ျာရံ အဂ္ဂသာဝက ၂-ပါး ဖြစ်ပါ၏။

ထိုအခါတွင် နတ်သားသည် ရှေးနည်းအတူ ကောင်းချီး ပေးလေ၏၊ မင်းကြီးလည်း မင်္ဂလာမြင်းတော်ကို ယူ၍ ဘုရားလောင်းအား ဓမ္မပူဇာကို ပြုလေ၏၊ ထို့နောက် သုံးခုမြောက်ပြဿနာကို ဖြေဆိုလို၍ ဘုရားလောင်း သည် ဤဂါထာကို ဆို၏။

၆။ သုံးပါးသာ ရှိ၍ လေးပါး မရှိသော အရာကား ဘုရား, တရား, သံဃာ ရတနာသုံးပါး ဖြစ်ပါ၏။

ထိုအခါတွင် နတ်သားသည် ရှေးနည်းအတူ ကောင်းချီးပေး၍ ပြဟ္မဒတ်မင်းသည် မိမိ၏ ကျွန်ယောကျ်ားတရာ, ကျွန်မိန်းမတရာ, နွားတရာ, ကျွဲတရာစသော အားလုံးတရာစီ ယူဆောင်၍ ဘုရားလောင်းအားဓမ္မပူဇာပြု၏၊ ထိုနောက် ဘုရားလောင်းသည် ၄-ခုမြောက်ပြဿနာကို ဖြေဆိုလို၍ ဤဂါထာ ၂-ပုဒ်ကို ဆို၏။

၇-၈။ မြတ်သောမင်းကြီး ဘုရားသာသနာတော်၌ လေးပါးသော သီလသည် ရှိ၏၊ ယင်းသည်ကား-၁။ ပါတိမောက္ခသံဝရ သီလ (ပါတိမောက်ကို စောင့်ရှောက်ခြင်း။) ၂။ ဣန္ဒြိယသံဝရ သီလ (မျက်စိစသော ဣန္ဒြေတို့ကို စောင့်ထိန်းခြင်း။) ၃။ အာဇီဝပါရိသုဒ္ဓိ သီလ(အသက်မွေးဝမ်းကျောင်းစင်ကြယ်အောင်စောင့်ထိန်းခြင်း။) ၄။ ပစ္စယသန္နိဿိတ သီလ (ပစ္စည်းလေးပါး တို့၌ မှီ၍ ဖြစ်သော စောင့်စည်းခြင်း)ဟု လေးမျိုး ရှိပါသည်။

နတ်သားသည် ရှေးနည်းတူ ကောင်းချီးပေး၍ မင်းကြီးသည် အဝတ်အထည် အမျိုးမျိုးတို့ကို ယူ၍ ဘုရားလောင်းအား ဓမ္မပူဇာ အဖြစ် ပေးလှူ၏၊ ထို့နောက် ငါးခုမြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၉။ မြတ်သောမင်းကြီး ၅-ပါးသော အရာသည်ရှိ၏၊ ယင်းသည်ကား အမြဲစောင့်ထိန်းအပ်သော ပါဏာတိပါတာ ဝေရမဏီ(သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)စသော ငါးပါးသီလတည်း။

ဤအဖြေကို ကြားသော အခါလည်း နတ်သားသည် ဘုရားလောင်းအား ကောင်းချီးပေး၍ ပြဟ္မဒတ်မင်းသည် တသောင်း ခြောက်ထောင်သော ကခြေသည် မိန်းမတို့ကို ဘုရားလောင်းအား ဓမ္မပူဇာအဖြစ် ပေးလှူ၏၊ ထို့နောက် ၆-ခုမြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၁၀။ မြတ်သောမင်းကြီး လောက၌ ၆-ခုသာဖြစ်သော အရာကား ရှိ၏၊ ယင်းသည်ကား (စတုမဟာရာဇ် စသော) ကာမာဝစရ နတ်ပြည် ခြောက်ထပ်ပါတည်း။

ဤအဖြေကို ကြားသောအခါ၌လည်း နတ်သားသည် ကောင်းချီးပေး၍ ဖြဟ္မဒတ်မင်းသည် ကုဋေတထောင် ရွှေငွေတို့ကို ဓမ္မပူဇာအဖြစ် ပေးလှူ၏၊ ထိုနောက် ၇-ခုမြောက် ပြဿနာကို ဖြေဆိုရကား ဘုရားလောင်းသည် ဤ ဂါထာ နှစ်ပုဒ်ကို ဆို၏။

၁၁-၁၂။ မြတ်သော မင်းကြီး ၇-ပါးသော အရာကား မြတ်စွာဘုရား ဟောကြားထားသော ဗောဇ္ဈင် ၇-ပါး တရားပါတည်း၊ ယင်းတို့ကား သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင် ဟု ဆိုအပ်သော ဗောဇ္ဈင် ၇ ပါးတို့ ပါတည်း။

ဤ အခါတွင်လည်း နတ်သားသည် ကောင်းချီး ပေး၍ ဖြဟ္မဒတ်မင်းသည် သားမယားတို့ကို ဓမ္မပူဇာအဖြစ် ပေးလှူ၏၊ ထို့နောက် ရှစ်ခုမြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်းသည် ဤဂါထာ ၂-ပုဒ်ကိုဆို၏။

၁၃-၁၄။ မြတ်သောမင်းကြီး ရှစ်ပါးပြားသောတရားကား ရှစ်ပါး သီလပါတည်း၊ တနည်းအားဖြင့်မဂ္ဂင်ရှစ်ပါး တရားပါတည်း၊ယင်း တို့ကား သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟု ဆိုအပ် သော မဂ္ဂင်ရှစ်ပါးတရားတို့ ဖြစ်ပါ၏။

ဤအခါတွင်လည်း နတ်သားသည် ကောင်းချီးပေး၍ ဖြဟ္မဒတ်မင်း သည် တိုင်းပြည်စည်းစိမ်တဝက်ကို ဓမ္မပူဇာအဖြစ် ပေးလှူ၏၊ ထို့နောက် ကိုးခုမြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်းသည်—

၁၅-၁၆။ မြတ်သောမင်းကြီး ၉-ပါးသောအရာကား လောကုတ္တရာ တရား ကိုးပါးဖြစ်ပါ၏။၊ ယင်းတို့ကား မဂ်စိတ်လေးပါး ဖိုလ် စိတ်လေးပါး နိဗ္ဗာန်တပါးအားဖြင့် လောကုတ္တရာတရား ၉ ပါး ဖြစ်ပါသည်။

ဤအခါတွင်လည်း နတ်သားသည်း ကောင်းချီပေး၍ ဖြဟ္မဒတ်မင်း သည် မိမိကိုယ်ကို အပ်နှင်း၍ ဓမ္မပူဇာအဖြစ် လှူဒါန်း၏၊ ထိုနောက် ၁၀-ခု မြောက် ပြဿနာကို ဖြေဆိုလိုရကား ဘုရားလောင်းသည်-

၁၇။ မြတ်သောမင်းကြီး ဆယ်ခုသော အရာကား လောက၌ ရှိပါ၏။ ယင်းသည်ကား လူတို့အလေးအမြတ် စောင့်ထိန်းအပ်သော ဆယ်ပါးသီလ တရားပါတည်း။

အမေးပုစ္ဆာ ပြဿနာ ဆယ်ရပ်ကို ဘုရားလောင်း ဖြေဆိုပြီးဆုံးသောအခါ ထီးဖြူစောင့်နတ်သည် ကောင်းချီးပေးလျက် ကောင်းကင်ထက်မှ ရတနာ ခုနစ်ပါးတို့ကို ကြဲဖြန့်၍ ဘုရားလောင်း၏ တရား ဒေသနာကို ပူဇော်ခြင်းအမှု ပြုလေ၏၊ ဗြဟ္မဒတ်မင်းသည် နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍ ဗာရာဏသီ တမြို့လုံးကို ပေးအပ်လှူဒါန်းလျက် ဘုရားလောင်းအား ပူဇော်သက္ကာရ ပြုလေ၏။

ထိုအခါ အမတ် ပုဏ္ဏား အိမ်ရှင် သူဌေး သူကြွယ်စသော များစွာသော သူတို့သည် ဘုရားလောင်း၏ အမေးပြဿနာ ဆယ်ရပ် ဖြေဆိုခြင်းကို ဝမ်းမြောက် နှစ်သက်ကြသဖြင့် ထောင်သောင်းမက သြဘာပေးကြပြီးလျှင် မိမိတို့ လက်ဝတ်တန်ဆာ ရတနာများကို ပေးလှူကြလျက် ခေါင်းပေါင်း မြှောက်ခြင်း စသည်တို့ကို ပြုကြကုန်၏၊ ထီးဖြူစောင့် နတ်သားသည် ကောင်းကင်မှ အမျိုးမျိုးသော နတ်ဝတ်တန်းဆာများ နတ်ပန်းများ နတ်၌ဖြစ်သော ရတနာများတို့ ကြဲဖြန့်လျက် ထိုနေရာ၌နေသော မင်းကြီးအား—

## လူမင်းဘုန်းကြီး နတ်မင်းမနေသာ

မြတ်သောမင်းကြီး ဤပြဿနာ ဖြေသောသူကား သင်မင်းကြီး၏ သားတော်အစစ် ဖြစ်သည်၊ အခြားသူ၏သားမဟုတ်ပေ၊ ဤသုဝဏ္ဏမင်းသားသည် ပညာရှိ၏၊ ရဲရင့်၏၊ သင်မင်းကြီး၏ အားထားရာလည်းဖြစ်၏ ပညာစွမ်း ထက်မြက်ခြင်းသည် လောက၌ ပြိုင်ဖက်ကင်းသော ပုဂ္ဂိုလ်ဖြစ်၏၊ သင်သည် ဤသုဝဏ္ဏမင်းသား၏ မိခင်နှင့် တကြိမ်မျှ ကျူးလွန်မှားယွင်းသဖြင့် ယင်းမိန်းမတွင် ကိုယ်ဝန်ရသွားခဲ့၏။ မြတ်သောမင်းကြီး ဤသုဝဏ္ဏကုမာရသည် သင်၏ သားအစစ်အမှန်ဖြစ်သည်၊ သင်သည် မည်သို့မျှ ယုံမှားသံသယ မရှိလင့် ဟု ဆိုပြီးလျှင် သုဝဏ္ဏကုမာရအား များစွာချီးကျူး၍ ဗြဟ္မဒတ်မင်းနှင့်တကွ လူအပေါင်းတို့အား ဆုံးမသြဝါဒပေးပြီးနောက် ကွယ်ပျောက်သွားလေ၏။

ယင်း နတ်သား၏ စကားကို ကြားသောအခါ လူသတ်သမားသည် ဗြဟ္မဒတ်မင်းအား အကြောင်းစုံကို ရှင်းလင်း လျှောက်ကြား၏။ ထိုလူသတ်သမား၏စကားကိုကြားရ၍ ဗြဟ္မဒတ်မင်းသည် နှစ်သက်သဘောကျသဖြင့် လူသတ်သမားအား များစွာသောဥစ္စာတို့ကိုပေးလျက် သုဝဏ္ဏကုမာရမင်းသားကို အဘိသိက်သွန်းပြီးလျှင် ယင်းမိခင်ကိုလည်း မိမိ၏မိဖုရားကြီးအရာ၌ထား၍ မြောက်စားလေ၏။ ဘုရားလောင်းသည် မင်းဖြစ်သောနေ့မှ ဘခမည်းတော်နှင့်တကွ လူအများအား ဆုံးမဩဝါဒ ပေးပြီးလျှင် ခမည်းတော်ဗြဟ္မဒတ်မင်းအား မင်းကျင့်တရားဆယ်ပါး စသောတရားတို့ကိုဟောကြားလိုရကား—

## ဘုရားလောင်း၏ အဆုံးအမဩဝါဒ

၁၈-၂၉။ အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဖြောင့်မတ်ခြင်း, နူးညံ့သိမ်မွေ့ခြင်း, ခိုးခြံစွာကျင့်ခြင်း, အမျက်မထွက်ခြင်း, ပြည်သူလူထုကို အခွန်အတုတ်အမျိုးမျိုးတို့ဖြင့် မညှဥ်းဆဲခြင်း, သည်းခံခြင်း, မှန်ကန်သောသစ္စာရှိခြင်း ဤမင်းကျင့်တရားဆယ်ပါးတို့ကို လက်စွဲထား၍ ကျင့်သုံးပါလော့။ ထမင်းလှူလျှင် အားခွန်ဗလရှိ၏၊ ဥစ္စာလှူလျှင် ဥစ္စာပေါ၏၊ စည်းစိမ်ချမ်းသာလှူလျှင် စည်းစိမ်ချမ်းသာရ၏၊ အဝတ်လှူလျှင် အဆင်းလှ၏၊ ယာဥ်လှူလျှင် ချမ်းသာစွာသွားလာရ၏၊ အခြံအရံကိုလှူလျှင် အခြွေအရံပေါများ၏၊ ဆီမီးလှူလျှင် မျက်စိမှုန်ခြင်းမရှိအမြဲကြည်လင်၏၊ မီးကိုလှူလျှင် ဘုန်းတန်ခိုးရှိ၏၊ အဖျော်ကိုလှူလျှင် သောက်သုံးဘွယ် အဖျော်ပေါများစွာသုံးရ၏၊ နှစ်သက်ဖွယ်ပစ္စည်းတို့ကို လှူလျှင် ချစ်စဖွယ်ရှိခြင်း အကျိုးကိုခံစားရ၏။ ဓမ္မဒါနပြုလျှင် ပညာရှိ၏၊ သီလစောင့်ထိန်းလျှင် ရုပ်အဆင်းလှ၏၊ ထို့ကြောင့် အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာပွားများခြင်းတို့ကိုပြုလုပ်အပ်၏။ စားသုံးဖွယ် အာမိသအမျိုးမျိုးတို့ကို စကြဝဠာအပြည့် စုပုံလှူဒါန်းလျှင် ကြီးမြတ်သော အကျိုးရှိ၏။ သို့ရာတွင် မေတ္တာ၏အကျိုးကိုမမှီပေ၊ ခုနစ်နှစ်ပတ်လုံး မေတ္တာကိုပွားများခြင်းသည် များသောအကျိုးရှိ၏။ သို့ရာတွင် တနေ့တာမျှ လက္ခဏာသုံးပါးကို ဆင်ခြင်ပွားများခြင်းအကျိုးကို မမှီ၊ ဘုရား, တရား, သံဃာ ရတနာ

သုံးပါးကို ကြည်ညိုမြတ်နိုးလျက် မေတ္တာကိုအမြဲမပြတ်ပွားများ၍လက္ခဏာသုံးပါးကို အမြဲဆင်ခြင်လျှင် မြတ်သောချမ်းသာကို ရရှိနိုင်ပေသည်။ ထိုကြောင့် ချမ်းသာကိုအလိုရှိသောပညာရှိသည် ဒါန,သီလ,ဘာဝနာ တို့ကို ပွားများအားထုတ်ကြကုန်ရာ၏။

ထိုအခါမှစ၍ ဘုရားလောင်းသည် နတ်ပြည်သွားခြင်းအကြောင်းကို ဟောကြား၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်=

၃၀။ သုဝဏ္ဏကုမာရမင်းသည် တရားဥ္စတည်လျက် လူများအပေါင်းတို့ကို အဖန်ဖန် ဆုံးမဩဝါဒပေးလျက် လူ့ပြည်, နတ်ပြည်တို့၌ ချမ်းသာကိုရရန်အတွက် ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်လေ၏။

ဘုရားလောင်း၏ ဆုံးမဩဝါဒကို ကြားနာကြရ၍ လူအပေါင်းတို့သည် နတ်ပြည်တို့၌ဖြစ်ရန်စိတ်ဆန္ဒရှိကြကုန်ရကား သူတပါးတို့အားအလှူပေးခြင်းစသောကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။ ဘုရားလောင်းနှင့်တကွ အမတ်များ, မြို့သူမြို့သားအားလုံးတို့သည် ဒါနစသောကုသိုလ်ကောင်းမှုကို ပြုကြသောကြောင့် သေသည်၏အခြားမဲ့၌ နတ်ပြည်၌ဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် ယခုမှသာ ကြီးသောပညာ, လျင်သောပညာ, ထက်သောပညာရှိသည်မဟုတ် ရှေးအခါကလည်း ငါဘုရားသည် သံသရာ၌ကျင်လည်သောအခါ ဤကဲ့သို့ ကြီးသောပညာရှိခဲ့သည်သာဖြစ်၏ဟု မိန့်တော်မူလျက် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကိုပေါင်းတော်မူလိုရကား—

**ဇာတ်တော်ပေါင်းခဏ်း**

၃၁=၃၅။ ထိုအခါ လူသတ်သမားသည် ယခုအခါ အာနန္ဒာ၊ သုဝဏ္ဏမင်းသား၏ မယ်တော်သည် မဟာမာယာ၊ ဗြဟ္မဒတ်မင်းသည် သုဒ္ဓေါဒန၊ ပြစ်မှားသောစိတ်ရှိသော ဗြဟ္မဒတ်မင်း၏ မိဖုရားသည် စိဉ္စမာနဝိကာ၊အမတ်စသောပရိသတ်တို့သည် ယခုအခါငါဘုရား၏ ပရိသတ်တို့ဖြစ်လာပြီး သုဝဏ္ဏကုမာရ မင်းသားကား ယခုအခါ ငါဘုရား ဖြစ်လာ၏။ ဤသို့ အလွန်ရိုသေသော စိတ်ထားဖြင့် ဇာတ်တော်ကို ဆောင်ကြကုန်လော့။

သုံးခုမြောက် သုဝဏ္ဏကုမာရဇာတ်ပြီး၏။

# ၄၃-သုရူပရာဇ ဇာတ်

[ဘုရားလောင်း စသော ရှေးသူတော်ကောင်း တို့သည် အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှုတို့၌ မရောင့်ရဲနိုင် ပုံကိုပြသော သုရူပရာဇ ဇာတ်]

မြတ်စွာဘုရားသည် မရိစိဝိယ အစချီသော ဤတရား ဒေသနာတော်ကို ဇေတဝန် ကျောင်း၌ နေတော်မူစဉ် မိမိ၏ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင် အဆောက်အဦ၌ စုဝေးကြကုန်လျက် ငါ့ရှင်တို့၊ ငါတို့၏ မြတ်စွာဘုရား သည် အလှူပေးခြင်း၌ ရောင့်ရဲ တင်းတိမ်ခြင်း မရှိပါ၊ ယခုအခါ သူတပါး တို့အား ဝိမုတ္တိ ချမ်းသာကို ပေးလျက် ကြီးစွာသော ကရုဏာရှိသည်သာ လျှင်တည်းဟု စကားကို ပြောဆို နေကြကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီ၌ နေလျက် ရဟန်းတို့၏ ပြောစကားကို ကြား၍ တရားစည်းဝေးရာ အဆောက်အဦသို့ ကြွတော်မူ ပြီးလျှင် ခင်း ထားအပ်သော မြတ်သော ဘုရား၏ နေရာ၌ ထိုင်နေတော်မူလျက် "ရဟန်း တို့၊ သင်တို့သည် ယခုငါဘုရား ကြွတော်မူစဉ်အခါ အဘယ်စကားကိုပြော ဆိုစည်းဝေး နေကြကုန် သနည်း" ဟု မေးတော်မူလေရာ ဤမည်သော စကား ဖြင့် စည်းဝေး နေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားသော အခါ—

ရဟန်တို့၊ ငါဘုရားသည် ယခု ဘုရားဖြစ်တော်မူသော အခါ သူတပါး တို့အား ဝိမုတ္တိ ချမ်းသာကို ပေးတော်မူခြင်းကို သင်တို့ အံ့သြစရာ မဟုတ်၊ ငါဘုရားသည် ရှေးအခါ ဘုရားလောင်း ဖြစ်စဉ်ကာလ ပုထုဇဉ် အဖြစ်၌ တည်လျက် မယားကိုရင်း၊ သားကိုပုင်း၊ မိမိကိုယ်တိုင်ကိုရင်း ပေးလှူ၍ သူတပါးတို့၏ အထံ၌ တရားနာရန် အလို့ငှါ ပေးလှူခဲ့ဘူးပြီဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတို့က ကောင်းပန် လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကို ဆောင်ခြင်း

ရဟန်းတို့ လွန်လေပြီးသော အခါ ဣန္ဒပတ္တမြို့၌ သုရူပမင်းသည် မင်းပြု၏၊ ထိုမင်းသည် သီလနှင့် ပြည့်စုံ၍ မင်းကျင့်တရား ဆယ်ပါးနှင့် အညီ ကျင့်၏၊ ငါတို့၏ မင်းကြီးသည် တရားနှင့်အညီ မင်းပြု၏ဟု မြို့သူမြို့သား အားလုံးတို့က ချီးကျူးစကား ပြောကြားကြကုန်၏၊ ထိုမင်း၏ ချစ်လှစွာသော မိဖုရားခေါင်ကြီးကား သုန္ဒရီ အမည်ရှိ၏၊ သားတော်ကား သုန္ဒရမင်းသား မည်၏၊ တနေ့သ၌ ထိုမင်းသည် မြတ်သော ပြာသာဒ်ထက်၌ နေလျက် ကျက်သရေ ရှိသော အိပ်ရာထက်၌ အိပ်ပြီး၍ နံနက်မိုးသောက်၌ အိပ်ရာမှထ၍ ပလ္လင်ထက်၌ နေလျက် မိမိခန္ဓာကိုယ်၏ မမြဲသည်၏ အဖြစ်ကို မြင်၍ မိမိခန္ဓာကိုယ်နှင့် အတူ စကားပြောဆိုလိုရကား—

၁-၂။ ငါ၏ ခန္ဓာကိုယ်သည် တံလျှပ်ကဲ့သို့ရှင်း, ရေမြှုပ်ကဲ့သို့ရှင်း, ငှက်ပျောတုံး ကဲ့သို့ရှင်း ဖြစ်၍ အနှစ်သာရ မရှိချေ၊ ဆင်းရဲမျိုးစုံတို့၏ တည်ရာဖြစ်၏၊ မစင်မကြယ် ရွံစဘွယ် တို့ဖြင့် ပြည့်၏၊ ရောဂါမျိုးစုံတို့၏ တည်ရာဖြစ်၏၊ ခန္ဓာကိုယ်သည် အမြဲမရှိ၊ ထို့ကြောင့် ယနေ့ပင် သေခြင်းသို့ ကျရောက်လတံ့။

ဤသို့ ဆိုပြီးနောက် သုရူပမင်းသည် မိမိ၏စိတ်နှင့် ပြောဆိုလိုရကား—

၃-၄။ မှည့်သော သစ်သီးသည် မြေသို့ ကြွေကျရန် မုချသေချာ ဖြစ်သကဲ့သို့ မွေးဖွါး ဖြစ်ပေါ်လာသော သတ္တဝါတို့အား သေခြင်းတရားသည် မလွဲမသွေ ဖြစ်ရပေ၏၊ သစ်ပင်ထက်၌ ရှိသော သစ်သီးသည် မမှည့်ခင်သာ တည်ရှိ သကဲ့သို့ သတ္တဝါတို့၏ အသက်သည်လည်း သေခြင်းသို့ မရောက်မီသာ တည်ရှိနိုင်၏၊ ချောင်းငယ် မြောင်းငယ်၌ရှိသော ရေသည် မမြဲ တည်တံ့ခြင်း မရှိ မကြာမီ ကုန်ခန်း ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ လောက၌ အသက်သည် သတ္တဝါတို့ကို မှီ၍ တည်၏၊ အမြဲမရှိ၊ ခန္ဓာကိုယ် ပျက်စီးလျှင် အသက်သည်လည်း ကုန်ခန်းခြင်းသို့ ရောက်၏၊ ချောင်းငယ် မြောင်းငယ်၌ ရှိသောရေသည် မကုန်ခန်းမီ သာလျှင် တည်သကဲ့သို့ ထို့အတူ လောက၌ ဖြစ်သော သတ္တဝါသည်လည်း သေခြင်းသို့ မရောက်မီ

သာလျှင် တည်ရှိနိုင်၏၊ မြက်ဖျား၌ တည်သော ရေပေါက်သည် နေရောင်လာလျှင် ကွယ်ပျောက်ပျက်စီး သကဲ့သို့ ထို့အတူ လူတို့၏ အသက်သည်လည်း သေခြင်းတရား ဖြစ်ပေါ်လာသောအခါ၌ လျင်မြန်စွာ ကျေပျောက်ပျက်စီးရ လေ၏။

ဤသို့လျှင် မိမိ၏စိတ်ကို (ထင်ရှားသောစိတ်ကို) ထင်ရှားသော ဥပမာများဖြင့် နှိုးနှော်ပြဆိုပြီးနောက် ထိတ်လန့်ခြင်းသံဝေဂဖြစ်ရကား ယခုအခါ ငါသည် အဘယ်သူ၏ အထံ၌တရားနာရ ပါအံ့နည်း၊ အဘယ်သူသည်ငါ့အား တရားဟောပါ လတ္တံ့နည်းဟု တွေးတော ကြံစည်လျက် ပြာသာဒ်ထက်မှ သက်ဆင်းပြီးလျှင် ဦးခေါင်းနှင့် တကွ ရေချိုးပြီးနောက် အရသာ အမျိုးမျိုးရှိသောစားသောက်ဖွယ်တို့ကို စားသောက်ပြီး တရားဆုံးဖြတ်ရာရတနာပလ္လင်ထက်၌ နေ၍ အမတ်တို့ကို မေးမြန်းလိုရကား—

## တရားနာလိုသော်လည်း ဟောကြားမည့်သူမရှိ

၉။ အို အမတ် အပေါင်းတို့ ကျွန်ုပ်သည် မွန်မြတ်လှစွာသော တရားစကားကို နာကြားလိုလှပါ၏၊ ကိလေသာမှ ကင်းလွတ် စင်ကြယ်စေရန်အတွက် ဆန်းကြယ်သော တရားစကားကို အဘယ်သူသည် ကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်ပါလတ္တံ့နည်း။

မင်း၏ ထိုစကားကို ကြားကြ သဖြင့် အမတ်တို့သည် သုရူပမင်းအား မြွက်ကြားလိုရကား—

၁၀။ မြတ်သောမင်းကြီး ယခုအခါ ဘုရားပွင့်တော် မူခြင်းလည်း မရှိသဖြင့် အဘယ်သူသည် မြတ်သောတရားကို သိပါအံ့နည်း၊ အရှင်မင်းကြီး အားလည်း တရားနာကြားရန် အခွင့် အဘယ်မှာရှိပါအံ့နည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''အို အမတ်တို့ ယခုအခါ ငါ၏အကြောင်းဥပါယ်ဖြင့် တဦးတယောက်၏အထံ၌ တရားနာရန် ရပါလတ္တံ့''ဟုဆို၍ ထိုအမတ်တို့ကို ပြောကြားတိုင်ပင်လိုရကား—

၁၀။ အို အမတ်အပေါင်းတို့ ကျွန်ုပ်သည် အကြောင်းဥပါယ်ဖြင့် တဦး တယောက်၏အထံ၌ တရားနာရရန် အခွင့်ကိုရပါလတ္တံ့ဟုဆို၍ အမတ် တို့ကိုပြောကြားလိုရကား—

၁၁။ အိုအမတ်အပေါင်းတို့ ကျွန်ုပ်သည်အကြောင်းဥပါယ်ဖြင့်မြတ်သော တရားကို ကြားနာရပါလတ္တံ့၊ ဤနေရာသို့ ကြွရောက်လာကြ ကုန်သော အမတ်အားလုံးတို့သည် ကျွန်ုပ်၏စကားကို နားထောင် ကြပါကုန်လော့။

ထိုစကားကို ကြားသောအခါ အမတ်တို့သည် ဘုရားလောင်းအား ယင်းအကြောင်း ဥပါယ်ကိုမေးမြန်းလိုရကား—

၁၂။ မြတ်သောမင်းကြီး အဘယ်သို့သော အကြောင်း ဥပါယ်ဖြင့် သင်မင်းကြီးသည်မြတ်သောတရားကိုနာကြားရပါလတ္တံ့နည်း၊ထိုအကြောင်း ဥပါယ်ကိုကျွန်ုပ်တို့သိလိုကြပါကုန်၏။

ထိုအခါ ဘုရားလောင်းသည် အမတ်တို့ကို "အို အမတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏ရွှေစင်တသောင်းကိုယူ၍ မြတ်သောရွှေရတနာကြုတ်၌ ထည့်ပြီးလျှင် ယင်းရွှေကြုတ်ကိုဆင်၏ကျောကုန်းပေါ်၌တင်၍ တမြို့လုံးကို လှည့်လည်လျက် "အို ဣန္ဒပတ္တမြို့သူမြို့သား အပေါင်းတို့ အကြင်သူသည် သုရူပမင်းကြီးအား မြတ်သောတရားကိုဟောခြင်းငှါစွမ်းနိုင်၏။ ထိုသူသည် ဤရွှေစင် တသောင်းကိုရင်း၊ ဤရတနာရွှေကြုတ်ကိုရင်း, ဆင်ကိုရင်း၊ ဤဥစ္စာပစ္စည်းတို့တို့ရင်း ရပါလတ္တံ့၊ သုရူပမင်းကြီးကလည်း ယင်းသို့တရား ဟောစွမ်းနိုင်သူအား အကြီးအကျယ်ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ခြင်းကိုပြုပါ လတ္တံ့",ဟု ကျွန်ုပ်၏စကားအတိုင်း စည်ကိုဆော်၍ လှည့်လည် ကြွေးကြော် ကြပါကုန်လောဟု မိန့်တော်မူ၏။

ထိုအခါ အမတ်တို့သည် သုရူပမင်းကြီး အမိန့်ရှိသည့်အတိုင်း ဣန္ဒပတ္တ မြို့လုံးကို ခုနစ်ရက်တိုင်တိုင် လှည့်လည် ကြွေးကြော်ကြကုန်၏။ သို့သော် တရားဟောစွမ်းနိုင်သူကား တဦးတယောက်မျှပေါ် ထွက်မလာပေ။ဤနည်း အတိုင်း ၇-လ ၇-နှစ် တိုင်တိုင် ကြွေးကြော်ပါသော်လည်း တရား

ဟောစွမ်းနိုင်သူ တဦးတယောက်မျှထွက်ပေါ်၍မလာသောကြောင့် အမတ်တို့သည် "အရှင်မင်းကြီး၏ နိုင်ငံတဝှမ်းလုံးတွင် အရှင်မင်းကြီးအား တရားဓမ္မဟောပြသွန်သင်နိုင်သောသူ တဦးတယောက်မျှ မရှိပါကြောင်း" ဟုရှင်မင်းပြတ်အား သံတော်ဦးတင်ကြလေကုန်၏။

## တရားနာရဘို့အရေး တပျိုးကြံတွေးပြန်

ထိုစကားကိုကြားသောအခါ သုရူပမင်းကြီးသည် စိတ်နှလုံး မချမ်းမသာဖြစ်လျက် ခေါင်းငိုက်စိုက်ချကာ ကြံမှိုင်လျက် ငါသည် ဘုန်းကံနည်းပါးပေစွ၊ ငါ့အား တရားဟောမည့်သူ တဦးတယောက်မျှ ပေါ်ထွက်မလာပါတကားဟုငြီးတွားလျက် "ယခုအခါ အကြင်သူ တဦးတယောက်သည် ငါ့အားတရားဟောရန်လာငြားအံ့၊ ထိုသူသည် ငါ၏မယား သားသမီး, ကျွန်မိန်းမ, ကျွန်ယောကျ်ား, ဆင်, မြင်း, နွား,ကျွဲ စသော သက်ရှိပစ္စည်းကိုရင်း၊ တိုင်းပြည် စည်းစိမ်, ရွှေ, ငွေ, ရတနာခုနစ်ပါး, ပတ္တူပစ္စည်းအမျိုးမျိုး စသော သက်မဲ့ပစ္စည်းတို့ကိုရင်း၊ ဦးခေါင်း, အသည်းနှလုံး, အသား, အသွေး ခန္ဓာကိုယ်တခုလုံး၊ သို့မဟုတ် ခန္ဓာကိုယ်တဝက် စသောအတွင်းအဇ္ဈတ္တိကပစ္စည်းကိုရင်း၊ အကြင် ပစ္စည်းဥစ္စာ အရာဝတ္ထုကို အလိုရှိ၏၊ ထိုသူအလိုရှိသမျှကို ကျွန်ုပ်သည် သဒ္ဓါရက်ရော နှမြောမတွန့် ပေးစွန့်လှူဒါန်းပါအံ့"ဟုကြံလျက် အမတ်တို့နှင့်အတူစကားကိုဆိုလိုရကား-

၁၃-၁၅ သားနှင့်သမီး ဇနီးမယားဟူသော သက်ရှိပစ္စည်း ဥစ္စာစပါး ဝတ်စား ရွှေငွေဟူသော သက်မဲ့ပစ္စည်းတို့သည် လောက၌ ရ ရန် မခဲယဉ်း, လွယ်ကူလှပါ၏၊ ဘုရားပွင့်ရာ အခါနှင့် ကြုံကြိုက်ရန်ကား အလွန်တရာ ခဲယဉ်းလှပါ၏၊ ထိုနည်းတူစွာ သံဃာတော်တို့ကို ဖူးမြင်ရရန် သူတော်ကောင်းတရားကို ကြားနာရရန်သည်လည်း အလွန်တရာ ခဲယဉ်းလှပါ၏၊ ငရဲ၌ ကျရောက်နေသူအား ဆင်းရဲဒုက္ခတို့ အမြဲမပြတ် နှိပ်စက်နေသောကြောင့် ချမ်းသာသုခ ဟူသရွေ့ မှုံ့ငွေ့မျှ မရှိသကဲ့သို့ ငါ့မှာလည်း တရားဓမ္မကို ကြားနာရရန် အဘယ်မှာ ရှိနိုင်ပါလတံ့နည်း။

## ဘုရားလောင်းအကြံအစည် သိကြားမင်းမနေနိုင်ပြီ

ဘုရားလောင်းသည် ဤသို့ကြံစည်သောအခါ ဘုရားလောင်း၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ဒါမနုန်ယစ်သော ဆင်ကဲ့သို့ မြည်ဟည်းတုန်လှုပ်၏၊ မဟာသမုဒ္ဒရာသည် ချောက်ချား၏၊ မြင်းမိုရ်တောင်မင်းသည် ဝါလ္ဗုပတ္တမြို့သို့ ရှေးရှုညွတ်ကိုင်း၏၊ ထိုခဏတွင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြ၏၊ ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လျက် ဤဂါထာကို ဆို၏။

၁၆။ အလှူပေးခြင်း မြတ်သောအကျင့်ကို ကျင့်ခြင်းဖြင့် ကောင်းသော အကျင့်ကို ကျင့်သောသူကား အသူနည်း၊ လူလော နတ်လော ထိုသူသည် ငါ့အား တည်ရာဘုံဌာနမှ ရွေ့လျောစေလိုဘိ၏။

ယင်းသို့ ဆင်ခြင်သောအခါ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ ယခုအခါ ဘုရားလောင်း သုရူပမင်းသည် သူတပါးထံမှ တရားဓမ္မကို နာကြားလို၍ မိမိ၏ မယား သားသမီးနှင့် မိမိကိုယ်တိုင်ကိုရင်းအခြား ဥစ္စာပစ္စည်းကိုရင်း စွန့်လွှတ် လှူဒါန်းလိမ့်မည်၊ ငါသည် ယင်းသုရူပမင်းကြီး၏ စိတ်အလိုဆန္ဒကို ပြည့်ဝစေအံ့ဟု ကြံလျက် သိကြားမင်းသည် သိကြားမင်းအဖြစ်ကို ပယ်စွန့်လျက် ဘီလူးအသွင် ဖန်ဆင်းပြီးလျှင် မျက်လုံးနီနီ လက်သည်းခြေသည်း ရှည်ရှည် ကြောက်မက်ဖွယ်သော အသံကြီးဖြင့် ဘုရားလောင်း၏ရှေ့တွင် ရပ်လျက်နေလေ၏၊ ထိုဘီလူးကြီးကို မြင်သောအခါ လူအပေါင်းတို့သည် ကြောက်ရွံ့ ထိတ်လန့်ကြကုန်သဖြင့် ထိုမှ ဤမှ ပြေးလွှားကြကုန်၏။ ထိုအခါ ဘီလူးကြီးကို တွေ့၍ ဘုရားလောင်းသည် ဘီလူးကြီးလာခြင်း၏အကြောင်းကို မေးမြန်းလိုရကား—

၁၇။ အို ဘီလူးကြီး အဘယ်အကျိုးငှါ ကျွန်ုပ်ထံသို့ လာပါသနည်း၊ လာခြင်း၏အကြောင်းကို ပြောကြားပါလော့။

ဘုရားလောင်းစကားကို ကြားသောအခါ ဘီလူးယောင်ဆောင်သော သိကြားမင်းသည် မြတ်သောမင်းကြီး ကျွန်ုပ်သည် သင့်အား တရားဓမ္မဟောပြရန် လာပါသည်ဟု ပြောဆိုလျက်—

၁၀။ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီးအား တရားဓမ္မ ဟောပြောပြရန် ဤအရပ်သို့ လာပါသည်၊ သင်မင်းကြီးသည် ကျွန်ုပ်၏ အထံ၌ ရိုသေစွာ နာယူပါလော့။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် နှစ်သက် ဝမ်းမြောက်လျက် ယက်ဖြန့် တောင်းသောအခါ အသပြာ တထောင်ကို လက်ထည်းသို့ ထည့်လိုက် သကဲ့သို့၄င်း၊ ရွှေအိုးကို ရသကဲ့သို့၎င်း နှစ်သက်ခြင်းဖြင့်ပြည့် သောစိတ်နှလုံး ရှိရကား "အို ဘီလူးကြီး၊ ကောင်းလှပါ၏၊ ယခုအခါ သင်ဘီလူးကြီးသည် ကျွန်ုပ်အား တရားဓမ္မ ဟောပြောပါလော့"ဟု ဆို၏၊ ထိုအခါ ဘီလူးယောင်ဆောင်သော ဘိကြားမင်းသည် သုရူပ မင်းကြီး အား "မြတ်သောမင်းကြီး၊ ယခုအခါ ကျွန်ုပ်သည် ဆာလောင် မွတ်သိပ် နေပါသဖြင့် သင်မင်းကြီးအား တရားဟောရန် မစွမ်းနိုင်ပါ"ဟု ဆို၏။

ထိုအခါ သုရူပမင်းကြီးသည် မိမိ စားသုံးမည့် မွန်မြတ်သော ထမင်း ဟင်း စသော စားသောက်ဖွယ်များကို ရွှေခွက်၌ ထည့်လျက် ဘီလူး ကြီးအားပေး၏။ ဘီလူးယောင်ဆောင်သော သိကြားမင်းသည် သုရူပ မင်းကြီးထံမှ ယင်းအစားအစာများကို မစားဘဲနေ၏။ ထိုအခါ သုရူပ မင်းကြီးက "အို ဘီလူးကြီး၊ အဘယ့်ကြောင့် ထမင်းစသော အစား အစာများကို မစားပါသနည်း"ဟု မေး၏။

## အလှူခံတို့အကြိုက်လှူပါအံ့

ထိုအခါ ဘီလူးယောင်ဆောင်သော သိကြားမင်းက အို မြတ်သော အရှင်မင်းကြီး၊ ကျွန်ုပ်သည် ဤအစားအစာများကို မစားပါ၊ ကျွန်ုပ် စားသော အစားအစာ များကို သင်မင်းကြီး သိပါသလောဟု ဆို၏။ ထိုအခါ မင်းကြီးက အို ဘီလူးကြီး၊ သင်ကြိုက်နှစ်သက်သော အစား အစာကို ကျွန်ုပ် မသိပါဟု ဆို၏။ ထိုအခါ ဘီလူးကြီးက မြတ်သော မင်းကြီး၊ ကျွန်ုပ်သည် အသက်ရှိသော လူတို့၏ အသား အသွေးတို့ကို စားရန် ကြိုက်နှစ်သက်ပါ၏ဟု ဆိုလျက် မိမိကြိုက်နှစ်သက်သော အစား အစာတို့ကို သုရူပ မင်းကြီးအား ပြောကြားလိုရကား ဤဂါထာ နှစ်ပုဒ် ကိုဆို၏။

၁၉-၂၀။ မြတ်သော မင်းကြီး၊ ကျွန်ုပ်သည် လူတို့၏ ခန္ဓာကိုယ်၌ ရှိသော အသား အသွေးဟူသော အစာကို စားပါ၏၊ ယင်းအစားအစာကို အလွန်တရာ ကြိုက်နှစ်သက်ပါ၏၊ မြတ်သောမင်းကြီး၊ သင်မင်ကြီးသည် သင်၏ ခန္ဓာကိုယ်ကို ကျွန်ုပ်အား ပေးလှူ ပါလော့၊ ကျွန်ုပ်သည် သင့်အသားကိုစားလိုပါ၏၊ ထို့နောက် သင့်အား တရားဟောပါအံ့။

ထိုစကားကိုကြားသောအခါ သုရူပမင်းကြီးက "ကောင်းပါပြီ ဘီလူးကြီး၊သင်သည် ကျွန်ုပ်အား ရှေးဦးစွာ တရားဟောပါ၊ ကျွန်ုပ်သည် သင့်ထံမှ တရားကို နာကြား ပြီးနောက် ကျွန်ုပ်၏ ကိုယ်ကို သင့်အား ပေးလှူပါအံ့ဟု ဆို၍ မိမိကိုယ်ကို ပေးလှူလိုရကား ဤဂါထာကို ဆို၏။

၂၁။ အို ဘီလူးကြီး သင်သည် ကျွန်ုပ်၏ ခန္ဓာကိုယ် တည်းဟူသော ဥစ္စာကို အလိုရှိပါလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ ခန္ဓာကိုယ်ကို သင့်အား ပေးလှူပါ၏၊ အလိုရှိတိုင်း သုံးဆောင် ပါလော့၊ ကျွန်ုပ်အား မြတ်သောတရားကို ဟောကြားတော်မူပါ။

## သင့်အလိုဆောင်သော မိဖုရား

ထိုအခါ သုန္ဒရီမိဖုရားကြီးသည် မြတ်သော တိုက်ခန်းမှ ကျက်သရေရှိသောအိပ်ရာ၌ နေလျက် ဘီလူးကြီးနှင့် မင်းကြီးတို့ အချင်းချင်းပြောကြသော စကားကိုကြား၍ ယနေ့ပင်လျှင် ငါသည် အရှင်ဖြစ်သော သုရူပမင်းကြီး၏ စိတ်အလိုဆန္ဒကို ပြည့်ဝစေခဲ့ပါအံ့ဟု ကြံလျက် မြတ်သောတိုက်ခန်းမှ ထွက်လာပြီးလျှင် မင်း၏အထံသို့ ချဉ်းကပ်လျက် မင်းကြီးအား လက်အုပ်ချီ ရှိခိုးကာ မိမိ၏ အလိုဆန္ဒကို ပြောကြားလိုရကား ဤဂါထာကို ဆို၏။

၂၂။ မြတ်သော မင်းကြီး ကျွန်ုပ်သည် သင်မင်းကြီး၏ ကျွန်မသဖွယ် ခြေရင်း အလုပ်အကျွေး ဖြစ်ပါ၏၊ ကျွန်ုပ်သည် သင်မင်းကြီး၏ တရားနာလိုခြင်း ဟူသော စိတ်အလိုဆန္ဒကို ပြည့်ဝစေပါအံ့၊ ဘီလူးကြီးစိတ်အလိုဆန္ဒကိုလည်း ပြည့်ဝစေရန် ဘီလူးကြီးအား ကျွန်ုပ်၏ အသားကို စားရန် ပေးလှူပါအံ့။

ထိုစကားကို ပြောဆိုပြီးနောက် သုန္ဒရီမိဖုရားကြီးသည် မိမိ၏ အပြစ်ဒေါသများကို တောင်းပန် ကန်တော့လိုရကား တဖန် ဂါထာကို ဆို၏။

၂၃။ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီးအား ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ပြစ်မှား ကျူးလွန်ခဲ့သော အပြစ်တစုံတရာရှိပါလျှင် ကျွန်ုပ်အား သည်းခံကျေနပ် ခွင့်လွှတ်ပါလော့။

မိဖုရားကြီး၏ စကားကို ကြားသောအခါ သုရူပမင်းကြီးသည် နှစ်သက်သောစိတ်ရှိသဖြင့် မိဖုရားကြီးကို ပွေ့ဖက်ပြီး ဦးခေါင်းကိုငုံ့စုပ်လျက် ဘီလူးကြီးအား မြတ်သော မယား အလှူကို ပေးလှူလိုရကား ဤဂါထာကို ဆို၏။

၂၄-၂၅။ အို ဘီလူးကြီး သင့်အလိုဆန္ဒအတိုင်း ကျွန်ုပ်ကို ကရုဏာ ဟောရန် အကျွန်ုပ်၏ မိဖုရားကြီးကို သင့်အား ပေးလှူပါ၏၊ ကျွန်ုပ်သည်ချစ်လှစွာသော မယားကို ပေးလှူရသော ဤကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရပါလို၏၊ နတ်ပြည်၌ရှင်း၊ လူ့ပြည်၌ရှင်း စည်းစိမ်ချမ်းသာတို့ကို ကြာရှည်စွာ ခံစားပြီးနောက် နောင်အခါတွင် သဗ္ဗညုတဉာဏ်ကို ရ၍ ဘုရားဖြစ်ပြီးလျှင် နတ်နှင့်တကွသော လူတို့ကို ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်ရပါလို၏။

ဤသို့ ဆိုပြီးနောက် ဘုရားလောင်းသည် အို ဘီလူးကြီး ကျွန်ုပ်သည် သင့်ထံမှ တရားတော်ကို နာကြားရန်အလို့ငှါငှင်း နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်ရန်အလို့ငှါငှင်း ကျွန်ုပ်၏ ချစ်စွာသော မယားကို သင့်အားပေးလှူပါ၏ဟု ဆိုလျက် ဘီလူးကြီးအား မိဖုရားကြီးကို ပေးအပ်လိုက်၏၊ ထိုအခါ ဘီလူးကြီးသည် မိဖုရားကြီးကိုယူ၍ မိဖုရားကြီးအား စားဟန်ကဲ့သို့ငှင်း တကျွတ်ကျွတ်ဝါးမျိုဟန်ကဲ့သို့ငှင်း လက်များတွင် သွေးများ လိမ်းကျံယိုစီးဟန်ကဲ့သို့ငှင်းပြုလျက် တကယ်စားသည်ဟုပြုလျက်လူအများအား ထင်မှတ်စေပြီး လူအပေါင်းတို့မမြင်စေရန် မိမိ၏သိကြားမင်းအာနုဘော်ဖြင့် ထိုအမတ်များကြားတွင်ပင် မိဖုရားကြီးကိုထားလေ၏။ လူအများရှေ့တွင် မိဖုရားကြီးအား ဘီလူးကြီးစားသည်ကိုလူအပေါင်းတို့မြင်ကြသောအခါ ထိုနေရာ၌ ငိုကြွေးမြည်တမ်းကြကုန်၏။ ထိုနောက် ဘုရားလောင်းက

အို ဘီလူးကြီး သင်သည် ကျွန်ုပ်၏ မယားကို စားပြီးလျှင် ယခုအခါ ကျွန်ုပ်အား တရားဟောပါလော့ဟု ဆိုလေ၏။ ထိုအခါ ဘီလူးယောင်ဆောင်သော သိကြားမင်းက မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီး၏ မယားကိုစားပြီးသော်လည်း ဆာလောင် မွတ်သိပ်ခြင်း မပြေသေးပါ၊ ထို့ကြောင့် သင့်အား တရားမဟောနိုင်သေးပါဟု ဆိုလျက် ဤဂါထာကို ဆို၏။

၂၆။ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီး၏မယားကို စားပြီးသော်လည်း ဗိုက်မဝ အဆာမပြေသေးပါသဖြင့် သင့်အားတရားမဟောနိုင်သေးပါ၊ သင်၏သားကိုပေးပါလျှင် စားလိုပါသေး၏၊ ထို့နောင်မှ သင့်အားတရားဟောပါမည်။

## ဘခမည်းဆန္ဒကိုလိုက်လျောသောသား

သားတော် သုနန္ဒရမင်းသားသည် ဘခင်မင်းကြီးနှင့် ဘီလူးကြီးတို့အချင်းချင်း ပြောသောစကားကို ကြားသဖြင့် "ယနေ့ ငါသည် ဘခမည်းတော်၏ တရားနာယူလိုသောဆန္ဒကို ပြည့်စေပါအံ့"ဟုကြံလျက် နေရာမှထ၍ ဘခင်မင်းကြီးအား ရှိခိုးပြီးလျှင် "အို ဘခမည်းတော်မင်းကြီး ကျွန်ုပ်သည် သင်ဘခင်မင်းကြီး၏ ရင်မှဖြစ်သော ဩရသသားပါတည်း၊ ယခုအခါ ဘခင်ကြီးသည် ဘီလူးထံမှတရားကိုနာယူရန်အတွက် ကျွန်ုပ်ကို ဘီလူးကြီးအား ပေးလှူပါလော့ဟု လျှောက်ထား သံတော်ဦးတင်လျက် ဤဂါထာကိုဆို၏။

၂၇။ အို ဘခမည်းတော်မင်းကြီး သင်ဘခင်ကြီး၏ တရားနာယူလိုသော ဆန္ဒပြည့်ဝစေရန် ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ကို ပေးလှူပါ၏။

သားတော်၏စကားကို ကြားသောအခါ သုရူပမင်းကြီးသည် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက် သားတော်ကိုပွေ့ဖက်ပြီး ဦးခေါင်းကိုငုံ့စုပ်လျက် သား၏ညာလက်ကိုဆွဲ၍ "အို ဘီလူးကြီး ယနေ့ သားကိုလှူသောအလှူကြောင့် ကျွန်ုပ်သည် လူ့လောကဗိမာန်ကိုရင်း, စကြဝတေးမင်းစသော လူ့စည်းစိမ်ကိုရင်း၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ထင်ရှားရှိသော သိကြားမင်း

ဖြဟ္မာမင်းစသော နတ်စည်းစိမ် ဖြဟ္မာစည်းစိမ်ကိုင်း၊ သာဝကဆုကိုင်း၊ ပစ္စေကဗုဒ္ဓါဆုကိုင်း မတောင့်တပါ၊ စင်စစ်သော်ကား ဤသားကို လှူရသောဒါနကြောင့် နောင်အခါ လောကသုံးပါး၏အကျိုးစီးပွားအတွက် သဗ္ဗညုဘုရား ထင်ရှားဖြစ်ရပါလို၏ဟု ဆိုပြီးလျှင် နတ်အပေါင်းတို့အား မိမိ၏ပုတ္တဒါန သားအလှူကို အနုမောဒနာ ပြုစေလိုရကား ဤဂါထာကို ဆို၏။

၂၀။ ဤနေရာသို့ ကြွရောက်လာကြကုန်သော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏အလှူကို ဝမ်းမြောက် နှမော် သာဓုခေါ်ကြပါကုန်လော့။

ဤသို့ဆိုပြီးနောက် မင်းကြီးသည် သားတော် သုဒ္ဓရမင်းသားကို ဘီလူးကြီးအား ပေးလှူလေ၏။ ထိုအခါ ဘီလူးယောင်ဆောင်သော သိကြားမင်းသည် သုရှပမင်းကြီးထံမှ သုဒ္ဓရမင်းသားကို ယူလျက် သူတပါးတို့ မမြင်အောင် မိမိသိကြားမင်း၏ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် မင်းသားကို ကွယ်ဝှက်ထားပြီးလျှင် သုရှပမင်းကြီး၏ မျက်မှောက်၌ သားတော်ကို စားဟန်ကဲ့သို့ပင်း တကျွတ်ကျွတ် ဝါးမျိုဟန်ကဲ့သို့ပင်း လက်များတွင် သွေးများ ယိုစီးလိမ်းကျံ ကျဆင်းဟန်ကဲ့သို့ပင်း ပြုလျက် ထိုနေရာ၌ ရပ်တည်လေ၏။ ဘီလူးကို မြင်ကြသော လူအပေါင်းတို့သည် ကြောက်၍ ထိတ်လန့်ကုန်လျက် သနားစဖွယ် ငိုကြွေးကြပြီးလျှင် သုရှပမင်းကြီးထံ သွား၍ အရှင်မင်းကြီး ဤဘီလူးကြီးသည် အရှင်မင်းကြီး၏ မယားနှင့် သားတော်တို့ကို စားပြီးနောက် ယခုအခါ ကျွန်ုပ်တို့ကို စားပါလိမ့်မည် ဟု ဆိုကာ ဤစကားတို့ကို ရွတ်ဆိုကုန်၏။

## ဘီလူးဘေးရန်မှကြောက်၍ နန်းတော်၌ရှောင်ပြေးကုန်ခြင်း

၂၉-၃၂။ အရှင်မင်းကြီး ဘီလူးသည် သင်မင်းကြီး၏ မယားကို ရှေးဦးစွာစားပြီး သင်မင်းကြီး၏ သားတော်ကိုလည်း စားပါ၏၊ ဤနေရာသို့ ရောက်လာသော ဤဘီလူးသည် သင်မင်းကြီးအားပင်း ကျွန်ုပ်တို့အားပင်း မည်သို့မျှ အကျိုးကျေးဇူး ရှိမည်မဟုတ်ပါ၊ ယခုတဖန် ဘီလူးသည်

ကျွန်ုပ်တို့ကို စားပါလိမ့်ဦးမည်၊ မြတ်သောမင်းကြီး မိဖုရားနှင့် သားတို့ကို ဘီလူးစားသော အခြင်းအရာကို မြင်ကြသဖြင့် လူအပေါင်းတို့သည်၎င်း မင်းမောင်းမအပေါင်းတို့သည်၎င် လူယယ်လူရွယ်တို့သည်၎င်း ပြည့်တန်ဆာ တို့သည်၎င်း ပုဏ္ဏားတို့သည်၎င်း လက်ရုံးတို့ကို ချီမြှောက်လျက် ငိုကြွေး မြည်တမ်းကြကာ သင်၏နန်းတော်တွင်း၌ ထိုထို၌၌ ထွက်ပြေးကြကုန်၏။ သရှင်မင်းကြီးဇရပ်၌ရှိသော အမှုက်သရိုက်တို့သည် လေတိုက်ခတ်သည့် အ ဟုန်ကြောင့် ဇရပ်၌ မတည်နိုင်ဘဲ လွင့်ပျောက်သကဲ့သို့ ထိုနည်းတူစွာ ဘီလူးကို ကြောက်ရွံ့ကြကုန်သောကြောင့် လူအပေါင်းတို့သည် သင်မင်း ကြီး၏ နန်းတော်၌ ဟိုဟိုဒီဒီ ပြေးသွားရှောင်ရှားကြပါကုန်၏။

ဤသို့လျှင် လူအပေါင်းတို့၏ စကားကို ကြားသောအခါ သုရူပမင်း သည် ထိုလူအပေါင်းတို့ကို တစုံတရာမျှ မပြောဆိုဘဲ အို ဘီလူးကြီး သင် သည် ကျွန်ုပ်အား ရှေးဦးစွာ တရားကိုဟောပါ သင့်ထံမှ တရားကို နာ ပြီးလျှင်ကျွန်ုပ်သည် သင့်အား ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ပေးအပ် လှူဒါန်း ပါမည်ဟု ပြောသောအခါ ဘီလူးသည် ကောင်းပါပြီဟု လက်ခံလေ၏၊ ထိုအခါ သုရူပမင်းကြီးသည် ဘီလူး၏အထံမှ တရားတော်ကို ရိုသေစွာ နာယူလိုသဖြင့် ရတနာပလ္လင်ထက်၌ ဘီလူးကို နေစေပြီးလျှင် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက် မိမိသည် ဘီလူးအား လက်အုပ်ချီ၍ နိမ့်သော နေရာတွင် ထိုင်နေ၏၊ ဘီလူးယောင်ဆောင်သော သိကြားမင်းသည် ရှေး အခါက ကဿပမြတ်စွာဘုရား၏ အထံ၌ တရားတော်မြတ် လေးဂါထာ ကို မှတ်သားကြားနာခဲ့ရ၏၊ ယခုအခါ ကဿပမြတ်စွာဘုရား၏ အထံမှ ကြားနာခဲ့ရသော ယင်းလေးဂါထာကို သုရူပမင်းအား ဟောကြားလိုရ ကား ဤလေးဂါထာတို့ကို ဆို၏။

### ဘီလူးဟောကြား မြတ်တရား

၃၄-၃၇။ မြတ်နိုးမှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ မြတ်နိုးမှုမှ ကင်းလွတ်သောသူအား အဘယ် မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း၊ တဏှာကြောင့် စိုးရိမ် မှုဖြစ်ရ၏၊ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ တဏှာမှ ကင်း

လွတ်သောသူအား အဘယ်မှာစိုးရိမ်မှု ကြောက်ရွံ့မှုရှိတော့အံ့နည်း၊ မေ့လျော်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မေ့လျော်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မေ့လျော်မှုမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း၊ ကာမကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ကာမကြောင့်ကြောက်ရွံ့မှု ဖြစ်ရ၏၊ ကာမမှ ကင်းလွတ်သောသူအား အဘယ်မှာစိုးရိမ်မှုကြောက်ရွံ့မှုရှိတော့အံ့နည်း။

## မိမိကိုယ်ခန္ဓာ လှူဒါန်းရှာ

ဤသို့ သိကြားမင်း၏ အထံမှ မြတ်သောတရားကို ကြားနာရသောကြောင့် ဘုရားလောင်းသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် ဘုရားရှင်၏ မျက်မှောက်ထံပါးမှ နာကြားရ သကဲ့သို့ မှတ်ထင်ပြီးလျှင် ဘီလူးအား ရတနာ ခုနစ်ပါးတို့ဖြင့် • လှူဒါန်းပူဇော်လျက် ဘီလူးအား မိမိကိုယ်ကို လှူဒါန်းလို၍ "အို ဘီလူးကြီး ကျွန်ုပ်သည် မိမိကိုယ်ကို ချစ်ခင်တွယ်တာ မြတ်နိုးပါ၏၊ သို့သော်လည်း မိမိကိုယ်ကို မြတ်နိုးချစ်ခင်ခြင်းထက် သဗ္ဗညုတ ညာဏ်တော်ကို အဆအရာ အဆအထောင် အဆအသိန်းမက ချစ်ခင်မြတ်နိုး လှပါ၏၊ ထို့ကြောင့် ကျွန်ုပ်၏ ဤခန္ဓာကိုယ် အလှူသည် ဘုရားဖြစ်ခြင်း၏ အထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဆိုလျက်—

၃၈-၃၉။ အို ဘီလူးကြီး ကျွန်ုပ်သည် တရားကို နာလိုသည် ဖြစ်၍ သင့်အား မိမိကိုယ်ကို ပေးလှူပါ၏၊ ဤသို့ စွန့်ကြဲ လှူဒါန်းသော အကျွန်ုပ်သည် သဗ္ဗညုတညာဏ် တည်းဟူသော အကြောင်းကြောင့် လှူဒါန်းခြင်း ဖြစ်ပါသည်၊ အခြားဆုများကို မကြံစည် မတောင့်တပါ၊ အို ဘီလူးကြီး အကျွန်ုပ်သည် မိမိကိုယ်ကို မမုန်းပါ၊ မြတ်နိုး ချစ်ခင်သည်သာ ဖြစ်ပါ၏၊ ထို့ထက်ပင် သဗ္ဗညုတညာဏ်ကို မြတ်နိုး ချစ်ခင်သောကြောင့် မိမိကိုယ်ကို သင့်အား ပေးလှူခြင်း ဖြစ်ပါ၏။

ဤသို့ ဆိုပြီးလျှင် သုရူပမင်းကြီးသည် မိမိကိုယ်ကို ဘီလူးအား ပေးလှူ အပ်နှင်း၏၊ ထိုခဏ၌ပင် မြေကြီးတုန်လှုပ်ခြင်း စသော အံ့ဩဘွယ်တို့သည်

ထင်ရှား ဖြစ်ပေါ်ကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်-
၄၀-၄၂။ ထိုအခါ ဘုရားလောင်းသည် မိမိကိုယ်ကို လှူဒါန်းစဉ်၌ ကြောက်ရွံ့ထိတ်လန့်ဘွယ် ကြက်သီးမွေးညှင်း ထဘွယ်သည် ဖြစ်လေ၏၊ တမြို့လုံးသည် တုန်လှုပ်ချောက်ချား၏၊ ဘုရားလောင်းသည် မိမိကိုယ်ကို ပေးလှူသောအခါ ကြီးကျယ်များပြားသော ကောင်းချီးပေးခြင်း တို့သည် တခဲနက် အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏၊ ထိုအခါ၌ ပြန့်ပြောကြီးကျယ် ကြောက်မက်ဖွယ်သော အသံသည် ဖြစ်လေ၏ ဟု မိန့်တော်မူ၏။

## မိဖုရားနှင့်သားတော်ကို ပြန်ပေးခြင်း

ထိုအခါ ဘုရားလောင်း သုရူပမင်းကြီး၏ အပြုအမူကို မြင်သဖြင့် ဘီလူးယောင် ဆောင်ထားသော သိကြားမင်းသည် အံ့ဩသောစိတ် ရှိသည် ဖြစ်၍ ချီးမွမ်းခြင်းကို ပြုလျက်"မြတ်သောမင်းကြီး သင်သည် နောင်အခါ၌ စင်စစ်ကေန် ဘုရားဖြစ်ပါလတ့်၊ မြတ်သောမင်းကြီး ကျွန်ုပ်သည် ဘီလူး မဟုတ်ပါ၊ သိကြားမင်း ဖြစ်ပါ၏၊ ယခုအခါ သင်၏ ပါရမီ ပြည့်စေရေး အတွက် ဤအရပ်သို့ လာခြင်းဖြစ်ပါသည်"ဟု ဤဂါထာကို ဆိုလေ၏။

၄၃။ မြတ်သောမင်းကြီး သင်၏ ထံသို့လာသော ကျွန်ုပ်သည် သိကြားမင်း ဖြစ်ပါ၏၊ သင်သည်မိမိကိုယ်ကို ပေးလှူခြင်းကြောင့် နောင်အခါ၌ ဘုရားဖြစ်ပါလတ့်။

ဤသို့ ပြောဆိုပြီးလျှင် သုရူပမင်းကြီးအား မိမိသိကြားမင်း အဖြစ်ကို ပြောကြားလျက် မယားအလှူ, သားအလှူတို့ကို သာဓုအနုမောဒနာ ပြုပြီးနောက် မြတ်သောမင်းကြီး သင် မင်းကြီး၏ မယားနှင့် သားတို့သည် အသက်ထင်ရှား ရှိပါ၏၊ ထို့ကြောင့် ထိုမယားနှင့် သားတို့ကို သင့်အား ပေးပါ၏ဟု ဆို၍ ဤဂါထာကို ဆို၏၊

၄၄။ မြတ်သောမင်းကြီး သင်သည် မယားသားနှင့် မိမိကိုယ်ကိုစွန့်လွှတ် လှူဒါန်းခဲ့ပါ၏၊ သင်သည် ထိုမယားနှင့် သားတို့ကို ကျွန်ုပ်ထံမှ ယူပါလော့။

ဤသို့ဆိုလျက် သိကြားမင်းသည် သုရုပမင်းကြီး၏ သားမယားတို့ကို နတ်ဝတ် တန်ဆာများ တန်ဆာ ဆင်စေလျက် သုရုပ မင်းကြီးအား ပေးလေ၏၊ ထိုအခါ သုရုပမင်းကြီးသည် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိ သည်ဖြစ်၍ "အောင်အံ့သြဘွယ်ရှိပါပေစွ၊ ငါ၏အလှူသည် မျက်မှောက်ဘဝ မှာပင် မြတ်သောချမ်းသာကို ဆောင်နိုင်၏၊ နောင် တမလွန်၌ကား ထိုထက်လွန်မြတ်သောချမ်းသာကို ဆောင်နိုင်လတံ့"ဟု ဥဒါန်းကျူးရင့် လျက် ထိုနေရာ၌ ထိုင်နေလေ၏၊ ထိုအခါ သိကြားမင်းသည် ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် တက်သစ်စနေဝန်းပမာ ကောင်းကင်၌ ရပ်တည် လျက် မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် မမေ့မလျော့ဘဲ ဒါနစ သော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်လော့ဟုဆို၍ မိမိဘုံဗိမာန်သို့ ပြန် သွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်။

၄၅။ နတ်တို့သနင်း သိကြားမင်းသည် တရားတော်မြတ်ကို ဟော ကြားပြီးနောက် ဆုံးမဩဝါဒပေးပြီးလျှင် နတ်ပြည်သို့ ပြန်လည် ကြွသွားလေ၏။

ထိုအခါမှစ၍ ဘုရားလောင်းသည် ဇမ္ဗူဒိပ္ပတ္တမြို့တော်၌ မင်းစည်းစိမ်တို့ကို ခံစားပြီးလျှင် သိကြားမင်း၏ ဆုံးမဩဝါဒကိုလိုက်နာလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးနောက် သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်လေ၏၊ တိုင်းသူပြည်သား လူအများတို့သည်လည်း ဘုရားလောင်း၏ ဆုံးမဩဝါဒအတိုင်း လိုက်နာကြလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ ကို ပြုကြသဖြင့် သေသည်၏ အခြားမဲ့တွင် နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

## ဇာတ်တော်ပေါင်းခဏ်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်၍ ဇာတ်ကို ပေါင်း လိုရကား အဆုံးဂါထာတို့ကို မိန့်တော်မူ၏။

၄၆-၅၀။ ထိုအခါ သုရုပမင်းကြီး၏ မယ်တော် ခမည်းတော် တို့ သည် ယခုအခါ မဟာမာယာနှင့် သုဒ္ဓေါဒန၊ သုန္ဒရီမိဖုရားသည် ယသော်ဓရာ၊ သုန္ဒရမင်းသည် ရာဟုလာ၊ သိကြားမင်းသည်

အနုရုဒ္ဓါ၊ ထိုအခါ သုရူပမင်း၏ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ ဖြစ်၍ သုရူပမင်းကား ငါဘုရားဖြစ်ပေ၏၊ ဤသို့ အလွန်ရှိသေသောစိတ်ဖြင့် ဇာတ်တော်ကို ဆောင်ယူမှတ်သားကြကုန်လော့။

လေးခုမြောက် သုရူပဇာတ် ပြီး၏။

---

# ၅-ကမ္ဗလရာဇဇာတ်

[ကထိန်လှူရသောအကျိုးအာနိသင်သည် ပစ္စုပ္ပန်မှာလည်း ကောင်းကျိုးရရှိ၍ နောင်တမလွန်မှာလည်း အကျိုးတရားများရရှိစေနိုင်ပုံကိုပြသော ကမ္ဗလရာဇဇာတ်]

မြတ်စွာဘုရားသည် ယော စေဝ ဒါယကော ရာဇာ အစရှိသော ဤ တရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သာကေတမင်း၏ ကထိန်အလှူကို အကြောင်းပြု၍ ဟောတော်မူ၏၊ထိုအခါ မိုးအခါသို့ ရောက်လတ်သော် ကောဏ္ဍညမထေရ်သည် အခြံအရံ ရဟန်းတော်များနှင့်အတူ ဘုရားရှင်အား လျှောက်ထားပန်ကြား၍ ဇေတဝန်ကျောင်းတော်မှထွက်ခွါခဲ့ပြီးလျှင် အစဉ်သဖြင့်သွားသောအခါ သာကေတမြို့သို့ရောက်လေ၏။ ထိုနေ့၌ သာကေတမင်းသည် ကောဏ္ဍညမထေရ်ကို မြင်၍ ကြည်ညိုသောစိတ်ရှိသဖြင့် အမတ်တယောက်ကို "အိုအမတ်သင်သည် သွား၍ အခြံအရံနှင့်တကွသော ကောဏ္ဍညမထေရ်ကို ပင့်ဖိတ်၍ ကျွန်ုပ်၏ အာရာမ်သို့ပင့်ဖိတ်၍ ထိုအာရာမ်၌ပင် မထေရ်ကို သီတင်းသုံးနေပါစေလော့" ဟု ဆို၏။

ထိုအမတ်သည် ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံလျက် ကောဏ္ဍညမထေရ်ထံသွား၍ မထေရ်အား "အရှင်ဘုရား အရှင်ဘုရားသည် အခြံအရံများနှင့်အတူ ဘုရင်မင်းမြတ်၏အာရာမ်၌ ကြွရောက် သီတင်းသုံးတော်မူပါရန် ဘုရင်မင်းမြတ်က တပည့်တော်အား ပင့်လျှောက်ခိုင်းပါသည်ဟု

လျှောက်ထားသောအခါ ကောဏ္ဍညထေရ်သည် လက်ခံတော်မူလျက် အခြံအရံများနှင့်အတူ ကြွရောက်သီတင်းသုံးတော်မူ၏။

ထိုအခါ သာကေတမင်းသည် ကောဏ္ဍညမထေရ်ထံ ချဉ်းကပ်လျက် မထေရ်အား ရှိခိုး၍လျှောက်ပတ်သောနေရာ၌ ထိုင်နေလေ၏။ သာကေတမင်းသည် "အရှင်မြတ်ဘုရား အရှင်မြတ်သည် ဤအာရာမ်၌သီတင်းသုံးတော်မူပါ"ဟု လျှောက်ထားသောအခါ မထေရ်သည် ဆိတ်ဆိတ်နေလျက် လက်ခံတော်မူလေ၏။ သုံးလလွန်မြောက် ဝါကျွတ်ချိန်ရောက်လတ်သော် ကောဏ္ဍညထေရ်သည် အခြားတနေရာသို့ ကြွရောက်ရန် မင်းကြီးအား ပန်ကြားလေ၏။

## မင်းကြီး၏ ယောနိသော မနသိကာရဆန္ဒ

ယင်းအခါ ထိုမင်းသည် မထေရ်အား အခြားတနေရာသို့ ကြွရောက်တော် မမူရန် လျှောက်ထားပြီးနောက် မြတ်သော ပြာသာဒ်ထက်သို့တက်၍ ကျက်သရေရှိသော အိပ်ရာ၌ နေလျက် မိမိ၏ စည်းစိမ် အထူးကိုကြည့်၍ "ငါ၏မိဘများသည် ဤမျှလောက် များပြားသော ဥစ္စာအစုရှိပါလျက် အရေဟောင်းကို စွန့်ခဲ့သော မြွေကဲ့သို့ သေသောအခါ မိမိ၏ခန္ဓာကိုယ်ဟောင်းကို စွန့်ခွါခဲ့ပြီး တရွေးသားလောက်သော ဥစ္စာပစ္စည်းကိုမျှ မယူဆောင်နိုင်ဘဲ လက်ချည်းသက်သက်သာ တမလွန်ဘဝသို့ သွားရောက်ကြရကုန်၏၊ ငါသည်ကား ဤသို့ မဖြစ်စေဘဲ ဥစ္စာအစုအပုံကြီးကို ယူ၍သာ တမလွန်ဘဝသို့ သွားရောက်မည် ဖြစ်၏၊ ငါသည် ယနေ့သေမည် နက်ဖြန်သေမည်ဟု မိမိ၏သေရမည့် အချိန်ကိုမသိရချေ။ ထို့ကြောင့် ငါသည် ကောဏ္ဍညမထေရ်အား ကထိန်အလှူကို လှူအံ့"ဟု ကြံစည်လေ၏။

ထို့နောက် သာကေတမင်းသည် မိမိ၏ မိဖုရားကြီးနှင့် စစ်သူကြီးတို့ကိုခေါ်၍အဝတ်များကို ယက်လုပ် ဖြတ်ချုပ်သော လက်လုပ်သမားတို့ကို ခေါ်စေလျက် အဝတ်များကို ဖြတ်စေ, ချုပ်စေ,ဆိုးစေပြီးလျှင် "အို လူအပေါင်းတို့၊ သင်တို့သည် ထောပတ်, နို့ဓမ်း, နို့, မုံ့ခဲဘွယ်, ယာဂု, ထမင်းစသော လှူဘွယ်ပစ္စည်းတို့ကို ယူဆောင်ခဲ့ကြပါ ကုန်လော့၊

ငါတို့သည် မထေရ်၏ ကျောင်း၌ ကထိန်ခင်းရန် သွားကြပါကုန်အံ့ဟု လူအပေါင်းတို့အား မိန့်တော်မူ၏။

ထိုအခါ လူအပေါင်းတို့ လှူဘွယ်ပစ္စည်းများကို ယူဆောင်ကြလျက် သာကေတ မင်းကြီးနှင့်အတူ ကျောင်းအာရာမ်သို့ သွားရောက်ကြကုန်၏၊ သာကေတမင်းသည် ကောဏ္ဍညမထေရ်အား ကထိန်သင်္ကန်းကို ကပ်လှူ၏၊ အရှင်ကောဏ္ဍညမထေရ်သည်ကထိန်းသင်္ကန်းများကို ခံယူပြီးလျှင်တခုသော နေရာ၌ ရဟန်းများကို စုဝေးစေ၍ ကမ္မဝါစာ ရွတ်ဖတ်လျက် ကထိန် သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုထိုး၍ သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ "ဤဒုကုဋ်သင်္ကန်းကြီးဖြင့် ကထိန်ခင်းပါ၏"ဟု ဒုကုဋ်သင်္ကန်းဖြင့် ကထိန်ခင်း၍ ယင်းသင်္ကန်းကို ခြုံလျက် နေတော်မူ၏။

ထိုအခါတွင် မင်းကြီး, စစ်သူကြီးများနှင့် လူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ ထိုအခါ ကောဏ္ဍညမထေရ်သည် ကမ္ဘလ မင်းကြီးအား ကထိန်အနုမောဒနာ တရားကို ဟောတော်မူ၏၊ သာကေတ မင်းသည် တကြိမ်မျှလှူသော ဤကထိန်အလှူသည် ဇမ္ဗူဒိပ် တကျွန်းလုံး၌ ပျံ့နှံ့ ကျော်ကြား သွား၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင် အဒဆောက်အဦ၌ စည်းဝေးကြကုန်လျက် "ငါ့ရှင်တို့၊ သာကေတမင်းသည် ကောဏ္ဍည မထေရ်အား တကြိမ်မျှလှူသော ကထိန်အလှူသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို ပျံ့နှံ့ကျော်ကြား၏ဟူ၍ စကားကို ပြောဆို နေကြကုန်၏။ ထိုစကားကို ကြားတော်မူသဖြင့် ဘုရားရှင်သည်—

ရဟန်းတို့၊ယခုငါဘုရားကြွလာတော်မူသောအခါ၌ သင်တို့သည်အဘယ် စကားကို ပြောဆိုစုဝေး ဆွေးနွေးနေကြပါကုန်သနည်းဟု မေးတော်မူလေရာ ဤမည်သောစကားကိုပြောဆိုစုဝေး ဆွေးနွေး နေကြပါသည်ဟု ရဟန်းတော်တို့က လျှောက်ထားသောအခါ—

ရဟန်းတို့၊ ယခုမှသာ ကထိန်အလှူကို လှူသည်မဟုတ်၊ ရှေးအခါက လည်း သံသရာ၌ ကျင်လည်စဉ်တွင် ငါဘုရားသည် သရဏာက်ရာဘုရားအား

ကထိန်သင်္ကန်းကို ပေးလှူခဲ့သည်သာ ဖြစ်၏၊ ယင်းအလှူ၏အကျိုးကြောင့်ပင် ယခုအခါ သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့ခြင်း ဖြစ်သည်ဟု မိန့်ဆိုတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များ တောင်းပန်လျှောက်ထား သောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ လေ၏။

## အတိတ်ကို ဆောင်တော်မူခြင်း

လွန်လေပြီးသောအခါ ကမ္ဗလမြို့၌ ကမ္ဗလမင်းသည် မင်းပြု၏၊ ထိုအခါ၌ ဘုရားလောင်းသည် ကမ္ဗလမြို့၌ပင် သူကြွယ်အမျိုး၌ဖြစ်၏၊ ဘုရားလောင်းသူကြွယ်သည် သဒ္ဓါတရားရှိ၍ သီလနှင့်လည်းပြည့်စုံ၏၊ သရဏဂုံကိုဘုရားထံမှ တရားတော်ကို နာရသဖြင့် ကထိန်အလှူကို ပေးလှူလိုသောကြောင့် မိမိ၏ အလုပ်အကျွေး ယောကျ်ားကိုခေါ်၍ အို အဆွေ ကျွန်ုပ်သည် ယခုအခါ ကထိန်အလှူကို လှူဒါန်းလို၏၊ သင်သည်လည်း အဝတ်အထည်ကိုဝယ်၍ ယူဆောင်ခဲ့ပါလော့ဟု ဆိုသဖြင့် ထိုအလုပ်အကျွေး ယောကျ်ားလည်း သူကြွယ်ပြောဆိုသည့်အတိုင်း ဝယ်ယူခဲ့၏၊ ဘုရားလောင်းသူကြွယ်သည် ကထိန်၏ အခြံအရံ လှူဘွယ်ပစ္စည်းများနှင့် အတူ ကထိန်သင်္ကန်းကိုယူ၍ သရဏဂုံရာဘုရား၏ အထံသို့သွား၍ ကထိန်သင်္ကန်းနှင့်အတူ အခြံအရံ လှူဘွယ်ဝတ္ထုတို့ကို ဘုရားရှင်အား လှူဒါန်းလျက် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်၏ ဤကထိန်အလှူသည် နောင်အခါ၌ သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေသတည်းဟု" ဆုတောင်းခြင်းကို ပြုလေ၏။

ထိုအခါ၌ သရဏဂုံရာမြတ်စွာဘုရားသည် အသက်ရှည်သမျှ နေပြီးနောက် သေခါနီးကာလ၌ ကထိန်အလှူကို အောက်မေ့သတိရလျက် သေသောအခါ တုသိတာဘုံ၌ ဖြစ်လေ၏၊ ထိုအခါ တနေ့သ၌ ကမ္ဗလမင်းသည် ညနေချမ်းတွင် ကျောင်းသို့သွား၍ သရဏဂုံရာမြတ်စွာဘုရားကို ရှိခိုးလျက် ဘုန်းတော်ကြီးသောမြတ်စွာဘုရား အားလုံးသောဒါနတို့ထက် အကျိုးကြီးမြတ်သော အလှူဒါနကို တပည့်တော်တို့အား ဟောကြားညွှန်ပြတော်မူပါဟု လျှောက်ထား၏၊ ထိုအခါ သရဏဂုံရာမြတ်စွာဘုရားသည် ကမ္ဗလမင်းကြီးအား ယင်းအလှူအကြောင်းကို ဟောကြားလိုရကား-

## သံဃိကအလှူထက် ကထိန်အလှူအကျိုးကြီးပုံ

၁။ မြတ်သောမင်းကြီး သံဃာအား လှူသောအလှူသည် ချမ်းသာသုခကို ရစေနိုင်၏၊ ယင်းသံဃာ၌ လှူသောအလှူသည် ကြီးကျယ် မွန်မြတ်သော အကျိုးရှိပေ၏။

ဤသို့ ကမ္ဗလမင်းအားအကျိုးကြီးသောအလှူကို ဟောကြားပြီးနောက် ဆက်လက်၍ ဟောလိုရကား—

၂-၅။ မြတ်သောမင်းကြီး သံဃာအားလှူသောအလှူသည် လောက၌ ကြီးကျယ်များပြားသော· ချမ်းသာသုခကို ရစေနိုင်၏၊ ကထိန်အလှူသည် ယင်းသံဃိကအလှူထက် ပိုမိုလွန်ကဲသော အကျိုးရှိ၏ဟူ၍ ငါဘုရား ဟောတော်မူ၏၊ ထို့ကြောင့် ရဟန်းတော်များအား အာပတ်သင့်ခြင်းမှ ကင်းလွတ်စေနိုင်ပြီး အာနိသင်ငါးပါးကို ရစေနိုင်သော ကထိန်အလှူကို ယင်းသံဃိကအလှူတို့ထက် အကျိုးကြီးမြတ်၏ဟူ၍ ငါဘုရား ဟောတော်မူသည်၊ ကထိန်အလှူသည် ဖြစ်လေရာ ဘဝတိုင်း၌ အခြံအရံများခြင်း စည်းစိမ်ဥစ္စာ များပြားခြင်း ဒုဂ္ဂတိဘဝသို့ မလားရောက်ရခြင်းဟူသော အကျိုးများကို ပေးနိုင်ပြီး အခါခပ်သိမ်း ချမ်းသာခြင်းကို ရောက်စေနိုင်၏၊ လူ့ပြည် နတ်ပြည်တို့၌ လူနတ်စည်းစိမ် ချမ်းသာတို့ကို ရရှိခံစားပြီးနောက် အဆုံးဘဝ၌ နိဗ္ဗာန်ကို ရပါလတံ့။

ထိုစကားကို ကြား၍ ကမ္ဗလမင်းသည် နှစ်သက်ဝမ်းမြောက်လျက် ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်သည် အကျိုးကြီးမြတ်သော ကထိန်အလှူကို ပေးလှူပါအံ့ဟု လျှောက်ထားပြီးလျှင် နှစ်စဉ် ကထိန်ခေတ်သို့ရောက်တိုင်း သရဏင်္ကရာဘုရားအား ကထိန်အလှူကို ပေးလှူ၏၊ ထိုအခါ သရဏင်္ကရာမြတ်စွာဘုရားသည် ကမ္ဗလမင်းကြီးအား ကထိန်သင်္ကန်းလှူခြင်း၏အကျိုးကို ဟောကြားလိုရကား—

## ကထိန်အကျိုးတရားများ

၆-၁၉။ ချမ်းသာကို အလိုရှိ၍ ကထိန်သင်္ကန်းကို လှူသောသူသည် ကြီးကျယ်များမြတ်သော ချမ်းသာသုခကို ခံစားရ၏။ လူ့ပြည်နတ်ပြည်

ဖြစ်လေရာတို့၌ ချမ်းသာသုခကို ခံစားရ၏။ ကထိန်အလှူကို လှူသောသူသည် ပိုးချည်အဝတ် သိုးမွေးချည်အဝတ် သကလတ်ထည်အဝတ် ဂုံချည်အဝတ် ဝါချည်အဝတ်စသော မနှိုင်းယှဉ်နိုင်လောက်အောင် ကောင်းမွန်သည့်အဝတ်တို့ကိုရနိုင်၏။ ကထိန်လှူသောသူသည်သစ်ပင်ဖျား၌ရင်း,တောင်၌ရင်း ကောင်းကင်၌ရင်း, မြေပြင်၌ရင်း, မည်သည့်အရပ်တွင်ပင် နေသည်ဖြစ်စေ အလိုရှိသော အဝတ်ပုဆိုးတို့ကို ရနိုင်၏၊ စကြာဝဠာတခုလုံးကို အဝတ်ဖြင့် ဖုံးအုပ်လိုလျှင်ရင်း သမုဒ္ဒရာတပြင်လုံးကို အဝတ်ဖြင့် ဖုံးအုပ်လိုလျှင်သော်ရင်း အလိုရှိသော ယင်းအဝတ်အားလုံးတို့ကိုပြည့်စုံလုံလောက်စွာ ရနိုင်၏၊ ကထိန်သင်္ကန်း လှူသောသူသည် ရွှေငွေပတ္တမြား ကျောက်နီတို့ဖြင့် စီခြယ်အပ်သော အဝတ်တို့ကို ရနိုင်သည့်အပြင် ကောင်းမွန်သော အနံ့အရသာရှိသည့် စားသောက်ဖွယ် တို့ကိုလည်း စားသုံးရ၏။ ကထိန်အလှူလှူသောသူသည် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော မြတ်သော ယာဉ်အမျိုးမျိုးတို့ကို ရနိုင်၍ ထိုသူ၏ စည်းစိမ်ချမ်းသာ တို့သည်လည်း ပျက်စီးလျော့ကျခြင်း မရှိနိုင်ပေ၊ ရွှေငွေရတနာတို့ဖြင့် မွမ်းမံပြင်ဆင်အပ်သော အိပ်ရာနေရာနှင့် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကိုလည်း ရနိုင်၏၊ မိမိတို့ အလိုရှိသမျှတို့ကို ရနိုင်သည့်ပြင် အပါယ်ဒုဂ္ဂတိသို့ ကျရောက်ရခြင်း မရှိမူ၍ ယုတ်ညံ့သောဇာမျိုး ဒွန်းစဏ္ဍားအမျိုး သူဆင်းရဲမျိုးတို့၌ မည်သည့်အခါမျှ မဖြစ်ရဘဲ မြင့်မြတ်သော မင်းမျိုး ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ရပြီး အဆုံးဘဝ၌ အာသဝေါကင်းရာ နိဗ္ဗာန်သို့ ရောက်နိုင်၏။

ထိုစကားကိုကြား၍ ကမ္ဗလမင်းသည် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လျက် လက်အုပ်ချီမိုး ရှိခိုး၍ သရဏင်္ကရာဘုရားအား အရှင်ဘုရား ကထိန်လျာ သင်္ကန်းကိုဝယ်သောသူသည် အဘယ်သို့သောအကျိုးကို ရရှိပါသနည်းဟု လျှောက်ထားရာ သရဏင်္ကရာ ဘုရားက-

၂၀။ သံဃာတော်အား ကထိန်ခင်းရန် ကထိန်လျာ သင်္ကန်းကိုဝယ်သောသူသည် လူ့ပြည် နတ်ပြည်တို့၌ များသောဥစ္စာရှိခြင်း, များသော အခြံအရံရှိခြင်း, များသောစည်းစိမ်ရှိခြင်းဟူသော အကျိုးတို့ကို ရရှိနိုင်ပေ၏ဟု မိန့်တော်မူ၏။

ကထိန်ခင်းရန် ဝါချည်များကို ရှာဖွေဆည်းပူးသူသည် အဘယ်အကျိုးကိုရရှိပါသနည်းဟု မေးရာ သရဏင်္ကရာ ဘုရားက—

၂၁။ ကထိန်ခင်းရန် ကထိန်သင်္ကန်းအတွက် ဝါချည်များကိုရှာဖွေဆည်းပူးသောသူသည် ခါးမကုန်းခြင်းအကျိုး,ရဲရင့်သော အစွမ်းသတ္တိရှိခြင်းအကျိုးကို ရရှိနိုင်ပေသည်ဟု မိန့်တော်မူ၏။

တဖန် ကထိန်အဝတ်များကို ဖြတ်ပေးသောသူသည် အဘယ်သို့သော အကျိုးကို ရရှိနိုင်ပါသနည်းဟု မေးပြန်ရာ သရဏင်္ကရာ ဘုရားက—

၂၂။ သံဃာအား ကထိန်ခင်းရန်အတွက် ကထိန်လျာ အဝတ်တို့ကို ဖြတ်ပေးသောသူသည် အတ္တမမှကျိုးကြောင်း နှစ်ဝတို့၌ လိမ္မာကျွမ်းကျင်သော ပညာရှင်ဖြစ်ခြင်းအကျိုးရှိပေ၏ဟု မိန့်တော်မူ၏။

ကထိန်လျာ သင်္ကန်း ချုပ်လုပ်ရန် အပ်ကို လုပ်ပေးသော သူသည် အဘယ်အကျိုးကို ရရှိနိုင်ပါသနည်းဟု မေးပြန်ရာ သရဏင်္ကရာ ဘုရားက-

၂၃-၂၄။ ကထိန်သင်္ကန်းချုပ်ရန် အပ်ကို ပြုလုပ်ပေးသောသူသည် လူတို့ကို အစိုးရသော မင်းအဖြစ်ကိုရခြင်း၊ တန်ခိုးအာနုဘော် ကြီးမားခြင်း အကျိုးတို့ကို ရရှိနိုင်သည့်အပြင် သေသည် အခြားမဲ့၌ နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်ပြီး သိကြားမင်း စည်းစိမ်တို့ကို ရရှိခံစားရပေ၏ဟု မိန့်တော်မူ၏။

ကထိန်သင်္ကန်း ချုပ်သောသူသည် အဘယ်အကျိုး ရှိပါသနည်းဟု မေးပြန်ရာ သရဏင်္ကရာ ဘုရားက—

၂၅-၂၇။ သံဃာတော်အား အထိန်ခင်းရန်အတွက် ကထိန်သင်္ကန်းချုပ်သောသူသည် အဆင်းလှ၍ ဉာဏ်ပညာကြီးခြင်း အကျိုးကိုရရှိ၍ ချမ်းသာသုခကို အမြဲခံစားရ၏၊ ဘဝတိုင်း ဘဝတိုင်း၌ လေးကျွန်းလုံးကို အစိုးရသော စကြာဝတေးမင်းအဖြစ်ကိုရရှိနိုင်၍ ပဒေသရာဇ်မင်းအဖြစ်ကို ဘဝပေါင်းမရေမတွက်နိုင်အောင် ရရှိနိုင်ပေသည်၊ လူ့ပြည်မှ စုတေသောအခါ နတ်ပြည်၌ဖြစ်ရခြင်းအကျိုး ရှိပေသည် ဟု မိန့်တော်မူ၏။

တဖန် ကထိန်သင်္ကန်းကို ဆိုးသောသူသည် အဘယ်အကျိုးကို ရရှိနိုင်ပါသနည်းဟု မေးပြန်ရာ သရဏင်္ကရာဘုရားက—

၂၇-၃၀။ ကထိန်သင်္ကန်းကို လျှော်ဖွပ်ခြင်း ဆေးဆိုးခြင်းကို ပြုသောသူသည် အနာရောဂါကင်း၍ ချမ်းသာခြင်းအကျိုး ရှိသည့်အပြင် ရွှေအဆင်းကဲ့သို့ ဝါဝင်း လှပကြည်လင် ရှုချင်ဘွယ်သော အဆင်းရှိရုံသာမက လူအများတို့ ချစ်ခင်ခြင်းအကျိုးကို ရရှိနိုင်ပေသည်၊ ထို့ပြင် နတ်ပြည်၌ ဖြစ်သောအခါ နတ်တို့ချစ်ခင်သောအကျိုးကိုလည်း ရရှိနိုင်ပေသည်ဟု မိန့်တော်မူ၏။

တဖန် ကထိန်သင်္ကန်းကို ယက်လုပ်သောသူသည် အဘယ်အကျိုးကို ရရှိနိုင်ပါသနည်းဟု မေးပြန်ရာ သရဏင်္ကရာဘုရားက—

၃၁-၃၂။ ကထိန်သင်္ကန်း ယက်လုပ်သောသူသည် သံသရာ၌ ကျင်လည်သောအခါ အပါယ်ရေး၌ မကျရောက်ရဘဲ လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာစွာ နေရခြင်းအကျိုးရှိပေသည်ဟု မိန့်တော်မူ၏။

တဖန် ကထိန်သင်္ကန်းကို ပေါင်းတင် အရောင်တင်သော သူသည် အဘယ်အကျိုးကို ရရှိပါသနည်းဟု မေးရာသရဏင်္ကရာဘုရားက—

၃၃-၃၄။ သဒ္ဓါတရားဖြင့် ကထိန်သင်္ကန်းကို ပေါင်းတင် အရောင်တင်သောသူသည် လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာသုခ ခံစားရခြင်းအကျိုးရှိ၍ ဖြစ်လေရာရာဘဝ၌ ပူဇော်ထိုက် မြက်နိုးထိုက် အလေးအမြတ်ပြုထိုက် အရိုအသေပြုထိုက်သော ပုဂ္ဂိုလ်ဖြစ်ရပြီးလျှင် အခြံအရံများခြင်း စည်းစိမ်ဥစ္စာများခြင်း အသက်ရှည်ခြင်းအကျိုးတို့ကို ရနိုင်လျက် လူ့ပြည်နတ်ပြည်တို့၌ ဖြစ်သောအခါ လူနတ်တို့ကို အစိုးရသော လူမင်း နတ်မင်းတို့ဖြစ်ရခြင်းအကျိုးရှိပေသည်ဟု သရဏင်္ကရာဘုရားရှင်က မိန့်ကြားတော်မူလေသည်။

ထိုအခါမှ စ၍ ကမ္ဗလမင်းသည် သရဏင်္ကရာဘုရား၏ သာသနာ၌ အလွန်ကြည်ညိုလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင် သေသည့်အခြားမဲ့၌ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ အမတ်စသော မင်းချင်း

ယောကျ်ားတို့သည်လည်း ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးနောက် သေပြီးသည့် အခြားမဲ့၌ နတ်ပြည်တို့၌ ဖြစ်ကြကုန်၏၊ ယခုအခါ ငါတို့ မြတ်စွာဘုရားသည် သရဏဂုံကို ... ရအောင် ... ကထိန်အကျိုးတရားကို ဟောကြားလိုရကား ဤဂါထာတို့ကို မိန့်တော်မူ၏။

၃၅-၃၇။ ကထိန်အလှူကို ပေးလှူသောသူသည် လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာသုခကို ခံစားရလျက် သေသောအခါ အပါယ်ဆင်းရဲ၌ မကျရောက်နိုင်ပေ။

၃၈-၃၉။ ကထိန်လှူသောသူတို့၏ ကထိန်အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုသော သူတို့သည် တကမ္ဘာပတ်လုံး ဖြစ်လေရာဘဝတို့၌ ချမ်းသာစည်းစိမ်ကို ခံစားရ၏။

၄၀-၄၁။ ကထိန်သင်္ကန်းလှူရန်အတွက် နည်းများမဟူ ငွေအသပြာလှူသော သူသည်လည်း တကမ္ဘာပတ်လုံး ဖြစ်လေရာဘဝတို့၌ ချမ်းသာ စည်းစိမ်ကို ခံစားရ၏။

၄၂-၄၃။ မိမိ၏အဝတ်ကို ကထိန်ခင်းရန် လှူသောသူသည် ၁၆ ကမ္ဘာပတ် လုံး ဖြစ်လေရာဘဝတို့၌ ချမ်းသာစည်းစိမ်တို့ကို ခံစားရ၏။

၄၄-၄၅။ ကထိန်လျှာအဝတ်ကို ဖြတ်ခြင်း ဆိုးခြင်း ချုပ်ခြင်းတို့၌ ဝေယျာဝစ္စကိုပြုလုပ်သောသူသည် မရေမတွက်နိုင်အောင် များပြား သော စည်းစိမ်ချမ်းသာကို ရနိုင်ပေ၏။

၄၆။ အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင် မြင့်မား များပြားလှစွာသော ရွှေ ငွေရတနာ အစုအပုံကို လှူသောအလှူသည် ကထိန်အလှူကို ၁၆- စိတ် စိတ်၍ တစိတ်လောက်မျှ အဖိုးမထိုက်ပေ။

၄၇-၄၈။ သင်တရာ မြင်းတရာ အဿတိုရ်မြင်းကသော ရထားတရာ ပတ္တမြားနားတောင်း ဆင်မြန်းထားသော အမျိုးသမီးတထောင် ယင်းတို့ကိုလှူသောအလှူသည် ကထိန်အလှူကို ၁၆-စိတ် စိတ်၍ တ စိတ်လောက်မျှ အဖိုးမထိုက်ပေ။

၄၉-၅၀။ ရှင်သောင်းလေးထောင်မျှလောက် ကုန်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းသောအလှူ၊ မြတ်သောပလ္လင်ကို သံဃာအား လှူသောအလှူ၊ ယင်းအလှူတို့သည် ကထိန်အလှူကို ၁၆-စိတ်စိတ်၍ တစိတ်လောက်မျှ အဖိုးမထိုက်ပေ။

၅၁-၅၂။ ရတနာအမျိုးမျိုးတို့ဖြင့် အဆန်းတကြယ် ပြုလုပ်အပ်သော ရွှေအတိပြီးသော ပြာသာဒ်ဆောင်ကြီးကို အကနိဋ္ဌဘုံအထိ မြင့်မားအောင် ဆောက်လုပ်၍လှူသော အလှူသည် ကထိန်အလှူကို ၁၆-စိတ်စိတ်၍ တစိတ်လောက်မျှ အဖိုးမထိုက်ပေ။

၅၃-၅၄။ ရဟန်းတော်တို့အား လှူသော ကထိန်အလှူသည် ရဟန်းတို့၌ အပြစ်သင့်ရောက်ခြင်းကို ဖျက်ဆီး၍ အာပတ်မသင့်အောင် ပြုတတ်၏၊ ထို့ကြောင့် ကထိန်အလှူသည် ခပ်သိမ်းသော အလှူတို့ထက် သာလွန်မြင့်မြတ်သည်ဟု ငါဘုရား ဟောတော်မူ၏၊ ထို့ကြောင့် ချမ်းသာကို အလိုရှိသော ပညာရှိသည် ကထိန်ခေတ်ရောက်လတ်သော် သံဃာတော်အား ကထိန်အလှူကို ပေးလှူရာ၏။

ဤသို့ ရဟန်းတို့အား ကထိန်အလှူ၏ အကျိုးအာနိသင်တို့ကို ဟောတော်မူပြီးနောက် မြတ်စွာဘုရားသည် ဤဂါထာ ၂-ပုဒ်ကို ဟောတော်မူ၏။

၅၅-၅၆။ ဤဂါထာတို့ကား ရှစ်ခုမြောက် ဓမ္မိက ပဏ္ဍိတရာဇဇာတ် ၃၁-၃၂ ဂါထာတို့နှင့်တူ၏။

ဤသို့ သစ္စာလေးပါးတရားကို ဟောကြားပြီးအဆုံး၌ အချို့ သောတာပန်, အချို့ သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ ရဟန္တာ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည် ယခုမှသာ ကထိန်အလှူကို လှူသည်မဟုတ် ရှေးအခါကလည်း ကထိန်အလှူကို လှူခဲ့သည်သာ ဖြစ်၏ဟု မိန့်တော်မူပြီးလျှင် အဆုံးဂါထာတို့ကို မိန့်တော်မူ၏။

## ဇာတ်ပေါင်းခဏ်း

၅၇-၅၉။ ထိုအခါ ကမ္ဗလမင်းသည် ယခုအခါ ရှင်သာရိပုတ္တရာ၊ ကထိန်အဝတ်သင်္ကန်း ဝယ်သော ယောကျ်ားသည် ရှင်အာနန္ဒာ၊

ထိုစဉ်က ငါ၏မိဘများသည် ယခုအခါ ငါ၏မိဘများ ဖြစ်၍ ပရိသတ်သည် ငါဘုရား၏ ပရိသတ်ဖြစ်လာ၏၊ သူကြွယ်သားသည်ကား ယခုအခါ ငါဘုရားဖြစ်လာ၏။ ဤသို့ အလွန်ရှိသေသော စိတ်ထားဖြင့် ဇာတ်တော်ကို ဆောင်ယူ မှတ်သားကြကုန်လော့။

ငါးခုမြောက် ကမ္ဗလဇာတ် ပြီး၏။

---

# ၆-ဝေါပါလကသာလဇာတ်

[ ကျောင်းကန် ဇရပ် တန်ဆောင်း တည်းခိုရန်အဆောက်အဦများ ဆောက်လုပ်လှူဒါန်းရာ၌ ဖြစ်သော အကျိုးတရားများကိုပြသော ပေါဂါလကသာလဇာတ် ]

မြတ်စွာဘုရားသည် သောဘတိ တဝ မေ သာလာ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌နေတော်မူစဉ် နွားကျောင်းသား ဇရပ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ နွားကျောင်းသား တယောက်သည် သမန်းမြက် ကျူရွက်တို့ဖြင့်မိုးထားသော ဇရပ်တဆောင်ကိုဆောက်လုပ်ထား၏။

တနေ့သ၌ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာ, ရှင်အာနန္ဒာ တို့နှင့်အတူ လမ်းခရီးသို့ကြွသောအခါ လမ်းအနီး၌ နွားကျောင်းသားဆောက်လုပ်ထားသော ယင်းဇရပ်ငယ်ကိုတွေ့မြင်၍ "ဤဇရပ်သည် သေးငယ်သော အဆောက်အဦ ဖြစ်သော်လည်း နတ်သမီးကညာတသောင်းနှင့် ပြည့်စုံ၍ ရတနာ ၇-ပါးတို့ဖြင့်တန်းဆာဆင်အပ်သော အမျိုးမျိုးသော နတ်စည်းစိမ်တို့နှင့်ပြည့်စုံသည့် ရွှေဗိမာန်ပြာသာဒ်၌ ခံစားရမည်ဖြစ်ခြင်းမှာ အံ့သြဘွယ်ရှိပါပေစွ"ဟုမိန့်တော်မူပြီး ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူလေ၏။

ထိုအခါ ရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာမထေရ်နှစ်ပါးတို့သည် ဘုရားရှင်၏နောက်တော်မှလိုက်ပါကြလျက် ဘုရားရှင်မိန့်ကြားသော စကားကိုပင် တိုင်ပင်ဆွေးနွေး ပြောဆိုကြပြီးနောက် "ဘုန်းတော်ကြီးသော မြတ်စွာ

ဘုရားသည် ဤနွားကျောင်းသားသည် လမ်းအနီး၌ ယင်းဇရပ်ကို ဆောက်လုပ်လှူဒါန်းသောကြောင့် အဘယ်သို့သော အကျိုးကျေးဇူးကိုရရှိနိုင်ပါသနည်းဟုဘုရားရှင်အားလျှောက်ထားကြကုန်၏။ ယင်းသို့လျှောက်ထားသောစကားကိုကြားသောအခါ မြတ်စွာဘုရားသည်။

## ကောင်းမှုရှင်တို့၏သွားရာလမ်းကား

ရဟန်းတို့ နွားကျောင်းသားသည် ယင်းဇရပ်ကို ဆောက်လုပ်လှူဒါန်းပြီးနောက် အသက်အတိုင်းနေ၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဂေါပါလနတ်သားဖြစ်လတ့်၊ ထိုအခါတွင် နတ်သမီးကညာတသောင်းနှင့်ပြည့်စုံ၍ ရတနာ ၇-ပါးတို့ဖြင့် တန်းဆာဆင်အပ်သောအမျိုးမျိုးသော နတ်စည်းစိမ်တို့နှင့်ပြည့်စုံသည့် ရွှေဗိမာန်ပြာသာဒ်၌ နေရလတ့်၊ ထို့ကြောင့်ငါဘုရားသည် အံ့သြဘွယ်ရှိပါပေစွဟု မိန့်ဆိုတော်မူခြင်းဖြစ်သည်။ရှေးအခါကလည်းပညာရှိတို့သည် ဇရပ်ကိုဆောက်လုပ် လှူဒါန်းသောကြောင့် လူ့ခန္ဓာကိုယ်ဖြင့်ပင် နတ်ပြည်သို့ သွားရောက်ခဲ့ဘူးကုန်ပြီဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ကိုဆောင်ခြင်း

ရဟန်းတို့လွန်လေပြီးသောအခါ ဤဇမ္ဗူဒိပ်ကျွန်းမြို့တမြို့၌မဃရာဇာမင်းမင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် မဃရာဇာမင်း၏ မိဖုရားကြီး၏ဝမ်း၌ပဋိသန္ဓေတည်၍ ဆယ်လစေ့လေသောအခါ ဖွားမြင်ရာ ဘခင်အမည်ဖြင့် မဃရာဇကုမာရဟု အမည်ပေးလေ၏။ မဃရာဇကုမာရသည် အစဉ်သဖြင့် ကြီးပြင်းလာ၍ တဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံသောအတတ်ပညာတို့ကို သင်ယူလျက် မိမိဘခင်၏တိုင်းပြည်နိုင်ငံသို့ပြန်လာပြီးလျှင် ဘခင်မင်းကြီး နတ်ရွာစံသောအခါ မဃရာဇာဟူသောအမည်ဖြင့် မင်းပြုလေ၏၊ မိဖုရားကြီးမှာ ဝိမလာ အမည်ရှိ၍ တသောင်း ခြောက်ထောင်သော မောင်းမမိဿံတို့၏ အကြီးအကဲဖြစ်၏။ ဘုရင်မင်းမြတ် ချစ်မြတ်နိုးသော မိဖုရားခေါင်ကြီးဖြစ်၏။

တနေ့သ၌ ဘုရားလောင်းမမ္မရာဇာမင်းသည် ပြာသာဒ်ထက် ဝယ်မြတ်သောအိပ်ရာတိုက်ခန်း၌နေလျက်ထီးဖြူတို့ကိုကြည့်၍“ငါသည်ဤကဲ့သို့သောမင်းစည်းစိမ်ချမ်းသာကို အဘယ်ကြောင့် ရရှိလာပါသနည်း”ဟု စဉ်းစားဆင်ခြင်လတ်သော် ငါသည် ရှေးအခါက ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ သီလကိုဆောက်တည်ခဲ့သောကြောင့် ဤကဲ့သို့သောမင်းစည်းစိမ်ချမ်းသာတို့ကို ရရှိခြင်း ဖြစ်ပေသည်ဟု မိမိဘာသာ ဆင်ခြင်စဉ်းစားအသိတရားရလေ၏။ ထိုခဏ၌ မမ္မရာဇာမင်းသည် နေရာမှထ၍ ပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင် နန်းယင်ပြင်၌ ရပ်လျက် လှည်း, ရထားတို့ကို တပ်စေပြီး မိမိကိုယ်တိုင် သိန္ဓောမြင်းလေးကောင် တပ်ဆင်သောရထားထက်သို့တက်ကာ သစ်တောသို့ ထွက်ခွာသွားလေ၏။ မမ္မရာဇာမင်းသည် သစ်တော၌ အနှစ်ရှိသော သစ်ပင်တို့ကို ခုတ်လှည်း ဖြတ်တောက်၍ ယင်း သစ်တို့ကို လှည်းရထားတို့ဖြင့် တင်ဆောင်လျက် မြို့တခါးအနီး၌ သစ်တို့ကိုထား၍ လက်သမားကိုခေါ်စေပြီးလျှင် ထိုသို့မြို့တခါးအနီး၌ ဇရပ်တို့ကို ဆောက်လုပ်စေ၏။

လူအပေါင်းတို့သည် မမ္မရာဇာမင်း အမိန့်ရှိသည့်အတိုင်း ထိုထိုနေရာတို့၌ ဇရပ်တို့ကို ဆောက်လုပ်ကြရာ ၂–ရက်၊ ၃–ရက် အတွင်း၌ ဇရပ်အတော်များများ ဆောက်လုပ်ပြီးစီးကြ၏။ မြို့တခါးလေးဘက် တို့၌ကား ဇရပ်ကြီးလေးခုကို ဆောက်လုပ်လျက် နတ်တို့၏ သုဓမ္မာဇရပ်ကဲ့သို့ မွမ်းမံပြင်ဆင်ထားကြကုန်၏။ မမ္မရာဇာမင်းကြီးသည် ဇရပ်များဆောက်လုပ်ပြီးစီးသည်ကို တွေ့မြင်သဖြင့် များစွာနှစ်သက်ရကား ရှေးဦးစွာသော ဂါထာကိုဆို၏။

၁။ မြို့၏ လေးပြင်လေးရပ်တို့၌ ဆောက်လုပ်ထားသော ဇရပ်တို့သည် နတ်တို့ တန်ဆာဆင်ထား အပ်သော နတ်သဘင်ဇရပ်ကဲ့သို့ (သုဓမ္မာဇရပ်ကဲ့သို့) တင့်တယ်လှသည့် အပြင် ထိုထိုအရပ်တို့၌ ဆောက်လုပ်ထားကြသော ဇရပ်တို့မှာလည်း တင့်တယ်လှပပါပေစွကကား။

ဤသို့မိန့်ဆိုပြီးနောက် ဘုရားလောင်း ဓမ္မရာဇာမင်းကြီးသည် နေ့စဉ် ရွှေစင်လေးထောင်တို့ကို စွန့်လွှတ်လျက် အလှူကြီးကို ပေးလေ၏။ ထိုခဏ၌ပင် မြေကြီးတုန်လှုပ်ခြင်း စသော အံ့ဩဖွယ်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၂-၅။ ထိုအခါ ဓမ္မရာဇာမင်းသည် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ မိမိ၏ဇရပ်တို့၌နေ၍ အလှူခံတို့အား အလှူကြီးကို ပေးလေ၏။ ဓမ္မရာဇာမင်းသည် လက်အုပ်ချီမိုး ရှိခိုးလျက် အလှူကြီးကို ပေးသောအခါ ကြောက်မက်ဖွယ်ကောင်းသော, ကြက်သီးမွေးညှင်း ထဖွယ်ဖြစ်သော မြေကြီးတုန်လှုပ်ခြင်းသည် ထင်ရှားဖြစ်ပေါ်လော၏။

ဘုရားလောင်း ဓမ္မရာဇာမင်းသည် “ငါ၏ ဤအလှူသည် သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ဖြစ်ပါစေသတည်း” ဟု ဆုတောင်းလော၏။ ထိုခဏ၌ပင် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြသဖြင့် သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှုဆင်ခြင်လတ်သော် “ဓမ္မရာဇာမင်းသည် မြို့ပြင်လေးရပ်တို့၌ ဇရပ်များကို ဆောက်လုပ်၍ အလှူကြီးများ ပေးလှူပြီးလျှင် ဘုရားအဖြစ်ကို ဆုတောင်းသည်မှာ အံ့ဖွယ်ရှိပါပေစွ။ ထို့ကြောင့် ငါသည် လူ့ပြည်သို့ သက်ဆင်း၍ ဓမ္မရာဇာမင်းအား နတ်ပြည်သို့ ခေါ်ဆောင်ကာ နတ်ဘုံနတ်နန်းများကို ပြသရန်သင့်၏” ဟု ကြံစည်လျက် နတ်ပြည်မှ သက်ဆင်းပြီးလျှင် ပန်းဗိမာန်တို့ဖြင့် လူ့ပြည်သို့ သွား၍ နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါတို့ကို ထောက်ပစေလျက် တက်သစ်စ နေပန်းကဲ့သို့ ဓမ္မရာဇာမင်း၏ ဇရပ်ဟာ ါးအနီး ကောင်းကင်၌ ရပ်တည်လေ၏။

ထိုအခါ ဓမ္မရာဇာ င်းသည် ထွန်းလင်းတောက်ပသော အရောင်အဝါတို့ကြောင့် ကောင်းကင်သို့ကြည့်ရှုသောအခါ ပန်းဗိမာန်တို့ကို တွေ့ရလေရာ ဤဗိမာန်တို့အား အဘယ်သို့သော ဗိမာန်များဖြစ်ပါသနည်းဟု သိလိုရကား=

## ဒါနပြုသောသူတို့ကို နတ်တို့မြတ်နိုးခြင်း

၆။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် လာသော သင်သည်ကား နတ်လော ဂန္ဓဗ္ဗလော သို့မဟုတ် နတ်တို့သနင်း သိကြားမင်း ပါလော၊ ထိုသို့မဟုတ် တန်ခိုးဣဒ္ဓိပါဒ်ရှိသော လူပင်ဖြစ်သလော၊ ကျွန်ုပ်တို့ သိလိုလှပါ၏။

ထိုစကားကိုကြား၍ သိကြားမင်းသည် ဤဂါထာတို့ကို ဆို၏။

၇-၈။ ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် သင့်ထံသို့ လာသော ငါသည် နတ်လည်း မဟုတ်၊ ဂန္ဓဗ္ဗလည်းမဟုတ်၊ တန်ခိုးဣဒ္ဓိပါဒ် နှင့်ပြည့်စုံသော လူသားလည်း မဟုတ်ပါ၊ စင်စစ် သော်ကား ငါသည် နတ်တို့သနင်း သိကြားမင်း ဖြစ်ပါသည်၊ မြတ်သော မင်းကြီး၊ သင့်ကို နတ်ပြည်သို့ ပို့ဆောင်ရန် လာပါသဖြင့် ဗိမာန် ပေါ်သို့ တက်ပါလော့၊ မိဖုရားနှင့်တကွ သင်တို့ နှစ်ဦးအား နတ်ဘုံ နတ်နန်းများကို ကြည့်ရှုကြရန် နတ်ပြည်သို့ ခေါ် ဆောင်သွားမည် ဖြစ်ပါသည်။

ထိုစကားကိုကြား၍ ဓမ္မရာဇာမင်းသည် လူအပေါင်းအား ဒါနစသော ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ကြရန် မှာကြားပြီးလျှင် မိဖုရားကြီးနှင့် အတူ ပန်းဗိမာန်သို့တက်၍ ထိုခဏချင်း၌ပင် နတ်ပြည်သို့ ရောက်သွား ကြလေ၏။ ထိုခဏ၌ နတ်အများတို့သည် မင်း မိဖုရား နှစ်ပါးတို့အား ပူဇော်သက္ကာရများ ပြုကြလျက် ဝမ်းမြောက်ဝမ်းသာစကား ပြောကြား ကြကုန်၏။ မင်း မိဖုရား နှစ်ပါးတို့သည် တညဥ့်မျှနတ်ပြည်၌ နတ်စည်းစိမ် များကို ခံစားလျက် "ငါသည် လူအဖြစ်ကိုရသည်မှာ အရတော်ပေစွ၊ ငါသည် ယခု နတ်ပြည်သို့ ရောက်လာ၍ နတ်၏ စည်းစိမ် ချမ်းသာတို့ကို တွေ့မြင်ခံစားရသည်မှာ ငါ၏ ကုသိုလ် ကောင်းမှုတို့ကြောင့် ဖြစ်သည်၊ ထို့ကြောင့် ငါသည် ဤနေ့မှစ၍ လူ့ပြည် ပြန်ရောက်သည့်အခါ ဒါန စသော ကုသိုလ် ကောင်းမှုတို့ကိုသာ ပြုတော့အံ့"ဟု ကြံစည်လျက် ဥဒါန်း ကျူးရင့်လိုရကား--

၁၀-၁၁။ ငါသည် နတ်ပြည်သို့ရောက်၍ နတ်သား နတ်သမီးများကို တွေ့ဆုံခွင့် စကားပြောခွင့်ရသည်မှာ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကြောင့် ဖြစ်ပေသည်၊ ငါသည် အလှူပေးခြင်း မြတ်သောတရားကိုကျင့်ခြင်း စက္ခုစသော ဣန္ဒြေကိုစောင့်စည်းခြင်း ကိုယ်,နှုတ်,စိတ်တို့ကို ဆုံးမခြင်းတို့ကြောင့် နတ်ပြည်သို့ရောက်၍ နတ်စည်းစိမ်တို့ကို ခံစားရခြင်းဖြစ်ပေသည်တကား—

နောက်တနေ့၌ ဘုရားလောင်းသည် လူ့ပြည်သို့ ပြန်လိုရကား သိကြားမင်းအားပန်ကြားပြောဆိုလေ၏၊ သိကြားမင်းသည် မင်းမိဖုရားနှစ်ပါးတို့အား ပန်းဝိမာန်ဖြင့်ပင် လူ့ပြည်သို့ ပြန်လည်ပို့ဆောင်ပေးပြီးလျှင် "မြတ်သောမင်းမိဖုရား နှစ်ပါးတို့ သင်တို့သည် ဤနေ့မှစ၍ မမေ့မလျော့ကြဘဲ ကုသိုလ်ကောင်းမှုတို့ကို ပြုကြပေကုန်လော့"ဟု ဆုံးမသြဝါဒပေး၍ မိမိနေရာ ဘုံဗိမာန်သို့ ပြန်ကြွသွားလေ၏။

ထိုကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်–

၁၂-၁၆။ မျက်စိတထောင် အမြင်ဆောင်သော သိကြားမင်းသည် လူ့ပြည်မှ ဓမ္မရာဇာမင်းကို ကောင်းကင်ခရီးဖြင့် နတ်ပြည်သို့ ခေါ်ဆောင်သွားပြီးလျှင် နတ်ပြည်မှတဖန် လူ့ပြည်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့၏။ ထို့ကြောင့် ချမ်းသာကို အလိုရှိသော ပညာရှိသည် လူအများတို့နေထိုင်ရန် ဇရပ် တန်ဆောင်း ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းရာ၏၊ ထို့ပြင် ဘိတ်ငြိမ်ရာအရပ်တို့၌ ဇရပ် တန်ဆောင်း ကျောင်းတို့ကို ဆောက်လုပ်ခြင်း မြေများ မညီမညွတ်ဖြစ်၍ အသွားခက်သော နေရာတို့၌ စင်္ကြံလမ်းများကို ပြုလုပ်ခြင်း ထမင်းအဖျော် ခဲဘွယ်နှင့် အဝတ်အစား သွားလာရန် ယာဉ်တို့ကို လှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ဖြူစင်သော စေတနာဖြင့် ပြုလုပ်လှူဒါန်းကြကုန်၏ဟု မိန့်ဆိုတော်မူလေ၏။

## နတ်ပြည်အတွေ့အကြုံရှဝ်းလင်းပွဲ

ထိုနောက် ဓမ္မရာဇာမင်းသည် လူ့ပြည်သို့ ပြန်ရောက်လာသောအခါ မိမိနတ်ပြည်၌ တွေ့မြင်ခဲ့ရသော အတွေ့အကြုံများကို လူတို့အား ပြောကြား

လေရာ လူအပေါင်းတို့သည် နတ်ပြည်၌ ဖြစ်လိုကြရကား ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏၊ ဤသို့လျှင် ဓမ္မရာဇာမင်းသည် မိဖုရားကြီးနှင့်အတူ မင်းစည်းစိမ်ကို ခံစားလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်ပြီးလျှင် လူအပေါင်းတို့အားလည်း ကုသိုလ်ကောင်းမှု ပြုကြရန် ဆုံးမဩဝါဒပေးသဖြင့် လူအပေါင်းတို့လည်း မင်း၏ ဆုံးမ ဩဝါဒအတိုင်း လိုက်နာကြလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုကြသောကြောင့် သေလွန်သောအခါ မင်းမိဖုရားနှင့်တကွ လူအပေါင်းတို့သည် နတ်ပြည်တို့၌ ဖြစ်ကြလေကုန်၏၊ ယခုအခါ မိမိအထံ၌ နေကြသော ရှင်သာရိပုတ္တရာ ရှင်အာနန္ဒာထေရ် ၂-ပါးတို့အား ကျောင်းအလှူအကျိုးတရားကို ဟောကြားပြလိုသော မြတ်စွာဘုရားသည် ဤတရားစကားကို မိန့်တော်မူ၏။

## ဒါနအမျိုးမျိုး၏ ကောင်းကျိုးများ

၁၇-၁၈-၁၉။ ချမ်းသာသုခကို အလိုရှိသောသူသည် ကျောင်းအလှူကို ဝှင်း ထမင်း အဖျော် အိပ်ရာနေရာ အလှူကိုဝှင်း လှူခြင်းကြောင့် လူ့ပြည် နတ်ပြည်တို့၌ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခံစားရပြီးလျှင် အပါယ်ငရဲ ဆင်းရဲတို့၌ မည်သည့်အခါမျှ မကျရောက် မခံစားရပေ၊ ဤကားကျောင်းအလှူ၏ အကျိုးပေတည်း။

၂၀-၂၁။ အကြင်သူသည်ကား သဒ္ဓါတရားရှိသော်လည်း မိမိ၌ ဥစ္စာပစ္စည်းမရှိ၍ မလှူဒါန်းနိုင် သို့ရာတွင် သူတပါးတို့ ကျောင်းစသော အလှူကို ပြုလုပ်ရာတွင် ဝမ်းမြောက်နှုမော် သာဓုခေါ်၏၊ ထိုသူသည် တကမ္ဘာပတ်လုံး အပါယ်ငရဲ၌ မကျမူ၍ ချမ်းသာသုခကို ခံစားရပေသည်။ ဤကား သာဓုအနုမောဒနာ ခေါ်ခြင်း၏ အကျိုးပေတည်း။

၂၂-၂၃။ အကြင်သူသည်ကား တဦးတယောက်တည်း မလှူဒါန်းနိုင်ဘဲ ကျောင်းစသော အလှူတို့၌ နည်းများမဆို ကုသိုလ်ပါဝင်ရန် အနည်းငယ်ဖြစ်စေ အများဖြစ်စေ မိမိတတ်နိုင်သမျှ ငွေငွေအသပြာတို့ကို ပေးလှူ၏၊ ထိုသူသည် ရှစ်ကမ္ဘာပတ်လုံး အပါယ်ငရဲ၌ မကျမူ၍ ချမ်းသာသုခတို့ကို ခံစားရပေ၏၊ ဤကား နည်းများမဆို ကုသိုလ်ပါဝင်ခြင်း၏ အကျိုးပေတည်း။

၂၄-၂၅။ အကြင်သူသည်ကား မိမိ၏ ဥစ္စာပစ္စည်းကို စွန့်လွှတ်၍ ရဟန်းရှင်လူတို့ နေထိုင်ရန် ဇရပ် တန်ဆောင်း ကျောင်းတိုက်ကို လှူဒါန်း၏၊ ထိုသူသည်ကား တကမ္ဘာပတ်လုံး အပါယ်ငရဲ မကျရောက်မူ၍ ချမ်းသာသုခကို ခံစားရပေ၏၊ ဤကား ဇရပ် တန်ဆောင်း ကျောင်း အလှူ၏ အကျိုးပေတည်း။

၂၆။ အကြင်သူသည်ကား ကျောင်းစသော အလှူတို့၌ ဝေယျာဝစ္စ အလုပ်ကို ကူညီဝိုင်းဝန်း လှူဒါန်းလုပ်ကိုင်၏၊ ထိုသူသည် ချမ်းသာသုခကို ရရှိပေ၏။

၂၇-၂၈။ ဇရပ် တန်ဆောင်း ကျောင်းအလှူကိုသဗ္ဗဒါန(အလုံးစုံသော အလှူတို့ကို ပြီးစေနိုင်သောဒါန) ဟူ၍ ဆိုအပ်၏၊ ကျောင်းအလှူကို ခပ်သိမ်းသော အလှူတို့ထက် မြင့်မြတ်သည်ဟု ဆိုအပ်ပေ၏၊ ထို့ကြောင့် ချမ်းသာကိုအလိုရှိသောသူသည် အလှူအားလုံးကို ပြုလုပ်ဆည်းပူးရာ ဌာနဖြစ်သော ဇရပ် တန်ဆောင်း ကျောင်းအလှူကို ပေးလှူရာ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာ ရှင်အာနန္ဒာ မထေရ်နှစ်ပါးတို့သား ကျောင်းအလှူ၏ အကျိုးအာနိသင်တို့ကို ဟောကြားလျက် ရဟန်းတို့ ငါဘုရားသည် ရှေးအခါကာလကလည်း ဇရပ်အလှူကို လှူခဲ့သည်သာဖြစ်၏ဟု မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းလေ၏။

## ဇာတ်ပေါင်းခဏ်း

၂၉-၃၀။ ထိုအခါ ဓမ္မရာဇာ၏ ဘခမည်းတော်သည် ယခုအခါ သုဒ္ဓေါဒန၊ မယ်တော်သည် မဟာမာယာ၊ ဂိမလာမိဖုရားသည် ယခုအခါ ယသော်ဓရာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ဓမ္မရာဇာမင်း၏ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ပရိသတ်ပို့ ဖြစ်လာကုန်၏၊ ဓမ္မရာဇာမင်းသည်ကား ယခုအခါ ငါဘုရား ဖြစ်ပေသည်၊ ဤသို့ အလွန်ရိုသေသော စိတ်ထားဖြင့် ဇာတ်တော်ကို ဆောင်ယူမှတ်သားကြပါကုန်လော့။

ခြောက်ခုမြောက် ဂေါပါလကသာလဇာတ် ပြီး၏။

# ၇-သိရိစုဒါမဏိရာဇဇာတ်

[သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် ဗာဟိရ အပြင်ပ အလှူတွင်သာမကဘဲ အတွင်းအဇ္ဈတ္တိကအလှူကိုစွန့်ခဲ့ပုံများ ကိုပြသော သိရိစုဒါမဏိ ရာဇဇာတ် ]

မြတ်စွာဘုရားသည် ယဋ္ဌိယာစနိ္တ ယေဇနာ အစချီသော ဤတရား ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ ဒါန ပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ တနေ့သ၌ ရဟန်း တို့သည် တရားစည်းဝေးရာ မဏ္ဍပ်၌ စုဝေးကြကုန်လျက်—

"ငါ့ရှင်တို့၊ ငါတို့ မြတ်စွာဘုရားသည် အလှူပေးခြင်းဖြင့် မရောင့်ရဲ မတင်းတိမ်သည်မှာ အံ့ဩဘွယ် ရှိပါပေစွ၊ ရှေးအခါ ဘုရားလောင်း ဖြစ်စဉ်ကာလ၌ အလှူပေးခြင်း၌ မွေ့လျော်ခဲ့သည့်ပြင် ယခု ဘုရားဖြစ် တော်မူသော ကာလ၌လည်း ဝေနေယျ ကြာသတ္တဝါတို့အား လောကီ လောကုတ္တရာ ချမ်းသာစည်းစိမ်တို့ကို ပေးတော်မူပေ၏"ဟု စကားကို ပြောဆိုနေကြကုန်၏။

မြတ်စွာဘုရားသည်ကြွတော်မူလျက် "ရဟန်းတို့၊ယခု ငါဘုရားကြွလာ တော်မူသောအခါ သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေး ဆွေး နွေးတိုင်ပင်နေကြပါသနည်း"ဟု မေးတော်မူရာ ဤမည်သော စကားကို ပြောဆိုတိုင်ပင် နေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထား လတ်သော် "ရဟန်းတို့၊ ငါဘုရားသည် ယခုမှသာ နတ်လူတို့အား လောကီလောကုတ္တရာ စည်းစိမ်တို့ကို ပေးသည်မဟုတ် ရှေးအခါကလည်း ငါဘုရားသည် ရောက်လာသမျှ အလှူခံ ပုဂ္ဂိုလ်တို့အား အလှူကြီးကို ပေး၍ မိမိအသက်ကိုပင် ပမာနမထားဘဲ ပုဏ္ဏားတယောက်အား ကိုယ် တခြမ်းကိုပေးလှူ ခဲ့ဘူးသည်သာ"ဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော် မူ၏။ ထိုရဟန်းတို့သည် တောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သိရိစုဒါမဏိမင်း မင်းပြုလေ၏။ ထိုမင်း၏ မိဖုရားကြီးကား ပဒုမဝတီ မည်၏။ သီလအကျင့်နှင့် ပြည့်စုံ၏။ ရှေးကောင်းမှုကံကြောင့် အဆင်းလှ၏၊ ရုပ်အဆင်း ကြည်လင်၏၊ ကြည့်ချင်ဘွယ်ရှိ၏။ မြင်ရသူတို့ စိတ်နှလုံးကို ယူကြုံးဆွဲဆောင် နိုင်စွမ်းရှိ၏။ သားတော်ကား စန္ဒကုမာရ မည်၏။ ထိုအခါ သိရိစုဒါမဏိမင်းသည် တရားနှင့်အညီ မင်းပြုလျက် မြို့တံခါးလေးဘက် လေးတန် မြို့အလယ်နှင့် နန်းတော်တံခါးတို့၌ အလှူမဏ္ဍပ်ကြီး ၆-ခု ဆောက်လုပ်လျက် နေ့စဉ် ၆-သိန်းသော အသပြာငွေကို စွန့်လွှတ်၍ အလှူမဏ္ဍပ်သို့ ရောက်လာသမျှသောလူတို့အား အလှူကြီးကို ပေးလှူတော်မူ၏။ သင့်လျော်သော အခါတွင်ကား မင်းကြီးသည် အလှူမိုးကြီးကို ရွာဖြိုးစေခဲ့၏။ မင်းကြီးသည် နံနက်တကြိမ် ညတကြိမ် အမတ်များနှင့် လူအပေါင်းတို့ကို ဆုံးမဩဝါဒ ပေးလျက်—

"အို လူအပေါင်းတို့၊ သင်တို့သည် ရရသမျှဖြင့် အလှူဒါနကို ပေးလှူကြကုန်လော့၊ သီလကို ဆောက်တည်ကြကုန်လော့၊ ဥပုသ်သီလ စောင့်သုံးကြကုန်လော့ဟု ဆုံးမဩဝါဒ ပေးလေ၏။ နောက်တနေ့၌ သိရိစုဒါမဏိမင်းသည် နံနက်စောစောထလျက် ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် ဝတ်စားတန်ဆာများ ဆင်ယင်၍ အမတ်အပေါင်း ခြံရံကာ ပုဏ္ဍရိက မည်သော မင်္ဂလာဆင်တော်သို့ တက်စီးလျက် ထိုထိုအလှူမဏ္ဍပ်များသို့ လှည့်လည်သွားရောက်၍ ရောက်လာသမျှသော လူအပေါင်းအား ကိုယ်တိုင် ကိုယ်ကျ အလှူဒါနများကိုပေးလျက် ရှေးဦးစွာသော စကားကို ဆို၏။

၁။ အကြင်သူတို့သည် ငါ့ထံမှ ဥစ္စာစပါး အသုံးအဆောင် ပရိဘောဂနှင့်အဝတ်အထည်တို့ကို တောင်းခံလာပါလျှင် ငါသည် ထိုလူတို့အား တောင်းခံလာသမျှ ပစ္စည်း ဝတ္ထုတို့ကို ပေးလှူအံ့။

ထို့နောက် ဆက်လက်၍—

၂။ အို လူအပေါင်းတို့၊ သင်တို့သည် ဤနည်းအတိုင်း ရောက်လာသမျှသော အလှူခံ ဖုန်းတောင်းယာစကာတို့အား ထမင်းအဖျော်စသော အလှူဒါနတို့ကို ပြည့်ပြည့်ဝဝ ပေးလှူကြကုန်လော့။

## အဇ္ဈတ္တိကအလှူပေးချင်သူ

ဤသို့ မိန့်ဆိုပြီးနောက် မင်းကြီးသည် မိမိ၏ပြာသာဒ်ထက်သို့ တက်သွားလေ၏။ တနေ့သ၌ သိရိစုဒါမဏိမင်းသည် နံနက်မိုးသောက်အလင်းရောက်သောအခါ အိပ်ရာမှထလျက် မြတ်သောအိပ်ရာထက်၌ နေပြီးလျှင် မိမိ၏အလှူဒါနများကို တွေးတောဆင်ခြင်၍ နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်လျက် "ငါသည် အလှူခံပုဂ္ဂိုလ်တို့သား ရွှေငွေ အစားအစာ စသော ပြင်ပ ဗဟိဒ္ဓအလှူများကို ပေးလှူခဲ့၏။ ယင်းသို့ ပေးလှူခြင်းသည်လည်း နှစ်သက်ဖွယ်ပင်ဖြစ်ပါ၏။ သို့သော်လည်း ယခုအခါ ငါသည် မျက်စိ နား နှာ စသော အတွင်းအဇ္ဈတ္တအလှူကို ပေးလှူလို၏။ ယနေ့ အလှူခံပုဂ္ဂိုလ်တို့သည် ငါ့ထံလာ၍ အဇ္ဈတ္တအတွင်းအလှူဖြစ်သော မျက်လုံး, အသည်းနှလုံး, အသားအသွေး, ကိုယ်တခြမ်းနှင့် တကိုယ်လုံးကို တောင်းခံလာပါလျှင် ကောင်းလေစွ၊ ငါသည် တောင်းခံလာသော အရာဝတ္ထုကို သဗ္ဗညုတဉာဏ်၏ အထောက်အပံ့အတွက် ပေးလှူပေအံ့"ဟု ကြံစည်လျက် နေလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်---

၃၈။ သိရိစုဒါမဏိ မင်းသည် အလှူမဏ္ဍပ် ဇရပ် ခြောက်ဆောင်ကို ဆောက်လုပ်၍ နေ့စဉ် နေ့တိုင်း အလှူကြီးကိုပေးလှူ၏။ တရားနှင့်အညီ မင်းပြုသော သိရိစုဒါမဏိမင်းသည် မိမိ ပြာသာဒ်ထက်၌ နေလျက် အလှူပေးရန် ကြံစည်လေရာ အကယ်၍ အလှူခံပုဂ္ဂိုလ် တစုံတယောက်သည် ငါ၏ မျက်လုံး, အသည်းနှလုံး, အသားအသွေး, ကိုယ်တခြမ်းနှင့် တကိုယ်လုံးကို တောင်းခံလာပါလျှင် ယင်းအလှူခံအား ငါသည် ပေးလှူပါအံ့ဟု ကြံစည်လေ၏ ဟု မိန့်တော်မူလေ၏။

ဤသို့ သိရိစုဒါမဏိမင်းသည် အလှူပေးရန် ကြံစည်စဉ်တွင် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် အမုန်ယစ်သော ဆင်ကဲ့သို့ ထစ်ချုန်းမြည်ဟည်းလျက် တုန်လှုပ်လေ၏။ မဟာသမုဒ္ဒရာသည်

ချောက်ချား၏။ မြင့်မိုရ်တောင်သည် ကောင်းစွာ မီးအုန်းအပ်သော ကြိမ်ညွန့်ကဲ့သို့ ဗာရာဏသီမြို့သို့ ရှေးရှုညွတ်လေ၏။ မြေကြီး၏အသံကြောင့် မိုးသည် ထစ်ချုန်းမြည်ဟည်းလျက် ရွာသွန်းလေ၏။ အခါမဟုတ် လျှပ်စစ်နွယ်တို့လည်း တလက်လက်ပြက်သန်းကုန်၏။ သိကြားမင်းသည် လက်ခမောင်းခတ်၏။ ဗြဟ္မာမင်းလည်း ကောင်းချီးပေး၏။ နတ်များ အားလုံးလည်း တခဲနက် ကောင်းချီးပေးကြကုန်၏။ မြေအပြင်မှသည် ဗြဟ္မာ့ပြည်တိုင်အောင် တခဲနက်သော အုတ်အုတ်ကျက်ကျက် ဖြစ်၏။ သိရိစုဒါမဏိမင်းကြီးသည် မျက်လုံးစသည်ကို လှူရန် ကြံစည်သော တန်ခိုးအစွမ်းကြောင့် ဤကဲ့သို့သော အံ့ဘွယ်သရဲဘွယ်သည် ထင်ရှား ဖြစ်ပေါ်လေ၏။ ထိုခဏ၌ သိကြားမင်း၏ ဘုံဗိမာန်ယည် ပူသော အခြင်း အရာကိုပြ၏။ ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လျက် ဤဂါထာကို ဆို၏။

၄။ အလှူပေးခြင်း, မြတ်သောအကျင့်ကိုကျင့်ခြင်း စသော ကုသိုလ် ကောင်းမှုကို ပြုသောသူသည် လူလော နတ်လော အဘယ်သူ ပါနည်း၊ ထိုသူသည် ငါ့ကို နေရာမှ ရွေ့လျောစေဘိ၏။

## သိကြားမင်းအလိုစမ်းခြင်း

ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သော် ယနေ့ ဘုရားလောင်း သိရိစုဒါမဏိမင်းသည် မျက်လုံး စသော အတွင်း အဇ္ဈတ္တအလှူတို့ကို လှူရန်ကြံစည်၏။ ထိုမင်းသည် နောင်အခါ၌ ဘုရား ဖြစ်လတ္တံ့၊ ယခုအခါ ငါသည် ထိုမင်း၏ စိတ်အလိုဆန္ဒကို ပြည့်စေအံ့ဟု ကြံစည် ဆင်ခြင်လျက် နတ်ပြည်မှ သက်ဆင်း၍ မိမိကိုယ်ကို ကိုယ်တခြပ်း ဖန်ဆင်း၍ ကိုယ်တခြမ်းသာရှိသောပုဏ္ဏားအသွင်ဖြင့် တောင်ဝှေးလက်စွဲ လျက် မင်းနန်းတော်သို့ ဝင်လေ၏။ ယင်းကိုယ်တခြမ်းပုဏ္ဏားကို မြင်ကြ သောအခါ လူအပေါင်းတို့သည် အလွန်တရာ ကြောက်ရွံ ထိတ်လန့်ကြကုန် လျက် "အို လူအပေါင်းတို့ အံ့ဩဘွယ်ရှိပါပေစွ၊ ကိုယ်တခြမ်းသာရှိသော ဤပုဏ္ဏားသည် တောင်ဝှေးလက်စွဲလျက် ဤအရပ်သို့ လာနေဘိ၏"ဟု အချင်းချင်း ပြောဆိုကြကုန်၏။

ထိုအခါ ဘုရားလောင်းမင်းကြီးသည် နေရာမှထ၍ ပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင် နန်းတော်တံခါးအနီး၌မိမိ၏အလှူမဏ္ဍပ်ဇရပ်၌ တည်နေလေ၏။

ထိုအခါ ကိုယ်တခြမ်းပုဏ္ဏားသည် ဘုရားလောင်းထံသို့လာ၍ မိမိ၏ လက်ဝဲလက်ကိုဖြန့်လျက် "ဇေယျတုဘဝံမဟာရာဇ" မင်းမြတ်အောင်ပါစေသတည်းဟုဆိုလေ၏။ ပုဏ္ဏားစကားကိုကြား၍ ဘုရားလောင်းမင်းကြီးသည် နန်းယင်ပြင်၌ရှိသော လူအပေါင်းကိုကြည့်လျက် တောင်ဝေ့ထောက်လျက် တုန်တုန်ရီရီလာနေသော ကိုယ်တခြမ်းပုဏ္ဏားကိုမြင်ရသောအခါ မိမိကိုယ်ကို ဆောက်တည်ခြင်းငှါမတတ်နိုင်ရကား မျက်ရေမျှားကျဆင်းလျက် ကြံစည်သည်မှာ "ငါသည် ဤလက်ဝဲကိုယ်တခြမ်းသာရှိသော ပုဏ္ဏားအား သူလာခြင်းအကြောင်းကို အလျှင်အမြန် မေးအံ့ဟုကြံလျက် သနားခြင်းကရုဏာ ပြင်းပြစွာဖြင့် လာခြင်းအကြောင်းကို မေးလိုရကား ဂါထာကိုဆို၏။

ဂ။ အို ပုဏ္ဏားသင်သည် အဘယ်အကြောင်းကြောင့် ဤအရပ်သို့လာပါသနည်း၊လာခြင်း၏အကြောင်းကိုကျွန်ုပ်အားပြောကြားပါလော့။

ထိုအခါ ကိုယ်တခြမ်းပုဏ္ဏားသည် ဆင်းရဲလှစွာ တုန်တုန်ရီရီဖြင့် မိမိ၏ ဘယ်လက်ကိုမြှောက်ချီလျက် မြတ်သောမင်းကြီး ကျွန်ုပ်မှာ အသက်အရွယ် ကြီးရင့်ပါပြီ ကိုးကွယ်အားထားရာလည်းမရှိပါ၊ လက်ဝဲကိုယ်တခြမ်းသာ ရှိသောကြောင့် သင်မင်းကြီး၏ လကျ်ာကိုယ်တခြမ်းကို အလှူခံရန်လာပါသည်။ ယခုအခါ ကျွန်ုပ်၏လက်ဝဲကိုယ်တခြမ်းနှင့် ဆက်စပ် အသုံးချရန် သင်၏ လကျ်ာကိုယ်တခြမ်းကို ကျွန်ုပ်အား ပေးလှူပါလော့ဟု ဆိုလျက် ဤဂါထာကိုဆို၏။

ဌ။ မိုးရေတို့ဖြင့်ပြည့်သော မြစ်ရေသည် ကုန်ခန်းသည်ဟူ၍ မရှိသကဲ့သို့ သင်၏ စေတနာသည်လည်း ကုန်ခန်းသည်ဟူ၍ ရှိမည်မဟုတ်ပါ၊ ထို့ကြောင့် သင်၏လကျ်ာကိုယ်တခြမ်းကို တောင်းခံရန်လာသော ကျွန်ုပ်အား သင့်ကိုယ်တခြမ်းကိုပေးလှူပါလော့။

**အဇ္ဈတ္တိကအလှူ လှူဒါန်းပြီ**

ယင်းစကားကို ကြားသောအခါ ဘုရားလောင်းသည် ပီတိပြည့်ဖုံး စိတ်နှလုံးရှိရကား နက်ဖြန်ပင်ဘုရားဖြစ်တော့မည့်ကဲ့သို့ အောက်မေ့မှတ်ထင်

လျက် မရှိနွမ်းပါး၍ လက်ဖြန့်တောင်းသူ၏ လက်ထဲသို့ ငွေအသပြာ ထောင်ထုပ်ကိုထည့်ပေးသကဲ့သို့ ဝမ်းမြောက်ဝမ်းသာစွာဖြင့် "ကောင်းပါပြီ အရှင်ပုဏ္ဏားကြီး ယခုပင်လျှင် ကျွန်ုပ်သည် သင့်အလိုဆန္ဒကိုပြည့်ဝစေပါအံ့" ဟု ဆိုလျက် ဆုတ်နစ်တွန့်တိုသောစိတ် လုံးဝမရှိမူ၍—

၁၀။ အိုပုဏ္ဏားကြီး သင်တောင်းခံသော ကျွန်ုပ်၏ ကိုယ်တခြမ်းကို သင့်အား မတုန်မလှုပ် မဆုတ်မနစ်ပေးပါအံ့၊ ကျွန်ုပ်သည် အလှူ ပေးခြင်း၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်လှပါ၏။

ဟုဆိုလျက် ဘုရားလောင်းမင်းကြီးသည် နံ့သာရေတို့ဖြင့်ပြည့်သောရွှေကရား ကို အလျင်အမြန် ယူစေလျက် ပုဏ္ဏားကြီး၏လက်၌ ရေစက်ချ၍ မိမိ၏ ကိုယ်တခြမ်းကိုပေးလိုရကား—

၁၁-၁၂။ အိုပုဏ္ဏားကြီး သဗ္ဗညုတဉာဏ် ဟူသော အကြောင်းကြောင့် သင့်အားကျွန်ုပ်၏ ကိုယ်တခြမ်းကိုပေးလှူပါအံ့၊ ကျွန်ုပ်၏ဦးခေါင်း တဝက်, မျက်လုံးတလုံး, နားတဖက်, နှာခေါင်းတခြမ်း, လျှာ တခြမ်းနှင့် အသည်းနှလုံးတခြမ်းတို့ကို သင့်အား ပေးပါအံ့၊ ယင်းအရာဝတ္ထုတို့ကို အလှူခံပါလော့။

ဟု ဆိုလျက် ကိုယ်တခြမ်းကို ပေးလှူရန် ဝန်ခံပြီးလျှင် သိရိစုဒါမဏိ မင်းကြီးသည် ပြာသာဒ်ထက်သို့တက်၍ အမတ်တို့ကိုင်း၊ ပဒုမဝတီ မိဖုရားကြီးကိုင်း၊ သားတော်စန္ဒကုမာရမင်းသားကိုင်း ခေါ်စေလျက် သားတော်စန္ဒကုမာရအား ပွေ့ဖက်၍ ဦးခေါင်း၌ ငုံ့စုပ်ပြီးလျှင် "ချစ် စွာသောသားတော်လေး၊ သင်သည် ဤနေ့မှစ၍ မမေ့မလျော့ဘဲ အလှူ ပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း တို့ကို ပြုပါ လော့၊ ငါသည်ကား ခန္ဓာကိုယ်တခြမ်းသာရှိသော ပုဏ္ဏားကြီးအား ငါ၏ကိုယ်တခြမ်းကို ပေးလှူပါအံ့" ဟုဆို၍ သားတော် စန္ဒကုမာရမင်း သားအား ရတနာပလ္လင်ထက်၌ နေစေပြီးလျှင် နံ့သာရေတို့ဖြင့် ပြည့်သော ရွှေကရားကိုယူ၍ စန္ဒကုမာရမင်းသား၏ လက်၌ ရေစက်သွန်ချ၍ မင်း စည်းစိမ်ကိုအပ်နှင်းလျက် ရာဇာဘိသိက် သွန်းလောင်းပြီးနောက် ပုဏ္ဏား ကြီးထံသို့ လာလျက်—

၁၃။ အိုပုဏ္ဏားကြီး၊ သင်သည် မစိုးရိမ်ပါလင့်၊ သင့်အလိုဆန္ဒကို ကျွန်ုပ်ဖြည့်ပါအံ့၊ သဗ္ဗညုတဉာဏ်အတွက် ကျွန်ုပ်၏ ကိုယ်တခြမ်းကို သင့်အား ပေးပါအံ့။

ဟုဆိုလေ၏။ ထိုအခါ ပုဏ္ဏားကြီးက—

၁၄။ မြတ်သောမင်းကြီး၊ သင်၏ကိုယ်တခြမ်းကို ကျွန်ုပ်အား အမြန်ပေးလှူပါလော့၊ သင်၏ ဤကိုယ်တခြမ်း အလှူသည် သဗ္ဗညုတဉာဏ်အတွက် ဖြစ်ပါလတ္တံ့။

ဟု ဆိုသောအခါ သိရိစုဒါမဏိမင်းကြီးသည် ကောင်းပါပြီ ပုဏ္ဏားကြီးဟု ဆိုလျက် နတ်များကို သိစေလိုသဖြင့် ကောင်းကင်သို့ မော်ကြည့်၍-

၁၅။ ဤအရပ်သို့ ကြွရောက်လာကြကုန်သော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့၊ သဗ္ဗညုတဉာဏ်ကို ရရန်အတွက် ကျွန်ုပ်သည် အသက်ကို စွန့်လွှတ်ပါအံ့။

ဟု ဆိုလျက် ဘုရားလောင်းသည် အဓိဋ္ဌာန်လျက် သစ္စာပါရမီကို ပြုလိုရကား-

၁၆။ ဘုရားလောင်းဟူသမျှတို့သည် ပါရမီတို့ကို ဖြည့်ဆည်းပူးခဲ့ကြ၍ ဘုရား အဖြစ်သို့ ရောက်တော်မူကြကုန်သည်၊ ဤ သစ္စာစကားကြောင့် လွှသည် ငါ၏အထံသို့ အမြန်ရောက်လာပါစေသား။

ထိုခဏ၌ ဘုရားလောင်း၏ သစ္စာအဓိဋ္ဌာန်တန်ခိုးကြောင့် ဘီလူးကြီးနှစ်ယောက်သည် မြေမှထွက်၍ မီးတောက်မီးလျှံနှင့်တူသော ခန္ဓာကိုယ်ဖြင့် နီရဲသော အဝတ်များကိုဝတ်လျက် မုတ်ဆိတ်နီနီ, ဆံပင်နီနီ, မျက်လုံးနီနီရှိပြီး ကြောက်လန့်ဘွယ် အသွင်ဖြင့် ထက်စွာသောလွှကိုကိုင်၍ ထင်ရှားပေါ်ထွက်လာလေ၏။ ထိုအခိုက်တွင် လူအများတို့သည် ဘီလူးကြီးနှစ်ယောက်ကို မြင်၍ ကြောက်ရွံ့ကြသဖြင့် ထိုထို့ဤဤ ထွက်ပြေးကြကုန်၏။ — အော်ဟစ်လျက် အလွန် ကြမ်းတမ်းကြောက်ရွံ့ဘွယ်အသွင်ဖြင့်

ထိုအခါ ဘုရားလောင်းသည် ဘီလူးကြီး နှစ်ယောက်အား "အို-ဘီလူးကြီးတို့၊ ဤနေရာသို့ လာကြပါကုန်လော့" ဟု ဆိုလတ်သော်

ဘီလူးကြီးတို့သည် ထက်လှစွာသော လှံကို ကိုင်လျက် ဘုရားလောင်း၏ အထံသို့ လာကြကုန်၏။ ဘုရားလောင်းသည် ယင်းလှံကို ကိုင်တွယ် သုံးသပ်လျက် နတ်အများတို့အား သိစေလိုရကား ကောင်းကင်သို့ မော် ကြည့်လျက် "အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ ဤကိုယ် တခြမ်းကို စွန့်လှူတ်ရသော ကောင်းမှုကြောင့် စကြာတေးမင်း, မာဂ် နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်နှင့် ပစ္စေကဗုဒ္ဓါအဖြစ်ကို မတောင့်တ ပါ၊ စင်စစ်သော်ကား ကျွန်ုပ်၏ ကိုယ်တခြမ်းအလှူသည် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုရပြီး ဘုရားဖြစ်ခြင်း၏ အထောက်အပံ့ဖြစ်ပါစေ။ ဤ ကောင်းမှုကြောင့် ကျွန်ုပ်သည် သံသရာဝဋ်ဆင်းရဲမှ နတ်လူအပေါင်းကို ကယ်တင်ရပါလို၏"ဟု ဆိုလျက် သိရိစုဒါမဏိမင်းသည် မိမိ၏အလှူများကို အမျှဝေ အနုမောဒနာပြုစေလိုရကား—

၁၇–၁၈။ ဤအရပ်သို့ ကြွရောက်လာကြကုန်သော အို နတ်များအပေါင်းတို့ သင်တို့သည် သဗ္ဗညုတဉာဏ်ကို ရည်မှန်း၍ လှူဒါန်းသော ကျွန်ုပ်၏ အလှူကိုငင်း၊ ကျွန်ုပ်၏ ဤကိုယ်ခန္ဓာတခြမ်းအလှူကိုငင်း ဝမ်းမြောက် နှမော် သာဓုခေါ်ကြပါကုန်လော့။

## ကိုယ်တခြမ်းလှူရန်လှံဖြင့်တိုက်ခြင်း

ထိုအခါ နတ်လူအပေါင်းတို့သည် အုတ်အုက်ကျက်ကျက် တခဲနက်ဖြင့် ယင်းအလှူတို့ကို သာဓုအနုမောဒနာပြုကြကုန်၏။ ထိုအခိုက်၌ဘုရားလောင်း သည် ပလ္လင်ထက်မှ ဆင်းသက်၍ ဘီလူးကြီးနှစ်ယောက်တို့ကိုခေါ်၍ "အို ဘီလူးကြီးတို့ သင်တို့သည် ဤထက်စွာသောလှံဖြင့် ဦးခေါင်းအလယ်မှ ဖြတ်ကြကုန်လော့"ဟုဆိုသောအခါ ဘီလူးကြီးတို့သည် လှံကိုကိုင်လျက် မင်းကြီး၏ ဦးခေါင်းထက်၌တင်ထားပြီးလျှင် မဖြတ်သေးဘဲ ထိုထို ဤဤ လှည့်လည်နေကြကုန်၏။

ထိုအချိန်တွင် စုဝေးရောက်ရှိနေကြကုန်သောအမတ်များနှင့်လူအပေါင်း တို့သည် ဆူညံစွာအော်ဟစ်ကြလျက် ငိုကြွေး မြည်တမ်းကြလေကုန်၏။ ထိုအခိုက် ဘီလူးကြီးနှစ်ယောက်တို့သည် ထိုလူများ ကြည့်နေစဉ်မှာပင်

လှဖြင့် မင်းကြီး၏ ဦးခေါင်းအလယ်ကိုဖြတ်ကြကုန်၏။ လူအပေါင်းတို့ ငိုကြွေးသံကိုကြားသဖြင့် ပဒုမဝတီမိဖုရားကြီးသည် သားတော်စန္ဒကုမာရကို ခေါ်လျက် ပြာသာဒ်ထက်မှဆင်းလာလျက် ရင်ကိုခတ်တီး၍ မင်းကြီးအား ရှိခိုးကြကာ ငိုကြွေးမြည်တမ်းကြကုန်၏။ စန္ဒကုမာရမင်းသားသည်လည်း ဘခင်မင်းကြီး၏ခြေရင်း၌ဝပ်လျှိုး၍ သနားစဖွယ်ငိုကြွေးလျက်—

၂၀။ အို ဘခမည်းတော်ကြီး ကျွန်ုပ်တို့ငယ်ငယ်ရွယ်ရွယ်ရှိပါသေးသည်၊ ကျွန်ုပ်တို့အား ကိုးကွယ်ရာမဲ့အောင် ပြုတော်မမူပါလင့်။

လှသည် မင်းကြီး၏နဖူးပြင်သို့ရောက်သောအခါ သွေးတို့သည် ယိုစီးကုန်၏။ထိုခဏ၌နတ်အများတို့သည်စုဝေးလာရောက်ကြလျက်ဘုရားလောင်းအား နတ်ပန်းစသည်တို့ဖြင့် ပူဇော်၍ ကောင်းချီးသြဘာ ပေးကြကုန်၏။ လှသည် မျက်နှာသို့ ရောက်လာသောအခါ ဘုရားလောင်းက လူအပေါင်းအား မစိုးရိမ်ကြလင့် မငိုကြွေးကြလင့် သီလကို ဆောက်တည်ကြဟုဆို၍—

၂၁။ အို လူအပေါင်းတို့ သီလကို ဆောက်တည်ကြလော့၊ အလှူကိုလည်း တတ်အားသမျှ ပေးလှူကြလော့၊ ဒါနမှတပါး သတ္တဝါတို့အား ကိုးကွယ်အားထားရာမရှိပေ။

လှသည် လည်ပင်းသို့ရောက်သောအခါ ဘုရားလောင်းသည် အလွန်ပြင်းပြစွာ ဆင်းရဲဝေဒနာကို ခံစားရ၏။ ဘုရားလောင်းသည် ဆင်းရဲဝေဒနာကို သည်းခံလျက် "အို သီရိစုဒါမဏိ သင်သည် အင်္ဂါခြေလက်ကိုယ်တဝက်နှင့် အသက်အလှူကိုမပေးလှူဘဲ နောင်အခါ သဗ္ဗညုတဉာဏ်ကို ရပြီး ဘုရားဖြစ်လိမ့်မည်မဟုတ်၊ ယခုအခါ သင်သည် ဤကိုယ်တဝက်အလှူကိုလှူခြင်းဖြင့် မိမိစိတ်ကိုကြည်လင်စေပါလော့။ဤကိုယ်တဝက်အလှူကို လှူသည်မှစ၍ သင့်မှာ ဒုက္ခအပေါင်း ကင်းငြိမ်းပါလတ့်"ဟု မိမိစိတ်ကို ကြံ့ကြံ့ခိုင်စေပြီးလျှင် ရပ်တည်လျက်နေလေ၏။

ထိုနောက် ဘီလူးကြီးနှစ်ယောက်တို့သည် ရင်ပိုင်း အသည်း နှလုံးပိုင်းနှင့် အောက်ပိုင်းတို့ကို ဆက်လက် ဖြတ်ခွဲကြကုန်၏၊ အားလုံး ဖြတ်ပြီးသော အခါ မင်းကြီးသည် မိမိ၏ လကျ်ာဘက် ကိုယ်တခြမ်းကို လက်ဝဲဘက် ကိုယ်တခြမ်းသာရှိသော ပုဏ္ဏားအား ရေစက်သွန်းချ ပေးလှူ၍၊

၂၂။ အို ပုဏ္ဏားကြီး ကျွန်ုပ်သည် ဘုရားဖြစ်ရန်အတွက် ဤမြတ်သော အလှူကို ပေးလှူပါ၏၊ သင်ပုဏ္ဏားကြီးသည် ကျွန်ုပ်၏ အလှူကို လက်ခံပါလေ့ဟု ဆိုလေ၏။

## ကောင်းချီးနုမော် သာဓုခေါ်

ထိုအခါ ပုဏ္ဏားကြီးသည် ဘုရားလောင်း၏ လကျာ်ကိုယ်တခြမ်းကို ယူ၍ လက်ဝဲကိုယ်တခြမ်းနှင့် ဆက်စပ်ပြီးလျှင် ပြည့်စုံသောကိုယ်ဖြင့် ရပ်တည်လျက် ထိုထိုဤဤ စကြဲလျှောက်ကာ ချီးမွမ်းခြင်းကို ပြုလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၂၃။ ကိုယ်အင်္ဂါပြည့်စုံသော ပုဏ္ဏားအဖြစ်ကိုသိ၍ ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းသည် ဤသို့ဆို၏၊ သင်မင်းကြီးသည် လူနတ်တို့၌ ဖြစ်သော ဘေးအန္တရာယ်အားလုံးတို့ကို အောင်မြင်ပြီ၊ လျှပ်စီးများ တဝင်းဝင်း လက်လျက် တောင်ကြီးတို့သည် ဦးညွတ်ကြကုန်ပြီ၊ နာရဒတောင်၌ နေသော နတ်များတို့သည် မိမိတို့ ဗိမာန်၌ တည်လျက် အလှူဒါနကို သာဓုအနုမောဒနာ ပြုကြကုန်၏။ သိကြားမင်း, ဗြဟ္မာမင်း, ပဇာပတိနတ်မင်း, သောမနတ်မင်း, ယမနတ်မင်း, ဝေဿဝဏ်နတ်မင်း ဟူသော နတ်အများတို့သည် မင်းကြီး၏ လှူနိုင်ခက်သောအလှူကို ဝမ်းမြောက်နုမော် သာဓုခေါ်ကြကုန်၏၊ သူတော်ကောင်းတို့သည် သူတပါးတို့ ပေးလှူနိုင်ခဲသော အလှူကို ပေးလှူတတ်၍ သူတပါးတို့ ပြုလုပ်နိုင်ခဲသော အလုပ်ကို လုပ်တတ်ပေ၏၊ သူတော်မဟုတ် သူယုတ်မာတို့ကား ထိုကဲ့သို့သော အမှုမျိုးကို မပြုလုပ်တတ်ကြပေ၊ ထို့ကြောင့် သူတော်ကောင်းတို့သည် နတ်ပြည်သို့ လားရောက်ရ၍ သူယုတ်မာတို့ကား ငရဲသို့ လားရောက်ရလေ၏။ အလွန်တရာ မွန်မြတ်သော ကိုယ်တခြမ်းအလှူကို သင်သည် ပေးလှူသောကြောင့် နတ်ပြည်၌ သင့်အား ပူဇော်ခြင်းသည် ဖြစ်ပါလတ့်။

ဤသို့လျှင် မင်းကြီး၏အလှူကို အနုမောဒနာပြု၍ ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းသည် ဤကိုယ်တခြမ်းကို မင်းကြီးအား ပြန်ပေး၍ နတ်ပြည်သို့ ကြွသွားတော့အံ့ဟုကြံလျက်—

၃၀။ အို မင်းမြတ် သင်၏ ဤကိုယ်တခြမ်းကို သင့်အား ပြန်၍ ပေးလှူပါ၏၊ ခံယူတော်မူပါ။

ထိုအခါ ပဏ္ဏားယောင်ဆောင်သော သိကြားမင်းသည် လကျ်ာကိုယ်တခြမ်းကို လက်ဝဲကိုယ်တခြမ်းနှင့် ဆက်စပ်၍ အမြိုက်ရေစင်ဖြင့် ပက်ဖျန်းလျက် မိမိ၏ သိကြားမင်းအဖြစ်ကို ပြလိုရကား—

၃၁။ ကျွန်ုပ်သည် အခြားသူမဟုတ် နတ်တို့ကို အစိုးရသော သိကြားမင်း ဖြစ်သည်၊ သင်၏လှူလိုသောဆန္ဒ, ဘုရားဖြစ်လိုသော ဆန္ဒကို ပြည့်ဝစေရန် သင့်ထံသို့ လာပါသည်။

ဤသို့လျှင် သိကြားမင်းသည် မိမိ၏ သိကြားမင်းအဖြစ်ဖြင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တက်သစ်စနေဝန်းကဲ့သို့ ကောင်းကင်၌ ရပ်တည်လျက် "မြတ်သောမင်းကြီး ဤနေ့မှစ၍ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါကုန်လော့" ဟု မင်းကြီးအား ဆုံးမဩဝါဒပေးပြီးနောက် ကောင်းချီးနှုမော် သာခုခေါ်လျက် နတ်ပြည်နတ်နန်းသို့ ကြွမြန်းလေ၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၃၂။ သူဇာ့သခင် နတ်တို့အရှင် သိကြားမင်းသည် ဤစကားကို ပြောဆိုပြီးလျှင် မင်းကြီးအား ချီးကျူးစကား ပြောကြားပြီးနောက် နတ်ပြည်သို့ ပြန်ကြွလေ၏။

ထိုအခါ ဘုရားလောင်းသည် သိကြားမင်း၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် မိမိအသက်ပြန်ရလာ၍ ဗာရာဏသီ ပြည်သူပြည်သားတို့အား အလှူကြီးကို ပေးလေ၏။ ထိုအခါ အမတ် စသော မြို့သူမြို့သားအပေါင်းတို့သည်လည်း သိကြားမင်း၏ အာနုဘော်ကြောင့် သက်သာရာကို ရကြကုန်၍ သိရိစုဒါမဏိမင်းအား ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ပြန်လည်တင်မြှောက်ကြကုန်၏။ ထိုနောက် သိရိစုဒါမဏိမင်းသည် မိမိ၏ အလှူမဏ္ဍပ်သို့ ရောက်လာကြကုန်သော သူတို့အား အလှူပေးလျက် လူအပေါင်းအားလည်း ဆုံးမဩဝါဒပေး၍ နေပြီးနောက် ကွယ်လွန်သောအခါ သိရိစုဒါမဏိမင်းနှင့် တကွသော လူအပေါင်းတို့သည် နတ်ပြည်၌ ဖြစ်ကြကုန်၏။ ဘုရားရှင်သည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဂါထာတို့ကို မိန့်တော်မူ၏။

### ဇာတ်ပေါင်းသော်

၃၃–၃၆။ ထိုအခါ သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ ပဒုမဝတီမိဖုရားသည် ယခုအခါ ယသော်ဓရာ၊ စန္ဒကုမာရမင်းသားသည် ယခုအခါ ရာဟုလာ၊ သိရိစုဒ္ဓါမဏိမင်း၏ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ဖြစ်လာ၍ သိရိစုဒ္ဓါမဏိမင်းသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏။ ဤသို့ဇာတ်တော်ကို ရိုသေသောစိတ်ထားဖြင့် မှတ်သားတော်မူကြကုန်လော့။

ခုနစ်ခုမြောက် သိရိစုဒ္ဓါမဏိဇာတ် ပြီး၏။

---

## ၈–အဥ္ဆပရိက္ခရာဇာတ်

[ သာသနာတော်၌ ပရိက္ခရာရှစ်ပါးကိုလှူဘူးသောသူသည် နောင်ဘုရားရှင်တို့၏သာသနာတော်၌ ဘုရားရှင်နှင့်ပူးတွေ့ရ၍ ကျွတ်တမ်းဝင်လျှင် ပရိက္ခရာမလိုဘဲရဟန်းဖြစ်နိုင်ပုံကို ပြသော အဥ္ဆပရိက္ခရာဇာတ် ]

မြတ်စွာဘုရားသည် တိစီဝရဥ္စ ပတ္တဥ္စ အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ပရိက္ခရာရှစ်ပါး အလှူကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုအခါ တနေ့သ၌ ဘုရားရှင်၏တပည့် နန္ဒကုမာရမင်းသားသည် ကုဋေကိုးဆယ် အရေအတွက်ရှိသော မိမိ၏ ပရိသတ်များနှင့်အတူ တရားနာရန် ဘုရားရှင်ထံသွားလေ၏။ ဘုရားရှင်သည် နန္ဒကုမာရမင်းသားအား အလှူပေးခြင်းနှင့်စပ်သောတရား၊ သီလဆောက်တည်ခြင်းနှင့်စပ်သောတရား၊ဘာဝနာပွားခြင်းနှင့်စပ်သောတရား၊သံသရာမှ ထွက်မြောက်ခြင်းနှင့်စပ်သောတရား၊ နတ်ပြည်ရောက်ကြောင်းတရား၊နိဗ္ဗာန် ရောက်ကြောင်းတရားဟူသော တရားများကို ဟောကြားတော်မူလေ၏။ တရားနာပြီးသည်၏အဆုံး၌ နန္ဒကုမာရမင်းသားသည် ကုဋေကိုးဆယ်မျှသော မိမိပရိသတ်နှင့်အတူ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ရောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ယင်းအမျိုးသားတို့၏ ရှေးကုသိုလ်ကံအကြောင်းကို ကြည့်ရှုဆင်ခြင်လတ်သော် ရှေးအခါက ပရိက္ခရာရှစ်ပါးကို လှူဒါန်းခဲ့သော အကျိုးကြောင့် တန်ခိုးဖြင့်ပြီးသော သင်္ကန်းသပိတ်တို့ ပြည့်စုံသည်ကို သိမြင်တော်မူရကား မိမိ၏လက်ျာလက်ကို ဆန့်တန်းလျက် "ရဟန်းတို့ လာကြကုန်လော့၊ ငါဘုရား၏သာသနာ၌ မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့"ဟု မိန့်ဆိုတော်မူသည်နှင့် တပြိုင်နက် ထိုအမျိုးသားအားလုံးတို့၏ လူ့အသွင်သည် ကွယ်ပျောက်လျက် တန်ခိုးဖြင့်ပြီးသော သင်္ကန်းသပိတ်တို့ကို ဝတ်ရုံ လွယ်ဆောင်ထားသော ဝါခြောက်ဆယ်ရ မထေရ်မြတ်ကြီးများကဲ့သို့ ဣရိယာပုထ်များနှင့် ပြည့်စုံစွာ ဘုရားရှင်၏ ရှေ့တော်ဝယ် ဘုရားရှင်အား လက်အုပ်ချီမိုးရှိခိုးကုန်လျက် ဝန်းရံနေကြကုန်၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်မဏ္ဍပ်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပါပေစွ၊ ငါတို့မြတ်စွာဘုရားသည် အဘယ်ကောင်းမှု ကုသိုလ်ကံကြောင့် ဤအမျိုးသားတို့အား တန်ခိုးဖြင့်ပြီးသော သင်္ကန်းသပိတ် စုံလင်စွာဖြင့် ရဟန်း ပြုပေးပါသနည်း"ဟု ဤစကားကိုပြောဆိုနေကြကုန်၏။

ရဟန်းတို့ ပြောဆိုသော စကားကို ဘုရားရှင် ကြားသိတော်မူသဖြင့် ကြွရောက်လာပြီး ခင်းထားအပ်သော မြတ်သော ဘုရားနေရာထက် ထိုင်နေတော်မူ၍ ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသော အခါ၌ သင်ရဟန်းတို့သည် အဘယ်စကားကို ပြောဆိုနေကြပါ ကုန်သနည်းဟု မေးတော်မူလေရာ ဤမည်သောစကားကို ပြောဆိုနေကြပါသည်ဟု ရဟန်းတော်တို့က လျှောက်ထားလေ၏။

"ရဟန်းတို့၊ ယခုမှသာ ငါဘုရားသည် ထိုအမျိုးသားတို့ကို ငါ၏တန်ခိုးအစွမ်းဖြင့် ရဟန်း ဖြစ်စေသည် မဟုတ်ပေ၊ ယင်းအမျိုးသာတို့သည် ရှေးအခါက ပရိက္ခရာ ရှစ်ပါးတို့ကို လှူဒါန်းခဲ့သောကြောင့် ဧဟိဘိက္ခု (ရဟန်းလာလော့) ရဟန်းအဖြစ် ငါဘုရားက ရဟန်းပြုပေးခြင်း ဖြစ်သည်၊ ငါဘုရားသည် ရှေးအခါ ပုထုဇဉ် ဖြစ်စဉ်ကလည်း သဗ္ဗညုတ ဉာဏ်ကို

ရရန်အတွက် ပရိက္ခရာ ရှစ်ပါးကို လှူဒါန်းခဲ့သည်သာ ဖြစ်၏ဟု မိန့်တော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏။ ထိုရဟန်းတို့သည် ဘုရားရှင်အား တောင်းပန်လျှောက်ထား သောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့၊ လွန်လေပြီးသောအခါ သုမင်္ဂလ မြတ်စွာဘုရားလက်ထက်တွင် ဥတ္တရိမြို့၌ ဘုရားလောင်းသည် သုရုစိပုဏ္ဏားရွာ၌ စည်းစိမ်ဥစ္စာများစွာရှိသော ပုဏ္ဏားမျိုး၌ ဖြစ်၍ သုရုစိရ အမည်ရှိလေ၏။ ထိုအခါ ဘုရားလောင်း သုရုစိရပုဏ္ဏားသည် သုမင်္ဂလဘုရား၏ သာသနာတော်၌ ကြည်ညိုသဖြင့် "ငါသည် ဤဘုရားရှင်၏ သာသနာတော်၌ ကောင်းမှုတည်းဟူသော မျိုးစေ့ကိုစိုက်ပျိုးအံ့"ဟုကြံစည် လျက် မိမိအိမ်မှ ထွက်ခွါခဲ့၍ သုမင်္ဂလ ဘုရားရှင်ထံချဉ်းကပ်ပြီးလျှင် ဘုရားရှင်ထံမှ တရားတော်ကို ကြားနာပြီးနောက် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ နက်ဖြန်တပည့်သားသာ ကုဋေတသိန်းတို့နှင့်အတူ တပည့်တော်အိမ်၌ ဆွမ်းဘုန်းပေး သုံးဆောင်တော်မူပါမည့်အကြောင်း ပင့်လျှောက်လေ၏။ ဘုရားရှင်လည်း ဆိတ်ဆိတ်နေကာ လက်ခံတော်မူလေ၏။ ဘုရားရှင်၏ လက်ခံတော်မူခြင်းကိုသိ၍ သုရုစိရ ပုဏ္ဏားသည် အိမ်သို့ပြန်လာပြီးလျှင် ပရိက္ခရာရှစ်ပါးကို စီမံလျက် ရှေးဦးစွာဂါထာကို ဆို၏။

> ၁။ သက်န်းသုံးတည်, သပိတ် ပဲခွပ်(ဓား)အပ်, ခါးပန်းကြိုး, ရေစစ် ဟူသော ပရိက္ခရာ ရှစ်ပါးကို ပေးလှူအံ့။

ထို့နောက် ရဟန်းတို့သည် "ဤကုဋေတသိန်းသော ရဟန်းတို့အား ယာဂု ဆွမ်းစသောအလှူ ပရိက္ခရာ ရှစ်ပါးတို့ကို ငါတယောက်တည်းပေးလှူခြင်းငှါ စွမ်းနိုင်၏။ သို့ရာတွင် ဤကုဋေတသိန်းသော ရဟန်းတော်များ နေထိုင်ရာနေရာကို အဘယ်သို့ ပြုလုပ်စီမံရပါအံ့နည်း"ဟု ကြံစည်သောအခါ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြ၏။ ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လျက် ဤဂါထာကို ဆို၏။

၂။ အလှူပေးခြင်း မြတ်သောအကျင့်ကိုကျင့်ခြင်း စသည်တို့ကိုပြုသော သူကား လူလော့, နတ်လော့ အဘယ်သူပါနည်း၊ ထိုသူသည် ငါ့ကို နေရာမှာ ရွှေလျှော့စေဘိ၏။

## လက်သမားအသွင်ဖန်ဆင်းပြီး သိကြားမင်းကူညီခြင်း

ဤသို့ ဆင်ခြင်သောအခါ သိကြားမင်းသည် သုရုစိရပုဏ္ဏား အကြောင်းကိုသိသဖြင့်ကြံစည်သည်ကား "ဤဘုရားလောင်း သုရုစိရပုဏ္ဏား သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့၊ ယင်း ပုဏ္ဏားသည် ယခုအခါ ဘုရားအမှူးရှိသော ရဟန်း၊သံဃာ ကုဋေတသိန်းကို ဆွမ်းဘုဉ်း ပေးရန် ပင့်ဖိတ်ထား၍ ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် နေရာ အဆောက်အဦအတွက် ယခုအခါ စိတ်ကူးကြံစည်နေ၏၊ ငါသည် သုရုစိရ ပုဏ္ဏားထံသွား၍ ကောင်းမှုကုသိုလ်၏အဖို့ အစုကိုရရန်သင့်၏" ဟု ကြံစည် ပြီးနောက် သိကြားမင်းသည် မိမိကိုယ်ကို လက်သမားအသွင် ဖန်ဆင်း လျက် ပဲခွပ်, ပုဆိန် စသော လက်သမားအသုံးအဆောင်တို့ကို ယူ၍ ဘုရားလောင်း သုရုစိရပုဏ္ဏားထံသွားကာ "အိုပုဏ္ဏား၊ သင့်မှာ လက် သမားလုပ်ငန်း အခစားလုပ်ရန်ရှိပါသလား" ဟု မေးလေ၏။ ထိုအခါ သုရုစိရပုဏ္ဏားက "အို လက်သမားကြီး၊ ကျွန်ုပ်သည် နက်ဖြန် ဘုရားအမှူး ရှိသော ရဟန်း၊ သံဃာ ကုဋေတသိန်းကို ဆွမ်းအလှူငှါ ပင့်ဖိတ်ထားပါ သည်၊ ယိုရဟန်း သံဃာတော်များ နေထိုင်သီတင်းသုံးရန် မဏ္ဍပ်များ ဆောက်လုပ်လိုပါသည်" ဟု ပုဏ္ဏားပြောလေရာ လက်သမားကြီးက "အိုပုဏ္ဏား၊ ကျွန်ုပ်အား လက်ခငွေများပေးပါလျှင် ကျွန်ုပ် ဆောက်လုပ် ပေးပါမည်" ဟု ပြောလေလျှင် ပုဏ္ဏားက ကျွန်ုပ်သည် သင့်အား လက်ခ ငွေများပေးပါမည်၊ ယနေ့ပင် အပြီးဆောက်လုပ်ပေးပါဟု ပြောသော အခါ လက်သမားက ကောင်းပါပြီဟု ဝန်ခံကာ မဏ္ဍပ်ဆောက်မည့်နေရာ တို့ကိုကြည့်လေ၏။

ယိုခဏ၌ သိကြားမင်း၏ အစွမ်းအာနုဘော်ကြောင့် ၁၂-ယူဇနာ ပမာဏရှိသော ညီညွတ်သော မြေအပြင်သည် ကသိုဏ်းဝန်းကဲ့သို့ဖြစ်ပေါ်

လာလေ၏။ ထိုအခါ လက်သမားသိကြားမင်းသည် ဤနေရာ၌ ရတနာ ခုနစ်ပါးဖြင့် တန်ဆာဆင်အပ်သော မဏ္ဍပ်တခု ပေါ်ပေါက်ပါစေ သတည်းဟု ထိုနေရာကို ကြည့်ရှုလိုက်သောအခါ ရတနာ ခုနစ်ပါးဖြင့် တန်ဆာဆင်အပ်သော မဏ္ဍပ်သည် မြေကိုခွဲ၍ ထွက်ပေါ် လာလေ၏။ ယင်းမဏ္ဍပ်ကြီး၏ ရွှေဖြင့် ပြီးသော တိုင်တို့၌ ငွေကြာသွတ်အိုးကြီးများ, ငွေတိုင်တို့၌ ရွှေကြာသွတ်အိုးကြီးများ, ပတ္တမြားတိုင်တို့၌ သန္တာကြာသွတ် အိုးကြီးများ, သန္တာတိုင်တို့၌ ပတ္တမြား ကြာသွတ်အိုးကြီးများ, ရတနာ ခုနစ်ပါးဖြင့်ပြီးသော တိုင်တို့၌ ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်သော ကြာသွတ်အိုးကြီးများကိုစီမံထားလေ၏။ ထို့နောက် သိကြားမင်းသည် မဏ္ဍပ်၏ အကြားအကြားတို့၌ ရွှေခြူဆွဲလဲများ ဆွဲလျက် ရှိစေသတည်း ဟူသော အမှတ်သညာဖြင့် မဏ္ဍပ်ကိုကြည့်လိုက်သည်နှင့်တပြိုင်နက် ထိုထို နေရာတို့၌ ရွှေခြူဆွဲလဲများဆွဲလျက် ဖြစ်နေကုန်၏။ လေပြေလေညှင်းများ တိုက်ခတ်သောအခါ ယင်းရွှေခြူဆွဲလဲမှ သာယာသော အသံများသည် တူရိယာငါးမျိုး တီးမှုတ်သံကဲ့သို့ရင်း, နတ်တို့၏ဂီတသံကဲ့သို့ရင်း သာယာ ညှင်းပြောင်းလှပေ၏၊ ယင်းခြူဆွဲလဲများ အကြားအကြား၌ နံ့သာပန်း ဆိုင်းများဆွဲလျက်တည်ရှိကုန်၏။

ထို့နောက် သိကြားမင်းသည် ကုဋေတသိန်းသော ရဟန်းတို့အတွက် နေရာတို့သည် မြေကိုဖေါက်ခွဲ၍ထွက်ပေါ်လာစေသတည်းဟု ကြံစည်လိုက် သည်နှင့်တပြိုင်နက် ထိုထိုနေရာတို့၌ မဏ္ဍပ်ငယ်ပေါင်းများစွာ မြေကိုဖေါက်ခွဲ ပေါ်ထွက်လာကုန်၏။ ထို့နောက်တဖန် တလုံး တလုံးသော ရေအိုးစရည်း ကြီးများ ပေါ်ပေါက်လာစေသတည်းဟုသိကြားမင်းက ကြံစည်လိုက်သည် နှင့်တပြိုင်နက် ရေအိုးစရည်းကြီးများ အစီအရီ ပေါ်ပေါက်လာကုန်၏။ လက်သမားအသွင် ဖန်ဆင်းထားသော သိကြားမင်းသည် ဤမျှလောက် သောမဏ္ဍပ်တို့ကိုဖန်ဆင်းထားပြီးနောက်သုရုစိရပုဏ္ဏားထံသွား၍ "အိုပုဏ္ဏား ကြီးလာကြည့်စမ်းပါလော့၊ သင်၏မဏ္ဍပ်များကို ကြည့်ရှုပြီးနောက် ကျွန်ုပ် အား အဖိုးအခတို့ကိုပေးပါလော့"ဟုဆိုသဖြင့် ပုဏ္ဏားကြီးသည် မဏ္ဍပ်ကို ကြည့်လျက် လူအပေါင်းတို့နှင့် စကားပြောဆိုလိုရကား--

၃-၄။ အိုလူအပေါင်းတို့၊ ဤမဏ္ဍပ်သည် မွန်မြတ်ပေ၏၊ ရှုကြည့်ချင်ဘွယ်လည်းရှိလှ၏၊ စင်စစ်အားဖြင့် ကျွန်ုပ်၏ စိတ်အလိုဆန္ဒကို ပြည့်စေသောအားဖြင့် သိကြားမင်း ဖန်ဆင်း ဆောက်လုပ်သည်ဖြစ်ရာ၏၊ ယင်းသို့သော အခြေအနေကြောင့် ကျွန်ုပ်သည် တရက်တည်း အလှူဒါနကို ပြု၍ မသင့်လျော်၊ ထို့ကြောင့် ကျွန်ုပ်သည် ခုနစ်ရက်တိုင်တိုင် အလှူကြီးကို ပေးပါအံ့။

ဤသို့ဆိုပြီးလျှင် ဘုရားလောင်းသည် ဤမဏ္ဍပ်ကြီး၌ ငါသည် ခုနစ်ရက်တိုင်တိုင် အလှူကြီးကို ပေးလှူသင့်၏ဟု ဆုံးဖြတ်ချက်ချလျက် သုမင်္ဂလဘုရား အမှူးရှိသော ကုဋေတသိန်းသော ရဟန်းတို့အား မဏ္ဍပ်၌ ခုနစ်ရက် တိုင်တိုင် နေစေပြီးလျှင် မိမိ ကိုယ်တိုင်လည်း ယင်းမဏ္ဍပ်၌ နေလေ၏။ဘုရားလောင်းသည် သုမင်္ဂလဘုရားအမှူးရှိသောရဟန်းတို့အား နို့ဆွမ်းစသော အလှူတို့ကို ပေးလှူ၏။

လူတို့သည် ထိုမျှများပြားသော ရဟန်းတို့အား ပြုစုလုပ်ကျွေးရန် မတတ်နိုင်ကြပေ။ ထို့ကြောင့် နတ်တို့သည် လူတို့နှင့် တယောက်ခြား လူတယောက် နတ်တယောက်အားဖြင့် ရဟန်းတို့ကို လုပ်ကျွေးကြကုန်၏။ နောက်ဆုံးနေ့၌ ဘုရားလောင်းသည် ရဟန်းတို့၏သပိတ်၌ ဆေးအဘွက် ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲစသည်တို့ကို လောင်းလှူလျက် သင်္ကန်းစသောပရိက္ခရာများနှင့် အတူအလှူကြီးကိုပေးလှူလေ၏။ထိုမဏ္ဍပ်၌ နောက်ဆုံးနေရာ၌ ရှိသော အငယ်ဆုံးရဟန်းရသော တိစီဝရိက် သင်္ကန်းသည် ပင်လျှင် အဖိုးတသိန်းထိုက်တန်၏။ ယခုအခါ သုရုစိရပုဏ္ဏား၏ အလှူကို အနုမောဒနာ ပြုလိုသော မြတ်စွာဘုရားသည် တရားစကား တို့ကို မိန့်တော်မူ၏။

## ပရိက္ခရာရှစ်ပါး လှူရကျိုး

၅-၁၁။ ပရိက္ခရာရှစ်ပါးတို့ကို ပေးလှူသောသူသည် ဖြစ်လေရာ ဘဝတိုင်း၌ စည်းစိမ်ချမ်းသာ ဥစ္စာရွှေငွေတို့နှင့် ပြည့်စုံပြီးလျှင် အဆင်းလှခြင်း အကျိုးကိုခံစားရ၏၊ ထို့နောက် ဘုရားသာသနာ၌ ဟေဘိက္ခုရဟန်း

ဖြစ်ရ၏၊ ပရိက္ခရာရှစ်ပါးကို လှူသော အမျိုးသမီးသည်ကား မဟာလတာ တန်းဆာကို ဆင်မြန်း ဝတ်ဆင်ရ၏။

၁၂–၂၄။ တိစီဝရိက် သင်္ကန်းကို လှူသောသူသည် ဖြစ်လေရာဘဝတိုင်း၌ အဆင်းလှ၍ ဝါချည်အထည်စသော အဝတ်တို့ကို ရရှိ၏၊ သပိတ်လှူသော သူသည် ဖြစ်လေရာဘဝတိုင်း၌ စည်းစိမ်ချမ်းသာရရှိပြီး နှစ်သက်ဖွယ်သော ရွှေခွက်ငွေခွက် အမျိုးမျိုးကို ရရှိ၏၊ ပဲခွပ်(ဓား) လှူသောသူသည် လူအများ၏ ယုံမှားသံသယကို ဖျောက်နိုင်သော ပညာရှိပုဂ္ဂိုလ် ဖြစ်ရ၏၊ အပ်လှူသောသူသည်လည်း ထက်မြက်သော ဉာဏ်ပညာရှိသူ ဖြစ်ရ၏၊ ခါးပန်းကြိုး လှူသောသူသည် အသက်ရှည်၍ လူနတ်တို့ ပူဇော်ခြင်းကို ခံရ၏၊ ရေစစ်လှူသောသူသည် စင်ကြယ်သောကိုယ်ရှိလျက် အနာရောဂါ ကင်းရှင်းခြင်းအကျိုးကို ရရှိ၏၊ ထို့ကြောင့် ချမ်းသာသုခကို အလိုရှိသော သူသည် ပရိက္ခရာရှစ်ပါးတို့ကို ပေးလှူရာ၏။

၂၄–၂၇။ ထမင်းအဖျော်အလှူကြောင့် ခွန်အားဗလ ရှိခြင်းအကျိုး၊ ရွှေငွေဥစ္စာကို လှူခြင်းကြောင့် ရွှေငွေရတနာ ပေါများခြင်းအကျိုး, စည်းစိမ်ချမ်းသာကို လှူခြင်းကြောင့် စည်းစိမ်ချမ်းသာ များပြားခြင်းအကျိုး, အဝတ်အထည်ကို လှူခြင်းကြောင့် အဆင်းလှခြင်း အကျိုး, ယာဉ်အမျိုး မျိုးကိုလှူခြင်းကြောင့် ချမ်းသာစွာ သွားလာရခြင်းအကျိုး, အခြံအရံ နှင့်တကွသောအလှူကို ပေးလှူခြင်းကြောင့် ခြွေရံသင်းပင်း ပေါများခြင်း အကျိုး, ဆီမီးကို လှူခြင်းကြောင့် မျက်စိကြည်လင် ကောင်းမွန်ခြင်း အကျိုး, မီးကို လှူခြင်းကြောင့် တန်ခိုးသြဇာ ထက်မြက်ခြင်း အကျိုး, အဖျော်ကိုလှူခြင်းကြောင့် နှစ်သက် ဝမ်းမြောက်စွာ အမြဲတန်း နေရခြင်း အကျိုး, ချိုသာစွာသော စကားကို ဆိုခြင်းကြောင့် ချစ်ခင်ဘွယ်ရှိခြင်း အကျိုး, တရားစကား ဟောကြား ပြောဆိုခြင်းကြောင့် ပညာရှိဖြစ်ရခြင်း အကျိုး, သီလစောင့်ထိန်းခြင်းကြောင့် ရုပ်အဆင်း တင့်တယ်ခြင်းအကျိုး တို့ကို ရရှိနိုင်ပါသည်၊ ထို့ကြောင့် ချမ်းသာသုခကို အလိုရှိသောသူသည် ဒါနသီလတို့ကို အမြဲမပြတ် ပြုလုပ်ဆည်းပူး ကုန်ရာ၏။

ဤသို့လျှင် ဘုရားလောင်းအား ဒါနအကျိုး အမျိုးမျိုးတို့ကို ဟော ကြားပြီးနောက် ဘုရားလောင်းအား ဗျာဒိတ်စကား ပြောကြားလိုရတား သုမင်္ဂလဘုရားရှင်သည် ဤဂါထာကို မိန့်ဆိုတော်မူ၏။

၂၈။ သုရုစိရပုဏ္ဏား သင်သည် ဤပေးလှူအပ်သော ဒါနကြောင့် နောင်အခါ၌ ဂေါတမမည်သော ဘုရားစင်စစ် ကေန်ဖြစ်လတ့ံ။

သုမင်္ဂလဘုရားထံမှ ဗျာဒိတ်စကားကို ကြားရသောအခါ ဘုရား လောင်းသည် ငါသည် နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်လတံ့၊ သို့ဖြစ်၍ ငါ့အား အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသဖြင့် အဘယ်အကျိုးရှိ အံ့နည်း ယခု ဘုရားသာသနာ၌ ရဟန်းပြုတော့အံ့ဟု ကြံလျက် မိမိ၏ များပြားလှသော စည်းစိမ်ဥစ္စာတို့ကို တံထွေးပေါက်ကဲ့သို့ စွန့်လွှတ် ၍ သုမင်္ဂလဘုရားထံ၌ ရဟန်းပြုကာ ပိဋကတ်သုံးပုံတို့ကို သင်ယူလေ၏၊ ဘုရားလောင်း ရဟန်းပြုပြီးနောက် ဘာဝနာတရားတို့ကို ပွားများအား ထုတ်လေရာ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကိုရလျက် သေလွန် သောအခါ၌ ဗြဟ္မာ့ပြည်၌ဖြစ်လေ၏၊ သုမင်္ဂလဘုရားသည်လည်း နှစ်တ သောင်းတိုင်တိုင် နေပြီးနောက် ပရိနိဗ္ဗာန်ပြုလေ၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်၍ ဇာတ်တော်ကိုပေါင်းရန် အဆုံးဂါထာတို့ ကိုမိန့်ဆိုတော်မူ၏။

## ဇာတ်တော်ပေါင်းခဏ်း

၂၉-၃၂။ ထိုအခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ၊ ပုဏ္ဏား၏မယ် တော် ခမည်းတော်များသည် ယခုအခါ ငါဘုရား၏ မယ်တော် ခမည်းတော်၊ ထိုအခါ ပုဏ္ဏား၏ ပရိသတ်တို့သည် ယခုအခါ ငါ ဘုရား၏ ပရိသတ်ဖြစ်လာကြ၍ ထိုအခါ သုရုစိရပုဏ္ဏားသည်ကား ယခုအခါ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရိုသေသော စိတ်ထားဖြင့် ဆောင်ယူမှတ်သားကြကုန်လော့။

ရှစ်ခုမြောက် အဋ္ဌပရိက္ခရာဇာတ် ပြီး၏။

# ၉-သိရိဝိပုလကိတ္တိရာဇဇာတ်

[ မိဘကိုလုပ်ကျွေးခြင်းသည် ဘုရားအစရှိသော သူတော်ကောင်းတို့၏လမ်းစဉ်၊ လူ့ယဉ်ကျေးမှု၏ ကောင်းမြတ်သော အစဉ်အလာဖြစ်ကြောင်း ပြဆိုသော သိရိဝိပုလကိတ္တိရာဇဇာတ် ]

မြတ်စွာဘုရားသည် ဣမေ သေနာ အာဂစ္ဆန္တိ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိဘနှစ်ပါးကိုလုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ၌ ရဟန်းတပါးသည် သူတပါးတို့၏ အိမ်တခါးဝသို့ သွားရောက် ရပ်တည်ဆွမ်းခံလျက် ရရှိသောဆွမ်းများကို ယူ၍ မိဘများထံသွားကာ မိဘနှစ်ပါးအား ကျွေးမွေး၏၊ မိမိသည်ကား မိဘနှစ်ပါး၏ အကြွင်းအကျန်ကိုသာ စားသုံး၏ ထိုအခါမှစ၍ ယင်းရဟန်းသည် မိမိအတွက် စာရေးတံအလှူမှ ရရှိသောထမင်းအဖျော် အဝတ်အထည်နှင့် အခြားရရသမျှတွေကို မိဘတို့အားသာလျှင် ပေးလေ၏၊ နောင်အခါတွင် ထိုရဟန်းသည် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုလျက် လုံ့လဉဿာဟ ကြောင့်ကြ အားထုတ်မှုများရကား ကြုံလှီအဆင်း ဖျော့တော့ခြင်းဖြစ်လာ၏။

ထိုအခါ အခြားမိတ်ဆွေရဟန်းများက အဘယ့်ကြောင့် ပိန်ကြုံနေပါသနည်းဟု မေးလေရာ မိဘလုပ်ကျွေးသောရဟန်းက "ငါ့ရှင်တို့ တပည့်တော်မှာ အနာရောဂါ တစုံတရာမရှိပါ၊ စင်စစ်သော်ကား တပည့်တော်သည် မိဘနှစ်ပါးကိုလုပ်ကျွေးမွေးမြူရသဖြင့် လုံ့လဉဿာဟ ပလိဗောဓတွေများသောကြောင့် ကြုံလှီခြင်းဖြစ်ပါသည် ပြောသောအခါ မိတ်ဆွေရဟန်းများက—

ငါ့ရှင် သင်သည်သဒ္ဓါ၍လှူသော လှူဘွယ်ပစ္စည်းများကိုအဘယ့်ကြောင့် ပျက်စီးဆုံးရှုံးစေဘိသနည်း၊ သင်သည် မိမိအားကြည်ညို၍ လှူဒါန်းသော ဆွမ်းစသော ပစ္စည်းဝတ္ထုများကိုလူတို့အားပေးသဖြင့် အဘယ့်ကြောင့်မသင့်

လျော်သော အမှုကိုပြုလုပ်ပါသနည်းဟု ပြောဆိုကြကုန်၏၊ ထိုသို့ ရဟန်းတော်များက ပြောသောအခါ မိဘလုပ်ကျွေးသော ရဟန်းသည် ရှက်သဖြင့် ဆွမ်းခံမကြွဘဲ ကျောင်း၌ ကျန်ရစ်လေ၏၊

ထိုအခါ ရဟန်းတော်များအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤမည်သောရဟန်းသည် မိမိအား ကြည်ညို၍ လှူဒါန်းသော ဆွမ်းစသော ပစ္စည်းဝတ္ထုတို့ကို မိမိမသုံးဆောင်ဘဲ လူတို့အား ကျွေးမွေးပေးကမ်းပါ၏၊ ဟု ဘုရားရှင်အား လျှောက်ထားကြသောကြောင့် မြတ်စွာဘုရားသည် ထို ရဟန်းအား ခေါ်တော်မူ၍-

ငါ့ရှင်ရဟန်း သင်သည် လူများက လုပ်ကျွေးပေးကမ်းနေသည်ဟု ရဟန်းတော်များက လျှောက်ထားသည်မှာ မှန်ပါသလားဟု မေးတော်မူသောအခါ ထိုရဟန်းက ဘုန်းတော်ကြီးသော မြတ်စွာဘုရား မှန်ပါသည်၊ တပည့်တော်သည် လူတို့အား လုပ်ကျွေးမွေးမြူပါ၏ဘုရားဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားက တဖန်ဆက်၍ ငါ့ရှင် ယင်းလူတို့သည် သင်နှင့် အသို့တော်စပ်ပါသနည်းဟု မေးလေရာ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော် လုပ်ကျွေးမွေးမြူသော လူတို့ကား တပည့်တော်၏ မိဘနှစ်ပါး ပင် ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

ထိုစကားကို ကြားသောအခါ ဘုရားရှင်သည် ထိုရဟန်းအား ချီးကျူး လျက် "ရဟန်း ကောင်းလှပေ၏" ဟု သုံးကြိမ်တိုင်အောင် သာဓု အနု မောဒနာပြုပြီးလျှင် "ထိုရဟန်းသည် ငါဘုရား၏ လမ်းစဉ်အတိုင်း လိုက် ပေ၏၊ မိဘနှစ်ပါးကို လုပ်ကျွေးခြင်းမည်သည် ပညာရှိ သူတော်ကောင်း တို့၏ အစဉ်အလာဖြစ်ပေ၏၊ ရှေးပညာရှိတို့သည်လည်း မိဘနှစ်ပါးအတွက် မိမိ၏ အသက်ကိုပင် စွန့်လွှတ်ခဲ့ကြကုန်၏ဟု မိန့်တော်မူလျက် ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက ဟောင်းပန် လျှောက်ထား သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ စမ္ပာမြို့၌ ယသကိတ္တိမင်း မင်းပြု၏၊ တသောင်းခြောက်ထောင်သော မောင်းမမိဿံတို့၏ အကြီးအကဲ မိဖုရား

ခေါင်ကြီးသည်ကား သိရိမတိ အမည်ရှိ၏၊ ယသကိတ္တိမင်းသည် မိဖုရား ကြီးနှင့်အတူ တရားသဖြင့် အုပ်ချုပ်စီမံလျက် မင်းပြုသော်လည်း သား သမီး မရရှိပေ။ ထိုအခါ အမတ်စသော မြို့သူမြို့သားအပေါင်းတို့သည် မင်းကြီး၌ သားသမီး မထွန်းကားသည့်အဖြစ်ကို သိကြသောကြောင့် နန်း ယင်ပြင်၌ စုဝေးလာကြကုန်လျက် "အို အရှင်မင်းကြီး သင်မင်းကြီး နတ် ရွာစံလျှင် တိုင်းပြည်ကို ဆက်ခံမည့် သားသမီး မရှိသောကြောင့် တိုင်း ပြည်ကြီး ပျက်စီးပါလတ့်၊ သို့ဖြစ်၍ သင်မင်းကြီးတို့သည် သားသမီးဆု ကို တောင်းကြပါကုန်လော့"ဟု အော်ဟစ်ကြွေးကြော်ကြကုန်၏၊ တိုင်းသူ ပြည်သားတို့ အော်ဟစ်ကြွေးကြော်သံကို ယသကိတ္တိမင်းကြီး ကြားသိတော် မူသောအခါ အို တိုင်းသူပြည်သား လူအများတို့ မစိုးရိမ်ကြပါကုန်လင့်၊ ယခုအခါ ငါသည် ငါ၏မယားများကို သားသမီးဆုကို တောင်းစေပါ အံ့၊ သင်တို့သည် စိတ်အေးချမ်းသာစွာဖြင့် မိမိတို့အိမ်သို့သာ ပြန်ကြပါ ကုန်လော့ ဟု ကတိပေးစကား ပြောကြားလေ၏။

## မိဖုရားကြီး သားဆုပန်ပုံ

ထိုနောက် မင်းကြီးသည် သိရိမတိ မိဖုရားအမှူးရှိသော မိမိ၏ မိဖုရား ပေါင်း သောင်းခြောက်ထောင်တို့ကို ခေါ်စေ၍ သားသမီးဆုကို တောင်း ဆိုကြရန် အမိန့်ရှိတော်မူ၏၊ မင်းကြီး၏ အမိန့်စကားကို ကြားသဖြင့် တသောင်းခြောက်ထောင်သော မိဖုရားတို့သည် လနတ်သား နေနတ်သား စသော နတ်တို့အား ပူဇော်သက္ကာရပြု၍ သားသမီးဆုကို တောင်းဆိုကြ သော်လည်း တဦးတယောက်မျှ သားသမီးမရကြချေ။ ထိုအခါ မင်းကြီး သည် သိရိမတိမိဖုရားကြီးအား သားသမီးဆုတောင်းရန် မိန့်ကြားရာ မိဖုရားကြီးသည် ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံလျက် နံနက်စော စောထ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် အရသာရှိသော စားသောက် ဖွယ်တို့ကို စားသောက်ပြီးနောက် နိမ့်သောနေရာ၌ ထိုင်လျက် လက်အုပ် ချီကာ ဥပုသ်သီလများကို ဆောက်တည်လျက် "ယနေ့ ကျွန်ုပ်ဆောက် တည်သော ဥပုသ်သီလသည် မကျိုးမပေါက်ဘဲ သန့်ရှင်းစင်ကြယ်ပါလျှင် ဤသီလ၏ အကျိုးအာနိသင်ကြောင့် ကျွန်ုပ်၏ဝမ်း၌ သားယောကျ်ား ကိုယ်ဝန် ရပါစေသတည်း"ဟု သားဆုကို တောင်းလေ၏။

ထိုခဏ၌ သိရိမတိမိဖုရားကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြ၏၊ ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့် ယနေ့ သိရိမတိ မိဖုရားသည် သားဆုကိုတောင်း၏၊ ငါသည် မိဖုရားကြီးအား သားကိုပေးအံ့ဟု ကြံစည်လျက် မိဖုရားကြီးနှင့် လျော်သောသားကို ဆင်ခြင်စဉ်းစားသောအခါ နတ်သက်ကုန်၍ အထက်နတ်ပြည်သို့သွားရန် စိတ်အကြံရှိနေသော ဘုရားလောင်း နတ်သားကို တွေ့၍ ယင်း နတ်သား၏ အထံသို့သွားလျက် အမောင် နတ်သား သင်သည် လူ့ပြည်သို့ သွား၍ စမ္ပာမြို့ယသကိတ္တိမင်းကြီး၏ သိရိမတိမည်တော မိဖုရား၏ဝမ်း၌ ပဋိသန္ဓေ ယူပါလော့ဟု ပြောဆိုတိုက်တွန်းရာ ဘုရားလောင်းနတ်သားက ကောင်းပါပြီ အရှင်သိကြားမင်းဟု ဝန်ခံလေ၏။

ထိုအခါ၌ သိရိမတိ မိဖုရားကြီးသည် "ဝိပုလတောင်မှ ရသော့တပါးသည် ကောင်းကင်ခရီးဖြင့် ကြွလာ၍ ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသော ပတ္တမြားရတနာကိုယူ၍ မိမိ၏လက်ထဲသို့ ထည့်ပေး၏" ဟု အိပ်မက် မြင်မက်လေ၏၊ ယင်းသို့ အိပ်မက် မက်သည့်အကြောင်းကို မိဖုရားကြီးသည် ယသကိတ္တိမင်းကြီးအား လျှောက်ကြားသောအခါ မင်းကြီးသည် အိပ်မက်ကိုဖတ်တတ်သော ပုဏ္ဏား ပညာရှိတို့အား မေးလေလျှင် "မိဖုရားကြီးသည် ဘုန်းလက္ခဏာနှင့် ပြည့်စုံသော သားကိုရလတံ့" ဟု ပုဏ္ဏားပညာရှိများက နိမိတ်ဖတ်ကြကုန်၏၊ မင်းကြီးသည် မိဖုရားကြီးအား ကိုယ်ဝန် အစောင့်အရှောက်များကို ထားပေ၏။

## ရန်သူမင်းတို့ တိုင်းပြည်ကို လုယူတိုက်ခိုက်ရန်လာကြခြင်း

ထိုအခါ နိုင်ငံရပ်ခြား တိုင်းတပါး၌ရှိသော မင်း၏ အမတ်စသော လူအပေါင်းတို့သည် ယသကိတ္တိမင်းကြီး၌ သားသမီး မရှိသည့်အဖြစ်ကို သိကြသဖြင့် မိမိတို့၏မင်းကြီးအား "အရှင်မင်းကြီး စမ္ပာမြို့၌ ယသကိတ္တိ မင်းကြီးသည် တရားနှင့်အညီ မင်းပြု၏၊ ထိုမင်းကြီး၌ မင်းစည်းစိမ်ကို ဆက်ခံရန် သားသမီးမရှိ" ဟု လျှောက်ကြားကြသောအခါ လော

ကြီးသော တိုင်းတပါးမင်းသည် စမ္မာမြို့ကို သိမ်းပိုက်ယူငင်လိုစိတ်များ စွာဖြစ်ရကား အမတ်တို့နှင့် တိုင်ပင်လေ၏။ အို အမတ်အပေါင်းတို့ ငါတို့သည် စမ္မာမြို့ကို သိမ်းပိုက်ယူငင်ရန် အဘယ်သို့ပြုလုပ်ကြမည်နည်းဟု အမတ်တို့အား မိန့်ကြား တိုင်ပင်သောအခါ "အရှင်မင်းကြီး ယသကိတ္တိမင်းသည် အမြဲတန်း သီလစောင့်ထိန်း၏၊ မိမိ၏အသက်ကိုပင် စွန့်ရစေကာမူ သီလကို ချိုးဖောက်မည်မဟုတ်ပေ၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ခြင်ကောင် ယင်ကောင်များကို ဖမ်းရသကဲ့သို့ အလွယ်တကူပင် စမ္မာမြို့ကို သိမ်းပိုက်ယူငင်နိုင်ပါလတ္တံ့" ဟု အမတ်တို့က လျှောက်ထားကြသောအခါ လောဘရမက် နှိပ်စက်လွှမ်းမိုးနေသော တိုင်းတပါး မင်းသည် စစ်အင်္ဂါလေးပါးဖြင့် ခြံရံလျက် စမ္မာမြို့သို့ ရှေးရှု ချီတက်ပြီးလျှင် မြို့ပြင်၌နေကာ ယသကိတ္တိမင်းကြီးထံ သံတမန်စေလွှတ်၏။ ယသကိတ္တိမင်းသည် ကျွန်ုပ်နှင့် စစ်ထိုးလိုပါက မြို့ပြင်သို့ထွက်ခဲ့ပါလော့ ဟု တမန်ကို စေလွှတ်၍ အကြောင်းကြားစေ၏၊ တိုင်းတပါးမင်း၏ စကားထိုကြားရသောအခါ ယသကိတ္တိမင်း၏ စစ်သည် သူရဲကောင်းတထောင်တို့သည် စစ်လက်နက်များကိုင်စွဲလျက် ရန်သူ တိုင်းတပါးမင်းနှင့် စစ်ထိုးလိုရကား....

၁။ မြတ်သောမင်းကြီး အရှင်မင်းကြီးနှင့် စစ်တိုက်ရန် တိုင်းတပါးမင်း၏ စစ်တပ်တို့သည် ရောက်နေပါကုန်၏၊ မြို့ပြင်သို့ ထွက်၍ တိုင်းတပါးမင်းအား တိုက်ခိုက်ပါကုန်အံ့၊ ကျွန်ုပ်တို့သည် အရှင်မင်းကြီးအတွက် အသက်ကို စွန့်လွှတ်ကြပါကုန်အံ့။

ထိုအမတ်စစ်သည်တို့ စကားကိုကြားသောအခါ ယသကိတ္တိမင်းကြီးသည် မိမိ၏ အမတ် စစ်သည်တို့ကို စစ်မတိုက်ရန် တားမြစ်လိုရကား—

၂။ အို မှူးမတ်စစ်သည် အပေါင်းတို့ သင်တို့သည် တိုင်းတပါးမင်းနှင့် စစ်မတိုက်ကြပါကုန်လင့်၊ ထိုသူတို့နှင့် စစ်တိုက်ခြင်းဖြင့် ဘာမျှ အကျိုးမရှိပါ၊ ငါ့အတွက် လူအပေါင်းအား အကုသိုလ် မဖြစ်ပွားပါစေလင့်။

ထို့နောက် ဆက်လက်၍ အမတ်စစ်သည်တို့အား ဆုံးမစကား ပြောကြားလိုရကား—

၃-၄-၅။ အို အမတ်စစ်သည်အပေါင်းတို့၊ သင်တို့သည် ခိုက်ရန်ဖြစ်ခြင်း စစ်တိုက်ခြင်းကို မပြုကြပါကုန်လင့်၊ မကောင်းမှု အကုသိုလ်တို့ကို မပြုကြပါကုန်လင့်၊ သင်တို့သည် တိုင်းတပါး စစ်သည်တို့အပေါ်၌ မေတ္တာတရား ပွါးများကြပါ ကုန်လော့၊ ထိုသူတို့နှင့်ယှဉ်ပြိုင်၍ ရင်ဆိုင်တိုက်ပွဲ မဆင်နွှဲကြပါကုန်လင့်၊ ငါတို့ထံ စစ်တိုက်ရန်လာသော စစ်သည်ဗိုလ်ပါ အပေါင်းအား မတိုက်ခိုက်ကြဘဲ သူတို့အား ထမင်းအဖျော် စသော အစားအစာတို့ကို ကျွေးမွေး ကြပါ ကုန်လော့။

## တိုင်းပြည်ကို စွန့်ခွါသွားကြခြင်း

ယသကိတ္တိမင်းကြီးသည် အမတ်စစ်သည်တို့အား ယင်းသို့ ဆုံးမသြဝါဒ ပေးပြီးနောက် သိရိမတိ မိဖုရားကြီးထံ သွား၍ မိမိ၏ဆန္ဒကို ပြောကြားလိုရကား—

၆-၇။ အဘယ်မိဖုရားကြီး ငါသည် တောထဲသို့သွား၍ ရသေ့ရဟန်း ပြုပါတော့အံ့၊ ငါ့အတွက် ဘာမျှ စိုးရိမ်ကြောင့်ကြတော် မမူပါလင့်၊ ယောကျ်ားမိန်းမ မသိရသေးသော သင့်ဝမ်းဗိုက်က ကိုယ်ဝန်ကိုသာ ကောင်းစွာ စောင့်ရှောက်ပါလော့။

ထိုစကားကို ကြားသောအခါ သိရိမတိ မိဖုရားကြီးသည် စိုးရိမ်ဆွေးသောစိတ်ဖြင့် ရင်ကိုထုကာ ငိုကျွေးပြောဆိုသည်ကား—

၈။ မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် တယောက်တည်း တောထဲသို့ ကြွမည်ဆိုသည်မှာ နည်းလမ်းမဟုတ်ပါ၊ ကျွန်မသည်လည်း အရှင်မင်းကြီးနှင့်အတူ လိုက်၍ တောထဲမှာပင်နေလိုပါ၏။

ဤသို့ဆိုပြီးလျှင် မိဖုရားကြီးသည် မိမိ၏ဆန္ဒကို မင်းကြီးအား ပြောကြားလိုရကား—

၉-၁၄။ ကျွန်ုပ်အသက်တမျှ ကြင်နာလှသော ပြည်မ သခင် အရှင်မင်းကြီး စင်စစ်အားဖြင့် အရှင်မင်းကြီး တောအရပ်သို့ ထွက်ခွါသွားတော်မူပါလျှင် အရှင်မင်းကြီးသွားရာ ဘဝါးခြေထပ် အကျွန်ုပ်လိုက်ပါအံ့၊ အရှင်မင်းကြီးနှင့် အတူနေ၍ ယခုပင် သေရမည်ဖြစ်စေ, အရှင်မင်းကြီးနှင့် ကွေကွင်းလျက် အသက်ထက်ဆုံး နေရမည်ဖြစ်စေ, အသက်ထက်ဆုံး အိုအောင်ပင် စည်းစိမ်ချမ်းသာနှင့် နေရငြားသော်လည်း အရှင်နှင့် ကွေကွင်း၍ မနေလိုပါ၊ ယခုပင် သေရမည် ဆိုသော်လည်း အရှင်မင်းကြီးနှင့်အတူ နေရလျက် သေလိုပါ၏။ အသက်ရှင်လျှင်လည်း မင်းကြီးလက်တွင် ရှင်စေ, သေလျှင်လည်း မင်းကြီးလက်တွင် သေစေ, အရှင်မင်းကြီးနှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍ အဘယ်အကျိုးရှိတော့အံ့နည်း၊ အရှင်မင်းကြီး အကျိုးအပြစ်ကို ဆင်ခြင်နိုင်သော လူကို ထားဘိဦး တိရစ္ဆာန်မှသော်လည်း မိမိတို့လင် သွားရာနောက်၌ အစဉ်တစိုက်လိုက်လျက် ဆင်းရဲမကွာ ချမ်းသာမကွဲ အတူတကွ ပျော်ပါးကြကုန်သေး၏၊ ကိုယ်အသက်နှင့်အတူချစ်၍ အကျိုးအပြစ်ကို မြင်မြော်နိုင်သော အကျွန်ုပ်သည် သွားတော်မူရာ နောက်တော်သို့ အဘယ်ကြောင့် မလိုက်ဘဲ နေပါအံ့နည်း၊ တောင် မြောင် ချောက်ကြားသွားသော ဆင်ပြောင်ကြီး၏ နောက်သို့ ဆင်မသည် အစဉ် လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်သို့ ကျွန်ုပ်သည် လိုက်ပါ ပါအံ့။

မိဖုရားကြီး၏ စကားကိုကြားသောအခါ "ချစ်လှစွာသော မိဖုရားကြီး ထိုသို့ဖြစ်လျှင် သင် မိဖုရားကြီးသည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလော့" ဟု မင်းကြီးက မိန့်တော်မူပြီးလျှင် မိဖုရားကြီးနှင့် မင်းကြီးသည် မထင်ရှားသော အသွင်ဖြင့် စမ္ပာမြို့မှ ထွက်ခဲ့ရာ ဝိပုလတောင်သို့ သွား၍ ဝိပုလတောင်၌ ထင်ရှားသော တောအုပ်တခုသို့ ရောက်လေ၏၊ ထိုတောအုပ်တွင် ရှေးဟောင်း ရသေ့များ နေကြကုန်၏၊ ယသကိတ္တိ မင်းကြီးသည် ရှေးရသေ့များ စွန့်လွှတ်ဖဲခွာသွားသော သစ်ရွက်မိုးကျောင်းသို့ ဝင်၍ ပုပြင်လျက် မိဖုရားကြီးနှင့်အတူ ရသေ့ ရဟန်းပြု၍ နေလေ၏၊ မယားဝတ်ငါးပါးနှင့် ပြည့်စုံသော သိရိမတိ မိဖုရားကြီးသည် "အသက်

တမျှ ချစ်ခင်လှသော ပြည့်မသခင် အရှင်မင်းကြီး အရှင်မင်းကြီးသည် တော သစ်မြစ် သစ်သီးတို့ကို ရှာဖွေရန် သွားတော်မမူဘဲ ဤသခ်မ်း ကျောင်း၌သာ ချမ်းသာစွာ နေတော်မူပါ၊ ကျွန်ုပ်သည် တောသို့ဝင်၍ တော သစ်မြစ် သစ်သီးတို့ကို ဆောင်ယူလျက် အရှင်မင်းကြီးအား အမြဲ ပြုစုလုပ်ကျွေးပါအံ့ ” ဟု လျှောက်ထားသောအခါ မင်းကြီးသည် မိဖုရားကြီး၏ ယုယကြင်နာသော စိတ်နှလုံး အလိုဆန္ဒကို သိတော်မူ သဖြင့် လက်ခံတော်မူလေ၏၊ တောထဲသို့ ရောက်သည့် အခါိန်မှစ၍ မိဖုရားကြီးသည် မင်းကြီးအား ဝတ်တရားမပျက် ပြုစု လုပ်ကျွေးလျက် သစ်သီးများကို ရှာဖွေကျွေးမွေး၍ ချမ်းသာစွာနေကြလေ၏၊ မင်းကြီး သည် မိဖုရားသည် ဝတ်တရားမပျက် ပြုစုလုပ်ကျွေးသည်ကို ကြည့်ညို သဖြင့် မိဖုရားကြီးနှင့်အတူ ဥဒါန်းကျူးရင့်လိုရကား—

၁၅-၁၆။ တော၌နေသော ငါတို့သည် တော၌နေသော သူတို့၏ သီလ အကျင့်ကို ကောင်းစွာ ရအပ်ပေပြီ။ မင်းစည်းစိမ်၏ ဘေး ဒုက္ခရန်စွယ် အန္တရာယ်များပြားသည့် အဖြစ်ကိုလည်း ကောင်း စွာ သိရပေပြီ၊ ခိုးသူ ဓားပြမင်းသည် တိုက်ခိုက်လုယက်သော တိုင်းပြည်ကို ငါတို့သည် တံထွေးပေါက်ပမာ စွန့်လွှတ်ထွက်ခွါ လာခဲ့သောကြောင့် ယခုအခါ ငရဲသို့သွားရန် မရှိတော့ဘဲ နတ် ပြည်သို့သာ သွားရကုန်တော့အံ့။

## ကျေးဇူးမသိတတ်သော လောဘကြီးသော တောမုဆိုး

ထိုအခါ ကောက်ကျစ်စဉ်းလဲသောမင်းသည် တိုင်းပြည်ကို လုယက်ယူ ငင်၍ မင်းစည်းစိမ်ကို မိမိလက်သို့ အရောက် သိမ်းပိုက်ပြီးနောက် ယသ— ကိတ္တိမင်းကို ရှာဖွေသောအခါ မင်းကြီးထွက်ပြေးသည့်အဖြစ်ကို သိ၍ တမြို့လုံး၌ စည်လည်စေလျက် “အို တိုင်းသူပြည်သား လူအများတို့ ယသ ကိတ္တိမင်း၏ ဦးခေါင်းကို ရသောသူသည် ရွှေအသပြာတသိန်းကို ရမည်ဖြစ် သည့်အပြင် များစွာသော ပူဇော်သက္ကာရတို့ကို ချီးမြှင့်ခြင်း ခံရလတ္တံ့”ဟု အမိန့်ထုတ်ကာ ယသကိတ္တိမင်းကြီးကို ရှာဖွေစေလေ၏၊ ထိုအခါ ကောက် ကျစ်စဉ်းလဲသောမင်း၏ အမိန့်စကားကို ကြားရသောကြောင့် မုဆိုး

တယောက်သည် ယသကိတ္တိမင်းကို ရှာဖွေရန် စမ္ပာမြို့မှထွက်ခဲ့၍ တောထဲ
သို့ ဝင်လာရာ ထိုထို၌၌ လှည့်လည်ရှာဖွေရင်း သွားသောအခါ ၇-
ရက်တိုင်တိုင် မျက်စိလည်လမ်းမှားသဖြင့် စိတ်လက်မသာမယာဖြစ်လျက်
ငိုကြွေးမြည်တမ်းကာ ခြေဦးတည့်ရာသို့ သွားလေလျှင် ယသကိတ္တိမင်းကြီး
နေရာ ကျောင်းသင်္ခမ်းသို့ ရောက်သွားလေ၏၊ ထိုအခါ ယသကိတ္တိမင်းကြီး
သည် ရသေ့ရဟန်းပြုလျက် သင်္ခမ်းကျောင်း၌ နေလေရာ မျက်စိလည်လမ်း
မှား၍ ရောက်လာသော မုဆိုးကို တွေ့မြင်၍ တောသစ်မြစ်သစ်သီးများ
ဖြင့် ကျွေးမွေးပြုစုလေ၏၊ မုဆိုးသည် ၇-ရက်မျှ ယသကိတ္တိမင်း၏ ကျောင်း
သင်္ခမ်း၌ နေပြီးနောက် စမ္ပာမြို့သို့ ပြန်လိုသောကြောင့် ယသကိတ္တိမင်းအား
ပြောကြားသောအခါ မင်းကြီးသည် လမ်းကိုညွှန်ပြလျက် မိမိ၌နေရာ၌
ရှိသည့်အကြောင်းကို မည်သူတဦးတယောက်မျှ မပြောကြားရန် မုဆိုးအား
မှာကြားလိုက်လေ၏၊ မုဆိုးသည် ကောင်းပါပြီအရှင်မင်းကြီးဟု ဝန်ခံပြီး
လျှင် ထွက်ခွါလာရာ လမ်း၌ရှိသော သစ်ပင်, တောင်, ကျောက်တုံး,
ကျောက်ခဲတို့ကို ကောင်းစွာ အမှတ်အသားပြု၍ အစဉ်သဖြင့်လာသော
အခါ စမ္ပာမြို့သို့ ဆိုက်ရောက်လေ၏။

ထိုမုဆိုးသည် မျက်စိလည်လမ်းမှား၍ တောထဲ ယသကိတ္တိမင်းကြီး၏
သင်္ခမ်းကျောင်းသို့ ရောက်သွားစဉ်က ၇-ရက်တိုင်တိုင် သစ်သီး အစားအ
စာများကို ကျွေးမွေးပြုစုသော ယသကိတ္တိမင်း၏ ကျေးဇူးတရားကို မသိ
တော့ဘဲ အိမ်သို့ပြန်ရောက်သည့်အခါ ဆုဘော်ငွေ ရွှေစင်တသိန်းကို ရယူ
လိုသော လောဘရမက်ကြောင့် တိုင်းပြည်ကို လုယက်ယူငင်သော ကောက်
ကျစ်စဉ်းလဲသော မင်းထံသွားလျက် အရှင်မင်းကြီး ကျွန်ုပ်သည် ယသကိတ္တိ
မင်းကြီးနေသော နေရာကို သိပါ၏ဟု သံတော်ဦးတင်သောအခါ ကောက်
ကျစ်သောမင်းသည် ယုတ်မာသောမုဆိုးအား ရွှေစင်တထောင်ကိုပေး၍
စစ်အင်္ဂါလေးပါး ခြံရံလျက် မုဆိုးအား လမ်းပြအဖြစ် ခေါ်ဆောင်ကာ
ဝိပုလတောင်သို့ ထွက်ခွါလာရာ ယသကိတ္တိမင်းနေသော နေရာ အနီးသို့
ရောက်လေ၏။

## ယသကိတ္တိမင်း ရန်သူမင်းထံ အဖမ်းခံခြင်း

ထိုအခါ ယသကိတ္တိမင်းကြီးသည် အုတ်အုပ်ကျက်ကျက် တခဲနက်သော အသံတို့ကိုကြား၍ စစ်သည်အပေါင်းတို့ကို မြင်သောကြောင့် သိရိမတိ မိဖုရားကြီးကို ခေါ်လျက် "ချစ်လှစွာသော မိဖုရားကြီး ငါတို့ထံသို့ လာသော မုဆိုးသည် ကောင်းမွန်စွာ လာခြင်းမဟုတ်ချေ၊ ဤနေရာ၌ ငါတို့ ရှိနေသည့်အကြောင်းကို မုဆိုးသည် ကောက်ကျစ်စဉ်းလဲသော ခိုးသူခားပြ မင်းအား ပြောသည်ဖြစ်ရာ၏၊ စင်စစ်သော်ကား ယနေ့ငါတို့၏ ကွေကွင်း ကွဲကွာခြင်းသည် ဖြစ်လတံ့၊ သင်မိဖုရားကြီးသည် ဤအရပ်မှာပင် နေလျက် မိမိ၏ ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရှောက်ပါလော့ ဟု မိဖုရားကြီး အား ပြောကြားလေ၏၊ မင်းကြီး၏စကားကို ကြားသောအခါ မိဖုရား ကြီးသည် မြတ်သောမင်းကြီး အရှင်မင်းကြီးသည် အဘယ်အရပ်သို့ သွား ပါလတံ့နည်းဟု မေးသောအခါ မင်းကြီးသည် မိဖုရားကြီးအား ပြောကြား လိုရကား ဤဂါထာကို ဆို၏။

၁၇။ ချစ်လှစွာသော မိဖုရားကြီး၊ ကျွန်ုပ်ပန်ကြားပါ၏၊ ခိုးသူခားပြ မင်းသည် ကျွန်ုပ်ကို ဖမ်းဆီးရန် ဆိုက်ရောက်လာပါပြီ၊ သင်မိဖုရား ကြီးသည် ဤသို့ မွေးသက္ကလပ်ထည် အဝတ်နှင့် လက်စွပ်ကို ယူလျက်မိမိမှ ဖြစ်လ မည့် သားကို စောင့်ရှောက် မွေးမြူပါလော့၊

မင်းကြီး၏စကားကို ကြားသောအခါ မိဖုရားကြီးသည် စိတ်နှလုံး မသာမယာဖြစ်၍ နှလုံးကွဲသကဲ့သို့ဖြစ်ကာ လက်နှစ်ဖက်ဖြင့် ရင်ထုလျက် ကျစ်ထားသောဆံပင်ကို ကျောပြင်သို့ ဖြန့်ချကာ မင်းကြီး၏ အထံ၌ ငိုကြွေးမြည်တမ်းလိုသည် ဖြစ်၍ ဤဂါထာနှစ်ပုဒ်ကို ဆို၏။

၁၈-၁၉။ ကျွန်ုပ်အသက်တမျှ ကြင်နာလှသော ပြည်မသခင် အရှင်မင်း ကြီး၊ အရှင်မင်းကြီး၏ ခြေတော်အစုံကို ခိုလှုံညွတ်ကျိုးရှိခိုးပါ၏၊ အဘယ့် ကြောင့် ကျွန်ုပ်အားတယောက်တည်း စွန့်ပစ်ကာထားခဲ့ပါသနည်း၊ ကျွန်ုပ် တယောက်တည်းအသက်ရှင်၍ နေရခြင်းသည် ဘေးအန္တရာယ် များလှပါ သဖြင့် ဤတောကြီးထဲ၌ပင် အသက်ကို စွန့်လွှတ်ရပါလတံ့၊ အရှင်မင်းကြီး

အရှင်မင်းကြီးသည် ကျွန်ုပ်ပြစ်မှားကျူးလွန်မိသောအပြစ်ဟူသမျှကို ကျွန်ုပ်အားသနားသဖြင့် ကျေနပ်စွာ ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီးအား ယခုအကြိမ် ရှိခိုးရခြင်းသည် နောက်ဆုံးအကြိမ် ရှိခိုးရခြင်း ဖြစ်ပါသည်။

ဤသို့လျှင်မိဖုရားကြီးသည် မင်းကြီးအား အပြစ်ဟူသမျှကို သည်းခံခွင့်လွှတ်ရန်တောင်းပန်ကန်တော့၍ မင်းကြီးအား ရှိခိုးလျက် မင်းကြီးထွက်ခွါသွားသည်ကိုကြည့်၍ မျက်ရည်များယိုစီးကျဆင်းလျက်တဖန်ငိုကြွေးကာ တန့်ရပ်ကျန်ရစ်ခဲ့ရှာ၏၊ထို့နောက် ယသကိတ္တိမင်းကြီးသည် ခိုးသူမင်း၏စစ်သည်အပေါင်းတို့မြင်သောအခါကေသရာဇာခြင်္သေ့မင်းကဲ့သို့ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ ဝိပုလတောင်မှ ဆင်းသက်၍ စစ်သည်အပေါင်း၏ရှေးရှုရင်ဆိုင်သွားလေ၏။ထိုခဏတွင်လမ်းပြ လိုက်လာသောကျေးဇူးမဲ့လှသော မုဆိုးသည် ယသကိတ္တိမင်းကြီး လာနေသည်ကိုမြင်၍ ကောက်ကျစ်စဉ်းလဲသော မင်းအား "အရှင်မင်းမြတ် အရှင် မင်းကြီး၏ စစ်သည်များထံတို့ ရှေးရှုလာနေသူကား ယသကိတ္တိမင်းကြီး ဖြစ်ပါသည်၊ သေရမည့်ကို ကြောက်သဖြင့် ရသေ့ ရဟန်းအသွင်ဖြင့် လာနေခြင်း ဖြစ်ပါသည်" ဟု ပြောကြားလေ၏၊ ထို ယုတ်မာသော မုဆိုး၏ စကားကို ကြားသောအခါ ကောက်ကျစ်စဉ်းလဲသောမင်း၏ စစ်သည် အပေါင်းတို့သည် လက်နက်ကိုယ်စီဆွဲကိုင်လျက် အပြစ်ကင်းမဲ့သော ယသကိတ္တိမင်းကြီးအား ဖမ်းဆီးကြကုန်၏၊ အချို့ အမတ်တို့သည် ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းကြလျက် တရားကျင့်သော မင်းကြီးကို တင်းကြပ်စွာ တုပ်နှောင်ကြကုန်ပြီး အချို့ အမတ်တို့ကား ဒေါသအမျက်ချောင်းချောင်း ထွက်လျက် မင်းကြီး၏ ကျောကို အချက်ပေါင်း တထောင်ပက ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ယသကိတ္တိမင်းကြီး၏ အသားအရေတို့မှာ ရိုက်ထားရာနေရာတို့၌ ပေါက်ပြဲလျက်ရှိကုန်၏၊ ထိုထိုကိုယ်ခန္ဓာ အစိတ်အပိုင်းတို့မှ သွေးများ ယိုစီးထွက်ကျကုန်၏၊ နားနှင့် ပါးစပ်တို့မှ သွေးများ ယိုစီးကျဆင်းလေ၏၊ ထိုနောက် ကောက်ကျစ်စဉ်းလဲသော မင်း၏ အမတ်တို့သည် ယသကိတ္တိမင်းကြီးအား တုတ်နှောင် ဖမ်းဆီး၍ စမ္ပာမြို့တော်သို့ ခေါ်ဆောင်သွားပြီးလျှင် ထောင်သွင်း အကျဉ်းချထားလေ၏။

## ယသကိတ္တိမင်း ရန်သူမင်းထံ အဖမ်းခံခြင်း

ထိုအခါ ယသကိတ္တိမင်းကြီးသည် အုဘ်အုပ်ကျက်ကျက် တခဲနက်သော အသံတို့ကိုကြား၍ စစ်သည်အပေါင်းတို့ကို မြင်သောကြောင့် သိရိမတိ မိဖုရားကြီးကို ခေါ်လျက် "ချစ်လှစွာသော မိဖုရားကြီး ငါတို့ထံသို့ လာသော မုဆိုးသည် ကောင်းမွန်စွာ လာခြင်းမဟုတ်ချေ၊ ဤနေရာ၌ ငါတို့ ရှိနေသည့်အကြောင်းကို မုဆိုးသည် ကောက်ကျစ်စဉ်းလဲသော ခိုးသူခားပြ မင်းအား ပြောသည်ဖြစ်ရာ၏၊ စင်စစ်သော်ကား ယနေ့ငါတို့၏ ကွေကွင်း ကွဲကွာခြင်းသည် ဖြစ်လတံ့၊ သင်မိဖုရားကြီးသည် ဤအရပ်မှာပင် နေလျက် မိမိ၏ ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရှောက်ပါလော့ ဟု မိဖုရားကြီး အား ပြောကြားလေ၏၊ မင်းကြီး၏စကားကို ကြားသောအခါ မိဖုရား ကြီးသည် မြတ်သောမင်းကြီး အရှင်မင်းကြီးသည် အဘယ်အရပ်သို့ သွား ပါလတံ့နည်းဟု မေးသောအခါ မင်းကြီးသည် မိဖုရားကြီးအား ပြောကြား လိုရကား ဤဂါထာကို ဆို၏။

၁၇။ ချစ်လှစွာသော မိဖုရားကြီး၊ ကျွန်ုပ်ပန်ကြားပါ၏၊ ခိုးသူခားပြ မင်းသည် ကျွန်ုပ်ကို ဖမ်းဆီးရန် ဆိုက်ရောက်လာပါပြီ၊ သင်မိဖုရား ကြီးသည် ဤသို့ မွေးသက္ကလပ်ထည် အဝတ်နှင့် လက်စွပ်ကို ယူလျက်မိမိမှ ဖြစ်လ မည့် သားကို စောင့်ရှောက် မွေးမြူပါလော့၊

မင်းကြီး၏စကားကို ကြားသောအခါ မိဖုရားကြီးသည် စိတ်နှလုံး မသာမယာဖြစ်၍ နှလုံးကွဲသကဲ့သို့ဖြစ်ကာ လက်နှစ်ဖက်ဖြင့် ရင်ထုလျက် ကျစ်ထားသောဆံပင်ကို ကျောပြင်သို့ ဖြန့်ချကာ မင်းကြီး၏ အထံ၌ ငိုကြွေးမြည်တမ်းလိုသည် ဖြစ်၍ ဤဂါထာနှစ်ပုဒ်ကို ဆို၏။

၁၈-၁၉။ ကျွန်ုပ်အသက်တမျှ ကြင်နာလှသော ပြည်မသခင် အရှင်မင်း ကြီး၊ အရှင်မင်းကြီး၏ ခြေတော်အစုံကို ခိုလှုံညွတ်ကျိုးရှိခိုးပါ၏၊ အဘယ့် ကြောင့် ကျွန်ုပ်အားတယောက်တည်း စွန့်ပစ်ကာထားခဲ့ပါသနည်း၊ ကျွန်ုပ် တယောက်တည်းအသက်ရှင်၍ နေရခြင်းသည် ဘေးအန္တရာယ် များလှပါ သဖြင့် ဤတောကြီးထဲ၌ပင် အသက်ကို စွန့်လွှတ်ရပါလတံ့၊ အရှင်မင်းကြီး

အရှင်မင်းကြီးသည် ကျွန်ုပ်ပြစ်မှားကျူးလွန်မိသောအပြစ်ဟူသမျှကို ကျွန်ုပ်အားသနားသဖြင့် ကျေနပ်စွာ ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီးအား ယခုအကြိမ် ရှိခိုးရခြင်းသည် နောက်ဆုံးအကြိမ် ရှိခိုးရခြင်း ဖြစ်ပါသည်။

ဤသို့လျှင်မိဖုရားကြီးသည် မင်းကြီးအား အပြစ်ဟူသမျှကို သည်းခံခွင့်လွှတ်ရန်တောင်းပန်ကန်တော့၍ မင်းကြီးအား ရှိခိုးလျက် မင်းကြီးထွက်ခွါသွားသည်ကိုကြည့်၍ မျက်ရည်များယိုစီးကျဆင်းလျက်တဖန်ငိုကြွေးကာ တန့်ရပ်ကျန်ရစ်ခဲ့ရှာ၏၊ထို့နောက် ယသကိတ္တိမင်းကြီးသည် ခိုးသူမင်း၏စစ်သည်အပေါင်းတို့မြင်သောအခါကေသရာဇာခြင်္သေ့မင်းကဲ့သို့ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ ဝိပုလတောင်မှ ဆင်းသက်၍ စစ်သည်အပေါင်း၏ရှေးရှုရင်ဆိုင်သွားလေ၏။ထိုခဏတွင်လမ်းပြ လိုက်လာသောကျေးဇူးမဲ့လှသော မုဆိုးသည် ယသကိတ္တိမင်းကြီး လာနေသည်ကိုမြင်၍ ကောက်ကျစ်စဉ်းလဲသော မင်းအား “အရှင်မင်းမြတ် အရှင်မင်းကြီး၏ စစ်သည်များထံတို့ ရှေးရှုလာနေသူကား ယသကိတ္တိမင်းကြီး ဖြစ်ပါသည်၊ သေရမည်ကို ကြောက်သဖြင့် ရသေ့ရဟန်းအသွင်ဖြင့် လာနေခြင်း ဖြစ်ပါသည်” ဟု ပြောကြားလေ၏၊ ထို ယုတ်မာသော မုဆိုး၏ စကားကို ကြားသောအခါ ကောက်ကျစ်စဉ်းလဲသောမင်း၏ စစ်သည် အပေါင်းတို့သည် လက်နက်ကိုယ်စီဆွဲကိုင်လျက် အပြစ်ကင်းမဲ့သော ယသကိတ္တိမင်းကြီးအား ဖမ်းဆီးကြကုန်၏၊ အချို့ အမတ်တို့သည် ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းကြလျက် တရားကျင့်သော မင်းကြီးကို တင်းကြပ်စွာ တုပ်နှောင်ကြကုန်ပြီး အချို့ အမတ်တို့ကား ဒေါသအမျက်ချောင်းချောင်း ထွက်လျက် မင်းကြီး၏ ကျောကို အချက်ပေါင်း တထောင်မက ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ယသကိတ္တိမင်းကြီး၏ အသားအရေတို့မှာ ရိုက်ထားရာနေရာတို့၌ ပေါက်ပြဲလျက်ရှိကုန်၏၊ ထိုထိုကိုယ်ခန္ဓာ အစိတ်အပိုင်းတို့မှ သွေးများ ယိုစီးထွက်ကျကုန်၏၊ နားနှင့် ပါးစပ်တို့မှ သွေးများ ယိုစီးကျဆင်းလေ၏၊ ထိုနောက် ကောက်ကျစ်စဉ်းလဲသော မင်း၏ အမတ်တို့သည် ယသကိတ္တိမင်းကြီးအား တုတ်နှောင် ဖမ်းဆီး၍ စမ္ပာမြို့တော်သို့ ခေါ်ဆောင်သွားပြီးလျှင် ထောင်သွင်း အကျဉ်းချထားလေ၏။

## ဘုရားလောင်းပင်းသား ဖွားမြင်ခြင်း

ထိုအချိန်တွင် ကိုယ်ဝန် အရင့်အမာဖြင့် ကျန်ရစ်ခဲ့သော သိရိမတိ မိဖုရားကြီးသည် ည သန်ကောင်အချိန်၌ ရွှေအဆင်းနှင့်တူသော သားယောကျ်ားလေး ဖွားမြင်၏၊ ဘုရားလောင်း ဖွားမြင်သောအခါ မိဖုရားကြီးသည် တင့်တယ်ဝါဝင်း လှပသော အဆင်းရှိသော သားငယ်ကိုကြည့်လျက် ရင်တွင်ပိုက်ပွေ့၍ မိမိတို့၏ ကိုးကွယ်အားထားရာမဲ့သည့် အဖြစ်ကို တွေးမိသဖြင့် မျက်ရေများကျဆင်းကာ ငိုကြွေးလျက်—

၂၀-၂၂။ ချစ်လှစွာသော သားကလေး သင်သည် ငါတို့၏ လှပ တင့်တယ်သော ရှုမဝသည့် တဦးတည်းသော သားကလေး ဖြစ်ပေ၏၊ ဤတောကြီးထဲ၌ သင့် ဘခင်လည်း မရှိပါတကား၊ သားလှရွှေသွေး လူကလေး သင်သည် ကံဆိုးလှပါ၏၊ နန်းတော်ထက်မှာ မမွေးဖွားရဘဲ တောကြီးထဲ၌ မွေးဖွားရပါ၏၊ အခုအခါ မိခင်တယောက်တည်း အဘယ်သို့ ပြုလုပ်ရပါမည်နည်း၊ ငါတို့၏ တိုင်းပြည် နန်းတော်ထက်၌ မွေးဖွားရပါလျှင် သင့်အား ကြင်နာယုယ ဖေးမပွေ့ချီမည့်သူများနှင့် အခြား နှစ်သက်စရာ အမျိုးမျိုးတို့ ပြည့်စုံစွာရှိမည် ဖြစ်သော်လည်း ယခုမူကား တောကြီးထဲ၌ မီးကိုမျှမရ အစာအာဟာရဆိုသည်မှာ အဘယ်မှာ ရနိုင်ပါမည်နည်း၊ ယခုမူ သင့် ဘခင်လည်း မရှိသဖြင့် သင့်မျက်နှာ လှလှကလေးကိုမျှ သင့် ဘခင်ကြီး မမြင်ရပါတကား၊

ဤသို့ ဂါထာတို့ဖြင့် ငိုကြွေးမြည်တမ်းလျက် သိရိမတိ မိဖုရားကြီးသည် မိမိ၏သားငယ်ကို ရင်ခွင်တွင် ပွေ့ပိုက်၍ထားလေ၏၊ နံနက် မိုးသောက် အလင်းရောက်သောအခါ သိရိမတိမိဖုရားကြီးသည် သားငယ်အား ရေမိုးချိုးပေးပြီး ရင်ခွင်၌အိပ်စေလျက် မိမိအမည်မှ သိရိ ဟူသော စကားလုံး, တောင်၏အမည်မှ ဝိပုလ ဟူသော စကားလုံး, ဖခင်၏အမည်မှ ကိတ္တိ ဟူသော စကားလုံးတို့ကို ပေါင်းစပ်၍ သားငယ်၏အမည်ကို သိရိဝိပုလကိတ္တိ ဟု အမည်ပေးလေ၏၊ ဘုရားလောင်း သိရိ

ဝိပုလကိတ္တိ မင်းသားလေးသည် တဖြေးဖြေးကြီးပြင်းလာ၍ လူမှန်းသူမှန်း သိတတ်သည့်အရွယ်သို့ ရောက်သောအခါ မိခင်အား လုပ်ကျွေးသမှု ပြုပေ၏။

## မိဖုရားကြီး အိပ်မက်မြင်မက်ခြင်း

တနေ့သောအခါ သိရိဝတီမိဖုရားကြီးသည် မိမိ၏ ကျောင်းသင်္ခမ်း၌ အိပ်ပျော်နေစဉ် နံနက်မိုးသောက်ခါနီးအချိန်တွင်အိပ်မက်ထဲ၌ ယသကိတ္တိ မင်းကြီးကို တွေ့မြင်ရကြောင်းအိပ်မက်မြင်မက်သဖြင့် နိုးလာသောအခါ မင်းကြီးအား သတိရလွမ်းဆွတ်သောကြောင့် ရင်ကိုထု၍ငိုကြွေးမြည်တမ်းလျက် ဤသို့ဆို၏။

၂၃-၂၈။ ငါသည် ရှေးဘဝကပြုခဲ့သော မကောင်းမှုကံကြောင့် ယခုအခါ ဆင်းရဲစွာနေရခြင်းအကျိုးတရားကိုခံစားနေရ၏။ မင်းကြီး၏မျက်နှာကိုမျှ မတွေ့မြင်ရချေ၊ အိပ်မက်ထည်းတွင် မင်းကြီးကို တွေ့မြင်လိုက်ရသော်လည်း နိုးလာသောအခါတွင်ကား မင်းကြီးကိုမတွေ့ရသဖြင့် ငါ၏ ပူဆွေးသောက ဆင်းရဲဒုက္ခကား ကြီးမားများပြားလှပါ၏။ ရှေးအခါက ငါသည် သူတပါးတို့၏ချစ်ခြင်းကို ကွေကွင်း ကွဲကွာအောင် ပြုလုပ်ခဲ့သောကြောင့် ယခုအခါ ငါသည် ချစ်လှစွာသော ငါ၏ အရှင်မင်းမြတ်ကို မမြင်ရဘဲ ဆင်းရဲဒုက္ခကိုခံစားနေရ၏။ ရှေးအခါက ငါသည် အယူတိမ်းပါး အထင်မှားလျက် သူတပါးတို့၏ချစ်ခြင်းကို ကွေကွင်းအောင်ပြုလုပ်ခဲ့သော မျိုးစေ့သည် ယခုအခါ အပင်ပေါက်ကာ ကြီးထွားလာလျက် အရှင်လင်သားကိုမတွေ့ရဘဲ သောကထွေပြားခံစားနေရ၏။ ငါသည်ရှေးအခါက ရဟန်းပုဏ္ဏား သီလရှိသောပုဂ္ဂိုလ်များနှင့် အကြားအမြင် ဗဟုသုတရှိသော ပုဂ္ဂိုလ်တို့ကိုပြစ်မှားကျူးလွန်နှိပ်စက်ခဲ့ဘူးသောကြောင့် ယခုအခါပြည်ကြီး သခင် အရှင်မင်းကြီးအား မတွေ့မြင်ရဘဲ ဆင်းရဲဒုက္ခခံစားရခြင်း ဖြစ်ပေ၏။

ဤသို့ မိမိ၏မိခင် သိရိမတိမိဖုရားကြီးငိုကြွေးသံကို ကြားရသောအခါ ဘုရားလောင်းသူငယ်သည် မိခင်ထံသို့သွားလျက် မိခင်အားရှိခိုး၍ ငိုကြွေး ခြင်း၏အကြောင်းကိုမေးလိုရကား ဤဂါထာကိုဆို၏။

၂၉။ အို ချစ်စွာသောမိခင် သင်သည် အဘယ့်ကြောင့်ငိုကြွေးပါသနည်း၊ သင့်မှာ သည်းမခံနိုင်လောက်သော ဆင်းရဲဒုက္ခ စိတ်နှလုံးမချမ်းမြေ့ဘွယ်တစုံတရာရှိပါသလား၊ ဘာကိုအလိုမကျ၍ ငိုရပါသနည်း သားမောင်အား ပြောကြားပါလော့။

## ဘုရားလောင်းမင်းသားသည် ဖြစ်ကြောင်းကုန်စင်ကိုသိသောအခါ

သားတော်၏စကားကို ကြားသောအခါ သိရိမတိမိဖုရားကြီးသည်—

၃၀။ ချစ်လှစွာသောလူကလေး ရှေးအခါက ငါတို့သည် တောထဲမှာ နေရသော်လည်း သင်၏ဘခင်ရှိသေး၏။ ယခုမူကား သင်၏ဘခင်သည် မရှိတော့သောကြောင့် ငါသည် စိုးရိမ်ပူဆွေးလျက် ငိုကြွေးခြင်းဖြစ်ပါ၏။

သား။ ။ အို မိခင် သင်သည် အဘယ့်ကြောင့်ငိုကြွေးပါသနည်း၊ငိုကြွေးခြင်း၏အကြောင်းတို့ မထိန်မချန်ဘဲ ဖြစ်ပျက်ပုံ အလုံးစုံကို သားမောင်အား ပြောပြပါလော့။

မိခင်။ ။ချစ်စွာသော သားလှရွှေသွေး လူကလေး၊ သင်၏ဘခင်သည် စမ္မာမြို့၌မင်းဖြစ်ခဲ့သည်၊ တိုင်းတပါးမှ ကောက်ကျစ်စဉ်းလဲသော မင်းသည် သင့်ဘခင်၏ တိုင်းပြည်ထီးနန်းကို လာရောက်လုယက် တိုက်ခိုက်သောကြောင့် ဤတောထဲသို့ပြေးခဲ့ရသည်။ ငါတို့နှစ်ဦးသည် မြို့တော်ကြီးမှထွက်ခွါခဲ့ပြီး တောထဲတွင် ဤသခ်မ်းကျောင်းလေးသို့ ရောက်ရှိနေထိုင်ကြရာ ကောက်ကျစ်စဉ်းလဲသောမင်းသည် စစ်သည်ဗိုလ်ပါများနှင့်အတူ လာရောက်၍ သင့်ဘခင်အား စမ္မာမြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားပါသည်၊ ယခုအခါ သင့်ဘခင်သည် သေသည်ရှင်သည်ဟူ၍ ဘာမျှမသိရပါ၊ ငါသည် ညကအိပ်နေစဉ် အိပ်မက်ထဲတွင် သင့်ဘခင်အား တွေ့မြင်ရသည်ဟု အိပ်မက်မြင်မက်သောကြောင့် အောက်မေ့ သတိရသဖြင့် ငိုကြွေး မြည်တမ်းခြင်း ဖြစ်ပါသည်။

မိခင်၏စကားကိုကြားသော ဘုရားလောင်း သိရိဝိပုလမင်းသားသည် "ငါ အသက်ထင်ရှား ရှိနေသမျှ ငါ၏ဘခင်သည် မပျက်စီးစေရ ဘခင်

ပျက်စီးလျက် ငါအသက်ရှင်နေခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ ဤမျှ အချိန်ကာလကြာအောင် မိဘနှစ်ပါး တောထဲမှာ နေရခြင်းအကြောင်းကို ငါမသိခဲ့ရပေ၊ ယခုမှ သိရပေတော့သည်၊ ငါသည် ငါ၏ဘခင်အား တွေ့အောင်ရှာအံ့”ဟုကြံစည်လျက် မိခင်အားပန်ကြားပြောဆိုလိုရကား ဤဂါထာကို ဆို၏။

၃၁။ အိုချစ်လှစွာသော မိခင် ကျွန်ုပ်သည် ဘခင်ကိုရှာဖွေရန် ပန်ကြားပါ၏၊ ကျွန်ုပ် အသက်ထင်ရှား ရှိနေသမျှ ကျွန်ုပ်၏ ဘခင်သည် မပျက်စီး မဆုံးရှုံးစေရပါ။

သားတော် သိရိဝိပုလစကားကို ကြားသော သိရိမတိမိဖုရားသည် သားတော်အား တားမြစ်ရန် ဤသုံးဂါထာတို့ကို ဆို၏။

၃၂-၃-၄။ အို ချစ်စွာသော သားတော် မိခင်သည် တောထဲ၌ ကိုးကွယ်အားထားရာမဲ့ တယောက်တည်းနေရပါ၏၊ သားနှင့် ကွေကွင်းခွဲခွါ၍ နေရပါလျှင် အဘယ်မှာ အသက်ရှင်နေနိုင်ပါတော့မည်နည်း၊ သို့ဖြစ်၍ ဘခင်ကိုရှာဖွေရန် သားတော်မောင် မသွားပါလင့် သင့်ဘခင်မရှိသဖြင့် သား၏မျက်နှာကိုကြည့်လျက် နှစ်သိမ့်ဖြေဖျောက်နေရသော ငါ့မှာ သားတော်မောင်ကိုပါ မမြင်ရလျှင် ငါ၏အသက်သေမည်အမှန်ဖြစ်ပါသည်။ ယနေ့ညဲ သားတော်မောင် ထွက်ခွါသွားလျှင် နက်ဖြန်၌ ငါသည် သေရပါလတ့ံ။

မိခင်၏ထံမှ မသွားရန် တားမြစ်သည့်စကားကို ကြားရသော်လည်း ဘုရားလောင်း သိရိဝိပုလသည် ဘခင်၌ ချစ်ခင်စိတ် ပြင်းပြလှသောကြောင့် ဘခင်မျက်နှာကို မြင်လိုလှသဖြင့် ငါ့မှာ ဘခင်နှင့် ကွဲကွာ၍ အသက်ရှင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း အောက်ထစ်ဆုံးအားဖြင့် ဘခင်၏ သေသည် ရှင်သည်ဟူသော အကျိုးအကြောင်းမျှကိုတော့ သိရန်သင့်၏ဟု ကြံစည်လျက် ဘခင်အားရှာဖွေရန်အတွက် မိခင်အား အဖန်ဖန်အထပ်ထပ် ပန်ကြားပြောဆိုလေ၏၊ နောက်ဆုံးတွင် သိရိမတိမိဖုရားကြီးသည် သားတော်ကို တားမြစ်ရန် မတတ်နိုင်ရကား—

၃၅။ ချစ်စွာသော သားတော် အတန်တန်တားပါသော်လည်း ဘခင်ကို ရှာဖွေရန် သားတော်မောင်စိတ်ဆန္ဒ ပြင်းပြနေပါသောကြောင့် မေမေခွင့်ပြုပါသည်၊ သွားလိုလျှင် သွားပါတော့၊ သင့်ဘခင်၏ပစ္စည်းများဖြစ်သော ဤသကလပ်အဝတ်အထည်နှင့် ဤလက်စွပ်ကိုယူ၍ သွားပါလော့။

## ဘခမည်းတော်ကို ရှာဖွေရန် ထွက်ခွါခြင်း

ထိုအခါ ဘုရားလောင်းသည် မိခင်ထံမှ ယင်းပစ္စည်း နှစ်ခုကိုယူလျက် မိခင်အား လက်ျာရစ်ပတ်၍ ထိုခြင်းငါးပါးဖြင့် ရှိခိုးဦးချပြီးလျှင် ဟိမဝန္တာရှိ ဝိပုလတောင်မှ ဆင်းခဲ့၍ ဟိမဝန္တာမှ ထွက်ခွါခဲ့ပြီးနောက် အစဉ်သဖြင့် ခရီးထွက်ခွါခဲ့ရာ စမွာမြို့တခါးအနီးသို့ရောက်သောအခါ မြို့ပြင်ရှိ ဇရပ်တခုသို့ဝင်၍ ယင်းဇရပ်၌ တညတာမျှ ရပ်နားနေလေ၏၊ ထိုညတွင် တိုင်းပြည်ကို လုယက်ယူငင်ထားသော ကောက်ကျစ်စဉ်းလဲသော မင်းသည် ကျက်သရေရှိသော အိပ်ရာ၌အိပ်လျက် အိပ်ရာမှ နိုးသောအခါ "ငါသည် ဤမင်းစည်းစိမ်ကို ယသကိတ္တိမင်းထံမှ ရခဲ့သည် ဤယသကိတ္တိမင်းသည် အသင်းအပင်းကိုရလျှင် ယင်းမင်းစည်းစိမ်တို့ကို ပြန်၍ ယူလတံ့၊ ထို့ကြောင့် ဤယသကိတ္တိမင်းကိုအပြီးတိုင်သုတ်သင်ရှင်းလင်းပစ်မှသင့်မည်" ဟု တဖန်ကြံစည်စိတ်ကူးလျက် မိုးလင်းသည့်အခါ လူသတ်သမားတို့ကို ခေါ်စေ၍ အို လူသတ်သမားတို့ သင်တို့သည် ဖမ်းဆီးချုပ်နှောင်ထားသော ယသကိတ္တိမင်းကို လမ်းလေးခွ ဆုံရာသို့ ခေါ်ဆောင်လာလျက် အချက်ပေါင်း များစွာရိုက်နှက်ပုတ်ခတ်ကြပြီးလျှင် ထိုမှတဖန် သုသာန်သို့ ခေါ်ဆောင်ကာ သင်တို့၏ ဓားသန်လျက်ဖြင့် ထိုယသကိတ္တိမင်း၏ ဦးခေါင်းကို ဖြတ်ကြကုန်လော့ ဟု အမိန့်ပေးလေ၏၊ ကောက်ကျစ်စဉ်းလဲသော မင်း၏ အမိန့်ကို ရရှိသောအခါ လူသတ်သမားတို့သည် ကောင်းပါပြီ အရှင်မင်းကြီးဟု ဝန်ခံကြကုန်၏။

## ဘုရားလောင်းသည် မင်းကြီးကိုယ်စား အကျဉ်းခံခြင်း

ထိုခဏ၌ ဘုရားလောင်း သိရိဝိပုလသည် နံနက်စောစောထလျက် ကိုယ်လက်များကို သုတ်သင်ပြီးနောက် ဆွမ်းခံချိန်၌ ဘခင်ကို ရှာဖွေရန် စမွာမြို့

တွင်းသို့ ဝင်ခဲ့လေ၏၊ ထိုအခါ ထောင်အိမ်ထဲ၌ ဆင်းရဲဒုက္ခရောက်လျက် အိပ်စက်နေသော အပြစ်မဲ့သော ဘခင်ကို မြင်ရသောအခါ ထောင်စောင့် သမားတို့ကို ခေါ်၍ "အို ထောင်စောင့်သမားတို့ ထောင်ထဲ၌ ဆင်းရဲ စွာ အိပ်စက်နေသောသူကား အဘယ်သူပါနည်း" ဟု ထောင်စောင့် သမားတို့အား မေးမြန်းလေ၏၊ ဘုရားလောင်း သိရိဝိပုလရသေ့၏ စကား ကို ကြားသောအခါ ထောင်စောင့်တို့က "အို ရှင်ရသေ့ ဤသူသည်ကား ရှေးအခါက ဤမြို့တော်တွင် ဘုရင်မင်းမြတ် ဖြစ်ပေသည်။ ယခု မူကား ဆင်းရဲဒုက္ခ ရောက်နေရှာပါသည် ဟု ဖြေဆိုကြ လေ၏။ ထောင်စောင့်တို့၏ စကားကို ကြားသောအခါ ဘုရားလောင်း သိရိ ဝိပုလရသေ့သည် စင်စစ် ဤသူသည် ငါ၏ဘခင်ဖြစ်သည်ဟု ကောင်းစွာ သိလေ၏၊ (ဤသိရိဝိပုလဇာတ်၌ ဘုရားလောင်းသည် ဆင်ပြောင် ခုနစ်စီး အားကို ဆောင်နိုင်၏) ထိုအခါ ဘုရားလောင်း သိရိဝိပုလ ရသေ့က ကြံ စည် စဉ်းစားသည်မှာ ငါသည် ငါ၏ခွန်အားဗလ အစွမ်းသတ္တိဖြင့် ဤ တိုင်းပြည်ကို ပြန်လည်လုယက်တိုက်ခိုက်ခြင်းငှါ စွမ်းနိုင်ပါ၏၊ သို့သော် လည်းထိုသို့ပြုလုပ်လျှင်ငါစောင့်ထိန်းသောသီလများ ပျက်စီးပေတော့မည်၊ သို့ဖြစ်၍ ငါသည် ဘခင်၏အသက်ကို တရားသဖြင့် ရအောင်ပြုလျှင် ငါ၏ သီလသည်လည်း ပျက်စီးမည် မဟုတ်ချေ၊ အကယ်၍ ငါသည် စောင့် ထိန်းထားသော ရသေ့တို့၏ သီလကို ဖျက်ဆီးလျှင် နောင်အခါ၌ လူ သုံးပါး တို့၏ အကျိုးအတွက် ကြာမြင့်စွာ တည်ဆောက်လာသော သဗ္ဗညု တ ဉာဏ်ကို ရလိမ့်မည် မဟုတ်ချေ ဟု ကြံစည်လျက် သိရိဝိပုလ ဘုရား လောင်း ရသေ့သည် ဆင်းရဲဒုက္ခရောက်နေသော ဘခင်ကို မြင်ရသည့်အခါ စိတ်နှလုံး ထိခိုက်လိုက် ပေ့မျောကာ မြေသို့လဲကျသွား၏၊ အတန်ကြာမှ ပြန်လည် သတိရလာလျက် မိမိ၏ဘခင်ထံ ချဉ်းကပ်ကာ ဘခင်အား ရှိခိုး ၍ နေလေ၏၊ ထိုအချိန်တွင် ထိုနေရာ၌ ရှိကြသော လူများသည် အချင်း ချင်း ပြောဆိုကြကုန်၏။ အိုလူအများတို့ ဤယသကိတ္တိမင်းကြီးမှာ သား သမီး တဦးတယောက်မျှမရှိဟု ငါတို့ကြားသိရဘူးသည်၊ ယခုဤရသေ့ ငယ်သည် ဤမင်းကြီးကို ရှိခိုးလျက် နေပေ၏၊ မင်းကြီးနှင့် အဘယ်သို့ တော်စပ်သည်မသိ ဟု အချင်းချင်း ပြောဆိုနေကြ၏။

## ယသကိတ္တိမင်းကြီးနှင့်ဘုရားလောင်း အပြန်အလှန်ပြောဆိုခဏ်း

ထိုစကားကိုကြား၍ ဘုရားလောင်းသိရိဝိပုလရသေ့သည် ထောင်သွင်း အကျဥ်းချခံနေရသော ယသကိတ္တိမင်းကြီး၏သားဖြစ်ကြောင်း ပြောလို ရကား ဖခင်နှင့်အတူ စကားပြောလိုသဖြင့်—

၃၆။ အို ချစ်စွာသောဖခင် ကျွန်ုပ်သည် သင်၏ရင်သွေးသားတော်လေး ဖြစ်ပါသည်၊ ဘခင်အတွက် အသက်ကိုစွန့်ရန်ဤအရပ်သို့ရောက်လာ ပါသည်။

ဘုရားလောင်းရသေ့၏ စကားကို ကြားသောအခါ ထောင်သွင်း အကျဥ်းခံနေရသော ယသကိတ္တိမင်းသည် မိမိ၏သားဖြစ်ကြောင်းဟုတ်သ လိုလိုထင်မှတ်သော်လည်း သေချာစွာ သိလိုသောကြောင့် ထပ်၍မေးပြန် သည်ကား—

၃၇။ အမောင်ရသေ့ သင်သည် မည်သူ၏သား ဖြစ်သနည်း၊ မည်သည့် အရပ်မှလာပါသနည်း အသေအချာပြောပြပါလော့—

ဟုမေးသောအခါ ဘုရားလောင်းက—

၃၈။ အို ချစ်စွာသောဘခင် ကျွန်ုပ်သည် သင်၏သား ဖြစ်ပါသည်၊ ဤသက္ကလပ်အဝတ်နှင့် ဤလက်စွပ်ကိုကြည့်ပါလော့—

ယသကိတ္တိမင်းသည် သက္ကလပ်အဝတ်နှင့် လက်စွပ်ကို တွေ့သောအခါ မိမိသားဖြစ်ကြောင်း ကောင်းစွာသိရသဖြင့်—

၃၉။ အို ချစ်စွာသောသားတော် ငါသည် အသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းရှိနေပါပြီ၊ အသက်ရှင်နေ၍လည်းအကျိုးမများလှပါ၊ သင်သည်ကား အားအင်ပြည့်ကြွယ် အရွယ် ငယ်ပါသေးသည်၊ ငါ့အတွက် သင့်အသက်ကိုမစွန့်လွှတ်ပါနှင့်—

ထိုစကားကိုကြား၍ ဘုရားလောင်းက—

၄၀။ အို ချစ်စွာသောဘခင် ဤနေရာ၌ သင့်အားသတ်တော့မည်ဖြစ်ပါ သည်၊ ကျွန်ုပ်ရှိလျက် ဘခင်အသက်သေရသည်မှာ ရှေးသူတော် ကောင်းတို့၏ ထုံးတမ်းစဉ်လာမဟုတ်ပါ၊ သို့ဖြစ်၍ သားတော်သည် ဘခင်အတွက် အသက်ကိုစွန့်ပါအံ့—

ထိုအခါ ယသကိတ္တိမင်းက—

၄၁။ အို ချစ်စွာသောသား၊ သင်သည် မိခင်ကိုစွန့်ခွါ၍မသွားသင့်၊ ငါ့ကို စွန့်ခွါသည်ကား အကြောင်းမဟုတ်ပေ၊ ထို့ကြောင့် သင်သည် သင့်မိခင်ထံသို့ပြန်ပါလော့။

ထိုအခါ ဘုရားလောင်းက ဆိုပြန်၏။

၄၂-၄၄။ အို ချစ်စွာသောဘခင် ကျွန်ုပ်သည် ဘခင်၏ ဆင်းရဲဒုက္ခမှ ကယ်တင်ရန်လာပါသည်။ မိခင်ကလည်း သဘောတူ ကျေနပ် ပါသည်၊ ကျွန်ုပ်အသက် ထင်ရှားရှိလျက် ဘခင်အသက် မသေ ရပါ၊ ဘခင်အသက် ချမ်းသာရရေးအတွက် ကျွန်ုပ်အသက်ကို စွန့်ပါအံ့၊ သို့မှသာ ကျွန်ုပ်အား နတ်အများက ချီးမွမ်း၍ သေပြီး နောက်၌လည်း ကျွန်ုပ်သည် နတ်ပြည်၌ဝမ်းမြောက်စွာနေရပါအံ့။

ထိုနောက် တဖန်ထပ်၍ ယသကိတ္တိမင်းကြီးသည် ဂို၍တဖန်ပြောပြန် သည်မှာ—

၄၅။ အို ချစ်စွာသောသားတော်၊ သင်သည် ကောက်ကျစ်စဉ်းလဲသော မင်း၏အထံသို့ မသွားပါလင့်၊ ငါ့အတွက် သင့်အသက်ကို မစွန့်လွှတ် ပါလင့်။

ထိုအခါ ဘုရားလောင်းကဆိုပြန်၏။

၄၆။ အို ချစ်စွာသောဘခင်၊ သင်သည် မငိုကြွေးပါလင့်၊ ကျွန်ုပ်သည် ယနေ့ သင်ဘခင်ကြီးအတွက် အသက်ကို စွန့်လွှတ် လှူဒါန်းပါအံ့၊ ကျွန်ုပ်၏ မွန်မြတ်သော အသက်အလှူကို သင်သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ပါလော့၊ ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရန် အတွက် ယနေ့အသက်ကို စွန့်လွှတ်လှူဒါန်းပါအံ့၊ ကျွန်ုပ်၏အသက် လှူဒါန်းခြင်းကို သင်သည် ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့။

လိုသို့ပြောဆိုပြီးနောက် ဘုရားလောင်း သိဝိပုလ ရသေ့သည် ကောက် ကျစ်စဉ်းလဲသော မင်းထံသွား၍ မိမိ၏အသက်ကို ရောင်းလိုရကား—

၄၀–၄၉။ အရှင်မင်းကြီး၊ ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ကို သင့်ထံ၌ ပေါင်း၍ ကျွန်ုပ်ဘခင်၏အသက်ကို ကျွန်ုပ်အသက်ဖြင့် ဝယ်ယူပါအံ့၊ အသက်ချင်း ဖလှယ်ပါအံ့၊ ကျွန်ုပ်သည်ငယ်ရွယ် နုနယ်ပါ၏၊ ကျွန်ုပ်ဘခင်အား အသက်ကြီးရင့် အိုမင်းနေပါပြီ၊ ထို့ကြောင့် ကျွန်ုပ်အသက်ကိုယူ၍ ဘခင်အား လွှတ်ပါလော့။

ထိုစကားကို ကြားသောအခါ ကောက်ကျစ်စဉ်းလဲသော မင်းသည်–

၅၀–၅၁။ အိုရသေ့၊ ဘခင်အသက်ကို သင့်အသက်နှင့် လဲမည်ဟူသော သင့်စကားမှန်ကန်ပါလျှင် သင့်ဘခင်ကို လွှတ်၍ သင်သည် ယောင်ထဲ၌နေပါလော့၊ သင့်ဘခင်သည် ချမ်းသာစွာနေပါလော့။

ထိုသို့ယုတ်မာကောက်ကျစ်သော မင်း၏စကားကို ကြားရသောအခါ ဘုရားလောင်းသည် "ကောင်းပါပြီ အရှင်မင်းကြီး"ဟု ဆို၍ ဘခင်ကြီးထံ သွား၍ မိမိဘခင်အား ထောင်ထဲမှထုတ်ရန်အတွက် နတ်များအား တိုင်ကြားသိစေလိုရကား–

၅၂–၅၃။ အို နက်မြတ် နတ်ကောင်း နတ်အပေါင်းတို့၊သင်တို့သည် ကျွန်ုပ်စကားကို နားထောင်ကြပါ ကုန်လော့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်ကိုပေး၍ ဘခင်အား လွှတ်မြောက်စေပါအံ့၊ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်ဟူသော အကြောင်းကြောင့် ဘခင်အတွက် ကျွန်ုပ်၏ ဦးခေါင်း, မျက်လုံး, အသဲနှလုံးနှင့် ခန္ဓာကိုယ် တခုလုံးကို စွန့်လွှတ်ပါအံ့။

## ထူးဆန်းထွေလာအံ့ဩစရာ

ဤသို့လျှင် နတ်အပေါင်းအား တိုင်ကြား သိစေပြီးနောက် ဘုရားလောင်း သိရိဝိပုလရသေ့သည် ဘခင်အား ထောင်မှလွှတ်စေ၍ ချမ်းသာစွာ နေစေပြီးလျှင် မိမိကိုယ်ကို ထောင်သွင်း အကျဉ်းချစေလေ၏၊ ထိုအခါ လူသတ်သမားတို့သည် ဘုရားလောင်းရသေ့အား ခြေ နှစ်ဖက် လက်နှစ်ဖက် လည်ပင်း ဟူသော ငါးနေရာတို့၌ ချည်နှောင်လျက် သုသာန်သို့ ခေါ်ဆောင်သွားပြီးလျှင် ဦးခေါင်းကိုဖြတ်ရန် သန်လျက်ကို

ချီမြှောက်ကြကုန်၏၊ ထိုခဏ၌ ဘုရားလောင်း၏ တန်ခိုးကြောင့် ဘုရားလောင်းအား ထိုးခုတ်သော သန်လျက်တို့သည် မှုန့်မှုန့်ညက်ညက် ကွဲထွက်ကြေမွကုန်၏။

ထိုအခြင်းအရာကိုမြင်သောအခါ လူသတ်သမားတို့သည် အံ့အားသင့်ကြကုန်လျက် ကောက်ကျစ်သောမင်းအား အကြောင်းကြားကြကုန်၏၊ ထိုစကားကို ကြားသောအခါ ကောက်ကျစ်သောမင်းသည် မြွေပွေးကိုတုတ်ဖြင့်ရိုက်သကဲ့သို့ ပြင်းစွာ အမျက်ချောင်းချောင်းထွက်လျက် သူသတ်သမားတို့အား အမိန့် ပေးပြန်သည်မှာ "အို လူသတ်သမားတို့ သင်တို့သည် သူသာနုန်၌ ဤရသေ့ကို နင်းခြေသတ်ဖြတ်ရန် အမုန်ယစ်သော ဆင်ကို လွှတ်လော့" ဟု အမိန့်ပေးလေ၏၊ လူသတ်သမားတို့သည် မင်းကြီး အမိန့်ပေးသည့်အတိုင်း ပြုလုပ်ကြ၏၊ သို့ရာတွင် ဘုရားလောင်း၏ တန်ခိုးကြောင့် အမုန်ယစ်သောဆင်သည် ဆင်အော်သံကို အော်မြည်လျက် ထွက်ပြေးလေ၏။

ထိုအခြင်းအရာကို တွေ့ရပြန်သောအခါ လူသတ် သမားတို့သည် ကောက်ကျစ်သောမင်းအား အကြောင်းကြားကြပြန်၏၊ ထိုအခါ မင်းကြီးသည် ပို၍ ပို၍ အမျက်ထွက်လာရကား "အို လူသတ်သမားတို့ သန်လျက်ဖြင့်သတ်၍မရ, ဆင်နှင့် တိုက်သတ်၍လည်း မရလျှင် အလျှံတပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကို ပြုလုပ်၍ ထိုရသေ့အား မီးပုံထဲသို့ ထည့်ကြကုန်လော့" ဟု အမိန့်ပေးပြန်၏။

ထိုအခါ လူသတ်သမားတို့သည် မင်းကြီး အမိန့်အတိုင်း ပြုလုပ်ကြကုန်၏၊ ထိုခဏ၌ ဘုရားလောင်း၏ တန်ခိုးကြောင့် အချပ်ရာရှိသော ရွှေရောင်အဆင်းရှိသော ပဒုမာကြာသည် လှည်းဘီးကဲ့သို့ မြေမှ ဖောက်ခွဲ ပေါ်ထွက်လာလျက် မီးကျီးများ၏အလယ်၌ ဘုရားလောင်းအား ခံယူထားကြကုန်၏၊ ဘုရားလောင်းသည် မီးလောင်တိုက် အသွင်းခံရသော်လည်း ကြယ်များအလယ်၌ လပြည့်ဝန်း၏ တင့်တယ်ခြင်းကဲ့သို့ မီးပုံအလယ်၌ တင့်တယ်စွာနေပေ၏။

## ဘုရားလောင်းအား နဂါးပြည်သို့ ဆောင်ယူခြင်း

လူသတ်သမားတို့သည် ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြားကြပြန်သောအခါ ကောက်ကျစ်သော မင်းသည် အကြီးအကျယ် မခံမရပ်နိုင်အောင်ဖြစ်ကာ "အို လူသတ်သမားတို့ ဒီလောက်တောင် ခံယဉ်းနေသော ရသေ့အား ခိုးသူများအား ပစ်ချရာ ချောက် (စောရပပါတ) ထဲသို့ ပစ်ချကြကုန်လော့" ဟု နောက်ဆုံး အမိန့်ပေးလိုက်၏၊ လူသတ်သမားတို့သည်လည်း ဘုရင့်အမိန့်အတိုင်း ဘုရားလောင်း ရသေ့အား ခိုးသူများပစ်ချရာ ချောက်ထဲသို့ ပစ်ချကြကုန်၏၊ ထိုခဏ၌ ဘုရားလောင်း၏ မေတ္တာတန်ခိုးကြောင့် နဂါးပြည်မှ နဂါးမင်းသည် လာ၍ ရထား လှည်းဘီးပမာ ရွေကြာပဒုမ္မာဖြင့် ဘုရားလောင်းအား ခံယူလျက် နဂါးဘုံသို့ ခေါ်ဆောင်သွားလေ၏။

## ကောက်ကျစ်သောမင်း၏နောက်ဆုံးနေ့

ထိုအခါ၌ ကောက်ကျစ်စဉ်းလဲသောမင်းသည် အပြစ်မဲ့သော ဘုရားလောင်းအား ညှဉ်းဆဲနှိပ်စက်ရန် အမိန့်အမျိုးမျိုးပေးခဲ့သော မကောင်းမှုကံကြောင့် အကြီးအကျယ် အမျက်ဒေါသဖြစ်လျက် မိမိကိုယ်ကို ရပ်တည်ခြင်းငှာ မတတ်နိုင်ရကား နေရာမှ ထ၍ မြေပေါ်၌ ရပ်တည်လေ၏၊ ထိုခဏ၌ မဟာပထဝီ မြေကြီးသည် ကောက်ကျစ် စဉ်းလဲသော မင်းအား ထမ်းဆောင်ထားရန် မလိုလားသကဲ့သို့ဖြစ်၍ မင်း၏ တကိုယ်စာအပေါက်ကြီး ဖြစ်လာ၏။ ထိုအခိုက်တွင် မဟာအဝီစိငရဲမှ ငရဲမီးလျှံတို့သည် တောက်လောင်လျက် ယင်း ကောက်ကျစ်သော မင်းအား ယူဆောင်သွားလေ၏၊ (မြေမျိုလေ၏) ယုတ်မာသော မင်းသည် မဟာအဝီစိငရဲ၌ဖြစ်လျက် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရလေ၏။

ဘုရားလောင်းအားခေါ်ဆောင်သွားသောနဂါးမင်းသည် နဂါးပြည်၌ ဘုရားလောင်းအား အကြီးအကျယ် ပူဇော်သက္ကာရပြုပြီးနောက် ပူဇော်သက္ကာရပြုသောပစ္စည်းဝတ္ထုများနှင့်တကွ နဂါးပြည်မှ လူ့ပြည် စမ္ပာမြို့သို့ ပို့ဆောင်ပြီးလျှင် ဘုရားလောင်းအား မင်းအဖြစ် ဘိသိက်သွန်းပေးခဲ့လျက်

နဂါးပြည်သို့ ပြန်လာခဲ့လေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရား သည် ဂါထာတို့ကိုမိန့်ဆို၏။

၅၄-၅၅။ ထိုအခါ နဂါးမင်းသည် ဘုရားလောင်းအား နဂါးပြည်သို့ ခေါ်ဆောင်၍ နတ်၌ဖြစ်သော နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်စေလျက် နတ်၌ဖြစ်သောဝအစားအစာတို့ကို ကျွေးမွေးပြီးနောက် နဂါးပြည်မှတဖန် လူ့ပြည်စမ္မာမြို့သို့ ခေါ်ဆောင်၍ အဘိသိက်သွန်းပြီးလျှင် ဘုရားလောင်းအား ပန်ကြားကာ နဂါးပြည်သို့ ပြန်လာခဲ့လေ၏။

## ယသကိတ္တိမင်းနှင့် သားတော် မယ်တော်ကိုခေါ်ရန်သွားခြင်း

ထိုအခါ ဘုရားလောင်းသည် မိမိ၏ဘခင်နှင့်အတူ ဇမ္ပာမြို့၌တရားနှင့် အညီမင်းပြုလေ၏။ ထိုသို့ မင်းပြုနေစဉ်တွင် ဘုရားလောင်းသည် မိမိ မယ်တော်၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ သတိရသဖြင့် မိခင်ကို ခေါ်ဆောင်လိုကြောင်းကို ဘခင်အား ပြောကြားလေ၏။ ထိုအခါ မင်းနှစ်ပါးတို့သည် စစ်သည်ဗိုလ်ပါများခြံရံလျက် မြို့တော်မှ ထွက်ခွါ၍ မိခင်သိရိမတိမိဖုရားကြီးနေရာ ဟိမဝန္တာသို့သွားကြကုန်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာကိုဆို၏။

၅၆။ ယသကိတ္တိမင်းနှင့်သိရိဝိပုလမင်းသား မင်းနှစ်ပါးတို့သည်တိုင်းပြည်မှထွက်၍ သိရိမတိမိဖုရားအားခေါ်ဆောင်ရန် အဝတ်တန်ဆာများကိုပါ ယူဆောင်၍သွားကြကုန်၏။

ထိုအခါ သိရိမတိမိဖုရားကြီးသည် မိမိလင်သားနှင့် ကွေကွင်းရသော ဒုက္ခ၊ ချစ်လှစွာသောသားနှင့် ခွဲခွါရသောဒုက္ခ ယင်းဒုက္ခ နှစ်ပါးဖြင့် နှိပ်စက်သောကြောင့် ပူဆွေးသောကအတွင်းမီးလောင်ရကား တဖြေးဖြေး ကြုံလှီလျက် သစ်ရွက်မိုးဇရပ်၌ ကွယ်လွန်လေ၏။ ဘုရားလောင်း သိရိဝိပုလ မင်းသားသည် မိခင်ကိုတွေ့လိုဇောပြင်းထန်ရကား ရှေ့မှမြန်မြန်သွားလျက် မိခင်နေရာ ကျောင်းသင်္ခမ်းသို့ ဝင်ရောက်ကြည့်သောအခါ သေနေသော မိခင်ကိုမြင်ရသဖြင့် ပြင်းပြစွာပူပန်ခြင်းဖြစ်လျက်ငိုကြွေးလိုရကား—

၃၇။ အို ချစ်စွာသောမိခင် အဘယ့်ကြောင့် အိပ်ပျော်နေဘိသနည်း၊ အလျင်အမြန် ထကြည့်ပါဦးလော့၊ သားတော်သည် မိခင်ထံသို့ ရောက်လာပါပြီ။

ဤသို့လျှင် သိရိဝိပုလမင်းသား၏ ငိုကြွေး မြည်တမ်းသံကိုကြားရသောအခါ ယသကိတ္တိမင်းကြီးနှင့်တကွ မင်းမောင်းမအပေါင်းနှင့် စစ်သည်ဗိုလ်ပါများပါမကျန် အားလုံးပင် ငိုကြွေးကြလေကုန်၏။ ထိုနောက် ဘုရားလောင်း သိရိဝိပုလမင်းသားသည် မိခင်၏အလောင်းကိုယူ၍ ရွှေမှန်ခေါင်းသေတ္တာ၌ ထည့်လျက် ရွှေထမ်းစင်ဖြင့် ယူဆောင်၍ စမ္ပာမြို့သို့ ယူဆောင်ပြီးလျှင် "ယခုအခါ ငါသည် မိခင်၏ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် အသက်ကိုစွန့်လွှတ်အံ့၊ ယနေ့ငါသည် မိမိကိုယ်ကို မီးသဂြိုဟ်ခြင်းဖြင့် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကို ရအောင် ပြုလုပ်ပေအံ့" ဟု ကြံလျက် မြင်းယာဉ်သွား၍ ဘခင်အား ရှိခိုးပြီးလျှင် မိမိခန္ဓာကိုယ်၏ အမြဲမရှိသည့်အဖြစ်ကိုရင်း၊ အနှစ်သာရမရှိသည့် အဖြစ်ကိုရင်း မြင်၍ မိမိ၏ မိခင်ကျေးဇူးကို တုံ့ပြန်သောအားဖြင့် မိမိအသက်ကို စွန့်လွှတ်ရန် ဘခင်အား ပန်ကြားပြောဆို လိုရကား –

၃၈။ အို ချစ်စွာသော ခမည်းတော်မင်းကြီး၊ ကျွန်ုပ် ပန်ကြားပါ၏၊ ကျွန်ုပ်သည် မိခင်၏ အလောင်းကို ရင်ဝယ်ပိုက်လျက် မိခင်၏ အလောင်းသေတ္တာကို ရင်ဝယ်ထားကာ ကျွန်ုပ်ကိုယ်ကိုမီးရှို့ပါအံ့၊ ကျွန်ုပ်သည် မိခင်နှင့်အတူ မိခင်၏အထံမှာပင် သေပွဲဝင်ပါအံ့။

ထိုစကားကိုကြား၍ ယသကိတ္တိ မင်းကြီးသည် သားတော် ဝိပုလမင်းသားအား ထိုသို့မလုပ်ရန် တားမြစ်လိုရကား—

၃၉။ အို ချစ်စွာသောသားတော်၊ သင်သည် ထိုကဲ့သို့သော အမှုမျိုးကို မပြုလုပ်ပါလင့်၊ ငါတယောက်တည်းကို စွန့်ပစ်ထားခဲ့လျက် ဤအလုပ်မျိုးကို မပြုလုပ်ပါနှင့် ငါ၏စကားကို နားထောင်ပါလော့။

## မယ်တော်မိဖုရား ဈာပန

ဤသို့ ယသကိတ္တိ မင်းကြီးသည် သားတော်အား တားမြစ်ပါသော်လည်း ဘုရားလောင်း သိရိဝိပုလမင်းသားသည် ဘခင်၏ ဂုဏ်ကျေးဇူးကို

မသိသကဲ့သို့၎င်း၊ ဘခင်စကားကို နားမထောင်သကဲ့သို့၎င်း၊ ဖြစ်လျက်မိခင်၏ဂုဏ်ကျေးဇူးကို ပေးဆပ်လိုသော စိတ်ဓာတ်ပြင်းပြရကား ထင်းပုံ၏ အလယ်၌ ပက်လက်လှန်အိပ်လျက် မိခင်၏ ခေါင်းသေတ္တာကို မိမိရင်ထက်၌တင်စေပြီးလျှင် မီးရှို့စေလေ၏။ ဘုရားလောင်း၏ မိခင်ကျေးဇူးကို သိတတ်သော အစွမ်းအာနုဘော်ကြောင့်၎င်း၊ နောင်အခါ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်မည့် ပုဗ္ဗနိမိတ်ကြောင့်၎င်း မီးတောက်မီးလျှံသည် အထက်သို့ထိအောင် တောက်လောင်သော်လည်း ဘုရားလောင်း၏ ကိုယ်ကို မီးမလောင်ဘဲရှိလေ၏။

ထိုအခါ လူအပေါင်းတို့သည် မီးပုံအလယ်၌ရွှေဆင်းတုသဖွယ် တင့်တယ်စွာလျောင်းစက်နေသော ဘုရားလောင်းကို မြင်ကြသဖြင့် အံ့သြကြကာ ဦးထုပ်. ခေါင်းပေါင်း မြှောက်ခြင်း စသည်တို့ကို ပြုလုပ်သြဘာပေးကြကုန်၏။ ထိုနောက် ဘုရားလောင်းသည် မိခင်အားများစွာ ပူဇော်သက္ကာရပြု၍ မိခင်၏ကိုယ်ကို မီးသင်္ဂြိုဟ်ခြင်းကိစ္စကိုပြုလေ၏။ ထိုအချိန်၌ ဘုရားလောင်း၏တန်ခိုးအာနုဘော်ကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အမုန်ယစ်သောဆင်ကဲ့သို့ ပြင်းစွာတုန်လှုပ်လေ၏။ မြင့်မိုရ်တောင်သည်လည်း ကောင်းစွာမီးမြိုက်အပ်သော ကြိမ်ကဲ့သို့ စမ္မာမြို့သို့ရှေ့ရှုညွတ်လေ၏။ မဟာသမုဒ္ဒရာသည်လည်း တခဲနက်လှိုင်းတံပိုးများ ထသဖြင့် ချောက်ချား၏။အခါမဲ့လျှပ်စီးများလည်း တဝင်းဝင်းလက်လေ၏၊ နတ်ပြည်မှသည် ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးသံသည် အုတ်အုတ်ကျက်ကျက်တခဲနက်ဖြစ်လေ၏။စမ္မာမြို့၌လည်း များစွာသောအံ့သြဖွယ်ဆန်းဘွယ်တို့ဖြစ်ကြကုန်၏။ ဘုရားလောင်းသည် ဝိပုလတောင်ခြေ၌ ရွာတရွာကို တည်လျက် ထိုရွာ၌နေသောသူတို့အား မိမိ မိခင်ကြီးနေသော သစ်ရှက်မိုးဇရပ်နေရာ၌ နှစ်တိုင်း, လတိုင်း ကြီးစွာသောပူဇော်ပွဲကို ပြုလုပ်စေ၏။ ထိုရွာကိုလည်း "သစ်ရွက်မိုးဇရပ်ရွာ"ဟု အမည်ပေးလေ၏။

ဘုရားလောင်းသည် မိခင်ဈာပနပြုလုပ်ရာမှအရိုးများကို ကောက်ယူခဲ့၍ နံ့သာရေများဖြင့်စိမ်ထုန်လျက် ရွှေသေတ္တာ၌ထည့်၍ မိခင်၏ အရိုးများကို ဌာပနာပြုလုပ်ကာ စမ္မာမြို့၌စေတီတဆူ တည်ထားလေ၏။ ယင်းစေတီ၌ မိမိကိုယ်တိုင် လခွဲတကြိမ်အကြီးအကျယ် ပူဇော်ပွဲပြုလုပ်လျက် အလှူကြီးကို

ပေးလေ၏။ ဤသို့လျှင် ဘုရားလောင်းသည် လူအပေါင်းတို့အား အလှူကြီးတို့ပေးလှူလျက် လူအပေါင်းတို့အား ဆုံးမဩဝါဒပေးလိုရကား—

၆၀။ အို လူများအပေါင်းတို့ ကျွန်ုပ်သည် ရှေးက ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်ခဲ့သောကြောင့် ယခုအခါ မင်းစည်းစိမ်ကို ရရှိခံစားရပေ၏၊ သင်တို့သည်လည်း မိမိတို့တတ်စွမ်းသမျှ မမေ့မလျော့ဘဲ အလှူဒါနကိုပေးလှူကြပါကုန်လော့။

ထိုအခါမှစ၍ လူအပေါင်းတို့သည် ဘုရားလောင်း၏ ဆုံးမဩဝါဒအတိုင်းလိုက်နာကြလျက် မမေ့မလျော့ကြဘဲ ကုသိုလ်ကောင်းမှုတို့ကိုပြုကြသောကြောင့် သေသည့်အခါ နတ်ပြည်တို့၌ဖြစ်ကြကုန်လျက် ဘုရားလောင်းသည်လည်း ဘဝင်နှင့်အတူ စမ္ဗာမြို့၌မင်းစည်းစိမ်ကို ခံစားလျက် အလှူဒါနများကိုပြုလုပ်၍ ကွယ်လွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ စည်းဝေးရောက်လာကုန်သော ရဟန်းတို့အား ဤဇာတ်တော်ဒေသနာကိုဟောကြားလျက် ယခုအခါ မိဘာလုပ်ကျွေးသောရဟန်းအား သစ္စာလေးပါးကို ဟောကြားလိုသောကြောင့် ဤဂါထာနှစ်ပုဒ်ကိုဆိုလေ၏။

၆၁-၆၂။ နံပါတ် ၉ သိရိဓရဇာတ်၌လာသည့်အတိုင်းဖြစ်၏။

ဤ သစ္စာလေးပါးတရားကို ဟောကြားပြီးသည် အဆုံး၌ မိဘကိုလုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ မြတ်စွာဘုရားသည် ဇာတ်တော်ကိုပေါင်းလိုရကား အဆုံးဂါထာကိုဆို၏။

### ဇာတ်တော်ပေါင်းခန်း

၆၃-၆၇။ ထိုအခါ ကောက်ကျစ်စဉ်းလဲသောမင်းသည် ယခုအခါ ဒေဝဒတ်၊ နဂါးမင်းသည် ယခုအခါ ဆန္နအမတ်၊ သိကြားမင်းသည်အနုရုဒ္ဓါ၊ သိရိမတိမိဖုရားနှင့် ယသကိတ္တိမင်းကြီးတို့ကား ဘုရား၏ မယ်တော် ခမည်းတော်များ ဖြစ်လာကြ၍ အမတ်စသော ပရိသတ်တို့သည် ငါဘုရား၏ပရိသတ်များ ဖြစ်လာကြ၏။ သိရိဝိပုလကိတ္တိမင်းသားသည်ကား ငါဘုရားဖြစ်လာ၏။ ဤဇာတ်တော်ကို အလွန်ရိုသေသောစိတ်ထားဖြင့် နာယူမှတ်သား ဆောင်ထားကြကုန်လော့။

ကိုးခုမြောက် သိရိဝိပုလကိတ္တိရာဇဇာတ် ပြီး၏။

ဤဇာတ်လမ်းကို ဖတ်ရှုရာတွင် အကြောင်းအရာများ မရှုပ်မထွေး စေရန်အတွက် ဇာတ်လမ်းပါ အချက်အလက်များကို ကြိုတင်၍ ဖော်ပြထားပါမည်။

၁။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု + မိဖုရားကား ကေသနီ သားသမီး မရသဖြင့် ဆုတောင်းရာ သိကြားမင်းက အိပ်မက်ပေး၍ ဆိးသီးစားသောကြောင့် ကိုယ်ဝန်ရ+ သတ္တုဓနု ဖြစ်လာ၊ အစေ့ကို မြင်းအိုမကစား၍ ကိုယ်ဝန်ရ မြင်းမွေးရာ မဏိကက္ခမြင်း ဖြစ်လာ။

၂။ ဦးရိုးတော်၏ သား သေဝကကုမာရ ၎င်း၏ နှမကား ကရေဏုဝတီ ကရေဏုဝတီအား ဘုရားလောင်း သတ္တုဓနုနှင့် ထိမ်းမြားရန် ရည်ရွယ်ထားသည်၊ နောက် ကရေဏုဝတီ ပျောက်သွားသည်၊ ကန္တာရဘီလူး ယူဆောင်သွား၍ ယင်း၏ နှမ အဥ္စနဝတီထံ၌ အလုပ်အကျွေး လုပ်နေရကြောင်း နောက်မှသိရသည်။

၃။ ယိုနောက် သတ္တုဓနု၏ ဘခင်ကွယ်လွန်၍ သတ္တုဓနုအား မင်းမြှောက်သည်၊ မဏိကက္ခမြင်းကိုစီးရာ မြင်းပျံသွား၍ သေတဝမြို့ရောက်သွားသည်။ ယင်းမြို့၌သေဒါမင်းကြီး+ ပဒုမဂဗ္ဘာမိဖုရား+ သမီးတော်ကား စိရပဘာ၊ စိရပဘာ၏ အလုပ်အကျွေးကား ပဒုမာဖြစ်သည်။

စိရပဘာကို အခြားမင်းများက တောင်းသည်၊ ဘခင်က မပေးစား၊ ဝိန္ဒမင်းနှင့် ပေးစားမည်ဟု ဘခင်က ပြောပြီး ဘုခုနစ်ဆင့်ရှိ ပြာသာဒ်၌ထားသည်၊ စိရပဘာ ချောကြောင်း လှကြောင်း သတ္တုဓနုကြား၍မဏိကက္ခမြင်းစီး၍သွားတွေ့ + ညဘက်တွင် သွားတွေ့ရာ နောက် မင်းကြီးသိသွား၍ သတ္တုဓနု လေးအလွမ်းပြု၍ စိရပဘာနှင့် ပေးစားသည်။ (ပထမခန်း)

၄။ ဘုရားလောင်းနှင့် စိရပဘာ မြင်းစီး၍ မိဘရပ်ထံပြန်ရာ လမ်းတွင် ကန္တာရဘီလူးပြည်ရောက် ဘီလူးနှမအဥ္စနဝတီ၊ ကရေဏုဝတီ

သည် အဥ္ဇနဝတီ၏ အလုပ်အကျွေး ဖြစ်နေသည်၊ ဘုရားလောင်း÷ မြင်း+ စိရပဘာတို့သွားရာ ဇရပ်၌အိပ် ညဘက်တွင် မအိပ်ဘဲ တလှည့်စီစောင့်ကြရာ စိရပဘာအလှည့် အိပ်ပျော်နေ၍ ဘီလူးနဲ့ တွေ့သဖြင့် မြင်းနှင့် စစ်တိုက်ရာ မဏိကက္ခမြင်းရှုံး၍ ဘုရားလောင်းထံပြန်မလာဘဲ ဘီလူးထံပါသွားသည်။

၅။ သတ္တမနေ့နှင့် စိရပဘာတို့ ကုန်သည်များ၏ သင်္ဘောဖြင့် သမုဒ္ဒရာကို ကူးရာ သင်္ဘောပျက်၍ လူချင်း ကွဲသွားသည်၊ စိရပဘာက ဣန္ဒပတ္တနဂိုရ်မြို့ရောက် ယင်းမြို့၌ လက်စွပ်တကွင်း ရောင်း၍ ငွေများရသဖြင့် ဇရပ်ဆောက် အလှူပေး ဇရပ်တွင် ယင်းတို့၏ အကြောင်းအရာတို့ကို ပန်းချီရေးဆွဲထားသည်။

၆။ ဘုရားလောင်း သတ္တမနေ့ကား ကန္တာရဘီလူးပြည် အဥ္ဇနဝတီ ဆိပ်ကမ်းရောက် ယင်းတွင် အဥ္ဇနဝတီ ဘီလူးမရှိသည်၊ ကရေဏုဝတီသည် အဥ္ဇနဝတီ၏ အလုပ်အကျွေး ဖြစ်နေသည်၊ ပဌမ ဘုရားလောင်းနှင့် ကရေဏုဝတီ ချစ်ကြိုက်နေသည် နောက် ဘီလူးမများသိသွား အဥ္ဇနဝတီကိုပြော၍ အဥ္ဇနဝတီနှင့် ဘုရားလောင်း တွေ့ကြပြီး အဥ္ဇနဝတီ ဘီလူးမနှင့် ဘုရားလောင်း ညားသည်။ (ဒုတိယခဏ်း)

၇။ ကန္တာရဘီလူးသည် အဥ္ဇနဝတီ ဘီလူးမ၏ အကိုဖြစ်သည်။ ယင်းထံ၌ မဏိကက်မြင်းရှိကြောင်း ဘုရားလောင်းသိ၍ တောင်းခိုင်းသဖြင့် ဘုရားလောင်းသည် မဏိကက်ကိုပြန်ရသည်။

၈။ ထိုနောက် မဏိကက်မြင်းကိုစီး၍ ဗာရာဏသီတိုင်းပြည်ကို ပြန်လာရာ ဣန္ဒပတ္တမြို့ကိုရောက်၍ စိရပဘာကို လိုက်ရှာရာ ဇရပ်မှာရေးဆွဲထားသော ပန်းချီကားများကိုတွေ့သဖြင့် ရှာရာ တွေ့လေ၏၊ ထိုနောက် စိရပဘာနှင့်အတူ ဗာရာဏသီပြန်ရောက်။

၉။ မိမိတိုင်းပြည် ဗာရာဏသီရောက်ပြီးနောက် ကန္တာရဝတီ ဘီလူးပြည်မှ အဥ္ဇနဝတီကိုသတိရ၍ ပြန်သွားပြီး ကန္တာရ ဘီလူးအား ငါးပါးသီလအကျိုးများကို ဟောသည်၊ ထိုနောက် အဥ္ဇနဝတီ+ ကရေဏုဝတီတို့နှင့်အတူ ဗာရာဏသီကို ပြန်လာသည်။

# ၁၀-သတ္တုဘသ္တဇာတ်

[မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစဉ်လည်း မာရ်မင်း စစ်သည်ကို အောင်မြင်တော် မူခဲ့၏၊ နှုစဉ်အခါကလည်း ကြမ်းတမ်းခက်မာလှသော ဘီလူးကို အောင်မြင်နိုင်တော် မူပုံကို စိတ်ဝင်စားဘွယ် ပြထားသည်]

မြတ်စွာဘုရားသည် ဟာဟာ ပုတ္တက နိဝတ္တတု အစချီသော ဤတရား ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မာန်စစ်သည် ဗိုလ်ပါ အပေါင်းကို နှိမ်နင်းတော် မူခြင်းကိုအကြောင်းပြု၍ ဟောတော်မူသည်။ ချဲ့၍ဆိုဦးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်မဏ္ဍပ်၌ စုဝေးကြ ကုန်လျက် "ငါ့ရှင်တို့ ငါတို့မြတ်စွာဘုရားသည် စကြဝတေးမင်း စည်းစိမ် ချမ်းသာကို စွန့်လွှတ်တော်မူလျက် ရဟန်း ပြုတော်မူပြီးလျှင် အဖေါ်မပါ တပါးတည်းဖြင့် လက်နက်မပါဘဲ အထူးထူးအပြားပြား များလှစွာသော မာရ်မင်း၏ စစ်သည်ဗိုလ်ပါအပေါင်းကို နှိမ်နင်းတော်မူ၍ ကြီးစွာသော အောင်ပွဲကို ရရှိတော် မူခဲ့ပေသည်ဟု မာရ်မင်းစစ်သည်ကို အောင်တော် မူခြင်းနှင့် ပတ်သက်သောစကားကို ပြောဆိုနေကြကုန်၏၊ ထိုအခါ မြတ်စွာ ဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားသိတော်မူသဖြင့် တရားသဘင် မဏ္ဍပ်သို့ ကြွရောက်တော် မူလာပြီးလျှင် ရဟန်းတို့ ငါဘုရား ကြွလာတော် မူသောအခါ သင်တို့သည် အဘယ်စကားကိုစုဝေးပြောဆိုနေကြကုန်သနည်း ဟု မေးတော်မူရာ ဤမည်သောစကားကို စုဝေးပြောဆိုနေကြပါသည် ဟု ရဟန်းတော်များက လျှောက်ထားလေလျှင် ရဟန်းတို့ ယခုအခါမှသာ အံ့သြဘွယ် ဖြစ်သည်မဟုတ် ရှေးအခါကလည်း ငါဘုရားသည် ဉာဏ်မရင့် ကျက်သေးမီက ကန္တာရဘီလူးကို ဆုံးမတော် မူခဲ့ဘူးပြီဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် တောင်းပန်အပ်သော ကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကို ဆောင်တော်မူခြင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်၊ ထိုအခါ ကောသနိ မိဖုရားသည်တသောင်းခြောက်ထောင်သော

မောင်းမမိဿံ အခြွေအရံ မိဖုရားငယ်တို့၏ မိဖုရားခေါင်ကြီး ဖြစ်ပေ၏။ ထိုမိဖုရား တသောင်းခြောက်ထောင်တွင် တဦးတယောက်မျှ သားသမီး မရကြကုန်၊ မြို့သူမြို့သားတို့သည် မင်းကြီးထံသို့ သွားရောက်လျက် ကြွေးကြော် ပြောဆိုကြကုန်၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် လေသာပြူတင်းကို ဖွင့်ကြည့်စဉ် လူအပေါင်းတို့ကို မြင်သောအခါ "အို လူအပေါင်းတို့ အဘယ့်ကြောင့် စုပေးရောက်လာကြပါကုန်သနည်း"ဟု မေးတော်မူလေရာ မြို့သူမြို့သားတို့သည် လက်အုပ်ချီမိုး ရှိခိုးလျက် အို မြတ်သောမင်းကြီးအရှင်မင်းကြီး နတ်ရွာစံတော်မူသောအခါ ကျွန်ုပ်တို့ အသို့ပြုလုပ်ကြရ ပါကုန်မည်နည်း မင်းစည်းစိမ်ကို ဆက်လက်ခံယူမည့် သားဆုကို အရှင်မင်းကြီး တောင်းကြပါကုန်သော့ဟု မြို့သူမြို့သား လူအများက လျှောက်ထားသံတော်ဦး တင်ကြကုန်၏၊ လူအပေါင်း၏စကားကို ကြားသောအခါ မင်းကြီးသည် ကောင်းပြီဟု ဝန်ခံလျက် အားလုံးသော မိဖုရားများ ကချေသည်များကို စုဝေးစေလျက် အို မောင်းမမိဿံ ခြွေရံမိဖုရား အပေါင်းတို့ သင်တို့သည် သားဆုကို တောင်းကြကုန်လော့၊ သားရသောသူအား မင်းစည်းစိမ်ချမ်းသာကို ပေးအံ့ဟု မိန့်ဆိုတော်မူ၏၊ မောင်းမမိဿံ ခြွေရံမိဖုရားအပေါင်းတို့သည် မင်းကြီးစကားကို ကြားကြသောအခါ မိမိတို့ဆိုင်ရာနတ်များကို ပူဇော်ပသ ရှိခိုးကြကုန်လျက် သားဆုကို တောင်းကြကုန်၏၊ သို့ရာတွင် တဦးတယောက်မျှသားသမီး မရကြလေကုန်။

## ကေသနီမိဖုရား အိပ်မက်မြင်မက်ခြင်း

ထိုအခါ ကေသနီမိဖုရားကြီးသည် လပြည့်ဥပုသ်နေ့၌ ဥပုသ်သီတင်း စောင့်သုံးလျက် ငွေအသပြာတသိန်းကို စွန့်လွှတ်၍ အလှူခံများ, ဖုန်းတောင်းယာစကာများအား အလှူကြီးကို ပေးလှူပြီးလျှင် မိမိကိုယ်တိုင် အိပ်ရာပေါ်၌ လျောင်းစက်လျက်— "ငါ၏သီလသည် မကျိုးမပေါက် မပျက်မစီးပါလျှင် ငါ့အား သားရတနာ ဖြစ်ပေါ် ရရှိလာပါစေသတည်း"ဟု မိမိ၏ သီလကို ဆင်ခြင်လျက် သားဆုတောင်းလေ၏၊ ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာ ပူပြင်းသော အခြင်းအရာကို ပြသဖြင့် သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှု

ဆင်ခြင်လတ်သော် ကေသနီမိဖုရားကြီး သားဆုတောင်းသည်ကို သိ၍ "ဤကေသနီမိဖုရားသည် သီလကို ဆောက်တည်၍ သားဆုကိုတောင်းပေ၏၊ ငါသည် ယင်းမိဖုရားကြီးအား သားဆုကိုပေးရလျှင် ကောင်းလိမ့်မည်"ဟု ကြံစည်ကာ မိဖုရားကြီးနှင့် သင့်လျော် လျောက်ပတ်သော သားကိုကြည့်ရှုသောအခါ ဘုရားလောင်းနတ်သားကို တွေ့မြင်၏။ ထိုအခါ သိကြားမင်းသည် ဘုရားလောင်းနတ်သားကို ခေါ်တော် မူ၍ "အမောင်နတ်သား၊ လူ့ပြည်သွား၍ ကေသနီမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေယူပါလော့"ဟု တောင်းပန်စကား ပြောကြားပြီးလျှင် မိုးသောက်ထနိုးလင်းအားကြီးရောက်လုချိန်၌ မိဖုရားကြီး၏ ကျက်သရေရှိသော အိပ်ရာတိုက်ခန်းသို့ငင်လျက် "အို မိဖုရားကြီး၊ သင်သည် နံနက်စောစော မိမိကိုယ်ကို တန်ဆာဆင်ယင်လျက် လေသာပြူတင်း၌ရပ်၍ တံခါးကို ရှေးရှုကြည့်နေပါလော့၊ ထိုအခါ၌ စွန်တကောင်သည် (သိန်းငှက်၊ လင်းယုန်ငှက်ဟုလည်း အချို့အဘိဓာန်တို့၌ ဆို၏) ဆီးသီးကိုချီလာ၍ သင်၏ရှေ့၌ ချလတ္တံ၊ သင်သည် ယင်း ဆီးသီးကိုကောက်ယူ၍ စားပါလျှင် သင့်အား သားသည် မုချရပါလတ္တံ"ဟု မိဖုရားကြီး နားနားသို့ကပ်၍ ပြောပြီးလျှင် သိကြားမင်းသည် မိမိနေရာသို့ ပြန်သွားလေ၏။

## သိကြားမင်းပေးသောဆီးသီးကိုစားသောမိဖုရားကြီးနှင့် မြင်းအိုမ

ထိုအခါ မိဖုရားကြီးသည် အိပ်ရာမှနိုးလာလျက် "ငါသည် အိပ်မက်မြင်မက်၏"ဟုစောစောထ၍ ဦးခေါင်းနှင့်တကွ ရေကိုချိုးပြီးလျှင် မိမိကိုယ်ကို ဝတ်စားဆင်ယင်လျက် လေသာပြူတင်းကိုဖွင့်၍ သိကြားမင်းအိပ်မက်ပေးသည့်အတိုင်း နေလေ၏။ ထိုခဏ၌ သိကြားမင်းသည် မိမိကိုယ်ကို စွန်(သိန်း,လင်းယုန်)ယောင်ဖန်ဆင်းလျက် နှုတ်သီးဖြင့် ဆီးသီးကိုကိုက်ချီလာပြီးလျှင် မိဖုရားကြီးရှေ့၌ ဆီးသီးကိုပစ်ချ၏၊ မိဖုရားကြီးသည် ဆီးသီးကိုကောက်ယူ၍ စားလေ၏၊ အစေ့ကိုမြေ၌ပစ်ချထားခဲ့၏။ ထိုအခါ မြင်းအိုမတကောင်သည် ပြာသာဒ်အောက်၌ လှည့်လည် သွားလာနေရာမှ ယင်ဆီးစေ့ကို ကောက်ယူစားလေ၏။ ထိုခဏ၌ပင် အသီးစားသော မိဖုရားကြီး, အစေ့စားသောမြင်းမတို့၌ ကိုယ်ဝန်တည်လေ၏။ ထိုအခါ

မိဖုရားကြီးသည် မင်းကြီးထံ ချဉ်းကပ်ရှိခိုးလျက် "မြတ်သောမင်းကြီး ကျွန်ုပ်၌ ကိုယ်ဝန်တည်ရှိပါပြီ သားယောကျ်ား ရပါလတ္တံ့၊ ကျွန်ုပ်အား အစောင့်အရှောက်ကို ပေးပါလော့၊ ကိုယ်ဝန်ကို မပျက်စီးပါစေလင့်"ဟု လျှောက်ထားလေရာ မင်းကြီးသည် နှစ်သက် ဝမ်းမြောက်သောစိတ်ရှိသည် ဖြစ်၍ ကိုယ်ဝန်၏အစောင့်အရှောက်ကိုပေးလေ၏။ ထို့နောက်မြင်းမသည် ရှေးဦးစွာသားကိုဖွားမြင်၏၊ ဖွားမြင်သောမြင်းငယ်၏ မျက်လုံးတို့သည် ပတ္တမြားနှင့်တူသောကြောင့် ပတ္တမြားမျက်စိ ဝင်းဝင်းညိသဖြင့် မဏိကက္ခုဟု အမည်မှည့်ကုန်၏။ မိဖုရားကြီးသည်ကား ဆယ်လလွန်မြောက်သောအခါ ရွှေအဆင်းနှင့်တူသောသားကိုဖွားမြင်၏။ ထိုမင်းသားဖွားမြင်သောအခါ၌ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကြကုန်သော မင်းအပေါင်းတို့သည် ရတနာ အမျိုးမျိုးတို့နှင့် အခြားလက်ဆောင်ပဏ္ဏာ အများအပြားတို့ကို ပို့ဆောင် ဆက်သကြကုန်၏။

### သတ္တဝနုမင်းသားအား အတိသိက်သွန်းမည်ဟု ကြံကြရာ

မင်းကြီးသည် သားတော်အားသတ္တဝနုဟု အမည်မှည့်၏။သတ္တဝနုမင်း သားသည် အရွယ်ရောက်သောအခါ၌ လေးအတတ်၌ သူမတူအောင်တတ် ကျွမ်းလိမ္မာသောကြောင့် သတ္တဝနုဟူသော အမည်နှင့် လိုက်လျောညီထွေ ရှိပါပေ၏။ ထိုအခါ သတ္တဝနုမင်းသား၏ ဦးရီးတော်၏သား သေဝက သတို့သားရှိ၏။ ယင်း၏နှမကား ကရေဏုဝတီမည်၏။ အဆင်းလှ၏၊ ကြည့် ချင်ဘွယ်ရှိ၏၊ မြင်ရသူတို့ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်၏၊ ယင်းကရေ ဏုဝတီမင်းသမီးသည် ဘုရားလောင်း သတ္တဝနုမင်းသားနှင့် ထိုက်တန်၏။ တနေ့သ၌ ဘုရားလောင်းသည် ညီသေဝက မင်းသားသာနှင့်အတူ ကစား သောအခါ မိန်းမအရုပ်ကိုရေး၍ ညီငယ်သေဝက သင့်နှမကို ငါမြင်ရ၏၊ ငါရေးသော ဤမိန်းမရုပ်သည် သင့်နှမရုပ်နှင့်တူ၏ဟု ဘုရားလောင်းက ပြောသောအခါ အို နောင်တော်မင်းသား၊ သင်သည် ကျွန်ုပ်နှမကို မြင်ဘူး ပါသလောဟု ဆိုပြီးနောက် ဘုရားလောင်းနှင့် သေဝကတို့ စကားများစွာ ပြောဆိုကြ၏။ ဤသို့ နေသွားရာမှ ဘုရားလောင်း တဆယ့်ခြောက်နှစ် အရွယ် ရောက်သောအခါ ပြဟ္မဒတ်မင်းကြီး နတ်ရွာစံလေ၏။ တိုင်းသူ

ပြည်သားတို့သည် မင်းကြီး၏ချွေပနကိစ္စကို ပြုလုပ်ကြပြီးနောက် သားတော် သတ္တမနေ မင်းသားအား အဘိသိက် သွန်းရန်အတွက် မင်း၏ ဝတ်စားတန်ဆာတို့ကို ဆင်ယင်စေပြီးလျှင် သိန္ဓောမြင်းများကို ဆက်သ ဆောင်နှင်းကြကုန်၏။ ဘုရားလောင်းသည် ပတ္တမြားမျက်လုံးရှိသော မင်္ဂလာကက်မြင်းကို တွေ့မြင်သောအခါ ဤမြင်းကို ကကြိုးတန်ဆာများ ပြုပြင်စီရင်ကြကုန်လော့ဟု မိန့်တော်မူသဖြင့်လူအပေါင်းတို့သည်မင်္ဂလာကက်မြင်းအားကကြိုးတန်ဆာများ ဆင်ယင်စေပြီးလျှင် ဘုရားလောင်းထံ ဆက်သကြကုန်၏။ဘုရားလောင်းသည်မင်္ဂလာကက်မြင်းကို တက်စီးသည်နှင့်တပြိုင်နက် တူရိယာသံ, စည်သံစသောအုံ့ဩဘွယ်အသံတို့ကို တီးမှုတ်ကြပြီးလျှင် များစွာ ကောင်းချီးဩဘာပေးကြကုန်လျက် ခေါင်းပေါင်းများ မြှောက်ခြင်း စသည်တို့ကိုပြုလုပ်ကြကုန်၏။ မင်္ဂလာကက်မြင်းသည် ကောင်းကင်ပျံတက်၍ ထန်းတဖျားလောက်မှစ၍ ထန်း ၇-ဖျားလောက်အထိ ပျံတက်သွားလေ၏။ ထိုသို့ ပျံတက်သွား၍ တဖြေးဖြေး ဝေးဝေးသွားသောအခါ လူအပေါင်းတို့သည် ရေချိုး နေသော ဘုရားလောင်းမယ်တော် ကေသနီမိဖုရားကြီးအား ပြောကြားကြသဖြင့် "သားတော်သတ္တမနေမင်းသား၊ အမြန်ပြန်လာပါလော့" ဟု မယ်တော်က ပြောသောအခါ အိုချစ်စွာသောပိသင်၊ ကျွန်ုပ်ကို မြင်းက ယူဆောင်သွားပါသည် ဟုပြောလေ၏။ ချစ်စွာသောသား၊ မြင်းကိုကားမြှစ်၍ ပြန်လာခဲ့ပါလော့၊ ငါ့အား ကိုးကွယ်အားထားရာမဲ့ မပြုပါနှင့် ဟု ဆိုလျက် ဆံပင်ရေစို အဝတ်ရေစိုဖြင့် တံခါးသို့သွား၍ ကောင်းကင်ကို မြှော်ကြည့်လျက် အဝေးသို့ရောက်သွားသော သားတော် ဘုရားလောင်းကိုမြင်၍ လက်ကိုမြှောက်ချီလျက် ဤဂါထာကိုဆို၏။

၁။ အို ချစ်စွာသောသား၊ ပြန်လာခဲ့ပါလော့၊ ငါ့အား သားယားရာမဲ့ဖြစ်အောင် မပြုလုပ်ပါလင့်၊ ယနေ့သားကို မမြင်ရလျှင် ငါ၏ အသက်သည်ရပ်ပါလိမ့်မည်။

မယ်တော်၏စကားကို ကြားသောအခါ ဘုရားလောင်းသည် နှလုံးကွဲမတတ် ခံစားရ၏။ သတ္တမနေမင်းသည် သံလျက်ဖြင့် မြင်း၏ဦးခေါင်းကို ဖြတ်ရန်ကြံ၏။ မင်္ဂလာကက်မြင်းသည် ထိုအကြောင်းကိုသိသဖြင့် အရှင်

မင်းသား ကျွန်ုပ်ကို မသတ်ပါလင့်၊ ကျွန်ုပ်သည် သင့်အား မင်းစည်းစိမ်တို့ ရအောင် စွမ်းဆောင်နိုင်ပါ၏ဟု ဆိုလေသဖြင့် ဘုရားလောင်းသည် မိခင်အား အောက် မှ၍ မျက်ရည်များကျဆင်းလျက် မဏိကက်ပုံ့သန်းရာသို့ လိုက်ပါသွားရာ သေတမြို့သို့ရောက်သွားလေ၏။

## မင်းသမီး စိရပဲဘာ၏ အလှကျက်သရေဂုဏ်သတင်း

ယင်း သေတမြို့၌ သေဒါအမည်ရှိသော မင်းသည် မင်းပြု၏၊ မိဖုရားခေါင်ကြီးကား ပဒုမဂဗ္ဘာအမည် ရှိ၏၊ ယင်းမိဖုရားကြီး၌ စိရပဘာ မည်သော သမီးတယောက်ရှိ၏၊ စိရပဘာသည် အဆင်းလှ၏၊ ကြည့်ချင်ဘွယ်ဖြစ်၏။ နတ်သမီးတမျှလှပ၏၊ စိရပဘာတွင် ပဒုမာမည်သော အလုပ်အကျွေး တယောက်ရှိ၏၊ ခါးကုန်း၏၊ ထိုအခါ၌ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကြကုန်သောမင်းတို့သည် စိရပဘာမင်းသမီးကို အလိုရှိကြကုန်သဖြင့် ဆင်မြင်းကျွန်သားနှင့် ရတနာ ၇-ပါး လက်ဆောင်အများတို့ကို ပေးပို့ကြကုန်၏၊ သို့သော် သေဒါမင်းကြီးက တောင်းရမ်းလာသမျှသော ဇမ္ဗူဒိပ်ရှိ မင်းများကို ကားမြစ်လျက် သမီးတော်အား ဝိန္ဒမင်းနှင့် ထိမ်းမြားလက်ထပ်ပေးမည်ဟု ဆို၍ သမီးတော်အား အလုပ်အကျွေး ပဒုမာနှင့်အတူ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ (ခုနစ်ထပ်ရှိသောပြာသာဒ်) နေစေ၏၊ ဘုရားလောင်းသည် မြို့ပြင်၌ ဝတ်စားတန်ဆာများကို ချွတ်၍ အသွေတော် မဏိကက် အဝေးသို့ မသွားပါလင့် ကျွန်ုပ်သတိရ၍ ဟလိုက်လျှင် လာပါလေဟု ဆိုကာ နန်းတော်မြက်ခင်း၌ မြင်းကို မြက်ကျွေးထား၏၊ ထို့နောက် ဘုရားလောင်းသည် ပုဏ္ဏားအသွင်ဖြင့် မြို့ထဲသို့ ဝင်လေ၏၊ အခြားပုဏ္ဏားတို့သည် ဘုရားလောင်းကို မြင်သောအခါ လွန်စွာ ချစ်မြတ်နိုးကြကုန်၏၊ ဘုရားလောင်းသည် မြစ်ဆိပ်မြို့လယ် လမ်းအသွယ်သွယ်သို့ ရောက်လေရာ လူအများတို့သည် အစုအစုဖြင့် စိရပဘာ၏ ချောမောလှပကြောင်း ပြောဆိုနေကြသည်ကို ကြားခဲ့ရ၏။ စိရပဘာသည် ဟိုဘဝက ပစ္စည်းလေးပါးလှူခဲ့ခြင်း, ဘုရားဆင်းထုတော်ကို လှူဒါန်းခဲ့ခြင်း,များစွာသော ပုဇော်သက္ကာရကို လှူဒါန်းခဲ့ခြင်းတို့ကြောင့် ယခုလောက် လှပချောမောခြင်းဖြစ်သည်ဟု ပြောနေကြသံကိုလည်းကြားသိခဲ့ရ၏၊ လူအများ

ပြောဆိုနေကြသည်ကို ကြားသဖြင့် ဘုရားလောင်းသည် စိရပဘာကို တွေ့မြင်ကြည့်ရှုလိုသဖြင့် နံ့သာပျောင်းတို့ကို လိမ်းကျံလျက် ပန်းများကို ပန်ဆင်ကာ မိမိကိုယ်ကို တန်ဆာဆင်ပြီးနောက် မဏိကက်မြင်းကို တက်စီးလိုက်ရာ မဏိကက်သည် ရောက်လာ၍ "အရှင်မင်းသား ဘာကိုအလိုရှိပါသနည်း" ဟု မဏိကက်က မေးသောအခါ အဆွေတော်မဏိကက် ကျွန်ုပ်သည် စိရပဘာမင်းသမီးကို တွေ့မြင်လို၏ဟု ပြောလေ၏၊ ကောင်းပါပြီ အရှင်မင်းသားဟု မဏိကက်က ပြောပြီးလျှင် စိရပဘာနေသော ဘုံခုနစ်ဆင့် မြင့်သော ပြာသာဒ်တံခါးဝသို့ ရောက်သွားလေ၏၊ ဘုရားလောင်းသည် တံခါးသော့ပေါက်မှ ကြည့်ရှုသောအခါ အလုပ်အကျွေး ပဒုမာနှင့်အတူ စိရပဘာကို မြင်လေရာ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသည်ကိုတွေ့ရလေ၏၊ ထိုအခါ ဘုရားလောင်းက ဤအိပ်နေသူကား အဘယ်သူပါနည်းဟု မဏိကက်မြင်းပျံကို မေးသောအခါ အရှင်မင်းသား ဤအိပ်နေသူကား စိရပဘာဖြစ်ပါ၏ဟု မဏိကက်က ပြောပြလေ၏။

## ပင်းသမီးစိရပဘာထံ တိတ်တဆိတ်သွားရာမှ

ထိုအခါ ဘုရားလောင်းသည် တံခါးကိုဖြေးညှင်းစွာ ဖွင့်၍ အိပ်ခန်းတွင်းသို့ဝင်သွားပြီးနောက် စိရပဘာ၏ ခြေဆုံးခေါင်းဆုံး တကိုယ်လုံးကို သေချာစွာကြည့်ရှုပြီးနောက် ဦးခေါင်းပိုင်းကို နံ့သာများဖြင့် လိမ်းကျံလျက် အဆန်းတကြယ်ပြုလုပ်ပြီးလျှင် စိရပဘာ၏ကိုယ်အင်္ဂါကြီးငယ်တို့ကို နံ့သာတို့ဖြင့်လိမ်းကျံပေးလျက် ဆံပင်ကိုထုံး၍ ပန်းများ ပန်ဆင်ပေး၏။ အလုပ်အကျွေးပဒုမာအားလည်း ကျင်းကျန်သော်နံ့သာတို့ကိုလိမ်းကျံပေးပြီးလျှင် ပဒုမာ၏ကျောဦလိပ်ရှပ်ကိုရေးလျက်ဆံပင်၌လည်းကြွင်းကျန်သောပန်းတို့ကို ပန်ဆင်ပေးခဲ့၏။ ထိုနောက်မဏိကက်မြင်းပျံက "အရှင်မင်းသား ညဉ့်နက်သန်းခေါင် ကျော်နေပြီ ပြန်ကြစို့"ဟု ဆိုသဖြင့် ဘုရားလောင်းသည် မြင်းပျံကိုစီးကာ ပြန်လာခဲ့၏။ ဘုရားလောင်းက မဏိကက်မြင်းပျံအား ပြောသည်မှာ "ငါသည် စိရပဘာကိုမမြင်ရလျှင် သေရလိမ့်မည်၊ သင်သည် ညဘက်တွင် ငါ့ထံသို့လာလော့"ဟုဆိုရာ မြင်းပျံကလည်း ကောင်းပါပြီ အရှင်မင်းသားဟုဆိုလေ၏။

## ဤအမှုသည် ဝိန္ဒနတ်သား၏ လက်ချက်ဟု

နံနက်မိုးသောက် အလင်းရောက်သောအခါ စိရပဘာသည် အိပ်ရာမှ နိုးလာ၍ ပန်းနံ့သာများ လိမ်းကျံထားသော အလုပ်အကျွေး ပဒုမာကို မြင်သောအခါ ရယ်မောလျက် "အဆွေပဒုမာသင်သည် အဘယ်မှ နံ့သာပန်းတို့ကိုရ၍ လိမ်းကျံထားပါသနည်း"ဟု မေးသောအခါ ပဒုမာကလည်း အရှင်မင်းသမီး သင်သည်လည်း အဘယ်ကပန်းနံ့သာတို့ကိုရ၍ လိမ်းကျံပန်ဆင်ထားပါသနည်း ဟု ပြန်မေးလေသည်တွင် စိရပဘာသည် မိမိကိုယ်ကိုမှန်၌ကြည့်သောအခါ မိမိ၌နံ့သာပန်းများ ဆင်မြန်းလိမ်းကျံထားသည်ကိုတွေ့ရသဖြင့် "ညဘက်တွင် ဝိန္ဒနတ်သားလာသည်"ဟု ထင်မှတ်လေ၏။ ထိုနောက် စိရပဘာသည် ယနေ့ည စောင့်ကြည့်စုံစမ်းကြကုန်အံ့ဟု ပဒုမာအားပြောသဖြင့် ပဒုမာကလည်း ကောင်းပါပြီ သခင်မဟု ဆိုလေ၏။ ဘုရားလောင်းသည် နှစ်ကြိမ်သုံးကြိမ် ညဘက်တွင်လာ၍ ဤသို့ချည်းပြုလုပ်နေ၏။

## မင်းသမီးနှင့် အထိန်းတော်တို့ အိပ်ယောင်ဆောင်၍ စောင့်ပမ်းရာ

ထို့နောက် စိရပဘာနှင့် ပဒုမာတို့သည် ညဘက်တွင် မအိပ်ဘဲ စောင့်ရန် အကြံကခုပေါ်လာ၏။ ထိုအခါ ပဒုမာက စိရပဘာအား "အို သခင်မ၊ ညဘက်တွင် အကယ်၍ ကျွန်ုပ်အိပ်သွားလျှင် ခြေသောက်ကို ဆွဲလှုပ်နိုးပါ"ဟု ပြောပြီးလျှင် အကယ်၍ သခင်မနိုးနေ၍ ကျွန်မ အိပ်ပျော်နေပါက ကျောက်ခဲဖြင့် ကတ်ကျေးကိုပွတ်၍ နိုးစေပါလော့ဟု အချင်းချင်း ပြောဆိုတိုင်ပင်ကြလျက် ညဘက်တွင် မအိပ်ဘဲ နိုးနေကြ၏။ ထိုည သန်းခေါင်အချိန်တွင် ဘုရားလောင်းသည် ရှေးကအတိုင်း ပန်းနံ့သာတို့ကို ဆင်မြန်းလျက် မဏိကက်မြင်းပျံစီးကာ စိရပဘာ၏ ပြခါးတွင်ရပ်လာပြီး တံခါးကိုဖွင့်၏။ တံခါးဖွင့်လိုက်သည်နှင့် တပြိုင်နက် စိရပဘာကိုယ်မှ အရောင်အဝါများ ထွက်ပေါ် တောက်ပနေသည်ကို ဘုရားလောင်းမြင်ရ၍ "အဆွေတော် မဏိကက်၊ ဤအရောင်အဝါသည်

စိရပဘာ၏ အရောင်အဝါများ ဖြစ်ပါသလား”ဟု မေးရာ ဟုတ်မှန်ကြောင်း မဏိကက်က ဘုရားလောင်းအား ပြောပြလေ၏။ ထိုအခါ၌ စိရပဘာသည် ဘုရားလောင်းကိုတွေ့၍ “အလုပ်အကျွေး ပဒုမာ၏နားနားသို့ ကပ်၍ “အဆွေ ပဒုမာ၊ ဝိန္ဒုနတ်သားကိုတွေ့လား”ဟု တိုးတိုး မေးလေရာ ပဒုမာက “သခင်မ တွေ့ပါ၏”ဟု ဖြေလေ၏။ စိရပဘာသည် ဘုရားလောင်းကို တွေ့သောအခါ လွန်စွာနှစ်သက် သဘောကျသဖြင့် အဝတ်များဖြင့် မျက်လုံးကိုအုပ်၍ အိပ်ပျော်သကဲ့သို့ နေလေ၏။ ဘုရားလောင်းသည် ၂-နှစ်ယောက်လုံးကို ယခင်ကကဲ့သို့ နှံ့သာပန်းတို့ကို ပြင်ဆင်လိမ်းကျံလျက် စိရပဘာအား ငေးစိုက်၍ ကြည့်နေ၏။ ထိုအခါ မဏိကက် နတ်မြင်းပျံသည် “အရှင်မင်းသား၊ ထွက်ခွာသွားကြစို့” ဟု ပြော၏။ ဘုရားလောင်းသည် ဖြေးဖြေးသွား၍ ပဒုမာ၏ နားအနီးသို့ ကပ်၍ “သင့်ကိုဖမ်းယူအံ့” ဟု ဆို၏၊ ပဒုမာကလည်း “ကောင်းပါပြီ အရှင်မင်းသား” ဟု စကားပြန်ပြော၏၊ ထိုနောက် စိရပဘာသည် ထ၍ ဘုရားလောင်း၏ ခါးကို လက်နှစ်ဖက်ဖြင့် ပြုံ့ကာကိုင်၍ “အရှင်မင်းသားရပ်ပါလော့” ဟု ဆိုသောအခါ ပဒုမာကလည်း ဘုရားလောင်းခြေတို့ကို ကိုင်ဆွဲ၍ “အရှင်မင်းသား ရပ်ပါလော့” ဟု ဆိုလေ၏၊ ထိုအချိန်၌ ဘုရားလောင်းသည် မဏိကက်နတ်မြင်းပျံအား “ယခုအခါ ငါသည် မင်းသမီးကို ဖမ်းယူခေါ်ဆောင်သွားအံ့” ဟု ပြောသောအခါ မဏိကက်နတ်မြင်းပျံက “အရှင်မင်းသား ရပ်နေပါလော့” သင့်မှာအပြစ်မရှိဟု ဆိုလေ၏၊ ထိုနောက် ဘုရားလောင်းသည် မဏိကက် နတ်မြင်းပျံအား “အဆွေတော် မဏိကက် အကြင်အခါ၌ ကျွန်ုပ်သည် သင့်အား အောက်မေ့သတိရ၍ တမ်းတ၏၊ ထိုအခါတွင် ကျွန်ုပ်ထံသို့ သင်သည် အလျင်အမြန် လာပါလော့” ဟု ဆိုသောအခါ မဏိကက် နတ်မြင်းပျံသည် “ကောင်းပါပြီ အရှင်မင်းသား” ဟု ဆို၍ ထွက်ခွာသွားလေ၏။

## သတ္တဓနုနှင့် စိရပဘာတို့ ရည်ငံတော်ပူကြခြင်း

ထိုအခါ ဘုရားလောင်းသည် စိရပဘာ မင်းသမီးနှင့် ပေါင်းဖော်၍ ခုနစ်ရက်တိုင်တိုင် နေ၏၊ ထိုအချိန်၌ စိရပဘာက ဘုရားလောင်းအား

"အရှင်မင်းသား သင်သည် ဝိန္ဒ နတ်သားလော" ဟု မေးသောအခါ ဘုရားလောင်းက "အကယ်၍ ငါသည် ဝိန္ဒမင်း ဝိန္ဒနတ်သားဖြစ်သည်၊ သိကြားမင်း ဖြစ်သည်ဟု ပြောဆိုလျှင် စိရပဘာသည် ယုံကြည်မည်သာ ဖြစ်သည်၊ သို့သော် ယင်းကဲ့သို့ မဟုတ်မမှန်ဘဲ လိမ်လည် လှည့်ဖျား၍ မုသားပြောခြင်းသည် သူတော်ကောင်းတို့၏ လုပ်ရိုးလုပ်စဉ် မဟုတ်ချေ၊ ထို့ကြောင့် ငါသည်မှန်သည့်အတိုင်းသာ ပြောဆိုသင့်၏ ဟု ကြံစည်လျက် "အို ချစ်စွာသော မင်းသမီး ကျွန်ုပ်သည်ကား ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား သတ္တဓနုဖြစ်သည်" ဟု ပြောသောအခါ စိရပဘာသည် ဘုရားလောင်းအား လွန်စွာ နှစ်သက် သဘောကျပြီး များစွာ ကျေနပ်လေ၏။ ထိုသို့ ဘုရားလောင်းသည် ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ထက်၌ စိရပဘာနှင့် အတူနေသောအခါ ပဒုမာသည် စိရပဘာအတွက် ထမင်း အဖျော် ပန်း နံ့သာတို့ကို သွားယူသောအခါ ဘုရားလောင်းအတွက်ပါ ပို၍ယူလာ၏။ ဘုရားလောင်း ရောက်ရှိချိန်မှစ၍ ထမင်း အဖျော် ပန်း နံ့သာ စသည်တို့ကို ပို၍ယူယူလာသည်ကို အခြားအခြွေအရံတို့ သိသောအခါ "အဆွေပဒုမာ သင်သည် ထမင်း အဖျော် ပန်းနံ့သာတို့ကို ပိုပိုယူသည်ကို ငါတို့မသိဘူး ထင်မှတ်ပါသလား" ဟု ပြောဆိုကြရာ ပဒုမာသည် ဘာမျှမပြောဘဲ ဆိတ်ဆိတ်သာ နေလေ၏။

ထို့နောက် အခြားအလုပ်အကျွေး မိန်းမများက "အဆွေ ပဒုမာ သင်ယခု ထမင်း အဖျော် စသည်တို့ကို ပိုပိုယူနေခြင်း အကြောင်းကို မပြောလျှင် သင်အသက်ရှင်လိမ့်မည် မဟုတ်၊ ဒို့အားလုံး သိပြီးဖြစ်သည်" ဟု ခြိမ်းခြောက် ပြောဆိုသောအခါ ပဒုမာလည်း ယင်းအမျိုးသမီးများ ထံမှ ရုန်းကန်တိုးထွက်လာပြီး စိရပဘာအား ယင်းအကြောင်းကို ပြောပြ၏။ စိရပဘာသည်လည်း အခြား အလုပ်ကျွေးများ သိကုန်ပြီ ဖြစ်သည့် အကြောင်းကို ဘုရားလောင်းအား ပြောပြလေ၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြားသောအခါ နှစ်သက် ဝမ်းမြောက်စွာဖြင့် "အလုပ်အကျွေးပဒုမာ ဘာမျှကြောက်ရွံ့ စိုးရိမ်ခြင်း မဖြစ်ပါလင့်၊ နောက်တနေ့ အခြားအလုပ်အကျွေးများက မေးလျှင် အမှန်အတိုင်းသာ ပြော

ကြားပါလော့''ဟု ဘုရားလောင်းက ပြောသည့်အတိုင်း ပဒုမာသည် နောက်တနေ့၌ အခြားအလုပ်အကျွေး မိန်းမတို့အား ဤအကြောင်းကို အမှန်အတိုင်း ဖွင့်ပြောခလေ၏။

## သေဘမင်းသည် သမီးတော်၏အဆောင်၌ မင်းသားတယောက် ရောက်နေသည်ကိုသိရာမှ

ထိုအခါ အခြားအလုပ်အကျွေးမိန်းမတို့သည် မင်းကြီးအားရှင်း၊ မိဖုရားကြီးအားရှင်း လျှောက်ထားကြကုန်၏။ သမီးတော်၏ ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ထက်တွင် မင်းသားတယောက်ရောက်နေသည်ဟူသော သတင်းကို မင်းကြီး ကြားသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်လျက် စဉ်းစားသည်မှာကား''ငါသည် အမျက်ထွက်၍ ထိုမင်းသားကိုသတ်ပစ်လျှင် အားလုံးသောမင်းများ, လူအများတို့၏ကဲ့ရဲ့စရာဖြစ်လိမ့်မည်၊ ထို့ကြောင့် ယင်းမင်းသားကို မသတ်ဘဲ မင်းသား၏ ဂုဏ်ကျေးဇူး, ရုပ်လက္ခဏာ, ခွန်အားဗလ, တန်ခိုးအစွမ်းသတ္တိတို့ကို ကြည့်ရှုအံ့၊ အကယ်၍မင်းသားသည် ခွန်အားဗလအစွမ်းသတ္တိမရှိသူဖြစ်ပါမူ ထိုသူ၏ဦးခေါင်းကို ငါ၏လက်သုံးတော်သံလျက်ဖြင့် ဖြတ်ပိုင်းအံ့''ဟုကြံစည်ပြီးလျှင် ဇမ္ဗူဒိပ် တကျွန်းလုံး၌ ရှိသော မင်းအပေါင်းတို့ကို ဖိတ်ကြားစုရုံးစေလျက် အမတ်တို့အားစေခိုင်းသည်မှာကား ''ငါ့အမတ်အပေါင်းတို့ သင်တို့သည် အထုလက်လေးသစ်ရှိသော ရေသဖန်းပျဉ်ခုနစ်ထပ်, ယင်း၏အရှေ့မှ အထုလက်လေးသစ်ရှိသော သံပြားခုနစ်ထပ်၊ ယင်း၏ရှေ့မှ အထု လက်လေးသစ်ရှိသော ကြေးပြားခုနစ်ထပ်၊ ယင်း၏ရှေ့မှ သဲဖြင့်ပြည့်သောလှည်းခုနစ်ထပ်တို့ကို အဆင့်ဆင့် ထားကြကုန်လော့၊ ယင်း၏ရှေ့မှ ထန်းခုနစ်လုံးကို အစီအရီထားပြီးလျှင် ယင်းအစု ငါးစု၏ ရှေ့မှ ယန္တရားဖြင့်စီစဉ်ထားသောယန္တရားပစ်ကွင်းတို့ကို စီစဉ်ထားလော့''ဟု အမတ်တို့ကို အမိန့်ပေးလိုက်လေ၏။

## သတ္တဓနုမင်းသား၏ စွမ်းရည်ဂုဏ်အင်

အမတ်တို့သည်လည်း မင်းကြီးအမိန့်ရှိသည့်အတိုင်း အားလုံး ပြုလုပ်စီစဉ်ပြီးလျှင် မင်းကြီးအားအကြောင်းကြားကြကုန်၏။ ထိုအခါ မင်းကြီး

သည် သားတော်(သားမက်) သတ္တခနေအားသွားခေါ်ရန် အမိန့်ပေးသဖြင့် အမတ်တို့က သတ္တခနေမင်းသားအား ဝင်ရောက်ခေါ်ကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် မိမိနှင့်တကွ စိရပဘာကိုပါ ဝတ်စားတန်ဆာ ဆင်ယင်စေကာ ပင်းတို့၏တင့်တယ်ခြင်းဖြင့် တင့်တယ်စေလျက် သိကြားမင်းသည် ကြင်ယာတော် သုဇာတာနှင့်အတူ တွဲလာဘိသကဲ့သို့ ဘုရားလောင်းသည် စိရပဘာ၏ လက်ကိုဆွဲကာ ပြာသာဒ်မှ ဆင်းသက်လျက် ပြာသာဒ်စောင်းတန်း၌ရပ်၍ ဟိုဟိုဒီဒီသို့ကြည့်၏၊ ကြည့်ရှုရာ ဌာနတို့၌ အားလုံး တုန်လှုပ်ကြ၏။

ထိုအခါ သေဘမင်းကြီး ပဒုမဂဗ္ဘာ မိဖုရားကြီး မင်း မောင်းမ အပေါင်းနှင့် ဇမ္ဗူဒိပ် တကျွန်းလုံး၌ရှိသော မင်းများ အမတ်များတို့သည် ဘုရားလောင်းကို တွေ့မြင်ကြသောအခါ အံ့သြကြကုန်လျက် လက်ခုတ်များတီးကြကာ ဦးခေါင်းများ တငြိမ့်ငြိမ့် ပြုလုပ်ကြကုန်၏။ ဘုရားလောင်းသည် ပြာသာဒ်မှဆင်းသက်၍ ပင်းကြီးနှင့် မိဖုရားကြီးတို့အား ရှိခိုးပြီးနောက် မိမိတို့နေရာ၌ နေလေ၏။

ထိုအခါ သေဘမင်းက "အမောင်မင်းသား သင်၏ လေးအတတ်ကို ပြပါလော့၊ ငါတို့ကြည့်ကုန်အံ့" ဟု မိန့်တော်မူရာ သတ္တခနေမင်းသားက "ကောင်းပါပြီ အရှင်မင်းကြီးဟု ဆိုလျက် လေးမြားတို့ကို ထုတ်၍ ကောင်းကင်သို့ ပစ်၏၊ ပစ်သမျှမြားတို့သည် မြေသို့ သတ်မှတ်သောနေရာတို့၌ ကျကုန်၏၊ ထို့နောက် ဘုရားလောင်းက "ဇမ္ဗူဒိပ်ကျွန်း အပြင်၌ နေကြကုန်သော မင်းအပေါင်းတို့ အကြင်သူသည် ဤလေးညှို့ကို တင်ခြင်းငှါစွမ်းနိုင်၏၊ ထိုသူသည် ဤလေးညှို့ကို တင်ကြကုန်လော့" ဟု ဖိတ်ခေါ်လေ၏၊ သတ္တခနေ မင်းသား၏ ဖိတ်ခေါ်သံကို ကြားသောအခါ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ရှိသော မင်းတို့သည် မိမိတို့နေရာမှထ၍ လေးညှို့ကို တင်ကြကုန်၏။ သို့သော် တဆံချည်မျှလောက်အောင်တင်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ထိုနောက် သတ္တခနေ မင်းသားသည် လေးညှို့ကိုယူ၍ လက်သန်းလက်တချောင်းဖြင့် လေးညှို့ကိုတင်၍ မြားကို ယူပြီးလျှင် သိကြားမင်း၏ တင့်တယ် စံပယ်ခြင်းနှင့်တူသော တင့်တယ်ခြင်းဖြင့် ရပ်လျက် "အရှင်

မင်းကြီး၊ အဘယ်ကိုပစ်ရပါမည်နည်း”ဟု မေးသောအခါ မင်းကြီးက “ထန်းခုနစ်ပင် လှည်းခုနစ်စီး စသည်ဖြင့် ၇-ခု ငါးမျိုးစီမထားသော ဤပစ်ကွင်းကို ပစ်ပါလော့”ဟု အမိန့်ရှိလေ၏။

## စိရပဘာနှင့် ထိမ်းမြားလက်ထပ်ပေးခြင်း

ထိုအခါ ဘုရားလောင်းသည် ရေသဖန်းပျဉ် ခုနစ်ထပ်ကိုရင်း,သံပြား ခုနစ်ထပ်ကိုရင်း, ကြေးပြား ခုနစ်ထပ်ကိုရင်း, သဲအပြည့်ထည့်ထားသော လှည်း ခုနစ်ထပ်ကိုရင်း, ထန်းခုနစ်လုံးကိုရင်း ယန္တရားဖြင့် စီစဉ်ထား သော ယန္တရားပစ်ကွင်းကိုရင်း မြားဖြင့်ပစ်လေ၏။ မြားသည် အားလုံးကို ထွင်းဖောက်ပြီး ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဘုရားလောင်း၏ရှေ့ မြေကြီး၌ ကျလာ၏။ ထိုအခြင်းအရာကိုမြင်ကြသော သေတမင်းအမှူး ရှိသော လူအပေါင်းတို့သည် များစွာ ကောင်းချီးသြဘာ ပေးကြကုန် လျက် ဘုရားလောင်းအား ဝန်းရံ၍ အဝတ်တန်ဆာတို့ကို မြှောက်ခြင်း, ဦးရစ်ခေါင်းပေါင်းတို့ကို မြှောက်ခြင်း စသည်တို့ကို ပြုကြကုန်၏။ ထို ခဏ၌ ပြဟွှာပြည်မှ ကြီးကျယ်စွာသော ကြွေးကြော်သံကို ဖြစ်ပေါ်စေ ၏။ နတ်၌ဖြစ်သော ပန်းနံ့သာတို့သည်လည်း မိုးရေပေါက်များပမာ ကျလာကုန်၏။ ဘုရားလောင်း၏ တန်ခိုးအစွမ်းကြောင့် ၂ သိန်း လေး သောင်း အထုရှိသော မဟာပထဝီမြေကြီးသည်လည်း တုန်လှုပ်လေ၏။ သေတမင်းကြီးသည် ဘုရားလောင်း၏ ဦးထိပ်ကို ငုံ့စုပ်ပြီးနောက် ထို နေရာ၌ပင် သမီးတော် စိရပဘာနှင့် ထိမ်းမြား လက်ထပ်ပေးလေ၏။ ကြွရောက်လာကြကုန်သော လူအပေါင်းတို့သည် နှစ်သက် ဝမ်းမြှောက် ကြကုန်သဖြင့် များစွာသော ပန်းခွေပန်းဆိုင်းများ ကိုပေးကြကုန်၏။

သတ္တဓနုမင်းသား ထိမ်းမြားမင်္ဂလာခဏ်း ပြီး၏။

---

## ၂-ပညာခဏ်း

ဤသို့ စိရပဘာနှင့် နှစ်လရှည်ကြာ နေလာပြီးနောက် မိုးသောက်ထနိုး လင်းအားကြီးအချိန်၌ ဘုရားလောင်းသည် မိခင်ကြီးအား အောက်မေ့ သတိရသဖြင့် မျက်ရည်မဆည်နိုင်အောင်ဖြစ်လျက် ငိုကြွေး၍ ဤသို့ဆို၏။

၂။ အို ချစ်စွာသောမိခင် ယခုအခါ မိခင်သည် ဘယ်သို့နေ၍ ဘယ်သို့ ထိုင်နေရပါသနည်း၊ သားတော်သည် မိခင်ထံသို့အဘယ်သို့လာရပါမည်နည်း၊ မိခင်ကို မတွေ့ရသည်မှာ ကြာပြီဖြစ်ပါ၍ မိခင်ကြီးသေသည်ရှင်သည်ကိုမျှ မသိရပါချေ။

ဤသို့လျှင် သတ္တဓနုမင်းသားသည် သနားစဖွယ် ငိုကြွေးလျက် မျက်ရေ မဆည်နိုင်အောင် ရှိလေ၏၊ ထိုသို့မင်းသား ငိုနေစဉ် စိရပဘာသည် အိပ်ရာမှ နိုးလာ၍ ချစ်လှစွာသောမင်းသား အဘယ့်ကြောင့် ငိုပါသနည်းဟု မေးလေ၏၊ မင်းသားကား အဖြေမပေးဘဲ ဆိတ်ဆိတ်နေ၏၊ နှစ်ကြိမ်မြောက် စိရပဘာက မေးပြန်၏ မင်းသားကား အဖြေမပေး၊ သုံးကြိမ်မြောက် မေးသောအခါတွင်ကား ဘုရားလောင်းသည် မျက်ရေ ယိုစီးလျက် အို ချစ်လှစွာသော စိရပဘာ ငါသည် မိခင်ကြီးအား အောက်မေ့သတိရ လွမ်းဆွတ်လှပါ၏။ ငါ့ကို ဘိသိက်မခံလာ ပြုသောနေ့တွင် ငါ၏ မဏိကက် နတ်မြင်းပျံသည် ငါ့ကို တင်ဆောင်လာပြီး သင့်အတွက် ဤနေရာသို့ ရောက်လာခဲ့သည် မိခင်ကို လွမ်းဆွတ်သတိရ၍ ငိုကြွေးခြင်းဖြစ်ပါသည် ဟု ပြောပြလေ၏၊ ထိုအခါ စိရပဘာက ဒီလိုဆိုလျှင် ဘယ်လိုလုပ်ရမလဲ မောင်တော်ဟု မေးလေ၏၊ အို ချစ်စွာသောမင်းသမီး စိရပဘာ ငါသည် မိခင်ကိုမတွေ့မြင်ရလျှင် အသက်သေလိမ့်မည်ထင်ပါသည်၊ သို့ဖြစ်၍ သင်မင်းသမီးသည် ဤမှာပင်နေရစ်ခဲ့ပါလော့၊ ငါသည်ကား မိခင်ထံသို့ပြန်သွားပါအံ့”ဟုသတ္တဓနုမင်းသားကပြောသောအခါ စိရပဘာမင်းသမီးသည် နှလုံးကွဲလုမတတ် စိတ်မချမ်းမသာ ဖြစ်လျက် “အသက်တမျှချစ်လှစွာသောမင်းသား နှမပေါ်လည်း သင်မင်းသားနှင့်အတူလိုက်ခဲ့ပါအံ့”ဟုပြောလေ၏။

ထိုအခါ မင်းသားက စိရပဘာအားမလိုက်ရန် တားမြစ်ပြောဆိုလေရာ စိရပဘာသည် မင်းသားနှင့်အတူလိုက်ရန် အဘန်တန်တောင်းပန်ပြောဆိုလေ၏။ ထိုနောက် မိုးလင်းသောအခါ ဘုရားလောင်းသည် ယောက္ခမမင်းကြီးအား ရှိခိုးလျက် အရှင်မင်းကြီး ကျွန်ုပ်သည် မိခင်အား ဖူးတွေ့ရန်သွားပါအံ့ဟု လျှောက်ထား၏။သေတမင်းကြီးသည် ဘုရားလောင်းအား

မသွားရန်အတန်တန် တားပါသော်လည်း မရသောကြောင့် ချစ်စွာသော သားတော် သင်သည် မိဘ ရပ်ထံပြန်လိုစိတ်ပြင်းထန်နေပါလျှင် သင်သည် သွားပါလော့၊ သင့်ချစ်လှစွာသော ဇနီးစိရပဘာကို ခေါ်သွားလိုပါက လည်း ခေါ်သွားပါလော့ဟု ခွင့်ပြုလေ၏။ ထိုနောက် သေတမင်းကြီးသည် ပဒုမဂဗ္ဘာမိဖုရားကြီးနှင့်တိုင်ပင်၍ နောက်တနေ့၌ စိရပဘာကိုတန်ဆာများ ဆင်ယင်ပေးပြီးလျှင် မျက်ရည်များယိုစီးလျက် "ချစ်လှစွာသော သမီးတော် သူတပါးတိုင်းနိုင်ငံတွင် နေသည့်အခါ အစစအရာရာ သတိဝီရိယထားပြီး မမေ့မလျော့နေပါလော့ဟုဆိုလျက် သမီးတော်အား ဆုံးမစကားမှာကြား လိုရကား—

၃။ ချစ်သမီး သူတပါးနိုင်ငံ၌ နေသောသူသည် မမေ့မလျော့မပေါ့ ဆဘဲ အစစအရာရာတွင် သတိဝီရိယထား၍ နေပါလော့၊ လင်၏ အရိပ်အကဲကိုကြည့်၍ သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်ပြီးလျှင် အစစအရာရာ၌အဆင်ပြေအောင် ကောင်း မွန်စွာနေပါလော့။

ဤသို့လျှင် မင်း မိဖုရားတို့သည် သမီးတော်အား ဆုံးမစကား ပြော ကြားပြီးလျှင် စားနပ်ရိက္ခာများကို စီမံလျက် ဘုရားလောင်းအား ပေး လေ၏။ ဘုရားလောင်းသည်လည်း မိမိ၏ယောက္ခမ မင်းမိဖုရားတို့ကို ရှိခိုး ပြီးနောက် သိကြားမင်း၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာဖြင့် စိရပဘာ မင်းသမီးနှင့်အတူ ပြာသာဒ် ထက်မှ ဆင်းသက်လျက် လူအပေါင်းအား ပန်ကြား ပြောဆိုလိုရကား—

၄။ အို တိုင်းသူပြည်သား လူများအပေါင်းတို့၊ကျွန်ုပ်တို့သည် မိဘ ရပ်ထံသို့ ပြန်ပါ တော့မည် ကျွန်ုပ်အပေါ်၌ အပြစ် ကြီးငယ် တစုံတရာရှိပါက ဒအားလုံးသည်းခံကျေနပ်ခွင့်လွှတ် တော်မူကြပါ ကုန်လော့။

ထိုအခါ အားလုံးသော မြို့သူမြို့သား လူအများတို့သည် လက်အုပ် ချီလျက် မျက်ရေများ ယိုစီးကျကာ ငိုကြွေးမြည်တမ်းကြကုန်ပြီး ဤသို့ ဆိုကြကုန်၏။

၅။ အရှင်မင်းသား၊ ကျွန်ုပ်တို့သည် အရှင်မင်းသား၏ ကျက်သရေရှိလှသော ခန္ဓာကိုယ် ရုပ်အဆင်းကို အမြဲမပြတ်တွေ့မြင် နေကြရပါ၏။ ယခုမူကား တွေ့မြင်ရတော့မည် မဟုတ်ပါ၊ သင်၏အစွမ်းအာနုဘော်တို့ကိုလည်း တွေ့မြင်ကြရတော့မည် မဟုတ်ပါ။

## ဇနီးမောနှံ မိဘရပ်ထံသို့ပြန်လာရာ

ဤသို့လျှင် လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းလျက် နေကြကုန်၏။ ထို့နောက် ဘုရားလောင်းသည် မဏိကက် နတ်မြင်းပျံကို တမ်းတလိုက်သောအခါ မဏိကက် မြင်းသည် ရောက်လာ၍ ဘုရားလောင်း၏ ရှေ့တွင်ရပ်တည်လာ၏။ ဘုရားလောင်းသည် စိရပဘာကို နောက်တွင်ထိုင်စေလျက် မိမိကား မြင်းရှေ့တွင်ထိုင်၍ မြင်းကိုတက်စီး၏၊ မြင်းသည် ကောင်းကင်သို့ ပျံတက်၍ ထွက်ခွါသွားလေ၏၊ မဏိကက် မြင်းပျံသည် တနေ့လျှင် ယူဇနာ ခုနစ်ရာမျှ ပျံသန်းလေ၏၊ မြင်း၏ လျင်မြန်သောအဟုန် လေ၏ပြင်းထန်စွာ တိုက်ခတ်မှုဒဏ်ကြောင့် ညှိုးနွမ်းသော ပန်းဆိုင်းကဲ့သို့ ညှိုးနွမ်းနေသော စိရပဘာကို မြင်သဖြင့် ဘုရားလောင်းသည်—

"အဆွေတော် မဏိကက် နှမတော်လေး ညှိုးနွမ်းပင်ပန်းနေပါသဖြင့် ဤအရပ်၌ ရပ်ပါလော့" ဟု မဏိကက်အား ပြောသောအခါ မဏိကက်က အရှင်မင်းသား ဤအရပ်သည် ကန္တာရဘီလူး သိမ်းပိုက်အုပ်စိုးသော အရပ်ဒေသဖြစ်သည်၊ ဤကန္တာရဘီလူးသည် ဝေဿဝဏ် နတ်မင်းကြီးထံ ချဉ်းကပ်၍ ၃-နှစ်အတွင်း ရေချိုး ရေခပ် ရေသောက်လာသောသူများ ကုန်သည်များကို စားခွင့်နှင့် ဇေတသဘောမျှား နှစ်မြုပ်ပျက်စီးသော သူတို့ကို ၃-နှစ်အတွင်း စားခွင့်တို့ကို တောင်းဆိုသောအခါ ဝေဿဝဏ် နတ်မင်းသည် ကန္တာရဘီလူး၏ တောင်းဆိုချက်ကို မပယ်လှန်မဟားမြစ်နိုင်ရကား "ဤသို့ စိမံပေးထား၏"။ ဒါဆွေဘီလူး ဤအရပ်၌ ဇရပ်တဆောင် ဖန်ဆင်းတည်ဆောက်လေ၏၊ ယင်းဇရပ်သို့ လူများ ဝင်ယှက် ညဉ့်အိပ်သောအခါ ညဘက်တွင် ဤဇရပ်မှာ ဘယ်သူလဲဟု သုံးကြိမ်မေး၍ ကျွန်ုပ်မည်သူဖြစ်သည်ဟု စကားတုံ့ပြန်ပြောသူအား မစား

ဘဲ သုံးကြိမ်မေး၍ တုံ့ပြန်အဖြေမပေးနိုင်သူအား အလိုရှိတိုင်း စားပေတော့ဟု အခွင့်ပြုထားသဖြင့် ကန္တာရ ဘီလူးသည် ဤနေရာ၌ ဇရပ်တဆောင် ဆောက်လုပ်ဖန်တီးပြီး စောင့်နေ၏၊ ယင်း ကန္တာရဘီလူးတွင် အဥ္စနဝတီမည်သော နှမ ရှိ၏၊ အဥ္စနဝတီ ဘီလူးမသည် သမုဒ္ဒရာနှင့် မနီးမဝေးတွင် နန်းပြာသာဒ်ဆောက်လုပ်၍နေ၏၊ ဇမ္ဗူဒိပ်ကျွန်းတွင် ရှိသော မင်းတို့၏ သမီးတော် ၁၆-ယောက်ကို ယင်း ဘီလူးမ၏ အလုပ်အကျွေးအဖြစ် ထား၍ ကရေဏုဝတီကိုလည်း အဥ္စနဝတီ၏ အလုပ်အကျွေးအဖြစ်ထားရှိလေ၏၊ ဤသို့ အလုပ်အကျွေး မင်းသမီးတို့ကို ပြာသာဒ်ဖြင့်ထားလျက် အဥ္စန ဘီလူးမကိုယ်တိုင်လည်း မနီးမဝေး၌ရှိသော ပြာသာဒ်တွင် နေလေ၏၊ ဤအရပ်ဒေသသည် ဤသို့ ကန္တာရဘီလူး စိုးမိုးအုပ်ချုပ်သော နေရာဖြစ်၏၊ ထို့ကြောင့် မဏိကက်သည် ဤနေရာ၌ မဆင်းသက်ရန် ဘုရားလောင်းအား တားမြစ်ပြောကြား၏။

## ကန္တာရဘီလူး အုပ်စိုးရာတော၌ ခရီးတထောက်နားခြင်း

သို့သော်လည်း ရှေကို ဤအတိုင်း ခရီးဆက်သွားလျှင် စိရပဘာ မင်းသမီးသည် အသက်သေခည်ကဲ့သို့ ညှိုးနွမ်းပင်ပန်း နေသည်ကို မြင်ရသော ဘုရားလောင်းသည် ဤနေရာ၌ပင် သက်ဆင်းရန် မဏိကက်မြင်းပျံအား ပြောသောကြောင့် မဏိကက်သည် ကောင်းကင်မှ သက်ဆင်းလေ၏၊ ထိုနောက် ရေမျှား သောက်သုံးချိုးကြပြီးလျှင် ဇရပ်သို့ဝင်၍ ပါလာသော စားနပ်ရိက္ခာတို့ကို စားသောက်ကြပြီးနောက် ဘုရားလောင်းက မဏိကက်အား "အဆွေတော် မဏိကက် သင်အိပ်လော့၊ ကျွန်ုပ်စောင့်နေအံ့" ဟု ဆို၏၊ မဏိကက်လည်း "အဆွေတော် မင်းသား သင် အိပ်ပါလော့ ကျွန်ုပ်စောင့်နေအံ့" ဟု ဆို၏၊ တဖန် ဘုရားလောင်းက ထပ်၍ "အဆွေတော် မဏိကက် သင် ပင်ပန်းလှ ပါ၏၊ သင် အိပ်ပါလော့၊ ကျွန်ုပ်စောင့်ပါအံ့" ဟု ဆိုပါ၏၊ နောက်ဆုံး၌ကား ဘုရားလောင်းအား အိပ်စေ၍ မဏိကက်သည် စောင့်နေ၏။

ထိုအချိန် ညဉ့်ဦးယာမ်၌ ဘီလူးသည်လာ၍ "ဤဇရပ်ထဲ၌ မည်သူနည်း" ဟု တံခါးကိုခေါက်၍မေးသောအခါ မဏိကက်က ကျွန်ုပ် မဏိ

ကက် ဟု စကားတုံ့ပြန်ပြောသဖြင့် ဘီလူးပြန်သွား၏၊ ဤသို့ ဘီလူးသည် မကြာမကြာလာ၍ တံခါးခေါက်၏၊ တံခါး လာခေါက်တိုင်း မဏိကက်က တုံ့ပြန် ဖြေဆိုလေ၏။ ညဉ့်သယ် မဇ္ဈိမယာယ်တွင် မဏိကက်ကို အိပ်စေ၍ ဘုရားလောင်းသည် စောင့်နေ၏၊ ဘီလူးသည်တံခါးကိုလာခေါက်၍ မေး၏၊ ဘုရားလောင်းက လာမေးတိုင်း တုံ့ပြန်ဖြေဆို၏၊ နောက်ဆုံးယာမ် မိုးလင်းဘက်ပိုင်းတွင်ကား စိရပဘာသည် နိုးလာ၍ ဘုရားလောင်းအား အိပ်ခိုင်းပြီး စိရပဘာက စောင့်နေ၏။

## ဘီလူးနှင့် မဏိကက်မြင်းစစ်ထိုးရာမှ

ထိုအခါ ဘီလူးသည် တံခါးကိုခေါက်၍မေးရာ စိရပဘာက တုံ့ပြန်လေ၏။ သုံးကြိမ်မြောက် တံခါးလာခေါက် သောအခါ စိရပဘာသည် အိပ်ပျော်သွားသဖြင့် စကားတုံ့ပြန်မဖြေ၊ ထိုအခါ ဘီလူးသည် တံခါးဖွင့်၍ဝင်လာပြီး မဏိကက်နှင့် ဘုရားလောင်း မိဖုရားတို့ အိပ်နေသည်ကို တွေ့လေ၏။ ထိုအခိုက်၌ မဏိကက်သည် နိုးလာ၍ "သင်အဘယ်သူနည်း" ဟု မေးသောအခါ ဘီလူးက "ငါ ကန္တာရဘီလူး" ဟု ဖြေ၏၊ ထိုအခါဘုရားလောင်းနှင့် စိရပဘာတို့ နိုးလာသဖြင့် ကြောက်ရွံ့နေကြ၏၊ မဏိကက်မြင်းက ဘီလူး သင်နှင့် ကျွန်ုပ် စစ်တိုက်အံ့ဟု ဆို၏။ ဘီလူးကလည်း ကောင်းပြီဟု လက်ခံသော ကန္တာရဘီလူးနှင့် မဏိကက်မြင်းပျံတို့ ကောင်းကင်၌ စစ်တိုက်ကြ၏၊ ဘီလူးသည် အမျိုးမျိုးသော ကြောက်မက်ဖွယ်တို့ကို ပြပြီးလျှင် ခြေနှစ်ဘက်ဖြင့် မြင်းကို ပစ်ကန်၏၊ မြင်း၏ခံတွင်းမှ သွေးများ ယိုထွက်ကျလာ၏။ ဘီလူးသည်ဘဖန်ရင်ဝကိုပစ်ကန်၏၊ မဏိကက်၏ရင်မှသွေးများယိုစီးကျဆင်းလာ၏။ ထိုသို့ မဏိကက်နှင့်ကန္တာရဘီလူးတို့ကောင်းကင်၌ စစ်တိုက်နေကြသော အသံကို ဇရပ်၌ရှိသော မင်းသားနှင့် စိရပဘာတို့ ကြားနေကြရ၏။

ထိုအခါ ဘုရားလောင်းက မဏိကက်အား မြင်းဇက်ကြိုးကို မြဲမြဲကိုင် လားဟု ဆို၏ ထိုအသံကိုကြား၍ ဘီလူးက မြင်းဇက်ကြိုးကို ကိုင်လိုက်၏၊ ထိုနောက် မဏိကက်သည် နိုင်အောင်တိုက်ခြင်းငှါ မစွမ်းနိုင်ဘဲ အားနည်း

ပင်ပန်းနေ၏၊ နောက်ဆုံး၌ မြင်းကိုမမြင်သောကြောင့် ဘုရားလောင်းက မဏိကက် မဏိကက်ဟု ခေါ်သော်လည်း မဏိကက်ကား စကားတုံ့ပြန်မဆိုတော့ချေ၊ ထိုနောက် မင်းသားနှင့် စိရပဘာတို့သည် မဏိကက်ကို ရှာဖွေကြသော်လည်း မတွေ့ရတော့သဖြင့် ဇရပ်အပြင်သို့ထွက်၍ ကြည့်ရှုရှာဖွေကြရာ မြေကြီး၌ သွေးအိုင်များကိုသာ တွေ့ရသောကြောင့် မဏိကက် သေသည် ဖြစ်လက်ာ့ဟု ထင်မှတ်ကြလျက် နှစ်ယောက်သား ငိုကြွေးကြကုန်၏။ ဘုရားလောင်းလည်း စိရပဘာ၏ လက်ကိုဆွဲ၍ ငိုကြွေးမြည်တမ်းလျက်—

၆-၇။ ငါတို့ဇနီးမောင်နှံ နှစ်ယောက်တို့သည် အသက်ရှင်၍ နေရဘို့ထက် အသက်သေရဘို့က များနေချေပြီ မဏိကက်မြင်း မရှိတော့သောကြောင့် ငါတို့သည် အဘယ်သို့ အသက်ရှင်ရပါမည်နည်း၊ ငါတို့သည် ဘာကိုစီး၍ ဘယ်သို့သွားရပါမည်လည်းမသိ၊ ကြီးစွာသော တောကြီးထဲ၌ ငါတို့သည် ကိုးကွယ်ရာမဲ့ သေကြရလိမ့်မည် ဖြစ်ပါတော့၏။

ဘုရားလောင်း၏စကားကို ကြားရသောအခါ စိရပဘာသည် ဘုရားလောင်း၏ ခြေရင်း၌ ဝပ်လျှိုး၍ ခြေတို့ကို ဆုပ်နယ်လျက် ငိုကြွေးကာ ဤသို့ဆို၏။

၈။ မြေအပြင်၌ သိကြားမင်းပမာ တင့်တယ်လှစွာသော ငါတို့ ဇနီးမောင်နှံ နှစ်ယောက်တို့သည် ယခုအခါ ဆင်းရဲဒုက္ခ ရောက်ရချေတော့မည်။

ဤသို့ သနားစဖွယ် ငိုကြွေးနေသော စိရပဘာကိုမြင်သောအခါ ဘုရားလောင်းသည်—

၉။ အိုချစ်စွာသောမင်းသမီး သင်သည် ပြင်းစွာငိုကြွေးမပူဆွေးပါလင့်၊ လောက၌ ရှိရှိသမျှ အရာဝတ္ထုတို့သည် ပျက်စီးကြကုန်မြဲဓမ္မတာဖြစ်ပါသည်။ လောက၌ ချမ်းသာခြင်းရှိလျှင် ဆင်းရဲခြင်းသည်လည်း တွေ့ကြုံရမည်မုချဖြစ်ပါ၏။

## မင်းသားဇနီးမောင်နှံတို့ ခရီးဆက်ကြပြန်ခြင်း

ဤသို့လျှင် ဘုရားလောင်းသည် စိရပဘာမင်းသမီးအား ဖျောင်းဖျ ပြောဆိုပြီးနောက် မိုးညိုညိုရှိရာဘက်သို့ လက်ညိုးညွှန်လျက် "ချစ်စွာသော စိရပဘာမင်းသမီး ဟိုအဝေးဆီတွင်မိုးညိုညိုတွေ့သည်မဟုတ်လား၊ ထိုအရပ်၌ သမုဒ္ဒရာရှိသည်ဖြစ်လတ္တံ့၊ ငါတို့သည် သမုဒ္ဒရာကမ်းနားသို့သွား၍ အလံကို စိုက်ထူ၍ထားလျှင် သမုဒ္ဒရာ၌ သွားလာကြသောကုန်သည်တို့သည် ငါတို့ စိုက်ထူထားသောအလံကိုတွေ့၍ ငါတို့ကို ခေါ်ဆောင်သွားလတ္တံ့ဟု ပြောဆို လေ၏။ ထို့နောက် ဇနီးမောင်နှံ နှစ်ယောက်တို့သည် သမုဒ္ဒရာရှိရာသို့ ရှေးရှုသွားကြပြီးလျှင် ဘုရားလောင်းသည် သစ်ပင်တပင်ထက်သို့တက်၍ အလံကိုလွှင့်ထူလျက် သစ်ပင်မှဆင်းကာ သစ်ပင်ရင်း၌ ထိုင်နေ၏။ ထိုခဏ၌ ကုန်သည်ငါးရာတို့သည် လှေဖြင့်လာကြသောအခါ ထိုအရပ်သို့ ရောက်၍ အလံထူထားသည်ကိုတွေ့သောကြောင့် လှေကိုသမုဒ္ဒရာကမ်းနားသို့ဆိုက်ကပ် လျက် ဟိုဟိုဒီဒီကြည့်သောအခါ ဘုရားလောင်းကို တွေ့သဖြင့် "သင်တို့ အဘယ်သူတို့နည်းဟုလှေသမားများကမေးကြရာ ဘုရားလောင်းက ကျွန်ုပ် တို့သည် သမုဒ္ဒရာတဘက်ကမ်းသို့ သွားလိုကြပါ၏ဟု အဖြေပေးလေ၏။ ထိုအခါ ကုန်သည်များက သင်တို့သည် သမုဒ္ဒရာတဖက်ကမ်းသို့ သွားလို ပါလျှင် လှေပေါ်သို့ တက်ကြကုန်လော့ဟု ဆိုလေသဖြင့် မင်းသားနှင့် စိရပဘာတို့သည် လှေပေါ်သို့တက်ကြလေ၏။

သတ္တမနေ့ မင်းသားနှင့် စိရပဘာတို့ လှေပေါ်သို့ တက်ပြီးသည်နှင့် တပြိုင်နက် လှေသည် လေအဟုန်ဖြင့် သွားလေ၏၊ တနေ့လျှင် ယူဇနာ ခုနစ်ရာ ခရီးလောက် ပေါက်ရောက်သည်အထိ ကြမ်းတမ်းသော လေ အဟုန်ဖြင့် အလွန် လျှင်မြန်စွာ သွားလေ၏၊ ကုန်သည်တို့သည်လည်း လှေကို တားမြစ်ခြင်းငှါ မတတ်နိုင်အောင် ဖြစ်လေ၏၊ လေအဟုန်သည် တဖြေးဖြေး ပို၍ ပို၍ ပြင်းထန်လာသောကြောင့် လှေမှပျဉ်ချပ်များ ကွဲ ထွက်၍ ပျက်စီးလေ၏၊ ကုန်သည်တို့သည် ထိုအခြင်းအရာကို မြင်၍ ကြောက်ရွံ့ကုန်သဖြင့် ငိုကြွေးကြကုန်လျက် နတ်တို့ကို ရှိခိုး တောင်းပန် လိုရကား—

၁၀။ သိဝနတ်, မိဿကိုးနတ်နှင့် အခြား တန်ခိုးကြီးသော နတ်များ, ပြဟ္မာများ လ,ကို စောင့်သောနတ်, နေကို စောင့်သောနတ်, သမုဒ္ဒရာကို စောင့်သောနတ်များ ဤနတ်အားလုံးကို ကျွန်ုပ်တို့ သည် ရိုသေစွာ ရှိခိုးကြပါကုန်၏၊ ကျွန်ုပ်တို့၏ ကိုးကွယ်အားထား ရာ ဖြစ်ကြပါကုန်လော့၊ ကျွန်ုပ်တို့အား ကယ်တင်ကြပါကုန် လော့၊

## လှေနစ်မြုပ်ရာ ဇနီးမောင်နှံတို့ တကွဲတပြားစီဖြစ်ကြခြင်း

ဘုရားလောင်းသည်ကား စိရပဘာနှင့်အတူ ထောပတ် ပျား သကာ တို့ကို ဗိုက်ပြည့်အောင်စား၍ ပုဆိုး အင်္ကျီများကို ဆီများ ဆွတ်လျက် တကိုယ်လုံးကိုလည်း ဆီများ သုတ်လိမ်းပြီးမှ မင်းသမီး၏ကိုယ်ကို အဝတ် ဖြင့် ချည်နှောင်၍ ပျဉ်ချပ်များဖြင့် စည်းနှောင်ပြီးလျှင် ရွက်တိုင်ထိပ်သို့ တက်လေ၏၊ထိုအခါ၌ လှေနစ်မြုပ်သွားသဖြင့်လူအပေါင်းတို့သည် ငါးလိပ် တို့၏ အစာဖြစ်ကုန်သောကြောင့် သမုဒ္ဒရာ၌ ရေတို့သည် သွေးချင်းချင်း နီရဲ နေသည်ကို တွေ့မြင်ရ၍ ဘုရားလောင်းသည် အရပ်မျက်နှာကို ခန့်မှန်းလျက် ဗာရာဏသီမြို့ မိဘများရှိရာအရပ်ကိုမှန်းဆလျက် ရွက်တိုင်ထိပ်မှ ခုန်ချလိုက် ရာ ရှစ်ဥသဘ (တဥသဘလျှင် အတောင် ၁၄၀-ရှိ၏)မျှ အရပ်ကို ကျော်လွန် ၍ကျလေ၏။ထိုသို့ ခုန်ချလိုက်သောအခါ မင်းသား မင်းသမီးတို့၏ ရှေး မကောင်းမှုကံကြောင့် မင်းသား မင်းသမီးနှစ်ဦး မြဲစွာချည်၍ထားသော အဝတ်သည် နှစ်ခြမ်းကွဲထွက်ပြီးလျှင် မင်းသားက တနေရာ, မင်းသမီးက တနေရာသို့ကျသွား၏။ထိုအခါ တကွဲတပြားစီ ဖြစ်သွားသော မင်းသမီးကို ဘုရားလောင်းက မြင်သဖြင့် မိမိရရှိသော မှီတွယ်စရာ ပျဉ်ချပ်များကို မင်းသမီးအားပေး၍ မှီတွယ်စေ၏။ နောက်ဆုံး၌ကား ရေစီးပြင်းထန် ခြင်း, လေအဟုန်ပြင်းထန်ခြင်းတို့ကြောင့် မင်းသား မင်းသမီးတို့ သမုဒ္ဒရာ ထဲတွင် တကွဲတပြားစီ ဖြစ်သွားကြလေ၏။

## အရာရာတို့သည် အကြောင်းနှင့်မကင်းကြ

မင်းသား မင်းသမီးတို့ သမုဒ္ဒရာ၌ ရေနစ်မြုပ်ရခြင်း ရှေးမကောင်းမှု ကံကား—ရှေးအခါ ဗာရာဏသီမြို့နှင့် မနီးမဝေး ရွာတရွာ၌ လင်မယား

နှစ်ယောက်ရှိကြ၏။ တနေ့သ၌ ထိုလင်မယားနှစ်ယောက်တို့သည် မြစ်ဆိပ်သို့သွားကြ၏။ ထိုအခါ၌ သာမဏေငယ်တပါးသည် လှေငယ်ကို စီး၍ မြစ်ထဲ၌ ရေကစား၏။ ယင်း လင်မယားနှစ်ယောက် တို့သည် လှေစီး၍ ရေကစားနေသော သာမဏေကိုမြင်၍ ကစားမြူးထူးလိုသော စိတ်ဖြင့် ရေလှိုင်းထအောင် ပြုလုပ်ကြ၏။ လင်မယားနှစ်ယောက် ပြုလုပ်သော ရေလှိုင်းဒဏ်ကြောင့် သာမဏေ၏ လှေငယ်သည် နစ်မြုပ်လေ၏။ ထိုအခါ သာမဏေငယ်သည်လည်း ရေ၌ မြုပ်၍ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်လေ၏။ သာမဏေငယ် ရေနစ်မြုပ်နေပြီး အကြီးအကျယ်ဆင်းရဲဒုက္ခရောက်နေမှ ယင်း လင်မယားနှစ်ယောက်က လာရောက် ဆယ်ယူသဖြင့် သာမဏေမှာ အသက်ဘေးမှ ချမ်းသာရာ ရသွား၏။ယင်း မကောင်းမှု ကံကြောင့် ဘဝါးရာတို့ပတ်လုံး ဤကဲ့သို့သော ရေနစ်မြုပ်ခြင်းဆင်းရဲဒုက္ခကို ခံရလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၁။ မကောင်းမှုကို သေးငယ်သည်, မပြောပလောက် ဟူ၍ မထီမဲ့မြင် မပြုရာ၊ သေးငယ်သော မကောင်းမှုသည် ကြီးထွားခြင်းသို့ ရောက်လျက် များစွာသော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။

စိရပဘာ မင်းသမီးသည် မြစ်ရေတွင် မျောနေရာမှ မြစ်ကမ်းနားသို့ ရောက်သွားလေ၏။ စိရပဘာသည် ကမ်းပေါ်သို့ တက်ရောက်ပြီးနောက် ဘုရားလောင်းကို မတွေ့ရသောကြောင့် ဖြေမဆည်နိုင်အောင် မျက်ရည်များ ကျလျက် ငိုကြွေးကာ ဤသို့ဆို၏။

၁၂-၁၅။ ယခုအခါ ငါသည် အရှင်မင်းသားနှင့် ကွဲကွာပြီး တယောက်တည်း ဖြစ်နေရာမှ အဘယ်သို့ အသက် ရှင်နေရပါမည်နည်း၊ ဤတောနက်ကြီးထဲ၌ တယောက်ထီး အဖော်မပါသော ငါသည် ဘယ်ကိုသွား၍ ဘယ်ကိုလာမည်ကိုလည်း မသိရပါ၊ ငါ၏ချစ်စွာသော မင်းသားသည်သမုဒ္ဒရာထဲ၌ သေနေပြီလားရှင်နေသေးသလား ဆိုသည်ကိုလည်း မသိရပါကလား၊ ရေထဲ၌ နစ်မြုပ် သေနေသောကြောင့် ငါးလိပ်တို့၏အစားများ ဖြစ်နေပြီလား။

## မင်းသမီး၏ ကြံရည်ဖန်ရည်များ

စိရပဘာသည် ဤသို့ငိုကြွေးမြည်တမ်းပြီးနောက် လက်စွပ်သုံးကွင်းကို ချွတ်လျက် ပုဆိုးအဝတ်စဖြင့် ထုပ်၍ ခြေဦးတည့်ရာသို့ သွားသောအခါ တနေ့ခရီးမျှ သွားမိလျှင် ဣန္ဒပတ္တမြို့သို့ ရောက်သွားလေ၏။ မြို့ကိုမြင်သောအခါ စိရပဘာသည် မိမိရုပ်သွင်ကို ပြုပြင်ပြောင်းလဲလျက် ဆင်းရဲသားအသွင်ဖြင့်မြို့ထဲသို့ဝင်လေ၏။ဣန္ဒပတ္တမြို့၌ သူဌေးတဦးသည် ပစ္စည်းဥစ္စာများ ပျက်စီးကုန်ခန်းသဖြင့် ခွက်လက်စွဲကာ တောင်းစားနေရ၏၊ စိရပဘာသည် ထိုသူ၏အိမ်သို့သွား၍"အိုအရှင် ကျမဒီအိမ်မှာ တဲခိုပါရစေ၊ကျမအား သနားသဖြင့် တဲခိုခွင့် ပြုတော်မူပါ ဟု ခွင့်တောင်းသောအခါ အို အမျိုးသမီး ငါတို့မှာ အလွန်တရာ ဆင်းရဲလှပါသည် သင်ဒီမှာ တဲခိုနေထိုင်ရန် နေရာပင်မရှိပါဟု ဆိုသောအခါ စိရပဘာက အို အရှင် ကျွန်မ ဖြစ်သလို နေပါမည် တဲခိုခွင့်သာပြုပါဟု တောင်းပန်သဖြင့် အိမ်ရှင်က ခွင့်ပြုထားလေ၏။ နောက်တနေ့၌ စိရပဘာသည် လက်စွပ်တကွင်းကို ချွတ်၍ အိမ်ရှင်အဖိုးကြီးအား အရောင်းခိုင်း၏၊ အိမ်ရှင်အဖိုးကြီးသည် လက်စွပ်ကို ကြည့်၍ အို အမျိုးသမီး ဤလက်စွပ်သည် အရည်အသွေး ကောင်းလှပါသည် ဟု ဆိုလေ၏၊ ထိုအခါ စိရပဘာက အို အရှင် မှန်လှပါသည် ဤတမြို့လုံးလောက်ပင် အဖိုးထိုက်တန်ပါသည် သို့သော်လည်း ရွှေငွေရတနာ လှည်းလေးစီးတိုက်လောက်ရလျှင် တော်လောက်ပါပြီဟု ဆိုလေ၏၊ အိမ်ရှင်အဖိုးကြီးသည် ကောင်းပါပြီဟုဆို၍ ကြွယ်ဝချမ်းသာသူများထံ သွားရောင်းရာ ရွှေငွေရတနာများ လှည်းလေးစီးတိုက်မျှ ရလာသဖြင့် စိရပဘာအား ပေးလေ၏၊ စိရပဘာသည် ရွှေငွေရတနာ လှည်းတစီးတိုက်ကို အိမ်ရှင်အဖိုးကြီးအား ပေး၍ မိမိသည် လှည်းသုံးစီးတိုက် ပမာဏရှိသော ရွှေငွေရတနာတို့ကို ယူလေ၏။

ထိုနောက်စိရပဘာသည် ရွှေစင်ငါးသိန်းဖြင့် ကျွန်မိန်းမကျွန်ယောကျ်ားတို့ကို ဝယ်ယူပြီးလျှင် သစ်များကို ဝယ်စေ၍ ပြာသာဒ်တဆောင်ကို ဆောက်လုပ်စေပြီးနောက် လက်သမားကို ခေါ်၍ အို လက်သမား သင်သည် အလွန် ဆန်းကြယ်ကောင်းမွန်သော ဇရပ်တဆောင်ကို ဆောက်လုပ်ပေးပါ၊

ဇာရပ်ဆောက်ပြီးသည့်အခါ ဆန်းကြယ်သောပန်းချီရုပ်ပုံများကိုလည်း ရေးဆွဲပေးပါ ပန်းချီရေးဆွဲရမည့် အစီအစဉ်မှာ--

၁- မင်းသည် မြင်းကိုစီး၍ ပြာသာဒ်ဆောင်သို့ ဝင်လာပုံ၊ ၂- မင်းသည် ခါးကုန်းသော အမျိုးသမီး၏ ကျောကုန်းယက်၌ လိပ်ရုပ်ကို ရေးနေပုံ၊ ၃- မြို့မှထွက်၍ ကန္တာရဘီလူး၏ဇာရပ်၌ နေပုံ၊ ၄- မဏိကက် မြင်းနှင့် ကန္တာရဘီလူးတို့ စစ်တိုက်ကြပုံ၊ ၅- သမုဒ္ဒရာကို ကူးရန် လှေပေါ်တက်ပုံနှင့် လှေနစ်၍ ရွက်တိုင်ထိပ်မှ သမုဒ္ဒရာထဲ ခုန်ချပုံ၊ ၆- မင်းသားနှင့် မင်းသမီးတို့ မြဲမြံစွာ ချည်နှောင်ထားသော အဝတ်များပြတ်၍မင်းသားနှင့် မင်းသမီးတို့ တကွဲတပြားစီဖြစ်သွားပြီး အသီးသီး ရှာပျဉ်ချပ်များဖြင့် မှီတွယ် ကူးခတ်နေပုံ စသော ပန်းချီရုပ်ပုံများကို ရေးစေပြီးလျှင် ထူးခြားဆန်းပြားသော ဇာရပ် တဆောင်ကို ဆောက်လုပ်ပေးရန် လက်သမားအား ပြောသည့်အတိုင်း လက်သမားသည် အားလုံးကို စီမံပြုလုပ်ပေးလေ၏။

ယင်းသို့ ဇာရပ်ကို ဆောက်လုပ်ပြီးလျှင် အတွင်း၌ ပန်းချီဆေးရုပ်များကို ရေးခြယ်စေပြီးနောက် နေ့စဉ်နေ့တိုင်း လာလာသမျှ ရဟန်း, ပုဏ္ဏား, ဖုန်းတောင်း ယာစကာတို့အတွက် စားသောက်ရန် အာဟာရများကို စီမံထားလျက် "ဤဇာရပ်သို့ ရောက်လာသူတို့အား အစာအာဟာရများကို ကျွေးမွေးပြီးလျှင် ပန်းချီ ရုပ်ပုံများကိုလည်း ပြကြကုန်လော့၊ ဤ ပန်းချီကားချပ်များကိုကြည့်ပြီး ထို ကြည့်ရှုသူတို့ ပြောဆိုသော စကား ဖြစ်ပေါ်လာသော အမူအရာတို့ကို မှတ်သား၍ ငါ၏ထံသို့ ပြောဆို အကြောင်းကြားကြကုန်လော့" ဟု အစေခံ အလုပ်အကျွေးများအား မှာထားလျက် ဇာရပ်အမည်ကိုလည်း ဥမ္မာဒယန္တီ ဟု အမည်ပေးထားလေ၏၊ ရသေ့ ပရိဗိုဇ်တို့သည် ဤဇာရပ်ကို မိမိတို့ အိမ်သဖွယ် အသုံးပြုလျက် နေကြပါစေ၊ ဤသို့ဆိုလျှင် ဤ ဥမ္မာဒယန္တီဇာရပ်သည် ထင်ပေါ်ကျော်ကြား လူသိများလာလိမ့်မည် ဟု ဆိုပြီးနောက် ဇာရပ်ရှင် စိရပဘာသည် မိမိ၏ အခြွေအရံ ကျွန်ဟူ့အား ဤသို့မှာထားလေ၏။

"အချို့ ရဟန်း, ပုဏ္ဏား ရသေ့ ပရိဗိုဇ်များသည် ဤဇရပ်တွင် စားသောက်ပြီး၍ ဤပန်းချီကားချပ်များကို ကြည့်သောအခါ ရွှေးဦးစွာ ရယ်မောခြင်းကို ပြုလိမ့်မည်၊ ထိုနောက် တဖြေးဖြေး ကြည့်လာသောအခါ မျက်ရေကျ၍ ငိုကြွေးမြည်တမ်းလာလိမ့်မည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်များကိုတွေ့လျှင် ငါ၏ထံသို့ အမြန် အကြောင်းကြားကြကုန်လော့" ဟု မှာထားလျက် ဇရပ်တွင် နေ့စဉ်နေ့တိုင်း အလှူပေးလေ၏။

## မင်းသားနှင့် နှမဝမ်းကွဲ ကရေဏုဝတီမင်းသမီးတွေ့ဆုံခန်း

ထိုအချိန်၌ ဘုရားလောင်းမင်းသားသည် သမုဒ္ဒရာ၌ နစ်မျောနေရာမှ တဖြေးဖြေး ကူးခပ်သွားသောအခါ အဥ္စနဝတီ မြစ်ဆိပ်သို့ရောက်လေ၏၊ ဘုရားလောင်းသည် မြစ်ကမ်းနားသို့ တက်ပြီးနောက် မင်းသမီးစိရပဘာကို သတိရသဖြင့် မျက်ရေများ ကျဆင်းလျက် ငှက်ပျောတောထဲ ဝင်ရောက်နေလေ၏၊ ထိုမြစ်ဆိပ်၏ မနီးမဝေး၌ အဥ္စနဝတီဘိလူးမ၏ နေရာပြာသာဒ် ရှိလေ၏၊ အဥ္စနဝတီ ဘီလူးမသည် အလုပ်အကျွေး ဖြစ်သော ကရေဏုဝတီကိုခေါ်၍ "အဆွေ ကရေဏုဝတီ သင်သည် ရေဆိပ်သို့သွား၍ ငါ့အတွက် ချိုးရေကို ယူဆောင်လာခဲ့လော့" ဟု ခိုင်းစေလေ၏၊ ကရေဏုဝတီသည် ကျေးကျွန် ခြောက်ယောက်သော မင်းသမီးတို့ကို ခေါ်၍ ရှေ့ကသွားစေလျက် မိမိသည် နောက်မှ တဖြေးဖြေး လိုက်လာလျက် ရေဆိပ်သို့ သွားလေ၏။

ထိုအချိန်တွင်ဘုရားလောင်းသည် ကရေဏုဝတီကိုမြင်လေရာ ကောင်းစွာ မှတ်မိလေ၏၊ ထိုနောက် တကျိပ်ခြောက်ယောက်သော မင်းသမီးတို့သည် ရေမိုးချိုးကြပြီးလျှင် ရေကို ယူဆောင်လျက်ရှေ့မှသွားကြ၍ ကရေဏုဝတီသည် နောက်မှ ဖြေးဖြေး လိုက်သွားလေ၏။ ထိုအချိန်တွင် ဘုရားလောင်းသည် ငှက်ပျောတောထဲမှ ထွက်လာ၍ ကရေဏုဝတီ၏နောက်မှ လိုက်လျက် "နှမ ကရေဏုဝတီ၊ ခဏရပ်ပါဦး" ဟု ပြောလေ၏။ ကရေဏုဝတီသည် ခေါ်သံကြား၍ လှမ်းခေါ်သူ၏ အထံသို့သွားပြီးလျှင် သင်ဘယ်သူလဲဟု မေးလေ၏။ ငါ့နာမည်ကို သင်တကယ် မသိဘူးလားဟု မေးသောအခါ

ကရေဏုဝတီက "အရှင်မင်းသား၊ သင့်နာမည်ကို တကယ် မသိပါ"ဟု ပြောလေ၏။

ထိုအခါ ဘုရားလောင်းက "ငါသည် သတ္တခနေ့မည်သော သင်၏ အကိုတော်ဖြစ်သည်"ဟု ပြောသောအခါ ပြီးလျှင် သတ္တခနေ မင်းသားသည် ဖြစ်ပျက်ပုံအလုံးစုံကို ကရေဏုဝတီအား ပြောပြလေ၏။ ကရေဏုဝတီသည် ဘုရားလောင်းထံမှ အကြောင်းစုံကို ကြားသိရသဖြင့် ဘုရားလောင်းအား ဖက်၍ ငိုကြွေးမြည်တမ်းပြီးနောက် မြေထဲ၌ လဲကျလျက် မိန်းမောတွေဝေစွာဖြင့် ဘုရားလောင်း၏ ခြေရင်း၌ ငိုကြွေးလေ၏။ ထို့နောက် ကရေဏုဝတီသည် သတိရလာ၍ ထလျက် ထိုင်နေပြီးလျှင် ဘုရားလောင်းအား ရင်းနှီးစွာနှုတ်ဆက်စကား ပြောလိုရကား—

၁၆။ (ကရေဏုဝတီ) ချစ်စွာသောသင်မင်းသား၊သင်သည် ကျန်းမာစွာ ရှိပါ၏လော၊ အနာရောဂါ ကင်းရှင်းပါ၏လော၊ သင့်ဘခင်၏ စစ်သည်ဗိုလ်ပါများ တိုင်းသူ ပြည်သားများသည် ရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါ၏လော။

၁၇။ (ဘုရားလောင်း) ချစ်စွာသော ကရေဏုဝတီ၊ ငါသည် ကျန်းမာစွာရှိပါ၏၊ အနာရောဂါ ကင်းရှင်းပါ၏၊ ငါ့ဘခင်၏ စစ်သည်ဗိုလ်ပါများ တိုင်းသူ ပြည်သားများသည် အနာရောဂါ ကင်းရှင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါကုန်၏။

၁၈။ (ကရေဏုဝတီ) ချစ်စွာသော မင်းသား၊ သင့်မိခင်သည် ကျန်းမာစွာရှိပါသလား၊ မျက်စိများမှုန်၍ အားနဲ့နေပြီလား၊ သင်တို့၏ ယာဉ်များသည် ဝန်ကိုကောင်းစွာ ဆောင်ရွက်နိုင်ကြပါသလား။

၁၉။ (ဘုရားလောင်း) ငါ၏မိခင်သည် ကျန်းမာစွာရှိပါ၏၊ သို့သော်လည်း မျက်စိမှုန်၍ အားနည်းနေပါပြီ၊ ငါတို့၏ယာဉ်များသည် ဝန်ကို ကောင်းစွာ ရွက်ဆောင်နိုင်ကြပါသည်။

၂၀။ (ကရေဏုဝတီ) ချစ်စွာသော မင်းသား၊ သင်သည် မြင်းကိုမစီးရထားလည်း မပါဘဲ ဝေးလံစွာသော ဤခရီးကို အဘယ်ကြောင့်

လာပါသနည်း၊ သင်သည် ချစ်စွာသော မိတ်ဆွေများအား စွန့်ခွါလျက် အဘယ့်ကြောင့် ဤအရပ်သို့ ရောက်လာပါသနည်း။

၂၁-၂၉။ (ဘုရားလောင်း) ချစ်စွာသော ကရေဏုဝတီ၊ ငါ၏ဘခင် နတ်ရွာစံသောအခါ လူအများအားလုံး စည်းဝေးကြကုန်လျက် ဗာရာဏသီ ပြည်၌ မင်းပြုရန်ငါ့အား မင်းမြှောက် အဘိသိက် သွန်းကြပါကုန်၏။ မင်း မောင်းမမိဿံများ, မင်းညီမင်းသားများ, ပြည့်တန်ဆာများ, ပုဏ္ဏားများ, ဆင်စီးသူရဲကောင်းများ, မြင်းစီးသူရဲကောင်းများ, ရထားစီး သူရဲကောင်း များ, ခြေလျင် စစ်သည်တော်များ ဗာရာဏသီမြို့၏ ဇနပုဒ်နိဂုံး၌ နေကြ သော အားလုံးသော ပုဂ္ဂိုလ်အများတို့သည် ဘိသိက်မင်္ဂလာ ပွဲသဘင် ဆင်ယင်ကျင်းပလျက် ငါ့အား ရာဇာဘိသိက်မင်းအဖြစ် တင်မြှောက်ကြပါ ကုန်၏၊ ယင်းဘိသိက်မင်္ဂလာပွဲ၌ ငါသည် မဏိကက်မြင်းပျံကို တက်စီး ခဲ့သည်၊ ထိုမြင်းပျံသည် ငါ့ကိုတင်ဆောင်၍ ကောင်းကင်သို့ ပျံတက် ပြီးလျှင် ပျံသန်းသွားရာ သေတဝမြို့ကို ရောက်ခဲ့သည်၊ ထိုသေတဝ မြို့၌ လေးအတတ်ကို ပြခဲ့သဖြင့် သေတဝမင်းက သမီးတော် စိရပဘာ နှင့် တိမ်းမြား လက်ထပ်ပေးခဲ့သည်၊ ထိုမှတဖန် စိရပဘာမင်းသမီးကိုပါ တင်ဆောင်လျက် မဏိကက် မြင်းပျံကို စီး၍ ကောင်းကင်ခရီးဖြင့် ပျံသန်းလာခဲ့ရာ အပန်းဖြေ တထောက်နားရာတွင် ဇရပ်တခုသို့ ရောက် သွား၏၊ ယင်းသစ်ရွက်မိုးဇရပ်တွင် အိပ်နေစဉ် ကန္တာရဘီလူး ရောက် လာခဲ့သည်၊ ယင်း ဇရပ်တွင် ငါ၏မဏိကက်မြင်းပျံနှင့် ကန္တာရဘီလူးတို့ ကောင်းကင်ယံ၌ စစ်တိုက်ကြသောအခါ ငါ၏မဏိကက်မြင်းပျံ အရေး နိမ့်သဖြင့် ကန္တာရဘီလူးသည် မြင်းပျံကို ယူဆောင်သွားရာ ယခု ဘယ်ကို ရောက်နေသည်ဟု မသိရပါ၊ ထိုမှဆက်၍ ငါသည် စိရပဘာမင်းသမီးကို လက်တွဲလျက် ခရီးထွက်ခဲ့ရာ သမုဒ္ဒရာသို့ ရောက်ခဲ့၏၊ ထိုနေရာ၌ သမုဒ္ဒရာ ကဖက်ကမ်းကိုကူးရန် ကုန်သည်များ၏ လှေပေါ်သို့တက်၍ စီးနင်းလိုက်ပါ ခဲ့၏၊ ထိုအခါ သမုဒ္ဒရာတွင် လေအဟုန်ပြင်းထန်စွာ တိုက်ခတ်သောကြောင့် လှေပျက်နစ်မြုပ်၍ ငါတို့နှစ်ဦး သမုဒ္ဒရာရေယဉ်ကျောဝယ် နစ်မြုပ် မျော ပါခဲ့ရာ စိရပဘာမင်းသမီးသည် ဘယ်ကိုရောက်သွားသည် မသိပါ၊ ယခု

အခါ ငါတို့၏ ရှေးကမ္မကောင်းမှု အကုသိုလ်ကြောင့် ငါသည် စိရပဘာနှင့် ကွဲကွာခဲ့ပြီး ဤအရပ်သို့ ရောက်လာရပါသည်။

## ကရေဏုဝတီ၏ သံယောဇဉ်နှောင်ကြိုး

ဘုရားလောင်းသည် ဖြစ်ပျက်ပုံအလုံးစုံကို ကရေဏုဝတီအား ပြောပြ၏ ဘုရားလောင်းသည် ဤသို့ပြောပြပြီးနောက် ကြံစည်စိတ်ကူးသည်မှာကား ငါသည် ကရေဏုဝတီအား အချစ်သံယောဇဉ်ဖြင့် မချည်နှောင်လျှင် သူမ သည် ငါ့အကြောင်းကို အခြားသူများအား ပြောပြလိမ့်မည်၊ ကရေဏုဝတီ အား အချစ်သံယောဇဉ်ဖြင့် ချည်နှောင်ထားမှ သူမသည် ငါ့အကြောင်း ကိုမည်သူ့အားမျှ မပြောဘဲ ဖုံးအုပ် ကွယ်ဝှက်ထားမည် ဖြစ်သည်၊ ထို့ ကြောင့် မင်းသားသည် ယရေဏုဝတီကို မေတ္တာဖွဲ့ယှက် ပိုမိုစွဲမက်အောင် ပြုမှုတော်မည်ဟု စိတ်ကူးကြံစည်ရုံပင် ရှိသေး၏၊ ကရေဏုဝတီကား မင်း သားကို အမူအရာအမျိုးမျိုးဖြင့် ဘမ်းပြဆွဲဆောင်လေတော့သည်။ ပြင်းစွာ ရယ်မော၏၊ စောင်းငဲ့၍ ကြာကြည့် ကြည့်၏။ ခါးတင်ပါးကို နိမ့်တုံ မြင့်တုံပြုလုပ်ပြ၏၊ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းကိုလှုပ်၏၊ ပေါင်ကိုဖော်ပြ၏၊ ပေါင်ကိုဖုံး၏၊ နို့သီးကို ပြ၏၊ လက်ကတီးချိုင်းကြား ကို ဖော်ပြ၏၊ ချက်ကိုပြ၏၊ မျက်စိကို မှိတ်ပြ၏၊ မျက်ခုံးကို ခါပင့်၏၊ မျက်စပစ်၏၊ နှုတ်ခမ်းကိုကိုက်၏ လျှာကို ထုတ်ပြ၏၊ ထမီကို ကျွတ်အောင် ပြု၏၊ ထမီကိုပြင်၍ဝတ်၏၊ ဆံထုံးကိုဖြေ၏၊ ဆံထုံးကိုထုံး၏၊ ယောကျ်ား ကိုမြင်လျှင်ငါဤသို့ပြုငြားအံ့ ငါ့အားတပ်နှစ်သက်လိမ့်မည်ဟု ယောကျ်ား အပါး၌ရပ်လျက် ကိုယ်လက်ဆန့်သော အမူအရာကို ပြု၏။

ဤငါပြုသောအမှတ်ဖြင့် အခွင့်ရသည် မရသည်ကို ယောကျ်ားသိလိမ့် မည်ဟူ၍ မူလက ချိန်းချက်ထားသည်ဖြစ်စေ မထားသည်ဖြစ်စေ တစုံတခု သော ဝတ္ထုကို မြေမှကြွအောင် ပြုသကဲ့သို့ မိမိ၏ ကိုယ်လက် ကျောပြင်ကို မြင့်အောင် ညွတ်ရောင် ပြု၏။ သွား လာ အိပ် ထိုင် လျှောင်းပုံတို့ဖြင့်ရင်း သို့မဟုတ် အတင့်အတယ် တန်းဆာဆင်ခြင်းဖြင့်ရင်း ယောကျ်ားများ စွဲ မက်အောင် စံပယ်ပျောင်းပျသော အခြင်းအရာကို ပြ၏၊ ရှက်စနိုးယောင်

ပွဲလျက် အ၀တ်ဖြင့် ကိုယ်လက်ကို ဖုံးလွှမ်းခြင်း နှံရိတိုင် စသည်တို့ကို မှီ ကပ်၍နေခြင်း စသည်ဖြင့် ရှက်ယောင်ဆောင်၏၊ ခြေသည်းကိုခြေသည်းချင်း လက်သည်းကိုလက်သည်းချင်းခြစ်၍ လည့်ပြား၏၊ ခြေဖဝါးတခုဖြင့် ခြေ တခုကို နင်း၏၊ သစ်သား တုတ်ချောင်းဖြင့် မြေကြီးကို ရေးခြစ်၏၊ ယောကျ်ားအား မြင့်သောအသံ နှစ်သက်ဖွယ်သော စကား ချီးမွမ်း သော စကားကို ဆို၏၊ ယောကျ်ားအား ညှင်းညှင်းသာသာ စကားကို ဆို၏၊ ကခြင်း သီခြင်း၊ တီးမှုတ်ခြင်း ငိုခြင်း စံပယ်ခြင်း တန်းဆာဆင် ခြင်း ပြင်းစွာရယ်ခြင်းဖြင့် နိမိတ်အမှတ်ကိုပြ၏။

ဤသို့ စသည်ဖြင့် ကရေဏုပတီသည် ဘုရားလောင်းအား မာယာ လေးဆယ်တို့ဖြင့် ဖြားယောင်းသွေးဆောင် မြူဆွယ်လေ၏၊ ဤသို့ မာယာ ပရိယာယ် အသွယ်သွယ် ပြုလုပ်ပြီးနောက် ကရေဏုပတီသည် ဘုရား လောင်းအား အယွန် ချစ်ခင်မြတ်နိုးခြင်းဖြင့် "အရှင်မင်းသား သင်သည် ဤနေရာ၌ပင် နေပါလော့၊ သူတပါးမြင်အောင် မိမိကိုယ်ကို မပြပါလင့်" ဟု ဆို၏၊ ဘုရားလောင်းသည်လည်း ကောင်းပါပြီဟု ဝန်ခံလေ၏။

ထို့နောက် ကရေဏုပတီသည် ရေကိုဆောင်ယူ၍ တကျိပ် ခြောက် ယောက်သောမင်းသမီးတို့နှင့်အတူ ပြန်လာကြ၏၊ မိမိတို့နေရာသို့ပြန်ရောက် သောအခါ ပြာသာဒ်ထက်တို့ကိုတက်၍ ဝင်လိုက်လျှင်ပင် လူနံ့သည် တလှိုင် လှိုင်နံ၏၊ ထိုအခါ အဥ္စနဝတီဘီလူးမက "ဤနေရာ၌ လူနံ့နံ၏၊ အဘယ် သူ၌ လူနံ့ပါလေသနည်း" ဟု ဆို၏၊ မင်းသမီး အားလုံးကပင် "လူနံ့ မရှိပါ" ဟု ဖြေကြ၏၊ အဥ္စနဝတီ ဘီလူးမသည် နှစ်ကြိမ် သုံးကြိမ်မျှ ထပ်၍ မေးသော်လည်း မင်းသမီးအားလုံးက သုံးကြိမ်လုံးမရှိပါဟုချည်း ဖြေဆိုကြကုန်၏။

## တကျိပ်ခြောက်ယောက်သော မင်းသမီးတို့၏ဇှောင်ကြိုး

နောက်တနေ့ ရေခပ် သွားကြသောအခါ တကျိပ် ခြောက်ယောက် သော မင်းသမီးတို့က "ဘယ့်နှယ်လဲ ကရေဏုပတီ သင့် ယောကျ်ား လာ တယ်မဟုတ်လား၊ သင့်အကြောင်း ဒို့ အားလုံးသိပြီးပါပြီ၊ ဒို့အရှင် ဘီလူးမလည်း သင့်အကြောင်းကို သိလိမ့်မည်" ဟု ဝိုင်းပြောကြ၏၊ တကျိပ်

ခြောက်ယောက်သော မင်းသမီးတို့၏ စကားကိုကြားသောအခါ ကရေဏုဝတီသည် ကြောက်ရွံ့လာသောကြောင့် ထိုအကြောင်းကို ပြောပြလေ၏၊ "အို အမိတို့ ငါ၏အကိုသည် ဤအရပ်မှာရှိ၏ဟု ပြောလေ၏၊ အဆွေကရေဏုဝတီ သင့်အကိုအမည်က မည်သူနည်းဟု မေးကြ၏၊ ငါ့အကို၏အမည်က သတ္တခနေ အမည်ရှိ၏ဟု ကရေဏုဝတီက ပြောသောအခါ "သင့်အကို၏ ရုပ်လက္ခဏာက ဘယ်လိုပါလဲ"ဟု စိုင်းမေးကြပြန်၏။

ထိုအခါ ကရေဏုဝတီက အို အမိတို့ လူသားတယောက် အနေဖြင့် အလွန် လှပချောမော၏၊ နတ်သားများလှသလောက် လှပ၏၊ အို သူ့အလှကိုပြောရမည်ဆိုလျှင် လျှာတသိန်းဖြင့် သူ့အလှကို ချီးမွမ်းပြောဆိုသော်လည်း သူ့အလှကို ပြော၍ကုန်နိုင်ဘွယ်မရှိပါ၊ ယခု ငါတယောက်တည်း လျှာတခုတည်းဖြင့်ပြော၍ သူ့အလှကို အဘယ်မှာ ကုန်အောင်ပြောပြနိုင်ပါမည်နည်းဟု ဖြေ၏၊ ထိုနောက် မင်းသမီး တကျိပ်ခြောက်ယောက်တို့သည် တညီတညွတ်တည်း ရပ်တန့်၍ ကရေဏုဝတီပြောသော ဘုရားလောင်း သတ္တခနေထံသွားကြ၏၊ ဘုရားလောင်းသည်လည်း ထို မင်းသမီးတို့နှင့် ချစ်ခင်ရင်းနှီးစွာ စကားပြောဆိုလေ၏၊ ထိုတကျိပ် ခြောက်ယောက်သော မင်းသမီးတို့သည် ဘုရားလောင်းအား ချစ်ခင်စုံမက် တပ်နှစ်သက်ကြကုန်၏၊ ဘုရားလောင်းသည် ယင်း မင်းသမီးများနှင့် အတူမြူးတူးပျော်ပါးကစား၏၊ ထိုနောက် မင်းသမီးများသည် ရေအိုးကိုယ်စီရွက်၍ ထွက်ခွာသွားကြ၏။

## အဥ္ဇနဝတီ ဘီလူးမ၏နှောင်ကြိုး

မင်းသမီးများပြန်ရောက်၍ ပြာသာဒ်ထက်သို့ ဝင်သောအခါ ပြာသာဒ်တခုလုံးသည် လူ့အနံ့များလှိုင်၍ အဥ္ဇနဝတီ ဘီလူးမက ပြောသည်မှာ "အို မင်းသမီးတို့ သင်တို့ ယခုလာသောအခါတွင် သင်တို့ ကိုယ်မှ လူနံ့များနံ၏၊ သင်တို့သည် လူသားတဦးဦးနှင့် မွေ့လျော်ပျော်ပါးခဲ့ကြသည် ထင်၏၊ ငါ့အား မကွယ်မဝှက်ဘဲ မှန်ရာကိုပြောကြလော၊ မှန်ရာကိုမပြောဘဲ နောက်မှပေါ်လာလျှင်ကား သင်တို့အသက် သေရလိမ့်မည်၊ သင်တို့ကို ချမ်းသာပေးမည်မဟုတ်" ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ထိုအခါ မင်းသမီးတို့သည် အဥ္ဇနဝတီ ဘီလူးမအား ကြောက်ရွံ့ကြသောကြောင့် "အို အရှင်မ ကျွန်မတို့ အမှန်အတိုင်း ပြောပါမည် ကျွန်မတို့အား အသက်ချမ်းသာ ပေးတော်မူပါ၊ ကရေဏုဝတီ၏ အကို ဗာရာဏသီမင်းကြီး၏ သား သတ္တဓနုမည်သော မင်းသားသည် ဤအရပ်တွင် ရောက်ရှိ နေပါသည်၊ ကျွန်မတို့သည် ယင်း မင်းသားနှင့် တွေ့ခဲ့သဖြင့် ချစ်ခင်ပျော်ပါး ကစားခဲ့ကြပါ ကုန်၏"ဟု ပြောပြကြသောအခါ အဥ္ဇနဝတီဘီလူးမသည် သတ္တဓနုမင်းသား ဟူသော အသံကိုကြားလျှင် အလွန်တရာ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လျက် "ထိုမင်းသားသည် အကယ်၍ ပညာရှိလျှင် ဤအမှတ်သညာကို သိလတံ့"ဟု ကြံစည်ပြီးလျှင် "မင်းသားရုပ်နှင့် အဥ္ဇနဝတီ၏ ရုပ်ပုံနှစ်ခုကို တဦးတဦး ပွေ့ဖက် နေဟန်ကို ရေး၍ ကရေဏုဝတီအား စာကို ပေးလိုက်လျက် အကယ်၍ သင်၏ အကိုတော် မင်းသားသည် ငါယခု ရေးလိုက်သော အမှတ်အသားကို သိလျှင် ငါ့ထံသို့ အမြန်လာပါစေ၊ အကယ်၍ ဤအမှတ်အသား များကို ကြည့်၍ မသိဘူးဆိုလျှင်ကား ငါ၏ အစာ ဖြစ်လိမ့်မည်" ဟု ကရေဏုဝတီအား မှာ၍ စာကို ပေးလိုက်၏။

ကရေဏုဝတီသည် အဥ္ဇနဝတီ ဘီလူးမ၏ စကားကိုကြား၍ "ငါ့၏အကို သတ္တဓနု မင်းသားတော့ သေမှာမုချဘဲ"ဟု စိုးရိမ်ပြီး စာကိုယူလာလျက် ဝမ်းနဲစွာဖြင့် ဘုရားလောင်းထံသို့ သွားလေ၏၊ ဘုရားလောင်းထံ ရောက်သောအခါ ဘုရားလောင်းအား အရိုအသေပြု၍ စာကိုပြပြီးလျှင်"ဤစာ၌ပါသော အကြောင်းအရာကို သိလျှင် သူ့ထံသို့ လာပါ၊ မသိလျှင် သူ့အစာ ဖြစ်လိမ့်မည်ဟု မှာလိုက်ပါ၏"ဟုဆို၍ စာကို ပေးလိုက်၏၊ ဘုရားလောင်းသည် စာကို ကြည့်ရှုသောအခါ ဤဘီလူးမသည် ငါ့အား တဏှာရာဂဖြင့် ဖြားယောင်းခြင်း ဖြစ်သည်ဟု သိသဖြင့် မိမိ၏ ရုပ်ပုံကို အဥ္ဇနဝတီအား ဖက်နေဟန် ရေး၍ ကရေဏုဝတီအား စာပြန်ပေးလိုက်၏၊ ကရေဏုဝတီသည် ဘုရားလောင်း ရေးပေးလိုက်သော စာကို ဘီလူးမထံ ယူသွား၏။

အဥ္ဇနဝတီ ဘီလူးမသည် ဘုရားလောင်းထံမှ စာကို တွေ့၍ နှစ်သက်ဝမ်းမြောက်လှသဖြင့် ပြာသာဒ်ထက်သို့ တက်၍ လှပသစ်လွင်သော အဝတ်

တန်းဆာတို့ကိုရင်း ပန်းနံ့သာ စသည်တို့ကိုရင်း ယူလျက် ကရေဏုဝတီ လက်ထဲထည့်၍ ဘုရားလောင်းအား ပေးခိုင်း၏၊ ကရေဏုဝတီသည် အဥ္စနဝတီပေးလိုက်သော အဝတ်တန်းဆာနှင့် ပန်းနံ့သာ စသည်တို့ကို ယူဆောင်၍ ဘုရားလောင်းအား ပေးလေ၏၊ ဘုရားလောင်းသည် အဥ္စနဝတီ ပေးလိုက်သော အဝတ်တန်းဆာ ပန်းနံ့သာတို့ကိုတွေ့၍ များစွာနှစ်သက်ဝမ်းမြောက်သဖြင့် ရေမိုးချိုး၍ အဝတ်တန်းဆာတို့ကို ဝတ်ဆင်ပြီးလျှင် ခြသေ့မင်း ကဲ့သို့ရင်း, သိကြားမင်း ကဲ့သို့ရင်း တင့်တယ်စွာဖြင့် အဥ္စနဝတီ၏ ပြာသာဒ်ထက်သို့ ဝင်၍ သွားရာ အဥ္စနဝတီသည် ဘုရားလောင်းကို မြင်လျှင် များစွာသဘောကျသောကြောင့် လက်ဆွဲ၍ မိမိနေရာသို့ ခေါ်ဆောင် သွားပြီးနောက် ဘုရားလောင်းနှင့် အတူ အိပ်လေ၏၊ ထိုအခါမှစ၍ အဥ္စနဝတီသည် ဘုရားလောင်းအား အလွန် ချစ်ခင်စုံမက် နှစ်သက်သောကြောင့် ဘုရားလောင်းနှင့်အတူ နေလေ၏။

နှစ်ခုမြောက် ပညာခဏ်း ပြီး၏။

---

## ပဏ္ဏာကက်ပြင်းနှင့် ပြန်လည်ပေါင်း ဆုံပုံခြင်း

ဤသို့နေသောအခါ တနေ့သ၌ ဘုရားလောင်းသည် ကရေဏုဝတီအား "ကရေဏုဝတီ ဤအရပ်၌ မြင်းရှိပါသလား"ဟု မေးသောအခါ "အရှင်မင်းသား၊ သင်၏ ပဏ္ဏာကက္ခမည်သော မြင်းရှိပါ၏"ဟု ဖြေဆိုလေ၏။ ထိုမဏ္ဏာကက်ပြင်းကို အဘယ်သို့ ရနိုင်ပါသနည်းဟု ထပ်၍ မေးရာ အရှင်မင်းသား၊ အဥ္စနဝတီမှတဆင့် ရနိုင်ပါ၏၊ အဘယ့်ကြောင့် ဆိုသော် ကန္တာရဘိလူးသည် မဏ္ဏာကက်မြင်းကို နေ့ရောညဥ့်ပါ စောင့်ကြပ်နေသဖြင့် အဥ္စနဝတီမှတဆင့် အကြောင်းဥပါယ် တခုခုဖြင့် ကြံလျှင် ရနိုင်မည်ဖြစ်ပါသည်ဟု ပြောပြလေ၏။ ထို့နောက် တနေ့သောအခါ ဘုရားလောင်းသည် နံနက်မိုးသောက်ချိန်၌ မိခင်ကို လွမ်းဆွတ်သတိရသဖြင့် ငို၍အိပ်ရာမှ ထလျက် ယိုင်ငနေ၏။ ယိုအခါ အဥ္စနဝတီသည် အိပ်ရာမှနိုးလာ၍ အရှင်မင်းသား အဘယ့်ကြောင့် ငိုပါသနည်းဟု မေးလေရာ ဘုရားလောင်းက ဘာမျှအဖြေမပေးဘဲ ငိုမြဲငိုနေ၏၊ သုံးကြိမ်မြောက် မေးသောအခါကား

ဘုရားလောင်းက ဤသို့ ပြောပြ၏၊ ချစ်လှစွာသော အဥနုဝတိ၊ ငါသည် ဗာရာဏသီမြို့၌နေစဉ်က ဆင်မြင်းတို့ဖြင့် ကစားခဲ့၏၊ ဤအရပ်တွင်ကား ဆင်မြင်းများကို မတွေ့ရပါ၊ ဆင်မြင်းတို့ဖြင့် ကစားလိုပါ၏၊ ထို့ကြောင့် သင့်နောင်တော်ထံ၌ ရှိသောမြင်းကို တောင်းပေးပါ၊ ယင်းမြင်းမှ မရပါလျှင် ကျွန်ုပ်သေရပါလိမ့်မည်ဟု ပြောလေ၏။ အဥနုဝတီသည် ချစ်သူဘုရားလောင်းကမြင်းမရလျှင် သေရပါလိမ့်မည် ဆိုသည်ကို များစွာ စိုးရိမ်လှသောကြောင့် အရှင်မင်းသား၊ မစိုးရိမ်ပါနှင့် မြင်းကိုရအောင် နောင်တော်ထံမှ တောင်းပေးပါမည်ဟု ပြောလေ၏။

နောက်တနေ့၌ အဥနုဝတီသည် ကရေဏုဝတီကို ခေါ်၍ "အို ကရေဏုဝတီ ငါ့နောင်တော် ကန္တာရဘီလူးထံ သွား၍ မြင်းကိုတောင်းလော့"ဟု ပြောလေ၏၊ ကရေဏုဝတီသည် ကန္တာရဘီလူးထံ သွား၍ "အရှင်မင်းကြီး အရှင်မင်းကြီး၏ နှမ အဥနုဝတီက မြင်းကို ကစားလိုပါသဖြင့် မြင်းကို တောင်းရန် စေလွှတ်လိုက်ပါသည်"ဟု ပြောဆို၍ တောင်းလေ၏၊ ထိုအခါ ကန္တာရဘီလူးက "အို ကရေဏုဝတီ မြင်းသည် အလွန် ကြမ်းတမ်းပါသည်၊ ဤမြင်းကို သင်စီးယူသွားလျှင် သင်သေလိမ့်မည်၊ ယို့ကြောင့် သင်မယူသွားနှင့်၊ ဤသို့ပင် နှမအဥ္ဆနုဝတီကို ပြန်ပြောလိုက်ပါဟု ပြောလေ၏၊ ကရေဏုဝတီသည် ကန္တာရဘီလူး ပြောသည့်အတိုင်း အဥနုဝတီအား ပြောပြရာ အဥနုဝတီသည် ဘုရားလောင်းအား ဤအတိုင်းပင် ပြန်ပြောပြလေ၏။

ထိုအခါ ဘုရားလောင်းသည် ကရေဏုဝတီကို ခေါ်၍ ကရေဏုဝတီ မြင်းကို မကြောက်ပါလင့် မြင်းအတွက် ငါ့တာဝန် ထားပါ၊ မြင်းသည် ငါ့စကားကို နားထောင်ပါသည်၊ သင့်ကိုရဲ့ ကန္တာရ ဘီလူးသည် မြင်းကို ကြာရှည်စွာ သုံးစွဲနေသော်လည်း မြင်းကို ယဉ်ကျေးအောင် မဆုံးမနိုင်ချေ၊ ထို့ကြောင့် သင်သည် ဘာမှ မကြောက်ရှိဘဲ မြင်းထံ သွားပါလော့ဟု ပြောဆိုလေ၏၊ ထိုသို့ ဘုရားလောင်း ပြောစကားကို ဖေကိကက်မြင်းသည် ကြား၍ "ယခုအခါ ငါ၏သခင် သတ္တဓနုမင်းသည် ငါ့ကိုခေါ်ယူလတံ့၊ ထိုအခါတွင် ငါသည် ငါ့အရှင် သတ္တဓနုမင်းသားကို တင်ဆောင်၍

မိမိတို့ တိုင်းပြည်သို့ သွားအံ့”ဟု ကြံစည်လေ၏၊ ထိုနောက် ကာရေဏုဝတီ သည် ကန္တာရဘီလူးထံ တဖန်သွား၍ မြင်းကိုပေးရန် တောင်းပြန်၏၊ ကန္တာရဘီလူးက “ကာရေဏုဝတီ သင်သည် မြင်းကို ဆုံးမ၍ နိုင်နင်းစွာ စီးယူဆောင်နိုင်လျှင် သင့် အလိုအတိုင်း ယူသွားပါလော့”ဟု အခွင့်ပြု လေ၏။

ထိုအခါ ကာရေဏုဝတီသည် မြင်းထံသွား၍ “အဆွေတော် မဏိကက် သင်၏ သခင် သတ္တဓနု မင်းသားသည် သင့်ကို ယူဆောင်ရန် ငါ့ကို လွှတ် လိုက်သည်၊ ယခုအခါ သင်၏သခင် သတ္တဓနု မင်းသားသည် သင့်ကို သတိရ လွမ်းဆွတ်လျက် ကန္တာရဘီလူး၏နှမ အဥ္ဇနဝတီ၏ ပြာသာဒ်ထက်၌ နေ ပါသည်၊ ထို့ကြောင့် သင် မဏိကက်သည် သင့်ဘခင်ထံသို့ ငါနှင့် အတူ လိုက်ခဲ့ရန် ယခုလျင်စွာ ထပါလော့”ဟု ပြောဆိုသော အခါ မဏိကက် မြင်းသည် ကာရေဏုဝတီ၏ ရှေ့၌ ဦးခေါင်းကိုညွှတ်၍ မျက်ရေများ စို့လျက် နေလေ၏။

ထိုအခါ ကာရေဏုဝတီသည် မဏိကက်မြင်းကို ခေါ်ဆောင်၍ ပြာသာဒ် ရှေ့သို့သွား၍ ကန္တာရဘီလူးထံ သွား၍ ရှိခိုးလျက်နေ၏၊ ထိုအခါ ကန္တာရ ဘီလူးက အို ကာရေဏုဝတီ မြင်းကို ခေါ်ခဲ့ပြီလားဟု မေး၏၊ အရှင်ကန္တာရ မင်းကြီး အရှင်မင်းကြီး၏ နှမတော် အဥ္ဇနဝတီ၏ တန်ခိုးဖြင့် မြင်းကို ခေါ်ခဲ့ပါသည်၊ သင့်နှမတော် အဥ္ဇနဝတီသည် မြင်းကို နှိမ်နင်းနိုင်သော မန္တန်ကို တတ်သည် ထင်ပါသည်”ဟု ဆိုလျက် မြင်းကို ယူဆောင်၍ ဘုရား လောင်းအား ပေးအပ်လိုက်လေ၏၊ ဘုရားလောင်း သတ္တဓနုမင်းသားသည် မြင်းကို မြင်သောအခါ မျက်ရေစိုရွှဲ ငိုပွဲဆင်လေ၏၊ မဏိကက် သည်လည်း ဘုရားလောင်းကို မြင်သောအခါ မျက်ရေစိုရွှဲ ငိုပွဲဆင်လေ၏။

မဏိကက်။ ။အရှင် မင်းသား ကျွန်ုပ်နှင့် ကွဲကွာနေစဉ် သင့်မှာ အတော် ဆင်းရဲဒုက္ခ ရောက်ပါသလား။

ဘုရားလောင်း။ ။အဆွေတော် မဏိကက် ငါသည် သင်နှင့် ကွဲကွာ နေစဉ် အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်ခဲ့ပါသည်၊ သင်က တော့ သိမည် မဟုတ်ပါ။

မဏိကက်။ ။အရှင်မင်းသား ဤအရပ်မှာ ကြာရှည်စွာ မနေပါလင့်။

ဘုရားလောင်း။ ။ကောင်းပါပြီ မဏိကက် တနေ့မျှ နေပြီး ငါတို့ သွားကြပါကုန်အံ့။

မဏိကက်။ ။ကောင်းပါပြီ အရှင်မင်းသား။

## ကြင်ယာ အဥ္စနဝတီအား စွန့်ခွါသွားခြင်း

ထိုနောက် ဘုရားလောင်းသည် အဥ္စနဝတီအား "ချစ်လှစွာသောအဥ္စနဝတီ ငါတို့သည်ဥယျာဉ်သို့သွား၍ ပျော်ပျော်ပါးပါး ကစားကြပါကုန်အံ့" အဘယ့်ကြောင့်ဆိုသော် ဤမြင်းသည် ကြမ်းတမ်းလှပါ၏၊ ဤမြင်းသည် အောင်သေသောက်ရန် အလိုရှိနေပါ၏၊ မြင်းကို အောင်သေတိုက်ကျွေး၍ ငါတို့လည်း ဥယျာဉ်၌ ပျော်ပျော်ပါးပါး ကစားကြပါကုန်အံ့ဟု ပြောသောအခါ အဥ္စနဝတီသည် ယုံကြည်၍ သေရည်သေရက် များစွာကို ယူဆောင်ကာ ဥယျာဉ်သို့ သွားကြလျက် အဥ္စနဝတီ အမှူးရှိသော မင်းသမီးအားလုံးတို့သည် အရက်တို့ကို များစွာသောက်စားကြပြီးလျှင် ညနေသောက်တွင် ပြန်လာပြီး အရက်မူးမူးဖြင့် အိပ်ပျော်ကြကုန်၏။

ထိုအခိုက်တွင် ဘုရားလောင်းသည် ကရေဏုဝတီကိုခေါ်၍ ကရေဏုဝတီ ယခုအခါ ငါသည် သင်တို့မြို့မှထွက်၍ ငါတို့မြို့သို့ သွားတော့အံ့၊ သင်သည် ဘာမျှ စိုးရိမ်ကြောင့်ကြ မရှိပါလင့်၊ မကြာခင်သင်တို့ကို လာရောက်ခေါ်ဆောင်ပါအံ့၊ သင်သည် အေးအေးဆေးဆေးစွာ ဤမှာ နေရစ်ပါလေဟုပြောသောအခါ ကရေဏုဝတီသည် ကောင်းပါပြီအရှင်မင်းသားဟု ဆိုလေ၏၊ ထိုအခါ ဘုရားလောင်းသည် ထ၍ တံခါးရှိရာသို့ သွားလေ၏၊ ထိုအခိုက်တွင် အဥ္စနဝတီသည် နိုးလာ၍ လျင်စွာထလျက် ဘုရားလောင်းအား အရှင်မင်းသား ရပ်ပါလေဟု ဆိုသဖြင့် ဘုရားလောင်းသည် ပြန်လည်၍ အိပ်၏။ အရှင်မင်းသား အဘယ်ကို သွားမလို့ပါနည်းဟု အဥ္စနဝတီက မေးသောအခါ ဘုရားလောင်းက ချစ်စွာသောအဥ္စနဝတီ ငါသည် ညအိပ်သောအခါ အချိန်ကို သတ်မှတ်၍ အိပ်ပါသည်၊ ထို့ကြောင့် ညဘက်တွင် ဘယ်အချိန်ရှိပြီလဲဟု ထ၍ခန့်မှန်း ကြည့်ရှုပါသည် ဘယ်ကိုမှ မသွားပါဟု ပြောသောကြောင့် အဥ္စနဝတီသည် ယုံကြည်သဖြင့် ပြန်၍အိပ်လေ၏၊ ထို့နောက် ၂-ကြိမ် ၃-ကြိမ် ဤသို့ပင် ဘုရားလောင်းထသည့်ကို အဥ္စနဝတီနိုး၍ ဤ

အတိုင်းပင် ဘုရားလောင်းက အပြေပေးကျေနပ်စေသဖြင့် အဥ္စနဝတီသည် ယုံကြည်စွာ ပြန်၍အိပ်လေ၏၊ အချိန်မှာ နံနက်မိုးလင်းချိန်ဘက်သို့ နီးကပ် လာလေပြီ။

ထိုအချိန်တွင် ဘုရားလောင်းသည် ဤသို့ကြံစည်လေ၏၊ အကယ်၍ ငါ သွားမည်ကို အဥ္စနဝတီသိလျှင် သွားခွင့်ရမည်မဟုတ်ချေ၊ ထို့ကြောင့် ငါ သည် လျင်မြန်စွာမြင်းကိုစီး၍ငါ့မိခင်ထံပြန်တော့အံ့ဟုစိတ်ကူးလျက် ဘုရား လောင်းသည် မဏိကက်မြင်း ငါ့ထံအမြန်ရောက်စေသတည်းဟု မဏိကက်ကို တမ်းတလိုက်၏။မဏိကက်မြင်းသည် ချက်ချင်းပင် ဘုရားလောင်းထံ ရောက် ၍ရှေ့တော်တွင် ရပ်တည်လာ၏၊ဘုရားလောင်းသည်လျင်မြန်စွာထ၍ တံခါး ရှိရာသို့ သွားပြီးလျှင် မြင်းကိုပက်စီးလျက် ကောင်းကင်ခရီးဖြင့် ပျံသွား လေ၏၊ ထိုခဏ၌အဥ္စနဝတီသည် နိုးလာ၍ ဟိုဟိုဒီဒီကြည့်သောအခါ ဘုရား လောင်းကို မတွေ့သဖြင့် လက်နှစ်ဖက်ဖြင့်ရင်ကိုတီးလျက် ငိုကြွေးကာ ဤသို့ ဆို၏။

၃၀-၃၁။ ကျွန်ုပ်၏ ချစ်လှစွာသော အရှင်မင်းသား သင်သည် အဘယ် အရပ်သို့ သွားပါသနည်း၊ ကျွန်ုပ်ထံသို့ အမြန် ပြန်လာခဲ့ပါ လော့၊ ကျွန်ုပ် ကယောက်ထည်း စွန့်ပစ်ကာ မထားခဲ့ပါလင့်၊ ကျွန်ုပ်နှင့်အတူ အလုပ်အကျွေးများကိုပါ လာရောက် ခေါ် ဆောင်ပါလော့၊ သင် မင်းသားနှင့် ကွေကွင်းရလျှင် ကျွန်ုပ်၏ အသက်သေရပါလိမ့်မည်။

ဤသို့ဆို၍ အဥ္စနဝတီသည် ငိုကြွေးမြည်တမ်းလေ၏။

## စိရပဘာမင်းသမီးနှင့် တွေ့ဆုံပြီး ပြည်တော်ပြန်ခဏ်း

ထိုအခါ မဏိကက်မြင်းပျံသည် ဘုရားလောင်းကို တင်ဆောင်လျက် ကောင်းကင်ခရီးဖြင့် ပျံသန်းသွားလေရာ ဂန္ဓပတ္တနဂိုရ်မြို့သို့ ဆိုက်ရောက် လေ၏။ မြို့အပြင်၌ ဘုရားလောင်းသည် ပုဏ္ဏားအသွင် ဝတ်ဆင်လျက် "အဆွေတော် မဏိကက် သင်သည် ဤနေရာ၌ပင် စောင့်နေပါလော့၊ ကျွန်ုပ်သည် စိရပဘာကို လှည့်လည်ရှာဖွေပါအံ့" ဟု ပြောကာ မြို့တွင်း

သို့ဝင်ပြီးလျှင် လူတို့အား မေးလေ၏။ "အို လူအပေါင်းတို့ ရဟန်း ပုဏ္ဏား ပညာရှိများ စုဝေးနေထိုင်ရာ အရပ်သည် အဘယ်နေရာ၌ ရှိပါ သနည်း" ဟု မေးသောအခါ လူအများက "အို ပုဏ္ဏား မြို့လယ်တွင် ဥမ္မာဒယန္တီမည်သော ဇရပ်ရှိပါသည်။ ယင်းဇရပ်တွင် ရဟန်း ပုဏ္ဏားတို့ စုဝေး တည်းခို နေထိုင်ကြပါသည်" ဟု ပြောဆိုကြကုန်၏။ ဘုရား လောင်းသည် ဥမ္မာဒယန္တီဇရပ်သို့ ရှေးရှုထွက်ခွာသွားလေ၏။

ထိုအခါ ဇရပ်၌ အလုပ်အကျွေး ကျွန်မတို့သည် ဘုရားလောင်းကို မြင်လျှင် ခံဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးပြီးနောက် "အို အရှင်ပုဏ္ဏား အခြား ရဟန်း ပုဏ္ဏားတို့သည် အစားအစာများ စားသောက်ကြပြီး ဇရပ်အတွင်း ဝင်၍ ကြည့်ရှုကြသကဲ့သို့ သင်သည်လည်း ဇရပ်အတွင်းသို့ ဝင်၍ ကြည့်ပါလော့" ဟု ဖိတ်ကြားကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ဇရပ်အတွင်းသို့ ဝင်၍ ပန်းချီ အရုပ် ကားများကို ကြည့်ရှုသောအခါ သတ္တုမနိ မင်းသား ပြာသာဒ်ထက်သို့ တက်နေပုံကို မြင်သောအခါ ရယ်မောလေ၏။ ထို့နောက် ဆက်၍ စိရပဘာ၏ရုပ်ပုံကို မြင်သောအခါ ရယ်ပြလေ၏။ ထို့နောက် မင်းသမီး ကျောကုန်းထက်၌ လိပ်ရုပ် ရေးထားပုံကိုတွေ့သောအခါ ရယ်ပြန်၏။ ထို့ နောက် ဆက်၍ကြည့်လေရာ မြို့မှထွက်၍ သတ္တုမနိနှင့် စိရပဘာ မိဖုရား တို့ မြင်းပေါ် တက်စီးပြီးနောက် ကန္တာရဘီလူး၏ ဇရပ်၌ အိပ်နေပုံကို ၎င်း၊ မဏိကက်မြင်းနှင့် ကန္တာရဘီလူးတို့ ကောင်းကင်၌ စစ်တိုက်နေပုံ ကို၎င်း၊ သမုဒ္ဒရာမြစ်ကမ်းနား၌ တံခွန်အလံထူ၍ နေသည်ကို၎င်း မြင် သောအခါ ဘုရားလောင်းသည် မျက်ရည်များ ယိုစီး ကျဆင်းလာပြီး သမုဒ္ဒရာတွင် လှေနစ်၍ လှေရှက်တိုင်ထိပ်မှ ခုန်ချပုံကို၎င်း၊ မင်းသမီး မင်းသား နှစ်ပါးအား ချည်နှောင်ထားသော အကြောင်းသည် စုတ်ပြတ်ပြီး မင်းသမီး မင်းသားနှစ်ပါးတို့ တကွဲတပြား ဖြစ်သွားသည်ကို၎င်း တွေ့ သောအခါ ဘုရားလောင်း ပုဏ္ဏားသည် အကြီးအကျယ် ငိုကြွေးမြည် တမ်းလေ၏။

ထိုအခါ ဇရပ်၌ရှိနေကြသော စိရပဘာ၏ အလုပ်အကျွေး ကျွန်မတို့ သည် ပုဏ္ဏားငိုနေသည်ကို စိရပဘာအား သွားရောက်အကြောင်းကြား

ပြောဆိုကြကုန်၏။ ထိုအခါ စိရပဘာသည် လေသာပြတင်းကို ဖွင့်၍ ကြည့်သောအခါ ဘုရားလောင်းကိုတွေ့မြင်ရသဖြင့် ကောင်းစွာ မှတ်မိလေရကား မိမိကိုယ်ကိုမထိန်းနိုင်ဘဲ မျက်ရေများယိုစီးလျက် ပြာသာဒ်ထက်မှဆင်း၍ ဘုရားလောင်းထံ ချဉ်းကပ်ပြီးလျှင်ဘုရားလောင်းပုဏ္ဏား၏ခြေရင်း၌ လူးလှိမ့်၍ ငိုကြွေးမြည်တမ်းလျက်—

၃၂။ အရှင်မင်းသား ယနေ့ ကျွန်ုပ်၏ စိတ်နှလုံး အေးချမ်းသွားပါပြီ၊ ချစ်သူ မင်းသားနှင့် ကွေကွင်း ကွဲကွာခဲ့သဖြင့် စိုးရိမ်ပူဆွေးခြင်းဖြစ်ခဲ့ရသော ကျွန်ုပ်သည် ယခုအခါ ချစ်သူမင်းသားကို တွေ့ရ၍ စိုးရိမ်ငြိမ်းပျောက် စိတ်ချမ်းသာခြင်းသို့ ရောက်လာပါ၏။

ဘုရားလောင်းသည်လည်း စိရပဘာအားတွေ့ရ၍ ချစ်ခင်နှစ်သက်ဖွယ်ရာ စကားတို့ကို ပြောဆိုကြကုန်၏၊ တမြို့လုံးမှာရှိကြသော လူအပေါင်းတို့သည်လည်း ဘုရားလောင်းကို မှတ်မိကြသဖြင့် ဝမ်းမြောက်ဝမ်းသာစကားကို ပြောကြားကြကုန်၏၊ ဣန္ဒပတ္တမြို့၌ နေသော မဟာပနာဒမင်းသည်လည်း ဘုရားလောင်းအား လက်ဆောင်ပဏ္ဏာများစွာ ပေးလျက် ဤတိုင်းပြည်၌ မင်းပြုရန် မင်းစည်းစိမ်အားလုံးကို လွှဲအပ်လေ၏၊ သို့သော်လည်း ဘုရားလောင်းသည် မင်းအဖြစ်ကို လက်မခံဘဲ နှစ်ရက်သုံးရက်မျှ နေပြီးနောက် မဟာပနာဒမင်းအား ပန်ကြားလျက် လူအများအား ဆုံးမဩဝါဒစကား ပြောကြားပြီးလျှင် စိရပဘာမင်းသမီးနှင့်အတူ မင်္ဂလာကက်မြင်းပံ့ကိုစီး၍ ထွက်ခွါသွားလေရာ ဗာရာဏသီမြို့သို့ ဆိုက်ရောက်လေ၏။

ဘုရားလောင်းမယ်တော် ကေသနီမိဖုရားကြီးသည် ဘုရားလောင်းထွက်ခွါသွားသည် အချိန်မှစ၍ နေ့ရောညဉ့်ပါ အခါမပြတ် မျက်ရေဖြင့် ဖြည့်သောမျက်နှာဖြင့် ဘုရားလောင်းလာရာလမ်းကို မျှော်လျက် နန်းတော်တခါး၀၌ အမြဲလိုလိုရပ်လျက်သာ နေလေ့ရှိပေ၏၊ ဘုရားလောင်းသည် ကောင်းကင်မှ သက်ဆင်း၍ စိရပဘာမိဖုရားနှင့်အတူ မယ်တော် ကေသနီမိဖုရားကြီး၏ ခြေရင်း၌ ဝပ်လျှိုး ရှိခိုးလျက် ငိုကြွေး၏၊ မယ်တော်ကေသနီမိဖုရားကြီးသည် သားတော်ဘုရားလောင်း၏ ဦးထိပ်၌ နမ်းရှုတ်ငုံစုတ်လျက်

"ချစ်စွာသော သားတော်  သားတော်ထွက်ခွါသွားသည့် အချိန်မှစ၍ မိခင်မှာ စားလဲသားစိတ် သွားလဲသားစိတ် အိပ်လဲသားစိတ်ဖြင့် နေ့ရောညဥ့်ပါ မျက်ရေနဲ့မျက်ခွက် ဖြစ်ခဲ့ရပါသည်၊ ရေဖြင့်ပြည့်သော အိုင်ပမာ မိခင်၏မျက်နှာမှာ မျက်ရည်မပြတ် ရှိခဲ့ရပါသည်၊ ယခုအခါ သားတော်ပြန်လာသည့်မှစ၍ မိခင်၏မျက်ရေများ မကျရတော့ဘဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရပါတော့သည်"ဟု ပြောပြီးလျှင် ဘုရားလောင်းနှင့်အတူ များစွာသော ချစ်ခင်ဝမ်းမြောက်ဖွယ် စကားတို့ကို ပြောကြားကြပြီးနောက် ဘုရားလောင်းအား မြို့ထဲသို့ခေါ်ဆောင်သွားလေ၏၊ မြို့သူမြို့သားတို့သည်လည်း များစွာသော စည်ကြီး, ဒိုးပတ် ထက်စည်စသော တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ကြပြီးလျှင် ဘုရားလောင်းအား အဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်၏။

## အဥ္ဇနဝတီကို သွားရောက်ယူဆောင်ခြင်း

ထိုနောက် ဘုရားလောင်း သတ္တခနေမင်းသားသည် ကန္တာရဘီလူးနိုင်ငံ၌ တွေ့ဆုံ ပေါင်းသင်းခဲ့သော အဥ္ဇနဝတီကို သတိရ လွမ်းဆွတ်သဖြင့် မင်္ဂလာမြင်းကိုစီး၍ ကန္တာရဘီလူး၏ တိုင်းပြည်နိုင်ငံသို့သွား၍ ပြာသာဒ်၏ရှေ့ ကောင်းကင်ထက်၌ ရပ်လျက် ကန္တာရဘီလူးအား ပြောသည်မှာ- "အို ကန္တာရဘီလူးကြီး သင်၏နှမ အကျွန်ုပ်၏ မယား အဥ္ဇနဝတီကို ကျွန်ုပ်အား ပေးပါလော့၊ အကယ်၍ မပေးပါလျှင် သင့်ကိုအကျွန်ုပ် ဆုံးမရပါလိမ့်မည်"ဟု ပြောဆိုလေ၏၊ ထိုအခါ ကန္တာရဘီလူးသည် မိမိ၏နှမတော် အဥ္ဇနဝတီထံသွား၍ "နှမတော် အဥ္ဇနဝတီ သတ္တခနေမင်းသားသည် သင်၏လင်ယောကျ်ားဟုတ်မှန်ပါသလား"ဟုမေးလေရာအဥ္ဇနဝတီက ဟုတ်မှန်ပါကြောင်း ပြောဆိုသဖြင့် ကန္တာရဘီလူးသည် ဘုရားလောင်ထံသွား၍ အို ယောကျ်ားမြတ် ကျွန်ုပ်၏နှမကို သင့်အား ပေးပါ၏ဟု ဆိုလေ၏၊ ဘုရားလောင်းသည် ကောင်းကင်မှဆင်းသက်ပြီးလျှင် အဥ္ဇနဝတီ၏ပြာသာဒ်သို့ဝင်၍ နေလေ၏။

ထိုအခါ ကန္တာရဘီလူးမင်းသည် ဘီလူးများအားလုံးတို့ကိုစုဝေးညီညာ လာရောက်စေ၍ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလျက် အဥ္ဇနဝတီကို ဘုရား

လောင်းသတ္တမနေ့မင်းသားအား ပေးအပ်လေ၏၊ ဘုရားလောင်း သတ္တမနေ့မင်းသားသည် အဉ္စနဝတီကို ခေါ်ဆောင်ပြီးလျှင် ကဏှာဇိနာကုမာရီလူးအားဤစကားကို ပြောဆိုဆုံးမ၏။

## ကဏှာဇိနာလူးအား တရားဟောခြင်း

အဆွေတော်ကဏှာဇိနာလူး သင်သည် ငါးပါးသီလတို့ကို လုံခြုံအောင်စောင့်ထိန်းပါလော့၊ ငါးပါးသီလဟူသည်ကား ၁–သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု။ ၂–အရှင်မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု။ ၃–သူတပါးတို့၏ သားမယားတို့၌ ပြစ်မှားလွန်ကျူးခြင်းမှ ရှောင်ကြဉ်မှု။ ၄–မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။ ၅–မူးယစ်စေတတ်သော သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်မှု။ ဤငါးပါးတို့ပင်ဖြစ်သည်။ အဆွေဇိနာလူးကြီး သူတပါးအသက်ကို မသတ်ဘဲ ရှောင်ကြဉ်လျှင်—

## သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုး

၁။ အင်္ဂါခြေလက်ပြည့်စုံခြင်း, အလုံးအရပ်နှင့်ပြည့်စုံခြင်း, သေသောအခါ၌ မတွေ့ဝေဘဲ အေးအေးချမ်းချမ်း ကောင်းမွန်စွာ သေရခြင်း, ခြေဖျားမှ ဦးခေါင်းတိုင်အောင် တည်တံ့ခိုင်မြဲသော ကိုယ်အင်္ဂါရှိခြင်း, တင့်တယ်သော ကိုယ်အင်္ဂါရှိခြင်း, နူးညံ့သိမ်မွေ့ခြင်း, ရဲရင့်ခြင်း, ခွန်အားဗလသန်စွမ်းခြင်း ထူးခြားကောင်းမွန်သော စကားရှိခြင်း, လူအများတို့ ချစ်ခင်နှစ်သက်ခြင်း, မကွဲမပြား တသားတည်း ညီညွတ်သော ပရိသတ်ရှိခြင်း, ကြောက်ရွံ့ထိတ်လန့်မှုမရှိခြင်း, သူတပါး လက်ချက်ဖြင့် အသက် မသေရခြင်း, အခြွေအရံပေါများခြင်း, ယဉ်ကျေးသိမ်မွေ့၍ မိမိစကားကို လေးစားလိုက်နာသော ပရိသတ်ရှိခြင်း, အဆင်းလှခြင်း အရာရာကို သည်းခံနိုင်ခြင်း အနာရောဂါ ကင်းရှင်း ခြင်း, ချစ်ခင်နှစ်သက်သော သားမယားစသည်တို့နှင့် မကွဲမကွာရဘဲ အမြဲနေရခြင်း အသက်ရှည်ခြင်း စသောအကျိုးတရားတို့ကို ရရှိခံစားရပါသည်။

## အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်းအကျိုး

၂။ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်လျှင် များစွာသော ဥစ္စာစပေါ ရှိခြင်း, အဆုံးအပိုင်းအခြား မရှိသော စည်းစိမ်ဥစ္စာရှိခြင်း, မရရှိမဖြစ်ပေါ်သေးသော စည်းစိမ်ဥစ္စာများ ရရှိဖြစ်ပေါ်ခြင်း ရရှိပြီးသော စည်းစိမ်ချမ်းသာတို့ မပျက်မစီး တည်တံ့ခိုင်မြဲခြင်း, အလိုရှိသော စည်းစိမ်ချမ်းသာကို လျှင်မြန်စွာ ရရှိခြင်း, မင်း ခိုးသူ မီး ရေ စသော ရန်သူတို့ မဖျက်ဆီးနိုင်သော ဥစ္စာစည်းစိမ်ရှိခြင်း, သူတပါးတို့ မသုံးဆောင်နိုင်သော အသုံးအဆောင်တို့ကို သုံးဆောင်ရခြင်း, လောကုတ္တရာ ချမ်းသာကို ရနိုင်ခြင်း, မရှိဟူသောစကားကို မကြားရဘဲ ထမင်း အဖျော် အိပ်ရာနေရာတို့ ပြည့်စုံခြင်း, အပါယ်ဘေးမှ ကင်းဝေးခြင်း, မိန်းမဘဝ မရဘဲ ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်၍ လူအများတို့ ချစ်ခင်စုံမက်မြတ်နိုးခြင်း, ယောကျ်ားမဟုတ် မိန်းမမဟုတ်သော အဖြစ်ပျိုးသို့ မရောက်ရခြင်း, ကျွတ်ထိုက်သောပုဂ္ဂိုလ် ဖြစ်ရခြင်း, မေ့လျော့မှု မရှိခြင်း, မျက်နှာအောက်ကျို့မှု မရှိရခြင်း, ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း, ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း, အရာရာ၌ ကြောင့်ကြမစိုက်ရဘဲ လွယ်ကူစွာ ပြည့်စုံခြင်း, ချမ်းချမ်းသာသာနေရခြင်း, ချစ်ခင်သူတို့နှင့် အတူ နေရခြင်း, မချစ်မနှစ်သက်သူတို့နှင့်အတူမနေရခြင်းစသော အကျိုးတို့ကို ရရှိခံစားရပါသည်။

## ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်းအကျိုး

၃။ သူတပါး သားမယားတို့၌ ဖြစ်မှား ကျူးလွန်ခြင်းမှ ရှောင်ကြဉ်လျှင် လူအဖြစ်ကိုရခြင်း၊ မိန်းမမဖြစ်ရခြင်း၊ နပုန်း ပဏ္ဍုက်စသည် မဖြစ်ရခြင်း၊ နူနာစသော ရောဂါဆိုးများ မဖြစ်ရခြင်း၊ အင်္ဂါခြေလက်ပြည့်စုံခြင်း၊ ရုပ်အဆင်း ကြည့်လင် သန့်ရှင်းခြင်း၊ ဘံပင်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ ပြေပြစ် တင့်တယ်ခြင်း၊ နတ်လူတို့ ချစ်ခင်ခြင်း၊ အရွယ်နှင့်ပြည့်စုံခြင်း အသက်ရှည်ခြင်း၊ သေလျှင် နတ်ပြည်သို့ ရောက်ရခြင်း၊ နိဗ္ဗာန်ကိုရခြင်းစသော အကျိုးတို့ကို ရရှိခံစားရပါသည်။

## မုသာဝါဒမှ ရှောင်ကြဉ်ခြင်း အကျိုး

၄။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်လျှင် လူဖြစ်ရခြင်း၊ သန့်ရှင်းချိုသာသောအသံနှင့် ပြည့်စုံခြင်း၊ တင့်တယ်လှပသော သွားရှိခြင်း၊ ဖြူဖွေးစင်ကြယ်သော သွားရှိခြင်း၊ မဆူလွန်း မကြုံလွန်းသော ကိုယ်အင်္ဂါ မမြင့်လွန်း မနိမ့်လွန်းသော လုံးရပ်ရှိခြင်း၊ ချမ်းသာသော အတွေ့ရှိခြင်း ကြာညိုနံ့ကဲ့သို့ ခံတွင်းမှ သင်းပျံ့သော ရနံ့ရှိခြင်း၊ ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ခြင်း၊ ကြာပွင့်ချပ်နှင့် တူသော နူးညံ့သောမျက်လုံးရှိခြင်း၊ ဝါဂွမ်းနှင့်တူသော သိမ်မွေ့သော လျှာရှိခြင်း၊ မေ့လျော့မှုမရှိခြင်း စသော အကျိုးကရားတို့ကို ရရှိခံစားရပါသည်။

## သုရာမေရယမှ ရှောင်ကြဉ်ခြင်း အကျိုး

၅။ သေရည်သေရက် သောက်စား မူးယစ်ခြင်းမှ ရှောင်ကြဉ်လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ ဖြစ်သော ကိစ္စအဝဝတို့ကို လျင်မြန်စွာ သိနိုင်ခြင်း၊ မေ့လျော့မှုမရှိဘဲ အစဉ်သတိကောင်းခြင်း၊ မမေ့မလျော့ခြင်း၊ ဉာဏ်ပညာရှိခြင်း၊ မတွေဝေခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း၊ ချမ်းသာစွာမွေ့လျော်ရခြင်း၊ မှန်ကန်သော စကားရှိခြင်း၊ အချင်းချင်းကွဲပြားအောင် ကုန်းတိုက်မှုမရှိခြင်း၊ ကြမ်းတမ်းသော စကားကို မဆိုဘဲ နူးညံ့သိမ်မွေ့စွာ စကားဆိုခြင်း၊ အကျိုးမဲ့သော စကားတို့ကို မပြောဆိုခြင်း၊ နေ့ရောညပါ စိုးရိမ်ပူဆွေးမှုတို့မှ ကင်းစင်ခြင်း၊ သူ့ကျေးဇူးကိုသိခြင်း၊ သူ့ကျေးဇူးကို သိသည့်အတိုင်း ကျေးဇူးတုံ့ပြန်ဆပ်ခြင်း၊ ဝန်တိုမှု မရှိခြင်း၊ လှူဒါန်း ပေးကမ်းလေ့ရှိခြင်း၊ အကျင့်သီလ စောင့်ထိန်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ဒေါသမထွက်ခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ ဖြောင့်မှန်သော အယူကို ယူခြင်း၊ ကြီးကျယ် မြင့်မြတ်သော ပညာရှိခြင်း၊ အကျိုးရှိသည် မရှိသည်၌ ကောင်းစွာလိမ္မာခြင်း၊ ရူးသွပ်မှု မရှိခြင်းစသော အကျိုးတရားတို့ကို ရရှိခံစားရပါသည်။

## ကဏ္ဍာရဘီလူး ပဥ္စသီ ငါးပါးကို စောင့်ထိန်း၍ ယဉ်ကျေးလာခြင်း

အဆွေတော် ကဏ္ဍာရ ဘီလူးမင်း၊ ဤငါးပါးသော အကျင့်တို့ကို စောင့်ထိန်းပါလော့၊ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ငါးပါး

သီလကို မစောင့်ထိန်းလျှင် သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ဖရိုဖရဲ ကျရောက်ရ၏။ ငါးပါးသီလကို စောင့်ထိန်းသော သူတို့ကား သေသည်၏ အခြားမဲ့၌ကောင်းသောသူတို့၏ လားရောက်ရာဖြစ်သောနတ်ပြည်၌ဖြစ်ရ၏။ ထိုအခါ ကန္တာရဘီလူးသည် ဘုရားလောင်း၏ တရားဒေသနာကို ကြား နာရသဖြင့် နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ ဘုရားလောင်းအား ဤသို့ ဆို၏။ အို ယောကျ်ားမြတ်၊ ကျွန်ုပ်သည်း သင်၏စကားကို ကောင်းစွာ လိုက်နာပါအံ့၊ ဤနေ့မှစ၍ အောက်ထစ်ဆုံးအားဖြင့် ပိုး ရွ ခြပုန်းစသော သတ္တဝါများကိုပင် ကျွန်ုပ်မသတ်တော့ပါ၊ သူတပါးတို့၏ သားမယားတို့ ကိုပြစ်မှားကျူးလွန်ခြင်း မပြုတော့ပါ၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင် ကြဉ်ပါမည်၊ ငါးမျိုးသော သေရည်သေရက်တို့ကို မသောက်တော့ပါဟု ဆို၍ အသက်ထက်ဆုံး ငါးပါးသီလကို ဆောက်တည်၏။

ဘုရားလောင်း သတ္တဓနု မင်းသားသည်လည်း ကန္တာရ ဘီလူးမင်းကို ငါးပါးသီလ၌ တည်စေပြီးလျှင် အဥ္ဇနဝတီ၊ ကရေဏုဝတီ မင်းသမီး များနှင့်အတူ မဏိကက်မြင်းပျံကို တက်စီး၍ မိမိ၏ မြို့တော်ဖြစ်သော ဗာရာဏသီမြို့သို့ ပြန်သွားလေ၏။ ထိုအခါ ဗာရာဏသီပြည်၌ ကြီးစွာ သော စည်းစိမ်ချမ်းသာကို ခံစား၏။ ဘုရားလောင်း သတ္တဓနုမင်းသား သည် သူ့ကျေးဇူးကို သိတတ်သောအားဖြင့် မဏိကက် မြင်းပျံအား ငါးသိန်းသော အသပြာတို့ကိုပေး၏။ မြတ်စွာဘုရားသည် ဤတရား ဒေ သနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းလိုရကား အဆုံးဖြစ် သော ဂါထာတို့ကိုဆို၏။

## ဇာတ်တော်ပေါင်းခန်း

၃၃-၃၈။ ထိုအခါ ဗြဟ္မဒတ်မင်းသည် ယခုအခါ သုဒ္ဓေါဒန် ကေသနီ မိဖုရားကြီးသည် မဟာမာယာ၊ သေတမင်းသည် ရှင်မောဂ္ဂလာန် သိကြားမင်းသည် အရှင်အနုရုဒ္ဓါ၊ ပဒုမဂန္ဓာ မင်းသမီးသည် မိ ထွေးတော် ဂေါတမီ စိရပဘာ မင်းသမီးသည် ယသော်ဓရာ၊ ပဒုမာ ကျွန်မသည် ဥပ္ပလဝဏ်ထေရီ၊ မဏိကက် မြင်းပျံသည် ကန္တကမြင်း၊ အဥ္ဇနဝတီဘီလူးမသည် အဇပါလ ဘီလူးမ၊ နှမ

တော် ကရေဏုဝတီသည် သုန္ဒရီဘိက္ခုနီမ၊ ကန္တာရ ဘီလူးသည် သာတာဂိရိ နတ်ဖြစ်၍ သတ္တဓနု မင်းသားသည်ကား ယခုအခါ ငါဘုရားဖြစ်လာ၏။ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

၁၀–ခုမြောက် သတ္တဓနုဇာတ်ပြီး၏။

နှစ်ခုမြောက် သုဓနုဝဂ် ပြီး၏။

---

၃–စန္ဒရာဇဝဂ်

# ၁-စန္ဒကုမာရဇာတ်

[ဗုဒ္ဓလောင်းလျာသည် ပါရမီတို့ကို ဖြည့်ကျင့်စဉ် ကုန်သည်တို့ဘ၁၀ အမြတ်အစွန်းကို ပဓာနမထား သတ္တဝါများကို ကယ်တင်လွှတ်မြောက်စေခဲ့ပုံ၊ ကုသိုလ်ကောင်းမှု၏ အကျိုး ဒိဋ္ဌဓမ္မအကျိုးပေးပုံများကို စိတ်ဝင်စားဘွယ်ရာ ပြဆိုထား၏။]

မြတ်စွာဘုရားသည် ဟာ ဟာ တာ တ ကေပုတ္တော အစရှိသော ဤ တရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သတ္တဝါတို့အား လွှတ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။ ချဲ့ဦးအံ့။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်မဏ္ဍပ်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ ငါတို့မြတ်စွာဘုရားသည် ဆင်းရဲဒုက္ခ အပေါင်းမှ ၎င်း၊ ဘေးအန္တရာယ် အသွယ်သွယ်မှ၎င်း သတ္တဝါတို့ကို လွှတ်မြောက် ကယ်တင်တော်မူခဲ့သည်မှာ အံ့ဩဘွယ်ကောင်းလှ၏" ဟု စကားကို ပြောဆိုနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ နေတော်မူလျက် မိမိ၏ ဒိဗ္ဗသောတ ဉာဏ်တော်ဖြင့် ထိုရဟန်းတို့၏ စကားကို ကြားသိတော်မူသဖြင့် ဂန္ဓကုဋီတိုက်မှ ကြွလာတော်မူပြီးလျှင် "ရဟန်းတို့ ယခု ငါဘုရား

ကြွလာတော်မူစဉ် သင်တို့သည် အဘယ်စကားကို ပြောဆို၍ စုဝေးနေကြပါသနည်း” ဟု မေးတော်မူရာ ဤမည်သော စကားကို ပြောဆို စုဝေးနေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားလတ်သော်—

“ရဟန်းတို့ ငါဘုရားသည် ဘုရားမဖြစ်မီ ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော် မူစဉ်၌သာလျှင် ဆင်းရဲဒုက္ခ အပေါင်းမှရင်း၊ ဘေးအန္တရာယ် အသွယ်သွယ်မှရင်း သတ္တဝါတို့ကို လွတ်မြောက် ကယ်တင်တော်မူခဲ့သည် မဟုတ်သေး၊ ရှေးအခါ ဉာဏ်မရင့်ကျက်မီ နုစဉ်ကာလ၌လည်း ဆင်းရဲဒုက္ခအပေါင်းမှရင်း၊ ဘေးအန္တရာယ် အသွယ်သွယ်မှရင်း သတ္တဝါတို့ကို လွတ်မြောက် ကယ်တင်တော်မူခဲ့သည်။ ယင်းသို့ ကယ်တင်ခဲ့ခြင်းသည်သာ အံ့ဩဘွယ်ဖြစ်၏ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏၊ထိုအခါရဟန်းတို့သည် တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဓနက မည်သော ကုန်သည် တယောက် ရှိ၏၊ ယင်း ကုန်သည်၏ မယားသည် နန္ဒာအမည် ရှိ၏၊ ဓနကကုန်သည်သည် ငါးရာသော ကုန်သည်တို့၏ အကြီးအကဲ ဖြစ်၏၊ ထိုအချိန်၌ ဘုရားလောင်းသည် တာဝတိံသာ နတ်ပြည်၌ ဖြစ်၏၊ ဘုရားလောင်း နတ်သားသည် တာဝတိံသာ နတ်ပြည်မှ စုတေ၍ လူ့ပြည် ဗာရာဏသီမြို့ ဓနကကုန်သည်ကြီး၏ မယား နန္ဒာ၏ ဝမ်း၌ ကိုယ်ဝန်ယူ၏၊ ဘုရားလောင်းသည် နန္ဒာ၏ဝမ်း၌ ကိုယ်ဝန်ဖြင့် ရှိနေစဉ်တွင် ဓနကကုန်သည်သည် ဤသို့သော အိပ်မက်ကို မြင်မက်လေ၏။ ရသေ့တဦးသည် ကောင်းကင်ခရီးဖြင့် ကြွလာလျက် လဝန်းကို ယူ၍ မိမိ၏ လက်ထည်းသို့ ထည့်ပေး၏ဟု အိပ်မက် မြင်မက်၏၊ ထိုကုန်သည်သည် ဤသို့သော အိပ်မက်ကို မြင်မက် ပြီး၍ နိုးလာသော နေ့၌ပင် မယားနန္ဒာသည် ရွှေအဆင်းနှင့် တူသော သားကို ဖွားမြင်၏၊ ထိုအခါ ဓနကကုန်သည်သည် “ငါသည် ရှေးက ဤကဲ့သို့သော အိပ်မက်မျိုးကို မမြင်မက်စဘူး၊ ယခုမှသာ ဤအိပ်မက်မျိုးကို မက်ပြီး သားရတနာကို ရရှိသည်ဟု ကြံစည် တွေးဆလျက် ဘုရာ

လောင်းအား အမည်မှည့်သော အခါ စန္ဒကုမာရ (လ-သတို့သား)ဟု အမည်မှည့်လေ၏၊ ထို စန္ဒကုမာရ သတို့သားသည် အရွယ်ရောက်လတ်သော် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိ၍ လူအပေါင်းတို့ မြတ်နိုးချစ်ခင်ကြ၏၊ ဘုရားလောင်းသည် တဆယ့် ခြောက်နှစ်အရွယ် ရောက်လတ်သော် အလုံးစုံသော အတတ်ပညာတို့ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်လေ၏။

## စန္ဒကုမာရ ရောင်းဝယ်ဖောက်ကားရန် သွားခြင်း

ထိုအခါ ငါးရာသော ကုန်သည် တို့သည် ဥစ္စာကိုရရန် သုဝဏ္ဏဘူမိသို့ သွားကြရန် စီမံနေကြ၏၊ ယင်းကုန်သည်များ သုဝဏ္ဏဘူမိသို့ သွားရောက်၍ ရောင်းဝယ်ကြမည့် သတင်းကို ဘုရားလောင်း စန္ဒကုမာရ ကြားသော အခါ ဘုရားလောင်းသည် မိဘနှစ်ပါးအား ရှိခိုးလျက် "အို မိခင်ဘခင် ကျေးဇူးရှင်တို့ ကျွန်ုပ်သည် ယနေ့ငါးရာသော ကုန်သည်တို့နှင့် အတူ ဥစ္စာရရန် သုဝဏ္ဏဘူမိသို့ လိုက်သွားပါအံ့"ဟု ပြောဆိုလေ၏၊ ထိုအခါ ဘုရားလောင်း၏မိဘနှစ်ပါး တို့သည် သားအား မသွားရန် တားမြစ်၍ "ချစ်လှစွာသော သား သင်သည် ကုန်သည်များနှင့်အတူ သုဝဏ္ဏဘူမိသို့ မသွားပါနှင့် သမုဒ္ဒရာကို သွားသော လှေသင်္ဘောတို့ မည်သည် တခါတရံ ချောချောမောမော ရောက်သွားသော်လည်း တခါတရံ၌ ပျက်စီးနစ်မြုပ်တတ်၏၊ သင်သည် ငါတို့၏တဦးတည်းသောသားဖြစ်၍ ငါတို့နှင့် စွန့်ခွါမသွားပါလင့်ဟု ပြော၍ ဤသို့ ဆို၏။

၁။ ချစ်စွာသောသား သင်သည် ငါတို့၏ ချစ်မြတ်နိုး အပ်သော တဦးတည်းသော သားဖြစ်၍ ငါတို့ကို စွန့်ခွါလျက် မသွားပါနှင့် သင်သည် ထိုသို့ သွားခြင်းသည် မသင့်လျော်ပါ။

မိဘနှစ်ပါး တို့၏ စကားကို ကြားသော အခါ ဘုရားလောင်းသည် "အိုမိခင် ဖခင် ကျေးဇူးရှင်တို့ ကျွန်ုပ်အား မတားမြစ်ကြပါနှင့် ကျွန်ုပ်သည် ကုန်သည်များနှင့်အတူ ယနေ့သွားလိုလှပါ၏"ဟု ထပ်မံပြောလေရာ မိဘ ၂-ပါးတို့သည် တားမြစ်၍ မရသောကြောင့် ခွင့်ပြုရလေ၏၊ ထိုနောက် ဘုရားလောင်းသည် မိဘ ၂-ပါးအား ရှိခိုးကန်တော့လျက် ထွက်ခွါသွား

လေ၏၊ ဘုရားလောင်းသည် နေ့ကောင်း ရက်သာကို ရွေးချယ်၍ ကုန်သည်များနှင့် အတူ လှေပေါ်သို့ တက်၏၊ လှေကြီးသည် လိုရာဌာနသို့ ချောမောစွာ ရောက်ရှိလေ၏၊ ဘုရားလောင်းသည် လှေမှ ဆင်းသက်၍ ဈေးသို့ သွားသောအခါ သက်ရှိသတ္တဝါများကို ရောင်းဝယ်နေသည်ကိုတွေ့၍ ကြွက်, ကြောင်ငှက်, ဖွတ် စသော သက်ရှိသတ္တဝါတို့ကို ဝယ်ယူခဲ့ပြီးလျှင် လှေ၏အလယ်၌ထားလေ၏။ ထိုအခါ အခြားကုန်သည်များက "အဆွေတော်စန္ဒကုမာရ သင်သည် အဘယ်ကြောင့် ဤသက်ရှိသတ္တဝါတို့ကို ဝယ်ယူပါသနည်း" ဟု မေးကြလေရာ ဘုရားလောင်းက အို မိတ်ဆွေအပေါင်းတို့ ဤသက်ရှိသတ္တဝါတို့ကို လွှတ်ရန်ဝယ်ယူပါသည်ဟု ဖြေလေ၏။ ထိုအခါ အခြားကုန်သည်များက "အဆွေတော် စန္ဒကုမာရ ကုန်သည်တို့မည်သည် ရွှေငွေ စသောဥစ္စာတို့ကိုရရန်အတွက် လှေဖြင့်စွန့်စား၍သွားလာကြရကုန်၏။သင်သည်ကား ဤသက်ရှိသတ္တဝါတို့ကိုဝယ်ယူသဖြင့် ရွှေငွေဥစ္စာမရဘဲ ရွှေငွေဥစ္စာတို့ ကုန်ခန်းရုံသာရှိသည်။ သင်သည်မသိသားဆိုးဝါးလှ၏၊ သင့်မှာ ဥစ္စာရွှေငွေအဘယ်မှာ ရရှိပါလတ့်နည်း" ဟု ပြောဆိုကြရာ ဘုရားလောင်းက "အို မိတ်ဆွေအပေါင်းတို့ သင်တို့သည် ယခုကျွန်ုပ်ကိုမသိသားဆိုးဝါး မိုက်မဲ၏ဟုဆိုကြကုန်သည်၊သင်တို့သာကျွန်ုပ်ထက်ပို၍ မသိသားဆိုးဝါး မိုက်မဲသူများ ဖြစ်လတ့်" ဟုဆိုလေ၏။ ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် မိမိဆန္ဒကို ယင်းကုန်သည်တို့အား သိစေလိုရကား ဤသို့ဆိုလေ၏။

၂-၃။ လောက၌ အကြင်သူသည် သတ္တဝါတို့၏ အကျိုးစီးပွားကို အလိုရှိ၍ သတ္တဝါများ ချမ်းသာစေလိုသဖြင့် သတ္တဝါတို့အား အသက်ဘေးဆင်းရဲဒုက္ခမှ လွတ်စေရန်အတွက် လွှတ်လေ၏။ ထိုသူသို့သည် အသက်ရှည်ခြင်း, ချမ်းသာခြင်း, အခြံအရံ ပေါများခြင်း, ဥစ္စာ ရွှေငွေပေါများခြင်း အကျိုးတရားတို့ကိုခံစားရကုန်၏။

## ဘုရားလောင်း၏ ထူးခြားသောကုန်သည်အဖြစ်

ဤသို့လျှင် အကျိုးအကြောင်းဖြင့် ပြောပြသော ဘုရားလောင်း၏ စကားကိုကြားသောအခါ အခြားကုန်သည်များသည် ဘုရားလောင်းအား

တားမြစ်ခြင်းငှါ မတတ်နိုင်ကြလေကုန်။ ထိုနောက် ဘုရားလောင်းသည် သက်ရှိငါးစသော ရေသတ္တဝါတို့ကို သမုဒ္ဒရာထဲ၌လွှတ်၍၊ ကုန်းသတ္တဝါတို့ကိုယူလျက် သမုဒ္ဒရာကမ်းနား၌ရှိသောတောင်တခုသို့တက်၍ "ဤတောင်သည် အလွန်တင့်တယ်၏၊ ပျော်မွေ့စရာလည်း ကောင်း၏၊ ရသေ့ရဟန်းသူတော်သူမြတ်တို့နေရာဌာနဖြစ်ဟန်ရှိ၏၊ ယခုအခါ ငါသည် ဤတောင်၌ ကြွေးငှက် စသော သတ္တဝါတို့ကိုလွှတ်ရလျှင် ကောင်းလိမ့်မည်ဟု ကြံစည်လေ၏။ ထိုအခါ ရဟန်းတပါးသည် တောင်ထိပ် သစ်ပင်တပင်ရင်း၌ ထိုင်လျက် ဈာန်သမာပတ်ကိုဝင်စားကာ မလှုပ်မရှက် ငြိမ်သက်စွာ ထိုင်နေလေ၏။ ဘုရားလောင်းသည် ငြိမ်သက်စွာထိုင်နေသော မထေရ်ရဟန်းကို တွေ့၍ နှစ်သက်ဝမ်းမြောက်စွာဖြင့် ရဟန်းတော်၏အထံသို့ ချဉ်းကပ်လျက် ရိုသေစွာ ရှိခိုးကန်တော့ပြီးလျှင် "အရှင်ဘုရား အရှင်ဘုရားသည် အဘယ်အကျိုးငှါ ဤအရပ်သို့ ကြွရောက်လာပါသနည်း"ဟု လျှောက်ထားသောအခါ မထေရ်က အိုဒါယကာ ငါသည် ဆိတ်ငြိမ်ခြင်းကိုအလိုရှိ၍ ဤနေရာသို့ ကပ်ရောက်နေထိုင်ခြင်းဖြစ်ပါသည်"ဟုမိန့်၏။

## ကုသိုလ်ကောင်းမှုမည်သည်ကို ပြုသင့်ပြုထိုက်ကြောင်း

ထိုအခါ ဘုရားလောင်းသည် တကိုယ်လုံးမှ ချွေးများယိုစီးထွက်ကျနေသောမထေရ်ကိုမြင်သဖြင့် "အရှင်ဘုရား တပည့်တော်သည် ယနေ့ အရှင်ဘုရားအား ကုသိုလ်ကောင်းမှု တခုကို ပြုပါအံ့"ဟု လျှောက်၏။ အိုဒါယကာ သင်သည် တတ်စွမ်းသမျှကုသိုလ် ပြုပါလော့။ ကုသိုလ်ကောင်းမှုမည်သည် သတ္တဝါတို့၏ အားထားကိုးကွယ်ရာဖြစ်ပေ၏ဟု မိန့်၏။ ထိုအခါ ဘုရားလောင်းသည် မဟာသမုဒ္ဒရာ၌ ရေအိုးတလုံးဖြင့် ရေကို ခပ်ယူခဲ့၍ မထေရ်အား ရေချိုးပေးပြီးလျှင် ကွမ်းကိုရင်း, သူနာ၏အထောက်အပံ့ဖြစ်သောဆေးများကိုရင်း ပေးလှူပြီးနောက် ဆီမီးတတိုင်ကို ညှိထွန်း၍ မထေရ်အား ပူဇော်၏။ ထိုနောက် ယင်းတောင်ထိပ်၌ပင် မထေရ်၏ မျက်မှောက်၌ မိမိယူဆောင်လာသော ကြက်ငှက်စသော သက်ရှိသတ္တဝါတို့ကို လွှတ်လျက် မထေရ်အားရှိခိုး၍ ဆုတောင်းခြင်းကိုပြုလိုရကား—

၄-၅။ အရှင်ဘုရား။ အရှင်ဘုရားသည် တပည့်တော် လျှောက်ထား မည့်စကားကို နားသောတ ဆင်တော်မူပါ၊ ယနေ့ တပည့်တော် သည် ဤကြက်ငှက်စသော သတ္တဝါများကို အသက်ဘေးမှ ကင်း ဝေးအောင် လွှတ်ပေးပါ၏၊ ယနေ့တပည့်တော်သည် ဇီဝိတဒါန အသက် ကယ်ဆယ်ခြင်း အလုပ်ကို ပြုလုပ်ပါ၏၊ ဤကောင်းမှု ကြောင့် တပည့်တော်သည် နောင်အခါ၌ ဘုရားစင်စစ်ဧကန်ဖြစ်၍ သတ္တဝါတို့အား သံသရာတဖက်ကမ်းသို့ ရောက်အောင် ပို့ဆောင် ကယ်တင်နိုင်ရပါလို၏။

ဘုရားလောင်း၏စကားကိုကြား၍ မထေရ်သည်ဘုရားလောင်း၏ အလှူ ကိုအနုမောဒနာ ပြုလိုရကား—

၆-၇။ ဒါယကာ၊ ကြက်ငှက်စသော သတ္တဝါများကို ဆင်းရဲဒုက္ခ အသက် ဘေးမှ လွှတ်စေသော သင်၏အလှူကို အနုမောဒနာပြုပါ၏၊ ယင်း အလှူသည် ပြန့်ပြော ကြီးကျယ်သော ချမ်းသာသုခ အကျိုးကို ပေးပါ လတ့်၊ သင်တောင့်တသော ဆုသည်လည်း ပြည့်စုံပါ လတ့်၊ ဤကောင်းမှုကြောင့် သင်သည် နောင်အခါ၌ ဘုရား စင်စစ် ကေန်ဖြစ်ပါလတ့်။

ဤသို့ ဘုရားလောင်း၏ ကုသိုလ်ကောင်းမှုကို အနုမောဒနာ ပြုပြီး နောက် မထေရ်သည် ထိုနေရာ၌ပင် ထိုင်နေတော်မူ၏။ ဘုရားလောင်း သည်လည်း မထေရ်အား ရှိခိုးကန်တော့ပြီးလျှင် တောင်ထိပ်မှ ဆင်းသက် လျက် လှေပေါ်တွင် တက်ရောက် နေလေ၏။ ထို့နောက် ကုန်သည် တို့၏လှေသည် သမုဒ္ဒရာသို့ ဆက်လက် ခရီးထွက်ရာ သမုဒ္ဒရာအလယ်သို့ ရောက်သောအခါ လှေသည် လှုပ်လှုပ် ရှားရှား ဖြစ်လာ၏။ ထိုအခါ ဘုရားလောင်းသည် လှုပ်လှုပ်ရှားနေသော လှေ၏ အခြေအနေကိုသိ၍ ဤလှေသည် မကြာမီ ကွဲပျက်နစ်မြုပ်လတ့်ဟု သိရကား ထောပတ် ပျား သကာစသည်တို့ကို ဝအောင်စားလျက် ပုဆိုးအင်္ကျီများကို ဆီများဖြင့် ဆွတ်၍ မိမိကိုယ်ကိုလည်း ဆီများသွန်းလောင်း ပြီးလျှင် လှေရှုက်တိုင် ထိပ်သို့တက်၍ နေလေ၏။ လှေနစ်မြုပ်သောအခါ အခြားကုန်သည်များ

သည် ရေတွင်နစ်မြုပ် သေဆုံးကြပြီး ငါးလိပ်တို့၏ အစာဖြစ်ကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် အရပ်မျက်နှာတို့ကို မျှော်ခေါ် ကြည့်ရှုပြီး နောက် ဗာရာဏသီ မြို့တော်ရှိရာ အရပ်မျက်နှာကို မှန်းဆ၍ ရှက်တိုင် ထိပ်မှ တအားကုန် ခုန်ချလိုက်ရာ ငါးလိပ်တို့ရှိရာကို ကျော်လွန်လျက် ရှစ်ဥသဘမျှလောက်သော အရပ်တွင် ကျရောက်လေ၏။ (တဥသဘသည် ၁၄၀-တောင်ရှိ၏။) ထိုနေ့သည် လပြည့်နေ့ဖြစ်၏၊ ဘုရားလောင်းသည် ကောင်းကင်သို့ မော်ကြည့်သောအခါ လပြည့်ဝန်းကို တွေ့သောကြောင့် ယနေ့သည်ကား လပြည့်ဥပုသ်နေ့ဖြစ်သည်ဟုသိ၍ ရေထဲ၌ပင် သမုဒ္ဒရာရေဖြင့် ခံတွင်းကို ဆေးကြောလျက် ရှစ်ပါးသီလကို ဆောက်တည်၍ သမုဒ္ဒရာထဲ၌ နစ်မျောလေ၏။ (ဤသို့ မဟာသမုဒ္ဒရာ၌ ဘုရားလောင်းသည် နစ်မြုပ်ဆင်းရဲ ဒုက္ခရောက်ခြင်း သည်ကား သတ္တမနေ့ဇာတ်၌ ဆိုခဲ့သည်အတိုင်း ပြုလုပ်ခဲ့သော ရှေးကံဟောင်းကြောင့် ဤကဲ့သို့ ရေနစ်မြုပ်၍ ဆင်းရဲဒုက္ခ ရောက်ရခြင်းဖြစ်သည်) ယခုအခါ မကောင်းမှုကံ၏အကျိုးကို ပြလိုရကား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ဂ။ သင်တို့သည် မကောင်းမှု ဒုက္ကုသိုလ်ကံကို သေးငယ်သည် အနည်းငယ်မျှသာဟု ထင်မှတ်၍ မထိမဲ့မြင်မပြုကြလင့်၊ အနည်းငယ်သော မကောင်းမှုသည် ကြီးကျယ်ပြန့်ပွါး များပြားသောအကျိုးကိုပေးနိုင်၍ ကြီးစွာသော ဆင်းရဲဒုက္ခ ရောက်စေနိုင် ပေသည်။

ဘုရားလောင်း မဟာသမုဒ္ဒရာအလယ်၌ ရေနစ်မြုပ် ကျသောနေ့၌ပင် သုဝဏ္ဏဘူမိမြို့၌ နေသော မင်းကြီးသည် ရောဂါ ဖိစီးသဖြင့် နတ်ရွာစံ ကံတော်ကုန်လေ၏။ လွန်ခဲ့သော ခုနစ်ခုမြောက်ဘဝက ဘုရားလောင်း၏ မယ်တော်ဖြစ်ခဲ့ဘူးသော မဏိမေခလာ အမည်ရှိသောနတ်သမီးတယောက်သည် မဟာသမုဒ္ဒရာကို စောင့်ရှောက်လျက်ရှိရာ ယခုအခါ ငါသည် မဟာသမုဒ္ဒရာကို ကြည့်ရှုအံ့ဟု မိမိတန်ခိုးဖြင့် သမုဒ္ဒရာအလယ်သို့ သွားရောက်ကြည့်ရှုသောအခါ သမုဒ္ဒရာ အလယ်၌ နစ်မျောနေသော ဘုရားလောင်းကိုမြင်၍ ကောင်းကင်၌ ရပ်လျက် ဘုရားလောင်းအား မေးလိုရကား ဤဂါထာကိုဆိုလေ၏။

၉။ သမုဒ္ဒရာအလယ်၌ ကမ်းကိုမမြင်ရဘဲ ကြိုးစား အားထုတ်၍ ကူး ခပ်နေသည်ကား အသူနည်း၊ သင်သည် အဘယ်သို့သောအကျိုး ကျေးဇူးကိုမြင်၍ ဤကဲ့သို့ လုံ့လကြိုးကုတ် အားထုတ်နေပါ သနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ယင်း မဏိမေခလာ နတ် သမီးနှင့်အတူ စကားပြောလိုရသား ဤဂါထာနှစ်ပုဒ်ကို ဆိုလေ၏။

၁၀-၁၁။ အို နတ်သမီး သင်သည် ကျွန်ုပ်စကားကို နားဆင်ပါလော့ မိမိတို့ကိုယ်တိုင် များစွာသော မကောင်းမှုကို ပြုကြသော ကုန် သည်တို့သည် ဤသမုဒ္ဒရာ၌ နစ်မြုပ်ပျက်စီးကြပါကုန်၏။ အို နတ် သမီး မကောင်းမှု အကုသိုလ်ကို မပြုလုပ်ခဲ့သော ကျွန်ုပ်သည် ကား မိမိကိုယ်ကို လွတ်မြောက်စေလျက် ချမ်းသာစွာဖြင့် သမုဒ္ဒရာ တဖက်ကမ်းသို့ရောက်အောင် ကူးခပ်ပါအံ့။

## မဏိမေခလာနတ်သမီး ကယ်တင်ခြင်း

ဘုရားလောင်း၏ စကားကိုကြားသောအခါ မဏိမေခလာ နတ်သမီး သည် နှစ်သက်ဝမ်းမြောက်သဖြင့် ပန်းစည်းကဲ့သို့ ဘုရားလောင်းကို ကယ် တင် ယူဆောင်လျက် သမုဒ္ဒရာအလယ်မှ ကောင်းကင်သို့ပျံတက်၍ သုဝဏ္ဏ ဘူမိမြို့သို့ယူဆောင်၍ မင်္ဂလာဥယျာဉ်တော်ရှိ ကျောက်ဖျာထက်၌ ဘုရား လောင်းကို ထားလျက် လိုနေရာမှ ကွယ်ပျောက်သွားလေ၏။ ထိုအခါ သုဝဏ္ဏဘူမိ၌နေကြသော အမတ်စသော လူအပေါင်းတို့သည် မင်းကြီး၏ ဈာပနကိစ္စကို ပြုလုပ်ပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ မင်း ယင် ပြင်၌ စည်းဝေးကြလျက် "အို လူများအပေါင်းတို့ ငါတို့မင်းကြီးသည် နတ်ရွာစံတော်မူသွားပြီဖြစ်ရာ မင်း အဖြစ်ကို ဆက်လက်ခံယူမည့် သား တော်များ မကျန်ရစ်ခဲ့ပေ။ သိမ္မလိအမည်ရှိသော သမီးတော်တယောက် ရှိ၏။ သို့သော်လည်း ယင်းမင်းသမီး၌ လင်ယောကျ်ား မရှိချေ။ သို့ ဖြစ်လေရာ ငါတို့သည် မင်းကိုရရန်အတွက် ဖုဿရထား (ဖုတ်သွင်းရထား မင်္ဂလာရထား) ကို လွှတ်ကြကုန်အံ့" ဟု တိုင်ပင်ကုန်ကြပြီးလျှင် မင်္ဂလာ

ရထားကို တန်ဆာဆင်စေပြီး ပူဇော်ဘွယ် ဘဏ္ဍာတို့ကိုရင်း, တူရိယာ အမျိုးမျိုးတို့ကိုရင်း ယူဆောင်ကြကုန်လျက် မင်္ဂလာရထား၏ နောက်မှ လိုက်ကြကာ မင်္ဂလာရထားကို လွှတ်ကြကုန်၏။

ထိုမင်္ဂလာရထားသည် သုဝဏ္ဏဘူမိမြို့မှထွက်၍ မြို့ကိုလက်ျာရစ် လှည့်ပတ်ပြီးလျှင် ထိုဥယျာဉ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ၌ ဘုရားလောင်းသည် ကိုယ်ခန္ဓာ ပင်ပန်းနွမ်းနယ်လာသဖြင့် ထိုဥယျာဉ်၌ ခေါင်းမြီးခြုံလျက် အိပ်ပျော်နေလေ၏။ လူအပေါင်းတို့သည် မင်္ဂလာရထားနောက်မှ လိုက်လာကြရာ ဘုရားလောင်းအိပ်နေရာသို့ ရှေးရှုသွားသော ဖုဿရထား မင်္ဂလာရထားကို တွေ့ကြသောအခါ "အို လူများအပေါင်းတို့ ကျောက်ဖျာထက်၌ အိပ်နေသော လုလင် ယောကျ်ားသည် ဘုန်းကံရှိသော ယောကျ်ားလော၊ဘုန်းကံနည်းပါးသော ယောကျ်ားလော၊ငါတို့မသိရချေ ယခု ငါတို့သိအောင်ပြုကြအံ့၊ငါတို့သည် ယခုအခါ တူရိယာအမျိုးမျိုးတို့ကို တပြိုင်နက်ဆူညံစွာ တီးမှုတ်ကြကုန်အံ့၊အကယ်၍ ကျောက်ဖျာထက်၌ အိပ်ပျော်နေသော လုလင်ယောကျ်ားသည် ဘုန်းကံမရှိသူဖြစ်လျှင် တီးမှုတ်သံများကြောင့် ထိတ်လန့် ကြောက်ရွံ့လျက် ထွက်ပြေးလတံ့၊ ဘုန်းကံရှိသော ယောကျ်ား ဖြစ်မူကား ထွက်မပြေးဘဲ တည်တံ့စွာ နေလတံ့ဟု တိုင်ပင် ညီညွတ်ကြ ကုန်လျက် တူရိယာ အားလုံးတို့ကို တပြိုင်နက် ဆူညံစွာ တီး မှုတ်ကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ဆူညံစွာသော တူရိယာ တီးမှုတ်သံကို ကြားလျှင် ခေါင်းမြီးခြုံ ဖွင့်၍ လူအများကို ကြည့်သောအခါ ဤလူ အများသည် ငါ့အထံသို့ လာ၍ မင်းအဖြစ်ကို ဖိတ်မန်တောင်းဆို ကုန် လတံ့ဟု သိသဖြင့် ခေါင်းမြီးခြုံလျက် ထိုနေရာ၌ပင် ဣန္ဒြေမပျက် အိပ် နေလေ၏၊ ထိုအခါ၌ လက္ခဏာ အတတ်ကို ကျွမ်းကျင်တတ်မြောက် ကုန် သော လက္ခဏာပညာရှင် အမတ်တို့သည် အိပ်ပျော်နေသော လုလင်၏ ခြေလက္ခဏာကို ကြည့်သောအခါ "အို လူအပေါင်းတို့ ဤ ယောကျ်ား သည် ဘုန်းကံရှိသော ယောကျ်ားဖြစ်သည်၊ ဤယောကျ်ားသည် ဤဇမ္ဗူ ဒိပ် တကျွန်းကို ထားဘိဦး လေးကျွန်းလုံးကိုပင် စိုးမိုးအုပ်ချုပ် နိုင်သော

ပဂ္ဂိုလ်ထူး ဖြစ်လတံ့ဟု ပြောဆိုလေ၏၊ ပုဏ္ဏားအမတ်တို့၏ စကားကို ကြားသောအခါ အမတ်များနှင့် လူအပေါင်းတို့သည် ဘုရားလောင်းထံ ချဉ်းကပ်လျက် "အို ယောကျ်ားမြတ် ယခုရောက်လာကြသော ကျွန်ုပ်တို့ အားလုံးသည် သင့်အား မင်းအဖြစ်ကို လက်ခံရန် တောင်းပန်ကြ ကုန်၏၊ သင်သည် ဘုန်းကံ ရှိသောသူ ဖြစ်၍ ကျွန်ုပ်တို့ တိုင်းပြည်ကို စီမံအုပ်ချုပ် မင်းလုပ်ပါလော့"ဟု တောင်းပန်ကြ ကုန်၏၊ ထိုစကားကို ကြားသော အခါ ဘုရားလောင်းသည် နေရာမှ ထ၍ ပလ္လင်ထက်၌ ထိုင်လျက် အမတ် တို့အား "အို မှူးမတ်အပေါင်းတို့ သင်တို့မင်းသည် အဘယ်အရပ်သို့ သွား ပါသနည်း"ဟု မေးသောအခါ ကျွန်ုပ်တို့မင်းသည် နတ်ရွာစံ သွားပါပြီဟု လျှောက်ထားကြ ကုန်၏။

ထိုနောက် ဘုရားလောင်းက သင်တို့မင်း၌ သားသမီး ရှိပါသလားဟု မေးပြန်ရာ အို ယောကျ်ားမြတ် ကျွန်ုပ်တို့မင်း၌ သားယောကျ်ား မရှိပါ၊ သိမ္ဗလိမည်သော သမီးတော်တပါးရှိပါသည်ဟု အမတ်တို့ကဖြေ၏၊ အမတ် တို့စကားကို ကြားသောအခါ ဘုရားလောင်းသည် ကောင်းပြီဟု ဝန်ခံ လေ၏၊ ထိုအခါ အမတ်အပေါင်းတို့အည် ဘုရားလောင်းအား နှစ်သက် ဝမ်းမြောက်ဖွယ်စကားတို့ကို ပြောကြားကြပြီးနောက် အို ယောကျ်ားမြတ် သင်သည် ရှေးဘုန်းရှေးကံရှိသူ ဖြစ်ပါ၏၊ ဤမင်္ဂလာရထားထက်သို့ တက်၍ မြို့တော်သို့ သွားကြကုန်ပါအံ့ဟု ဆို၍ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ် ကြကုန်၏၊ ဘုရားလောင်းသည် များစွာသော အခြံအရံတို့နှင့်အတူ မြို့ တော်သို့သွား၍ ပြာသာဒ်ထက်သို့ တက်ပြီးလျှင် ထီးဖြူစိုက်မိုးထားသော ကျက်သရေရှိသော မြတ်သောအိပ်ရာထက်၌ ကိန်းနေတော်မူ၏။

အမတ်များနှင့်တကွ လူအပေါင်းတို့သည် ဘုရားလောင်းအား မင်း အဖြစ် ရာဇဘိသိက်သွန်းပြောက်၍ သုဂဏ္ဏဘူမိမြို့ကို အပ်နှင်းလေ၏၊ ဘုရား လောင်းသည် သိမ္ဗလိမင်းသမီးအား မိဖုရားကြီးအရာ၌ ထားပြီးလျှင် ကသောင်းခြောက်ကောင်သော မင်းသမီးတို့၏ အကြီးအကဲအဖြစ် ထား လျက် သုဝဏ္ဏဘူမိ မြို့သူမြို့သားတို့အား တရားနှင့်အညီ စီမံအုပ်ချုပ်၍ မင်းလုပ်တော်မူလေ၏၊ သိမ္ဗလိဒေဝီမိဖုရားသည် စန္ဒမင်း ချစ်မြတ်နိုးသော

မိဖုရားကြီးဖြစ်၏၊ စန္ဒမင်းသည် အခြံအရံပရိသတ်များစွာဖြင့် သုဝဏ္ဏဘူမိ မြို့သူမြို့သားတို့အား မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုအုပ်ချုပ်လျက် နေ့စဉ် အလှူတော်ကြီးကို ပေး၍နေလေ၏၊ ထိုအခါ စန္ဒမင်းသည် ရှေးက ကြက်ငှက်စသော သက်ရှိသတ္တဝါများကို မိမိလွှတ်ခဲ့သည်ကို ပြန်လည်သတိရ၏၊ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုတော်မူ၏။

၁၂-၁၄။ ထိုအခါစန္ဒမင်းသည် ရေ၌၎င်း, ကုန်း၌၎င်း, သက်ရှိသတ္တဝါတို့ကို အသက်ကယ်သောအားဖြင့် လွှတ်ခဲ့သည်ကိုနှစ်သက်ဝမ်းမြောက်စွာ သတိရလေ၏။ ဤငါ၏အလှူသည် အံ့သြဘွယ်ရှိပါပေစွ၊ ဘေးဥပဒ် အန္တရာယ်မရှိဘဲ တပါးမက များစွာသော အကျိုးတရားတို့ကို ယခုအခါရရှိပေသည်။ လောက၌ သတ္တဝါတို့၏အားထားကိုးကွယ်ရာသည်ကား ကုသိုလ်ကောင်းမှုသာဖြစ်၏။ ပညာ,ဝီရိယနှင့်ပြည့်စုံသောသူသည် အခါခပ်သိမ်း ချမ်းသာခြင်းသို့ရောက်ရလေ၏။

ထိုအခါမှစ၍ စန္ဒမင်းသည် မိမိရှေးက ကုသိုလ်ပြုခဲ့သည်တို့ကို သတိရအောက်မေ့လျက် သုဝဏ္ဏမြို့သူမြို့သားတို့အား တရားနှင့်အညီ မင်းပြုတော်မူ၏။

## ကုသိုလ်၏ဒိဋ္ဌဓမ္မအကျိုးကိုခံစားရ

၁။ စန္ဒမင်းသည် မင်းမဖြစ်မီက သမုဒ္ဒရာမှဆောင်ယူခဲ့သော ရေတအိုးဖြင့် တောင်ထိပ်၌ ယရားအားထုတ်နေသော မထေရ်အား ရေချိုးပေးခဲ့သောကောင်းမှုကြောင့် ယခုမင်းဖြစ်သောအခါ၌နတ်တို့သည် ရေအိုးရှစ်သောင်းအပြည့် အနောတတ်အိုင်မှရေကိုယူ၍ယင်းရေဖြင့် စန္ဒမင်းကြီးအား ရေချိုးပေးကြကုန်လျက် ယင်းရေများကိုပင် သုံးစွဲစေကုန်၏။

၂။ ထိုမထေရ်အား ကွမ်းနှင့် ဆေးပစ္စည်းများကို လှူခဲ့သော ကောင်းမှုကြောင့်ယခုမင်းဖြစ်သောအခါတွင်နတ်အပေါင်းတို့သည် ဟိမဝန္တာမှ ကွမ်းနှင့်ဆေးပစ္စည်းအမျိုးတို့ကို၎င်း, အမျိုးမျိုးသော ချိုမြိန်ကောင်းမြတ်သော သစ်မြစ်, သစ်သီး ကြီးငယ်တို့ကို၎င်း, ပန်းပွင့်

အမျိုးမျိုးတို့ကိုရင်း ယူဆောင်၍ နေ့စဉ်စန္ဒမင်းကြီးအားပေးဆက်ကြကုန်၏။

၃။ ထိုမထေရ်အား ဆီမီးတတိုင် တွန်းညှိပူဇော်ခဲ့သော ကောင်းမှုအကျိုးဆက်ကြောင့် နတ်အပေါင်းတို့သည် ဂ-သောင်းသော ရွှေခွက်တို့ဖြင့် ဆီမီးတို့ကိုယူဆောင်၍ ညစဉ်စန္ဒမင်းကြီးအား ပူဇော်သောအားဖြင့် ဆီမီးကို ညှိထွန်းပူဇော်ကြကုန်၏။

၄။ ဗျိုင်းတို့ကို ဇီဝိတဒါနအဖြစ် လွှတ်ခဲ့သော ကောင်းမှုအကျိုးဆက်ကြောင့် ဂ-သောင်းသော ဗျိုင်းတို့သည် ဟိမဝန္တာမှစန္ဒကူးပန်းတို့ကိုယူဆောင်၍ နေ့စဉ် စန္ဒမင်းကြီးအားပူဇော်ကြကုန်၏။

၅။ ကြေးငှက်များကို ဇီဝိတဒါနအဖြစ်ဖြင့် လွှတ်ခဲ့သော ကောင်းမှုအကျိုးဆက်ကြောင့် ဂ-သောင်းသောကြေးငှက်တို့သည်ဟိ မဝန္တာမှ သလေးစပါးနှံများကို ယူဆောင်၍ နေ့စဉ်ပေးဆက်ကြကုန်၏။

၆။ ကြွက်များကို ဇီဝိတဒါနအဖြစ်ဖြင့် လွှတ်ခဲ့သော ကောင်းမှုအကျိုးဆက်ကြောင့် ဂ-သောင်းသောကြွက်တို့သည် ဟိမဝန္တာမှရောက်လာသော သလေးစပါးနှံများကို အခွံများချွတ်၍ သန့်ရှင်းသော ဆန်များပြုလုပ်၍ နေ့စဉ်ပေးကြကုန်၏။

၇။ မျောက်, တောဝက်တို့ကို ဇီဝိတဒါနအဖြစ်ဖြင့် လွှတ်ခဲ့သော ကောင်းမှု အကျိုးဆက်ကြောင့် ဂ-သောင်းသော မျောက် တောဝက်တို့သည် ဟိမဝန္တာမှ ရွှေငွေများကိုယူဆောင်၍ နေ့စဉ်ပေးကြကုန်၏။

၈။ ဖွတ်တို့ကို ဇီဝိတဒါနအဖြစ်ဖြင့် လွှတ်ခဲ့သော ကောင်းမှုအကျိုးဆက်ကြောင့် ဂ-သောင်းသော ဖွတ်တို့သည် ဟိမဝန္တာမှရေသဖန်းသီးများကိုယူဆောင်၍ နေ့စဉ်ပေးလှူကြကုန်၏။

၉။ ငါးလိပ် တို့ကို ဇီဝိတဒါန အဖြစ်ဖြင့် လွှတ်ခဲ့သော အကျိုးဆက်ကြောင့် ရှစ်သောင်းသော ငါးလိပ် စသည်တို့သည် သမုဒ္ဒရာမှ ရတနာ အမျိုးမျိုးတို့ကို ယူဆောင်၍ နေ့စဉ်ပေးကြကုန်၏။

၁၀။ မြို့သူမြို့သားများနှင့် ဇမ္ဗူဒိပ်ကျွန်း၌ နေကြသော မင်းအပေါင်းတို့သည် အမျိုးမျိုးသော လက်ဆောင် ပဏ္ဏာများဖြင့် စန္ဒမင်းကြီးအား ပေးဆက်ကြကုန်၏။

## အလှူရေစက် လက်နှင့်မကွာ

နောက်ကာလ၌ သိမ္ဗလိဒေဝီ မိဖုရားသည် သားတယောက်ကိုဖွားမြင်၏၊ သား၏အမည်ကို မဟိလာမင်းသားဟု အမည်ပေး၏၊ ဘုရားလောင်း စန္ဒမင်းသည် နှစ်ရှည်လများ မင်းစည်းစိမ် ချမ်းသာကို ခံစားလျက် နေခဲ့ရာ ယခုအခါငါသည် အသက်အရွယ် ကြီးရင့်ပြီဟု ကြံစည်အောက်မေ့လျက် ၇-မျိုး ၇-လီသော အလှူကြီးကို ပေးလှူလိုသောကြောင့် မိမိ၏ သေနဂုတ် အမတ်အား ခေါ်၍ ဤသို့ မိန့်တော်မူ လေ၏၊ "အမောင် သေနဂုတ်အမတ် ငါသည် ၇-မျိုး ၇-လီသော အလှူကြီးကို မနက်ဖြန်တွင် ပေးလှူလိုသည်၊ ဆင် ခုနစ်ရာ, မြင်း ခုနစ်ရာ, ရထားခုနစ်ရာ, အမျိုးသမီးခုနစ်ရာ, နို့ညှစ်နွားမ ခုနစ်ရာ, ကျွန်မိန်းမ ခုနစ်ရာ, ကျွန်ယောကျ်ား ခုနစ်ရာတို့ကို သင်သည် စီမံပါလော့၊ ထို့ပြင် အမျိုးမျိုးသော ထမင်း အဖျော် စသည် တို့ကိုလည်း ပြည့်စုံအောင် စီမံပါလော့၊ အယုတ်ဆုံးအားဖြင့် သေရည်အရက် သောက်လိုသော သူတို့အတွက် သေရည်အရက်များကို စီမံပေးလော့ဟု မိန့်တော် မူပြီးနောက် အိပ်ရာသို့ ဝင်တော်မူ၏၊ သေနဂုတ် အမတ်သည် ဘုရားလောင်း စန္ဒမင်းကြီး မိန့်တော်မူသည့် အတိုင်း အလုံးစုံကို ပြည့်စုံအောင် မင်းယင်ပြင်၌ စီမံထားလေ၏။

ထိုအခါ နတ်အပေါင်းတို့သည် ထိုထိုအရပ်ဒေသတို့သို့ သွားရောက်၍ မြို့သူမြို့သား ရွာသူရွာသားတို့အားရင်း,ဖုန်းတောင်းယာစကာတို့အားရင်း, ဇမ္ဗူဒိပ်တကျွန်းလုံး၌နေကြကုန်သောမင်းအများတို့အားရင်းထိုအကြောင်းကိုသွားရောက်ပြောကြားကြကုန်၏။ "အို လူများအပေါင်းတို့စန္ဒမင်းကြီးသည် မနက်ဖြန် ၇-မျိုး ၇-လီသောအလှူကြီးကိုပေးလှူလိမ့်မည်။ မိမိတို့ အလိုရှိရာ အလှူပစ္စည်းများကို သွားရောက်ယူငင် သုံးစွဲစားသောက်ကြကုန်လော့ဟု လိုက်လံကြွေးကြော် ဖိတ်ကြားကုန်၏။ ဤသို့ နတ်အပေါင်းတို့ လိုက်လံကြွေးကြော် ဖိတ်ကြားသောစကားကိုကြားသောအခါ—

ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ရှိကြကုန်သော မင်းအများတို့သည် နတ်တို့၏ အာနုဘော်ဖြင့် လျင်မြန်စွာ သုဝဏ္ဏဘူမိမြို့သို့ လာရောက်ကြကုန်လျက် မင်းယင်ပြင်သို့ဝင်ရောက်၍ အမျိုးသမီးများကို ယူဆောင်၍ မိမိတို့မြို့သို့ ခေါ်ဆောင်သွားကြကုန်၏။ အမတ်စသောလူအပေါင်းတို့သည် မင်းယင်ပြင်သို့သွား၍ မိမိတို့ အလိုရှိသော ဆင်မြင်းစသည့်တို့ကိုယူဆောင်၍ မိမိတို့ နေရာသို့ယူသွားကြကုန်၏။ ဖုန်းတောင်းယာစကာ ဒွန်းစဏ္ဍားတို့သည်လည်း မင်းယင်ပြင်သို့ဝင်၍ မိမိတို့အလိုရှိသော အမျိုးမျိုးသောဝတ္ထုပစ္စည်းများကို ယူဆောင်၍ မိမိတို့နေရာသို့ပြန်သွားကြကုန်၏။ သေရည်သေရက်သောက် စားလိုသူတို့သည်လည်း မင်းယင်ပြင်သို့ဝင်၍ မိမိတို့ဆန္ဒရှိသလောက် အရက် သေစာများကို သောက်စားကြပြီးလျှင် မိမိတို့နေရာဌာနသို့ ပြန်သွားကြ ကုန်၏။

ထိုအခါ ဘုရားလောင်းသည် မိမိ ၇-မျိုး ၇-လီသောအလှူဝတ္ထုများကို မိမိတို့ ကြိုက်နှစ်သက်သလို ယူငင်သုံးစွဲကြသည်ကို ကြည့်လျက် နှစ်သက် ဝမ်းမြောက်စွာရှိလေ၏။ ထိုအချိန်တွင် ဘုရားလောင်း၏ အလှူယာန်ခိုး အစွမ်းကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီး သည် အမှန်ယစ်သောဆင်ပေါက်ကဲ့သို့ သည်းစွာသောအသံကို ပြုလျက် ကုန်လှုပ်၏။ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင် မင်းသည်လည်း မီးအိုးသောကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ် ခွေပျော့လျက် သုဝဏ္ဏဘူမိမြို့သို့ ရှေးရှုတည်လေ၏။ မြေလှုပ်သောအသံဖြင့်ကောင်းကင်ယံ အလုံး ထစ်ချုန်း ရိုက်ကြိုးလျက် မိုးကြီးသည်းထန်စွာ ရွာ၏။ မိုးအခါ မဟုတ်ဘဲ တိမ်ပုပ်တိမ်ထပ်ကြားမှ လျှပ်စစ်စွယ်တို့သည်လည်း အသွယ်သွယ် ယှက်သန်းလျက် တက်ကုန်၏။ မဟာသမုဒ္ဒရာ သည်လည်း လှိုင်းတံပိုး ထသဖြင့်ချောက်ချား၏။ သိကြားမင်းသည်လည်း ရှင်လန်းခြင်းမက ရှင်လန်း လျက်လက်ပန်းပေါက်ခတ်၏။ တဆဲ့ငါးရွာဗြဟ္မာ အပေါင်းတို့သည်လည်း ကောင်းချီးပေးကုန်၏။ လူ့ပြည်မှသည် အကနိဋ္ဌဘုံတိုင်အောင် အုတ်အုတ် ကျက်ကျက် တခဲနက်သော အသံဖြစ်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့မိန့်ဆိုတော်မူ၏။

၁၅-၁၆။ ၂-ဂါထာသည် ဂ ဓမ္မိကပဏ္ဏိတရာဇဇာတ် ၃-၄ ဂါထာနှင့်တူ၏။

၁၇။ ဂါထာသည် ၄- သုရုပရာဇဇာတ် ၄၂-ဂါထာနှင့်တူ၏။

ထိုအခါ ဘုရားလောင်း၏ တန်ခိုး အာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကိုပြ၏။ သိကြားမင်းသည် မိမိ၏ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လတ်သော် ယခုအခါ စန္ဒမင်းသည် ၇-မျိုး ၇-လီ သော အလှူကြီးကို ပေးလှူ၏၊ ငါသည်လည်း လူ့ပြည်သို့ သွားခြင်းငှါ သင့်၏ဟု ကြံစည်လျက် အထူးထူး အပြားပြား များစွာသောပန်းတို့ဖြင့် ဆန်းကြယ်သော ရွှေအဘိပြီးသော ဗိမာန်တခုကို ဖန်ဆင်းလျက် ယင်း ဗိမာန်ကိုတက်စီး၍ သိကြားပြည်မှသက်ဆင်းပြီးလျှင် သုဝဏ္ဏဘူမိမြို့သို့လာ၍ ထိုစန္ဒမင်းကြီး၏ရှေ့၌ ရပ်တည်းလာ၏။ ထိုအခါ စန္ဒမင်းကြီးသည် ယင်း ဗိမာန်ကိုမြင်၍ မေးမြန်းလိုရကား—

၁၈။ ယခုအခါ ငါ၏ရှေ့၌ ရပ်တည်လာသော ထိုဗိမာန်ကို ငါသည် မသိပါ၊ အဘယ်နတ်သည် ဤအရပ်သို့လာပါသနည်း၊ ငါ့အား ဟုတ်တိုင်းမှန်စွာ ပြောကြားပါလော့။

ထိုစကားကိုကြား၍ သိကြားမင်းသည် ဂါထာနှစ်ပုဒ်ကိုဆို၏။

၁၉-၂၀။ အို မင်းမြတ်၊ သင်၏အနီးထံပါးသို့ ရောက်လာသော ငါသည် ကား နတ်တို့သနင်း သိကြားမင်း ဖြစ်ပါ၏၊ သင်အလှူပေးသဖြင့် ဝမ်းမြောက်သောကြောင့် အနုမောဒနာပြုရန် လာပါ၏၊ သင်၏ ဤအလှူကြောင့် သင့်အား လက်အုပ်ချီမိုးရှိခိုးပါ၏၊ သင်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန် ဖြစ်လပါတံ့။

ဤသို့ဆိုပြီးနောက် သိကြားမင်းသည် ထိုစန္ဒမင်း၏ မွန်မြတ်သောအလို အဇ္ဈာသယကိုသိ၍ ဘုရားလောင်း စန္ဒမင်းအား ချီးကျူးခြင်းကို ပြု၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော် မူ၏။

၂၁-၂၇ (ဤ ၇-ဂါထာတို့ကား ၇- သိရိစုဒါမဏိဇာတ်လာ၊ နံပါတ် ၂၃-မှ ၂၉ထိ ဂါထာများနှင့်တူ၏။)

ဤသို့မိန့်ဆိုတော်မူပြီးလျှင် သိကြားမင်းသည် စန္ဒမင်း၏ ကုသိုလ်၏ ကောင်းမှုကို အနုမောဒနာပြုလျက် မြတ်သောမင်းကြီး သင်မင်းကြီးသည် ဤနေ့မှစ၍ မမေ့မလျော့ဘဲ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါလော့ ဟုဆို၍ မိမိနေရာ ဘုံဗိမာန်သို့ ပြန်သွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၂၇။ စတုမဟာရာဇ် တာဝတိံသာ နတ်ရွာနှစ်ခုကိုအစိုးရသောသိကြား မင်းသည် ဤသို့ပြောဆိုပြီးလျှင် စန္ဒမင်းအား ဆုံးမဩဝါဒ ပေး လျက် မိမိနေရာ ဘုံဗိမာန်သို့ ပြန်ကြွလေ၏ဟု မိန့်၏။

ထိုအခါမှစ၍ ဘုရားလောင်း စန္ဒမင်းသည် ဒါနစသော ကုသိုလ်ကောင်း မှုတို့ကို ပြုပြီးလျှင် အသက်ရှည်သမျှ နေပြီးနောက် သေလွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအကြောင်းကို ပြလိုသောမြတ်စွာ ဘုရားသည်—

၂၉။ ထိုအခါ စန္ဒမင်းသည် လူအပေါင်းအား အလှူကြီးကို ပေးလှူ လျက် အသက်ရှည်သမျှ နေပြီးနောက် သေလွန်သောအခါ နတ် ပြည်၌ ဖြစ်လေ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ငါဘုရားသည် ယခုဘုရားဖြစ်တော်မူသောအခါ၌သာ သတ္တဝါတို့ကို ဆင်းရဲ ဒုက္ခ ဘေးအမျိုးမျိုးမှ ကယ်တင်လွတ်မြောက်စေသည် မဟုတ်သေး၊ ရှေး အခါ ဉာဏ်ပညာမရင့်ကျက်မီ ကာလကလည်း သတ္တဝါတို့ကို ဆင်းရဲဒုက္ခ ဘေးအမျိုးမျိုးတို့မှ ကယ်တင်လွတ်မြောက်စေခဲ့၏ဟု မိန့်ဆိုတော်မူလျက် ဇာတ်ကို ပေါင်းလိုရကား အဆုံးဂါထာကို ဆိုတော်မူ၏။

**ဇာတ်ပေါင်းခန်း**

၃၀-၃၆။ ထိုအခါ တောင်ထိပ်၌ ဈာန်သမာပတ်ကို ဝင်စားသော မထေရ်သည် ယခုအခါ သာရိပုတ္တရာ၊ စန္ဒမင်း၏ သေနဂုတ်အမတ် သည် ရှင်အာနန္ဒာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ သမုဒ္ဒရာ စောင့် မဏိမေခလာနတ်သမီးသည် ဥပ္ပလဝဏ် ထေရီမ၊ မဟာလာ

သတို့သားသည် သားတော်ရာဟုလာ၊ သိမ္ဗလီမိဖုရားသည် ယသော ဓရာ၊ နန္ဒာမိဖုရားကြီးသည် မဟာမာယာ၊ ခေကမင်းကြီးသည် သုဒ္ဓေါဒနမင်း၊ အမတ်စသော သုဝဏ္ဏဘူမိ မြို့သူမြို့သားတို့သည် ယခုအခါ ငါဘုရား၏ သာဝကများဖြစ်၍ စန္ဒမင်းကြီးသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏။ ဤသို့ ဇာတ်တော်ကို ကောင်း စွာ ဆောင်ယူမှတ်သားကြကုန်လော့။

ရှေးဦးစွာသော စန္ဒကုမာရဇာတ် ပြီး၏။

---

# ၂-သာဝိတရာဇဇာတ်

[ ဤဇာတ်ကား ဗုဒ္ဓအလောင်းလျာဖြစ်စဉ် လူခပ်သိမ်းတို့ အား အားရနှစ်သိမ့်စေလျက် အလှူဒါနအမျိုးမျိုးကို ပေး လှူခဲ့ပုံ ယခုမျက်မှောက်ဘဝ၌ပင် အကျိုးတရားများ ဖြစ် ထွန်းပေါ်ပေါက်ပုံကို ပြထားပါသည် ]

မြတ်စွာဘုရားသည် ပမောဒါမိ အဟံ ဘောန္တော အစရှိသော တရား ဒေသနာကို ဇေတဝန်ကျောင်း၌နေတော်မူစဉ်မိမိ၏ဒါနပါရမီကိုအကြောင်း ပြု၍ ဟောတော်မူ၏၊ ခွဲဦးအံ့၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရား သဘင်ဇရပ်၌ စည်းဝေးကြကုန်လျက် ငါ့ရှင်တို့ ငါတို့မြတ်စွာဘုရားသည် ယခုအခါ နတ်လူတို့အား လောကီလောကုတ္တရာချမ်းသာတို့ကို ပေးတော် မူတတ်သည်မှာ အံ့သြဘွယ်ဖြစ်ပါပေ၏ဟု စကားကို ပြောဆိုနေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီကျောင်းတော်၌ နေတော်မူလျက်ပင် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့စကားကို ကြားတော်မူသဖြင့် တရားသဘင် ဇရပ်သို့ကြွလာတော်မူပြီးလျှင်ခင်းထားအပ်သော ဘုရားရှင်၏ မြတ်သောနေရာ၌ ထိုင်တော်မူလျက် “ရဟန်းတို့ ယခု ငါဘုရားကြွလာ တော်မူစဉ် သင်တို့သည် အဘယ်စကားကို စုဝေးပြောဆိုနေကြပါသနည်း” ဟု မိန့်သောအခါ ဤမည်သောစကားကို ပြောဆိုစုဝေးနေကြပါသည်”ဟု ရဟန်းတော်များက လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာရားက—

ရဟန်းတို့ ငါဘုရားသည် ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်ပြီး၍ ဘုရားအဖြစ်သို့ရောက်သော ယခုအခါမှသာ နတ်လူတို့အား လောကီ လောကုတ္တရာ အကျိုးများကို ပေးတော်မူခဲ့သည်မဟုတ် ရှေးအခါ သံသရာ၌ ကျင်လည်စဉ် ပုထုဇဉ်အဖြစ်မှာပင် နေ့စဉ်နေ့တိုင်း လူအပေါင်းတို့အား အမျိုးမျိုးသောအလှူဝတ္ထုတို့ကို ပေးလှူခဲ့ဘူးပြီဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ သာမိတမည်သောမင်းသည် မိယိလာမြို့၌ မင်းပြုလေ၏၊ မိဖုရားကား သမုလာအမည်ရှိ၏၊ ထိုသမုလာမိဖုရားသည်ကား တစေသောင်းခြောက်ထောင်သော မောင်းမမိဿံတို့၏ အကြီးအကဲ မိဖုရားခေါင်ကြီး ဖြစ်ပေ၏၊ တနေ့သ၌ ဘုရားလောင်း သာမိတမင်းသည် မြတ်သောအိပ်ရာထက်၌ နေလျက် မိမိ၏ထီးဖြူတော်ကို ကြည့်ပြီးလျှင် "ငါသည် ဤမင်းစည်းစိမ်ကို အဘယ်ကြောင့်ရခဲ့ပါလိမ့်နည်း" ဟု ကြံစည်မှန်းစားသောအခါ ငါသည် ရှေးက အလှူကိုမပေး၊ ကောင်းမှုကို မပြုခဲ့လျှင် ဤမင်းစည်းစိမ်ကို ရမည်မဟုတ် ငါသည် ရှေးအခါက အလှူကို ပေး၍ ကုသိုလ်ကောင်းမှုကို ပြုခဲ့သောကြောင့်သာ ယခုကဲ့သို့ မင်းစည်းစိမ်ကို ရရှိခံစားရခြင်းဖြစ်သည်ဟု စဉ်းစားဆင်ခြင် သိမြင်သဖြင့် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေ၏။ ထိုအခါ ဘုရားလောင်းသည် ရထားယိမ်း (ရထားမောင်းသမား)တို့ကို ခေါ်၍ "အို ရထားယိမ်းတို့ သင်တို့သည် မင်း၏ နန်းယာဉ်ပြင်၌ နွားတပ်သောလှည်း မြင်းတပ်သော ရထားတို့ကို အသင့်ပြင်ဆင်ထားကြလော့ဟု မိန့်တော်မူလျက် ရှေးဦးစွာသော ဤဂါထာကို ဆိုတော်မူ၏။

၁။ အိုရထားယိမ်းတို့ ငါသည် ငါပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကိုပြန်လည်စဉ်းစား ဆင်ခြင်လျက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါ၏ သင်တို့သည် ယနေ့ လှည်းနှင့် ရထားတို့ကို အမြန်တပ်ဆင် စီမံထားကြပါကုန်လော့။

ထိုစကားကိုကြား၍ ရထားထိန်းသည် နွား, မြင်း အများထဲမှ ခွန်အား ဗလနှင့် ပြည့်စုံသော နွားနှင့် မြင်းတို့ကို ရွေးချယ်၍ လှည်းနှင့် ရထားတို့ကို တပ်စေပြီးလျှင် မင်းယင်ပြင်၌ အဆင်သင့်ထားလျက် သာဓိတမင်းအား အကြောင်းကြား သံတော်ဦးတင်ကြကုန်၏၊ ထိုအခါ သာဓိတမင်းသည် မိမိ၏ပြာသာဒ်ထက်မှ ဆင်းသက်လျက် ရထားတစင်းပေါ်သို့ တက်၍ မိမိ၏ ရထားထိန်းတို့ကို မောင်းနှင်စေလျက် နှစ်ခုမြောက်ဂါထာကို ဆို၏။

၂။ အို ရထားထိန်းတို့ သင်တို့သည် လှည်းနှင့် ရထားတို့ကို သစ်ပင်တောသို့ ရှေ့မှ အလျင်အမြန် မောင်းနှင်ကြကုန်လော၊ ငါသည် နောက်မှ ဖြေးဖြေးလိုက်လာအံ့။

## မင်းကြီးတောထဲ သစ်ခုတ်သွားခြင်း

မင်းကြီး၏ စကားကိုကြား၍ ရထားထိန်း အပေါင်းတို့သည် လှည်းနှင့် ရထားတို့ကို တပ်ဆင်၍ အဆင်သင့် ဖြစ်နေကြကုန်၏။ မင်းကြီးသည်ကား ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ရထားထက်၌ နေလျက် အမတ်အပေါင်း ခြံရံကာ မြို့မှထွက်တော်မူ၍ အင်ကြင်းတောသို့ ဝင်လေ၏။ မင်းကြီးသည် သစ်ပင် ခုတ်ဖြတ်တတ်ကုန်သော လက်သမားတို့ကို ခေါ်တော်မူ၍ အကာမဖက် အနှစ်သက်သက်ဖြစ်သော,အကောက်မပါ ဖြောင့်မတ်စွာသော အနှစ်ရှိသော သစ်ပင်တို့ကို ခုတ်လှဲစေပြီးလျှင် သင့်လျော်သလိုဖြတ်၍ လှည်းနှင့် ရထားပေါ်သို့ တင်လျက် သစ်တောမှ ထွက်၍ မြို့သို့ ယူဆောင်လာလေ၏။ ထိုနောက် မြို့တံခါး လေးဘက်လေးတန်တို့၌၎င်း, မြို့ အလယ်၌၎င်း, နန်းတော် တံခါးဝ၌၎င်း ဇရပ်ခြောက်ဆောင်ကို ဆောက်လုပ်စေ၏။ ဇရပ်ဆောက်သော လက်သမားတို့သည် ဆန်းကြယ်ကောင်းမွန်သော ဇရပ်များကို ဆောက်လုပ်ပြီးနောက် ဇရပ် ပြီးစီးကြောင်း မင်းကြီးအား အကြောင်းကြား သံတော်ဦး တင်သောအခါ ဘုရားလောင်းသည် အမတ်အပေါင်းခြံရံလျက် ဇရပ်များကို ကြည့်၍ နှစ်သက်ဝမ်းမြောက်သဖြင့် ချီးမွမ်းပြောဆိုလိုရကား—

၃။ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင်စေနိုင်ကုန်သော ငါ၏ ဇရပ်တို့သည် သိကြားမင်း ဖန်ဆင်းသကဲ့သို့ တင့်တယ်လှပါပေစွတကား

ဤဇရပ်များသည် မြင်သူတို့ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင်စေပါသည်တကား။

ထိုအခါ ဘုရားလောင်း မင်းကြီးသည် မိမိ၏ သေနင်္ဂတ် အမတ်ကိုခေါ်၍ ဇရပ်များကို မွမ်းမံပြင်ဆင်စေလျက် နေ့စဉ် ခြောက်သိန်းသောအသပြာတို့ကိုစွန့်လွှတ်၍ လှူဘွယ် ပစ္စည်းများကို ဝယ်ယူစေပြီးလျှင် လူအပေါင်းတို့အား အလှူကြီးကို ပေးလှူလေ၏။ ဘုရားလောင်း၏ တန်ခိုးကြောင့် မိထိလာမြို့သည် ထမင်း အဖျော်စသော အစာရေစာများပေါများပြည့်စုံလျက် လူအပေါင်းတို့ ရွှင်ပြုံးမွေ့လျော် ပျော်စရာ ဖြစ်လေ၏။ ထိုအခါ မိထိလာမြို့သူမြို့သားများသည် မိမိတို့၏အိမ်တွင် လုပ်ငန်းကိစ္စများကိုမလုပ်ကိုင်ကြဘဲ ဘုရားလောင်း၏ အလှူဇရပ်တို့၌ လှူဘွယ်ပစ္စည်းများကို ယူငင်စားသောက် သုံးစွဲလျက် ချမ်းသာစွာ စားသုံးနေထိုင်ကြကုန်၏။ ဘုရားလောင်းသည် နံနက်စောစောထလျက် ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် အရသာရှိသော စားဖွယ်သောက်ဖွယ်များကိုစားသုံးပြီးနောက် အခြံအရံများနှင့်အတူ ထိုထိုဇရပ်သို့သွား၍ ရွှေထမ်းစင်ထက်၌နေလျက် လူအပေါင်းတို့အား ကိုယ်တိုင်ပေးလှူလျက် အမတ်တို့အား ညွှန်ကြားပြောဆိုသည်မှာကား—

၄-၅။ အို မှူးမတ်အပေါင်းတို့ သင်တို့သည် အဝတ်အလိုရှိသူတို့အား အဝတ်ကိုပေးလှူ၍ အရက်သေစာ သောက်စားလိုသူတို့အား အရက်သေစာများကို ပေးလှူကြကုန်လျက် အစားအစာ အလိုရှိသူတို့အား အစားအစာများကို ကောင်းစွာ ပေးကန်းလှူဒါန်းကြပါကုန်လော့။ ဤနေရာသို့ ရောက်လာသမျှသော လူအပေါင်းအား လစ်လပ်ခြင်းမရှိဘဲ ထမင်းအဖျော် စသည်တို့ကို အလိုရှိသမျှ ပြည့်ဝစွာ ပေးလှူကြခြင်းဖြင့် အလှူခံတို့အား အားရတင်းတိမ် ကျေနပ် စေကြပါကုန်လော့၊ အလှူခံများအားရတင်းတိမ် ကျေနပ်ပြီးမှသာ ယင်းတို့ အလိုရှိရာသို့ သွားစေကြပါကုန်လော့။

ဤသို့ မိန့်ဆိုမှာကြား ပြီးလျှင် ဘုရားလောင်း သာဓိတမင်းသည် အလှူစရပ်မှထွက်၍ မိမိ၏ပြာသာဒ်ထက်သို့တက်ပြီးလျှင် မင်း၏ချမ်းသာကို ခံစား

၍ နေလေ၏၊ ထိုနောက် တဖန် ညနေချမ်း ရောက်သောအခါ ဘုရားလောင်းသည် နံ့သာရေများကို ဦးခေါင်းနှင့် တကွ ချိုးပြီးလျှင် မွန်မြတ်သော အရသာရှိသည့် အစာအာဟာရတို့ကို မှိဝဲ သုံးဆောင်ပြီး နောက် မိမိ၏ အမတ်အပေါင်း ခြံရံလျက် ဆင်၏ ကျောက်ကုန်းပေါ်သို့ တက်၍ ဝတ်စားတန်းဆာများ ဆင်ယင်ပြီးလျှင် ကိုယ်တိုင် အလှူပေးရန် အတွက် အလှူဇရပ် များသို့ သွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၆။ သာဓိတမင်းသည် ညနေချမ်း အခါ၌ နှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ လူအပေါင်းအား အလှူပေးရန် အလှူဇရပ်သို့ သွားရောက်လေ၏။

မင်းကြီးသည် ထိုထိုဇရပ်သို့ သွား၍ ကိုယ်တိုင်အလှူပေး ပြီးလျှင် မိမိ၏ အမတ်တို့အား ဤသို့ မိန့်ကြားလေ၏။

၇။ အို မှူးမတ် အပေါင်းတို့ သင်တို့သည် ယခု မိမိပြုလုပ် လှူဒါန်းသည့် နည်းအတိုင်း လူအပေါင်းအား အလှူကြီးကို ပေးလှူကြ ပါကုန်လော့၊ အလှူခံများ အားရနှစ်သိမ့် ကျေနပ်ပြီးမှသာ ယင်းတို့အလိုရှိရာသို့ သွားရောက်စေကြ ပါကုန်လော့။

ဤသို့လျှင် ဘုရားလောင်းသည် နေ့စဉ် နံနက်တကြိမ် ညနေတကြိမ် အားဖြင့် တနေ့နှစ်ကြိမ် အလှူဇရပ်သို့ သွား၍ ထိုထိုအလှူဇရပ်မှ ထွက်ပြီးလျှင် မိမိပြာသာဒ် ထက်သို့ တက်ကာ မင်းစည်းစိမ် ချမ်းသာတို့ကို ခံစားလေ၏၊ ဤသို့ ပေးလှူသော ဘုရားလောင်း၏ အလှူဒါန အစွမ်းကြောင့် မြေကြီးတုန်လှုပ်ခြင်း အစရှိသော အံ့ဩဘွယ် တို့သည် မိထိလာတမြို့လုံး၌ အုံးအုံးကြွက်ကြွက် တခဲနက် ဖြစ်ပေါ်ကုန်၏။

(၈–ဂါထာသည် ၇-ဒါနစာဂဇာတ် ၁၁–ဂါထာနှင့် တူ၏။ ၉–၁၀ ဂါထာတို့သည် ၈–ဓမ္မိကပဏ္ဍိတရာဇ ဇာတ်လာ ၃–၄ ဂါထာတို့နှင့် တူ၏။)

၁၁။ သာဓိတမင်းကြီးသည် မိမိ၏ အလှူဇရပ်၌ အလှူဝတ္ထု များကို ပေးကမ်း လှူဒါန်းသောအခါ မိထိလာပြည်ကြီးသည် အလှူခံ အပေါင်းတို့နှင့် ရောနှောပြည့်နှက်လျက် ပြန့်ပြောစည်ပင်လှ ပေ၏။

(၁၂–ဂါထာသည် ၄–သုရုပရာဇဇာတ် ၄၂–ဂါထာနှင့် တူ၏။)

## အလှူခံတို့ အားရကျေနပ်ပြီး ချီးမွမ်းကြခြင်း

ထိုအခါ ဘုရားလောင်း၏ အလှူဝတ္ထုများကို ခံယူစားသုံးကြကုန်သော လူအပေါင်းတို့သည် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ကြကုန်လျက် အချင်းချင်း ချစ်ဖွယ်သောစကားကို ပြောဆိုကြကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ကြားတော် မူလေ၏။

၁၃-၁၆။ သူကြွယ်, ရထားထိန်း, ပြည့်တန်းဆာနှင့် ချမ်းသာသော သူတို့သည် "ဤမင်းကြီးသည် ငါတို့အား ဥစ္စာပစ္စည်းကို ပေးသော မင်းကြီး ဖြစ်သည်"ဟု အမြဲမပြတ် ပြောဆို ချီးမွမ်းကြ ကုန်၏၊ ဆင်စီးသူရဲ, မြင်းစီးသူရဲနှင့် ခြေလျင်စစ်သည်တို့သည် "ဤမင်းကြီးသည် ငါတို့အား အခြံအရံကို ပေးသောမင်းကြီး" ဖြစ်သည်ဟု အမြဲမပြတ်ပြောဆို ချီးမွမ်းကြကုန်၏၊ ဇနပုဒ်၌ နေသောသူ, နိဂုံး၌ နေသောသူနှင့် အလှူခံရန် ရောက်လာကြကုန်သော သူတို့သည် "ဤမင်းကြီးသည် ငါတို့အား ချမ်းသာသုခကို ပေးသောမင်းကြီး ဖြစ်သည်"ဟု အမြဲမပြတ်ပြောဆို ချီးမွမ်းကြကုန်၏၊ သူဆင်းရဲ, ဖုန်းတောင်းယာစကာ, အသက်အရွယ် ကြီးရင့်သူ, ပုဏ္ဏားနှင့် ပုရောဟိတ်တို့သည် "ဤမင်းကြီးသည် ငါတို့အား ဝတ္ထုပစ္စည်းကို ပေးသော မင်းကြီးဖြစ်သည်"ဟု အမြဲမပြတ်ပြောဆို ချီးမွမ်းကြကုန်၏။

ဘုရားလောင်းသည် မိမိ၏ ဒါနဝတ္ထုကို အောက်မေ့ဆင်ခြင်လျက် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်၏၊ ထိုခဏ၌ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ထိုအကြောင်းကို ဆင်ခြင်လျက် ဤသို့ဆို၏။

၁၇။ အမြဲမပြတ် ဒါနသီလစသော ကုသိုလ်ကောင်းမှုတို့ကို ကောင်းစွာ ပြုလုပ်သော နတ်လူတဦးဦးသည် သိကြားနတ်မင်းစည်းစိမ်ကို တောင့်တသဖြင့် ငါ၏ ဘုံဗိမာန်ကို တုန်လှုပ်စေဘိ၏။

ဤသို့ဆိုပြီးလျှင်သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ ဘုရားလောင်း ဖြစ်သော ဤသာဓိတမင်းသည် မိမိ၏ ဒါနဝတ္ထုကို ဆင်ခြင်အောက်မေ့

လျက် အမြဲမပြတ် နှစ်သက် ကြည်နူးနေဘိ၏၊ ငါသည်ယခုပင် မိထိလာမြို့သို့ သွား၍ သာဓိတမင်း၏ အလှူကို အနုမောဒနာပြုအံ့ဟု ကြံစည်လျက် ရွှေငွေရတနာ အမျိုးမျိုးတို့ဖြင့် ခန်းကြယ်သော ပြာသာဒ်ထက်သို့ တက်ပြီးနောက် မိမိနေရာ နတ်ပြည်မှ ဆင်းသက်၍ မိထိလာမြို့သို့ သွားပြီးလျှင် သာဓိတမင်းကြီး၏ ပြာသာဒ်နှစ်ခုရှေ့ ကောင်းကင်ပြင်၌ ရပ်တည်လေ၏။ ထိုအခါ သာဓိတမင်းသည် မိမိ၏ ကျက်သရေရှိသော အိပ်ရာ၌နေလျက် ထက်ကောင်းကင်၌ တည်ရှိသော ပြာသာဒ်၏ အရောင်အဝါတို့ကို တွေ့မြင်သဖြင့် မေးမြန်းလိုရကား—

၁၇-၁၉။ တန်ခိုးဖြင့်၎င်း, အခြံအရံများဖြင့်၎င်း, ငါ၏ရှေ့တွင် လူတို့ထက် သာလွန်သောအဆင်းဖြင့် ထွန်းလင်းတောက်ပစွာ တည်ရှိသော ဤပြာသာဒ်သည် အဘယ်အမည်ရှိပါသနည်း၊ ယခုအခါ ဤနေရာသို့ ရောက်လာသော ပြာသာဒ်ရှင်သည်ကား အဘယ်သူပါနည်း၊ ကျွန်ုပ်သည် ရှေးအခါက ဤပြာသာဒ်ကို မမြင်ဘူးပါ၊ သိလိုရေးဖြင့် မေးမြန်းသော ကျွန်ုပ်အား ဖြေကြားပါလော့။

ထိုစကားကို ကြားသောအခါ သိကြားမင်းသည် သာဓိတမင်းနှင့်အတူ စကားပြောဆိုလိုရကား ဤသုံးဂါထာတို့ကို ဆို၏။

၂၀-၂၂။ အို မင်းမြတ် သင်၏ထံသို့လာသော ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရသော နတ်တို့သနင်း သိကြားမင်းပါတည်း၊ သင်၏အလှူပေးခြင်းကို ဝမ်းမြောက်သောကြောင့် သာဓုအနုမောဒနာပြုရန် လာပါသည်၊ ကျွန်ုပ်သည် နတ်ပြည်တွင် နတ်အပေါင်း ခြံရံပြီးမိမိ၏ ကုသိုလ်ကောင်းမှုများဖြင့် မွေ့လျော်ပျော်ပိုက်နေလျက် သင်မင်းကြီး၏ အလှူဒါနကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ၏၊ သင်မင်းကြီး၏ အလှူဒါနများကြောင့် ကျွန်ုပ်သည် သင်မင်းကြီးအား လက်အုပ်ချီမိုး ရှိခိုးပါ၏။ သင်မင်းကြီးသည် ဤကောင်းမှုကြောင့် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ပါလတ့်။

ဤသို့ဆိုပြီးနောက် သိကြားမင်းသည် တဖန်ထပ်၍ သာဓိတမင်း၏ ကုသိုလ်ကောင်းမှုကို အနုမောဒနာ ပြုလိုရကား ဤဂါထာနှစ်ပုဒ်ကို ဆို၏။

၂၃-၂၄။ အို မင်းမြတ် အလှူမကျောပ် ဇရပ်ခြောက်ခု၌ လှူအပေါင်းအား အရှင်မင်းမြတ်ပေးလှူသော အလှူကို ကျွန်ုပ်သည် ပမ်းမြောက် ဝမ်းသာ သာဓုခေါ်ပါ၏၊ အို မင်းမြတ် သင်သည် အမျိုးမျိုး သော အလှူဒါနတို့ကို ပြုလုပ်ပေ၏၊ မှန်ပါသည် လောက၌ အလှူ ပေးခြင်း ဒါနသည် သတ္တဝါတို့၏ အားထားမှီခိုရာ ကိုးကွယ်ရာ ဖြစ်ပါ၏။

သိကြားမင်း၏စကားကို ကြားသောအခါ ဘုရားလောင်းသည် သိကြား မင်းနှင့် စကားဆိုလိုရကား—

၂၅။ နတ်တို့သနင်း အိုသိကြားမင်း၊ ကျွန်ုပ်သည် အပြဲမပြတ်အလှူကြီး ကိုပေးလှူပါ၏၊ ကျွန်ုပ်သည် ကျွန်ုပ်၌ရှိသော ဥစ္စာပစ္စည်းတို့ကို ဖုံးကွယ်သိုဝှက်၍ သိမ်းဆည်း မထားပါ၊ ကျွန်ုပ်သည် အလှူပေး ခြင်း၌ မွေ့လျော်ပျော်ပါး စိတ်ဝင်စားပါ၏။

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် တဖန်ထပ်၍ သိကြားမင်းနှင့် ပြောဆိုလိုရကား —

၂၆။ နတ်တို့သနင်း အိုသိကြားမင်း၊ သင်၏ယခု လာရောက်ခြင်းသည် ကောင်းသော လာရောက်ခြင်းဖြစ်ပါ၏၊သင်သိကြားမင်းသည် နတ် ပြည်၌ အသက်ရှည်စွာ ချမ်းချမ်းသာသာ တည်ရှိပါစေ၊ ကျွန်ုပ် အလှူကို အနုမောဒနာ ပြုသောကြောင့် သင်သိကြား မင်းသည် သိကြားမင်းစည်းစိမ်ကို မွေ့လျော်စွာ ခံစားနိုင်ပါစေ။

ဤသို့လျှင် ဘုရားလောင်း၏ စကားကို ကြား၍ သိကြားမင်းသည် ဘုရားလောင်း၏ မွန်မြတ်သောအလို အဇ္ဈာသယကိုသိသဖြင့် ဘုရားလောင်း အား ချီးမွမ်းခြင်းကို ပြုလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာ ဘုရားသည်—

၂၇-၃၁။ သာဓိတမင်း၏ စိတ်ထားမွန်မြတ်သည်ကို သိ၍ သိကြားမင်း သည် ဤသို့ဆို၏။ အို မင်းမြတ်၊ သင်သည် လူနတ်တို့စည်းစိမ် ချမ်းသာကို ဆည်းပူးအပ်ပြီ၊ သင်သည် မြေကြီး တန်လုပ်သည့်တိုင်

တပါးမက များစွာသော တင့်တယ် ကောင်းမြတ်သည့် အကျိုးတို့ကိုပေး၍ လိုရာဆန္ဒဟူသမျှ ပြည့်ဝစုံလင်သည့်အပြင် ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့လည်း ကင်းဝေး ပပျောက်ခြင်းသို့ ရောက်လေ၏။ အလှူပေးခြင်းသည် တမလွန်ဘဝ နောင်ကာလ၌ သတ္တဝါတို့၏ အားထားရာ တည်ရာ ကိုးကွယ်ရာ ဖြစ်ပေ၏။ ပညာရှိသော, ဥစ္စာရှေငွေ အထွေထွေကို လှူဒါန်း ပေးကမ်းသော သူသည် ချမ်းသာအမျိုးမျိုးကို ရရှိနိုင်ပေသည်။ ထို့ကြောင့် ငါသည် ပစ္စည်းဥစ္စာရှိ၍ သဒ္ဓါတရားဖြင့် အလှူဒါနကို ပေးလှူ၏၊ ယင်းသို့ ပေးလှူသော အလှူဒါနသည် လူ့ပြည် နတ်ပြည်တို့၌ အမျိုးမျိုးသော ချမ်းသာသုခကို ပေးလေ၏၊ ငါသည် အလှူဒါနကို ပေးလှူသဖြင့် နတ်ပြည်တွင်သူတကာထက် ကဲလွန်အကောင်းဆုံး အမွန်မြတ်ဆုံး ဖြစ်၍ လူ့ပြည်တွင်လည်း သူတကာထက် အကောင်းဆုံး အမွန်မြတ်ဆုံးသော အကျိုးကိုပေး၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ဤသို့ မိထိလာပြည်သူ လူအပေါင်းအား အလှူကြီးကို ပေးပြီးလျှင် လူအပေါင်းအား ဆုံးမဩဝါဒပေးလိုရကား—

၄၀-၄၁။ အို လူများအပေါင်းတို့ ငါသည် ရှေးအခါက ကုသိုလ်ကောင်းမှု ပြုခဲ့သောကြောင့် ယခုအခါ ရတနာဗိမာန် ရထားနှင့် ပြည့်စုံရသကဲ့သို့ ထို့အတူ သင်တို့သည်လည်း မမေ့မလျော့ကြဘဲ အလှူဒါနကို နေ့စဉ်မပြတ် ပေးလှူကြကုန်လော့၊ အလှူဒါနကို ပေးလှူလျှင် လူ့ပြည် နတ်ပြည် တို့၌ ချမ်းသာသုခကို ရရှိခံစား ကြရကုန်လတ့်။

ထိုအခါမှ စ၍ ဘုရားလောင်း၏ ဆုံးမဩဝါဒ အတိုင်း လိုက်နာ၍ အလှူဒါန ပြုကြကုန်သော လူအပေါင်းတို့သည် သေသည့်အခါ နတ်ပြည်တို့၌ ဖြစ်ကြကုန်လျက် ဘုရားလောင်းသည်လည်း သေလွန်သော အခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ ဤသို့လျှင် ဇေတဝန်ကျောင်း၌ စုဝေးရောက်လာကြသော ရဟန်းများအား ဤဇာတ် ဒေသနာကို ဟောကြား

တော်မူပြီးနောက် ယခုအခါ ထိုရဟန်းတို့အား သစ္စာလေးပါး တရားဒေသနာကို ဟောကြားတော်မူလိုသော မြတ်စွာဘုရားသည် ဤဂါထာနှစ်ပုဒ်ကို ဟောတော်မူလေ၏။

(၄၂-၄၃။ ဤဂါထာ နှစ်ပုဒ်ကို ၉-သိရိဝိပုလ ကိတ္တိရာဇဇာတ် ၆၁-၆၂ ဂါထာတို့နှင့် တူ၏။)

ဘုရားရှင်၏ သစ္စာလေးပါး တရားဒေသနာအဆုံး၌ အချို့ သောတာပန်, အချို့ သကဒါဂါမ်,အချို့အနာဂါမ်နှင့် အချို့မှာ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏၊ ဘုရားရှင်၏သစ္စာလေးပါး တရားဒေသနာသည် လူနတ်တို့အား လောကီလောကုတ္တရာချမ်းသာအမျိုးမျိုးကို ပေးနိုင်သော အကျိုးများစွာ ရှိသည့် တရားဒေသနာ ဖြစ်လေ၏၊ ထို့နောက် ဇာတ်တော်ကို ပေါင်းလိုသော မြတ်စွာဘုရားသည် အဆုံးဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဇာတ်ပေါင်းသော်

၄၄-၄၀။ ထိုအခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ၊ သာဓိတမင်း၏ သေနဂုတ် အမတ်သည် ရှင်အာနန္ဒာ၊ သာဓိတမင်း၏ မယ်တော်ခမည်းတော်တို့သည် သုဒ္ဓေါဒနနှင့် မယ်တော်မာယာ၊ သမုလာမိဖုရားသည် ယသော်ဓရာ၊ အမတ်စသော လူအပေါင်း တို့သည် ယခုအခါ မြတ်စွာဘုရား၏ ပရိသတ်များ ဖြစ်၍ သာဓိတမင်းသည် ယခုအခါ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို အလွန်ရိုသေသော စိတ်ထားဖြင့် နာယူမှတ်သား ဆောင်ထားကြ ပါကုန်လော့။

နှစ်ခုမြောက် သာဓိတဇာတ် ပြီး၏။

---

# ၃-ရတနပဇ္ဇောတဇာတ်

[မိခင်ကိုလုပ်ကျွေးရာ၌ ရဟန်းတော်များပင် လုပ်ကျွေးနိုင်ကြောင်း ယင်းကဲ့သို့ လုပ်ကျွေးခြင်းသည် ရှေးပညာရှိ သူတော်ကောင်းတို့၏ လမ်းရိုးလမ်းဟောင်း ဖြစ်ကြောင်း မိခင်အတွက် အသက်ကိုပင် စွန့်လွှတ်ကြောင်း စသည်ကို ပြသော ရတနပဇ္ဇောတဇာတ်]

မြတ်စွာဘုရားသည် အစ္ဆရိယံ ဝတိဒံ ဒုက္ခံ အစချီသော ဤဇာတ်ဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိခင်ကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ဆိုဦးအံ့၊ ထိုအခါ၌ ထိုရဟန်းသည် သူတပါးတို့၏ အိမ်တံခါးဝတို့၌ ရပ်လျက် ဆွမ်းခံလှည့်လည်ပြီးလျှင် မိခင်ထံသွား၍ နေ့စဉ်ရရှိလာသမျှသော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို မိခင်အား ကျွေးမွေးလေ၏၊ မိမိသည်ကား မိခင်စားပြီး၍ ကြွင်းကျန်သမျှကိုသာ စားလေ၏၊ ထိုအခါမှစ၍ ယင်းရဟန်းသည် မိခင်ကို လုပ်ကျွေးလျက် စခရေးတံမဲချ၍ ရရှိသော လှူဘွယ်ဝတ္ထု, ဝါဆိုသင်္ကန်းအားလှူသော လှူဘွယ်ဝတ္ထုနှင့် အခြား ထိုမှဤမှရသမျှသော အလှူဝတ္ထုတို့ကို မိခင်အားသာ ပေးလေ၏၊ နောက်အခါ၌ ယင်းရဟန်းသည် မိခင်ကို လုပ်ကျွေး၍ လုံ့လဥဿာဟ ကြောင့်ကြဗျာပါရများလှရကား ရဟန်း၏ ကိုယ်ခန္ဓာ ကြုံလှီ၍ ဖျော့တော့သော အဆင်းဖြစ်လာ၏၊ ထိုအခါ ယင်းရဟန်း၏ မိတ်ဆွေရဟန်းတို့သည် မိဘလုပ်ကျွေးသောရဟန်း၏ ကြုံလှီဖျော့တော့သော အဆင်းရှိသည်ကို မြင်ကြသဖြင့် ငါ့ရှင် ရှေးက သင်၏ရုပ်အဆင်းသည် ဝဖြိုးပြည့်ကြွယ် လှပတင့်တယ်ပေ၏၊ ယခုမူကား သင်သည် ကြုံလှီဖျော့တော့သော အဆင်းရှိပေ၏၊ အသို့နည်း သင့်မှာ အနာရောဂါ တစုံတရာ ကပ်ရောက်နေပါသလားဟု မေးမြန်းကြကုန်၏၊ မိတ်ဆွေရဟန်းတော်များက မေးသောအခါ မိခင်ကို လုပ်ကျွေးသောရဟန်းက အို မိတ်ဆွေရဟန်းတို့ တပည့်တော်၌ ရောဂါတစုံတရာမရှိပါ သို့သော်လည်း တပည့်တော်သည် မိခင်ကိုလုပ်ကျွေးရသဖြင့် ကြောင့်ကြဗျာပါရ များလှပါသည်၊

ထို့ကြောင့် တပည့်တော်၏ ရုပ်အဆင်းသည်လည်း ရွှေးကကဲ့သို့ ကြည်လင်သန့်ရှင်း ပြည့်ဖြိုးခြင်း မရှိဘဲ ကြုံလှီဖျော့တော့သော အဆင်းရှိခြင်း ဖြစ်ပါသည်ဟု ဖြေကြားပြောဆိုလေ၏။

ထိုအခါ မိတ်ဆွေရဟန်းများက ငါ့ရှင် သင်သည် သဒ္ဓါတရားဖြင့် လှူသော လှူဘွယ်ဝတ္ထုပစ္စည်းများကို လူတို့အား ကျွေးမွေးခြင်းဖြင့် လူတို့၏ သဒ္ဓါတရားကို ပျက်စီးဆုံးရှုံးအသုံးမကျ ဖြစ်စေဘိ၏၊ သင်သည် ယခုအခါ မိမိအားလှူသောဝတ္ထုပစ္စည်းများကို မိမိကိုယ်တိုင် သုံးစွဲခြင်းမပြုဘဲ အမျိုးသမီးအား ကျွေးမွေးပေးကမ်းခြင်းဖြင့် မသင့်မလျော်သောအမှုကို ပြုလုပ်ဘိ၏ဟု စိုင်းဝန်းပြောဆိုကြလေရာ မိခင်ကိုလုပ်ကျွေးသော ရဟန်းလည်း ရှက်သဖြင့် မိမိနေရာ၌ပင် တပါးတည်း ကျန်ရစ်ခဲ့လေ၏၊ ထိုနောက် မိတ်ဆွေရဟန်းများက ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြသောအခါ မြတ်စွာဘုရားသည် မိခင်လုပ်ကျွေးသော ရဟန်းကိုခေါ်လျက် ချစ်သားရဟန်းသင်သည် လူတို့ပေးလှူသောဆွမ်းစသော လှူဘွယ်ဝတ္ထုတို့ကို မိမိမစားမသုံးဘဲ အမျိုးသမီးအား ကျွေးမွေး ပေးကမ်းသည်ဟု ငါဘုရားကြားသည့်အတိုင်း မှန်ပါသလောဟု မေးတော်မူရာ မိခင်လုပ်ကျွေးသော ရဟန်းက ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည် အမျိုးသမီးကို လုပ်ကျွေးသည်မှာ မှန်ပါသည် ယင်းအမျိုးသမီးကား တပည့်တော်၏ မိခင်ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

မိခင်ကိုလုပ်ကျွေးသော ရဟန်း၏ လျှောက်ထားသောစကားကို ကြားသောအခါ ဘုရားရှင်သည် ထိုရဟန်းအား လုံ့လဥဿာဟ ပိုမိုဖြစ်စေရန်အတွက် သင်၏ပြုမူဆောင်ရွက်ချက်သည် ကောင်းမြတ်ပေ၏ဟု သုံးကြိမ်မျှ ကောင်းချီးပေးလျက်ချစ်သားရဟန်းသင်သည် ငါ၏လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးပေ၏၊ မိမိ၏မိခင်ဖခင်တို့အား ပြုစုလုပ်ကျွေးခြင်းမည်သည်ကား ရှေးပညာရှိ သူတော်ကောင်းတို့၏ စဉ်လာမပျက် အဆက်အနွယ် လုပ်ရိုးလုပ်စဉ်ဖြစ်ပေ၏ဟုမိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည်ထိုမိတ်ဆွေရဟန်းများကို ခေါ်တော်မူလျက် ချစ်သား ရဟန်းတို့ မိခင်ကို လုပ်ကျွေးသော ရဟန်းကို သင်တို့မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိတို့သည် ရဟန်းပင်ဖြစ်သော်

လည်း မိခင်ကို လုပ်ကျွေးပေ၏။ မိမိ၏မိခင်ကို လုပ်ကျွေးခြင်း မည်သည် အကျိုးရှိသော လုပ်ငန်းပင် ဖြစ်သည်" ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ မေဃဝတီမြို့၌ မဟာရထမည်သော မင်းသည် မင်းပြု၏၊ မဟာရထမင်း၏ မိဖုရားခေါင်ကြီးသည်ကား သိရိရတနဂန္ဓာ မည်၏၊ ထိုအခါ ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေ၍ သိရိရတနဂန္ဓာမိဖုရား၏ဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ ထိုမိဖုရားသည် ကိုယ်ဝန်ရပြီးသည့်နောက် ဥယျာဉ်ကစားထွက်လိုသဖြင့် မဟာရထမင်းကြီးအား ထိုအကြောင်းကို ပြောကြားလေ၏။ ထိုအခါ မဟာရထမင်းသည် ဥယျာဉ်စောင့်ကိုခေါ်၍ "အို ဥယျာဉ်စောင့် သင်သည် ယနေ့ ဥယျာဉ်ကို ကောင်းစွာပြုပြင် တန်ဆာ ဆင်ပါလော့" ဟု မိန့်တော်မူသည့်အတိုင်း ဥယျာဉ်စောင့်သည် ဥယျာဉ်ကို ကောင်းစွာပြုပြင် တန်ဆာဆင်ပြီးလျှင် မင်းကြီးထံ လျှောက်ထား သံတော်ဦး တင်လေ၏။ ဥယျာဉ်စောင့် သံတော်ဦး တင်သောစကားကို ကြားသောအခါ မင်းကြီးသည် မောင်းမမိဿံ ခြွေရံများစွာတို့ဖြင့် ခြံရံလျက် မိဖုရားကြီးနှင့် အတူ ရွှေထမ်းစင် တခုတည်း၌ နေ၍ ဥယျာဉ်သို့ ဝင်တော်မူကာ တနေ့ပတ်လုံး ဥယျာဉ်တော်၌ မြူးတူးပျော်ပါး ကစားလေ၏။ ထိုသို့ဥယျာဉ်၌ ကစားနေစဉ်တွင်ပင် နေဝင်ချိန် ရောက်သွားလေ၏။

ထိုအခါ မင်းနှင့်တကွသော လူအပေါင်းတို့သည် မြို့တွင်းသို့ ဝင်ရန် မဖြစ်တော့သောကြောင့် ယင်းဥယျာဉ်၌ပင် တညမျှနေ၍ ချမ်းသာစွာ အိပ်ကြရကုန်၏။

## မိဖုရား၏အိပ်မက်ဆိုး

ထိုည၌ မင်း မိဖုရားနှစ်ပါးတို့သည် အိပ်ရာ တခုတည်း၌ အတူအိပ်ကြကုန်၏၊ ထိုည၌ မိုးသောက်ထ နီးအချိန်တွင် သိရိရတနဂန္ဓာ မိဖုရားသည်

အိပ်မက်မြင်မက်လေ၏၊ "အိပ်မက်မှာကား အသားနက်နက်, မျက်လုံးနီနီ ဆံပင်နီနီဖြင့် နီမြန်းသောအဝတ်ကို ဝတ်ဆင်ထားသော လူတယောက် သည် လက်နက်ကို စွဲကိုင်လျက် အနောက်အရပ်မှ လာ၍ မိဖုရားကြီး၏ အိပ်ရာ တိုက်ခန်းသို့ ဝင်လာပြီးနောက် မိဖုရားကြီး၏ ဆံပင်ကိုဆွဲ၍ မိဖုရားကြီးကို မြေ၌ ပက်လက်လဲကျစေလျက် မိဖုရားကြီးက အော်ဟစ် ငိုကြွေးနေစဉ် မိဖုရားကြီး၏ မျက်လုံးအစုံကို ထုတ်နှုတ်ယူငင်လေ၏၊ ထို နောက် မိဖုရားကြီး၏ လက်ရုံး နှစ်ဖက်ကို ဖြတ်ယူပြီးလျှင် ရင်ကိုခွဲ၍ သွေးအလိမ်းလိမ်းကပ်နေသော အသည်းနှလုံးကိုယူကာ အနောက်အရပ် သို့ ရှေးရှုထွက်ခွါသွားလေ၏" ဟု အိပ်မက် မြင်မက်လေသည်။ ဤသို့ အိပ်မက်မြင်မက်ပြီးနောက် မိဖုရားကြီးသည် အိပ်ရာမှနိုးလာ၍ ထိတ်လန့် ကျောက်ရွံ့ကာ အသည်းနှလုံးများ တုန်လှုပ်လျက် "ငါသည် မကောင်း သော အိပ်မက်ကိုမြင်မက်၏၊ ဤအိပ်မက်၏ အကျိုးကြောင့် ငါ့အားရင်း၊ မင်းကြီးအားရင်း ဘေးဥပဒ် အန္တရာယ်တခုခု ဖြစ်လတ့်" ဟု ကြံစည် တွေးတောပြီးလျှင် အိပ်မက်မက်သည့်အကြောင်းကို မင်းကြီးအား ပြော ကြားလေ၏။

## အိပ်မက်၏အကျိုးအပြစ်ကို ပတ်စေခြင်း

ထိုအကြောင်းကို ကြားသောအခါ မင်းကြီးသည်လည်း ထိတ်လန့် တုန်လှုပ် ကြောက်ရွံ့လျက် ဤအိပ်မက်သည် မကောင်းသော အိပ်မက် ဖြစ်သည်၊ ဤအိပ်မက်အတွက် မိဖုရားအားရင်း၊ ငါ့အားရင်း တိုင်းပြည် အားရင်းဘေးအန္တရာယ်တခုခုဖြစ်လတ့်" ဟု တွေးတော ကြံစည်လျက်နံနက် မိုးသောက် မိုးလင်းချိန် ရောက်သောအခါ အိပ်မက်၏အကျိုး အပြစ်ကို ကိုတင်သိမြင် ကျွမ်းကျင်သော ပုဏ္ဏားတို့ကို ဆင့်ခေါ်၍ ထိုမကောင်း သောအိပ်မက်အကြောင်းကို ပြောကြားလေ၏။ ထိုပုဏ္ဏားပညာရှိတို့သည် အိပ်မက်တိတ္ထုံကျမ်းများကို မွှေနှောက်ဆင်ခြင်ပြီးနောက် "မြတ်သောမင်း ကြီး၊ ဤအိပ်မက်၏ အစွမ်းကြောင့် မင်းမိဖုရားနှစ်ပါးတို့ ကွဲကွာခြင်းဖြစ် လတ့်ဟု မင်းကြီးအား လျှောက်ထား သံတော်ဦးတင်ကြကုန်၏။

ထိုစကားကိုကြား၍ မင်းကြီးသည် မိဖုရားနှင့် ကွေကွင်း ကွဲကွာရမည်ကိုစိုးရိမ်လှသဖြင့် "အို ပညာရှိပုဏ္ဏားတို့၊ သင်တို့သည် ကျွန်ုပ်တို့နှစ်ဦး ကွေကွင်းကွဲကွာရမည်ဟု ပြောကြကုန်၏၊ အဘယ်သို့သော အကြောင်းကြောင့် ကျွန်ုပ်တို့နှစ်ဦး ကွေကွင်းကွဲကွာကြပါကုန်မည်နည်း"ဟု မေးပြန်လေရာ "မြတ်သောမင်းကြီး၊ ယနေ့ညနေချမ်းတွင် တနိုင်ငံလုံး၌ မိုးကြီးသည်းထန်းစွာရွာလတ့ံ၊ ညဥ့်ဦးယာမ်မှစ၍ ရွာသောမိုးသည် သင်မင်းကြီး၏တနိုင်ငံလုံးကို ရေများလွှမ်းမိုးလျက် ခြေဖမျက်အထိ, သလုံးမြင်းခေါင်းအထိ, ပေါင်အထိ, ခါးအထိ, နို့အထိ, ခေါင်းအထိ ရောက်လာပြီးလျှင် ထိုနောက်ထန်းတဖျားလောက်အထိ,ထိုနောက်ထန်းခုနစ်ဆင့်လောက်အထိရေများ ရောက်ရှိလာလတ့ံ"ဟု ပုဏ္ဏားတို့က လျှောက်ထားသံတော်ဦးတင်ကြကုန်၏။ ထိုအခါ မင်းကြီးက အိုပုဏ္ဏားပညာရှိတို့၊ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ယခု အခါအဘယ်သို့ ပြုလုပ်ရပါမည်နည်းဟု မေးလျှင် "အရှင်မင်းကြီး၊ ဤရေဘေး အန္တရာယ်အတွက် လှေမှတပါး အားထားကိုးကွယ်ရာ မရှိပါ"ဟု ပုဏ္ဏားတို့က လျှောက်ကြားကြကုန်၏။

## ရေလွှမ်းမိုးဒဏ်ခံရခြင်း

ထိုအခါ မင်းကြီးသည် လက်သမားတို့ကိုခေါ်၍ လှေတို့ကို အလျင်အမြန်ပြုလုပ်စေသည့်အတိုင်း လက်သမားတို့သည် လှေတို့ကို ပြုလုပ်ပေးပြီးလျှင် မင်းကြီးအား လျှောက်ထားသံတော်ဦး တင်ကြကုန်၏။ ထိုနောက် ညနေချမ်းတွင် မိုကြီးသည်းထန်စွာ ရွာချလေ၏။ ညဥ့်ဦးမှစ၍ ရွာသောမိုးသည် မဟာရထမင်း၏ တနိုင်ငံလုံးကို ရေများဖြင့် လွှမ်းမိုးသွားလေ၏။ ပဌမ ခြေဖမျက်မြုပ်ရုံမျှ, ထိုနောက် မြင်းခေါင်းမြုပ်ရုံ, ထိုနောက် ဒူးဆစ်မြုပ်မျှ, ထိုနောက် ပေါင်, နို့, ခေါင်းမြုပ်လောက်သည်အထိ ရောက်လာပြီးလျှင် ထိုနောက် ထန်းတဖျားမှ ထန်းခုနစ်ဖျားအထိ ရေများလွှမ်းလာလေ၏၊ ရေများအလွန် များပြားလာသည်ကို တွေ့ရသဖြင့် လူအပေါင်းတို့သည် သေဘေးမှ ကြောက်ကြကုန်သောကြောင့် မှီခိုအားထားရာကိုရှာဖွေကြကုန်လျက် ကြီးစွာသော ရေအယဉ် လှိုင်းတံပိုးတို့၌ နစ်မျောကြကာ အကြီးအကျယ် သေကျေပျက်စီးကြကုန်၏။ ထိုအခါ မင်းမိဖုရားနှစ်ပါး

တို့သည် လှေတခုပေါ်တွင် တက်စီးကြကုန်လျက် လှိုင်းတံပိုးများဖြင့်မျော နေလေ၏။ ထိုအခါ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာ ရှိသဖြင့်၎င်း၊ အမျိုးသမီးဖြစ်သဖြင့်၎င်း၊ ကြောက်ရွံ့လှသောကြောင့် မိမိကိုယ်ကို ဆောက် တည်ခြင်းငှါ မတတ်နိုင်ရကား မျက်ရေများကျကာ ရှေးဦးစွာသော ဂါထာကို ဆို၏။

၁။ ဤ ဆင်းရဲဒုက္ခသည် အံ့ဩဘွယ် ကောင်းသလောက် ကြောက်မက် ဖွယ်လည်း ကောင်းလှပါ၏၊ ငါ၏ ခန္ဓာကိုယ်သည် ချမ်းသာမှု မရှိပါ၊ ဤမျှ နက်ရှိုင်းများပြားသော ရေအယဉ်တွင် ငါ၏အသက် သည် အဘယ်သို့ ရှင်နေနိုင် ပါမည်နည်း။

ဤသို့ ဆိုပြီးလျှင် ထိုမိဖုရားသည် မိမိ၏ အရှင်မင်းကြီးနှင့် အတူ စကား ပြောလိုရကား—

၂။ မြတ်သောမင်းကြီး ကျွန်ုပ်တို့သည် များပြားသော ရေအယဉ်၌ ကိုးကွယ် အားထားရာမဲ့ ဖြစ်ကြပါပြီ၊ ကိုးကွယ်အားထားရာ မရှိ သော ဤ ရေအယဉ်၌ ကျွန်ုပ်တို့သည် အဘယ်သို့လျှင် ကိုးကွယ် အားထားရာ ရကြပါကုန် မည်နည်း။

မိဖုရားသည် ဆက်လက်၍ ငိုကြွေးမြည်တမ်းသည် မှာကား—

၃။ မြတ်သောမင်းကြီး ကျွန်ုပ်သည် ယနေ့ သင်၏ မျက်နှာကို တွေ့ရ တော့မည် မဟုတ်ပါ၊ ကျွန်ုပ်သည် သေရမည်မုချ ဖြစ်ပါသည်၊ သင်မင်းကြီးသည် အမြဲတမ်း ကျွန်ုပ်နှင့် ခွဲခွါ၍ မနေပါလင့်။

ဤသို့ မိဖုရားကြီး ငိုကြွေးသောအခါ မင်းကြီးသည် မိဖုရားကြီးအား စိတ်သက်သာရာ ရစေရန် "အို ရှင် မိဖုရားကြီး ကျွန်ုပ်နှင့် အတူ ရှိစဉ်အခါ၌ သင်ဘာမျှ မကြောက်ပါလင့် စိုးရိမ်ပူဆွေး မငိုကြွေးပါလင့်၊ အဘယ့် ကြောင့်ဆိုသော် အလုံးစုံသော မင်းစည်းစိမ်တို့ မည်သည် ပျက်စီးခြင်းလျှင် အဆုံးရှိပါသည်၊ ငါတို့၏ အသက်သည်လည်း သေရခြင်းလျှင် အဆုံးရှိ ပါ၏၊ ထို့ကြောင့်သင်သည် မငိုကြွေး မပူဆွေး နေပါလင့်" ဟု ဖျောင်းဖျ ပြောဆိုလေ၏၊ ဤသို့ ပြောဆိုပြီးနောက် မဟာရထ မင်းကြီးသည် မိမိချစ် စွာသော မိဖုရားကြီးကို စိတ်သက်သာရာ ရစေရန် ဆို၏။

၄-၂။ ချစ်စွာသော မိဖုရားကြီး သင်သည် ပြင်းပြင်းထန်ထန် မငိုကြွေး ပါလင့်၊ သင်္ခါရတရား ဟူသမျှ အမြဲမရှိကြပါ၊ ဖြစ်လာသမျှသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ပျက်စီးကြရမည်သာ ဖြစ်ပါသည်၊ ဤသည် ကား လောက၌ ဖြစ်ရိုးဓမ္မတာ ဖြစ်ပါသည်၊ အို မိဖုရားကြီး ကျွန်ုပ် သည်၎င်း သင် မိဖုရားကြီးသည်၎င်း ပြုလုပ်ဆည်းပူးခဲ့သော ကုသိုလ် ကောင်းမှုများ ရှိကြပါသည်၊ စိတ်ချမ်းသာမှု ရရန်အတွက် ယင်း ကုသိုလ် ကောင်းမှုတို့ကို ကြံစည်အောက်မေ့ ဆင်ခြင်ပါလော့။

ဤသို့ စသည်ဖြင့် မိဖုရားကြီးအား စိတ်သက်သာရာ ရစေပြီးလျှင် မင်းကြီးသည် ရေလှိုင်းများ အကြား၌ မိဖုရားနှင့်အတူ လှေ ၁-စင်းပေါ်၌ နေလေ၏၊ ထိုနောက် လှိုင်းလေများ ပြင်းထန်လာသဖြင့် လှေသည် ထက် ခြမ်း ကွဲထွက်သွား၏၊ ထိုခဏ၌ မိဖုရားကြီးသည် ကြောက်ရွံ့စွာဖြင့် ငိုကြွေး လျက်—

၆။ အို အရှင်မင်းကြီး သင်သည် ကျွန်ုပ်ကို ကိုင်တွယ်ထားပါ၊ ကျွန်ုပ် ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေပါလော့၊ သင်မင်းကြီးနှင့် ကွဲကွာ လျှင် ကျွန်ုပ်အသက်ရှင်မည် မဟုတ်ပါ၊ သင်မင်းကြီးသည် ကျွန်ုပ် အား စွန့်ခွါ မသွားပါလင့်။

## ကံမပါလာလျှင် ဘယ်လိုပင် ပြုလုပ်သော်လည်း

မိဖုရား၏ ငိုကြွေးသံကို ကြား၍ မင်းကြီးသည် မိဖုရားနှင့် ကွဲကွာသွား မည်ကို စိုးရိမ်သဖြင့် အပေါ်ရုံအဝတ်ကို ယူ၍ မိမိ၏ခါးနှင့် မိဖုရား၏ ခါးကို စည်းနှောင် ဖွဲ့ချည်လျက် လှေတစင်း၏ ခတင်ညှောင်စောင်း ထက်၌ နေ၍ များစွာသော ရေအယဉ်၌ မျှောပါနေလေ၏၊ ထိုနောက် ပြင်းထန်သောလေ လှိုင်းဒဏ်ကြောင့်၎င်းမင်းမိဖုရားတို့၏ ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့် ၎င်း၊ မင်းမိဖုရားနှစ်ပါးတို့ ခါး၌ အတူ ဖွဲ့ချည်ထားသော အဝတ်သည် နှစ်ခြမ်း ကွဲထွက်သွားလေ၏။ ထိုအခါ မိဖုရားသည် တယောက်ထည်း ရေ၌ တနေ့လုံးမျောပါပြီး မင်းကြီးသည်လည်း တယောက်တည်း ရေ၌ တနေ့လုံးမျောနေလေ၏၊ မင်းမိဖုရားနှစ်ပါးတို့၏ ရှေးမကောင်းမှုကံကား ဤ မဟာရထမင်းသည် ရှေးအခါက ဗာရာဏသီ ပြည်တွင် မင်းဖြစ်၍

မိဖုရားနှင့်အတူ ဂင်္ဂါမြစ်ဆိပ်၌ ရေချိုး၍ ရေကစားနေ၏၊ ထိုအခါ ခုနစ်နှစ်အရွယ် သာမဏေငယ်တပါးသည် မင်း မိဖုရားတို့ ရေကစားရာ အနီး၌ လှေငယ်တစင်းဖြင့် ဂင်္ဂါမြစ်ကို ကူးဖြတ်လေ၏။ ထိုအခါ မင်း မိဖုရားနှစ်ပါးတို့သည် သာမဏေငယ်၏လှေကို တုန်လှုပ်လူးလဲအောင် ပြု လုပ်၏၊ ထိုအခိုက်တွင် သာမဏေသည် လှေမှောက်မည့် ဆိုးသဖြင့် ထို နေရာမှ ထွက်ခွာသွားလေ၏၊ ဤမျှပြုလုပ်သော မကောင်းမှုကံဖြင့် မင်း မိဖုရားနှစ်ပါးတို့သည် ရေ၌ နစ်မျောခြင်း ဆင်းရဲ၊ အချင်းချင်း ကွဲကွာ ရခြင်း ဆင်းရဲတို့ကို ရရှိခံစားရလေကုန်၏။ ယခုအခါ ရှေးက ပြုခဲ့သော ကံ၏ အကျိုးကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆို တော်မူ၏။

၇-၈-၉။ သင်သို့သည် မိမိတို့ ပြုလုပ်ခဲ့သော ကောင်းမှုကံ မကောင်းမှုကံ တို့ကို အနည်းငယ်မျှသာဟူ၍ မလေးမစား မထိမဲ့မြင် မပြုကြရာ အနည်းငယ်သော ကောင်းမှု, မကောင်းမှုကံတို့သည်လည်း ကြီး ကျယ်များပြားသော အကျိုးတရားကို ပေးနိုင်ပေသည်၊ အနည်းငယ်သော မကောင်းမှုကံသည် လူ့ပြည် ငရဲပြည်တို့၌ ကြီးမားများပြားသော ဆင်းရဲဒုက္ခကို ဖြစ်စေနိုင်ပေသည်။ ထို့ ကြောင့် သင်တို့သည် မကောင်းမှုဟူသမျှကို လုံးဝ မပြုလုပ်ကြဘဲ ကောင်းမှု ကုသိုလ်ကိုသာ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ပြု လုပ်ကြပါကုန်လော့။

ထိုအခါ သိရိရတနဂဗ္ဘာ မိဖုရားသည် အစဉ်သဖြင့် ကြီးစွာသော ရေ အယဉ်၌ နစ်မျောလေရာ စန္ဒတောင်ခြေ၌ ကမ်းပေါ်သို့ တက်ရောက်ပြီး လျှင် ဟိုဟိုဒီဒီသို့ ကြည့်ကာ မိမိ၏အဝတ်များကို ချွတ်၍ တပိုင်းကိုဝတ် တပိုင်းကို ရေညှစ်ကာ နေပူလှမ်းလျက် တဖန် ပြန်လှည့်၍ တပိုင်းကို ချောက်သွေ့စေ၍ ကပိုင်းကို ဝတ်ပြန်ပြီးလျှင် သစ်ပင်ရင်းတခု၌ ထိုင် နေလေ၏၊ ထိုမိဖုရားသည် အပေါ်ပေါ် တယောက်ထီးဖြစ်၍ မှီခိုအား ယားရာမဲ့ဖြစ်လျက် ထိတ်လန့်တုန်လှုပ်သဖြင့် မျက်ရေများကျကာ ငိုကြွေး မြည်တမ်းလျက်—

၁၀·၁၁။ ငါသည် ရှေးက ချစ်ခင်သူအချင်းချင်းကွေကွင်းကွဲကွာအောင် ပြုလုပ်ခဲ့သောကံကြောင့် ယခုအခါ ချစ်စွာသော လင်သားနှင့် ကွေကွင်းကွဲကွာရခြင်း ဖြစ်ပေသည်။ ငါသည် ငါ၏ လင်သား ဖြစ်သော တိုင်းပြည်သနင်း ပြည့်ရှင်မင်းကို အဘယ်သို့လျှင်တွေ့ မြင်ရပါအံ့နည်း၊ ယခုအခါ၌ကား ငါသည်ဖာဖေါမမိုး တကိုယ် ထီးသာ တောကြီးထဲမှာ အားထားရာမဲ့ ဖြစ်ရပေသည်တကား။

## သိကြားမင်းဖန်ဆင်း ကျောင်းသခ်မ်းတွင်းသို့

ထိုခဏ၌ပင် သိရိရတနဂ္ဃာ၏ ဝမ်း၌ တည်သော ဘုရားလောင်း၏ ကောင်းမှုတော်၏ အာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန် ရှိရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြ၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ဝိဿကြုံ နတ်သား (လက်သမား) ကို ခေါ်ပြီးလျှင် "အမောင် ဝိဿကြုံ နတ်သား သင်သည် လူ့ပြည်သို့ သွား၍ စန္ဒတောင်ခြေ၌ စိတ်နှလုံး မွေ့လျော် ပျော်ဘွယ်ရာ ကောင်းသောနေရာ၌ ကြာမျိုး ငါးပါး တို့ဖြင့် ပြည့်စုံသော ရေအိုင်ကြီးအနီးတွင် သစ်ရွက်မိုး ဇရပ်တဆောင်ကို ဖန်ဆင်း ပြုလုပ်၍ ယင်းသစ်ရွက်မိုးဇရပ်၌အားလုံးသော ရသေ့ရဟန်း ပရိက္ခရာတို့ကို ဖန်ဆင်းပြီးလျှင် ပြန်လာခဲ့လော့ဟု မိန့်မှာစေခိုင်းတော်မူလေ၏။ ထိုအခါ ဝိဿကြုံနတ်သားသည် ကောင်းပါပြီ အရှင်သိကြားမင်းဟု ဝန်ခံလျက် နတ်ပြည်မှ လူ့ပြည်သို့ဆင်းလာ၍ စန္ဒတောင်ခြေသို့သွား၍ သိကြားမင်း မိန့်မှာသည့်အတိုင်းဖန်ဆင်းလျက် "ဤနေရာသို့ ရောက်လာသောသူတို့သည် ဤအသုံးအဆောင်ပရိက္ခရာတို့ကို ယူကြကုန်လော့"ဟု တံခါး၌ စာရေး၍ ထားလေ၏။ ထို့ပြင် ဘီလူးတို့ကိုရှင်း ကြောက်မက်ဖွယ်သော အသံကို ပြုတတ်သော သားသမင်ကိုရှင်း ယင်းဇရပ်အနီးမှ ဖယ်ရှားလျက် မိမိနေရာ နတ်ပြည်သို့ပြန်သွားလေ၏။

### သားရတနာမွေးဖွားလာ

သိရိရတနဂ္ဃာမိဖုရားသည် လူတယောက်သာ သွားလောက်သော ခရီး လမ်းဖြင့်သွားသောအခါ ထိုသစ်ရွက်မိုးဇရပ်ကိုတွေ့မြင်၍ ရေးသားထား

သောကမှည်းစာတို့ကိုဖတ်ရှုလျက် မိမိအား သိကြားမင်းက ပြုလုပ်ဖန်တီးပေးသည့်အဖြစ်ကိုသိ၍ သစ်ရွက်မိုးဇရပ်အတွင်းသို့ဝင်ပြီးလျှင် မိမိ၏အဝတ်များကိုချွတ်၍ ရသေ့ရဟန်းအဝတ်တို့ ဝတ်ဆင်လျက် ရသေ့ရဟန်းအဖြစ်ဖြင့် ယင်းဇရပ်၌ နေလေ၏။ ညသန်းခေါင်ယာမ်အချိန်တွင် မိဖုရား၏ဝမ်း၌ ကမ္မဇလေလှုပ်သဖြင့် ရွှေအဆင်းနှင့်တူသော သားကို ဖွားမြင်လေ၏။ မိုးလင်းသောအခါ မိဖုရားသည် သားငယ်ကိုရေချိုး၍ မိမိ၏ နို့ချိုကို တိုက်ကျွေးလျက် ထိုနေရာ၌ပင်နေလေ၏။ ဘုရားလောင်း သူငယ်အား အမည်မှည့်သောနေ့၌ စန္ဒတောင်တခုလုံး၌ ရှိကြကုန်သော အားလုံးသော ရတနာတို့သည် တပြောင်ပြောင်တလက်လက်အရောင်အလျှံများ ထွက်ကုန်၏။ ထိုကြောင့် သီရိဂုတ္တာမိဖုရားသည် မိမိ၏ ဘုရားလောင်း သားငယ်အား ရတနပဇ္ဇောတ ဟူသော အမည်ကိုမှည့်လေ၏။

မိဖုရားကြီးသည် သားတော်ဘုရားလောင်း သူငယ်အား သစ်ရွက်မိုးဇရပ်၌ထားခဲ့လျက် တောသစ်မြစ် သစ်သီးကြီးငယ်တို့ကိုရှာဖွေရန် တောသို့ဝင်၍ တောသစ်မြစ်သစ်သီးကြီးငယ်တို့ကိုယူဆောင်ခဲ့လျက် တောမှ ပြန်လာပြီးလျှင် ဇရပ်၌နေ၍ ဘုရားလောင်းသားငယ်နှင့်အတူစားသောက်လေ၏၊ ဤသို့နေထိုင်လာခဲ့ရာ ဘုရားလောင်း ရတနပဇ္ဇောတမင်းသားသည် ငါးနှစ်အရွယ်သို့ရောက်ခဲ့၏၊ ထိုအခါ သားငယ် ရတနပဇ္ဇောတမင်းသားသည် မိဖုရားကြီးအား "အို မိခင် ကျွန်ုပ်၏ဘခင်သည် အဘယ်သူနည်း"ဟု မေးလေ၏။ သားငယ်၏စကားကိုကြားသောအခါ မိဖုရားကြီးသည် "ချစ်လှစွာသောသားငယ် သင်၏ဘခင်သည် မေဃဝတီပြည်၌မင်းဖြစ်သည်၊ ငါသည်လည်း မင်း၏မိဖုရားဖြစ်သည်"ဟု ပြောဆိုပြီးနောက် မိမိတို့၏အဖြစ်အပျက်အလုံးစုံကိုသားငယ်အား ပြောကြားလေ၏။

မိခင်ထံမှ အကြောင်းစုံကို ကြားရသောအခါ ဘုရားလောင်းသူငယ်သည် ပင်ကိုယ်သဘာဝအားဖြင့်ပင် သူ့ကျေးဇူးကို သိတတ်သောသဘောထားရှိသည့်အတိုင်း များစွာစိတ်ထိခိုက်လျက် မိခင်အားဤသို့ပြောလေ၏။ "အို မွေးသမိခင်ကျေးဇူးရှင် ယနေ့မှစ၍ မိခင်သည် တောမြို့မသွားပါနှင့်တော့၊ ကျွန်ုပ်သည် အသက်ရှင်သမျှ မိခင်ကိုလုပ်ကျွေးပါအံ့ဟု ဆိုလေ၏။

ထိုအခါမိခင်က "ချစ်စွာသောလူကလေး သင်သည် တောသို့မသွားပါလင့် အဘယ်ကြောင့်ဆိုသော် သင်သည် ငယ်လည်းငယ်ပါသေးသည်၊ ငါ၏ ချစ်လှစွာသော တဦးတည်းသောသားလည်းဖြစ်ပေသည်၊ သို့ဖြစ်၍သင်သည် ဤဇရပ်မှာပင် ချမ်းသာစွာနေပါလော့"ဟုဆို၏။

ဘုရားလောင်းသူငယ်သည် တောသို့သွားရန် မိခင်ထံမှ ခွင့်မရသဖြင့် ဆိတ်ဆိတ်သာ နေရလေ၏၊ တနေ့သောအခါ သိရိဗ္ဘာနုဂဗ္ဘာ မိဖုရားသည် တောသစ်မြစ်သစ်သီးတို့ကို ယူဆောင်ရန် တောသို့ ဝင်လေ၏။ ထိုအခါ ဘုရားလောင်းသူငယ်သည် သစ်ရွက်မိုးဇရပ်မှထွက်၍ မိခင်၏ခြေရာခံလျက် နောက်ရောင်ခံကာ ဆက်၍သွားလေရာ မိခင်သွားနေကျ လမ်းတို့ကို မှတ်မိ သိရှိနေလေ၏။ တနေ့တွင် မိဖုရားကြီးသည် စောစောထ၍ တောသို့ဝင် လျက် သစ်မြစ်သစ်သီးတို့ကို ခြင်းတောင်းတွင် ပြည့်စေလျက် "ငါသည် ယနေ့စောစောပြန်အံ့"ဟု စိတ်ကူးကြံစည်၍ လာသောအခါ အနည်းငယ် မောပန်းသဖြင့် အမောဖြေရန် လမ်းအနီးရှိ အရိပ်အာဝါသကောင်းသော ပညောင်ပင် တပင်အောက်တွင် သွားရောက် နေထိုင်လေ၏။ ထိုနောက် သွားရန်ထသောအခါ ဗာဠဟက မည်သောဘီလူးတယောက်သည် မိဖုရား ၏လက်နှစ်ဖက်ကို ဖမ်းကိုင် ဆွဲယူလေ၏။ ထိုအခါ မိဖုရားကြီးသည် ဘီလူး ကြီး၏ ကြောက်စရာ ကောင်းသော ရုပ်အသွင်ကိုမြင်သဖြင့် များစွာ ကြောက်ရွံ့ထိတ်လန့်လျက် မိမိသွားရမည့် ခရီးလမ်းကို ပြောကြား၍ ဘုရား လောင်းသားငယ်အား အောက်မေ့သတိရလျက် ဤသို့ဆိုလေ၏။

၁၂-၁၄။ ယခုအခါ ငါ၏သားငယ်သည် တယောက်ထည်း ကိုးကွယ် အားထားရာမဲ့ဖြစ်လျက် သစ်သီး ကြီးငယ် တို့ကို မစားရသဖြင့် ဆာလောင်မွတ်သိပ်၍ နေပေတော့မည်၊ ငါသည်လည်း တယောက် ထည်း အထီးကျန်လျက် တောနက်ကြီးတွင် ဆင်းရဲလှစွာ နေရ ပါ၏၊ ငါ၏သားငယ်ကို မမြင်ရလျှင် ယနေ့ငါသည် အသက်သေ လိမ့်မည်ထင်ပါသည်၊ တယောက်ထည်း ကျန်ရစ်ရှာသော သား ငယ်သည် အစာမစားရသဖြင့် ကိုယ်ခန္ဓာ ညှိုးနွမ်း၍ ခြောက်သွေ့ ပိန်ချုံး နေပေတော့မည်။

ထိုအချိန်၌ ဘုရားလောင်း ရတနပဇ္ဇောတသူငယ်သည် တယောက်တည်း သစ်ရွက်မိုးဇရပ်၌နေလျက် ယနေ့နေဝင်ချိန် ရောက်ပြီ ငါ၏မိခင်သည် တော သို့သွားရာ အလွန်ကြာမြင့်ခဲ့ပြီ၊ တောသို့သွားသော ငါ့မိခင်အား အ ကြောင်းတခုခုဖြစ်နေပြီထင်သည် ဟု ကြံစည်၍ သစ်ရွက်မိုးဇရပ်မှ ထွက် ခွါလျက် တောအုပ်သို့ရှင်း တောင်ခြေသို့ရှင်း မြစ်ဆိပ်သို့ရှင်း ထိုထိုနေရာ တို့သို့သွား၍ အမေ, အမေ, ဟစ်အော် ကြွေးကြော်ခေါ်ငင်လေ၏၊ ထိုသို့ မိခင်ကို လိုက်ရှာရင်း အမေ, အမေဟု အော်ဟစ် ကြွေးကြော်သွားသော အခါ ပညောင်ပင်ကြီးသို့ ရောက်သွားလေ၏၊ ထိုအခါ မိခင်သည် သား လာသည်ကိုသိ၍ အို ချစ်လှစွာသောလူကလေး သင်ဒိကိုမလာခဲ့နဲ့ဟု သား ကို မြစ်တားလျက် ဤသို့ဆိုလေ၏။

၁၅။ အို ချစ်လှစွာသောလူကလေး သင်သည် မိခင်ရှိရာ ဤသစ်ပင် ရင်းသို့ မလာပါလင့်၊ ဤနေရာ၌ ဘီလူးတယောက် ရှိပါသည်။ ထိုဘီလူးသည် ငါ့ကိုစားရန် ဖမ်းယူထားပါ၏။

ထိုစကားကို ကြားပြီးနောက် ဘုရားလောင်းသည် ဘီလူးလက်တွင်း၌ ရောက်နေသော မိခင်ကို မြင်ရလေလျှင် ငါသည် ငါ့မိခင်၏ အသက်ကို ကယ်တင်ရန်အတွက် ဤဘီလူးအား ငါ့အသက်ကို စွန့်လွှတ်အံ့ဟုကြံလျက် နက်ဖြန် ဘုရားအဖြစ်သို့ ရောက်တော့မည့်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ် ပြီးလျှင် ဘီလူး၏အနီးသို့သွား၍ အို ဘီလူးကြီး သင်သည်ကျွန်ုပ်၏အသွေး အသားနှင့် အသည်းနှလုံးတို့ကို စားသုံးပါလော့ ကျွန်ုပ်၏မိခင်ကို အမြန် လွှတ်ပါလော့ဟု ဆိုလျက် ဤဂါထာကို ဆို၏။

၁၆။ အို ဘီလူးကြီး သင်သည် ကျွန်ုပ်မိခင်၏ကိုယ်စား ကျွန်ုပ်၏ အ သက် အသွေး အသားနှင့် အသည်းနှလုံးတို့ကို စားသုံး၍ ကျွန်ုပ် မိခင်ကို လွှတ်ပါလော့။

ထိုစကားကို ကြားသောအခါ ဗာဠဟကဘီလူးသည် အို လုလင်သူငယ် သင်သည် ငါးနှစ်အရွယ် အလွန်ငယ်ပါသေးသည်၊ ငါသည် သင်၏အသည်း နှလုံး ငယ်သည် ကြီးသည်ကို မသိပါ၊ ယခု ငါ့မှာ အလွန်ဆာလောင်

နေသဖြင့် အသည်းနှလုံး ကြီးကြီးမားမားကိုမှ စားလိုပါ၏၊ သေးငယ်သော အသည်းနှလုံးကိုစားရန် အလိုမရှိပါဟု ဆိုလေ၏၊ ထိုအခါ ဘုရားလောင်း သူငယ်က ဘီလူးကြီးအား ပြောဆိုသည်မှာ အို ဘီလူးကြီး သင်သည် ဤသို့မပြောပါလင့်၊ လူတို့၏အသည်းနှလုံးသည် အတိုင်းအရှည် ပမာဏ မရှိပါ၊ အချို့လူတို့သည် ကိုယ်ခန္ဓာကြီးသော်လည်း အသည်းနှလုံး သေးငယ်၏၊ အချို့လူတို့သည် ကိုယ်ခန္ဓာ သေးငယ်သော်လည်း အသည်းနှလုံး ကြီးမား၏၊ အဘယ့်ကြောင့်ဆိုသော် ကုသိုလ်ကောင်းမှုအတွက် အားထုတ် လုံ့လဝီရိယကိုမပြု၊ သီလကို မစောင့်ထိန်း၊ ဒါနစသော ကုသိုလ်ကောင်းမှုကိုမပြု၊ နတ်ရွာရောက်ကြောင်း လမ်းခရီးကို မရှာမှီးသော သူတို့သည် သေသည့်အခါ အပါယ်ဆင်းရဲသို့ ကျရောက် ခံစားရကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာကြီးသော်လည်း အသည်းနှလုံး သေးငယ်သည် မည်ပါ၏။

အချို့သူတို့ကား ကုသိုလ်ကောင်းမှု အတွက် အားထုတ်လုံ့လ ဝီရိယကို ပြု၏၊ သီလကို စောင့်ထိန်း၏၊ ဒါနစသော ကုသိုလ်ကောင်းမှုကို ပြု၏၊ နတ်ရွာရောက်ကြောင်း လမ်းခရီး, နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကို ရှာမှီး ကြကုန်၏၊ သေသောအခါ နတ်စည်းစိမ်ကို ရရှိခံစားကြ ကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာ သေးငယ်သော်လည်း အသည်းနှလုံး ကြီးမားသည် မည်ပါ၏၊ အို ဘီလူးကြီး ကျွန်ုပ်သည်ကား ကိုယ်ခန္ဓာ သေးငယ်သော်လည်း အသည်းနှလုံး ကြီးမားသူ ဖြစ်ပါ၏၊ ထို့ကြောင့် ကျွန်ုပ်သည် ကောင်းမှုကုသိုလ် အတွက် လုံ့လဝီရိယကို ပြုရန် စွမ်းနိုင်ပါ၏၊ သီလကို စောင့်ထိန်းရန် စွမ်းနိုင်ပါ၏၊ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရန် စွမ်းနိုင်ပါ၏၊ အို ဘီလူးကြီး လှူဒါန်း ပေးကမ်းခြင်း ဒါန ဟူသည်ကား အပြင်အပ ဥစ္စာပစ္စည်းကို လှူဒါန်းပေးကမ်းခြင်း ဗာဟိရဒါန၊ ကိုယ်ခန္ဓာ အတွင်းမှာရှိသော အရာဝတ္ထုတို့ကို လှူဒါန်း ပေးကမ်းခြင်း အဇ္ဈတ္တိကဒါန ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုး တို့တွင် အပြင်အပ ဥစ္စာပစ္စည်းကို လှူဒါန်းပေးကမ်းခြင်း ဗာဟိရဒါန ဆိုသည်ကား ရွှေငွေစသော သက်မဲ့ပစ္စည်း, ဆင်မြင်း စသော

သက်ရှိပစ္စည်း စသည်ဖြင့် များစွာရှိပါ၏၊ ကိုယ်ခန္ဓာ အတွင်းမှာ ရှိသော အရာဝတ္ထုတို့ကို လှူဒါန်းပေးကမ်းခြင်း အဇ္ဈတ္တိကဒါန ဆိုသည်ကား အသွေး အသား, အသည်းနှလုံး စသည်ဖြင့် များစွာ ရှိပါ၏၊ ထို့ကြောင့် ကျွန်ုပ် သည် ကိုယ်ခန္ဓာ သေးငယ်သော်လည်း အသည်းနှလုံးကြီးမားသူ ဖြစ်ပါ၏၊ သင်ဘီလူးကြီးအား ကျွန်ုပ်၏ အသက်ဟူသော အဇ္ဈတ္တိက အလှူကို ပေးလှူ ပါအံ့၊ သင်သည် ကျွန်ုပ်ကို စားပါလော့၊ ကျွန်ုပ်၏ မိခင်ကို သင်သည် အမြန် လွှတ်ပါလော့ ဟု ဘုရားလောင်းသည် ဘီလူးကြီးအား ပြောဆို ပြီးနောက် ဆက်လက်၍ အို ဘီလူးကြီး စင်စစ်အားဖြင့်ကား အားလုံး သော လူများမှာ ကိုယ်ခန္ဓာသာ ပဓာန ဖြစ်ပါသည်၊ အသည်းနှလုံးဟာ ပဓာန မဟုတ်ပါ၊ ယခုအခါ သင်သည် ကျွန်ုပ်၏ရင်ကို ခွဲ၍ အသည်းနှလုံး ကို ထုတ်ယူပြီးလျှင် အလိုရှိတိုင်း စားသုံးပါလော့၊ သင်သည် ကျွန်ုပ်မိခင်ကို အလျင်အမြန် လွှတ်ပေးပါလော့ဟု ဆိုလေ၏။

ထိုအခါ ဘီလူးကြီးက "အို လုလင်သူငယ် သင်သည် မှန်သောစကားကို ဆိုသည် ဖြစ်ပါလျှင် ယခုပင် သင့်နှလုံးသားကို ပေးပါလော့၊ ငါသည် အလွန်ဆာလောင် နေပါပြီ၊ သင့်ကိုစား၍ သင့်မိခင်ကို လွှတ်ပေးပါမည်"ဟု ဆိုလေ၏၊ ဘီလူးကြီး၏ စကားကို ကြားသောအခါ ဘုရားလောင်း သူ ငယ်သည် "ငါသည် အဘယ်အရပ်မှ ဓားကို ရပါအံ့နည်း" ဟု ကြံစည်ပြီး နောက် သတိရလာသဖြင့် ကောင်းကင်ကို ကြည့်လျက် ဤ သုံးဂါထာ တို့ကို ဆိုလေ၏။

၁၇-၁၈-၁၉။ အသက်ကို လှူရသော ဤဒါန၏ ကန့်ခိုးကြောင့် ငါသည် နောင်အခါ၌ ဘုရားစင်စစ် ဖြစ်လတ္တံ့၊ ဤမှန်ကန်သော သစ္စာ စကားကြောင့်(ရင်ကိုခွဲရန်)ဓားသည် ငါ၏ ထံမှောက်သို့ ရောက် လာပါစေသတည်း။ ပါရမီတို့ကို ဖြည့်ကျင့်သော ငါသည် တရံ တခါမျှ ကြောက်ရွံ့ တုန်လှုပ်ခြင်း မရှိပါ၊ ဤမှန်ကန်သော သစ္စာ စကားကြောင့် ဓားသည် ငါ၏ ထံမှောက်သို့ ရောက်လာပါစေ သတည်း။ ဘုရားအဖြစ်သို့ ရောက်သောအခါ ငါသည် လူအပေါင်း အား ဆင်းရဲဒုက္ခ အမျိုးမျိုးမှ ကယ်တင်ပါအံ့၊ ဤမှန်ကန်သော

သည် မိမိ၏အခြား အသားတို့ကို လှီးယူ၍ ဘီလူးကြီးအား ပေးလျက် "အို ဘီလူးကြီး၊ ကျွန်ုပ်၏ ဤအသားကိုလည်း အလိုရှိတိုင်း စားပါလော့" ဟု ဆို၏။ ဘီလူးကြီးသည် ဘုရားလောင်း၏ အသားကိုစားလျက် ဘုရားလောင်းမိခင်အား ဘုရားလောင်းသို့ ပေးအပ်လေ၏။ ဘုရားလောင်းသည် မိခင်အား ရရှိသဖြင့် မိခင်၏လက်ကို ကိုင်စွဲလျက် သစ်ပင်တပင်ရင်း၌နေ၍ "အို မိခင် ကျွန်ုပ်သည် အမိဝမ်းမှ ထွက်လာသည်မှစ၍ မိခင်အပေါ်၌ ပြစ်မှားကျူးလွန်မိသော အပြစ်တစုံတရာရှိပါက ကျွန်ုပ်အားသနားသဖြင့် သည်းခံ ကျေနပ်ခွင့်လွှတ်တော်မူပါ"ဟု မိခင်အား ရှိခိုးကန်တော့ပြီးလျှင် ထိုနေရာ၌ပင် မူးမေ့၍လဲကျသွားလေ၏။ ထိုအခါ သိရိရတနဂဗ္ဘာ မိဖုရားသည် ထိုနေရာ၌ လဲကျသွားသော ဘုရားလောင်း သားငယ်ကို မြင်ရသဖြင့် အသဲနှလုံး ကြေကွဲသကဲ့သို့ဖြစ်လျက် ဘုရားလောင်းသားငယ်အား လက်နှစ်ဖက်ဖြင့်ပွေ့ချီ၍ မိမိရင်ခွင်၌နေစေပြီးလျှင် ငိုကြွေးမြည်တမ်းလျက်—

၃၀-၃၃။ နေနှင့်လတို့သည် မြေ၌ကျသကဲ့သို့ ငါ၏ သားသည်လည်း ယခုအခါ မြေ၌ကျလေပြီ၊ ချစ်လှစွာသောသား သင်သည် ထပါလော့၊ ငါ၏စိတ်နှလုံးသည် ပင်ပန်းဆင်းရဲပါပြီ၊ သင်သေပါလျှင် သင်နှင့်ကင်းကွာ၍ ငါသည် အဘယ်သို့အသက်ရှင်နေရပါအံ့နည်း။ ချစ်လှစွာသောသား၊ သမင်မသည် ခြင်္သေ့ သစ်ကျားတို့ကို ကြောက်ရွံ့တုန်လှုပ်သကဲ့သို့ ထိုနည်းတူစွာ ငါသည်လည်း ယခုအခါ ကိုးကွယ်အားထားရာမဲ့သဖြင့် အန္တရာယ်အမျိုးမျိုးကို ကြောက်ရွံ့တုန်လှုပ်နေရပါပြီ၊ သစ်ရွက်မိုးဇရပ်၌ တယောက်တည်းနေရသော ငါသည် ဟောထဲ၌အဘယ်သို့ လှည့်လည်သွားလာနေရပါအံ့နည်း၊ ချစ်လှစွာသောသား၊ သင်သည် ဤနေရာ၌ သေခြင်းသို့ရောက်ပါလျှင် ငါသည်လည်း သစ်ရွက်မိုးဇရပ်ကျောင်းသို့ မပြန်တော့ပါ၊ ယနေ့ညဉ့်၌ပင်သင်နှင့်အတူ သေပါတော့အံ့။

သိရိရတနဂဗ္ဘာ မိဖုရားသည် ဤသို့စသည်ဖြင့် ငိုကြွေးလျက် မိမိ၏ သားငယ်ကိုပွေ့ဖက်၍ ထိုနေရာ၌ပင်နေလေ၏။ ထိုအခါ ဘုရားလောင်းသူငယ်၏ သူ့ကျေးဇူးကိုသိတတ်သည့် တန်ခိုးအစွမ်းကြောင့် သိကြားမင်း၏

ပဏ္ဏုကမ္ဗလာမြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြလေ၏၊ သိကြားမင်းသည် ကြည့်ရှုဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ နတ်ပြည်မှဆင်းသက်ပြီးလျှင် ကောင်းကင်၌ ရပ်တည်လျက် ဗာဠဟကဘီလူးကို "အို ဗာဠဟကဘီလူး ယခုအခါ သင်သည် ဘုရားလောင်းအား နှိပ်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက်ခြင်းအမှုကို အဘယ့်ကြောင့် ပြုလုပ်ပါသနည်း။ ဤဘုရားလောင်းသူငယ်သည် ဤနေ့ရာ၌ပင် ပျက်စီးဆုံးရှုံးချေတော့မည်၊ ငါသည် ဤဝဇီရစိန်ချွန်းဖြင့် ခုနစ်စိတ်ခုနစ်ဖြာ သင်၏ဦးခေါင်းကိုခွဲအံ့" ဟုဆိုလေ၏၊ သိကြားမင်း၏ စကားကို ကြားသောအခါ ထိုဘီလူးသည် သေဘေးမှကြောက်သောကြောင့် လဲနေသော ဘုရားလောင်း သူငယ်ကို မချီလျက် မိမိ၏နဟ်ဆေးဖြင့် ဘုရားလောင်း၏ကိုယ်ကို လိမ်းကျံလေ၏။ ဘီလူး၏ နတ်ဆေးတန်ခိုး အစွမ်းကြောင့် ဘုရားလောင်းသည် ရောဂါပျောက်ကင်း ဆင်းရဲမရှိ ပကတိအတိုင်းဖြစ်လေ၏။ ထိုအခါဘုရားလောင်း၏ မယ်တော် သိရိရတနဂဗ္ဘာမိဖုရားသည် သစ္စာဝိဋ္ဌာန်ကိုပြုလိုရကား ဤဂါထာကိုဆို၏။

၃၄။ ငါ၏သားသည် မိဘကျေးဇူးကိုသိတတ်၍ နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်လတ္တံ၊ ဤမှန်သော သစ္စာဝိဋ္ဌာန်ကြောင့် ငါ၏သားသည် အသက်ရှင်ပါစေသတည်း။

ထိုနောက် မိဖုရားကြီးသည် တဖန်တပ်၍ သစ္စာဝိဋ္ဌာန် ပြုလိုရကား ဤဂါထာကိုဆိုလေ၏။

၃၅။ ငါသည် တယောက်တည်းသော ချစ်လှစွာသော ဤသားကိုရရှိပါသည်၊ ဤမှန်ကန်သော သစ္စာဝိဋ္ဌာန်ကြောင့် ငါ၏ သားသည် အသက်ရှင်ပါစေသတည်း။

ဒုတိယအကြိမ်သစ္စာဆိုသောအခါ၌ မိဖုရားကြီး၏ သစ္စာဝိဋ္ဌာန်အစွမ်းကြောင့် ဘုရားလောင်းသူငယ်သည် အသက်ရှုလာလျက် ဘေးတဖက်သို့ လှည့်လည်လှုပ်ရှားလာ၏။ ထိုနောက်တဖန် မယ်တော်မိဖုရားသည်အလွန်ပြင်းပြင်းထန်ထန် သစ္စာဝိဋ္ဌာန်ပြုလိုရကား ဤဂါထာကိုဆိုပြန်၏။

၃၆။ ငါသည် လင်ယောကျ်ားနှင့် ကင်းကွာနေစဉ်တွင် တပါးသော ယောကျ်ားများနှင့် တရံတခါမျှ ဖေါက်ပြန်ပြစ်မှားကျူးလွန်ခြင်း မရှိခဲ့ပါ၊ ဤမှန်သောသစ္စာခိဋ္ဌာန်ကြောင့် ငါ၏သားသည်လျင်စွာ ထပါစေသတည်း။

သုံးကြိမ်မြောက် သစ္စာဆိုသောအခါ၌သား မယ်တော် မိဖုရားကြီး၏ သစ္စာခိဋ္ဌာန်အစွမ်းအာနုဘော်ကြောင့် ဘုရားလောင်း သူငယ်သည် သတိရလာ၍ နေရာမှထကာ မိမိ၏မယ်တော် သိရိရတနဂဗ္ဘာကိုမြင်၍ ရှိခိုးလျက် နေလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်။

၃၇-၄၁။ ထို အခါ၌ ဘုရားလောင်း ရတနပဇ္ဇောတ သူငယ်သည် ရောဂါကင်းပျောက် ပကတိအခြေအနေသို့ရောက်လျက်ထ၍မိမိ၏ မယ်တော်ကို ရှိခိုးလျက် မယ်တော်၏အနီး၌ ထိုင်နေလေ၏။ ထိုအခါ သိကြားမင်းနှင့်တကွသော နတ်အပေါင်းတို့သည် နှစ်သက်ဝမ်းမြောက်ကြလျက် နတ်၌ဖြစ်သော ပန်းတို့ကိုယူ၍ တောကြီးထဲ၌ ဖြန့်ကျဲကြကုန်၏။ ကောင်းကင်၌ သွားလာနေကြကုန်သော နတ်တို့သည် အမျိုးမျိုးသော ပဒုမာကြာနှင့်နတ်ပန်းတို့ကို ယူဆောင်လာကြကုန်လျက် တော၌ ကျဲဖြန့်ကြကုန်၏။ထိုနေရာသို့ ရောက်လာကြ ကုန်သော နတ် အပေါင်း တို့သည် ဘုရားလောင်း သူငယ်အား ပူဇော်ကြကုန်လျက် အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် နတ်ပန်းခိုင်တို့ကို ယူဆောင်လာကြကုန်ပြီးလျှင် ရဲရင့်သော စိတ်နှလုံးရှိသော အိုယောကျ်ားမြတ်၊ ကောင်းလှပါပေစွ–ကောင်းလှပါပေစွ၊ သင်သည် သူတပါး၏ကျေးဇူးကို သိတတ်ပါပေစွ၊ ယခုအခါ သင်သည် လူတို့ထက် မြတ်သော ပုဂ္ဂိုလ်ဖြစ်ပါပေ၏၊ နောင်အခါ မကြာမြင့်မီ သင်သည် လောက၌ ပြိုင်ဘက်ရည်တူရှိတော်မမူသော ဘုရားစစ်စစ် ကေန်ဖြစ်ပါလတ့ံ ဟူ၍ ပြောဆိုကြကုန်၏။ ဟု မိန့်တော်မူသည်။

ထိုအခါ သိကြားမင်းသည် ကောင်းကင်၌ ရပ်တည်လျက် ဘုရားလောင်း အပေါ်၌ ဘီလူးကြီးက ပြုလုပ်ခဲ့သော အပြစ် ဟူသမျှကို

သည်းခံ ကျေနပ်ခွင့်လွှတ်စေပြီးနောက် ဘုရားလောင်းကိုင်း၊ မိဖုရားကြီးကိုင်း ရွှေထမ်းစင်တခုတည်း၌ နေစေလျက် စန္ဒတောင်ခြေရှိ ၎င်းတို့၏နေရာ သစ်ရွက်မိုးဇရပ်သို့ ဆောင်ယူသွားပြီးလျှင် ဘုရားလောင်းနှင့် မယ်တော်မိဖုရားတို့အား ပန်ကြားပြောဆိုကာ မိမိနေရာ သိကြားမင်း၏ ဘုံဗိမာန်သို့ ပြန်သွားလေ၏။ ထို့နောက် ဘုရားလောင်းသည် သစ်ရွက်မိုး ဇရပ်သို့ ဝင်လျက် မိမိ၏ အဝတ်တို့ကို ချွတ်ပြီးလျှင် ရသေ့ရဟန်းတို့ အသုံးအဆောင် ပရိက္ခရာ ဘဏ္ဍာတို့ကို ယူ၍ ရသေ့ ရဟန်းပြုပြီးလျှင် မိခင်ထံသွား၍“အို မိခင် ယနေ့မှစ၍ ကျွန်တော်တို့သားအမိနှစ်ယောက်သည် ရသေ့ ရဟန်း ပြု၍ နေကြပါကုန်အံ့၊ ဤနေ့မှ စ၍ သင်သည် သစ်သီးကြီးငယ် ဆောင်ယူရန် တောသို့ မသွားပါနှင့်၊ ဤဇရပ်ကျောင်း၌သာ ချမ်းသာစွာ နေပါလော့၊ ကျွန်တော်သည် တောမှ သစ်သီး ကြီးငယ်တို့ကို သင့်အတွက် ဆောင်ယူပေးပါအံ့”ဟု ဆိုလေ၏၊ ထိုအခါမှ စ၍ ဘုရားလောင်းသည် နေ့စဉ်တောသို့ သွား၍ တောမှ သစ်သီးကြီးငယ်တို့ကို ယူဆောင်လျက် မိခင်အား လုပ်ကျွေးလေ၏၊ ဤနည်းဖြင့် ဘုရားလောင်းသည် မိခင်အား လုပ်ကျွေးလျက် စန္ဒတောင်ခြေ၌ ရှိသော သစ်ရွက်မိုးဇရပ်၌ နေလေရာ ၂-နှစ် ၃-နှစ်သို့တိုင် ရောက်သွဲ့လေ၏။

ထိုအခါ ဘုရားလောင်း၏ ဘခင် မဟာရထ မင်းကြီးသည် (တတိုင်းပြည်လုံး ရေလွှမ်းမိုး နေရာမှ) ရေများ ကျဆင်း ကုန်ခန်းပြီး ချောက်ချောက်သွေ့သွေ့ ရှိလာသော အခါ မိမိ၏ မေဃဝတီ မြို့တော်သို့ လာ၍ ယင်းမြို့၌ပင် တရားနှင့်အညီ မင်းပြုလေ၏၊ မဟာရထ မင်း၏တရားနှင့်အညီ ကျင့်ကြံ အားထုတ်သော အစွမ်းအာနုဘော်ကြောင့် မေဃဝတီမြို့သည် အစားအစာ ပေါများ၍ စည်ပင်သာယာ ဝပြောစွာ ရှိလေ၏၊ ထိုအချိန် ဘုရားလောင်း ရတနပဇ္ဇောတ မင်းသား၏ မိဘကို လုပ်ကျွေးသောကံ၏ အစွမ်း အာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြလေ၏၊ သိကြားမင်းသည် ဆင်ခြင်ကြည့်ရှု လတ်သော် ဘုရားလောင်း၏ မိဘလုပ်ကျွေးသော အကြောင်းကို သိသဖြင့် နတ်ပြည်မှ သက်ဆင်း၍ ဘုရားလောင်းနှင့် မယ်တော် သိရိရတနဂဗ္ဘာတို့ကို ရွှေထမ်းစင်တခု၌ နေစေလျက် ကောင်းကင်

ခရီးဖြင့် ယူဆောင်၍ ညဥ့်သန်းခေါင်ယာမ် အချိန်တွင် မေဃဝတီမြို့ ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ထက်ရှိ ရတနာပလ္လင်ထက်၌ နေစေပြီးလျှင် ဘုရားလောင်းနှင့် မယ်တော်တို့အား ပန်ကြားလျက် မိမိနေရာ နတ်ပြည်သို့ ပြန်ကြလေ၏။

## မင်းအဖြစ်လွှဲအပ်ပြီး တောထွက်ခြင်း

ထိုအခါ မဟာရထမင်းသည် မိမိ၏မိဖုရားကို ကောင်းစွာ မှတ်မိ၍ ဘုရားလောင်းအားလည်း မိမိသားအဖြစ်ကို ကောင်းစွာသိသောကြောင့် ဘုရားလောင်း ရတနပဇ္ဇောတ မင်းသားကို မင်းအဖြစ် အဘိသိက်သွန်းလျက် မိမိသည်ကား ကာမဂုဏ်ငါးပါးစည်းစိမ်များကို ခံစား၍ ချမ်းသာစွာ နေလေ၏၊ ဘုရားလောင်းသည်ကား မင်းအဖြစ်ကို ရရှိသော်လည်း ကာမဂုဏ်ငါးပါးစည်းစိမ်များကို မခံစားဘဲ လူအပေါင်းအား အလှူဒါနများကို လှူဒါန်းလျက်သာ နေလေ၏၊ ထိုနောက် ဘုရားလောင်းသည် မင်းစည်းစိမ်ချမ်းသာကို ဘခင်အား ပြန်လည် အပ်နှင်းလျက် မိဘနှစ်ပါးတို့အား ရှိခိုးကန်တော့ပြီးလျှင် လူအပေါင်းအားလည်း ဆုံးမဩဝါဒ ပေးပြီးနောက် မြို့မှထွက်၍ ဟိမဝန္တာတောသို့ ရှေးရှုသွားလေ၏။

ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြု၍ သိကြားမင်းသည် ကြည့်ရှု ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ "ဘုရားလောင်းသည် ဟိမဝန္တာတောသို့ ဝင်၏၊ ယင်းဟိမဝန္တာတော၌ ဘုရားလောင်း၏ နေရာဌာနကို ဖန်ဆင်းပေးမှ သင့်တော်မည်" ဟု ကြံစည်လျက် ဝိဿကြုံနတ်သားကို ခေါ်၍ "အမောင်ဝိဿကြုံနတ်သား သင်သည် ဟိမဝန္တာသို့သွား၍ ဟိမဝန္တာ၌ သင့်လျော်လျောက်ပတ်၍ မွေ့လျော်ဘွယ် ရှိသောနေရာ၌ အားလုံးသော ရသေ့ရဟန်းတို့၏ ပရိက္ခရာများနှင့်တကွ သင်္ခမ်းကျောင်းတခုကို ဖန်ဆင်း ပြုပြင်စီရင်ပါလော့"ဟု မိန့်တော်မူကာ ဝိဿကြုံနတ်သားကို ဟိမဝန္တာသို့ စေလွှတ်လိုက်၏၊ ဝိဿကြုံနတ်သားသည်လည်း ကောင်းပါပြီ အရှင်သိကြားမင်းဟု ဝန်ခံလျက် နတ်ပြည်မှ ဆင်းသက်၍ ဟိမဝန္တာသို့ သွားပြီးလျှင်

ကျောင်းသင်္ခမ်းတဆောင် စင်္ကြံဇရပ်တခုနှင့် ညဥ့်အိပ်ရာဌာန, နေ့လည်နေခင်း နေရာဌာနတို့ကိုပါ ဖန်ဆင်းစီရင်ပေးလျက် ယင်းသင်္ခမ်းကျောင်း၌ ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကိုပါ အစုံအလင် ထားရှိလေ၏၊ ထိုနောက် ဤအရပ်သို့လာ၍ ရသေ့ရဟန်းပြုလိုသော သူတို့သည် ဤရသေ့ ရဟန်းပရိက္ခရာအသုံးအဆောင်တို့ကို ယူ၍ ရသေ့ရဟန်းပြုလျက် ဤနေရာ၌ နေကြကုန်လော့ဟု ပျဉ်ပြား၌ စာကိုရေး၍ ကြောက်ရွံ့ထိတ်လန့်အောင် ပြုတတ်သော ဘီလူး သရဲသဘက်နှင့် ခြင်္သေ့ သစ်ကျားစသော သတ္တဝါများကိုလည်း ဖယ်ရှားစေပြီးလျှင် မိမိနေရာနတ်ပြည်သို့ ပြန်လေ၏။

ထိုအခါ ဘုရားလောင်းသည် တယောက်တည်း ဟိမဝန္တာသို့ လာသောအခါ တယောက်သာ သွားလောက်ရုံသော လမ်းခရီးကိုမြင်၍ ယင်း လမ်းအတိုင်း အစဉ်လျှောက်၍ သွားလေရာ ကျောင်းသင်္ခမ်းကို တွေ့သဖြင့် ဤနေရာသည် ရသေ့ရဟန်းတို့၏ နေရာဖြစ်လတ့်ဟု သိ၍ ကျောင်းသင်္ခမ်း အတွင်းသို့ ဝင်သောအခါ ပျဉ်ပြား၌ရေးထားသော စာတို့ကို တွေ့လေ၏၊ ထိုနောက် ပျဉ်ပြား၌ရေးထားသောစာတို့ကို ဖတ်ကြည့်သောအခါ ဤနေရာသည် သိကြားမင်းပေးသော နေရာဖြစ်သည်ဟု သိ၍ မိမိ၏ အဝတ်များကိုချွတ်၍ နီမြန်းသော လျှော်တေသင်္ကန်းကို ဝတ်ရုံ၍ ပခုံး၌လွယ်လျက် ရသေ့ရဟန်း၏အသွင်ကိုယူလျက် မိမိဘာသာ ရသေ့ရဟန်းပြု၍ နေလေ၏၊ ဘုရားလောင်းသည် ယင်းကျောင်းသင်္ခမ်း၌ နေလျက် ကမ္မဋ္ဌာန်းဘာဝနာများကိုပွါးများအားထုတ်လေရာ မကြာမြင့်မီပင် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကိုရလျက် အသက်ထက်ဆုံး နေသွားပြီးလျှင် ကွယ်လွန်သည့်နောက် ဗြဟ္မာပြည်သို့ ရောက်လေ၏၊ ထိုအကြောင်းကို ပြလိုသောမြက်စွာဘုရားသည်—

၄၂-၄၆။ ထိုနောက် ရတနပဇ္ဇောတ မင်းသည် မင်းအဖြစ်ကို ရလျက် တရားသဖြင့် မင်းပြုပြီးလျှင် လူအပေါင်းအား အလှူကြီးကိုပေးလှူ၏။ ထိုမင်းသည် တလမျှလူအပေါင်းအား အလှူပေးပြီးနောက် ခမည်းတော်မင်းကြီးအား မင်းအဖြစ်ကို အပ်နှင်းလျက် မြို့တော်မှ ထွက်၍ ဟိမဝန္တာသို့ တယောက်တည်း သွားကာ ဟိမဝန္တာတွင်

ကျောင်းသခ်မ်းသို့ဝင်၍ မိမိ၏အဝတ်များကို စွန့်ပယ်ချွတ်ပစ်လျက် ရသေ့ရဟန်းပြုလေ၏။ ထိုနောက် ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွါးများ အားထုတ်သောအခါ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရပြီးလျှင် ဈာန်သမာပတ်တို့မှ မယုတ်လျော့ဘဲ အသက်အတိုင်းနေ၍ လူ့ပြည်မှ စုတေသောအခါ ဗြဟ္မာပြည်၌ ဖြစ်လေ၏ ဟု မိန့်တော်မူ၏။

ထိုအခါ မဟာရထနှင့် တိုင်းသူပြည်သား လူအများတို့သည် ဘုရားလောင်း၏ ဆုံးမြွဝါဒအတိုင်း လိုက်နာကြလျက် အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန် သောကြောင့် အသက်အတိုင်းနေ၍ ကွယ်လွန်ကြသော အခါ၌ နတ်ပြည်တို့၌ ဖြစ်ကြလေကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်၍ "ရဟန်းတို့၊ မိမိ၏ မိခင်ဘခင်တို့အား လုပ်ကျွေးသောအမှု မည်သည်ကား ရှေးပညာရှိတို့၏ လုပ်ရိုးမှတ်စဉ်လာမပျက် အနွယ်အဆက် ဖြစ်ပေသည်၊ သင်တို့သည် မိခင်ကိုလုပ်ကျွေးသော ရဟန်းကို ကဲ့ရဲ့ရှုတ်ချ အပြစ်မတင်ကြ ကုန်လင့်" ဟု မိန့်တော်မူလျက် ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဂါထာ တို့ကို မိန့်ဆိုတော်မူ၏။

## ဇာတ်ပေါင်းသော်

၄၇-၅၀။ ထိုအခါ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ ဗာဟုဟက ဘီလူးသည် အင်္ဂုလိမာလ၊ သိရိရတနဂဗ္ဘာ မိဖုရားသည် မဟာမာယာ မဟာရထမင်းသည် သုဒ္ဓေါဒန၊ မေဃဝတီမြို့သူ မြို့သားတို့သည် ယခုအခါ ငါဘုရား၏ တပည့်သာဝကများ ဖြစ်၍ မိဘကိုလုပ်ကျွေးသော ရတနပဇ္ဇောတမင်းသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏။ ဤသို့ဇာတ်တော်ကို ရိုသေစွာ နာယူမှတ်သားဆောင်ထားကြကုန်လော့။

သုံးခုမြောက် ရတနပဇ္ဇောတဇာတ် ပြီး၏။

# ၄-ဒွေသိသဟံသဇာတ်

[ ဤဇာတ်သည်ကား သက်ရှိသတ္တဝါများသည် ချစ်ကြခင်ကြ မကွဲကွာကြလိုသော်လည်း စိတ်ဝမ်းကွဲလျှင်ကား ကိုယ်ကောင်ပါလိုက်ပြီး ကွဲကွာရကြောင်းကို စိတ်ဝင်စားစရာ ပြဆိုထားသည် ]

မြတ်စွာဘုရားသည် သဗ္ဗာဝေ ဇာတာ ဥဘော အစချီသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အချင်းချင်းချစ်မြတ်နိုးကြသော လူနှစ်ယောက်တို့ကို အကြောင်းပြု၍ဟောကြားတော်မူ၏။ ချဲ့၍ဆိုဦးအံ့၊ သာဝတ္ထိပြည်၌နေကြကုန်သော လူနှစ်ယောက်တို့သည် နေလည်းအတူတူ အိပ်လည်းအတူတူ သွားလည်းအတူတူ ရပ်လည်းအတူတူ ဖြစ်၍ အချင်းချင်း မစွန့်ခွါကြကုန်။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့ဩဘွယ် ရှိပါပေစွ၊ ဤလူနှစ်ယောက်တို့သည် တဦးနှင့်တဦးအလွန်တရာချစ်မြတ်နိုးကြကုန်လျက် အချင်းချင်း စွန့်ခွါမသွားကြဘဲ တခုသော အရပ်၌သာ နေကြကုန်၏။ ဤသူနှစ်ယောက်တို့သည် တဦးနှင့်တဦး အလွန် ချစ်မြတ်နိုးကြသည်မှာ အကြောင်းတခုခုတော့ ရှိလိမ့်မည်ထင်၏" စသည်ဖြင့် စကားကို ပြောဆိုနေကြကုန်၏။ ထိုအခါ ဂန္ဓကုဋီ၌ နေတော်မူသော မြတ်စွာဘုရားသည် မိမိ၏ ဒိဗ္ဗသောတဉာဏ်တော်ဖြင့် ထိုရဟန်းတို့ ပြောဆိုကြသောစကားကို ကြားသိတော်မူသောကြောင့် ထိုင်နေရာမှထတော်မူလျက် ရဟန်းတော်များ တရားစည်းဝေးရာဇရပ်သို့ ကြွတော်မူ၍ ယင်းဇရပ်၌ ခင်းထားသောဘုရားရှင်၏နေရာတော်၌ နေတော်မူပြီးလျှင် "ရဟန်းတို့ ယခုငါဘုရား ကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကိုပြောဆိုစည်းဝေးနေကြပါသနည်း"ဟု မေးတော်မူလေရာ ဤမည်သောစကားကို ပြောဆိုစည်းဝေးနေကြပါကုန်သည်ဟု ရဟန်းတော်များက လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါမှသာ ဤသူ နှစ်ယောက်တို့သည် တဦးနှင့်တဦး ချစ်ခင်မြတ်နိုးကြသည်မဟုတ်သေး၊ ရှေး

အခါကလည်း ဇနီးမောင်နှံ နှစ်ယောက်တို့သည် မိမိတို့၏ ကောင်းမှုကံကြောင့် တဦးနှင့်တဦး အလွန် မြတ်နိုးချစ်ခင်ကြကုန်သည်သာဖြစ်၏ ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် တောင်းပန်သောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား၏ သာသနာတော်တွင် သဒ္ဓါတရားရှိကြကုန်သော ဇနီးမောင်နှံ နှစ်ယောက်တို့သည် အချင်းချင်း တပ်မက်မောသောစိတ် ရှိကြကုန်သည် ဖြစ်၍ တဦးနှင့်တဦး အလွန်တရာ ချစ်မြတ်နိုးကြကုန်၏၊ တနေ့သ၌ ဇနီးမောင်နှံ နှစ်ဦးတို့သည် ကဿပမြတ်စွာဘုရား၏ ကျောင်းတော်သို့ သွား၍ ကဿပမြတ်စွာဘုရား အမှူးရှိသော ရဟန်းအပေါင်းကို ရှိခိုးကြကုန်လျက် နံ့သာပန်းတို့ဖြင့် ပူဇော်ကာ ကဿပဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းအား ဆွမ်းအလှူကို ပေးလှူပြီးလျှင် ဆုတောင်းခြင်းကို ပြုလျက် ဤဂါထာကို ဆိုကြကုန်၏။

၁။ ဘဝတိုင်း ဘဝတိုင်း၌ ဖြစ်ကြကုန်သော တပည့်တော်တို့ ဇနီးမောင်နှံ နှစ်ဦးတို့သည် အချင်းချင်း အလွန်တရာ ချစ်မြတ်နိုးကြကုန်လျက် တမိဝမ်းတွင်း၌ တပြိုင်နက် ဖြစ်ရပါလိုကုန်၏။

ထိုဇနီးမောင်နှံနှစ်ဦးတို့တွင် ဇနီးဖြစ်သူသည် မိမိ၏ ဆုတောင်းခြင်းကို ပြုလျက် နှစ်ခုမြောက်ဂါထာကို ဆို၏။

၂။ ဤကောင်းမှု ကုသိုလ်ကံကြောင့် တပည့်တော်မသည် မိန်းမဘဝမှ လွတ်မြောက်၍ ဖြစ်လေရာဘဝတိုင်း၌ မိမိလင်သားနှင့် အတူ မကွဲမကွာ ဖြစ်ရပါလို၏။

ဤသို့ ဆုတောင်းပြီးနောက် ထိုမိန်းမသည် မိမိလင်သားနှင့် အတူတကွ မကွဲမကွာ ဖြစ်ရန်အတွက် ဆုတောင်းလိုရကား ဤဂါထာနှစ်ခုကို ဆို၏။

၃-၄။ ဘုန်းတော် ကြီးသော မြတ်စွာဘုရား တပည့်တော်မ၏ ဤ လင်ယောကျ်ားသည် ဖြစ်လေရာ ဘဝတိုင်း၌ တပည့်တော်မ၏ နောင်

တော် ဖြစ်၍ တပည့်တော်မသည် သူ၏ ညီငယ် ဖြစ်ရပါလို၏၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရား တပည့်တော်မတို့ ဇနီးမောင်နှံ နှစ်ဦးသည် အယုတ်ဆုံးအားဖြင့် တိရစ္ဆာန် ဘဝတွင် ဖြစ်ရသည့် တိုင်အောင်လည်း ကိုယ်တခုထည်းတွင် ခေါင်းနှစ်လုံးရှိပြီး တဦးနှင့် တဦး အလွန်တရာ မြတ်နိုးချစ်ခင်ကြရပါလိုကုန်၏။

## ခေါင်းနှစ်လုံးနှင့် ရွှေဟင်္သာ

ထိုစကားကို ကြား၍ ကဿပ မြတ်စွာဘုရားသည် ထိုဇနီးမောင်နှံ တို့၏ အလှူဒါနကို အနုမောဒနာ ပြုပြီးလျှင် ရဟန်းတော် အပေါင်းနှင့် အတူ ကျောင်းတော်သို့ ပြန်ကြွတော် မူလေ၏၊ ထိုမိန်းမသည် မိမိလင်ယောကျ်ား နှင့် အတူ လူ့ပြည်၌ ကြာမြင့်စွာ နေပြီးနောက် လူ့ဘဝမှ စုတေသော အခါ ထိုကောင်းမှုကြောင့်၎င်း, ထို ဆုတောင်းကြောင့်၎င်း သူဌေးမျိုး, သူကြွယ်မျိုး, ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုးနှင့် မင်းမျိုးတို့၌ မိမိ၏ ယောကျ်ားနှင့် အတူ တမိဝမ်း၌ တပြိုင်နက် ဖြစ်လေ၏၊ ထိုသူ နှစ်ဦးတို့ သည် တမိဝမ်း၌ တပြိုင်နက် ဖြစ်ကြပြီးလျှင် တပြိုင်နက် မွေးဖွားသော အခါ သူငယ်ယောကျ်ား နှစ်ဦးဖြစ်ကြ ကုန်၏၊ ပထမ မွေးဖွားသူသည် အကိုကြီးဖြစ်၍ ဒုတိယ မွေးဖွားသူသည် ညီငယ် ဖြစ်လေ၏၊ အချင်းချင်း လည်း အလွန်တရာ ချစ်မြတ်နိုးကြ ကုန်၏၊ ထိုညီနောင် နှစ်ဦးတို့သည် ထိုဘဝမှ စုတေသောအခါ ဟိမဝန္တာတွင် ပဒုမာကြာပန်း တို့ဖြင့် တင့်တယ် သာယာသော ရေအိုင်တခု၌ ဟင်္သာ ဖြစ်လေ၏၊ ယင်းဟင်္သာကား ကိုယ် တခုတွင် ခေါင်းနှစ်လုံးရှိ၍ ရွှေအဆင်းကဲ့သို့ တင့်တယ်သောအဆင်းရှိလျက် စင်ကြယ်ကောင်းမြတ်သော စိတ်နှလုံးရှိ၍ အစာရှာဖွေရန် လှည့်လည်သွား လာနေ၏။ တနေ့သ၌ တော၌ လှည့်လည် ကျက်စားနေသော မုဆိုး တယောက်သည် ထိုရေအိုင်သို့ ရောက်သောအခါ ကိုယ်တကိုယ်တည်းတွင် ခေါင်းနှစ်လုံးရှိသော ယင်းရွှေဟင်္သာကိုမြင်၍ အလွန်အံ့ဩလျက်ရှိလေ၏။ ထိုအချိန်၌ ဘုရားလောင်းသည် ဓမ္မိက ဟူသော အမည်ဖြင့် ဗာရာဏသီမြို့၌ တရားနှင့်အညီ မင်းပြုလျက်ရှိ၏။ ထိုဓမ္မိကမင်း၏ မိဖုရားကြီးသည်ကား သုဓမ္မာအမည်ရှိ၏၊ ထိုအခါ မုဆိုးသည် ထိုရွှေဟင်္သာကို မြင်ခဲ့၍ ဓမ္မိက

မင်းအား လျှောက်ကြား သံတော်ဦးတင်လေ၏။ မုဆိုး၏ စကားကို ကြားသောအခါ ဓမ္မိကမင်းသည် အလွန်အံ့သြလျက် ယင်းရွှေဟင်္သာကို ရယူလိုသောကြောင့် ဤဂါထာကိုဆို၏။

၅။ အမောင်မုဆိုး သင်သည် ထိုရွှေဟင်္သာကို အရှင်လတ်လတ် ဖမ်းယူ
ပေးနိုင်ပါလျှင် သင့်အား များစွာသောဥစ္စာတို့ကို ပေးရုံသာမက
ရွာတရွာကိုလည်း ဆုအဖြစ် အပိုင်စားပေးသနားပါအံ့။

ဤသို့ပြောဆိုပြီးလျှင် ဘုရားလောင်းသည် မုဆိုးအား စားနပ်ရိက္ခာများပေး၍ လွှတ်လိုက်၏။ မုဆိုးသည် စားနပ်ရိက္ခာများကို ထုပ်ပိုးယူဆောင်လျက် ဘုရားလောင်းအား ရှိခိုးပြီးလျှင် ဆိတ်ချိုဖြင့်ပြုလုပ်သောလေးကိုယူဆောင်လျက် ဗာရာဏသီမြို့မှထွက်၍ ဟိမဝန္တာ၌ သင့်လျော်ရာ၌ နေလေ၏။ ထိုနောက် မုဆိုးသည် ဥပါယ်တမျဉ်ဖြင့် ရွှေဟင်္သာကို အရှင်လတ်လတ်ဖမ်းဆီး၍ ဗာရာဏသီမြို့သို့ယူဆောင်လာလျက် ခေါင်းနှစ်လုံးနှင့်ကိုယ်တခုရှိသော ရွှေဟင်္သာကို ဗာရာဏသီမင်းကြီးအား ဆက်သလေ၏။ ခေါင်းနှစ်လုံးနှင့် ကိုယ်တခုသာရှိသော ရွှေဟင်္သာကို မြင်သောအခါ ဓမ္မိကမင်းကြီးသည် နှစ်သက်ဝမ်းမြောက်လျက် မုဆိုးအား ဥစ္စာရွှေငွေများစွာနှင့် တကွ ရွာတခုကိုလည်း ဆုအဖြစ် အပိုင်စား ပေးသနားလေ၏၊ ထိုနောက် ဓမ္မိကမင်းသည် မိမိ၏လက်ဖြင့် ရွှေဟင်္သာကို ပွတ်သတ်လျက် မိမိ၏ တရားဆုံးဖြတ်ရာ တရားရုံးအဆောက်အဦ၌ ရပ်တည်လေ၏၊ သုဓမ္မာ မိဖုရားကြီးသည်လည်း မိမိ၏ နူးညံ့စွာသောလက်ဖြင့် ရွှေဟင်္သာကို ယုယကြင်နာစွာ ပွတ်သတ်လျက် မင်း၏အထံ၌ ရပ်တည်လေ၏၊ ထိုခဏ၌ ကိုယ်တခုသာ ရှိသော ရွှေဟင်္သာ၏ ခေါင်းနှစ်လုံးတို့သည် အချင်းချင်းညွှတ်၍ ထိပြီးလျှင် ကေကေ ဟု မြည်လျက် ထိုနေရာ၌ပင် ပျော်မွေ့စွာ နေကြကုန်၏၊ ယင်း ရွှေဟင်္သာ၏ ချိုသာသောအသံကို ကြားသောအခါ သုဓမ္မာမိဖုရားကြီးသည် နှစ်သက်သောစိတ်ရှိရကား ထိုရွှေဟင်္သာကို ရွှေလှောင်ချိုင့် (လှောင်အိမ်နှောင်အိမ်)၌ နေစေပြီးလျှင် ရွှေခွက်၌ ချိုမြိန်ကောင်းမြတ်သော ပေါက်ပေါက် စသည်ကို ကျွေးမွေးလေ၏၊

တနေ့သောအခါ သုဓမ္မာမိဖုရားသည် ဓမ္မိကမင်းကြီးအား မြတ်သောမင်းကြီး ဤရွှေဟင်္သာသည် ကိုယ်တခုတည်းဖြင့် ခေါင်းနှစ်လုံးရှိသည်မှာ

အံ့သြဘွယ် ကောင်းလှပါ၏၊ အကယ်၍ တစုံတယောက်သော သူသည် ဤရွှေဟင်္သာအား နှစ်ကိုယ်ခွဲရန် တတ်နိုင်ပါလျှင်ကျွန်ုပ်သည် နန်းတော်အတွင်း၌ ဟင်္သာတကောင်ကိုထား၍ လူအားလုံးကြည့်နိုင်ရန်အတွက် နန်းတော်၏အပြင်၌ ဟင်္သာတကောင်ကို ထားပါအံ့ ဟု ပြောလေ၏။

မိဖုရားကြီး၏စကားကို ကြားသောအခါ မိဖုရားကြီးပြောသော စကားသည် ကောင်းမြတ်သောစကားဖြစ်ပေ၏ ဟု ပြောဆိုပြီးလျှင် ထိုခဏ၌ပင် အားလုံးသောအမတ်တို့ကို စည်းဝေးစေ၍ အို မှူးမတ်အပေါင်းတို့ သင်တို့ထဲမှ မည်သူမဆို ဤကိုယ်တခုဖြင့် ခေါင်းနှစ်လုံးရှိသော ဟင်္သာကို ကိုယ်နှစ်ခု ခေါင်းနှစ်လုံးဖြစ်အောင် ခွဲခြမ်းစိတ်ဖြာနိုင်သူအား ကြီးစွာသော ပူဇော်သကာပြု၍ များစွာသော ဥစ္စာပစ္စည်းတို့ကို ပေးအံ့ဟု မှူးမတ်တို့အား မိန့်ကြားပြောဆိုလေ၏၊ မင်းကြီး၏စကားကို ကြားသောအခါ မှူးမတ်အပေါင်းတို့သည် ကိုယ်တခုကို နှစ်ခုဖြစ်အောင်ပြုလုပ်ရန် အမျိုးမျိုး ကြိုးစား ကြံစည် လုပ်ကိုင်ကြသော်လည်း မရရှိဘဲ ဖြစ်နေလေ၏၊ ထိုနောက် အကျိုးအကြောင်း၌ သိမ္မာကျွမ်းကျင် ပညာရှင်ဖြစ်သော အမတ်တယောက်သည် မင်းကြီးအား ရှိခိုးလျက် ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းကြီး ခေါင်းနှစ်လုံးဖြင့် ကိုယ်တခုသာရှိသော ဤရွှေဟင်္သာကို ကိုယ်နှစ်ကိုယ် ခေါင်းနှစ်လုံးဖြင့် ၂-ခြမ်းကွဲအောင် ၂ ကောင်ဖြစ်အောင် ကျွန်တော်မျိုး ပြုလုပ်နိုင်စွမ်း ရှိပါသည်ဘုရားဟု သံတော်ဦး တင်လေ၏။

## နှစ်ဂေါင်းတကိုယ်မှ ကိုယ့်ဂေါင်းကိုယ့်ကိုယ်နှင့်

ထိုပညာရှိ အမတ်၏စကားကို ကြားသောအခါ ဓမ္မိက မင်းကြီးသည် များစွာနှစ်သက်သဘောကျသဖြင့် ယင်းအမတ်အား များစွာသော ဥစ္စာတို့ကို ပေး၍ ထိုရွှေဟင်္သာကိုလည်း ယင်းအမတ်၏ လက်ထဲကို ထည့်ပေးလိုက်လေ၏၊ ထိုပညာရှိအမတ်သည် ရွှေဟင်္သာကို မိမိအိမ်သို့ ယူဆောင်သွား၍ အိမ်တွင် ကောင်းစွာ ကျွေးမွေးထားလေ၏၊ ဤသို့ကျွေးမွေးပြီးနောက် ရက်အတန်ကြာသောအခါ တနေ့သ၌ ပညာရှိအမတ်သည် မင်းအား ခစားပြီး၍ နန်းတော်မှ ပြန်လာပြီးလျှင် ထိုရွှေဟင်္သာ၏ အနီးသို့ကပ်လျက် မိမိ၏

ဦခေါင်းကို ညှတ်၍ တဖက်သောခေါင်းတလုံး၏ နားအနီးသို့ ကပ်လျက် စကားတိုးတိုးပြော၍ ရယ်မောကာ ထိုနေရာမှပင်ဖဲခွါခဲ့လျက် မိမိနေရာသို့ ပြန်လာလေ၏။

ထိုအခါ တဖက်သော ဟသ်ာခေါင်းက တဖက်သော ဟသ်ာခေါင်း အား "အို ချစ်လှစွာသောမိတ်ဆွေ၊ ထိုအမတ်သည် သင့်နားအနီးသို့ကပ်၍ သင့်အား တိုးတိုးကြိတ်၍ ဘာစကားကို ပြောကြားသွားပါ သနည်း" ဟု မေးလေ၏။ ထိုအခါ မင်း၏အမတ် တိုးတိုးပြောသွားသော ခေါင်းက အခြားသော ခေါင်းအား "အို မိတ်ဆွေ၊ ထိုအမတ်သည် ငါ၏နားအနီးသို့ ကပ်၍ ငါနှင့်အတူ ဘာစကားကိုမျှ မပြောပါ၊ ငါသည်ထိုအမတ်ပြော သောစကားကို ကြားလည်းမကြား သိလည်း မသိလိုက်ပါ" ဟု ပြော လေ၏။ ထိုစကားကိုကြားသောအခါ ခေါင်းတလုံးက ခေါင်းတလုံးကို ပြောသည်မှာ "ငါသည် သင့်ကိုမယုံတော့ပါ၊ အဘယ့်ကြောင့် ဆိုသော် သင့်ကိုတိုးတိုးပြောတာ ငါမျက်စိဖြင့် မြင်ရပါလျက် သင်က ဘာမျှမပြော ဟု လိမ်ညာနေဘိသည် ငါတို့နှစ်ဦး နှစ်ပေါင်းများစွာ ချစ်ခင်စွာနေလာ ပြီးမှ ယနေ့တော့သင်၏ မသမာဉာဏ်, အကောက်ဉာဏ်ကို သိရတော့သည် ဟုပြောလေ၏။

### ခေါင်းနှစ်လုံးနှင့် ဟသ်ာတို့သည် ခေါင်းကိုယ်စီနှင့်

ထိုအခါမှစ၍ ကိုယ်တခုတည်းမှ ခေါင်းနှစ်ခုတို့သည် အချင်းချင်း မယုံကြည်ကြတော့ဘဲ တဦးနှင့်တဦး စိတ်ကောင်း မထားကြတော့သဖြင့် ခိုက်ရန်ဖြစ်ပွါး ငြင်းခုံခြင်း များပြားလာပြီးလျှင် နှစ်ရက် သုံးရက်မျှ အချင်းချင်းစကားကောင်းစွာ မပြောကြဘဲ ဆဲရေးရေရွတ်ကြ ကုန်၏။ ခေါင်းနှစ်လုံးတို့သည် မိမိဘက်ရှိကိုယ်ကို မိမိအသင်းအပင်းပြုလျက် မိမိတို့၏ အမျက်ဒေါသ အားလျော်စွာ ကိုယ်နှစ်ခြမ်းကွဲ၍ ကိုယ်နှစ်ခုဖြင့် ဟသ်ာ နှစ်ကောင် ဖြစ်သွားလေ၏။

ထိုအခါ ပညာရှိအမတ်သည် ယင်းဟသ်ာ နှစ်ကောင်ကိုယူ၍ ဗမ္မိက မင်းကြီးအား ဆက်သလေ၏။ ဗမ္မိကမင်းကြီးသည် ဟသ်ာနှစ်ကောင်ကို

မြင်သောအခါနှစ်သက်ဝမ်းမြောက်သောစိတ်ရှိသဖြင့် ထိုပညာရှိအမတ်အား များစွာသောဥစ္စာပစ္စည်းတို့ကိုလာမက ရွာတရွာကိုလည်း ဆုအဖြစ်အပိုင် စားပေးလေ၏။ ထိုနောက်မင်းကြီးသည် ရွှေဟသာ တကောင်ကို လှောင်ချိုင့်တခုစီဖြင့် ထားလျက် တကောင်ကိုနန်းတော်တွင်း၌ထား၍ တကောင်ကို နန်းတော်ပြင်ပ လူအများ ကြည့်ရှုရန် ထားလေ၏။ ထိုနောက်မင်းကြီးသည် ပညာရှိအမတ်အား "အို ပညာရှိအမတ် သင်သည် အဘယ်သို့သော ဥပါယ်တမျဉ်ဖြင့် ကိုယ်နှစ်ခုကွဲအောင် ပြုလုပ်ပါသနည်း"ဟု မေးသောအခါ အမတ်သည်လည်း မိမိပြုလုပ်သော နည်းလမ်းကို ဓမ္မိကမင်းအား လျှောက်ထား သံတော်ဦးတင်လေ၏။

အမတ်၏စကားကို ကြားသောအခါ ဓမ္မိကမင်းသည် များစွာထိတ်လန့်သံဝေဂရလျက် ကြံစည်သည်မှာ "အော်....အံ့သြဘွယ် ရှိပါပေစွ၊ ကိုယ်တခုတည်းတွင် ခေါင်းနှစ်လုံးရှိလျက် မကွဲမကွာ အလွန်ချစ်ခင်လျက်ရှိကြသော ဤသို့သောဟသာသော်မှ အချင်းချင်း မညီမညွတ် စိတ်ဝမ်းကွဲကာ ကိုယ်နှစ်ခြမ်း ကွဲလာကြသေး၏၊ ကိုယ်အသီးသီးဖြင့် ရှိကြကုန်သော အခြားသတ္တဝါတို့မှာကား အမြဲတမ်း ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ရှိဘို့ရန် အဘယ်မှာဖြစ်နိုင်ပါအံ့နည်း၊ အချင်းချင်း စိတ်နှလုံး ကောင်းမွန်နေခိုက်တွင် ချစ်ချစ်ခင်ခင် ရှိကြသော်လည်း နောင်အခါတွင် စိတ်ဝမ်းကွဲပြားကာ ရန်သူဖြစ်လာကြကုန်၏။

## စိတ်ဝမ်းကွဲတတ်ပုံများ

သတ္တဝါတို့သည်ကား ကိုယ်သာလျှင် မိမိဥစ္စာ, ကိုယ်သာလျှင် အမွေအနှစ်, ကိုယ်သာလျှင်မိတ်ဆွေ, ကိုယ်သာလျှင် မိုမိုအားထားရာ ရှိကြကုန်၏ဟု စိတ်ကူးကြံစည်ပြီးလျှင် ဓမ္မိကမင်းသည် မိမိ၏မှူးမတ်တို့နှင့် စကားပြောဆိုလိုသဖြင့် "အို မှူးမတ်အပေါင်းတို့ အချို့သော သူတို့သည် ဆွေမျိုးတော်စပ်သည် ဖြစ်စေ, မတော်သည် ဖြစ်စေ ရှေးဦးစွာ အချင်းချင်း အလွန်ကရာချစ်ခင်ကြသော်လည်း နောင်အခါတွင်ကား အချင်းချင်း ငြင်းခုံခိုက်ရန်ဖြစ်သောကြောင့်ရှင်း, ရွှာနိဂုံးလယ်ယာ ခြံ မြေ အိမ် စသည်ကြောင့်ရှင်

နွား, ကျွဲ, ဆင်, မြင်း, ကျွန်မိန်းမ, ကျွန်ယောကျာ်း စသည်ကြောင့်ရှင်း, အမျက်ဒေါသ ထွက်ကြသောကြောင့်, တဦးနှင့်တဦး မနာလိုကြ, ဝန်တိုကြ, ငြူစူကြသောကြောင့်ရှင်း, လာဘ်လာဘ ပစ္စည်းဥစ္စာ ပူဇော်သက္ကာရကို မက်မော တွယ်တာကြသော ကြောင့်ရှင်း, လင်အတွက်ကြောင့်ရှင်း, ဇနီးမယား သမီးသားတို့ အတွက်ကြောင့်ရှင်း, စစ်သည်ဗိုလ်ပါများကြောင့်ရှင်း, မင်း၏ အမှုထမ်းကိစ္စ ရာထူးဌာနန္တရ အတွက်ကြောင့်ရှင်း, ရဲရင့်ခြင်း ကြောက်ရွံ့ခြင်း စသည်တို့ကြောင့်ရှင်း ဤသို့စသော အကြောင်းအမျိုးမျိုးကြောင့် ချစ်ခင်ခြင်း ညီညွတ်ခြင်း ပျက်ပြားကာ ကွဲကွာကြကုန်၏"ဟု အမတ်တို့အား ပြောဆိုပြီးနောက်—

ဓမ္မိက မင်းကြီးသည် ဆက်လက်၍"အချို့သောသူ တို့သည် သူတပါး၏ အနည်းငယ်သော အပြစ်ကိုလည်း အကြီးအကျယ် အများအပြား ဖြစ်အောင် ချဲ့ထွင်ကြံဆ ပြုလုပ်ပြောဆိုကြကုန်၏၊ အချို့သူတို့ကား သူတပါး၏ ကြီးကျယ်များပြားသော အပြစ်ချို့ယွင်းချက်ကိုလည်း အနည်းငယ်သော အပြစ်သာဟု သည်းခံခွင့်လွှတ် ကျေနပ်နိုင်ကြကုန်၏၊ အချို့သော သူတို့သည် သူတပါး၏ ကျေးဇူးကို သိတတ်ကြ၍ ကျေးဇူးတုံ့ပြန် ဆပ်ကြကုန်သော်လည်း အချို့သော သူတို့ကား သူတပါး၏ ဂုဏ်ကျေးဇူးကို မသိတတ်ဘဲ ကျေးဇူးကို ချေဖျက်တတ်ကြ ကုန်၏၊ ကျေးဇူးသစ္စာ မဲ့ကြကုန်၏၊ အချို့သော သူတို့သည် မြင့်မိုရ်တောင်လောက် ကြီးကျယ်သော မိမိအပြစ်ကို မသိမမြင်ဘဲ သူတပါး၏ မုန်ညင်းစေ့မျှလောက်သော အနည်းငယ်သော အပြစ်ကို သိမြင်တတ်ကြ ကုန်၏ဟု ကြံစည် တွေးတောလျက် ဤဂါထာတို့ကို ဆိုလေ၏။

၆-၁၀။ လောက၌ ရွှေ ငွေ ပုလဲ ပတ္တမြား စသော ရတနာ အမျိုးမျိုးတို့ ရှိ၍ နက်နဲသော သမုဒ္ဒရာသည် သဲသောင် တို့ဖြင့် ပြည့်နှက် နှိပ်စက်သောကြောင့် ရေများကုန်ခန်းကာ မြေပြင်အဖြစ်သို့ ရောက်ကြရကုန်သကဲ့သို့ (မြစ်ကိုဖျက်တော့ သောင်) ထိုနည်းတူစွာ တာဝန်ပေါင်း များစွာကို ထမ်းဆောင်နေရသော ရေမြေသနင်း ပြည့်ရှင်မင်းသည် အခြံအရံများစွာဖြင့် မိမိတိုင်းပြည်၌ တရားနှင့် အညီ

အုပ်ချုပ် နေသော်လည်း အမတ်စသည်တို့က ဖျက်ဆီးနှောက်ရှက် နှိပ်စက်သောကြောင့် တိုင်းပြည်ပျက်စီး၍ မင်းနှင့်တကွ ပြည်သူ အပေါင်းတို့ ဆင်းရဲဒုက္ခ ရောက်ကြရ၏၊ (မင်းကို ဖျက်သော အမျှောင်) အမျှောင် ဆိုသည်ကား မှူးမတ်များကို ဆို၏၊ မြစ်ပင် ကောင်းလျက် သောင်က ဖျက်၏၊ မင်းပင် ကောင်းလျက် မင်း မျှောင် ဖျက်၏) လောက၌ အဆွေ ခင်ပွန်းကို ပျက်စီးအောင် ပြုတတ်သောသူကို အကျွမ်းတဝင် ပြုသဖြင့် အကျိုးမရှိချေ၊ သူဌေး မျိုး စသော အမျိုးလေးပါး တို့၌ အဆွေခင်ပွန်းကို ဖျက်ဆီးတတ် သော သူသည် အလုံးစုံသော ဉစ္စာစည်းစိမ်ကို ပျက်စီးအောင် ဖျက်ဆီးတတ်၏၊ ယုတ်မာသော သူသည် သူတပါးအား ယုတ်မာ သော အမှုကို အဖန်ဖန် အထပ်ထပ် အမြဲမပြတ် ပြုလုပ်တတ်၏၊ ထိုယုတ်မာသော သူသည် သူတပါး၏ အကျိုးမဲ့ကို ပြုလုပ်၍ သူ တပါးတို့ကို အမြဲတမ်း ညှဉ်းပန်း နှိပ်စက်တတ်၏၊ ယုတ်မာသော သူအား တရံတခါမျှ အဆွေခင်ပွန်း မဖွဲ့ရာ ချစ်ကျွမ်းဝင်ခြင်း မပြုရာ ပညာရှိ သူတော်ကောင်းကိုသာ အဆွေခင်ပွန်း ဖွဲ့ရာ၏၊ အကျွမ်း တဝင် ပြုရာ၏။

ဤသို့မိန့်ဆိုပြီးနောက် ဘုရားလောင်း ဓမ္မိကမင်းကြီးသည် မိမိ၏ တိုင်း သူပြည်သား လူအများတို့အား ဆုံးမဩဝါဒပေးလိုရကား ဤဂါထာတို့ကို ဆိုလေ၏။

၁၁-၂၁။ အို လူများအပေါင်းတို့ မစူးစမ်းမဆင်ခြင်ဘဲ မိမိကိုယ်တိုင် ပြုလုပ်သောအမှု, သူတပါးကိုပြုလုပ်စေသော အမှုတို့သည် အကျိုး မရှိဘဲ အပါယ်ဆင်းရဲဒုက္ခသို့ ကျရောက်သည်အထိ မကောင်းသော အကျိုးကို ခံစားရတတ်၏၊ မစူးစမ်း မဆင်ခြင်ဘဲ ပြုလုပ်သော သူသည် အကျိုးမရှိဘဲ မကောင်းသောသူတို့ ကျရောက်ရာ အပါယ် ဆင်းရဲသို့ ကျရောက်တတ်၏၊ အို လူများအပေါင်းတို့ ကောင်း သော လယ်မြေတို့၌ ကောင်းစွာ စိုက်ပျိုးအပ်သော မျိုးစေ့သည် လူတို့အား ကောင်းသော အသီးအပွင့်ကို အမြဲတမ်း ပေးသကဲ့သို့

ထို့အတူ ကောင်းမွန်ရှိသေစွာ ပြုလုပ်သော ကုသိုလ်ကောင်းမှုတို့သည်လည်း သတ္တဝါတို့အား ကောင်းမွန်မြင့်မြတ် ချမ်းသာသော အကျိုးတရားကို ပေးတတ်လေ၏၊ ထို့ကြောင့် ပညာရှိသော သူသည် ဤလောက၌ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သောကြောင့် လူ့ပြည်နတ်ပြည်တို့၌ ချမ်းသာသုခကို ရရှိခံစားရ၏၊ မိမိ၏ ချစ်ကျွမ်းဝင်သော မိတ်ဆွေများကို အသက်ထက်ဆုံး အဆွေခင်ပွန်းပျက်အောင် မပြုလုပ်ကြကုန်ရာ၊ ပညာရှိသောသူသည် မိမိ မိတ်ဆွေ ခင်ပွန်းများကို အသက်ကဲ့သို့ စောင့်ရှောက် ကြည့်ရှုရာ၏။ ပညာရှိသောသူသည် စူးစမ်းဆင်ခြင်၍ အမှုကိစ္စတို့ကို ပြုလုပ်ရာ၏၊ စူးစမ်းဆင်ခြင်၍ ပြုလုပ်သော အမှုကိစ္စသည် မိမိအား ကောင်းသောအကျိုးကို ရရှိခံစားစေနိုင်၏၊ အို လူများအပေါင်းတို့ အမှုကိစ္စ အဝဝကို မိမိဉာဏ်စွမ်းရှိသမျှ စူးစမ်းဆင်ခြင်၍ ပြုလုပ်ကြကုန်ရာ၏၊ အဖန်ဖန်အထပ်ထပ် စူးစမ်းဆင်ခြင်၍ ပြုလုပ်သော အမှုကိစ္စအဝဝသည် နောင်အခါ၌ စိုးရိမ်ပူပန်ရခြင်းမရှိနိုင်ချေ၊ မစူးစမ်းမဆင်ခြင်ဘဲပြုလုပ်သောအမှုကိစ္စအဝဝသည် နောင်အခါ၌နောင်တတဖန် စိုးရိမ်ပူပန်ရတတ်၏၊ ကိုယ်တကိုယ်တည်းတွင် ခေါင်းနှစ်လုံးရှိသော ရွှေဟင်္သာသည် အချင်းချင်း ကွဲကွာအောင် ကုန်းတိုက်သဖြင့် အမျက်ဒေါသကြောင့် နှစ်ခြမ်းနှစ်မွှာ ကွဲကွာသွားရပြီးလျှင် ဟင်္သာတကောင်သည် နန်းတော်တွင်း၌ နေရလျက် ဟင်္သာ တကောင်မှာ နန်းတော်ပြင်ပ၌ နေရကာ ဟင်္သာနှစ်ကောင်တို့သည် အချင်းချင်း တကောင်နှင့်တကောင် ကြည့်ရှုခွင့် မြင်ခွင့်ပင် မရကြတော့ချေ။

ထိုအခါမှစ၍ ဓမ္မိကမင်းသည် မိမိ၏ ဗာရာဏသီမြို့တော်၌ တရားနှင့်အညီ မင်းပြုလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ အသက်ရှည်သမျှ နေပြီးလျှင် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏၊ မြို့သူမြို့သား လူအပေါင်းတို့သည်လည်း ဘုရားလောင်း၏ ဆုံးမဩဝါဒ၌ တည်လျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပြီးနောက် ကွယ်လွန်ကြသော

အခါ နတ်ပြည်တို့၌ ဖြစ်ကြလေကုန်၏၊ ဤသို့မိန့်တော်မူပြီးနောက် မြတ်စွာဘုရားသည် ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဂါထာတို့ကို မိန့်တော်မူ၏။

ဇာတ်ပေါင်းသော်

၂၂-၂၆။ ထိုအခါ တောလိုက်မုဆိုးသည် ယခုအခါ ဆန္ဒာ မတ်၊အမတ်ပညာရှိသည် ရှင်သာရိပုတ္တရာ၊ ရွှေဟင်္သာ ငှက်တကောင်သည် ရှင်အာနန္ဒာ၊ အခြား ရွှေဟင်္သာ ငှက်တကောင်သည် ကာဠုဒါယီ၊ ဓမ္မိကမင်း၏ မယ်တော်သည် မဟာမာယာ၊ ခမည်းတော်သည် သုဒ္ဓေါဒန၊ သုဓမ္မာမိဖုရားသည် ယသော်ဓရာဖြစ်၍ အမတ်စသော မြို့သူမြို့သားတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များဖြစ်၍ ဓမ္မိကမင်းသည်ကား ယခုအခါ ငါဘုရားဖြစ်လာ၏။ ဤသို့ ဇာတ်တော်ကို ဆောင်ယူမှတ်သား ကြကုန်လော့။

လေးခုမြောက် ဒွေသိသဟံသဇာတ် ပြီး၏။

---

# ၅-ဝိရိယပဏ္ဍိတဇာတ်

[ဘုရားမြတ်စွာသည် ၅၅-ဝါတိုင် သတ္တဝါတို့အား ဝိမုတ္တိ နိဗ္ဗာန်ချမ်းသာကို ပေးတော်မူခဲ့၏၊ ဟိုယခင် နှစ်အခါ တွင်လည်း လူအများတို့အား ချမ်းသာ သုခကို ဖြစ်စေပုံ ပေးတော်မူပုံကို အကျယ်တဝင့် ဘော်ပြထားသော ဝိရိယ ပဏ္ဍိတဇာတ်]

မြတ်စွာဘုရားသည်သဟာယော မေ ပဉ္စာလ ရာဇာ အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်မိမိ၏ ရှေးကပြုခဲ့သော ဒါနပါရမီကို အကြောင်းပြု၍ဟောတော်မူ၏။ ချဲဦးအံ့၊ထိုအခါ တနေ့သ၌ရဟန်းတို့သည်တရားသဘင်မဏ္ဍပ်၌ နေကုန်လျက် ''ငါ့ရှင်တို့၊ငါတို့မြတ်စွာဘုရားသည် အလှူပေးခြင်း၌ ရောင့်ရဲတင်းတိမ်မှု မရှိ၊ ယခုအခါသတ္တဝါ

တို့အား ဝိမုတ္တိ နိဗ္ဗာန်ချမ်းသာကို ပေးတော်မူလျက် သတ္တဝါတို့အား သနားခြင်းမဟာကရုဏာ ရှိတော်မူပါပေ၏”ဟု ပြောဆိုနေကြ ကုန်၏။ ထိုအချိန်တွင် ဂန္ဓကုဋိကျောင်းတော်၌ နေတော်မူသော ဘုရားရှင်သည်မိမိ၏ ဒိဗ္ဗသောတ ဉာဏ်တော်ဖြင့် ထိုရဟန်းတို့ ပြောဆိုသော စကားကို ကြား သိတော်မူသောကြောင့် ဂန္ဓကုဋိကျောင်းတော်မှထ၍ ရဟန်းတို့ တရား စည်းဝေးရာ သဘင်မဏ္ဍပ်သို့ ကြွတော်မူပြီးလျှင် ခင်းထား အပ်သော မြတ်သောဘုရားရှင်၏ နေရာ၌ ထိုင်နေတော် မူလျက် “အို ချစ်သား ရဟန်းတို့၊ ယခု ငါဘုရား ကြွလာတော်မူစဉ်အခါ သင်ရဟန်း တို့သည် အဘယ်စကားကို ပြောဆိုစည်းဝေးနေကြပါသနည်း”ဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတော်များက ဤမည်သောစကားကို ပြောဆို စည်းဝေးနေ ကြပါသည်ဟု ပြန်ကြား လျှောက်ထားလတ်သော် “ရဟန်းတို့၊ ငါဘုရား သည်ယခုဘုရားဖြစ်တော် မူသောအခါတွင် သူတပါးတို့အား ဝိမုတ္တိနိဗ္ဗာန် ချမ်းသာကို ပေးခြင်းမှာ အံ့သြဘွယ် မဟုတ်ပါ၊ ရှေးအခါ ငါဘုရားသည် ဘုရားလောင်း ဖြစ်စဉ် ပုထုဇဉ်ဘဝမှာ ပုထုဇဉ် ဖြစ်စဉ်မှာပင် မိမိ၏သား မယားများကို ရောင်း၍ ရသော အဖိုးငွေဖြင့် ရွှေပြားပြုလုပ်၍ ပေးလှူပြီး နောက် တဖန် မိမိ၏ အသားကိုပင် လှီးဖြတ်၍ ရွှေပြားပြုလုပ် လှူဒါန်းခဲ့ ခြင်းမှာ ပို၍အံ့သြစရာဖြစ်သည်ဟု မိန့်တော်မူကာ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန် သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့၊ လွန်လေပြီးသောအခါ သက္ကဝိမြို့၌မဟာရထမင်းမင်းပြု၏၊ မဟာရထမင်းသည် သမ္မာဒိဋ္ဌိ မှန်သောအယူရှိသူဖြစ်၍ မြတ်စွာဘုရား၌ အလွန်မြတ်နိုး ကြည်ညိုသော မင်းဖြစ်၏။ ထိုအခါ ပဉ္စာလမြို့တွင် ပဉ္စာလ မင်း မင်းပြု၏၊ ထိုမင်းကား မိစ္ဆာဒိဋ္ဌိ မှားယွင်းသော အယူရှိသူ ဖြစ်၏၊ သို့သော် မဟာရထမင်းနှင့် တဦးကို တဦး မတွေ့ဘူး မမြင်ဘူး ကြသော် လည်း အလွန်တရာ ချစ်ကျွမ်းတဝင်ရှိလေ၏၊ တနေ့သောအခါ ပဉ္စာလ မင်းသည် အဖိုးများစွာ ထိုက်တန်သော ကမ္ဗလာနီ တခုကိုယူ၍ မိမိ၏ တမန်တော်၏ လက်သို့ထည့်ကာ မဟာရထမင်းအား လက်ဆောင် အဖြစ်

သွားရောက် ပို့ဆောင်စေ၏။ ထိုအခါ မဟာရထမင်းသည် ပဉ္စာလမင်းထံမှ ပေးပို့သော ကမ္ဗလာနီအဝတ် လက်ဆောင်ကို မြင်ရ၍ မိမိ၏မှူးမတ်များနှင့်အတူ စကားပြောဆို လိုရကား ရွှေဦးစွာသော ဂါထာတို့ကိုဆို၏။

၁။ အို မှူးမတ် အပေါင်းတို့ ငါ၏ အဆွေခင်ပွန်း ဖြစ်သော ပဉ္စာလမင်းသည် အဖိုးများစွာ ထိုက်တန်သော ကမ္ဗလာနီ အဝတ်ထည်ကို ငါ့အား လက်ဆောင်အဖြစ် ပေးပို့လိုက်၏၊ ငါသည်လည်း ငါ၏ ချစ်မိတ်ဆွေ ပဉ္စာလမင်းထံ အဖိုးတန် ရတနာကို ယနေ့ပေးပို့ပါအံ့။

ဤသို့ မိန့်ဆိုပြီးနောက် “လောက၌ ဘုရားရတနာနှင့် တူသော တပါးသော ရတနာသည် မရှိချေ၊ ထို့ကြောင့် ငါ၏မိတ်ဆွေ ပဉ္စာလမင်းအား ဘုရားရုပ်ပုံတော် ရတနာကို ပေးပို့အံ့ဟု ကြံစည် စိတ်ကူးလျက် ရွှေပန်းထိမ်သည်အား ရွှေပြားပြုလုပ်စေ၍ သဘာဝဟင်္သပြဒါး အရောင်ဖြင့် သုတ်လိမ်းချယ်လှယ်လျက် ၁ဝ-မိုက် ၄-တောင် ကျော်မျှ ပမာဏရှိသော ဘုရားရုပ်ထု ရုပ်ပုံတော်ကို ရေးသားစေ၍ ဘုရားရုပ်ထု ရုပ်ပုံတော် ထုလုပ်ရေးဆွဲပြီးသောအခါ ပန်းနံ့သာ အမျိုးမျိုးတို့ဖြင့် ပူဇော်၍ ဘုရားရုပ်ထုတော်အား ရိုသေစွာ ရှိခိုးလျက် ဤဂါထာကို ဆို၏။

၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် ဗုဒ္ဓရှင်တော်ဘုရား၏ ရုပ်ထုတော် ရုပ်ပုံတော် ဖြစ်ပါသည်၊ အရှင်ဘုရားသည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါ၏၊ သတ္တဝါတို့အား အမြဲတမ်းပင် သနားချီးမြှောက် စောင့်ရှောက်တော်မူတတ်ပါပေ၏၊ သို့ဖြစ်၍ အရှင်ဘုရားသည် ဘုရားအသွင်ကို ဆောင်တော်မူပါလော့။

ဤသို့ လျှောက်ထားပြီးနောက် မဟာရထ မင်းကြီးသည် ဗုဒ္ဓရှင်တော်ဘုရား၏ ရုပ်တုတော် ရုပ်ပုံတော်ကို ထပ်မံလျှောက်ထား လိုရကား—

၃-၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အဘယ်အရပ်သို့ပင် ကြွကြွ အဘယ်အရပ်မှာပင် နေနေ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အစီးအပွါး ချမ်းသာသုခကို ဖြစ်စေတတ်ပါ၏၊ ရှေးရှေးက ဗုဒ္ဓရှင်တော် ဘုရားတို့သည်

လူနတ်ပြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါးကို ပြုလုပ် ဆောင်ရွက်တော်မူ သကဲ့သို့ ထိုနည်းတူစွာ အရှင်ဘုရားသည်လည်း ယခုအခါ သတ္တဝါတို့၏ အကျိုးစီးပွါးကို ဖြစ်စေတော် မူပါလော့၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား တပည့်တော်၏ အဆွေခင်ပွန်း ဖြစ်သော ပဥ္စာလ မည်သောမင်းသည် ရတနာသုံးပါး ကံ ကံ၏ အကျိုးကို မယုံကြည်ပါ၊ မှားယွင်းသော မိစ္ဆာ အယူ ရှိပါ၏၊ သို့ဖြစ်၍ အရှင်ဘုရားသည် ပဥ္စာလမြို့သို့ ကြွတော်မူ၍ အမျိုးမျိုးသော အံ့ဩဘွယ် တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် ထိုမိစ္ဆာ အယူရှိသော ပဥ္စာလမင်းအား မိစ္ဆာအယူကို ယူခြင်းမှ လွတ်မြောက်စေကာ ကယ်တင်တော် မူပါလော့။

## ပဥ္စာလပင်းထံ ဗုဒ္ဓရုပ်ပွါးတော် ပေးပို့ခြင်း

ဤသို့ ရှိခိုးလျှောက်ထား ပြီးနောက် မဟာရာဇ မင်းကြီးသည် လှေ၏ အလယ်၌ပြာသာဒ်တဆောင်စီမံပြုလုပ်စေလျက် ယင်းပြာသာဒ်ထက်၌ဗုဒ္ဓရုပ် ထုတော် ရုပ်ပုံတော်ကို ထား၍ ပဥ္စာလမင်း၏ တမန်တော်အား ပေးအပ် လျက် မိမိသည် လည်ပင်းပမာဏရှိသော ရေထဲသို့ သက်ဆင်း၍ ရှိခိုးပူဇော် လျက် ပေးပို့လိုက်လေ၏၊ ထိုခဏ၌ မဟာသမုဒ္ဒရာသည် ရွှေရောင် အဆင်း ရှိသော ရေတို့ဖြင့် တင့်တယ်လှပ နေ၏၊ တင့်တယ်လှပသော ရတနာအမျိုး မျိုးတို့ သည်လည်း သမုဒ္ဒရာမှ တက်လတ်၍ သမုဒ္ဒရာ၏ အပေါ်၌ ရပ်တည် ကုန်လျက် ဘုရားရုပ်ထုတော် ရုပ်ပုံတော်ကို ပူဇော်ရန် အလို့ငှါ ရောက် လာကြ ကုန်၏၊ သမုဒ္ဒရာ ရေအပြင်သည်လည်း ရတနာ ၇-ပါး တို့ဖြင့် ဆန်းကြယ်သော တင့်တယ်သော ရွှေခွက်အပြင်ကဲ့သို့ ဘုရားရုပ်တုတော် ရုပ်ပုံတော်အား ပူဇော်သောအားဖြင့် တည်ရှိလေ၏၊ ထိုအခါ၌နဂါးပြည်မှ နဂါးမင်းတို့ သည်လည်း များစွာသော နဂါးအပေါင်း ခြံရံလျက် နဂါး ဘုံမှ ထွက်လာကြပြီးလျှင် အမျိုးမျိုးသော နံ့သာပန်းတို့ဖြင့် ဘုရားရုပ်ထု တော် ရုပ်ပုံတော်ကို ပူဇော်ကြလျက် ချိုသာသော တရားသီချင်းများကို သီကျူးရင့်ကြ၍ သမုဒ္ဒရာအလယ်၌ ကခုန်သီဆိုကြကာ ဘုရားရုပ်ထုတော် အား ဝန်းရံပူဇော်ကြ ကုန်၏။

ကောင်းကင်၌လည်း နတ်အများတို့သည် နတ်ပန်းတို့ကို ကြဲဖြန့်ကုန်လျက် နတ်တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ကြကုန်၍ ရွှေငွေဖြင့် ပြုအပ်သော တံခွန် ကုက္ကား ထီး စသည်တို့ကို ဆောင်ယူကြကုန်လျက် ကောင်းကင်ခရီးဖြင့် သွားလာကြပြီးလျှင် ဗုဒ္ဓ၏ရုပ်ထုတော် ရုပ်ပုံတော်ကို ဝန်းရံပူဇော်ကြကုန်၏။ ဗုဒ္ဓရုပ်ပွားတော်, ရုပ်ထုတော်, ရုပ်ပုံတော်၏ တန်ခိုးအာနုဘော် မည်သည်ကား နတ်လူတို့ မကြံစည်နိုင်အောင် ကြီးကျယ် များပြားသော တန်ခိုး အာနုဘော် ရှိပေ၏။ သက်တော်ထင်ရှား မြတ်စွာဘုရားသည် ထူးဆန်းအံ့သြဘွယ်, မဖြစ်ဖူးမြဲထူးကဲသော တန်ခိုးအာနုဘော် ရှိသကဲ့သို့ ထို့အတူ ဗုဒ္ဓရုပ်ပွားတော်, ရုပ်ထုတော်, ရုပ်ပုံတော်သည်လည်း ထူးဆန်းအံ့သြဘွယ်သော တန်ခိုးအမျိုးမျိုး ရှိပါပေ၏။ ထိုအခါ ပဉ္စာလမင်း၏ တမန်သည် သမုဒ္ဒရာအလယ် ရှိလှေ၌ ဗုဒ္ဓ၏ ရုပ်ထုတော်, ရုပ်ပုံတော်နှင့်အတူ သွားသောအခါ အမျိုးမျိုးသော ထူးဆန်းအံ့သြဘွယ် တို့ကို မြင်တွေ့ရလျက် ပဉ္စာလ မြို့သို့ ဆိုက်ရောက်သွားလေ၏။

ပဉ္စာလမြို့သို့ ရောက်သောအခါ လှေထက်မှ ဆင်းသက်၍ ပဉ္စာလမင်းကြီးထံသို့ ချဉ်းကပ်ရှိခိုးလျက် မိမိ တွေ့မြင်ခဲ့ရသမျှသော ထူးဆန်းအံ့သြဘွယ်တို့ကို လျှောက်ထား သံတော်ဦးတင်လေရာ ပဉ္စာလ မင်းကြီးမှာ များစွာ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ "ငါ၏ အဆွေခင်ပွန်းဖြစ်သော မဟာရထမင်းသည် ငါ့အတွက် ဘုရားရုပ်ထု, ရုပ်ပုံတော်ကို ရေးသားထုလုပ်လျက် ကြီးစွာသော ပူဇော်သက္ကာရပြု၍ ပေးပို့လိုက်ပေ၏၊ ငါသည်လည်း မဟာရထမင်း ပူဇော်သည်ထက် နှစ်ဆ ပို၍ ပူဇော်သက္ကာရကိုပြုလျက် ထိုဘုရားရုပ်ထုရုပ်ပုံတော်ကို ပင့်ဆောင်ပေအံ့" ဟု ကြံစည်လေ၏။ ယင်းသို့ ကြံစည်ပြီးနောက် ပဉ္စာလမင်းသည် မိမိ မြို့တော်မှထွက်၍ စစ်အင်္ဂါ လေးပါးတို့နှင့် အတူ ထိုဗုဒ္ဓရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်ရှိရာဌာနသို့ သွားလျက် ထိုခြင်္ဂါးပါးဖြင့် ရှိခိုးကန်တော့ပြီးလျှင် နတ်၌ဖြစ်သော အမွှေးအကြိုင် နံ့သာပန်း စသည်တို့ဖြင့် ပူဇော်လျက် တံခွန်၊ ကုက္ကား ထီးဖြူစသည်တို့ကို စိုက်ထူ ဆင်ယင်ကာ ကိုရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်၏အနီး၌ ရပ်တည်လေ၏။

ထိုအခါ ပဉ္စာလမင်းသည် အလွန်တရာ သဒ္ဓါကြည်ညို ဖြစ်သော ကြောင့် မှူးမတ် ပရိသတ် အခြွေအရံများ ခြံရံလျက် ထိုဗုဒ္ဓရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်ကို ဖူးမြော်၍ "တပည့်တော်သည် ယနေ့မှစ၍ အသက်ထက် ဆုံး ဗုဒ္ဓရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်ကို ကိုးကွယ်ရာဟူ၍ မှိဝဲသည်းကပ်ပါ၏" ဟု ဝမ်းမြောက်စွာ ဆိုလေ၏။ ထိုခဏ၌ပင် ပဉ္စာလမင်း၏ ကြည်ညိုခြင်း သဒ္ဓါတရား၏အစွမ်းကြောင့် ဗုဒ္ဓရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်သည် အမျိုးမျိုး သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် ကောင်းကင်သို့ ပျံတက်ပြီး လျှင် ကောင်းကင်ထက်၌ ထက်ဝက်ဖွဲ့ခွေနေတော်မူ၏။ ယင်းနောက် ဗုဒ္ဓရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်မှ ညိုသောရောင်ခြည် ရွှေသော ရောင်ခြည် ဖြူသောရောင်ခြည်, နီသောရောင်ခြည်, မောင်းသောရောင်ခြည်နှင့် ပြိုးပြိုး ပြက်ပြက် တခဲနက်သော ရောင်ခြည်တို့သည်ထွက်၍ အရပ်လေးမျက်နှာ တို့၌ ထွန်းလင်းတောက်ပလေ၏။ ထို ရောင်ခြည်တော် ခြောက်သွယ်တို့ သည် အရပ်လေးမျက်နှာတို့၌ ပျံ့နှံ့ကုန်လျက် မြေအပြင်ကို ပျံ့နှံ့၍ တည် လေ၏။

ထိုဗုဒ္ဓ ရုပ်ပွါး ရုပ်ထု ရုပ်ပုံတော်မှ အညိုရောင်ထွက်သောအခါ ပျံ့နှံ့ သွားသော မဟာပထဝီမြေကြီးသည်လည်း အညိုရောင်ဖြစ်လျက် မြေကြီး ၏ အဆင်းသည် မျက်စင်းညိုပွင့် အဆင်းကဲ့သို့ ရှိလေ၏၊ ဗုဒ္ဓရုပ်ပုံတော်မှ အရွှေရောင်ထွက်သောအခါ ပျံ့နှံ့သွားသော မဟာပထဝီမြေကြီးသည်လည်း အရွှေရောင်ဖြစ်လျက် မြေကြီး၏အဆင်းသည် ရွှေတုံးရွှေခဲကဲ့သို့ ရှိလေ၏။ ဗုဒ္ဓရုပ်ပုံတော်မှ အဖြူရောင်ထွက်သောအခါ ပျံ့နှံ့သွားသော မဟာပထဝီ မြေကြီးသည်လည်း အဖြူရောင်ဖြစ်လျက် မြေကြီး၏အဆင်းသည်လည်း ငွေ ပြားကြီးကဲ့သို့ ရှိလေ၏၊ ဗုဒ္ဓရုပ်ပုံတော်မှ အနီရောင်ထွက်သောအခါ ပျံ့နှံ့ သွားသော မဟာပထဝီမြေကြီးသည်လည်း အနီရောင်ဖြစ်လျက် မြေကြီး၏ အဆင်းသည် နီမြန်းသော အဝတ်အထည်ကဲ့သို့ ရှိလေ၏၊ ဗုဒ္ဓရုပ်ပုံတော်မှ မောင်းသော ရောင်ခြည်ထွက်သောအခါ ပျံ့နှံ့သွားသော မဟာပထဝီ မြေ ကြီးသည်လည်း မောင်းသောအရောင်ဖြစ်လျက် မြေကြီး၏ အဆင်းသည် လိပ်ဆူးရွှေအရောင်ရှိလေ၏၊ ဗုဒ္ဓရုပ်ပုံတော်မှ ပြိုးပြိုးပြက်ပြက် တခဲနက် သောရောင်ခြည်ထွက်သောအခါ ပျံ့နှံ့သွားသော မဟာပထဝီမြေကြီး

သည်လည်း ပြိုးပြိုးပြက်ပြက် တခဲနက်သော အရောင်ဖြစ်လျက် မြေကြီး၏ အဆင်းသည် သောက်ရှူးကြယ်အဆင်းကဲ့သို့ ရှိလေ၏၊ ဗုဒ္ဓရုပ်ပုံတော်၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည် မဟာသမုဒ္ဒရာကမ်းသို့တိုင် ပျံ့နှံ့လေရာ သမုဒ္ဒရာရှိ ရေတို့သည်လည်း အညိုအရွှေစသော အဆင်း အမျိုးမျိုး ရှိလေ၏။

ယင်း ရောင်ခြည်တော်တို့သည် ကာမာဝစရ နတ်ပြည်ခြောက်ထပ်နှင့် တကွ ဗြဟ္မာတဆဲ့ခြောက်ဘုံတို့၌ ပျံ့နှံ့ရှိသာမက အနန္တစကြဝဠာ လောကဓာတ် အားလုံးသို့ပါ ပြေးဝင်ပျံ့နှံ့လျက် တည်ရှိလေသည်၊ ထိုအရပ်တို့၌ လရောင်, နေရောင်တို့မရှိတော့သည့်အပြင် နတ်တို့၏ ကိုယ်ရောင်တို့သည်လည်း မရှိတော့ပေ၊ မဟာဗြဟ္မာကြီးများ၏ ကိုယ်ရောင်ကိုယ်ဝါသည် တသောင်းသော လောကဓာတ်တိုင်သောင် အရောင်အဝါ ပျံ့နှံ့နိုင်စွမ်း ရှိသော်လည်း ထိုဗုဒ္ဓရုပ်ပုံတော်မှ ရောင်ခြည်တော်များ ထွက်သောအခါ၌ **ကား** ပိုးစုံးကြူး **အရောင်လောက်သာ** ဖြစ်လေတော့သည်၊ ထိုအခါ နတ်တို့ သနင်း သိကြားမင်းသည် နတ်အပေါင်း ခြံရံလျက် နံ့သာပန်း စသည်တို့ဖြင့် ဗုဒ္ဓရုပ်ပုံတော်ကို ပူဇော်ပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြကုန်လျက် ကောင်းကင်၌ ရပ်တည်ကြကုန်၏၊ ထိုဗုဒ္ဓရုပ်ပုံတော်သည် ကောင်းကင်၌ ရပ်တည်လျက် တန်ခိုးပြာဋိဟာအမျိုးမျိုးကို ပြတော်မူလေ၏၊ ထိုအခါ လူတို့သည်လည်း နတ်တို့ကို မြင်ရကုန်၏၊ နတ်တို့ကလည်း လူတို့ကိုမြင်ရကုန်၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်

၆-၉။ ထိုအခါ နတ်တို့သည် လူတို့ကို မြင်ရကုန်လျက် လူတို့ကလည်း နတ်တို့ကို မြင်ကြရကုန်၏၊ ထိုအားလုံးသော နတ်နှင့်လူတို့သည် ဗုဒ္ဓရုပ်ထု ရုပ်ပုံတော်ကို အစဉ်လိုက်လျက် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြကုန်၏၊ သိကြားမင်းစသော အားလုံးသော နတ်တို့သည် နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကုန်သည်ဖြစ်၍ ဗုဒ္ဓရုပ်ထု ရုပ်ပုံတော်ကို အစဉ်လိုက်လျက် လက်အုပ်ချီမိုး ရှိခိုးကန်တော့ နေကြကုန်၏၊ အားလုံးသော ဘီလူး, ဂန္ဓဗ္ဗနတ်, ဂဠုန်မင်းနှင့် နဂါးမင်းတို့သည် နတ်၌ဖြစ်သော ပန်းတို့ကို ယူဆောင်ကြကုန်လျက် ဗုဒ္ဓ

၏ ဆင်းတုရုပ်ပုံတော်ကို ပူဇော်ကြကုန်၏၊ ထိုလူ နတ် ဘီလူး ဂန္ဓဗ္ဗနတ် ဂဠုန်မင်းနှင့် နဂါးမင်းစသော အားလုံးသောပုဂ္ဂိုလ်တို့သည် တညီတညွတ်တည်း လာရောက်ကြကုန်လျက် ကြည်ညိုဝမ်းမြောက်သော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍ ထိုထိုအရပ်ဌာနအသီးသီးတို့၌ ရပ်တည်ကြကာ ချီးမွမ်းအံ့သြ ပြောမဆုံးအောင် ရှိကြကုန်၏ဟု မိန့်တော်မူ၏။

ထိုအခါ ပဥ္စာလမင်းသည် ယင်း ဗုဒ္ဓဆင်းတုရုပ်ပုံတော်၏ တန်ခိုး ပြာဋိဟာတို့ကို ဖူးမြင်ကြည်ညိုလျက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဗုဒ္ဓဆင်းတုရုပ်ပုံတော်ကို ပင့်ဖိတ်လိုရကား ဤဂါထာကို ဆို၍ လျှောက်ထားလေ၏။

၁၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဟပည့်တော်များ ကောင်းမှုအကျိုး ပွါးတိုးခြင်းငှါ အရှင်ဘုရားသည် ရွှေထမ်းစင် ထက်သို့ ဆင်းသက်၍ ကြွရောက်သီတင်းသုံး နေထိုင်တော် မူပါဘုရား။

ထိုသို့ လျှောက်၍ ယင်း ဗုဒ္ဓဆင်းတုရုပ်ပုံတော်သည် ကောင်းကင်မှ ဆင်းသက်၍ ရွှေထမ်းစင် ထက်၌ ကြွရောက် သီတင်းသုံး နေထိုင်တော် မူလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၁၁-၁၇။ ထိုအခါ ဗုဒ္ဓဆင်းတုရုပ်ပုံတော်သည် ကောင်းကင်၌ လှည့်လည်ပြီးနောက် ကောင်းကင်မှ ဆင်းသက်ပြီးလျှင် ရွှေထမ်းစင်ထက်၌ သီတင်းသုံး နေထိုင်တော် မူလေ၏၊ ထိုအခါ ပဥ္စာလမင်းသည် စစ်သည်အပေါင်း ခြံရံလျက် ဗုဒ္ဓ၏ဆင်းတုရုပ်ပုံတော်ကို မိမိပြာသာဒ်ထက်သို့ ပင့်ဆောင်လေ၏၊ ထို့နောက် ပဥ္စာလမင်းသည် နံ့သာ ပန်း ဆီမီး တို့ဖြင့် ပူဇော်လျက် ဘုရားရှင်၏ ဂုဏ်တော်ကို ဆင်ခြင်အောက်မေ့၍ ဝမ်းမြောက် နှစ်သက်ခြင်းဖြင့် ပြည့်နှက်လျက် ရှိလေ၏၊ ပဥ္စာလမင်းသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား ချီးမွမ်းခြင်းကို ပြုလျက် ဤသို့ လျှောက်

ထား လေ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရား သည် မရေမတွက် နိုင်အောင် များပြားသော ကပ်ကမ္ဘာ တို့၌ ကုသိုလ်ကောင်းမှုတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူလျက် အလုံးစုံ သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါးကို ပြုတော်မူ ပြီး၍ နိဗ္ဗာန်သို့ ကြွတော်မူပေ၏၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား မြတ်စွာဘုရားကို ရှိခိုးပူဇော် ဖူးမြော်ခြင်းကို ပြုရသော တပည့်တော်၏ အသက်ရှင်ခြင်းသည် အကျိုးတရား များပြားလှ ပါ၏၊ ယနေ့ တပည့်တော်သည် သေရစေကာမူ တပည့်တော်အား အကျိုးရှိသည် ဖြစ်ပါလတ့်၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား အရှင်ဘုရားအား တပည့်တော်သည် ရှိသေမြတ်နိုး ရှိခိုးပူဇော် ပါ၏၊ အရှင်ဘုရားသည် တပည့်တော်၏ အားထား ကိုးကွယ်ရာ ကျွန်းကြီးသဖွယ် ဖြစ်ပါ၏၊ တပည့်တော်သည် အရှင်ဘုရားအား အမြဲမပြတ် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏ အရှင်ဘုရား။

## ဗုဒ္ဓရုပ်တုတော်ကို တုံ့ပြန်ပို့စေပုံ

ဤသို့ လျှောက်ထားပြီးနောက် ပဉ္စာလမင်းသည် ပီတိဖြင့် ပြည့်သော ကိုယ်ရှိသည် ဖြစ်၍ ဤသို့ ကြံစည် တွေးတောလေ၏။ "ယခုအခါ ငါ၏ အဆွေခင်ပွန်း ဖြစ်သော မဟာရထမင်းသည် ဤသို့ တန်ခိုးအာနုဘော် ရှိသော ဗုဒ္ဓဆင်းတု ရုပ်ပုံတော်ကို ငါ့ထံသို့ ပို့ဆောင်လိုက်ပေ၏၊ ငါသည် လည်း ထို့ထက် နှစ်ဆမျှ ကြီးမားသော ဗုဒ္ဓ၏ ဆင်းတု ရုပ်ပုံတော်ကို ထုလုပ်၍ ထိုမင်းထံ ပို့ဆက်ပေအံ့"ဟု ကြံစည်တွေးတောလေ၏၊ ထိုသို့ ကြံ စည်ပြီးနောက် ပဉ္စာလမင်းသည် အဖိုးများစွာ ထိုက်တန်သော စန္ဒကူး နံ့သာနှစ်ကိုယူ၍ ပန်းချီ ပန်းပု လက်သမားကို ခေါ်လျက်"အမောင်ပန်းချီ ပန်းပု လက်သမား သင်သည် အဖိုးများစွာ ထိုက်တန်သော ဤစန္ဒကူး နံ့သာနှစ်ကို ယူ၍ ငါ၏အတွက် ဗုဒ္ဓ၏ ဆင်းတု ရုပ်ပုံတော်ကို ထုလုပ်စီမံ ပေးပါလော့"ဟုမိန့်တော်မူ၏၊ ပန်းချီပန်းပု လက်သမားသည် ရှင်ဘုရင်၏ အမိန့်အတိုင်းစန္ဒကူး နံ့သာအနှစ်တုံးကိုယူလျက် ဗုဒ္ဓ၏ဆင်းတု ရုပ်ပုံတော်ကို သပ်ယပ်စွာ ထုလုပ်ပြီး ပဉ္စာလမင်းအား ဆက်သ၏။ ထိုအခါ ပဉ္စာလ

မင်းသည် ဇရပ်တခု၌ ဗုဒ္ဓဆင်းတုရုပ်ပုံတော်ကိုထား၍ အစောင့်အရှောက်များကိုပါ ထားလေ၏။ ထိုနောက် ပဉ္စာလမင်းသည် မိမိ၏ တိုင်းသူပြည်သား လူအများတို့အား "အို တိုင်းသူပြည်သား လူအများတို့၊ သင်တို့သည် မည်သူမဆို ရွှေရှိပါက ဗုဒ္ဓ၏ဆင်းတုရုပ်ပုံကို ငါနှင့်အတူ ရွှေသက်န်းကပ်လှူကြလော့"ဟု တိုင်းပြည်အတွင်း မောင်းကြေးနင်းခပ်ကာ ကြေးကြော်စေလေ၏။

## ဘုရားလောင်းဝိရိယပဏ္ဍိတ

ထိုအခါ ဝိရိယပဏ္ဍိတသည် မောင်းကြေးနင်းခပ်၍ ကြေးကြော်သံကို ကြားသဖြင့် "ငါသည် မင်းကြီးနှင့်အတူ ရွှေသက်န်းကပ်ခြင်း ဟူသော ကုသိုလ်ကောင်းမှုကိုပြုရန်သင့်၏၊ သို့သော်လည်း ငါ့မှာ ဆင်းရဲနွမ်းပါးလှချေ၏၊ အဘယ်သို့သော နည်းလမ်းဖြင့် ရွှေကိုရအောင် ရှာရပါအံ့နည်း၊ အကယ်၍ ငါသည် အလုပ်လုပ်လျှင် ရွှေအနည်းငယ်တော့ ရရန်ရှိ၏၊ သို့သော် အနည်းငယ်သောရွှေဖြင့်လည်း ရွှေသက်န်းကပ်၍ ဖြစ်မည်မဟုတ်ချေ၊ ယခုအခါ ငါသည် ငါ၏ကိုယ်ကိုရောင်း၍ (ကျွန်ခံ၍, ကျွန်အဖြစ်ရောင်း၍) ရရှိသောရွှေဖြင့် ရွှေသက်န်းကပ်လှူရလျှင် ဖြစ်နိုင်မည်"ဟု ကြံစည်စိတ်ကူးလေ၏။ ထိုနောက် ဝိရိယပဏ္ဍိတသည် မိမိ၏အိမ်သို့သွား၍ သားမယားတို့ကို တိုင်ပင်ပြောဆိုလိုရကား ဤဂါထာကိုဆိုလေ၏။

၁၈။ အို ချစ်လှစွာသော ချစ်ဇနီး သုဇာတာနှင့် သားတော်ရေဝတတို့ သင်တို့အား ငါပန်ကြားပြောဆိုပါ၏၊ သင်တို့ နှစ်ယောက်သည် ယနေ့ ငါနှင့် ခွဲခွာရသဖြင့် ဘာမျှ စိုးရိမ် ပူပန်ခြင်း မဖြစ်ကြပါလင့်။

ထိုစကားကို ကြားသောအခါ သုဇာတာသည် ဘုရားလောင်း ဝိရိယပဏ္ဍိတအား မေးမြန်းလိုရကား—

၁၉။ အို မယ်မယ့်သခင် ချစ်ထိပ်တင်၊သင့်မှာ ဘယ်လို ဖြစ်ပါသနည်း၊ "ယနေ့ ငါနှင့်ခွဲခွာရသဖြင့်သင်တို့သည် ဘာမျှမစိုးရိမ်ကြလင့်" ဟူသော ဤစကားကို အဘယ့်ကြောင့် ပြောဆိုပါသနည်း၊ ကျွန်ုပ်

တို့သားအမိနှစ်ယောက်ကို စွန့်ခွါ၍ သင်သည် အဘယ်အရပ်သို့ သွားပါမည်နည်း။

ထိုအခါ ဘုရားလောင်း ဝိရိယပဏ္ဍိတသည် မိမိသွားမည့် အကြောင်းကို ပြောလိုရကား—

၂၀-၂၁။ ရှု၍မငြီး အိုချစ်ဇနီး၊ ယခနေ့ ငါသည် "ရွှေရှိသော သူသည် ငါနှင့်အတူ ဗုဒ္ဓ၏ဆင်းတုရုပ်ပုံတော်ကို ရွှေသင်္ကန်း ကပ်လှူနိုင်သည်" ဟု မောင်းကြေးနင်းခပ်၍ ကြွေးကြော်သံကို မြို့ထဲတွင် ကြားခဲ့ရသည်၊ မင်းကြီးနှင့်အတူ ဘုရားဆင်းတု ရုပ်ပုံတော်ကို ရွှေသင်္ကန်း ကပ်လှူလိုပါ၏၊ ထို့ကြောင့် ငါသည် မြို့ထဲလှည့်လည်၍ မိမိကိုယ်ကို ရောင်းပြီးလျှင် (ကျွန်အဖြစ် ရောင်းခြင်း) ရရှိသော ရွှေဖြင့် မင်းကြီးနှင့်အတူ ဘုရားဆင်းတုရုပ်ပုံတော်အား ရွှေသင်္ကန်းကပ်လှူပါအံ့။

ထိုစကားကိုကြားသောအခါ ချစ်ဇနီးသုဇာတာသည် ငိုကြွေး မြည်တမ်းလျက်—

၂၂-၂၃။ သက်နှင့်ထပ်တူ ကြည်ဖြူ ခင်မင် အိုချစ်လင်၊ သင်သည် ကျွန်ုပ်ကိုရင်း၊ သားတော်မောင် ရေဝတကိုရင်း ပိုင်ဆိုင်ပါ၏၊ ကျွန်ုပ်တို့နှစ်ယောက်သည် သင်၏ ကျွန်များသဖွယ် ဖြစ်ပါ၏၊ သင်သည် သင့်ကိုယ်ကို မရောင်းပါလင့်၊ ကျွန်ုပ်တို့ သားအမိနှစ်ယောက်တို့ကို ရောင်းချ၍ ရရှိသော ရွှေဖြင့် သင်အလိုရှိရာ သင့်စိတ်ဆန္ဒရှိသော ဝတ္ထုတို့ကို ပြုလုပ်စီမံ လှူဒါန်းပါလော့။

**ဇနီးမယားနှင့်သားတို့ကို ရောင်းချ၍ ဗုဒ္ဓရုပ်ထုတော်အားရွှေချခြင်း**

ထိုစကားကို ကြားသောအခါ ဝိရိယပဏ္ဍိတသည် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် တားမြစ်ပြောဆိုသော်လည်း မရသောကြောင့် "အို မယားနှင့်သားတို့၊ သင်တို့နှစ်ယောက်သည် ငါ၏မွန်မြတ်သော မိတ်ကောင်းဆွေမွန်တို့ ဖြစ်ကြကုန်၏၊ သင်တို့သည် ငါ၏ပါရမီကို ဖြည့်ကြကုန်လော့" ဟု ဆို၍ သား, မယားတို့ကို ခေါ်လျက် ချမ်းသာကြွယ်ဝသော သူတို့၏ အထံ

သို့သွားရောက် ရောင်းချပြီးလျှင် ရရှိသော ငွေများဖြင့် ရွှေပန်းထိမ်ထံ သွား၍ ရွှေများဝယ်လျက် ရွှေပန်းထိမ်အား အခကြေးငွေပေး၍ ရွှေပြား ခပ်စေ၏။ ရွှေပန်းထိန်သည် ဘုရားလောင်း ဝိရိယပဏ္ဍိတ မှာကြားသည့် အတိုင်း ရွှေပြား ခပ်ပေးလေ၏။ ဝိရိယပဏ္ဍိတသည် ဗုဒ္ဓ၏ ဆင်းတုရုပ် ပုံကို ရွှေသင်္ကန်း ကပ်လှူလိုရကား ရွှေပြားကိုယူ၍ ဗုဒ္ဓ၏ဆင်းတုရုပ်ပုံထား ရှိရာ ဇရပ်သို့သွား၍ အစောင့်ထားသော လူတို့ကို မေးမြန်း ပြောဆို လိုရကား—

၂၄။ ဇရပ်ကို စောင့်ရှောက်ကြကုန်သော အိုမိတ်ဆွေတို့၊ ကျွန်ုပ်သည် မြို့ထဲ၌ လှည့်လည် သွားလာစဉ် ရွှေရှိသောသူသည် မင်းကြီးနှင့် အတူ ဘုရား၏ရုပ်ပုံဆင်းတုတော်ကို ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင် သည်"ဟု မောင်းကြေနင်းခတ်၍ ကြွေးကြော်သံကို ကြားခဲ့ရ သဖြင့် ဤဘုရား ဆင်းတုရုပ်ပုံတော်ကို ရွှေသင်္ကန်း ကပ်လှူရန်လာ ပါသည်ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ ဇရပ်စောင့်သော သူတို့သည် ဘုရား လောင်းနှင့်အကွ စကားပြောဆို လိုရကား—

၂၅။ အို ပညာရှိသောမိတ်ဆွေ၊ ငါတို့မင်းသည် ဘုရားဆင်းတု ရုပ်ပုံ တော်အား ရွှေဆင်္ကန်း ကပ်လှူရန် သင့်လျော်သော အချိန်ကာလကောင်း သော နက္ခတ်ကို စောင့်နေပါသည်၊ သင်သည် မင်းကြီး ရွှေသင်္ကန်းမကပ် မီ ရှေးဦးစွာ ရွှေသင်္ကန်းကပ်လှူခွင့်မရှိပါဟု ဆိုကြကုန်၏။

ဇရပ်စောင့်သောသူတို့၏ စကားကို ကြားသောအခါ ဘုရားလောင်း ဝိရိယပဏ္ဍိတသည် ထိတ်လန့်သော စိတ်နှလုံးရှိလျက် ထိုဇရပ်စောင့်သော သူတို့နှင့် စကားပြောဆိုလိုရကား—

၂၆။ အို ဇရပ်စောင့်သော မိတ်ဆွေတို့၊ သားမယားတို့ကို စွန့်လွှတ် ရောင်းချ၍ ရွှေသင်္ကန်း ကပ်လှူလိုသော ငါ၏အာသာဆန္ဒသည် သင့်လျော် လျောက်ပတ် ကောင်းမြတ်လှ၍ ကြောက်ရွံ့ဘွယ် တစုံ တရာမရှိပါ၊ သို့ဖြစ်၍ ငါသည် ဘုရားဆင်းတု ရုပ်ပုံတော်ကို ရွှေသင်္ကန်းကပ်လှူ ပူဇော်ပါအံ့။

ဤသို့ဆိုလျက်ဘုရားလောင်းသည်သဒ္ဓါတရားထက်သန်ပြင်းပျသောစိတ် ရှိနေသဖြင့် ထိုဇရပ်စောင့်တို့၏ စကားကို မကြားသကဲ့သို့ပြု၍ ထိုဘုရား ဆင်းတု ရုပ်ပုံတော်ထားရှိရာ ဇရပ်အလယ်သို့ ဝင်သွားလေ၏။ ထိုအခါ ဇရပ်စောင့်သောသူတို့သည် ဘုရားလောင်း ဝိရိယပဏ္ဍိတအား အတင်းဆွဲ ထုတ်ကြကုန်၏။ ထိုနောက် ဇရပ်စောင့်တို့သည် ဘုရားလောင်းနှင့်စကား ပြောလိုရကား—

၂၇။ အို ပညာရှိယောကျ်ား၊ သင်သည် ယနေ့ ရွှေသက်န်းကပ်လှူလိုပါ လျှင် မင်းကြီးထံသွားရောက် အကြောင်းကြား၍ ခွင့်ပန်ပါလော့၊ အကယ်၍ မင်းကြီးက ခွင့်ပြုပါလျှင် သင်သည် ဘုရားဆင်းတုရုပ်ပုံ တော်ကို ရွှေသက်န်း ကပ်လှူနိုင်ပါ၏။

ဇရပ်စောင့်သော သူတို့၏စကားကို ကြားသောအခါ ဘုရားလောင်း ဝိရိယပဏ္ဍိတသည် ကောင်းပါပြီဟုဆို၍ ရွှေပြားကိုယူလျက် ပဥ္စာလမင်းကြီး ထံသွားရောက်ပြီး မင်းကြီးအား ရှိခိုးလျက်—

၂၈။ မြတ်သောမင်းကြီးကျွန်ုပ်သည်ယနေ့ပင်လျှင်အရှင်မင်းကြီးနှင့်အတူ ဘုရားဆင်းတု ရုပ်ပုံတော်ကို ရွှေသက်န်း ကပ်လှူပူဇော် လိုပါ၏၊ အရှင်မင်းကြီးသည် ကျွန်ုပ်အား သနားသဖြင့် ခွင့်ပြုတော် မူပါ လော့ ဟု လျှောက်ထားလေ၏။

ထိုစကားကို ကြားသောအခါ ပဥ္စာလမင်းကြီးသည် ဘုရားလောင်း အား ခွင့်မပြုလို၍ ပရိယာယ်ဖြင့် လှည့်ပတ်ပြောဆို လိုရကား—

၂၉။ အမောင် ဝိရိယပဏ္ဍိတ အကယ်၍ ဘုရားဆင်းတု ရုပ်ပုံတော်သည် သင်နှင့် စကားပြောဆိုပါလျှင် သင်သည် ဘုရားဆင်းတု ရုပ်ပုံ တော်ကို ရွှေသက်န်း ကပ်လှူပါလော့၊ ငါနှင့်အတူ ရွှေသက်န်း ကပ်လှူရန် သင့်အား ခွင့်ပြုပါအံ့။

ပဥ္စာလမင်းကြီး၏ စကားကို ကြားသောအခါ ဘုရားလောင်း ဝိရိယ ပဏ္ဍိတသည် ရှင်ပြဝမ်းသာသော မျက်နှာဖြင့် ကောင်းပါပြီ အရှင် မင်း ကြီးဟု ဆို၍ မိမိရွှေပြားကို မြှောက်ချီ ယူဆောင်လျက် ဘုရားဆင်းတု

ရုပ်ပုံတော်ရှိရာ ဇရပ်အလယ်သို့ ဝင်သွားကာ ဘုရားဆင်းတု ရုပ်ပုံတော်၏ ရှေ့၌ ရွှေပြားကိုထားလျက် ဆင်းတုရုပ်ပုံတော်၏ ခြေရင်း၌ ဝပ်လျှိုး၍ အကြိမ်ကြိမ် ရှိခိုးဦးချပြီးလျှင် လက်အုပ်ချီကာ ဆင်းတု ရုပ်ပုံတော်အား လျှောက်ထားတောင်းပန် လိုရကား ဤသုံးဂါထာတို့ကို ရွတ်ဆိုလျှောက်ကြားလေ၏။

၃၀-၃၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘုရားတပည့်တော် တောင်းပန် လျှောက်ထားပါ၏၊ တပည့်တော်အား သနားသဖြင့် တပည့်တော်နှင့် အတူ စကားကို မိန့်မြွက်တော် မူပါဘုရား၊ ထိုသို့ မိန့်မြွက်တော် မူပါလျှင် တပည့်တော်သည် အရှင်ဘုရားအား ရှေ့သက်န်း ကပ်လှူခွင့်ကို ရမည်ဖြစ်ပါသည် ဘုရား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် တပည့်တော်အား ငဲ့ညှာထောက်ထား အစဉ်သနားတော် မူပါလျှင်ရင်း, တပည့်တော်သည် နောင် အခါ၌ ဘုရားဖြစ်မည် မှန်ပါလျှင်ရင်း တပည့်တော်နှင့် အတူ စကားကို မိန့်မြွက်တော် မူပါဘုရား၊ ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် တပည့်တော်၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါ၏၊ အရှင်ဘုရားသည် ယခု အခါ ခံတွင်းတော် ဖွင့်ဟလျက် တပည့်တော်နှင့် အတူ စကားကို မိန့်မြွက်တော် မူပါဘုရား။

## ပဒ္မရုပ်ထုတော်၌ နတ်ဝင်စီးခြင်း

ထိုခဏ၌ ဘုရားဆင်းတု ရုပ်ပုံတော်ကို စောင့်ရှောက်သော နတ်သားသည် ဘုရားလောင်း ဝီရိယပဏ္ဍိတ၏ စကားကို ကြားသောအခါ မိမိကိုယ်ကို ထိန်းသိမ်းရပ်တည်ခြင်းငှါ မတတ်နိုင်ရကား ဘုရားဆင်းတု ရုပ်ပုံတော် အတွင်းသို့ ဝင်သွားလေ၏၊ ထိုအခါ ယင်း ဘုရားဆင်းတု ရုပ်ပုံတော်သည် သက်တော်ထင်ရှား ရှိသော ဘုရားသခင်ကဲ့သို့ ဖြစ်လာလျက် ထိုနေရာ၌ပင် ကိုယ်လက် လှုပ်ရှား လာပြီးလျှင် ဘုရားဆင်းတု ရုပ်ပုံတော်မှ ရောင်ခြည်တော် ခြောက်သွယ် တို့သည် ထွက်ပေါ် ကွန့်မြူးလာလျက် ချိမြိန်သော

စကားကို မိန့်ဆိုတော်မူသည်မှာကား"ချစ်သား ဝီရိယပဏ္ဍိတ ကောင်းလှပါ၏၊ သင်သည် သင့်အလိုဆန္ဒ အားလျော်စွာ ပြုလုပ်ပါလော့"ဟု မိန့်မြွက်တော်မူလေ၏၊ ဘုရားဆင်းတု ရုပ်ပုံတော်မှ စကားပြောသည် ဟူသောသတင်းသည် တခဏချင်း တမြို့လုံးသို့ ပျံ့နှံ့သွားလေ၏၊ ထိုအခါ ပဉ္စာလမင်းသည် လူအများနှင့် အတူ ထိုဘုရားဆင်းတုံ ရုပ်ပုံတော်အား ကြီးကျယ်စွာ ပူဇော်ခြင်းကို ပြုလေ၏၊ ဘုရားလောင်း ဝိရိယပဏ္ဍိတသည်လည်း အလွန်တရာနှစ်သက်ဝမ်းမြောက်လျက် ဘုရားဆင်းတု ရုပ်ပုံတော်ကို ရှိခိုးလျက်မိမိ၏ ရွှေပြားကို ယူ၍ ဘုရားဆင်းတုတော်အား ရွှေသင်္ကန်း ကပ်လှူလေ၏၊ ဘုရားလောင်းသည် ဘုရားဆင်းတု ရုပ်ပုံတော်အား ရွှေသင်္ကန်း ကပ်သောအခါ လက်ချောင်းများသို့ ကပ်လှူရာတွင် ရွှေပြားများ ကုန်ခန်း သွားလေ၏။ မလောက်မင ဖြစ်သွား၏။ ထိုအခါ ဘုရားလောင်းသည် ရွှေပြားများ မလောက်မငဘဲ ကုန်သွားသည်ကို သိသဖြင့် ဤသို့ ကြံစည်စိတ်ကူးလေ၏။ "ယခုအခါ ငါသည် မယားနှင့်သားတို့ကို ရောင်း၍ရသော ငွေများဖြင့် ရွှေပြားများဝယ်ယူခပ်လုပ်၍ ဘုရားဆင်းတုရုပ်ပုံတော်အား ရွှေသင်္ကန်းကပ်လှူရာ ယခု ကုန်ခန်းသွား၍ မလောက်မငဖြစ်နေပြီ၊ နောက်ထပ် ရွှေပြား အဘယ်သို့ ရနိုင်ပါမည်နည်း၊ "ယနေ့ တစုံတယောက်သော သူသည် ငါ၏ အသားကိုယူ၍ ရွှေပြားဖြစ်အောင် ပြုလုပ်ပေးနိုင်ပါလျှင် ငါသည် ငါ၏အသားကို ပေးလှူပါအံ့"ဟု ကြံစည် စိတ်ကူးလေ၏။ ဘုရားလောင်းသည် ယင်းသို့ ကြံစည် တွေးတောသည်နှင့် တပြိုင်နက် နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် မြည်ဟည်း တုန်လှုပ်လေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၃၃-၃၅။ ဘုရားလောင်းသည် မိမိအသားကို ရွှေပြား ပြုလုပ်၍ ရွှေသင်္ကန်းကပ်လှူရန် စိတ်အကြံဖြစ်သောအခါ မဟာပထဝီမြေကြီးသည် ကြောက်ရွံ့ထိတ်လန့်ဘွယ်ရာ ကြံညှစ် ယန္တရားကဲ့သို့ အော်မြည်လျက် တုန်လှုပ်လေ၏။ မဟာသမုဒ္ဒရာသည် လှိုင်းတံပိုးထသဖြင့် ချောက်ချား၏။မြင့်မိုရ်တောင်သည်လည်း မီးအုံးသော ကြိမ်ညွှန့်ကဲ့သို့ ပျောင်းညွတ် ပျော့ခွေလျက်ရှိ၏။ အုတ်အုတ်

ကျက်ကျက် တခဲနက်သော ချီးမွမ်းအံ့ဩသံသည်လည်း ဘဝင်မဆံ့ ပျံ့နှံ့၍ တက်လေ၏။

## ဘုရားလောင်းသည် မိမိ၏အသားကို ရွှေပြားခပ်စေပုံ

ထိုခဏ၌ ဘုရားလောင်း၏ ဒါန ပါရမီ အစွမ်းအာနုဘော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကို ပြလေ၏။ ထိုအခါ သိကြားမင်းသည် ကြည့်ရှု ဆင်ခြင်လတ်သော် ထို အကြောင်းကိုသိသဖြင့် နတ်ပြည်မှ ဆင်းသက်လာပြီးလျှင် ရွှေပန်းထိမ် သည်၏အသွင်ကို ဖန်ဆင်းလျက် ဘုရားလောင်း၏ရှေ့၌ ရပ်တည် လာ၏။ ထိုအခါ ဘုရားလောင်းသည် ရွှေပန်းထိမ်သည်အသွင် ဆောင်သော သိကြားမင်းအား "အို မိတ်ဆွေ၊ သင်သည် အဘယ်သူပါနည်း၊ အဘယ် အကျိုးငှါ ဤအရပ်သို့ လာပါသနည်း"ဟု မေးလေ၏။ ရွှေပန်းထိမ်သည် သည် ဘုရားလောင်းအားမိမိသည် ရွှေပန်းထိမ်သည် ဖြစ်ကြောင်းပြော ဆိုသောအခါ ဘုရားလောင်းက "အို ပန်းထိမ်သည်မိတ်ဆွေ၊ သင်သည် လူ့အသားကို ရွှေပြားဖြစ်အောင် ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါသလော"ဟု မေးလေရာ ရွှေပန်းထိမ်သည်က "အို မိတ်ဆွေ၊ ကျွန်ုပ်သည် အဖိုးအခ ရပါလျှင် လူ့အသားကို ရွှေပြားပြုလုပ်ပေးရန် တတ်နိုင်ပါ၏"ဟု ဖြေဆို လေ၏။ ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် နှစ်သက် ဝမ်းမြောက်သောစိတ် ရှိရကား ရွှေပန်းထိမ်သည်နှင့် စကား ဆိုလို ရကား—

၃၆။ အိုပန်းထိမ်သည်မိတ်ဆွေ၊ သင်၏စကားအတိုင်း မှန်ကန်စွာ ပြုလုပ်ပေးနိုင်ပါလျှင် ကျွန်ုပ်သည် ယခုပင် ကျွန်ုပ်၏အသားကို ဖြတ်လှီးပါအံ့၊ ထို့နောက် အသားကိုပြုလုပ်သော ရွှေပြားဖြင့် ဘုရားဆင်းတုရုပ်ပုံတော်အား ရွှေသင်္ကန်းကို အပြည့်အဝ ဆက်ကပ် လှူဒါန်းပါအံ့။

ထိုအခါ သိကြားမင်း ရွှေပန်းထိမ်သည်က ဤသို့ဆို၏။

၃၇။ အိုယောကျ်ားမြတ်၊ ကျွန်ုပ်၏စကားသည် အမှန်ပင် ဖြစ်ပါ သည်၊ ကျွန်ုပ်သည် ရွှေပန်းထိမ်လုပ်ငန်း၌ လိမ္မာကျွမ်းကျင်ပါ၏၊

သင်၏အသားကို ရွှေပြားဖြစ်အောင်ပြုလုပ်ပေးပါအံ့၊ သင်သည် သင့်အသားကို ဖြတ်လှီးပေးပါလော့။

ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် မိမိ အသားကို ဖြတ်လှီးရန် ဓားကို အဘယ်မှ ရပါမည်နည်းဟု ကြံစည် တွေးတော ပြီးနောက် ထိုနေရာ၌ပင်ရပ်လျက် ကောင်းကင်သို့ မော်ကြည့်၍ ဤ ဂါထာနှစ်ပုဒ်ကို ဆို၏။

၃၈-၃၉။ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏ စကားကို နားထောင်ကြပါကုန်လော့၊ ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်မည် မှန်ပါလျှင် (အသားကိုဖြတ်လှီးရန်) ဓားသည် ယခုမကြာ ရောက်လာပါစေသတည်း၊ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်ဟူသော အကြောင်းကြောင့် ကျွန်ုပ်၏ အသားကို ဓားဖြင့် ဖြတ်လှီးယူလိုပါသဖြင့် ဓားသည် ကျွန်ုပ်၏ရှေ့မှောက်သို့ ယခုမကြာ ရောက်လာပါစေသတည်း။

ဘုရားလောင်း၏စကား ပြီးဆုံးသည်နှင့်တပြိုင်နက် ကောင်းစွာ သွေးထားအပ်သော ဓားသည် ကောင်းကင်မှ ကျလာပြီး ဘုရားလောင်း၏ရှေ့ မြေကြီး၌ ရောက်ရှိလာ၏၊ ထိုအခါ ဘုရားလောင်းသည် ယင်းဓားကို ယူ၍ မိမိ၏အသားကို ဖြတ်လှီးရန်အတွက် နတ်အပေါင်းတို့အား သိစေလို ရကား-

၄၀။ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏ စကားကို နားထောင်ကြပါကုန်လော့၊ ကျွန်ုပ်သည် ဤအသားကို လှူ၍ ဘုရားဆင်းတု ရုပ်ပုံတော်အား ရွှေသက်န်း ကပ်လှူပါအံ့၊ ဤကောင်းမှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရား ဖြစ်ရပါလို၏။

ဤသို့ဆိုပြီး၍ ဘုရားလောင်းသည် မိမိ၏အသားကို ဖြတ်လှီးလျက် ယခု အခါငါသည် မသေပါစေသတည်းဟု အဓိဋ္ဌာန်၍ မိမိအသားကို ဖြတ်လှီး လျက် ရွှေပန်းထိမ်သည်အား ပေးလေ၏၊ ရွှေပန်းထိမ်သည်သည် ယင်း

အသားကိုယူ၍ (လိုနေသော) လက်ပမာဏမျှ ရွှေပြားကို ခပ်လုပ်လျက် ဘုရားလောင်းအား ပေးအပ်၏၊ ထိုအခါ ဘုရားလောင်းသည် နှစ်သက် ဝမ်းမြောက်သောစိတ်ဖြင့် ရွှေပြားကိုယူ၍ ဘုရားဆင်းတု ရုပ်ပုံတော်အား ရွှေသက်နိုး ကပ်လူ၍ အားလုံး ပြည့်ပြည့်စုံစုံ ပြီးမြောက်သွားသောအခါ ဘုရားဆင်းတု ရုပ်ပုံတော်အား ဖူးမြော်လျက် ဝမ်းမြောက် ကြည်နူးစွာ နေစဉ် ဘုရားဆင်းတု ရုပ်ပုံတော်၏ ခြေရင်း၌ လဲကျလျက် သတိမေ့မျော မိန်းမောသွားလေ၏၊ ထိုအခါ သိကြားမင်းသည် မေ့မျောသွားသော ဘုရားလောင်းကိုမြင်၍ မိမိ၏ နတ်ဆေးကိုယူလျက် ဘုရားလောင်း၏ ကိုယ်ကို လိမ်းကျံပေးပြီးလျှင် အမြိုက်ရေစင်ဖြင့် ပက်ဖျန်းပေးလေ၏၊ သိကြားမင်း၏ တန်ခိုးအာနုဘော်ကြောင့် ဘုရားလောင်းသည် အသက်တဖန် ပြန်ဝင်လာသကဲ့သို့ သက်သာရာ ရလာလေ၏၊ ထိုနောက် တဖြည်းဖြည်း မိမိ၏ ကောင်းမှုတန်ခိုးကြောင့် ဘုရားလောင်းသည် ရောဂါကင်းရှင်း၍ ရွှေအဆင်းကဲ့သို့ ဖြစ်လာ၏၊ ထိုနောက် သိကြားမင်းသည် ဘုရားလောင်းအား စကားပြောဆိုလိုရကား ဤဂါထာကို ဆို၏။

၄၁။ အို ယောက်ကျ်ားမြတ် သင်သည် သူတပါးတို့ ပြုနိုင်ခဲသော အလွန်ခဲယဉ်းသော အလုပ်ကို ပြုလုပ်ပေ၏၊ ဤကောင်းမှုကြောင့် နောင်အခါ၌ သင်သည် ဘုရားဖြစ်ပါလတ္တံ့။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် မေးလိုရကား—

၄၂။ အို ရွှေပန်းထိမ်သည်မိတ်ဆွေ သင်သည် နတ်လော ဂန္ဓဗ္ဗလော သို့မဟုတ် နတ်တို့သနင်း သိကြားမင်းလော ကျွန်ုပ်တို့သိအောင် ပြောကြားပါလော့၊ သို့မှသာ ကျွန်ုပ်တို့ သိရမည် ဖြစ်ပါသည်။

ဘုရားလောင်း၏ စကားကိုကြား၍ သိကြားမင်းသည် ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် ကောင်းကင်၌ ရပ်တည်လျက် မိမိ၏ သိကြားမင်း အဖြစ်ကို ပြောကြားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤစကားကို မိန့်ဆိုတော်မူ၏။

၄၃-၄၆။ ထိုအခါ နတ်ပြည် နှစ်ထပ်တို့၌ အစိုးရသော သိကြားမင်းသည် ဘုရားလောင်း၏ စိတ်အကြံကိုသိ၍ ထိုခဏ၌ပင် ဤသို့ဆိုလေ၏။

အို ယောကျ်ားမြတ်၊ ကျွန်ုပ်သည်ကား နတ်တို့ကိုအစိုးရသောနတ်တို့သနင်း သိကြားမင်းဖြစ်ပါ၏၊ နောင်အခါ၌ ဘုရားဖြစ်လိုသောသင်၏ပါရမီကို ဖြည့်ရန်အတွက် သင်၏အထံသို လာရောက်ခြင်း ဖြစ်ပါ၏၊ အို ယောကျ်ားမြတ်၊ သင်သည် နောင်အခါ၌ ဘုရားအဖြစ်သို့ ရောက်၍ ဓမ္မစကြာ တရားတော်များကို ဟောကြားလျက် သတ္တဝါအပေါင်းတို့အား ဝဋ္ဋဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်ပါလော့၊ သိကြားမင်းသည် တက်သစ်စ နေဝန်းကဲ့သို့ ကောင်းကင်၌ ရပ်တည်လျက် ဘုရားလောင်း ဝိရိယပဏ္ဍိတအား ချီးမွမ်းစကားပြောကြားပြီးနောက် နတ်ပြည်သို့ ပြန်သွားလေ၏။

ထိုအခါ ပဉ္စာလမင်းနှင့် တကွသော ပဉ္စာလ မြို့သူမြို့သားလူအများတို့သည် ဘုရားလောင်းအား ကြီးကျယ်များပြားစွာ ပူဇော်သက္ကာရပြုကြလေကုန်၏။ ထို့နောက် ပဉ္စာလမင်းသည် ဘုရားလောင်းအားရွှေထမ်းစင်ဖြင့် တင်ဆောင်လျက် အမျိုးမျိုးသော စည်းစိမ် ချမ်းသာကိုပေးပြီးလျှင် နောက်တနေ့၌ ဘုရားလောင်းအား သေနာပတိစစ်သူကြီးအရာကို ပေးလေ၏။ ထိုနောက် သူတပါးထံ ရောင်းချထားသောသားမယားတို့ကို ပြန်လည်ဝယ်ယူလျက် ဘုရားလောင်းအား ပေးလေ၏။ ဘုရားလောင်းသည် မြေ၌တည်သော နတ်များ, ကောင်းကင်၌ တည်ရှိကုန်သော နတ်များတို့ကို ပူဇော်ပသခြင်းကို ပြုသောကြောင့် ရောဂါကင်းရှင်းခြင်း၊ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံကြွယ်ဝခြင်း အကျိုးတရားများကိုရရှိခံစားရလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာ ဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

## ရုပ်ပွားဆင်းတု ပူဇော်ခြင်းအကျိုးများ

၄၇-၅၅။ တရားတော်သည် တရားကို လိုက်နားကျင့်ကြံသူအား ကောင်းစွာစောင့်ရှောက်ပေ၏။ ကောင်းစွာကျင့်ကြံသော တရားတော်သည် ချမ်းသာကို ဆောင်ပေ၏။ တရားကို ကျင့်သောသူသည် မကောင်းသောသူတို့လားရောက်ရာ အပါယ် ငရဲသို့ မလား မရောက်ရချေ။ ဤသည်ကား တရားတော်ကို ကောင်းစွာကျင့်ကြံခြင်း၏ အကျိုး

ပါတည်း၊ ထို့ကြောင့်ပညာရှိသောသူသည် မိမိ၏ ချမ်းသာသုခ ရရှိရေးကို မြော်မြင်လျက် သေးသည်ဖြစ်စေ ကြီးသည် ဖြစ်စေ ဘုရားဆင်းတု ရုပ်ပုံတော်ကို ပြုလုပ်လှူဒါန်းရာ၏။ ရုပ်ပုံတော် ရေးခြင်းဖြင့်ရင်း၊ ကျောက် သစ်သားတို့ဖြင့်ရင်း၊ သဲမြေတို့ဖြင့် ရင်း၊ စန္ဒကူး နံ့သာနှစ်ဖြင့်ရင်း၊ ရွှေ ငွေ ပတ္တမြား ကြေး သံတို့ဖြင့် ရင်း အယုတ်ဆုံးအားဖြင့် ပန်းတို့ဖြင့်ရင်း ဘုရားဆင်းတု ရုပ်ပုံ တော်ကို မိမိတို့ တတ်အားသမျှ ပြုလုပ်လှူဒါန်းကြကုန်ရာ၏။ ချမ်း သာသုခ အလိုရှိ၍ ဘုရားဆင်းတုရုပ်ပုံတော်ကို ပေးလှူကြသော သူတို့သည် သံသရာ၌ကျင်လည်သောအခါ လူ့ပြည်, နတ်ပြည်တို့၌ ချမ်းသာသုခကို ရရှိနိုင်ကြကုန်၏။ ဘုရားဆင်းတုရုပ်ပုံတော်ကို ထုလုပ်ကိုးကွယ်ပူဇော် လှူဒါန်းသောသူသည် ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ချမ်းသာသုခကို ရရှိနိုင်ပါ၏။ အသက်ရှည်ခြင်းဘေး အန္တရာယ်ကင်းရှင်းခြင်း တန်ခိုးအာနုဘော် ကြီးမားခြင်း၊ ဥစ္စာ စည်းစိမ် များပြားခြင်း၊ အခြံအရံများခြင်း အကျိုးတို့ကို ရရှိနိုင် ပေသည်။

၅၆-၅၉။ ဘုရားဆင်းတု ရုပ်ပုံတော်ကို ရွှေသက်န်း ကပ်လှူ ပူဇော်သော သူသည် လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာသုခကို ရရှိ နိုင်၏၊ အဆင်းလှခြင်း, ကြည့်ရှုချင်စဘွယ် တင့်တယ်ခြင်း အခြံအရံ များခြင်း, ဥစ္စာရွှေငွေ အထွေထွေ များပြားခြင်း, အကျိုး တို့ကို ရရှိခံစားရ ပြီးနောက် အဆုံးဘဝ၌ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်မြတ် ဖြစ်၍ နိဗ္ဗာန်သို့ ရောက်ကုန် လတံ့၊ ထိုအခါ ဘုရားလောင်း ဝီရိယပဏ္ဍိတသည် ဒါန စသော ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်လျက် အသက်အတိုင်း နေသွား ပြီးနောက် ကွယ်လွန်သော အခါ တုသိတာ နတ်ပြည်၌ ဖြစ်၍ ၁၂-ယူဇနာရှိသော ရွှေဗိမာန် ပြာသာဒ်၌ နတ်အပေါင်းများစွာ အခြံအရံဖြင့် ဖြစ်လေ၏။

ဤသို့ မိန့်ဆို ပြီးလျှင် ဘုရားရှင်သည် ဇာတ်တော်ကို ပေါင်းလိုရကား အဆုံးဖြစ်သော ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဇာတ်ပေါင်းသော်

၆၀-၆၅။ ထိုအခါ ပန်းထိမ်ဆရာ အသွင်ဆောင်သော သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ ဝီရိယပဏ္ဍိတ၏ မယ်တော်သည် မဟာ မာယာ ဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏၊ ကြင်ယာတော် သုဇာတာသည် ယသော်ဓရာ ဖြစ်၍ သား ရေဝတ သည် ရှင်ရာဟုလာ ဖြစ်လာ၏၊ ကြွင်းသောမင်း၏ ပရိသတ်တို့ကား ယခုအခါ ဘုရားရှင်၏ ပရိသတ်များ ဖြစ်လာလျက် ဝီရိယပဏ္ဍိတ သည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရိုသေစွာ နာယူမှတ်သား ဆောင်ထားကြပါ ကုန်လော့။

ငါးခုမြောက် ဝီရိယပဏ္ဍိတဇာတ် ပြီး၏။

---

# ၆-ဝိပုလရာဇဇာတ်

[သားမယားနှင့် တိုင်းပြည်စည်းစိမ်ကိုပါ လှူဒါန်းသော ဝိပုလမင်းကြီး ဝတ္ထု]

မြတ်စွာဘုရားသည် ယောဇနော မမ သရီရံ အစရှိသော ဤတရား ဒေသနာတော်ကို မိမိ၏ ရှေးက ပြုခဲ့သော ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့ဦးအံ့။ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရား သဘင်ဇရပ်၌ "ငါ့ရှင်တို့၊ အံ့သြဘွယ် ကောင်းပါပေစွ၊ ငါတို့ မြတ်စွာ ဘုရားသည် ရှေးအခါ ဘုရားလောင်းဖြစ်စဉ်ကာလကလည်း အလှူပေး ခြင်း၌ ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ အမျိုးမျိုးသော အလှူဒါနကို ပေးလှူ ခြင်းဖြင့် မိမိ၏ ဒါနပါရမီကို ဖြည့်ကျင့်တော်မူခဲ့၏။ ယခု ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ၌လည်း လူ နတ် ဗြဟ္မာ သတ္တဝါတို့အား လောကီ လောကုတ္တရာ ချမ်းသာကို ပေးတော်မူပေ၏"ဟု ချီးမွမ်းစကားကို ပြော ဆိုနေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ဂန္ဓကုဋီ ကျောင်း တော်၌ နေလျက်ပင် ဒိဗ္ဗသောတဉာဏ်တော်ဖြင့် ထိုရဟန်းတို့ ပြောဆို

ကြသော စကားကို ကြားသိတော်မူသဖြင့် ဂန္ဓကုဋီ ကျောင်းတော်မှ ထွက်ခွါ၍ တရားသဘင်ဇရပ်သို့ ကြွတော်မူပြီးလျှင် ယင်းဇရပ်၌ ကောင်းမွန်စွာ ခင်းထားအပ်သော မြတ်သောဘုရား၏ နေရာတော်၌ နေတော်မူလျက် "ရဟန်းတို့၊ ယခု ငါဘုရား ကြွလာတော်မူစဉ်တွင် သင် ရဟန်းတို့သည် အဘယ်စကားကို ပြောဆိုဆွေးနွေး စည်းဝေး တိုင်ပင်နေကြပါသနည်း"ဟု မေးတော်မူလေ၏။ ဤမည်သောစကားကို ပြောဆို ဆွေးနွေး စည်းဝေးနေကြပါသည် ဘုရားဟု ရဟန်းတော် များက လျှောက်ထားသောအခါ "ငါ၏ချစ်သား ရဟန်းများတို့၊ ငါဘုရားသည် ယခုအခါ၌သာ လူ နတ် ပြဟ္မာ သတ္တဝါတို့အား လောကီ လောကုတ္တရာ စည်းစိမ်ချမ်းသာကို ပေးတော်မူသည်မဟုတ်သေး၊ ရှေးအခါ ဘုရားလောင်းဖြစ်စဉ်အခါကလည်း ငါဘုရားသည် အလှူပေးခြင်း၌ မွေ့လျော်သောစိတ် ရှိသည်ဖြစ်၍ ဒါနပါရမီကို ဖြည့်ကျင့် ဆည်းပူးလျက် အလှူကြီးကို ပေးလှူပြီးလျှင် မိမိ၏မယား သားနှင့် မိမိကိုယ်ကိုပါ ပေးလှူခဲ့ဘူး၏"ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူလေရာ ရဟန်းတော်များက တောင်းပန်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ သုဓမ္မဝတီမြို့၌ ဝိပုလမင်း မင်းပြု၏၊ ထိုမင်း၏ မိဖုရားကြီးသည်ကား စန္ဒာအမည်ရှိ၏၊ တသောင်းခြောက်ထောင်သော မင်းမောင်းမဒေဝပေါင်းတို့၏ အကြီးအမှူး ဖြစ်၏။ သားတော်ကား ဝိဇလမည်၏၊ ထိုအခါ ဝိပုလမင်းသည် မိမိ၏မြို့တော်၌ တရားနှင့်အညီ မင်းပြုလျက် မြို့၏လေးဘက်လေးတန်ရှိ တံခါးတို့၌၎င်း, မြို့အလယ်၌၎င်း, နန်းတော်တံခါးအနီး၌၎င်း, အလှူဇရပ် ခြောက်ခုတို့ကို ဆောက်လုပ်စေ၍ နေ့စဉ် ၆-သိန်းသော ရွှေငွေဥစ္စာတို့ကို စွန့်လွှတ်လျက် အလှူမကျွပ်သို့ ရောက်လာသော လူအပေါင်းအား အလှုကိုပေး၏၊ သင့်လျော်သောအခါ မင်းကြီးကိုယ်တိုင် ကြွရောက်၍ အလှူမိုးကို ရွာဖြိုး လှူဒါန်းလေ၏၊ ထိုအခါ ဝိပုလမင်းသည် နံနက်တကြိမ် ညနေဘက်တွင် တကြိမ် လူအပေါင်းအား အိုလူများအပေါင်းတို့ သင်တို့သည် မိမိတို့

တတ်စွမ်းသမျှ အလှူဒါနကို ပေးလှူကြကုန်လော့၊ သီလကို စောင့်ကြကုန်လော့၊ ဥပုသ်သီတင်းနေ့တို့၌ ဥပုသ်သီလကို စောင့်သုံးကြကုန်လော့ ဟု ဆုံးမဩဝါဒ ပေးလေ၏၊ ထိုအခါ တနေ့သ၌ ဝိပုလမင်းသည် နံနက်စောစောထ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် အလုံးစုံသော ဝတ်စား တန်ဆာတို့ကို ဝတ်ဆင်လျက် အမတ်အပေါင်း ခြံရံကာ မိမိ၏ နန်းတော်တံခါးအနီး၌ရှိသော အလှူမဏ္ဍပ်၌နေ၍ ရှေးဦးစွာသော ဂါထာကိုဆို၏။

၁။ အကြင်သူသည် ငါ၏ကိုယ်ကို ကျွန်ပြုရန်အတွက် တောင်းခံ လာပါလျှင် ငါသည် နောင်အခါ ဘုရားဖြစ်ရန် ရည်မှန်းလျက် ငါ၏ ကိုယ်ကို ပေးလှူပါအံ့။

ဤသို့ ဆိုပြီးလျှင် ဝိပုလမင်းသည် ထိုထိုအလှူဇရပ်သို့ ရောက်လာသော လူအပေါင်းတို့အား မိမိ၏ လက်ဖြင့် အလှူဒါန ပြုလိုရကား နှစ်ခုမြောက် ဂါထာကို ဆို၏။

၂။ အကြင်သူသည် ငါ၏ ဥစ္စာဖြစ်သော ရွှေငွေစပါး အသုံးအဆောင် များနှင့် အဝတ်အထည်တို့ကို တောင်းခံ လာပါလျှင် ငါသည် ထိုသူအား ယင်း ပစ္စည်းဝတ္ထုတို့ကို ပေးလှူပါအံ့။

ဤသို့ ဆိုပြီးနောက် ဝိပုလမင်းသည် ထိုထိုအလှူမဏ္ဍပ် တို့၌ မိမိဥစ္စာဖြစ်သော အလှူကို ပေးလှူကြရန် အမတ်တို့အား ခိုင်းစေညွှန်ကြား မိန့်ဆိုလိုရကား သုံးခုမြောက် ဂါထာကို ဆို၏။

၃။ အို မှူးမတ် အပေါင်းတို့ သင်တို့သည် ဖုန်းတောင်း ယာစကာ အလှူခံ တို့အား စံနစ်တကျ အလှူကို ပေးလှူကြ ပါကုန်လော့၊ အလှူခံများ ရောင့်ရဲတင်းတိမ် နှစ်သိမ့်ကျေနပ်သည့် တိုင်အောင် ထမင်းအဖျော် စသည်တို့ကို ကျွေးမွေးလှူဒါန်း ပေးကမ်းကြပါ ကုန်လော့။

ထိုအခါ သုမ္မဝတီ တိုင်းသူပြည်သား လူအများတို့သည် မိမိတို့၏ လုပ်ငန်းကိစ္စတို့ကို ပြုလုပ်ကြကုန်လျက် ရွှေငွေစပါး အသုံးအဆောင်တို့ဖြင့် ပေါများ ကြွယ်ဝကြ ကုန်၍ ပျော်ပွဲရွှင်ပွဲ ကခုန်သီဆိုပွဲများဖြင့် ပျော်မွေ့

စွာဖြင့် မိမိတို့ စည်းစိမ်ချမ်းသာတို့ကို သုံးဆောင် ခံစားကြကုန်၏၊ တိုင်းပြည်စည်ပင် သာယာဝပြောစွာ ရှိလေ၏၊ ထိုအခါ တနေ့သ၌ ဝိပုလမင်းသည် မိမိ၏ပြာသာဒ်ရှိ မြတ်သောအိပ်ရာ ထက်၌ နေလျက် ဒါနစသည်ကို တွေးတော ဆင်ခြင်လျက် အမြဲမပြတ် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ ရွှေခြသေ့ရုပ်ဖြင့် ထုလုပ်ထားသော လေသာပြတင်းကို ဖွင့်လျက် လမ်းဘက်သို့ ရှုမြော်ကြည့် ပြီးလျှင် ဤသို့ ကြံစည်စိတ်ကူးလေ၏၊ ငါသည် အစားအစာ ဥစ္စာရွှေငွေစသော အပြင်ပအလှူများကိုသာ ပေးလှူရသေး၏၊ ဤမျှဖြင့် ရောင့်ရဲတင်းတိမ် ကျေနပ်ဖွယ် မရှိသေးချေ။

## အဇ္ဈတ္တိက ကိုယ်တွင်းအလှူကို လှူလိုသော ဘုရားလောင်း

ယခုအခါ ငါသည် ဦးခေါင်း မျက်လုံး စသော အတွင်း အလှူတို့ကို လှူဒါန်းလို၏၊ ယနေ့ လူတို့သည် ငါ့ထံသို့လာ၍ ပြင်ပအလှူတို့ကို အလှူမခံဘဲ အတွင်း၌ရှိသော အဇ္ဈတ္တိက အလှူဝတ္ထုများကို တောင်းခံလာလျှင် ကောင်းလေစွ၊ ဦးခေါင်းကို တောင်းခံလာလျှင် ဦးခေါင်းကို ပေးလှူအံ့၊ ငါ၏ အသည်းနှလုံးကို တောင်းခံလာလျှင် ငါသည် ရင်ကိုခွဲ၍ အသည်းနှလုံးကို ပေးလှူအံ့၊ ထိုမှတပါး မျက်လုံး, အသွေး, အသား, ကိုယ်တခြမ်း, တကိုယ်လုံးတို့ကို တောင်းခံလာလျှင် ငါသည် တောင်းခံလာသမျှကို ပေးလှူပါအံ့၊ အကယ်၍ တစုံတယောက်သည် အဆွေ ဝိပုလမင်း သင်သည် ငါ၏ကျွန် ဖြစ်ပါလော့ဟု လာရောက် တောင်းခံပါလျှင်လည်း ငါသည် မိမိကိုယ်ကို နှိမ့်ချဖျောင်းဖျလျက် ထိုသူအား ကျွန် အဖြစ် ပေးလှူပါအံ့၊ ဤသို့လျှင် အလှူခံများ တောင်းခံလာသမျှ မည်သည့်အရာကို မဆို ပေးလှူပါအံ့ဟု ကြံစည်တွေးတော နေလေ၏၊ ဤသို့ ဝိပုလမင်းသည် သူတပါးတို့ ကြံစည် စိတ်ကူးရုံမျှ မဝံ့ရဲသော အတွင်း အဇ္ဈတ္တိက အလှူကို လှူရန်ကြံစည် တွေးတောသောအခါ အလှူပေးရန် ကြံစည်သော အစွမ်းအာနုဘော်ကြောင့် နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာ ပထဝီမြေကြီးသည် အမုန်ယစ်သော ဆင်ပေါက်ကဲ့သို့ သည်းစွာသော အသံကို ပြုလျက် တုန်လှုပ်၏၊ မဟာသမုဒ္ဒရာ သည်လည်း လှိုင်းတံပိုး ထသဖြင့် တုန်လှုပ်၏၊ မြင့်မိုရ်တောင်မင်း သည်လည်း မီးအုံးသော ကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ်

ခွေပျော့လျက် သုဓမ္မဝတီမြို့သို့ ရွှေ့ရှုတည်လေ၏၊ မြေလှုပ်သော အသံဖြင့် ကောင်းကင်ယံအလုံး ထစ်ချုန်း ရိုက်ကြိုးလျက် မိုးကြီးသည်းထန်စွာရွာ၏၊ မိုးအခါ မဟုတ်ဘဲ တိမ်ပုပ်တိမ်ထပ် ကြားမှ လျှပ်စစ်နွယ်တို့ သည်လည်း အသွယ်သွယ် ယှက်သန်းလျက် တက်ကုန်၏။

သိကြားမင်း သည်လည်း ရှင်လန်းခြင်းမက ရှင်လန်းလျက် လက်ပမ်း ပေါက် ခတ်၏၊ ဗြဟ္မာအပေါင်း သည်လည်း ကောင်းချီးပေးကြ ကုန်၏၊ လူ့ပြည်မှသည် အကနိဋ္ဌဘုံ တိုင်အောင် အုတ်အုတ်ကျက်ကျက် တခဲနက် သော အသံသည် ဖြစ်၏၊ ဝိပုလမင်းသည် မျက်လုံးစသော အဇ္ဈတ္တိကအလှူ ကို လှူရန်ကြံစည်သည့် အစွမ်းအာနုဘော်ကြောင့် ဤကဲ့သို့သော အံ့ဩ ဘွယ် တို့သည် ထင်ရှား ဖြစ်ပေါ် ကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်တော်မူ၏။

၄-၁၁။ ထိုအခါ ဝိပုလမင်းသည် အလှူမဏ္ဍပ် စရပ်ခြောက်ခုတို့ကို ဆောက် လုပ်စေ၍ နေ့စဉ်နေ့တိုင်း လူအပေါင်းတို့အား အလှူကြီးကိုပေး လှူ၏။ ဝိပုလမင်းသည် တရားနှင့်အညီမင်းပြုလျက် မြတ်သောနေ ရာ၌ နေ၍ အလှူပေးရန် ကြံစည်လေ၏။ ဝိပုလမင်းသည် ခြသေ့် ခံလေသာပြူတင်းကိုဖွင့်၍ လမ်းမကြီးဘက်သို့ ရှုမြော်ကြည့်လျက် ကြံစည် တွေးတောသည် မှာကား— ယခုအခါ တစုံတယောက် သောသူသည် ငါ၏အတွင်းသန္တာန်၌ ရှိသော မျက်လုံးအစုံကိုငှင်း အသည်းနှလုံးကိုငှင်း၊ အသွေး အသားကိုငှင်း၊ တကိုယ်လုံးကိုငှင်း တောင်းခံလာလျှင် ငါသည် တောင်းသမျှကို ပေးလှူအံ့၊ တစုံ တယောက်သည် ငါ့အား ကျွန်အဖြစ်ပြုလုပ်ရန် အလှူခံပါလျှင် ငါသည် ထိုသူအား မိမိကိုယ်ကို ကျွန်အဖြစ်ပေးလှူပါအံ့၊ ဤသို့ ကြံစည်တွေးတောသောအခါ မဟာပထဝီမြေကြီးသည် တုန်လှုပ် ၏၊ဦးဆောက်ပန်းသဖွယ်ဖြစ်သော မြင်းမိုရ်တောင် မင်းသည်လည်း သုဓမ္မဝတီမြို့သို့ ရှေးရှုညွတ်၏။ ဝိပုလမင်းသည် မျက်လုံးစသော အဇ္ဈတ္တိကအလှူကို လှူရန်ကြံစည်သောအခါ မဟာပထဝီ မြေကြီး သည် ကြောက်ရွံ့ထိတ်လန့်ဘွယ်ရာ တုန်လှုပ်လေ၏။ သုဓမ္မဝတီ

တမြို့လုံးသည် အုတ်အုဘ်ကျက်ကျက် တခဲနက်သော အသံများ
ဖြင့်ပျံ့နှံ့ရောပြွမ်းလျက် ရှိလေ၏။

ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြ၏။ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ဤဂါထာကိုဆို၏။

၁၂။ ကောင်းမှု ကုသိုလ်ကိုရင်း၊ အလှူပေးခြင်းကိုရင်း၊ မြတ်သောအကျင့် ကျင့်ခြင်းကိုရင်း ပြု၍ ပါရမီကိုဖြည့်ကျင့် ဆည်းပူးသူကား အဘယ်သူနည်း၊ နတ်လော လူလော မသိရပါ၊ ထိုသူသည်ငါ့ကို မိမိနေရာမှ ရွှေလျော စေလိုဘိ၏။

## သိကြား မင်း အလိုစမ်းခြင်း

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကို သိသည်ဖြစ်၍ "ယခုအခါ ဘုရားလောင်း ဝိပုလမင်းသည် မြို့သူမြို့သား လူအများ တို့အား ထမင်း အဖျော် ရွှေငွေ စပါး စသောအမျိုးမျိုး အပဝတ္ထုများကို ပေးလှူလျက်ရှိရာ ယင်းအလှူဖြင့် အားရတင်းတိမ် ကျေနပ်ခြင်း မရှိသဖြင့် ယနေ့ မျက်လုံးစသော အတွင်းအလှူကို ပေးလှူလိုသော စိတ်ထားကြောင့် နောင်အခါ၌ ဝိပုလမင်းသည် ဘုရားစင်စစ် ကေန် ဖြစ်လတ့်၊ "ယခုအခါ ငါသည် ဝိပုလမင်း၏ စိတ်အလိုဆန္ဒ အကြံအစည်ကို ပြည့်ဝစေအံ့"ဟု ကြံစည်လျက် နတ်ပြည်မှ ဆင်းသက်၍ မိမိကိုယ်ကို ပုဏ္ဏားပျိုအသွင် ဖန်ဆင်းလျက် နံနက်စောစော မင်းယင်ပြင်သို့ ဝင်လေ၏။ ထိုနေ့၌ပင် ဘုရားလောင်း ဝိပုလမင်းသည် နံနက်စောစော ရေချိုး၍ အရသာ အမျိုးမျိုး ရှိသော အစာအာဟာရကို သုံးဆောင်ပြီးနောက် ယခုအခါ ငါသည်ထိုထို နေရာတို့၌ရှိသော အလှူမဏ္ဍပ်တို့သို့သွား၍ လူအပေါင်းအား အလှူပေးသောအလှူ့ဝတ္ထုစည်းများကို သွားရောက် စိစစ်အံ့ဟု ကြံစည်ပြီးလျှင် အလုံးစုံသော အဝတ်တန်းဆာတို့ကို ဝတ်စား ဆင်ပြင်လျက် မင်္ဂလာဆင်တော်မြတ်၏ ကျောကုန်းထက်၌ နေလျက် အမတ်အပေါင်း ခြံရံ၍ မြို့လယ်၌ ရှိသော အလှူမဏ္ဍပ်သို့ဝင်၍ ယင်းအလှူမဏ္ဍပ်၌ ပေးလှူသော ငွေများကို စစ်ဆေး စိစစ်လေ၏။

ထိုအခါ ပုဏ္ဏားပျိုအသွင်ဆောင်ထားသော သိကြားမင်းသည် ဝိပုလမင်း၏ရှေ့၌ရပ်လျက် မိမိ၏လက်ျာလက်ကိုဖြန့်လျက် ဇယတု ဘဝံ မဟာရာဇ မြတ်သောမင်းကြီး သင်သည် အောင်မြင်ပါစေသတည်း ဟု (ပုဏ္ဏားတို့ ထုံးစံအတိုင်း)သုံးကြိမ်တိုင်အသံပြုလေ၏။ ထိုအခါ ဘုရားလောင်း ဝိပုလမင်းသည် ယင်းအသံကိုကြား၍ "ဤပုဏ္ဏားပျိုသည် အဘယ်အကျိုးငှါ ဤအရပ်သို့လာပါသနည်း ယခုငါသည် ယင်းပုဏ္ဏား လာခြင်းအကြောင်းကိုမေးအံ့"ဟုကြံစည်ပြီးလျှင် ယင်းပုဏ္ဏားပျိုလာခြင်းအကြောင်းကိုမေးလိုရကား ဤဂါထာကိုဆို၏။

၁၄။ အိုပုဏ္ဏား သင်သည် အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာပါသနည်း၊ လာခြင်းအကြောင်းကို ကျွန်ုပ်အား ပြောကြားပါလော့။

ထိုစကားကိုကြားသောအခါ ပုဏ္ဏားပျိုသည် "အဖေါ်မပါတယောက်တည်း မယားအတွက်လာပါသည်၊ သို့ဖြစ်၍ သင်မင်းကြီး၏ မိဖုရားစန္ဒာဒေဝီကို ကျွန်ုပ်မယားပြုလုပ်ရန်အတွက် သင်မင်းကြီးထံမှ တောင်းခံရန်လာပါသည်"ဟု ဆိုလျက် ဤဂါထာကိုဆို၏။

၁၄။ မိုးရေမိုးပေါက်တို့ဖြင့်ပြည့်သော သမုဒ္ဒရာရေသည် သုံးဆောင်၍ မကုန်ခန်းနိုင်သကဲ့သို့ သင်မင်းကြီး၏ ဒါန စေတနာသည်လည်း ဘယ်တော့မှကုန်ခန်းသည်ဟူ၍ ရှိမည်မဟုတ်ပါ။ သို့ဖြစ်၍ သင်မင်းကြီး၏မိဖုရား စန္ဒာဒေဝီကို ကျွန်ုပ်အား ပေးလှူပါရန် တောင်းခံပါသည်၊ ကျွန်ုပ်အားပေးလှူပါလော့။

ထိုစကားကိုကြားသောအခါ ဝိပုလမင်းသည် နှစ်သက်မဆုံး ပီတိဖြင့်ပြည့်သောစိတ်နှလုံးရှိသည်ဖြစ်၍ "နက်ဖြန်တွင်ပင် ဘုရားအဖြစ်သို့ရောက်တော့မည်ကဲ့သို့ပင်း၊ ဖြန့်တန်းထားသောလက်ထဲသို့ အသပြာ တထောင်ထုပ်ကို ရလာသကဲ့သို့ရင်း ဝမ်းမြောက်လျက် အိုပုဏ္ဏားကောင်းလှပါ၏။ ယခုပင်ကျွန်ုပ်သည် သင်၏အလိုဆန္ဒကို ပြည့်စေပါအံ့"ဟုဆိုလျက် တွန့်တိုဆုတ်နစ်ခြင်းမရှိဘဲ မဟာပထဝီမြေကြီးကိုပဲ့တင်ထပ်စေလျက် ဤသို့ဆို၏။

၁၅။ အိုပုဏ္ဏား ကျွန်ုပ်ထံမှစန္ဒာဒေဝီမိဖုရားကိုတောင်းသော သင်ပုဏ္ဏားအား ကျွန်ုပ်သည် မချွေမဖက် ရက်ရက်ရောရော နှမြောမတွန့်

ငွေပေးစွန့်လှူဒါန်းပါအံ့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ပစ္စည်းဥစ္စာများကို ဖုံးဝှက်သိမ်းဆည်း သိုမှီးမထားပါ၊ ကျွန်ုပ်သည် အလှူပေးခြင်း၌ မွေ့လျော်ပျော်ပိုက်ပါ၏။

## ဘုရားဖြစ်ဘို့အရေး မယားကိုပေးလှူ

ဤသို့ ပြောဆိုပြီးလျှင် ဘုရားလောင်း ဝိပုလမင်းသည် စန္ဒာဒေဝီမိဖုရားကြီးကိုကြည့်လျက် "အို ချစ်စွာသောမိဖုရားကြီး ဤပုဏ္ဏားပျိုသည် ငါ့ထံသို့လာ၍ အခြားပစ္စည်းဥစ္စာများကို မတောင်းခံဘဲ သင်မိဖုရားကြီးကိုသာ တောင်းခံပါ၏၊ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို တောင့်တပါ၏၊ နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုရရန် ပါရမီ ဖြည့်ကျင့်သောအားဖြင့် မယားကို စွန့်ကြဲပေးကမ်းခြင်းဟူသောအလှူကိုပေးလှူလိုပါ၏၊ သင်သည်ငါ၏ပါရမီကို ဖြည့်ကျင့်ပါလော့"ဟု ဆိုလေ၏။ ဘုရားလောင်း၏စကားကို ကြားသောအခါ စန္ဒာဒေဝီမိဖုရားသည် ဝမ်းမြောက်စွာ လက်ခံလေ၏။ ထိုအခါ ဘုရားလောင်းသည် နံ့သာရေတို့ဖြင့်ပြည့်သောရွှေကရားကိုယူလျက် မိဖုရား၏ လက်ကိုကိုင်၍ မဟာပထဝီမြေကြီးကို တိုင်တည် သက်သေပြုလျက်ထိုနေရာ၌ပင် ရေစက်ချ၍ ဤဂါထာနှစ်ပုဒ်ကိုဆို၏။

၁၆-၁၇။ အို ပုဏ္ဏား နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုရရန်အတွက်ကျွန်ုပ်၏ မိဖုရားစန္ဒာဒေဝီကို သင့်အားပေးလှူပါ၏၊ သင်သည် ကျွန်ုပ်၏ မိဖုရား စန္ဒာဒေဝီကိုယူပါလော့၊ သင်သည် ကျွန်ုပ်၏မယား စန္ဒာဒေဝီကိုသင်အလိုရှိရာသို့ ခေါ်ဆောင်သွား၍အလိုရှိတိုင်း ချမ်းသာစွာနေပါလော့။

ဤသို့ ပြောဆိုပြီးလျှင် ဘုရားလောင်းသည် အလွန်ဝမ်းမြောက်သောစိတ်ရှိလျက် ပုဏ္ဏားပျိုနှင့် စကာ ပြောဆိုလိုသောကြောင့် "အို ပုဏ္ဏား ကျွန်ုပ်သည် ကျွန်ုပ်၏မိဖုရားစန္ဒာဒေဝီကို မြတ်နိုးနှစ်သက်ချစ်ခင်စုံမက်ပါ၏၊ သို့သော်လည်း နောင်အခါ၌ သစ္စာလေးပါးကိုသိ၍ ရရှိလာမည့် သဗ္ဗညုတဉာဏ်ကို ကျွန်ုပ်၏မိဖုရားထက် အဆပေါင်း ရာ ထောင် သိန်း သန်း မက ချစ်မြတ်နိုးလှပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် သင်အား မိဖုရားကြီးကို

ပေးလှူသောအခါ စကြဝတေးမင်းစသော လူ့စည်းစိမ်ချမ်းသာတို့ကိုလည်း မတောင့်တပါ အလိုမရှိပါ၊ သိကြားမင်း, ဗြဟ္မာမင်းစသော နတ်စည်းစိမ် ဗြဟ္မာစည်းစိမ် တို့ကိုလည်း မတောင့်တပါ အလိုမရှိပါ၊ နောင်အခါ၌ မြတ်စွာဘုရား၏ သာဝကဆု, ပစ္စေကဗုဒ္ဓါဆု တို့ကိုလည်း မတောင့်တပါ အလိုမရှိပါ၊ သင်အား ကျွန်ုပ်၏မိဖုရားကိုပေးလှူသော မယားအလှူကြောင့် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုသာ ဆုတောင်းပါ၏။ ဘုရားဖြစ်ရန်ကိုသာ အလိုရှိပါ၏"ဟုဆိုပြီးလျှင် ဝိပုလမင်းသည် မိမိ၏မိဖုရား စန္ဒာဒေဝီကို ပုဏ္ဏားပျိုအားပေးလှူလေ၏။ ထိုခဏ၌ မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း စသော အားလုံးသော အံ့ဩဘွယ်တို့သည် မဖြစ်ဘူးမြဲ ထူးကဲစွာဖြစ်ပေါ်လေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၁၈-၂၁။ ဤလေးဂါထာသည် ရတနပဇ္ဇောတဇာတ် ၂၆=၂၉ လာ ဂါထာ တို့နှင့်အဓိပ္ပါယ်တူ၏။

ဤသို့ပုဏ္ဏားပျိုအသွင်ဆောင်သော သိကြားမင်းအား စန္ဒာဒေဝီမိဖုရား ကြီးကိုပေးလှူပြီးနောက် ဘုရားလောင်း ဝိပုလမင်းသည် ဦးခေါင်းထက်၌ လက်အုပ်ချီလျက် ငါသည် မယားအလှူကိုကောင်းစွာလှူအပ်ပေပြီဟု ဥဒါန်း ကျူးရင့်လိုရကား ဤဂါထာကိုဆို၏။

၂၂။ ဤချစ်လှစွာသော မိဖုရားကြီးကိုပေးလှူရသော ကောင်းမှုကြောင့် နောင်အခါ၌ ငါသည် ဘုရားစင်စစ်ကေန်ဖြစ်၍ ဘုရား၏ကိစ္စ အဝဝကိုပြုလုပ်ရပါလို၏၊ ငါ၏ ဤဆုတောင်းမှုသည် ပြည့်စုံပါစေ သတည်း။

## သားတော်လဲမနေရ

ထိုနောက် ပုဏ္ဏားလုလင်ပျိုသည် စန္ဒာဒေဝီမိဖုရားကြီးကို ယူဆောင် လျက် ထိုနေရာမှ ဖဲခွါခဲ့ပြီးလျှင် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် စန္ဒာဒေဝီ မိဖုရားကြီးကို တနေရာ၌ ဖုံးကွယ်ဝှက်ကာ ထားခဲ့ပြီးနောက် ထိုခဏ၌ပင် ပုဏ္ဏားပျို၏အသွင်ကို ပြောင်း၍ မိမိကိုယ်ကို အခြားပုဏ္ဏားတမျိုးအသွင် ဖန်ဆင်းလျက် မြို့လယ်၌ တည်ရှိသော အလှူမဏ္ဍပ်သို့သွား၍ မိမိ၏ ညာ လက်ကို ဆန့်တန်းလျက် ဤသို့ဆို၏။

၂၃။ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်၏ချစ်လှစွာသော သားကို တောင်းခံပါ၏ သင်သည် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်သောကြောင့် သင်၏သားကို ကျွန်ုပ်အား ပေးလှူပါလော့။

ယင်းပုဏ္ဏား၏စကားကိုကြားသောအခါ ဝိပုလမင်းသည် ဝမ်းမြောက်သော စိတ်ရှိလျက် သားတော်ဝိဇလ၏ မျက်နှာကိုကြည့်၍ သားတော်နှင့် စကားပြောဆိုလိုရကား ဤဂါထာကိုဆို၏။

၂၄။ ချစ်လှစွာသော သားတော်ဝိဇလ ငါသည် နောင်အခါ၌ ဘုရားဖြစ်ရန် သဗ္ဗညုတဉာဏ်ကို တောင့်တပါ၏၊ အလိုရှိပါ၏၊ ယခုအခါ အလှူခံပုဏ္ဏားသည် သားတော်ကို အလှူခံနေပါ၏၊ ငါသည် ယနေ့ သားတော်ကို လှူလိုပါသဖြင့် သားတော်သည် ငါ၏စကားကို နားထောင်ပါလော့။

ခမည်းတော်၏စကားကို ကြားသောအခါ ဝိဇလမင်းသားသည် နှစ်သက် ဝမ်းမြောက်သောစိတ်ရှိလျက် အို ခမည်းတော်မင်းကြီး ကျွန်ုပ်သည် သင်ခမည်းတော်မင်းကြီး၏ အလိုဆန္ဒကို ပြည့်ဝစေပါအံ့ ဟု ဆို၍ ခမည်းတော် မင်းကြီးနှင့်အတူ ရရင့်သော သီဟနာဒကို ဆိုလိုရကား ဤသို့ဆို၏။

၂၅။ အို ချစ်စွာသော ခမည်းတော်မင်းကြီး ကျွန်ုပ်သည် ဘခင်၏သားဖြစ်၍ ဘခင်သည် အကျွန်ုပ်ကို အစိုးရပါ၏၊ ပိုင်ဆိုင်ပါ၏၊ သို့ဖြစ်၍ ခမည်းတော်သည် ကျွန်ုပ်အား ရောင်းလိုလျှင်ရောင်း သတ်လိုလျှင်သတ် အလိုရှိရာကို ပြုနိုင်ပါသည် ကျွန်ုပ်သည် ခမည်းတော်၏ စကားကို ကောင်းစွာနာခံလျက် ဝမ်းမြောက်စွာဖြင့် မိမိကိုယ်ကို ပေးလှူပါအံ့၊

ထိုအခါ ဝိပုလမင်းသည် မိမိ၏ ချစ်လှစွာသော သားတော် ဝိဇလမင်းသားကို ရေမိုးချိုးစေပြီး မွန်မြတ်သော အစာအာဟာရများကို ကျွေးမွေးလျက် ဆင်မြန်းဘွယ်ရာ ရတနာတို့ကို ဝတ်စား ဆင်ယင်စေကာ မိမိ၏ ရင်ခွင်ထက်၌ နေစေ၍ သား၏ ဦးထိပ်၌ နမ်းရှုပ်ငုံစုပ်ပြီးနောက် ပုဏ္ဏားအား ပေးလှူလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၏။

၂၆။ ထိုအခါ ဝိပုလမင်းသည် သားတော်ဝိဇလမင်းသားကို ဦးခေါင်းနှင့်တကွ ရေမိုးချိုးစေပြီးလျှင် ကောင်းစွာ ဝတ်စားဆင်ပြင် တန်းဆာ ဆင်လျက် မိမိရင်ခွင်၌ နေစေ၍ သား၏ ဦးထိပ်၌ နမ်းရှုပ် ငုံစုပ်လျက် မွေလျော်ရှင်ပြစေလေ၏၊ ထိုနောက် ရတနာတို့ဖြင့် ပြုလုပ်သော နားတောင်းကို ပန်ဆင်လျက် ဆင်မြန်းစရာ တန်းဆာ အားလုံးတို့ကို ဆင်မြန်းဝတ်ဆင်ထားသော နန်းတော်ထက်ဖွား ချစ်လှစွာသော သားတော်ဝိဇလကို ပုဏ္ဏားအား ပေးလှူလေ၏။

ထိုနောက် ဝိပုလမင်းသည် နတ်အပေါင်းအား မိမိအလှူကို သက်သေ ပြုလျက် ယင်းနတ်အပေါင်းအား ဝမ်းမြောက်နုမောဲ သာခုခေါ်စေလို ရကား ဤဂါထာနှစ်ပုဒ်ကို ဆိုလေ၏။

၂၇-၂၈။ နတ်မြတ် နတ်ကောင်း အို နတ်အပေါင်းတို့ ဤအရပ်သို့ ကြွရောက်လာကြကုန်သော သင်နတ်အပေါင်းတို့သည် ကျွန်ုပ်၏ အလှူဒါနကို ဝမ်းမြောက်နုမော် သာခုခေါ်ကြပါကုန်လော့၊ ကျွန်ုပ်၏ အလှူအဖို့ဘာဂကို အမျှယူကြပါကုန်လော့၊ ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရန် ဆုပန်လျက် ချစ်လှစွာသောသားကို အလှူခံပုဏ္ဏားအား ပေးလှူပါ၏။

ဤသို့ဆို၍ ဘုရားလောင်း ဝိပုလမင်းသည် မိမိသားတော် ဝိဇလမင်း သားကို ပုဏ္ဏားအသွင် ဆောင်ထားသော သိကြားမင်းအား ပေးလှူလေ၏၊ ထိုအခိုက်တွင် ဘုရားလောင်း၏ ဒါနတန်ခိုးကြောင့် မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း စသော များစွာသော အံ့သြဘွယ်တို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၃၀-၃၃။ ထိုအခါ ဝိပုလမင်းသည် ချစ်စွာသော သားတော်ကို ပေးလှူသော ခဏ၌ မဟာပထဝီမြေကြီးသည် ကြောက်ရွံ့ထိတ်လန့်ဘွယ်ရာ အိုးဆိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်လေ၏၊ သုဓမ္မာတီ တမြို့လုံးသည် အုံးအုံးကျက်ကျက် တခဲနက် တုန်လှုပ် ချောက်ချားကုန်၏၊ ထိုခဏ၌

ကောင်းချီးကြွေးကြော် သာဓုခေါ်လျက် မမြင်စဘူး အထူးအဆန်းကို စုံစမ်းကြည့်ရှုလိုခြင်းတို့သည် ဖြစ်ပေါ်လေ၏၊ ကြမ်းတမ်း၍ ကြောက်မက်ဖွယ်သော အသံသည်လည်း ဖြစ်ပေါ်လေ၏။

ထိုသို့ အလှူကိုပေးပြီးနောက် ဘုရားလောင်းသည် နှစ်သက်ဝမ်းမြောက်စွာဖြင့် ထိုအလှူဇရပ်၌ပင် နေလေ၏၊ ထိုအခါ ပုဏ္ဏားအသွင်ဆောင်သော သိကြားမင်းသည် ဘုရားလောင်းထံမှ အလှူခံ၍ရသော သားတော်ဝိဇလမင်းသားကို ယူဆောင်သွားလျက် မိမိ၏ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် ယင်း မင်းသားကို တနေရာ၌ ကွယ်ဝှက် ဖုံးကွယ်ထားခဲ့ပြီးလျှင် တဖန်ထပ်၍ မိမိကိုယ်ကို အိုမင်းသော ပုဏ္ဏားအသွင် ဆောင်ပြန်လျက် ဆံပင်ဖြူဖွေးတောင်ဝေးလက်စွဲကာ ယင်းမြို့လယ်ရှိ အလှူမဏ္ဍပ်သို့ ဝင်ရောက်လေ၏။ ထိုအခါ ယင်းပုဏ္ဏားအိုကြီးကို မြင်သဖြင့် ဝိပုလမင်းသည် လာခြင်းအကြောင်းကို မေးလိုရကား—

၃၄။ အို ပုဏ္ဏား သင်သည်အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာပါသနည်း၊ လာရင်းအကြောင်းကို ကျွန်ုပ်အား ပြောကြားပါလော့။

မင်း၏ စကားကို ကြားသောအခါ ပုဏ္ဏားအိုကြီးသည် မိမိလာခြင်း၏ အကြောင်းကို ပြောကြားလိုရကား—

၃၅။ အို မင်းမြတ် ကျွန်ုပ်သည် အသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းအားအင် ကုန်ခန်းလျက် ရှိပါပြီ၊ သွားရမည့် ခရီးလမ်း ကလည်း ဝေးလံ၍ လမ်းပန်းကလည်း ကြမ်းတမ်းလှပါသည်၊ သင်မင်းကြီးသည်ကား အလှူအတန်း ပေးကမ်းစွန့်ကြဲခြင်း၌ မငြွေမဖက် ရက်ရက် ရောရော နှမြောမှုတွန့် ပေးစွန့်လှူဒါန်းသည်ဟု ကျွန်ုပ် ကြားရသဖြင့် သင်မင်းကြီးထံသို့ လာခြင်း ဖြစ်ပါသည်၊ ကျွန်ုပ်သည် သင်မင်းကြီး၏ မင်းစည်းစိမ် ချမ်းသာကို အလိုရှိပါ၏၊ ကျွန်ုပ်အား မင်းစည်းစိမ် ချမ်းသာကို ပေးလှူပါလော့။

ထို ပုဏ္ဏားအိုကြီး၏ စကားကို ကြားသောအခါ ဘုရားလောင်းသည် နှစ်သက် ဝမ်းမြောက်စွာဖြင့် မိမိ၏ မင်းစည်းစိမ်ကို ပုဏ္ဏားကြီးအား ပေးလှူလိုရကား ဤဂါထာကို ဆို၏။

၃၆။ အို ပုဏ္ဏားကြီး စစ်သည် ဗိုလ်ပါများစွာနှင့် တကွသော ဤတိုင်း
ပြည် စည်းစိမ်ကို ခံယူပါလော့၊ ကျွန်ုပ်သည် မင်းစည်းစိမ်ကို
ပေးလှူခြင်းဖြင့် သင်၏ အလိုဆန္ဒကို ပြည့်ဝစေပါအံ့၊ ကျွန်ုပ်သည်
ကား အလှူပေးခြင်း၌ မွေ့လျော်ပါ၏။

## မင်းစည်းစိမ်ကို လှူဒါန်း

ထိုခဏ၌ပင် ဝိပုလ မင်းကြီးသည် နံ့သာရေဖြင့် ပြည့်သော ရွှေကရားကို ယူ၍ ပုဏ္ဏားကြီး၏ လက်၌ ရေစက်သွန်းချ၍ မိမိ၏ မင်းစည်းစိမ်ကို ပေးလှူလျက် ဤစကားတို့ကို ဆိုလေ၏။

၃၇-၃၉။ အို ပုဏ္ဏားကြီး ကျွန်ုပ်သည် နောင်အခါ၌ သဗ္ဗညုတ ဉာဏ်ကို
ရ၍ ဘုရားစင်စစ် ကေန်ဖြစ်ရန်အတွက် မြတ်နိုးတွယ်တာ နှစ်သက်
စရာကောင်းသော အလုံးစုံသော ချမ်းသာဟူသမျှ တို့နှင့် ပြည့်ဝ
စုံလင်သော ဤမင်းစည်းစိမ်ကို သင့်အား ပေးလှူပါ၏၊ သင်သည်
ကျွန်ုပ်၏ အလှူကို ခံယူပါလော့၊ ကျွန်ုပ်သည် ဤမင်းစည်းစိမ်ကို
လှူရသော ကောင်းမှုကြောင့် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကို
ရ၍ ဘုရားစင်စစ် ကေန်ဖြစ်ပြီးလျှင် နတ်နှင့် တကွသော လူ
အပေါင်းကို သံသရာရေယဉ်မှ ကယ်တင်၍ နိဗ္ဗာန်သို့ အရောက်
ပို့ဆောင်ပေးနိုင် ပါစေသတည်း။

## ဘုရားလောင်း ပီသပါပေတကားဟု

ဤသို့ ဆိုပြီးလျှင် ဘုရားလောင်း ဝိပုလမင်းသည် မိမိနိုင်ငံ၌ အလုံးစုံသော မင်းစည်းစိမ်ကို ပုဏ္ဏားကြီးအား ပေးလှူလေ၏၊ ထိုအခါ ဘုရားလောင်း၏ ရွှင်ရွှင်ပျပျ လှူဒါန်းသော အမူအရာကို မြင်ရသော ပုဏ္ဏားအိုကြီးသည် လွန်စွာအံ့ဩလျက် "ဤဝိပုလ မင်းသည်ကား ဘုရားအလောင်းတော်မြတ် မှန်ကန်လှပါ၏၊ ဤမင်းသည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်ပေလတ့်"ဟု ကြံစည်တွေးတောလျက် "မြတ်သောမင်းကြီး သင်သည် ဘုရားလောင်း အစစ်အမှန်ဖြစ်၍ နောင်အခါ၌ ဘုရားကေန် ဖြစ်ပါလတ့်" ကျွန်ုပ်သည်ကား တကယ့်ပုဏ္ဏား မဟုတ်ပါ၊ နတ်တို့ကို အစိုးရသော

သိကြားမင်း ဖြစ်ပါသည် သင်မင်းကြီး၏ ပါရမီကို ဖြည့်ရန် အလှူငှါ ဤသို့ အလှူခံဘို့ လာရောက်ခြင်း ဖြစ်ပါသည်ဟု ဆို၍ ဝိပုလမင်းကြီးအား အလှူသုံးခုလုံးကို တဖန် ပြန်ပေးလိုရကား—

၄၀။ အို မင်းမြတ် ကျွန်ုပ်သည်ကား နတ်တို့သနင်း သိကြားမင်း ဖြစ်ပါသည်၊ သင့်ထံမှ အလှူခံထားသော မိဖုရားကြီး, သားတော်နှင့် မင်းစည်းစိမ်ဟူသော ဤအလှူ သုံးခုလုံးကိုပင် သင့်အား ပေးပါ၏၊ လက်ခံ ယူငင်ပါလော့။

ဤသို့ဆိုပြီးလျှင် သိကြားမင်းသည် ဝိပုလမင်းအား မိမိသိကြားမင်း အဖြစ်ကို ပြောကြားပြီးနောက် မင်းကြီး၏ မယားအလှူ သားအလှူနှင့် မင်းစည်းစိမ် အလှူတို့ကို ဝမ်းမြောက်နှမော် သာဓုခေါ်ပြီးလျှင် မြတ်သော မင်းကြီးသင်၏ မိဖုရားကြီး, သားတော်နှင့် မင်းစည်းစိမ်တို့သည် သင့်အား သာ ဖြစ်ပါစေဟု ဆို၍—

၄၁။ အို မင်းမြတ်၊ သင်၏မိဖုရား, သားတော်နှင့် မင်းစည်းစိမ်တို့ကို သင့်အား ပေးပါ၏။ ကျွန်ုပ်ထံမှ မိဖုရား, သားတော်နှင့် မင်းစည်းစိမ်တို့ကို ယူပါလော့။

ဤသို့ဆိုပြီးလျှင်သိကြားမင်းသည် ဝိပုလမင်း၏သားမယားဟူသောမင်းနှစ်ပါးကိုအလုံးစုံသော တန်ဆာများဆင်ယင်လျက် ဝိပုလမင်းအားပေးလေ၏၊ထိုအခါ ဝိပုလမင်းသည်နှစ်သက်သောစိတ်ရှိလျက် အမတ်အပေါင်းခြံရံ၍ မိမိ၏သားမယားတို့နှင့်အတူ ယင်းအလှူမဏ္ဍပ်၌ နေလေ၏။ ထိုခဏ၌ သိကြားမင်းသည် မိမိနေရာ ဘုံဗိမာန်သို့ ရှေးရှုလျက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တက်သစ်စ နေဝန်းပမာ ကောင်းကင်၌ ရပ်တည်လျက် ဝိပုလမင်းအား ချီးကျူးခြင်းကို ပြုလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၄၂-၄၈။ ထိုအခါ သိကြားမင်းသည် ဝိပုလမင်း၏ အကြံအစည်ကိုသိ၍ မင်းကြီးအား ချီးမွမ်းသြဘာ ထောမနာပြုလျက် ဤသို့ဆိုလေ၏၊

အို မင်းမြတ် သင်သည် လူ့ပြည် နတ်ပြည်တို့၌ရှိသော ဘေးရန်

အသွယ်သွယ် အန္တရာယ် ဟူသမျှတို့ကို အောင်မြင်လေပြီး သင်၏ အလှူပေးခြင်း၌ ညွတ်ကိုင်းသော စိတ်ဆန္ဒ၏အစွမ်းအဟုန်ကြောင့် အလုံးစုံသော ပထဝီမြေပြင်၌ ဖြစ်ပေါ်သော ကောင်းချီးပေးသံ တို့သည် နတ်ပြည်သို့တိုင် ပျံ့နှံ့ကျော်ကြားခဲ့ပေပြီ၊ အရပ်လေး မျက်နှာ၌ဖြစ်သော လျှပ်စစ် လျှပ်ပန်းနွယ်တို့သည် တပြောင် ပြောင် တလက်လက်ထွက်ပေါ်ခဲ့လေပြီ၊ မြင်းမိုရ်တောင်မင်းသည် သင်၏အလှူတော်ကို ထောက်ခံဦးညွတ် အလေးပြုလျက် ရှိလေပြီ၊ နာရဒတောင်၌ နေကြကုန်သော နတ်အများတို့သည်၎င်း၊ သိကြား မင်း ဗြဟ္မာမင်း ပဇာပတိ နတ်မင်း သောမနတ်မင်း ယမနတ်မင်း ဝေဿဝဏ်နတ်မင်းစသော နတ်အများတို့သည်၎င်း၊ အားလုံး သောနတ်အပေါင်း တို့သည် သင်၏ပြုနိုင်ခဲသော အလှူဒါနကို ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ပြုကြကုန်ပြီ။

ပေးလှူ နိုင်ခဲသော အလှူကို ပေးလှူသောသူတို့ အား၎င်း၊ ပြုလုပ်နိုင်ခဲသော အမှုကို ပြုလုပ်သောသူတို့အား၎င်း သူတော် မဟုတ်သော သူယုတ်မာတို့သည်ပင် အမျက်မထွက် စိတ်မဆိုးကြ ပါကုန်၊ သူတော်ကောင်းတို့၏ သဘောတရားသည်ကား သိမြင် ရန် လိုက်နာကျင့်ကြံရန် ခဲယဉ်းလှပါ၏။ ထို့ကြောင့် သူတော် ကောင်းတရားနှင့် သူယုတ်မာတရားသည် အကျိုးပေးရာဂတိအား ဖြင့် ကွဲပြားခြားနားပေ၏။ သူတော်ကောင်းတို့၏ တရားသည် နတ်ပြည်သို့ ပို့ဆောင်၍ သူယုတ်မာတို့၏ တရားကား အပါယ် ငရဲသို့ရောက်အောင် ပို့ဆောင်တတ်ပေ၏။ မြတ်သောမင်းကြီး သင်ပေးလှူသော အလှူသည် မှန်မြတ်သော အလှူဖြစ်ပါ၏။ ဗြဟ္မာ ပြည်သို့ လားရောက်နိုင်သော ဗြဟ္မာမင်း၏ ယာဉ်ရထားသဖွယ် ဖြစ်ပါ၏၊ သင်၏အလှူသည် နတ်ပြည်၌ ကောင်းစွာအကျိုး ပေးပါ လတ့်။

ဤသို့လျှင် ဝိပုလမင်းကြီးအား ချီးကျူးခြင်းကို ပြုလျက် သိကြား မင်းသည် ယင်းအလှူမဏ္ဍပ်၌ ရတနာ ခုနစ်ပါးမိုး(ရတနာမိုး)ကို ရွာချ စေ၍ မိမိလာခြင်းအကြောင်းကို ပြောကြားလိုရကား ဤဂါထာကိုဆို၏။

၄၉-၅၀။ အို မင်းမြတ် ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရသော နတ်တို့သနင်း သိကြားမင်းဖြစ်ပါ၏၊ သင်၏ ဘုရားဖြစ်ရန် ကျင့်ကြံသောပါရမီကို ဖြည့်ကျင့်ဆည်းပူးရန်အတွက် သင့်ထံသို့လာခြင်းဖြစ်ပါသည်၊ ယခုအခါ သင်၏ပါရမီကို ဖြည့်ကျင့်ပြီးစီးသဖြင့် မိမိနေရာ နတ်ပြည်ဌာနသို့ ပြန်ပါတော့အံ့။

ဤသို့ဆိုပြီးနောက် သိကြားမင်းသည် ဘုရားလောင်းအား မင်းစည်းစိမ်များကို အပ်နှင်းပြီးလျှင် "မြတ်သောမင်းကြီး သင်သည် ယနေ့မှစ၍ မမေ့မလျော့ဘဲ မင်းစည်းစိမ်ချမ်းသာများကို ခံစားလျက် တရားနှင့်အညီ မင်းပြုပါလော့၊ ငါသည်ကား ယခု နတ်ပြည်သို့ ပြန်တော့အံ့" ဟု ဆို၍ ယင်းနေရာ၌ပင် ကွယ်ပျောက်လျက် နတ်ပြည်၌ ထင်ရှားဖြစ်လေ၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဤသို့မိန့်ဆိုတော်မူ၏။

၅၁။ ထိုအခါ သိကြားမင်းသည် ဤစကားကိုဆိုပြီးနောက် လူတို့သနင်း ပြည့်ရှင်မင်းအား ချီးမွမ်းခြင်းကိုပြုပြီးလျှင် နတ်ပြည်သို့ထွက်ခွာသွားလေ၏။

ထိုအခါမှစ၍ ဘုရားလောင်းဝိပုလမင်းသည် မိမိ၏သားမယား မှူးမတ်တို့နှင့်အတူတကွ သုဓမ္မဝတီမြို့တော်၌ မင်းစည်းစိမ်ချမ်းသာများကို ခံစားလျက် သိကြားမင်း၏ ဆုံးမသြဝါဒအတိုင်း လူအပေါင်းတို့အားဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် အသက်အတိုင်းနေ၍ ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်လေ၏၊ သုဓမ္မဝတီ မြို့သူမြို့သားတို့သည်လည်း ဝိပုလမင်း၏အဆုံးအမ သြဝါဒအတိုင်း လိုက်နာလျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပြီးနောက် ကွယ်လွန်ကြသည့်အခါ နတ်ပြည်ဌာနအသိုးသီးတို့၌ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် ငါဘုရားသည် ဘုရားလောင်းဖြစ်စဉ်ကာလက ဘုရားဖြစ်ရန်စိတ်ရည်သန်လျက် မိမိ၏ မယား, သားနှင့်မင်းစည်းစိမ်တို့ကိုပေးလှူခဲ့ခြင်းသည်သာ အံ့သြစရာဖြစ်ပါ၏" ဟုဇာတ်တော်ကိုပေါင်းလိုရကား အဆုံးဂါထာတို့ကို မိန့်ဆိုတော်မူ၏။

## ဇာတ်ပေါင်းသော်

၅၂-၅၆။ ထိုအခါ ဝိပုလမင်း၏ မယ်တော် ခမည်းတော်တို့သည် ယခုအခါ မဟာမာယာနှင့်သုဒ္ဓေါဒန၊ စန္ဒာမိဖုရားသည် ယသောဓရာ၊ ဝိဇလ မင်းသားသည် ရှင်ရာဟုလာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ဝိပုလ မင်း၏ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များဖြစ်၍ ဝိပုလမင်းသည်ကား ငါဘုရားဖြစ်လာသည်။ ဤသို့ အလွန်ရှိသေ သောစိတ်ထားဖြင့် ဇာတ်တော်ကို နာယူမှတ်သားဆောင်ထားကြ ကုန်လော့။

ခြောက်ခုမြောက် ဝိပုလရာဇဇာတ် ပြီး၏။

---

# ၇-မဟာပဒုမဇာတ်

**[လူ့အသည်းနှလုံးကိုရလျှင် သေနေသောမိခင်ကို ပြန်၍ အသက်ရှင်လာအောင် ပြုလုပ်ပေးမည်ဆိုသော ပုဏ္ဏား အား မိမိရင်ကိုခွဲ၍ အသည်းနှလုံးကိုထုတ်ပေးသော မဟာ ပဒုမမင်းသားဝတ္ထု ]**

မြတ်စွာဘုရားသည် ပဃာ ဟိ တံ မဟာရာဇ အစချီသော ဤတရား ဒေသနာကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ မိခင်အား လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့၍ ဆိုဦးအံ့၊ ထိုအခါ၌ ရဟန်းတပါးသည် လူဒါယကာတို့၏ အိမ်တံခါး အနီး၌ ဆွမ်းခံလှည့်လည်လျက် ဆွမ်းစသော အာဟာရများ ရသောအခါ မိမိ၏မိခင်ထံ နေ့စဉ်သွား၍ မိခင်အား ဆွမ်းခံ၍ရသော ဆွမ်းခဲဘွယ် ဘောဇဉ်များကိုကျွေးမွေး၏။ ထိုအခါမှစ၍ယင်းရဟန်းသည် မိမိ၏မိခင် အား လုပ်ကျွေးလျက် မိမိရရှိသော စာရေးတံဆွမ်းစသည်ကိုရင်း၊ မိုးရေခံ သင်္ကန်းချုပ်လုပ်ရန်အဝတ်ကိုရင်း၊ ဝါဆိုသင်္ကန်းအဝတ်ကိုရင်း၊ ထိုမှတပါ အခြား လှူဘွယ်ဝတ္ထုအမျိုးမျိုးတို့ကိုရင်း ရရှိလာလျှင် မိမိ၏မိ ခင်အာ

သာလျှင် အားလုံးပေးလေ၏။ နောက်ကာလ၌ ထိုရဟန်းသည်မိခင်အား လုပ်ကျွေးသမှု လုံ့လဥဿာဟ ပြုရသောကြောင့် နွမ်းလျခွေလျော့ ဖျော့တော့တော့အဆင်းဖြစ်လာ၏။ ထိုအခါ ယင်းရဟန်း၏ မိတ်ဆွေ ရဟန်းများက "ငါ့ရှင် ရှေးအခါက သင်၏ကိုယ်အဆင်းသည် ကြည်လင်သန့်ရှင်း ဝင်းဝင်းပပတင့်တယ်လှ၏။ ယခုမူကား သင်သည် ကြုံလှီနွမ်းလျော့ဖျော့တော့သော အဆင်းရှိလာသည်မှာ အဘယ်အကြောင်းကြောင့်ပါနည်း။ သင့်မှာ အနာရောဂါတစုံတရာရှိပါသလော"ဟု မေးမြန်းကြကုန်၏။

ထိုအခါ မိခင်ကိုလုပ်ကျွေးသော ရဟန်းက မိတ်ဆွေ ရဟန်းတို့အား အကြောင်းအလုံးစုံကိုပြောကြား၏။ "အို မိတ်ဆွေရဟန်းများတို့ တပည့်တော်မှာ အနာရောဂါ တစုံတရာမျှမရှိပါ၊ စင်စစ်သော်ကား တပည့်တော်သည် မိခင်အားလုပ်ကျွေး ပြုစုရသောကြောင့် ပင်ပန်းလှသဖြင့် ကြုံလှီနွမ်းလျော့ ဖျော့တော့သောအဆင်းရှိရခြင်းဖြစ်ပါသည်"ဟု မိခင်လုပ်ကျွေးသောရဟန်းက ပြောကြားလေ၏။ ထိုအခါ မိတ်ဆွေရဟန်းများက"ငါ့ရှင် သင်သည် မိမိအား သဒ္ဓါတရားဖြင့် လှူဒါန်းသော ဝတ္ထုပစ္စည်းများကို သူတပါးအား ပေးကမ်းကျွေးမွေးခြင်းအားဖြင့် လှူဒါယကာတို့၏ သဒ္ဓါတရားကို ပျက်ပြားစေသည် မဟုတ်ပါလော၊ ယခုအခါ သင်သည် မိမိအား လှူဒါန်းသောဝတ္ထုပစ္စည်းများကို မိခင်အား ကျွေးမွေးပေးကမ်းခြင်းအားဖြင့်မသင့်လျော်သောအမှုကိုပြုလုပ်ဘိ၏"ဟုမိခင်လုပ်ကျွေးသော ရဟန်းအား ဝိုင်းဝန်းပြောကြားကြကုန်၏။ မိတ်ဆွေရဟန်းတို့၏စကားကို ကြားသောအခါ မိခင်လုပ်ကျွေးသောရဟန်းသည် များစွာ ရှက်လှသဖြင့် မိတ်ဆွေရဟန်းများ ဘုရားရှင်ထံတရားနာသွားရောက်ချိန်၌မလိုက်ပါဘဲ မိမိနေရာ၌ တပါးတည်း ကျန်ရစ်ခဲ့လေ၏။

## မိခင်ကိုလုပ်ကျွေးသောရဟန်း ဘုရားရှင်ချီးမွမ်းခြင်း

ထိုအခါ မိတ်ဆွေရဟန်းများက ဘုရားရှင်အား ဤသို့လျှောက်ကြားကြကုန်၏။ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤအမည်ရှိသောရဟန်းသည် လှူဒါယကာတို့ သဒ္ဓါ၍ လှူဒါန်းသော ဝတ္ထုပစ္စည်းများဖြင့် မိန်းမအား

ကျွေးမွေး ပေးကမ်းပြုစုနေပါသည်ဘုရား"ဟု လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် မိခင် လုပ်ကျွေးသော ရဟန်းအား ခေါ်လျက် "အို ချစ်သားရဟန်း သင်သည် ရရသမျှသော ဆွမ်းစသော အလှူဝတ္ထုများကို မိန်းမအားကျွေးမွေးပြုစုပေးကမ်း၍နေသည်ဟု ငါဘုရားကြားရသည်မှာ မှန်ပါသလောဟုမေးတော်မူလေရာ၊မိခင်လုပ်ကျွေးသောရဟန်းက ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည် ရရသမျှသော ဆွမ်းစသောလှူဘွယ်ပစ္စည်းများဖြင့် မိန်းမအားကျွေးမွေးပြုစုသည်မှာမှန်ပါသည်ဘုရား၊ တပည့်တော် ပြုစုလုပ်ကျွေးသော မိန်းမသည်ကား အခြားသူမဟုတ်ပါ၊ တပည့်တော်၏ မွေးသမိခင် ကျေးဇူးရှင် ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

ထိုစကားကို ကြားသောအခါ ဘုရားရှင်သည် ထိုရဟန်းအား ပို၍ ဝမ်းလည်းသာဟု ရှိစေရန်အတွက် "ကောင်းလှပေစွ ကောင်းလှပေစွ"ဟု သုံးကြိမ်တိုင်တိုင် ကောင်းချီးနှုမော် သာခုခေါ်လျက် မိခင်လုပ်ကျွေးသော ရဟန်းအား ဤသို့ မိန့်ဆိုတော်မူ၏၊ ချစ်သားရဟန်း သင်သည် ငါဘုရား၏ သွားရာလမ်းစဉ်အတိုင်း လိုက်နာပြုလုပ်ပေ၏၊ မိမိ၏မိခင်အား ကျွေးမွေးပြုစု ပေးကမ်းခြင်းမည်သည်ကား ရှေးပညာရှိတို့၏ ပြုလုပ်ရိုး လမ်းဟောင်း အကျင့်ကောင်း ဖြစ်ပေ၏ဟု မိန့်ဆိုတော်မူကာ ဝိတ်ဆွေရဟန်းတို့အား ခေါ်လျက် အို ရဟန်းတို့ သင်တို့သည် မိခင်အား လုပ်ကျွေးသော ဤရဟန်းကို မကဲ့ရဲ့မရှုတ်ချ အပြစ်မတင်ကြကုန်လင့် ရှေးအခါက ပညာရှိတို့သည် မိမိ မိခင်အတွက် မိမိ၏ အသက်ကို စွန့်လွှတ်လှူဒါန်းခဲ့ပေ၏ ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက လျှောက်ထားတောင်းပန်သဖြင့် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ကို ဆောင်တော်မူခြင်း

ရဟန်းတို့ လွန်လေပြီးသောအခါ အဂ္ဂဝတီမြို့၌ အနုဂ်သေနမည်သော မင်းသည် မင်းပြု၏၊ ထိုအခါ မိဖုရားကြီးကား သုမေခလာ အမည်ရှိ၏။ အကျင့်သီလ အာစာရနှင့် ပြည့်စုံ၏၊ ထိုအချိန်၌ ဘုရားလောင်းသည်

တုသိတာနတ်ပြည်မှ စုတေ၍ သုမေခလာအမည်ရှိသော မိဖုရားကြီး၏ ဝမ်း၌ ပဋိသန္ဓေတည်၏၊ ဘုရားအလောင်း ကိုယ်ဝန်တည်သည့် အချိန်မှစ၍ သုမေခလာ မိဖုရားကြီးသည် အလွန်မွန်မြတ်သော အဆင်းရှိလာ၏၊ နတ်သမီးတမျှ လှပ၏၊ ကြည့်ချင်ဘွယ်ရှိ၏၊ ကြည်လင်သန့်ရှင်း ခြောက်ပြစ်ကင်း၏၊ ထိုအခါ၌ မိဖုရားကြီး၏ဝမ်း၌ တည်သော ဘုရားလောင်း၏တန်ခိုးအာနုဘော်ကြောင့် တိုင်းပြည်အသီးသီးမှ လူအများတို့သည် လက်ဆောင်ပေါင်း ထောင်သောင်းမက ယူလာကြ၍ အနင်္ဂသေနာမင်းအား ပို့ဆောင်ပေးဆက်ကြကုန်၏၊ ထိုအခါ အခြားတိုင်းပြည်မှ ကောက်ကျစ်စဉ်းလဲသော မင်း၏အမတ် စသော လူအပေါင်းတို့သည် သုမေခလာမိဖုရား၏ လှပတင့်တယ်သော ရုပ်အဆင်းကို တွေ့မြင်ကြရသဖြင့် မိမိတို့၏ကောက်ကျစ်စဉ်းလဲသောမင်းအား အရှင်မင်းမြတ် အဂ္ဂဝတီမြို့ အနင်္ဂသေနာမင်း၏ မိဖုရားကြီးသည် အလွန်လှပ ချောမွန်၏၊ ဒေဝစ္ဆရာနတ်သမီးတမျှ ချောမွေ့လှ၏၊ ရှုကြည့်လို့ကောင်း၏ဟု လျှောက်ထားကြကုန်၏။

## မင်းစဉ်းလဲ၏ တဏှာရမ္မက်

ထိုစကားကိုကြားသောအခါ ကောက်ကျစ် စဉ်းလဲသော မင်းသည် တဏှာရမက် စွဲလမ်းနှစ်သက်သဖြင့် လက္ခဏာကြန်အင် စုံလင်ပြည့်ဝ လှပသော ဤမိန်းမရတနာကို အဘယ်သို့ ရနိုင်ပါမည်နည်းဟု ကြံစည်လျက် မိမိ၏မှူးမတ်အပေါင်းအားခေါ်တော်မူ၍ အို မှူးကြီးမတ်ကြီး သေနာပတိ မြတ်ကဝိတို့ ကျွန်ုပ်သည် အဂ္ဂဝတီမြို့မှာရှိသော လက္ခဏာကြန်အင် စုံသင်ပြည့်ဝ လှပသော မိန်းမရတနာကို ရယူလိုသဖြင့် အဂ္ဂဝတီမြို့ကို ချီတက်တိုက်ခိုက် သိမ်းပိုက်လိုပါ၏ဟု မိန့်တော်မူလေ၏၊ ထိုအခါ မှူးမတ် အပေါင်းတို့က သဘောတူ ဆန္ဒပြုကြသဖြင့် စစ်သည်ဗိုလ်ပါများကို စုရုံးစေလျက် ထိုထိုနေရာတို့၌ ရပ်တည်ကြကုန်၏၊ ထိုအခါ ကောက်ကျစ်စဉ်းလဲသောမင်းသည် စစ်အင်္ဂါလေးပါး ခြံရံလျက် ချီတက်လေရာ သဂ္ဂဝတီမြို့သို့ ဆိုက်ရောက်လေလျှင် မြို့အပြင် သင့်လျော်ရာ၌ ယာယီစစ်တန်းလျားများ ပြုလုပ်လျက် အနင်္ဂသေနမင်းထံ တမန်ကို စေလွှတ်လိုက်၏၊ အကယ်၍ အနင်္ဂသေနာမင်းသည် ကျွန်ုပ်နှင့် စစ်တိုက်ယှဉ်ပြိုင် ရင်ဆိုင်လိုပါလျှင်

စစ်သည်ဗိုလ်ပါ များစွာနှင့်အတူ မြို့ပြင်သို့ ထွက်ခဲ့ပါလော့ ဟု တမန် စေလွှတ်၍ သတင်းပို့စေ၏။

ကောက်ကျစ် စဉ်းလဲသော မင်း၏ တမန်ထံမှ သတင်းစကား ကြားသောအခါ အနင်္ဂသေနာ မင်းသည် မိမိ၏ ခေါင်းကို ငြိမ့်လျက်"ငါသည် ထိုမင်းနှင့် စစ်ပြိုင်တိုက်ခိုက်လျှင် နှစ်ဖက်သောစစ်သည် အများအပြားတို့သည် သေကြေပျက်ပြုန်းဆုံးရှုံးကြ ကုန်လိမ့်မည်"ဟု ကြံစည်လျက် တရားဆုံးဖြတ်ရာ နေရာ၌ နေလေ၏၊ ထိုအခါ အနင်္ဂသေနာ မင်း၏ မှူးမတ်အပေါင်းတို့သည် ကောက်ကျစ်စဉ်းလဲသော မင်း၏ တမန်ထံမှ သတင်းစကား ကြားသောအခါ ဒေါသအမျက် ချောင်းချောင်း ထွက်ကြလျက် လက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်လက်စွဲကြ ကုန်ပြီးလျှင် အနင်္ဂသေနာ မင်းကြီးထံ ချဉ်းကပ်လျက် "မြတ်သောမင်းကြီး ယခု စစ်တိုက်ရန် ရောက်လာသော မင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်၍ အရှင်မင်းကြီး အတွက် အသက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရန် ကျွန်ုပ်တို့မှာ အဆင်သင့် ဖြစ်နေပါ၏၊ အရှင်မင်းကြီးအတွက် အသက်ကိုစွန့်ရန် ကျွန်ုပ်တို့ ဝန်မလေးကြပါ"ဟု လျှောက်ထားကြလျက် ဤသို့ ဆိုလေ၏။

၁။ မြတ်သောမင်းကြီး အရှင်မင်းကြီးသည် ကျွန်ုပ်တို့၏ လုံ့လဥဿာဟနှင့် အစွမ်းသတ္တိကို ကြည့်ရှုပါလော့၊ စစ်တိုက်ရန်လာသော မင်းအား အရှင်မင်းကြီး အတွက် ကျွန်ုပ်တို့သည် ယှဉ်ပြိုင် တိုက်ခိုက်ပါအံ့။

ဤသို့ ဆိုပြီးလျှင် မှူးမတ် စစ်သည် ဗိုလ်ပါ အပေါင်းတို့သည် ရန်သူမင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် အတွက် အနင်္ဂသေနာ မင်းကြီးအား ထပ်မံလျှောက်ကြားလိုရကား နှစ်ခုမြောက် ဂါထာကို ဆို၏။

၂။ အရှင်မင်းကြီး အရှင်မင်းကြီးသည် ကျွန်ုပ်တို့၏ ချမ်းသာသုခ အကျိုးစီးပွါးကို အမြဲ ဆောင်ရွက်ခဲ့ပါ၏၊ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့ အသက်ထင်ရှား ရှိနေပါလျက် သင်မင်းကြီး၏ တိုင်းပြည်နိုင်ငံသည် သူတပါး၏ လက်တွင်းသို့ ကျဆင်းဆုံးရှုံးခြင်းဖြင့် မပျက်စီးစေရပါ။

မှူးမတ် အပေါင်း စစ်သည်ကောင်းတို့၏ စကားကို ကြားသောအခါ အနုဂ်သေနာ မင်းသည် မိမိ၏မှူးမတ် အပေါင်းတို့အား စစ်မတိုက်ကြရန် တားမြစ်လိုရကား—

၃-၄။ အို မှူးမတ်အပေါင်း စစ်သည်ကောင်းတို့ သင်တို့သည်ကောက်ကျစ် စဉ်းလဲသော မင်းနှင့် သတ်ဖြတ်ယှဉ်ပြိုင် ရင်ဆိုင်ထိုးခုတ် မသတ် ပုတ်ကြပါလင့်၊ မကောင်းသော အမှုကို မပြုကြပါကုန်လင့်၊ ငါ၏ အတွက် စစ်ဖက်ယှဉ်ပြိုင် ရင်ဆိုင်ထိုးခုတ် သတ်ပုတ်ခြင်း အမှုကို ငါသည် ခွင့်မပြုပါ၊ တိုင်းတပါးမှ လာသောမင်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်ပါလျှင် နှစ်ဦးနှစ်ဖက် အသက်ဆုံးရှုံး ပျက်ပြုန်းသေကြေ ကြမည် ဖြစ်သောကြောင့် ငါ့အတွက် ယင်းသို့သော တိုက်ခိုက်မှု မျိုးကို မပြုကြ ပါကုန်လင့်။

ဤသို့ ဆိုပြီးလျှင် အနုဂ်သေနာမင်းသည် အမတ်အပေါင်းအား ဆုံးမ ဩဝါဒ ပေးလိုသဖြင့် ထပ်မံဆက်လက်၍ ဤသို့ ဆို၏။

၅-၆-၇။ အို မှူးမတ်အပေါင်း စစ်သည်ကောင်းတို့ သင်တို့သည် ယခု တိုက်ခိုက်ရန် လာသော ကောက်ကျစ်စဉ်းလဲသော မင်း၏ စစ်သည် အပေါင်းအား မေတ္တာတရား ပွါးများကြပါလော့၊ ယင်းတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုကြပါကုန်လင့်၊ တပါးစစ်သည်တို့အား ယှဉ်ပြိုင် တိုက်ခိုက်ခြင်း မပြုကြဘဲ ထမင်းအဖျော် စသည်များကို ကျွေးမွေးပြုစု ညှော့်ခံခြင်းဖြင့် ယင်းတို့အား ကျေနပ် နှစ်သက်စေ ကြ ပါကုန်လော့၊ ငါသည်ကား ကျွေးမွေးလှူဒါန်း ပေးကမ်းခြင်း ဖြင့်၎င်း, သီလကို စောင့်ရှောက် ခြင်းဖြင့်၎င်း, ကိုယ်နှုတ်နှလုံးကို စောင့်သုံးခြင်းဖြင့်၎င်း ရန်သူတို့ကို မဆုံးရှုံးစေဘဲ ရန်သူတို့ကို ပြန် လှန် တိုက်ခိုက်ခြင်း မပြုဘဲနေပါအံ့။

## စစ်ရှုံးသဖြင့် တိုင်းပြည်မှ ထွက်ခွါရန် မိဖုရားနှင့် တိုင်ပင်ခြင်း

ဤသို့လျှင် အနုဂ်သေနာမင်းသည် မိမိ၏မှူးမတ်တို့ကို စစ်မတိုက်ဘဲ သည်းခံကြရန် အတန်တန်တားမြစ်ပြောဆိုပါသော်လည်း စစ်သွေးစစ်မာန်

တက်ကြွပြီး စိတ်ထက်သန်နေကြသော မှူးမတ်အပေါင်း စစ်သည်ကောင်းတို့အား တားမြစ်ခြင်းငှါ မတတ်နိုင်အောင် ရှိနေပေ၏၊ ထိုအခါ မှူးမတ်စစ်သည်အပေါင်းတို့သည် မင်းကြီး၏စကားကို နားမထောင်ကြဘဲ အဂ္ဂဝတီမြို့မှ ထွက်လျက် ကောက်ကျစ်စဉ်းလဲသော မင်းနှင့် ယှဉ်ပြိုင်၍ တိုက်ခိုက်ကြလေ၏၊ အနဂ်သေနာမင်း၏ အမတ်စစ်သည်တို့သည် ဘုရင်မင်းမြတ်မပါဘဲ တိုက်ခိုက်ရသောကြောင့် စစ်ရှုံးကာ ဖရိုဖရဲ ထွက်ပြေးကြရကုန်၏။ အနဂ်သေနာမင်းသည် ဆုံးရှုံး၍ ထွက်ပြေးလာကြရသော မိမိ၏ မှူးမတ်စစ်သည်များကို မြင်ရသဖြင့် စိတ်မချမ်းမသာ ဖြစ်လျက် မိမိတဦးတည်းသုမေခလာမိဖုရားကြီး၏ အိပ်ရာသို့ဝင်၍ ကျက်သရေရှိသော ညောင်စောင်းအင်းပျဉ်ထက်၌နေလျက် မိမိ၏ဆန္ဒကို မိဖုရားကြီးအားပြောကြားလိုရကားဤဂါထာနှစ်ပုဒ်ကို ဆို၏။

၈-၉။ ချစ်စွာသော မိဖုရားကြီး ငါတို့၏ စစ်သည်ဗိုလ်ပါတို့သည် ရန်သူမင်းနှင့် စစ်တိုက်ရာ စစ်ရှုံး၍ ထွက်ပြေးကြရ ကုန်သည်၊ သို့ဖြစ်၍ ငါသည် သင်မိဖုရားကြီးနှင့် အတူ ဤမြို့၌ နေ၍ မဖြစ်တော့ပါ၊ သင်သည် သင်၏ ဝမ်း၌ တည်ရှိသော ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရှောက်လျက် ဤအရပ်၌ပင် နေရစ်ခဲ့ပါ၊ သင်၏ ဝမ်းဗိုက်၌ ယောကျ်ား မိန်းမဟူ၍ မသိရသေးသော ကိုယ်ဝန်ကိုသာမပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ပါလော့။

မင်းကြီး၏ စကားကို ကြားရသောအခါ သုမေခလာ မိဖုရားကြီးသည် စိတ်မချမ်းသာဘဲ အလွန်တရာ စိုးရိမ်ခြင်း ဖြစ်ရကား မိမိ ကိုယ်ကိုပင် ရပ်တည်ထိန်းသိမ်းခြင်းငှါ မတတ်နိုင်သဖြင့် ငိုကြွေးမြည်တမ်းလျက် ဤသို့ဆို၏။

၁၀။ အသက်တမျှ ကြင်နာလှသော ပြည်မသခင်အရှင်မင်းကြီး အရှင်မင်းကြီးသည် ယခု ငါတယောက်တည်း ထွက်ခွါ သွားမည်ဟု ဆိုသော စကားသည် မယား၏ကို ချစ်ခင်သော သူတို့၏ စကားမဟုတ်ပါ၊ ထုံးစံလည်းမကျပါ၊ အရှင်မင်းကြီးထွက်ခွာ သွားပါလျှင် အကျွန်ုပ်သည် အရှင်မင်းကြီးနှင့်အတူ ဘဝါးခြေထပ် ထက်ခြပ်မကွာ လိုက်ခဲ့ပါအံ့။

မိဖုရားကြီးစကားကိုကြားသောအခါ အနင်္ဂသေနာမင်းကြီးသည် "အို ချစ်စွာသော မိဖုရားကြီး သင့်မှာ ကိုယ်ဝန် အရင့်အမာ ရှိနေသောကြောင့် သင်နှင့်အတူ အလျင်အမြန် ထွက်ပြေး တိမ်းရှောင်၍ မဖြစ်နိုင်ပါ၊ သို့ဖြစ်၍ သင်သည်ကား ကိုယ်ဝန်ကို စောင့်ရှောက်လျက် ဤမြို့၌ပင် သင့်လျော် လုံခြုံရာ၌ နေရစ်ခဲ့ပါ"ဟု ဆို၍ ဤသုံးဂါထာတို့ကို ဆို၏။

၁၁-၁၃။ အို ချစ်စွာသော မိဖုရားကြီး ငါသည်လူသူမနီး တောကြီးထဲ၌ တယောက်တည်းသွား၍ နေပါအံ့၊ ငါ၏အတွက်စိုးရိမ်ကြောင့်ကြ မရှိပါလင့်၊ ကြမ်းတမ်းလှစွာသော သားရဲတိရစ္ဆာန်တို့ ပေါများလှသည့် တောကြီးထဲ၌ တယောက်တည်းနေရသော ငါ၏အသက်သည်လည်း သေမည်ရှင်မည် မသိရပါ၊ ခြင်္သေ့ သစ် ကျား လွန်စွာ ပေါများသည့် တောကြီးထဲ၌ ဆင်းရဲလှစွာ နေရမည် ဖြစ်ပါသည်၊ သို့သော်လည်း ငါသည် တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ နေပါအံ့၊ သင်မိဖုရားကြီးသည်လည်း ဤမြို့ ၌ပင် ချမ်းသာစွာ နေခဲ့လျက် ကုသိုလ်ကောင်းမှု တို့ကို တတ်နိုင်သမျှ ပြုလုပ်ပါလော့။

မင်းကြီး၏ စကားကို ကြားရလျှင် သုမေခလာ မိဖုရားသည် များစွာ စိတ်မချမ်းမသာဖြစ်လျက် နှလုံးကွဲအံ့သကဲ့သို့ဖြစ်၍ မိမိ လင်သားနှင့်အတူ တောထဲသို့ လိုက်ပါရမည့် အကြောင်းကို အမျိုးမျိုး ပြောဆို လေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

## မင်းကြီးစကားသည် ကြင်နာတရား မဲ့လှပါသည်

၁၄-၂၀။ အနင်္ဂသေနာမင်းကြီး၏စကားကို ကြားသောအခါ သုမေခလာ မိဖုရားကြီးသည် ထိုခဏ၌ပင် ဤသို့ ဆိုလေ၏၊ အရှင်မင်းကြီး- အရှင်မင်းကြီးသည် မပြောစဘူး ထူးဆန်းသော စကားတို့ကို ပြောဆိုဘိ၏၊ ယခု ငါတယောက်တည်း လူသူမနီး တောကြီးထဲသို့ သွားအံ့ဟူသော အရှင်မင်းကြီး၏ စကားသည် မယားဥ် ချစ်ခင်

ကြင်နာသူတို့၏ စကားမဟုတ်ပါ၊ မယားကို ချစ်ခင် ကြင်နာသော သူတို့သဘောသည် အကြောင်းအခွင့်ကို ပြောဆို၍ ခေါ်လျက် မယားမလိုက်လိုသော်သာ တယောက်တည်း သွားရမည် ဆိုသင့် ပါ၏၊ အရှင်မင်းကြီးသည် အကျွန်ုပ်၏ အလိုကိုသိသကဲ့သို့ မအပ် မရာ မှာထားပြောဆိုသည်ကား မသင့်လျော်ပါ၊ စင်စစ်အားဖြင့် အရှင်မင်းကြီးသည် မနေသာ၍ လူသူမနိုး တောကြီးထဲသို့ သွားရ သော်လည်း အရှင်မင်းကြီးသွားရာ ဘဝါးခြေထပ် အကျွန်ုပ်လိုက် ပါအံ့၊ အရှင်မင်းကြီးနှင့် အတူနေ၍ ယခုပင် သေရတော့မည် ဖြစ်စေ, အရှင်မင်းကြီးနှင့်ကွေကွင်းလျက် အသက်ထက်ဆုံး နေရ မည်ဖြစ်စေ, အရှင်မင်းကြီးနှင့် ကွေကွင်းခွဲခွါ၍ မနေလိုပါ။

ယခုပင် သေရမည် ဆိုသော်လည်း အရှင်မင်းကြီးနှင့် အတူ နေရလျက်သေလိုပါ၏၊ အသက်ရှင်လျှင်လည်း မင်းကြီးလက်တွင် ရှင်စေ, သေလျှင်လည်း မင်းကြီးလက်တွင် သေစေ အရှင်မင်းကြီး နှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍ အဘယ်အကျိုးရှိပါအံ့နည်း၊ အလျှံပြောင်ပြောင် တောက်လောင်သော ရှားမီးကျီးထဲ၌ ဆင်း၍ သေရသော်မှ ကောင်းပါသေး၏၊ အရှင်မင်းကြီး-အကျိုးအပြစ် ကို ဆင်ခြင်နိုင်သောလူကိုထား၍ တိရစ္ဆာန်မှသော်လည်း မိမိတို့ လင်သွားရာနောက်၌ အစဉ်တစိုက် လိုက်လျက် ဆင်းရဲ မကွာ ချမ်းသာမကွဲ အတူတကွ ပျော်ပါးကြကုန်သေး၏၊ ကိုယ်အသက် နှင့်အတူချစ်၍ အကျိုးအပြစ်ကို မြင်မြော်နိုင်သော အကျွန်ုပ်သည် သွားတော်မူရာနောက်တော်သို့ အဘယ့်ကြောင့် မလိုက်ဘဲ နေပါ အံ့နည်း၊ တောင်မြောင် ချောက်ကြားသွားသော ဆင်ပြောင် ကြီး၏နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်သို့ အကျွန်ုပ် လိုက်၍ အရှင်မင်းကြီးအား စိတ်ချမ်းမြေ့အောင် ရှိသေစွာ လုပ်ကျွေးပါအံ့။

ထိုစကားကိုကြားသောအခါ မင်းကြီးသည် ချစ်စွာသောသုမေခလာ မိဖုရားကြီးကို တားမြစ်ရန်အတွက် များစွာသော စကားတို့ကို ပြောဆို လျက် ဤသို့ဆို၏။

၂၁-၂၂။ ချစ်စွာသောမိဖုရားကြီး-သင်သည် နန်းတော်ထက်၌ စန္ဒကူး အမွှေးအထုံဖြင့် လိမ်းကျံသော ကိုယ်ရှိလျက် ယခု တောအရပ်၌ အဘယ်ကြောင့် မြူမှုန် မြူချေး ကပ်တင် စေချင် ပြန်ဘိသနည်း၊ ကာသိကရာဇ် တိုင်းဖြစ်ထည်မျိုး အဖိုးများစွာထိုက်သော ဝတ်ကောင်းတန်ဆာကို ဝတ်ဆင်ပြီးမှ ယခု အဘယ့်ကြောင့် သမန်းကျစ်သက်န်းကို ဝတ်ဆင်လိုပြန်ဘိသနည်း၊ ချစ်စွာသော မိဖုရားကြီး တော၌နေရခြင်းမည်သည်ကား မင်းပြစ် မင်းဒဏ် သင့်သူကာမဂုဏ်ကို ရှုံရှာသူ, အဝတ်အစား အိပ်ရာနေရာ၌ ရောင့်ရဲလွယ်သဖြင့် ကိုယ်စိတ် ကြံ့ခိုင်သော ယောကျ်ားတို့မှ သော်လည်း အလွန်ငြိုငြင်ဆင်းရဲသေး၏၊ သင်သည်မူကား အလွန် ကိုယ်စိတ်နူးညံ့လှ၍ ထိတ်လန့်တတ်ပါ၏၊ တောနှင့်မတန် မလိုက်ပါလင့်၊ ဤမြို့မှာပင် နေခဲ့ပါလော။

မင်းကြီးစကားကို ကြားသောအခါ မိဖုရားကြီးသည် မိမိလင်သားနှင့် အတူလိုက်ပါရမည့်အကြောင်းကို တောင်းပန်ပြောဆိုလိုရကား—

၂၃-၂၇။ အရှင်မင်းကြီး အရှင်မင်းကြီးသည် တောထဲသို့သွားသောအခါ ကျွန်ုပ်တယောက်တည်း ဤမြို့မှာနေရပါလျှင် အရှင်မင်းကြီးနှင့်ကွေကွင်းသဖြင့် ကျွန်ုပ်အသက် အဘယ်သို့ ရှင်နေနိုင်ပါမည်နည်း၊ သင်သည် ကောထဲ၌ ဆင်းရဲငြိုငြင်စွာ တယောက်တည်းနေသကဲ့သို့ပင် ကျွန်ုပ်သည်လည်း မြို့၌ စိတ်ဆင်းရဲစွာဖြင့်ပင်နေရမည်ဖြစ်ပါသည်၊ သို့ဖြစ်၍ တောကြီးထဲသို့ပင် ဆင်းရဲပင်ပန်းသည်ဖြစ်စေ၊ အတူတကွ လိုက်ပါလိုပါ၏။ ဤမြို့တော်၌ ချမ်းသာစွာနေရသော်လည်း သင်မင်းကြီးနှင့်ခွဲခွါနေရသဖြင့် အကျွန်ုပ်အဘယ်မှာစိတ်ချမ်းသာပါအံ့နည်း၊ ခြသေ့်သစ်ကျားပေါမျှားသောတောကြီးထဲသို့ သင်မင်းကြီးသွားလျှင် သင်မင်းကြီးနောက်မှ ထက်ချပ်မကွာလိုက်လိုပါ၏၊ သေလျှင်လည်း အရှင်မင်းကြီးလက်တွင် သေစေ၊ ရှင်လျှင်လည်း အရှင်မင်းကြီး၏လက်တွင်ရှင်စေ ဤသို့နေရမှသာစိတ်ချမ်းသာမည်ဖြစ်ပါသည်။

## တောတောင်ဆိုသည်မှာ ကြမ်းတမ်းလှပါ၏

မိဖုရားကြီးစကားကိုကြားသောအခါ အနုဂ်သေနာမင်းသည် မိမိမိဖုရားကြီးအား တော၌ခံစားရမည့်ဒုက္ခမျိုးစုံကိုပြောကြားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၂၀-၃၇။ ထိုအခါ အနုဂ်သေနာမင်းကြီးသည် တော၌တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့ကိုပြ၍ပြောလိုသောကြောင့် ဤသို့ဆိုပြန်၏၊အို ချစ်စွာသော မိဖုရားကြီး ငါဆိုသောစကားကို သင်နာယူလော့၊ တောအရပ်ဟူသည်ကား ဤနန်းပြသာဒ်မှာကဲ့သို့မဟုတ်၊ ဘောက်ဖတ် ကင်းသန်း နံ့မှက် ခြင် ယင် ပျားတို့သည် များစွာရှိကုန်၏။ ထိုသတ္တဝါတို့၏ ကိုက်ခဲခြင်းဆင်းရဲကို အလွန်သည်းခံနိုင်ခဲ၏။ ထိုသို့သော ဆင်းရဲကိုသင်သည် သည်းမခံနိုင် ဖြစ်လတ့်။ ထို့ပြင် လူတို့၏ ဘေးရန်ကိုပူတတ်လျက် မြစ်နား အိုင်နားကို အမှီပြု၍နေကုန်သော စပါးကြီးမြွေတို့သည်ကား အဆိပ် မရှိသော်လည်း ကြီးသော အင်အားရှိသောကြောင့် မိမိအနီးသို့ရောက်လာသော လူ သမင် စိုင် ဆတ် သတ္တဝါတို့ကို အခွေဖြင့်ရစ်ပတ်၍ အလိုရှိတိုင်း နှိပ်စက်တတ်ကုန်၏။ ထိုမှတပါးလည်း အဆင်းမည်းနက် လိပ်ယှက်သော အမွေးရှိသော ဝံသတ္တဝါတို့သည်ကား လူတို့အားဆင်းရဲကိုဆောင်တတ်ကုန်၏။ ထိုဝံနက်တို့သည် လူကိုမြင်လျှင် သစ်ပင်ထက်သို့ တက်ပြေးငြားသော်လည်း မလွတ်နိုင်ရာ။

ထိုမှတပါးလည်း ဦးချိုဖျား ထက်စွာနှင့် နှစ်ဖက်ထိခမန်း ကြမ်းတမ်းခက်ထန်သော ကျွဲရိုင်းတို့သည် မြစ်နား၌ များစွာရှိကုန်၏။ ထိုသို့ သားရဲဘေးရန် တွေ့သည်ရှိသော် သင်အဘယ်သို့ ပြုနိုင်ပါလိမ့်မည်နည်း။လင်သားကိုမတွေ့ရသောသင့်အား နွားငယ်ကို မက်မောသော နွားမကဲ့သို့ မရှိပြီလော။ ချစ်လှစွာသော မိဖုရားကြီး သင်သည် ဤရွှေနန်းထက်၌နေလျက် မြွေ ခွေးသံကို တရံတခါ ကြားရသဖြင့်လည်း သေခြင်းအနီးသို့ ရောက်သကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်တတ်၏။ ထိုသို့ ဖြစ်လျက် တောသို့သွားရ

လေသော် အဘယ်သို့ သင်ဖြစ်နိုင်ပါလိမ့်မည်နည်း။ တောကြီးထဲ၌ နေမွန်းတည့်အခါရောက်လျှင် ငှယ်အပေါင်းတို့သည် တညီအညွတ် တွန်မြည်သောအသံဖြင့် တောသံပေးသကဲ့သို့ အလွန် ကြောက်မက်ဖွယ်ရှိပါ၏။ ထိုကြောက်မက်ဖွယ်ရှိသောတောကြီးသို့ သင်ဒ အဘယ့်ကြောင့် လိုက်ချင်ဘိသနည်း။

အနဂ်သေနာမင်းကြီးစကားကို ကြားသောအခါ သုမေခလာ မိဖုရားကြီးသည် မိမိ၏လုံ့လဉဿာဟကို သိစေခြင်းငှါ မင်းကြီးအား အမျိုးမျိုးသောစကားတို့ကို ပြောဆိုလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကိုမိန့်ဆိုတော်မူ၏။

**မုဆိုးမဖြစ်ရသည်မှာ အဆင်းရဲတကာအဆင်းရဲဆုံး**

၃၀ ၅၄။ မင်းကြီးစကားကို ကြားသောအခါ သုမေဓာမိဖုရားကြီးသည် ဤသို့ဆို၏၊ အရှင်မင်းကြီး တောကြီးထဲ၌ ဘေးရန် များသည်ဖြစ်စေ၊ ထိုဘေးရန်ကိုသည်းခံလျက် ကျွန်ုပ်လိုက်ပါအံ့။ မြတ်သောမင်းကြီး ချမ်းသာကိုသာစံ၍ ဆင်းရဲအတူ မခံသော် မယားကောင်း၏လက္ခဏာ မဟုတ်ဖြစ်ရာ၏။ ထိုတောကြီးထဲ၌ ကျွန်ုပ်သာခေါင်းပင်,ပေါက်ပင်, ကိုင်းပင်,ဖြူဆံမြက်,ပန်းရင်းမြက်,ပြိန်းမြက်,သမန်းမြက်တို့ကို အကျွန်ုပ်သည် လင်၏ရှေ့က ရင်ဖြင့်တွန်းဖယ်လှည်းလဲ၍ လမ်းထွင်သောအားဖြင့် သွားပါအံ့။ ရွှေနန်းသခင်ကျေးဇူးရှင်ကို မြက်တပင် နွယ်တတံမျှ မခိုက်မထိ မငြိမရှစေဘဲ လိုက်၍လုပ်ကျွေးပါအံ့။ အရှင်မင်းကြီး မိန်းမတို့မည်သည်ကား လင်ကောင်းကို အလွန်ရခဲ၏၊ လင်ကောင်းကို ရလိုသောကြောင့် မီးနတ်ကို လုပ်ကျွေးခြင်း, ရေငုပ်ခြင်း, ကောင်းသော အရှက်အကြောက်ကို သိမ်းဆည်းခြင်း, ကိုယ်ကို ပြုပြင်တန်ဆာဆင်ခြင်း အစရှိသောအကျင့်အလေ့နှင့် ယှဉ်စေရာ၏။

မြတ်သောမင်းကြီး လောက၌ မိန်းမတို့၏ ဆင်းရဲဟူသမျှတွင် မုဆိုးမဖြစ်ရခြင်းသည် အလွန်ဆင်းရဲလှ၏။ အကျွန်ုပ်လင် သွားရာ

ဘဝါးခြေထပ်မလိုက်ဘဲ အဘယ့်ကြောင့် မုဆိုးမလုပ်၍ နေရပါ အံ့နည်း။ မင်းစဉ်မင်းမျိုး ထီးရိုးနန်းနွယ် မဟုတ်သော အမျိုး ယုတ်ညံ့သောသူသည် ရွှေနန်းရှင်ပင်ဖြစ်လင့်ကစား မင်းစဉ်မင်းမျိုး ထီးရိုးနန်းနွယ်ဖြစ်သောမုဆိုးမ၏ စားကြွင်းကို စားခြင်းငှါမထိုက်၊ ထိုအမျိုးယုတ်ညံ့သောသူသည် ငါဘုရင်ဖြစ်သည်ဟု အနိုင်အထက် ပြု၍ အလိုမတူဘဲ လက်ကိုဆွဲကာ ကျီစယ်ခြင်းကို ပြုသော်လည်း ထိုထီးရိုးနန်းနွယ် မုဆိုးမသည် ဆင်းရဲတကာတို့၏အဆုံး ဆုံးပါး ပျက်စီး အရှက်ကြီးရ ဒုက္ခသေဘေး ရောက်ရာ၏။

မြတ်သော မင်းကြီး ခပ်သိမ်းသောအမျိုး၌ အရွယ်ရှိသေးလျက် မုဆိုး မဖြစ်ရသော မိန်းမတို့ကို လိုက်စားယဉ်ပါးလိုသော ယောကျ်ား တို့သည် ရှက်ကြောက် ခန့်ရွံ့ခြင်းမရှိ မိမိပြက်ရယ်ပြုလိုသော စကားဖြင့်ဖြားယောင်း ၍ ကျော်နင်း လွန်ကျူးတတ်ပါ၏၊ အချိန်အခါကိုမထောက်ရှက်ကြောက် ခြင်းကိုမဆို့ပိတ် စိတ်အလိုကို မချုပ်တည်း ကိုယ်နှုတ်ကို မစောင့်စည်းဘဲ မထေမဲ့မြင် ကလွှင်ကပေါက် မလောက်မလေး ပြုတတ်၏၊ ခပ်သိမ်းသော အမှုတို့၌လည်း ညှဉ်းဆဲကလူ ပြုတတ်၏။

မြတ်သော မင်းကြီး ပုံဆိုဦးအံ့၊ အရွယ်ရှိလျက် မုဆိုးမဖြစ်ရသော မိန်းမ တို့သည် ကျီးအပေါင်းတို့၏ အလယ်၌ ရောက်သော ခင်ပုတ်ငှက်ကဲ့သို့ ဖြစ် ရာ၏၊ ယဉ်ပါးလိုက်စားလိုသော ယောကျ်ားတို့သည် မုဆိုးမကို အလိုမရှိ ဘဲလျက် အနိုင်အထက်ပြုလျက် အနည်းငယ်မျှသော ဥစ္စာကိုပေး၍ ကျော် နင်းဆဲ့ငင်တတ်၏၊ ရွှေအိုးရွှေခွက်လင်ပန်းဖြင့်သာ မင်းမျိုးသူဌေးမျိုး တို့၌ မောင် ညီမ မိဘ ဆွေမျိုး အဆွေ ခင်ပွန်း တို့သည် ဤသူကား ငါတို့ အပြင် ကျေးမွေးပြုစုမည်သူ မရှိဟု သိမ်းထားအုပ်ချုပ်၍ နေသော်လည်း မတော်မမှန် အကောက်ဉာဏ်ဖြင့်ဖေါက်ပြန်လွန်ကျူး လိုသောယောကျ်ား တို့သည် ကျူးလွန်မိသဖြင့် မိဘ ဆွေမျိုး ပေါက်ဖေါ်တို့၏ ကဲ့ရဲ့ ပြစ်တင် သည်ကိုလည်း ခံရရာ၏၊ ထိုလင်မဲ့သော မိန်းမကြောင့် ဆွေးမျိုး ပေါက် ဖေါ်တို့သည်လည်း အရှက်ရရာ၏၊ အရွယ် ရှိလျက် လင်မဲ့သော မိန်းမ တို့သည် မိမိထံသို့ ယောကျ်ားများမလာစေခြင်းငှါ ဥစ္စာပေး၍ မလာပါ

လင့်ဟု တားမြစ်ပြောသော်လည်း ရှိသေ ခန့်ညားမှု မရှိခြင်းကြောင့် ထို ဥစ္စာသော ကုန်ရာ၏၊ မလာဘဲမနေပေရာ။

မြတ်သော မင်းကြီး ပုံဆိုဦးအံ့၊ ဆိပ်ကမ်းကျွန်းသောင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းနှီးသာတည်း မြို့ပြ ကျုံး ပစ္စင် ရင်တား စသည်ရှိလင့်ကစား မင်းမရှိသောပြည်သည် အချည်းနှီးသာတည်း အမျိုး စည်းစိမ် အရောင်အဝါ ရှိလင့်ကစား အတတ်ပညာမရှိသော ယောကျ်ား သည် အချည်းနှီးသာတည်း အဖိုးတသိန်းတန်သော အဝတ်တန်ဆာ တို့ကို ဝတ်ဆင်ထားလင့်ကစား အကျင့်စာရိတ္တ မရှိသော သူသည် အချည်းနှီး သာတည်း၊ မောင်တကျိတ်ပင်ရှိလင့်ကစား လင်မရှိသောမိန်းမသည်အချည်း နှီးသာတည်း။

မြတ်သော မင်းကြီးပုံဆိုဦးအံ့၊ ရထား၏ တန်ခိုးကား တံခွန် အောင်လံ တည်း၊ မီး၏ တန်ခိုးကား အခိုးတည်း၊ တိုင်းပြည်၏ တန်ခိုးကား မင်းသာ လျှင်တည်း၊ ယောကျ်ားတို့၏ တန်ခိုးကား အတတ်ပညာတည်း၊ မိန်းမတို့၏ တန်ခိုးကား လင်ယောကျ်ားသာတည်း၊ မြတ်သောမင်းကြီး အကြင်မိန်းမ သည် လင်ဆင်းရဲသောအခါ အတူဆင်းရဲ၏၊ လင်ကောင်းစားသော အခါ လည်း အတူကောင်းစား၏၊ ထိုသို့သဘော ဖြောင့်စင်းသောမိန်းမကို နတ် သိကြား ဗြဟ္မာ မင်းတို့ သည်လည်း အလွန်မြတ်နိုး ချစ်ခင်၍သာခုခေါ် ကြကုန်၏၊ စင်စစ်အားဖြင့် ကျွန်ုပ်သည် အရှင်မင်းကြီးနှင့် အတူ လိုက်၍ ဆင်းရဲအတူ အပူမရွေး ချမ်းအေးမရှောင် တောင်မြောင် ချောက်ကြားတို့ ၌ သားရဲဘေးရန်များ ကြုံတွေ့လျှင်လည်းရှောင်ကနေ၍ အရှင်မင်းကြီးအလျှင် အသေခံပါအံ့၊ အရှင်မင်းကြီးနှင့် ကင်း၍ ဤမြို့၌ တကိုယ်တည်း နေရစ်ဟု ဆိုသော်လည်း ကျွန်ုပ်အလိုမရှိပါ၊ **အ**ရှင်မင်းကြီး မင်းဖြစ်လျှင်လည်း ဖြစ် ခြင်း အတူမကွာ စံရလိုပါ၏၊ လင်ချမ်းသာခိုက် ခံစား၍ လင်ဆင်းရဲ တွေ့ သောအခါ အဖေါ်မလုပ်လိုသော မိန်းမသည် ဘီလူးမ မြေဘုတ်မတို့ ကဲ့သို့ အလွန်ယုတ်မာသော မိန်းမသဘောသာ ဖြစ်ပါ၏။ ထို့ကြောင့် အကျွန်ုပ် သည် အရှင်မင်းကြီးနှင့်အတူ လိုက်ပါရစေ....။

တောကြီးရိပ်ငြိမ်သည် နန်းစည်းစိမ်နှင့် ကွာခြားလှပါ၏။

ထိုစကားကို ကြားသောအခါ အနင်္ဂသေနာမင်းကြီးသည်၊ ထိုမေခလာမိဖုရားကြီးအား တောကြီးထဲ၌ တွေ့ကြုံခံစားရမည့် ဆင်းရဲဒုက္ခ တို့ကို ပြောကြားလိုရကား—

၅၅-၆၂။ ချစ်စွာသောမိဖုရားကြီး၊ သင်သည် ဤရွှေနန်းစည်းစိမ်၌ ငါး အမဲသလေး ထမင်းတို့ဖြင့် မြိန်ရှက်သောအစာကိုသာ စားသုံးရသူ ဖြစ်၍ တောအရပ်၌ သစ်သီးသစ်ဖုတို့ကို အဘယ်သို့လျှင် စားနိုင် ပါအံ့နည်း၊ ဤရွှေနန်းစည်းစိမ်၌ အချိန်ပိုတရာ အနားရေးတရာရှိ သောရွှေလင်ပန်း၌သာ စားရသူဖြစ်လျက် တောသို့ရောက်သော အခါ သစ်ရွက်ထဲ၌ထည့်၍ အဘယ်သို့ စားနိုင်ရှာလိမ့် မည်နည်း၊ ကာသိကရာဇ်တိုင်း, ကောဋုမ္ဗရာဇ်တိုင်း၌ ဖြစ်သော အဝတ်အ ထည်တို့ကို ဝတ်ဆင်ပြီး၍ အဘယ်သို့လျှင် သမန်းကျစ်အဝတ်, ရန့်ရင်းကြမ်းတမ်းသော အဝတ်တို့ကို ဝတ်နိုင်ပါအံ့နည်း၊ ရွှေသန် လျင်း, ရွှေယာဉ်, ရွှေဝေါ, မြင်းရထား, ဆိတ်ရထားတို့ ဖြင့်သာ နန်းတွင်းနန်းပြင် ဝင်ထွက် သွားလာ နေခဲ့ပါလျက် ခြေလျင် အဘယ်သို့ သွားနိုင်ပါလိမ့်မည်နည်း၊ လေမျှ မတိုက်မခတ် ပိတ် အပ်သော တံခါးရွက်ဖြင့် ကျက်သရေ ရှိသောတိုက်ခန်း၌ အိပ်စက် ခဲ့ပြီးလျက် အသို့လျှင် မြေမှုန့် ခလုတ် ဆူးငြောင့် နှောင့်ယှက် ကြမ်းတမ်းသော သစ်ပင်ရင်း၌ အိပ်နိုင်ပါလိမ့် မည်နည်း၊ ရွှေ သလွန်ပေါ်၌ ဆန်းကြယ်စွာ ခင်းထားအပ်သော ကော်ဇော အထက် နူးညံ့လှသော မွေ့ရာထက်၌ အိပ်ခဲ့ပြီး၍ အသို့လျှင် ရန့် ရင်း ကြမ်းတမ်းသော သစ်ပင်ရင်း မြက်အခင်း၌ အိပ်နိုင်ရှာလိမ့် မည်နည်း၊ အကျော် စန္ဒကူး နံ့သာ အမွှေးအထုံတို့ကို လိမ်းကျံပြီး မှအသို့လျှင် မြူချေး ညှီတို့ကို လိမ်းကျံနိုင်လိမ့်မည်နည်း၊ စာမရီ သားမြီးယပ်, ဥဒေါင်းသားမြီးယပ်တို့ဖြင့် ယပ်၍ ဘေးဥပဒ်ရှိမှန်း ပင်မသိနေခဲ့ပြီးမှ တောအရပ်၌ မှက် ခြင် ယင် ရဲတို့ကိုက်ခဲသော် အသို့လျှင် ခံနိုင်ရှာလိမ့်မည်နည်း။

## မိဖုရားလိုအင်ပြည့်စုံခြင်း

ထိုနောက် အနုဂ်သေနာမင်းသည် သုမေခလာ မိဖုရားကြီးအား တော သို့မလိုက်ဘဲနေရန် တားမြစ်ခြင်းငှါ မတတ်နိုင်ရကား "ချစ်လှစွာသော မိဖုရားကြီး၊ ထိုသို့ အကြိမ်ကြိမ် အဖန်ဖန် တားမြစ်၍ မရပါလျှင် သင်သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလော့"ဟု ခွင့်ပြုလိုက်ရလေ၏။ ထိုအခါ မင်း မိဖုရားနှစ်ပါးတို့သည် စိတ်တူဆန္ဒဖြင့်မိမိတို့၏ စားနပ်ရိက္ခာတို့ကို ယူဆောင် ကြလျက် မထင်မရှားသော အသွင်ဖြင့် အဂ္ဂဝတီမြို့မှထွက်၍ ဟိမဝန္တာသို့ ရှေးရှုသွားကြကုန်၏။ ထိုသို့သွားကြသောအခါ မိဖုရားကြီးမှာ နူးညံ့ ပျော့ပြောင်းလှသဖြင့် ခြေဖဝါးများ ကွဲလျက်ရှိပြီး သွေးများပင် ကျဆင်း သေ၏။ ဖဝါးခြေနှုသွေးများပင် အုကုန်၏။ ဤသို့ဖြင့် ဆက်လက်ထွက် ခွါလာခဲ့ရာ မြစ်ဆိပ်ကမ်းတခုသို့ ရောက်ကြလေ၏။ ထိုအခါ မင်းကြီး သည် ဂင်္ဂါမြစ်ကမ်း၌ ဖေါင်တခုကို ပြုလုပ်၍ "ချစ်လှစွာသော မိဖုရားကြီး ဤဖေါင်ပေါ်သို့ တက်ပါလော့၊ ငါတို့သည် ဤဖေါင်ဖြင့် ဤဂင်္ဂါမြစ်ကို ကူးကြကုန်အံ့"ဟု ဆို၍ မိဖုရားကြီးအား ဖေါင်ထက်၌ နေစေလျက် မိမိ၏ ခွန်အားဖြင့် ဖေါင်ကို လှော်ခတ်၍ ဂင်္ဂါမြစ်ကို ကူးကြလေ၏။ မင်း မိဖုရားတို့ လှော်ခတ်သွားသော ဖေါင်သည် ဂင်္ဂါမြစ်အလယ်သို့ ရောက် သောအခါ လေပြင်းများ တိုက်ခတ်သဖြင့် လှိုင်းတံပိုးများ ထလေ၏။ ထိုအခါ ဝါးဖေါင် ဖွဲ့ချည်ထားသော ကြိုးများပြတ်၍ ဝါးများ ဖရိုဖရဲပြန့် ကြဲလျက် အရပ်လေးမျက်နှာတို့၌ မျောပါလေ၏။

ထိုသို့ဖြစ်စဉ် မင်းမိဖုရားနှစ်ပါးတို့သည် ကစဉ့်ကလျားဖြင့် တကွဲတပြား စီဖြစ်သွားကြ၍၊ တဦးနှင့်တဦး မမြင်ကြရတော့ပေ၊ သို့ရာတွင် မေခလာ မိဖုရားသည်ကား ဝမ်း၌တည်သော ကိုယ်ဝန်သူငယ် ဘုရားလောင်း၏တန် ခိုးအာနုဘော်ကြောင့်၎င်း မိမိလင်သားအပေါ်၌ ယုံကြည်နာစွာ ဝတ် ကြီးဝတ်ငယ်ပြုစုသော ကောင်းမှုကံကြောင့်၎င်း ကံအားလျော်စွာ ဂင်္ဂါ မြစ်တဖက်ကမ်းသို့ ရောက်သွားလျက် မိမိလင်သား မင်းကြီးအား ကြည့် သောအခါ ဂင်္ဂါမြစ်လယ်၌ နစ်မျောနေသည်ကို မြင်ရသောအခါ အလွန် တရာစိုးရိမ်သောက စိတ်မချမ်းသာလှ ရကား မိမိကိုယ်ကို ထိန်းသိမ်း

ခြင်းငှါ မတတ်နိုင်ဘဲ ငိုကြွေး မြည်တမ်းလျက် ဤဂါထာ သုံးခုတို့ကို ဆိုလေ၏။

၆၃ ၆၅။ ငါ့အား လမ်းခရီး၌တွေ့ကြုံရသော ဆင်းရဲဒုက္ခများသည် ငါ၏ သခင်ဘုရင်မင်းကြီး ရေတွင်နစ်မျောနေသည်ကိုတွေ့မြင်နေရသော ဆင်းရဲဒုက္ခနှင့် နှိုင်းစာလျှင် ဘာမျှ မပြောပလောက်ပေ၊ ငါ၏ လင်သား ဘုရင်မင်းမြတ်ကြီး ရေလယ်၌ နစ်မျောနေသည်ကိုမြင်ရသောဆင်းရဲဒုက္ခကား ကြီးမားလှပါ၏၊ငါ၏သခင် ဘုရင်မင်းမြတ်ကြီးမှာ မှီခိုအားထားရာမရှိ၊ကမ်းနှင့် အလှန်ဝေးလံသော အရပ်၌ နစ်မျောနေသဖြင့် သေတော့မည် အမှန်ဖြစ်ပါတော့၏။

**မိဖုရား၏ သစ္စာဓိဋ္ဌာန်**

ဤသို့ငိုကြွေးပြီးနောက် သုမေခလာ မိဖုရားကြီးသည် "ငါ၏လင်သား ဘုရင်မင်းတရားကြီးသည် ဂင်္ဂါမြစ်လယ်၌ နစ်မျောလျက် အကြီးအကျယ် ဆင်းရဲဒုက္ခရောက်နေရှာပေသည်၊ ငါသည် အသို့ပြုရပါအံ့နည်း၊ ယခုအခါ ငါ၏ လင်သားအတွက် သစ္စာဓိဋ္ဌာန်ပြုပေအံ့၊ စင်စစ်သော်ကား ငါ့မှာ သစ္စာဓိဋ္ဌာန်မှတပါး အားထားရာမရှိပေ၊ သစ္စာဓိဋ္ဌာန်ပြု၍ ဘုရင်မင်းကြီးအား ဆင်းရဲဒုက္ခမှ လွတ်မြောက်စေပါအံ့" ဟု ကြံ၍ မြစ်ရေကို ယူ၍ ခံတွင်းများဆေးကြောပြီးလျှင် သစ္စာဓိဋ္ဌာန်ကို ပြုလိုရကား ဤဂါထာ နှစ်ပုဒ်ကို ဆို၏။

၆၆-၆၇။ ဤအရပ်သို့ ကြွရောက်လာကြကုန်သော နတ်မြတ်-နတ်ကောင်း နတ်အပေါင်းတို့ ကျွန်ုပ်၏ လင်သားဘုရင် မင်းတရားကြီးသည် တစုံတယောက်အပေါ်၌မျှ ကောင်းစေ, ဆိုးစေဟု စေတနာ မရှိသော မြစ်လယ်၌ ကိုးကွယ်ရာမဲ့ နစ်မျောလျက်ရှိပါ၏၊ ကျွန်ုပ်သည် သစ္စာဓိဋ္ဌာန်ပြုပါအံ့ "ကျွန်ုပ်သည် လင်သား အပေါ်၌ ဖြူးဖြူးဖြောင့်ဖြောင့် မကောက် မကျစ် တော်တည့် မှန်ကန်စွာ ချစ်ခင် ကြင်နာခဲ့ပါသည်" ဤမှန်ကန်သော သစ္စာ အဓိဋ္ဌာန် ကြောင့် ဤဂင်္ဂါမြစ်ရေအပြင် ခက်မာသော မြေအပြင် ကဲ့သို့ ဖြစ်ပါစေသား။

ဤသို့လျှင် သုမေခလာ မိဖုရားသည် သစ္စာဓိဋ္ဌာန်ပြု၍ ပြီးဆုံးသည်နှင့် တပြိုင်နက် ဂင်္ဂါမြစ်ရေသည် ခက်မာသောမြေအပြင်ကဲ့သို့ ဖြစ်သွားလေ၏၊ ထိုအခါ မိဖုရားကြီးသည် မြေပြင်ကဲ့သို့ ဖြစ်နေသော ဂင်္ဂါမြစ်ကို မြင်ရသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဂင်္ဂါမြစ်ပြင်သို့ လျင်မြန်စွာ ပြေးလျက် မိမိလင်သား ဘုရင်မင်းမြတ်၏ အနီး၌ရပ်တည်ကာ မင်းကြီး၏လက်ကို ဆွဲကိုင်လျက် မြတ်သောမင်းကြီး ယခုအခါ သင်မင်းကြီးသည် ကျွန်ုပ်နှင့်အတူ သွားကြပါအံ့၊ ကျွန်ုပ်တို့နှစ်ဦးသည် ဂင်္ဂါမြစ်ကို ကူးကြပါအံ့ဟု ဆိုလေ၏၊ အနုဂ်သေနာမင်းကြီးသည် မိမိ၏ မိဖုရားကြီးကို မြင်ရသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် စိတ်သက်သာရာရလျက် မိဖုရားနှင့်အတူ ဂင်္ဂါမြစ်တဖက်ကမ်းသို့ ရောက်သွားလေရာ ၊အို မိဖုရားကြီး အံ့သြဘွယ်ကောင်းပါပေစွ သင့်မိဖုရားကြီးပြုလုပ်သော အလုပ်မျိုးကို ကျွန်ုပ်ရှေးက မတွေ့ခဲ့ဘူးပါ၊ ယခုမှသာ အံ့သြစွာ တွေ့ရပါသည်ဟု ပြောလျက်—

၆၀။ အို ချစ်စွာသော မိဖုရားကြီး သင်မိဖုရားကြီး ယနေ့ပြုလုပ်သော အလုပ်မျိုးကို ကျွန်ုပ်သည် ရှေးက တကြိမ်တခါမျှ မတွေ့ခဲ့ရဘူးပါ၊ ရေအပြင်ကို မြေအပြင်ကဲ့သို့ပြု၍ သင်သည် ကျွန်ုပ်အား သေဘေးမှ ကယ်တင်ခဲ့ပါ၏။

## ဘုရားလောင်းသူငယ်၏ဘုန်းကံ

ဤသို့ဆိုပြီးလျှင် အနုဂ်သေနာမင်းကြီးသည် ချစ်စွာသော မိဖုရားကြီး ယခုအခါ ငါသည် သင့်ကိုအမှီပြု၍ ငါ၏အသက်ကို ရရှိပေသည်ဟု ပြောဆိုလျက် မိဖုရားကြီးနှင့်အတူ ဟိမဝန္တာသို့ ရှေ့ရှုသွားလေ၏၊ ထိုခဏ၌ မိဖုရားကြီး၏ဝမ်း၌တည်သော ဘုရားလောင်း၏ တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြလေ၏၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာလာပေ၏၊ ထိုအခါ သိကြားမင်းသည် ကြည့်ရှုဆင်ခြင်သောအခါ ထိုအကြောင်းကို သိသဖြင့် ဝိဿကြုံနတ်သားကို ခေါ်စေ၍ အမောင်ဝိဿကြုံနတ်သား သင်သည် လူ့ပြည်လောကသို့ သွား၍ ဟိမဝန္တာတောတွင် မွှေလျော်ပျော်ရွှင်စရာကောင်း

သော နေရာ၌ သစ်ရှက်မိုး ဇရပ်ကျောင်းကို ဖန်ဆင်းပြုလုပ်ပေး၍ ရသေ့ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာတို့ကို ဖန်ဆင်းစီမံပြီးမှ ပြန်လာခဲ့လော့ ဟု မိန့်ဆိုတော်မူလျက် ဝိဿကြုံနတ်သားကို စေလွှတ်လိုက်၏။

ဝိဿကြုံနတ်သားသည်လည်း ကောင်းပါပြီအရှင်သိကြားမင်းဟု ဝန်ခံလျက် နတ်ပြည်မှဆင်းသက်၍ ဟိမဝန္တာသို့ သွားပြီးလျှင် ပွေလျော်ဘွယ် ကောင်းမြတ်သော နေရာ၌ သစ်ရှက်မိုး ဇရပ်ကို ဖန်ဆင်းလျက် ဤအရပ်သို့ ရောက်လာ၍ ရသေ့ရဟန်းပြုလိုသော သူတို့သည် ဤရသေ့ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာတို့ကို ယူငင်သုံးဆောင်လျက် ဤဇရပ်၌ ချမ်းသာစွာ နေကြကုန်လော့ဟု သစ်ရှက်မိုးဇရပ်၏ တံခါး၌ ကမ္ပည်းစာသား ရေးထားလေ၏၊ ထိုနောက် ဘီလူးသရဲနှင့် ကြောက်မက်ဖွယ်အသံကို ပြုတတ်သော ခြသေ့်သစ်ကျား သားရဲများကိုလည်း ဖယ်ရှားလျက် ဇရပ်ကျောင်းသို့သွားရာ လမ်းကိုလည်း ညီညွတ်စွာ ပြုပြင်စီမံပြီးလျှင် မိမိနေရာ ဘုံဗိမာန်သို့ ပြန်သွားလေ၏။

ထိုအခါ အနုဂ်သေနာ မင်းကြီးသည် သုမေခလာ မိဖုရားကြီးနှင့်အတူ အစဉ်သဖြင့် သွားသောအခါ သခ်မ်းကျောင်း ဇရပ်သို့ သွားရာလမ်းကို တွေ့မြင်သဖြင့် ယင်းလမ်းအတိုင်း သွား၍ သစ်ရှက်မိုး ဇရပ်ကျောင်းကို တွေ့ပြီးနောက် စာများ ရေးသား ထားသည်ကိုလည်း တွေ့ရပြန်သော ကြောင့် ဤသစ်ရှက်မိုး ဇရပ်ကျောင်းသည် မိမိအား သိကြားမင်းက စီမံ ဖန်တီးပေးသော နေရာဖြစ်သည်ဟု ကောင်းစွာ သိရှိလေ၏၊ ထိုသို့ သိရ ပြီးနောက် သစ်ရှက်မိုး ဇရပ်ကျောင်း၏ တံခါးများကို ဖွင့်၍ ဇရပ်တွင်းသို့ ဝင်ပြီးလျှင် ရသေ့ရဟန်း ပရိက္ခရာများကိုငင်း, သစ်နက်ရေနှင့် တောင်ဝှေး ကိုငင်း ယူ၍ မိမိ၏ အဝတ်တန်းဆာများကို ချွတ်လျက် လျှော်ယောသကန်း ကို ဝတ်ရုံ၍ မိမိဘာသာ ရသေ့ရဟန်း ပြုလေ၏၊ ထိုနောက် သားရေကို ထုံးပြီးလျှင် တောင်ဝှေးကို ယူ၍ ယင်းဇရပ်ကျောင်း၌ပင် လူးလာတုံ့ခေါက် စင်္ကြံ လျှောက်လျက် "ရှင်ရသေ့ရဟန်း အဖြစ်ကား ချမ်းသာလှပေစွ" ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူး လေ၏။

ထိုမှ တပန် ထွက်၍ မိမိ၏ မိဖုရားကြီးအား ရသေ့ရဟန်း အဖြစ် ပြုလုပ်ပေးပြီးလျှင် ဇရပ်ကျောင်း တခုစီ၌ အသီးသီး နေထိုင်ကြလေ၏၊ ထိုအခါမှ စ၍ သုမေခလာ မိဖုရားကြီးသည် အနင်္ဂသေနာ မင်းကြီးအား "အရှင်မင်းကြီး ဤနေ့မှစ၍ ကျွန်ုပ်သည် အရှင်မင်းကြီး၏ ပြုဘွယ်ကိစ္စ အဝဝကို ပြုစု လုပ်ကျွေးပါအံ့၊ အရှင်မင်းကြီးသည် ကြောင့်ကြမဲ့ အေးချမ်းစွာ ရဟန်းတရားကို အားထုတ်ပါလော့"ဟု လျှောက်ထားလေ၏၊ အနင်္ဂသေနာ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံခွင့်ပြု လိုက်၏၊ ထိုအခါမှ စ၍ သုမေခလာ မိဖုရားကြီးသည် နံနက်စောစောထ၍ ခြေဆေးရေ သောက်သုံးရေများကို ခပ်ပြီးလျှင် ပြုဘွယ်ကိစ္စ ဝေယျာဝစ္စ အဝဝကို ပြုလုပ်ပြီးနောက် တံချူနှင့် ခြင်းတောင်းတို့ကို ယူဆောင်လျက် ဘောထဲသို့ သွား၍ ချိုမြိန်ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ကို ခူးယူလာပြီးလျှင် မင်းကြီးအား ဆက်ကပ်၏၊ မင်းကြီးသည် မိဖုရားကြီး ဆက်ကပ်သော သစ်သီးကြီးငယ်တို့ကို စားသောက်သုံးဆောင်ပြီး နောက်မှ မိဖုရားကြီးသည် စားသောက်သုံးဆောင်လေ၏။

## အနင်္ဂသေနာမင်း နတ်ရွာစံ ကံကုန်၍ မိဖုရားကြီး၏ သောက

ဤနည်းအားဖြင့် မင်းမိဖုရား နှစ်ပါးတို့သည် ရဟန်းတရားတို့ကို အသီးအသီး အားထုတ်လျက် သင်္ခမ်းကျောင်း၌ နေလာကြရာ နှစ်လလွန်မြောက်၍ ၃-လသို့ ရောက်သောအခါ အနင်္ဂသေနာ မင်းကြီး အဖျားအနာရောဂါနှိပ်စက်သဖြင့် ကွယ်လွန်ခြင်းသို့ ရောက်လေ၏၊ ထိုအခါ သုမေခလာ မိဖုရားကြီးသည် မိမိရှေ့မျှောက် သင်္ခမ်းကျောင်း၌ပင် ကွယ်လွန်သွားရှာသော မင်းကြီးကို မြင်ရသောအခါ ရင်ကိုထုလျက် ဆံပင်များ ဖြန့်ကျဲကာ ငိုကြွေးမြည်တမ်းလျက် "အို ချစ်လှစွာသော အရှင်မင်းမြတ် ကျွန်ုပ်ကို ကိုးကွယ် အားထားရာမဲ့ ပြုလျက် စွန့်ခွါသွားရက်ပါ၏၊ ယခုအခါ ကျွန်ုပ်မှာ တောကြီးထဲ၌ တယောက်ထည်း ကိုးကွယ်အားထားရာမဲ့ ဖြစ်ရပါပြီ" ဟု ငိုကြွေးကာ ဤဂါထာတို့ကို ဆိုလေ၏။

၆၉-၇၉။ အို မြတ်သော မင်းကြီး ယခုအခါ အကျွန်ုပ်သည် တောကြီးထဲ၌ တယောက်ထည်းသာ ကိုးကွယ်ရာမဲ့လျက် အဘယ်သို့ နေရ

ပါအံ့နည်း၊ ဤ တောကြီးထဲ၌ အဘယ်သူသည် အကျွန်ုပ်အား ဆိုဆုံးမလျက် ကျွန်ုပ်၏ ယုံမှားသံသယတို့ကို ဖြေရှင်း ညွှန်ကြား ပေးပါအံ့နည်း၊ မြို့မှ ထွက်စဉ်က အတူတူလာခဲ့ကြပြီး မြစ်အလယ်၌ ရေနစ်မျော ကြစဉ်ကလည်း အတူတူ ဖြစ်လျက် တောကြီးထဲ၌ ရသေ့ရဟန်း ပြုကြရာတွင်လည်း မကွဲမကွာ အတူတူသာ ဖြစ်ခဲ့ကြ ပြီးမှ ယခုအခါ တောကြီးထဲ၌ ကျွန်ုပ်တယောက်ထည်းကို အဘယ့် ကြောင့် စွန့်ခွါ သွားရပါသနည်း၊ မြတ်သောမင်းကြီး အကယ်၍ သာ အဂ္ဂဝတီ မြို့တော်မှာ ဖြစ်ပါလျှင် အရှင်မင်းမြတ် နတ်ရွာစံ သည် ဆိုပါက ဆွေမျိုးဉာတိတို့နှင့် တကွ တိုင်းသူပြည်သား များ ပါ အုံးအုံးကျွက်ကျွက် ဝိုင်းဝန်း ပြည့်နှက်လျက် လာရောက်ကြ မည် ဖြစ်ပြီးလျှင် ရတနာ၇မျိုးမျိုးတို့ဖြင့် အဆန်းတကြယ် ပြုလုပ် ထားသော ရွှေမှန်ခေါင်း သေတ္တာ၌ ထည့်လျက် သုသာန်သို့ လူအများက ပို့ဆောင် ယူငင်ကြပါ ကုန်လတံ့၊ ထို့နောက် လူ အပေါင်းတို့သည် ညီညာဖျဖျ စုရုံး လာရောက်ကြကုန် ပြီးလျှင် ပူဇော်ဘွယ်တို့ဖြင့် ပူဇော်ကြကုန်လျက် ငိုကြွေး မြည်တမ်းကြမည် ဖြစ်ပါသည်၊ ယခုမူကား ကျွန်ုပ် တယောက်ထည်း ဖြစ်လျက် တောကြီးထဲ၌ အဘယ်သို့ သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြုရပါအံ့နည်း၊ မြတ်သော မင်းကြီး သင်သည်ကား ကျွန်ုပ်ဝမ်း၌ တည်သော သန္ဓေသား၏ မျက်နှာကိုပင် မမြင်သွားရ ပါကလား၊ ကိုယ်ဝန် ဆောင်ဖြစ်သော အကျွန်ုပ်ကို အဘယ့်ကြောင့် စွန့်လွှတ်၍ သွားပါ သနည်း။

ဤသို့လျှင် များစွာ ငိုကြွေးမြည်တမ်းလျက် သုမေခလာမိဖုရားကြီး သည် တောသို့သွား၍ ထင်းများကို ယူဆောင်လာပြီးလျှင် သစ်ရွက်မိုး ကျောင်း၏မနီးမဝေး၌ ထင်းများကိုစုပုံလျက် သစ္စာဓိဋ္ဌာန် ပြုလိုရကား—

၁၀-၁၁။ အရှင်မင်းကြီးသည် ကျွန်ုပ်အပေါ်၌ မြတ်နိုးချစ်ခင်၍ ကျွန်ုပ် သည်လည်း အရှင်မင်းကြီးအပေါ်၌ မြတ်နိုး ချစ်ခင်ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် မင်းကြီး၏ ရုပ်အလောင်းသည်

လေးလံခြင်းမရှိဘဲ ပေါ့ပေါ့ပါးပါး ရှိပါစေသား၊ အရှင်မင်းကြီးသည် ဤတောထဲသို့ ကျွန်ုပ်နှင့်အတူတကွလာစဉ်တွင် ကျွန်ုပ်အား မြတ်နိုးချစ်ခင်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် မင်း၏ရုပ်အလောင်းသည် လေးလံခြင်းမရှိဘဲ ပေါ့ပေါ့ ပါးပါး ရှိပါစေသား။

ဤသို့သစ္စာဓိဋ္ဌာန်ပြုပြီးလျှင် သုမေခလာမိဖုရားကြီးသည် မိမိ၏ သစ္စာဓိဋ္ဌာန်အစွမ်းကြောင့် ကောက်ရိုးစုပမာ ပေါ့ပါးနေသော မိမိလင်သားဘုရင်မင်းမြတ်၏ ရုပ်အလောင်းကို မြှောက်ချီယူငင်လျက် ထင်းပုံထက်၌ထားပြီးလျှင် မီးကိုရှို့လျက် ပန်းများဖြင့်ပူဇော်ပြီးလျှင် "အရှင်မင်းကြီး ကျွန်ုပ်အပေါ်၌ အပြစ်များရှိပါက ခွင့်လွှတ်ကျေနပ်သည်းခံတော်မူပါ"ဟု ယခုအကြိမ် သင့်အား ရှိခိုးဦးနှိမ်ရခြင်းသည် နောက်ဆုံးအကြိမ် ဦးနှိမ်ကန်တော့ရခြင်းဖြစ်ပါသည်ဟုရှိခိုး၍ နေဝင်သည်တိုင်အောင် မီးသင်္ဂြိုဟ်သည့်နေရာ၌နေပြီးနောက် မိမိ၏သစ်ရွက်မိုးဇရပ်သို့ ပြန်လာခဲ့လေ၏။

## မဟာပဒုမမင်းသား

ထိုမှနောက်တွင် သုမေခလာမိဖုရားကြီးသည် တောထဲတွင် တယောက်တည်းနေလျက် ဆယ်လလွန်မြောက်သောအခါတွင် သားယောကျ်ားကို ဖွားမြင်၏။ ဘုရားလောင်းသူငယ်သည် အမိဝမ်းမှ ထွက်သောကာလ၌ ဘုရားလောင်း၏ တန်ခိုးအာနုဘော်ကြောင့် လှည်းဘီးပမာဏရှိသောပဒုမ္မာကြာပန်းပွင့်သည် ဘုရားလောင်း၏ခြေရင်း၌ တည်ရှိခံယူလာ၏။ ယင်းသို့ ဖြစ်သော ထူးဆန်းအံ့သြဘွယ်ကိုတွေ့မြင်ရသဖြင့်သုမေခလာမိဖုရားကြီးသည် ငါ၏သားတော်အား ဘုန်းတန်ခိုး အာနုဘော်ရှိသော အံ့သြဘွယ်သော ယောကျ်ားမြတ်ဖြစ်ပေသည်ဟု ကြံစည်တွေးတောလျက် သား၏အမည်ကို မဟာပဒုမကုမာရ(ပဒုမ္မာကြာ)ဟူသော အမည်ကိုမှည့်လေ၏။ ထိုနောက် သုမေခလာမိဖုရားသည် မိမိ၏ ချစ်စရာကောင်းလှသော သားငယ်ကိုကြည့်လျက် တောကြီးထဲတွင် ဘတဆိုးကလေး ဖြစ်ရသည့် အခြေအနေများကို တွေးမိလျက် မျက်ရည်များယိုစီးလျက် ဤဂါထာနှစ်ပုဒ်ကိုဆိုလေ၏။

၈၂-၈၃။ ချစ်လှစွာသော မမေ့ရင်သွေး လူကလေး၊ သင်သည် အင်္ဂဝတီ
မြို့တော်မှာသာ ဖွားမြင်မည်ဆိုပါလျှင် ဆွေမျိုးအပေါင်းတို့သည်
လာရောက် ဝိုင်းဝန်းခြံရံ၍ နေကြမည်ဖြစ်ပါသည်။ သေသွားသော
ဘခင်ကလည်း သင့်မျက်နှာလေးကို တွေ့၍မသွားရရှာ၊ သင်သည်
လည်းဘခင်၏မျက်နှာကို မတွေ့မြင်လိုက်ရပေ၊ ဤအဖြစ်သည်လည်း
ငါ၏စိတ်နှလုံးကို များစွာထိ ခိုက်တုန်လှုပ်စေခဲ့ပါ၏။

ဤသို့ဝမ်းနည်းစွာ ငိုကြွေးပြီးနောက် သုမေခလာ မိဖုရားကြီးသည်
မိမိ၏ချစ်စွာသော ဘုရားလောင်းသားငယ်ကို ယုယပိုက်ထွေး နို့ချိုများ
တိုက်ကျွေးလျက် သားအမိနှစ်ယောက် တောထဲတွင် နေကြလေ၏။ ထိုသို့
ကြာမြင့်စွာ နေလာကြရာ မဟာပဒုမ မင်းသားသည် တဆဲ့ခြောက်နှစ်
အရွယ်ရောက်သောအခါ အသားအရောင် ဝါဝင်းလျက် ရှုကြည့်ချင်ဘွယ်
သော အဆင်းရှိလေ၏။ မဟာပဒုမ မင်းသားသည် မိခင်တယောက်တည်း
တောသစ်သီး သစ်မြစ်တို့ကို ရှာဖွေရန် တောထဲသို့လှည့်လည် သွားလာနေ
သည်ကို တွေ့ရသောအခါ—

(ပဒုမမင်းသား) အို ချစ်စွာသောမိခင် ကျွန်ုပ်၏ဘခင်ကား အဘယ်သူ
ပါနည်း။

(မိခင်) အို ချစ်စွာသောလူကလေး၊ သင့်ဘခင်ကား အနဂ်သေနာ
မည်သော မင်းကြီးပါတည်း။

(ပဒုမ) ယခု ကျွန်ုပ်ဘခင် ဘယ်သွားပါသလဲ အဘယ် အရပ်မှာ
ရှိပါသလဲ။

(မိခင်) ချစ်စွာသောလူကလေး၊ သင့်ဘခင်သည် ကွယ်လွန်ရှာပြီ၊

ထိုစကားကို ကြားရသောအခါ ဘုရားလောင်း မဟာပဒုမ မင်းသား
သည် ငိုကြွေးမြည်တမ်းလျက် "ယခုငါသည် အားထားမှီခိုရာမရှိဖြစ်ချေပြီ၊
ငါ၏မိခင်သည်လည်း တယောက်တည်းသာ တောမှာနေရရှာ၏၊ အကယ်၍
ငါသည် အသက်ရှင်နေပါလျက် ငါ့မိခင်မှာ ဆင်းရဲဒုက္ခ ရောက်နေရမည်
ဆိုပါလျှင် ငါ့မှာ မိဘကျေးဇူးကို မသိရာ ကျချေမည်"ဟု ကြံစည်စိတ်

ကူးလျက်"အို ချစ်စွာသောမိခင်၊ဤနေ့မှစ၍သင်မိခင်သည် သစ်သီးသစ်ဖုတို့ကိုရှာဖွေ ဆောင်ယူရန် တောသို့မသွားပါလင့်၊ ကျွန်ုပ်သည်တောသို့သွား၍တောမှသစ်သီးကြီးငယ်တို့ကို ဆောင်ယူလျက် နေ့စဉ်နေ့တိုင်း မိခင်အားလုပ်ကျွေးပါအံ့၊ စင်စစ်သော်ကား ကျွန်ုပ်သည် မိခင်အတွက်အသက်ကိုစွန့်လွှတ်ရန်ပင် အသင့်ရှိပါ၏"ဟု ပြောဆိုလေ၏။ သားတော်ပဒုမမင်းသား၏စကားကို ကြားသောအခါ သုမေခလာ မိဖုရားသည် စိတ်နှလုံးများစွာထိခိုက်လျက် "အို ချစ်စွာသောသားတော်၊ သင်သည် တောထဲသို့မသွားပါလင့်၊ ငါသည်ပင် တောထဲသို့သွား၍ သစ်သီးကြီးငယ်တို့ကို ယူဆောင်ကျွေးမွေးပါအံ့၊ ချစ်စွာသောသား၊ ဤတောထဲ၌ ကြမ်းတမ်းကြောက်မက်ဖွယ်ကောင်းသော ခြင်္သေ့၊ သစ်၊ ကျား သားကောင်တို့ ပေါများလှပါ၏၊ သင်တယောက်တည်း တောထဲသို့ သစ်သီးရှာသွားမည် ဆိုပါက ငါ၏ အသဲနှလုံးမျ ားပျက် ပြုန်းကျေကွဲရပါလိမ့်မည်ဟု ဆိုကာ သုမေခလာ မိခင်ကြီးသည် သားတော်ပဒုမ မင်းသားအား တောထဲသို့ မသွားရန် အတန်တန် တားမြစ်ပြောဆို လေ၏။

## အရေးကြုံလျှင် ကြံနိုင်ဘို့ မိခင်သွားရာ နောက်ယောင်ခံလျက်

မိခင်စကား ကြားသောအခါ ဘုရားလောင်း ပဒုမမင်းသားသည် မိခင်စကား နားထောင်လျက်သာ ဆိတ်ဆိတ်နေလေ၏၊ သုမေခလာ မိခင်ကြီးသည် သားတော် ပဒုမမင်းသားအား သွန်သင်ဆုံးမ ဩဝါဒ ပေးလျက် သစ်ရွက်မိုး ဇရပ်၌သာ နေစေ၍ မိမိကိုယ်တိုင်တံချူခြင်းတောင်းနှင့် တူးရွင်းတို့ကို ယူဆောင်လျက် တောသို့ ဝင်လေ၏၊ ထိုအခါ ပဒုမမင်းသာသည် ဤသို့ ကြံစည် စိတ်ကူးလေ၏၊ "အကယ်၍ ငါ၏ မိခင်သည် တောထဲတွင် ဘေးရန်အန္တရာယ် တစုံတရာ ဖြစ်ပေါ်တွေ့ကြုံလျှင် ငါသည် ငါ့မိခင်အား အဘယ်သို့ လွှတ်မြောက်စေနိုင် မည်နည်း၊ ငါသည် မိခင်သွားရာ လမ်းခရီးကို မသိသောကြောင့် ငါ့မိခင်၌ အရေးကိစ္စ တစုံတရာ ကြုံလာလျှင် ငါသည် အဘယ်သို့ သွား၍ ဘယ်သို့ ရှာဖွေရမည် မသိချေ၊ သို့ဖြစ်၍ ငါသည် မိခင်နေ့စဉ် သွားနေသော လမ်းခရီးကို သိအောင်ပြု ထားသင့်၏" ဟု ကြံစည် စိတ်ကူးလေ၏။

ထိုနောက် မဟာပဒုမမင်းသားသည် မိမိ၏ သစ်ရွက်မိုး ဇရပ်ကျောင်းမှ ထွက်၍ မိခင်၏ သွားရာလမ်းကို သွား၍ မိခင်နောက်မှ မသိမသာ လိုက်သွားလေ၏၊ ထိုနောက် မိခင်သွားနေကျလမ်းကို သိပြီးသောအခါ မိခင် မသိအောင် မိမိဇရပ်ကျောင်းသို့ ပြန်လာကာ နေမြဲ နေလေ၏၊ တခါ တရံတွင် ဘုရားလောင်း ပဒုမမင်းသားသည် မိမိဇရပ်ကျောင်း၌ တယောက် ထည်းနေလျက် မိခင်အား လွမ်းဆွတ်သတိရ သဖြင့် စိုးရိမ်ပူဆွေး ငိုကြွေး လျက် နေလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာ တို့ကို ဆိုလေ၏။

၈၄-၉၀။ ထိုအခါ ပဒုမမင်းသားသည် တယောက်ထည်း သစ်ရွက်မိုးဇရပ် ကျောင်း၌ နေလျက် မိခင်အား လွမ်းဆွတ်သတိရ သဖြင့် သနား စဖွယ် ငိုကြွေး နေရှာ၏၊ တခါတရံ ပဒုမမင်းသားသည် မိခင်၏ ဂုဏ်ကျေးဇူး များကို ဆင်ခြင် အောက်မေ့လျက် ဤသို့ ဆိုလေ၏၊ ငါ၏ မိခင်သည် ဆင်းရဲပင်ပန်းခံလျက် တောသို့ သွား၍ သစ်သီး ကြီးငယ်တို့ကို ရှာဖွေ၍ ငါ့အား ကျွေးမွေး ပြုစုပေ၏၊ ပန်းပဲ သမားတို့၏ ပန်းပဲဖိုသည် အတွင်းကိုသာ လောင်ကျွမ်း၍ အပြင်၌ မလောင်ကျွမ်း သကဲ့သို့ ထိုနည်းတူစွာ ငါ၏ အသည်း နှလုံးသည် လည်း အတွင်းမှာသာ ပူလောင်လျက် အပြင်၌ကား မပူလောင် ချေ၊ ယခုအခါ ငါ၏ အသည်းနှလုံးသည် စိုးရိမ်ပူဆွေး ငိုကြွေး ရခြင်း ဆင်းရဲကြောင့် မြစ်ငယ်ရေများ ခန်းခြောက် သွားသကဲ့သို့ နှလုံးသွေးများ ခန်းခြောက် လောင်ကျွမ်းရ လတ့်။

ဤသို့ စသည်ဖြင့် မိခင်အား လွမ်းဆွတ်တမ်းတ အောက်မေ့လှ သဖြင့် ပဒုမမင်းသားလေးသည် ငိုကြွေးလျက်သာ သစ်ရွက်မိုးကျောင်း ဇရပ်၌ နေလေ၏၊ ထိုအခါ မိခင်သုမေခလာသည် တောသို့သွား၍ သစ်သီးကြီး ငယ်တို့ကို ရှာဖွေ ယူဆောင်လျက် ညနေခင်းတွင် ဇရပ်ကျောင်းသို့ ပြန်လာ နေကျ ဖြစ်၏။

## မိခင်ပိုးထိ၍ ကွယ်လွန်ရာ

တနေ့သော အခါတွင်ကား သစ်သီးကြီးငယ်များကို ရှာဖွေ ဆွတ်ခူး ပြီး၍ မိမိနေရာဇရပ်ကျောင်းသို့ပြန်မည့်အချိန်တွင် မိုးကြီး သည်းထန်စွာ

ရွာချလေ၏၊ အရပ်လေးမျက်နှာတို့၌ မိုးမှောင်များ ကျသဖြင့် သွားရာ လမ်းကိုပင် မမြင်ရသောကြောင့် သုမေခလာမိဖုရားသည် သစ်ပင်ကြီး တပင်၏ခြေရင်း၌ ထိုင်နေရလေ၏။ ထိုအခါ သစ်ပင်ခြေရင်းရှိ တောင်ပို့၌ နေသော အဆိပ်ပြင်းထန်သောမြွေတကောင်သည် မိဖုရား၏ကိုယ်မှ လူနံ့ကို ရသောကြောင့် ဒေါသထွက်သဖြင့် တွင်းမှထွက်၍မိဖုရား၏ခြေကို ကိုက်ခဲ လေ၏၊ မြွေကိုက်လျှင်ကိုက်ချင်းပင် အဆိပ် ပြင်းထန်လှသောကြောင့် မိဖုရားမှာ ဆင်းရဲစွာ လူးလှိမ့်ခံရရှာ၏၊ ထိုသို့ မြွေကိုက်သည့် ဒဏ်ကြောင့် အလူးအလဲခံနေရစဉ် မိဖုရားကြီးသည် မိမိ၏ဆင်းရဲဒုက္ခကိုမစဉ်းစားမတွေး တောနိုင်ဘဲ သူ၏ချစ်စွာသောသားတော်ကိုသတိရလျက် "အော် ယခုအခါ ငါ၏သားတော်လေးသည် အဘယ်သို့ နေရှာပါလိမ့်၊ ငါ့သားလေးသည် တယောက်တည်းသာ အားထားကိုးကွယ်ရာမဲ့လျက်ရှိချေပြီ၊ အဘယ်သူသည် ငါ့သားငယ်အား သစ်သီးကြီးငယ်တို့ကို ယူဆောင်ပေးပါလတံ့နည်းဟု မိမိသားငယ်အတွက် စိုးရိမ်ပူဆွေးငိုကြွေးလျက် ဤဂါထာတို့ကို ဆိုလေ၏။

၉၁-၉၈။ ယခုအခါ မြွေကိုက်သဖြင့် အပြင်းအထန်အလူးအလဲခံနေရသော ဆင်းရဲဒုက္ခသည် ငါ့အား ဆင်းရဲလှသည်မထင်ပါ၊စင်စစ်သော်ကား ယခုအခါ ငါ့သားတော်အား မတွေ့မမြင်ရခြင်းသည်သာ ငါ့အား အကြီးအကျယ် ဆင်းရဲလှပါ၏၊ ယခုအခါ ငါ၏သားသည် မှီခို အားထားစရာမရှိဘဲ ကျောင်းသင်္ခမ်းထဲ၌ တယောက်တည်းနေရ ရှာလျက် သစ်သီးကြီးငယ်မစားရသဖြင့် ဆာလောင်မွတ်သိပ်၍ နေရှာပေတော့မည်၊ ငါ၏သားတော်သည် ဆာလောင်မွတ်သိပ် သဖြင့် ကျောင်းသင်္ခမ်းမှထွက်၍ တောကြီးထဲသို့လာသောအခါ ငါ့ကို မတွေ့မမြင်ရပါလျှင် အသက်သေလုမတတ် ပူဆွေးသောက ရောက်ရှာပေတော့မည်။ သို့ဖြစ်၍ တောတောင်တို့၌ ရှိသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းအားကျွန်ုပ်သည် ဦးချဝပ်တွား ပန်ကြား တောင်းပန်ပါ၏။ "သင့်မိခင်သည် မကြာမီ သေခြင်းသို့ ရောက်တော့မည်၊ သင်သည် တောထဲသို့ အမြန်သွား၍ သစ်ပင်

ရင်း၌လဲနေသောသင့်မိခင်၏မျက်နှာကို နောက်ဆုံးတွေ့မြင်ရသည့် အနေဖြင့် အားရပါးရ ဝကြီး သွားရောက် ကြည့်ရှုပါလော့”ဟု ကျွန်ုပ်၏ သားတော်အား သွားရောက် ပြောကြားပေးကြပါ ကုန်လော့။

ဤသို့ တမ်းတပူဆွေးငိုကြွေးမြည်တမ်းလျက် သုံ့မေ့ေလာ မိဖုရားကြီးသည် သားကို သတိရ လွမ်းဆွတ်သည်ကတဖုံ၊ အဆိပ် ပြင်းထန်သောမြွေ ကိုက်သည့်ဒဏ်ရာကလည်းတချက် နှိပ်စက်လှသောကြောင့် သစ်ပင်ရင်း၌ပင် သေခြင်းသို့ရောက်လေ၏။ ထိုအချိန်၌ ဘုရားလောင်းပဒုမင်းသားသည် မိခင်အား လွမ်းဆွတ်သတိရ၍ စိတ်နှလုံးထိခိုက်လာပြီးလျှင် “ယနေ့ ငါ၏ မိခင်သည် အချိန်ကြာမြင့်လှပြီဖြစ်သော်လည်း ယခုတိုင် မရောက်လာပေ၊ စင်စစ်မုချ ငါ့မိခင်အား တောတောင်ထဲ၌ ဘေးအန္တရာယ်ကခုခု တွေ့ကြုံနေပြီဖြစ်လတံ့၊ ငါသည် မိခင်အားရှာဖွေရန် တောသို့သွားအံ့”ဟု ကြံစည်တွေးတောလျက် သင်္ခမ်းကျောင်းမှထွက်၍ မိခင်သွားနေ့ကျ လမ်းအတိုင်း လိုက်၍ တောသို့ဝင်သွားလေ၏။ ဘုရားလောင်းသည် တောသို့ သွားသော အခါ မိခင်အားရှာဖွေလျက် မိခင်အားပြောကြားလိုရကား -

၉၉။ အို ချစ်စွာသောမိခင် သင်သည် တောကြီးထဲ၌ အဘယ်နေရာသို့ ရောက်နေပါသနည်း၊ ကျွန်ုပ်သည် ယနေ့မိခင်ကို မတွေ့ရပါလျှင် ကျွန်ုပ်အသက် သေရပါလိမ့်မည်။

ဤသို့ဆိုလျက် မိခင်အရှာထွက်လေရာ သစ်ပင်ရင်းတခုသို့ ရောက်သော အခါ လျှပ်စီးလက်သောအရောင်ဖြင့် သစ်ပင်ရင်း၌ လဲလျောင်းနေသော မိခင်ကို မြင်ရသောကြောင့် မိခင်ထံသို့အလျင်အမြန် ပြေးသွား၍ မိခင်၏ ခန္ဓာကိုယ်ကို စမ်းသပ်ကိုင်တွယ် ဆုပ်နယ်၍ ကြည့်သောအခါ အသားများမှာ မာ၍ အေးနေသည်ကိုသော်ဖြင့် မိခင်တွေသနေသည်ကို သိရကား ငိုကြွေးမြည်တမ်းလျက် ဂါထာကို ဆို၏။

၁၀၀။ အို မိခင်၊ ယနေ့ အကျွန်ုပ်သည် မိခင်အား တောတောင်အနှံ့ လိုက်၍ရှာဖွေရာ ယခုမှ တွေ့ရပါတော့သည်၊ အို မိခင် အဘယ့်

ကြောင့် အိပ်နေပါသနည်း၊ သား၏မျက်နှာကို ဝဝကြီးထ၍ရှုကြည့်ပါတော့လား၊ သင်၏ရင်သွေး ချစ်လှစွာသော သားတော်သည် သင့်ထံသို့ရောက်ပါပြီ၊ သင်သည် ထထိုင်လျက် သားတော်အား စကားစမြည်ပြောကြား ပါတော့လား မိခင်....။

ဤသို့လျှင် ဘုရားလောင်း ပဒုမမင်းသားသည် သေနေသော မိခင်၏ အနီး၌ထိုင်လျက် နေဝင်ချိန်မှစ၍ သန်းကောင်ချိန်အထိ သူရှူးပမာငိုကြွေး ရှာလျက် ထိုထိုအရပ်ဒေသတို့၌ ရှိသောနတ်အပေါင်းအား ရှိခိုးဝပ်တွား ပန်ကြား ပြောဆိုလိုရကား ဤဂါထာကို ဆို၏။

၁၀၁။ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် တန်ခိုး ဣဒ္ဓိပါဒ် အမျိုးမျိုး ရှိကြပါကုန်၏၊ သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိခင် အား ဆေးကုသ ပေးကြပါ ကုန်လော့၊ ကျွန်ုပ်သည်ကား မိခင် အသက် ပြန်ရှင်လာရေး အတွက် ဆေးကုသရန် ကျွန်ုပ်၏ အသည်း နှလုံး မျက်လုံးအစုံနှင့် အသား အသွေးတို့ကို ပေးဘို့ အဆင်သင့် ဖြစ်ပါ၏။

## မိခင်အသက် ပြန်ရရေးအတွက် နှလုံးသွေးဖြင့်

ဤသို့ ပဒုမမင်းသားသည် နတ်များကို ရှိခိုးဝပ်တွား ပန်ကြား ပြော ဆိုသော ခဏာ၌ပင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြလေ၏၊ ထိုအခါ သိကြားမင်းသည် ကြည့်ရှု ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့် ငါသည် ယခုသွား၍ သုမေခလာ မိဖုရား၏ အသက်ကို ရှင်အောင် ကုသပေးအံ့ဟု ကြံလျက် နတ်ပြည်မှ ဆင်းသက်ပြီးလျှင် ပုဏ္ဏားအသွင် ဖန်ဆင်း၍ ညဉ့်နက် သန်း ကောင် အချိန်၌ ဘုရားလောင်းထံ သွားလျက် ပြောဆိုသည်ကား—

(ပုဏ္ဏား) အို ယောကျ်ားမြတ် ဤအရပ်၌ တယောက်ထည်းထည်း နေသော သင်သည် အဘယ်အမည် ရှိပါသနည်း။

(ပဒုမမင်းသား) အို ပုဏ္ဏားကြီး ကျွန်ုပ်သည်ကား ပဒုမမင်းသား ဖြစ်ပါသည်။

(ပုဏ္ဏား) အမောင် ပဒုမမင်းသား ကျွန်ုပ်သည်ကား ဗာရာဏသီပြည်သို့ ထွက်လာခဲ့ရာ မျက်စိလည်လမ်းမှား၍ ဤအရပ်သို့ ရောက်လာပါသည်၊ ကျွန်ုပ်အား ဗာရာဏသီပြည်သို့ သွားရာလမ်းခရီးကို ညွှန်ကြား ပြသပါလော့။

(ပဒုမမင်းသား) အို ပုဏ္ဏားကြီး ကျွန်ုပ်၏မိခင်သည် အဆိပ်ပြင်းထန်သော မြွေ ကိုက်သဖြင့် ဤနေရာတွင် သေနေပါပြီ၊ ကျွန်ုပ်ကို သနားသော အားဖြင့် မိခင်အသက် ပြန်ရှင်ရန် ဆေးဝါးများကို ညွှန်ကြားပါလော့။

(ပုဏ္ဏား) အို ပဒုမမင်းသား ယခု အကျွန်ုပ်မှာ ဆေးမရှိပါ၊ သို့သော်လည်း အကျွန်ုပ် အလိုရှိသော အရာဝတ္ထုကို ရပါလျှင်ကား သင့်မိခင်၏ ကိုယ်မှ အဆိပ်များကို ကင်းစင် လွင့်ပျောက်အောင် ပြုလျက် သင့်မိခင် အသက်ရှင်လာအောင် ပြုလုပ်ပေးပါအံ့။

(ပဒုမမင်းသား) အို ပုဏ္ဏားကြီး ကျွန်ုပ် ယခုအခါ ဘာကိုရှာကိုရှာ၍ ပေးရပါမည်နည်း။

(ပုဏ္ဏား) အမောင်ပဒုမမင်းသား ကျွန်ုပ်သည် ယခုအခါ လူ၏ အသည်းနှလုံးကိုရပါလျှင် ယင်းအသည်းနှလုံးကို မန္တန်ဖြင့်မန်းမှုတ်လျက် ဆေးစိမ်ပြီးနောက် ယင်းဆေးဖြင့် သင့်မိခင်၏ခံတွင်းထဲသို့ ထည့်လိုက်ပါက သင့်မိခင်သည် အသက်ပြန်ရှင်လာပါလတ္တံ့။

(ပဒုမမင်းသား) အို ပုဏ္ဏားကြီး ဆေးစိမ်ရန် အလိုရှိပါက ကျွန်ုပ်၏ အသည်းနှလုံးကိုပေးပါအံ့။

(ပုဏ္ဏား) ဒဲ့မောင်ပဒုမမင်းသား ကျွန်ုပ်သည် သင်၏အသည်းနှလုံးကိုရပါလျှင် ယင်းအသည်းနှလုံးကိုယူ၍ မန္တန်ဖြင့် မန်းမှုတ်လျက် ဆေးစီမံ၍ သင့်မိခင် အသက်ကို အခုချက်ချင်းပြန်ရှင်အောင် ပြုလုပ်ပေးပါအံ့။

ပုဏ္ဏားကြီး၏စကားကို ကြားသောအခါ ပဒုမမင်းသားသည် ရင်ကိုခွဲ၍အသည်းနှလုံးကိုယူရန်အတွက် ဓားကိုရှာဖွေရရှိလိုသဖြင့်ကောင်းကင်ကို မော်ကြည့်လျက် သစ္စာဓိဋ္ဌာန်ပြုလိုရကား ဂါထာကိုဆို၏။

၁၁၂။ အိုနတ်မြတ် နတ်ကောင်း နတ်အပေါင်း တို့ ကျွန်ုပ်သည် မိခင်အသက်ပြန်ရှင်ရန်အတွက် ကျွန်ုပ်၏ရင်ကိုခွဲ၍ အသည်းနှလုံးကို ပေးပါအံ့၊ ဤအသည်းနှလုံးကို ပေးလှူရသော ကောင်းမှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားစင်စစ်ဖြစ်ပါလတ္တံ့၊ ဤမှန်ကန်သော သစ္စာစကားကြောင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်း တို့သည် ကျွန်ုပ်အားရင်ခွဲရန်ဓားကို ပေးကြပါကုန်လော့။

ဤသို့ ပဒုမမင်းသား သစ္စာပြုပြီးသည်နှင့်တပြိုင်နက် ကောင်းကင်၌ရှိကြသော နတ်အများတို့သည် ရတနာအမျိုးမျိုးတို့ဖြင့် ပြုလုပ်ထားသော ကြိုးဖြင့် ဓားတချောင်းကို ချီ၍ ကောင်းကင်မှ ချပေးလျက် ပဒုမမင်းသား၏ ရှေ့မှောက်၌ ဓားကိုယူဆောင်ပေးလာကြ၏၊ ထိုအခါ ပဒုမမင်းသားသည် ဓားကိုယူလျက် ညာလက်ဖြင့် ဆုပ်ကိုင်၍ နတ်အပေါင်းအား သိစေလိုသဖြင့် "အိုနတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ ကျွန်ုပ်သည် ဤအသည်းနှလုံးကို ပေးလှူရသော ကောင်းမှုကြောင့် စကြာဝတေးမင်းစည်းစိမ်ကိုရင်း၊ သိကြားမင်း မာရ်နတ်မင်း ဗြဟ္မာမင်းစည်းစိမ်ကိုရင်း၊ ပစ္စေကဗုဒ္ဓါအဖြစ် သာဝကအဖြစ်ကိုရင်း၊ မတောင့်တပါ၊ အလိုမရှိပါ၊ စင်စစ်သော်ကား ဤအသည်းနှလုံး အလှူကြောင့် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏၊ ဘုရား ဖြစ်ပြီးလျှင် သံသရာဝဋ်ဆင်းရဲအတွင်းမှ မလွတ်ကင်းကြသော နတ်, လူ, ဗြဟ္မာ, သတ္တဝါအများတို့အား သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းပို့ဆောင်

ပေးပါအံ့”ဟု ဆိုလျက် နတ်အပေါင်းအား မိမိ၏ အသည်းနှလုံးအလှူဒါနကို သာဓုအနုမောဒနာပြုစေလိုရကား—

၁၀၃-၁၀၅။ ဤအရပ်သို့ ကြွရောက်လာကြကုန်သော နတ်မြတ်နတ်ကောင်းအို နတ်အပေါင်းတို့ အကျွန်ုပ်သည် မိခင် အသက်ရှင်ရန်အတွက် ကျွန်ုပ်၏ အသည်းနှလုံးကို ပုဏ္ဏားအား ပေးလှူပါအံ့၊ ကျွန်ုပ်၏ အသည်းနှလုံးအလှူကို သင်တို့သည် ဝမ်းမြောက်နုမော် သာဓုခေါ်ကြပါကုန်လော့၊ မိခင်အတွက် အသည်းနှလုံးကိုလှူရသော ဤအလှူဒါနသည် ကြီးမြတ်သောအကျိုးကို ပေးလျက် နောင်အခါ၌ သဗ္ဗညုတဉာဏ်ကို ရခြင်း၏ အကြောင်း အထောက်အပံ့ဖြစ်ပါစေ၊ အကျွန်ုပ်သည်ကား ကျွန်ုပ်၏ အသည်းနှလုံးထက် သဗ္ဗညုတဉာဏ်ကို ပိုမို ချစ်ခင်မြတ်နိုးပါ၏၊ ထို့ကြောင့် သင် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည် ကျွန်ုပ်၏ အသည်းနှလုံး အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုကြပါကုန်လော့။

## သိကြားမင်း အမြိုက်ရေစင်ဖြင့် ဖျန်းရာ

ဤသို့ဆိုပြီးနောက် ဘုရားလောင်းသည် မိမိကိုယ်တိုင်ဓားငယ်ဖြင့် မိမိရင်ကို ခွဲလျက်ရှေးဦးစွာ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်လိုရကား ယခုအခါငါသည် ငါ၏အသည်းနှလုံးကို ခွဲယူရာတွင် ဤခန္ဓာကိုယ်၌ရှိကြသော သွေးပြည်စသော စက်ဆုပ်ဘွယ်ရာ အညစ်အကြေးများသည် ငါ၏ခန္ဓာကိုယ်မှ ပြင်ပသို့ ထွက်မလာပါစေသတည်းဟု အဓိဋ္ဌာန်ပြုလျက် စိတ်ကိုမြဲမြံစွာထားပြီးလျှင် ရင်ကိုခွဲ၍ အသည်းနှလုံးကိုဖြတ်ယူ ထုတ်နုတ်လျက် ယင်းအသည်းနှလုံးကိုယူ၍ ပုဏ္ဏား၏လက်ထဲ၌ ထည့်လေ၏။ ထိုအခါ ပုဏ္ဏားသည်ထိုအသည်းနှလုံးကိုယူ၍ “အမောင်ပဒုမ မင်းသား၊ သင့်မိခင်၏အသက်ကိုပြန်ရှင်အောင် ပြုလုပ်ရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်ပါသည်၊ ယခုသင့်မိခင်၏အသက်ကို ကျွန်ုပ်ပေးပါအံ့၊ ကျွန်ုပ်လက်မှ အသည်းနှလုံးကိုယူ၍ သင့်မိခင်၏ခံတွင်းဝ၌ ထားပါလော့၊ ကျွန်ုပ်သည် သင်၏အသည်းနှလုံးဖြင့် ကျွန်ုပ်၏မန္တန်ကို မန်းမှုတ်သရဇ္ဈာယ်ပါအံ့ဟု ဆိုလေ၏။ ပုဏ္ဏား၏စကားကိုကြား

သောအခါ ပဒုမမင်းသားသည် မိမိ၏အသည်းနှလုံးကို မိခင်၏ ခံတွင်းဝ၌ ထားလေ၏။ ထိုအခိုက်တွင်ပုဏ္ဏားသည် မိမိ၏တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ယင်းအသည်းနှလုံးကို ကွယ်ဝှက်ဖုံးအုပ်လျက် အမြိုက်ရေစင်ကိုယူ၍ သေနေသော သုမေခလာ မိဖုရား၏ကိုယ်ပေါ်၌ အမြိုက်ရေစင်ကို ပက်ဖျန်းလေ၏။ ထိုအခါ ဘုရားလောင်း ပဒုမမင်းသား၏ မယ်တော်သုမေခလာ မိဖုရားသည် မိမိ၏အသက်ကို ပြန်ရလာလာလျက် အိပ်ပျော်ယောကျ်ား နိုးသောလားသို့ ထိုနေရာ၌ပင် ထ၍ထိုင်လေ၏။

ထိုအခါ ဘုရား လောင်းသည် မိခင်၏ခြေတို့ကို ရှိခိုးဦးချလျက် မယ်တော်အား မေးမြန်းလိုရကား—

၁၀၆-၁၀၇။ အို ချစ်စွာသောမိခင် ကျွန်ုပ်သည် မိခင်အားပန်ကြားပြောဆိုပါ၏၊ ကျွန်ုပ်သည် ပါရမီတရားကိုဖြည့်ကျင့်လျက် မိခင်၏အသက်ကိုပေးလှူပါ၏၊ ဤကောင်းမှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏၊ အို ချစ်စွာသောမိခင် ဤညဥ့်အခါတွင် ကျွန်ုပ်သေသည်ကိုတွေ့မြင်ရပါလျှင် ကျွန်ုပ်၏ အသက်ရှင်လျက်ရှိသော မျက်နှာကိုမမြင်ရသောကြောင့် သင်မိခင်မှာ များစွာ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြစ်ရပါလိမ့်မည်။

## သားပဒုမအတွက်မိခင်သောကဖြစ်ရပြန်

ဤသို့ဆိုပြီး၍ ဘုရားလောင်းပဒုမမင်းသားသည် မိမိ၏ မယ်တော်ကို ကြည့်ရှုလျက် မိခင်အား ရှိခိုးကန်တော့ပြီးလျှင် မိမိကိုယ်ကို မထိန်းနိုင်တော့ဘဲ ထိုနေရာ၌ပင်လဲကျလျက် ကွယ်လွန်သွားရှာလေ၏၊ ထိုအခါ သုမေခလာမိဖုရားကြီးသည် ထိုနေရာ၌ လဲကျသေဆုံးသွားရှာသော ချစ်စွာသောသားတော်ကိုမြင်ရသဖြင့် စိတ်ကိုမထိန်းနိုင်ဘဲ အရူးပမာ ငိုကြွေးမြည်တမ်းရှာလေ၏။ ထိုနောက် ပုဏ္ဏားသည် "အို အရှင်မ ယခုအခါ သင်သည် အသက်ပြန်ရှင်လာပြီဖြစ်၍ မငိုကြွေးပါနှင့်တော့" ဟု ဆိုလေ၏။ ပုဏ္ဏားကြီး၏စကားကို ကြားသောအခါ ထိုနေရာ၌ရပ်တည်လျက် ရင်ကိုထု၍ ကြီးကျယ်ပြင်းပြစွာ ငိုကြွေးမြည်တမ်းလျက် ဤသို့ဆို၏။

၁၀၈-၁၁၇။ နေနှင့်လတို့သည် မြေ၌ကျသကဲ့သို့ ငါ၏သားသည်လည်း မြေ၌ လဲကျသေဆုံးရချေပြီ၊ အို ချစ်စွာသောသား ထ၍ရှုကြည့်ပါအုန်း လော့၊ ငါ့အား အသည်းနှလုံးပေးသဖြင့် သင့်အသက်သေရခြင်း ဖြစ်သောကြောင့် ငါတယောက်တည်း အဘယ်မှာအသက်ရှင်နေနိုင် ပါမည်နည်း၊ သင်သည် တောတောင်ထဲ၌ အားလားရာမဲ့ မှီခို ရာမဲ့ဖြစ်လျက် အလွန် စိတ်ဆင်းရဲဒုက္ခ ရောက်နေသော ငါ့အား တယောက်တည်းထားခဲ့ကာအဘယ့်ကြောင့် အိပ်နေပါဘိသနည်း၊ ယခုအခါ ငါ့မှာ သခင်အပေါင်းမှ ကွဲကွာ၍ တကောင်တည်း တော၌ကျင်လည်ကျက်စားရသောသမင်မကဲ့သို့ညှိုးငယ်စွာဖြစ်နေရ ပါပြီ၊ အို ချစ်စွာသောသား သင်သည် မိခင်၏ ကျေးဇူးကို သိတတ်သော သားမြတ်ရတနာဖြစ်ပါ၏။ ယခုထ၍ မိခင်အပါးမှာ ထိုင်ပါတော့လား အမောင်ချစ်သား၊ ငါသည် ရှေးက ဆင်းရဲ ဒုက္ခတွေကြုံရသောအခါသားတော်၏ ရွှင်ပျသောမျက်နှာကို မြင်ရ လျှင် ဆင်းရဲများပျောက်၍ ကြည်လင် ဝမ်းမြောက်ခြင်း ဖြစ်ရ ပါ၏။ ယခုအခါ ငါ့မှာ သားတော်နှင့်ကင်းကွာ၍ အဘယ်သို့ အသက်ရှင်နေရပါမည်နည်း။

ဤသို့ ငိုကြွေးမြည်တမ်းလျက် သုမေခလာမိဖုရားသည် သေနေသော သားတော် ပဒုမမင်းသားကို ပွေ့ဖက်လျက် မှိုင်နေရှာ၏။ ထိုအခါပုဏ္ဏား သည် ထိုနေရာ၌ရပ်လျက် "အို ဟရှင်မ သင်သည် သင်သား၏အသက်ကို ပြန်၍ရှင်လိုပါလျှင် ဤသို့ငိုကြွေးမနေပါလင့်၊ သင်သည် ယခုအခါသစ္စာ ဓိဋ္ဌာန်ပြုပါလော့၊ သင်သည် သစ္စာဓိဋ္ဌာန်ပြုပါလျှင် သင့်သားသည်အသက် တဖန်ပြန်၍ရှင်ပါလတ့်"ဟုပြောဆိုလေ၏။ ပုဏ္ဏား၏စကားကို ကြားသော အခါသုမေခလာမိဖုရားသည် လက်အုပ်ချီလျက် "အို နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏စကားကို နားထောင်ကြပါကုန် လော့၊ ကျွန်ုပ်သည် သားတော် ပဒုမမင်းသား အသက်ပြန်ရှင်လာရေး အတွက် ယခုအခါ သစ္စာဓိဋ္ဌာန်ပြုပါအံ့"ဟု နတ်အပေါင်းအား ပန်ကြား လျက် သစ္စာဓိဋ္ဌာန်ပြုလိုရကား—

၁၁၇-၁၁၉။ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏စကားကို နားထောင်ကြပါကုန်လော့၊ ကျွန်ုပ်၏သားသည် ကျွန်ုပ်၏အသက် ပြန်ရှင်စေရန်အတွက် သူ၏ရင်ကိုခွဲ၍ အသည်း နှလုံးများကို ထုတ်နှုတ်ယူငင်ပေးသဖြင့် ဤသို့ အသက်သေသွား ရခြင်းဖြစ်ပါသည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်ုပ် ၏သားသည် အသက်တဖန် ပြန်ရှင်လာပါစေသတည်း ။

## မိခင်၏ စေတနာနှင့် သစ္စာအဓိဋ္ဌာန်

သုမေခလာ မိဖုရား၏ သစ္စာအဓိဋ္ဌာန်ပြုပြီးသည်နှင့်တပြိုင်နက် ပဏ္ဏား ယ်သွင်ဆောင်လာသော သိကြားမင်းသည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် နတ်ဆေးကိုရင်း, အမြိုက်ရေစင်ကိုရင်းယူ၍ သေနေသောပဒုမမင်းသား၏ ကိုအဥ္ဈအမြိုက်ရေစင်ကို ပက်ဖျန်းပေးလေ၏။ ထိုအခါ သိကြားမင်း၏ တန်ခိုး မိဖုရားကြီး၏သစ္စာဓိဋ္ဌာန် တန်ခိုးအာနုဘော်များကြောင့် သေနေ သောပဒုမမင်းသားသည် အသက်ပြန်ရှင်လာလေ၏။ အသက်တဖန် ပြန်ရှင် လာသောပဒုမမင်းသား၏ ကိုယ်အဆင်းသည် ဝါဝင်းလှပ ကျက်သရေရှိလှ ပေ၏။ ထိုနောက်ပဒုမမင်းသားသည် အိပ်ရာမှထလျက် မိခင်ကို ရှိခိုး၍ အမိ၏ကျေးဇူးကို အောက်မေ့ဆင်ခြင်လျက်နေလေ၏။ ထိုအခိုက်၌ မဟာ ပထဝီမြေကြီးတုန်လှုပ်ခြင်းစသောမဖြစ်ဖူးမြဲ ထူးကဲစွာသော အံ့သြဘွယ်တို့ သည်ဖြစ်ပေါ်လေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

၁၂၁-၁၂၄။ ထိုအခါ အသက်တဖန် ပြန်ရှင်လာသော ပဒုမမင်းသား သည် မိခင်၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ ဆင်ခြင်လျက် မိခင်အား ရှိခိုး၍နေလေ၏- ထိုအခိုက်၌ မဟာပထဝီမြေကြီးသည် ကြံညှစ်ယန္တရားကဲ့သို့ရင်း၊ ဆီကြိတ်သောယန္တရားကဲ့သို့ရင်း၊ သည်း စွာသောအသံကို ပြုလျက် မြည်ဟီးတုန်လှုပ်၏၊ သမုဒ္ဒရာသည်လည်း လှိုင်းတံပိုးထသဖြင့် တုန်လှုပ်ခြောက်ချား၏၊ မြင်းမိုရ်တောင်မင်း သည်လည်း မီးအုံးသော ကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ်ခွေပျော် လျက် အဂ္ဂဝတီမြို့သို့ ရှေးရှုတည်လေ၏၊ မိုးအခါ မဟုတ်ဘဲ

တိမ်ပုပ် တိမ်ထပ်ကြားမှ လျှပ်စစ်နွယ်တို့သည်လည်း အသွယ်သွယ် ယှက်သန်းလျက် တက်ကုန်၏။ ကောင်းကင်ပြင် တခုလုံး၌လည်း ထူးဆန်းအံ့ဩဘွယ်တို့သည် ဖြစ်ပေါ်ကုန်၏။

ထိုအခါ သိကြားမင်းသည် မိမိ၏သိကြားမင်းအသွင်ကို ဆောင်လျက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် တက်သစ်စ နေဝန်းပမာ ကောင်းကင်၌ ရပ်တည်လျက် မိမိ၏သိကြားမင်း အဖြစ်ကို ပြောကြားလိုရကား ဂါထာနှစ်ပုဒ်ကို ဆိုလေ၏။

၁၂၅-၁၂၆။ အမောင်ပဒုမမင်းသား၊ ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်ပါသည်၊ သင်၏ ပြုနိုင်ခဲသော အလှူဒါနကိုသိမြင်ကြည့်ရှု ရန်လာခြင်းဖြစ်ပါသည်၊ ယခုအခါ ကျွန်ုပ်သည် သင်၏ အလှူဒါန အတွက် သင့်အား ဦးခိုက်ဝပ်လျှိုး ရှိခိုးပူဇော်ပါ၏၊ ယခုသင့်မိခင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသကဲ့သို့သင်သည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါပြီ၊ ထို့ကြောင့် ကျွန်ုပ်သည် မိမိနေရာ နတ်ပြည်သို့ပြန်ရန် သင့်အားပန်ကြားပါ၏။

ဤသို့ဆိုပြီးလျှင် သိကြားမင်းသည် ဘုရားလောင်းပဒုမ မင်းသားကို များစွာချီးကျူးလျက် မိမိနေရာ ဘုံဗိမာန်သို့ ပြန်သွားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဂါထာကို မိန့်ဆိုတော်မူ၏။

၁၂၇။ ထိုအခါ သိကြားမင်းသည် ပဒုမ မင်းသားအား များစွာချီးကျူးပြောဆိုပန်ကြားပြီးနောက် မိမိ၏ဘုံဗိမာန် နတ်ပြည် နတ်နန်းသို့ ကြွမြန်းလေ၏။

ထို့နောက် ပဒုမမင်းသားသည် မယ်တော်သုမေခလာအား သစ်ရွက်မိုးဇရပ်ကျောင်းသို့ ခေါ်ဆောင် သွားပြီးလျှင် "အို- ချစ်စွာသော မိခင် ယနေ့မှစ၍ သင်မိခင်သည် သစ်သီးကြီးငယ် ရှာဖွေရန် တောသို့မသွားဘဲ ဤကျောင်းသင်္ခမ်း၌သာ ချမ်းသာစွာ နေတော်မူပါ၊ ကျွန်ုပ်သည် တောမှ သစ်သီးရှာဖွေ ကျွေးမွေးခြင်းမှ အစ မယ်တော်၏ ကိစ္စအဝဝကို ပြုလုပ်လျက် ကျွေးမွေးပြုစုပါအံ့" ဟုပြောဆိုလေ၏၊ ထိုအခါမှစ၍ ပဒုမမင်းသား

သည် မယ်တော်သုမေခလာအား ရှိသေစွာကျေးမွေးပြုစုလေ၏၊ ဤသို့လျှင် သားအမိနှစ်ဦးတို့သည် တောထဲရှိ ကျောင်းသခ်မ်းဌ်ပင်နေလျက် ကမ္မဋ္ဌာန်း တရားတို့ကို ပွားများအားထုတ်လေရာ ကွယ်လွန်သောအခါ၌ နတ်ပြည်၌ ဖြစ်ကြကုန်၏။

## ဇာတ်ပေါင်းသော်

ထိုစဉ်အခါ၌ ကောက်ကျစ်စဉ်းလဲ၍ လောဘကြီးလှသော မင်းသည် အနုဂ်သေနမင်းထံမှ အဂ္ဂဝတီမြို့တော်ကို အတင်းအဓမ္မလက်နက်ဖြင့် အနိုင်ကျင့် သိမ်းပိုက်ပြီးနောက် တိုင်းသူ ပြည်သား တို့အား အာဏာဖြင့် အုပ်ချုပ်လျက် အဂ္ဂဝတီမြို့တော်၌ မင်းပြု၍ ကွယ်လွန်သော အခါ ကံအား လျော်စွာ အပါယ်ငရဲသို့ ကျရောက်လေ၏၊ မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းလိုရကား အဆုံးဂါထာ တို့ကို မိန့်ဆိုတော်မူ၏။

၁၂၇-၁၃၃။ ထိုအခါ တိုင်းပြည်ကို လုယက်၍ယူသော ကောက်ကျစ် [illegible] ယခုအခါ ဒေဝဒတ်ဖြစ်လာ၏၊ သိကြား [illegible] ဒေါ်ဒန၊ သုမေ မင်းသည် ရှင်အနုရုဒ္ဓါ၊ အနုဂ်သေနာမင်း [illegible] ခလာမိဖုရားသည် မဟာမာယာ၊ အဂ္ဂဝတီ ပြည်သူပြည်သားတို့သည် ငါဘုရား၏ ပရိသတ်များဖြစ်လာ၍ မဟာပဒုမမင်းသားသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ဆောင်ယူ မှတ်သားကြကုန်လော့။

ခုနစ်ခုမြောက် မဟာပဒုမဇာတ်ပြီး၏။

## ၈-မဟာသုရသေနရာဇဇာတ်

[မိမိ၏ ဦးခေါင်းကို ဖြတ်၍လှူသော မဟာသုရသေနမင်း ဝတ္ထု]

မြတ်စွာဘုရားသည် ယေ စ မိရာ ဒါနံ ဒေန္တိ အစချီသော ဤတရားဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် ရှေးအခါက မိမိ၏ ဦးခေါင်းလှူခဲ့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ၌ သဒ္ဓါတရားရှိ၍ ဉာဏ်ပညာထက်မြက်သော အမျိုးကောင်းသားတယောက်သည် ကောဏာဂုံ ဘုရားရှင်၏ သာသနာ၌ ရှင်ရဟန်းပြု၍ လာဘ်လာဘပေါများလျက် အခြံအရံလည်း များစွာရှိခဲ့လေ၏၊ ထိုရဟန်းသည် ငါတို့မြတ်စွာဘုရားလက်ထက်၌လည်း အမျိုးကောင်းသားတဦး ဖြစ်လာလျက် သံဃာရတနာကို ပူဇော်အံ့ဟုကြံ၍ 'အို-မိတ်ဆွေအပေါင်းတို့ ကျွန်ုပ်သည် ရဟန်းတထောင်နှင့် သာမဏေတထောင်တို့အား ပရိက္ခရာရှစ်ပါးနှင့် ထမင်းအဖျော်စသော အလှူဝတ္ထုတို့ကို ပေးလှူ၍ လူတို့အားလည်း အမျိုးမျိုးသော အသုံးအဆောင်တို့ကို ပေးလှူအံ့ဟုဆို၍ မဏ္ဍပ်ကြီးများ ဇရပ်များကို ဆောက်လုပ်စေလျက် ရဟန်း သာမဏေတို့ကို ပင့်ဖိတ်၍ ၇-ရက် တိုင်တိုင် ပရိက္ခရာရှစ်ပါးတို့ကို ပေးလှူလေ၏၊ ၇-ရက်မြောက်သောနေ့၌ကား ရှိရှိသမျှ ပရိက္ခရာရှစ်ပါးနှင့် ကျန်သမျှ အလှူဝတ္ထုအားလုံးတို့ကို ပေးလှူပြီးလျှင် မိမိသည် တဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ကို ကျင့်လျက် တော၌နေ၍ ဝိပဿနာတရားတို့ကို အားထုတ်သောအခါ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရပြီးနောက် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားဆွေးနွေးရာ မဏ္ဍပ်၌ စုဝေးကြလျက် "ငါ့ရှင်တို့ ဒါန မည်သည်ကား ပစ္စုပ္ပန်အကျိုးတမလွန် အကျိုးတို့ကို မုချပေးတတ်လေ၏" ဟု ပြောဆိုနေကြကုန်၏၊ ထိုအခါ ဂန္ဓကုဋိ၌ နေတော်မူသော မြတ်စွာဘုရားသည် ထိုရဟန်းတို့ ပြောဆိုနေကြသော စကားကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားသိတော်မူသဖြင့် ဂန္ဓကုဋိကျောင်းတော်မှ ရဟန်းတို့ တရားသဘင် မဏ္ဍပ်သို့ ကြွရောက်တော်မူပြီးလျှင် "ငါ၏ချစ်သား ရဟန်းများတို့ ယခု ငါဘုရား ကြွလာတော် မူသောအခါ သင်တို့သည်

အဘယ်စကားကို ပြောဆို စုဝေး ဆွေးနွေးနေကြပါသနည်းဟု မေးတော်မူလေ၏၊ ထိုအခါ ရဟန်းတော် များက ဤမည်သော စကားကို စုဝေး ဆွေးနွေးနေကြပါကြောင်း လျှောက်ထားကြလေလျှင် ရဟန်းတို့ ငါဘုရားသည် ယခုမှသာ အမျိုးမျိုးသော အလှူဝတ္ထုတို့ကို ပေးလှူသည် မဟုတ်၊ ရှေးအခါကလည်း ရှေးပညာရှိများသည် မိမိ၏ ဦးခေါင်းကိုပင် ဖြတ်၍ ပေးလှူကြကုန်၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာသုရသေနမင်း မင်းပြု၏၊ ထိုမင်း၏ မိဖုရားကြီးကား ဝိဇ္ဇုလတာ အမည်ရှိ၍ အမတ်ကြီးကား သုစိသေန အမည်ရှိလေ၏၊ ထိုအခါ မဟာသုရသေနမင်းသည် နံနက်တကြိမ် ညနေခင်းတကြိမ်အားဖြင့် တနေ့နှစ်ကြိမ်မျှ မှူးမတ်အပေါင်းနှင့် လူအများတို့အား ဆုံးမဩဝါဒပေးလျက် "အို မှူးမတ် တိုင်းသူပြည်သား လူအများတို့ သင်တို့သည် မိမိတို့တတ်စွမ်းသမျှ အလှူဒါနကို ပြုလုပ်ကြကုန်လော့ ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့၊ သီလကို ဆောက်တည်ကြကုန်လော့"ဟု မိန့်တော်မူလျက် ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁။ ပညာရှိ၍ တည်ကြည်မြဲမြံသော စိတ်နှလုံး ရှိကုန်သောသူတို့သည် ရွှေငွေဥစ္စာ ရတနာတို့ကို အလိုရှိကုန်သောသူတို့အား လှူဒါန်းပေးကမ်း စွန့်ကြဲကြကုန်၏၊ ယင်းသို့ ပေးကမ်းစွန့်ကြဲခြင်းသည် လောက၌ ပြန့်ပြောစည်ပင် မွန်မြတ်သော ချမ်းသာသုခအကျိုးကို ရစေနိုင် ရောက်စေနိုင်ပေ၏။

မဟာသုရသေနမင်းသည် မြို့လေးပြင်လေးရပ်တို့၌၎င်း,မြို့အလယ်၌၎င်း နန်းတော်တံခါးအနီး၌၎င်း အလှူမဏ္ဍပ် ခြောက်ဆောင်တို့ကို ဆောက်လုပ်စေလျက် နေ့စဉ်ခြောက်သိန်းသော အသပြာတို့ကို စွန့်လွှတ်၍ ထိုထိုအလှူမဏ္ဍပ်သို့ ရောက်လာကုန်သော လူအပေါင်းအား အလှူကြီးကိုပေးလှူ

လေ၏၊ ဆဲ့လေးရက် ဆဲ့ငါးရက် ဥပုသ်နေ့များ၌ကား မဟာသုရသေန မင်းသည် နံနက်စောစောထ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် ဝတ် စားတန်ဆာများကို ဆင်ယင်လျက် အမတ်အပေါင်းခြံရံကာ မဟာပုဏ္ဏရိက မည်သော မင်္ဂလာဆင်တော်ကိုစီး၍ ထိုထိုအလှူမဏ္ဍပ်များသို့ ကိုယ်တိုင်ကြွ ရောက်ကာ လာလာသမျှ အလှူခံတို့အား မိမိကိုယ်တိုင် ပေးလှူလျက် မှူးမတ်တို့အား မိန့်ကြားပြောဆိုလိုရကား ဤနှစ်ခုမြောက်သော ဂါထာ တို့ကိုဆို၏။

၂။ အို မှူးမတ်အပေါင်းတို့ ငါ၏အလှူမဏ္ဍပ်၌ ဥစ္စာရွှေငွေဆန်စပါး နှင့် အဝတ်အစား အသုံးအဆောင်တို့ကို အလိုရှိ၍ တောင်းခံလာ သူတို့အား ယင်းတို့အလိုရှိသော အလှူဝတ္ထုတို့ကို သင်တို့သည် ပေး လှူကြပါကုန်လော့။

## ကိုယ်တွင်းအဇ္ဈတ္တ အလှူပေးလှူလို

ထိုနောက် မဟာသုရသေနမင်းသည် မှူးမတ်အများနှင့် လူအပေါင်း တို့အား သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံစေလျက် မဟာပုဏ္ဏရိကမည်သော ဆင်တော်မှသက်ဆင်း၍ မိမိနန်းပြာသာဒ်သို့ သွားလေ၏၊ တနေ့သော အခါ နံနက်မိုးသောက် အလင်းရောက်လတ်သော် မဟာသုရသေနမင်း သည် အိပ်ရာမှထလျက် ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင် မိမိပေးလှူခဲ့သမျှ အလှူ ဒါနတို့ကို အောက်မေ့ဆင်ခြင်လျက် များစွာနှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လေ၏၊ ထိုနောက် "ငါသည်ကား ဥစ္စာရွှေငွေ ဆန်ရေစပါး စသော ပြင်ပဝတ္ထုများကို ပေးလှူရ၍ဖြင့် အားရတင်းတိမ် ရောင့်ရဲကျေနပ်ဖွယ်မရှိ သေးပေ၊ ယနေ့တွင်ကား အလှူခံတို့သည် ပြင်ပဝတ္ထုများကို အလှူမခံဘဲ ငါ၏ အတွင်းအဇ္ဈတ္တ အလှူဖြစ်သော ငါ၏မျက်လုံး၊ ခေါင်း၊ အသည်း နှလုံး၊ အသားအသွေး ကိုယ်တဝက်နှင့် တကိုယ်လုံးကိုသော်လည်း တောင်း ခံလာလျှင် ငါသည် နောင်အခါ သဗ္ဗညုတဉာဏ်ရ၍ ဘုရားဖြစ်ရန်ရည်သန် လျက် ယင်းအလှူခံအား အလှူခံသမျှကို ပေးလှူအံ့ဟု ကြံစည်တွေးတော နေလေ၏၊ ယင်းသို့ မျက်လုံး ဦးခေါင်းစသည်ကို ပေးလှူရန် ကြံစည်စဉ်မှာ ပင်လျှင် မဟာပထဝီမြေကြီး တုန်လှုပ်ခြင်းစသော အံ့ဘွယ်သရဲတို့သည်

မဖြစ်ဘူးမြဲ ထူးကဲစွာ ဖြစ်ပေါ်လာကုန်၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၃-ဂ။ ထိုအခါ မဟာသူရသေန မင်းသည် မိမိ၏ ပြာသာဒ် ထက်၌ နေလျက် အလှူပေးရန် ဤသို့ ကြံစည်လေ၏၊ တစုံတယောက်သော သူသည် ငါ၏ အထံသို့ လာ၍ မျက်စိ, အသည်း နှလုံးနှင့် အသား အသွေးတို့ကို တောင်းခံလာလျှင် ငါသည် ထိုအလှူခံအား ဝမ်းမြောက်ဝမ်းသာ ပေးလှူပါအံ့၊ သည်မျှသာမက ငါ၏ ကိုယ်ကို ကျွန်အဖြစ် ပြုလုပ်ရန် တောင်းခံ လာလျှင်လည်း ငါသည် ထို တောင်းခံ လာသူအား ငါ၏ ကိုယ်ကို ကျွန်အဖြစ် ပေးလှူပါအံ့၊ ဤသို့လျှင် သူတပါးတို့ မကြံစည်ရဲသော အတွင်း အဇ္ဈတ္တအလှူကို ပေးလှူရန် ကြံစည်သော အခါ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏၊ မြင့်မိုရ်တောင်မင်းသည်လည်း မီးအုံးသော ကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ် ခွေပျော့လျက် ဗာရာဏသီပြည်သို့ ရှေးရှုတည်လေ၏။

(၇-ဂ ဂါထာတို့သည် ၆-ဝိပုလရာဇဇာတ် ၂၀-၂၁ ဂါထာတို့နှင့် တူ၏။)

ထိုခဏ၌ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြ၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့် ဤဂါထာကို ဆို၏။

၉။ အလှူပေးခြင်းကိုရင်း မြတ်သော အကျင့်ကိုရင်း ပြုလုပ် ကျင့်ကြံလျက် ကုသိုလ်ကောင်းမှုကို များစွာ ဆည်းပူးအားထုတ် ပြုလုပ်သော သူသည်ကား နတ်လော လူလော အဘယ်သူ ပါနည်း၊ ထိုသူသည် ငါ့အား သိကြားနေရာ ဘုံဗိမာန်မှ ရွေ့လျောစေဘိယောင် တကား။

## သိကြားမင်း အလိုဆန္ဒဖြည့်ပုံ

ထိုအခါ သိကြားမင်းသည် ဆင်ခြင် လတ်သော် "ဘုရားအလောင်း မဟာသူရသေန မင်းသည် နေ့စဉ်နေ့တိုင်း အလှူဇရပ်ခြောက်ခုတို့၌ ၆-သိန်း

သော အသပြာငွေကို စွန့်ကြဲလျက် လူအများအား အလှူကြီးကို ပေးလှူနေပေရာ ယင်းအလှူမျှဖြင့် ရောင့်ရဲ တင်းတိမ်ခြင်း မရှိသဖြင့် မျက်စိ၊ အသည်း နှလုံး စသော အတွင်းအဇ္ဈတ္တ အလှူများကို ပေးလှူရန် ကြံစည်တွေးတော နေပေ၏၊ မဟာသုရသေန မင်းသည် နောင်အခါ၌ ဘုရား စင်စစ် ကေန်ဖြစ်လတံ့၊ ယခုအခါ ငါသည် မဟာသုရသေန မင်း၏ အလိုဆန္ဒကို ပြည့်ဝစေအံ့ဟု ကြံစည်လျက် နတ်ပြည်မှ ဆင်းသက် ပြီးလျှင် မိမိကိုယ်ကို ခေါင်းမရှိသော လုလင်ပျိုအသွင် ဖန်ဆင်းလျက် တောင်ဝှေး လက်စွဲကာ ဘုရင်းမင်းမြတ်၏ နန်းတော်သို့ ဝင်လေ၏၊ ထိုအခါ လူအပေါင်းတို့သည် ခေါင်းမရှိသော လုလင်ပျိုကို တွေ့မြင်ကြသဖြင့် အလွန်တရာ ကြောက်ရွံ့ တုန်လှုပ်ကြကုန်လျက် "အို လူများအပေါင်းတို့ အံ့သြစရာ ကောင်းလှပါပေစွ၊ ဤ လုလင်သည် ခေါင်းမပါဘဲ ဤ အရပ်သို့ လာတုံဘိ၏" ဟု ပြောဆိုကြ ကုန်၏၊ ထိုအခါ မဟာသုရသေန မင်းသည် နံနက်စောစော အိပ်ရာမှထလျက် ပြာသာဒ်ထက်မှ ဆင်းသက်ပြီးလျှင် မိမိ၏ အလှူဇရပ်များသို့ လှည့်လည်လျက် လူအပေါင်း ခြံရံကာ မင်္ဂလာဆင်တော်ထက်၌ တည်လျက် မင်းယင်ပြင်သို့ ကြွလေ၏၊ ထိုအခါ ခေါင်းမရှိသော လုလင်ပျိုသည် မြင့်သောနေရာ၌ ရပ်တည်လျက် မင်းကြီးအနီးသို့ ချဉ်းကပ်၍ လက်ကို ဖြန့်လျက် "မင်းမြတ် သင်သည် အောင်မြင်ပါစေသတည်း" ဟု ဆိုလေ၏၊ ထိုစကားကို ကြားသဖြင့် မဟာသုရသေန မင်းသည် ကြည့်ရှုသော အခါ တောင်ဝှေး လက်စွဲလျက် ခေါင်းမရှိသော လုလင်ပျိုကို မြင်ရ၍ များစွာစိတ်မချမ်းမသာ ဖြစ်ပြီးလျှင် ဝမ်းနည်းကြေကွဲသော စိတ်နှလုံးကြောင့် မျက်ရေများပင် ကျဆင်းလျက် ခေါင်းမရှိသော လုလင်အား လာခြင်း၏ အကြောင်းကို မေးလိုရကား ဤဂါထာကို ဆို၏။

၁၀။ "အို လုလင်ယောကျ်ား သင်သည် အဘယ် အကြောင်းကြောင့် ဤအရပ်သို့ လာပါသနည်း၊ လာခြင်း၏ အကြောင်းကို ပြောကြား ပါလော့"။

ထိုအခါ ခေါင်းမရှိသော လုလင်ပျိုသည် တုန်လှုပ်သော ကိုယ်ရှိလျက် လက်ကို ချီမြှောက်၍ မြတ်သောမင်းကြီး ကျွန်ုပ်သည် ငယ်ရွယ်နုပျိုသော်

လည်း ခေါင်းမရှိပါသဖြင့် သင်မင်းကြီးထံမှ ဦးခေါင်းကို တောင်းခံရန် လာပါသည်၊ ကျွန်ုပ်အား အရှင်မင်းကြီး၏ ဦးခေါင်းကို ပေးတော်မူပါဟု ဘုရင်မင်းမြတ်အား သိစေလို၍ ဤဂါထာကို ဆို၏။

၁၁။ မိုးရေဖြင့် ပြည့်သော သမုဒ္ဒရာရေသည် မကုန်ခန်းနိုင် သကဲ့သို့ ထို့အတူ အရှင်မင်းကြီး၏ စေတနာသည်လည်း ကုန်ခန်း တွန့်ဆုတ်ခြင်း မရှိပါ၊ ထို့ကြောင့် ကျွန်ုပ်အား သင်မင်းကြီး၏ ဦးခေါင်းကို ပေးလှူပါလော့။

ထိုစကားကို ကြားသောအခါ ဘုရားလောင်း မဟာသုရသေနမင်းသည် "ဤလုလင်ပျိုသည် ခေါင်းလည်း မပါရှိချေ၊ လူစင်စစ်တော့ ဟုတ်မည် မထင်ပေ၊ နတ်ပင် ဖြစ်မည် ထင်၏" ဟု စဉ်းစား ဆင်ခြင် မိလေ၏၊ ထိုနောက် လုလင်ပျိုက ပြောပြန်သည်မှာ "မြတ်သောမင်းကြီး ခေါင်းမရှိပါသဖြင့် မှီခိုအားထားရာလည်း မရှိပါသောကြောင့် သင်၏ထံမှ ဦးခေါင်း ထိုအလှူခံရန် လာပါသည်၊ သင်သည် ဤဦးခေါင်း အလှူကြောင့် အသက် ရှည်ပါစေသတည်းဟု" ဟု ဆိုလေ၏၊ ထိုစကားကို ကြားသောအခါ မဟာ သုရသေနမင်းသည် အလွန် နှစ်သက်ဝမ်းမြောက်လျက် ဤနှစ်ဂါထာတို့ကို ဆိုလေ၏။

၁၂-၁၃။ အို-လုလင် သင် တောင်းခံလာသော သင့်အလိုဆန္ဒကို ပြည့်ဝ စေပါအံ့၊ ကျွန်ုပ်သည် ရှေးအခါကလည်း အလှူခံ တို့အား ပေး ကမ်းလှူဒါန်းခြင်းဖြင့် အလိုဆန္ဒကို ပြည့်ဝစေခဲ့ပါပြီ၊ ဤကောင်း မှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ရပါ လို၏၊ အို-လုလင် သင်တောင်းခံလာသော အရာဝတ္ထုကို တွန့်ဆုတ် တုန်လှုပ်ခြင်းမရှိဘဲ ယုံကြည်ခြင်း သဒ္ဓါ တရားဖြင့် ပေးလှူပါအံ့၊ ဤကောင်းမှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏။

## သားတော်ကို ထီးနန်းအပ် မိဖုရားကို ဆုံးမပြီးလျှင်

ဤသို့ ပြောဆိုပြီးနောက် မဟာသုရသေနမင်းသည် "အို-လုလင် သင် သည် ဤနေရာ၌ ရပ်တည်နေပါလော့၊ ကျွန်ုပ်သည် သင့်ကိုခေါ်ယူပါအံ့" ဟု

ဆိုလျက် ဘုရားဆုံးဖြတ်ရာပလ္လင်ထက်သို့ တက်ရောက်ပြီးလျှင် မှူးမတ်များနှင့် လူအပေါင်းတို့ကို စည်းဝေးစေ၍ သုစိသေနအမတ်ကို "အို-သုစိသေနအမတ် သင်သည် နန်းယင်ပြင်၌တည်ရှိသော ဦးခေါင်းမရှိသောယောကျ်ားကို ယူဆောင်၍လာပါလော့"ဟု စေခိုင်းလိုက်လေ၏။ သုစိသေန အမတ်သည်လည်း မင်းကြီးစေခိုင်းလိုက်သည့်အတိုင်း ဦးခေါင်းမရှိသော လုလင်ယောကျ်ားကို မင်းကြီးရှိရာသို့ ယူ၍ ခေါ်ဆောင်လာလေ၏၊ ထိုနောက် မဟာသုရသေနမင်းသည် ယင်းဦးခေါင်းမရှိသော လုလင် ယောကျ်ားကို တရားဆုံးဖြတ်ရာပလ္လင်ထက်၌နေစေပြီးလျှင် မိမိ၏သားတော် ဝရဇမင်းသား၏လက်၌ရေစက်သွန်းချ၍ ဝရဇမင်းသားအား မင်းအဖြစ်ကို အပ်နှင်းလျက် ဝိဇ္ဇုလတာ မိဖုရားကြီးအားခေါ်၍ ဤသို့ မိန့်ဆိုတော်မူလိုရကား-

၁၄-၁၅။ အို-ချစ်စွာသော မိဖုရားကြီး သင့်အား အကျွန်ုပ်သည် အကျိုးအကြောင်းနှင့် စပ်ယှဉ်သော စကားကို ပြောဆိုပါအံ့၊ ဤစကားကို ပြောရခြင်းသည်လည်း နောင်အခါ၌ ဘုရားစင်စစ် ကောန်ဖြစ်ရေးအတွက် ပြောဆိုရခြင်းသာ ဖြစ်ပါ၏၊ ယနေ့ အကျွန်ုပ်သည် ဘုရားရှင်များပြုလုပ်ဆည်းပူးအပ်သော သူတပါးတို့ပြုလုပ်လှူဒါန်းနိုင်ခဲသည့် အလှူကို ပေးလှူပါအံ့၊ သင်မိဖုရားကြီးသည် ကျွန်ုပ်၏အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ပါလော့။

ဤသို့ ပြောဆိုပြီးနောက် ဘုရားအလောင်းသည် ဝိဇ္ဇုလတာ မိဖုရားကြီးကို "အို-ချစ်စွာသော မိဖုရားကြီး ယခုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ဦးခေါင်းကို ဦးခေါင်းမရှိသော ဤလုလင်ယောကျ်ားအား ပေးလှူပါအံ့၊ သင်သည် ကျွန်ုပ်၏အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါလော့"ဟုဆိုလေ၏၊ ထိုစကားကို ကြားသောအခါ ဝိဇ္ဇုလတာမိဖုရားအမှူးရှိသော မောင်းမမိဿံ အပေါင်းတို့သည်၎င်း သုစိသေနတ်အမတ် အမှူးရှိသော အမတ်အပေါင်းတို့သည်၎င်း တိုင်းသူပြည်သား လူအများတို့သည်၎င်း ဘုရားလောင်းမင်းကြီး၏ ခြေရင်း၌ စုရုံးကြလျက် အုတ်အုတ် ကျက်ကျက် တခဲနက် ငိုကြွေးကြပြီးလျှင် "မြတ်သောမင်းကြီး သင်မင်းကြီးသည် အဘယ့်ကြောင့် မသင့်လျော် မလျောက်ပတ် မသင့်ပြတ်သော အမှုကို

ပြုလုပ်ပါသနည်း၊ အရှင်မင်းကြီးမရှိပါလျှင် ကျွန်ုပ်တို့အားလုံး ခိုကိုးရာမဲ့ ဖြစ်ကြပါကုန်လတ့် စသည်ဖြင့် မြည်တမ်းကာ ငိုကြွေးကြကုန်၏။

## ဦးခေါင်းဖြတ်လှူရန် ဥယျာဉ်တော်သို့ ထွက်တော်မူခြင်း

ထိုသူအားလုံးတို့ ငိုကြွေးသည်ကို ကြားသိသောအခါ ဘုရားလောင်း မဟာသူရသေနမင်းသည် "ငါသည် ဤနေရာ၌ ငါ၏ ဦးခေါင်းကို ဖြတ်လှူမည့်အလှူကို ပြုလုပ်ရန် ဖြစ်နိုင်မည်မဟုတ်ပေ၊ မြို့ပြင်သို့သွား၍ လှူမှ ဖြစ်တော့မည်" ဟု ကြံစည်တွေးတောလျက် မိဖုရား မောင်းမမိဿံ ခြွေရံအများနှင့်တကွ လူအပေါင်းတို့အား ဆုံးမစကား ပြောကြားပြီးလျှင် သုစိသေန အမတ်ကို ခေါ်၍ ရွှေပိုးချည်တို့ကိုရင်း သန်လျက်ကိုရင်း ဦးခေါင်း မရှိသော လုလင်ပျိုကိုရင်း ယူငင် ခေါ်ဆောင် စေလျက် ဥယျာဉ်တော်သို့ ထွက်ခွါသွားလေ၏၊ ထိုအခါ မောင်းမမိဿံ ခြွေရံ အပေါင်းတို့သည်ရင်း မှူးမတ်တို့သည်ရင်း တိုင်းသူပြည်သား လူအများတို့သည်ရင်း ကျောပြင်၌ ဆံပင်ကို ဖြန့်ကျဲချကြကုန်လျက် လက်နှစ်ဖက်တို့ဖြင့် ရင်ဘတ်ကို တီးကြကုန်ပြီးလျှင် ဘုရားလောင်း နောက်တော်မှ အစဉ်လိုက်သွားကြကုန်၏။

ထိုအခါ၌ ဘုရားလောင်းသည် မိမိနောက်သို့ လိုက်လာသော လူအများကို တားမြစ်ခြင်းငှါ မစွမ်းနိုင်ရကား ရောက်ရာ အရပ်၌ပင် တန့်ရပ်ကာ သုစိသေနအမတ်ကို "အို သုစိသေနအမတ်ကြီး သင်သည် ဤသန်လျက်ဖြင့် ကျွန်ုပ်၏ ဦးခေါင်းကိုဖြတ်၍ ခေါင်းမရှိသော ဤလုလင်ပျိုအား ကျွန်ုပ်၏ ခေါင်းကို ပေးပါလော့" ဟု အမိန့်ပေးလေ၏၊ သို့ရာတွင် သုစိသေနအမတ်သည် မိမိမင်းကြီး၏ ဦးခေါင်းကို ဖြတ်ရန်ဝန်လေးနေသဖြင့် မင်းကြီးအား ရှိခိုးလျက် အတန်တန်ငြင်းပယ်လေ၏၊ ထိုအခါ မဟာသူရသေနမင်းသည် အမတ်ကြီးထံမှ သန်လျက်ကိုယူ၍ မိမိကိုယ်တိုင် မိမိဦးခေါင်းကို ဖြတ်လိုသဖြင့် ကောင်းကင်သို့ မော်ကြည့်လျက် "အို နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏မွန်မြတ်သော အလှူဒါနကို ကြည့်ရှုကြပါကုန်လော့၊ ဤဦးခေါင်း လှူရသော ကောင်းမှုကြောင့် ကျွန်ုပ်သည် လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တို့ကို မတောင့်တပါ၊ စင်စစ်သော်ကား ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရန်ကိုသာ ဆုတောင်း

ပါ၏၊ ဤမွန်မြတ်သော ဦးခေါင်းအလှူကြောင့် သဗ္ဗညုတဉာဏ်ကို ရခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း''ဟု ဆိုလျက် ဤဂါထာ နှစ်ပုဒ်ကို ဆိုလေ၏။

၁၆-၁၇။ အို နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏စကားတို့ နားထောင်ကြပါကုန်လော့၊ ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရန် ရည်သန်ဆုတောင်းလျက် ဤဦးခေါင်းအလှူကို ပေးလှူပါ၏၊ ဤမွန်မြတ်သော ဦးခေါင်းအလှူကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်၍ သံသရာရေယဉ်ကျေးဝယ် နစ်မျောနေကြကုန်သော သတ္တဝါတို့အား သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းဆယ်ယူ၍ ကယ်တင်နိုင်ရပါလို၏။

ဤသို့ဆိုပြီးနောက် ဘုရားလောင်း မဟာသုရသေနမင်းသည် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ နက်ဖြန်တွင် ဘုရားအဖြစ်သို့ ရောက်တော့မည်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မိမိကိုယ်တိုင် မိမိဦးခေါင်းကိုဖြတ်ရန် အားထုတ်လေ၏၊ ထိုခဏ၌ ဘုရားလောင်း၏ ဦးခေါင်းအလှူ၏ အစွမ်းကြောင့် မဟာပထဝီမြေကြီးသည် မြည်ဟီးတုန်လှုပ်လေ၏၊ နတ်အပေါင်းတို့သည်လည်း ကောင်းချီးပေးကြကုန်လျက် ကောင်းကင်မှ ပန်းမိုးကို ရွာချစေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၁၈-၁၉။ ကောင်းကင်၌တည်သောနတ်များ, မြေ၌တည်သောနတ်များကိုသည် နတ်၌ဖြစ်သောပန်းတို့ကိုရင်း, ပဒုမာကြာပန်း, ပင်လယ်ကသစ်ပန်း, ဧကားဝါပန်း, ကန့်ကော်ပန်း, တရုတ်စကားပန်း, ပုန်းညက်ပန်း, ဆပ်သွားဖူးပန်းတို့ကိုရင်း ထိုထိုအရပ်မျက်နှာတို့မှ ကြဲဖြန့်ကြကုန်၏။

ထိုနောက် ဘုရားလောင်းသည်မိမိ၏ ညာလက်ဖြင့်သန်လျက် ကို ကိုင်၍ ဦးခေါင်းကို ဖြတ်ပြီးလျှင် ဘယ်လက်ဖြင့် ဦးခေါင်းပြတ်ကို ကိုင်လျက် ဦးခေါင်းမရှိသော လုလင်ပျိုအားပေးလေ၏၊ ထိုအခါ ဦးခေါင်းမရှိ

သောလုလင်ပျိုသည် ထိုနေရာ၌ပင် ချမ်းသာစွာ နေလေ၏၊ ထိုအချိန်၌ မဟာပထဝီ တုန်လှုပ်ခြင်းစသော ထူးဆန်းအံ့ဩဘွယ်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆို၏။

(၂၀-၂၁။ ဤဂါထာနှစ်ခုသည် ၆-ဝိပုလရာဇဇာတ်၊ ဂါထာနံပါတ် ၃၀-၃၁တို့နှင့် လုံးဝတူ၏။)

ထိုအခါ သုစိသေနအမတ်သည် ဘုရားလောင်း၏အနီး၌ ရပ်တည်လျက် ငိုကြွေးမြည်တမ်းပြီးလျှင် သွေးများကိုယူလျက် မိမိ၏ဦးခေါင်း၌ ထားကာ မြို့သို့ချက်ချင်းသွား၍ ဝိဇ္ဇုလတာမိဖုရားနှင့် လူအပေါင်းတို့အား ထိုအကြောင်းကို ပြောကြားလေ၏၊ အမတ်၏စကားကိုကြားသောအခါ ဝိဇ္ဇုလတာမိဖုရား အမှူးရှိသော မောင်းမမိဿံ အပေါင်းနှင့် မှူးမတ်တို့သည် အကြီးအကျယ် စိတ်နှလုံးထိခိုက်ကြကုန်လျက် ငိုကြွေးမြည်တမ်း ကြကာ မြို့မှထွက်၍ ဥယျာဉ်သို့ဝင်ပြီးလျှင် ဘုရားလောင်း၏ခြေရင်း၌ ဦတိုက်ကြကုန်လျက် ငိုကြွေးကြကုန်၏၊ ထိုနောက် ဝိဇ္ဇုလတာမိဖုရားနှင့် သားတော် ဝရဇ မင်းသားတို့သည် ဘုရားလောင်းကို ပွေ့ဖက်ကြကုန်လျက် မိမိတို့၏ ဆံပင်များဖြင့်၎င်း, နူးညံ့သော အဝတ်များဖြင့်၎င်း ယိုစီးကျဆင်းသော သွေးများကို သုတ်ပေးကြပြီးလျှင် ထိုနေရာ၌ပင် သတိမေ့မျောမိန်းမော သွားကြကုန်၏ ထိုအခါ နန်းတွင်းသူ အမျိုးသမီးတို့သည် ရေစင်ကိုယူ၍ ယင်းသားအမိ နှစ်ယောက်၏ ကိုယ်၌သွန်းလောင်းပက်ဖျန်း ပေးကြကုန်၏၊ ထိုအခါမိဖုရားနှင့် သားတော် ဝရဇမင်းသားတို့သည် အသက်များ ပြန်ရှူလာပြီးလျှင် သတိရလာကြကုန်၏၊ ထိုနောက် ဝိဇ္ဇုလတာ မိဖုရားသည် မိမိ၏ လက်နှစ်ဖက်တို့ဖြင့် ရင်ကိုတီး၍ "မြတ်သောမင်းကြီး ယခုအခါ ကျွန်ုပ်သည် အမြဲစိတ်ဆင်းရဲရလျက် အထီးကျန်သူ ဖြစ်ရပါတော့မည်၊ ယနေ့မှစ၍ ကျွန်ုပ်သည် မုဆိုးမတို့ခံစားရမည့် ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရပါတော့မည်" စသည်ဖြင့် ငိုကြွေးလျက် ထိုနေရာ၌ပင် ရပ်တည်နေလေ၏။

## သိကြားမင်းတန်ခိုးကြောင့် နဂိုနေအတိုင်းဖြစ်

ထိုခဏ၌ သိကြားမင်းသည် ဦးခေါင်းမရှိသော လုလင်ပျို၏ အသွင်ကို ဖျောက်၍ မိမိအား ပေးလှူသော ဦးခေါင်းကိုလည်း နတ်တို့၏ တန်ခိုး

ဏ္ဍဒွိပါဒ်ဖြင့် ကွယ်ဝှက်ထားပြီးလျှင် သိကြားမင်း ဝတ်စားတန်ဆာတို့ကို ဆင်ယင်ပြီးလျှင် တက်သစ်စ နေဝန်းပမာ ကောင်းကင်၌ ရပ်တည်လျက် လူအပေါင်းတို့ ငိုကြွေးနေစဉ်မှာပင် မိဖုရားကြီးကို ခေါ်၍ "အို မိဖုရားကြီး သင်သည် စိုးရိမ်ပူဆွေး မငိုကြွေးပါလင့်၊ ယခုအခါ အကျွန်ုပ်သည် သင်၏ ခင်ပွန်းသည် မဟာသုရသေန မင်း၏ အသက်ကို ပေးပါအံ့" ဟု ဆိုလျက် ထိုဇာဠပင် သိကြားမင်း၏ တန်ခိုးအာနုဘော်ဖြင့် မိမိအား ပေးသော ဦးခေါင်းကို ပြန်ပေး၍ မင်းကြီး၏လည်၌ တပ်ဆင်ပေးပြီးလျှင် အမြိုက် ရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းလျက် မင်းကြီးအား မူလအနေအထား အတိုင်း ချမ်းသာခြင်းကို ပြုလုပ်လေ၏၊ ထိုအခါ ထိုနေရာ၌ ရှိကြကုန် သော အားလုံးသော လူအပေါင်းတို့သည် မူလပင်ကိုယ်အတိုင်း ချမ်းချမ်း သာသာ ကျန်းကျန်းမာမာ ရှိနေသော ဘုရားလောင်း မင်းကြီးကို တွေ့ မြင်ကြရလေရာ အလွန်တရာ အံ့သြကြကုန်လျက် ကောင်းချီးပေးခြင်း, ဦးရက်ခေါင်းပေါင်း မြှောက်ခြင်း စသည်တို့ကို ပြုလုပ်ကြကုန်၏၊ သိကြား မင်းသည် ဘုရားလောင်းအား များစွာ ချီးမွမ်းခြင်းကို ပြုလေ၏။ ထို အကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော် မူ၏။

(၂၂-၂၀။ ဤဂါထာများသည် ၆-ဝိပုလရာဇဇာတ် ဂါထာ နံပါတ် ၄၂-၄၇ လာ ဂါထာတို့နှင့် တူ၏။)

ဤသို့ မိန့်ဆိုပြီးနောက် သိကြားမင်းသည် "ငါသည် ဤအရပ်၌ ကြာ ရှည်စွာ မနေဘဲ နတ်ပြည်သို့ ပြန်ရန်သင့်ပြီ" ဟု ကြံစည်လျက် မိမိ၏ သိကြားမင်းအဖြစ်ကို ပြောကြားလိုရကား ဤဂါထာကို ဆို၏။

၂၃။ အို မဟာသုရသေန မင်းကြီး ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရ သော နတ်တို့သနင်း သိကြားမင်းပါတည်း၊ သင်၏ အလိုဆန္ဒကို ပြည့်ဝစေရန် အတွက် ဤအရပ်သို့လာခြင်း ဖြစ်ပါသည်၊ သင်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ပါလတ့်။

ဤသို့လျှင် သိကြားမင်းသည် ဘုရားလောင်းနှင့် အတူ စကားပြောဆို ပြီးလျှင် ဘုရားလောင်းအား အလှူဒါနပြုရန် ဆုံးမ ဩဝါဒပေးလျက်

ထိုနေရာမှ ကွယ်ပျောက်ကာ နတ်ပြည်သို့ ပြန်ကြွသွားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာကို မိန့်ဆိုတော်မူ၏။

၄၀။ ဤစကားကို ပြောဆိုပြီး နောက် စတုမဟာရာဇ် တာဝတိံသာ နတ်ပြည်နှစ်ခုတို့ကို အစိုးရသော သိကြားမင်းသည် မဟာသူရသေန မင်းအား ချီးမွမ်းစကား ပြောကြားပြီးလျှင် မိမိနေရာ နတ်ပြည်သို့ ပြန်ကြွလေ၏။

ထိုအခါ မဟာသူရသေန မင်းသည် သိကြားမင်း၏ တန်ခိုးအစွမ်းအာနုဘော်ကြောင့် မိမိအသက်ကို ပြန်ရပြီးလျှင် ထိုနေရာမှ ထ၍ ချမ်းသာစွာ နေလေ၏၊ ဝိဇ္ဇုလတာ မိဖုရားကြီးသည်လည်း မိမိ၏ အရှင်မင်းကြီး အနာရောဂါ တစုံတရာမရှိဘဲ ပကတိကျန်းမာလျက် ရှိသည်ကို တွေ့ရသဖြင့် များစွာ နှစ်သက်ဝမ်းမြောက်လျက် "ချမ်းသာကို အလိုရှိသော သူတို့သည် အလှူဒါနကို အမြဲမပြတ် ပေးလှူသင့် ပေးလှူထိုက်၏" ဟု အလှူပေးခြင်းကို ချီးမွမ်း၍ နေလေ၏။ မှူးမတ်အများနှင့် မြို့သူမြို့သား အားလုံးတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ရှိကြသဖြင့် ထိုနေရာ၌ပင် ဘုရားလောင်းအား ဘိသိက်ရေစင်များ ပက်ဖျန်းသွန်းလောင်း ကြကုန်လျက် မြို့တော်သို့ ခေါ်ဆောင်ကြကုန်၏၊ ထိုနေ့မှ စ၍ ဘုရားလောင်းသည် မိမိ၏ အလှူမဏ္ဍပ်သို့ ရောက်လာသမျှသော အလှူခံတို့အား အလှူကြီးကို ပေးလှူ၍ ဆုံးမသြဝါဒစကား ပြောကြားလျက် အသက်ရှည်သမျှ နေပြီးနောက် ကွယ်လွန်သောအခါ တုသိတာနတ်ဘုံ၌ဖြစ်လေ၏၊ ဘုရားလောင်း၏ ဆုံးမသြဝါဒအတိုင်း လိုက်နာလျက် ကုသိုလ်ဒါန ပြုကြကုန်သော တိုင်းသူပြည်သား လူအများတို့ သည်လည်း ကွယ်လွန်ကြသော အခါ နတ်ပြည်တို့၌ အသီးအသီး ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤ တရားဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့ ယခု အခါ၌သာ ဤသို့သော အလှူကြီးကို ပေးလှူသည် မဟုတ်၊ ရှေးအခါကလည်း အလှူကြီးကို ပေးလှူခဲ့ သည်သာ ဖြစ်၏ ဟု မိန့်တော် မူလျက် ဇာတ်ကို ပေါင်းတော် မူလိုရကား အဆုံးဂါထာတို့ကို မိန့်ဆိုတော် မူ၏။

ဇာတ်ပေါင်းသော်

၃၁-၃၅။ ထိုအခါ သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ သုစိသေန အမတ်သည် ရှင်အာနန္ဒာ၊ ဝရဇ မင်းသားသည် ရှင်ရာဟုလာ၊ ဝိဇ္ဇုလတာ မိဖုရားသည် ယသော်ဓရာ၊ ထိုအခါ မဟာသူရသေန မင်း၏ မယ်တော် ခမည်းတော်များသည် ယခုအခါ ခမည်းတော် သုဒ္ဓေါဒနနှင့် မဟာမာယာတို့ဖြစ်လာ၍ မဟာသူရသေန မင်းသည်ကား ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရိုသေစွာ နာယူ မှတ်သား ဆောင်ထားကြကုန်လော့။

ရှစ်ခုမြောက် မဟာသူရသေနဇာတ် ပြီး၏။

---

# ၄-ဗြဟ္မဃောသရာဇဇာတ်

**[ ဗြဟ္မဃောသမင်းအား စမ်းသပ်ရန်အတွက် သိကြားမင်းသည် မာတလိနတ်သားကို ခွေးယောင်ဆောင်စေပြီး မိမိကား ခွေးစောင့် ယောကျ်ားအသွင် ဆောင်လျက် တိုင်းသူပြည်သားတို့အား ကုသိုလ်ကောင်းမှု ပပြုလုပ်ရန် လိုက်လံ ဟောကြား ပြောဆိုသည်ကို တရားသဖြင့် ဟောကြားဆုံးပသောဗြဟ္မဃောသမင်းဝတ္ထု ]**

မြတ်စွာဘုရားသည် ဒေသေတု ဘဂဝါ ဘန္တေ အစရှိသော ဤတရား ဒေသနာကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရှေးအခါက မိမိပြုခဲ့ သော ပါရမီသမ္ဘာရအဆောက်အဦကို အကြောင်းပြု၍ ဟောတော်မူ၏။ ချဲ့၍ဆိုဦးအံ့– ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ မဏ္ဍပ်အဆောက်အဦ၌ စုဝေးကြကုန်လျက် ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပါပေစွ၊ ငါတို့မြတ်စွာဘုရားသည် ပါရမီတို့ကို ဖြည့်ကျင့် ဆည်းပူးခဲ့သောကြောင့် နတ်လူတို့၏ ကိုးကွယ်အားထားရာဖြစ်ပေ၏ဟု စကားကို ပြောဆိုနေကြ

ကုန်၏။ ထိုအခါ ဂန္ဓကုဋီ၌နေတော်မူသော မြတ်စွာဘုရားသည် မိမိ၏ ဒိဗ္ဗသောတအဘိညာဉ်ဉာဏ်တော်ဖြင့် ထိုရဟန်းတို့ ပြောဆိုသောစကားကို ကြားသိတော်မူရကား— ရဟန်းတို့စည်းဝေးရာ တရားသဘင် မဏ္ဍပ်သို့ ကြွလာတော်မူလျက် မြတ်သော မြတ်စွာဘုရား၏နေရာ၌ထိုင်တော်မူပြီးလျှင် "ရဟန်းတို့ ယခုငါဘုရားကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ် စကားကိုပြောဆို ဆွေးနွေးနေကြပါသနည်း" ဟု မေးလေရာ-ဤမည်သော စကားကိုပြောဆိုဆွေးနွေးနေကြပါသည်ဟု ရဟန်းတော်များက ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ငါဘုရားသည် ယခုအခါမှသာ နက်လူတို့၏ ကိုးကွယ်အားထားရာဖြစ်သည် မဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် ရဟန်းသာမဏေတို့အား ပစ္စည်းလေးပါး ကို ပေးလှူခဲ့ခြင်းဖြင့်၎င်း, လူတို့အားလည်း ထမင်း အဝတ် စသော ဝတ္ထု ပစ္စည်းများကိုပေးလှူခြင်းဖြင့်၎င်း နတ်လူတို့၏ ကိုးကွယ်အားထားရာ ဖြစ်ခဲ့ ဘူးသည်သာတည်း" ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ရဟန်းတော်များက တောင်းပန် လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ကုသုမ္ဗမည်သောမြို့တမြို့ရှိ၏၊ ယင်းမြို့ သည်ကား အနာရောဂါ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်း၍ အစား အစာများ ကြွယ်ဝပြည့်စုံ၏။ များစွာသော ရေကန် ဆည်မြောင်းတို့ရှိ၏၊ ဆင်မြင်းရထားတို့လည်း ပေါများလျက် ရတနာအမျိုးမျိုးတို့လည်း အလွန် များပြား၏၊ ထိုမြို့၌ ဘုရားအလောင်း ဖြဟ္မသောသသည် တရားသဖြင့် မင်းပြုအုပ်ချုပ်၏။ မိဖုရားကြီးကား နန္ဒာဒေဝီအမည်ရှိ၏၊ ဖြဟ္မသောသ မင်း မင်းပြုနေစဉ်၌ ပဒုမုတ္တရာဘုရား ပွင့်တော်မူချိန်ဖြစ်၏။ ထိုအခါက ပဒုမုတ္တရမြတ်စွာဘုရားသည် ကုသုမ္ဗပုရမြို့၌ သီတင်းသုံးနေထိုင်တော်မူ၏။ ဖြဟ္မသောသမင်းသည် ရဟန်းငါးထောင် အခြံအရံရှိသော ပဒုမုတ္တရ ဘုရားရှင်အား တဆဲ့ခြောက်နှစ်ပတ်လုံး ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ပြုစုလုပ်ကျွေးလေ၏။ ဖြဟ္မသောသမင်းသည် မိမိ၏

တိုင်းနိုင်ငံ၌ ပေးကမ်းစွန့်ကြဲခြင်း, ချစ်ဖွယ်သော စကားကို ဆိုခြင်း, သူ့အကျိုး စီးပွားကို ကျင့်ခြင်း, ကိုယ်နှင့် အတန်းစားတည်းထား၍ ပေါင်းသင်းဆက်ဆံခြင်းဟု ဆိုအပ်သော သင်္ဂဟတရား လေးပါးတို့ဖြင့် တိုင်းသူပြည်သား လူအများတို့အား စောင့်ရှောက်၏။ ထိုအခါ၌ မင်းသည် တရားစောင့်သောကြောင့် ပြည်သူပြည်သားတို့မှာလည်း အနာဒရောဂါ ဘေးဥပဒ်များကင်းရှင်းလျက် ဆန်ရေစပါး ပေါများကြွယ်ဝ၍ ချမ်းချမ်း သာသာဖြင့် နေကြရကုန်၏။ ဟုနေ့သောအခါ ဗြဟ္မဃောသမင်းသည် ပဒုမုတ္တရဘုရားရှင်ထံချဉ်းကပ်လျက် မိမိအား အမြဲမပြတ်ဘုရားဟောတော် မူပါရန် လျှောက်ထားလိုရကား— ရှေးဦးစွာသော ဤဂါထာကိုဆိုလေ၏။

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် တပည့် တော်နှင့်တကွ မောင်းမမိဿံ အခြွေအရံအားလုံးတို့အား စီးပွား ချမ်းသာ ဖြစ်ထွန်းစေရန်အတွက် အမြဲမပြတ် သူတော်ကောင်း တရားကို ဟောကြားတော်မူပါဘုရား။

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် ထိုနေရာ၌ စုဝေးရောက်လာ ကြကုန်သော ဗြဟ္မဃောသမင်း အမှူးရှိသော လူအပေါင်းတို့အား သစ္စာ လေးပါးတရားတို့ကို ဟောကြားတော်မူလိုရကား ဤဂါထာတို့ကိုမိန့်ဆို၏။

၂-၃။ ဒုက္ခသစ္စာ ဆင်းရဲအစစ်အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲဖြစ် ကြောင်း အစစ်အမှန်တရား၊ နိရောဓသစ္စာ ဆင်းရဲငြိမ်းရာချမ်း သာအစစ်အမှန်တရား၊ မဂ္ဂသစ္စာ ဆင်းရဲငြိမ်းရာ ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်တရား- ဟူ၍အစစ်အမှန်တရား သစ္စာလေးပါးရှိသည်၊ ထိုတွင် ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရ တရားများသည် ဒုက္ခသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန် တရားလောဘ တဏှာသည် သမုဒယသစ္စာ၊ ဆင်းရဲငြိမ်းရာချမ်းသာ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ၊ ဆင်းရဲ၏ငြိမ်းရာ ရောက်ကြောင်း အကျင့်လမ်းကောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး သည်မဂ္ဂသစ္စာမည်၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားဒေသနာကို ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ကုဋေရှစ်သောင်း အမျှရှိကုန်သော နတ်လူတို့သည် တရားထူးကို ရရှိကြကုန်၏၊ ထိုအခါ၌ ဗြဟ္မဃောသမင်းနှင့် မောင်းမမိဿံ ခြွေရံပရိသတ်များနှင့် တကွသော လူအပေါင်းတို့သည် ဘုရားရှင်၏တရားဒေသနာကို ကြားနာရသဖြင့် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကြကုန်လျက် ပဒုမုတ္တရ မြတ်စွာဘုရားအား လုပ်ကျွေးဆည်းကပ်ကြကုန်၏၊ ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသော အခြင်းအရာကိုပြ၏ ထိုအခါသိကြားမင်းသည် လူ့ပြည်သို့ ကြည့်ရှုဆင်ခြင်လျက် ဤဂါထာကိုဆို၏။

၄။ အလှူ ပေးခြင်းကိုရင်း မြတ်သော အကျင့်ကို ကျင့်ခြင်းကိုရင်း အခြား ကုသိုလ်ကောင်းမှုကိုရင်း ပြုသောသူသည်ကား လူလော နတ်လော အဘယ်သူ ပါနည်း၊ ထိုသူသည် ငါ့အား ငါ၏ နေရာ ဘုံဗိမာန်မှ ရွေ့လျောစေလိုဘိ၏ တကား။

## လုလင်အသွင် သိကြားမင်းနှင့် ခွေးနက်ကြီး

ယင်းသို့ သိကြားမင်းသည် ဆင်ခြင် ကြည့်ရှုသောအခါ ဗြဟ္မဃောသ မင်း၏ အကြောင်းကို သိရသဖြင့် ''လူ့ပြည်၌ ဗြဟ္မဃောသ မင်းသည် တရားနှင့် အညီ မင်းပြုအုပ်ချုပ်လျက် ရှိ၏၊ ငါသည် ယခုအခါ ထိုမင်းကို စုံစမ်းရန်အတွက် ကုသုမ္ဗပုရမြို့သို့ သက်ဆင်းအံ့ဟု ကြံစည်လေ၏၊ ထိုနောက် သိကြားမင်းသည် မာတလိနတ်သားကို ခေါ်တော်မူ၍ အချင်း မာတလိ နတ်သား သင်သည် ကုသုမ္ဗပုရမြို့သို့ သွား၍ မိမိကိုယ်ကို ခွေးအသွင်ဆောင်လျက် မြို့ထဲ၌ လှည့်လည် ကျက်စား သွားလာပါလော့၊ ငါသည်လည်း ခွေးကိုစောင့်သော ခွေးကျောင်းသား အသွင်ဆောင်လျက် သင်၏ နောက်မှ အစဉ်တစိုက် လိုက်ပေအံ့ ဟု မိန့်တော်မူလေ၏၊ ဤသို့ မာတလိနတ်သားကို ခေါ်တော် မူ၍ သိကြားမင်းသည် နတ်ပြည်မှ ဆင်းသက်လျက်–ခွေး အယောင် ဆောင်သော မာတလိနတ်သားနှင့် အတူ ကုသုမ္ဗပုရ မြို့သို့ ဆိုက်ရောက်လေ၏၊ ထိုနောက် ခွေးကြီးသည် မြို့အလယ်၌ ရပ်တည်လျက် ကြောက်မက်ဖွယ်သော အသံဖြင့် ၃-ကြိမ်မျှ ဟိန်းဟောက် အော်ဟစ်လေ၏၊

ယင်း ခွေးကြီး၏ ဟိန်းဟောက်သော အသံသည် ကနိုင်ငံလုံးသို့ ပျံ့နှံ့သွားလေ၏၊ ထိုခဏ၌ တိုင်းပြည်၌လည်း မဟာပထဝီ မြေကြီးသည် သွက်သွက်ခါမျှ မြည်ဟီးတုန်လှုပ်၏၊ ထိုအခါ၌ တိုင်းသူပြည်သား အားလုံးတို့သည် ကြောက်ရွံ့ တုန်လှုပ်ကြသဖြင့် ထိုမှ ဤမှ ပြေးကြလျက် တောတောင် ခြုံနွယ် သစ်ပင်ရင်း စသည်တို့၌ ပုန်းအောင်း နေကြကုန်၏၊ ကြောက်စရာကောင်းလှသော ခွေးကြီး၏ ဟိန်းဟောက် အော်ဟစ်သံကို ကြားသောအခါ ဗြဟ္မဃောသ မင်းသည်လည်း ကြောက်ရွံ့တုန်လှုပ်လျက် ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်၏ အထက်ဆုံး အဆောင်သို့ တက်နေ ပြီးနောက်—

(ဗြဟ္မဃောသမင်း) အို တိုင်းသူ ပြည်သား လူအများတို့ ဤအသံကား ဘာအသံပါနည်း။

(တိုင်းသူပြည်သား) မြတ်သော မင်းကြီး ဤ အသံကား ခွေးကြီး တကောင်၏ အသံ ဖြစ်ပါသည်။

(ဗြဟ္မဃောသမင်း) ခွေးကို စောင့်ရှောက်သော ခွေးကျောင်းသားသည် ထိုနေရာ၌ ရှိပါသလော မရှိဘူးလော။

(တိုင်းသူပြည်သား) မြတ်သောမင်းကြီး ယောကျ်ားတယောက်သည် ခွေးကြီးကို စောင့်ရှောက်လျက် ခွေးကြီး၏ နောက်မှ ထက်ချပ်မကွာ အစဉ်လိုက်ပါ နေပါ၏။

(ဗြဟ္မဃောသမင်း) သင်တို့သည် ခွေးစောင့် ယောကျ်ား ခွေးကျောင်းသား ထံသို့ သွား၍ ခွေးကြီး အဘယ့်ကြောင့် ဟိန်းဟောက် အော်ဟစ်သည်ကို မေးမြန်းကြ ကုန်လော့—

တိုင်းသူပြည်သားတို့သည် ခွေးကျောင်းသော ယောကျ်ာထံသွားလျက်

(တိုင်းသူပြည်သား) အို ခွေးစောင့်ယောကျ်ား-ခွေးကျောင်းသား သင်၏ ခွေးသည် အဘယ့်ကြောင့် ပြင်းစွာသော အသံဖြင့် ဟိန်းဟောက် အော်ဟစ်ခြင်းကို ပြုပါသနည်း။

(ခွေးကျောင်းသား) အို လူအများတို့ ကျွန်ုပ်၏ ခွေးသည် ဆာလောင်မွတ်သိပ် သောကြောင့် ဟိန်းဟောက် အော်ဟစ်ပါသည်။

ထိုအခါ လူအများတို့သည် ယင်းအကြောင်းကို ဘုရင်မင်းမြတ်အား လျှောက်ထားကြကုန်၏၊ထိုအခါ ဗြဟ္မဒေသသမင်းသည် "အို လူအများတို့ သို့ဖြစ်လျှင် သင်တို့သည် နေ့စဉ်နေ့တိုင်း ယင်းခွေးကြီးအား ဆန် ၃–တင်း ချက်ထမင်းကို ကျွေးကြကုန်လော့ဟု အမိန့်ပေးလေ၏၊ လူအများတို့သည် မင်းကြီးအမိန့်ရှိသည့်အတိုင်း ဆန် ၃–တင်းချက်ထမင်းကို ခွေးကြီးအား ကျွေးကြကုန်၏၊ သို့ရာတွင် ယင်းခွေးကြီးသည် ယင်းဆန် ၃–တင်းချက် ထမင်းကို တကြိမ်တည်းဖြင့် စားသုံးပြီးနောက် မတင်းတိမ်မကျေနပ်ဟန်ကို ပြလျက် နောက်ထပ်တဖန် ဟိန်းဟောက် အော်ဟစ်ပြန်လေ၏၊ ထိုအခါ ခွေးစောင့်ယောကျ်ားက "အရှင်မင်းမြတ် ကျွန်ုပ်၏ခွေးသည် အလွန်ဆာလောင်သောကြောင့် ဤသို့ဟိန်းဟောက် အော်ဟစ်ပါသည်"ဟု မင်းကြီးအား လျှောက်ထားလေ၏၊ ထိုအခါ ဗြဟ္မဒေသသမင်းသည် လူအများတို့အား "အို လူအများတို့ ဤမြို့၌နေကုန်သော လူအားလုံးတို့အတွက် ချက်ပြုတ်သော ထမင်း ဟင်းများကို ဤခွေးအား ကျွေးကြကုန်လော့"ဟု မိန့်တော်မူပြန်ရာ ယင်းအမိန့်အတိုင်း မြို့သူမြို့သား လူအများတို့သည် မိမိတို့ စားသုံးရန် ချက်ပြုတ်ထားသော ထမင်းဟင်းများ အားလုံးကို ယင်းခွေးကြီးအား စုပုံကျွေးမွေးကြကုန်၏၊ သို့သော်လည်း ယင်းခွေးကြီးသည် တမြို့လုံးမှ စုပုံကျွေးမွေးသော အစားအစာများကို တလုပ်တည်းတကြိမ်တည်းဖြင့်စားလျက် မတင်းတိမ်ဟန် မရောင့်ရဲဟန်ကိုပြလျက် နောက်ထပ်တဖန် ဟိန်းဟောက် အော်ဟစ်ပြန်လေ၏။

ထိုအခါ ဗြဟ္မဒေသသမင်းသည် "အို ခွေးစောင့်ယောကျ်ား သင်၏ ခွေးကြီးသည် တမြို့လုံးမှချက်ပြုတ်သမျှ အစားအစာများကို ကျွေးမွေးပါသော်လည်း ဟိန်းဟောက်အော်ဟစ်ခြင်းကို ပြုမြဲပြုနေဘိ၏၊ အကြောင်း အဘယ်သို့ ရှိပါသနည်း"ဟု မေးမြန်းလေရာ ခွေးစောင့်ယောကျ်ားက အို အရှင်မင်းမြတ် ကျွန်ုပ်၏ခွေးကြီးသည် ဤမျှများပြားသော အစားအစာများကို ကျွေးမွေးစားသုံးရသော်လည်း အားရတင်းတိမ်ခြင်းမရှိဘဲ ဆာလောင်မွတ်သိပ်မြဲပင် ဖြစ်နေပါသည်၊ သင်တို့သည် ကျွန်ုပ်၏ခွေးကြီး ကို အားရတင်းတိမ်အောင် ကျွေးခြင်းငှါ တတ်နိုင်မည် မဟုတ်ပါဟု

ဆိုလေ၏၊ ထိုအခါ ဗြဟ္မဃောသမင်းသည် မတတ်နိုင်သဖြင့် လက်မှိုင်ချကာ ဆိတ်ဆိတ်နေလေ၏၊ ထိုနောက် ခွေးစောင့်ယောကျ်ားသည် ဗြဟ္မဃောသ မင်းအား စကားပြောဆိုလိုရကား—

၅-၁၁။ မြတ်သောမင်းကြီး အကြင်သူတို့သည် ဘုရားတရားသံဃာ ရတနာ သုံးပါး၌ ယုံကြည်ခြင်းမရှိ၊ တရားကိုမစောင့် ခက်ထန်ကြမ်းတမ်း သော အမူအကျင့်ရှိ၏၊ သူတပါးတို့၏အသက်ကို သတ်လေ့ရှိ၏၊ ထိုသူတို့သည် လောက၌ အခြေအရံပေါများခြင်း အကျိုးကိုရရှိ၏၊ မြတ်သောမင်းကြီး အကြင်သူတို့သည် မြတ်စွာဘုရား၏ ကျောင်း တော်ကို မိမိကိုယ်တိုင်လည်းဖျက်ဆီး၏၊ သူတပါးတို့ကိုလည်းဖျက် ဆီးစေ၏၊ ထိုသူတို့သည် လောက၌ ချမ်းသာသုခကိုရရှိ၏၊ မြတ် သောမင်းကြီး အကြင်သူတို့သည် ဘုရားပုထိုး စေတီများကိုလည်း ဗောဓိပင်ကိုလည်း၊ နတ်ကွန်းနတ်နန်း နတ်စင်များကိုလည်း ဖျက်ဆီး လေ၏၊ ထိုသူတို့သည် လောက၌ ချမ်းသာ၏၊ မြတ်သောမင်းကြီး အကြင်သူတို့သည် သူ့အသက်သတ်ခြင်းစသော ကံငါးပါးကိုပြစ် မှားလွန်ကျူး၏၊ ထိုသူတို့သည် လောက၌ အသက်ရှည်ကြကုန်၏။

မြတ်သောမင်းကြီး အကြင်သူတို့သည် ရဟန်းသံဃာများ တရားကို ကျင့်ကုန်သော သူတော်စင်များတို့ကို ကဲ့ရဲ့ခြင်း ဆဲရေး ခြင်း ရေရွတ်ခြင်းတို့ကို ပြုကျင့်၏၊ ထိုသူတို့သည် လောက၌ ချမ်း သာသုခကို ရရှိကြ၏၊ မြတ်သောမင်းကြီး အကြင်သူတို့သည် ရဟန်း သံဃာများ တရားကိုကျင့်ကုန်သော သူတော်စင်များ သီလရှိသော ပုဂ္ဂိုလ်များ အကြားအမြင်များကုန်သော ပညာရှင်များ တို့ကို စောင့်ရှောက်ခြင်း ချီးမြှောက်ခြင်းကိုမပြု၊ ယင်းပုဂ္ဂိုလ်တို့အပေါ်၌ မလေးမစား အရေးမထားဘဲ ပြုမှုပြောဆို ကျင့်ကြံကြကုန်၏၊ ထိုသို့ပြုလုပ်သော ပုဂ္ဂိုလ်တို့သည် လောက၌ ချမ်းသာကြကုန်၏၊ အကြင်သူတို့သည် သားမယားတို့ကို ပြုစုကျွေးခြင်းမရှိ၊ ဆွေမျိုး ဉာတကာ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတို့၌ ကောင်းစွာမပြု ကျင့် မှူးမတ်အများ တိုင်းသူပြည်သားတို့အပေါ်၌ ကောင်းစွာ

မစောင့်ရှောက်၊ တရားနှင့်အညီ မပြုကျင့်၊ ထိုသူတို့သည်လော ကဌ် များစွာသော အခြံအရံတို့ကိုရရှိ၍ သေသောအခါ နတ်ပြည် စည်းစိမ်ကို ခံစားရ၏။

ဤသို့လျှင် ဤ ၇ ဂါထာတို့ဖြင့် ဗြဟ္မဃောသမင်း၏ စိတ်ထား မြင့်မြတ် ခြင်း ရှိမရှိကို စုံစမ်းလိုရကား ခွေးစောင့် ခွေးကျောင်းသားယောကျ်ား သည် ဤသို့ဆက်၍ဆိုလေ၏။

၁၂။ မြတ်သောမင်းကြီး ယခု ကျွန်ုပ်ပြောသော စကားများသည် မှန် ကန်ပါသဖြင့် သင်သည် ချမ်းသာသုခ အခြေအရံပေါများခြင်း တို့ကိုအလိုရှိပါလျှင် ဘုရား တရား သံဃာ ရတနာသုံးပါး၌လှူဒါန်း ပေးကမ်းခြင်းကို မပြုဘဲ တိုင်းသူပြည်သား လူအများတို့အပေါ်၌ မတရားသဖြင့် ပြုလုပ်ကျင့်ကြံပါလော့။

ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၁၃။ အို ခွေးစောင့်ယောကျ်ား သင်၏ စကားများသည် အချည်းနှီး အကျိုး မရှိသော စကားများ ဖြစ်ချေသည်၊ သင်သည် ထိုကဲ့သို့ သော နှစ်သက်ဖွယ်မရှိ စိတ်နှလုံး ထိခိုက်နာကျည်းဘွယ် ဖြစ်သော အကျိုးမဲ့သော စကားတို့ကို မပြောဆိုပါလင့်၊ ကျွန်ုပ်သည် ဤသို့ သော စကားမျိုးကို ရှေးက တခါမျှ မကြားဘူးပါချေ။

ဤသို့ ပြောဆိုပြီး နောက် ဘုရားအလောင်း ဗြဟ္မဃောသ မင်းသည် မိမိ၏ သဘောထား သဘာဝကို ပြလိုရကား ဤဂါထာတို့ကို ဆို၏။

၁၄ ၁၆။ အို ခွေးစောင့်ယောကျ်ား ခွေးကျောင်းသား ကျွန်ုပ်သည် ဘုရား တရား သံဃာ ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရား ကင်းမဲ့ သည် ဟူ၍ တခါမျှ မရှိခဲ့ပါ၊ ကျွန်ုပ်သည် အမြဲတန်း ရတနာ သုံးပါး၌ ယုံကြည်စွာဖြင့် နောင်အခါ၌ ဘုရားဖြစ်ရန် စိတ်ရည် သန်လျက် အလှူပေးခြင်း စသည်ကို ပြုလုပ်ပါသည်၊ သင်သည် ရတနာ သုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရား မရှိဘဲ မိမိဆန္ဒ အလျောက် နေလိုက နေနိုင်ပါသည်၊ ကျွန်ုပ်သည်ကား နောင်

အခါ၌ ဘုရားဖြစ်ရန် စိတ်ရည်သန်လျက် ကုသိုလ်ကောင်းမှုတို့ကို အမြဲမပြတ် ပြုလုပ်ပါ၏၊ ယင်းသို့ပြုလုပ်သောကြောင့် သေသော အခါ၌ ကျွန်ုပ်သည် နတ်ပြည်၌ ဖြစ်ရပါလတ့်၊ သင်သည်ကား မကောင်းမှုတို့ကို ပြုသဖြင့် သေလျှင် အပါယ်ဆင်းရဲသို့ ကျရောက်ပါလတ့်။

ထိုအခါ၌ ခွေးကြီးသည် တမြို့လုံး၌ လှည့်လည်လျက် လူတို့ကို ကိုက်စားတော့မည်ကဲ့သို့ ခြိမ်းချောက်လျက် နေလေ၏၊ ထိုခဏ၌ ခွေးစောင့်ယောကျ်ားသည် မင်္ဂလာ ကျက်သရေရှိသော အလုပ်ကို ပြုလုပ်ပေးဟန်ကဲ့သို့ရင်း စိတ်နှလုံး မချမ်းမြေ့ဟန် ကဲ့သို့ရင်း ဖြစ်လျက် ထိုနေရာ၌ ရပ်တည်လေ၏၊ ထိုအခါ ဘုရားလောင်း ပြဟ္မဃောသမင်းသည် တိုင်းသူပြည်သား လူအများနှင့် ခွေးစောင့် ယောကျ်ားအား တရားဓမ္မ ဟောပြ လိုရကား—

၁၇-၂၇။ အို လူများ အပေါင်းတို့ အကြင်သူတို့သည် ဘုရားတရား သံဃာ ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရား မရှိ၊ တရားကို မစောင့်၊ ခက်ထန် ကြမ်းကြုတ်၏၊ သူတပါး အသက်ကို သတ်လေ့ရှိ၏၊ ထိုသူတို့သည် လောက၌ ကြီးကျယ်သော ဆင်းရဲဒုက္ခကို ခံစားရပါ၏၊ အို လူများအပေါင်းတို့ အကြင်သူတို့သည် မြတ်စွာဘုရား၏ ကျောင်းတော်ကို မိမိကိုယ်တိုင်လည်း ဖျက်ဆီး၏၊ သူတပါးကိုလည်း ဖျက်ဆီးစေ၏၊ ထိုသူတို့သည် လောက၌ အမြဲမပြတ် ဆင်းရဲဒုက္ခ တွေ့ကြုံရပါ၏၊ အကြင်သူတို့သည် ဘုရားပုထိုးစေတီများကိုရင်း ဗောဓိပင်တို့ကိုရင်း နတ်ကွန်း နတ်နန်း နတ်စင်များကိုရင်း ဖျက်ဆီး၏၊ ထိုသူတို့သည် ချမ်းသာကင်းကွာ ငရဲရွာသို့ ရောက်ရရှာကုန်၏၊ အကြင်သူတို့သည် သူတပါး အသက်သတ်ခြင်း စသော ကံငါးပါးတို့ကို ပြစ်မှားလွန်ကျူး၏၊ ထိုသူတို့သည် အပါယ်ငရဲ၌ ကျရောက်ရပါကုန်၏။

အကြင် သူတို့သည် ရဟန်း သံဃာများ၊ တရားကို ကျင့်ကုန်သောပုဂ္ဂိုလ်များ၊ သူတော်စင်များတို့ကို ကဲ့ရဲ့ခြင်း ဆဲရေးခြင်း ရေရွတ်ခြင်းတို့ကို ပြုလုပ်ကျင့်ကြံ ကုန်၏၊ ထိုသူတို့သည် လောက၌ ဆင်း

ရဲခြင်းသို့ ရောက်ရကုန်၏၊ အကြင်သူတို့သည် ရဟန်းသံဃာများ, တရားကို ကျင့်ကုန်သော သူတော်စင်များ, သီလရှိသော ပုဂ္ဂိုလ်များ အကြားအမြင် များကုန်သော ပညာရှင်များတို့ကို စောင့်ရှောက် ခြင်းကို မပြု၊ ယင်း ပုဂ္ဂိုလ်တို့ အပေါ်၌ မလေးမစား အရေး မထားဘဲ ပြုမူ ပြောဆို ကျင့်ကြံကြ ကုန်၏၊ ထိုသူတို့သည် လောကဌ် ဆင်းရဲခြင်းသို့ ရောက်ကြရ ကုန်၏၊ အကြင်သူတို့သည် သားမယားတို့ကို ပြုစုလုပ်ကျွေးခြင်းမရှိ၊ ဆွေမျိုး ဉာတကာ မိတ်ဆွေသင်္ဂဟတို့အပေါ်၌ ကောင်းစွာ ပြုကျင့်ခြင်း မရှိ၊ မှူးမတ်အများ၊ တိုင်းသူပြည်သားတို့အပေါ်၌ မချီးမြှောက် မစောင့်ရှောက် တရားနှင့်အညီမပြုကျင့် ထိုသူတို့သည် လောကဌ် ဘေးရန်အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ရတတ်ကုန်၏၊ အထီးကျန်၍ ဆင်းရဲခြင်းသို့ ရောက်ရတတ်ကုန်၏။

အကြင်သူတို့သည် လောဘ ဒေါသ မောဟတရားတို့ များပြား လွှမ်းမိုး၏၊ ထိုသူတို့သည် အပါယ် ငရဲသို့ ကျရောက်ပါကုန်၏၊ အို လူများအပေါင်းတို့ ယခု ကျွန်ုပ်ပြောဆိုသော စကားတို့သည် မှန်ကန် ကောင်းမြတ်သော စကားတို့ ဖြစ်ပါကုန်၏၊ ထို့ကြောင့် သင်တို့သည် ရတနာ သုံးပါးတို့၌ တတ်အားသမျှ အလှူဒါနကို ပြုကြပါကုန်လော့၊ အလှူခံ ပုဂ္ဂိုလ်တို့အား ထမင်း အဖျော်စ,သော အလှူဝတ္ထုများကို ပေးလှူကြပါ ကုန်လော့၊ ယင်းသို့ပေးကမ်း လှူဒါန်းခြင်းကြောင့် သင်တို့သည် နောင်အခါ၌ နတ်ပြည်သို့ ရောက်ကြပါကုန်လတ့်။

ဤသို့လျှင် တဆယ့်တစ်ဂါထာတို့ဖြင့် ထိုနေရာ၌ စုဝေးရောက်လာကြကုန်သော တိုင်းသူ့ပြည်သား လူအများတို့အား တရား ဓမ္မ ဟောပြောပြသလျက် ဘုရားအလောင်း ဗြဟ္မဏသ မင်းကြီးသည် ပဒုမုတ္တရ ဘုရားရှင်၏ သာသနာတော်၌ မတုန်လှုပ်သော သဒ္ဓါတရားဖြင့် ကြည်ညို၍ နေ့စဉ် နေ့တိုင်း ပဒုမုတ္တရ ဘုရားရှင် အမှူးရှိသော ငါးထောင်သော ရဟန်းတို့အား ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာတို့ဖြင့်

လှူဒါန်း ကျွေးမွေးလျက် တိုင်းသူ, ပြည်သား လူအများတို့ အပေါ်၌ သင်္ဂဟတရားလေးပါးဖြင့် စောင့်ရှောက်၍ စီမံအုပ်ချုပ်လေ၏၊ ထိုအခါ ခွေးကြီးသည် ပျောက်ကွယ်သွား၍၊ သိကြားမင်းသည်လည်း ခွေးစောင့် ယောကျ်ားအသွင် ဆောင်ထားသော မိမိကိုယ်ကို ပယ်ဖျောက်လျက်-မိမိကိုယ်ကို အလုံးစုံသော အဆင်တန်ဆာတို့ကို တန်ဆာဆင်လျက် နတ်များအပေါင်းခြံရံ၍ နေမင်းသဖွယ် ကောင်းကင်၌ ရပ်တည်ပြီးနောက် မိမိ၏ အရောင်အဝါဖြင့် ကုသုမ္ဘတမြို့လုံးကို ထွန်းလင်း တောက်ပစေ၍ ကောင်းကင်ထက်၌ပင် တထောင်မျှလောက်ကုန်သော နတ်ဗိမာန်တို့ကိုရင်း, တပါးမကများလှစွာသော နတ်သမီးတို့ကိုရင်း, နတ်သမီးတို့၏ သီဆို တီးမှုတ်ခြင်း တူရိယာ အမျိုးမျိုးတို့ကိုရင်း၊ အမျိုးမျိုးသော နတ်စည်းစိမ် တို့ကိုရင်း ပြလျက်- "ဤအရပ်သို့ စုဝေးရောက်လာကြကုန်သော တိုင်းသူ ပြည်သား လူများအပေါင်းတို့- သင်တို့သည် ယခု မြင်တွေ့ကြရသော နတ်၏ စည်းစိမ်ချမ်းသာမျိုးတို့ကို အလိုရှိကြပါလျှင် သင်တို့သည် မိမိတို့ တတ်အားသမျှ အလှူပေးခြင်း စ,သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြ ပါ ကုန်လော"ဟု မိန့်တော်မူ၍ လူအပေါင်းတို့အား ဆုံးမဩဝါဒပေးလို ရကား—

## သိကြားမင်း အဆုံးအမ

၂၈-၄၂။ အို လူများအပေါင်းတို့ မြတ်စွာဘုရား သာသနာတော်၌ သဒ္ဓါ တရားဖြင့် ရဟန်း ပြုကြကုန်၍ အကျင့် သီလ အာစာရ တို့ကို ကောင်းစွာ ကျင့်ကြံ အားထုတ်ကြကုန်သော သူတို့သည် မှန်မြတ် သောပုဂ္ဂိုလ်များဖြစ်ကြကုန်၏၊ ဗောဓိပင်ကို မိမိကိုယ်တိုင် စိုက်ပျိုး ခြင်း သူတပါးတို့ကို စိုက်ပျိုးစေခြင်း၊ မြတ်စွာဘုရား၏ ရုပ်ပွား ဆင်းတုတို့ကို ပြုလုပ်,ကိုးကွယ်ဆည်းကပ်ခြင်း ပြုလုပ်ကြကုန်သော သူတို့သည် နောင်အခါ၌ အမျိုးမျိုးသော ချမ်းသာ သုခကို ရရှိ ခံစားကြရကုန်၏၊ သူတပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ခြင်း စသော ငါးပါးသီလကို အမြဲစောင့်ရှောက် ကျင့်သုံးလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်သော သူတို့သည် နောင်အခါ၌

များစွာသော အခြံအရံတို့ကို ရရှိကုန်၏၊ သားမယားတို့ကို တရားသဖြင့် ရှာဖွေ၍ စောင့်ရှောက် ကျွေးမွေးသောသူ ကျွန်မိန်းမကျွန်ယောကျ်ားတို့အားလည်း ကောင်းစွာဆက်ဆံ၍ ချီးမြှောက်ကြသောသူ ထိုသူတို့သည် နောင်အခါ၌ နတ်ပြည်တို့၌ ဖြစ်ကြရကုန်၏။

သီလရှိသော ရဟန်း ပုဏ္ဏား သူတော်စင်များအား ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ် ကျွေးသောသူ, ကျောင်းကန် ဘုရားစေတီပုထိုးတို့ကို တည်ဆောက်ပြုလုပ် လှူဒါန်းကြသောသူ, မိဘနှစ်ပါးတို့ကို ရိုသေစွာ ပြုစုလုပ်ကျွေးသောသူ ထိုသူ တို့သည် မျက်မှောက်ဘဝ၌ရင်း, တမလွန်ဘဝ၌ရင်း ချမ်းသာသုခကို ရရှိခံစားကြရကုန်၏။ သူ့ကျေးဇူးကိုသိခြင်းစသော သူတော်ကောင်းတရားနှင့်ပြည့်စုံလျက် အလှူပေးခြင်း စသည်တို့၌ မွေ့လျော်သူ, သီလရှိသော ရဟန်းပုဏ္ဏားတို့ကို ဆွမ်းခဲဘွယ်ဘောဇဉ် အရသာအဖျော်ယမကာတို့ဖြင့် ပြုစုလုပ်ကျွေးသောသူ, ဘုရားပုထိုး စေတီကျောင်းကန်နှင့် နတ်ကွန်း နတ်စင်တို့ကိုစောင့်ရှောက်ပြုစုသောသူတို့သည် နောင်အခါ၌ နတ်ပြည်၌ဖြစ်ကြရကုန်၏။

အကျင့် ဖေါက်ပြား လော်လီခြင်း ကင်းလျက် မိမိ၏လင်ယောကျ်ားအပေါ်၌ ကောင်းစွာ ပြုစုလုပ်ကျွေးသော မိန်းမ, ယောက္ခမမိန်းမ ယောက္ခမယောကျ်ားတို့ကို မိမိ၏ မိဘများနှင့်မခြား ရိုသေစွာ ပြုစုလုပ်ကျွေးသောမိန်းမ, မိမိကိုယ်တိုင် အကျင့်သီလနှင့်ပြည့်စုံ၍ သီလရှိသောပုဂ္ဂိုလ်, ရဟန်းသံဃာ, မိမိ၏လင်ယောကျ်ား, သားသမီးတို့ကို ကောင်းမွန်စွာ ဆည်းကပ်လုပ်ကျွေး ပြုစုသောမိန်းမ ယင်းမိန်းမတို့သည် နောင်အခါနတ်ပြည်၌ ဖြစ်ကြရလေကုန်၏။

ကောင်းမှုကုသိုလ်ကို ပြုလိုသောစိတ်ရှိလျက် မရှောင်းကောင်းသော ကုန်စည်ငါးမျိုးဖြစ်သော ၁-အများသေကြောင်းဖြစ်သော လက်နက်အမျိုးမျိုးကိုရောင်းခြင်း၊ ၂-ဆင်မြင်းလူစသော အစေခံ

သတ္တဝါအပေါင်းတို့ကို ဖရောင်းခြင်း၊ ၃-အသားကိုစားရန် ကြက် ဝက် ဘဲ စသော သားငါးတို့ကိုရောင်းခြင်း၊ ၄-မူးယစ်စေတတ်သော သေရည်သေရက် အမျိုးမျိုးကိုရောင်းခြင်း၊ ၅-သတ္တဝါတို့ သေကြောင်းဖြစ်သော အဆိပ်အမျိုးမျိုးကို ရောင်းခြင်း ဟူသော မရောင်းအပ်သော ကုန်စည်ငါးမျိုးကို ရောင်းချခြင်းမှ ရှောင်ကြဉ်လျက် အလှူဒါနကို တတ်အားသမျှ ပေးလှူသောမိန်းမ, မိမိအိမ်၌ ရှိသော သားသမီး လင်သား ကျေးကျွန်တို့အပေါ်၌ရင်း, အိမ်၏ ပြင်ပ၌ရှိကုန်သော လူအားလုံးတို့အပေါ်၌ရင်း အမျက်ထွက်ခြင်း မရှိဘဲ အေးချမ်းသာယာစွာဖြင့် ကျင့်ကြံပြုမူလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သောမိန်းမ၊ ထိုမိန်းမတို့သည် အခါခပ်သိမ်း ချမ်းသာခြင်းသို့ ရောက်ရလေ၏။

ဤသို့ဆုံးမသြဝါဒပေးပြီးနောက် သိကြားမင်းသည် မိမိ၏သိကြားမင်း အဖြစ်ကိုပြလိုရကား—

၄၃-၄၇။ မြတ်သောမင်းကြီး သင်၏ထံသို့ ရောက်လာသော အကျွန်ုပ် သည်ကား နတ်တို့ကိုအစိုးရသောသိကြားမင်းဖြစ်ပါသည်၊ သင်၏ ကုသိုလ်ကောင်းမှုတို့ကို သာဓုအနုမောဒနာပြုရန် လာရောက်ခြင်း ဖြစ်သည်၊ သင်သည် ကုသိုလ်ကောင်းမှုတို့ကို အမြဲမပြတ် ပြုလုပ် ပါလော့၊ မြတ်သောမင်းကြီး ကုသိုလ်ကောင်းမှုသည် လူတို့၏ အားထားကိုးကွယ်ရာဖြစ်ပါ၏။ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းသည် မှန်မြတ်သောအလုပ်ဖြစ်၍အသင်မင်းကြီးသည်ကုသိုလ်ကောင်းမှုကို အမြဲမပြတ်ပြုလုပ်ပါလော့၊မြတ်သောမင်းကြီးသင်သည်နောင်အခါ ဘုရားဖြစ်ရန်အတွက် ကောင်းမှုတည်းဟူသောမျိုးစေ့ကိုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော ရဟန်း သံဃာတို့အား လှူဒါန်းပေးကမ်းခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ ပါရမီတို့ကို ဖြည့်ကျင့်ပါလော့၊ သင်သည် ပြုလုပ်ဆည်းပူးသော ပါရမီကုသိုလ်တို့ကြောင့် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ပါ လတ့်။

ဤသို့ ဆိုပြီးနောက် သိကြားမင်းသည် ဘုရားလောင်းကို ပန်ကြား လျက် နတ်ပြည်သို့ပြန်ကြွသွားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာ ဘုရားသည် ဂါထာကိုမိန့်ဆိုတော်မူ၏။

၄၀။ ဤစကားတို့ကို မိန့်ဆိုပြီးနောက် သိကြားမင်းသည် ဗြဟ္မဃောသ မင်းအား ပန်ကြားလျက် နတ်ပြည်သို့ ပြန်ကြွသွားလေ၏။

ထိုအခါမှ စ၍ ဗြဟ္မဃောသ မင်းသည် မိမိ၏ တိုင်းနိုင်ငံ၌ နန္ဒာဒေဝီ မိဖုရားကြီးနှင့် အတူ တရားသဖြင့် မင်းပြု အုပ်ချုပ်လျက် မှူးမတ် စသော လူအပေါင်းအား ဆုံးမဩဝါဒ ပေးလိုရကား ဤဂါထာကို ဆို၏။

၄၉။ မှူးမတ် အပေါင်းနှင့် တိုင်းသူပြည်သား လူများအပေါင်းတို့ ယခု အခါ ကျွန်ုပ်သည် ရှေးက ပြုလုပ်သော ကုသိုလ်ကောင်းမှု အကျိုး များကြောင့် ကြွယ်ဝပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ သင်တို့သည် လည်း မမေ့မလျော့ကြဘဲ တတ်အားသမျှ အလှူဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပါ ကုန်လော့။

ထိုအခါ တိုင်းသူပြည်သား လူအများတို့သည် ဘုရားလောင်း၏ ဆုံးမ ဩဝါဒ အတိုင်း ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်သဖြင့် သေလွန်သော အခါ နတ်ပြည်တို့၌ ဖြစ်ကြကုန်လျက် ဘုရားအလောင်း ဗြဟ္မဃောသ မင်းသည်လည်း နန္ဒာဒေဝီ မိဖုရားကြီးနှင့် အတူ ကုသုမ္ဘမြို့၌ မင်းစည်းစိမ် များကို ခံစား၍ ပဒုမုတ္တရ ဘုရားရှင်၏ သာသနာ၌ ဒါနစသော ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်လျက် အသက်အတိုင်း နေ၍ ကွယ်လွန်သော အခါ၌ နတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင် တော်မူ၍ ဇာတ်ကို ပေါင်းလိုရကား အဆုံးဖြစ်သော ဂါထာတို့ကို မိန့်ဆို တော်မူ၏။

## ဇာတ်ပေါင်းသော်

၅၀-၅၄။ ထိုအခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ၊ မာတလိ နတ်သားသည် ယခုအခါ အာနန္ဒာ၊ ဗြဟ္မဃောသ မင်း၏ မယ် တော် ခမည်းတော် များသည် ယခုအခါ သုဒ္ဓေါဒနနှင့် မဟာ

မာယာ၊ နန္ဒာဒေဝီသည် ယသော်ဓရာ၊ ထိုအခါ ကုသုမ္ဘရ မြို့သူ မြို့သားတို့သည် ယခုအခါ ငါဘုရား၏ တပည့်သာဝကများ ဖြစ်လာ၍ ဗြဟ္မဃောသ မင်းသည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရှိသေစွာ နာယူမှတ်သား ဆောင်ထားကြကုန်လော့။ ။

ကိုးခုမြောက် ဗြဟ္မဃောသမင်းဇာတ် ပြီး၏။

---

# ၁၀-သေတ မူသိကဇာတ်

[အလှူခံပုဏ္ဏားအား မိမိကိုယ်ကိုလှူရန် မီးပုံတွင်းသို့ခုံဆင်း သောကြွက်ဖြူကလေးဝတ္ထု]

မြတ်စွာဘုရားသည် အဟံ သင်္ကောမိ မောစေတုံ အစရှိသော ဤတရား ဒေသနာကို ကပိလဝတ္ထုပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှေးအခါက မိမိ၏သီလကို စောင့်သည်၏ အစွမ်းဖြင့် အသက်ကို စွန့်လွှတ်လှူဒါန်းခဲ့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ခွဲ၍ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်မဏ္ဍပ်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပါပေစွ၊ ငါတို့မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသောအခါမှစ၍ နတ်လူတို့၏ မှီခိုအားထား ရာ ဖြစ်တော်မူပေ၏" ဟု အချင်းချင်း ပြောဆိုနေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ဂန္ဓကုဋီကျောင်း၌ နေတော်မူလျက်သာလျှင် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့၏စကားကို ကြားသိတော်မူ၍ ဂန္ဓကုဋီကျောင်းတော်မှ ထွက်ကာ ရဟန်းတို့ တရားစည်းဝေးရာမဏ္ဍပ်သို့ ကြွတော်မူပြီးလျှင် မြတ်သော ဘုရားရှင်၏နေရာ၌ ထိုင်နေတော်မူလျက် "ငါ၏ချစ်သား ရဟန်းများတို့ သင်တို့သည် ယခုငါဘုရား ကြွလာတော်မူသောအခါ အဘယ်စကားကို ပြောဆိုစုဝေး နေကြပါသနည်း" ဟု မေးတော်မူလေရာ ဤမည်သော စကားကို ပြောဆို စုဝေးနေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားကြကုန်၏၊

ထိုအခါ မြတ်စွာဘုရားသည် "ငါ၏ချစ်သား ရဟန်းများတို့ ယခုအခါမှသာလျှင် ငါဘုရားသည် နတ်လူတို့၏ အားထားမှီခိုရာ ဖြစ်သည် မဟုတ်သေး၊ ရှေးအခါ ဘုရားလောင်းဖြစ်စဉ်ကာလကလည်း ငါဘုရားသည် သီလကို စောင့်ထိန်းလျက် မိမိ၏အသက်ကို မငဲ့ကွက်ဘဲ သူတပါးအားပေးလှူရန် မိမိခန္ဓာကိုယ်ကိုပေးလှူခဲ့ဘူးပြီဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် လျှောက်ထား တောင်းပန်ရကား အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုစဉ်ဘုရားလောင်းသည် ကြွက်မျိုး၌ဖြစ်၍ ဖြူသောအဆင်းရှိလျက် ခရုသင်းကဲ့သို့ ဖြူဖွေးသော ကြွက်ဖြူကလေး ဖြစ်လေ၏၊ ထိုဘုရားလောင်းကြွက်ဖြူသည် ငါးပါးသီလကို အမြဲတန်းစောင့်ရှောက် ထိန်းသိမ်း၏၊ ထိုအခါ၌ သုဓမ္မပါလိက မည်သော ယောကျ်ား တယောက်သည် ယင်းကြွက်ဖြူကို စောင့်ရှောက်ထိန်းသိမ်း၏၊ ထို့ကြောင့် ဘုရားလောင်းကြွက်ဖြူသည် ယင်းသုဓမ္မပါလိက၏အိမ်၌ နေသဖြင့် သုဓမ္မကြွက်ဖြူဟု ထင်ရှားကျော်စော၏၊ တနေ့သ၌ သူဌေးကြီးတဦးသည် ဗာရာဏသီမြို့၌နေလျက် ဗြဟ္မဒတ်မင်းထံ ခစားရန် သွားသောအခါ မွန်းတည့်ချိန်ဖြစ်၍ သုဓမ္မပါလိက၏အိမ်သို့ဝင်လေရာ ဘုရားလောင်း သုဓမ္မကြွက်ဖြူကို မြင်သဖြင့် "ကြွက်ဖြူသည် အမြဲတန်း ငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်၏၊ ငါမှာကား ဤကြွက်ဖြူလောက်မျှ အသုံးမကျ၊ ထို့ကြောင့် ငါသည်လည်း သီလတို့ကိုထိန်းသိမ်းစောင့်ရှောက်အံ့"ဟု ကြံစည်စိတ်ကူးလေ၏၊ ယင်းသို့ကြံစည်ပြီးနောက် ဗာရာဏသီသူဌေးသည် ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိကနှင့် စကားပြောလိုရကား—

၁။ အို ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိက သင်၏အိမ်မှကြွက်ဖြူကို ကျွန်ုပ်အလိုရှိပါ၏၊ ကျွန်ုပ်သည် သင့်အားဥစ္စာစည်းစိမ်တို့ကို ပေးပါအံ့၊ သင်သည် ကျွန်ုပ်အား ကြွက်ဖြူကိုပေးပါလော့။

ထိုအချိန်၌ ယင်းဗာရာဏသီမြို့၌ နေသော ပုဏ္ဏားတယောက်သည် မွန်းတည့်ချိန်တွင် ပြဟ္မဒတ်မင်းထံ ဆည်းကပ် ခစားရန် သွားလေရာ အကြောင်းကိစ္စတခုဖြင့် ကြွက်ဖြူရှိသော သုမ္မပါလိကာ၏ အိမ်သို့ရောက်၍ သီလကိုစောင့်ထိန်းသော ဘုရားလောင်းကြွက်ဖြူကိုတွေ့မြင်ရကား ကြွက်ဖြူပိုင်ရှင် သုမ္မပါလိကနှင့် စကားပြောဆိုလိုသဖြင့်-

၂။ အို ကြွက်ဖြူပိုင်ရှင် သုမ္မပါလိက ကျွန်ုပ်သည် သင့်အားများစွာသော ရွှေငွေ အသုံးအဆောင်တို့ကို ပေးပါအံ့၊ ကျွန်ုပ်၏ များစွာသော ရွှေငွေ အသုံးအဆောင်တို့ကို ယူပါလော့၊ သင်၏ ကြွက်ဖြူကို ကျွန်ုပ်အား ပေးပါ။

သူဌေးကြီးနှင့် ပုဏ္ဏားတို့၏ စကားကိုကြားသောအခါ ကြွက်ဖြူပိုင်ရှင် သုမ္မပါလိကသည် ယင်းတို့ နှစ်ဦးကို ပြောဆိုလိုရကာ-

၃။ အို သူဌေးကြီးနှင့် ပုဏ္ဏားကြီးတို့ ကျွန်ုပ်သည် ကျွန်ုပ်၏ ကြွက်ဖြူကိုသင်တို့အားမပေးနိုင်ပါ၊ သီလကို စောင့်ရှောက် ထိန်းသိမ်းသော ကြွက်ဖြူသည် ကျွန်ုပ်အိမ်၌ စည်းစိမ်ဥစ္စာ တိုးကက်ကြီးပွားများပြားခြင်းကို ဖြစ်စေပါ၏။

ဤသို့လျှင် ဗာရာဏသီ သူဌေးနှင့် ပုဏ္ဏားတို့အား ပြောဆိုပြီးနောက် ကြွက်ပိုင်ရှင် သုမ္မပါလိကသည် မိမိ၏ ကြွက်ဖြူကိုယူလျက် နူးညံ့သော အဝတ်ဖြင့်ကောင်းစွာယူဆောင်၍ ကြွက်ဖြူကို အိမ်အတွင်း၌သာ နေစေလေ၏၊ ထိုအခါဘုရားလောင်းကြွက်ဖြူသည် ဤသို့ ကြံစည်လေ၏၊ "ယခုအခါ ငါသည် သီလကိုစောင့်ထိန်း၍နေသဖြင့် တစုံတယောက်သော သူသည် ငါ့အား ဖွဲ့နှောင်တုတ်ချည်လျှင် သို့မဟုတ် ကစားမြူးတူးလျှင်-ငါ့မှာကား သည်းခံခြင်း၊ သီလစောင့်ထိန်းခြင်းတို့ကြောင့် ငါ၏သီလသည် ပို၍မွန်မြတ်စင်ကြယ်မည်၊ သို့ရာတွင် ထိုသို့ ပြုလုပ်သူ၌ကား မကောင်းမှုအကုသိုလ်ဖြစ်ချေမည်၊ တစုံတယောက်သောသူသည် ငါ့ကို ပြင်းထန်စွာ ဆုပ်ကိုင်ပါလျှင် ငါ၌ အလွန်နာကျင်သော ဆင်းရဲဝေဒနာ ခံစားရပေမည်၊ ထို့ပြင် ငါ့ကို ကောင်းကင်သို့ ပစ်လွှင့်ပါလျှင် ငါသည် မြေ၌ကျ၍

အလွန်နာကျင်သော ဆင်းရဲဝေဒနာကို ခံစားရပေမည်၊ တစုံ တယောက်သောသူသည် ငါ၏ခံတွင်းမျက်နှာကိုယ်ခန္ဓာအပေါ်၌ တံထွေးနှပ်စသည်ကို ပစ်ချလျှင် ထိုမှတပါး ငါ၏အစွယ်များကို နှုတ်ယူပါလျှင် ငါ့၌ ကြီးစွာသော ဆင်းရဲဒုက္ခရောက်မည်ဖြစ်ပြီး ထိုသို့ ပြုလုပ်သူမှာလည်း ကြီးကျယ်သော မကောင်းမှုအကုသိုလ်ကိုပြုလုပ်သောကြောင့် အပါယ်ငရဲသို့ကျရောက်ချေမည်''ဟု ကြံစည်တွေးတောလေ၏၊ ယင်းသို့ ကြံစည် တွေးတောပြီးနောက် ဘုရားလောင်းကြွက်ဖြူသည် သုဓမ္မပါလိကအား စကားပြောဆိုလိုရကား-

၄-၅-၆။ အို သုဓမ္မပါလိက အကြင်သူသည် ကျွန်ုပ်ကို နှိပ်စက် ညှဥ်းပန်း၏၊ ကြိုးစသည်ဖြင့် ချည်နှောင် ဆွဲငင်၏၊ ထိုသူသည် ယခုမျက်မှောက်၌ရင်း, နောင်တမလွန် ဘဝ၌ရင်း, ဆင်းရဲ ဒုက္ခသို့ ရောက်မည်ဖြစ်သည်၊ အကြင်သူသည် ထမင်း,ရေ စပါးတို့ဖြင့် ကျွန်ုပ်အား ကျွေးမွေးစောင့်ရှောက်ပြုစု၏၊ ထိုသူသည် လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာသုခတိုးပွားမည်ဖြစ်၏၊ ထို့ကြောင့် ကျွန်ုပ်သည် သင်၏ အိမ်၌သာ နေပါအံ့၊ သင်သည်လည်း ကျွန်ုပ်အား စောင့်ရှောက်ကျွေးမွေးခြင်းကြောင့် ကြီးပွားချမ်းသာခြင်း ပြည့်စုံကြွယ်ဝခြင်း ဖြစ်ပါလတ္တံ့။

## ကြွက်ဖြူ၏ တန်ခိုးသတ္တိ

ထိုအခါ၌ ဘုရားလောင်းကြွက်ဖြူ၏ သီလကုသိုလ်တန်ခိုးကြောင့် သုဓမ္မပါလိကလည်း ပြည့်စုံကြွယ်ဝချမ်းသာလာ၏၊ အသုံးအဆောင် ပရိဘောဂတို့နှင့်ပြည့်စုံလာ၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားစသော များစွာသော အခြံအရံရှိကုန်၏။ ကျွန်မိန်းမ ကျွန်ယောကျ်ားစသောအခြွေအရံ များစွာဖြင့် ချမ်းသာကြွယ်ဝသော သုဓမ္မပါလိကကိုတွေ့မြင်ကြရသောလူအပေါင်းတို့သည် ပုဏ္ဏားကြီးအား ထိုအကြောင်းကို ပြောကြားကြ ကုန်၏။ ''အို ပုဏ္ဏားကြီး သုဓမ္မပါလိကသည် ကြွက်ဖြူကို ကျွေးမွေးစောင့်ရှောက်သဖြင့် ကြွက်ဖြူ၏တန်ခိုးအစွမ်းကြောင့် ယခုအခါ ချမ်းသာ ကြွယ်ဝလျက်များစွာသောအခြွေအရံတို့နှင့်ပြည့်စုံနေ၏''ဟု ပုဏ္ဏားကြီးအား ပြောကြား

ကြကုန်၏။ လူအပေါင်းတို့ထံမှ ထိုအကြောင်းကို ကြားရသောအခါ ပုဏ္ဏားကြီးသည် များစွာမနာလိုဝန်တိုလျက် အမျက်ထွက်ပြီးလျှင် မိမိ၏ အခိုင်းအစေယောကျ်ားတယောက်ကိုခေါ်၍ ဤဂါထာနှစ်ခုကို ဆိုလေ၏။

၇-၈။ အို အမှုလုပ်ယောကျ်ား သင်သည် သုမ္မပါလိကအိမ်၌ ရှိသော ကြက်ဖြူကိုရအောင်ယူခဲ့ပါလော့၊ သင့်အားကျွန်ုပ်သည် ဥစ္စာ ရွှေ ငွေအသုံးအဆောင်များစွာကို ပေးပါအံ့၊ ကျွန်ုပ်သည် ယင်းကြက်ဖြူ ကို ကျွန်ုပ်၏အိမ်၌ ကောင်းစွာထားပါအံ့။

## ပုဏ္ဏားခိုးယူသဖြင့် ကြက်ဖြူပျောက်ဆုံးသွားခြင်း

ပုဏ္ဏားကြီး၏စကားကို ကြားရသောအခါ ကျွန်အမှုလုပ် ယောကျ်ား သည် ဤသို့ကြံစည်လေ၏၊ "ဤကြက်ဖြူသည် အမြဲတန်း သီလကိုထိန်းသိမ်း စောင့်ရှောက်၏၊ ကြက်ဖြူ၏ သီလတန်ခိုးကြောင့် ကြက်ဖြူကို ကျွေးမွေး စောင့်ရှောက်သောသူသည် စည်းစိမ်ဥစ္စာ များစွာချမ်းသာ၏၊ အခြံအရံ များစွာရရှိ၏၊ ငါသည် ပုဏ္ဏားစကားကိုနားထောင်၍ဤကြက်ဖြူကိုယူလျှင် ငါ့အား ဘေးဥပဒ်အန္တရာယ်ဖြစ်ဖွယ်ရှိ၏၊ ငါ၏အသက်သည် သေရဖွယ် ရှိ၏၊ အကယ်၍ ပုဏ္ဏားစကားကို နားမထောင်ပါကလည်း ပုဏ္ဏားကြီး အမျက်ထွက်စိတ်ဆိုး၍ ငါ့အားအကျိုးမဲ့ပြုလုပ်လတ့်၊ ငါအဘယ်သို့ကြံစည် လုပ်ကိုင်ရပါအံ့နည်း-ဟု ကြံစည်လေ၏။ ထို့နောက် မည်သို့ပင်ဖြစ်စေ နောက်မှဖြစ်လာမည့် ပြဿနာကို နောက်မှဖြေရှင်းအံ့ဟု စိတ်ကူးလျက် ပုဏ္ဏားကြီး၏ အစေခံကျွန်သည် သုမ္မပါလိကအိမ်သို့သွား၍ ကြက်ဖြူကို ယူလာလျက် ပုဏ္ဏားကြီးအိမ်သို့ အလျင်အမြန် ပြန်လာပြီး ကြက်ဖြူကို ပုဏ္ဏားကြီးအားပေးလေ၏။ ပုဏ္ဏားကြီးသည် ကျွန်အမှုလုပ်ထံမှကြက်ဖြူကို ယူ၍ မိမိအိမ်၌ထားလေ၏။

## ကြက်ဖြူမရှိ၍ စီးပွားဥစ္စာဆုတ်ယုတ်လာပုံ

ထိုခဏ၌ သုမ္မပါလိကအိမ်မှလူများသည် ကြက်ဖြူပျောက်၍အုတ်အုတ် ကျက်ကျက်အသံဖြင့် လိုက်ကြသည်ကိုကြားသဖြင့် ဗာရာဏသီသူဌေးကြီး သည် မိမိအိမ်မှထွက်ကြည့်သောအခါ လူများ အုတ်အုတ်ကျက်ကျက်ဖြစ်နေ

သည်ကိုမြင်ရသဖြင့် ကြောက်ရွံ့ထိတ်လန့်ရကား မိမိ၏ ကျွန်တယောက်ကို ခေါ်၍ ထိုအကြောင်းကိုသိရှိရန် စုံစမ်းစေလွှတ်လိုက်၏။ သူဌေးကြီး၏ ကျွန်သည် အလျင်အမြန် ပုဏ္ဏားကြီး၏အိမ်သို့သွား၍ ပုဏ္ဏားကြီးအိမ်၌ ကြွက်ဖြူကိုတွေ့ရှိရကား ယူဆောင်လာလျက် သူဌေးကြီးအားပေးလေ၏။ သုဓမ္မပါလိကအိမ်တွင် ကြွက်ဖြူမရှိသောအချိန်မှစ၍ သုဓမ္မပါလိကသည် စည်းစိမ်ဥစ္စာ ရွှေငွေရတနာများ တဖြေးဖြေးကုန်ခန်းလာ၏။ ကျွန်မိန်းမ ကျွန်ယောကျ်ား သားမယားတို့ကို ရောင်းချရသည်အထိ ဆင်းရဲလာ၏၊ နောက်ဆုံးတွင် ဟောင်းနွမ်းသောအဝတ်နှစ်ထည်သာ ကျန်တော့လျက် ခွက်လက်စွဲကာတောင်းစားရ၍ ဆင်းရဲစွာအသက်မွေးရ၏။

## ကြွက်ဖြူထွက်ပြေး လွတ်မြောက်လာပုံ

ထိုအခါ ဘုရားလောင်း ကြွက်ဖြူသည် သူဌေးကြီးအိမ်၌ နေလျက် ကြံစည် စိတ်ကူးသည်မှာ– ငါ၏အရှင်သခင် ဖြစ်သော သုဓမ္မပါလိကသည် ငါ့ကို ကျွေးမွေးစောင့်ရှောက် ပြုစုခဲ့သော်လည်း ယခုအခါ ငါ့ကို ရှာဖွေ တွေ့ရှိခြင်း မရှိချေ၊ "ယခု ငါဤ၌ နေသည်ကိုလည်း သိမည်မဟုတ်ချေ" ဟု စဉ်းစားမိ လေ၏၊ ယင်းသို့ ကြံစည် စိတ်ကူးပြီးနောက် ဘုရားလောင်း ကြွက်ဖြူသည် အခြားသူများ မသိအောင် သူဌေးကြီးအိမ်မှ တိတ်တဆိတ် ထွက်လာလျက် ဟိမဝန္တာတောသို့ ဝင်သွားလေ၏၊ ဘုရားလောင်း ကြွက်ဖြူသည် ဟိမဝန္တာတော၌ ပျော်ရွှင်စွာနေလျက် ငါးပါးသီလတို့ကို စောင့်ရှောက် ထိန်းသိမ်း၍ နေလေ၏၊ ဟိမဝန္တာတော၌ တနှစ်မျှ နေပြီးနောက် ဘုရားလောင်း ကြွက်ဖြူသည် သုဓမ္မပါလိက၏ အိမ်အခြေအနေကို သိမြင် တွေ့ရှုလိုသဖြင့် ဟိမဝန္တာမှ ထွက်ခွါခဲ့ပြီးလျှင် အစဉ်သဖြင့် လာသော အခါ သုဓမ္မပါလိက၏ အိမ်သို့ ရောက်လေ၏၊ သုဓမ္မပါလိက၏ အိမ်တွင် ဥစ္စာရွှေငွေ ဆန်ရေစပါး တို့ကို မတွေ့ရှိရသည့် အပြင် အိမ်၏ အသုံးအဆောင် ပရိဘောဂများ, သားမယား ကျေးကျွန်တို့ကိုပါ မတွေ့မြင်ရဘဲ ရထားလှည်း အဟောင်းအနွမ်းတခု၊ ခွက်တခု၌ အပြည့်ထည့်ထားသော ပုပ်သိုး နေသော ထမင်းများနှင့် ဟောင်းနွမ်းသော ပုဆိုးအင်္ကျီ များကို ဝတ်ထားသော သုဓမ္မပါလိကတို့ကိုသာ တွေ့မြင်ရလေ၏။

ယင်းသို့ အိပ်ပျော်နေသော မိမိသခင် သုဓမ္မပါလိကကို တွေ့မြင်ရသော အခါ ဘုရားလောင်း ကြွက်ဖြူသည် အလွန်တရာ ဝမ်းနည်းတုန်လှုပ်လျက် မျက်ရေများပင် ကျဆင်းကာ အိပ်ပျော် နေသော သုဓမ္မပါလိက၏ နား အနီးသို့ ကပ်၍ ငိုကြွေးလျက်ပင် အို အရှင် သုဓမ္မပါလိက သင်သည် ထ၍ ကျွန်ုပ်ကို ကြည့်ပါဦးလော့ ဟု ဆိုလေ၏၊ ထိုစကားကို ကြားသောအခါ သုဓမ္မပါလိကသည် "ယခု ကျွန်ုပ်ကို စကားပြောသော သူကား အဘယ်သူ ပါနည်း"ဟု မေးလေရာ ဘုရားလောင်း ကြွက်ဖြူက "အို အရှင် သုဓမ္မ ပါလိက ကျွန်ုပ်သည် အရှင်၏ ကြွက်ဖြူဖြစ်ပါသည်၊ ယခု သင့်ထံသို့ ရောက် လာပါပြီ"ဟု ပြောဆိုလေ၏၊ သုဓမ္မပါလိကသည် အိပ်ရာမှ ထလတ်၍ ဘုရားလောင်း ကြွက်ဖြူကို တွေ့မြင်ရသော အခါ အလွန်ဘရာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် စကြဝတေးမင်း အဖြစ်ကို ရသကဲ့သို့၎င်း, ရတနာ အမျိုးမျိုးတို့ကို တွေ့မြင်ရရှိ သကဲ့သို့၎င်း နှစ်သက် ဝမ်းမြောက်လှရကား ရှေးက မိမိစိစား သုံးဆောင်ခဲ့ဘူးသော စည်းစိမ်ချမ်းသာ တို့ကို သတိရ အောက်မေ့သဖြင့် ဘုရားလောင်း ကြွက်ဖြူ၏ ရှေ့မှောက်၌ ငိုကြွေးလေ၏၊ ထိုအခါ ဘုရားလောင်း ကြွက်ဖြူသည် ယိုနေရာ၌ ရပ်တည်လျက် အရှင် သခင် ဖြစ်သော သုဓမ္မပါလိကကို စိတ်သက်ရာ ရစေရန် ဖျောင်းဖျ ပြောဆို လိုရကား -

၄-၁၀။ အို အရှင်သခင် ဖြစ်သော သုဓမ္မပါလိက ကျွန်ုပ်သည် သင်၏ ဆင်းရဲ ဒုက္ခ အာဝမှ သင့်အား ကယ်ဘင် လွတ်မြောက် စေပါအံ့၊ ကျွန်ုပ် ရောက်လာသည့် အချိန်မှစ၍ သင်သည် ဘာမျှ ကိုးရိမ်ပူဆွေး မငိုကြွေးပါလင့်၊ အို အကျွန်ုပ်၏ အသက်သခင် ကျေးဇူးရှင် ဖြစ် သော သုဓမ္မပါလိက ကျွန်ုပ်ရောက်လာချိန်မှ စ၍ သင်သည် ရှေးက ကဲ့သို့ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အကျေ့ကျေ့တို့နှင့် ပြည့်စုံကြွယ်ဝ ချမ်းသာလျက် သင်၏ သားမယား ကျေးကျွန် များနှင့် အတူ ပျော်ပျော်ပါးပါး နေရပါလတ္တံ့။

ဤသို့ ပြောဆိုပြီးနောက် ဘုရားလောင်း ကြွက်ဖြူသည် သုဓမ္မပါလိက၏ အိမ်၌ သားမယား ကျေးကျွန် စသော လူအပေါင်းကို မတွေ့ရသဖြင့်-

(ကြွက်ဖြူ) အို အရှင် သုဓမ္မပါလိက သင့် အိမ်၌ နေထိုင် ကြသော သင်၏ သားမယား ကျေးကျွန်တို့သည် ယခု အဘယ် အရပ်သို့ သွားကုန်ကြပါ သနည်း။

(သုဓမ္မပါလိက) အို ချစ်စွာသော ကြွက်ဖြူကလေး သင် ဤအိမ်က ထွက်ခွါ ပျောက်ကွယ် သွားသည့် အချိန်မှ စ၍ ကျွန်ုပ်သည် တဖြည်းဖြည်း ဆင်းရဲခြင်းသို့ ရောက်သဖြင့် သားမယား ကျေးကျွန်တို့ကို ရောင်းချလိုက်ရ ပါသည်။

(ကြွက်ဖြူ) သို့ဖြစ်လျှင် သင်သည် ကျွန်ုပ်ကို ယူဆောင်၍ ဘုရင် မင်း မြတ်ထံ သွားရောက် ရောင်းချပါလော့။

## ဘုရင့်ထံ ကြွက်ဖြူရောင်းချရန် သွားခြင်း

ဘုရားလောင်း ကြွက်ဖြူ၏ စကားကို ကြားလျှင် သုဓမ္မပါလိကသည် နံနက်စောစောအိပ်ရာမှ ထ,လျက် ကိုယ်သက်သုတ်သင် ရေမိုးချိုးပြီးနောက် ဘုရားလောင်းကြွက်ဖြူကိုယူလျက် လူအများထံသွား၍ လူအများခြံရံလျက် မင်း၏ နန်းတော်သို့သွားရန်အတွက် နန်းတော်စောင့် ဒရဝမ်၏အိမ်သို့ ရှေးဦးစွာဝင်လေ၏၊ နန်းတော်စောင့် ဒရပမ်သည် ဘုရားလောင်းကြွက်ဖြူ ကို တွေ့မြင်သောအခါ သုဓမ္မပါလိကထံမှ ကြွက်ဖြူကိုဝယ်ယူသေး၏၊ သို့ သော်လည်း ဘုရားလောင်းကြွက်ဖြူသည် ဗြဟ္မဒတ်မင်း ထံသို့သာ သွားလို စိတ်ရှိသောကြောင့် သုဓမ္မပါလိကအား မိမိ၏ညိုဖြူသောမျက်လုံးဖြင့် စိုက်၍ ကြည့်လေ၏၊ ထိုအခါ သုဓမ္မပါလိကသည် ဘုရားလောင်း ကြွက်ဖြူ၏ စိတ် ဆန္ဒကို အကဲခတ်မိသဖြင့် ကြွက်ဖြူကိုအဝတ်ဖြင့် ကောင်းစွာ ထုပ်ဆောင် လျက် နန်းတော်စောင့် ဒရဝမ်အိမ်မှထွက်ခွါလာပြီးလျှင် ဗြဟ္မဒတ်မင်းထံ သို့သွားလေ၏၊ ထိုအခိုက်တွင် ဗာရာဏသီသူဌေးကြီးသည် သုဓမ္မ ပါလိက ကို တွေ့မြင်၍ လှမ်းခေါ်ပြီးလျှင် သုဓမ္မပါလိကအား ဥစ္စာ ရွှေငွေများစွာ ပေးလျက် ကြွက်ဖြူအား ကောင်းမွန်စွာ ကျွေးမွေးပူဇော် သက္ကာရပြု၍ အဝတ်၌ ကျွတ်ကျနေသော ကြွက်ဖြူ၏ အမွေးနှစ်ပင်အနက်မှ အမွေးတပင် ကို သူဌေးကြီးသည် တောင်းယူလျက် အမွေးတပင်ကို သုဓမ္မပါလိကသည် ယူဆောင်၍ သူဌေးကြီးနှင့် စကား ပြောလိုရကား—

၁၁-၁၃။ အိုသူဌေးကြီး သင်သည် ကျွန်ုပ်ကိုဗြဟ္မဒတ်မင်းထံခေါ်ဆောင် သွားပါလော့၊ မင်းကြီး၏ စည်းစိမ်ဥစ္စာ ပွားများတိုးတက်စေရန် အတွက် ကျွန်ုပ်သည် ကျွန်ုပ်၏ကြွက်ဖြူကို ဘုရင်မင်းမြတ်အား ရောင်းချပါအံ့။

သုဓမ္မပါလိက၏စကားကိုကြားသောအခါ ဗာရာဏသီသူဌေးကြီးသည် ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိကအား ဗြဟ္မဒတ်မင်းကြီးထံ ခေါ်ဆောင်သွား လျက် ပရိသတ်အလယ်၌ ထိုင်နေလေ၏။ ထိုအခါ ဘုရင်မင်းမြတ်သည် သူဌေးကြီးနှင့်အတူ ပါလာသော ကြွက်ဖြူကိုယူဆောင်လာသော သုဓမ္မ ပါလိကကို တွေ့မြင်ရကား အကျိုးအကြောင်းကို မေးမြန်းလိုသဖြင့် ဤဂါထာကိုဆိုလေ၏။

၁၄။ အိုသူဌေးကြီး သင်နှင့်လာသော ဤသူသည် ကြွက်ဖြူကိုယူဆောင် လျက် အဘယ့်ကြောင့် လာပါသနည်း၊ အကျိုးအကြောင်း သိရ အောင် ကျွန်ုပ်အားဟုတ်တိုင်းမှန်စွာ သံတော်ဦးတင်ပါလော့။

ဗြဟ္မဒတ်မင်း၏ မိန့်တော်မူသည်ကို ကြားရသောအခါ ဗာရာဏသီ သူဌေးကြီးသည် မိမိတို့လာခြင်းအကြောင်းကို အလုံးစုံ သံတော်ဦးတင် လေ၏၊ ထိုအခါ မင်းကြီးသည် ကြွက်ဖြူပိုင်ရှင်သုဓမ္မပါလိကအားမေးမြန်း လိုရကား ဤဂါထာကိုဆိုလေ၏။

၁၅။ ကြွက်ဖြူပိုင်ရှင် အမောင်ယောကျ်ား ကြွက်ဖြူကို ယူဆောင်၍ လာသောသင်သည် အဘယ်အရပ်၌နေပါသနည်း၊ဤသူဌေးကြီးနှင့် အဘယ်သို့တွေ့ဆုံ၍ လာပါသနည်း၊ ဤကြွက်ဖြူအတွက် အဖိုးအခ မည်မျှ ပေးရမည်နည်း။

ဘုရင်မင်းမြတ်၏စကားကိုကြားသောအခါ ကြွက်ဖြူပိုင်ရှင်သုဓမ္မပါလိက သည် လက်အုပ်ချီလျက် ဘုရင်မင်းမြတ်အား သံတော်ဦး တင်သည် မှာကား-

၁၆။ မြတ်သောမင်းကြီး ကျွန်ုပ်သည် သင်မင်းကြီး၏ ဤဗာရာဏသီ မြို့တော်မှာပင်နေပါသည်၊ အလုံးစုံသော စည်းစိမ်ဥစ္စာ ရှာဖွေနေ

ရွှေငွေအထွေထွေတို့ကို ပေးတတ်သော ဤကြွက်ဖြူကိုအရှင်မင်းကြီး
အား လက်ဆောင်အဖြစ်ပေးဆက်ရန်လာရောက်ခြင်းဖြစ်ပါသည်။
စည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို ပေးတတ်သော ဤကြွက်ဖြူကို
အရှင်မင်းမြတ်သည် လက်ခံယူငင်တော်မူပါ။

ထိုစကားကိုကြားသောအခါ ဗြဟ္မဒတ်မင်းကြီးသည် များစွာနှစ်သက်ဝမ်းမြောက်ရကား ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိကအား ရွှေ ငွေ ဥစ္စာရတနာများစွာကို ပေးရန်အတွက် မိမိ၏အပေါ်၌ စီမံခန့်ခွဲအုပ်ချုပ်သူကိုခေါ်လျက် ဤဂါထာကို ဆို၏။

၁၇။ ငါ၏အပေါ်၌ စီမံခန့်ခွဲအုပ်ချုပ်သော အို ယောကျ်ား- သင်သည်
ဤကြွက်ဖြူ ပိုင်ရှင်အား ကျွန်ယောကျ်ားတရာ, ကျွန်မိန်းမတရာ,
နွားလားဥသဘတရာနှင့် ရွှေငွေဥစ္စာ များစွာထွက်သော ရွာကြီး
တရွာတို့ကို ပေးရန် စီမံပါလော့။

## ကြွက်ဖြူပိုင်ရှင် ပစ္စည်းဥစ္စာများ ရရှိခြင်း

ထိုအခါ ဘုရင်မင်းမြတ်၏ စီမံခန့်ခွဲပ်အုချုပ်သူသည် မင်းကြီး၏ အမိန့်အတိုင်း ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိကအား များစွာသော ဥစ္စာရွှေငွေအခြွေအရံတို့ကို ပေးလေ၏၊ ကြွက်ပိုင်ရှင် သုဓမ္မပါလိကသည် များစွာသော ဥစ္စာရွှေငွေတို့ကို ရသောကြောင့် မိမိဆင်းရဲစဉ်က ရောင်းချခဲ့သော သားမယား ကျေးကျွန်တို့ကို ပြန်လည် ဝယ်ယူပြီးလျှင် မိမိသားမယားကျေးကျွန် အခြံအရံများနှင့် အတူတကွ စည်းစိမ်တို့ကို ခံစားလျက်-ကံအားလျော်စွာ ကွယ်လွန်သွားလေ၏၊ ဘုရားလောင်းကြွက်ဖြူသည် ဗြဟ္မဒတ်မင်း၏အထံ၌နေလျက် မင်းကြီးအား တရားဟောလိုရကား-

၁၈ ၂၃။ မြတ်သောမင်းကြီး သင်မင်းကြီးသည် မိခင်ဖခင်ကျေးဇူးရှင်တို့
၌ရှင်း, ဇနီးမယား သမီးသားတို့၌ရှင်း, မှူးမတ်အများ, မိတ်ဆွေ
သင်္ဂဟအများနှင့် စစ်သည်ဗိုလ်ပါ အများတို့၌ရှင်း, တိုင်းသူပြည်
သား လူအများတို့၌ရှင်း, သီလရှိသူ, အသက်ကြီးသောသူ, ရဟန်း,
ပုဏ္ဏား, ခြင်္သေ့စသော သားကောင်များ, ဟင်္သာစသောငှက်များ
တို့၌ရှင်း တရားနှင့်အညီ ကျင့်ကြံပြုမူပါလော့၊ ယင်းသို့တရားနှင့်

အညီကျင့်ကြံပြုမူပါလျှင် သင်သည် သေသောအခါ၌ နတ်ပြည်၌ ဖြစ်ရပါလတ္တံ့၊ မြတ်သောမင်းကြီး မိမိသည် တရားကိုကျင့်ကြံပါလျှင် တရားတော်သည် မိမိအားပြန်လည် စောင့်ရှောက်ပါ၏၊ တရားကို ကျင့်သောသူသည် နတ်ပြည်စသော ချမ်းသာသုခကိုရရှိ၍ အပါယ်ဆင်းရဲသို့ မကျရောက်နိုင်ပါ၊ နတ်များ, သိကြားများတို့သည် နေ့ညဥ့်မပြတ် စောင့်ရှောက် ကုန်၏၊ တရားကို ကျင့်ကြံအားထုတ်သော အကျိုးကြောင့် နတ်ပြည်သို့ ရောက်ရှိကြခြင်းဖြစ်ပါသည်၊ မြတ်သောမင်းကြီး သင်သည် မမေ့မလျော့ဘဲ ကုသိုလ်ကောင်းမှုကိုပြုပါလော့၊ ဤသို့ ကုသိုလ်ကောင်းမှုကိုပြု၍ တရားကိုကျင့်ကြံပါလျှင် သင်သည် နတ်ရွာသုဂတိသို့ ရောက်ပါလတ္တံ့။

ဤသို့လျှင် ဘုရားလောင်း ကြွက်ဖြူ၏ တရားဒေသနာကို ကြားနာရသောအခါ အလွန်နှစ်သက် ဝမ်းမြောက်လှရကား ဘုရားလောင်းကြွက်ဖြူအား များစွာပူဇော်သက္ကာရကို ပြုလေ၏၊ ထိုနောက် ဗြဟ္မဒတ်မင်းကြီးသည် တိုင်းပြည် စည်းစိမ် အားလုံးကို သားတော် ဗြဟ္မဒတ္တ မင်းသားအား အပ်နှင်း ပြီးလျှင် မိမိသည် အေးချမ်းစွာဖြင့် တရားအားထုတ်နေလေရာ- နတ်ရွာစံသောအခါ နတ်ပြည်၌ဖြစ်လေ၏၊ထိုအခါ ဘုရားလောင်းကြွက်ဖြူသည် ဗြဟ္မဒတ္တမင်းသား အမှူးရှိသော လူအပေါင်းအား ဆုံးမသြဝါဒ ပေးလိုရကား—

၂၄။ အို ဗြဟ္မဒတ္တမင်းသား သင်သည် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏၊ သူတော်ကောင်း မဟုတ်သော သူယုတ်မာတို့ကို မမှီဝဲမဆည်းကပ်ရာ၊ သူတော်ကောင်းကို မှီဝဲဆည်းကပ်လျှင် ကောင်းရာသုဂတိ နတ်ပြည်ဌာနသို့ ရောက်ရ၍ သူယုတ်မာများကို မှီဝဲဆည်းကပ်လျှင် အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ ကျရောက်ရ၏။

## ဘုရားလောင်းကြွက်ဖြူ ဟိမဝန္တာသို့

ဤသို့ ပြောဆိုပြီးနောက် ဘုရားအလောင်း ကြွက်ဖြူသည် ဗြဟ္မဒတ္တမင်းသား အမှူးရှိသော လူအပေါင်းအား ဆုံးမသြဝါဒ ပေးလျက် "ဗြဟ္မ

ဒတ္တ မင်းသားနှင့် အိုလူများအပေါင်းတို့ သင်တို့သည် ဤနေ့မှ စ၍ အလှူ ပေးခြင်း စသော ကုသိုလ်ကောင်းမှု တို့၌ မမေ့မလျော့ကြဘဲ တတ်အား သမျှ ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ကြပါ ကုန်လော့"ဟု ဆုံးမပြီးလျှင် ဗာရာဏသီမြို့မှ ထွက်ခွါ၍ ဟိမဝန္တာသို့ သွားလေ၏၊ ဘုရားလောင်း ကြွက်ဖြူသည် ဟိမဝန္တာတော၌ ငါးပါးသီလတို့ကို အမြဲစောင့်ထိန်းလျက် ဥပုသ်နေ့တို့၌ ရှစ်ပါးသီလ တခါတရံ ဆယ်ပါးသီလ တို့ကို စောင့်ထိန်း. လျက် တဦးတည်း ချမ်းသာစွာ နေလေ၏၊ ထိုအခါ ဘုရားလောင်း ကြွက် ဖြူ၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်း အရာကို ပြလေ၏၊ သိကြားမင်းသည် အကျိုးအကြောင်းကို ဆင်ခြင်လျက် ဤဂါထာကို ဆိုလေ၏။

၂၅။ ငါးပါးသီလကို အမြဲ စောင့်ထိန်းလျက် အလှူပေးခြင်း မြတ်သော အကျင့် ကျင့်ခြင်းကို ပြုသော သူသည်ကား နတ်လော လူလော အဘယ်သူ ပါနည်း၊ ထိုသူသည် ငါ့အား သိကြားမင်း နေရာ ဘုံဗိမာန်မှ ရွှေ့လျော စေလိုဘိ၏။

ထိုအခါ သိကြားမင်းသည် ဘုရားလောင်း ကြွက်ဖြူ၏ အကြောင်းကို သိ၍ နှစ်သက်ဝမ်းမြောက် ရကား ဉဒါန်းကျူးရင့်လို သဖြင့် ဤ ဂါထာ နှစ်ပုဒ်ကို ဆိုလေ၏။

၂၆-၂၇။ ဘုရားအလောင်း ကြွက်ဖြူသည် လူအများတို့အား တရားစကား ကို ဟောကြား ဆုံးမသောကြောင့် ငရဲပြည်၌ လူများ ဆိတ်သုဉ်း လျက် နတ်ပြည်၌ နတ်များပြည့်နှက်လျက် ရှိပေ၏၊ ဘုရားလောင်း ကြွက်ဖြူသည် သီလကို စောင့်ရှောက်၍ သီလပါရမီကို ဖြည့်ကျင့် သောကြောင့် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်လတ့်။

## ဘုရားလောင်းကြွက်ဖြူထံ အလိုစမ်းခြင်း

ဤသို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကား ပြောဆိုပြီးနောက် သိကြား မင်းသည် "ယခုအခါ ဘုရားလောင်း ကြွက်ဖြူသည် သီလတို့ကို စောင့်သုံး သည်ကား-ငါ၏ စည်းစိမ်ဖြစ်သော သိကြားမင်းစည်းစိမ် ဗြဟ္မာမင်း စည်း

စိမ်, ပစ္စေက ဗုဒ္ဓါဆု, သာဝကဆုတို့ကို တောင့်တ၍ ပြုလုပ်ကျင့်ကြံ စောင့်သုံးသည် မဟုတ်၊ စင်စစ်သော်ကား ဘုရားလောင်း ကြွက်ဖြူသည် နောင်အခါ၌ ဘုရားဖြစ်ရန် ကိုသာ တောင့်တပေသည်’’ဟု သိ၍ ယခုအခါ ငါသည် ဘုရားလောင်း ကြွက်ဖြူ၏ သီလပါရမီကို ဖြည့်ကျင့်အံ့ဟု ကြံလျက်နတ်ပြည်မှ သက်ဆင်းလျက် မိမိကိုယ်ကို ပုဏ္ဏားအသွင် ဖန်ဆင်း၍ ဘုရားလောင်း ကြွက်ဖြူထံ လာလေ၏၊ ထိုအခါ ဘုရားလောင်း ကြွက်ဖြူသည် မိမိထံ လာသောပုဏ္ဏားကို တွေ့သဖြင့် နှစ်သက် ဝမ်းမြောက်သော စိတ်ရှိ၍ ဤဂါထာကို ဆို၏။

၂၀။ အို ပုဏ္ဏား အဘယ် အကြောင်း ကိစ္စရှိ၍ ကျွန်ုပ်ထံသို့ လာပါသနည်း၊ ကျွန်ုပ်ထံ လာခြင်း အကြောင်းကို ပြောကြားပါလော့။

ထိုစကားကို ကြားသောအခါ ပုဏ္ဏားသည် ဘုရားလောင်းကြွက်ဖြူနှင့် စကားပြောဆို လိုရကား ဤသုံးဂါထာတို့ကို ဆိုလေ၏။

၂၉-၃၁။ အို ကြွက်ဖြူ ယနေ့ ဥပုသ်နေ့ ဖြစ်၍ ကျွန်ုပ်သည် အသားကို မရရှိပါ၊ အသားကို စားလို၍ သင့်ထံသို့ လာပါ၏၊ ယနေ့ ကျွန်ုပ်သည် အသား အနည်းငယ်ကိုမျှ မစားရပါ၊ ယနေ့ အသားတစုံတရာကိုမှ မစားရပါလျှင် ကျွန်ုပ် သေရပါလိမ့်မည်၊ ယနေ့ ကျွန်ုပ်အားပေးရန် အသားတစုံတရာ သင့်မှာ မရှိပါက သင်၏ အသားကို စားရပါလိမ့်မည်။

ထိုစကားကိုကြားသောအခါ ဘုရားလောင်းကြွက်ဖြူသည် နက်ဖြန်တွင် ဘုရားအဖြစ်သို့ရောက်တော့မည်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဤသုံးဂါထာတို့ကိုဆို၏။

၃၂-၃၄။ အို ပုဏ္ဏား အကျွန်ုပ်၏ အသားကို ကောင်းသော သင့်အား ကျွန်ုပ်၏အသားကို ပေးပါအံ့၊ ကျွန်ုပ်သည် အလှူပေးခြင်း၌ မွေ့လျော်ပါ၏၊ ဤအလှူကြောင့် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏၊ အို ပုဏ္ဏား သင်သည် တင်းတို့ကိုစုဆောင်း၍ မီးမွှေးပါလော့၊ မီးကျီးအပုံထဲသို့ ကျွန်ုပ်သည်ခုန်ဆင်းပါအံ့၊ ထိုနောက်

သင်သည် မီးဖြင့်ကျက်နေသော ကျွန်ုပ်၏အသားကို စားပါလော့၊
ဤအလှူကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏။

ဘုရားလောင်း ကြွက်ဖြူ၏စကားကို ကြားသောအခါ ပုဏ္ဏားသည် ထင်းတို့ကို ရှာဖွေသကဲ့သို့ပြု၍ ထိုနေရာ၌ပင် မီးကျီးခဲများကို ပြုလုပ်ဖန်ဆင်းလျက် ဘုရားလောင်းကြွက်ဖြူအား မီးကျီးခဲများပြုလုပ်ပြီးကြောင်း အကြောင်းကြားလေ၏။ ထိုအခါ ဘုရားလောင်းကြွက်ဖြူသည် မိမိ၏အလှူဒါနကို နတ်အပေါင်းတို့အား အနုမောဒနာပြုလိုရကား ဤဂါထာတို့ကို ဆိုလေ၏။

၃၅-၃၇။ (ဤသုံးဂါထာသည် ၇-သိရိစုဒါမဏိဇာတ်လာ ၁၅-နံပါတ်ဂါထာ ၁၀-၁၉ ဂါထာတို့နှင့်တူ၏။)

## ကြွက်သားစားလို ပုဏ္ဏား၏အလို

ဤသို့ နတ်များကိုအနုမောဒနာပြုစေပြီးနောက်ဘုရားလောင်းကြွက်ဖြူသည် ကြောက်ရွံ့တုန်လှုပ်ခြင်းလုံးဝမရှိဘဲနက်ဖြန် ဘုရားဖြစ်တော့မည်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် "အို ပုဏ္ဏားကြီး မီးဖြင့်ကျက်သောကျွန်ုပ်၏ အသားကိုအလိုရှိသလောက် စားသုံးပါလော့"ဟုဆိုလျက် ငြိမ်ငြိမ်းရဲရဲ မီးပုံထဲသို့ခုန်ဆင်းလေ၏။ ထိုခဏ၌ပင် ဘုရားလောင်းကြွက်ဖြူ၏ သီလစောင့်ရှောက်သောတန်ခိုး၊ အသက်ကို လှူသောဇီဝိတဒါန အကျိုးအာနုဘော်ကြောင့် ရတနာခုနစ်ပါးဖြင့်ပြီးသော ရထားလှည်းဘီး ပမာဏရှိသည့် ရွှေပဒုမာကြာပန်းကြီး တခုသည် ယင်းမီးပုံကြီး၌ ဖြစ်ပေါ်လာလျက် ဘုရားလောင်းကြွက်ဖြူအား အောက်မှခံထားသဖြင့် ကြွက်ဖြူ၏ ကိုယ်မှ အမွေးတပင်ကိုမျှပင် မီးမပူလောင်ချေ။ ထိုအချိန်၌ မြေကြီးတုန်လှုပ်ခြင်းစသော ထူးဆန်းအံ့ဩဘွယ်တို့သည် ဟိမဝန္တာအရပ်၌ ထင်ရှားဖြစ်ပေါ်လေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၃၈-၄၃။ (ဤဂါထာတို့သည် ၆-ဂေါပါလကဇာတ်လာ ၃-၄-၅ ဂါထာတို့နှင့်၎င်း၊၅-ဝိရိယပဏ္ဍိတဇာတ်လာ ၃၃-၃၄-၃၅ ဂါထာတို့နှင့်၎င်း တူလေပြီ။)

ထိုနောက်ပုဏ္ဏားသည် ဘုရားလောင်း ကြွက်ဖြူ၏ မှန်မြတ်သောအလို ဆန္ဒကိုသိရသဖြင့် များစွာ ချီးမွမ်းခြင်းကိုပြုလေ၏။ ဤအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၄၄-၄၈။ (ဤဂါထာတို့သည် ၂-သာမိတရာဇ် ၂၇-၃၁ ဂါထာတို့နှင့် တူလေပြီ။)

ဤသို့ ပြောဆိုပြီးနောက် ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းသည် ဤကြွက်ဖြူသည် သဗ္ဗညုတဉာဏ်ကိုတောင့်တလျက် သီလစောင့်ခြင်း အသက်ကိုလှူဒါန်းခြင်းစသည်ကို ပြုလုပ်သောကြောင့် နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်လတ့်။ ယခုအခါ ငါသည် ဤကြွက်ဖြူကိုနတ်ပြည်သို့ ဆောင်ယူ၍နတ်တို့အားပြရလျှင် ကောင်းမည်ဟုကြံစည်လျက် သိကြားမင်းသည် ဘုရားလောင်း ကြွက်ဖြူအား မိမိလက်အပြင်၌ တင်ယူလျက် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားပြီးလျှင် နတ်အများတို့အား ပြောကြားပြသလျက် ''အို နတ်အပေါင်းတို့ ဤကြွက်ဖြူသည် ဘုရားအလောင်းဖြစ်၍ နောင်အခါ၌ ဘုရားဖြစ်ပြီးလျှင် သံသရာဝဋ်ဆင်းရဲမှ သတ္တဝါတို့ကိုကယ်ဘင်၍ နိဗ္ဗာန်ရွှေမြို့တော်တို့ ပို့ဆောင်လတ့်ဟုဆို၍ မိမိ၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ဘုရားလောင်းကြွက်ဖြူအား ထားလေ၏။ နတ်အပေါင်းတို့သည် ဝမ်းမြောက်စွာဖြင့် ဘုရားလောင်း ကြွက်ဖြူအား လာရောက်ကြည့်ရှုကြကုန်၏။ ဘုရားလောင်း ကြွက်ဖြူသည် သိကြားမင်း အမှူးရှိသော နတ်အပေါင်းအားတရားဒေသနာကို ဟောကြားလိုရကား

၄၉-၅၅။ နတ်ပြည်၌ဖြစ်ကုန်သောနတ်တို့သည် ရှေးဘဝက ငါးပါးသီလ တို့ကို စောင့်ရှောက် ထိန်းသိမ်းခဲ့သသောကြောင့် နတ်သမီးအပေါင်း ခြံရံလျက် နတ်ပြည်၌ ယခုဖြစ်ကြရကုန်၏။ သိကြားမင်းစသော ပုဂ္ဂိုလ်တို့လည်း သီလကိုစောင့်ရှောက်ခဲ့သောကြောင့်၎င်း၊ ရိုသေ ထိုက်သူတို့ကို ရိုသေခဲ့သောကြောင့်၎င်း, ကုသိုလ်ကောင်းမှုတို့ကို များစွာပြုခဲ့သောကြောင့်၎င်း အလှူပေးခြင်း ပြတ်သောအကျင့်ကို ကျင့်ခြင်း, သီလစောင့်ခြင်း၊ မျက်စိအစရှိသော ဣန္ဒြေတို့ကို ဆုံးမခြင်း တို့ကြောင့်၎င်း၊ ဥစ္စာစည်းစိမ် ကျေးကျွန်အခြံအရံများ၍ အသက်ရှည်စွာ

နေကြရကုန်ပြီးလျှင် နတ်ပြည်၌ ဖြစ်လာကြရကုန်၏။ ထို့ကြောင့် သင်တို့၌ ရှေးဘဝကပြုခဲ့ကြသော ကောင်းမှုကုသိုလ် အသီးသီး ရှိကြကုန်၏။ ယင်းကုသိုလ်ကောင်းမှုတို့ကို ကျွန်ုပ်သည်ဝမ်းမြောက်စွာ သာဓုအနုမောဒနာပြုပါ၏။ သင်တို့ပြုခဲ့သော ကောင်းမှုကုသိုလ်တို့အတွက် သင်တို့မှာ နောင်တဖန် စိုးရိမ်ပူပန်ရခြင်းမရှိချေဟူသောဂါထာတို့ကို မိန့်ဆိုလေ၏။

ဘုရားလောင်းကြွက်ဖြူ၏ တရားဒေသနာကို ကြားနာရသဖြင့် အားလုံးသော နတ်အပေါင်းတို့သည် ကောင်းချီးဩဘာ ပေးကြကုန်လျက် နတ်၌ဖြစ်သော အဝတ်တန်ဆာ, နတ်၌ဖြစ်သောနံ့သာပန်း စသည်တို့ဖြင့် ဘုရားလောင်းအား ပူဇော်သက္ကာရ ပြုကြကုန်၏၊ ထိုနောက် ဘုရားလောင်းကြွက်ဖြူသည် နတ်များအပေါင်း ခြံရံလျက်ရှိသော သိကြားမင်းကို ပန်ကြားလိုရကား—

၅၆။ နတ်တို့သနင်း အို သိကြားမင်း အကျွန်ုပ်သည် လူ့ပြည်လောကလူ့ဌာနသို့ ပြန်လိုပါ၏၊ လူ့ပြည်၌သီလစသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ သင်သိကြားမင်း၏အထံ၌ ဖြစ်လိုပါ၏ဟု ပြောဆိုလေ၏။

ဘုရားလောင်း ကြွက်ဖြူ၏စကားကို ကြားသောအခါ သိကြားမင်းသည် မိမိ၏လက်ဖြင့် ဘုရားလောင်းကို ယူဆောင်၍ နတ်ပြည်မှဆင်းသက်ပြီးလျှင် ဟိမဝန္တာအရပ်၌ မြစ်ဆိပ်အနီးတွင် ချိုမြိန်ကောင်းမြတ်သော အသီးများရှိသည့် သစ်ပင်များရှိရာ၌ ကြာမျိုးငါးပါးနှင့် ပြည့်စုံသောရေကန်ကြီးတခုကို ဖန်ဆင်းလျက် ထိုနေရာ၌ ဘုရားလောင်း ကြွက်ဖြူအား နေစေပြီးနောက် သိကြားမင်းသည် မိမိနေရာနတ်ပြည်သို့ ပြန်ကြွလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၅၇ ၅၈။ ထိုနောက် သိကြားမင်းသည် ဝမ်းမြောက်စွာဖြင့် ဘုရားလောင်းကြွက်ဖြူကို မိမိလက်ဖြင့် လူ့ပြည်သို့ ခေါ်ငင်ယူဆောင်လျက်

ဟိမဝန္တာအရပ်၌ မွေလျော်ဘွယ်ရာဖြစ်သောနေရာကို ဖန်ဆင်းပေး ပြီးလျှင် နတ်ပြည်သို့ ပြန်ကြလေ၏ ဟု မိန့်ဆိုတော်မူ၏။

ထိုအခါမှစ၍ ဘုရားလောင်းကြွက်ဖြူသည် ဟိမဝန္တာ၌နေကာ ကြွေကျသော အသီးများကိုစားလျက် အသက်မွေးခြင်းကိုပြု၍ အသက်အတိုင်း နေပြီးနောက် ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရား ဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူလိုရကား—

၅၉-၆၄။ ထိုအခါ ဗြဟ္မဒတ်မင်းသည် ယခုအခါ ရှင်သာရိပုတ္တရာ၊ ဗာရာဏသီမင်းသည် ရှင်မောဂ္ဂလာန်၊ ဗာရာဏသီပြည်သား ပုဏ္ဏားသည် ရှင်မဟာကဿပ၊ နန်းတော်စောင့် ဒရဝမ်သည် အမ္မမထေရ်၊ ကြွက်ဖြူပိုင်ရှင် သုဓမ္မပါလိကသည် ရှင်အာနန္ဒာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ ကြွင်းသော နတ်လူအများတို့သည် ယခုအခါ ငါဘုရား၏ပရိသတ်များ ဖြစ်လာလျက် သုဓမ္မသေတမူသိက အမည်ရသော ကြွက်ဖြူသည်ကား ငါဘုရား ဖြစ်လာ၏၊ ဤသို့ဇာတ်တော်ကို ရိုသေသော စိတ်ထားဖြင့် နာယူမှတ်သား ဆောင်ထားကြပါကုန်လော့ဟု အဆုံးဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် သေတမူသိကဇာတ် ပြီး၏။

သုံးခုမြောက် စန္ဒရာဇဝင် ပြီး၏။

## ၄။ အရိယဆတ္တဝဂ်

# ၁-အရိယဆတ္တဇာတ်

["ရတနာ သုံးပါးကို ယုံကြည်လျှင် သင့်အား ခေါင်း ဖြတ်၍ သတ်မည်"ဟု ဆိုသည်ကိုပင် မကြောက်ရွံ့ဘဲ ရတနာသုံးပါး၌ စွဲမြဲစွာ ယုံကြည်သော အရိယဆတ္တဝတ္ထု]

မြတ်စွာဘုရားသည် န ကမ္ဗာမိ ကုဒါစနံ အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ ရှေးကပြုခဲ့ဘူးသော ပါရမီ အဆောက်အဦ ပညာသမ္ဘာရကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ သဘင်မဏ္ဍပ်၌ စုဝေးကုန်လျက် "ငါ့ရှင်တို့ ငါတို့ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော် မူသောအခါ အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါး ချမ်းသာကို ပြုတော်မူပေ၏"ဟု အချင်းချင်း ပြောဆိုနေကြ ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ဂန္ဓကုဋိ ကျောင်းတော်၌ နေတော်မူလျက်-ထိုရဟန်းတို့၏ စကားကို ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသိတော်မူ၍ ဂန္ဓကုဋိကျောင်းတော်မှ ထွက်လျက် ရဟန်းတော်များ တရားစည်းဝေးရာ မဏ္ဍပ်သို့ ကြွတော်မူကာ ခင်းထား အပ်သော မြတ်သော ဘုရားရှင်၏ နေရာ၌ ထိုင်နေတော် မူပြီးလျှင် "ငါ၏ချစ်သား ရဟန်းများတို့ ·သင်တို့ သည် ယခု ငါဘုရား ကြွလာတော် မူသောအခါ၌ အဘယ်စကားကို ပြောဆို နေကြပါ သနည်းဟု မေးမြန်းတော် မူလေ၏၊ ထိုအခါ ရဟန်း တော်များက ဤမည်သော စကားကို ပြောဆို နေကြပါသည်ဟု ပြန် ကြား လျှောက်ထားလေလျှင် ရဟန်းတို့ ငါဘုရားသည် ယခုမှသာလျှင် သတ္တဝါတို့၏ အားထားကိုးကွယ်ရာ ဖြစ်သည် မဟုတ်သေး၊ ရှေးအခါ ကလည်း ငါဘုရားသည် ဆင်းရဲဒုက္ခ အမျိုးမျိုးကို သည်းခံလျက် လူ အပေါင်းတို့၏ ကိုးကွယ်အားထားရာ ဖြစ်ခဲ့သည်သာဟု မိန့်တော်မူလျက်

ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန် လျှောက်ထားသဖြင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကိုဆောင်

ရဟန်းတို့ လွန်လေပြီးသော အခါ ပဉ္စာလီပုတ်ပြည်၌ ဓမ္မသောန မည်သော မင်းသည် မင်းပြု၏၊ မိဖုရားကြီးသည်ကား ဓမ္မသောနီ အမည်ရှိ၏၊ မင်း၏ အမတ်သည် သောန အမည်ရှိ၏၊ ထိုအခါ ဓမ္မသောန မင်းသည် သုမေဓာ မြတ်စွာဘုရား၏ သာသနာတော်၌ မတုန်မလှုပ် ကြည်ညိုသော သဒ္ဓါတရား ရှိ၏၊ အကျင့်သီလ အသိပညာတို့နှင့် ပြည့်စုံ၏၊ ထိုမင်းသည် သာသနာတော်၌ အလွန်ကြည်ညိုသော သဒ္ဓါတရား ရှိရကား သားသမီးတို့ကို ရှင်သာမဏေ အဖြစ် သွတ်သွင်းလျက် သာသနာ့အမွေကို ရသဖြင့် ဝမ်းမြောက်သော စိတ်ရှိ၍—

၁။ ငါသည် ဘုရား တရား သံဃာ ရတနာ သုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရား ရှိ၏၊ တရံတဆစ်မျှ တုန်လှုပ်ခြင်း မရှိပေ၊ သီလကို ဖြည့်ကျင့်ခြင်း, အလှူပေးခြင်း၏ အကျိုးကိုလည်း ယုံကြည်ခြင်း ရှိပေ၏ ဟု ရှေးဦးစွာသော ဂါထာကို ဆိုလေ၏။

ဤသို့ ဆိုပြီးလျှင် ဓမ္မသောန မင်းသည် သုမေဓာ မြတ်စွာဘုရား၏ သာသနာ၌ အလွန်ကြည်ညိုသော သဒ္ဓါတရားရှိသဖြင့် သာသနာတော်မှ အပ ဖြစ်သော ရသေ့ ရဟန်း ပရိဗိုဇ်တို့အား ကိုးကွယ် ဆည်းကပ်ခြင်းကို ပယ်စွန့်လျက် ကျောင်းပေါင်း ရှစ်သောင်း လေးထောင်တို့ကို ဆောက် လုပ်၍ သုမေဓာ မြတ်စွာဘုရား အမှူး ရှိသော ရဟန်းသံဃာ တို့အား ကျောင်း များကို လှူဒါန်း ပြီးလျှင် ယင်း ကျောင်းများ၌ သီတင်းသုံး နေထိုင်တော် မူကြကုန်သော ရဟန်းတို့ အားလည်း နေ့စဉ်မပြတ် ဆွမ်း ခဲဘွယ်ချိုချဉ် ရသာတို့ဖြင့် ဆက်ကပ်လှူဒါန်း လေ၏၊ တနေ့သောအခါ ဓမ္မသောနမင်းသည် ညဉ့်အဖို့၌ ပိမိ၏အိပ်ရာ တိုက်ခန်း၌ အိပ်လျက်"ငါ၏ တိုင်းပြည်၌ နေကြကုန်သော တိုင်းသူပြည်သား လူအများတို့သည် ဘုရား သာသနာတော်၌ ကြည်ညိုခြင်း သဒ္ဓါတရား ရှိကြပါကုန်၏လော ငါသည် ထိုအကြောင်းကို သိအောင် စုံစမ်းအံ့"ဟု ကြံစည်၍—

၂။ ငါသည် ဘုရား တရား သံဃာ ရတနာ သုံးပါး၌ ယုံကြည်ခြင်း ရှိသကဲ့သို့ ထို့အတူ ငါကဲ့သို့ ရတနာသုံးပါး၌ ယုံကြည်သော သူသည် ငါ၏ တိုင်းနိုင်ငံ၌ ရှိပါသလောဟု နှစ်ခုမြောက် ဂါထာကို ဆိုလေ၏။

ဤသို့ ပြောဆိုပြီးနောက် ဓမ္မဓဇသာနမင်းသည် နံနက်စောစော အိပ်ရာမှ ထလျက် ကိုယ်လက် သုတ်သင် ပြီးလျှင် တရားဆုံးဖြတ်ရာ အရပ်၌ လူ အပေါင်းတို့ကို စည်းဝေးစေ၍—

၃။ အို တိုင်းသူပြည်သားလူအများတို့ ငါ၏တိုင်းပြည်၌ နေကြကုန် သော သင်တို့သည် ဘုရားသာသနာတော်၌ ယုံကြည်ခြင်း သဒ္ဓါ တရားဖြင့် အလှူဒါနပေးကမ်းခြင်း၌ မွေ့လျော်ကြပါကုန်လော့၊ မမွေ့မလျော့ကြပါကုန်လင့်ဟု မိန့်တော်မူ၏။

ဤသို့မိန့်ဆိုပြီးနောက် တိုင်းသူပြည်သား လူအများတို့သည် ဘုရား သာသနာတော်၌ မတုန်မလှုပ် ခိုင်မြဲတည်ကြည်သော ယုံကြည်မှုဖြင့်ယုံကြည် ခြင်း ရှိမရှိ စုံစမ်းလိုသဖြင့် လူအပေါင်းတို့အား ဗုဒ္ဓ၏ အယူဝါဒကို စွန့်လွှတ် ကြကုန်လော့ဟု—

၄-၅။ အို တိုင်းသူပြည်သားလူအများတို့ ငါ၏နိုင်ငံ၌ နေကြကုန်သော သူတို့သည် ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားရှိလျှင် ထိုသူ သည် မှားယွင်းသော မိစ္ဆာအယူရှိသူဖြစ်၏၊ ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် အလှူဒါန် လှူဒါန်းပေးကမ်းသော သူတို့ကို မင်းပြစ်မင်းဒဏ်ပေး၍ သတ်ပါအံ့ဟု မိန့်ဆိုတော်မူ၏။

ဤသို့မိန့်တော်မူပြီးလျှင် ဓမ္မဓဇသာနမင်းသည် တမြို့လုံးမောင်းကြေးနင်း ခတ်စည်လည်စေ၏၊ တိုင်းသူပြည်သား လူအများတို့ သင်တို့သည် ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းမှ စွန့်လွှတ်ကြကုန်လော့၊ ယုတ်သိမ်းကြ ကုန်လော့၊ ရတနာသုံးပါးတို့အား ပေးကမ်းလှူဒါန်းမှုကို မပြုကြကုန်လင့်၊ သင်တို့သည် ယခုအချိန်မှစ၍ ရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ် ခြင်းမှ စွန့်လွှတ်ကြကုန်လော့၊ ယုတ်သိမ်းကြကုန်လော့၊ အကယ်၍ ရတနာ သုံးပါးကို ဆက်လက်၍ ကိုးကွယ်ဆည်းကပ်ပါလျှင် ထိုသူအား မင်းပြစ်

မင်းဒဏ်ပေး၍ သေဒဏ်အထိ အပြစ်ပေးပါအံ့ဟု မောင်းကြေးနင်း ခတ်လေ၏၊ ထိုသို့ မောင်းကြေးနင်းခတ်သောအသံကို ကြားကြသောအခါ အချို့သူတို့သည် ကြောက်ရွံ့သဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းမှ ဆုတ်နစ်ကြကုန်၏၊ အချို့သူတို့ကား မကြောက်မရွံ့ ဆုတ်နစ်ခြင်းမရှိဘဲ ရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ်မြဲ ကိုးကွယ်ကြကုန်၏။ ထိုအချိန်တွင် ဘုရားအလောင်း အရိယဆတ္တသည်လည်း ယင်းပါဠလိပုတ်မြို့တော်တွင် နေထိုင်လေ၏၊ အရိယဆတ္တသည် သုမေဓာဘုရား၏ သာသနာတော်ကို အလွန် မြတ်နိုးကြည်ညို ယုံကြည်သူ ဖြစ်၏၊ မောင်းကြေးနင်းခတ်သောအသံကို ကြားရသောအခါ အရိယဆတ္တသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွါးကို ဆောင်ရွက်လိုစိတ် ပြင်းထန်လာ၏၊ ဘုရား တရား သံဃာ ရတနာသုံးပါး အထင်အရှား ရှိနေပါလျက် ရတနာသုံးပါကို မဆည်းကပ်မကိုးကွယ်ဘဲ ရတနာသုံးပါးနှင့်ကင်းကွာနေ၍မဖြစ်နိုင် မင်းပြစ်မင်းဒဏ်ထိုက်၍ ငါ့ကိုသတ်မူလည်းသတ်ပေစေ ငါသည်ကားရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ်ခြင်းကို မစွန့်လွှတ်နိုင် ဟု ကြံစည်လျက် မိမိ၏ မိဘနှစ်ပါးနှင့် ပြောဆိုတိုင်ပင်လိုရကား—

၆–၇–၈။ အို မိခင် ဖခင်ကျေးဇူးရှင်တို့ ကျွန်ုပ်၏စကားကို နားထောင်ကြပါကုန်လော့၊ ကျွန်ုပ်သည် ရတနာသုံးပါးနှင့် ကင်းကွာနေ၍ မဖြစ်ပါ၊ ရတနာသုံးပါးကို မကိုးကွယ် မဆည်းကပ်ရလျှင် မနေနိုင်ပါ။ မင်းပြစ်မင်းဒဏ်သင့်၍ သတ်လျှင်လည်း သတ်ပါစေ။ လောက၌ သီလတရား, ဘာဝနာတရားတို့ကား တွေ့ခဲ ကြုံခဲ ရခဲသည် မဟုတ်ပါ ဘုရား တရား သံဃာ ရတနာသုံးပါးသည် တွေ့ခဲ ကြုံခဲ ရခဲ လှပါ၏ဟု ဆိုလေ၏။

ထိုစကားကို ကြားသောအခါ အရိယဆတ္တ၏ မိဘနှစ်ပါးတို့သည် သားတော်အား တားမြစ်လိုရကား

၉–၁၀။ ချစ်လှစွာသော သားတော်မောင် သင်သည် မောင်းကြေးနင်းခတ်ထားသော ဘုရင့်အမိန့်တော်ကို ကြားသိပြီ မဟုတ်ပါလား၊ မင်းတို့စကား မိုးကြိုးသွားကဲ့သို့ ထက်မြက်လှပါသည်၊ သင်သည်

မင်းပြစ်မင်းဒဏ်သင့်၍ သင့်အား သေဒဏ်ပေးလိမ့်မည်၊ ချစ်လှစွာသော သားတော်မောင် သင်သည် မင်း၏အမိန့်အတိုင်း ရတနာသုံးပါကို မဆည်းကပ် မကိုးကွယ်ဘဲသာ နေပါလော့၊ သင်သည် ဘုရင်မင်းမြတ်နှင့် ဆန့်ကျင်ဘက် မပြုပါနှင့်၊ မင်းအလိုလိုက်၍ မင်းအကြိုက် နေခြင်းကသာလျှင် အသက်ဘေးမှ ကင်းဝေးမည် ဖြစ်ပါသည်၊ မင်း၏အမိန့်အတိုင်း မလိုက်နာပါက သင်သည် မင်းပြစ်မင်းဒဏ်သင့်၍ သင့်အား ဖမ်းဆီးချုပ်နှောင် ညှဉ်းဆဲ သတ်ဖြတ်ပါလိမ့်မည်၊ သို့မဟုတ် တိုင်းပြည်မှသော်လည်း နှင်ထုတ်ပါလိမ့်မည်ဟု ဆိုကြကုန်၏။

မိဘနှစ်ပါး၏စကားကို ကြားရသောအခါ ဘုရားအလောင်း အရိယဆတ္တသည် မိမိ၏စိတ် အလိုဆန္ဒကို မိဘနှစ်ပါးအား ပြောကြားလိုသဖြင့်—

၁၁။ အို မိခင် ဘခင်ကျေးဇူးရှင်တို့ ကျွန်ုပ်အား ဖမ်းဆီးချုပ်နှောင်၍ သတ်ဖြတ်လိုကသတ်ဖြတ်ပါစေ၊ ကျွန်ုပ်သည် ရတနာသုံးပါးကိုမစွန့်လွှတ် မပစ်ပယ်ဘဲ ဆည်းကပ်ကိုးကွယ်မြဲ ဆည်းကပ်ကိုကွယ်ပါအံ့၊ ယင်းသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် နောင်အခါ၌ ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ကိုးကွယ်ဆည်းကပ်ခြင်း ဖြစ်ပါ၏—ဟု ပြောဆိုလေ၏။

ဤသို့ပြောဆိုပြီးလျှင် ဘုရားလောင်း အရိယဆတ္တသည် မိဘနှစ်ပါးထံ ခွင့်ပန်ပြီးနောက် ဘုရားရှင်၏သာသနာ၌ ယုံကြည်ခြင်း သဒ္ဓါတရားကို မြဲမြံစွာပြုလျက် ဓမ္မသောနမင်းကြီးထံသွား၍ မိမိ၏ရတနာသုံးပါး၌ ကြည်ညိုပြတ်နိုးပုံကို မင်းကြီးအား လျှောက်ထားလိုသဖြင့်—

၁၂။ မြတ်သောမင်းကြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူအား သတ်ဖြတ်မည်ဟု အရှင်မင်းကြီး အမိန့်ရှိသည့်အတိုင်း ကျွန်ုပ်အား သတ်ဖြတ်လိုက သတ်ဖြတ်ပါလော့၊ ကျွန်ုပ်သည်ကား ရတနာသုံးပါးကို မဆည်းကပ် မကိုးကွယ်ဘဲ မနေနိုင်ပါ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်မည်သာ ဖြစ်ပါ၏-ဟု လျှောက်ထားသံတော်ဦးတင်လေ၏။

## ရတနာသုံးပါးဆည်းကပ်ခြင်းကြောင့် အန္တရာယ်ပြစ်

ထိုအခါ မဇ္ဈသောနမင်းသည် ထိုနေရာ၌ပင် လူသတ်သမားတို့ကိုခေါ်၍ "အို လူသတ်သမားတို့ သင်တို့သည် ဤအရိယဆတ္တကို လက်နှစ်ဖက် ခြေနှစ်ဖက် လည်ပင်းတို့၌ ဖွဲ့ချည်တုတ်နှောင်၍ အချက်ပေါင်းများစွာရိုက်နှက်ပြီးလျှင် မြို့ပြင်ရှိသင်္ချိုင်း၌ လှံတံကျင်လက်တွင်ထား၍ ယနေ့ပင်သတ်ကြကုန်လော့" ဟု အမိန့်ပေးလိုက်၏၊ လူသတ်သမားတို့သည် ဘုရင်မင်းမြတ်အမိန့်အတိုင်း ဖွဲ့ချည်တုတ်နှောင် ခေါ်ဆောင်သွားကြကုန်၏၊ ထိုသို့ဘုရားလောင်းအား လူသတ်သမားတို့သည် ဖွဲ့ချည်တုတ်နှောင် ခေါ်ဆောင်သွားသောအခါ အရိယဆတ္တသည် "ငါယခု ခံစားရသော ဆင်းရဲဒုက္ခသည်ကား ငါ၏မိဘဆွေမျိုးတို့ကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခမဟုတ်၊ လူသတ်သမားတို့ကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခလည်း မဟုတ်ချေ၊ စင်စစ်သော်ကား ငါသည် ရှေးကပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ ဖြစ်ချေသည်၊ သံသရာဝဋ်ဆင်းရဲဟူသည်မှာ မည်သူမျှ ရှောင်လွှဲ၍မရသော ဝဋ်ဆင်းရဲဖြစ်ပေသည်တကားဟု ကြံစည်တွေးတောမိလေ၏၊ ထိုခဏ၌ ပါဋလိပုတ်မြို့၌ နေကြကုန်သော လူအပေါင်းတို့သည် အုတ်အုတ်ကြက်ကြက် အသံနက်အသံဖြစ်ပေါ်ကြကုန်၏၊ ထိုအခါ အရိယဆတ္တ၏ မိဘနှစ်ပါးတို့သည် ယင်းသတင်းစကားကို ကြားသိကြကုန်သဖြင့် မိမိတို့အိမ်မှ ထွက်ခဲ့လာလျက် ရင်ဘတ်ကိုလက်နှစ်ဖက်ဖြင့် ထုနှက်ပြီးလျှင် မျက်ရည်ပြိုင်ပြိုင် ကျဆင်းလျက် သုသာန်သင်္ချိုင်းသို့ လိုက်လာကြသောအခါ မိမိတို့၏သား အရိယဆတ္တကို မြင်ရသဖြင့် ဦးထိပ်၌ နမ်းရှုပ်ငိုကြွေးကြကုန်လျက်

၁၃ ၁၄။ အသက်တမျှ ချစ်လှစွာသော သားတော်မောင် သင်သည် ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်ခြင်းမှ ဆုတ်နစ်ပါလော့၊ သို့မှသာ သင်သည် အသက်ဘေးမှ ချမ်းသာစွာရ၍ မိဘနှစ်ပါးလည်း စိတ်ချမ်းသာမည် ဖြစ်ပါသည်၊ ချစ်စွာသောသားတော် သင်သည် ဆင်းရဲဒုက္ခအဝဝမှ ကင်းလွတ်၍ ချမ်းချမ်းသာသာနေရရန်အတွက် ဘုရင့်အမိန့်အတိုင်း မင်းအလိုလိုက်၍ ...

အကြိုက်ကို ပြုပါလော့၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းမှ စွန့်လွှတ်ပါလော့ဟု ဆိုကြကုန်၏။

**သတ်လိုလျှင်သတ်တော့ ရတနာသုံးပါးကိုတော့ မစွန့်နိုင်**

ထိုစကားကို ကြားသော အခါ ဘုရားလောင်း အရိယ ဆတ္တသည် "အို မိခင် ဖခင် ကျေးဇူးရှင်တို့ သင်တို့သည် ကျွန်ုပ်ကို မတားမြစ်ကြပါကုန်လင့် ကျွန်ုပ်သည် အသက် သေခြင်းသို့ ရောက်သော်လည်း ရတနာသုံးပါးအား ယုံကြည် ကိုးကွယ်ဆည်းကပ်ခြင်းမှ မဆုတ်နစ်ပါ၊ မစွန့်လွှတ်ပါဟု ပြောဆိုလေ၏၊ ထိုနောက်အရိယဆတ္တသည် သုသာန် သင်းချိုင်းသို့ ရောက်သောအခါ လှံတံကျင်တိုင် (လက်ဝါးကပ်တိုင် ကားစင်တိုင်)ကို ကြည့်၍ ယင်း ကားစင်တိုင်သစ်သားကို ကိုင်တွယ်လျက်-

၁၅။ အို လက်ဝါးကပ်တိုင်သစ်သား သင်ကား အလွန်တရာ ဘုန်းကံ နည်းပါးပေစွ၊ တောမှာရှိသော အခြား သစ်ပင် သစ်သားများသည် ကျောင်းဆောက်ရန် ဘုရားရှင်အတွက် ပလ္လင်တော်ပြုရန် စသည်ဖြင့် ဖြတ်တောက် ခုတ်ယူ အသုံးပြုခြင်းခံကြရကုန်၏၊ သင်သည်ကား ဤသုသာန် သင်းချိုင်း၌ မစင် မကြယ် စက်ဆုပ်ရွံရှာဖွယ်အနံ့တို့ဖြင့် မသတီစရာ နေရရှာ၏ဟု ဆိုလေ၏။

ထို့နောက် လူသတ် သမားတို့သည် ဘုရားလောင်းအား ကားစင် တင်ရန် အားထုတ်ကြကုန်၏၊ထိုအခိုက်တွင် ဓမ္မသောနမင်းသည် မင်းခစားယောကျ်ားတယောက်အား "အမောင် ယောကျ်ား သင်သည် မြင်းဖြင့် လျင်စွာသွား၍ သုသာန်သင်းချိုင်း၌ သတ်ရန် ခေါ်သွားသော အရိယဆတ္တအား ငါ၏အမိန့်ဖြင့် ခေါ်ဆောင်၍ မြင်းဖြင့်အမြန်တင်ယူခဲ့ပါလော၊ ငါသည် အရိယဆတ္တအား ကိုယ်တိုင် စစ်ဆေးမေးမြန်းပါအံ့ဟု စေခိုင်းလိုက်၏၊ ဘုရင်မင်းမြတ် စေလွှတ်လိုက်သော မြင်းစီး ယောကျ်ားသည် ကားစင်တင်မည့် ဆဲဆဲအချိန်တွင် ရောက်ရှိလာပြီး ဘုရင့်အမိန့်ကိုပြ၍ လူသတ်သမားတို့ထံမှ အရိယဆတ္တကိုခေါ်ယူလျက် မြင်းဖြင့် တင်ဆောင်ကာ

ပြန်လာလေ၏၊ ထိုအခါ ဓမ္မသောနမင်းသည် အရိယ ဆတ္တအား တွေ့မြင်သဖြင့်-

၁၆-၁၇။ အမောင် အရိယဆတ္တ သင်သည် ရတနာသုံးပါးအား ကိုးကွယ်ခြင်းကို စွန့်လွှတ်ပါလော့၊ ဤသို့ စွန့်လွှတ်ပါလျှင် ငါသည် သင့်အားများစွာသော ဥစ္စာ ရွှေငွေတို့ကို ပေးပါအံ့၊ အကယ်၍ မစွန့်လွှတ်ပါလျှင် သင်၏ဦးခေါင်းကို ငါ၏ လက်သုံးတော်သန်လျက်ဖြင့် ခုတ်ပိုင်းဖြတ်လှီးပါအံ့ဟု ဆိုလေ၏။

ဘုရင် မင်းမြတ်၏စကားကို ကြားသောအခါ အရိယဆတ္တသည်-

၁၈-၁၉။ မြတ်သောမင်းကြီး ကျွန်ုပ်၏ ကိုယ်ခန္ဓာကို ခုနစ်စိတ် ခုနစ်ဖြာ ခုတ်ထစ် သတ်ဖြတ်စေကာမူ ကျွန်ုပ်သည် ရတနာ သုံးပါးအား ဆည်းကပ် ကိုးကွယ်ခြင်းကို မစွန့်လွှတ်နိုင်ပါ၊ မြတ်သောမင်းကြီး လောက၌ ဘုရား, တရား, သံဃာ ရတနာတို့သည် တွေ့ရခဲ ကြုံရခဲ ဖူးတွေ့ရခဲသော ရတနာများ ဖြစ်ပါသည်၊ ရွှေငွေ ဥစ္စာစသော ရတနာတို့ကား လောက၌ ရခဲလှသည်မဟုတ်ပါဟု လျှောက်ထားသံတော်ဦး တင်လေ၏။

အရိယဆတ္တ၏စကားကိုကြားသောအခါ ဓမ္မသောနမင်းသည် အလွန်တရာ နှစ်သက်ဝမ်းမြောက်သောကြောင့်-

၂၀-၂၅။ အမောင်အရိယဆတ္တ သင်သည် ရတနာသုံးပါးကိုယုံကြည်ခြင်း သဒ္ဓါ, သီလကို စောင့်ထိန်းခြင်းတို့နှင့် ပြည့်စုံသကဲ့သို့ ကျွန်ုပ်သည်လည်း သဒ္ဓါ, သီလတို့နှင့်ပြည့်စုံပါ၏၊သင်သည် ရတနာ သုံးပါး၌ ယုံကြည် မြတ်နိုးသကဲ့သို့ ကျွန်ုပ်သည်လည်း ရတနာ သုံးပါး၌ ယုံကြည်မြတ်နိုးပါ၏၊ သင်သည် ရတနာ သုံးပါးတို့ကို လှူဒါန်း ပေးကမ်းခြင်း၌ မွေ့လျော် နှစ်ခြိုက်သကဲ့သို့ ကျွန်ုပ်သည်လည်း ရတနာသုံးပါးကို လှူဒါန်း ပေးကမ်းခြင်း၌ မွေ့လျော် နှစ်ခြိုက်ပါ၏၊ အမောင် အရိယဆတ္တ သင်သည် ကျွန်ုပ်၏ မှန်မြတ်သော မိတ်ဆွေ, ကောင်းမှု ပြုဘော် ပြုဘက် ဓမ္မမိတ်ဆွေ, မြတ်နိုး ချစ်ခင်

အပ်သော မိတ်ဆွေဖြစ်ပါ၏၊ ကျွန်ုပ်တို့နှစ်ဦးသည် ရတနာသုံးပါး၌ ယုံကြည်မြတ်နိုးစွာဖြင့် ဘုရားရှင်၏သာသနာ၌ အလှူဒါနပြုကြပါကုန်အံ့၊ ကျွန်ုပ်တို့နှစ်ဦးသည် စိတ်တူကိုယ်မျှ အလိုဆန္ဒချင်းတူညီကြလျက် အလှူပေးခြင်း၊သီလ ဆောက်တည်ခြင်းတို့ကို ပြုကြကုန်၍ သေသောအခါ၌ နတ်ပြည်သို့သွားကြရပါကုန်လတ့်၊ ဟု မိန့်ဆိုလေ၏။

ဝမ္မသောနမင်း၏စကားကို ကြားသောအခါ ဘုရားအလောင်း အရိယဆတ္တသည် နှစ်သက်ဝမ်းမြောက် လှသဖြင့် မင်းကြီးအား မွန်မြတ်သော မင်္ဂလာတို့ကို ပြောကြားလိုရကား -

## သူတော်ကောင်းဥစ္စာခုနစ်ပါး

၂၆-၃၄။ မြတ်သောမင်းကြီး လောက၌သဒ္ဓါ, ကံကံ၏အကျိုးကို ယုံကြည်ခြင်း၊ သီလ,ငါးပါး ရှစ်ပါးသီလများကို စောင့်ထိန်းခြင်း၊ သုတ, အကြားအမြင်များခြင်း၊ စာဂ, စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊ ပညာ၊ အကျိုးအကြောင်း အဆိုး အကောင်းကို ခွဲခြမ်း စိတ်ဖြာသိမြင်ခြင်း၊ ဟိရိ မကောင်းမှုမှ ရှက်ခြင်း၊ဩတ္တပ္ပ မကောင်း မှုမှ ကြောက်ခြင်းဟူသော သူတော်ကောင်း ဥစ္စာ ၇-ဖြာရှိပါသည်။ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ သူတော်ကောင်းဥစ္စာ ၇ ဖြာရှိသောသူကို သူဆင်းရဲဟူ၍ မဆိုရပါ၊ ထိုသူ၏ အသက်ရှင်နေခြင်းသည်လည်း အချည်းနှီး အကျိုးမဲ့မဖြစ်ပါ၊ အကျိုးများစွာရှိပါ၏၊ ကုလိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့ကို စိုက်ပျိုး ကြဲချရာ လယ်မြေကောင်းသဖွယ်ဖြစ်သော ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် အလှူဒါနကို တတ်အားသမျှ ပေးလှူသောသူအား နောင် ဖြစ်လေရာဘဝများ၌ လူအပေါင်းတို့သည် ချစ်ခင်မြတ်နိုးကြပါ၏။

ငါးပါး ရှစ်ပါးသီလများကို တတ်အားသမျှထိန်းသိမ်း စောင့်ရှောက်သောသူသည် ဖြစ်လေရာ ဘဝ၌ အဆင်းလှ၍ အသက်ရှည်ပါ၏၊ မကောင်းမှုကို ပြုလုပ်ရန် ရှက်ကြောက်သောသူသည် နောင်

ဖြစ်လေရာဘဝ၌ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍ တရားဓမ္မတို့၌ လိမ္မာကျွမ်းကျင်၏၊ အကြားအမြင်သုတနှင့် ပြည့်စုံ၍ ဟုတ်တိုင်းမှန်စွာ သိသော သူသည် နောင်ဖြစ်လေရာဘဝ၌ လောကတွင် အမြတ်ဆုံးဖြစ်၍ နတ်ပြည် နိဗ္ဗာန်သို့တိုင် ရောက်ရှိ၏၊ သီလရှိသော ပုဂ္ဂိုလ်တို့အား ရွှေငွေဥစ္စာတို့ကို စွန့်ကြဲ ပေးကမ်း လှူဒါန်းသော သူသည် နောင်ဖြစ်လေရာဘဝ၌ ဥစ္စာစည်းစိမ်ပေါများ၍ အခြွေအရံတို့နှင့် ပြည့်စုံရ၏၊ ပညာနှင့်ယှဉ်၍ ရွှေငွေဥစ္စာတို့ကို လှူဒါန်းသောသူသည် နောင်ဖြစ်လေရာဘဝ၌ ဥစ္စာစပါး အခြံအရံများ၍ ချမ်းသာစွာနေရ၏၊ မြတ်သောမင်းကြီး ကျွန်ုပ်၌ ဤသူတော်ဥစ္စာ ခုနစ်ဖြာရှိသောကြောင့် ကျွန်ုပ်သည် များသောဥစ္စာရှိသူဖြစ်ပါ၏၊ ထိုနည်းတူစွာ သင်မင်းကြီးသည်လည်း ရတနာသုံးပါး၌ ကောင်းမှုကုသိုလ်ကိုပြုရန် မွေ့လျော်သောကြောင့် ချမ်းသာခြင်း အပျိုးမျိုးနှင့် ပြည့်စုံသူဖြစ်ပါ၏ဟု လျှောက်ထားလေ၏၊

ဘုရားလောင်း၏ စကားကို ကြားရသောအခါ ဝမ္ဗသောနမင်းသည် လွန်စွာ နှစ်သက် ဝမ်းမြောက်ရကား "အမောင်အရိယသစ္စ သင်သည် ကြီးကျယ် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ကျွန်ုပ်အထံ၌ နေပါလော့၊ ကျွန်ုပ်သည် သင့်အား အိမ်ရှေ့မင်းအဖြစ်ကို ပေးပါအံ့၊ ယနေ့မှစ၍ သင်သည် ကျွန်ုပ်၏အိမ်ရှေ့မင်း ဖြစ်ပါလေ့"ဟု မိန့်တော်မူပြီးလျှင် ဘုရားလောင်းအား ရွှေငွေ ဥစ္စာ ရတနာများစွာနှင့် ဝတ်စားတန်ဆာတို့ကို ပေးလျက် အိမ်ရှေ့မင်းအဖြစ် ဘိသိက်သွန်းကာ ပေးအပ်လေ၏၊ ထိုနောက် မင်းနှစ်ပါးတို့သည် မင်းစည်းစိမ်များကို ခံစားရင်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်နေထိုင်ကြရာ ကွယ်လွန်သောအခါ နတ်ပြည်တို့၌ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းလိုရကား--

## ဇာတ်ပေါင်းသော်

၃၅-၃၉။ ထိုအခါ ဝမ္ဗသောနမင်းသည် ရှင်သာရိပုတ္တရာ၊ ဝမ္ဗသောနီမိဖုရားသည် ဥပ္ပလဝဏ်ထေရီမ၊ သောနအမတ်သည် ဆန္နအမတ်၊

အရိယဆတ္တ၏ မိဘနှစ်ပါးသည်သုဒ္ဓေါဒနနှင့် မဟာမာယာ၊ ကြွင်းကျန်သော မြို့သူမြို့သား ပရိသတ်များတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်လာ၍ ဘုရားလောင်းအရိယဆတ္တသည် ယခုအခါ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရှိသေစွာ နာယူမှတ်သားဆောင်ထားကြပါကုန်လော့”ဟု မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော အရိယဆတ္တဇာတ်ပြီး၏။

---

# ၂-သုဘဒ္ဒရာဇဇာတ်

[ပစ္စည်းဥစ္စာဆင်းရဲသော်လည်းရဟန္တာသုံးပါးကိုကိုးကွယ်ဆည်းကပ်သောကြောင့် သိကြားမင်းနှင့် နတ်အပေါင်းတို့က စောင့်ရှောက်သဖြင့် အနှစ်ငါးရာမျှ မင်းစည်းစိမ်တို့ကိုခံစားရသောသုဘဒ္ဒလုလင်ဝတ္ထု]

မြတ်စွာဘုရားသည် ယောဇနာ ၄၀ တိရတနံ အစချီသော တရားဒေသနာကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌မှတော်မူစဉ် ရှေးအခါက မိမိပြုခဲ့သော ကုသိုလ်ကောင်းမှု အဆောက်အဦကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့ဦးအံ့၊ ထိုအခါ တနေ့သ၌ အရှင်သာရိပုတ္တရာ မထေရ်သည် မိမိနေရာမှထ၍ ဘုရားရှင်ထံချဉ်းကပ်လျက် ဘုရားရှင်အား ရှိခိုးပြီးလျှင် ဘုရားရှင်ထံ၌ ရှိကုန်သော ရဟန်းအားလုံး သံသယ ကင်းရှင်းသွားစေရန် ယင်းရဟန်းတော်များ မျက်မှောက်၌ ဘုရားရှင်အား မေးခွန်းတခုကို မေးမြန်းလေ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား လောက၌ လူတို့သည် ပြုလုပ်အပ်သော ကုသိုလ်ကံ အကုသိုလ်ကံ တို့သည် အကျိုး ပေးကြပါသလားဘုရားဟု လျှောက်ထားလေ၏၊ ရှင်သာရိ ပုတ္တရာ၏ မေးမြန်းလျှောက်ထားသောစကားကို ကြားသောအခါဘုရားရှင်သည် အမေး ပုစ္ဆာကို ဖြေဆိုလိုရကား ချိုမြိန် သာယာသော အသံတော်ဖြင့် ချစ်သားသာရိပုတ္တရာ သတ္တဝါတို့ပြုလုပ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မည်

သည့်အခါမျှ အချည်းနှီး အလဟဿမဖြစ်ပါ၊ ရှေးအခါက ပညာရှိသော ပုဂ္ဂိုလ်တို့သည် သရဏဂုံသုံးပါးကို ပို့ဝဲဆည်းကပ်သော ကုသိုလ်ကောင်းမှုကို ပြုသောကြောင့် ကြီးကျယ်များမြတ်သော ချမ်းသာသုခကိုရရှိခံစားကြရကုန်၏ ဟု မိန့်ကြားတော်မူပြီးလျှင် ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် တောင်းပန် လျှောက်ထား သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဇာတ်ကြောင်း

ချစ်သား သာရိပုတ္တရာ လွန်လေပြီးသောအခါ ကောဏာဂမန ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ၍နောက် ဘုရားရှင်၏ သာသနာတော်သည် လူတို့၏စီးပွားချမ်းသာ ပွားများစေရန်အတွက် လောက၌ ကျန်ရစ် တည်ရှိလေ၏၊ (ယခုအခါ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးသော်လည်း ဘုရားရှင်၏ သာသနာသည် ယခုတိုင် ကျန်ရစ်တည်ရှိသကဲ့သို့ပင် ဖြစ်၏) ထိုအခါ ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သုဘဒ်လုလင်ဖြစ်လေ၏၊ သုဘဒ်လုလင်သည် နေ့စဉ် နံနက် စောစောထ၍ ကိုယ်လက်တို့ကိုသုတ်သင်ပြီးလျှင် လက်အုပ်ချီလျက် ဘုရားဂုဏ် တရားဂုဏ်, သံဃာဂုဏ်တို့ကို အမြဲမပြတ် အောက်မေ့ သင်ခြင်လေ၏၊ အခြားသော လူများသည် သုဘဒ်လုလင်၏ အပြုအမူကို တွေ့မြင်ကြသဖြင့် သုဘဒ်လုလင်အား ကဲ့ရဲ့ရှုတ်ချကြပြီးလျှင် "မိတ်ဆွေ သုဘဒ္ဒ သင်သည် သစ်ရွက်များကိုရင်း, ထင်းသစ်များကိုရင်း, ငါးအမဲတို့ကိုရင်း ရှာဖွေလျှင် သင့်အတွက် အသက်မွေးဝမ်းကျောင်းတွင် များစွာ အထောက်အကူ ဖြစ်၍ စားဝတ်နေရေး ချောင်လည်၍ လာပါလိမ့်မည်၊ ယခုမူကား သင်သည် ထိုသို့သောအလုပ်များကိုမလုပ်ဘဲ အား အား ရှိတိုင်း ရတနာသုံးပါးဂုဏ် တို့ကိုသာ အောက်မေ့ဆင်ခြင်၍ ဘုရားရှိခိုး၍သာနေဘိသည်၊ ထို့ကြောင့် သင်သည် ဤသို့ ရတနာသုံးပါးဂုဏ်ကို အောက်မေ့ဆင်ခြင်ခြင်း၊ ဘုရား ရှိခိုးခြင်းအလုပ်တို့ကိုမပြုလုပ်ဘဲ မိမိ၏စားဝတ်နေရေး အဆင် ပြေအောင် စီးပွားရေး လုပ်ငန်းများကိုသာ လုံးပမ်းပြုလုပ်အားထုတ်ပါလော့ဟု ဆိုကြကုန်၏၊ ထိုအခါသုဘဒ်လုလင်သည် ထိုသူတို့ပြောဆိုသောစကားကို မကြား

သက္ကဲ့သို့ပြု၍ အားနှံ့အား ရှိတိုင်း ရတနာသုံးပါး ဂုဏ်ကိုသာ အောက်မေ့ဆင်ခြင်လျက် အချိန်ရှိသမျှ ဘုရားရှိခိုးလျက်သာ နေပြီးလျှင်—

၁။ ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သောသူသည် ဆင်းရဲဒုက္ခအပေါင်း ဘေးရန်အပေါင်းတို့မှ ကင်းဝေး၍ ချမ်းသာခြင်းသို့ ရောက်ရ၏ဟု ဆိုလေ၏။

## ဂုဏ်တော်ဆည်းကပ် မယားကမကျေနပ်

ထို့နောက် ဘုရားလောင်း သုဘဒ်လုလင်သည် စစ်သူကြီး တဦး၏အထံ၌ ဆည်းကပ်လုပ်ကျွေးလျက် ကိစ္စကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်နေလေ၏၊ သုဘဒ်လုလင်၏ ဇနီးသည်သည် ဆင်းရဲစွာဖြင့် အသက်မွေးရသောကြောင့် လင်ယောကျာ်းအပေါ်၌ များစွာမကျေမနပ်ဖြစ်၍ နေလေ၏၊ ထိုအခါ သုဘဒ်လုလင်သည် များစွာ စိတ်မချမ်းမသာဖြစ်သော်လည်း ရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ်ခြင်းကိုမူ မစွန့်လွှတ်ဘဲ ထိုင်နေသောအခါ၌ရှင်း အိပ်နေသောအခါ၌ရှင်း စင်္ကြံသွားနေသောအခါ၌ရှင်း ရပ်နေသောအခါ၌ရှင်း အမြဲမပြတ် ရတနာ သုံးပါး၏ဂုဏ်ကို ရွတ်ဆို၍သာ နေလေ၏၊ သုဘဒ်လုလင်သည် ယင်းသို့အားဖြင့် ရတနာသုံးပါးဂုဏ်ကိုသာ ရွတ်ဆိုနေ၍ အိမ်မှုကိစ္စတို့ကို မပြုလုပ်သောကြောင့် ဇနီးဖြစ်သူက ဆူပူကြိမ်းမောင်းသဖြင့် စိတ်ဆင်းရဲ လှရကား သစ္စာဓိဋ္ဌာန်ကို ပြုလိုသောကြောင့်—

၂-၃။ ဘုရား တရား သံဃာ ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်သောသူသည် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်၍ ချမ်းသာ ခြင်းသို့ရောက်ရ၏၊ ဤစကားမှန်ပါလျှင်ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်သည် ယခုအခါ ဆင်းရဲခြင်းမှ ကင်းလွတ်ရပါစေသား.... ဟူ၍ သစ္စာဓိဋ္ဌာန်ပြုလေ၏။

ဘုရားလောင်းသည် သစ္စာဓိဋ္ဌာန်ပြုသောခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကိုပြ၏၊ သိကြားမင်းသည် အကြောင်းကို ကြည့်ရှုဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့်

"ငါသည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော သုဘဒ်လုလင်အား ချမ်းသာစည်းစိမ်ကိုပေးရန် လူ့ပြည်လောကသို့သွားအံ့"ဟု ကြံစည်လျက် နတ်ပြည်မှ ဆင်းသက်၍ ပုဏ္ဏားအသွင်ဖြင့် သုဘဒ်လုလင်၏အထံသို့ သွားလေ၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၄။ ထိုညဉ့်လွန်မြောက် အလင်းရောက်၍ နေဝန်းထွက်စ အခါနံကာလ၌ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော သုဘဒ်လုလင်အထံသို့ သွားလေ၏ဟု မိန့်ဆိုတော်မူ၏။

ထိုအခါ၌ ဘုရားလောင်း သုဘဒ်လုလင်သည် လက်အုပ်ချီလျက် ရတနာသုံးပါးဂုဏ်ကို အာရုံပြု အောက်မေ့ ဆင်ခြင်နေချိန် ဖြစ်၏၊ ထိုအခါ သိကြားမင်းသည် ဘုရားလောင်း သုဘဒ်လုလင်အား မေးမြန်းလိုသဖြင့်—

၅။ အမောင်လူသား သုဘဒ်ယောကျာ်း သင်သည် အဘယ် အကျိုးကို မျှော်ကိုး၍ ဤကဲ့သို့ ဘုရား တရား သံဃာ ရတနာသုံးပါးကို အာရုံပြုလျက် ဘုရားရှိခိုး၍နေပါသနည်း၊ ကျွန်ုပ်အား ဖြေကြား ပြောဆိုပါလော့ဟု မေးမြန်းလေ၏။

ထိုစကားကို ကြားသောအခါ သုဘဒ်လုလင်သည် ဘုရားရှိခိုးခြင်း အကြောင်းတို့ ပြောကြားလိုရကား—

၆—၇—၈။ အို ပုဏ္ဏား လောကသုံးပါး၌ ဘုရားတည်းဟူသော ရတနာသည် အမြတ်ဆုံး ဖြစ်ပါ၏၊ မြတ်စွာဘုရားသည် ဆင်းရဲ ဒုက္ခ အပေါင်းတို့ကို ဖြတ်ပယ်သုတ်သင် ခုတ်ထွင်ရှင်းလင်းတော်မူလျက် လူနတ်ပြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူပါပေ၏၊ ထို့ကြောင့် ကျွန်ုပ်သည် ဘုရားရှင်အား ဝပ်တွား ညွတ်လျိုး ရှိခိုးခြင်းဖြစ်ပါ၏၊ အို ပုဏ္ဏား တရားတည်း ဟူသော ရတနာသည် ဩဃလေးပြာ သံသရာ ရေယဉ်ကျော၌ နစ်မျောနေသော သူတို့ကို နိဗ္ဗာန်သောင်နန်း တဖက်ကမ်းသို့ တက်လှမ်းသယ် ယူပေးတတ်သော လှေသင်္ဘော သဖွယ် ဖြစ်ပါ၏၊ ထို့ကြေ

ကျွန်ုပ်သည် တရားတော်ကိုရှိခိုးခြင်းဖြစ်ပါ၏၊ အို ပုဏ္ဏား သံဃ ရတနာသည် ဇင်ကြယ်မွန်မြတ်၍ မြတ်သောအလှူကို ခံတော်မူထိုက် ၏၊ ငြိမ်သက်တည်ငြိမ်သောဣန္ဒြေရှိ၍ ကိလေသာ အငြစ်အကြေး တို့မှ ကင်းဝေးစင်ကြယ်တော်မူ၏၊ ကောင်းစွာ ကျင့်ခြင်းစသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံ၍ ဘုရားရှင်၏ အဆုံးအမအတိုင်း လိုက်နာ ကျင့်ကြံအားထုတ်ကြသော သားတော်များ ဖြစ်လျက် အာသဝေါလေးပါးမှ ပယ်ရှားကင်းစင်တော်မူကြပြီး ဖြစ်ကြပါ ၏၊ ထို့ကြောင့် အကျွန်ုပ်သည် သံဃာရတနာကို ရှိခိုးခြင်း ဖြစ် ပါ၏။

ထိုစကားကိုကြားသောအခါ ပုဏ္ဏားသည် ဘုရားလောင်းအား စုံစမ်း လိုရကား—

၉-၁၀။ အို လုလင် သင်သည် ဘုရားရှိခိုးနေမည့်အစား ယနေ့ ကောသို့ သွား၍ ထင်းများကို ခုတ်ယူဖြတ်တောက်လျက် အိမ်သို့တင်ဆောင် လာပြီး ရောင်းချပါလျှင် သင်သည် များစွာသော ဥစ္စာတို့ကိုရ၍ စီးပွါးချမ်းသာ များစွာဖြစ်ပေါ်လာမည် ဖြစ်သည် ဟု ပြောဆို လေ၏။

ထိုအခါ ဘုရားလောင်း သုဘဒ်လုလင်သည် မိမိ၏ စိတ်ဆန္ဒကို ပုဏ္ဏား အား ပြောကြားလိုသဖြင့်—

၁၁။ အို ပုဏ္ဏား ကျွန်ုပ်သည် ဥစ္စာမဲ့မွဲ ဆင်းရဲသဖြင့် မည်သို့မျှ မတုန် လှုပ်ပါ၊ သူတော်ကောင်း အစဉ်အဆက် ဆောင်ရွက်ပြုလုပ်သော ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်လျက် မပြတ် အာရုံပြု၍ ဆင်ခြင်အောက်မေ့ပြီး ဂုဏ်တော်တို့ကို ပွါးများနေရပါလျှင် စိတ် ချမ်းသာပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် အမြဲမပြတ် ဘုရား ရှိခိုးနေခြင်း ဖြစ်ပါ၏ဟု ဆိုလေ၏။

ထိုနောက် ပုဏ္ဏားသည် ထပ်မံ၍ သုဘဒ်လုလင်အား မေးမြန်းပြောဆို လိုသဖြင့်—

၁၂။-၁၃ အို လုလင် သင်သည် ဥစ္စာမဲ့မွဲ ဆင်းရဲလှ၏၊ သို့ဖြစ်၍ ဥစ္စာရကြောင်း အလုပ်ကိုသာ လုပ်ပါလော့၊ သင်သည် မြက်ထင်း သစ်သား စသည်များကို ဘောမှယူဆောင်၍ ရောင်းဝယ်ဖောက်ကား ပြုလုပ်ပါလော့၊ ယင်းသို့ပြုခြင်းအားဖြင့် ရရှိသော ရွှေငွေများကို အရင်းပြု၍ စီးပွါးချမ်းသာ တိုးတက်ရေးအတွက် ကြံစည်စိတ်ကူးပါလော့၊ အချိန်ရှိသမျှ ဘုရားရှိခိုးနေခြင်းဖြင့် သင့်မှာ မည်သည့် ဥစ္စာရွှေငွေမျှ ရမည်မဟုတ်ပါချေဟု ပြောဆိုလေ၏။

ထိုအခါ ဘုရားလောင်းသည် ပုဏ္ဏားအား-

၁၄-၁၉။ အို ပုဏ္ဏား သံသရာ၌ ကျင်လည်ရသော အကျွန်ုပ်သည် ဘုရား၏ရုပ်ပုံတော်ကို ဖူးမြင်ရရန် ခဲယဉ်းလှပါ၏၊ ဘုရားနှင့် တွေ့ရန် ဘုရားသာသနာတော်နှင့် တွေ့ကြုံဆုံစီးရန် ခဲယဉ်းပါ၏၊ ကျွန်ုပ်သည် ရခဲသော လူအဖြစ်ကို ရခဲ့ပြီး ကြားနာရခဲသော တရားတော်ကိုလည်း ကြားနာခဲ့ရပါ၏၊ အို ပုဏ္ဏား လောက၌ ရွှေငွေစသော ဥစ္စာများ အဝတ်တန်ဆာစသော ပစ္စည်းဝတ္ထုများကို ရရှိရန် မခဲယဉ်းပါ၊ သံဃာတည်းဟူသော ရတနာကို ဖူးတွေ့ရှိခိုးရခြင်းသည်သာခဲယဉ်းပါ၏၊ လောက၌ ရွှေငွေရတနာ ဥစ္စာတို့နှင့် ပြည့်စုံကြွယ်ဝသော်လည်း ရတနာသုံးပါးကို မဆည်းကပ်မကိုးကွယ်လျှင် ထိုသူကို သူဆင်းရဲဟူ၍ ဆိုရပါ၏၊ ဥစ္စာရွှေငွေ ဆန်ရေစပါး မရှိငြားသော်လည်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါလျှင် ထိုသူကိုချမ်းသာကြွယ်ဝသူဟူ၍ ဆိုရပါ၏၊ အို ပုဏ္ဏား သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ဖြာသည် ကျွန်ုပ်၌ ရှိပါ၏၊ ထို့ကြောင့် ကျွန်ုပ်သည် နတ်လူတို့အလယ်၌ ချမ်းသာကြွယ်ဝသူ ဖြစ်ပါ၏ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ ပုဏ္ဏားသည် ဘုရားလောင်းအား ချီးမွမ်းလိုသဖြင့်-

၂၀။ အို လုလင် သင်သည် မြတ်စွာဘုရားသာသနာ၌ ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်ပါ၏၊ ထို့ကြောင့် သင်သည် ရွှေ

ငွေ ဥစ္စာရရေးအတွက် လုပ်ငန်းကိစ္စအဝဝကို မပြုလုပ်ခြင်းဖြစ်သည်ကို ကျွန်ုပ်သိရှိပါ၏ ဟု ပြောဆိုချီးမွမ်းလေ၏။

ဤသို့ ချီးမွမ်း ပြောဆိုပြီးနောက် ပုဏ္ဏားအသွင် ဆောင်ထားသော သိကြားမင်းသည် မိမိ၏ သိကြားမင်းအဖြစ်ဖြင့် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပလျက် တက်သစ်စနေဝန်းကဲ့သို့ ကောင်းကင်၌ ရပ်တည်လေ၏၊ ထိုအခါ ဘုရားအလောင်း သုဘဒ်လုလင်သည် လူလော နတ်လော ဂန္ဓဗ္ဗလော မသိသဖြင့် မေးလိုရကား—

၂၁။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ကောင်းကင်၌ ရပ်နေသူကား နတ်လော, ဂန္ဓဗ္ဗလော, သိကြားမင်းလော, အဘယ်သူပါနည်း၊ ကျွန်ုပ်သည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို တခါမျှ မတွေ့ဘူး မမြင်ဘူးပါ၊ သင်မည်သူဖြစ်သည်ကို ကျွန်ုပ်အား သိအောင်ပြောကြားပါလော့ဟု မေးမြန်းလေ၏။

ထိုအခါ သိကြားမင်းသည် ဘုရားလောင်း သုဘဒ်လုလင်အား—

၂၂။ အို လုလင် ကျွန်ုပ်သည် နတ်လည်းမဟုတ်, ဂန္ဓဗ္ဗလည်းမဟုတ်ပါ၊ ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရသော နတ်တို့သနင်း သိကြားမင်းဖြစ်ပါသည်၊ သင်၏စိတ်အလိုဆန္ဒကို စုံစမ်းလိုသဖြင့် သင့်ထံသို့ လာခဲ့ခြင်း ဖြစ်ပါ၏ဟု ပြောဆိုလေ၏။

ထိုနောက် သုဘဒ်လုလင်သည် သိကြားမင်းထံမှ ဆုကိုတောင်းလိုရကား—

၂၃-၂၄။ နတ်တို့ကို အစိုးရသော အရှင်သိကြားမင်း၊ ကျွန်ုပ်အား အကယ်၍ ဆုများချီးမြှင့်မည်ဖြစ်ပါလျှင် ကျွန်ုပ်သည် ဆုတခုကို တောင်းလိုပါ၏၊ ကျွန်ုပ်သည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရသော ကောင်းမှုကြောင့် သံသရာ၌ ကျင်လည်ရသောအခါ ဘဝတိုင်းဘဝတိုင်း၌ သူဆင်းရဲအမျိုး၌ မဖြစ်ရဘဲ

အမြဲတန်းချစ်ခင်နှစ်သက်ဖွယ် ဝတ္ထုအာရုံများနှင့်သာ အမြဲမပြတ် တွေ့ရဆုံရခံစားရလိုပါ၏ ဟု ဆုတောင်းလေ၏။

၂၅။ (သိကြားမင်း) အမောင်လုလင် သင်သည် နောင်တမလွန်ဘဝ၌ စည်းစိမ်ချမ်းသာ ပြည့်စုံမှုကို အလိုရှိပါသလား သို့မဟုတ်ယခု ပစ္စက္ခမျက်မှောက် ဘဝမှာပင် စည်းစိမ်ချမ်းသာပြည့်စုံမှုကို အလိုရှိပါသလား၊ ကျွန်ုပ်အားပြောကြားပါလော့။

၂၆။ (လုလင်) အရှင်သိကြားမင်း ကျွန်ုပ်သည်ကား ယခုဘဝချမ်းသာမှုကို မလိုလားပါ၊ နောင်တမလွန်ဘဝ၌ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံကြွယ်ဝမှုကို အလိုရှိပါ၏၊ နောင်အခါ၌လည်း မြတ်သောသဗ္ဗညုတဉာဏ်ကိုရ၍ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရပါလို၏။

၂၇။ (သိကြားမင်း) ယခုမျက်မှောက်ဘဝ၌ ချမ်းသာစည်းစိမ်များကို သင်သည် တောင်းဆိုပါလော့၊ ကျွန်ုပ်သည် ပေးပါအံ့။

၂၈။ (လုလင်) ကျွန်ုပ်သည် ယခုမျက်မှောက် ဘဝအတွက် ချမ်းသာစည်းစိမ်ကို တောင်းဆိုပါအံ့၊ ကျွန်ုပ်သည် မည်သူ၏စကားကိုမျှ နားမယောင်ဘဲ ကုသိုလ်ကောင်းမှုတို့ကို အလိုရှိတိုင်း ပြုပါအံ့၊ ယင်းသို့ပြုလုပ်ရန်အတွက် နှစ်သက်ဖွယ်သော အလှူဝတ္ထုများကိုရလိုပါ၏၊ ကျွန်ုပ်သည် အသက်ရှင်သမျှ ကာလပတ်လုံး နှစ်သက်ဖွယ်သောအလှူဝတ္ထုများကို ရလိုပါ၏။

(သိကြားမင်း) အမောင်လုလင် နှစ်ရှည်လများသင့်အား ဆုမပေးနိုင်ပါ။

(လုလင်) အသက်ထက်ဆုံး မပေးနိုင်ပါက ၇-နှစ်မျှ ပေးပါလော့။

(သိကြားမင်း) ခုနစ် နှစ်လည်း မပေးနိုင်ပါ။

(လုလင်) ခုနစ်နှစ် မပေးနိုင်လျှင် ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၁-နှစ်မျှ ပေးပါ။

(သိကြား) တနှစ်လည်း မပေးနိုင်ပါ၊ ယနေ့နေထွက်ချိန်မှ နက်ဖြန်နေထွက်ချိန်ထိ တနေ့တညဉ့်မျှသာ ဆုပေးပါအံ့ဟု ဆို၍-

၂၉။ အို လုလင် သင်သည် ယနေ့နေထွက်ချိန်မှ နက်ဖြန် နေထွက်ချိန် အထိ ကနေ့တညဥ့်မျှ လူ့စည်းစိမ်ချမ်းသာအမျိုးမျိုးကို ခံစားပါလော့၊ ဤဆုကို ကျွန်ုပ်သည် သင့်အားပေးပါ၏-ဟု ဆုပေးလေ၏။

ယင်းသို့ ဘုရားလောင်းအား တနေ့တညဥ့်မျှ လူ့စည်းစိမ်များကို အလိုရှိတိုင်းခံစားရန်ဆုများပေးပြီးနောက် သိကြားမင်းသည် မိမိနေရာဘုံဗိမာန်သို့ ပြန်ကြွသွားလေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၃၀။ သိကြားမင်းသည် ဘုရားလောင်းအားတနေ့တညဥ့်မျှ လူ့စည်းစိမ်ချမ်းသာတို့ကို အလိုရှိတိုင်း သုံးဆောင်ခံစားရန် ဆုကိုပေးပြီး နတ်ပြည်သို့ပြန်ကြွလေ၏။

### တနေ့တညမျှသောစည်းစိမ်မှု

ထိုနောက် ဘုရားလောင်းလုလင်သည် သိကြားမင်းထံမှ ဆုကိုယူပြီး၍ ကိစ္စတခုဖြင့် တောသို့သွားသောအခါ မျက်စိလည်လမ်းမှား၍တောနက်ထဲသို့ ရောက်သွားလေ၏။ ထိုအချိန်တွင် ဗာရာဏသီပြည်၌ ဗာရာဏသီမင်းသည် ရုတ်ဘရက်ရောဂါဖြင့် နတ်ရွာစံလေ၏။ မှူးမတ်အများနှင့် တိုင်းသူပြည်သားတို့သည် ဘုရင်မင်းမြတ်၏ ဈာပနကိစ္စကို ပြုလုပ်ကြပြီးနောက် ၇-ရက်မြောက်သောနေ့၌ ဥင်း၏နန်းယင်ပြင်၌ စည်းဝေးတိုင်ပင်ကြကုန်၏။ အို မှူးမတ်အပေါင်းနှင့် တိုင်းသူပြည်သားအပေါင်းတို့ ငါတို့ တိုင်းနိုင်ငံ၌ အုပ်ချုပ်မည့် ဘုရင်မင်းမြတ်မရှိ ဖြစ်ချေပြီ၊ မင်းမရှိသော တိုင်းနိုင်ငံသည် ဖရိုဖရဲပြိုကွဲပျက်စီးတတ်၏။ ထို့ကြောင့် ငါတို့သည် ဖုတ်သွင်းရထား မင်္ဂလာရထားကိုလွှတ်၍ အုပ်ချုပ်မည့်မင်းကို ရှာဖွေကြကုန်အံ့ဟု အညီအညွတ် စည်းဝေးတိုင်ပင်ကြကုန်၏။ ထိုနေ့၌ပင် ဘုရားလောင်းသုဘဒ်လုလင်သည် တောထဲတွင်မျက်စိလည် လမ်းမှားနေရာမှ အစဥ်သဖြင့် သွားသောအခါ ဗာရာဏသီမြို့အနီးသစ်ပင်ဟပင်အောက်၌ အိပ်ပျော်နေလေ၏။ ထိုညဥ့်တွင် မင်းမရှိသော ဗာရာဏသီပြည်၌ ဘုရင်မင်းမြတ်၏ မင်္ဂလာမြင်းတော်သည် အကြီးအကျယ်မြည်ဟီးလေ၏။ ယင်းမြင်းတော်၏ မြည်ဟီးသံကို ကြားကြ

သောအခါ မှူးမတ်အပေါင်းသည် "ငါတို့နိုင်ငံ၌ ဘုရင်မင်းမြတ် နတ်ရွာစံပြီးသည့်အချိန်မှစ၍ ဤမြင်းတော်သည် ပြည်သည့်အသံကိုမျှမြည်ဟီးခြင်းမပြုဘဲ ယခုအခါအကြီးအကျယ် ရယ်မော မြည်ဟီးခြင်းကိုပြုပေ၏။ ငါတို့သည် ဘုန်းတန်ခိုးအာနုဘော်တေဇော် ကြီးမားသည့် ဘုရင်တပါးကိုရလိမ့်မည်ဖြစ်လတ့်"ဟု အချင်းချင်း ပြောဆိုကြကုန်၏။

နောက်တနေ့၌ မှူးမတ်တို့သည် ကြာညိုပန်း အဆင်းရှိသော မင်္ဂလာမြင်းလေးစီးကို ရထား၌တပ်စေ၍ ရထား(လှည်း)အထက်၌ မင်းမြောက်တန်ဆာငါးပါးတို့ကိုတင်လျက် ရထား နှင်တံကြိမ်နှင့်ကြိုးတို့ကို နံ့သာရေဖြင့် သွန်းလောင်းပြီးလျှင် ယင်းမင်္ဂလာရထား ဖုတ်သွင်း ရထားကိုလွှတ်လိုက်လေ၏၊ အကြင်သူအား မင်းဖြစ်ရန် ထိုက်တန်သော ရှေးဘုန်းရှေးကံရှိ၏၊ ထိုသူ၏အထံသို့ ဤဖုတ်သွင်းရထားသည် ဆိုက်ရောက်ပါစေသတည်းဟု အမတ်အသီးသီးတို့သည်စိတ်ထဲမှအဓိဋ္ဌာန်ပြုကြကုန်၏၊ မှူးမတ်အပေါင်းတို့သည် တူရိယာ အမျိုးမျိုးတို့ကို ယူဆောင်ကြ ကုန်လျက်ယင်း ဖုတ်သွင်းရထား (မင်္ဂလာရထား)ကို ခြံရံ၍ လိုက်ပါကြ ကုန်၏၊ ထိုခဏ၌ ဘုရားအလောင်း သုဘဒ် လုလင်သည် ရဟန္တာသုံးပါးကို အမြဲမပြတ်ဆည်းကပ်ကိုးကွယ်ခဲ့သော အကျိုးအာနိသင်ကြောင့် မိမိ၏ ပင်ကိုမူလရုပ်အသွင် ကွယ်ပျောက်လျက် အဆင်းအင်္ဂါ ကြန်အင် လက္ခဏာနှင့်ပြည့်စုံ၍ လှပတင့်တယ်သောနတ်သားကဲ့သို့သော ဖြစ်လာပြီးလျှင် သစ်ပင်တပင်အောက်၌ အိပ်ပျော်နေလေ၏၊ ထိုအခါ ဖုတ်သွင်း ရထားသည် ဗာရာဏသီ မြို့မှ ထွက်လာခဲ့ပြီးလျှင် သစ်ပင် အောက်၌ အိပ်နေသော ဘုရားလောင်း သုဘဒ် လုလင်ထံသို့ ဆိုက်ရောက်လေ၏၊ဖုတ်သွင်း ရထားသည် အိပ်နေသော ဘုရားလောင်းအား လက်ျာ ရစ်ပတ်၍ ရထားပေါ်သို့ တက်ပါဟု ဆိုသကဲ့သို့သော အမူအရာ အဓိအစဉ်ကို ပြုလုပ်နေပေ၏၊ မှူးမတ်အပေါင်းတို့သည် သစ်ပင်အောက်၌ အိပ်ပျော်နေသော သုဘဒ်လုလင်ကို တွေ့မြင်ကြရာ ဤပုဂ္ဂိုလ်သည် ဘုန်းကံရှိသောသူ ဟုတ်မဟုတ် စုံစမ်းအံ့သောငှါ တူရိယာအားလုံးတို့ကို ကပြိုင်၍ ညီး တီးမှုတ်ကြကုန်၏၊ ထိုအခါ အိပ်ပျော်နေသော ဘုရားလောင်း သုဘဒ်လုလင်သည်

အိပ်ရာမှ နိုးလာလျက် မျက်စိကို ဖွင့်၍ လူအများကို ကြည့်ပြီးလျှင် အခြား နံပါး တဖက်သို့ လှဲ၍ အိပ်မြဲ အိပ်နေလေ၏၊ ထိုအခါ မှူးမတ် အများ တို့သည် ခြေထောက်မှ ခြေလက္ခဏာတို့ကို ကြည့်ရှု တွေ့မြင် ကြရသော အခါ လွန်စွာနှစ်သက် ဝမ်းမြောက်ကြ သဖြင့် ဘုရားအလောင်း သုဘဒ် လုလင်အား "အရှင်မင်းသား ထပါလော့-အရှင်မင်းသားသည် ကျွန်ုပ်တို့၏ တိုင်းပြည်၌ မင်းအဖြစ်ကို ပြုပါလော့"ဟု ဆိုကာ နှိုးကြကုန်၏၊ ထိုအခါ ဘုရားလောင်း သုဘဒ်လုလင်သည် အိပ်ရာမှ ထလျက် "အို မှူးမတ်အပေါင်း တို့ သင်တို့ တိုင်းပြည်၌ အုပ်ချုပ်သော ဘုရင်မင်းမြတ်သည် အဘယ်အရပ် သို့ ကြွသွားပါသနည်း"ဟု မေးလေ၏။

(မှူးမတ်များ) အရှင်မင်းသား ကျွန်ုပ်တို့၏ ဘုရင်မင်းမြတ်သည် နတ်ရွာစံ သွားပါပြီ။

(သုဘဒ်လုလင်) သင်တို့မင်းကြီး၏ သားသမီးများ မကျန်ရစ်ခဲ့ ဘူးလော။

(မှူးမတ်များ) ကျွန်ုပ်တို့ မင်းကြီး၌ သားသမီး တဦးတယောက်မျှ မထွန်း ကား မကျန်ရစ်ခဲ့ပါ။

(သုဘဒ်လုလင်) သို့ဖြစ်လျှင် သင်တို့ လျှောက်ထားသော စကားအတိုင်း ပြုလုပ်ပါအံ့။

(မှူးမတ်များ) အရှင်မင်းသား မင်းပြုရန် လက်ခံတော်မူပါလျှင် ဆင်မြင်း စသော ယာဉ်များ ပေါ်သို့ တက်တော်မူပါ၊ မြို့တော်သို့ ဝင်ကြပါအံ့။

ထိုအခါ ဘုရားလောင်းသည် ဤသို့ အကြံ ဖြစ်လာ၏၊ ငါ့အား သိကြားမင်းက ဆုပေးခဲ့သည်မှာ အချိန်အားဖြင့် တနေ့ တညဥ့်မျှသာ ဖြစ်၏၊ အကယ်၍ ဤ ဆင်ရတနာ မြင်းရတနာ တို့ကို စီး၍ သွားနေရလျှင် သွားလာ နေသည်နှင့်ပင် ငါ၏ အချိန်ကုန်ဆုံး၍ စည်းစိမ်များမှ ပြန်လည် ရွေ့လျော ပေတော့မည်၊ ထိုသို့ ဖြစ်လျှင် ရှက်ဖွယ်လည်းဖြစ် သူတပါးတို့ ကဲ့ရဲ့စရာလည်း ဖြစ်တော့မည်"ဟု အကြံ ဖြစ်ပေါ် လာလေ၏၊ ယင်းသို့ အကြံ ဖြစ်ပေါ်လာ သဖြင့် ဘုရားလောင်းသည် ဆင်မြင်း စသည်တို့ကို

မစီးဘဲ သေးငယ်၍ လျင်မြန်သော ယာဉ်ငယ်တခုကို စီး၍ သွားလေရာ ဗာရာဏသီ မြို့တော်သို့ ရောက်လေ၏၊ ဗာရာဏသီ မြို့တော်သို့ ရောက်လျှင် ရောက်ခြင်း အချိန်ဆိုင်း မနေဘဲ စဖိုဆောင်၌ နေလျက်ပင် စစ်သူကြီး စသည်တို့ကို အမြန်ခန့်လေ၏၊ ထို့နောက် နတ်အများတို့ကို အကြီးအကျယ် ပူဇော်ပသ၏၊ မင်း၏ ဘဏ္ဍာတော် တိုက်ကို ဖွင့်၍- သင့်လျော်သလောက် ရွှေငွေဘဏ္ဍာ အဝတ်အစားတို့ကို ယူလျက် မှူးမတ်တို့အားရင်း တိုင်းသူ ပြည်သား လူအများတို့အားရင်း ကသောင်း ခြောက်ထောင် ကုန်သော နန်းတွင်းသူ တို့အားရင်း ပေးဝေချီးမြှင့် လေ၏၊ ထို့နောက် စစ်သူကြီး လေးဦး တို့ကိုရင်း အားလုံးသော ပရိသတ် အပေါင်းတို့အားရင်း ရွှေငွေ ရတနာတို့ကို သင့်လျော်သလောက် ယူစေလျက် မြို့တော်ကို တန်ဆာ ဆင်ယင် စေပြီးမှ နန်းတော်သို့ တက်၍ ထီးဖြူစိုက်ထူ ထားသော ရာဇ ပလ္လင်၌ ထိုင်တော်မူ၏၊ ထိုအခါ မှူးမတ်အပေါင်းတို့သည် ဘုရားလောင်း အား ဘိသိက်သွန်းကြပြီးလျှင် မင်းအဖြစ်ကို အပ်နှင်းကုန်လျက် ဗြဟ္မဒတ် မင်းဟူသော အမည်ကို ပေးကြကုန်၏။

ထိုနောက် ဘုရားလောင်းသည် "ငါ၏မင်းစည်းစိမ်သည်ကား ယနေ့ တရက်သာ ခံစားရမည်ဖြစ်သည်၊ ဤညဉ့်လွန်ပြောက်၍ နံနက်အရုဏ်တက် ပြီးနောက် နေထွက်ရောက်လျှင် ဤမင်းစည်းစိမ်မှ လျှော့ကျရပေတော့ မည်၊ သို့ဖြစ်၍ မင်းအဖြစ် မင်းစည်းစိမ်ကို ခံစားရခိုက်တွင် ရွှေငွေဘဏ္ဍာ ရတနာတို့ကို ကတ်နိုင်သမျှ လှူဒါန်းပေးကမ်းအံ့" ဟု ကြံစည်ပြီးလျှင် အား လုံးသော ရွှေငွေရတနာဘဏ္ဍာ စပါးသည်များကို ယူလျက် လူအများတို့ အား ပေးကမ်း၏၊ ကောဏာဂမနဘုရားရှင်၏သာသနာတော်၌ အလှူကြီး ကိုပေး၍ ရဟန်းတော်များထံမှ တရားကိုနာယူ၏၊ ရဟန်းသံဃာတော် များအား ပင့်ဖိတ်လျက် နန်းတော်တွင်း၌ မပြတ်သော ခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာ ယာမကာတို့ဖြင့် ကိုယ်တိုင်လှူဒါန်းလျက် ရေစက်သွန်းချ၏၊ ရဟန်းတပါး တပါးလျှင် တထောင်တန် ကာသိတိုင်းဖြစ် အဝတ်များကို လှူဒါန်း၏၊ လူအပေါင်းအားလည်း ဥစ္စာ ရွှေငွေ ဆန်ရေစပါးတို့ကို လှူဒါန်း ပေး၏၊ ထိုနောက် ယင်းအလှူအားလုံးကို စုပေါင်း၍ အလှူ၏ အဖို့လာဘ

များကို မိခင်ဘခင်ကျေးဇူးရှင်တို့အားရင်း, အားလုံးသော ဆွေမျိုးအပေါင်းတို့အားရင်း အဆုံးအပိုင်းအခြားမရှိသော စကြဝဠာ၌ နေကြကုန်သော သတ္တဝါတို့အားရင်း, တသောင်းသော စကြဝဠာ၌ ရှိနေကြကုန်သော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အားရင်း, လောကပါလနတ်မင်းကြီးလေးပါးတို့အားရင်း, သိကြားမင်းစသော နတ်ပြည်ခြောက်ထပ်၌ ရှိနေကြကုန်သော နတ်များနှင့် အားလုံးသော ဗြဟ္မာအပေါင်းတို့အားရင်း အလှူ၏အဖို့ဘာဂကို အမျှပေးဝေလေ၏။

## ကုသိုလ်၏အဖို့ဘာဂကို ရကုန်သောနတ်တို့က စောင့်ရှောက်ခြင်း

ထိုနောက် ဘုရားလောင်း သုဘဒ်လုလင်သည်–"ငါ၏မင်းစည်းစိမ်သက်တန်းကား တနေ့တည်း၌မျှသာဖြစ်ရာ ဤည၌ကုန်ဆုံးလျှင် ငါ၏မင်းစည်းစိမ်သက်တန်းကုန်တော့မည်"ဟု ကြံစည်မိလေ၏။ ထိုအခါ နတ်အပေါင်းတို့သည် ဘုရားလောင်း၏ ပူဇော်သက္ကာရပြုသည်ကို ခံယူကြရသောကြောင့်ရင်း, ဘုရားလောင်းအလှူပေးရာတွင် အလှူ၏အဖို့ဘာဂကို အမျှအတန်းဝေခြင်းကို ခံယူကြရသောသောကြောင့်ရင်း, ဘုရားလောင်း မင်းအဖြစ်မှ ရွေ့လျော့ရမည့်အချိန်၌ ဤသို့ တိုင်ပင်ဆွေးနွေးကြကုန်၏၊ "အို နတ်အပေါင်းတို့ ငါတို့သည် ဤမင်းသားမင်းစည်းစိမ် ရွေ့လျောသည်ကို မည်သို့မျှ မကူညီ မစောင့်ရှောက်ဘဲ ဤအတိုင်းသာ ကြည့်နေပါလျှင် ငါတို့သည် သူ့ကျေးဇူးကိုမသိတတ်ရာကျ၍ ကျေးဇူးမဆပ်ပဲ နေခြင်းဖြစ်တော့မည်၊သို့ဖြစ်၍ ဤစည်းစိမ်များမှ ဤမင်းသားမရွေ့လျောရအောင် သိကြားမင်းထံ ငါတို့သွားရောက် တောင်းပန် ပြောကြားကြကုန်အံ့"ဟု တိုင်ပင်ဆွေးနွေးကြပြီးလျှင် သိကြားမင်းထံ သွားရောက်၍—

၃၁။ အရှင်သိကြားမင်း ရတနာသုံးပါး၌ ဆည်းကပ်ကိုးကွယ်သော သုဘဒ်လုလင်သည် မင်းဖြစ်၍ မင်းစည်းစိမ်ကို ခံစားနေရပါပြီ၊ ၎င်းသည် ကုသိုလ်ကံကုန်တော့မည် ဖြစ်ပါသဖြင့် အရှင်သိကြားမင်းသည် ထိုသုဘဒ်လုလင်အား အလျင်အမြန် စောင့်ရှောက်ပါလော့ဟု ပြောဆိုတောင်းပန်ကြကုန်၏။

ထိုသို့တောင်းပန်ကြ ပြီးနောက်- နောက်ထပ်တဖန် စောင့်ရှောက်ရန် သိကြားမင်းထံ တောင်းပန်လိုရကား--

၃၂။ အရှင်သိကြားမင်း သုဘဒ် မင်းသားသည် မင်းစည်းစိမ်မှ ရွှေ့လျောရန် အချိန်ကျရောက်နေပါပြီ၊ အရှင် သိကြားမင်းသည် သုဘဒ်လုလင်အား မင်းအဖြစ်၌ ဆက်လက်တည်တံ့အောင် စောင့်ရှောက်တော်မူပါ။

ထိုအခါ သိကြားမင်းက--

၃၃။ အို နတ်အပေါင်းတို့ ကျွန်ုပ်သည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော သုဘဒ်လုလင်အား လွန်ခဲ့သောနေ့ နေထွက်ချိန်မှ ယနေ့နေထွက်ချိန်အထိ တနေ့ကညဥ့်မျှ စည်းစိမ်ခံစားရန် သုပေးခဲ့သည် ဟု နတ်အများအား ပြောကြားလေ၏။

ထိုအခါ နတ်အပေါင်းတို့က—

၃၄။ အရှင်သိကြားမင်း ယခုညဥ့်လွန်မြောက်၍ နေထွက်ချိန် ရောက်လျှင် အရှင်သိကြားမင်း၏ ဆုပေးချိန် ကုန်ဆုံးသဖြင့် သုဘဒ်လုလင်သည် စည်းစိမ်များမှ ရွှေ့လျော ကျဆင်းရပါတော့မည်၊ သို့ဖြစ်၍ အရှင်သိကြားမင်းသည် သုဘဒ်မင်းသားအား ဆက်လက်၍ စောင့်ရှောက်ပါဦးလော့ဟု ဝိုင်းဝန်း လျှောက်ထားကြကုန်၏။

ထိုအခါ သိကြားမင်းက

၃၅။ အို နတ်များတို့ သင်တို့အား ငါသည် ဆုပေးပါ၏၊ ယခုအခါ ငါတို့အားလုံးသည် သုဘဒ်လုလင်ထံ သွားရောက်၍ ဆုများကို ပေးကြပါကုန်အံ့ဟု မိန့်ဆိုလေ၏။

ညဥ့်၏ နောက်ဆုံးယာမ် လွန်မြောက်၍ မိုးသောက်အရုဏ် လင်းအားကြီး အချိန်တွင် သိကြားမင်းနှင့်တကွ နတ်အများတို့သည် ဘုရားလောင်း သုဘဒ်မင်းသားထံသွား၍—

၃၆-၄၁။ အမောင်သုဘဒ်မင်းသား သင်သည် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သောကြောင့် ဤမင်းစည်းစိမ် ချမ်းသာတို့ကို ရခြင်းဖြစ်ပေသည်၊ ထိုသို့ မင်းအဖြစ်ကို ရချိန်တွင် သင်သည် နတ်တို့အား ပူဇော်ပသခြင်း၊ ရဟန်းသံဃာတော်များနှင့် လူအများတို့အား ပေးကမ်းခြင်း၊ အမျှအတန်း ပေးဝေခြင်း စသောကုသိုလ်ကောင်းမှုတို့ကို သင်သည် ပြုလုပ်ခဲ့သောကြောင့် နောင်အနှစ်ငါးရာတိုင်တိုင် မင်းစည်းစိမ်ကို ဆက်လက် ခံစားရန် သင့်အား ဆုပေးပါ၏ ဟု ဘုရားလောင်းအား ဆုပေးကြကုန်၏။

ယင်းသို့ ဘုရားလောင်းအား မင်းစည်းစိမ်ကို ဆက်လက်ခံစားရန် ဆုကိုပေးပြီးနောက် သိကြားမင်းနှင့်တကွ နတ်အများတို့သည် နတ်ပြည်သို့ ပြန်ကြလေကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်-

၄၂။ ထို့နောက် နတ်အပေါင်းတို့သည် သုဘဒ်မင်းသားအား ချီးမွမ်းကြကုန်ပြီးလျှင် နတ်ပြည်သို့ ပြန်ကြလေကုန်၏ ဟု မိန့်တော်မူ၏။

ဘုရား တရား သံဃာ ရတနာသုံးပါးကို မှီဝဲဆည်းကပ်ခြင်း၏ အကျိုးကား ဤမျှ ကြီးကျယ်များပြား လှပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်-

၄၃။ ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်စွာဖြင့် မှီဝဲဆည်းကပ် ကိုးကွယ်သောသူသည် ချမ်းသာခြင်းကို ရရှိ၍ လူ့ဘဝမှ ကွယ်လွန်သောအခါတွင် နတ်ပြည်၌ ဖြစ်ရလေ၏။

ထိုအခါမှစ၍ ဘုရားအလောင်း သုဘဒ်မင်းသားသည် နတ်တို့၏ ကောင်းမှုကံကြောင့်၎င်း မိမိ၏ ကုသိုလ်ကံအကျိုးကြောင့်၎င်း အနှစ်ငါးရာပတ်လုံး မင်းကျင့်တရားနှင့်အညီ မင်းပြုလျက် ရတနာသုံးပါးအား ကိုးကွယ် ဆည်းကပ်ပြီးလျှင် ကောဏာဂမနဘုရားရှင်၏ သာသနာ၌ အလှူပေးခြင်း စသော ကုသိုလ်များကို ပြုလုပ်၍ မင်းစည်းစိမ်များကို ခံစားပြီးနောက် ကွယ်လွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းလိုရကား—

**ဇာတ်ပေါင်းသော်**

၄၄-၄၇။ ထိုအခါ သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ ဘုရားလောင်း သုဘဒ်လုလင်၏ မယ်တော်ခမည်းတော်များသည် ငါဘုရား၏ မယ်တော်ခမည်းတော်များ ဖြစ်လာကြကုန်၏၊ သုဘဒ္ဒါမိဖုရားသည် ယသောဓရာ၊ ကြွင်းသော လူနတ်အပေါင်းသည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ဖြစ်လာ၍ သုဘဒ်လုလင်သည်ကား ငါဘုရား ဖြစ်လာပေ၏၊ ဤသို့ ဇာတ်တော်ကို နာယူ မှတ်သား ဆောင်ထားကြကုန်လော့ဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ခုမြောက် သုဘဒ္ဒရာဇဇာတ် ပြီး၏။

---

# ၃-ဗဟလပုတ္တဇာတ်

**[မိခင်နွားမကြီးအား စားမည့်ကျွေးကို မိခင်အား ပစား စေဘဲ မိခင်၏ကိုယ်စား မိမိအား စားပါရန် ပြောကြားသော ဗဟလ နွားသားလေး ဝတ္ထု။]**

မြတ်စွာဘုရားသည် မုသာ မေ ကထာ နတ္ထိ ဗျဂ္ဃ အစရှိသော တရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိမိ၏ ရှေးကပြုခဲ့ဘူးသော ခန္တိပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့ဦးအံ့၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့သြဘွယ် ရှိပါပေစွ၊ ငါတို့ မြတ်စွာဘုရားသည် သံသရာဆင်းရဲကို သည်းခံတော်မူ၍ ခန္တိပါရမီကို ဖြည့်ကျင့်တော် မူသောကြောင့် လောကသုံးပါး၌ အမြတ်ဆုံး ဖြစ်သော ဘုရားအဖြစ်ကို ရတော်မူပေ၏ဟု အချင်းချင်း ပြောဆို နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ဂန္ဓကုဋီကျောင်းတော်၌ နေလျက်ပင် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့၏

စကားကို ကြားသိတော်မူသဖြင့် တရားစည်းဝေးရာ မဏ္ဍပ်သို့ ကြွတော်မူလျက် မြတ်သောမြတ်စွာဘုရား၏ နေရာ၌ ထိုင်နေတော်မူပြီးလျှင် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုနေကြပါကုန် သနည်း"ဟု မေးတော်မူလေ၏၊ ထိုအခါ ရဟန်းတော်များက ဤမည်သော စကားကို ပြောဆိုနေကြပါကုန်သည်ဟု လျှောက်ထားလတ်သော် ရဟန်းတို့ ငါဘုရားသည် ယခုမှသာ ချမ်းသာဆင်းရဲကို သည်းခံတော်မူသည် မဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် တိရစ္ဆာန်အမျိုး၌ ဖြစ်လျက်ပင် မိမိသေမည့်ဆင်းရဲဒုက္ခကို သည်းခံ၍ မိခင်၏အသက် ချမ်းသာရန် အတွက် အသက်ကို စွန့်လွှတ်ခဲ့ပေ၏ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန် လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ကောသလ တိုင်းနိုင်ငံ၌ ယူကြွယ်တဦး၏ အိမ်အနီးတွင် နေသော ဗဟုလာမည်သော နွားမကြီးတကောင်ရှိလေသည်၊ ယင်း နွားမကြီး၌ ဗဟုလ မည်သော ဘုရားလောင်း သားတော်လေး ရှိ၏၊ တနေ့သောအခါ ယင်း နွားသားအမိ နှစ်ကောင်တို့သည် အခြားနွားများနှင့် အတူ အစာရှာ ထွက်ကြလေရာ နွားမကြီးသည် သားငယ် နွားကလေးအား အခြားနွားများ၏ အလယ်၌ ထားခဲ့ပြီးလျှင် မိမိသည် တောကြီးအလယ်သို့ သွားရောက် အစာရှာ ထွက်လေ၏၊ ထိုအခါ တော၌ ကျက်စားနေသော ကျားကြီးတကောင်သည် မြေ၌ပေါက်သော မြက်များကို စားနေသည့် ယင်း နွားမကြီးကို တွေ့မြင်လေရာ ငါသည် ဤနွားမကြီးကို သတ်ဖြတ် စားသောက်အံ့ဟု ကြံလျက် နွားမကြီး အနီးသို့ ချဉ်းကပ် ရောက်လာလေ၏၊ နွားမကြီးသည် မိမိအနီးသို့ ရောက်လာသော ကျားကြီးကို တွေ့မြင်သော အခါ—

(နွားမ) အို မိတ်ဆွေကျားကြီး သင်သည် အဘယ်ကြောင့် အကျွန်ုပ်ထံသို့ လာပါသနည်း။

(ကျားကြီး) အို နွားမကြီး ကျွန်ုပ်သည် သင့်ကို သတ်ဖြတ်စားသောက်ရန် လာပါ၏။

(နွားမ) သင်သည် ကျွန်ုပ်ကို စားမည်ဆိုပါလျှင် ဤနေရာ၌ ခေတ္တမျှ ဆိုင်းငံ့၍ စောင့်နေပါဦး၊ ကျွန်ုပ်မှာ သားငယ်နွားကလေး တကောင် ရှိပါသည်၊ ယင်း နွားသားငယ်လေးကို အခြား နွားအုပ်(နွားများ)အကြား၌ ထားခဲ့ပါသည်၊ ကျွန်ုပ်သည် သားငယ်ထံ သွား၍ သားငယ်အား နို့တိုက်ပြီး ပြန်လာပါမည်၊ ထိုအခါ ကျွန်ုပ်၏ အသားကို သင်သည် သတ်ဖြတ် စားသောက်ပါလော့။

(ကျားကြီး) သင်သည် အကယ်၍ မှန်သောစကားကို ပြောဆိုသည် ဖြစ်ပါလျှင် သင်၏ သားငယ်ထံ သွားရန် သင့်အား အကျွန်ုပ် ယခု လွှတ်ပေးပါအံ့။

ကျား၏ စကားကို ကြားသောအခါ နွားမကြီးသည် အလွန်နှစ်သက် ဝမ်းသာခြင်း ဖြစ်လျက် ကျားကြီးနှင့် စကားဆိုလိုရကား—

၁-၂။ (နွားမ) အို မိတ်ဆွေကျားကြီး ကျွန်ုပ်မှာ လိမ်လည် ပြောကြားခြင်းမည်သည် မရှိပါ၊ မှန်ကန်စွာ ပြောကြားခြင်း ဟူသော သစ္စာစကားသာ ရှိပါသည်၊ ထို့ကြောင့် သင်သည် ကျွန်ုပ်အား ကျွန်ုပ် သားငယ်ထံ သွားရန် လွှတ်ပါလော့၊ ကျွန်ုပ်သည် သားငယ်ထံ သွား၍ သားငယ်အား နို့ချိုများ တိုက်ကျွေးပြီးလျှင် သင်၏ ထံသို့ ပြန်လာခဲ့ ပါအံ့။

၃-၄။ (ကျားကြီး) အို နွားမကြီး သင်သည် သင်၏ သားငယ်ထံ သွား၍ သားငယ်အား နို့ချိုတိုက်ကျွေး ပြီးလျှင် ကျွန်ုပ်ထံသို့ အမြန်ပြန် လာခဲ့ပါလော့၊ ကျွန်ုပ်သည် ထိုအခါကျမှ သင့်ကို သတ်ဖြတ်၍ သင့်အသားကို စားပါအံ့။

ထိုစကားကို ကြားသောအခါ နွားမကြီးသည် ကျားအား ပန်ကြား ပြီးလျှင် သားငယ်ထံ သွား၍ သားငယ်အား နို့ချိုတိုက်ကျွေး ပြီးနောက်—

၅-၆-၇။ ချစ်စွာသော သား သင်သည် ငါ၏ တကောင်တည်းသော သား ဖြစ်၍ သင့်အား ငါသည် ချစ်ခင် မြတ်နိုးလှ ပါ၏၊ သို့ပါသော် လည်း ငါသည် တောထဲ၌ ရှိသော ကျားကြီးအား မိမိအသားကို စားစေရန် ဝန်ခံ ကတိပြုခဲ့ပါသည်၊ ထို့ကြောင့် ငါသည် ယင်း ကျားကြီး အထံသို့ သွားရပါမည်၊ သင်သည် ဤနွားများနှင့် အတူ မခွဲမခွါဘဲ ချမ်းသာစွာ နေရစ်ခဲ့ပါလော့ဟု ဆိုလေ၏။

မိခင် နွားမကြီး စကားကို ကြားသော နွားငယ်လေးသည် မိခင်အား မသွားရန် တားမြစ်လိုရကား—

၈-၉-၁၀။ အို ချစ်စွာသောမိခင် သင်သည် ကျားထံသို့ မသွားပါလင့်၊ ကျွန်ုပ်သည် မိခင်နှင့် ခွဲခွါ၍ တကောင်တည်းနေ၍ မဖြစ်ပါ၊ ကျွန်ုပ်နှင့်သာ အတူနေပါလော့၊ မိခင်၏မျက်နှာကို မမြင်ရလျှင် ကျွန်ုပ်သေရပါလိမ့်မည်၊ ယနေ့ သင်သည် ကျွန်ုပ်အားစွန့်ခွါသွား ပါလျှင် နို့မစို့ရသဖြင့် ယနေ့ပင် သေရပါလိမ့်မည်၊ သို့ဖြစ်၍ ကျားထံမသွားပါနှင့် အို မိခင်-ဟု ဆိုလေ၏။

ထိုအခါ နွားမကြီးသည် သားငယ်နွားကလေးအား ပြောကြားလို၍—

၁၁-၁၂။ အို ချစ်စွာသောသား ငါသည်ကျားထံသွား၍ ငါ၏အသား ကို အစားခံရပါလိမ့်မည်၊ ငါ့သားငယ်သည် ဤကုသိုလ်ကောင်းမှု ကိုသာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါလော့၊ ငါသည်မသွား ဘဲလိမ်ညာ၍မဖြစ်ပါ၊ ငါသည် မှန်သောစကားကိုသာ ပြောဆို၍ ဝန်ခံဂတိပြုခဲ့ပါသည်း ထို့ကြောင့် ငါ၏မှန်သော စကားအတိုင်း ကျားကြီးထံ သွားရမည်သာ ဖြစ်ပါ၏။

## သားသမီးတို့ကား မိဘတို့၏ဆိုးမှု ကောင်းမှုကို ခံယူရမေအံ့

မိခင် နွားမကြီးစကားကို ကြားသောအခါ နွားငယ်သည် မိခင် နွားမကြီးအား လက်ျာရစ်ပတ်ပြီး မိခင်အား အလွန်ချစ်မြတ်နိုးသော ကြောင့်ရင်း, မိခင်၏ကျေးဇူးကို သိတတ်သောကြောင့်ရင်း မိခင်အား "အို ချစ်စွာသောမိခင် သင်သည် ကျားကြီးအား မိမိ၏ကိုယ်ခန္ဓာအသားကို

ပေးရန်ဝန်ခံခဲ့ပါသလား”ဟု မေးလေ၏၊ ထိုအခါ မိခင်နွားမကြီးက “အို ချစ်စွာသောသား ယနေ့ငါသည် ငါ၏ခန္ဓာကိုယ်ကို ကျားကြီးအား ပေးအပ်ရန် ဝန်ခံဂတိပြုခဲ့ပါ၏၊ ငါ၏စကားသည် မှန်ကန်သောစကားဖြစ်ပါ၏၊ ငါသည်စကားကို လိမ်ညာ၍ တရံတခါမျှ မပြောဆိုပါ၊ လောက၌ မှန်ကန်သော သစ္စာစကားကို ပြောဆိုပါလျှင် များစွာသောစည်းစိမ်ချမ်းသာတို့ကို ရရှိခံစားလျက် နတ်လူတို့သည် ချီးမွမ်းကြပါ၏၊ လိမ်လည်လှည့်ဖြား မုသားစကားသည်ကား အကျိုးဆုတ်ယုတ်၍ နတ်လူတို့လည်း ကဲ့ရဲ့ရှုတ်ချပါသည်၊ ထို့ကြောင့် ငါသည်မှန်ကန်သောသစ္စာစကားကို မစွန့်လွှတ်ပါ၊ မပယ်ဖျက်ပါ၊ ငါ၏သစ္စာစကားအတိုင်း ငါ၏ကိုယ်ခန္ဓာကို ပေးအပ်ရန် ကျားကြီးထံ သွားပါအံ့”ဟုဆိုပြီးလျှင် တောကြီးအလယ်၌ရှိသော ကျားကြီးထံ သွားလေ၏။

## နွားသားအမိကို ကျားက ဘေးမဲ့ပေးခြင်း

ထိုအခါ မိခင်နွားမကြီးနောက်မှ ကကောက်ကောက် အော်ဟစ်ငိုကြွေး၍ လိုက်သွားသော နွားငယ်သည် ကျားကြီးကိုတွေ့မြင်လေလျှင် “အို ကျားကြီး သင်သည် ကျွန်ုပ်ကို သနားသောအားဖြင့် ကျွန်ုပ်၏အသားကိုသာ စားပါလော့၊ ကျွန်ုပ်၏မိခင်သည် သင်၏ သဘက်ဖြစ်စားသောက်ခြင်းကို ခံယူရန် သင့်ထံသို့ မပျက်မကွက် ဆက်ဆက်လာပါသည် သင်သည် ကျွန်ုပ်မိခင်၏ အသားကိုမစားဘဲ ကျွန်ုပ်အသားကိုသာ စားပါလော့။ ကျွန်ုပ်မိခင်အား ချမ်းသာပေး၍ မိခင်ကိုယ်စား ကျွန်ုပ်အစားခံပါအံ့၊ ကျွန်ုပ်သည်မိခင်အတွက်ကျွန်ုပ်အသက်ကို စွန့်လွှတ်လှူဒါန်းပါအံ့၊ ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရန်အတွက် သီးခံခြင်း ခန္တီပါရမီကို ဖြည့်ကျင့်ပါအံ့၊ အို ကျားကြီး ကျွန်ုပ်သည် သည်းခံခြင်းခန္တီပါရမီကို ဖြည့်ကျင့်လိုသောကြောင့်၎င်း, မိခင်၏ကျေးဇူးကို ဆပ်လိုသောကြောင့်၎င်း, မျက်မှောက်အကျိုး နောင်တမလွန်အကျိုးကို ရည်ရွယ်မျှော်မှန်းသောကြောင့်၎င်း, ကျွန်ုပ်၏အသက်နှင့် ကိုယ်ခန္ဓာကို စွန့်လွှတ်လှူဒါန်းပါအံ့၊ ကျွန်ုပ်၏မိခင်သည် မှန်ကန်သော သစ္စာစကားအတိုင်း မပျက်မကွက် ဆက်ဆက်လာရောက်ပါသည်၊ ယင်းသို့သော မှန်ကန်သည့် သစ္စာကြောင့် ချမ်းသာသုခကိုရ၍ နတ်လူတို့လည်း ချီး

မွမ်း ထောမနာ ပြုကြမည်ဖြစ်ပါသည်''ဟု ကျားကြီးအား နွားငယ်လေးက ပြောဆို၍—

၁၃-၁၄-၁၅။ ၊ အို ကျားကြီး ကျွန်ုပ် ယခုပြောဆိုသည့်အတိုင်း ကျွန်ုပ်၏ မိခင်အား လွှတ်ငြိမ်းချမ်းသာခွင့် ပေးပါလော့၊ ကျွန်ုပ်၏မိခင်သည် အရွယ်ကြီးရင့်နေ၍ ၎င်း၏အသားတို့သည်လည်း ရွတ်တွလျက် ချိုမြိန်နူးညံ့ခြင်း မရှိတော့ပါ၊ ကျွန်ုပ်သည်ကား အရွယ်နုပျို၍ စိုပြေလျက် ရှိသောကြောင့် ကျွန်ုပ်၏အသားသည် ချိုမြိန်ကောင်းမြတ်လှပါ၏၊ ရွတ်တွခြင်းမရှိ နူးနူးညံ့ညံ့ရှိပါ၏၊ မိခင်ကိုလွှတ်၍ အကျွန်ုပ်အသားကို စားပါလော့၊ ကျွန်ုပ်သည် ခန္တီပါရမီကို ဖြည့်ကျင့်သောအားဖြင့် ဤသို့ မိမိအသက်ကို စွန့်လွှတ်ခြင်းဖြစ်ပါ၏။

ယင်းသို့ပြောဆိုသော ဘုရားလောင်းနွားငယ်၏စကားကို ကြားသောအခါ ကျားကြီးသည် ''ယခုအခါ ဤနွားငယ်သည် ချစ်ခင်ဖွယ်သောစကားကို ပြောဆိုလျက် မိခင်၏အသက်ကို ကယ်ဆယ်သောအားဖြင့် ဤသို့ ပြောဆိုဘိ၏၊ ငါသည် ဤနွားသားအမိကို သတ်ဖြတ် စားသောက်ပါလျှင် အပါယ်ငရဲသို့ ကျမည်ဖြစ်သည်၊ ထို့ကြောင့်ငါသည် ဤနွားသားအမိအား မစားဘဲ လွှတ်လိုက်တော့အံ့''ဟုကြံစည်လျက် နွားငယ်အား—

၁၆။ အို နွားငယ်လေး ငါသည် သင်တို့အား စားလိုသောဆန္ဒကို သည်းခံပါ၏၊ သင်တို့သားအမိနှစ်ဦးလုံးအား ငါသည် မသတ်ဖြတ် မစားသောက်တော့ပါ၊ သင်တို့သည် မိမိတို့လိုရာသို့ သွားကြပါကုန်လော့ ဟု ပြောဆိုလေ၏။

ထိုနောက် ထိုတောထဲ၌ ကျားကြီးနှင့်နွားသားအမိတို့သည် အတူတကွ ဝမ်းမြောက်ငြိမ်းသာ နေကြလေကုန်၏၊ ထိုအခါ နွားမကြီး၏ မှန်ကန်သောစကားကို ဆိုခြင်း သစ္စာတန်ခိုး, ဘုရားလောင်းနွားငယ်၏ ခန္တီပါရမီကို ဖြည့်ကျင့်ခြင်း တန်ခိုး, ကျားကြီး၏ သူ့ကျေးဇူးကို သိတတ်သောတန်ခိုးတို့ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူ သောအခြင်းအရာကို ပြလေ၏၊ ထိုအခါ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လျက်-

၁၇။ အလှူပေးခြင်း မြတ်သောအကျင့်ကိုကျင့်ခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလျက် ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးသူကား နတ်လော လူလော အဘယ်သူပါနည်း၊ ထိုသူသည် ငါ့အား ငါ၏ဘုံဗိမာန်မှ ရွှေလျောစေလိုဘိ၏တကား ဟု မိမိဘာသာ ပြောဆိုလေ၏။

ထိုနောက် သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှုဆင်ခြင်သောအခါ ဗဟာလာမည်သော နွားမကြီး ယင်းနွားမကြီး၏သား ဗဟာလနှင့် ကျား ဤသတ္တဝါသုံးဦးတို့သည် အချင်းချင်း ညီညီညွတ်ညွတ် ဝမ်းမြောက်ပျော်ရွှင်စွာ နေသည်ကို တွေ့မြင်လေ၏၊ ထိုအခါသိကြားမင်းသည် ယင်းသတ္တဝါသုံးဦးတို့၏ အထံသို့သွား၍ တရားဟောအံ့ဟု ကြံစည်လျက်—

၁၈-၁၉-၂၀။ ဗဟာလာမည်သောနွားမသည် ယနေ့ မှန်သောစကားကို ဆိုပေ၏၊ နွားငယ်ဗဟာလသည်လည်း သဗ္ဗညုတဉာဏ်ကို ရည်မှန်းလျက် ယနေ့ ခန္တီပါရမီကို ဖြည့်ကျင့်ပေ၏၊ ကြမ်းကြုတ်ခက်ထန်၍ သားသမင်တို့၏အသားကို စားသောကျားသည်လည်း ယနေ့ သူ့ကျေးဇူးကို သိတတ်လျက် ချစ်ဖွယ်သောစကားတို့ကို ပြော၍ နွားသားအမိနှင့်အတူ ပမ်းမြောက် ပျော်ရွှင်စွာ နေပေ၏၊ မှန်ကန်သော စကားကိုဆိုခြင်း သစ္စာဂုဏ်, မိမိ၏ ကိုယ်ခန္ဓာကို စားလိုက စားပေစေ ပေးလှူအံ့ဟူသော သည်းခံခြင်း ခန္တီဂုဏ် အကျိုးအကြောင်းကိုပြောဆိုညွှန်ကြားပေသည်ဟု သူ့ကျေးဇူးကိုသိသော ကတညုတဂုဏ်တို့သည် ဤသတ္တဝါသုံးဦးတို့၌ ရှိကြကုန်၏ဟု ပြောဆိုလေ၏။

ဤသို့ပြောဆိုပြီးလျှင် သိကြားမင်းသည် နတ်ပြည်မှဆင်းသက်၍ ထိုသတ္တဝါသုံးဦးတို့အထံသို့ သွားလျက် တောကြီးအလယ်၌ ရပ်တည်လေ၏၊ ထိုနောက် သိကြားမင်းသည် သိကြားမင်း၏ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပလျက် တက်သစ်စနေဝန်းကဲ့သို့ ကောင်းကင်၌ ရပ်တည်၍ ထိုသတ္တဝါသုံးဦးတို့အား တရားစကား ပြောကြားလိုရကား-

## သစ္စာ, ခန္တိ,နှင့် ကတညုတ တရားသုံးပါး

၂၁-၃၂။ အို နွားမကြီး လောက၌ကုသိုလ်ကောင်းမှုကို အလိုရှိသောသူအား မှန်ကန်သောစကားကို ဆိုခြင်းဟူသော သစ္စာနှင့်တူသော ချီးမွမ်းအံ့ဩဘွယ်ကောင်းသည့် တရားသည် မရှိပါ၊ သင်သည် ချမ်းသာသုခရရန်အတွက် မှန်ကန်သောစကားကို ဆိုခြင်း သစ္စာကို ဖြည့်ကျင့်ပေ၏၊ အို နွားငယ် လောက၌သည်းခံခြင်း ခန္တိတရား မည်သည်ရှိ၏၊ သင်သည် ယခုဘဝ၌ ချမ်းသာကိုရလိုခြင်း, နောင်အခါ၌ ဘုရားဖြစ်လိုခြင်းတို့ကြောင့် မိမိခန္ဓာကိုယ်ကို စားလိုက စားစေ ဟူသော သည်းခံခြင်း ခန္တိပါရမီကို ဖြည့်ကျင့်ပေ၏၊ အို ကျားကြီး လောက၌ တလုပ်စားဘူး သူ့ကျေးဇူးဟု ဆိုရသော သူတပါးကျေးဇူးကို ပေးဆပ်ရခြင်းမည်သည် ရှိပေ၏၊ သင်သည် ချမ်းသာသုခကို အလိုရှိသောကြောင့် မိမိအား အကျိုးအကြောင်း ဟောပြောပြသသော နွားငယ်၏ ကျေးဇူးကို သိသဖြင့် နွားသားအမိအား သတ်မစားဘဲ ကျေးဇူးဆပ်ခြင်းကို ပြုပေ၏၊ လောက၌ သစ္စာတရား, ခန္တိတရား, ကတညုတ တရား ဤတရား သုံးပါးသည် ချမ်းသာခြင်း အမျိုးမျိုးကို ပေးစွမ်းတတ်ပါ၏၊ ဤတရားသုံးပါးသည် အလွန်မွန်မြတ်သော တရားဖြစ်၍ သတ္တဝါတို့၏ အားထားကိုးကွယ်ရာ မှီခိုရာလည်း ဖြစ်ပါ၏။

လောက၌ မှန်သောစကားကို ဆိုခြင်းဟူသော သစ္စာတရား မရှိသူ, သည်းခံခြင်း ခန္တီတရားမရှိသူ, သူ့ကျေးဇူးကို မသိတတ်သူ, သူ့ကျေးဇူးကို ချေဖျက်တတ်သူတို့သည် အလှူဒါန ပေးကမ်းစွန့်ကြဲခြင်းဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြသော်လည်း ထိုသူတို့၏ ကုသိုလ်ကောင်းမှုတို့သည် ကြီးကျယ်မြင့်မြတ်သော အကျိုးကို မပေးပါ၊ ထိုသူတို့သည် လောက၌ ယုတ်ညံ့သော အမျိုး၌ ဖြစ်ရခြင်း, လာဘ်လာဘနည်းပါးခြင်း, ဆင်းရဲဒုက္ခအမျိုးမျိုးသို့ရောက်ရခြင်း, လူအများတို့၏ ကဲ့ရဲ့ဘွယ်ဖြစ်ခြင်း စသည့်တို့နှင့်သာ တွေ့ကြုံရတတ်ပါ၏၊ ထို့ကြောင့် ယင်းသစ္စာစသောတရား

တို့နှင့် ပြည့်စုံကြသော သင်တို့သုံးဦးသည် လူ့ပြည်၌ နတ်ပြည်တို့၌ မွန်မြတ်သော ချမ်းသာသော အကျိုးတို့ကို ရရှိခံစားရပါလိမ့်မည်ဟု ဟောကြား မိန့်ဆိုလေ၏။

## ယုတ်ညံ့သော အတ္တဘောကို ပယ်စွန့်၍

ဤသို့လျှင် ထိုသတ္တဝါသုံးဦးတို့အား တရားစကား ဟောကြားပြီးနောက် သိကြားမင်းသည် မိမိ၏တန်ခိုးအာနုဘော်ဖြင့် ယင်းသတ္တဝါသုံးဦးတို့ကို နတ်ပြည်သို့ ခေါ်ဆောင်လျက် နတ်ဗိမာန် ပြာသာဒ်တခုစီကို ပေးလေ၏၊ ယင်းနတ်ဗိမာန် ပြာသာဒ်၌ နတ်၏စည်းစိမ်တို့နှင့် ပြည့်စုံလျက် နတ်သမီးများစွာ အခြံအရံဖြင့် နတ်တူရိယာအမျိုးမျိုးတို့ဖြင့် မွေ့လျော်ဘွယ်ကို ပြုလုပ်စေပြီးလျှင် ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံသော ရွှေဗိမာန်ကြီးကို စီမံပေး၏၊ ထိုခဏ၌ ယင်းသတ္တဝါသုံးဦးတို့သည် မိမိတို့၏ဘုံဗိမာန်ပြာသာဒ်တို့၌ တည်လျက်ပင် မိမိတို့၏ မူလဇာတိကိုယ်ခန္ဓာကို ပယ်ဖျောက်၍ နတ်သားအဖြစ်ကို ရရှိပြီးလျှင် မိမိတို့ဘုံဗိမာန်အသီးသီး၌ ခံစားစံစားကြလေကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၃၃-၃၇။ ထိုအခါ နွားသားအမိနှင့် ကျားတို့သည် ဖြူစင်သောစိတ်နှလုံးရှိကြကုန်လျက် တောထဲ၌ အချင်းချင်း ချစ်ခင်ညီညွတ်စွာဖြင့် နေကြလေကုန်၏၊ နတ်ပြည်၌ရှိသော သိကြားမင်းသည် ဝမ်းမြောက်ဝမ်းသာလှသဖြင့် ထိုသတ္တဝါသုံးဦးတို့ကို နတ်ပြည်သို့ခေါ်ဆောင်သွားလေ၏၊ သတ္တဝါ သုံးဦးတို့သည် နတ်ပြည်၌မွန်မြတ်ကောင်းမွန်သော နတ်နန်းပြာသာဒ်တို့၌ နတ်စည်းစိမ်တို့ကို ခံစားကြကုန်လျက် မိမိတို့ ကိုယ်ခန္ဓာများကို စွန့်လွှတ်ပယ်ဖျောက်၍ နတ်အဖြစ်ဖြင့် တာဝတိံသာနတ်နန်း၌ စံမြန်းပျော်မွေ့ကြကုန်၏ဟု မိန့်ကြားတော်မူလေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းလိုရကား—

၃၈-၄၁။ ထိုအခါ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ နွားမကြီးသည် မဟာမာယာ၊ ကျားကြီးသည် သုဒ္ဓေါဒန၊ ကျန်နွားအပေါင်းနှင့် နတ်

အပေါင်းတို့သည် ဘုရားရှင်၏ ပရိသတ်များ ဖြစ်ကြကုန်၍ ဗဟာလ နွားငယ်သည်ကား ငါဘုရား ဖြစ်လာလေ၏၊ ဤသို့ဇာတ်တော်ကို ရိုသေသောစိတ်ထားဖြင့် နာယူမှတ်သားကြပါကုန်လော့ဟု ဇာတ် ပေါင်းတော်မူလေ၏။

သုံးခုမြောက် ဗဟာလပုတ္တဇာတ် ပြီး၏။

---

# ၄-မဗိရ ဇာတ်

**[တရားနာသောအခါ တရားကို ကောင်းစွာ မနာယူဘဲ အချင်းချင်း စကားပြောဆို၍ ဆူဆူညံညံ ပြုလုပ်လျက် အနှောင့်အရှက် ပြုသူများသည် နောင်အခါ၌ နွားပင်း တတ်သည်ကိုပြသော နွားပင်းကြီး လေးဦးဝတ္ထု—]**

မြတ်စွာဘုရားသည် မူငွေနှ ဟိ မူငွ မာဂမိ အစရှိသော ဤတရား ဒေသနာကို ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နွားပင်းကြီး လေးဦးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ဆိုဦးအံ့။ ထိုအခါ တနေ့သ၌ ရဟန်းတော်တို့သည် နံနက် စောစောထ၍ ဆွမ်းခံကြွတော် မူကြသောအခါ သာဝတ္ထိပြည်အနီးရှိ နွားပင်းကြီး လေးဦးတို့ နေထိုင်ရာ ရွာတရွာသို့ရောက်သွားကြကုန်၏၊ ထိုအိမ်ရှိ လူများအနက် သားတယောက် သည် နွားမပင်းဘဲရှိလေရာ ယင်းနွားမပင်းသောသားသည် ရဟန်းတော် များထံ ချဉ်းကပ်လျက် "အရှင်ဘုရား တပည့်တော်တို့၏ အိမ်၌ တပည့် တော်၏ ဘခင် မိခင်နှင့် နှမအပြင် တပည့်တော်၏ ဇနီးပါ မကျန် ဤ လေးဦးသား တို့သည် နွားပင်းကြပါကုန်၏၊ ဟု လျှောက်ထားလေ၏၊ နွားမပင်းသော ယောကျ်ား၏ လျှောက်ထားသောစကားကို ကြားကြပြီး နောက် ရဟန်းတော်များသည်ဆွမ်းခံရာမှ ပြန်ကြွလာကြကုန်လျက် မိမိတို့ နေရာအသီးသီး၌ နေကြကုန်၏၊ တနေ့သောအခါ ရဟန်းတော်များသည်

တရားသဘင်မကျောပ်၌ စုဝေးကြကုန်လျက် “ငါရှင်တို့ ငါတို့ ဆွမ်းခံရွာ၌ ရှိသော အိမ်တအိမ်တွင် ပုဂ္ဂိုလ်လေးဦးတို့သည် နားမကြားဘဲ နားပင်းနေကြကုန်၏၊ ယင်းပုဂ္ဂိုလ်တို့သည် အဘယ်သို့သော မကောင်းမှုကံတို့ကို ပြုလုပ်ခဲ့ကြကုန်သဖြင့် နားမကြားခြင်း၊ နားပင်းခြင်း ဖြစ်ကြပါကုန်သနည်း”ဟု အချင်းချင်းစုဝေး၍ပြောဆိုနေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် မိမိ၏ ဂန္ဓကုဋီကျောင်းတော်၌ နေလျက်ပင် ထိုရဟန်းတို့၏ စကားကို ဒိဗ္ဗသောတဉာဏ်တော်ဖြင့် ကြားသိတော်မူ၍ ဂန္ဓကုဋီ ကျောင်းတော်မှ ရဟန်းများ တရားစည်းဝေးရာမကျောပ်သို့ ကြွတော်မူလျက် ရဟန်းတို့ ငါဘုရားကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေးတိုင်ပင်နေကြပါသနည်းဟု မေးမြန်းတော်မူလေ၏၊ ထိုအခါ ရဟန်းတော်များက ဤမည်သောစကားကို ပြောဆိုဆွေးနွေးနေကြပါကြောင်း လျှောက်ထားလေလျှင် ငါ၏ ချစ်သားရဟန်းများတို့ ဤလေးဦးသော ပုဂ္ဂိုလ်တို့သည် ယခုမှသာ နားမကြားဘဲ နားပင်းနေသည် မဟုတ်သေး ရှေးအခါကလည်း ဤလေးဦးသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏မကောင်းမှုကံကြောင့် နားမကြားဘဲ နားပင်းကြကုန်သည်သာ ဖြစ်၏ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် ထိုနားပင်းသောပုဂ္ဂိုလ်၏ ရှေးမကောင်းမှုကံကို ပြလိုတော်မူသဖြင့် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ ရှေးလွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဘုရားအလောင်းသည် ဗြဟ္မဒတ်ဟူသောအမည်ဖြင့် မင်းပြုလေ၏၊ မင်း၏မိဖုရားကား ဗြဟ္မနာရီအမည်ရှိ၏၊ထိုအခါ၌ ဗာရာဏသီမြို့မှ မနီးမဝေးတွင် ရွာတရွာရှိ၏၊ ထိုရွာ၌ အိမ်တအိမ်တွင် ဘခင်, မိခင်နှင့် သမီးချွေးမ ၄-ဦးတို့သည် နားပင်းကြကုန်၏၊ သားတယောက် သည်သာ နားကြား၍ နားမပင်းဘဲရှိလေ၏၊ လယ်ကွန်ချိန်ရောက်သောအခါ ဘခင်သည် နွားတရှဉ်းနှင့် ထွန်တုံးတို့ကိုယူ၍ လယ်ထဲ၌ လယ်ထွန်လေ၏၊ သူ၏ နွားနှစ်ကောင်အနက်မှ တကောင်သည် မဲနက်သောအဆင်းရှိ၍ တကောင်သား မျက်နှာကျယ်ပြန့်၍ အမွေးရှည်၏၊လယ်ထွန်သော ထွန်တုံးကိုကား ရင်းတိုက်သား

ဖြင့် ပြုလုပ်ထား၏၊ သူ၏ လယ်သည်ကား လမ်း၏ အနီး၌ရှိ၏၊ ထိုအခါ ခရီးသွား ယောကျ်ား ၇–ယောက်တို့သည် ဗာရာဏသီ ပြည်သို့ ခရီးသွား ကြရာ လယ်ထွန်နေသော ဘခင်ယောကျ်ား (နားပင်သူ)၏အနီးသို့ရောက် သော အခါ–

(ခရီးသွားများ) အို လယ်ထွန်ယောကျ်ား ဗာရာဏသီပြည်သို့ သွား သောလမ်း ဟုတ်ပါသလား။

(လယ်ထွန်ယောကျ်ား) ငါ၏နွားနက်ကို ပဲများချက်၍ ကျွေးမွေးထား၏ မျက်နှာကျယ်ကျယ် အမွေးရှေရှေနဲ့ နွားကိုတော့ နှမ်းများကို ချက်၍ ကျွေးပါတယ်။

ယင်းသို့ ပြောဆိုသော လယ်ထွန်ယောကျ်ား၏ စကားကို ကြားသော အခါ ခရီးသွား ၇ ဦးတို့သည် "ငါတို့က ဗာရာဏသီပြည်သို့ သွားသော လမ်း ဟုတ်မဟုတ်ကို မေးသည်၊ သူက သူ့နွားကို ကျွေးမွေးပုံကို ပြောဆို နေ၏၊ ဘယ်လိုများပါလိမ့်"ဟု အချင်းချင်း ပြောဆိုနေကြ ကုန်၏၊ ထို အခါ လယ်ထွန်ယောကျ်ား နားပင်းသူသည် ခရီးသွားတို့ ပြောဆိုသည်ကို မကြားဘဲ ပစပ်လှုပ်သည်ကို တွေ့သဖြင့် သူ၏ နွားကို ပဲများ နှမ်းများ ကျွေးပုံကို ထပ်မံ ပြောနေပြန် လေသည်။ ထိုအခါ ခရီးသွား များက "ဘယ့်နှယ်ပါလိမ့် ငါတို့က ဗာရာဏသီပြည်သို့ သွားရာလမ်းကို မေးသည်၊ သူက သူ့နွား များကို ပဲများ နှမ်းများ ကျွေးပုံကို ထပ်၍ ပြောနေပြန် သည်"ဟု အချင်းချင်း ပြောဆိုကြလျက် ယင်းခရီးသွား ၇–ယောက်အနက် အတွေးအခေါ် အမြော်အမြင် ရှိသော လူတယောက်က ကျန် ၆–ယောက် အား ပြောဆိုသည်မှာ–

၁။ မသိ နားမလည်သော သူ၏ စကားများသည် ကြားရသူတို့ နား မလည်ဘဲ တွေဝေစရာ ဖြစ်ပါ၏၊ ထို့ကြောင့် လယ်ထွန်ယောကျ်ား ၏ စကားကို သင်တို့ သိနိုင်မည် မဟုတ်ပါ။

ဤသို့ ခရီးသွား ယောကျ်ား ပညာရှိ၏ စကားကို ကြားသော အခါ ကျန် ၆–ဦးတို့က–

၂။ အို ပညာရှိယောကျ်ား လယ်ထွန်ယောကျ်ား ပြောသော စကား တို့ကို ကျွန်ုပ်တို့ မသိ နားမလယ်ကြပါ၊ လယ်ထွန်ယောကျ်ားသည် သူ၏ နွားများကို ကျွေးမွေးပုံကိုသာ ပြောနေပါ၏။

ဤသို့ ခရီးသွားယောကျ်ားတို့ အချင်းချင်း ပြောဆိုကြသည်ကို လယ်ထွန်ယောကျ်ားသည် လုံးဝမကြားဘဲ ပစပ်လှုပ်သည်ကိုသာ တွေ့ရကား—

(လယ်ထွန်ယောကျ်ား) ငါ၏ ဤနွားနှစ်ကောင်ကို သင်တို့အား မပေးနိုင်ပါ။

(ခရီးသွားများ) ကျွန်ုပ်တို့က ဗာရာဏသီပြည် သွားရာလမ်းကိုသာ မေးပါသည်၊ သင်၏ နွားများကို မယူပါ။

(လယ်ထွန်ယောကျ်ား) ငါ၏လယ်ကို သင်တို့အား မပေးနိုင်ပါ၊ ဤလယ်ကို ငါသည် ရွာသူကြီး တဦးထံမှ ဝယ်ယူထားပါသည်။

(ခရီးသွားများ) ကျွန်ုပ်တို့က သင်၏ လယ်ကို မယူပါ၊ ဗာရာဏသီပြည် သွားရာလမ်းကိုသာ မေးပါသည်။

(လယ်ထွန်ယောကျ်ား) သင်တို့သည် ငါထွန် လုပ်သော အသွားကို သိကြမည် မဟုတ်ပါ၊ ငါ၏ ထွန်ကို ရင်းတိုက်သားဖြင့် ပြုလုပ်ထား ပါသည်၊ ရင်းတိုက်သားကို ငါသည် တောထဲက သွား၍ ခုတ်ဖြတ် ယူလာခြင်း ဖြစ်သည်၊ ငါသည် ခိုးယူလာသည် မဟုတ်ပါ။

(ခရီးသွားများ) ကျွန်ုပ်တို့က ဗာရာဏသီပြည် သွားရာလမ်းကိုသာ မေးပါသည်၊ သင်၏ ရင်းတိုက်သားဖြင့် ပြုလုပ်ထားသော ထွန်တုံးကို မယူပါ။

(လယ်ထွန်ယောကျ်ား) သင်တို့သည် ငါနှင့်လာ၍ အငြင်းအခုံ ပြုလုပ်နေကြသည်၊ ယခု ရွာသူကြီးထံ သွား၍ အကျိုးအကြောင်း ပြဿနာကို ဖြေရှင်းကြမည်။

ဤသို့လျှင် သူတပါး ပြောသည်ကို ဂရုမစိုက်ဘဲ မိမိပြောလိုရာ ထင်ရာမြင်ရာကိုသာ ပြောနေသော လယ်ထွန်ယောကျ်ားကို မြင်ရသောအခါ ခရီးသွား ယောကျ်ားများသည် ''ဤသူသည် နားပင်းပြီး ရူးသွပ် နေသဖြင့် ထင်ရာမြင်ရာကို ပြောဆိုနေဘိ၏၊ ငါတို့သည် ထိုသူနှင့် စကားပြော နေခြင်းဖြင့် အကျိုးရှိမည် မဟုတ်ချေ၊ ကိုယ့်လမ်း ကိုယ်သွားခြင်းသာ အကျိုးရှိပါ၏ဟု အချင်းချင်း ပြောဆိုလျက် ခရီးဆက်လက် ထွက်ခွါ သွားကြ လေကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်-

၃-၄။ ထိုအခါ ခရီးသွားယောကျ်ား ခုနစ်ဦး တို့သည် လယ်ထွန်ယောကျ်ား၏ စကားကို ကြား၍ အချင်းချင်း တိုင်ပင်ကြလျက် ခရီးဆက်လက် ထွက်ခွါသွားကြရာ လိုရာခရီးသို့ ရောက်ရှိကြကုန်၏။

ထိုအခါ နားပင်းသော လယ်ထွန်ယောကျ်ား၏ မယား (အိမ်၏ မိခင်) သည် နေမွန်းတည့်ချိန်၌ ထမင်းအဖျော် စသည်တို့ကို ယူ၍ နားပင်းသော ယောကျ်ား၏ လယ်ထွန်ရာသို့ သွားလေ၏၊ လယ်၏ အနီး၌ ဆီးပင်တပင်ရှိ၏၊ ယင်း အိမ်၏ မိခင်သည် နားပင်း၏၊ ဆီးပင်ရင်း၌ ထမင်းအဖျော် စသည်တို့ကို ထားလျက် မိမိယောကျ်ား လယ်ထွန်ရာသို့ သွားလေ၏၊ ထိုအခါ၌ ကျီးတို့သည် ဆီးပင်အောက်၌ ထားခဲ့သော ထမင်းဟင်းများကို စားရန် ဝိုင်းအုံလာကြ ကုန်၏၊ ထိုအခါ လယ်ထွန်ယောကျ်ားသည် နွားနှင့် တံကြိမ်လုံးတံဖျာကို မြှောက်လျက် ကျီးတို့ကို တားမြစ်လေ၏၊ ယင်းသို့ ကြိမ်လုံး မြှောက်သည်ကို တွေ့မြင်ရသော အိမ့်ရှင်မိန်းမသည်—

(အိမ်ရှင်မိခင်) ဤ ယောကျ်ားသည် သူ့ထံလာသော ကျွန်မကို ရိုက်နှက်ရန် ပြုလုပ်ပါသည်။

(လယ်ထွန်ယောကျ်ား) အို ရှင်မ နံနက်ပိုင်းက ခရီးသွားယောကျ်ား ၇-ယောက် တို့သည် ဤလယ်ထဲသို့ လာ၍ ငါနှင့် ငြင်းခုံခြင်းကို ပြုကြကုန်၏။

(အိမ်ရှင်မိခင်) ဤ ယောကျ်ား သည် ကျွန်မကို ဆဲရေးပါ၏ ရိုက်ပုတ်မည် ပြုနေပါ၏၊ ဤ ယောကျ်ားသည်

ကျွန်မထက် သာ၍ ချစ်သော မိန်းမထံ သွားရန်
အတွက် ကျွန်မကို ရိုက်နှက်ရန် ပြုလုပ်နေပါသည်။

ဤသို့ အော်ဟစ် မြည်တမ်းလျက် နားပင်းသော အိမ်ရှင် မိခင်သည် စိတ်ဆိုးကာ အိမ်သို့ ပြန်သွားပြီးလျှင် မိမိ၏သမီးအား အကြောင်း အလုံးစုံကို ပြောကြားလေ၏၊ ထိုအခါ သမီးသည် မိခင်ပြောစကားကို လုံးဝ မကြားဘဲ ပါးစပ် လှုပ်သည်ကိုသာ တွေ့သဖြင့်—

(သမီး) အို မိခင် ယနေ့ ကြက်ဥနှင့် ကြက်သားဟင်းကို ချက်၍ မော ပန်းသောအခါ သောက်ရန် အရက်သေစာများကိုပါ ထည့်၍ ဘခင်ထံ ပေးပို့လိုက်ပါသည်၊ ဘခင်အတွက် ဤသို့ပြုလုပ်ပေး လိုက်သည် မိခင်မသိပါ သလော။

(မိခင်) ဤ သမီးသည် ငါ့ကို ဆဲရေး ရေရွတ် နေ၏၊ ယခုအခါ ငါ့ကို အကျိုးမဲ့ ပြုလုပ်တော့မည်ဟု ဆိုလျက် ရင်ဘတ်ကို လက်နှစ် ဖက်ဖြင့်တီးကာ ငိုကြွေး၍ မျက်ရေစက်လက်ဖြင့် ချွေးမထံသို့ သွားလေ၏၊ ထိုနောက် မိခင်က—

(မိခင်) အို ချွေးမ သင်၏ ဘခင်ရော သမီးရော ငါ့ကို ဆဲရေးပါ၏၊ သူတို့ နှစ်ယောက်လုံးသည် ငါ့အား အကျိုးမဲ့ကို ပြုလုပ်ရန် ကြံစည် ကြပါ၏။

ဤသို့ ယောက္ခမဖြစ်သူက ပြောသောအခါ ချွေးမသည် ပြောသော စကားကို မကြားဘဲ ပါးစပ်အမူအရာကိုသာ တွေ့မြင်ရ သဖြင့် "ဤ ငါ၏ ယောက္ခမသည် ရင်ဘတ်ကို လက်ဖြင့် ပုတ်ခတ်လျက် ငိုကြွေး၍လာသည့် မှာကား ငါ့ကို စိတ်ဆိုး၍ ဆဲရေး ရေရွတ်ပြီး ငါ့ကို အိမ်မှ နှင်ထုတ်ခြင်း ဖြစ်၏"ဟု ကြံစည်၍ လင်ဖြစ်သူအား ထိုအကြောင်းကို ပြောပြလေ၏၊ လင်ဖြစ်သူကား နားမပင်း,နားကြား၏၊ သူသည် "ဤအိမ်၌နေကြကုန်သော ဘခင် မိခင်နှင့် နှမ ငါ၏ဇနီး ဤလေးဦးစလုံးတို့သည် နားမကြားကြကုန် နားပင်းကြကုန်၏။ ထိုသူတို့ ပြောသောစကား အတိုင်း ယုံကြည်ပြီး လိုက် ၍လုပ်နေလျှင် ဘာမျှအကျိုးရှိမည် မဟုတ်ပေ၊ ယခုအခါ ငါသည် ဤ

အိမ်မှထွက်ခွါ၍ ဗာရာဏသီမြို့သို့ သွားပြီးလျှင် ဗာရာဏသီမင်းထံချဉ်းကပ်လျက် ဤလေးဦးတို့ နားပင်းခြင်း အကြောင်းကို မေးမြန်းလျှောက်ထားသံတော်ဦး တင်ရလျှင် ကောင်းမည်" ဟု ကြံစည်၍ အိမ်မှ ထွက်ခွါကာ ဗာရာဏသီမြို့သို့ သွားလေ၏။ ထိုအခါ ယခင် ခရီးသွားယောကျ်ား ၄-ယောက်တို့သည်လည်း ဗာရာဏသီပြည်သို့ သွားရာတွင် လမ်း၌ တွေ့ဆုံကြလေ၏၊ ဂ-ဦးသားတို့သည် ရယ်မောပြောဆို ကြလျက် ဗာရာဏသီမင်းကြီးထံ ရောက်ကြလေကုန်၏။ ထိုအခါ နားပင်းလေးဦးအိမ်မှ နားမပင်းသောယောကျ်ားသည် ဘုရင်မင်းကြီးအား ရှိခိုးလျက် မိမိအိမ်သား ၄-ဦး၏ နားပင်းခြင်း အကြောင်းကို မေးမြန်းလိုရကား -

၅။ မြတ်သောမင်းကြီး ကျွန်ုပ်၏မိခင် ဘခင် နှမ နှင့် ဇနီးတို့သည် နားမကြားကြပါကုန်၊ ယင်းတို့လေးဦးသည် အဘယ်မကောင်းမှု အကုသိုလ်တို့ကို ပြုလုပ်ခဲ့၍ နားမကြားဘဲ နားပင်းကြပါကုန်သနည်း။ ယင်းတို့လေးဦး နားပင်းခြင်းအကြောင်းကို ကျွန်ုပ်အား ပြောကြားပါလော့။

## တရားနာရာ၌ မရိုမသေနာကြားခဲ့

ထိုစကားကိုကြားလျှင် ဘုရားလောင်းဗြဟ္မဒတ်မင်းသည် ဤလေးဦးတို့ နားပင်းခြင်း အကြောင်းကို ကြံစည် စိတ်ကူးသောအခါ ထိုခဏ၌ပင် ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ဇာတိဿရဉာဏ် ဆိုသည်ကား လွန်ခဲ့သောဘဝတို့က ဖြစ်ပျက်ခဲ့သည်ကို ပြန်လည်သိရှိသောဉာဏ်တည်း)။ ထိုအခါ ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် မိမိ၏ ဇာတိဿရဉာဏ်ဖြင့် နားမပင်းသောယောကျ်ားကို "အမောင်ယောကျ်ား ဤလေးဦးတို့သည် ရှေးအခါက ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ တရားနာရန် ကျောင်းသို့သွား၍ တရားဟောရာပလ္လင်အနီး၌ တရားနာကြသောအခါ တရားကိုရိုသေစွာမနာယူဘဲ အချင်းချင်း စကားပြောဆိုကြလျက် မိမိတို့ သားငယ် သမီးငယ်များကို ကစားစေကြ၍ အချင်းချင်း ရယ်မောကြကုန်ပြီးလျှင် မရိုမသေနေထိုင်ကြကုန်လျက် တရားတော်ကို ငြိမ်သက် ရိုသေစွာ မနာယူဘဲ ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့ဆင်ခြင်ခြင်းလည်း မရှိ

ကြကုန်။ ထို့ကြောင့်ယင်းလေးဦးသောသူတို့သည် ဤမကောင်းမှုကံကြောင့် ထိုဘဝမှစုတေသောအခါ အနှစ်ငါးရာပတ်လုံး ငရဲ၌ဖြစ်ပြီးလျှင် ထို့နောက် လူ့ပြည်တို့၌လည်း အနှစ်ငါးရာပတ်လုံး နားပင်းခဲ့ကြပြီး ယခုဘဝ၌လည်း ဤကဲ့သို့နားပင်းကြခြင်း ဖြစ်ပေသည်-ဟု မိန့်ဆိုပြောကြားလေ၏။ ထိုသို့ ပြောဆိုပြီးနောက် ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ထို ၈-ဦးသော ယောကျ်ားတို့အား တရားဟောလိုရကား—

၆-၁၆။ တရားတို့ကို ရိုသေစွာ နာယူသောသူသည် နောင်အခါ၌ ယုံမှားခြင်းတို့ကို ဖြေရှင်းနိုင်သောပညာရှိဖြစ်၍ သေသောအခါ၌ လူနတ်စည်းစိမ်တို့ကို ခံစားရ၏။ တရားနာသောအခါ မရိုမသေ မလေးမစား ပြုလုပ်သောသူသည် နောင်အခါ၌ နားမကြားသူနားပင်းသူဖြစ်ရ၏။ တရားနာသောအခါ မနှစ်သက်သော အမှုအရာကို ပြသောသူ, မိမိ၏လုပ်ငန်းခွင်၌ တွေးတောလျက် တရားတော်ကို စိတ်ပါဝင်စားစွာ မနာကြားသူတို့သည် နောင်အခါ၌ ဆွံ့အနားမကြားသူများဖြစ်ရတတ်၏။ ထို့ကြောင့် ပညာရှိသောသူသည် တရားတော်ကို ရိုသေစွာနာယူရမည်ဖြစ်၏၊ ထိုသို့တရားကိုရိုသေစွာ နာယူလျှင် ဥစ္စာရွှေငွေ အထွေထွေတို့ ပေါများပြည့်စုံ၍ ဆွေမျိုးဉာတိ မိတ်သင်္ဂဟတို့ ကျွန်မိန်းမ ကျွန်ယောကျ်ားစသော အခြွေအရံတို့နှင့်ပြည့်စုံလျက် လူနတ်အများတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရ၏-ဟု တရားစကားကိုဟောကြားပြသပေ၏။

ဤသို့လျှင်တရားများကိုဟောကြားပြီးနောက်ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌တရားသဖြင့် မင်းပြုလျက် ကွယ်လွန်သောအခါ တွင်နတ်ပြည်၌ဖြစ်လေ၏။ နားမပင်းသောယောကျ်ားနှင့် ခရီးသွားခုနစ်ဦး တို့သည်လည်း ဘုရားလောင်း၏ ဆုံးမဩဝါဒအတိုင်း လိုက်နာလျက် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြ၍ သေသောအခါ၌ နတ်ပြည် အသီးသီးတို့၌ဖြစ်ကြလေကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောကြားပြီးလျှင် ဇာတ်တော်ကိုပေါင်းလိုရကား—

၁၇-၂၂။ ထိုအခါ ဗာရာဏသီမင်း၏ မယ်တော် ခမည်းတော်တို့သည် ယခု အခါ ငါဘုရား၏ မယ်တော် ခမည်းတော်များ ဖြစ်လာကြ၏၊ နားမပင်းသော ပညာရှိယောကျ်ားသည် ရှင်အာနန္ဒာ ဖြစ်လာ၏၊ ပြဟ္မဒတ်မင်း၏မိဖုရား ပြဟ္မနာရီသည်ကားယသော်ဓရာဖြစ်လာ၏၊ ရှေးကနားပင်းသော ပုဂ္ဂိုလ်လေးဦးသည် ယခု အခါ နားပင်း သူများ ဖြစ်လာ၍ ကြွင်းသော ပရိသတ်တို့တား ငါဘုရား၏ ပရိသတ်များ ဖြစ်လာပြီးလျှင် ပြဟ္မဒတ်မင်းသည်ကား ငါဘုရား ဖြစ်လာ၏။ ဤသို့ဇာတ်တော်ကိုရှိသေစွာ နာယူမှတ်သားဆောင် ထားကြကုန်လော့။

လေးခုမြောက် နားပင်းသူများဇာတ်(ဗဓိရဇာတ်)ပြီး၏

---

# ၅-ပဒိပဒါနဇာတ်

**[မုန့်ညင်းဆီလှူဒါန်း၍ ဘုရားဆုကိုတောင်းသောမင်းသမီး အား မိန်းမအဖြစ်ဖြင့် ဘုရားဆုတောင်း၍ မရနိုင်ကြောင်း ကို ပြဆိုသော မင်းသမီးဝတ္ထု]**

မြတ်စွာဘုရားသည် ဣမိနာ ပဒိပဒါနေန အစချီသောဤတရားဒေသနာ တော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဆီမီးပူဇော်ခြင်းကို အကြောင်း ပြု၍ ဟောတော်မူ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် ဇေတဝန်ကျောင်း သို့သွား၍ ဘုရားရှင်အား ချဉ်းကပ်ရှိခိုးလျက် နေကြကုန်၏၊ ထိုရဟန်း တို့သည် ဘုရားရှင်အား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရတနာသုံး ပါးကို ဆီမီးညှိထွန်း ပူဇော်ခြင်းကြောင့် နောင်အခါ၌ အဘယ်သို့သော အကျိုးထူးကို ရရှိနိုင်ပါသနည်း"ဟု လျှောက်ထား မေးမြန်းကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ယခုမှသာ လူအပေါင်းတို့သည် ဘုရားစသော ရတနာသုံးပါးကို ဆီမီးပူဇော်ခြင်းကို ပြုသည်မဟုတ်သေး ရှေးအခါက လည်း ဆီမီးပူဇော်ခြင်းကို ပြုကြသည်သာဖြစ်၏"ဟု မိန့်တော်မူလျက်

ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် တောင်းပန်လျှောက်ထား သဖြင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသည်ရှိသော် လွန်ခဲ့သော ကမ္ဘာတသိန်းနှင့် အသင်္ချေနှစ်ဆယ်အချိန်က ရှေး ဒီပင်္ကရာ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူခဲ့၏၊ ထိုဘုရားသခင် ပွင့်တော်မူစဉ်ကာလ၌ နောင်ပွင့်မည့် ဒီပင်္ကရာ ဘုရားအလောင်းသည် အမရဝတီ ပုဏ္ဏားမျိုး၌ ရာမမည်သော ပုဏ္ဏားဖြစ်လေ၏၊ ထိုအခါ ရာမပုဏ္ဏားသည် အိမ်ရာတည်ထောင် လူ၏ဘောင်၌ နေလေရာ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးတို့ကို သိမြင်သောကြောင့် ရဟန်းဘောင်သို့ ဝင်ရောက်သောအခါ ရှေးဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာ၌ ပိဋကတ်သုံးပုံဆောင် (တိပိဋကဓရ) ထေရ်ဟု ထင်ရှား ကျော်စောလေ၏၊ ထိုမထေရ်သည် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရသောကြောင့် နေရာအနှံ့အပြား၌ ထင်ရှားကျော်ကြား လူသိများလေ၏။ ထိုအခါ တနေ့သ၌ ထိုပိဋကတ်သုံးပုံဆောင် မထေရ်သည် ရှေးဒီပင်္ကရာမြတ်စွာဘုရားထံ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ရုပ်အဆင်းတော် တင့်တယ်သပ္ပါယ်ခြင်းကို မြင်သဖြင့် အလွန်ကြည်ညိုခြင်းဖြစ်ရကား မိမိကိုယ်တိုင် သပိတ်ပိုက်၍ စမွေယျမြို့၌ ဆီဆွမ်းကို လှည့်လည်ခံယူခဲ့ပြီးလျှင် ယင်းဆီများဖြင့် ဒီပင်္ကရာဘုရားရှင်အား ဆီမီးပူဇော်ခြင်းကိုပြုလျက် နောင်အခါ၌ ဘုရားဖြစ်ရန် ဆုပန်ခြင်းကို ပြုလိုရကား-

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကပည့်တော်သည် ကြည်ညိုသော စိတ်ထားဖြင့် ဘုရားရှင်အား ဆီမီးပူဇော်လှူဒါန်းရသော ကောင်းမှုကြောင့် နောင်အခါ၌ သတ္တဝါတို့၏ အကျိုးစီးပွါးကို ဆောင် နိုင်သော ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏ဟု ဆုပန်ခြင်းကို ပြုလေ၏။

ထိုနောက်တဖန် ကပ်မံဆုတောင်းပြန်သည်ကား-

၂-၃။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ရှေ့ဆောင်လမ်းပြ ဖြစ်တော်မူလျက် သစ္စာလေးအင်ကို အကုန်အစင် သိမြင်တော်မူပြီးလျှင် လူ နတ် ဗြဟ္မာ သတ္တဝါတို့ထက် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသကဲ့သို့ ထိုနည်းတူစွာ တပည့်တော်သည်လည်း လူသုံးပါးတို့၏ ကိုးကွယ်အားထားရာဖြစ်၍ နောင်အခါ၌လည်း ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။

ထိုရဟန်း၏ဆုတောင်းစကားကိုကြားသောအခါ ရှေးဒီပင်္ကရာ မြတ်စွာဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့် လှမ်းမျှော်ကြည့်ရှု ဆင်ခြင်တော်မူလျှင် ထိုရဟန်း၏ဘုရားဆုပန်ခြင်းပြည့်စုံမည့်အဖြစ်ကို မြင်တော်မူသဖြင့် ထိုရဟန်းအား ဗျာဒိတ်စကား ကြားတော်မူလိုရကား–

၄-၅-၆။ ငါ၏ချစ်သား ရဟန်းများတို့ သင်တို့သည် ဤရဟန်းကို ကြည့်ရှုကြကုန်လော့ ဤရဟန်းသည် ငါဘုရားအား ဆီမီးလှူဒါန်း ပူဇော်လျက် နောင်အခါ၌ ဘုရားဖြစ်ရန်ဆုပန်လေ၏၊ ထိုရဟန်းသည် နောင်အခါ ကမ္ဘာတသိန်းအလွန်ရှိသော တဆယ့်ခြောက်သင်္ချေအတွင်း၌ ဆုတောင်းပြည့်ဝပါလတ့်၊ ထိုအခါ၌ ဤရဟန်းသည် ဒီပင်္ကရာဟူသော အမည်ဖြင့် လူသုံးပါးတို့၏ ကိုးကွယ်အားထားရာဖြစ်သော များစွာသော တပည့်အပေါင်း အခြံအရံရှိသော ဘုရားစင်စစ် ကေန် ဖြစ်ပါလတ့်ဟု ဗျာဒိတ် စကားမိန့်ကြားတော် မူလေ၏။

ဤသို့လျှင် ရှေးဒီပင်္ကရာဘုရားရှင်၏ အထံတော်မှ ဗျာဒိတ်စကားကိုကြားသိရသဖြင့် ထိုရဟန်းသည် များစွာ နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်လျက် ဘုရားရှင်အား ဆီမီးညှိထွန်းပူဇော်ခြင်းကိုပြုလေ၏၊ ထိုအခါမှစ၍ ထိုရဟန်းသည် ဒီပင်္ကရာဘုရားရှင်အား နေ့စဉ် ဆီမီးညှိထွန်း ပူဇော်ခြင်းကို ပြုလေ၏၊ ဘုရားရှင်သည် ဤသို့အတိတ်ကိုဆောင်ပြီးနောက် မိမိ၏ရှေးကဖြစ်ခဲ့ဘူးသော အတိတ်ကို ဆောင်တော်မူလိုသဖြင့် မိမိအတိတ်ကို ဆောင်တော်မူလေ၏။

## အတိတ်၏ အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ရှေးလွန်လေပြီးသောအခါ ရှေးဒီပင်္ကရာ မြင်စွာဘုရားလက်ထက်၌ ငါဘုရားသည် ပုထုဇဉ်အဖြစ်၌ တည်ရှိစဉ် နှမ၏သားအပေါ်၌ ပြုခဲ့သော အကုသိုလ်ကြောင့် မိန်းမဘဝ၌ဖြစ်ခဲ့ရ၏၊ ထိုအခါ၌ ငါသည် ရှေးဒီပင်္ကရာဘုရား မယ်တော်၏ နှမထံ၌ဖြစ်ခဲ့ရ၏၊ ထိုအခါ တနေ့သ၌ ပိဋကတ်သုံးပုံဆောင် မထေရ်သည် ဆီဆွမ်းခံရန် လှည့်လည်သောအခါ ဆီအနည်းငယ်ကိုမျှမရသဖြင့် မင်းယင်ပြင်သို့ဝင်၍ မင်းယင်ပြင်၌ ရပ်တည်လေ၏၊ ထိုခဏ၌မင်းသမီးသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက် ရတနာပလ္လင်၌နေလျက် လေသာပြတင်းမှ မင်းယင်ပြင်သို့ ကြည့်ရှုသောအခါ မင်းယင်ပြင်၌ ရပ်နေသော မထေရ်ကို မြင်ရလေလျှင် ဤမထေရ်သည် အဘယ်အကျိုးငှါ ကြွလာ၍ရပ်တည်နေပါသနည်းဟု ကြံစည်လျက် မိမိ၏ အစေခံမိန်းမတယောက်ကို "အို အစေခံမ-သင် မင်းယင်ပြင်သို့သွား၍ ရဟန်းတော်၏အထံ ချဉ်းကပ်မေးမြန်းပြီး ငါ့အား အကျိုးအကြောင်း အမြန် ပြန်ကြားလော့"ဟု စေခိုင်းလိုက်လေ၏၊ ထိုအခါ အစေခံမသည် မထေရ်ထံ ချဉ်းကပ် လျှောက်ထား မေးမြန်းလေရာ ဆီအလိုရှိ၍ ရပ်လာကြောင်း မထေရ်က ပြန်ကြားသည်ကို မိမိအား လာရောက် ပြောကြားလေ၏၊ ထိုအခါ ထိုမင်းသမီးသည် နှစ်သက် ဝမ်းမြောက်သောစိတ်ရှိသဖြင့် မထေရ်အား ပင့်ဖိတ်၍ ရွှေခွက်ဖြင့်အပြည့်ဆီများကိုထည့်လျက် ဦးခေါင်းထက်၌မြှောက်ချီပြီးလျှင် စိတ်ထဲမှဘုရားအဖြစ်ကို ဆုတောင်းလေ၏။

## အမျိုးသမီးများ ဘုရားဆု မပန်ထိုက်

ဤငါ၏ နောင်တော်ဘုရားသည် လောကသုံးပါး၌ အလုံးစုံသော လူနတ်ပြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်တော်မူလျက် ဘုရားအဖြစ်သို့ရောက်တော်မူသကဲ့သို့ ထို့အတူ ငါသည်လည်း နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်ရပါလို၏၊ ဤမုန့်ညင်းဆီကိုပေးလှူရသော ကောင်းမှုကြောင့် (မုန့်ညင်းဆီကို သိဒ္ဓတ္ထဟု ခေါ်၏) နောင် ဘုရားဖြစ်သောအခါ ငါသည် သိဒ္ဓတ္ထဟူသော အမည်ကိုရ၍ သစ္စာလေးပါးကို သိသော ဘုရားဖြစ်ရပါလို၏ ဟု စိတ်ထဲမှဆုတောင်းလျက် မိမိဦးခေါင်းထက်၌ ရှိသော

ဆီခွက်ကိုချ၍ မထေရ်၏သပိတ်ထည်းသို့ ဆီကိုလောင်းထည့်၍ လက်အုပ်ချီလျက်မထေရ်အား လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် "အရှင်ဘုရား—အရှင်ဘုရားသည် ဤမုန့်ညင်းဆီဖြင့် တပည့်တော်မ၏ နောင်တော်-ဘုရားရှင်အား ဆီမီးပူဇော် လှူဒါန်းခြင်းကို ပြုတော်မူပါလော့၊ ယင်းသို့ ဆီမီးလှူဒါန်းပူဇော်ပြီးနောက်' ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရား၏ နှမဖြစ်သော မင်းသမီးသည် ဤမုန့်ညင်းဆီကို လှူဒါန်းလိုက်ပါသည်။ ယင်းမုန့်ညင်းဆီလှူဒါန်းသော ကောင်းမှုကြောင့် နောင်အခါ ဘုရားဖြစ်ရန် ဆုပန်လိုက်ပါ၏။ ဤအတိုင်း ဘုရားရှင်အား လျှောက်ထားရန် တပည့်တော်အား မှာကြားလိုက်ပါ၏" ဟု ဆီအလှူခံ ရဟန်းအား မင်းသမီးက မှာထား လျှောက်ကြားလိုက်လေ၏၊ ဆီအလှူခံသော ရဟန်းသည်လည်း မင်းသမီးမှာကြား လျှောက်ထားသည့်အတိုင်း ဘုရားရှင်အား လျှောက်ထားသောအခါ ရှေးဒီပင်္ကရာဘုရားရှင်သည် ထိုမထေရ်အား ဤသို့ မိန့်တော်မူလေ၏၊ ငါ့ရှင်ရဟန်း ငါဘုရားသည် ငါ၏နှမအား ဘုရားဆုပေးရန် ဗျာဒိတ်ပေးခြင်းငါ မတတ်နိုင်ပါဟုအမိန့်ရှိလေ၏၊ ထိုအခါ ဆီအလှူခံရဟန်းက အဘယ့်ကြောင့် ဤမင်းသမီးအားဘုရားဆုပေးခြင်းငှါ မတတ်နိုင်ပါသနည်းဟု လျှောက်ထားသောအခါ ငါ၏ နှမ ဤမင်းသမီးသည် မိန်းမဘဝ၌ဖြစ်သောကြောင့် ဘုရားဆုပေးရန်မတတ်နိုင်ပါဟု မိန့်တော်မူလေ၏၊ မိန်းမဘဝ၌ဖြစ်သဖြင့် အဘယ့်ကြောင့် ဘုရားဆုကို မပေးနိုင်ပါသနည်းဟု လျှောက်ထားပြန်လေရာ ချစ်သားရဟန်း ဘုရားဖြစ်ရန် · အင်္ဂါရှစ်တန်ရှိသည့်အနက် မိန်းမဖြစ်သဖြင့် အင်္ဂါရှစ်ပါး မပြည့်စုံသောကြောင့် ဤမင်းသမီးအား ဘုရားဆုပေးခြင်းငှါ မတတ်နိုင်ပါဟု မိန့်တော် မူပြန်လေ၏၊ ထိုအခါ ဆီအလှူခံမထေရ်သည် ထပ်မံမေးမြန်းလိုရကား—

၇။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ဘုရားဖြစ်ရန် အင်္ဂါ ရှစ်တန်ကို တပည့်တော်အား မိန့်ကြားတော် မူပါ-ဟု လျှောက်ထားလေ၏။

ထိုအခါရှေးဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုရဟန်းအား ဘုရားဖြစ်ခြင်း၏ အကြောင်းအင်္ဂါရှစ်ပါးကို ဟောကြား ပြလိုရကား-

## ဘုရားဖြစ်ဘို့ရန် အင်္ဂါရှစ်တန်

၈-၁၁။ ချစ်သားရဟန်း ဘုရား ဖြစ်နိုင်ရန် အကြောင်း အင်္ဂါရှစ်မျိုး ပြည့်ရပေမည်၊ ယင်းတို့ကား ၁- လူသားဖြစ်ခြင်း၊ ၂-ယောကျ်ား ဖြစ်ခြင်း၊ ၃- တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ၄- အသက်ထင်ရှား ဘုရား ရှင်အား ဖူးတွေ့ရခြင်း၊ ၅-ရှင်ရဟန်းဖြစ်ခြင်း၊ ၆-စျာန်အဘိညာဉ် ရခြင်း၊ ၇- အသက်ထင်ရှား ဘုရားရှင်၌ ပူဇော်သက္ကာရပြုခြင်း၊ ၈- ဘုရားဖြစ်ရန် လွန်ကဲသော ဆန္ဒရှိခြင်း၊ ဤအင်္ဂါရှစ်ပါးတို့ဖြစ် ပေသည်၊ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှ ဘုရားအဖြစ်ကို ရနိုင်ပါ သည်၊ အင်္ဂါရှစ်ပါးတွင် တပါးချို့ယွင်း၍ ၇- ပါးပြည့်စုံလျှင်ပင် ဘုရားအဖြစ်ကို မရနိုင်ပါ၊ ဤအင်္ဂါရှစ်ပါး ပြည့်စုံလျှင်ကား ဤပုဂ္ဂိုလ်သည် နောင်အခါ၌ ဘုရားဖြစ်လတ့ံဟု ဗျာဒိတ်စကား ပြောကြားခြင်းငှါ သင့်ပါ၏၊ ဤသို့ ဗျာဒိတ်စကား မိန့်ကြားခြင်း ခံရပါလျှင် ထိုပုဂ္ဂိုလ်သည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ် ရပါ၏ဟု မိန့်ဆိုတော်မူ၏။

ယင်းသို့ မိန့်ဆိုတော်မူပြီးနောက် ဘုရားရှင်သည် မိန်းမဖြစ်နေသဖြင့် နှမဖြစ်သော မင်းသမီးအား ဗျာဒိတ်ကြားခြင်းငှါ မစွမ်းနိုင်ရကား—

၁၂-၁၃။ ၁- လူသားဖြစ်ခြင်း၊ ၂- တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ၃- အသက် ထင်ရှား ဘုရားရှင်အား ဖူးတွေ့ရခြင်း၊ ၄- စျာန်အဘိညာဉ် ရခြင်း၊ ၅- အသက်ထင်ရှားဘုရားရှင်၌ ပူဇော်သက္ကာရပြုခြင်း၊ ၆- ဘုရားဖြစ်ရန် လွန်ကဲသောဆန္ဒရှိခြင်း ဟူသော ဤအင်္ဂါ ၆-ပါးနှင့်သာ ပြည့်စုံသော ဤမင်းသမီးသည် နောင်အခါ၌ဘုရား ဖြစ်ရန် ဗျာဒိတ်ကြားခြင်းကို ငါဘုရားထံမှ ရနိုင်မည်မဟုတ်ပါဟု ထပ်မံမိန့်ဆိုတော်မူလေ၏။

### သင်ဘုရားဖြစ်သောအခါ ထိုမင်းသမီးသည် ဘုရားဆုကို ပန်ပေအံ့

(ပိဋကတ်သုံးပုံဆောင်ရဟန်း) ဘုန်းတော် ကြီးသော မြတ်စွာဘုရား ထိုသို့ဖြစ်ပါလျှင် အရှင်ဘုရား၏ နှမတော်သည် တောင်းဆို အပ်သော ဆုသည်နောင်အခါ၌ ပြည့်စုံပါမည်လော။

(ရှေးဒီပင်္ကရာ မြတ်စွာဘုရား) အို ချစ်သား ရဟန်း သင်သည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်လတ့်၊ ယင်းသို့ သင်ရဟန်း ဘုရားဖြစ်သောအခါတွင်ဤမင်းသမီးသည် ဘုရားဖြစ်ရန်ဗျာဒိတ်ကြားခြင်းခံရပါလိမ့်မည်၊ ချစ်သားရဟန်း ဤမင်းသမီးသည် ဤမုန့်ညင်းဆီ လှူဒါန်းရသောကောင်းမှုကြောင့် မိန်းမဘဝမှ စုတေသောအခါ၌ တုသိတာနတ်ပြည်တွင် နတ်၌ဖြစ်သော ရွှေနန်းပြာသာဒ်ထက်၌ နတ်သားဖြစ်ပါလတ့်၊ ချစ်သားရဟန်း သင်သည် လူ့ဘဝ၌ သက်တန်းရှိသမျှ နေပြီးနောက် ဤလူ့ဘဝမှ စုတေသောအခါ ဈာန်အဘိညာဉ်များနှင့် ပြည့်စုံလျက်ပင် ဗြဟ္မာပြည်၌ဖြစ်လတ့်၊ ယင်းဗြဟ္မာ့ဘုံမှ တဖန်စုတေပြီးနောက် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်နေပြီးလျှင် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးလျက် တုသိတာနတ်ပြည်၌ ဖြစ်လတ့်၊ ချစ်သားရဟန်း သင်သည် တုသိတာနတ်ပြည်မှ တဖန်စုတေ၍ ရမ္မာဝတီပြည်၌ ဒေဝမည်သောမင်းကြီး၏ သုမေဓာမည်သော မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေကိုယ်ဝန်ယူလျက် ၁၀-လ လွန်မြောက်သော အခါ၌ အမိဝမ်းမှ ဖွားမြင်လတ့်၊ ထိုနောက် အနှစ်တသောင်းပတ်လုံး အိမ်ရာတည်ထောင် လူ၏ဘောင်၌နေပြီးလျှင် သူအို သူနာ သူသေ ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်၍ တောထွက်ပြီးနောက် ဆယ်လပတ်လုံး ဒုက္ကရစရိယာ အကျင့် (ကျင့်ရန် ခဲယဉ်းသောအကျင့်) တို့ကို ကျင့်လျက် ဘုရားအဖြစ်သို့ရောက်လတ့်၊ ထိုသို့ သင်သည် ဘုရားဖြစ်သောအခါ၌ ဤမင်းသမီးသည် သင့်ထံတွင် ဗျာဒိတ်ကြားခြင်း ခံရလတ့်ဟု မိန့်ဆိုတော်မူလေ၏။

ဤသို့လျှင် ဤအတိတ်ဝတ္ထုကို ဆောင်တော်မူ၍ ငါတို့ ဂေါတမ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ စုဝေးညီညာ ရောက်လာကြကုန်သော ရဟန်းတို့အား ဆိမီးပူဇော်ခြင်းအကျိုးကို ပြတော်မူလျက်—

၁၄-၂၉။ ဒီပင်္ကရာမြတ်စွာဘုရားသည် ရှေးအခါက ဆီမီးပူဇော် လှူဒါန်းခဲ့သောကြောင့် နောင်အခါ၌ အရားအဖြစ်သို့ ရောက်တော်မူလေ၏၊ ထိုဘုရားရှင်သည် အတောင်ရှစ်ဆယ် အမြင့်ရှိ၍ ကျွန်းပင်ကို အမှိုပြုလျက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏၊ ဆီမီး

ပူဇော်လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ဘုရားရှင်၏ ကိုယ်ရောင် ကိုယ်ဝါသည် ထက်အောက်ဝန်းကျင် တဆယ့်နှစ်ယူဇနာမျှ ပျံ့နှံ့ ထွန်းလင်း၏၊ ထိုဘုရားရှင်၏ အသက်တော်သည် အနှစ်တသောင်း မျှရှည်၍ ထိုအတွင်း၌ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို နိဗ္ဗာန် သောင်သို့ ကယ်တင်တော်မူပြီးနောက် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရွှေဇာတ်တော် သိမ်းခဲ့လေ၏၊ ထို့ကြောင့် ပညာရှိသော အမျိုး ကောင်း သားသမီးတို့သည် ရတနာသုံးပါး၌ ရိုသေသော စိတ် ထားဖြင့် ဆီမီးပူဇော်လှူဒါန်းခြင်းကို ပြုကြကုန်ရာ၏၊ နေ့ညဉ့် မပြတ် ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ ဆီမီးပူဇော်သောသူသည် အသက် ရှည်ခြင်း ဉာဏ်ပညာကြီးခြင်း ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း ဘေးအန္တရာယ် ကင်းရှင်းခြင်း အနာရောဂါ ကင်းရှင်းခြင်း ဥစ္စာ ရွှေငွေ အထွေထွေ ရတနာ ပေါများခြင်း စသောအကျိုးတို့ကို ရရှိနိုင်ပြီးလျှင် အဆုံးစွန်သောဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်ပေ သည်။ ဤသို့လျှင် ဆီမီးပူဇော်လှူဒါန်းခြင်းသည် များစွာသော စည်းစိမ်ချမ်းသာတို့ကို ပေးစွမ်းနိုင်သောကြောင့် ပညာရှိသော အမျိုးကောင်း သားသမီးတို့သည် စည်းစိမ်ချမ်းသာ အပျိုးမျိုး တို့ကို ရရှိခံစားလိုပါလျှင် ဆီမီးပူဇော်လှူဒါန်းခြင်းကို ရိုသေသော စိတ်ထား ကြည်ညိုသော သဒ္ဓါတရားဖြင့် ပြုလုပ်ကြကုန်ရာသတည်း ဟု မိန့်ဆိုတော်မူလေ၏။

ထိုအခါ ရှေး ဒီပင်္ကရာဘုရားရှင်သည် သက်တန်းရှိသမျှ နေတော်မူပြီး နောက် ခန္ဓာကမ္မဇရုပ် အကြွင်းအကျန်မရှိသော ပရိနိဗ္ဗာန်ပြုခြင်းဖြင့် ပရိ နိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ရွှေဇာတ်တော် သိမ်းခဲ့လေ၏၊ မုန့်ညင်းဆီ လှူ ဒါန်းသော ထိုမင်းသမီးသည်လည်း သက်တန်းရှိသမျှနေပြီးနောက် စုတေ သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းလိုရကား-

၃၀-၃၃။ ထိုအခါ ဆီမီးလှူဒါန်းသော ပိဋကတ်သုံးပုံဆောင် ရဟန်း သည် နောင်အခါ၌ ဒီပင်္ကရာဘုရားဖြစ်လာ၏၊ မုန့်ညင်းဆီ လှူဒါန်း

သော မင်းသမီးသည် ငါဘုရားဖြစ်လာ၍ ငါနှင့်အတူ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသော သူတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်လာကြ၏၊ ဤသို့ ဇာတ်တော်ကို ရှိသေစွာ နာယူမှတ်သား ဆောင်ထားကြပါကုန်လော့။

ငါးခုမြောက် ပဒီပဒါနဇာတ်ပြီး၏။

---

# ၆-ဝေလာမဇာတ်

[ အစားအစာ အဝတ်အထည် ရွှေငွေ ရတနာများကိုသာမက အိပ်ရာခင်း, ကချေသည်, မိန်းမ, အရက် စသည် အားလုံးကိုပါ လိုလေသေး မရှိအောင် လှူဒါန်းသော ဝေလာမပဏ္ဏာသဝတ္ထု ]

မြတ်စွာဘုရားသည် ပဏ္ဏိတော ဒေဝ လောကေ စ အစချီသော၍တရားဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ရှေးက ပြုခဲ့သောပါရမီကိုအကြောင်းပြု၍ ဟောတော်မူ၏။ ခွဲ့၍ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ အနာထပိဏ်သူဌေးသည် မိမိ ဆောက်လုပ် လှူဒါန်းခဲ့သော ဇေတဝန်ကျောင်းတော်ကိုအာရုံပြု၍ များစွာ နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်လေ၏။ အနာထပိဏ်သူဌေးသည် ငါးဆဲ့လေးကုဋေ အသပြာငွေတို့ကို မငြွှမဖက် ရက်ရက်ရောရော နှမြောမတွန့်ပေးစွန့်လှူဒါန်းလျက် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်ခဲ့လေ၏။ မိမိဆောက်လုပ် လှူဒါန်းသည့် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရား အထံသို့တနေ့လျှင် သုံးကြိမ်မျှ သွားရောက်လေ့ ရှိလေ၏။ နံနက်စောစော တကြိမ် နံနက်စာစားပြီးချိန်၌တကြိမ် ညနေချမ်းအချိန်၌တကြိမ်အားဖြင့် တနေ့သုံးကြိမ် သွားလေ့ရှိ၏။ ကျောင်းတော်သို့သွားသောအခါ လှူဘွယ်ဝတ္ထုမပါဘဲသွားလျှင် ရဟန်းငယ်ရှင်သာမဏေများက ငါတို့အား ကြည့်ရှုလျက် . ဤကျောင်းတကာသူဌေးကြီးသည် ကျောင်းကို လာရောက်သော

အခါ လက်ချည်းသက်သက်သာလာပေ၏၊အလှူဝတ္ထုများပင်မပါလာပေဟု ကွဲ့ရဲ့ပြစ်တင်ဘွယ်ဖြစ်ပေသည်ဟု ကြံစည်စိတ်ကူးလျက် အနာထပိဏ်သူဌေး ကြီးသည် နံနက်စောစောကျောင်းလာလျှင် ယာဂုဆွမ်းခဲဘာဇဉ် တခုခုကို ယူဆောင်၍လာ၏။

နံနက်စာ စားပြီးချိန်လာလျှင် ထောပတ် ပျားရည် တင်လဲ စသည်ကို ယူဆောင်၍လာ၏။ ညနေချမ်းတွင် ကျောင်းသို့လာလျှင် နံ့သာပန်းစသည် ကိုယူဆောင်၍လာ၏။နေ့စဉ်နေ့တိုင်း အလှူကြီးကိုပေးလှူသောအနာထပိဏ် သူဌေးကြီးမှာ ပစ္စည်းများတနေ့တခြား လျော့ပါးကုန်ခန်းလာ၏။ အချို့သော မြို့သူမြို့သားတို့သည် သူဌေးကြီးထံမှ တဆဲ့ရှစ်ကုဋေမျှသော ရွှေငွေ တို့ကိုချေးယူပြီး ပြန်မဆပ်ကြ၊ ယင်းအပြင် တဆဲ့ရှစ်ကုဋေသော ဥစ္စာ ရွှေငွေတို့ကို သံအိုး ကြေးအိုးကြီးများတွင် သိုခြံ့စွာပိတ်လျက် အစိရဝတီ မြစ်ကမ်းနား၌မြှုပ်နှံထားလေ၏။ ယင်းသို့မြှုပ်နှံထားသော ရွှေအိုး ငွေအိုး ကြီးများသည်လည်း မြစ်ရေများတိုက်ခတ်သဖြင့် မြစ်ထဲသို့ မျောပါသွား ကုန်၏၊သူဌေးကြီးအိမ်၌ နေ့စဉ်သံဃာငါးရာတို့အား ဆွမ်းကျွေးလှူဒါန်း၏၊ သူဌေးကြီး၏အိမ်သည် ရဟန်းသံဃာအဖို့ လမ်းလေးခွ၌တူးထားအပ်သော ရေကန်ကြီးသဖွယ်ဖြစ်၏။ သူဌေးကြီးသည် ရဟန်းတော်များ, သာမဏေ များ, သိက္ခမာန်များတို့အား မိဘသဖွယ် ဆည်းကပ်ကိုးကွယ်၏။ ဘုရား ရှင်နှင့်တကွ ရှစ်ကျိပ်သောသာဝကများ, အခြားရဟန်းသံဃာများ စသည် အားဖြင့် အိမ်သို့ ဝင်ထွက်သွားလာကြသော ရဟန်းသံဃာတို့၏ အရေ အတွက်ကား များပြားလှ၏။ နေ့စဉ်နေ့တိုင်း အလှူအတန်းကိုသာပြုလုပ် လှူဒါန်းသောကြောင့် မရွှေငွေဥစ္စာတို့မှာ အမြတ်အစွန်း အတိုးအပွားမရှိဘဲ တဖြေးဖြေး နည်းနည်းလာသဖြင့် ပစ္စည်းဥစ္စာများကုန်ခန်းခြင်းသို့ရောက်ရှ လေ၏။ ယင်းသို့ ပစ္စည်းဥစ္စာများ တဖြေးဖြေး ကုန်ခန်းလာသောအခါ၌ နေ့စဉ်နေ့ကိုင်း ဆန်ကွဲထမင်းပုန်းရေဟင်းလောက်ကိုသာလှူဒါန်းနိုင်ရှာ၏။

### လှူဘွယ်ဝတ္ထုပစ္စည်းသည် ပဓာနမဟုတ် စေတနာသာ ပဓာန

ထိုအခါ အနာထပိဏ် သူဌေးကြီးသည် ဘုရားရှင်အား ''ဘုန်းတော် ကြီးသော မြတ်စွာဘုရား ဘုရားတပည့်တော်သည် နေ့စဉ်နေ့တိုင်း ဆန်ကွဲ

ထမင်း ပုန်းရေဟင်းကို သာလျှင် ရဟန်းသံဃာတော် များအား လှူဒါန်း ရသည့် အတွက် စိတ်မချမ်းသာလှပါဘုရားဟု လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက “ဒကာတော် သူဌေးကြီး သင်သည် ရဟန်းသံဃာတော် များအား ဆန်ကွဲထမင်း ပုန်းရည်ဟင်း ကိုသာ လှူရသဖြင့် ဘာမျှ စိတ် မချမ်းမသာ မရှိပါလင့်၊ သင်၏ အလှူသည် ကြီးမြတ်သော အကျိုးကို ပေးမည် ဖြစ်ပါ၏၊ အလှူဝတ္ထု မမွန်မြတ်သော်လည်း သဒ္ဓါတရား ထက် သန်ခြင်း ရိုရိုသေသေ လှူခြင်း, မိမိကိုယ်တိုင် လှူဒါန်းခြင်း များကြောင့် ဒကာတော်၏ အလှူသည် ကြီးကျယ်မွန်မြတ်သော အကျိုးကို ပေးမည်သာ ဖြစ်ပါ၏၊ အလှူဝတ္ထု မည်မျှ မွန်မြတ်ကောင်းမွန် စေကာမူ သဒ္ဓါတရား ပြည့်ပြည့်ဝဝဖြင့် လှူဒါန်းမှု မဟုတ်ခြင်း, ရိုရိုသေသေ မပေးလှူခြင်း, ကိုယ် တိုင် ကိုယ်ကျ ပေးလှူမှု မပြုခြင်း ဖြစ်လျှင် အကျိုးကြီးသင့်သလောက် မကြီးပါဟု မိန့်ဆိုတော် မူလေ၏၊ ထိုနောက် ဆက်လက်၍-ဒကာတော် သူဌေးကြီး သင်သည် ဆန်ကွဲထမင်း ပုန်းရည်ဟင်းကို လှူရသည် ဟူ၍ စိတ် မချမ်းမသာ မဖြစ်ပါလင့်၊ ယခု သင်လှူရသော အလှူသည် ဘုရားရှင်နှင့် တကွ အရိယာပုဂ္ဂိုလ်တို့အား လှူရခြင်းဖြစ်၍ မွန်မြတ်လှပါ၏။

ရှေးအခါက ငါဘုရားသည် ဝေလာမပုဏ္ဏား ဖြစ်စဉ်အခါ၌ ဇမ္ဗူဒိပ် တကျွန်းလုံး၌ ရှိသော သူတို့အား အလှူကြီးကို ပေးလှူခဲ့ရာ အလှူခံပုဂ္ဂိုလ် များထဲတွင် သရဏဂုံသုံးပါး တည်သူ, ငါးပါးသီလ လုံခြုံသူ တဦး တယောက်မျှ မပါပါ၊ ယခုအခါ ငါဘုရား၏ သာသနာ၌ မြတ်သော အလှူကို ခံထိုက်သော အရိယာပုဂ္ဂိုလ်တို့အား ပေးလှူရသော သင်၏ အလှူ သည် လှူရခဲသော အလှူ ဖြစ်ပေသည်ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေ တော်မူ၏၊ ထိုအခါ အနာထပိဏ် သူဌေးသည် တောင်းပန်လျှောက်ထား သောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဆောင်တော်မူခြင်း

အနာထပိဏ် သူဌေးကြီး လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်

ပုဏ္ဏား၏ဇနီး ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေကိုယ်ဝန် တည်လေ၏၊ ဆယ်လလွန်မြောက်သောအခါ သန့်ရှင်းစင်ကြယ်သော သားရတနာကို ဖွားမြင်၏၊ ဘုရားလောင်းသည် အစဉ်သဖြင့် ကြီးပြင်းလာသော အခါ ဇာတ်အမျိုးအနွယ် စည်းစိမ်ဥစ္စာ သဒ္ဓါ ပညာ ဝီရိယတို့နှင့် ပြည့်စုံသဖြင့် ဘုရားလောင်း၏ အမည်ကို ဝေလာမဟု အမည်မှည့်ကြ ကုန်၏၊ ဘုရားအလောင်း ဝေလာမပုဏ္ဏားသည် တဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ ဗာရာဏသီမင်း၏ သားတော်နှင့်အတူ တက္ကသိုလ်သို့ ပညာသင် သွားကြလေ၏၊ သူငယ်နှစ်ယောက်တို့သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်ယူကြကုန်၏၊ ယင်း သူငယ်နှစ်ယောက် ကဲ့သို့ပင် ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေကြကုန်သော အခြားမင်းသား လေးသောင်းတို့ သည်လည်း ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ယူလျက် ရှိကြကုန်၏။

ထိုအခါ ဝေလာမပုဏ္ဏားသည် ဆရာကြီးထံ၌ ပညာ သင်ယူရာတွင် လျင်မြန် ကောင်းမွန်စွာ တတ်မြောက်သောကြောင့် ဆရာကြီး၏ လက်ထောက်ဆရာ ဖြစ်လျက် ၄-သောင်း မျှသော ပညာသင် မင်းသားတို့ကို တဆင့် ပညာသင် ပေးရ၏၊ ဝေလာမ ပုဏ္ဏားသည် တဆယ့်ခြောက်နှစ်မျှ အခြားသူများ သင်ယူရသော ပညာကို သုံးနှစ်မျှဖြင့် သင်ကြားတတ်မြောက်လေ၏၊ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည် ''ယခုအခါ ငါ၏ တပည့် ဝေလာမ ပုဏ္ဏားသည် ငါ၏ အတတ်ပညာ အားလုံးကို သင်ကြား တတ်မြောက်ပေပြီ''ဟု သိသဖြင့် အခြားပညာသင် မင်းသားတို့အား ''အို ပညာသင် မင်းသားတို့ ငါ၏တပည့် ဝေလာမ ပုဏ္ဏားသည် အတတ်ပညာ အားလုံးကို သင်ကြားတတ်မြောက် ကျွမ်းကျင်ပြီ၊ သင်တို့သည် ငါ၏ တပည့် ဝေလာမပုဏ္ဏား အထံ၌ ပညာကို သင်ယူကြကုန်လော့''ဟု လေးသောင်း မျှလောက်ကုန်သော ပညာသင် မင်းသားတို့ကို ဘုရားလောင်း ဝေလာမအား အပ်နှင်းလေ၏။

ထိုအခါ ဘုရားအလောင်း ဝေလာမ ပုဏ္ဏားသည် ဒိသာပါမောက္ခ ဆရာကြီးအား ရှိခိုးလျက် လေးသောင်းသော ပညာသင် တပည့်များခြံရံ၍ တက္ကသိုလ်ပြည်မှ ထွက်ခွါလာလေရာ အနီးအနားရှိ မြို့ တမြို့သို့

ရောက်၍ ယင်းမြို့ရှိ မြို့ပိုင်မင်းသားအား အတတ်ပညာများကို သင်ပေးပြီးလျှင် ဆုံးမစကား ပြောကြား လိုရကား—

၁။ အို မင်းသား ပညာရှိသော သူသည် လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာသုခကို အလိုရှိပါလျှင် ကံ ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် အလှူခံပုဂ္ဂိုလ် တို့အား ရွှေငွေ ဆန်စပါး ပစ္စည်းများကို လှူဒါန်း ပေးကမ်းရာ၏ဟု ဆုံးမစကား ပြောကြားလေ၏။

ယင်းသို့ ဆုံးမစကား ပြောကြားပြီး နောက် ဆက်လက် ထွက်ခွါသော အခါ ဗာရာဏသီမြို့သို့ ရောက်လေ၏၊ ယင်းမြို့၌ ဗာရာဏသီ မင်းသားနှင့် စကားပြောလိုရကား—

၂။ အို မင်းသား ငါသည် ရှေးအခါက အလှူဒါန ပြုခဲ့သောကြောင့် ယခုအခါ အစစတွင် ကုံလုံကြွယ်ဝ ပြည့်စုံရ သကဲ့သို့ ထို့အတူ သင်သည်လည်း ကုသိုလ်တရားတို့၌ မမေ့မလျော့ဘဲ တတ်အားသမျှ အလှူဒါနကို ပေးလှူပါလော့ ဟု ပြောဆိုလေ၏။

ဆရာပုဏ္ဏား စကားကို ကြားသောအခါ ဗာရာဏသီ မင်းသားသည် မိမိဆရာ ဘုရားလောင်း ဝေလာမပုဏ္ဏားနှင့် စကားပြောလိုသောကြောင့်—

၃။ လေးစားအပ် ပါသော ဆရာပုဏ္ဏား သင်သည် ကျွန်ုပ်၏ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို ပြုလုပ် ဆောင်ရွက်ရန် ကျွန်ုပ်အား စွန့်ခွါ မသွားပါလင့်၊ ကျွန်ုပ်၏ထံသို့ ရောက်လာသော သင်သည် ကျွန်ုပ်ကို အစဉ်သဖြင့် စောင့်ရှောက်ပါလော့ဟု ပြောဆို တိုက်တွန်းလေ၏။

ထိုနောက် ဗာရာဏသီမင်းသားအား ဗြဟ္မဒတ်မင်းကြီး၏ အထံ၌ အိမ်ရှေ့မင်း အရာကို ရပြီးလျှင် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသောအခါ၌ မှူးမတ်အများ လူအများတို့က ဗာရာဏသီမင်းသားအား မင်းအဖြစ် တင်မြှောက်ကြကုန်၏။ ထိုအခါ ဗာရာဏသီမင်းသားသည် မိမိ၏ဆရာ ပုဏ္ဏားအား ပုရောဟိတ်ပညာရှိ ပုဏ္ဏားကြီးအရာ၌ထား၍ ချီးမြှောက်လေ၏၊ ထိုအချိန်၌

လေးသောင်းကုန်သော မင်းသားတို့သည်လည်း မိမိတို့နိုင်ငံအသီးသီး၌ မင်းအဖြစ်ကို ရကြ၍ နှစ်စဉ်နှစ်တိုင်း ဗာရာဏသီမင်းထံ ချဉ်းကပ် လာရောက်ကြသောအခါ မိမိတို့ဆရာ ပုရောဟိတ်ပုဏ္ဏားအား တွေ့မြင်ကြရသဖြင့် ဆရာပုဏ္ဏားအား လာရောက် ပူဇော် သက္ကာရများကို ပြုကြလျက်-

၄။ လေးစားအပ်သော ဆရာပုဏ္ဏား ဆရာ၌ လိုအပ်သမျှ ကိစ္စအဝဝကို ကျွန်ုပ်တို့အား မိန့်ကြားတော်မူပါ၊ ကျွန်ုပ်တို့သည် ဆရာပုဏ္ဏား လိုအပ်သမျှ အဝဝကို လှူဒါန်းပေးကမ်း ကူညီကြပါကုန်အံ့ ဟု ဖိတ်ကြားပြောဆိုကြကုန်၏။

ယင်းသို့ ဖိတ်ကြားပြောဆိုကြပြီးနောက် ဘုရားလောင်း ပုဏ္ဏား၏ တပည့်မင်းသားတို့သည် မိမိတို့ မြို့အသီးသီးသို့ ရောက်ကြသောအခါ ဤသို့ တိုင်ပင်ကြကုန်၏။

၅-၆။ အိုမိတ်ဆွေမင်းများတို့ ငါတို့သည် ငါတို့ဆရာပုဏ္ဏားအားပစ်ခွါ မထားကြဘဲ ဆရာ၏ ကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့်၎င်း, ဥစ္စာရွှေငွေ ဆန်ရေစပါး စသည်များကို ပေးကမ်းခြင်းဖြင့်၎င်း, ဆရာအား နှစ်စဉ်နှစ်တိုင်း ပူဇော်သက္ကာရကို ပြုလုပ်ကြပါကုန်အံ့။

ယင်းသို့ တိုင်ပင်ဆွေးနွေးကြပြီးလျှင် မင်းသားတို့သည် မိမိတို့ မြို့အသီးသီးသို့ ထွက်ခွါကြကုန်၏၊ ယင်းသို့အားဖြင့် နှစ်စဉ်နှစ်တိုင်း ဘုရားလောင်း ဝေလာမ ပုရောဟိတ်ပုဏ္ဏားအား တိုင်းပြည်အသီးသီး၌ တပည့်မင်းများက လာရောက်ပူဇော်ကြသောအခါ ဗာရာဏသီပြည်ရှိ ကျွဲနွား ကြက် ဝက်တို့ များစွာ သေကြေ ပျက်စီးကြကုန်၏၊ ရွာသိမ်ရွာငယ်တို့သည်လည်း လူပေါင်းများစွာတို့ ဝင်ထွက်သွားလာကြသဖြင့် ဘေးဥပဒ် အန္တရာယ်တို့ ပေါများကုန်၏။ ထိုအခါ လူအပေါင်းတို့သည် စုဝေးကြကုန်လျက် မင်းယင်ပြင်၌ ငိုကြွေးမြည်တမ်းကြကုန်ပြီးလျှင်-

၇။ မြတ်သောမင်းကြီး နှစ်စဉ်နှစ်တိုင်း တိုင်းတပါးမှ လာရောက်ကြကုန်သော မင်းသားများ၏ ပရိသတ်တို့သည် ကျွန်ုပ်တို့၏ တိုင်း

နိုင်ငံ၌ ဖျက်ဆီးနှိပ်စက် ညှဉ်းပန်းကြသောကြောင့် ကျွန်ုပ်တို့မှာ ချမ်းသာသုခ မရကြပါ၊ အမြဲ စိတ်ဆင်းရဲကြရပါကုန်၏၊ ထို မင်းသားများ မလာရောက်စေရန် တစုံတခုကို ပြုလုပ်စီမံ ပေးတော်မူပါဟု ဝိုင်းဝန်း ဆန္ဒပြု ပြောဆိုကြကုန်၏။

တိုင်းသူပြည်သား လူအများတို့ ဝိုင်းဝန်းဆန္ဒပြုပြောဆိုကြသော စကားကို ကြားသိရသဖြင့် ဗာရာဏသီမင်းသည် မိမိ၏ ပုရောဟိတ်ဖြစ်သော ဘုရားလောင်း ဝေလာမပုဏ္ဏားကိုခေါ်၍ "အို ကျေးဇူးရှင် ဆရာကြီး တိုင်းတပါးမှ လာရောက်ကြသော မင်းသားများ၏ ပရိသတ်တို့သည် နှိပ်စက်ဖျက်ဆီးသောကြောင့် ရွာနိဂုံး ဇနပုဒ်များမှာ ဘေးရန်အန္တရာယ်တို့ ပေါများနေပါ၏ ထိုမင်းများ လာကြသောအခါ မင်း၏အခြွေအရံယောကျ်ားပရိသတ်များတို့သည် ရွာသူရွာသားတို့ကို နှောက်ယှက်ဖျက်ဆီး နှိပ်စက်ညှဉ်းပန်းခြင်းကို ပြုကြကုန်၏၊ ယင်းသို့ နှိပ်စက်ညှဉ်းပန်းသောကြောင့် ရွာသူရွာသားတို့မှာ အကြီးအကျယ် မခံမရပ်နိုင်အောင် ရှိနေကြပါကုန်၏၊ ထို့ကြောင့် သင်ပုရောဟိတ် ပုဏ္ဏားကြီးသည် ရွာသူရွာသားများ နှိပ်စက် ခံရခြင်းဘေးမှ ကင်းငြိမ်းအောင် ချမ်းသာရာ ချမ်းသာကြောင်း နည်းလမ်းများကို ရှာကြံစဉ်းစားပါလော့"ဟု ပြောဆိုလေ၏၊ ဗာရာဏသီမင်း၏စကားကို ကြားသောအခါ ဘုရားအလောင်း ဝေလာမပုရောဟိတ်ပုဏ္ဏားသည် ကောင်းပါပြီ အရှင်မင်းမြတ် ကျွန်ုပ်သည် တိုင်းသူပြည်သားတို့ နှိပ်စက်ညှဉ်းပန်းခံရခြင်းဘေးမှ ကင်းငြိမ်းအောင် အကြောင်းဥပါယ်ကို ပြုလုပ်ပါအံ့၊ အရှင်မင်းမြတ်သည် အရှင်မင်းမြတ်၏ စိတ်ဆန္ဒအတိုင်း တိုင်းပြည်မြို့ရွာ ဇနပုဒ်များကို ပိုင်းခြားသတ်မှတ်ပါလော့ဟု လျှောက်တင်လေ၏။

## ပညာရှိအကြံ သတ္တဝါများ ချမ်းသာရန်

ဗာရာဏသီမင်းသည် ပုရောဟိတ်ပုဏ္ဏာကြီး လျှောက်ထားသည့်အတိုင်း ပြုလုပ်ပိုင်းခြား သတ်မှတ်လေ၏၊ ထိုနောက် ပုရောဟိတ်ပုဏ္ဏားသည် လေးသောင်းသော မင်းတို့ကို တိုင်းပြည်မြို့ရွာ ဇနပုဒ်များကို သွားလာလှည့်လည်သောအခါ အချင်းချင်း မရောယှက်စေရန်အတွက် ကျောက်တိုင်များ

ကို စိုက်ထူစေ၏၊ ထိုအခါမှစ၍ လေးသောင်းသော မင်းတို့သည် ဗာရာဏသီပြည်သို့ လာကြသောအခါ မိမိတို့အတွက် သတ်မှတ်ထားသောနေရာအတွင်း၌သာ လှည့်လည်ကြပြီး အခြားမင်းများ၏ ဇနပုဒ် မြို့ရွာများသို့ ဝင်ရောက်လုယက် ဖျက်ဆီးခြင်းကို မပြုကြတော့ကုန်၊ ထိုအခါကျမှ ဗာရာဏသီပြည်သူပြည်သားများနှင့်တကွ လေးသောင်းသော မင်းတို့သည်လည်း နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ကြကုန်၏၊ ကျောက်တိုင်များ စိုက်ထူ၍ နယ်များကို သတ်မှတ်လိုက်သောအခါ လေးသောင်းသောမင်းတို့ မှာလည်း နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကြကုန်ပြီ၊ အချင်းချင်းသင့်တင့် ညီညွတ်ကြကာ—

၁။ အို မင်းများတို့ ရှေးအခါက လေးသောင်းသော မင်းများ၏ ပရိသတ်တို့သွားလာလှုပ်ရှား ရောထွေးနေကြခြင်းကြောင့် ငါတို့သည် များစွာ နားမချမ်းသာ ဖြစ်ကြရကုန်၏၊ ယခုမူကား ဤပညာရှိ ပုရောဟိတ် ပုဏ္ဏားကြီး၏ စီမံပေးမှုကြောင့် နားချမ်းသာကြရကုန်၏၊ ဤငါတို့ဆရာ ပုရောဟိတ်သည်ကား ပူဇော်ထိုက်, ကိုးကွယ်ဆည်းကပ် ထိုက်သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါပေ၏ဟု ပြောဆိုကြကုန်၏။

ထိုနောက် လေးသောင်းသော မင်းတို့သည် မိမိတို့ နိုင်ငံအသီးသီး၌ မင်းစည်းစိမ်တို့ကို ချမ်းသာစွာ ခံစားကြကုန်၏၊ ဘုရားလောင်း ပုဏ္ဏားသည်လည်း မိမိ၏ နန်းတော်၌ ပုရောဟိတ်၏ စည်းစိမ်ချမ်းသာကို ခံစားလေ၏။

## ဝေလာမပုဏ္ဏားကြီး အလှူပေးခြင်း

တနေ့သ၌ ဘုရားလောင်းသည် ဦးခေါင်းနှင့် တကွ ရေချိုးပြီးလျှင် နန်းတော်တွင်း၌ နေလျက် မိမိ၏ရတနာခုနစ်ပါး ထည့်ထားရာ ရတနာတိုက်ကို ဖွင့်စေ၍ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်မှ စုဆောင်းသိမ်းဆည်းထားသော ဥစ္စာအစုအပုံများကို ကြည့်လျက် "ဤပစ္စည်းများသည် ငါသေသောအခါ၌ ငါ၏နောက်သို့ ပါကြမည်မဟုတ်ပေ"ဟု သဘောပေါက်

လျက် ငါသည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေကြကုန်သော လူအပေါင်းတို့အား အလှူကြီးကိုပေးလှူအံ့ဟု ကြံလျက် ဗာရာဏသီမင်းအားထိုအကြောင်းကိုပြောကြားလေ၏၊ ထိုနောက် ဂင်္ဂါမြစ်ကမ်းအနီး တဆယ့်နှစ် ယူဇနာရှိသောအရပ်၌ ထောပတ် ပျား တင်လဲ ဆီဆန်စသည်တို့ကို ထားရန် ဂိုဒေါင်များကို ဆောက်လုပ်စေလျက် အလှူဇရပ်တို့ကိုလည်း ပြုလုပ်စေပြီးလျှင် မိမိ၏တပည့်လက်သားတို့အား "အမောင် တပည့်တို့ ငါ၏အလှူဇရပ်တို့၌ အလုံးစုံသော လူအပေါင်းတို့အား အလှူကြီးကိုပေးရန် သင်တို့သည် စီမံကြကုန်လော့၊ ငါ၏အလှူ၌ လိုသောအရာ ဟူသမျှကိုလည်း ငါ့အားပြောကြားကြကုန်လော့"ဟု မှာကြားထားလေ၏၊ ထိုနောက် ဘုရားလောင်း ဝေလာမပုဏ္ဏားသည် "အိုမြို့သူမြို့သား လူများအပေါင်းတို့ ဤနေ့မှစ၍ ဤဗာရာဏသီမြို့၌ နေကြကုန်သော သူတို့သည်၎င်း, အခြားမြို့ရွာဇနပုဒ်၌ နေကြကုန်သော လူအများတို့သည်၎င်း ဝေလာမပုဏ္ဏား၏အလှူကို လာရောက်အလှူခံ၍ လိုအပ်သော အစားအစာ အရာဝတ္ထုအစစုတို့ကို အလှူခံကြ သုံးဆောင်ကြပါကုန်လော့"ဟု တမြို့လုံး၌ မောင်းကြေးနှင်း ခတ်၍ ကြေငြာ စေလေ၏၊ အလှူပေးရန် စီမံဆောင်ရွက်ကြသော သူတို့သည် အစစအရာရာ လိုအပ်သည်မရှိ အလုံးစုံ စီမံဆောင်ရွက်ကြပြီးနောက် ဘုရားလောင်း ဝေလာမ ပုဏ္ဏားအား အကြောင်းကြားကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် အဖိုးတထောင်တန်သော အဝတ်ကို ဝတ်၍ ငါးရာတန်သောအဝတ်ကိုပခုံး၌တင်ပြီးလျှင် ဝတ်စားတန်ဆာများဆင်ယင်လျက် အလှူမဏ္ဍပ်စရပ်များသို့သွား၍ ယာဂုအချိန်ယာဂု, ခဲဘွယ်အချိန်ခဲဘွယ်, ဘောဇဉ်အချိန်ဘောဇဉ်တို့ကို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းလေ၏။ ဤနည်းအားဖြင့် ဘုရားလောင်းသည် နေ့စဉ်နေ့တိုင်းအလှူကြီးကို ပေးလှူလေ၏။ ဘုရားလောင်း၏အလှူ၌ မပါဝင်မပြည့်စုံသောလှူဘွယ်ဝတ္ထုဟူ၍မရှိစေရဘဲ အားလုံးစုံလင်ပြည့်ဝစွာ စီမံထားလေ၏။ ဘုရားလောင်းသည် ဤမျှလှူဒါန်းရခြင်းဖြင့် အားမရသေးဘဲ ရွှေငွေရတနာတို့ကို ဘဏ္ဍာတိုက်မှထုတ်၍ ရွှေခွက် လေးသောင်းတို့ကို ပြုလုပ်လှူဒါန်းရန် စိတ်အကြံဖြစ်လာလေ၏။ ထို့နောက် မိမိ၏တပည့် မင်းသားလေးသောင်းတို့ထံ

ရွှေခွက်များပြုလုပ်ပေးပို့ကြရန် အကြောင်းကြားလိုက်ရာ တပည့်မင်းသား တို့သည် ဘုရားလောင်းပုဏ္ဏားအလိုရှိသော ရတနာရွှေခွက်များကို ပြုလုပ်၍ အသီးသီးပို့ကြကုန်၏။ ယင်းသို့နေ့စဉ်မပြတ်ပေးလှူသော ဘုရားလောင်း၏ အလှူကြီးသည် ခုနစ်နှစ် ခုနစ်လ ကျော်လာခဲ့ပြီဖြစ်၏။ ထိုနောက် ဘုရား လောင်းသည်—

၉-၁၀။ အကြင်သူတို့သည် အစားအစာ ရွှေငွေစပါး အသုံးအဆောင် များနှင့် အဝတ်တန်ဆာရတနာတို့ကို အလိုရှိ၍ တောင်းဆိုအလှူခံ ကုန်၏။ ထိုသူတို့အား ယင်းတို့လိုအပ်သမျှကိုပေးလှူပါအံ့၊ ဤနည်း အားဖြင့် ငါသည် ထမင်း အဖျော် ဥစ္စာရွှေငွေ အထွေထွေနှင့် အဝတ်တန်ဆာ ရတနာတို့ကိုပေးလှူခြင်းဖြင့် အလှူခံများကိုကျေနပ် နှစ်သက် တင်းတိမ်ရောင့်ရဲစေပါအံ့—ဟုဆိုလေ၏။

ယင်းသို့ဆိုပြီးနောက် ဘုရားလောင်းသည် ၁-ရတနာတို့ဖြင့် အပြည့် ထည့်ထားသောလေးသောင်းသော ရွှေခွက်များကိုဎင်း၊ ၂ ရွှေများအပြည့် ထည့်ထားသောလေးသောင်းသောငွေခွက်များကိုဎင်း၊ ၃-ရတနာခုနစ်မျိုး အပြည့်ထည့်ထားသော လေးသောင်းသောကြေးခွက်များကိုဎင်း၊ ရွှေငွေ ရတနာတို့ ထည့်ထားသော ခွက်ကြီးခွက်ငယ် အမျိုးမျိုးတို့ကိုဎင်း ဇမ္ဗူဒိပ် တကျွန်းလုံး၌ ရှိကုန်သော လူတို့အား လှူဒါန်းလေ၏၊ ထိုမျှသာ မကသေး တကောပမာဏမျှရှိသော မြေအပြင်၌ ရတနာအမျိုးမျိုး၌ အပြည့်ထည့်ထား သော ရွှေအိုးကြီးသုံးလုံးကို ထား၏၊ ယင်းရွှေအိုးကြီးတို့ကား ရွှေခွက် တခုတခု၏ ထိပ်ဖျား အဖုံးအငုံသည် ကိုးတောင်အမြင့်ရှိ၍ ရွှေခွက်၏ လည်ပင်းအရေးသည် ရှစ်တောင်အကျယ်ရှိ၏၊ ရွှေခွက်၏အလယ်၌ မြင်း လှည်းတစည်း လှည့်လည်သွားလာနိုင်၏၊ ယင်းရွှေခွက်ကြီးများ၌ ရွှေငွေ ရတနာ ခုနစ်မျိုးတို့ကို အပြည့်ထည့်ထားပြီးလျှင် လာသမျှလူတို့အား လှူ ဒါန်းလေ၏၊ ယင်းသို့ပေးလှူပြီးနောက် ဘုရားလောင်းသည် လွန်စွာ နှစ်သက် ဝမ်းမြောက်ခြင်းရှိ၍ အလှူကို အနုမောဒနာ ပြုလိုရကား—

၁၁-၁၃။ ဤနေရာသို့ ကြွရောက်လာကြကုန်သော အလှူခံအပေါင်းတို့ မယုတ်မလျော့ လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ပေးလှူခဲ့သော ကျွန်ုပ်

၏ အလှူကို သင်တို့သည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါကုန်လော့၊ ကျွန်ုပ်သည် ဤသို့ လှူဒါန်းပေးကမ်းရသော ကုသိုလ်ကောင်းမှုကြောင့် နောင်အခါ၌ ဘုရားစင်စစ် ဧကန် ဖြစ်ရပါလို၏ ဟု ဆိုလေ၏။

## အလှူခံထည်းတွင် သီလရှိသူ တယောက်မျှမရှိ

ထိုနောက် လေးသောင်းသောမင်းတို့အား ရွှေကွန်ယက် ရွှေတန်ဆာတို့ဖြင့် ဆင်ယင်ထားသော လေးသောင်းသောဆင်တို့ကိုရင်း, အမတ် လေးသောင်းတို့အား ရွှေအဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော မြင်း လေးသောင်းတို့ကိုရင်း, သူဌေးလေးသောင်းတို့အား ခြသေ့ရေ စသည်ဖြင့် ဆန်းကြယ်စွာ ပြုလုပ်ထားသော, ရွှေဖြင့်ပြုလုပ်ထားသော ပန်းတံခွန်တို့ဖြင့် ဆင်ယင်ထားသော လှည်းရထား လေးသောင်းတို့ကိုရင်း, လေးသောင်းသော သူကြွယ်တို့အား ရွှေငွေဖြင့်ပြီးသော နို့ညှစ်ခွက်များနှင့်တကွ နို့စားနွားမ လေးသောင်းတို့ကိုရင်း, ရှာသူကြီးလေးသောင်းတို့အား ဦးချိုတို့၌ ရွှေအဖုံး, လည်ပင်း၌ ရွှေခြူဆွဲလဲ ရွှေပန်းဆိုင်, ကျောကုန်း၌ ကောင်းမွန်သော အဝတ်များ ဝတ်ရုံထားသော ခြေလေးဘက်တို့၌ တန်ဆာအမျိုးမျိုးတို့ဖြင့် ဆင်ယင်ထားသော နွားလေးသောင်းတို့ကိုရင်း မြို့သူမြို့သားတို့အား လည်း လည်ဆွဲ ပတ္တမြား နားတောင်းများ ဆင်ယင်ထားသော လေးသောင်းသော အပျိုကညာတို့ကိုရင်း, မြို့သူမြို့သားတို့အား ရွှေချည်ငွေချည်များဖြင့် ပြုလုပ်ထားသော အခင်းအမျိုးမျိုး ကော်ဇောအမျိုးမျိုးစသော အခင်းလေးသောင်းတို့ကိုရင်း, အဝတ်အထည်အမျိုးမျိုး လေးသောင်းတို့ကိုရင်း, ပေးလှူလေ၏ ထိုမျှသာမက ကာမမှုအတွက် အလိုပြည့်ကြစေရန် မိန်းမအလှူ, နွားမတို့အလယ်၌ ထယ်ဝါခန့်ညားသော နွားလား နွားသိုးကြီးများကို ပေးလှူခြင်း, ဇာတ် ရုပ်သေး အငြိမ့်စသော ကခြေသည်သဘင်အလှူ, သေရည်သေရက်စသော ယစ်မျိုးအလှူတို့ကိုလည်း ပေးလှူလေ၏၊ ယင်းအလှူလေးမျိုးကား အကျိုးများစွာ မရသော်လည်း အလှူလှူရာ၌ လိုအပ်သည်ဟူ၍ မရှိအောင် လှူခြင်းဖြစ်၏၊ ဤသို့လျှင် ဝေလာမ ပုဏ္ဏားဖြစ်စဉ်အခါ၌ ဘုရားလောင်းသည် လူအပေါင်းအား အလှူကြီးကို

ပေးလှူခဲ့ရာ အလှူခံပုဂ္ဂိုလ်တို့တွင် သီလရှိသူ တဦးတယောက်မျှ မရှိဘဲလျက် ပင် ယင်းသို့သော အလှူကြီးကို ပေးလှူခြင်းဖြင့် အလွန်တရာ ဝမ်းမြောက် ဝမ်းသာဖြစ်လျက် ဥဒါန်းစကား ကျူးရင့်လိုရကား—

၁၄-၂၆။ စွန့်လွှတ်ပစ်ချအပ်သော လက်သည်း ခြေသည်းတို့သည် မြေ၌ မှချကျသကဲ့သို့ရင်း, ကွမ်းသီးပင်မှ ကွမ်းသီးသည် မြေ၌ ကျရသကဲ့သို့ရင်း, သစ်ပင်မှ သစ်ရွက်တို့သည် မြေ၌ကျရသကဲ့သို့ ရင်း, ငါ၏အလှူသည်လည်း မချွတ်မလွဲ အမြဲတန်း ချမ်းသာသုခ အကျိုးကို ပေးမည်သာဖြစ်၏၊ ငါ၏အလှူသည် အစိုးရခြင်း, စည်းစိမ်ဥစ္စာများခြင်း အခြံအရံများခြင်း, အသက်ရှည်ခြင်း, စသော အကျိုးတို့ကို ပေးစွမ်းနိုင်မည်ဖြစ်၏၊ ငါ၏အလှူကို သင်တို့ သည် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါကုန်လော့၊ ငါ၏အလှူသည် မည်သည့်အခါမျှ မကုန်ခန်းနိုင်သော မပျောက် ပျက်နိုင်သောမြစ်ကြီးသဖွယ် ဖြစ်ပါ၏၊ ငါ၏အလှူသည် မပျောက် မကွယ် မပျက်မစီးနိုင်သော ထာဝရဥစ္စာ ဖြစ်ပါ၏၊ ငါ၏ အလှူ ဒါနအကျိုးကို ရန်သူသည်ရင်း, မီးသည်ရင်း, ရေသည်ရင်း ဖျက် ဆီးနိုင်ပါ မိုးရေတို့ဖြင့်ပြည့်သော သမုဒ္ဒရာရေသည် မကုန်ခန်းနိုင် သကဲ့သို့ ငါ၏အလှူဒါနအကျိုးသည် မကုန်ခန်းနိုင်သော အကျိုး ရှိပါ၏၊ ငါသည် နောင်အခါ၌ ထမင်းအဖျော် စသည်တို့ကို ချမ်း သာ လွယ်ကူစွာ ရရှိပါလတ့်၊ ဤကောင်းမှုကြောင့် ငါသည် နောင် အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏ ဟု ဥဒါန်း ကျူးရင့် လျက် ဆုတောင်းပတ္ထနာ ပြုလေ၏။

ယင်းသို့လျှင် ဘုရားလောင်း ဝေလာမ ပုဏ္ဏားသည် နေ့စဉ်နေ့တိုင်း လူအပေါင်းတို့အား အလှူကြီးကို ပေးလျက် ဗာရာဏသီမင်း၏ ပုရော ဟိတ်အဖြစ်ဖြင့် စည်းစိမ်ဥစ္စာများကို ခံစား၍နေပြီးလျှင် လူအပေါင်းအား ဆုံးမဩဝါဒ ပေးလိုရကား—

၂၇ ၃၀။ အို လူများအပေါင်းတို့ ငါသည် ရှေးအခါက အလှူဒါနကို ပြုခဲ့သောကြောင့် ယခုအခါ ရွှေငွေဥစ္စာ ရတနာတို့နှင့် ပြည့်စုံ

ကြွယ်ဝသကဲ့သို့ ထို့အတူ သင်တို့သည်လည်း ငါကဲ့သို့ စည်းစိမ် ချမ်းသာကြွယ်ဝစေရန် မမေ့မလျော့ဘဲ ကုသိုလ်ကောင်းမှုတို့ကိုပြု ကြကုန်လော့၊ ယခုအခါ ငါသည် ကံ၏အကျိုးကို ယုံကြည်ခြင်း သီလကို စောင့်ထိန်းခြင်းတို့နှင့် ပြည့်စုံသကဲ့သို့ ထို့အတူ သင်တို့ သည်လည်း သဒ္ဓါသီလတို့နှင့် ပြည့်စုံကြပါကုန်လော့။

(၃၁-မှ ၃၇-ထိ ဂါထာများသည် ၁- အရိယဆတ္တဇာတ် ၂၉-မှ ၃၄- ဂါထာများနှင့် လုံးဝတူ၏။)ဟု လူအများအား ဆုံးမဩဝါဒပေးလေ၏။

ဤသို့လျှင် ဘုရားလောင်း၏ ဆုံးမဩဝါဒစကားကို ကြားနာရသော ကြောင့် နှစ်သက်ဝမ်းမြောက်သော စိတ်နှလုံးရှိကြကုန်လျက် "အို လူအများ အပေါင်းတို့ ငါတို့သည် ဤနေ့မှစ၍ဘုရားလောင်း၏ ဆုံးမဩဝါဒအတိုင်း လိုက်နာ ကြကုန်လျက် အလှူကောင်းမှုတို့ကို ပြုကြကုန်အံ့"ဟု တိုင်ပင် ကြကာ—

၃၉-၄၀။ အို လူများအပေါင်းတို့ ငါတို့သည် ဆရာပုရောဟိတ် ပဏ္ဏား၏ လုပ်ငန်း ကိစ္စအဝဝတို့၌ အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက် ကြပါကုန်အံ့၊ ဆရာ၏ကိစ္စအဝဝကို ပြုလုပ်ပေးခြင်းအားဖြင့် ငါတို့ သည် ချမ်းသာအမျိုးမျိုးကို ရရှိခံစားကြပါကုန်လတံ့ဟု ပြောဆို ကြကုန်၏။

ဤသို့လျှင် ဘုရားလောင်း၏ ဆုံးမဩဝါဒအတိုင်း လိုက်နာကြကုန် လျက် ဒါနစသောကောင်းမှု ကုသိုလ်တို့ကို ပြုကြကုန်သော လူအပေါင်းတို့ သည် အသက်တန်းအတိုင်း နေကြပြီးနောက် ကွယ်လွန်သောအခါ နတ်ပြည် တို့၌ အသီးသီး ဖြစ်ကြကုန်၏၊ ဘုရားလောင်း ဝေလာမပုဏ္ဏားသည်လည်း ဗာရာဏသီပြည်၌ ပုရောဟိတ်အဖြစ်ဖြင့် စည်းစိမ်ချမ်းသာများကို ခံစား လျက် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးနောက် အသက်တန်း အတိုင်းနေ၍ ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်လေ၏၊ ဤသို့လျှင် မြတ် စွာဘုရားသည် အနာထပိဏ်သူဌေးအား ဝေလာမ ဇာတ်ကို ဟောတော် မူလျက် "ဒကာတော်သူဌေးကြီး ငါဘုရားသည် ဝေလာမပုဏ္ဏား ဖြစ်စဉ်က

သီလ ရှိသော အလှူခံထိုက်သူများ မဟုတ်ဘဲလျက် များစွာသောလူ အပေါင်းအား အလှူကြီးကို ပေးလှူခဲ့သေး၏၊ သင်သည်ကား ယခုအခါ ငါဘုရား၏ သာသနာတော်၌ မြတ်သောအလှူကို ခံထိုက်သော အရိယာ သာဝကတို့အား လှူဒါန်းခြင်းဖြစ်သောကြောင့် သင်ဒကာတော်သူဌေး၏ အလှူသည် အလှူဝတ္ထု မမွန်မြတ်သော်လည်း ကြီးကျယ်သော အကျိုးကို ပေးမည်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ဒကာတော်သူဌေးသည် မည်သို့မျှ တွေးတောကြံဆပြီး စိတ်မချမ်းမသာ မဖြစ်လေလင့်ဟု အနာထပိဏ် သူဌေးအား တရားဓမ္မ ဟောကြားပြီးနောက် ဆက်လက်၍--

**တဆင့်ထက် တဆင့် မြင့်မြတ်သော ကုသိုလ်များ**

၁။ လောကီလူအပေါင်းအား ခုနစ်နှစ် ခုနစ်လမျှ ဥစ္စာရွှေငွေအထွေ ထွေကို ပေးလှူရသော အလှူဒါနထက် သောတာပန် ပုဂ္ဂိုလ်အား လှူရသော အလှူသည် သာ၍ အကျိုးကြီးမြတ်၏။

၂။ သောတာပန်ပုဂ္ဂိုလ်အား လှူရသောအလှူထက် သကဒါဂါမိပုဂ္ဂိုလ် အား လှူရသော အလှူသည် သာ၍အကျိုးကြီးမြတ်၏။

၃။ သကဒါဂါမိ ပုဂ္ဂိုလ်အား လှူရသောအလှူထက် အနာဂါမိပုဂ္ဂိုလ် အား လှူရသောအလှူသည် သာ၍အကျိုးကြီးမြတ်၏။

၄။ အနာဂါမိပုဂ္ဂိုလ်အား လှူရသောအလှူထက် ရဟန္တာ ပုဂ္ဂိုလ်အား လှူရသောအလှူသည် သာ၍အကျိုးကြီးမြတ်၏။

၅။ ရဟန္တာပုဂ္ဂိုလ်အား လှူရသောအလှူထက် ပစ္စေကဗုဒ္ဓါအား လှူရ သောအလှူသည် သာ၍အကျိုးကြီးမြတ်၏။

၆။ ပစ္စေကဗုဒ္ဓါအား လှူရသောအလှူထက် မြတ်စွာဘုရားအား လှူရ သောအလှူသည် သာ၍အကျိုး ကြီးမြတ်၏။

၇။ မြတ်စွာဘုရား တပါးတည်းအား လှူရသောအလှူထက် ဘုရားအမှူး ရှိသော ရဟန်းအပေါင်းအား လှူရသောအလှူသည် သာ၍အကျိုး ကြီးမြတ်၏။

၈။ မြတ်စွာဘုရားအား ကျောင်းကို လှူဒါန်းရသောအလှူထက် အရပ်လေးမျက်နှာ၌ရှိသော သံဃာများအတွက်လှူဒါန်းသော သံဃိကကျောင်းအလှူသည် သာ၍အကျိုးကြီးမြတ်၏။

၉။ သံဃိက အလှူဒါန ပြုခြင်းထက် ဘုရားတရားသံဃာ ရတနာသုံးပါးအား ကိုးကွယ် ဆည်းကပ်ခြင်းသည် သာ၍ အကျိုးကြီးမြတ်၏။

၁၀။ သရဏဂုံ သုံးပါးကို မှီဝဲဆည်းကပ်ခြင်းထက် ငါးပါးသီလကို ထိန်းသိမ်း စောင့်ရှောက်ခြင်းက သာ၍ အကျိုးကြီးမြတ်၏။

၁၁။ ငါးပါးသီလကို စောင့်ထိန်းခြင်းထက် သတ္တဝါများ ချမ်းသာကြပါစေ စသည်ဖြင့် မေတ္တာကို ပွားများခြင်း ရုပ်နာမ်တရား တို့သည် အမြဲမရှိ သင်းရဲကြကုန်၏၊ မိမိအလိုသို့ မလိုက် အစိုးမရ ဟု လက္ခဏာယာဉ် တင်၍ဝိပဿနာ ပွါးများခြင်း (လက်ချောင်း နှစ်ခုဖြင့် အနံ့ကို ယူ၍ ရှူရှိုက်သော အချိန်ကလေး လောက်မျှ ပွါးခြင်း)ကို ပြုခြင်းက သာ၍ အကျိုးကြီးမြတ်၏ ဟု ဆက်လက် ဟောကြားတော် မူလေ၏၊ ထိုနောက် တဖန် ဆက်လက်၍—

(၄၁–၄၇။ ဤဂါထာများသည် ၈ အဋ္ဌပရိက္ခာရဇာတ်လာ ၂၄–မှ ၂၇ အထိ ဂါထာများနှင့် လုံးဝတူ၏)ဟု ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် အနာထပိဏ် သူဌေးအား တရားစကား ဟောကြားပြီး နောက် ဒကာတော် သူဌေးကြီး ယခုအခါ ငါဘုရား၏ သာသနာ တော်၌ ရဟန်း အပေါင်းအား ဆန်ကွဲထမင်း ပုန်းရည်ဟင်း လှူရသော သင်၏ အလှူသည် ယုတ်ညံ့သော အလှူမဟုတ်ပါ၊ ကြီးကျယ်မြင့်မြတ်သော အကျိုးကို ပေးစွမ်းနိုင်သော မွန်မြတ်သည့် အလှူဖြစ်ကြောင်း မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းလိုရကား—

## ဇာတ်ပေါင်းသော်

၄၂–၅၃။ ထိုအခါ ဘုရားလောင်း၏ မိခင် ဘခင်တို့သည် ယခုအခါ မဟာမာယာနှင့် သုဒ္ဓေါဒန၊ ဗာရာဏသီမင်း၏ ဘခင်သည် ရှင်သာရိ

ပုတ္တရာ၊ ဗာရာဏသီ မင်းသားသည် ရှင်အာနန္ဒာ၊ ဗာရာဏသီ ပြည်၌ နေကြကုန်သော လူအပေါင်း တို့သည် ငါဘုရား၏ ပရိသတ်များ ဖြစ်လာ၍ ဝေလာမ ပုဏ္ဏားသည်ကား ငါဘုရား ဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကို ရှိသေစွာ နာယူမှတ်သား ဆောင်ထားကြ ပါကုန်လော့ဟု ဇာတ်ကို ပေါင်းတော် မူလေ၏။ ။

ခြောက်ခုမြောက် ဝေလာမဇာတ် ပြီး၏။

---

# ၇-ဝဋ္ဋင်္ဂုလိဇာတ်

[ဘုရားဆင်းတုတော်မှ ကျိုးပဲ့ပျက်စီး နေသော လက်ချောင်းတော်ကို ဆက်စပ် ပြုပြင် ပေးခဲ့သည့် အကျိုးကြောင့် တိုက်ခိုက်ရန်လာသော တရာ့တပါးသော မင်းတို့အား လက်ချောင်းကို ပြောက်ချိ ဝေ့ရမ်း ပြရုံဖြင့် ရန်သူမင်းများ ထွက်ပြေးကြရသော ဝဋ္ဋင်္ဂုလိမင်း ဝတ္ထု။]

မြတ်စွာဘုရားသည် ယော နရော ပဏ္ဍိတော ဘောန္တော အစချီသော တရား ဒေသနာ့တော်ကို ဇေတဝန်ကျောင်း၌ မနေတော် မူစဉ် မိမိ၏ ရှေးကောင်းမှုကံ အစွမ်းဖြင့်ပြုခဲ့သော ဘုရားရုပ်ထု ဆင်းတုတော်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ ဆိုဦးအံ့၊ တနေ့သ၌ မြတ်စွာဘုရားသည် ဤလောက၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို မြင်တော်မူ၍ ယင်း သတ္တဝါတို့ကို ဆုံးမ ချွတ်တော် မူရန် ခရီးဒေသစာရီ လှည့်ချီ ကြွမြန်းတော်မူလေ၏၊ ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် လူအပေါင်း ခြံရံလျက် ပန်း နံ့သာ စသော ပူဇော်ဘွယ် ဝတ္ထုပစ္စည်းများကို ယူဆောင်၍ မိမိ၏ မြို့မှ ထွက်လျက် ဇေတဝန် ကျောင်းတော်သို့ ရောက်သော အခါ ဘုရားရှင်၏ နေရာကော်၌ မြတ်စွာဘုရားကို မတွေ့မြင်ရသဖြင့် စိတ်ပျက်အားလျော့လျက် "အို လူများအပေါင်းတို့ ဇေတဝန် ကျောင်းတော်သည် ဘုရားရှင် မရှိ ကင်းဆိတ် ဘိ၏"ဟု ပြောဆိုလေ၏၊ လူအပေါင်းတို့ သည်

လည်း ဘုရားရှင်ကို မဖူးတွေ့ရသဖြင့် စိတ်ပျက် အားငယ်ကြ ကုန်လျက် နောက်ဆုံး၌ ဘုရားရှင်၏ နေရာတော်၌ ပါလာသမျှ နံ့သာပန်း စသည်တို့ကို စုပုံပူဇော်လျက် မိမိတို့ မြို့သို့ ပြန်လာကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုထိုအရပ်ဒေသ တို့၌ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိလာ၏။

## ရုပ်ပွါးတော် ကိုးကွယ်ပူဇော်ရန် ဘုရားရှင်အား လျှောက်ထားခြင်း

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ရောက်ရှိကြောင်း သတင်းကို ကောသလမင်းကြီး ကြားသိသောအခါ ခြွေရံပရိသတ် များနှင့် တကွ ပူဇော်ဘွယ် အမျိုးမျိုးတို့ကို ယူဆောင်လျက် ဇေတဝန်ကျောင်းသို့ လာရောက်၍ ဘုရားရှင်အား ရှိခိုးလျက် သင့်လျော်သော နေရာ၌ ထိုင်၍"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယမန်နေ့က ဒကာတော်သည် သာဝတ္ထိ မြို့သူမြို့သားများ ခြံရံလျက် ပူဇော်ဘွယ် ဝတ္ထုများကို ယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ လာပါ၏၊ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားအား မဖူးတွေ့ရသဖြင့် စိတ်ပျက် အားလျော့ကာ မိမိတို့မြို့သို့ ပြန်ကြပါကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား မြတ်စွာဘုရားသည် အခြားဒေသ အရပ်ဌာနများသို့ ခရီးဒေသစာရီ လှည့်လည် ကြွမြန်းတော် မူသောအခါ ဤဇေတဝန် ကျောင်းတော်၌ ဘုရားရှင် မရှိသဖြင့် လူတို့မှာ ကိုးကွယ်အားထားရာ မဲ့လျက် အလွန်တရာ စိတ်မချမ်းမသာ ဖြစ်ရပါ၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရွှေဇာတ်တော် သိမ်းသွား ပါလျှင်ကား အထူး လျှောက်ထားဘွယ်ပင် မလိုတော့ပါ၊ တပည့်တော် များမှာ လွန်စွာ စိတ်မချမ်းမသာ ဖြစ်ကြရပါမည် ဘုရား၊ လူအပေါင်းတို့သည် ဘုရားရှင်အား အမြဲမပြတ် ဖူးမြင်ရရန် စိတ်ဆန္ဒရှိကြပါ ကုန်၏၊ သို့ဖြစ်ပါ၍ လူအပေါင်းတို့ အမြဲမပြတ် ဖူးတွေ့ပူဇော်နိုင်ရေး အတွက် မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို ထုလုပ်ကိုးကွယ် ပူဇော်ပါရန် အခွင့်ပြုတော် မူပါဘုရားဟု လျှောက်ထားလေ၏။

ကောသလမင်းကြီး လျှောက်ထားသော ကိုစားကိုကြားတော်မူသောအခါ မြတ်စွာဘုရားသည် သတ္တဝါတို့အကျိုးစီးပွား ဖြစ်ထွန်းမည်ကို သိမြင်တော်မူသဖြင့်ရင်း, ဘုရားအဆုံးအမ သာသနာတော်ကြီး မပျက်မစီးဘဲ အရှည်တည်တံ့စေတော်မူလိုသဖြင့်ရင်းရုပ်ထုတော်ကိုတည်ထားပြုလုပ်ပူဇော်ကိုးကွယ်ရန် ခွင့်ပြုတော်မူလိုရကား "ဒကာတော်မင်းမြတ် သဒ္ဓါတရားနှင့်ပြည့်စုံသောသူသည် မိမိတို့တတ်စွမ်းသမျှ မြေညက်စသော ဝတ္ထုများဖြင့်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ငါဘုရား၏ ရုပ်ထုတော်ကို တည်ထားပြုလုပ်ကိုးကွယ်ပူဇော်ရန် ငါဘုရား ခွင့်ပြုတော်မူ၏၊ ဒကာတော်မင်းမြတ်ရှေးအခါကလည်း ပညာရှိသောသူသည် မြို့မြို့၌ တည်ရှိသော ဘုရားဆင်းထုတော်၌ ကျိုးပဲ့ပျက်စီးကျနေသော လက်ချောင်းတော်ကို ပကတိအတိုင်းဖြစ်အောင် ပြုပြင်စီမံ၍ လုပ်ဆောင်ပေးခဲ့သော ကောင်းမှုကြောင့်ကြီးကျယ်များပြားသော အကျိုးတရားတို့ကို ခံစားရလျက် ဘုန်းတန်ခိုးအာနုဘော် ဟောဇော် ကြီးမားခြင်း ရှိခဲ့သည်ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ကောသလမင်းကြီးသည် ဟောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဇာတ်ကြောင်း

ဒကာတော်မင်းမြတ် လွန်လေပြီးသောအခါ အင်္ဂုလိမြို့ ချမ်းသာကြွယ်ဝသော ကုန်သည်အမျိုး၌ ဘုရားလောင်းသည် ဗန္ဓုလုလင်အမည်ဖြင့် ဖြစ်ခဲ့လေ၏၊ ထိုအခါ ဗန္ဓုလုလင်သည် သဒ္ဓါတရား, ဉာဏ်ပညာ, ထကြွလုံ့လတို့နှင့် ပြည့်စုံသဖြင့် သမုဒ္ဒရာတဖက်ကမ်းသို့ ကုန်ရောင်းဝယ်သွားရန်အတွက် သမုဒ္ဒရာကမ်းနား၌ လှေကြီးတစင်း တည်ဆောက်လေ၏၊ ယင်းသို့ လှေကြီးတည်ဆောက်ပြီးသောအခါ ရောင်းဝယ်ရန် ပစ္စည်းဘဏ္ဍာတို့ကို လှေပေါ်သို့တင်၍ ကုန်သည်တထောင်တို့နှင့်အတူ လှေကြီးပေါ်သို့ စီးနင်းလိုက်ပါသွားလေ၏၊ လှေကြီးသည် ကျွန်းတကျွန်းသို့ ဆိုက်ရောက်သွားသောအခါ ဘုရားလောင်း ဗန္ဓုလုလင်သည် ပရိသတ်အခြွေအရံများနှင့်အတူ ကုန်းပေါ်သို့တက်၍ လှည့်လည် ကြည့်ရှုကြသောအခါ ကျောင်းအရာမ်တခုသို့ရောက်၍ ထိုထို၌ လှည့်လည်ကြည့်ရှုလေရာ ဘုရားကျောင်း

ဆောင်တခုကို တွေ့မြင်လေ၏၊ ဘုရားလောင်းသည် ကျောင်းဆောင်ပေါ် သို့တက်ရောက် ကြည့်ရှုသောအခါ လက်တချောင်း ကျိုးပဲ့နေသော ဘုရားဆင်းထုတော်ကို တွေ့မြင်ရလေ၏၊ ယင်းသို့လက်ချောင်း ကျိုးပဲ့နေ သည့်ကိုတွေ့ရသောအခါ ဘုရားလောင်းသည် "ယခုအခါ ငါ၏ကုသိုလ် ကောင်းမှုပြုရန် အခွင့်ဆိုက်၍ အခါကြုံချေပြီ၊ ငါသည် ဤကျိုးပဲ့နေသော လက်ချောင်းများကို ကောင်းကောင်းမွန်မွန် ပကတိအတိုင်း ပြုလုပ်အံ့၊ ယင်းသို့ ပြုလုပ်သောအခါ ငါ၏ ကုသိုလ်ကောင်းမှုသည် ငါ့အား အကျိုး များစွာ ဖြစ်ထွန်းလတံ့"ဟု ကြံစည်လျက် မိမိ၏ အခြွေအရံများအား စကားပြောဆိုလိုရကား—

၁။ အို မိတ်ဆွေအပေါင်းတို့ အကြင် ပညာရှိသောသူသည် ကံ ကံ၏ အကျိုးကို ယုံကြည်လျက် ကျွန်ုပ်နှင့်အတူ ဘုရားဆင်းထုတော်မှ ကျိုးပဲ့နေသော ဤလက်ချောင်းကို ပြန်လည် ကောင်းမွန်၍ ပကတိအတိုင်း ဖြစ်အောင် ဆက်စပ်ပြုလုပ်၏၊ ထိုသူသည် ကြီး ကျယ်များပြားသော လူချမ်းသာ နတ်ချမ်းသာတို့ကို ရရှိခံစားရ ပါလတံ့ဟု ပြောဆိုလေ၏။

ယင်းသို့ ပြောဆိုပြီးနောက် ဘုရားလောင်း ဗန္ဓုလုလင်သည် ကျိုးပဲ့ နေသော လက်ချောင်းကိုယူ၍ မိမိကိုယ်တိုင် မြေညက်များကို အမှုန့်ဖြစ် အောင်ကြိတ်ပြီးလျှင် ထန်းလျက်, ဆီ စသည်တို့ဖြင့်နယ်၍ ကျိုးပဲ့နေသော လက်ချောင်းကို ပကတိအတိုင်းဖြစ်အောင် ဆက်စပ်ပြီးလျှင် အမျိုးသမီး တဦးအား "အို အမျိုးသမီး သင်သည် အမြဲတန်းကုသိုလ်ရစေရန် ဤဆင်း ထုတော်အား ဆီမီးပူဇော်ပါလော့"ဟု ဆိုကာ မိမိ၏အသပြာငွေကို ထုတ်၍ ပေး၏၊ ထိုနောက် ဘုရားလောင်းသည် ဆင်းထုတော်အား ရှိခိုးလျက်—

၂-၅။ ငါသည် ဤနေရာ၌ ဘုရားဆင်းထုတော်ကို ပကတိအတိုင်း ဖြစ် အောင် ပြုလုပ် ပြင်ဆင်ပေးခဲ့၏၊ ဤသို့ ပြုလုပ်ပြင်ဆင်ပေးသော ကုသိုလ်ကောင်းမှုသည် ငါ့အားလူ့ပြည်နတ်ပြည်တို့၌ အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ပေးပါလတံ့၊ ဘုန်းတော်ကြီးသော မြတ်စွာ

ဘုရား ဤကောင်းမှုကြောင့် တပည့်တော်သည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏ ဘုရားမဖြစ်မီအကြား သံသရာ၌ ကျင်လည်ရသောအခါ တပည့်တော်သည် ခွန်အားဗလနှင့် ပြည့်စုံခြင်း ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း အသက်ရှည်ခြင်း တင့်တယ်ကောင်းမြတ်ခြင်း အမျိုးမျိုးတို့နှင့် ပြည့်စုံရပါလို၏၊ ထို့ပြင် ရန်သူတို့သည်၎င်း ခိုးသူခားပြတို့သည်၎င်း မိမိမျက်မှောက်၌ မရှိကြပါကုန်သတည်း ရန်သူတို့သည် ကြောက်ရွံ့၍ တပည့်တော်၏ မျက်မှောက်မှ ဆုတ်ခွါထွက်ပြေးကြပါစေကုန်သတည်းဟု ဆုတောင်းခြင်းကို ပြုလေ၏။

## နတ်များစုတေခါနိမိတ်ပြပုံ

ယင်းသို့ဆုတောင်းပြီးနောက် ဘုရားလောင်းသည် ထိုဘုရားဆင်းထုတော်ကို ရှိခိုလျက် ထိုနေရာမှ ထွက်ခွါခဲ့၍ မိမိ၏ အခြွေအရံများနှင့်အတူ မိမိနေရာသို့ ပြန်လာခဲ့လေ၏၊ ထိုနောင် ဘုရားအလောင်း ဗန္ဓုလုလင်သည် မိမိ၏ အခြွေအရံများနှင့်အတူ အသက်တမ်းရှိသမျှ နေပြီးနောက် စုတေသောအခါ နတ်ပြည်၌ ဖြစ်လေ၏၊ နတ်ပြည်တွင် နတ်စည်းစိမ်များကို ခံစားနေရာမှ နတ်များစုတေခါနီး၌ ဖြစ်တတ်သော ၁- နတ်ပန်းညှိုးနွမ်းခြင်း ၂- နတ်ဝတ်တန်ဆာ ညှိုးနွမ်းခြင်း ၃- လက်ကတီးကြားမှ ချွေးထွက်ခြင်း ၄- နေရာဘုံဗိမာန်၌ မပျော်မွေ့ခြင်း ၅- မျက်တောင်ခတ်ခြင်းဟူသော ပုဗ္ဗနိမိတ်၅-ပါးကို တွေ့မြင်သဖြင့် တာဝတိံသာ နတ်သားများနှင့် အတူ နတ်ပြည်မှ စုတေ၍ ဗာရာဏသီပြည် အင်္ဂမင်းကြီး၏ မိဖုရားကြီးဝမ်း၌ ကိုယ်ဝန် ယူလေ၏၊ တာဝတိံသာ နတ်သားတို့သည်လည်း ဗာရာဏသီမြို့၌ တထောင်သောအမတ်တို့၏ အိမ်တို့၌ ဖြစ်ကြကုန်၏၊ ဆယ်လလွန်မြောက်၍ ဘုရားလောင်း ဖွားမြင်သောနေ့၌ အမတ်တထောင်တို့၏ အိမ်တို့၌လည်း သားယောကျ်ားတို့ကို အသီးသီး ဖွားမြင်ကြကုန်၏။

## ကျိုးပဲ့နေသောလက်ညှိုးကို ပြုပြင်ခဲ့သောအကျိုး

ထိုအခါ ဘုရားလောင်း၏ဘခင် အင်္ဂမင်းသည် မိမိသားနှင့်အတူ ဖွားကုန်သော ဖွားဘက်တော် တထောင်တို့ကိုသိ၍ အမတ်များအိမ်မှ သား

တော်များကို ခေါ်ယူပြီးလျှင် မိမိသားတော်၏အထံ၌ နေစေ၏၊ ဘုရားလောင်းသူငယ်သည် အခြားသူငယ်များနှင့် ကစားသောအခါ တခါတရံ စိတ်ဆိုးသောအခါ၌ လက်ညှိုးကို မြောက်ချီလိုက်လျှင် အခြားသူများသည် ကြောက်ရွံ၍ ထွက်ပြေးကြရကုန်၏၊ ဘခင်အင်္ဂမင်းကြီးသည် သားတော်ဘုရားလောင်းသူငယ်၏ လက်ညှိုးအစွမ်း အာနုဘော်ကို ကြားသိသဖြင့် သားတော်အား အမည်မှည့်သောနေ့၌ ဝဠင်္ဂုလိ မင်းသားဟု အမည်ပေးလေ၏၊ ဝဠင်္ဂုလိမင်းသားငယ်သည် တန်ခိုးအစွမ်း အလွန်ထက်မြက်စွာဖြင့် ဘခင်မင်းကြီး၏အထံ၌နေလေ၏ ထိုနောက် ဘခင်အင်္ဂမင်းကြီး နတ်ရွာစံသောအခါ ဘခင်၏အရိုက်အရာကို ဆက်လက်ခံယူ၍ ဗာရာဏသီပြည်၌ အဘိသိက်ခံလျက် မင်းပြုလေ၏၊ ဝဠင်္ဂုလိမင်းသည် အလှူပေးခြင်း၌ မွေ့လျော်သောကြောင့် မြို့၏ လေးဘက်လေးတန်ရှိ တံခါးအနီးတို့၌၎င်း မြို့အလယ်၌၎င်း, နန်းတော်တံခါးအနီး၌၎င်း, အလှူဇရပ် ခြောက်ခုတို့ကို ဆောက်လုပ်စေ၍ နေ့စဉ်နေ့တိုင်း ၆-သိန်းသော အသပြာငွေတို့ကို စွန့်လွှတ်လျက် အလှူမဏ္ဍပ်သို့ ရောက်လာကုန်သော လူအပေါင်းတို့အား အလှူဝတ္ထုများကို လှူဒါန်းပေးကမ်းလေ၏၊ တနေ့သ၌ ဝဠင်္ဂုလိမင်းသည် စောစောထ၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် ဝတ်စားတန်ဆာများ ဆင်ယင်လျက် အမတ်အပေါင်းခြံရံကာ နန်းတော်တံခါးအနီးရှိ အလှူဇရပ်၌ နေလျက်—

၄။ အကြင်သူသည် သုံးဆောင်ရန်အတွက် ကျွန်ုပ်ထံ ဥစ္စာရွှေငွေတို့ကို တောင်းခံလာ၏၊ ကျွန်ုပ်သည် နောင်အခါ ဘုရားဖြစ်ရန် ဆုပန်လျက် ထိုသူအား တောင်းခံလာသော ဥစ္စာရွှေငွေတို့ကို ပေးလှူပါအံ့ဟု ဆိုလေ၏။

ထိုနောက် ဘုရားလောင်း ဝဠင်္ဂုလိမင်းသည် ဇမ္ဗူဒိပ် တကျွန်းလုံး၌ နေကုန်သော တရာ့ကပါးသော မင်းတို့ထံသို့ "အဆွေတော် မင်းတို့ သင်တို့သည် အမျိုးမျိုးသော လက်ဆောင်ပဏ္ဏား များနှင့် တကွ သမီးကညာတို့ကို ယူဆောင်၍ ငါ၏ထံသို့ လာရောက် ဆက်သကြကုန်လော့"ဟု ရေးသား၍ တမန်ကို စေလွှတ်လိုက်၏၊ တမန်၏ စကားကို ကြားသောအခါ

တရာ့တပါးသော မင်းတို့သည် အကြီးအကျယ် အမျက်ထွက်ကြ ကုန်လျက် တမန်နှင့် အတူ စကားပြောဆို လိုရကား—

၇-၁၀။ ဤမင်းသည် အမိန့်ရေကို စို့၍ ကြီးပြင်းလာ သကဲ့သို့ ငါတို့သည်လည်း အမိန့်ရည်ကို စို့၍ ကြီးပြင်းလာကြကုန်၏၊ ဤမင်းသည် ခွန်အားဗလနှင့် ပြည့်စုံ၍ တန်ခိုးကြီး သကဲ့သို့ ငါတို့သည်လည်း ခွန်အားဗလနှင့် ပြည့်စုံ၍ တန်ခိုးကြီးကြ ကုန်၏၊ ဤမင်းသည် ယောကျ်ားဖြစ်၍ သန်မာထွားကျိုင်း သကဲ့သို့ ငါတို့သည်လည်း ယောကျ်ားဖြစ်၍ သန်မာထွားကျိုင်းကြ ကုန်၏ဟု ဆိုလေ၏။

## တရာ့တပါးသော မင်းများနှင့် စစ်တိုက်ခဏ်း

ယင်းသို့ ဆိုပြီးနောက် တရာ့တပါးသော မင်းတို့သည် ဒေါသအမျက် ချောင်းချောင်းထွက်ကြ ကုန်လျက် "အို တမန် ယောကျ်ား ငါတို့သည် သင်တို့ မင်းအား သမီးကိုငှင်း အခြား လက်ဆောင်ပဏ္ဏာ တစုံတရာကို ငှင်း ပေးလိမ့်မည် မဟုတ်ပါ၊ ငါတို့သည် ယောကျ်ားများ ဖြစ်ကြကုန်၏၊ မိန်းမများ မဟုတ်ကြကုန်၊ ထို့ကြောင့် ငါတို့သည် သင်တို့မင်းနှင့် စစ်တိုက်အံ့ဟု ပြန်စာကို ရေး၍ တမန်အား ပေးလိုက်ကြကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူလေ၏။

၁၁-၄၉။ ထိုအခါ တရာ့တပါးသော မင်းတို့သည် ကဆဲ့ ရှစ်ခေါဘနီ ရှိသော စစ်တပ်ကြီးဖြင့် စစ်တိုက်ရန်မြို့မှ ထွက်လာကြကုန်လျက် မြို့ပြင်၌ ယာယီစစ်တဲ များကို ထိုး၍ နေကြဖြီးလျှင် မြို့တော်ကို ဝိုင်းထားပြီးနောက် ငါတို့ တရာ့တပါးသော မင်းတို့သည် သင်နှင့်စစ်တိုက်ရန် လာကြပါကုန်၏၊ သင်သည် ငါတို့အား တိုင်းပြည်ကို ပေးအပ်မည်လော သို့မဟုတ် စစ်တိုက်အံ့လောဟု တမန်ကို စေလွှတ်လိုက် လေ၏။

တမန်၏ထံမှ ထိုစကားကိုကြားသောအခါ ဝဋ္ဋဂုံလိမင်းသည် တရာ့တပါးသော မင်းတို့နှင့် စစ်တိုက်အံ့ဟု တမန်ကို စာပြန်လိုက်၏၊ ဝဋ္ဋဂုံလိမင်း၏ စကားကိုကြားသောအခါ တထောင်သော အမတ်တို့သည် "အရှင်မင်းမြတ် ကျွန်ုပ်တို့သည် တရာ့တပါးသော မင်းတို့နှင့် စစ်တိုက်ကြပါ

ကုန်အံ့၊ သင်မင်းကြီးသည် အေးချမ်းစွာ နေပါလေ”ဟု မင်းအား လျှောက်ထားကြကုန်၏၊ အမတ်တို့စကားကိုကြားသောအခါ ဝင္ကဂုံလိမင်း သည် အမတ်တို့အား “သင်တို့သည် စစ်မတိုက်ကြပါကုန်လင့် ငါကိုယ်တိုင် တယောက်တည်း တရာ့တပါးသော မင်းတို့နှင့် စစ်တိုက်အံ့၊ အို မှူးမတ် အပေါင်းတို့ သင်တို့သည် ခွန်အားဗလရှိကြပါကုန်၏၊ ရဲစွမ်းသတ္တိလည်း ရှိကြပါကုန်၏၊ သို့သော်လည်း ငါကိုယ်တိုင် ထိုမင်းတို့ကို တိုက်ခိုက်ပါအံ့၊ သင်တို့သည် ထိုမင်းတို့အား ယတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းကို မပြုကြပါ ကုန်လင့်၊ သင်တို့သည် စစ်မတိုက်ကြဘဲ ငါ့နောက်မှ အေးဆေးစွာလိုက် ပါလျက် စစ်ပွဲကိုကြည့်ရှုကြပါကုန်လော့”ဟု ဆိုလေ၏၊ ယင်းသို့ပြောဆို ပြီးလျှင် ဝင္ကဂုံလိမင်းသည် တရာ့တပါးသော မင်းတို့ထံသွား၍ သင်တို့ သည် ငါနှင့်စစ်တိုက်ရန် လာကြပါကုန်သလောဟု မေးလေ၏။

ထိုအခါ တရာ့တပါးသော မင်းတို့က– “ငါတို့သည် သင်နှင့်စစ်တိုက် ရန် တဆဲ့ရှစ်ခေါဘနီရှိသော စပ်တပ်ကြီးဖြင့် လာကြပါကုန်၏” ဟု ပြန်၍ပြောဆိုကြကုန်၏၊ ထိုအခါ ဝင္ကဂုံလိမင်းသည် လက်ညှိုးကိုထောင်၍ မြောက်ချီဝှေ့ရမ်းလိုက်လေရာ ကရာ့ဘပါးသော မင်းတို့သည် ကြောက် ရွံ့ထိတ်လန့် တုန်လှုပ်ကုန်လျက် ခြေဦးတည့်ရာ ကစင့်ကလျား ထွက်ပြေး ကြကုန်၏၊ မပြေးနိုင်သော စစ်သည်တော်များသည် ထိုနေရာ၌ အတုံး အရုံး လဲကျကုန်၏၊ ထိုအခါ ဝင္ကဂုံလိမင်းသည် လဲနေသော စစ်သည် တော်များကို ထစေကုန်၏၊ ထိုနောက် စစ်သည်တော်များသည် လဲရာမှ ထကြကုန်လျက် ဝင္ကဂုံလိမင်းအား ရှိခိုးကြပြီးလျှင်– အရှင်မင်းကြီး ကျွန်ုပ် တို့အား အသက်မှ ချမ်းသာပေးပါလော့ဟု တောင်းပန်လျှောက်ထားကြ ကုန်၏၊ ထိုအခါ ဝင္ကဂုံလိမင်းကြီးသည် ယင်း စစ်သည်တော်များအား အသက်ဘေးမှ ချမ်းသာပေး၍ ငါးပါးသီလကို စောင့်ထိန်းကြရန် ဆုံး မစကား ပြောကြားလေ၏။

ထိုနောက် ဝင္ကဂုံလိမင်းသည် စစ်သည်ဗိုလ်ပါများနှင့်အတူ မြို့တော်သို့ ဝင်၍ စစ်သည်တော်များအား ကောင်းစွာ ကျွေးမွေးပြုစုလျက် အောင် သေသောက်ခြင်း၊ အစားအစာကျွေးမွေးခြင်းတို့ကို ပြုလေ၏၊ တနေ့သ၌

ဝဋ္ဋဂုလိမင်းသည် "ငါသည် ရှေးအခါက အဘယ်ကောင်းမှု ကုသိုလ်တို့ကို ပြုလုပ်ခဲ့သောကြောင့် ဤကဲ့သို့သော စည်းစိမ်ချမ်းသာတို့ကို ရပါသနည်း" ဟု ကြံစည်စိတ်ကူးလေ၏။

## အတိတ်ဘဝကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ်

ယင်းသို့ဝဋ္ဋဂုလိမင်းသည် စိတ်ကူးကြံစည်သောခဏ၌ ထိုမင်း၏ရှေးက ပြုခဲ့သော ပါရမီအဟုန်တန်ခိုးအစွမ်းကြောင့် သိကြားမင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကို ပြလေ၏၊ ထိုအခါ သိကြားမင်းသည် ကြည့်ရှုဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့် နတ်ပြည်မှ ဆင်းသက်၍ မင်း၏ရှေ့မှောက် ကောင်းကင်ထက်၌ ရပ်တည်လျက် မိမိ၏ သိကြားမင်း ကိုယ်ရောင် ကိုယ်ဝါများဖြင့် ထိုအရပ်တခုလုံးကို ထိန်လင်းတောက်ပ စေလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် အောက်ပါဂါထာတို့ကို မိန့်ဆိုတော်မူလေ၏။

၅၀-၅၁။ ထိုအခါ ဝဋ္ဋဂုလိမင်း၏ စိတ်အကြံကိုသိသဖြင့် သိကြားမင်းသည် နတ်ပြည်မှ ဆင်းသက်လာပြီးလျှင် မင်း၏ရှေ့မှောက် ကောင်းကင်ထက်၌ ရပ်တည်လျက် ပတ်ဝန်းကျင် အရပ်တို့ကို ကိုယ်ရောင် ကိုယ်ဝါများဖြင့် ထွန်းလင်းတောက်ပစေ၏၊ ထိုအခါ မိမိရှေ့မှောက်၌နေသော သိကြားမင်းကို မင်းကြီးက "ကျွန်ုပ်၏ရှေ့မှောက်၌ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ရပ်တည်သူကား နတ်လော ဂန္ဓဗ္ဗလော သို့မဟုတ် သိကြားမင်းပါလော၊ ဤကဲ့သို့ အရောင်အဝါရှိသော ပုဂ္ဂိုလ်ကို ကျွန်ုပ်သည် ရှေးကတကြိမ်တခါ မျှမတွေ့မြင်ဘူးပါ၊ သင်သည် အဘယ့်ကြောင့် ဤနေရာသို့လာပါ သနည်း"ဟု မေးလေ၏။ ထိုအခါ သိကြားမင်းက "အို မင်းမြတ် ကျွန်ုပ်သည်ကား နတ်တို့ကို အစိုးရသော သိကြားမင်းပါတည်း၊ သင်မင်းကြီးသည် အဘယ်ကုသိုလ် ကောင်းမှုကို ပြုခဲ့သောကြောင့် ဤသို့သော စည်းစိမ်ချမ်းသာကို ရပါသနည်း"ဟု သိရှိမေးမြန်းခြင်းငှါ လာပါ၏"ဟု သိကြားမင်းက ပြောသောအခါ မင်းကြီး

သည် မြတ်သောနေရာထက်၌ ဒေနလျက်ရှေးက မိမိပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုကို ကြံစည်တွေးတောလျက် နေလေ၏။

ထိုခဏ၌ပင် မင်းကြီးသည် သိကြားမင်း၏ တန်ခိုးအာနုဘော်ကြောင့် ဇာတိဿရဉာဏ်ကို ရလျက် (ဇာတိဿရဉာဏ် ဆိုသည်ကား မိမိရှေးဘဝ များက ဖြစ်ပျက်ခဲ့သည်ကို ပြန်လည်သိရှိ သတိရသောဉာဏ်ဘည်း) မိမိရှေး ကပြုခဲ့သော ကုသိုလ်ကောင်းမှုကို သိကြားမင်းအား ပြောကြားလိုရကား-

၇၉-၇၉။ အရှင်သိကြားမင်း ရှေးကကျွန်ုပ်သည် အင်္ဂဝတီမြို့၌နေသော ကုန်သည်တယောက် ဖြစ်ပါ၏၊ ဟနေ့သောအခါ ကျွန်ုပ်သည် ကုန်ကူးသန်း ရောင်းဝယ်ရန် လှေဖြင့် သမုဒ္ဒရာ ရေလမ်းခရီးကို ထွက်ခွါသွားပါ၏၊ သမုဒ္ဒရာကမ်းတဖက်သို့ရောက်လျှင် လှေမှဆင်း၍ ကုန်းပေါ်သို့ တက်သွားသောအခါ ဘုရားဆင်းထုတော်များ ထားရာ ဘုရားကျောင်းတခုကို တွေ့ရ၍ ဝင်ကြည့်လေလျှင် ဘုရား ဆင်းထုကို တွေ့ရပါ၏၊ ဘုရားဆင်းထုကို လကျါရစ်လှည့်၍ အသေအချာ ကြည့်ရှုသောအခါ ဘုရားဆင်းထု၌ လက်ချောင်း ကျိုးပဲ့ပျက်စီးနေသည်ကို တွေ့ရသဖြင့် ယင်းကျိုးပဲ့ပျက်စီးနေ သောလက်ချောင်းကို ပကတိမူလအတိုင်း ဖြစ်အောင် ဆက်စပ် ပြုပြင် လုပ်ဆောင်ပေးခြင်းဖြင့် လှူဒါန်းပူဇော်ခဲ့ပါသည်၊ ထိုနောက် ကျွန်ုပ်သည် အမျိုးသမီးတယောက်အအား အသပြာငွေကိုပေး၍ ဤဘုရားဆင်းထု၌ ဆီမီးပူဇော်ပါရန် မှာကြားပြောဆိုခဲ့ပါ၏။

ကျွန်ုပ်သည် ဘုရားဆင်းထုတော်ကို ရိုသေစွာရှိခိုးပူဇော် ကန် တော့ပြီးနောက် ဤကောင်းမှုကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားဖြစ်ရပါလို၏၊ အကယ်၍ ဘုရားမဖြစ်မီ သံသရာ၌ကျင်လည် ရလျှင် ဖြစ်လေရာဘဝတိုင်း၌ ခွန်အားကြီးခြင်း ရုပ်အဆင်းလှပ ခြင်း, ချမ်းသာစည်းစိမ် များပြားခြင်းတို့နှင့် ပြည့်စုံရပါလို၏၊ ထို့ပြင် ရန်သူတို့သည်၎င်း ခိုးသူဓားပြတို့သည်၎င်း ကျွန်ုပ်၏ရှေ့ မှောက်၌ ရပ်တည်၍ မနေနိုင် ဖြစ်ပါစေသတည်း၊ ရန်သူဟူသမျှ အဝေးမှ ရှောင်ရှားကြပါစေသတည်းဟု ဆုတောင်းပတ္ထနာ ပြုခဲ့

ပါသည်၊ ဤကောင်းမှု ဤဆုတောင်းများကြောင့် ကျွန်ုပ်သည် ယခုအခါ မင်းစည်းစိမ်ကိုရ၍ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်းဖြစ်ပါသည်၊ ထို့ကြောင့်ပင် ကျွန်ုပ်နှင့် စစ်တိုက်ရန်လာကြသော တရာ့တပါးသော မင်းတို့သည် ပြေးသူပြေး လဲသူလဲ ဖြစ်ကြပါကုန်၏၊ ထိုခဏ၌ပင် တရာ့တပါးသော မင်းတို့သည် ကျွန်ုပ်၏ အလိုဆန္ဒအတိုင်း လိုက်ပါကြကုန်လျက် ယင်းမင်းများနှင့် စစ်သည် ဗိုလ်ပါတို့အား အသက်ဘေးမှ ချမ်းသာခွင့်ပေးခဲ့ပါ၏။

အရှင်သိကြားမင်း ထိုနောက် အကျွန်ုပ်သည်အခြံအရံများခြင်း တန်ခိုးအာနုဘော်ကြီးခြင်း, ခွန်အားဗလနှင့် ပြည့်စုံခြင်းရှိလျက် ဝဋ္ဋဂ္ဂလိဟူသောအမည်ဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက် ရှိပါ၏၊ အရှင်သိကြားမင်း ကျွန်ုပ်အား တိုက်ခိုက်ရန် လာကြသော ခြသေ့် သစ် ကျား ဆင်စသော သတ္တဝါတို့သည် ကျွန်ုပ်ရှေ့မှောက် ရောက်သောအခါ၌ ကျွန်ုပ်၏ ဘုန်းတန်ခိုးကြောင့် မြေပြင်တွင် လူးလိမ့်၍လဲကျရပါကုန်၏။ သတ္တဝါတို့၏ ဟည်ရာမှီရာဖြစ်သော တောင်တို့သည် ကျွန်ုပ်အမျက်ဒေါသထွက်၍ လက်နှင့်ထိလိုက်လျှင် ကျောက်အတိ ဖြစ်သွားရပါသည်၊ အကြင်ဥစ္စာပစ္စည်းကို ကျွန်ုပ်သည် လက်ချောင်းဖြင့် ထိ၏၊ ထိုဥစ္စာပစ္စည်းသည် ကုန်ခန်းခြင်းသို့ မရောက်တော့ပါ၊ မကုန်ခန်းတော့ပါ၊ ကျွန်ုပ်သည် ပစ္စည်းတခုကို ပေးလှူသောအခါ ယင်းပစ္စည်းသည် မကုန်ခန်းတော့ပါ၊ အရှင်သိကြားမင်း ကျွန်ုပ်သည် ဘုရားဆင်းတုမှ ကျိုးပဲ့ပျက်စီးနေသော လက်ချောင်းကို ဆက်စပ်ပြုပြင် ပကတိအတိုင်းဖြစ်အောင် ပြင်ဆင်ပေးခဲ့သော ကောင်းမှုကြောင့် နောင်အခါ၌ ဘုရားစင်စစ် ကေန် ဖြစ်ပါလတ္တံ့ဟု သိကြားမင်းအား ပြောကြားလေ၏။

ဤသို့ ပြောဆိုသော ဝဋ္ဋဂ္ဂလိမင်းကြီး၏ စကားကို ကြားသောအခါ သိကြားမင်းသည် ကောင်းကင်၌ ရပ်တည်လျက်ပင် မိမိသိကြားအဖြစ်ကို တဖန် ပြောကြားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်-

၈၀-၇၉။ မင်းကြီး၏စကားကို ကြားသောအခါ သိကြားမင်းသည် ငါသည်ကား နတ်တို့ကိုအစိုးရသော သိကြားမင်းဖြစ်ပါ၏- သင်၏ ရှေးဘဝကပြုခဲ့သော ကောင်းမှုကုသိုလ်ကို သိရှိရန် သင့်ထံသို့ လာပါ၏ သင်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ပါလတ့ံ ဟု ဆိုလေ၏။

ထိုနောက် ဘုရားလောင်း ဝဋ္ဋဂုံလိမင်းသည် သိကြားမင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုပြီးနောက် ဘုရားဆင်းတုတော်ကို ပြုလုပ်ပူဇော်ခြင်း၏ အကျိုးအာနိသင်ကို ဟောကြားလိုရကား—

### ဘုရားဆင်းတု ထုလုပ်ကိုးကွယ် ပူဇော်ရကျိုး

၉၀-၁၀၁။ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဘုရားဆင်းတုတော်ကို ထုလုပ် ကိုးကွယ်ပူဇော်သောသူသည် နောင်အခါ၌ ကောင်းသော အသွင်သဏ္ဍာန်ရှိခြင်း, ကောင်းသော ရုပ်အဆင်းရှိခြင်း, အင်္ဂါကြီးငယ် တင့်တယ်ပြေပြစ်ခြင်း, နတ်လူတို့ ချစ်ခင်မြတ်နိုးခြင်း, တန်ခိုးအာနုဘော်ကြီးခြင်း, ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်း ရှိခြင်း, လှပတင့်တယ်ခြင်း, များသောအခြံအရံရှိခြင်း, စသော အကျိုးတရားတို့ကို ရရှိခံစားရ၏၊ ပျက်စီးဟောင်းနွမ်း ယိုယွင်းနေသော ဘုရားဆင်းတုတို့ကို သစ်လွင်ခိုင်ခံ့အောင် ပြုပြင်သောသူသည် နောင်အခါ၌ ပညာကြီးခြင်း ဘုန်းတန်ခိုးအာနုဘော် ကြီးခြင်း, ချမ်းသာကြီးခြင်း အနာရောဂါကင်းရှင်းခြင်း, အသက်ရှည်ခြင်း, ဘေးရန်အသွယ်သွယ် အန္တရာယ်တို့မှ ကင်းဝေးခြင်း စသော အကျိုးတို့ကို ရရှိခံစားရ၏။

ဘုရားဆင်းတုတော်ကို ပြုလုပ်ကိုးကွယ်သူ, ဟောင်းနွမ်း ပျက်စီးနေသော ဆင်းထုတော်တို့ကို ပြုပြင်သူတို့သည် သံသရာ၌ ကျင်လည်သောအခါ အပါယ်ငရဲတို့၌ မကျရောက်ရဘဲ လူ့ပြည် နတ်ပြည်တို့၌ လူချမ်းသာ နတ်ချမ်းသာများသာ ဖြစ်ကြရကုန်၏၊ လူ့ပြည်၌သာလျှင် မြင့်မြတ်သော မင်းမျိုး ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ရပြီး ဥစ္စာရွှေငွေ အထွေထွေတို့နှင့် ပြည့်စုံ၍ အစေခံ ယောကျ်ား

အစေခံ မိန်းမ အခြွေအရံများနှင့် ပြည့်စုံရ၏၊ ထိုသူအား လူနတ်တို့သည် ချစ်ခင် မြတ်နိုးကြကုန်၏၊ ထိုသူတို့သည် လူစည်းစိမ် နတ်စည်းစိမ်တို့ကို ရရှိခံစားပြီးနောက် အဆုံးဘဝ၌ နိဗ္ဗာန်သို့ ရရှိခံစားရလေ၏ ဟု ဟောကြားလေ၏။

ဤသို့လျှင် ဘုရားလောင်း ဝဍ္ဍ္ဒဂ်ုလိမင်းထံမှ ဘုရားဆင်းတု ထုလုပ်ကိုးကွယ် ပူဇော်ခြင်း၏ အကျိုးအာနိသင် တရားဒေသနာကို ကြားနာရပြီးနောက် သိကြားမင်းသည် တရာ့တပါးသော မင်းတို့အား ဆုံးမဩဝါဒ ပေးလျက်၊ ထိုမင်းတို့ကို ဘုရားလောင်းအား ကန်တော့စေ၍ ဘုရားလောင်းနှင့် အတူ ချစ်မြတ်နိုးဘွယ် စကားတို့ကို ပြောဆိုပြီးလျှင် နတ်ပြည်သို့ ပြန်ကြွလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၁၀၂-၁၁၁။ ထိုအခါ ဝဍ္ဍ္ဒဂ်ုလိမင်း၏ စကားကို ကြားပြီး၍ သိကြားမင်းသည် မင်းအများတို့အား ဆုံးမဩဝါဒ ပေးလျက် ဝဍ္ဍ္ဒဂ်ုလိမင်းအပေါ်၌ ပြစ်မှား ပြုမှုခဲ့သော ထိုမင်းတို့၏ အပြစ်ကို သည်းခံကျေနပ် ကန်တော့စေ၍ တရာ့တပါးသော မင်းတို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆို ပြီးလျှင် တရာ့တပါးသော မင်းတို့အား ဘုရားဆင်းတုကို ကိုးကွယ် ပူဇော်ကြရန် ဆုံးမဩဝါဒ ပေးပြီးနောက် နတ်ပြည်သို့ ပြန်ကြွလေ၏၊ ထို့နောက် ဝဍ္ဍ္ဒဂ်ုလိ မင်းသည် စစ်ပွဲကို အောင်မြင်၍ အောင်ပွဲသဘင် ဆင်ယင်ပြီးလျှင် တရာ့တပါးသော မင်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုလျက် ငါးပါးသီလ စောင့်ထိန်းကြရန် ဆုံးမဩဝါဒ ပေး၍ တရာ့တပါးသော မင်းတို့အား မိမိတို့နိုင်ငံ အသီးသီးသို့ ပြန်လွှတ်လိုက်လေ၏၊ တရာ့တပါးသော မင်းတို့သည် မိမိတို့နိုင်ငံ အသီးသီးသို့ ပြန်သွားကြပြီး နောက် နှစ်စဉ်နှစ်တိုင်း ဝဍ္ဍ္ဒဂ်ုလိမင်းထံ လက်ဆောင်ပဏ္ဏာများ ရွှေငွေ ရတနာများတို့ကို ဆက်သကြကုန်၏။

ထိုအခါ တရာ့တပါးသော မင်းတို့သည် ဘုရားလောင်း၏ အဆုံးအမ၌ တည်လျက် ကောင်းမှုကုသိုလ်များကို ပြုကြ၍ ကွယ်

လွန်သော အခါ၌ နတ်ပြည်၌ ဖြစ်ကြကုန်၏၊ ဝဋ္ဋင်္ဂုလိမင်း သည် လည်း ကုသိုလ်ကောင်းမှု တို့ကို အများအပြား ပြုလုပ်၍ အသက် တန်း ရှိသမျှ နေပြီးနောက် နတ်ရွာစံသောအခါ နတ်ပြည်၌ ဖြစ် လျက် နတ်အပေါင်း ခြံရံကာ နတ်စည်းစိမ် များကို ခံစားလေ၏ ဟု မိန့်ဆိုတော် မူလေ၏။

## ရုပ်ပွါးတော်ထုလုပ် ကိုးကွယ်ခွင့်ပြုခြင်း

မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းအား ဤဝဋ္ဋင်္ဂုလိ ဇာတ် တော်ကို ဟောကြားပြီး နောက် ယခုအခါ အလုံးစုံသော လူအပေါင်း အား နောင်အခါ၌ ကြူးပွါး ချမ်းသာမည့် အကျိုးတရားကို မြင်တော်မူ သဖြင့်၎င်း မိမိ၏ သာသနာတော်ကြီး တည်တံ့ခိုင်မြဲခြင်း အကျိုးကို မြင် တော်မူ သဖြင့်၎င်း ဘုရားဆင်းတုကို ပြုလုပ် ကိုးကွယ်ရန် ခွင့်ပြုတော် မူလိုရကား—

၁၀၂-၁၂၀။ မြတ်သော မင်းကြီး သာသနာတော် တည်တံ့ ခိုင်မြဲစေရန် အတွက် ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဘုရားဆင်းတုတော်ကို ရိုသေစွာ ထုလုပ်ကိုးကွယ် ပူဇော်သော သူသည် တန်ခိုး အာနုဘော် ကြီးခြင်း ချမ်းသာခြင်း, နတ်လူအများတို့ ချစ်ခင် မြတ်နိုးခြင်း အကျိုးတို့ကို ရရှိ၍ သံသရာ၌ ကျင်လည်သော အခါ အပါယ်ငရဲ တို့၌ မည်သည့်အခါမျှ မကျရောက်ရဘဲ အဆုံးဘဝ၌ နိဗ္ဗာန်သို့ ရောက်ရခြင်း အကျိုးရှိပေ၏၊ ထို့ကြောင့် ချမ်းသာ စည်းစိမ် အမျိုးမျိုးကို ပေးစွမ်းနိုင်သော ငါဘုရား၏ ရုပ်တုတော်ကို ပြုလုပ် ကိုးကွယ် ပူဇော်ခြင်းကို အမြဲမပြတ် ပြုလုပ်ပါလော့ဟု ကောသလ မင်းကြီးအား ခွင့်ပြုမိန့်ကြားတော် မူလေ၏။

ပသေနဒီ ကောသလ မင်းကြီးသည် ဘုရားရှင်၏ ခွင့်ပြု မိန့်ကြားတော် မူသည်ကို ကြားသိရပြီး နောက် ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် ဘုရားရှင်၏ ရုပ်တုတော်ကို ပြုလုပ်ကိုးကွယ်ရန် ခွင့်ပြုတော် မူပါ၏၊ အဘယ်အရာ ဝတ္ထုများဖြင့် ပြုလုပ်ရန် တကာတော်အား မိန့်ကြား

တော် မူပါဟု လျှောက်ထားသော အခါ ဒကာတော်မင်းမြတ် သင်သည် မိမိတတ်အား သမျှ မြေ, ချိပ်, သစ်သား, ကျောက် စသော ဝတ္ထုများဖြင့် ငါဘုရား ရုပ်တုတော်ကို ပြုလုပ်ကိုးကွယ်နိုင်ပါ၏—

ဟု မိန့်ကြားတော်မူလျက်—

၁၂၁-၁၂၃။ ဒကာတော် မင်းမြတ် ရတနာ သုံးပါး, ကံ ကံ၏ အကျိုးကို ယုံကြည်သောသူသည် မြေညက် စသည်ဖြင့်၎င်း ရွှေငွေ စသည်ဖြင့် ၎င်း ဘုရားရုပ်တုတော်ကို ပြုလုပ်နိုင်၍ အရှည်,အတို အကြီးအသေး မိမိတို့ အလိုရှိသမျှ ပြုလုပ် ကိုးကွယ်နိုင်ပါ၏၊ ယင်းသို့ ပြုလုပ် ကိုး ကွယ်ပူဇော်လျှင် မရေမတွက်နိုင်အောင် များပြားသော အကျိုး တို့ကို ရရှိနိုင်ပေ၏ ဟု ဟောကြားတော် မူလေ၏။

ယင်းသို့ မိန့်ဆိုပြီးနောက် ဘုရားရှင်သည် ဥပမာနှင့်တကွ မိန့်ကြားတော် မူလိုရကား—

၁၂၄-၁၂၈။ မြတ်သောမင်းကြီး ဥပမာသော်ကား ဘုန်းတန်ခိုး ကြီးမား၍ ပညာရှိသော ယောကျ်ားသည် ကျွန်းကြီးလေးကျွန်း အပြည့်ထည့် ထားသော ပန်းမှန်တို့ကို တခုစီရေတွက်ခြင်းငှါ စွမ်းနိုင်သော် စွမ်းနိုင် လေရာ၏၊ ဒကာတော်မင်းကြီး ဥပမာတနည်းသော်ကား ဘုန်း တန်ခိုးကြီးမား၍ ပညာရှိသော ယောကျ်ားသည် စကြာဝဠာအပြည့် ထည့်ထားသော သလေးစပါး လူး ဂျုံ စသော စပါးမျိုး ခုနစ် ပါးကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော် စွမ်းနိုင်လေရာ၏၊ ဥပမာ တနည်းသော်ကား စကြာဝဠာ တခုလုံး၌ ရှိသော သမုဒ္ဒရာရေနှင့် သဲတို့ကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော် စွမ်းနိုင်ရာ၏၊ ဥပမာ တနည်းသော်ကား စကြာဝဠာအပြည့် မြေအပြင်မှ ဘဝဂ်ဘုံ တိုင် အောင် ထည့်ထားသော ရွှေငွေ ရတနာ တို့ကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော် စွမ်းနိုင်လေရာ၏၊ ဘုရားဆင်းတုတော်ကို ဆည်းကပ် ကိုးကွယ်ပူဇော်ခြင်း၏ အကျိုးတရားကိုကား မရေမတွက်နိုင်ရာ—

ဟု မိန့်ကြားတော် မူလေ၏။

## ပသေနဒီကောသလမင်း ရုပ်တုတော် ထုလုပ်ကိုးကွယ်ခြင်း

ဤသို့ ဘုရားရှင်ထံမှ တရားဒေသနာကို နာကြားရ၍ ပရိသတ်နှင့် တကွ ကောသလမင်းကြီးသည် များစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် ဘုရားရှင် အား နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ မိမိနေရာသို့ ပြန်သွားလေ၏၊ ထိုနောက် ကောသလမင်းကြီးသည်စန္ဒကူး သစ်ပင်တောမှ အနှစ်ရှိသော စန္ဒ ကူးသားကို ယူဆောင်စေလျက် ဘုရားရှင်၏ အလုံးအရပ်တော်နှင့် အညီ အမျှ စန္ဒကူးအနှစ်ကို ဖြတ်ယူစေ၍ ယင်းစန္ဒကူးနှစ်ဖြင့် ဘုရားရုပ်တု တော်ကို ပြုလုပ်စေလေ၏၊ ထိုနောက် စန္ဒကူးအနှစ်ဖြင့် ထုလုပ်ထားသော ပြေပြစ်ချောမော နေသော ဘုရားဆင်းတုတော်ကို အသားရောင် နံ့သာရေ များဖြင့် လိမ်းကျံပွတ်တိုက်လျက် ချိပ်ရေနှင့် တူသော နီညိုရောင် သင်္ကန်း အစုံဖြင့် ရုပ်တုတော်အား ဝတ်ရုံစေ၍ မြင့်မြတ်သော နေရာ၌ အဝတ်များ ခင်း၍ ထိုရုပ်တုတော်ကို ထားလေ၏။

ထိုအခါ ပရိသတ်များနှင့် တကွ ကောသလမင်းသည် သက်ဒတော်ထင် ရှား မြတ်စွာဘုရား ကဲ့သို့ တင့်တယ်သော ဘုရားရုပ်တုတော်ကို မြင်ရ၍ များစွာနှစ်သက်ခြင်း ဖြစ်လေ၏၊ ထိုနောက် မင်းကြီးသည် ထိုနေရာ၌ပင် ရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော, တင့်တယ် ကောင်းမြတ်သော တန်ဆာ အမျိုးမျိုးတို့ဖြင့် ပြုပြင်ဆင်ယင် ထားသော မဏ္ဍပ်ကြီး တခုကို ဆောက်လုပ်စေ၏၊ ယင်း မဏ္ဍပ်ကြီး၏ အလယ်၌ မြင့်မြတ်ကောင်းမွန်သော နေရာကို ပြုလုပ်ပြီးလျှင် ယင်းနေရာ၌ ဘုရားရုပ်ထုတော်ကို ထား၍ ပူဇော် ဘွယ် အမျိုးမျိုးတို့ဖြင့် ပူဇော်ထားလေ၏။ ထိုနောက် ပသေနဒီ ကော သလ မင်းကြီးသည် ဇေတဝန် ကျောင်းတော်သို့ သွား၍ ဘုရားရှင်အား ရှိခိုးပြီးလျှင်—

၁၃၀ ၁၃၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား မြတ်စွာဘုရား၏ ခွင့်ပြု တော်မူချက် အတိုင်း ယခုအခါ တပည့်တော်သည် ဘုရားရှင်၏ ရုပ်ထုတော်ကို ထုလုပ်ကိုးကွယ် ပူဇော်ထားပါ၏၊ ယင်း ဘုရား ရုပ်ထုတော်သည် သက်ဒတော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ လျောက်

ပတ်တင့်တယ် သပ္ပါယ်လှပါ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယင်း ရုပ်တုတော်ကို ကြည့်ရှုရန် အတွက် နံနက်ဖြန် ဒကာတော်ထံ ကြွရောက်ပါရန် လျှောက်ထားပါ၏ ဘုရား-

ဟု လျှောက်ထားလေ၏။

## သက်မဲ့ရုပ်ပွားတော်က ဘုရားရှင်အားခရီးဦးကြိုခြင်း

မင်းကြီး၏လျှောက်ထားသော စကားကို ကြားသောအခါ ဘုရားရှင်သည် ဆိတ်ဆိတ် နေတော်မူသောအားဖြင့် လက်ခံလေ၏၊ ယင်းသို့ မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ ကောသလမင်းကြီးသည် ဘုရားရှင်အား ရှိခိုးပြီးလျှင် မိမိမြို့သို့ ပြည်လည်သွက်ခွါ လာခဲ့လေ၏၊ နောက်ာနေ့တွင် မြတ်စွာဘုရားသည် ဟာပည့်ရဟန်း သံဃာများ ခြံရံလျက် ပသေနဒီကောသလမင်းကြီး၏ အိမ်သို့ကြွတော်မူ၍ မိမိ၏ ရုပ်ထုကိုကြည့်ရန် မဏ္ဍပ်အတွင်းသို့ဝင်ရောက်လေ၏၊ ထိုခဏ၌ပင် စန္ဒကူးသားဖြင့် ထုလုပ်ထားသောဘုရားရုပ်ထုတော်သည် မဏ္ဍပ်အတွင်းသို့ ကြွရောက်လာသော ဘုရားရှင်ကို တွေ့မြင်သောအခါ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အသက်ရှင်နေသကဲ့သို့ဖြစ်လျက် "သက်တော်ထင်ရှား မြတ်စွာဘုရား ကြွလာတော်မူသောအခါ ငါသည်အလွန် မြင့်မြတ်သောနေရာ၌ နေခြင်းမှာ မသင့်လျော်ပေဟု ကြံစည်၍ သက်တော်ထင်ရှားမြတ်စွာဘုရားအား ရိုသေခြင်းကိုပြုလျက် မိမိနေရာမှ ခြေတဖက်ကိုမြှောက်ချီ၍ ခရီးဦးကြိုဆိုသော အမူအရာကိုပြုလေ၏၊ ယင်းသို့သော အမူအရာကိုတွေ့ရသောအခါ မြတ်စွာဘုရားသည် အလွန်တင့်တယ်သော နီမြန်းသော ပိုးတိမ်အဆင်းကဲ့သို့သော သက်န်းတော်မှ ဆင်နှာမောင်းကဲ့သို့ တင့်တယ်သော လကျာလက်ကို ထုတ်တော်မူ၍ ထိုရုပ်တုတော်အား တားမြစ်လိုရကား—

၁၃၂။ ငါ့ရှင် ရုပ်တည်ပါလော့၊ ငါသည် မကြာမီ ပရိနိဗ္ဗာန် ပြုရတော့မည် သို့ဖြစ်၍ သင်သည် ငါ၏သာသနာတော်ကို အနှစ်ငါးထောင်ပတ်လုံး ရပ်တည်စေလော့ဟု မိန့်ဆိုတားမြစ်လေ၏။

ထိုနောက် မြတ်စွာဘုရားသည် ဘုရားဆင်းထုတော်အား မိမိ၏သာသနာတော်ကို အပ်နှင်းလိုရကား

၁၃၃။ ငါသည် ယနေ့ငါ၏ သာသနာဘောက်ကို သင့်အားအပ်နှင်းပါ၏၊ သင်သည် အလုံးစုံသော သတ္တလောက၏ အကျိုးစီးပွားဖြစ်ထွန်း ရန်အတွက် ငါ၏သာသနာတော်၌ ရပ်တည်ပါလေ့ဟု အပ်နှင်း စကား မိန့်ကြားတော်မူ၏။

ထိုအရပ်သို့ ရောက်လာကြကုန်သော ပရိသတ် အပေါင်းတို့သည် အလွန် ထူးဆန်းအံ့ဩဘွယ် ကောင်းသော ဘုရားဆင်းထုတော်ကို တွေ့မြင်ရသော ကြောင့် အလွန်တရာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ကြသဖြင့် ဦးရစ်ခေါင်း ပေါင်း ကြဲမြှောက်ခြင်း စသည်တို့ကိုပြုလျက်—

၁၃၄။ အို လူများအပေါင်းတို့ စိတ်စေတနာမရှိသော အသက်ဝိညာဉ် ကင်းမဲ့သော ဤဘုရားရုပ်ထုတော်သည်ပင် မြတ်စွာဘုရားအား ရှိသေခြင်းကို ပြုလုပ်တုံသေး၏ အသက်ဝိညာဉ် ထင်ရှားရှိသော သူသည် အဘယ်မှာလျှင် ဘုရားရှင်အား အရိုအသေမပြုဘဲ နေနိုင် ပါအံ့နည်း ဟု ချီးမွမ်းအံ့ဩပြောဆိုကြကုန်၏။

ထိုနောက် ပသေနဒီကောသလ မင်းကြီးသည် လူများအပေါင်း ခြံရံ လျက် တပည့်သားအပေါင်းနှင့် တကွသောဘုရားရှင်အား မြတ်သောနေရာ၌ နေစေပြီးလျှင် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်များကို ဆက်ကပ်လေ၏၊ မြတ်စွာဘုရား ဆွမ်းဘုန်းပေးခြင်းကိစ္စ ပြီးသောအခါ မင်းကြီးသည်ဘုရား ရှင်အား ရှိခိုးလျက်—

၁၃၅–၁၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ရုပ်ထု တော်ကို မိမိကိုယ်တိုင် ပြုလုပ်ကိုးကွယ်ပူဇော်သူ, သူတပါးအား ပြုလုပ်ကိုးကွယ်စေသူတို့သည် ယခုမျက်မှောက် ပစ္စက္ခဘဝ၌ အဘယ် သို့သောအကျိုးကျေးဇူး တရားများကို ခံစားရလျက် နောင်တမ လွန်ဘဝ၌လည်း အဘယ်သို့သော ကျေးဇူးတရားများကို ရရှိနိုင် ပါသနည်း၊ ဒကာတော်အား မိန့်ကြားတော် မူပါဘုရား ဟု လျှောက်ထားလေ၏။

ပသေနဒီကောသလမင်းကြီး၏စကားကို ကြားသောအခါ မြတ်စွာဘုရားသည် ဘုရားဆင်းထုတော်ကို ပြုလုပ်ကိုးကွယ်ပူဇော်ခြင်း၏ အကျိုးအာနိသင်ကို ဟောကြားတော်မူလိုသဖြင့်—

၁၃၇-၁၄၂။ ဒကာတော်မင်းမြတ် ငါဘုရား၏ ရုပ်တုတော်ကို ဆင်စွယ် စသည်ဖြင့်ရင်း, ရွှေငွေရတနာစသည်ဖြင့်ရင်း, ကြေး, ကျောက်, မြေညက်, သစ်သားဖြင့်ရင်း, ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ပြုလုပ်ကိုးကွယ်၍ ပန်းသစ်သီး စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုသောသူသည် နောင်အခါ၌ ဘုရားအဖြစ်, ပစ္စေကဗောဓိအဖြစ်, သာဝကဗောဓိအဖြစ်တို့ကို ရရှိနိုင်ပေသည်၊ နိဗ္ဗာန်မရမီ စပ်ကြား သံသရာ၌ ကျင်လည်ရသောအခါ အသက်ရှည်ခြင်း အဆင်းလှခြင်း, အနာရောဂါကင်းရှင်းခြင်း, ခွန်အားကြီးခြင်း, စည်းစိမ်ဥစ္စာပေါများခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, နတ်လူတို့ ချစ်ခင်မြတ်နိုးခြင်းတို့နှင့် ပြည့်စုံရသည့်အပြင် ကြယ်တာရာအပေါင်းတို့၏ အလယ်၌ လမင်းကြီးသည် တင့်တယ်ဘိသကဲ့သို့ ဆွေမျိုးအပေါင်းတို့၏အလယ်၌ တင့်တယ်ခြင်း စသော အကျိုးများကို ရရှိနိုင်ပေသည်။

ဟု ဟောကြား မိန့်ဆိုတော်မူလေ၏။

ထိုနောက် မြတ်စွာဘုရားသည် ဆက်လက်၍-

၁၄၃-၁၆၀။ ဒကာတော်မင်းမြတ် ကံ ကံ၏အကျိုးနှင့် ရတနာသုံးပါးကို ယုံကြည်သော စိတ်ထားဖြင့် ငါဘုရား၏ ရုပ်တုတော်ကို ပြုလုပ်ကိုးကွယ်ဆည်းကပ်ပူဇော်သော သူသည် သိဉ္ဇီဝ်းစသော ငရဲကြီးရှစ်ထပ်, လောကန္တရိက်စသော ငရဲများ ဆာလောင်မွတ်သိပ်ခြင်းပြင်းစွာ နှိပ်စက်သော စားရမဲ့ သောက်ရမဲ့ဖြစ်သော ပြိတ္တာ, တိရစ္ဆာန်တို့၌ မဖြစ်ရဘဲ ဦးခေါင်းစောက်ထိုး ခြေထောက် မိုးမျှော်ခံစားရသော အသူရကာယ်ဘုံတို့၌ ကျရောက်ခံစားရခြင်း လုံးဝမရှိပေ၊ ထို့ပြင် အသညသတ်ဘုံ,အရူပဘုံ အလွန်ဆင်းရဲသော ပစ္စန္တရာဇ်အရပ်တို့၌လည်း လုံးဝဖြစ်ရခြင်း မရှိနိုင်ပေ၊ လူ့ဘဝ၌ဖြစ်

လျှင် မျက်မမြင် ဆွံ့ အ နားမကြားသော အဖြစ်မျိုး နူနာရောဂါ အိုင်းအမာရောဂါ အကြောဆွဲသော ရောဂါ စသော လူမြင်မကောင်းသော ရောဂါများ ဖြစ်ပွားခြင်း လုံးဝမရှိနိုင်ပေ၊ ထိုမှတပါး သူတပါးတို့၏ လုံ့လပယောဂဖြင့် အသက်သေရခြင်း, ဘေးရန် အန္တရာယ်များခြင်း အဆိပ်ဖြင့် သေရခြင်း, ရန်သူ့လက်ချက်ဖြင့် အသက်သေရခြင်း စသော သေခြင်းမျိုးဖြင့် လုံးဝမတွေ့ကြုံရပေ၊ ထိုမျှသာမကသေး လူဖြစ်သောအခါ ယုတ်ညံ့သော ဒွန်းစဏ္ဍားအမျိုးတို့၌ မဖြစ်ရဘဲ မင်းမျိုး ပုဏ္ဏားမျိုး စသော မြင့်မြတ်သော အမျိုးတို့၌သာ ဖြစ်ရလေသည်၊ အမိဝမ်း၌နေရသော အခါ မပင်မပန်း ချမ်းသာစွာနေရခြင်း, ဖွားမြင်သောအခါ လွယ်ကူစွာ ဖွားမြင်ခြင်း, အသံသြဇာကောင်းခြင်း, ရုပ်အဆင်းအင်္ဂါ တင့်တယ်ခြင်း, အခြံအရံ ပေါများခြင်း, လူအပေါင်းတို့၏ ပူဇော်ခြင်းကို ခံရခြင်း စသောအကျိုးများကို ရနိုင်ပေသည်။

ဟု မိန့်ဆိုတော်မူလေသည်။

## ရုပ်ပွါးတော်ကို ပူဇော်ခြင်းကြောင့် ရရှိသောအကျိုးများ

ထိုနောက် ဆက်လက်၍ ဘုရားရုပ်တုတော်ကို ပူဇော်ခြင်းကြောင့် နတ်ပြည်၌ ရရှိမည့်အကျိုးများကို ဟောကြားတော်မူလိုသဖြင့်—

၁၆၁-၁၇၅။ ဒကာတော်မင်းမြတ် ငါ၏ရုပ်တုကို ပြုလုပ်ကိုးကွယ် ပူဇော်သောသူသည် လူ့ပြည်၌ စည်းစိမ်ချမ်းသာအမျိုးမျိုးကို ခံစားပြီးနောက် လူ့ပြည်မှ စုတေသောအခါ နတ်ပြည်၌ ဖြစ်ရ၏၊ နတ်ပြည်တွင် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက် ဖြစ်ရ၏၊ ထို့ပြင် နတ်ပြည်၌ လှပတင့်တယ်သော ကိုယ်အင်္ဂါရှိ၍ မွန်မြတ်သော အဝတ်တန်ဆာများနှင့် ပြည့်စုံလျက် နတ်တူရိယာအမျိုးမျိုး နတ်တို့၏ သီဆိုတီးမှုတ်ကခုန်ခြင်း အမျိုးမျိုးတို့ဖြင့် မွေ့လျော်ပျော်ရွှင်စွာ ခံစားရ၏။ ဗြဟ္မာ့ပြည်၌ ဖြစ်သောအခါတွင်လည်း ဈာန်ကိုနှစ်သက်ခြင်း ပီတိ

လျှင် အစာရှိလျက် ဗြဟ္မာ့အပေါင်း အခြံအရံဖြင့် ဖြစ်ရ၏၊ ဗြဟ္မာ့ပြည်၌ မနိုင်းယှဉ်လောက်အောင် ကောင်းမွန်သော ချမ်းသာသုခများကို ခံစားရ၏၊ နတ်ပြည် ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်သောအခါ မိမိတို့ အလိုရှိအပ် တောင့်တအပ်သော ဘုရားအဖြစ် ပစ္စေကဗုဒ္ဓါအဖြစ်, ဘုရားရှင်၏ သာဝကများအဖြစ်ဖြင့် ဖြစ်ရပြီးလျှင် အသက်အတိုင်းနေပြီးနောက် နိဗ္ဗာန်သို့ ရောက်ရှိနိုင်လေ၏။

ဟု ဟောတော်မူလေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ကောသလမင်းကြီးအား နတ်ပြည်၌ ရရှိနိုင်သော အကျိုးများကိုဟောကြားပြီးနောက် ဆက်လက်၍-

၁၇၆-၁၉၁။ ဒကာတော်မင်းမြတ် သဒ္ဓါ တရားနှင့် ပြည့်စုံသောသူသည် ငါဘုရား၏ရုပ်ဆင်းတုမှ ကျိုးပဲ့ပျက်စီးနေသော လက်ချောင်းကို ဆက်စပ်ပြုပြင်၍ ပူဇော်ရုံဖြင့် ဤမျှ ကြီးကျယ် များပြားသော အကျိုးတရားများကို ရရှိခံစားရပါလျှင် ငါဘုရား၏ ရုပ်ဆင်းတုတော်တခုလုံးကို ပြုလုပ်ကိုးကွယ် ပူဇော်ပါလျှင်ကား အဘယ်မျှ များပြားသော အကျိုးတရားတို့ကို ရရှိခံစားရမည်ဟု ငါဘုရားမှ တပါး မည်သူမျှ ကုန်စင်အောင် ဟောပြနိုင်ဘွယ် မရှိပေ။ ထို့ကြောင့် ပညာရှိသောသူသည် ကြီးကျယ်များပြားသောစည်းစိမ် ချမ်းသာတို့ကို အလိုရှိပါလျှင် ငါဘုရား၏ ရုပ်ဆင်းတုတော်ကို ပြုလုပ်ကိုးကွယ် ပူဇော်ခြင်းကို ပြုရာ၏။

ဟု မိန့်ကြားတော် မူလေသည်။

ဤသို့ ဘုရားရှင်ထံမှ တရားစကားများကိုကြားရသောအခါ ပသေနဒီကောသလမင်းသည် နှစ်သက် ဝမ်းမြောက်လှသဖြင့် ဆုတောင်း ပတ္ထနာပြုလိုရကား-

၁၉၂-၁၉၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား စန္ဒကူးသားဖြင့် ပြုလုပ်သော ဤရုပ်တုကော်ကို ကိုးကွယ် ပူဇော်ရသော ကောင်းမှုကြောင့် တပည့်တော်သည် နောင်အခါ ဖြစ်လေရာ ဘဝတိုင်း

တို့၌ ဇာတိဿရ ဉာဏ်ကို ရရှိပါလို၏၊ ဤကောင်းမှုကြောင့် သံသရာ၌ ကျင်လည်ရသောအခါ အလုံးစုံသော မကောင်းမှုတို့မှ ကင်းစင်၍ ချမ်းသာခြင်း အမျိုးမျိုးနှင့် ပြည့်စုံရ ပါလို၏၊ ဤ ကောင်းမှုကြောင့် တပည့်တော်သည် နောင်အခါ၌ ဘုရားစင်စစ် ကေန် ဖြစ်ရပါလို၏၊ ဤကောင်းမှုကြောင့် တပည့်တော်၏ မိခင် ဘခင်ကျေးဇူးရှင်များနှင့်တကွအားလုံးသော လူအပေါင်းတို့သည် အနာရောဂါကင်းရှင်း၍ ဘေးအတန်တန် ရန်မာန်ခပ်သိမ်း ဘဝ တိုင်း ကင်းငြိမ်းလျက် ချမ်းသာခြင်းသို့ ရောက်ကြပါစေ, ထိုမှ တပါး မင်းတို့သည်၎င်း,နတ်အများတို့သည်၎င်း ဘုရား သာသနာ တော်နှင့် လောကလူသားတို့ကို အမြဲမပြတ် ကောင်းစွာ စောင့် ရှောက်ကြပါစေ-

ဟု ဆုတောင်း ပတ္ထနာပြုလေ၏။

မင်းကြီး၏ ဆုတောင်းပတ္ထနာကို ကြားသောအခါ ဘုရားရှင်သည်-

၁၉၇-၁၉၈။ ဒကာတော်မင်းမြတ် စန္ဒကူးသားဖြင့် ပြုလုပ်သော ရုပ်တု တော်ကို ကိုးကွယ်ပူဇော်ရသော ကောင်းမှုကြောင့် သင်သည် နောင်အခါ ဖြစ်လေရာ ဘဝတိုင်း၌ ဇာတိဿရဉာဏ်ကို ရလတ့်၊ သင်သည် နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်လတ့်၊ သင်၏ မိခင် ဘခင် ကျေးဇူးရှင်များနှင့်တကွ အားလုံးသော လူအပေါင်း တို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံလတ့်၊ တိုင်းပြည်ကိုအုပ်ချုပ်သော မင်းတို့နှင့်တကွ နတ်အပေါင်းတို့သည် သာသနာတော်ကို၎င်း၊ လောကလူသားတို့ကို၎င်း၊ ကောင်းစွာ စောင့်ရှောက်ပါလတ့်-

ဟု ဆုမျှား ပေးပြီးလျှင်—

ဒကာတော်မင်းကြီး၊ ဤသာသနာတော်၌ ငါဘုရား၏ ရုပ်တုတော်ကို စန္ဒကူးသားဖြင့် ပြုလုပ်ကိုးကွယ်ပူဇော်ခြင်းသည် နောင်အခါ၌ အလုံးစုံ သော လူအပေါင်း၏ ချမ်းသာစီးပွားအကျိုးများရန်အတွက် ဖြစ်ပါလတ့်၊ ဟု မိန့်ကြားတော်မူလျက် ဇာတ်ကို ပေါင်းတော်မူလိုရကား— .

ဇာတ် ပေါင်းသော်

၁၉၉-၂၀၄။ ထိုအခါ ဝဍ္ဍကုလိမင်း၏ မိဖုရားသည် ယသော်ဓရာ၊ ဝဍ္ဍကုလိမင်း၏ တမန်ယောကျ်ားသည် ယခုအခါ ရှင်အာနန္ဒာ. သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ တရားတပါးသော ဇမ္ဗူဒိပ်မင်းများနှင့် စစ်သည်အပေါင်းတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များ ဖြစ်၍ ဝဍ္ဍကုလိမင်းသည်ကား ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူလေ၏။

ခုနစ်ခုမြောက် ဝဍ္ဍကုလိဇာတ် ပြီး၏။

---

# ဂ-သိရသာကုမာရဇာတ်

[ ဖွားရိုးဖွားစဉ် မဖွားဘဲ ပါးစပ်မှဖွားသော ဤ သားတော် ကြီးပြင်းလာလျှင် တိုင်းပြည်ကို လုယူလိမ့်မည်၊ ပြည်သူတို့ကို ညှဉ်းပန်းလိမ့်မည်ဟု ပြောသော ကောက်ကျစ်စဉ်းလဲသော ပုဏ္ဏား၏စကားကိုယုံ၍ သားအမိနှစ်ဦးအား မြစ်ထဲမျှောလိုက်ရာ ထိုအခါမှစ၍ တိုင်းပြည်တွင် ငတ်မွတ်ခြင်း ဘေးအမျိုးမျိုးဖြစ်ပေါ်လျက် သားအမိနှစ်ဦး ပြန်ရောက်မှ တိုင်းပြည် အေးချမ်းသာယာ ဖြစ်လာသည်ကိုပြသော သိရသာကုမာရဝတ္ထု ]

မြတ်စွာဘုရားသည် သိရသိ ပိယပုတ္တက အစရှိသော ဤတရားဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်၏ မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ၌ ဒေဝဒတ်သည် အချိန်ကြာမြင့်စွာကပင် ဘုရားရှင်၌ ရန်ငြိုးဖွဲ့၍ ဘုရားရှင်အား သတ်ရန် အခွင့်ကိုရှာကြံလျက်ရှိလေ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာမဏ္ဍပ်သဘင်၌ စုဝေးကြလျက် "ငါ့ရှင်တို့

အံ့ဩဘွယ်ကောင်းပါပေစွ၊ ဒေဝဒတ်သည် ဘုရားရှင်အား သတ်ရန် အခွင့်ကိုရှာလျက် သံဃာကိုလည်း သင်းခွဲရန် ကြံစည်အားထုတ်လျက်ရှိပေ၏၊ သို့သော်လည်း မည်သို့မျှ အခွင့်မသာသဖြင့် ဒေဝဒတ်သည် မိမိသာလျှင် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလေ၏”ဟုအချင်းချင်းပြောဆိုနေကြကုန်၏၊ ထိုရဟန်းတို့စကားကို ကြားသိတော်မူသဖြင့် မြတ်စွာဘုရားသည် တရားသဘင်မဏ္ဍပ်သို့ ကြွလာတော်မူလျက် ရဟန်းတို့ ယခု ငါဘုရားကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေးနေကြပါသနည်းဟု မေးတော်မူရာ ဤမည်သောစကားကို ပြောဆိုနေကြပါသည်ဟု ရဟန်းများက လျှောက်ထားလေလျှင်- ရဟန်းတို့ ဒေဝဒတ်သည် ယခုမှသာ ငါဘုရားအား သတ်ရန်ကြံစည်သည်မဟုတ်သေး ရှေးအခါကလည်း ဒေဝဒတ်သည် ငါဘုရား၌ ရန်ငြိုးဖွဲ့၍ ငါဘုရားကိုသတ်ခြင်းငှာ အားထုတ်၏၊ သို့ရာတွင် သတ်ရန်အခွင့်ကိုမရသဖြင့် နောက်ဆုံး၌ မိမိကိုယ်တိုင် ပျက်ဆီးဆုံးရှုံးခြင်းသို့ ရောက်လေ၏ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ရဟန်းတော်များက တောင်းပန်သောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

လွန်လေပြီးသောအခါ ပဓမ္မမင်းသည် ပါလိသမြို့၌ မင်းပြု၏၊ မင်း၏ မိဖုရားကြီးကား သုရသိဒေဝီအမည်ရှိ၏၊ တနေ့သ၌ သုရသိဒေဝီမိဖုရားသည် လူများအပေါင်း ခြံရံလျက် ရေချိုးရန် မြစ်တခုသို့ သွားသောအခါ မိမိ၏ ရှေ့၌ လမ်းလျှောက် သွားနေသော အဝတ်ဝတ်ထားသည့် တက္ကဒွန်း(တိတ္ထိ) တဦးကို တွေ့မြင်လေ၏၊ ထိုနေ့၌ပင် ဘုရားလောင်းသည် သုရသိမိဖုရား၏ ဝမ်း၌ ကိုယ်ဝန် ပဋိသန္ဓေယူ၏၊ (ကိုယ်ဝန်တည်၏)၊ ဘုရားလောင်းကိုယ်ဝန် တည်သော ညဉ့်ပင် သုရသိမိဖုရားသည် အိပ်မက် မြင်မက်၏၊ မြင်မက်ပုံကား အလွန် အဆင်းလှပသော ယောကျ်ားတယောက်သည် မိမိထံသို့ လာ၍“အို မိခင် ကျွန်တော်သည်ကား အခြားသူ မဟုတ်ပါ၊ ဘုရားလောင်း ဖြစ်ပါ ည်၊ သင့်ထံလာ၍ ခမည်းတော် မင်းကြီး၏ ပါလိသ တိုင်းသူပြည်သား

တို့ကို သွန်သင်ဆုံးမ ဩဝါဒပေးရန် လာရောက်ခြင်း ဖြစ်ပါ၏ဟု စကား စမြည် ပြောဆိုလျက် ပြန်လည် ထွက်ခွါ သွားသည်''ဟု အိပ်မက်မြင်မက် လေ၏၊ ယင်းသို့ အိပ်မက်မြင်မက် ပြီးနောက် သုရသိမိဖုရားသည် အိပ်ရာမှ နိုးလတ်သော် ကျက်သရေရှိသော အိပ်ရာတိုက်ခန်း၌ နေလျက် ''ငါ၏ဝမ်း၌ ကိုယ်ဝန်သည် အကယ်၍ ယောကျ်ားဖြစ်လျှင် ပညာရှိ၍ ဘခင်ထက် မြင့် မြတ်ထူးချွန်သော ပုဂ္ဂိုလ်ဖြစ်လတ့်၊ အကယ်၍ မိန်းကလေးဖြစ်လျှင် ပညာ ရှိ၍ မိခင်ထက် မြင့်မြတ်ထူးချွန်သော ပုဂ္ဂိုလ် ဖြစ်လတ့်''ဟု ကြံစည် တွေး တောလေ၏။

ထိုအခါ သုရသိဒေဝိ မိဖုရားသည် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လျက် ဆယ်လ ဆယ်ရက် တိုင်တိုင် ဘုရားလောင်းအား ကိုယ်ဝန်ဆောင်၍ မိမိ သားသမီး မွေးလာလျှင် နို့ချိုတိုက်ကျွေးရေး အတွက် ခုနစ်ရာသော မိန်းမ တို့အား နို့ထွက်စေရန် ပြုလုပ်စီမံစေ၏၊ ခုနစ်ရာသော မိန်းမတို့သည် နို့ ထွက်ရန် ကြိုးစား ပြုလုပ်ကြ သော်လည်း နို့မထွက်ကြပေ၊ သုရသိဒေဝိ မိဖုရားတဦးသာ နို့ထွက်လေ၏၊ နောက်တနေ့တွင် သုရသိဒေဝီ မိဖုရား၏ ဝမ်း၌ ကမ္မဇလေ လှုပ်၏၊ မီးဖွားမြင်ရန် ဗိုက်နာလာ၏၊ ထိုအချိန်၌ မိဖုရား သည် မိမိသားအား ကျွေးမွေးပြုစုခြင်းငှါ သင့်လျော်သော မိန်းမတို့ကို ခေါ်၏၊ ထိုမိန်းမတို့သည် မိဖုရားအား ဝန်းရံ၍ နေကြကုန်၏၊ သုရသိ ဒေဝီသည်ကား ယင်းသို့ မီးဖွားရန် ဗိုက်မနာခင် ရှေးယခင်ကပင် ပျို့အန် လေ့ရှိ၏၊ယခုမီးဖွားမည့် အချိန်တွင်လည်း ပျို့အန်နေပေ၏၊ ထိုအခါ အခြံ အရံ မိန်းမတို့သည် တရာတန်သော အဝတ်အထည်ကို ယူ၍ ခုနစ်ခေါက် ခေါက်ပြီးလျှင် မိဖုရားကြီး ပျို့အန်သည်ကို အဝတ်ဖြင့် ခံထားကြ ကုန်၏။

## ဖွားရိုးဖွားစဉ် ပဟုတ်ဘဲ ဘုရားလောင်း ဖွားမြင်ခြင်း

မိဖုရားသည် ယင်း အဝတ်ထည်း၌ သားနှင့်တကွ အန်ချလေ၏၊ အခြွေ အရံ မိန်းမတို့သည် ယင်း အဝတ်ကို ယူ၍ ဖုံးကွယ်ရာ၌ ထားပြီးလျှင် မိဖု ရား၏ ဝမ်းဗိုက်မလျော့ဘဲ ရှိသည်ကို တွေ့ကြသဖြင့် မီးမဖွားသေးဟု မှတ် ထင်ကြကာ ''အို မိဖုရားကြီး အန်ဖတ်များ ခံထားသော ဤအဝတ်များကို

ကွယ်ရာ၌ ထားပါလော့”ဟု ဆိုကြကုန်၏၊ ထိုအခါ မိဖုရားက “အို အမျိုးသမီးတို့ သင်တို့သည် ဤအဝတ်ကို မြစ်ထဲသို့ ယူသွား၍ ဆေးလျှော်ကြကုန်လော့”ဟု ပြောလေ၏၊ အခြွေအရံ အမျိုးသမီးတို့သည် လျှော်ဖွတ်ရန် အဝတ်ကို မြစ်သို့ ယူသွားသောအခါ လက်ထဲ၌ အဝတ်သည် လေးလံသည်ကို တွေ့ရ၏၊ ထိုအခါ အမျိုးသမီးတို့သည် မြစ်ဆိပ်သို့ ရောက်သဖြင့် အဝတ်ကို ဖွင့်လှစ်ကြည့်ရာ ကလေးငယ်ကို အံ့အားသင့်စွာ တွေ့ကြရလေ၏၊ ယင်းအကြောင်းကို အခြွေအရံ အမျိုးသမီး တို့သည် သုရသိ မိဖုရားအား အကြောင်းကြားကြ ကုန်၏၊ မိဖုရားသည် မိမိ၏သားငယ်ကို ရင်ခွင်ပိုက်လျက် နို့တိုက်လေ၏၊ အမျိုးသမီးတို့သည် အဝတ်ကို သေချာစွာ ကြည့်သောအခါ ယင်းအဝတ်၌ အနံ့ထားသော အနံ့ဖတ်အညစ်အကြေး တစုံတရာကိုမျှ မတွေ့ရဘဲ သန့်ရှင်းစင်ကြယ်သော အဝတ်ကိုသာ တွေ့ရသောကြောင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။

## ခေါင်းမှ ဖွားမြင်ရကား သိရသာတွင်စေဟု

ထိုအခါ သုရသိမိဖုရားသည် အခြားသန့်ရှင်းသော အဝတ်တထည်ကို ယူစေလျက် ခင်းစေကာ သားငယ်အား အိပ်စေလေ၏၊ သားငယ်သည် ခင်းထားသောအဝတ်၏ ကြမ်းတမ်းသော အတွေ့အထိကို ခံစားရသဖြင့် သေလုမျှောပါး အကြီးအကျယ် ငိုကြွေးလေ၏၊ ထိုအခါ မိဖုရားကြီးသည် အဖိုးတထောင် ထိုက်တန်သော အခြားအဝတ်တထည်ကို ယူခင်း၍ သိပ်စေ(အိပ်စေ)မှ ခလေးငယ်သည် အငိုတိတ်သွားလေ၏၊ သုရသိမိဖုရားသည် သားငယ်အား အမည်မှည့်သောအခါ ဦးခေါင်း(ခံတွင်း)မှ ဖွားသောကြောင့် သိရသာ သတို့သားဟူသောအမည်ကို မှည့်လေ၏၊ သိရသာမင်းသားငယ်အား အမိနို့တိုက်ကျွေး၍ တနေ့တကြိမ်ထမင်းကျွေး၍ မွေးမြူလာရာ ယခုအခါ ကိုးလသားအရွယ်သို့ ရောက်ရှိခဲ့ပေသည်၊ ကိုးလသားအရွယ် ဘုရားလောင်း သိရသာ သားငယ်သည် မိမိအပေါ်၌ ဖခင်ဖြစ်သူ မြတ်နိုးချစ်ခင် ကြင်နာမှုရှိမရှိ စုံစမ်းလိုစိတ်ရှိနေ၏၊ မင်းကြီး၏နန်းတော်၌ အဝတ်အထည်အမျိုးမျိုး, ရတနာအမျိုးမျိုး, အမွှေးနံ့သာ အမျိုးမျိုးတို့ကို ထည့်ထားသော သေတ္တာကြီးတလုံးရှိ၏၊ ယင်းအဝတ်အထည်တို့ကိုကား

တခုလျှင် အဖိုးတသိန်းတန်သော အဝတ်တထည်တို့ဖြစ်ကြ၏၊ သေတ္တာကြီး၏ပမာဏကား အလျှား အနံ အမြင့် ငါးတောင်ခန့် ကြီးမားကျယ်ဝန်း၏၊ ထိုနေ့သည် လပြည့်ဥပုသ်နေ့ ဖြစ်သောကြောင့် သုရသိ မိဖုရားကြီးသည် သားငယ်နှင့်အတူ မြတ်သော အိပ်ရာထက်၌ အိပ်နေလေ၏။

သားငယ်ပျောက်၍ တမြို့လုံး ရှာဖွေခြင်း

ထိုအခါ ဘုရားလောင်း သိရသာ သူငယ်သည် မိမိဘခင်၏ စိတ်အလိုကိုစမ်းသပ်ရန်အတွက် ယင်းသေတ္တာကြီးထဲသို့ ဝင်၍နေလေ၏၊ ထိုညဉ့်လွန်မြောက်၍ နံနက်မိုးသောက်ချိန် ရောက်သောအခါ ဥပုသ်သီလယူရန် စည်ကိုတီး၍ လူများကို နှိုးလေရာ သုရသိမိဖုရားသည် အိပ်ရာမှနိုးလာ၍ မိမိနှင့်အတူ အိပ်နေသော သားငယ်ကို မတွေ့ရလေလျှင် အထိန်းတော်တို့ကို ခေါ်လေ၏၊ ထိုအခါ အထိန်းတော်တို့သည် သိရသာ မင်းသားငယ်ကို ဟိုဟိုဒီဒီ လိုက်လံရှာဖွေကြရာ မတွေ့ကြကုန်၊ ထိုအခါ သုရသိမိဖုရားကြီးသည် လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကိုတီးလျက်—

၁-၃။ ချစ်လှစွာသော မေမေ့ရင်သွေး သိရသာလူကလေး သင်သည် မိခင်၏ချစ်လှစွာသော တဦးတည်းသောသားဖြစ်ပါ၏၊ သင့်အား မိခင်သည် နို့ချိုကိုတိုက်ကျွေး၍ မွေးမြူလာခဲ့ရာ ယခုအခါ ကိုးလသားအရွယ်သို့ ရောက်နေပါပြီ၊ ချစ်လှစွာသောလူကလေး သင်သည် ယခုအခါ ဘယ်နေရာ၌ပုန်းအောင်းနေပါသနည်း၊ မိခင်ထံသို့ လျင်မြန်စွာ ပြန်လာခဲ့ပါလော့၊ သင့် ကစားစရာများနှင့် အဝတ်အထည်များသည် ဤနေရာ၌ပင် ရှိနေပါ၏၊ သင်သည်ကား အဘယ်နေရာ၌ ပုန်းအောင်း၍ နေပါဘိသနည်းဟု ငိုကြွေးမြည်တမ်းလေ၏။

သုရာသိ မိဖုရား၏ ငိုကြွေး မြည်တမ်းသံကို ကြားသောအခါ ပဓမ္မမင်းကြီးသည် မိမိ၏ ခြေမြန်တော်, မြင်းစစ်သည်တော် များအား စေလွှတ်၍ မိမိသားငယ်အား တမြို့လုံးသို့ အနှံ့အပြား သွားရောက် လိုက်လံရှာဖွေစေရာ မြင်းသည်တော်တို့သည် မြို့ကို ခုနစ်ပတ်မျှ လှည့်ပတ်၍ အနှံ့အပြား ရှာဖွေကြသော်လည်း ဘုရားအလောင်းသူငယ်အား မတွေ့သဖြင့်

မင်းကြီးထံပြန်လာ၍ မတွေ့ကြကြောင်း သံတော်ဦး တင်ကြကုန်၏၊ ထိုသို့ တမြို့လုံး ရှာဖွေသော်လည်း မတွေ့ရှိပါကြောင်း သတင်းကိုကြားရသော အခါ သုရသိမိဖုရားကြီးသည် ပို၍ စိတ်မချမ်းမသာဖြစ်လျက်-

၄-၈။ ချစ်လှစွာသော မေမေ့ရင်သွေး လူကလေး သားငယ်ကို မတွေ့ရလျှင် ငါ့အားလည်ပင်းကို သန်လျက်ဖြင့်ဖြတ်ပိုင်း၍ သေရခြင်းက မွန်မြတ် ကောင်းမွန်ပါသေး၏၊ ငါ၏ ဦးခေါင်းကို နှစ်ခြမ်း နှစ်စိပ်ဖြတ်ခွဲ၍ အသက်သေရခြင်းက ကောင်းပါသေး၏၊ သားငယ်နှင့် ကွေကွင်းသဖြင့် အဘယ်မှာ အသက်ရှင်နေနိုင်ပါမည်နည်း၊ ချစ်စွာသော လူကလေး ဝံလို ငှက်မသည် သားငယ်နှင့် ခွဲခွါရသဖြင့် မချိတင်ကဲ ဝမ်းနည်းပူဆွေး ငိုကြွေးသကဲ့သို့ရင်း, ငှက်မသည် သားပျောက်သဖြင့် ဝမ်းနည်းပူဆွေး ငိုကြွေးသကဲ့သို့ရင်း, သားငယ်ကို မတွေ့ရသဖြင့် မိခင်မှာ အလွန်တရာ စိတ်ဆင်းရဲလှပါ၏၊ အဆိပ်ကို သောက်၍ သေရခြင်း, ချောက်ကမ်းပါးသို့ ခုန်ဆင်း၍သေချခြင်းကမှ ကောင်းပါသေး၏၊ သားငယ်နှင့် ကွေကွင်း၍ အသက်ရှင်နေရခြင်းဖြင့် ငါ့အား အဘယ်မှာအကျိုးရှိပါမည်နည်း။

ဟု ငိုကြွေး မြည်တမ်းလေ၏၊

ထိုအခါ မှူးမတ်အမျှားနှင့် တိုင်းသူ ပြည်သားအားလုံးတို့သည်လည်း ပါလိသတမြို့လုံး အနှံ့ ဝိုင်းဝန်းလိုက်လံ၍ သိရသာ မင်းသားအား ရှာဖွေကြပါသော်လည်း နေမွန်းတည့်ချိန်အထိ ရှာဖွေ၍ မတွေ့ကြလေကုန်၊ သုရသိ မိဖုရားကြီးသည် ပဓမမင်းကြီးထံသွား၍—

၉-၁၀။ မြတ်သောမင်းကြီး ယခုအခါ သားငယ်ကို ရှာမတွေ့တော့ပါ၊ သားငယ်ကို ရှာမတွေ့ပါလျှင် ကျွန်ုပ် သေရပါလိမ့်မည်၊ ကျွန်ုပ်၏ လည်ပင်းကို သန်လျက်ဖြင့်ခုတ်စင်း၍ အသက်သေရခြင်းကကောင်း ပါသေး၏—

ဟု ပြောဆို ငိုကြွေးမလေ၏၊

သို့သော်လည်း ပဒုမ္မ မင်းကြီးမှာ မည်သို့မျှ မတတ်နိုင်သောကြောင့် သုရသိ မိဖုရားအား ဘာမျှမပြောနိုင်ရှာပေ။ ထိုနောက် မိဖုရားကြီးသည် မင်းကြီးထံမှ ပြန်လာခဲ့ပြီးလျှင် မိမိနေရာသို့ ရောက်သောအခါ အထိန်းတော် အမျိုးသမီးတို့ကို ခေါ်လျက်- အို အထိန်းတော်အမျိုးသမီးတို့– သင်တို့သည် မင်း၏ ဥစ္စာ ရွှေ,ငွေ အဝတ်အထည်များထားရာ ဗာ,သေတ္တာအားလုံးတို့ကို ဖွင့်၍ရှာကြကုန်လော့ဟု ပြောဆိုလေ၏၊ အထိန်းတော်တို့သည် မိဖုရားကြီး အမိန့်ရှိသည့်အတိုင်း ရှာဖွေကြသောအခါ မင်းနန်းတော်၌ရှိသောသေတ္တာကြီး၏အလယ်၌ အဖိုးတန် အဝတ်အထည်များပေါ်တွင် ပဒုမာကြာပန်းပမာ တင့်တယ်စွာထိုင်နေသော သိရသာ သူငယ်ကို တွေ့ကြကုန်၏၊ အထိန်းတော် အမျိုးသမီးတို့သည် သားတော်ကို တွေ့ကြကြောင်းမိဖုရားအား အကြောင်းကြားသောအခါမိဖုရားကြီးသည် အလွန်တရာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် သားငယ်အား ပွေ့ချီ၍ နမ်းရှုတ်ပြီးလျှင်–

၁၁။ ချစ်စွာသော လူကလေး သင်သည်ကား မေမေ့အသည်းနှလုံးပမာ ဖြစ်ပါ၏၊ သားငယ်ကို မတွေ့ရသဖြင့် မေမေ့မှာ သေတော့မလောက် ပူဆွေးသောက ရောက်ခဲ့ရပါ၏ဟု ပြောဆိုလေ၏။

## သားတော်ကို ရှာဖွေတွေ့သော်လည်း ကံကြန်မပ ပန်လာပြန်တော့

ပဒုမ္မမင်းကြီး၌ သားတော် ခုနစ်ယောက်ရှိရာ သိရသာမင်းသားသည် အငယ်ဆုံး အထွေးဆုံးကလေး ဖြစ်၏၊ ယခုအခါ ကိုးလသားအရွယ် ရှိလေပြီ၊ ထိုအချိန်၌ ပဒုမ္မမင်းကြီးအား အကျိုးအကြောင်းကို ညွှန်ကြား ဆုံးမသော မင္ဂဟာရကမည်သော ပုဏ္ဏားတယောက် ရှိ၏၊ မင်း၏ဆရာ ပုရောဟိတ်ကြီး ဖြစ်၏၊ ယင်းပုဏ္ဏားကား ပယုတ်မာသော အလိုဆန္ဒရှိ၏၊ လောဘကြီး၏၊ ထိုအခါ ယင်းပုဏ္ဏားသည် မင်းကြီးအား "မြတ်သောမင်းကြီး သင်၏မိဖုရား သုရသိမှ မွေးဖွားသော သိရသာ သားငယ်သည် မိန်းမတို့ ဓမ္မတာ ဖွားရိုးဖွားစဉ်မှ မွေးဖွားသော သားမဟုတ်ချေ၊ ယင်းသို့ မွေးဖွားခြင်းသည်ကား လုံးဝ ကောင်းမွန် ဖြင့်မြတ် သင့်လျော် လျောက်ပတ်သော အရာမဟုတ်ပါ သင်မင်းကြီးသည် ဤသားငယ်ကို ကြီးပြင်းအောင်

မွေးမြူ၍ ဤသားငယ်သည် ကြီးပြင်းလာလျှင် သင်မင်းကြီးအား သတ်ဖြတ်ညှဉ်းဆဲ၍ တိုင်းပြည်ကို လုယူပါလိမ့်မည်၊ ထို့ပြင် နောင်တော် ခြောက်ယောက်တို့ကိုပါ လွှမ်းမိုး နှိပ်စက် အနိုင်အထက်ပြု၍ ယင်းသားငယ်တဦးတည်း တိုင်းပြည်ကို အုပ်ချုပ်၍ မင်းပြုလုပ်ပါလိမ့်မည်၊ သည်မျှသာ မကသေး ဤသားငယ်သည် ကြီးလာလျှင် စစ်သူ ဗိုလ်ပါအများနှင့်တကွ တိုင်းသူပြည်သား လူအများတို့ကိုပါ နှိပ်စက်ညှဉ်းပန်းပါလိမ့်မည် သို့ဖြစ်၍ ဤသားငယ်ကို အရှင်မင်းကြီး မွေးမြူရန် လုံးဝမသင့်လျော်ပါဟု မင်းကြီးအား လျှောက်ထား သံတော်ဦး တင်လေ၏။

## ဆရာမှားတော့ ငါးပါးမှောက်ရ

ပုဏ္ဏားတို့စကားကို ကြားသောအခါ မင်းကြီးသည် စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့၍ အသိဉာဏ်နည်းပါးရကား "ဘုရင့်အကျိုး လွန်မျှော်ကိုး၍ ရိုးရိုးသားသား တင်လျှောက်ထားပေသော အို ပုဏ္ဏားကြီး ကျွန်ုပ်သည်ကား မင်းဖြစ်သည့်အခါမှစ၍ အသင်ပုဏ္ဏား၏စကားကို တသဝေမတိမ်း လိုက်နာခဲ့ပါ၏ ယခုအခါ ကျွန်ုပ်၏အကျိုးကို မြှော်၍ လျှောက်ထားသော သင်ပုဏ္ဏားကြီးအား စက်သူကြီးအံ့ချထား၍ပင် ချီးမြှောက်ပါအံ့၊ ကျွန်ုပ်၏ တိုင်းပြည် တည်တံ့ ခိုင်မြဲအောင် သင်ပုဏ္ဏားကြီးသည် သင့်လျော်သလို စီမံပါလေဟု အမိန့်ရှိလေ၏၊ ထိုနောက် မင်းကြီးသည် သုရသိမိဖုရားကြီးကို ခေါ်စေသဖြင့် မိဖုရားကြီးသည် မင်း၏ထံပါးသို့ ရောက်လာ၏၊ ထိုအခါ ပုဏ္ဏားသည် အို မိဖုရားကြီး သင်မိဖုရားကြီး၏သား သိရသာမင်းသားငယ်သည် မွေးဖွားရိုး မွေးဖွားစဉ်မှ မွေးဖွားသော သားမဟုတ်သောကြောင့် သင့်သားအား ဤတိုင်းပြည်၌ မွေးမြူကျွေးမွေးထားရန် မသင့်လျော်ပေ၊ အကယ်၍ ဤတိုင်းပြည်၌ ဤသားငယ်ရှိပါက ဤတိုင်းပြည်ကို ဂင်္ဂါမြစ်ရေလွှမ်း၍ တိုင်းပြည် ပျက်စီးလတံ့၊ မင်းနှင့်တကွ အားလုံးသော သတ္တဝါတို့လည်း သေကြေပျက်စီးလတံ့ဟု မိဖုရားအား ပြောလေ၏၊ ပုဏ္ဏား၏စကားကို ကြားရသောအခါ မိဖုရားကြီးသည် လွန်စွာ စိတ် မချမ်းမသာဖြစ်လျက်--

(မိဖုရားကြီး) မြတ်သော မင်းကြီး အကျွန်ုပ်၏သား ဤတိုင်းပြည်၌ ရှိနေသဖြင့် အဘယ့်ကြောင့် တိုင်းပြည် ပျက်စီးပါလတ့်နည်း။

(မင်းကြီး) ချစ်စွာသော မိဖုရားကြီး ငါတို့ မိဘ နှစ်ပါးသည် သားကို ခင်တွယ်၍ မစွန့်လွှတ်နိုင်ပါလျှင် ငါတို့ နှစ်ဦးသာမက တတိုင်းပြည်လုံး ဂင်္ဂါရေယဉ် ကြောဝယ် မျော၍ ပျက်စီးပါလတ့်၊ ငါတို့မှာ မင်း၏ စည်းစိမ်ချမ်းသာ များစွာ ရှိပါ၏၊ ငါတို့သည် အသက်ရှင်သမျှ ကာလ ပတ်လုံး မင်း၏ စည်းစိမ်တို့ကို ချမ်းချမ်းသာသာ ခံစား၍ နေကြပါကုန်အံ့၊ သို့ဖြစ်၍ ငါတို့သည် သားငယ်အား ဓားဖြင့်ခုတ်, ဒုတ်ဖြင့်ရိုက်, အဆိပ်ခပ် သတ်ခြင်းတို့ကို မပြုလုပ်ဘဲ လှေပေါ် တင်၍ ဂင်္ဂါမြစ်ထဲသို့ မျောကြပါအံ့။

(မိဖုရားကြီး) ကျွန်ုပ်တို့၏ သားသည် အရှင်မင်းကြီး၏ လက်ချောင်းလေးများနှင့် တူပါ၏၊ အကယ်၍ သားငယ်ကို စွန့်လွှတ်လိုပါက သင် မင်းကြီး၏ လက်ချောင်းများကို ရှေးဦးစွာ ဖြတ်ပစ်ပါလော့ဟု ဆို၍ နေရာမှ ထပြီးလျှင် သားငယ်အား ပွေ့ပိုက်၍ ရင်ခွင်၌ နေစေလျက်—

၁၂။ အို ချစ်စွာသော လူကလေး သိရသာ သင့်အား ငါသည် ဆယ်လမျှ ဝမ်း၌-လွယ်၍ မွေးဖွား ကျွေးမွေး လာခဲ့ရာ ယခုအခါ ကိုးလသားပင် ရှိချေပြီ ချစ်စွာသော လူကလေး သင်သည် ယနေ့ သေခြင်းသို့ ရောက်ရတော့မှာ ကလား-

ဟု ဝမ်းနဲစွာ ငိုကြွေးမြည်တမ်းလေ၏။

### ရေမျောရန် မင်းသားလေးကို လုကြရာ

ထိုအခါတွင် ယင်းနေရာ၌ ရှိနေကြကုန်သော အထိန်းတော် အချီတော် အများတို့ သည်လည်း သိရသာသူငယ်၏ လက်များကို သုံးသပ်ကိုင်တွယ် ကြကုန်လျက် ငိုကြွေးမြည်တမ်းကြ ကုန်၏၊ ထိုအခိုက်တွင် မဟာရက ပုဏ္ဏားသည် ပါလိသမြို့တွင် ရှိသော ပုဏ္ဏားတထောင် တို့ကို ခေါ်စေ၍ နှစ်ရက်သုံးရက် အတွင်း လှေကစင်း ပြုလုပ်ပေးရန် ညွှန်ကြားလေ၏၊ လှေကို ပြုလုပ် တည်ဆောက်ပြီးနောက် သားငယ်အား ဂင်္ဂါမြစ်ရေ၌ မျောရန်

အတွက် လာပို့ဘို့ မိဖုရားကြီးထံ ၄-ကြိမ်တိုင်တိုင် တမန်စေလွှတ်၏၊ မိဖုရားကြီးသည် မိမိသားငယ်အား မပေးချေ၊ ထိုနောက် မိဖုရားကြီးသည် မိမိ၏ သားကြီး ခြောက်ယောက်တို့ကို ခေါ်စေ၍ ထိုအကြောင်းကို ပြောကြားလေ၏၊ ယင်း သားများအနက် ခြောက်ယောက် မြောက်သား ဖြစ်သော ဒေဝကာမ မင်းသားသည် အငယ်ဆုံးဖြစ်၍ လေးနှစ်သားအရွယ် ရှိသေး၏၊ ဒေဝကာမ မင်းသားသည် ညီငယ်သိရသာ မင်းသားလေးအား လွန်စွာ ချစ်ခင် မြတ်နိုး၏၊ ထို့ကြောင့်ပင် ဒေဝကာမ မင်းသားသည် သိရသာ မင်းသားနှင့် အတူတကွ နေလေ၏၊ ထိုအချိန်၌ ယုတ်မာသော ပုဏ္ဏားတို့သည် ရောက်လာကြကုန်လျက် မိဖုရားကြီးထံမှ သားငယ်ကို အတင်းလုယက် ယူငင်ကြ ကုန်၏၊ ယင်းသို့ အတင်းလုယက် ယူငင်သော ခဏတွင် ဘုရားလောင်း၏ တန်ခိုး ဣဒ္ဓိကြောင့် ထိုပုဏ္ဏား တို့၏ လက်မှ သွေးများယိုစီးထွက်ကျကုန်၏၊ ထိုအခါ ပုဏ္ဏားတို့သည် သိရသာမင်းသာကို စွန့်ပစ်ချထား ထွက်ခွါကြရ ကုန်၏။

## မင်းသားလေးကို တန်ဘိုးဖြတ်ဝယ်ယူသော်လည်း

ထိုနောက် ဒေဝကာမမင်းသားသည် ဘခင်ပဓမ္မမင်းကြီးထံသွားလျက် "အို ချစ်စွာသောဘခင် သင်သည် ကျွန်ုပ်၏ ညီငယ်ကို ပုဏ္ဏားတို့အား အဘယ့်ကြောင့် ပေးပါသနည်း" ဟု မေးလေ၏။ "အို ချစ်စွာသော သားတော်ဒေဝကာမ ငါသည် သားငယ်ကို ပုဏ္ဏားတို့အား ပေးသည်မှာ မှန်ပါ၏၊သင်တို့ဘာမျှဝင်ရောက်တားမြစ်ခြင်းမပြုကြကုန်လင့်"ဟုဆိုလေ၏။ ထိုအခါ ဒေဝကာမမင်းသားသည် လွန်စွာဒေါသထွက်လျက် လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကိုတီးခတ်၍ မျက်ရေဖြိုင်ဖြိုင်ကျကာ မိခင်ထံသို့ သွားနေလေ၏။ ထိုအခိုက်တွင် ပုဏ္ဏားတို့သည် တဖန်ပြန်လာကြကာ မင်း၏ နန်းတော်တံခါးဝသို့ရောက်လာကြကုန်၏။ ဒေဝကာမမင်းသားသည်အလွန် တရာ အမျက်ထွက်နေသဖြင့် နောင်တော်ငါးဦးတို့နှင့် စကားတစုံတရာ မပြောဘဲ ပုဏ္ဏားတို့အား ပြောဆိုသည်မှာကား....

(ဒေဝကာမ) အို ပုဏ္ဏားတို့ ကျွန်ုပ်တို့ ညီအစ်ကို ခြောက်ဦးတို့သည် ကျွန်ုပ်တို့ညီငယ်လေးအား ဝယ်ယူကြပါကုန်အံ့၊ ဤညီငယ်၏ကိုယ်အလေး

ချိန်နှင့်ညီမျှသောရွှေများကို သင်တို့အားပေးပါအံ့၊ သင်တို့သည် ထိုရွှေများကိုယူ၍ ကျွန်ုပ်တို့၏ညီငယ်အား ကျွန်ုပ်တို့ကိုပေးခဲ့ပါလော့။

(ပုဏ္ဏားများ) အို မင်းသားလေး ငါတို့သည် သင်ပေးသောရွှေကို မယူလိုပါ၊ ဤမင်းသားငယ်ကိုသာယူလိုပါ၏။

(ညီနောင်ခြောက်ဦး) အိုပုဏ္ဏားတို့ ကျွန်ုပ်တို့သည် ညီငယ်အတွက် ဆင်ခြောက်ရာ, မြင်းခြောက်ရာ, ကျွန်မိန်းမ ကျွန်ယောကျ်ား ခြောက်ရာ, နွားခြောက်ရာ, သိုးခြောက်ရာ, ရွှေကျပ်ခြောက်ရာ, ငွေကျပ်ခြောက်ရာ ပေးပါအံ့။

(ပုဏ္ဏားများ) သင်တို့ပေးသမျှကို ငါတို့မယူလို သင်တို့ညီငယ်ကိုပင် အလိုရှိကြပါကုန်၏။

(ညီနောင်ခြောက်ယောက်) အို ပုဏ္ဏားတို့ ကျွန်ုပ်တို့သည် ရွှေကိုးသိန်း ငွေကိုးသိန်းတို့ကိုပေးပါအံ့။

(ပုဏ္ဏားများ) ရွှေ,ငွေတို့ကို ငါတို့အလိုမရှိကြပါ။

(ညီနောင်ခြောက်ယောက်) အို ပုဏ္ဏားတို့ ကျွန်ုပ်တို့ညီငယ် သိရသာမင်းသားသည် ကြီးပြင်းလာသောအခါ ဘခင်မင်းကြီးအပေါ်၌ ဖြောင့်မှန်စွာမကျင့်ဘဲ တိုင်းပြည်ကိုလုယက်၍ ပြည်သူတို့ကိုညှဉ်းဆဲပါလျှင် ကျွန်ုပ်တို့၏လျှာကိုဖြတ်, လက်ကိုဖြတ်, မျက်လုံးတို့ကို ထိုးဖေါက်ဖျက်ဆီးကြပါကုန်လော့။

(ပုဏ္ဏားများ) သင်တို့ပေးသမျှပြောသမျှကို တခုမျှငါတို့လက်မခံပါ။

## မင်းသားလေး၏ နောင်တော်နို့ညာမင်းသား၏ ဒေါသ

ထိုအခါ၌ ဒေဝကာမမင်းသားသည် လက်တဖက်မှညီငယ်ကို ပွေ့ချီလျက် လက်တဖက်မှ သန်လျက်ကို ကိုင်ကာ အလွန်ဒေါသထွက်နေလေ၏၊ မယ်တော်သုရသိ မိဖုရားသည် ဒေဝကာမ မင်းသား၏စိတ် ထက်မြက်ပုံကို မြင်ရသဖြင့် သားကြီး ငါးဦးတို့အား ညီငယ် ဒေဝကာမ မင်းသားအား ကြည့်ရှုစောင့်ရှောက်ကြရန်, ညီအကိုအချင်းချင်းသင့်တင့်ညီညွတ်စွာနေကြ

ရန်, တဦးအပေါ်တဦး သည်းခံကြရန်တို့ကို ဆိုးမပြောကြားလျက် ငိုကြွေး၍သာ နေရရှာလေ၏၊ မင်းသားခြောက်ဦးတို့သည်လည်း မည်သို့မျှမတတ်နိုင်ကြသဖြင့် လက်မှိုင်ချကာ ငိုကြွေးနေရရှာကုန်၏၊ ထိုအခိုက်တွင် ပုဏ္ဏားတို့သည် မင်းနန်းတော်၏ လှေခါးသို့ ရောက်လာကြလေပြီ။

ဒေဝကာမ မင်းသားသည် ပုဏ္ဏားတို့ကို တွေ့မြင်ရသောအခါ သန်လျက်ကို ယူ၍ တက်လာသော ပုဏ္ဏားတို့အား ခုတ်သတ်ရန် အားထုတ်လေ၏၊ ကျန်အကိုငါးယောက်တို့က ဒေဝကာမညီငယ်အား ပွေ့ဖက်ဆွဲထားကြပြီးလျှင်– ချစ်စွာသော ညီငယ်ဒေဝကာမ ဤပုဏ္ဏားတို့ကိုသတ်ရန် အားမထုတ်ပါလင့်၊ ငါတို့သည် ဤပုဏ္ဏားတို့ကိုသတ်လျှင် ငါတို့ဖခင်သည် ငါတို့အား သတ်ပစ်လိမ့်မည်၊ သို့ဖြစ်၍ ငါ့ညီငယ်သည် သည်းခံပါလော့၊ ပုဏ္ဏားတို့ မကောင်းမှု ယုတ်မာမှုကိုပြုလျှင် ၎င်းတို့ အကုသိုလ်က ၎င်းတို့ကိုမကောင်းကျိုး ပေးပါလိမ့်မည်ဟု ဂိုင်းဝန်း၍ ပြောဆိုဆုံးမကြကုန်၏၊ ထိုအခါ ဒေဝကာမမင်းသားသည် နောင်တော်များစကားကို နားထောင်လျက် သန်လျက်ကို စွန့်ပစ်ပယ်ရှား၍ မိခင်ရင်ခွင်၌နေသော ညီငယ်သိရသာမင်းသားအား ပွေ့ဖက်လျက် မိခင်နှင့် ညီငယ်အား စကားပြောဆိုလိုသဖြင့်–

၁၃–၁၆။ အို ချစ်စွာသောမိခင် သင်သည် ကျွန်ုပ်တို့ကို စွန့်ခွါလျက် အဘယ်ကြောင့် သေမင်းနိုင်ငံသို့ သွားပါအံ့နည်း၊ သင်၏ရင်မှ ဖြစ်သော ကျွန်ုပ်အား ကျွေးမွေးပြုစုလာခဲ့သည်မှာ ယခုကျွန်ုပ်အသက် လေးနှစ်အရွယ်ပင် ရှိခဲ့ပါပြီ၊ ယခုအခါ ကျွန်ုပ်သည်ညီငယ်အား ယုယပိုက်ထွေး၍ အားရတင်းတိမ်ခြင်း မရှိသေးပါ၊ ကျွန်ုပ်တို့အား အဘယ်သို့လျှင် စွန့်ခွါသွားပါအံ့နည်း၊ အို ချစ်စွာသောညီကလေး သင်သည် ပညာရှိ၍ မြင့်မြတ်သူကလေးဖြစ်ပါ၏၊ ငါနှင့်အတူ မိခင်နို့ကိုစို့၍ အတူတကွအိပ်ခဲ့ကြသည် မဟုတ်ပါလား၊ ငါတို့သည် မိခင်နို့ကို တယောက်တဖက် သောက်စို့ကြပါကုန်အံ့၊ ပုဏ္ဏားတို့သည် ငါတို့၏ချစ်ခင်ကြင်နာခြင်းကို ဖျက်ဆီး၍ အဘယ်ကြောင့် ငါတို့ကို ကွေကွင်းကွဲကွာအောင် ပြုလုပ်ဘိသနည်း ဟု ပြောဆိုငိုကြွေးလေ၏။

## မိဖုရားနှင့်မင်းသားလေးကို မြစ်ထဲမျှောပုံ

ထိုအခိုက်၌ပင် ယုတ်မာသောပုဏ္ဏားတို့သည် ရောက်လာကြကုန်လျက် သုရသိမိဖုရားနှင့်တကွ သိရသာမင်းသားငယ်ကိုခေါ်ဆောင်၍ ဂင်္ဂါမြစ်ဆိပ်သို့သွားကာ သားအမိနှစ်ဦးတို့ကို လှေတစင်းပေါ်သို့တင်လေ၏။ ထိုအခါ အထိန်းတော် အချီတော်တို့သည် ရတနာ အမျိုးမျိုးတို့ကိုယူ၍ သုရသိမိဖုရားအား ပေးကြပြီးလျှင် အစုလိုက် အစုလိုက်ပြု၍ ငိုကြွေးမြည်တမ်းကြလျက် ထိုနေရာ၌ပင် မေ့မျောလဲကြကုန်၏။ သုရသိမိဖုရားသည်ကား အဖိုးတရာတန် အဝတ်တထည်ကိုယူ၍ ပုခက်သဖွယ် လည်ပင်း၌ပြုလျက် သိရသာမင်းသားအား ခေါ်ဆောင်သွားလေ၏။ ဒေဝကာမ စသော ညီနောင်ခြောက်ဦးတို့သည်လည်း အပြင်းအထန်ငိုကြွေးကြလျက် ထိုနေရာ၌ပင် မေ့မျောလဲကျကုန်၏။ ယင်းသို့ သားတော်များနှင့် အထိန်းတော် အချီတော်များ အကြီးအကျယ် ငိုကြွေး မြည်တမ်းနေကြစဉ်မှာပင် ပုဏ္ဏားတို့သည်လှေ၏အလယ်၌ မိဖုရားအားမြဲမြံစွာ သော့ခတ် တုတ်နှောင်လျက် လှေကိုအလျင်အမြန် မြစ်လယ်သို့ ရောက်စေပြီးလျှင် အလံတထောင်မျှ ဝေးသောနေရာရောက်မှ လှေကိုပစ်ထားခဲ့ပြီးလျှင် ပုဏ္ဏားတို့သည် အခြားလှေတစင်းဖြင့် မြစ်ကမ်းနားသို့ပြန်လာကြကုန်၏။ သားအမိနှစ်ဦးတို့သည် မြစ်လယ်၌လှေဖြင့် မျောပါလျက်ရှိရာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကစောင့်ရှောက်လျက် နေ့စဉ် နတ်သုဒ္ဓါ ထမင်းတို့ကို လာရောက်ကျွေးမွေးကြကုန်၏။ ယင်းသို့ သားအမိ နှစ်ဦးအား ဂင်္ဂါမြစ်တွင်းသို့ မျှောလိုက်သောအခါ သုံးသောင်းခြောက်ထောင်မျှ ပမာဏ ရှိကုန်သော လူအပေါင်းတို့သည် သားအမိနှစ်ဦးတို့အား လွန်စွာချစ်ခင်မြတ်နိုးတွယ်တာခြင်းရှိကြသဖြင့် ဝမ်းနည်းပူဆွေးကြလျက် သတိမေ့မျောမိန်းမောလဲကျကြကုန်၏။ ထိုအခိုက်တွင်ဘုရားအလောင်းသိရသာသူငယ်၏တန်ခိုးအာနုဘော်ကြောင့် သိကြားမင်းစသောနတ်အများတို့သည် ထိုနေရာ၌ ပေါက္ခရဝဿမိုးကိုရွာဖြိုးစေလေ၏။ (ပေါက္ခရဝဿမိုးဆိုသည်ကား ပန်းပိုးနှင်းမိုးဖြစ်၏၊ ပါဠိအင်္ဂလိပ်အဘိဓာန်) ထိုအခါ၌ မေ့မျောလဲကျကုန်သော လူအများတို့သည် အားလုံးအသက်များရှုလာလျက် ချမ်းသာရကြကုန်၍ ဘုရားလောင်းအား အဝေးမှပင် မှန်းမျှော်ရှိခိုးကြကုန်၏။

## မိဖုရားနှင့် သားတော်မရှိပြီးနောက် တိုင်းပြည်အခြေအနေ

သားအမိနှစ်ဦးအား မြစ်ရေယဉ်ကြောသို့ မျှောလိုက်သော အချိန်မှ စ၍ မြို့သူ မြို့သား လူအများတို့သည် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ကြကုန်လျက် စိတ်ပျော်ရွှင် ချမ်းမြေ့မှု လုံးဝမရှိကြသည့်အတွက် အိပ်ရာ နေရာ စားရာတို့၌ ရွှင်လန်းခြင်း မရှိကြသဖြင့် ရယ်မောသံ သီဆိုသံ တီးမှုတ်သံနှင့် ကခုန်ခြင်းတို့ကို ကြားရ တွေ့မြင်ရခြင်းမရှိဘဲ ပါလိသ တမြို့လုံးတွင် ရှိကြသူတို့၏ ငိုယိုမြည်တမ်းသံကိုသာ ကြားကြရသောကြောင့် တမြို့လုံးသည် မင်းမရှိ မင်းမဲ့သော တိုင်းပြည်ကဲ့သို့ ဖြစ်လျက် ပျင်းရိခြောက်သွေ့ ငြိုးငွေ့စရာကြီး ဖြစ်နေလေ၏၊ ဘုရားလောင်း၏ တန်ခိုး အာနုဘော်ကြောင့် ဆင်မြင်းကျွဲနွား စသော သတ္တဝါများတို့သည် အစားအစာကို မစားကြဘဲ ခေါင်းကို အောက်သို့စိုက်လျက် မျက်ရည်များ ယိုစီးကြကုန်၏၊ ဆင်တို့သည်လည်း ဆင်အော်သံကိုမပြု မြင်းတို့သည်လည်း မြင်းဟီသံကို မပြုကြကုန်၊ ပါလိသတမြို့လုံး၌ ရှိကြကုန်သော အုန်းပင်, ထန်းပင် ကွမ်းသီးပင် သရက်ပင် ငှက်ပျောပင် စသည်တို့သည်လည်း ညှိုးနွမ်း ခြောက်သွေ့လျက် ရှိကြကုန်၏၊ ပဒုမ္မမင်းကြီး၏ ဉယျာဉ်တော်ရှိ အလွန်တရာ စိမ်းလန်းစိုပြေ ကျက်သရေရှိလှသော သစ်ပင်တို့သည်လည်း ခြောက်သွေ့ညှိုးနွမ်းလျက် ရှိကြကုန်၏၊ ဘုရားလောင်း၏တန်ခိုးအာနုဘော်ကြောင့် ပုဏ္ဏားတို့နေရာအရပ်၌ တွင်း အိုင် မြစ် ချောင်းများမှ ရေများ ခန်းခြောက်ကုန်လျက် မိုးရေတပေါက်မျှ မရကြကုန်၊ ပုဏ္ဏားတို့နေရာအရပ်၌ အကြီးအကျယ် ဆုတ်ယုတ် ပျက်ပြားလေ၏၊ သားနှင့်မယားကို ပင်လယ်ရေပြင်ကြောဝယ် မျှောလိုက်သည့် အချိန်မှစ၍ ပဒုမ္မမင်းကြီးသည် စိတ်လက် မချမ်းမသာဖြစ်လျက် အမတ်စသည်တို့အား တစုံတရာစကား ပြောဆိုခြင်းမရှိဘဲ မိမိဘာသာ မျှော်တွေးကြံမှိုင်လျက်သာ နေလေ၏၊ ဘုရားလောင်းသူငယ်အား နတ်အပေါင်းတို့က ဖျော်ဖြေတီးမှုတ်သော တူရိယာသံများ, နတ်, နဂါး, ဘီလူး, ဂန္ဓဗ္ဗ စသည်တို့က ပူဇော်ကြသော အသံများကိုသာ နေ့ညဉ့်မပြတ် မင်းကြီးသည် ကြားနေရ၏၊ ဘုရားလောင်းသူငယ်အား မြစ်ရေ့ထဲ မျှောလိုက်သည်မှာ ယခုအခါ လေးလမျှ ရှိသွားလေပြီ။

## အဖျက်သမားနှင့် ပြုပြင်ရေးသမားတို့ကွဲပြားပုံ

ထိုအချိန်၌ပဓမ္မမင်းကြီး၏အဖိုး စစ်သေနာပတိတဦးသည် ပါလိသမြို့၏ မြောက်ဖက် ခုနစ်ယူဇနာ (၁-ယူဇနာကား ၇-မိုင်မျှရှိ၏) ဝေးသောအရပ် ဂင်္ဂါမြစ်ဆိပ်အနီးရှိတိုင်းပြည်တခုတွင်နေလေ၏။ အဖိုးဖြစ်သော စစ်သေနာ ပတိ၏နောက်လိုက်ဗိုလ်ပါပရိသတ်တို့ကား တသောင်းမျှရှိလေ၏၊ ထိုအဖိုး ဖြစ်သော စစ်သေနာပတိသည် အကြောင်းကိစ္စတခုဖြင့် ပဓမ္မမင်းကြီးထံ သွားသောအခါ ပါလိသမြို့သို့ရောက်လေလျှင် ထိုအကြောင်းကို ကြားသိ သဖြင့် "ဤပဓမ္မမင်းသည် မပြစ်မှားသင့်သောပုဂ္ဂိုလ်အား ပြစ်မှားမိချေပြီ" ဟု သိရှိသောကြောင့် စီးတော်ဆင်ထက်မှ ဆင်းသက်ပြီးလျှင် မင်း၏ နန်းတော်သို့သွားလေ၏။ နန်းတော်သို့ ရောက်သောအခါ ယုတ်မာသော ပုဏ္ဏားများခြံရံလျက် မျက်နှာမသာမယာဖြင့် ပလ္လင်ထက်၌ထိုင်နေသော ပဓမ္မမင်းကြီးအား တွေ့လေ၏။

ထိုနောက် ပဓမ္မမင်း၏လက်ကိုကိုင်၍ မိမိဦးခေါင်းထက်၌ထားပြီးလျှင် မင်းကြီးနှင့်စကားပြောဆိုလျက် "မြတ်သောမင်းကြီး အဘယ့်ကြောင့် သင်၏တိုင်းနိုင်ငံသည် ညှိုးနွမ်းဆုတ်ယုတ်နေပါသနည်း၊ စစ်သူကြီး စသည် တို့သည်လည်း အဘယ့်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေကြပါသနည်း။ သင်သည် မင်းပြုပြီးလျှင် တိုင်းသူပြည်သားတို့အား အဘယ့်ကြောင့် နှိပ်စက် ညှဉ်းပန်းခြင်းကိုပြုပါသနည်း၊ ထိုသို့မဟုတ်ပါလျှင်လည်း သင်သည် မပြစ် မှားသင့်သော ပုဂ္ဂိုလ်တဦးဦးအား ပြစ်မှားကျူးလွန်ခြင်းကို ပြုလုပ်မိပါ သလား၊ သင်သည် ကြံတွေးမှိုင်ငေးလျက် စကားမပြောဘဲ အဘယ့်ကြောင့် နေပါသနည်းဟု မေးမြန်းလေ၏။ ယင်းသို့ မေးမြန်းပြီးနောက် အဖိုး ဖြစ်သော စစ်သေနာပတိသည် ဆက်လက်၍

၁၇-၂၇။ မြတ်သောမင်းကြီး သင်မင်းကြီးသည်ဆင်မြင်းရတနာ၊ သားသမီး ရတနာတို့ကို ရောင်းချခဲ့မိ၍ စိတ်မချမ်းမသာ ဖြစ်နေပါသလား၊ ထိုသို့မဟုတ် နုနယ်ပျိုနုသော အမတ်ငယ်များက မကျွမ်းမကျင် ချွတ်ချွတ်ယွင်းယွင်း တိုင်းပြည်ကို စီမံအုပ်ချုပ်သဖြင့် မင်းမှုကိစ္စတို့

မှားယွင်းခဲ့သောကြောင့် စိတ်ဆင်းရဲခြင်းဖြစ်နေပါသလား၊ ထိုသို့မဟုတ် ဉာဏ်ပညာအမြော်အမြင် နည်းပါးသော မှူးမတ်တို့၏ ယုတ်မာညစ်ညမ်း ဟောက်ရမ်းမှုများကြောင့် ပြည်သူတို့ စိတ်ဒုက္ခ ရောက်ရသည်ကို တွေ့ရသဖြင့် သင်မင်းကြီးမှာ စိတ်မချမ်းမသာ ဖြစ်နေပါသလား၊ ထိုသို့မဟုတ် သင်မင်းကြီးသည် စေတီပုထိုး တို့ကို ဖျက်ဆီးမိခဲ့၍ စိတ်လက်မရွှင်ဖြစ်နေပါသလား၊ ယခုအခါ သင်မင်းကြီး၏ ဆင်မြင်းကျွဲနွားတို့သည် အစာကိုပင် မစားကြဘဲ စိတ်ဆင်းရဲနေကြပါကုန်၏၊ သင်မင်းကြီး၏သားတော်များ ကချေသည်များ ပြည့်တန်ဆာများ ပုဏ္ဏားများ သည်လည်း မိမိတို့ လုပ်ငန်းကိစ္စအဝဝတို့ကို မပြုလုပ်ကြဘဲ စွန့်လွှတ်၍နေကြပါကုန်၏။ ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ ခြေလျင်စစ်သည်တို့သည် ရှေးအခါက ရဲရင့်စွာ အမှုထမ်းဆောင်ကြကုန်သော်လည်း ယခု အခါ စိတ်ဆင်းရဲလျက်စိတ်အားငယ်နေကြပါကုန်၏။ မြတ်သော မင်းကြီး သင်မင်းကြီး၏ တိုင်းပြည်၌ရှိသော အုန်းပင် ထန်းပင် ငှက်ပျောပင် သရက်ပင်စသည်တို့သည် မစိမ်းမလန်း ညှိုးနွမ်း လျက်သာရှိကြပါကုန်၏။ မြတ်သောမင်းကြီး ပုဏ္ဏားတို့စီမံခန့်ခွဲ သောလုပ်ငန်းများကိုပြန်လည်စိစစ်၍ ပြုပြင်သင့်သည်တို့ကို အသစ် တဖန်ပြုပြင်စီမံပါလော့–ဟု မေးမြန်းပြောဆိုလေ၏။

ထိုစကားကိုကြားသောအခါ ပဓမ္မမင်းကြီးသည် အဖိုးစစ်သူကြီးအား–

၂၈–၃၀။ အဖိုးဖြစ်သော စစ်သူကြီး ကျွန်ုပ်မိဖုရားကြီး၏ ခံတွင်းမှ မွေး ဖွားသော သားတယောက်သည် ကိုးလမျှ ကျွေးမွေး ပြုစုခဲ့ရာ ကျန်းမာ ချမ်းသာစွာ ရှိခဲ့ပါ၏၊ ယင်း ကိုးလသားအရွယ် သား ငယ်သည် ယနေ့တွင် အဝတ်များထည့်ရာ သေတ္တာကြီးထဲ၌ အဖိုး တန် အဝတ်များထဲတွင် ပုန်းအောင်း၍ နေခဲ့ပါ၏၊ ယင်း သား ငယ်ကို မိခင်နှင့်တကွ ခေါ်ဆောင်၍ လှေပေါ်တင်ကာ မြစ်ရေ ယဉ်ကြောသို့ မျှောလိုက်ပါ၏၊ ကျွန်ုပ်မှာ ဤကဲ့သို့ မပြုလုပ်သင့် သည်ကို ပြုလုပ်ခဲ့သော မသင့်လျော်သော အမှုများ ရှိခဲ့ပါသည်ဟု ပြောဆိုလေ၏။

## အဖိုး စစ်သေနာပတိ၏ အဆုံးအမ

ပဓမ္မမင်းကြီး စကားကို ကြားလျှင် အဖိုးဖြစ်သော စစ်သေနာပတိသည် ပဓမ္မမင်းကြီးအား—

၃၁-၄၀။ မြတ်သော မင်းကြီး ကျွန်ုပ်သည် ရှေးအခါက စစ်သည်တော်များကို ကောင်းစွာ စောင့်ထိန်း၍ လူအများ တို့အား သင့်သော အမှု မသင့်သော အမှုတို့ကို စိစစ်ဝေဖန် ညွှန်ကြားစီမံလျက် စောင့်ရှောက်ခဲ့ပါ၏၊ ယင်းသို့ ကောင်းစွာ စီမံခန့်ခွဲ အုပ်ချုပ်ခဲ့သောကြောင့် ဆင်, မြင်း, နွား, ကျွဲတို့သည် ကောင်းစွာ အစားအစာ စားကြပါကုန်၏၊ မိန်းမယောကျ်ား အားလုံးတို့သည် ကျွန်ုပ်၏ စကားကို လိုက်နာကြပါကုန်၏၊ သင်မင်းကြီး သည်လည်း ယခုအခါ ကျွန်ုပ်စကားကို နားထောင်ပါလော့၊ သင်သည် သားနှင့် မယားကို ဂင်္ဂါမြစ်ထဲသို့ မျှောလိုက်ခြင်းမှာ မိမိ၏လျှာ, မိမိ၏လက်ခြေတို့ကို လှီးဖြတ်သကဲ့သို့ ဖြစ်ပါ၏၊ ယင်းသို့ ပြုမူခြင်းသည် လုံးဝ မသင့်လျော်သော အမှု ဖြစ်ပါသည်၊ သင်သည် နောင်တတဖန် ပူပန်ရမည့် အလုပ်မျိုးကို လုပ်ခဲ့ခြင်း ဖြစ်ပေသည်၊ သင်သည် နောင်တတဖန် မပူပန်ရမည့် အလုပ်မျိုး ကိုသာ ပြုလုပ်သင့်ပါ၏။

အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသောသူသည် ပျင်းရိလျှင် မကောင်းပါ၊ အိမ်ရာမထောင် လူ့ဘောင်ကို ပယ်ခွါလျက် ရဟန်းဘဝဖြင့် နေသောသူသည် ကိုယ်နှုတ်နှလုံးကို မစောင့်စည်းပါလျှင်မကောင်းပါ၊ မမွန်မြတ်ပါ၊ ပညာရှိသောသူသည် အမျက်ဒေါသကြီး၍ မဆင်မခြင် မနှိုင်းမဆ ပြုမူပါလျှင် မကောင်းပါ၊ အကြင်သူသည် အရာရာ၌ အသိဉာဏ်မရှိ မိုက်မဲတွေဝေ၏၊ ထိုမိုက်မဲသော သူ၏ မိုက်မိုက်ကန်းကန်း အရမ်း အမဲ့ ပြုလုပ်မှုများသည် ကောင်းရာဘဝသို့ ရောက်ရာရောက်ကြောင်း မဟုတ်ပါ၊ ကောင်းကျိုး ဖြစ်ထွန်းမလာနိုင်ပါ၊ မကောင်းသော ဆင်းရဲဒုက္ခသို့ ရှေးရှုကျဆင်းရန်သာ ဖြစ်ပါ၏၊ မြတ်သောမင်းကြီး သူတော်ကောင်း

တို့နှင့်သာ မှီဝဲပေါင်းဖေါ် ဆည်းကပ်ရာ၏၊ သူတော်ကောင်းတို့နှင့် အကျွမ်းတဝင် ခင်မင်နီးနှော)ခြင်း ပြုရာ၏၊ သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ သူတော်ကောင်း တရားများကို သိပါလျှင် သင်သည် ယုတ်မာသောသူ မဖြစ်ဘဲ လောကတွင် မြင့်မြတ်သောသူ ဖြစ်ပါလတ့်-

ဟု ဆုံးမစကား ပြောကြားလေ၏။

## မိဖုရားနှင့် သားတော်လေး ပြန်ရောက်စေကြောင်း ပူဇော်ပသပုံ

ယင်းသို့ ဆုံးမစကား ပြောကြားပြီးနောက် အဖိုးဖြစ်သော စစ်သေနာပတိသည် ပဓမ္မမင်းအား "မြတ်သောမင်းကြီး သင်သည် ဤကဲ့သို့သားနှင့် မယားအား မြစ်ရေ၌ မျှောခြင်းဟူသော မသင့်လျော်သောအမှုကို သင့်အလိုအလျောက် သင်၏ သဘောဆန္ဒဖြင့် ပြုလုပ်ခြင်း ဖြစ်ပါသလော၊ သို့မဟုတ် တစုံတယောက်က စေခိုင်းတိုက်တွန်းအကြံပေး စီမံသောကြောင့် ပြုလုပ်ခြင်းဖြစ်ပါသလောဟု မေးပြန်၏၊ ထိုအခါ ပဓမ္မမင်းသည် အဖိုးဖြစ်သော စစ်သူကြီးအား မည်သို့မျှပြန်မပြောဘဲ စကားမပြော တုဏှီဘောနေလေ၏၊ ထိုနောက် အဖိုးစစ်သူကြီးသည် ပဓမ္မမင်းအား ပန်ကြားလျက် ပါလိသမြို့မှ ထွက်ခွာ၍ မိမိတိုင်းပြည်သို့ပြန်လာရာ နှစ်ရက်သုံးရက်ဖြင့် မိမိတိုင်းပြည်သို့ ပြန်ရောက်လေ၏၊ အဖိုးစစ်သူကြီးသည် မိမိတိုင်းပြည်ပြန်ရောက်သောအခါ မိမိပရိသတ်ဖြစ်သော လူအပေါင်းနှင့် တိုင်ပင်ဆွေးနွေး၏၊ "ဆွေးနွေး ကြသည်မှာကား အို လူများအပေါင်းတို့ ပဓမ္မမင်းသည် မိမိ၏ သားနှင့်မယားကို ဂင်္ဂါမြစ်ရေယဉ်ကြောသို့ မျှောလိုက်၏၊ ယင်းသားတော် သိရသာမင်းသားသည် ဘုန်းတန်ခိုးအာနုဘော်ရှိ၏၊ ဘုရားလောင်းလား သိကြားမင်းလား နတ်သား အထူးပေလား တခုခုတော့ ဖြစ်မည်ထင်၏၊ မည်သို့ပင်ဖြစ်စေ ယင်းသိရသာ မင်းသားသည် ငါတို့နိုင်ငံသို့ ရောက်လာလျှင် ငါတို့သည် ယင်းမင်းသားအား ကောင်းစွာ ပူဇော်သက္ကာရ ပြုကြကုန်အံ့ဟု တိုင်ပင်ဆွေးနွေး ကြကုန်၏၊ ထိုအခါ လူအပေါင်းတို့က "အို စစ်သူကြီး ဤမင်းသားငယ်အား ထင်ရှားသိရအောင် ကျွန်ုပ်တို့သည် ရေမွှေးတိုင်များကို ပြုလုပ်ကြကုန်အံ့"ဟု ပြောဆိုကြပြီးလျှင် လူအပေါင်း

တို့သည် အညီအညွတ် သတောတူကြလျက် ပဲခွပ်တို့ကိုငင်း, ပေါက်ဆိန်တို့ကိုငင်း ယူဆောင်ကြ၍ တောသို့ဝင်ကာ အနှစ်ရှိသော အသားတို့ကို ခုတ်ယူလျက် ခုနစ်ရာသော ရွှေအမွေးတိုင်တို့ကို ပြုလုပ်ကြပြီး ရွှေအမွေးတိုင်တို့ကို ဂင်္ဂါမြစ်ကမ်းနား၌ စိုက်ထူကြကုန်၏၊ ထိုနောက် စစ်သူကြီးသည် လက်အုပ်ချီလျက် ဂင်္ဂါမြစ်သို့ရှေးရှု၍ ဘုရား တရား သံဃာ ရတနာသုံးပါးတို့အား ရှိခိုးပါ၏ဟု ရှိခိုးလျက် ဆုတောင်းပတ္ထနာ ပြုလိုရကား—

၄၁။ သိရသာ မင်းသားနှင့် မယ်တော် သုရသိဒေဝီတို့သည် ကျွန်ုပ်ထံသို့ လာရောက်ကြပါရန် တောင်းပန်ပါ၏၊ ကျွန်ုပ်ကို သနားသောအားဖြင့် မင်းနှစ်ပါးတို့သည် ကျွန်ုပ်ထံသို့ လာကြပါကုန်လော့၊ ကျွန်ုပ်ထံ ရောက်သည့်အခါ မင်းနှစ်ပါးတို့အား ကျွန်ုပ်သည်ကောင်းစွာကျွေးမွေး စောင့်ရှောက်ပါအံ့ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

## အဝိဋ္ဌာန် တန်ခိုးကြောင့် သားအမိနှစ်ဦးတို့ ရောက်ရှိလာ

ထိုခဏ၌ပင် ကောင်းကင်လေသည် တောင်အရပ်မှ တိုက်ခတ်လာပြီးလျှင် ဘုရားလောင်း၏လှေကို တိုက်ခတ်လျက် ဆယ်ယူဇနာမျှ ဝေးကွာသောအရပ်မှ စစ်သူကြီး၏ ရွှေနှံ့သာ အမွေးတိုင်များ စိုက်ထူထားရာ ဆိပ်ကမ်းဆီသို့ ရှေးရှု ဦးတည်လာလေ၏၊ စစ်သူကြီးသည် ငါးရက်မြောက် ဆုတောင်းခြင်းကို ပြုလျက် မြစ်အပြင်သို့ လှမ်းမြော်ကြည့်သောအခါ ဘုရားလောင်း၏ လှေကို မြင်ရလေ၏၊ ဘုရားလောင်း၏လှေသည် ကမ်းသို့ ဆိုက်ရောက်လာမည့် ၆-ရက်မြောက်သော နေ့တွင်ကား ဂင်္ဂါမြစ်လယ်မှ တူရိယာသံတို့ကို ကြားကြရကုန်၏၊ စစ်သူကြီးသည် ရွှေနံ့သာအမွေးတိုင် ဆိပ်ကမ်း၌ တံခွန်တထောင် ကုက္ကားတထောင်တို့ကို ပြုလုပ်ဆင်ယင်လျက် ဆီမီးတထောင်, နတ်ပန်းတထောင်, ငုပန်းတထောင်, ပဒုမာကြာပန်းတထောင် ပေါက်ပေါက်တထောင်, အုန်းတထောင်, ကွမ်းသီးတထောင်, စသည်တို့ကို ပြုလုပ်စေပြီးလျှင် မြေများ လမ်းများကို ညီညွတ်အောင် ပြုပြင်စေလေ၏၊ ထိုနောက် ဂင်္ဂါမြစ်ဆိပ်၌ လှပတင့်တယ် ဆန်းကြယ်သော ပြာသာဒ်ကို ဆောက်လုပ်စေ၏၊ ဂင်္ဂါမြစ်ကမ်းမှ ပြာသာဒ်၏ လှေကားအထိရင်း မြစ်

ကမ်းမှ မိမိအိမ်လှေကားအထိရှင်း အထူးထူး အပြားပြား ဆန်းကြယ်သော အဝတ်များကို ခင်းစေလျက် နံ့သာပန်းမာလ် စသည်တို့ကိုရှင်း ထမင်း ခဲဘွယ်ဘောဇဉ်စသော စားသောက် သုံးဆောင်ဘွယ်တို့ကိုရှင်း ထားစေ၏၊ ယင်းဆိပ်ကမ်း၌ ပန်းပေါက်ပေါက် စသည်တို့ကို ကြဲဖြန့်စေလျက် အကြီး အကျယ် ပူဇော်ခြင်းကို ပြုလေ၏။

နောက်တနေ့၌ သားအမိနှစ်ဦးတို့၏လှသည် ဂင်္ဂါမြစ်အလယ်တွင် စုံ မျှောနေရာမှ လှေ၏အဟုန်ဖြင့် စစ်သူကြီး၏ ဂင်္ဂါမြစ်ဆိပ်သို့ ရှေ့ရှုဦးတည် လျက် ရွှေနံ့သာအမွှေးတိုင်များ ပြုလုပ်ထားသော ဆိပ်ကမ်းသို့ ရောက်လာ လေ၏၊ ထိုခဏ၌ လူအပေါင်းတို့သည် ပန်းပေါက်ပေါက် စသည်တို့ကို ကြဲ ဖြန့်ကြကုန်လျက် တူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ ထိုအခါ အဖိုးဖြစ်သော စစ်သူကြီးသည် သားအမိနှစ်ဦးတို့ လှေးဦးထိပ်မှ ကြိုးကိုဆွဲယူ၍ မြစ်ကမ်း ပါး အနီးသို့ ဆွဲယူလာ၏၊ လူအပေါင်းတို့သည် သံကြိုးဖြင့် လှေကို ချီ နှောင်၍ ရွှေနံ့သာအမွှေးတိုင်၌ ချီကြကုန်၏၊ ထိုအခါ စစ်သူကြီးသည် နံ့သာပန်း စသည်တို့ကိုယူလျက် ဦးခေါင်းပေါ်တင်၍ သိရသာမင်းသား လေး၏ လှေပေါ်သို့ တက်လေ၏၊ လူအပေါင်းတို့လည်း နောက်မှ လိုက်ပါ ကြကုန်၏၊ စစ်သူကြီးသည် လှေ၏အလယ်တွင် သုရသိမိဖုရားနှင့် မိခင်၏ ရင်ခွင်တွင် နေသော သိရသာမင်းသားတို့ကို တွေ့မြင်လေ၏၊ သုရသိ မိဖုရားသည် အဖိုးဖြစ်သော စစ်သူကြီးကို တွေ့ရသဖြင့် အဖိုးစစ်သူကြီး၏ လက်ကို ကိုင်ဆွဲ၍ မိမိ၏ ဦးထိပ်ထက်၌ တင်ထားပြီးလျှင်· အို ချစ်စွာသော အဖိုး မြစ်လယ် လှေပေါ်၌ နေခဲ့ရသည်မှာ လေးလကြာမျှ ရှိပါပြီ။

အဖိုးကိုယခုမှသာတွေ့ရပါသည် အဖိုး ယခုအဘယ်မှလာပါသနည်းဟု ပြောဆိုမေးမြန်းလေ၏၊ ထိုအခါ စစ်သူကြီးသည် လက်အုပ်ချီလျက်သိရသာ မင်းသားအား ရှိခိုးပြီးလျှင် အရှင်မင်းသား ကောင်းကင်မှလေသည် အရှင် မင်းသားတို့၏လှေကိုတိုက်ခတ်သဖြင့် မြစ်လယ်၌ လှေမျှောနေစဉ် ကျွန်ုပ်တို့ သည် "ဤဆိပ်ကမ်းသို့ ဤလှေလာရောက်ကပ်ပါရန် အဓိဋ္ဌာန်ပြုကြသော ကြောင့် ယခု သင်တို့လှေသည် ဤဆိပ်ကမ်းသို့ ဆိုက်ရောက်လာခြင်းဖြစ်ပါ သည်၊ ကျွန်ုပ်တို့သည် သင်တို့သားအမိအား များစွာ လိုလားတောင့်တကြ

ပါကုန်၏၊ သင်တို့သားအမိသည် ကျွန်ုပ်တို့နှင့်အတူလိုက်ပါလျက် ကျွန်ုပ်တို့နိုင်ငံ၌ ချမ်းသာစွာနေကြရန် ဆန္ဒရှိကြပါကုန်၏”ဟု ပြောကြားလေ၏။ ထိုခဏ၌ စစ်သူကြီး၏ ပရိသတ်တို့သည် ထိုနေရာ၌ ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်ကြကုန်လျက် သားအမိနှစ်ဦးတို့အား နှစ်သက်ရွှင်ပြုံး စိတ်နှလုံးချမ်းမြေ့အောင် ပြုလုပ်ကြကုန်၏။

ထိုနောက် စစ်သူကြီးက “သင်တို့သားအမိသည် ကျွန်ုပ်တို့နိုင်ငံ၌ နေကြကုန်လတံ့လော”ဟု မေးလေလျှင် သိရသာမင်းသားသည် မိခင်၏ရင်ခွင်မှ ထ၍ အဖိုးစစ်သူကြီး၏ ရင်ခွင်ထက်သို့ တက်ရောက်နေထိုင်လေ၏၊ အဖိုးစစ်သူကြီးသည် မင်းသားငယ်ကိုချီလျက် ပခုံးထက်၌ထားပြီးလျှင် လှေမှ ထွက်ခွါလာခဲ့၏။ လူအပေါင်းတို့သည် သိရသာမင်းသား၏ ဝတ်ဆင်သောတန်ဆာများ, အဝတ်အထည်များတို့ကိုယူ၍ စစ်သူကြီးနှင့်အတူ လှေမှ ထွက်ခွါလာကြကုန်၏။ လူအပေါင်းတို့သည် မိဖုရား၏ လကျ်ာလက်ရုံး၌ ချီနှောင်သော့ခတ်ထားသည်ကို ရိုက်နှက်ဖျက်ဆီးကြကုန်၏။ အမျိုးသမီးတို့သည် မိဖုရား၏လက်ကိုကိုင်ဆွဲလျက်လှေမှဆင်းသက်လာကြရာအဝတ်များခင်းထားရာ နေရာသို့ ရောက်လာလေ၏၊ မိဖုရားကြီးသည် ခင်းထားသောအဝတ်များပေါ်မှ နင်းလျက် သွားလေ၏၊ လူအပေါင်းသည် တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ကြကုန်၏၊ စစ်သူကြီးသည် သိရသာမင်းသားကိုခေါ်ဆောင်၍ ရွှေနံ့သာ အမွှေးတိုင် ဆိပ်၌ ဆန်းကြယ်စွာ ပြုလုပ်ထားသော ပြာသာဒ်ထက်သို့ တက်သွားလေ၏၊ လူအပေါင်းတို့သည် ထိုပြာသာဒ်ကို ဝန်းရံကြကုန်လျက် သားအမိ နှစ်ဦးတို့အား ရှိခိုး၍ ပြာသာဒ် ထက်သို့ တက်ရောက်ကြပြီးလျှင် ဖိတ်ကြားခြင်းကို ပြုလိုရကား -

၄၂။ ဤအရပ်သို့ ရောက်လာကြကုန်သော သင်တို့သားအမိ နှစ်ဦးတို့သည် ဤနိုင်ငံ၌ နှစ်ရှည်လများ ကြာမြင့်စွာ ချမ်းချမ်းသာသာ နေကြပါကုန်လော့ သင်တို့သည် ကျွန်ုပ်တို့၏ အရှင်သခင် အဖြစ်ဖြင့် ကျွန်ုပ်တို့အား ဆုံးမသွန်သင်လျက် ဤမြို့၌ နေကြပါကုန်လော့ဟု ဖိတ်ကြားပြောဆိုကြကုန်၏။

## သိရသာမင်းသားလေးကို ဘိသိက်သွန်း၍ အဓိဋ္ဌာန်ပြုကြခြင်း

ထိုအခါ စစ်သူကြီးသည် ထိုနေရာ၌ ရွှေအင်တုံ (ဒယ်အိုးကြီး) တခုကို ပြုလုပ်စေ၏၊ ယင်း အင်တုံသည်ကား အကျယ်တလံမျှ ကျယ်ဝန်း၍ အမြင့် ပမာဏမှာ မင်းသားငယ် ထိုင်သောအခါ လယ်မျှပမာဏ ရှိလေ၏၊ စစ်သူ ကြီးသည် ယင်း ရွှေအင်တုံ၌ မင်းသားငယ်ကို နေစေလျက် ပြာသာဒ် အလယ်၌ ရေကျရန် အတွက် ရွှေပန်းကရား တခုကို ပြုလုပ်စေပြီးလျှင် ရွှေအင်တုံ၌ ရေကို ကျစေလျက် သိရသာမင်းသားအား အဘိသိက် (ရေ သွန်းလောင်း) သွန်းပြီးလျှင် ထိုနေ့၌ပင် လူအပေါင်းတို့ကလည်း မွန်းတည့် ချိန်တိုင်အောင် မင်းသားငယ်ကို ရေသွန်းလောင်း ကြကုန်လျက် နံ့သာပန်း စသည်တို့ဖြင့်ပူဇော်ကြကုန်၏၊ စစ်သူကြီးသည်လည်း မင်းသားငယ်ကို ပန်းနံ့ သာ စသည်တို့ဖြင့်ပူဇော်လေ၏၊ စစ်သူကြီးနှင့်လူအပေါင်းတို့သည် သိရသာ မင်းသားအား နံ့သာရေများဖြင့် သွန်းလောင်းကြကုန်လျက် အဓိဋ္ဌာန် ကြသည်မှာကား အို အရှင်မင်းသား သင်သည် ဘုရားအလောင်း အကယ် ၍ မှန်ပါလျှင် ကျွန်ုပ်တို့သည် သင်၏ဦးခေါင်းပေါ်၌ ကျစေရန် ရွှေ ရေ ပန်းခရားဖြင့် နံ့သာရေတို့ကို သွန်းလောင်းသောအခါ သင့်ဦးခေါင်းပေါ်သို့ ရေများကျချိန်တွင် သင်၏ ဘုန်းတန်ခိုးကြောင့်ရင်း, သင်သည် ဘုရား အလောင်း ဟုတ်မှန်သောကြောင့်ငှင်း, ကျွန်ုပ်တို့နိုင်ငံ၌ ရွှေငွေရတနာမိုး ရွာဖြိုးပါစေသတည်း ထို့ပြင် သင့်ဖခင် ပဒုမ္မမင်း၏ ပါလိသနိုင်ငံ၌လည်း ရတနာမိုး ရွာသွန်းဖြိုးပါစေသတည်း။

ထိုမှတပါး လူအများတို့သည်လည်း ထိုထိုမိမိတို့နေရာ၌ နေကုန်လျက် ပင် သင်မင်းသား၏ ဘုရားလောင်းအဖြစ်ကို သိကြပါစေကုန်သတည်း ဟူ၍ အဓိဋ္ဌာန်ပြုကြကုန်၏၊ ယင်းသို့ အဓိဋ္ဌာန်ပြုကြပြီးလျှင် လူအပေါင်း တို့သည် နံ့သာရေတို့ကိုသွန်းလောင်း၍ ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်၍ နေကြကုန်၏၊ ထိုခဏ၌ သိကြားမင်းနှင့် နတ်အပေါင်းတို့သည် တနိုင်ငံ လုံး၌ ရတနာခုနစ်ပါး အစုံအလင်ပါဝင်သော ရတနာမိုးကို ရွာဖြိုးစေလေ ၏၊လူအပေါင်းတို့သည် ထူးဆန်းအံ့ဩဘွယ် ကောင်းလှသော ယင်းအခြေ အနေကိုကြည့်၍ ဘုရားလောင်းအား ကောင်းချီးပေးကုန်လျက် လက်အုပ် ချီမိုး ရှိခိုးကြကုန်၏၊ ထိုအခါစစ်သူကြီးသည် နှစ်သက်ဝမ်းမြောက်စွာဖြင့်—

၄၃-၄၄။ အို အရှင်မင်းသား ကျွန်ုပ်တို့နိုင်ငံသို့ အရှင်မင်းသား ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်း ဖြစ်ပါ၏၊ သင်မင်းသားသည်ကျွန်ုပ်တို့ အရှင်သခင် ဖြစ်ပါ၏၊ ကျွန်ုပ်တို့သည် သင်၏ ဦးခေါင်းထက်၌ နံ့သာရေများဖြင့် အဘိသိက်ရေစင်ကို ပက်ဖျန်း သွန်းလောင်းကြပါကုန်၏ဟု ပြောဆိုကြကုန်၏။

ထိုအခါ နတ်တို့သည် အနံ့အရသာနှင့် ပြည့်စုံသော နတ်ရေစင်တို့ကို ပက်ဖျန်း သွန်းလောင်းလေရာ ထိုရွှေအင်တုံ (ဒယ်အိုးကြီး) ၌ပြည့်ရုံမက လျှံ၍ပင် ကျလေ၏၊ လူအပေါင်းတို့သည် လျှံကျသောနံ့သာရေများမကျစေရန် ခွက်များ, အဝတ်များဖြင့် ခံယူကြကုန်၏၊ ထိုနတ်ရေစင်၏ အနံ့သည်ကား မြေအပြင်၌ယူဇနာတသိန်း မြေအောက်၌ ယူဇနာတရာ မြေအထက်၌ တာဝတိံသာ နတ်ပြည်တိုင်အောင် သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်လေ၏၊ ဤသို့လျှင် နတ်အပေါင်းတို့သည် အလွန်မွန်မြတ် မွှေးကြိုင်သော နတ်ရေစင်ဖြင့် သိရသာမင်းသားအား အဘိသိက် သွန်းလောင်းကြကုန်၏၊ ထိုနောက်တဖန် လူအပေါင်းတို့သည် သိရသာမင်းသားအား အဘိသိက် သွန်းကြပြန်၏၊ စစ်သူကြီးကား လက်တဖက်ဖြင့် ပန်းကိုကိုင်၍, လက်တဖက်ဖြင့် ရွှေကရားကိုယူလျက် မိမိ၏ ဦးထိပ်ထက်၌ တင်ထားပြီးလျှင် ရွှေပန်းကရား၌ အလွန်မွန်မြတ်မွှေးကြိုင်သော နံ့သာရေကို ကျစေလေ၏။

## မြို့ရွာအခြေအနေ နဂိုနေအတိုင်းပြန်ဖြစ်

ထိုအခိုက်၌ သိကြားမင်းသည် စစ်သူကြီး၏ တနိုင်ငံလုံးကိုရင်း ပါလိသမြို့ကိုရင်း မိုးရွာချစေ၏၊ယင်းမိုးရွာပြီးသောအခါ အုန်းပင် ထန်းပင် စသည်တို့သည် အညွန့်အလက်များစည်ပင်ဝေဖြာလာကြ၏၊ဆင် မြင်း စသောသတ္တဝါတို့သည် လန်းဆန်းရှင်ပြကြကုန်၏၊ထိုအခါ ပဓမ္မမင်းကြီးသည် မင်္ဂလာမြင်းခုနစ်ရာတို့ကို တန်ဆာဆင်စေ၍ မြင်းစီးသူရဲ ခုနစ်ရာ(မြင်းသည်တော် ခုနစ်ရာ)တို့ကိုခေါ်လျက် နတ်အမွှေးနံ့သာများကို ရှာဖွေရန် စေလွှတ်လေ၏၊ မြင်းစစ်သည်တော် ခုနစ်ရာတို့သည် ပါလိသ တမြို့လုံးအနှံ့ ခုနစ်ကြိမ်မျှ လကျ်ာရစ်ပတ်၍ ရှာဖွေကြသော်လည်း နတ်အမွှေးနံ့သာတို့ကို မတွေ့မြင်

ကြကုန် ရှေးအခါက ပဓမ္မမင်းသည် သိရသာမင်းသားအား အပ်နှင်းပေး ကမ်းခဲ့သော မင်္ဂလာမြင်းတကောင်ရှိ၏၊ ပုဏ္ဏားတို့သည် ထိုမင်္ဂလာမြင်းကို ယူ၍ မိမိတို့နေရာ၌ ထားကြကုန်၏၊ ထိုအခါ ပဓမ္မမင်းသည် မဇ္ဈဟာရက ပုဏ္ဏားကိုခေါ်၍ ထိုမင်္ဂလာမြင်းကို စီးစေပြီးလျှင် နတ်အမွေးအနံ့များကို ရှာဖွေစေလေ၏။

## ပုရောဟိတ်ဆရာနှင့်မင်္ဂလာမြင်း

ထိုမင်္ဂလာမြင်းသည် မဇ္ဈဟာရကပုဏ္ဏားအား ကိုက်ခြင်း, ခြေဖြင့်ကန် ကြောက်ခြင်း, ကျောကုန်းမှ တွန်းလှန်ပေါက်ချခြင်းကိုမပြုပေ၊ သို့ရာတွင် မြင်းပေါ်သို့တက်စီးလျှင် ပုဏ္ဏားသည် အလိုလိုပင် မြင်းပေါ်မှလိမ့်ကျ လေ၏။ ယင်းသို့ မြင်းပေါ်မှကျသောခဏ၌ ပုဏ္ဏား၏ခံတွင်း စသည်မှ သွေးများ ယိုစီး ကျဆင်း၏၊ ထိုနောက် အခြားပုဏ္ဏားများသည်လည်း ထိုမင်္ဂလာမြင်းကို တယောက်ပြီးတယောက်တက်စီးကြကုန်၏၊ ယင်းပုဏ္ဏား တို့ကိုလည်း မင်္ဂလာမြင်းသည် မကိုက်မခဲ မကန်မကျောက် မပေါက်ချပေ၊ သို့သော်လည်း ပုဏ္ဏားတို့သည် မင်္ဂလာမြင်းကိုတက်စီးသောခဏ၌အလိုလိုပင် မြင်းပေါ်မှကျကုန်၏။ ယင်းသို့ ပုဏ္ဏားတို့ မြင်းပေါ်မှ ကျသောအခါ ပုဏ္ဏားတို့၏ခံတွင်းစသည်တို့မှ သွေးများယိုစီး ထွက်ကျကုန်၏၊ ထိုအခါ မဇ္ဈဟာရကပုဏ္ဏား စသည်တို့သည် မြင်း၏ဇက်ကြိုးကို ဖမ်းကိုင်ကြကုန်၏၊ ထိုအခါ မင်္ဂလာမြင်းသည် ပျံတက်၍ ပုဏ္ဏားတို့၏ဦးခေါင်းကို ခြေဖြင့် ကန်ကျောက်လဲကျစေပြီးလျှင် ပုဏ္ဏားတို့လဲကျသောအခါ ကျောကုန်းကို ခြေဖြင့်နင်းလေ၏။ ပုဏ္ဏားတို့၌ ခေါင်းမှခြေအထိ သွေးများယိုစီးထွက်ကျ ကြကုန်၏။ ထိုနောက် မင်္ဂလာမြင်းသည် လျင်မြန်စွာပြေး၍ မိမိ၏ မြင်းတင်းကုပ်သို့သွားလေ၏။လူအပေါင်းတို့သည် ထိုမြင်းကိုဖမ်းယူခြင်းငှါ မတတ်နိုင်ကြလေကုန်။

ထိုအခါ ပဓမ္မမင်းသည် မိမိ၏သားတော်ဒေဝကာမမင်းသားကိုခေါ်စေ သျှ၍ "ချစ်သား ဒေဝကာမ သင်သည် မင်္ဂလာမြင်းကိုဖမ်းယူပါလော့"ဟု စေခိုင်းလေ၏၊ မင်းကြီး၏အမိန့်စကားကို ကြားသောအခါ ဒေဝကာမ

မင်းသားသည် မင်္ဂလာမြင်းရှိရာ မြင်းတင်းကုပ်သို့သွားလျက် မြင်းဇက်ကြိုးကိုဆွဲကိုင်ပြီးလျှင် မြင်း၏ကျောကုန်းကိုပွတ်သပ်၍ မြင်း၏ကျောပေါ်သို့တက်စီးကာ မင်းကြီးထံသို့လာလေ၏။ ပဓမမင်းသည် ဒေဝကာမမင်းသားအား "အမောင်ချစ်သား ဒေဝကာမ သင်သည် ဤမင်္ဂလာမြင်းကိုစီး၍နတ်အမွေးနံ့သာနံ့ကို ရှာဖွေပါလော့"ဟု အမိန့်ပေးလေ၏။ ဒေဝကာမမင်းသားသည် ဘခင်မင်းကြီး၏ အမိန့်အတိုင်း မြင်းကို တက်စီးလျက်ပါလိသမြို့ကို သုံးကြိမ်မျှလက်ျာရစ်ပတ်၍ အနံ့ကိုရှာဖွေလေ၏။ ထို့နောက်မင်္ဂလာမြင်းသည် ဒေဝကာမမင်းသားကိုတင်ဆောင်လျက်အဖိုးစစ်သူကြီး၏တိုင်းနိုင်ငံသို့သွားလေ၏။ ဒေဝကာမမင်းသားသည် မင်္ဂလာမြင်း သွားသည့်အတိုင်းလိုက်ပါသွားလေရာ ရွှေအမွေးတိုင်များ ပြုလုပ်ထားသော ဂင်္ဂါမြစ်ဆိပ်ကမ်းသို့ဆိုက်ရောက်သွားလေ၏။

ယင်း အမွေးတိုင် ဆိပ်ကမ်း၌ အစဉ်အတိုင်း တည်ရှိကုန်သော ခုနစ်ရာကုန်သော အမွေးနံ့သာတိုင် တို့ကို တွေ့မြင်၍ ရွှေများဖြင့် ပြုလုပ်ထားသော ရတနာပြာသာဒ် အနီးသို့ ချဉ်းကပ်လေ၏၊ ထိုအခါ၌ လူအပေါင်းတို့သည် ဒေဝကာမ မင်းသားကို တွေ့မြင်ကြလေရာ မင်းသား၏ လက်ကိုဆွဲ၍ မိမိတို့၏ ဦးထိပ်ထက်၌ ထားကြကုန်၏၊ ဒေဝကာမ မင်းသားသည် ရွှေနန်းပြာသာဒ် ထက်သို့ တက်လေ၏၊ အဖိုးဖြစ်သော စစ်သူကြီးသည် ဒေဝကာမ မင်းသားကို တွေ့မြင်သောအခါ နေရာမှထလျက် ခရီးဦးကြိုပြုပြီးလျှင် မင်းသား၏ လက်ကို ဆွဲ၍ မိမိ၏ ဦးထိပ်ထက်၌ ထားလေ၏၊ ထိုအခါ သုရသိ မင်းသမီးသည် မိမိ၏သားတော် ဒေဝကာမကို တွေ့မြင်၍နေရာမှထလျက် ခရီးဦးကြို ပြုပြီးနောက် မင်းသားအား ပွေ့ဖက်ပြီးလျှင်မိမိ၏ ရင်ခွင်၌ နေစေလေ၏၊ ထိုခဏ၌ စစ်သူကြီးသည် ဒေဝကာမ မင်းသားအား အကျိုးအကြောင်းကို မေးမြန်းလိုရကား-

၄၄။ အမောင် သင်သည် သင့်ဘခင်ထံမှ သတင်းစကားကို ယူဆောင်၍လာခြင်း ဖြစ်ပါသလော၊ ကျွန်ုပ်တို့အား ဟုတ်တိုင်းမှန်စွာ သတင်းစကားကို ပြောကြားပါလော့ဟု မေးမြန်း ပြောဆိုလေ၏။

## မင်းနှင့်ပါလိသမြို့သူမြို့သား မင်းသားထံ လာရောက်ခြင်း

ထိုစကားကို ကြားသောအခါ ဒေဝကာမ မင်းသားသည် စစ်သူကြီးအား မိမိဘခင်၏ ပါလိသမြို့တော်၌ ဖြစ်ပျက်ပုံ အလုံးစုံကို အကုန်အစင် ပြောကြားလေ၏၊ ယင်းသို့ ပြောကြားပြီးနောက် ညီငယ် သိရသာ မင်းသား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် မင်းသား၏ခြေကို ကိုင်၍ မိမိ၏ ဦးထိပ်ထက်၌ ထားလေ၏၊ ထိုနောက် ရွှေအင်တုံမှ နံ့သာရေများကို ယူ၍ ခံတွင်း မျက်နှာများကို ဆေးကြော သုတ်သင်လျက် သိရသာမင်းသားအား လက်အုပ်ချီ ရှိခိုး၍ မိခင်၏ ရင်ခွင်၌ နေပြီးလျှင် မယ်တော် သုရသိဒေဝီနှင့်၎င်း အဖိုးစစ်သူကြီးနှင့်၎င်း စကားစမြည် ပြောဆိုလေ၏၊ ထိုနောက် စစ်သူကြီးသည် ဒေဝကာမ မင်းသားအား "အမောင်မင်းသား သင်သည် ကျွန်ုပ်တို့၏ သတင်းစကားကို သင့်ဘခင် ပါလိသ မင်းကြီးအား လျှောက်တင် ပါလော့" "အရှင်မင်းကြီး ကျွန်ုပ်တို့ အားလုံးသည် သိရသာ မင်းသားကို ကျွန်ုပ်နိုင်ငံ၌ အဘိသိက်ရေစင်ဖြင့် သွန်းလောင်းလျက်ရှိရာ ခုနစ်ရက်မြောက်သော နေ့၌ ပြီးဆုံးပါလိမ့်မည်၊ သင်မင်းကြီးသည် စစ်သည် ဗိုလ်ပါများနှင့် တကွ ကြွလာလျက် ကျွန်ုပ်တို့နှင့် အတူ သိရသာ မင်းသားအား အဘိသိက် ရေစင်များ သွန်းလောင်း ပက်ဖျန်း ကြပါကုန်လော့ဟု သင့်ဘခင် မင်းကြီးအား လျှောက်ထား ပါလော့"ဟု ပြောဆို ညွှန်ကြား မှာထားလိုက်လေ၏။

စစ်သူကြီး စကားကို ကြားသောအခါ ဒေဝကာမ မင်းသားသည် မယ်တော်အားရင်း သိရသာမင်းသားအားရင်း ရှိခိုးပြီးလျှင် ပြာသာဒ်ထက်မှ ဆင်းသက်လျက် မင်္ဂလာမြင်းတော်ကို စီး၍ပြန်လေရာ တခဏချင်းဖြင့်ပင် ပါလိသမြို့သို့ ဆိုက်ရောက်လေ၏၊ ပါလိသမြို့ မင်းနန်းတော် တံခါးဝသို့ ရောက်သောအခါ မြင်းပေါ်မှဆင်းလျက် မိမိဘခင်ထံသို့ သွား၍ သင့်လျော်သောနေရာ၌ ထိုင်ကာ ဘခင်မင်းမြတ်အား အကြောင်းအလုံးစုံကို လျှောက်ကြား သံတော်ဦးတင်လေ၏၊ ထိုအခါ ပါလိသ မြို့သူမြို့သား အားလုံးတို့သည် ထိုသတင်းစကားကို ကြားကြလေလျှင် လွန်စွာ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ကြကုန်၏၊ ပဓမ္မမင်းသည် မိမိ၏ သေနဂုတ် အမတ်ကို

ခေါ်၍ မိမိသွားမည့် အစီအစဉ်ကို ပြောဆိုညွှန်ကြားပြီးလျှင် "သားတော် သိရသာမင်းသားအား အဘိသိက် သွန်းရန်သွားမည့်အကြောင်းကို တမြို့ လုံးသို့ လှည့်လည် ကြွေးကြော် မောင်းကြေးနင်းခတ်စေလျက် ဆင်တရာ မြင်းတရာ ရထားတရာတို့ကို တန်ဆာများ ဆင်ယင်စေ၍ တက်စီးလျက် စစ်သည်ဗိုလ်ပါအပေါင်း ခြံရံ၍ မြို့မှထွက်ကာ အဖိုးစစ်သူကြီး၏ တိုင်းပြည် သို့ ရှေ့ရှု ကြွသွားလေ၏။

ထိုအခါ မြို့သူမြို့သား လူအများတို့သည်လည်း ဘုရားအလောင်း သိရသာမင်းသားအား များစွာ ချစ်ခင်မြတ်နိုးခြင်းရှိကြသဖြင့် မင်းကြီးနှင့် အတူ လိုက်ပါကြကုန်၏၊ ပဓမ္မမင်းကြီးသည် လူအပေါင်းခြံရံလျက် သွား လေရာ တနေ့တည်းဖြင့် အဖိုးစစ်သူကြီး၏ တိုင်းပြည်သို့ ရောက်လေ၏၊ ထို စစ်သူကြီး၏ တိုင်းနိုင်ငံသို့ ရောက်သောအခါ နံ့သာပန်း စသည်တို့တို ယူ ဆောင်ကြကုန်လျက် ဘုရားအလောင်းမင်းသားအထံသို့ ချဉ်းကပ်၍ ဘုရား အလောင်းအား ပူဇော်ကြကုန်ပြီးလျှင် ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်ကြ ကုန်လျက် ဘုရားလောင်းသားတော်၏အထံ၌ နေကြကုန်၏ ထိုအခါ လူအ ပေါင်းတို့သည် နံ့သာပန်း စသည်တို့ဖြင့် ဘုရားလောင်းအား ပူဇော်၍ ပြာ သာဒ်ယက်ရှိရွှေအင်တုံထက်သို့ ဘုရားလောင်းအား တင်ထားကြကုန်၏၊ ထို အခါ ပါလိသမင်းသည် နံ့သာရေဖြင့်ပြည့်သောရွှေကရားကိုယူ၍ ရွှေပန်း ကရား၌ ရေကိုသွန်းလောင်း၏၊ ထိုခဏ၌နံ့သာရေသည် ဘုရားလောင်း၏ ဦးခေါင်းထက်၌ကျလေ၏။ လူအပေါင်းတို့သည် ဘုရားလောင်းအားနံ့သာ ရေဖြင့် သွန်းလောင်းကြရာတညလုံး အချိန်ကုန်သွား၏။ အရုဏ်တက်သော အခါဘုရားလောင်းအား ရွှေအင်တုံမှယူဆောင်လာပြီးလျှင် ကျက်သရေ ရှိသောအိပ်ရာထက်၌နေစေကြတုန်၏။ ထိုအခါ လူအပေါင်းတို့သည် မွန်မြတ် ကောင်းမွန်သောအစာအာဟာရတို့ကိုယူဆောင်လျက် ဘုရားလောင်းအား ကျွေးမွေးကြကုန်၏။ ဘုရားလောင်းသည် အစားအစာတို့ကို စားသောက် ပြီးနောက် ကျက်သရေရှိသောအိပ်ရာထက်၌နေ၏။

### ပြုခဲ့သမျှအကုသိုလ်ကံ ပုဏ္ဏားတို့ခံ

ထိုအခါ ပုဏ္ဏားတို့သည် ဘုရားလောင်းအား ဘိသိက် သွန်းဖျန်းရန် ပါလိသမင်းကြီးနှင့်အတူ လိုက်ပါလာကြကုန်၏။ ထိုခဏ၌ စစ်သူကြီး

စသောလူအပေါင်းတို့သည် ပုဏ္ဏားများ ရေသွန်းလောင်းခြင်းကို ခံယူရန် ဘုရားလောင်းကိုရွှေအင်တုံထက်တို့တင်ကြကုန်၏။ ယုတ်မာသော ပုဏ္ဏား တို့သည်ဘုရားလောင်းထံချဉ်းကပ်ရှိခိုးလျက်မိမိတို့နေရာသို့လာ၍ ရေကရား ဖြင့် ရေကိုယူဆောင်သွားကြကုန်၏။ ပုဏ္ဏားများ ရေကရားဖြင့် ရေကို ယူဆောင်လာစဉ် ဘုရားလောင်းထံမရောက်မီရေကရားများ သည် အလိုလို ပင် အစိတ်စိတ်အမွှာမွှာကွဲလေကုန်၏။ ယင်းသို့ကွဲသော ရေကရားများ၏ အစအနပေါင်းခုနစ်ရာမျှတို့သည် ပုဏ္ဏားတို့၏တကိုယ်လုံးကို စူးရှဝင်ရောက် ကြကုန်၏။ ပုဏ္ဏားတို့၏ကိုယ်တို့၌ အဖုအပိန့်တို့ ဖြစ်ကြကုန်၏။ ယင်းသို့ ဖြစ်ခြင်းအကြောင်းကား ပုဏ္ဏားတို့သည်ဘုရားလောင်း သိရသာမင်းသား အပေါ်၌ ယုတ်မာသောစိတ်ထားဖြင့် တိုင်းပြည်၌ မထားဘဲ ပင်လယ် ရေယဉ်ကြော၌မျှောရန် အကြံပေးစီမံ လုပ်ကိုင်ခဲ့ကြသော မကောင်းမှု ကြောင့် ယင်းကဲ့သို့ ခံကြရခြင်းဖြစ်လေ၏။

**လူ့ဘောနတ်ပါ အဘိသိက်သွန်းလောင်းပုံ**

ထိုခဏ၌ နတ်အပေါင်းတို့သည် အလွန်မွန်မြတ်သော နတ်ရေစင်များ ကိုယူ၍ နေမွန်းတည့်ချိန်အထိဘုရားလောင်းအား အဘိသိက် သွန်းလောင်း ကြကုန်၏၊ လူအပေါင်းတို့ကလည်း နတ်များ ပက်ဖျန်းသွန်းလောင်းသော နတ်ရေစင်တို့ကို အဝတ်များ ခွက်များဖြင့် ခံယူလျက် အရှုံတက်သည်တိုင် အောင် ဘုရားလောင်းအား အဘိသိက် သွန်းလောင်း ပက်ဖျန်းကြကုန် ၏၊ ပဓုမမင်းနှင့် ပရိသတ်တို့ကလည်း ထိုနည်းတူစွာအဘိသိက် သွန်းလောင်း ကြကုန်၏၊ ထိုနောက် အဖိုးစစ်သူကြီးသည် သိရသာမင်းသားကို ချီယူ လျက် မိမိ၏ပခုံးထက်၌ တင်ပြီးလျှင် သုရသိမိဖုရား၏အနီး ကျက်သရေရှိ သော အိပ်ရာထက်၌ နေစေ၏၊ စစ်သူကြီးသည် မိမိကိုယ်တိုင် ချိုမြိန် ကောင်းမြတ်သော စားသောက်ဖွယ်တို့ကို ယူဆောင်လျက် သားအမိနှစ်ဦး တို့အထံ၌ ထား၍ "ကျွန်ုပ်တို့ကုသိုလ်ကောင်းမှု ဖြစ်စေရန် သင်တို့သည် ညှိမွန်မြတ်သော စားသောက်ဖွယ်တို့ကို သုံးဆောင် စားသုံးကြပါကုန် လော့"ဟု တိုက်တွန်း တောင်းပန် စကားပြောကြားလေ၏၊ စစ်သူကြီး စကားကို ကြားသောအခါ သားအမိ နှစ်ဦးတို့သည် ချိုမြိန်ကောင်းမြတ် သော စားသောက်ဖွယ်တို့ကို သုံးဆောင်ကြကုန်၏။

ဤအချိန်အခါအထိဘုရားလောင်း သိရသာမင်းသားသည် မည်သူနှင့်မျှ စကားမပြောသေးပေ၊ ထိုနောက် ဘုရားလောင်းသည် မိမိ၏ရှေးကောင်း မှုကံ၏ အစွမ်းကြောင့် ဇာတိဿရဉာဏ်ကိုရ၍ အဖိုးစစ်သူကြီးနှင့်အတူ စကားပြောလိုသဖြင့်—

## မင်းသားလေး၏ ရှေးမကောင်းမှု

၄၅-၅၀။ အို အဖိုးဖြစ်သော စစ်သူကြီး သင်သည် ကျွန်ုပ်၏စကားကို နားထောင်ပါလော့၊ ကျွန်ုပ်သည်ကား နတ်ပြည်မှ ဆင်းသက်၍ လူ့ပြည်သို့ ရောက်လာသော ဘုရားလောင်းဖြစ်ပါ၏၊ ပဇ္ဇမင်း ကြီးသည် ကျွန်ုပ်အား ဂင်္ဂါမြစ်ရေယဉ်ကြော၌ အမျှောခံလိုက် ရခြင်းကား ကျွန်ုပ်၏ ရှေးကပြုခဲ့သော မကောင်းမှု အကုသိုလ် ကံတို့ကြောင့် ဖြစ်ပါ၏၊ ကျွန်ုပ်သည် ရှေးအခါက ပါလိသမြို့၌ မင်းဖြစ်ခဲ့ပါသည်၊ ထိုအခါ ပန်းဥယျာဉ်များ စိုက်ပျိုး၍ ပန်း များကို ခူးဆွတ်လျက် ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် နတ်အများတို့အား ပူဇော်ပသခြင်းကို ပြုခဲ့ပါသည်၊ ယင်းသို့ပြု သော ကုသိုလ်ကောင်းမှုကြောင့် ကျွန်ုပ်သည် လူ့ပြည်၌ဖြစ်ရန် ဆုတောင်းပတ္ထနာပြုခဲ့ပါသည်၊ ယင်းကောင်းမှုကြောင့် နောက် တဘဝတွင် ပါလိသမြို့၌ ကျွန်ုပ်သည် မင်းသားဖြစ်ခဲ့ပါ၏။

ထိုမင်းသားဖြစ်သော အခါ၌လည်း ကျွန်ုပ်သည် ပန်းဥယျာဉ်၌ ပန်း များကို စိုက်ပျိုးထားပါသည်၊ ယင်းပန်းများကို ငှက်တို့သည် ထိုးဆိတ် ဖျက်ဆီးကြပါကုန်၏၊ ထိုအခါ ကျွန်ုပ်သည် စိတ်ဆိုးလျက် ထမင်းလုံး များကို ပန်းချုံများ အနီးတွင် ကြဲဖြန့်၍ လာရောက်သော ငှက်တို့ကို ဖမ်းယူပြီးလျှင် အတောင်များကို ချိုးဖွဲ့ဖျက်ဆီး၍ မပျံနိုင်အောင် ပြုလုပ် လျက် ငှက်များကို ပင်ပန်းဆင်းရဲအောင် ညှဥ်းပန်း နှိပ်စက်ခဲ့ပါ၏၊ ဤ မကောင်းမှု အကုသိုလ်ကြောင့် ကျွန်ုပ်သည် ယခုအခါ ဂင်္ဂါမြစ် ရေကြော၌ နစ်မျောခြင်း ခံခဲ့ရပါသည်၊ ထို့ကြောင့် သင်တို့သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် မကောင်းမှု အကုသိုလ်တို့ကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြ

ပါကုန်လော့၊ တစက်တစက်ကျသော မိုးရေပေါက်သည် ရေအိုးကြီးများကို ပြည့်စေသကဲ့သို့ အနည်းငယ်မျှပြုခဲ့သော မကောင်းမှုသည်လည်း ကြီးကျယ်များပြားသော ဆင်းရဲဒုက္ခ အကျိုးတရားတို့ကို ရရှိခံစား စေနိုင်ပါ၏၊ အသက်ရှင်လို အသက်ရှည်လိုသော သူသည် အဆိပ်ကို စားသုံးခြင်းမှ ရှောင်ကြဉ် သကဲ့သို့ရှင်း, ရွှေငွေဥစ္စာတို့ကို အလိုရှိသော ကုန်သည်သည် မိမိ၏ ကုန်များကို ရောင်းချ၍ ဥစ္စာရွှေငွေတို့ကို အလိုရှိပါလျှင် ဘေးအန္တ-ရာယ်ရှိသော ခရီးလမ်းကို ရှောင်ရှားဖယ်ကြဉ် သကဲ့သို့ရှင်း သင်တို့သည် ချမ်းသာသုခကို အလိုရှိပါလျှင် မကောင်းမှုတို့မှ ဝေးစွာ ရှောင်ကြဉ်ကြပါကုန်လော့၊ မိမိပြုလုပ်သော မကောင်းမှု အကုသိုလ်ကံသည်ပင် မိမိအား ညစ်နွမ်းစေလျက် မိမိပြုလုပ်သော ကောင်းမှုကုသိုလ်ကံ တို့သည် မိမိအား ဖြူစင်သန့်ရှင်း စင်ကြယ်စေပါ၏၊ ဟု ပြောဆိုလေ၏။

ဤသို့ စစ်သူကြီးအား ပြောဆိုပြီးနောက် ဘုရားလောင်းသည် ခမည်းတော် ပဓမ္မမင်းကြီးအား ပြောဆိုလိုရကား—

## ပင်းသားလေး ခမည်းတော်အား တရားနှင့်ဗပ်သော စကားကို ပြောခြင်း

၁၉–၉၁။ မြတ်သောမင်းကြီး သင်မင်းကြီးသည် ကျွန်ုပ်၏ စကားကို နားထောင်ပါလော့၊ မိုက်မဲသောသူ, သီလမရှိသောသူ, မတည်ကြည်သောသူ, ယုတ်မာသောသူ, ယုတ်မာသော အဆွေခင်ပွန်း, တရားမစောင့်သူတို့ကို ဝေးစွာ ရှောင်ကြဉ်ပါလော့၊ မိုး၌ ပစ်ချအပ်သော မျိုးစေ့သည် မစည်ပင် မပြန့်ပွါး မပေါက်ရောက်ဘဲ ပျက်စီးသကဲ့သို့ မကောင်းမှု၌ ပစ်ချအပ်သော ကံသည် (မကောင်းမှုကံသည်) ပျက်စီးဆုံးရှုံး တတ်ပါ၏၊ မြတ်သော မင်းကြီး သူဟာပါးကျေးဇူးကို သိဟတ်သူ, ကျေးဇူးကို ဆပ်တတ်သူ, သီလရှိသူ, တည်ကြည်သူတို့ကို မှီဝဲဆည်းကပ်ပါလော့၊ လယ်ကောင်းယာကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် စည်ပင်ပြန့်ပွါး ကြီးထွားပေါက်ရောက်သကဲ့သို့ ထိုအတူ ကုသိုလ်ကောင်းမှု၌ ပစ်ချအပ်သော ကံသည် စည်ပင်ပြန့်ပွါး ကြီးထွားခြင်းသို့ ရောက်ရပါ၏၊ မြတ်သော မင်းကြီး လောက၌

ပညာရှိသော သူတို့သည် သူတပါးတို့၏ စီးပွါးချမ်းသာကို ရှာမှီးတတ် ရှက်ဆောင်တတ်၍ သူယုတ်မာတို့သည်ကား သူတပါးတို့၏ ဆင်းရဲမှုကိုသာ ရှာမှီးတတ် ပြုလုပ်တတ်ပါ၏။

လောက၌ အကျိုးကို လိုလားသော မိတ်ဆွေ, ကျေးဇူး သိတတ်သော မိတ်ဆွေတို့ကို ရခဲပါ၏၊ မြတ်သောမင်းကြီး အဆိပ် ရှိသော မြွေကို ကြာရှည်စွာ မွေးမြူထားသည်ဟု သဘောထား၍ အကျွမ်းတဝင် မပြုရာ၊ ယင်း အဆိပ်ရှိသော မြွေသည် အမျက်ထွက်လျှင် မွေးမြူစောင့်ရှောက် ထားသော ကျေးဇူးရှင်ကို အသက်ဆုံးအောင် ကိုက်သတ်ဖျက်ဆီး တတ်ပါ၏၊ ထို့ပြင် နှစ်ရှည်လများ ကျွေးမွေးပေးကမ်း စောင့်ရှောက်ထားသော ကျေးဇူးမသိ တတ်သည့် လူယုတ်မာသည်လည်း အရှင်သခင်၏ အကျိုးကို ဖျက်ဆီးကာ မိမိအရှင်သခင်အား အသက်ဆုံးအောင် ပြုလုပ်တတ်ပါ၏၊ မြွေပွေးကိုရင်း, သူယုတ်မာကိုရင်း, ကျွန်အစေခံ ဖြစ်ဘူးသူကိုရင်း, (မယား ဖြစ်ခဲ့ဘူးသော) မယားဟောင်းကိုရင်း အကျွမ်းတဝင် မပြုရာ၊ ယင်းပုဂ္ဂိုလ်တို့သည် မိမိကျေးဇူးရှင်ကို အကျိုးမဲ့အောင်, သေကြေပျက်စီးအောင် ပြုလုပ်တတ်ပါ၏။

မြတ်သောမင်းကြီး လူသတ်သမား လူရမ်းကားကိုလည်း လက်နက် မပေးအပ်ရာ၊ သူခိုးကိုလည်း ဓားရိုး မကမ်းရာ၊ အဆိပ်လူးသော မြှားကို လည်း မုဆိုးတို့အား မပေးရာ၊ ယင်းပုဂ္ဂိုလ်တို့သည် အကျိုးအကြောင်း တော်မတော် သင့်မသင့်ကို မမြော်မချင့်ဘဲ ဒေါသအားလျှောက် ထင်မိ ထင်ရာ ပြုလုပ်တတ်ပါ၏၊ ခွေး၏လည်၌ ကျောက်ခဲဆွဲ၍ ပင်လယ်ထဲ ပစ်ချလျှင် အသက်ရှင်သည် မရှိ မုချသေဆုံးမည်သာ ဖြစ်သကဲ့သို့ ထို့အတူ လူမိုက်တို့နှင့် ပေါင်းဖေါ်မှိုင်ဲ ယှဉ်တွဲဆည်းကပ်လျှင် မကောင်းသော ဒုဂ္ဂတိ ဘဝသို့ ကျရောက်ရမည်မှာ မုချမလွဲ ဖြစ်တတ်ပါ၏၊ မြတ်သော မင်းကြီး သင်မင်းကြီးသည် သူတော်ကောင်း တို့နှင့်သာ ပေါင်းဖေါ်မှိုဲ ယှဉ်တွဲ ဆည်းကပ်ရာ၏၊ သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ သူတော်ကောင်း တရားကို သိ၍ လိုက်နာပါလျှင် မြင့်မြတ်သူ ဖြစ်ပါ၏၊ သူယုတ်မာ မဖြစ်ပါ သင့်မင်းကြီး၏ နှစ်သောင်း လေးထောင်သော စစ်သည်တို့သည်ရင်း, သားတော် ခုနစ်ဦး တို့သည်ရင်း သင်မင်းကြီး၏ ရတနာများ ဖြစ်ကြပါ၏။

မြတ်သောမင်းကြီး ပညာရှိသောသူသည် လူများ တည်းခိုရန် ပြုလုပ်သော ဇရပ်,အလှူမဏ္ဍပ်နှင့် ဘုရား ပုထိုး စေတီကျောင်းကန် များကို မဖျက်ဆီးရာ မမေ့မလျော့ဘဲ ကုသိုလ်ကောင်းမှုကို ပြုသောသူသည် စည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်းသို့ရောက်ရပါ၏၊ သီလရှိသော ရဟန်း, ပုဏ္ဏား,ဆွေမျိုး မိတ်သင်္ဂဟ, စိတ်နှလုံးကောင်းရှိသူတို့ကို မမေ့မလျော့ဘဲ ကျွေးမွေးပေးကမ်းလှူဒါန်းပြုစုပါလျှင် အခြံအရံများခြင်း အကျိုးကိုရရှိပါ၏၊ ထို့ပြင် တိုင်းသူ့ပြည်သား လူအများတို့အား ထောက်ပံ့ပေးကမ်းချီးမြှောက်ခြင်းကိုပြုပါလော၊ အမတ်တို့ကို အရောတဝင် ချစ်ကျွမ်းဝင်ခြင်းမပြုပါနှင့် အမတ်တို့အား အရောတဝင်အကျွမ်းဝင်ခြင်းကို ပြုပါလျှင် အမတ်တို့သည် မင်းဖြစ်သူကို နှိပ်စက်ဖျက်ဆီးတတ်ပါ၏။

မြတ်သောမင်းကြီး လောက၌ မပေးကမ်း မလှူဒါန်းသော သူသည် မြင့်မြတ်သောသူမဟုတ်ပါ၊ ယင်းပုဂ္ဂိုလ်သည် သေသောအခါ ပစ္စည်း ဥစ္စာ အားလုံးကို စွန့်ခွါသွားသူမည်ပါ၏၊ မိမိပစ္စည်းကိုနှမြောတွန့်တိုခြင်းမရှိဘဲ ပေးကမ်းလှူဒါန်းသောသူသည် မြင့်မြတ်သူဖြစ်ပါ၏၊ ထိုပုဂ္ဂိုလ်သည် သေသောအခါ မိမိပစ္စည်းများကို ယူဆောင်သွားသူ မည်ပါ၏၊ ငတ်မွတ်ခေါင်းပါး အစားအစာရှားပါးသောအခါ၌ ထမင်းစသော အစားအစာတို့ကိုကျွေးမွေးပေးကမ်းသူ, သာယာ ဝ,ပြောသောအခါ၌ ရွှေငွေဥစ္စာတို့ကို ပေးကမ်းသူ, ဘေးအန္တရာယ်များနှင့် တွေ့ဆုံကြုံကြိုက်သောအခါ၌ ဘေးအန္တရာယ်မှ ကင်းဝေးအောင် ပြုလုပ်သူတို့သည် ကောင်းရာသုဂတိ ဘဝသို့ လားရောက်ရပါ၏။

မြတ်သောမင်းကြီး သင်မင်းကြီးသည်တရားသဖြင့်ရင်း, အမျက်ထွက်ခြင်း မရှိသဖြင့်ရင်း, တိုင်းသူပြည်သားတို့အား အုပ်ချုပ်စီမံရာ၌၊ သင်မင်းကြီးသည် တိုင်းသူ ပြည်သားတို့အားရင်း, အလှူခံ ပုဂ္ဂိုလ်တို့အားရင်း, ထမင်းအဖျော်, ပစ္စည်းဝတ္ထု, ဥစ္စာ ရွှေငွေတို့ဖြင့် ချီးမြှင့်ပေးကမ်းလှူဒါန်းခြင်းကို ပြုပါလော့၊ အိုမင်းမစွမ်းသော ဆင်မြင်း ကျွဲနွားတို့ကို စစ်တိုက်ခြင်း အမှုလုပ်ငန်း၌ ခိုင်းစေခြင်းတို့ကိုမပြုဘဲ ယင်းသတ္တဝါတို့အား ချမ်းသာခွင့်ပေး၍ ကျွေးမွေးပြုစု စောင့်ရှောက်ပါလော့။

မိမိကိုကျေးဇူးပြုဘူးသူအား မိမိက တဖန် ကျေးဇူး တုံ့ပြန်သော အား ဖြင့် ရွှေငွေ ဥစ္စာတို့ကို ပေးကမ်းချီးမြှင့်ရာ၏၊ ပျင်းရိသော သူပင်ဖြစ်သော် လည်း အတတ်ပညာရှိမှု, ဂုဏ်ရှိမှု, အသိပညာရှိမှု, ရိုးသား ဖြောင့်မတ်မှု, အမျိုးဇာတ်ကောင်းမွန်မှု, ဤငါးမျိုးကိုကြည့်၍ ထိုပုဂ္ဂိုလ်အား ပေးကမ်း ချီးမြှင့်ရာ၏၊ ယင်းသို့ ပေးကမ်းချီးမြှင့်ပါလျှင် သင်မင်းကြီးသည် ယခု ပစ္စုပ္ပန်ဘဝ၌ဝမ်းမြောက်ဝမ်းသာဖြစ်ရ၍နောင်တမလွန်ဘဝ၌လည်း နတ်ရွာ သုဂတိသို့ လားရောက်ရပါ၏၊ သင်မင်းကြီးသည် အမျိုးဇာတ်ယုတ်ညံ့သူ, ဥစ္စာမဲ့မွဲ ဆင်းရဲသောသူ, ဤပုဂ္ဂိုလ်တို့ကိုလည်း နှိပ်စက် ညှဉ်းပန်းခြင်း မပြု ပါလင့်။

မြတ်သောမင်းကြီး ပဒုမာ ကြာဖူးငုံသည်နေရောင်ခြည်ကြောင့် အပွင့် ဝေသောဖြစ်လာသကဲ့သို့ အဖိုးဖြစ်သော စစ်သူကြီးသည် တတ်အားသမျှ ကုသိုလ်ကောင်းမှုကို ပြုလုပ်သောကြောင့် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ပါလတ့်၊ မြတ်သောမင်းကြီး ကြည်ညိုသော စိတ်ထားဖြင့် ကျွန်ုပ်၏ ကိုယ်ကို နံ့သာရေများဖြင့် ပက်ဖျန်း ပူဇော်သောသူ ပန်းနံ့သာတို့ဖြင့် လှူဒါန်းပူဇော်သူ, ထမင်းအဖျော် အစားအစာတို့ဖြင့် လှူဒါန်း ပေးကမ်း သူတို့သည် လူ့ပြည်မှ ကွယ်လွန်လျှင် နည်းပြည်၌ ဖြစ်ကြပါကုန် လတ့်၊ ထိုပုဂ္ဂိုလ်တို့သည် သံသရာ၌ကျင်လည်သောအခါ အပါယ်ဘုံတို့၌ မဖြစ်ရဘဲ လူ့ပြည် နတ်ပြည်တို့၌ လူ့စည်းစိမ်ချမ်းသာ နတ်စည်းစိမ် ချမ်းသာတို့ကို ရရှိခံစားကြရပါလတ့်....ဟု တရားစကားကို ဟောကြားလေ၏။

## မိမိမူလနေရာ နတ်ပြည်သို့ ပြန်ရန် မိခင်ထံ ခွင့်ပန်

ထိုအခါ ပဓမ္မမင်း အစရှိသော လူအပေါင်းတို့သည် ထိုနေရာ၌ပင် စုဝေးကြကုန်လျက် ဘုရားအလောင်း သိရသာမင်းသား၏ တရားစကားကို ကြားကြရကုန်သဖြင့် အလွန်တရာ နှစ်သက်ဝမ်းမြောက်ကြကုန်၍ အချင်း ချင်း ချစ်ခင်စိတ် သန့်ရှင်းပြုစင်သောစိတ်ကို ဖြစ်ပေါ်စေကြကုန်၏၊ ဘုရား လောင်းသည် လူအများကို ဆုံးမပြီးနောက် မယ်တော် သုရသိဒေဝီနှင့် ရင်ခွင်၌ နေလျက် အို ချစ်စွာသောမိခင် ကျွန်ုပ်သည် ဤလူ့ပြည်သို့ ရောက် လာသည်မှာ နှစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ၊ ယခုအခါ တာဝတိံသာ နတ်

ပြည်၌ ၁၂ ယူဇနာမျှ ကျယ်ဝန်းသော မြတ်သောစည်းစိမ်တို့နှင့် ပြည့်စုံသော မိမိနေရာရွှေဗိမာန်ထက်သို့ ပြန်ပါတော့အံ့ဟု မိခင်အား ပန်ကြားပြောဆိုလေ၏၊ ထိုစကားကိုကြားသောအခါ မယ်တော် သုရသိဒေဝီသည် "ချစ်စွာသော သိရသာလူကလေး သင်သည် နတ်ပြည်၌ရှိသော သင်၏ ရွှေဗိမာန်သို့ သွားတော့မည်လား မိခင်ကိုစွန့်ခွါ၍ အဘယ့်ကြောင့် တယောက်ထည်း သွားပါမည်နည်းဟု မေးမြန်းပြောဆိုလေ၏၊ မယ်တော်၏စကားကို ကြားသဖြင့် သိရသာမင်းသားသည် မိမိ၏ ဇာတိဿရဉာဏ်ဖြင့် နတ်ပြည်၌ရှိသော မယ်တော်၏ ဘုံဗိမာန်အကြောင်းကို ပြောကြားလိုရကား "အိုမိခင် တာဝတိံသာနတ်ပြည်၌ သင်၏ ဘုံဗိမာန် ရှိပါ၏၊ ယင်းဗိမာန်သည် ကား ရွှေအတိပြီးပါ၏၊ ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်လှပါ၏၊ တဆယ့်နှစ်ယူဇနာမျှ ကျယ်ဝန်းပါ၏၊ တထောင်သော နတ်သမီး ကညာတို့နှင့် ပြည့်စုံ၍ နတ်၏စည်းစိမ်တို့ဖြင့် အလွန်တင့်တယ်ပါ၏၊ သင်မိခင်သည် ဤလူ့ပြည်၌ အလှူပေးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ ကွယ်လွန်သောအခါတွင် ထိုရွှေဗိမာန်၌ ရောက်ရှိခံစားရပါလတံ့ဟု ပြောကြားလေ၏။

ဘုရားလောင်း၏စကားကို ကြားသောအခါ ထိုနေရာ၌ စုဝေးရောက်ရှိကြကုန်သော လူအပေါင်းတို့သည် လက်အုပ်ချီလျက် ဘုရားလောင်းအား ရှိခိုးကြကုန်၏၊ သိရသာမင်းသားသည် မိခင်၏ရင်ခွင်မှ ဆင်းသက်၍ မိခင်ဘခင်တို့ကိုငင်း, နောင်တော်ခြောက်ယောက်တို့ကိုငင်း, နံ့သာရေဖြင့် ရေချိုးစေပြီးနောက် ခေတ္တမျှ နေပြီးလျှင် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် ထိုနေရာမှ ကွယ်ပျောက်လျက် တာဝတိံသာနတ်ပြည်သို့ ရောက်သွားလေ၏၊ ထိုအခါ လူအပေါင်းတို့သည် ဘုရားလောင်းကို မတွေ့ကြရသဖြင့် ထိုနေရာ၌ပင် ငိုကြွေးကြကုန်၏၊ ဘုရားလောင်း၏မယ်တော် သုရသိဒေဝီသည်လည်း ဘုရားလောင်းကို မတွေ့ရသဖြင့် ငိုကြွေးမြည်တမ်းလျက်-

၉၂-၉၄။ အို ချစ်စွာသော သားတော်သိရသာ သင်သည် မိခင်ကို စွန့်ခွါ၍ အဘယ့်ကြောင့် နတ်ပြည်သို့ သွားပါသနည်း သားတော်နှင့် ကွေကွင်းသဖြင့် မိခင်မှာ ပူဆွေးခြင်းပြင်းစွာ ဖြစ်ရပါ၏၊ သားတော်ကို မတွေ့

မြင်ရသောကြောင့် ရေ၌နှစ်မျှောစဥ်ကထက်ပင် ပို၍ မိခင်မှာ စိတ်ဆင်းရဲရပါ၏ ဟု ဆိုကာ ငိုကြွေးလေ၏။

## ငိုကြွေးသော မိခင်၏မျက်ရည်ကြောင့် ဘုံဗိမာန် မှောင်အတိဖြစ်ပုံ

ထိုခဏ၌ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ရှိသော ရွှေဗိမာန်ပေါ်သို့ တက်ရောက်သောအခါ အမိုက်မှောင်ဖြစ်နေ၍ ယင်းဗိမာန်၌ မည်သည့်အရာကိုမျှ မမြင်ရဘဲ ရှိလေ၏၊ ထိုအခါ ယင်းဗိမာန်၌ ရှိကြကုန်သော နတ်သမီးများက "အမောင်နတ်သား သင်သည် လူ့ပြည်သို့ အမြန်ဆင်းသက်ပါဦးလော့၊ ယခုအခါ သင့်မိခင်သည် အလွန်တရာ ငိုကြွေးမြည်တမ်းနေသောကြောင့် ဤဗိမာန်၌ မှောင်အတိကျ၍ အလင်းရောင်မရ ဖြစ်နေပါ၏" ဟု ဆိုလျက် ဘုရားလောင်းအား ခေါ်ယူ၍ လူ့ပြည်သုရသိဒေဝီ၏ ရင်ခွင်ထက်၌ ထားကြကုန်၏ ထိုအခါ ဘုရားလောင်းသည် မယ်တော်အား "အို ချစ်စွာသောမိခင် ကျွန်ုပ်သည် နတ်ပြည်၌ရှိသော ရွှေဗိမာန်သို့ သွားသောအခါ ဗိမာန်သည် အရောင်အလင်းမရှိဘဲ မှောင်အတိဖြစ်နေပါ၏၊ လက္ခယ်ည၌ မျက်စိကိုဖွင့်၍ ကြည့်ရသကဲ့သို့ ထိုဗိမာန်၌ တစုံတရာကိုမျှ မမြင်ရပါ၊ ထို့ကြောင့် မိခင်သည် မငိုကြွေးပါလင့်ဟု ဆိုလေ၏။

ထိုအခါ အဖိုးစစ်သူကြီးသည် အရှင်မင်းသား ကျွန်ုပ်တို့သည် သင်မင်းသားအား ချစ်ခင်မြတ်နိုးကြ သောကြောင့် ငိုကြွေးကြခြင်းဖြစ်ရာ တားမြစ်နှောက်ယှက်သကဲ့သို့ ဖြစ်ရပါ၏၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် နတ်ပြည်ကိုရင်း, သင်မင်းသား၏ ဘုံဗိမာန်ကိုရင်း ကြည့်ရှုလိုကြပါ ကုန်၏ဟု ပြောဆိုလေရာ ဘုရားလောင်းအား "အို အဖိုးဖြစ်သော စစ်သူကြီး သင်တို့သည် နတ်ပြည်ကိုရင်း, ကျွန်ုပ်၏ ဘုံဗိမာန်ကိုရင်း တွေ့မြင်လိုကြပါလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏တန်ခိုးဖြင့် သင်တို့အားပြပါအံ့၊ သင်သည် မိမိတို့၏မျက်လုံး များကိုဖွင့်၍ နတ်ပြည်ကိုရင်း, ကျွန်ုပ်၏ ဘုံဗိမာန်ကိုရင်း ကြည့်ရှုကြပါကုန်လော့" ဟု ဆိုလေ၏၊ ထိုအခါ အဖိုးစစ်သူကြီးစသောလူအပေါင်းတို့သည် ထိုနေရာ၌ပင် စုဝေးကြကုန်လျက် မိမိတို့၏မျက်လုံးများကိုဖွင့်၍ ကြည့်ကြသောအခါ နတ်ပြည်ကိုရင်း, နတ်ဗိမာန်ကိုရင်း တွေ့မြင်ကြကုန်၏။

ထိုအချိန်၌နတ်တို့သည်အထက်၌ ၁၂-ယူဇနာအကျယ်ငါးယူဇနာရှိသော ပတ္တမြားပြာသာဒ်ဗိမာန်ကို ကောင်းကင်၌ ဖြစ်ပေါ်စေပြီးလျှင် သုရသိဒေဝီ၏ရှေ့မှောက်၌ ၎ပ်တည်စေကြကုန်၏၊ အရပ်လေးမျက်နှာတို့၌လည်း အရောင်အဝါများကို ထွန်းလင်းတောက်ပစေကြကုန်၏၊ ထိုအခါ သုရသိဒေဝီသည် မိမိ၏သားတော်ကို နတ်သမီးနှစ်ဦးတို့၏ လက်ထဲသို့ ထည့်ပေးလိုက်၏၊ နတ်သမီးနှစ်ဦးတို့သည် ဘုရားလောင်းအား ရှိခိုးလျက် မိမိတို့၏ လက်နှစ်ဖက်ဖြင့်ပွေ့ပိုက် ယူဆောင်၍ ပတ္တမြားဗိမာန် ပြာသာဒ်ထက်သို့ သွားလေ၏၊ ထိုအခိုက်တွင် ဘုရားလောင်းသည် လူအဖြစ်မှ ကွယ်ပျောက်၍ နတ်သားအဖြစ်သို့ ရောက်သွားလေ၏၊ ဘုရားလောင်း နတ်သား၏ ကိုယ်မှ ထွက်သော အရောင်အဝါသည် အခြားနတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါများကို လွှမ်းမိုးလျက်ရှိ၏၊ ထိုအခါ နတ်တို့သည် ဘုရားလောင်း၏ဝဲယာနှစ်ဖက်တို့၌ နတ်တူရိယာများကို တီးမှုတ်ကြကုန်၏၊ ထိုခဏတွင် ဘုရားလောင်း၏ ပတ္တမြားပြာသာဒ်သည် ထိုရွှေဗိမာန်ကြီးအလယ်သို့ ဝင်ရောက်သွားလေ၏။

ထိုအခါ ဘုရားလောင်း နတ်သားသည် ပတ္တမြားပြာသာဒ်မှဆင်းသက်၍ ရွှေဗိမာန်ကြီး၏အလယ်ရှိ ရတနာပလ္လင်ထက်၌ နေလျက် ထိုနတ်တို့အား ညီညီညွတ်ညွတ် ချမ်းချမ်းသာသာ နေရခြင်းအကြောင်းကို မေးမြန်းလိုရကား—

၉၅-၉၆။ အို နတ်များတို့ အသို့နည်း၊ သင်တို့သည် ညီညွတ်စွာရှိကြပါကုန်၏လော၊ ရောဂါကင်းကွာ ချမ်းသာကြပါ၏လော၊ သင်တို့သည် မိမိတို့ကောင်းမှု ကုသိုလ်အလျောက်ရရှိသော စည်းစိမ်တို့ကို ချမ်းသာစွာ ခံစားကြပါကုန်၏လောဟုမေးမြန်းလေ၏။

ထိုအခါ နတ်အပေါင်းတို့က—

၉၇-၉၈။ အမောင်နတ်သား ကျွန်ုပ်တို့သည် ညီညွတ်စွာ ရှိကြပါကုန်၏၊ ရောဂါကင်းကွာ ချမ်းသာကြပါကုန်၏၊ ကျွန်ုပ်တို့သည် မိမိတို့ကောင်းမှုကုသိုလ်အလျောက် ရရှိသော စည်းစိမ်တို့ကို ချမ်းသာစွာခံစားကြရပါကုန်၏ဟု ပြန်ကြား ဖြေဆိုကြကုန်၏။

ထိုအခါမှစ၍ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည် ရွှေဗိမာန်၌ နတ်စည်းစိမ်တို့ကို ခံစားလျက်နေလေ၏၊ ပဓမ္မမင်း အမှူးရှိသော ပါလိသ မြို့သူမြို့သားတို့သည်လည်း ဘုရားလောင်း၏ အဆုံးအမ၌တည်လျက် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ လူ့ပြည်မှ စုတေသောအခါ နတ်ပြည် တို့၌ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်၍ ဇာတ်ကို ပေါင်းလိုရကား—

၉၉-၁၀၂။ ထိုအခါ မဇ္ဈဟာရက ပုဏ္ဏားသည် ယခုအခါ ဒေဝဒတ်၊ ပဓမ္မ မင်းကြီးသည် သုဒ္ဓေါဒန၊ သုရသိဒေဝီသည် မဟာမာယာ၊ ဒေဝ ကာမမင်းသားသည် ရှင်အာနန္ဒာ၊ အဖိုးစစ်သူကြီးသည် ရှင်သာရိ ပုတ္တရာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ ထိုအခါ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ပရိသတ်များဖြစ်၍ သိရသာ မင်းသားသည် ကား ယခုအခါ ငါဘုရားဖြစ်လာ၏၊ ဤသို့ ဇာတ်တော်ကိုနာယူ မှတ်သားဆောင်းထာကြကုန်လော့ဟု မိန့်တော်မူလေသတည်း။

ရှစ်ခုမြောက် သိရသာ ကုမာရဇာတ် ပြီး၏။

---

# ၉-သောဏရာဇဇာတ်

[သူတပါးကို မကောင်းကြံ၍ အဆိပ်ခတ်သတ်ခြင်း,အပြစ် ကျူးလွန်သူ တရားခံအဖြစ် စွပ်စွဲခြင်းတို့ကို ပြုလုပ်သော မိန်းမယုတ်သည် မိမိကိုယ်တိုင် အဆိပ်သောက်၍သေရခြင်း ဒုက္ခကို မကြာမီ ခံစားရသည်ကို ပြသော ကာလကဏ္ဏိ ဝတ္ထု။]

မြတ်စွာဘုရားသည် ကိံနု ခေါ တွံ အာဂတော သေဋ္ဌိ အစရှိသော တရားဒေသနာကို ကပိလဝတ္ထုပြည် နိဂြောဓာရုံ ကျောင်း၌ နေတော်မူစဉ် စိဉ္စမာဏဝိကာ၏ ပြုလုပ်လွန်ကျူးခဲ့သော အပြစ်များကို အကြောင်းပြု၍ ဟောတော်မူ၏၊ ခြဲ၍ ဆိုဦးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားစည်း

ဝေးရာ မဏ္ဍပ်၌ "ငါ့ရှင်တို့ အံ့ဩဘွယ် ရှိပါပေစွ၊ စိဉ္စမာဏဝိကာသည် မြတ်စွာဘုရားအား စွပ်စွဲသော စကားကို ပြောဆို၍ မိမိပြုလုပ်ခဲ့သော မကောင်းမှု အတွက် မိမိပင် အရှက်တကွဲ အကျိုးနဲ ဖြစ်ခဲ့ရပြီး ယခုအခါ စိတ်မချမ်းမသာ ဖြစ်နေရပေ၏"ဟု အချင်းချင်း ပြောဆို နေကြကုန်၏၊ မြတ်စွာဘုရားသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့ ပြောဆိုနေကြသော စကားကို ကြားတော်မူသဖြင့် တရားသဘင် မဏ္ဍပ်သို့ ကြွတော်မူလျက် မြတ်သောဘုရား၏ နေရာ၌ ထိုင်နေတော် မူပြီးလျှင် ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူစဉ် သင်တို့သည် အဘယ်စကားကို ပြောဆို နေကြပါသနည်းဟု မေးတော်မူလေရာ ဤမည်သော စကားကို ပြောဆို နေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားလေသည်၊ ထိုအခါ ဘုရားရှင်သည် "ရဟန်းတို့ စိဉ္စမာဏဝိကာသည် ယခုမှသာ မိမိပြုခဲ့သော မကောင်းမှုကြောင့် စိတ်ဆင်းရဲဒုက္ခသို့ ရောက်ရသည် မဟုတ်သေး၊ ရှေးအခါကလည်း မိမိပြုခဲ့သော မကောင်းမှုကြောင့် များစွာပင်ပန်း ဆင်းရဲခြင်းသို့ ရောက်ခဲ့ရ၏ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော် မူ၏၊ ထိုအခါ ရဟန်းတော် များက တောင်းပန် လျှောက်ထားသောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဇာတ်ကြောင်း

ရဟန်းတို့လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဓမ္မပဓုမင်း မင်းပြု၏၊ မိဖုရားကြီးကား နိမ္မာဒေဝီ မည်၏၊ ဓမ္မဓုမင်းကြီးတွင် သားခုနစ်ယောက် ရှိ၏၊ အကြီး ဆုံးသော သားသည် ကပိလ မည်၏၊ ဘုရားအလောင်းသောဏနန္ဒာကား ကပိလ၏ အောက် ဒုတိယမြောက် သားဖြစ်၏၊ ကျန်ညီငယ် ငါးယောက်ကား အမည်အားဖြင့် မထင်ရှားကြပေ။ ဗာရာဏသီမြို့၌ ဆဲ့ရှစ်ကုဋေ ကြွယ်ဝသော မိစ္ဆာဒိဋ္ဌိ သူဌေးကြီးတဦး ရှိ၏၊ ယင်းသူဌေးကြီးကား နှမြောတွန့်တို၏၊ ကောင်းမှု မကောင်းမှုကိုမျှလည်း မသိပေ၊ ထိုအခါ၌ သူဆင်းရဲတယောက်သည် မိမိ၏မယား, သမီးတို့နှင့် အတူ တဲရုံးသဖြင့် အသက်မွေးခြင်းကို ပြုလျက်နေ၏၊ တနေ့သ၌ ယင်းသူဆင်းရဲသည် မိမိမယားအား ခေါ်၍ အို ရှင်မ ဥစ္စာပစ္စည်း ရရေးအတွက်

ငါ၌ အကြံအစည် တခုရှိ၏၊ ဤမြို့၏ မြောက်ဖက်၌ သစ်ပင်များစွာ ရှိ၏၊ ယင်း သစ်ပင်တို့ကို ခုတ်လျက် လှေလုပ်၍ ရောင်းရလျှင် ငါတို့မှာ ဥစ္စာ များစွာ ရဘွယ်ရှိ၏ဟု ပြောဆိုတိုင်ပင် လေ၏၊ ထိုအခါ ဇနီးဖြစ်သူက အို အရှင်ယောကျ်ား ထိုသို့ပြုလုပ်ရန် အတွက် ပေါက်ဆိန်ကို အဘယ်မှရနိုင်ပါ မည်နည်းဟု မေးလေ၏၊ ထိုအခါ သူဆင်းရဲယောကျ်ားက အို အရှင်မ သူဌေးအိမ်၌ ပေါက်ဆိန်ရှိ၏၊ ငါတို့သည် သူဌေးအိမ်မှ ပေါက်ဆိန်ကိုခေတ္တ ငှါးရမ်းလုပ်ကိုင်၍ အလုပ်ကိစ္စပြီးသောအခါ ပြန်ပေးကြပါကုန်အံ့ဟု ပြော ဆိုသဖြင့် ဇနီးခင်ပွန်းနှစ်ဦးတို့သည် သူဌေးထံ သွားရောက် ငှါးရမ်းပြီးလျှင် သစ်ပင်များကို ခုတ်ယူကြကုန်၏။

## ပေါက်ဆိန်ပျောက်ရာမှ ခမည်းခမက်တော်ကြ

ယင်းသို့ ခုတ်ယူပြီးနောက် လှေများကိုပြုလုပ်ရာ လှေတစင်းပြီးသွား၏၊ ထိုနောက် ဆက်လက်၍ လုပ်ကိုင်ကြရာ ဒုတိယ လှေဘစင်း မပြီးမီတွင် ပေါက်ဆိန်သည် အရိုးကျွတ်၍ ပေါက်ဆိန်းသွားသည် အနီးမလှမ်းမကမ်း ရှိတောခြုံ၌ ပုံးအောင်းနေသော ဒရယ်တကောင်၏ ဝမ်းဗိုက်ကို ထိမှန်စူး ဝင်လေ၏၊ ဒရယ်သည် အရှိန်အဟုန်ဖြင့် ထိမှန်စူးဝင်သော ပေါက်ဆိန် အသွား၏ ဒဏ်ရာဖြင့် ယင်းနေရာ၌ပင် လဲသေလေ၏၊ ဇနီးမောင်နှံနှစ်ဦး တို့သည် ပျောက်သောပေါက်ဆိန်ကို ရှာဖွေကြရာ ဒရယ်အား ထိမှန်သော တောခြုံတွင် မရှာကြဘဲ အခြားနေရာများကို လိုက်လံရှာဖွေရာ ပေါက် ဆိန်ကိုရှာ၍ မတွေ့ကြသဖြင့် ဗာရာဏသီ သူဌေးထံသွား၍ ထိုပေါက်ဆိန် ပျောက်ဆုံးကြောင်းကို ပြောကြားကြကုန်၏၊ ထိုအခါ ဗာရာဏသီ သူဌေး များစွာ အမျက်ထွက်လျက် ဟယ်သူယုတ်မာတို့ သင်တို့သည် ငါ၏ပေါက် ဆိန်ကို မြန်မြန်ရှာဖွေ ပေးကြလေဟု ဆို၏၊ ဇနီးမောင်နှံ နှစ်ဦးတို့က အို သူဌေးကြီး ကျွန်ုပ်တို့သည် နေရာအနှံ့ ရှာဖွေကြပါသော်လည်း မတွေ့ရှိ ကြပါ၊ သို့ဖြစ်၍ အခြားပေါက်ဆိန်တခုကို အစားလျော်၍ ပေးပါအံ့ဟု ဆိုကြကုန်၏။

## ငါ့ပေါက်ဆိန်မှ ငါယူမည်

ထိုအခါ သူဌေးကြီးက ငါသည် အခြားပေါက်ဆိန်တခု အစားပေး ခြင်းကို အလိုမရှိပါ၊ ငါ၏ ပေါက်ဆိန်ကိုသာ အလိုရှိပါ၏ဟု ဆိုလေ၏၊

ထိုနောက် ဇနီးမောင်နှံတို့က ပျောက်သွားသော ပေါက်ဆိန်တခုအစား အခြားပေါက်ဆိန် နှစ်ခု, သုံးခု တရာအထိပေးမည် ဆိုသော်လည်း သူဌေးသည် သူ၏ပေါက်ဆိန်ကိုရမှ ကျေနပ်နိုင်မည်ဟု ဆိုလေ၏။ နောက်ဆုံးတွင် အို သူဌေးကြီး ပေါက်ဆိန်တရာမျှ အစားပေးသည်ကိုမှ မကျေနပ်နိုင်ပါလျှင် ကျွန်ုပ်နှင့်တကွ သမီး မယား သုံးဦးလုံး အရှင်သူဌေးကြီး၏ ကျွန်အဖြစ် ခံယူကြပါအံ့၊ ကျေနပ်ပါလော့ဟု တောင်းပန်ပြောဆိုလေ၏။ သူဌေးကြီးသည်ကား ဇနီးခင်ပွန်းနှင့် သမီးပါ သုံးဦးသားလုံး ကျွန်ခံပါမည်ဟု ဆိုသော်လည်း မကျေနပ် လက်မခံနိုင်ဘဲ သူ၏ပေါက်ဆိန်ကို ရမှပင် ကျေနပ်နိုင်မည်ဟု ဆိုနေလေ၏၊ ယင်းသို့ သူဌေးကြီးက မည်သည့်ပစ္စည်းကို အစားပေးပေးမကျေနပ်၊မိမိ၏ပေါက်ဆိန်ကိုရမှ ကျေနပ်မည်ဟု ဆိုနေသောကြောင့်ဇနီးမောင်နှံနှစ်ဦးတို့သည်ပေါက်ဆိန်ပျောက်သောနေရာသို့ပြန်သွား၍ ထပ်မံရှာဖွေကြသောအခါ ပေါက်ဆိန်ကို ရှာမတွေ့ဘဲခြုံပုတ်ထဲ၌သေနေသော ဒရယ်ကိုတွေ့၍ ဒရယ်သားစားအံ့ဟု ယူဆောင်လာကြပြီးလျှင် ချက်ပြုတ်စားသောက်ရန် ဝမ်းဗိုက်ကို ခွဲလိုက်သောအခါ ပျောက်နေသော ပေါက်ဆိန်ကို ဒရယ်၏ဝမ်းဗိုက်မှတွေ့ကြလေ၏၊ ထိုအခါ ဆင်းရဲသား ဇနီးမောင်နှံတို့သည် ဒရယ်သားကို ချက်ပြုတ်စားသောက်ကြပြီးနောက် ပေါက်ဆိန်ကို သူဌေးကြီးအား သွားရောက် ပေးအပ်ကြသော အခါတွင်မှ သူဌေးကြီးသည် ကျေနပ်သွားလေတော့၏။

## ကာလဝိပါက် နောက်ပိုးတက်

နောက်မျှား မကြာမီတွင် သူဌေးကြီးအိမ်မှ ခလေးငယ်များသည် ပေါက်ပေါက်စားလိုသဖြင့် ငိုကြွေးကြကုန်၏၊ သူဌေးကြီးသည် ခလေးများငိုသံကိုကြားသဖြင့် အကျိုးအကြောင်းကို မေးမြန်းသောအခါ ပေါက်ပေါက်စားလို၍ငိုကြွေးကြကြောင်းကိုသိသဖြင့် ကျွန်မများကိုပေါက်ပေါက်လှော်ပေးရန် စေခိုင်းလေ၏ ထိုအခါ သူဌေး၏ ကျွန်မတယောက်သည် ပေါက်ပေါက်လှော်ရန် အိုးရှာသောအခါ ဆင်းရဲသား ယောကျ်ားထံ၌ အိုးကွဲတခုကို တွေ့သဖြင့် ယင်းအိုးကွဲကို ခေတ္တငှားရမ်း၍ ခလေးများအတွက် ပေါက်ပေါက်လှော်လေ၏၊ သူဌေး ကျွန်မသည် ပေါက်ပေါက်

လှော်ပြီးသောအခါ အိုးကွဲကို ခေတ္တထားခဲ့ကာ ရေချိုးရန်မြစ်ဆိပ်သို့ သွားလေ၏၊ ထိုအခိုက်၌ သူဌေးကြီး၏ အခြားကျွန်မ တယောက်သည် ပေါက်ပေါက် လှော်သောနေရာ၌ အိုးကွဲကိုတွေ့၍ ဤအိုးကွဲ ဤနေရာသို့ အဘယ်သူယူဆောင် လာသနည်းဟု ဆိုကာ အိုးကွဲကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် မြေ၌ပစ်ချ ခွဲပစ်လေ၏။

ထိုနောက် ဆင်းရဲသား ယောကျ်ားသည် မိမိ၏အိုးကွဲကို ပြန်တောင်း လေရာ သူဌေးက အမောင်ယောကျ်ား သင်၏အိုးကွဲကို ငါ၏ ကျွန်မ တယောက်သည် အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ခွဲပစ်ခဲ့လေပြီ၊ သို့ဖြစ်၍ သင်အား အခြားကောင်းမွန်သော အိုးတခုကို ပေးပါအံ့ဟု ဆိုလေ၏၊ ထိုအခါ ဆင်းရဲသားယောကျ်ားသည် ဤသို့ စိတ်ကူးမိလေ၏၊ ဤသူဌေး သည် သူ၏ပေါက်ဆိန် ပျောက်သွားစဉ်က အခြားပေါက်ဆိန် အစားပေး မည် ထိုထက်မက ပေးအုံးမည်ဟု ဆိုသော်လည်း သူ၏ပေါက်ဆိန်ကိုရမှ ကျေနပ်မည်ဟု ငါ့အား အကြပ်ကိုင်ခဲ့၏၊ ယခုအခါ ငါသည်လည်း ယင်း သူဌေးအား ဂလဲ့စားချေအံ့ဟု စိတ်ကူးကြံစည်လျက် အို သူဌေးကြီး သင် သည် မည်မျှကောင်းမွန်သော အိုးကိုပေးစေကာမူ ကျွန်ုပ်အလိုမရှိပါ၊ ကျွန်ုပ်သည်ကား ကျွန်ုပ်၏ အိုးကွဲကိုသာ အလိုရှိပါ၏ ဟု ဆိုလေ၏။

## လက်စားချေလိုရကား ငါ့အိုးကွဲမှအိုးကွဲဟု

ထိုအခါ သူဌေးကြီးက အမောင်ယောကျ်ား သင့်အိုးကွဲအတွက် အိုး အကောင်း ၂-လုံး သုံးလုံး တရာအထိ ပေးပါမည်ဟု ဆိုသော်လည်း မကျေနပ်နိုင်သဖြင့် သို့ဖြစ်လျှင် ငါ၏ ကျွန် ၂-ယောက်ကို သင့်ထံ၌ ကျွန်ခံ စေပါမည်ဟု ပြောသော်လည်း သူဆင်းရဲယောကျ်ားက လက်မခံ မကျေ နိုင်ဘဲ ရှိနေလေ၏၊ ထိုအခါ သူဌေးကြီးသည် ဒေါသအမျက် ချောင်း ချောင်းထွက်လျက် "အမောင်ယောကျ်ား သင်၏အိုးကွဲသည် အစိတ်စိတ် အမွှာမွှာကွဲသွားသဖြင့် ယခုအခါ မြေကြီးအဖြစ်သို့ ရောက်သွားရကား မည်သို့မျှ ပြန်လည်အစားပေး၍ မရနိုင်ပါ သို့ဖြစ်၍ ငါတို့သည် ဘုရင်မင်း မြတ်ထံ သွားရောက် အဆုံးအဖြတ် ခံကြပါအံ့၊ အကယ်၍ ဘုရင်မင်းမြတ်

က ရွှေအိုးကို အစားပေးရမည်ဟုဆိုလျှင်လည်း ငါပေးအံ့”ဟု ပြောဆိုကာ သူဆင်းရဲယောက်ျားကို ခေါ်လျက် ဘုရင်မင်းမြတ်ထံ သွားလေ၏၊ ထိုအခါ ဓမ္မမဟုမင်းသည် ရတနာပလ္လင်ထက်၌ နေလျက် မျက်နှာမသာမယာဖြင့် မိမိထံမှောက်သို့ ရောက်လာသော သူဌေးကြီးအား လာရင်းအကြောင်းကို မေးမြန်းလိုရကား -

၁။ အို သူဌေးကြီး မျက်နှာမရွှင်မပြ စိတ်လက်မသာမယာဖြင့် အဘယ်အကြောင်းကိစ္စဖြင့် လာရောက်ပါသနည်း လာရောက်ခြင်း အကြောင်းကို သံတော်ဦး တင်ပါလော့—

ဟု မေးမြန်းလေ၏၊ ထိုအခါ သူဌေးကြီးသည် ရှိခိုးလျက်—

၂။ အရှင်မင်းမြတ် ကျွန်ုပ်သည် စိတ်မချမ်းသာစရာ ဒေါသထွက်စရာ အကြောင်းရှိ၍ လာရောက်ခြင်း ဖြစ်ပါသည်၊ အရှင်မင်းမြတ်သည် ကျွန်ုပ်၏ အားထားမှီခိုရာ ဖြစ်တော်မူပါလောဟု လျှောက်တင်လေ၏၊ ယင်းသို့လျှောက်တင်ပြီးလျှင် ဆက်လက်၍—

(သူဌေးကြီး) မြတ်သောမင်းကြီး ဤသူဆင်းရဲထံမှ ကျွန်ုပ်ငှါးရမ်းအသုံးပြုသော အိုးကွဲသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားသောကြောင့် အိုးအကောင်း တရာအထိ အစားပေးမည်ဟု ကျွန်ုပ် ဆိုပါသော်လည်း မကျေနပ်ရုံသာမက ကျွန်ုပ်၏ ကျွန်နှစ်ယောက်ကို ကျွန်အဖြစ် ပေးပါမည်ဟု ဆိုသော်လည်း မကျေနပ်ဘဲ သူ၏ အိုးကွဲကိုရမှ ကျေနပ်မည်ဟု ဆိုနေပါသည်၊ သို့ဖြစ်၍ ဤပြဿနာကို ပြေလည်အောင် ဖြေရှင်း ဆုံးဖြတ်ပေးတော်မူပါ။

(မင်းမြတ်) အမောင်သူဆင်းရဲယောက်ျား ယခု သူဌေးကြီး ပြောသည့်အတိုင်း မှန်ပါသလား—

(သူဆင်းရဲ) ယခု သူဌေးကြီးပြောသည့်အတိုင်း မှန်ပါသည် သို့သော်လည်းဆက်လက်၍လျှောက်တင်ပါရစေ၊ ရက်များမကြာမီ အချိန်က ကျွန်တော်မျိုးသည် ဤသူဌေးကြီးထံမှ ပေါက်

ဆိန်ကို ငှားရမ်းအသုံးပြုခဲ့ပါသည် ယင်းပေါက်ဆိန်သည် အရိုးကျွတ်၍ လွင့်စင်ပျောက်သွားရာ ရှာဖွေ မတွေ့သော ကြောင့် အခြားပေါက်ဆိန်တရာအထိ ပေးပါသော်လည်း မကျေနပ်သဖြင့် ကျွန်တော်မျိုးနှင့်တကွ ဇနီးနှင့် သမီး တို့ပါ ကျွန်အဖြစ် ခံပါမည်ဟု ဆိုပါသော်လည်း သူ၏ ပေါက်ဆိန်ကိုရမှ ကျေနပ်မည်ဟု ဆိုခဲ့ပါသည် သို့ဖြစ် သောကြောင့် မည်သို့မျှ မတတ်နိုင်သဖြင့် သူ၏ ပေါက်ဆိန် ပျောက်သောနေရာကို ထပ်မံသွားရောက်ရှာဖွေ၍ ပြန်ရမှ ကျေနပ်သွားခဲ့ပါသည်။

(မင်းမြတ်) သူဌေးကြီး ဤသူဆင်းရဲပြောသောစကားများ မှန်ပါ သလား။

(သူဌေး) အားလုံးမှန်ပါသည် အရှင်မင်းကြီး။

(မင်းမြတ်) ဤသူဆင်းရဲယောကျ်ားအပေါ်၌ အကြုပ်ကိုင်၍ အာဃာ တ ထားခဲ့သော သင်၏ မကောင်းမှုသည် ယခုအခါ သင့် ထံသို့ ရောက်ရှိလာချေပြီ၊ သင်ပထမပြုခဲ့သော အာဃာတ ကြောင့် ယခု ဆင်းရဲသားက သင့်အပေါ်၌ အာဃာတ ပြန်ထားခြင်းဖြစ်သည် ဤသို့ဖြစ်ခြင်းသည် သင်၏အပြစ် ဖြစ်ချေသည်၊ သင်၏အပြစ်ကို သင်သိမြင်ပါသလော။

(သူဌေး) သိမြင်ပါသည်။

(မင်းမြတ်) သင်တို့နှစ်ဦး လျှောက်တင်ချက်များကို ကြားရသဖြင့် သင် တို့ ပြဿနာကို ကျွန်ုပ်သိပြီဖြစ်သောကြောင့် သင်တို့ ပြဿနာကို တရားသဖြင့် ဖြစ်အောင် ကျွန်ုပ်အဆုံးအဖြတ် ပေးမည် သို့ဖြစ်၍ ကျွန်ုပ်၏ အဆုံးအဖြတ်အတိုင်း လိုက်နာ ပါမည်ဟု သင်တို့နှစ်ဦးလုံးက ဝန်ခံ ကတိ ပြုကြပါမည် လော။

(သူဌေး+ဆင်းရဲသား) လိုက်နာပါမည်ဟု ကတိပြုကြပါသည် အရှင် မင်းကြီး။

(မင်းမြတ်) အို သူဆင်းရဲယောကျ်ား သင့်၌ သားသမီး တဦးဦး ရှိပါသလော။

(သူဆင်းရဲ) ကျွန်ုပ်၌ သမ္ဘာဒေဝီမည်သော သမီးတယောက် ရှိပါသည်။

(မင်းမြတ်) သူဌေးကြီး သင့်၌လည်း သားသမီး တဦးဦးရှိပါသလော။

(သူဌေး) ကျွန်ုပ်၌ ဝစ္စနကုမာရမည်သောသားတယောက်ရှိပါသည်။

(မင်းမြတ်) သူဌေးကြီး သင်၏သားကို ဤသူဆင်းရဲ၏သမီးနှင့် ထိမ်းမြား လက်ထပ်ပေးရမည်၊ သင်၏သားအား လေးကုဋေမျှသော ဥစ္စာ ရွှေငွေတို့ကို လက်ဖွဲ့ပစ္စည်းအဖြစ် ပေးလိုက်ရမည်၊ အကယ်၍သင်၏သားသည် သူဆင်းရဲ၏ သမီးကို စွန့်ခွါ၍ အရပ်တပါးသို့ သွားလျှင် ဤပစ္စည်းများသည် သူဆင်းရဲသမီး၏ ပစ္စည်းများဖြစ်စေရမည်၊သင်သည်လည်း ဤသူဆင်းရဲယောကျ်ားနှင့် အမြဲတန်း ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံရမည်-ဟု အဆုံးအဖြတ် ပေးလေ၏။

(သူဌေးကြီး) ကောင်းပါပြီ အရှင်မင်းကြီး။

## ကိုယ်ဝန် ရကာမှ လင်မယား ကွဲကြ

သူဌေးကြီးသည် မင်းကြီး၏အဆုံးအဖြတ်ကို ကြားရပြီးနောက် မင်းကြီးအား ရှိခိုးလျက်သူဆင်းရဲ၏အိမ်သို့သွားပြီးလျှင် သူ၏သားနှင့် ဆင်းရဲသား၏ သမီးတို့ကိုထိမ်းမြားလက်ထပ်ပေးလျက် သားနှင့် ချွေးမတို့အား သူဆင်းရဲအိမ်၌ပင်နေစေလေ၏၊ ထိုအခါမှစ၍ သူဌေးကြီးနှင့် ဆင်းရဲသားယောကျ်ားတို့ သည်လည်း ချစ်ခင်စွာ ပေါင်းသင်း ဆက်ဆံကြလေ၏၊ ထိုနောက် ဆင်းရဲသား၏သမီး သမ္ဘာဒေဝီသည် သူဌေးသားနှင့် ပေါင်းသင်းသဖြင့် ကိုယ်ဝန်ရရှိ၍ ဆယ်လလောက်ရှိသောအခါ၌ သူဌေးသားသည် ပစ္စည်းမာနတက်လျက် ဆင်းရဲသား၏ သမီးအပေါ်၌ ဆဲရေး ရေရွတ်၏၊ ''ဟယ် အယုတ်မ-သင်သည်သူဆင်းရဲ့အိုးကွဲ၏သမီးဖြစ်သည်၊သင့်မှာ ပစ္စည်းဟူ၍၊ ဘာမျှမရှိသင်တို့မိသားစု သုံးဦးသည် ငါ့ကိုမှီ၍ အသက်ရှင်နေကြ

ခြင်းဖြစ်၏၊ ငါသာမရှိလျှင်သင်တို့သည် ငတ်ပြတ်မွဲတေ၍ ဆင်းရဲစွာနေကြရမည်ဖြစ်သည်''ဟု နှိပ်ချပြောဆိုလေ၏၊ ထိုအခါ ဆင်းရဲသား၏ သမီးသည် မိမိတို့၏ဆင်းရဲသည့်အဖြစ်ကို တွေးမိ၍ ဝမ်းနည်းကာ မျက်ရေဖြိုင်ဖြိုင်ကျဆင်းလျက် ''ငါသည် ကံဆိုးလှပေစွ၊ ငါသည် ကံမကောင်းသောကြောင့် ဤဘဝ၌ဆင်းရဲရ၏၊သို့သော်လည်း ငါ၏ ဝမ်း၌တည်သောကိုယ်ဝန်သည်ကား ဘုန်းကံရှိသော ပုဂ္ဂိုလ် ဖြစ်လိမ့်မည် ထင်၏၊ ငါ၏ကိုယ်ဝန်မှ သား,သို့မဟုတ် သမီးသည် ဘုန်းကံရှိသည်ပင် ဖြစ်စေကာမူ-ဤသူဌေးသားသည် ငါ့အား ဆဲရေး ရေရွတ် မြည်တွန်နေမည်သာ ဖြစ်သည်၊ သို့ဖြစ်၍ ဤငါ၏သား သို့မဟုတ် သမီးကို ဤသူဌေးသားသည် မတွေ့မြင်ပါစေသတည်း''ဟု ငိုယိုလျက်အဓိဋ္ဌာန်ပြုလေ၏၊

## မီးမဖွားမီ ကိုယ်ဝန်သားသမီးကို သိကြားမင်းဆောင်ယူပုံ

ထိုနေ့၌ပင် သိကြားမင်းသည် လူ့ပြည်ကို ကြည့်လတ်သော် ထိုသူဆင်းရဲသမီး သမ္မာဓနီ၏ ဝမ်း၌ ကိန်းအောင်းသော မိန်းကလေးသည် ဘုန်းကံရှိသော မိန်းကလေး ဖြစ်သည်ကို သိသဖြင့်''လူ့ပြည် သမ္မာဓနီ သူဆင်းရဲ၏ဝမ်း၌ တည်သော မိန်းကလေးသည် ဘုရားအလောင်း သောဏနန္ဒ မင်းသား၏ ဇနီးဖြစ်လတ့်၊ သို့ဖြစ်၍ ယင်း မိန်းကလေးအား ချီးမြှောက်စောင့်ရှောက်မှ သင့်မည်''ဟု ကြံစည်လေ၏၊ ယင်းသို့ ကြံစည်ပြီးနောက် သိကြားမင်းသည် နတ်ပြည်မှ ဆင်းသက်ပြီးလျှင် မိမိကိုယ်ကို ငှက်ယောင်ဖန်ဆင်း၍ သမ္မာဓနီ၏ ဝမ်းသို့ ဝင်လျက် ကိုယ်ဝန်ကို နှုတ်သီးဖြင့် ယူဆောင်ကာ ဝမ်းမှ ထွက်လာပြီး ကောင်းကင်သို့ပျံတက်၍ ဟိမဝန္တာသို့ ပျံသန်းယူဆောင် သွားလေ၏၊ ယင်း ကိုယ်ဝန်ကို ဟိမဝန္တာရှိ ဆဒ္ဒန်အိုင်ကြီးတွင် ပဒုမ္မာကြာဝတ်ဆံ တခု၏အလယ်၌ ထားလျက် နတ်များကို စောင့်ရှောက်ရန် လွှဲအပ်ထားလျက် နတ်ပြည်သို့ ပြန်သွားလေ၏၊ သူဆင်းရဲသမီး သမ္မာဓနီသည် မိမိ၏ကိုယ်ဝန်ကို ငှက်ကယူဆောင် သွားသည်ကို သိသဖြင့် ယခုအခါ ငါ၏ အလိုဆန္ဒ ပြည့်ငပြီဟု တွေးလျက် နှစ်သက်စွာ ဘခင်အိမ်၌ နေလေ၏။

ထိုအခါ ဆဒ္ဒန်အိုင်၏ မနီးမဝေးတွင် ဝိသုဒ္ဓမည်သော ရသေ့၏ကျောင်းသခ်မ်းရှိ၏၊ ထိုနေ့၌ ထိုရသေ့သည် ရေခပ်ရန် ဆဒ္ဒန်အိုင်သို့ ချဉ်းကပ်ရောက်

လာသောအခါ ထိုပဒုမာ ကြာပန်းဆီမှ ကလေးငယ်၏ အသံကို ကြား သဖြင့် ပဒုမာကြာပန်းကို ခူးယူကြည့်လေရာ ကလေးငယ်ကို တွေ့ရသော ကြောင့် လွန်စွာ သနားကြင်နာခြင်း ဖြစ်ရကား မိမိကျောင်းသခ်မ်းသို့ ယူဆောင်ခဲ့လေ၏၊ ကျောင်းသခ်မ်းတွင် ပဒုမာကြာဝတ်ဆံများနှင့် ပဒုမာ ကြာဖက်များကို နူးညံ့စွာခင်းစေပြီးလျှင် ယင်းသူငယ်မအား အိပ်စေလေ၏၊ ထိုနောက် ဝိသုဒ္ဓရှင်ရသေ့သည် သူငယ်မ၏ နို့ရေအတွက် မိမိ၏လက်ချောင်း၊ တချောင်းကိုရင်း ထမင်းနှင့် ရေအတွက်လက်ချောင်းတခုစီကိုရင်း သောက် သုံးစေအံ့ဟု ကြံလျက် နို့နှင့်ထမင်းရေတို့ အတွက် မိမိ၏ လက်သုံးချောင်း ကို နေ့စဉ်တိုက်ကျွေး စုတ်ယူစေလေ၏၊ ဝိသုဒ္ဓ ရှင်ရသေ့သည် သူငယ်မ၏ အမည်မှည့်သောအခါ ပဒုမာကြာပန်းမှ ရသည်ကိုစွဲ၍ ပဒုမာဟု အမည်မှည့် လေ၏၊ ယင်းသို့ ရသေ့၏ လက်ချောင်းများမှ နို့ချိုတိုက်ကျွေး အစာ အာဟာရတို့ကို စားသုံးလျက် ကြီးပြင်းလာရာ တဆယ့် ခြောက်နှစ်အရွယ် ရောက်သော အခါ သူငယ်မမှာ နတ်သမီးတမျှ လှပချောမွေ့လေ၏။

**သမီးလေးပဒုမာအတွက် နေရန်သိကြားမင်းစီမံ**

ထိုနောက် ရှင်ရသေ့သည် "ဤပဒုမာ မည်သော သူငယ်မသည် ယခု အခါ နတ်သမီးတမျှ လှပတင့်တယ် အရွယ်ရောက်နေပြီ အကယ်၍ ငါ၏ ကျောင်းသခ်မ်း၌ပင် အတူနေကြလျှင် သူတပါးတို့ ကဲ့ရဲ့ဘွယ် ဖြစ်ချိမ့်မည် သို့ဖြစ်၍ ငါ၏ ကျောင်းသခ်မ်းနှင့် ၂-မိုင်မျှ ဝေးသော နေရာတွင် သမီး အတွက် နေရာဌာန ပြုလုပ်စီမံရလျှင် သင့်လျော်လိမ့်မည် သမီးနှင့် သင့် လျော်သော နေရာကို အသို့ ရပါအံ့နည်း" ဟု ကြံစည်စိတ်ကူး နေလေ၏၊ ထိုခဏတွင် သိကြားမင်းသည် ဝိသုဒ္ဓ ရှင်ရသေ့ မွေးမြူထားသော မိန်းက လေး၏ အခြေအနေ မည်သို့ရှိသည်ကို ကြည့်ရှု ဆင်ခြင်လတ်သော် ရသေ့၏ စိတ်အကြံကို သိသဖြင့် ဝိသကြုံ နတ်သားကို ခေါ်၍ "အမောင် ဝိသကြုံ နတ်သား သင်သည် ဟိမဝန္တာရှိ ဝိသုဒ္ဓရှင်ရသေ့ ကျောင်းသခ်မ်းမှ ၂-မိုင်မျှ ဝေးသော နေရာတွင် ရသေ့သမီး ပဒုမာနေထိုင်ရန် အိမ်ကို ဆောက်လုပ် စီမံပါလေ" ဟု စေခိုင်းလေ၏။

ဝိသကြုံ နတ်သားလည်း သိကြားမင်းစကားကို ဝန်ခံခဲ့လျက် နတ်ပြည်မှ ဆင်းသက်ပြီးလျှင် ရသေ့၏ ကျောင်းသခ်မ်းမှ ၂-မိုင်မျှဝေးသော နေရာ၌

ဆူးခြုံများကို ရှင်းလင်း၍ မြေများကို ညီလျက် ရေတွင်း ရေကန် သီးပင် ပွင့်ပင်များ, မြစ်များနှင့် ပြည့်စုံသော ရွာတခုကို ဖန်တီး၍ ယင်းရွာ၏ အလယ်၌ အစစအရာရာ အားလုံးပြည့်စုံသော အိမ်တဆောင်ကို ဖန်ဆင်း စီမံလေ၏၊ ယင်းသို့ စီမံပြီးနောက် "ဤနေရာသည် ဝိသုဒ္ဓရှင်ရသေ့၏ သမီး ပဒုမာ၏ နေရာ ဖြစ်စေသတည်း" ဟု ရွာတံခါး၌ ကမ္ပည်းရေးထိုး၍ ဝိသုကြုံ နတ်သားသည် နတ်ပြည်သို့ ပြန်သွားလေ၏။

နောက်တနေ့တွင် ဝိသုဒ္ဓရှင်ရသေ့သည် သမီး၏ နေရာအိမ်ကို ပြုလုပ် အံ့ဟု ကြံလျက်မိမိ၏ကျောင်းသင်္ခမ်းမှ ထွက်ခွါလာရာ ထိုနေရာသို့ရောက်၍ ရွာတံခါး၌ ရေးသားထားသော ကမ္ပည်းစာကို တွေ့သောအခါ မိမိသမီး အား နတ်သိကြားများ စီမံဖန်တီးပေးသည့် အဖြစ်ကို သိလေ၏၊ ထို နောက် ရွာတံခါးကို ဖွင့်၍ ထိုထိုဤဤ ကြည့်ရှုလေရာ ဆန်းကြယ်စွာ ပြု လုပ်စီမံထားသော အိမ်တဆောင်ကို တွေ့လေလျှင် အိမ်ပေါ်သို့ တက်၍ ကြည့်လေ၏၊ ယင်းအိမ်ပေါ်တွင် တန်ဆာဆင်ယင် ပြုပြင်ထားသော အိပ်ရာကိုင်း၊ အသုံးအဆောင် တို့ကိုင်း တွေ့မြင်သောအခါ အော် ဘုန်းကံ ရှိပေစွ ငါ၏သမီးတော် ပဒုမာသည် ယခုဘဝတွင် အလွန်တရာ ဘုန်းကံကြီးမားသူ ဖြစ်ပေ၏ဟု စိတ်၌ မှတ်သားလျက် ယင်း အိမ်မှ သက် ဆင်းခဲ့ ပြီးလျှင် မိမိ ကျောင်းသင်္ခမ်းသို့ ပြန်လာပြီး နောက် သမီးတော် ပဒုမာအား ထိုအကြောင်း ခြင်းရာတို့ကို ပြောပြလျက် ပင်းသိကြားမင်း စီမံဖန်တီးသောအိမ်၌ နေထိုင်စေလေ၏၊ ထိုအခါမှ စ၍ ရသေ့သည်လည်း တပါးတည်း နေထိုင်လေ၏။

## ပူးစာကံရှိလျှင် တောထဲမှာပင် နေရသော်လဲ

ထိုအခါ တနေ့သ၌ ဓမ္မဓမ္မမင်း၏ သားကြီး ကပိလသည် ညီငယ် သောဏနန္ဒ မင်းသားကို ခေါ်လျက် ချစ်ညီ သောဏနန္ဒ ယနေ့ ငါတို့ ညီနောင် နှစ်ယောက်သည် တောသို့သွား၍ တောလိုက်ကစား ထွက်ကြ ကုန်အံ့၊ ညီငယ်သည် ငါနှင့်အတူ တောသို့ လိုက်ခဲ့ပါလေ့ဟု ပြောဆို လေ၏၊ ဘုရားလောင်း သောဏနန္ဒ ညီငယ်သည် မလိုက်လိုသော်လည်း အကိုကြီး၏ စကားကို မလွန်ဆန်ဝံ့သောကြောင့် လိုက်ပါရန် လက်ခံလိုက်

လေ၏၊ ညီနောင် နှစ်ဦးတို့သည် ဘခင်ဓမ္မမစု မင်းကြီးထံ ခွင့်ပန်လျက် မုဆိုးများကို စုရုံးစေ၍ မုဆိုးများကိုဋင်း၊ စစ်သည်တို့ကိုဋင်း ခေါ်ဆောင်လျက် တောသို့ဝင်ကြကုန်၏၊ ညီနောင် နှစ်ယောက်တို့သည် တောထဲသို့ ရောက်သော အခါ မိမိတို့ အလိုရှိရာ သားသမင် တို့ကို လိုက်လံ ရှာဖွေကြယင်း တဦးနှင့် တဦး ဝေးကွာ သွားကြကုန်၏။

## ပဒုမာရှိရာသို့ နတ်တို့လမ်းပြပုံ

ထိုအချိန်၌ ထိုတောတွင် စောင့်ရှောက်နေသော တောစောင့်နတ်မင်းသည် "ယခုအခါ သောဏနန္ဒ မင်းသားကို ပဒုမာမင်းသမီးနှင့် တွေ့ဆုံ ချစ်ကျွမ်းဝင်အောင် ပြုလုပ်ပေးအံ့ဟု" ကြံလျက် သောဏနန္ဒ မင်းသား၏ ရှေ့တွင် ရွှေသမင်အယောင်ဆောင်၍ ရှေ့မှဖြတ်သန်း ပြေးလေ၏၊ သောဏနန္ဒ မင်းသားသည် မြင်းပေါ်၌ နေလျက် ရွှေသမင်ကို တွေ့လိုက် သဖြင့် မြင်းစီးလျက် စစ်သည် ဗိုလ်ပါများကို စွန့်ခွါ၍ တယောက်တည်း လိုက်လေရာ အလွန် ဝေးကွာသော နေရာသို့ ရောက်သွားလေ၏၊ မြင်းသည် အလွန်ဝေးကွာသော နေရာသို့ အဟုန်ပြင်းစွာ သွားရသောကြောင့် လွန်စွာ နွမ်းနယ် ပင်ပန်းရကား ဆက်လက် မလှမ်းနိုင်ဘဲ ရှိလေ၏၊ ထိုအခါ ဘုရားအလောင်း သောဏနန္ဒသည် မြင်းကိုစွန့်ခွါထားခဲ့လျက် ခြေလျင်ပင် ရွှေသမင် နောက်သို့ လိုက်လေရာ နေဝင်ချိန် ရောက်သွားလေ၏၊ နေဝင်သည့် အခါ သစ်ပင်ကြီးများပေါ် တက်၍ သစ်ပင်ခွကြားများ ပေါ်၌ အိပ်စက်အနားယူ လေ၏။

နံနက်မိုးသောက် နေထွက်ချိန် ရောက်သော အခါ သစ်သီးများကို စားသောက်ပြီးနောက် ရွှေသမင် နောက်သို့ ခြေရာခံ၍ လိုက်လေရာ ရွှေသမင်ကို မြင်ရသော်လည်း လိုက်၍မမှီ ဖြစ်နေလေ၏၊ ဤသို့ဖြင့် လိုက်လေဝေးလေ ဖြစ်နေရာ ၇-ရက်မျှကြာသွားလေ၏၊ ထိုနောက် ရွှေသမင်ယောင်ဆောင်သော နတ်သားသည် တောထဲတွင် ကွယ်ပျောက် သွားလေ၏၊ ထိုအခါ ဘုရားအလောင်း သောဏနန္ဒ မင်းသားသည် ရွှေသမင်ကို မတွေ့ရတော့ဘဲ ခြေရာ ပျောက်သွားလျက် တောထဲတွင် လှည့်လည် သွားလာသည် ရှိသော် ပဒုမာမင်းသမီး၏ ရေတွင်း ဆီသို့ဋင်း ရေကန်၏ ရေချိုး

ဆိပ်သို့ရှင်း ရောက်သွားသဖြင့် ရေတွင်းမှ ရေများကို သောက်လျက် ရေကန်၌ရေချိုး၍ ရွာထဲသို့ဝင်သွားသောအခါ တင့်တယ်လှပသော အိမ်တဆောင်ကို တွေ့ရလေ၏၊ ဤအိမ်သည် မည်သူ၏အိမ် ဖြစ်ပါသနည်း၊ ဤရွာမှ တဦးတယောက်ကိုတွေ့လျှင် ဗာရာဏသီပြည်သို့ သွားရာလမ်းကို မေးအံ့ဟု ကြံလျက်—

၃။ ငါသည် ဤလူသူမနီးတောနက်ကြီးတွင် လှပဆန်းကြယ် တင့်တယ်သော အိမ်ကို တွေ့ရပေ၏၊ အိမ်၏ပိုင်ရှင်ကား အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း၊ အိမ်ရှင်ကိုမတွေ့ရပေဟု တယောက်ထီး ပြောဆိုနေလေ၏။

ယင်းသို့ပြောဆိုနေသော ဘုရားအလောင်း သောဏနန္ဒ၏ စကားကို ကြားသောအခါ ပဒုမာမင်းသမီးသည် မိမိ၏ လေသာပြတင်းကို ဖွင့်၍ အပြင်သို့ကြည့်လေလျှင် အဆင်းရူပကာယ တင့်တယ်လှပသော သောဏနန္ဒကို မြင်ရသဖြင့် ရှေးဘဝက ချစ်ခင်ခဲ့ဘူးသောကြောင့် မြင်လျှင်မြင်ခြင်းပင် ချစ်ခင်စိတ်ဖြစ်ရကား လေသာပြတင်းဝ၌ ရပ်လျက် မိမိကိုယ်ကို ဘုရားလောင်းအား မြင်စေ၍ ဘုရားလောင်းနှင့်အတူ စကားပြောလိုသဖြင့်—

၄။ အမောင်ယောကျ်ား သင်ယခု တွေ့မြင်ရသောရွာသည်ကား ကျွန်ုပ်၏ ဘခင်ရသေ့က ကျွန်ုပ်နေရန်အတွက် ပြုပြင်ဖန်တီး ပေးထားသော ရွာဖြစ်ပါသည်၊ ဤရွာ၌ ဥစ္စာရွှေငွေ အထွေထွေတို့သည်လည်း ပေါများပြည့်စုံလှပါ၏၊ သင်သည် မိမိအလိုရှိရာကို ယူပါလော့ဟု ပြောဆိုလေ၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ပဒုမာမင်းသမီး၏ လေသာပြတင်းဆီသို့ လှမ်းမျှော်ကြည့်သောအခါ လေသာပြတင်း၌ ရပ်တည် နေသော ပဒုမာ မင်းသမီးကို တွေ့လေရာ ရှေးဘဝက ချစ်ခင်ခဲ့ဘူးသောကြောင့် ပဒုမာကို မြင်လျှင်မြင်ခြင်းပင် ချစ်ခင်စိတ် ဖြစ်ပေါ်လေ၏၊ ထိုအခါ ပဒုမာမင်းသမီးသည် ယခုအခါ ဤအရပ်သို့ ရောက်လာသူကား အဘယ်သူချား ဖြစ်ပါလိမ့်မည်နည်းဟု ကြံစည်လျက် ထိုသူ၏အမျိုးအနွယ်ကို မေးလိုရကား—

၅။ အို ယောကျ်ား ကျွန်ုပ်သည် လူသူမနီး တောကြီးထဲ၌ နေလာရာ ရှေးအခါက သင့်ကို တခါမျှ မတွေ့ခဲ့ဘူးပါ သင်သည် အဘယ် အရပ်မှလာ၍ သင်၏အမျိုးအနွယ်ကား အဘယ်သို့ ဖြစ်ပါနည်းဟု မေးမြန်းလေ၏။

ထိုအခါ ဘုရားလောင်းက—

၆-၇။ အို အမျိုးသမီး ကျွန်ုပ်သည်ကား ဗာရာဏသီမင်း၏ သား သောဏနန္ဒ ဖြစ်ပါသည်၊ ကျွန်ုပ်သည် သမင်ကိုလိုက်ရင်း မြင်းကို စွန့်ခွါ၍ တယောက်တည်း တောထဲသို့ လှည့်လည်လာရာ ယခုအခါ ခုနစ်ရက်မြောက် ရှိလာပါပြီ၊ ယခုအခါ သမင်ကိုမတွေ့ရဘဲ ဤ နေရာသို့ ရောက်လာခြင်း ဖြစ်ပါသည် ဟု အဖြေပေးလေ၏။

ဤသို့ဖြေဆိုပြီးလျှင် ဘုရားလောင်းသည် အမျိုးသမီး၏လင်ယောကျ်ား ရှိ မရှိကို သိရှိလိုရကား—

၈။ အို အမျိုးသမီး တောကြီးထဲ၌ သင်တဦးတည်းကိုသာ တွေ့ရ၍ သင်၏ ကာမပိုင်ရှင် လင်ယောကျ်ားကို မတွေ့မြင်ရပါ၊ သင်၏ ကာမပိုင်ရှင်လင်ယောကျ်ားသည် အဘယ်အရပ်သို့သွားပါသနည်း၊ သင်သည် အဘယ်သူနှင့်အတူ နေပါသနည်းဟု မေးမြန်းလေ၏။

ထိုစကားကိုကြားသောအခါ ပဒုမာသည် မိမိ၌ လင်ယောကျ်ား မရှိ သည် အဖြစ်ကို ပြလိုသဖြင့်—

၉။ အိုယောကျ်ား ကျွန်ုပ်သည် သိတတ်သည့်အရွယ်မှစ၍ ကျွန်ုပ် ၏ နှစ်ယောက်မြောက် အဖေါ်ယောကျ်ားဟူ၍မရှိခဲ့ဘဲ တယောက် တည်းသာ ဤတောထဲမှာ နေခဲ့ပါ၏ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ ဘုရားလောင်းသည် ''အို အမျိုးသမီး ယခုအခါ ကျွန်ုပ်သည် အလွန်တရာ ပင်ပန်း နွမ်းနယ်ပါသဖြင့် ခေတ္တမျှ သင်၏ထံ၌ အပန်းဖြေ နားနေလိုပါ၏''ဟု ခွင့်တောင်းလေ၏၊ ထိုအခါ ပဒုမာမင်းသမီးသည် သဘောတူလက်ခံလျက် မိမိအိမ်မှ ဆင်းသက်၍ ဘုရား လောင်းအား ကြိုဆိုခေါ်ယူလျက် မိမိအိမ်၌ နေစေပြီးလျှင် သစ်သီး ကြီး

ယဉ်တို့ဖြင့် ကျွေးမွေးပြုစုလေ၏၊ ထိုအခါ ဘုရားလောင်းသည် ပဒုမာမင်းသမီးနှင့် ချစ်ကျွမ်းဝင်ပြီးနောက် မိန်းမယောကျ်ား နှစ်ဦးသားတို့၏ လောကထုံးစံအတိုင်း ပေါင်းသင်းခြင်းအမှုကို ပြုလေ၏။

### သောဏနန္ဒမင်းသား တောထဲပျောက်သွားသဖြင့်

ဘုရားလောင်း၏ ပရိသတ်တို့သည် သောဏနန္ဒကို လိုက်၍ရှာရာ မတွေ့ကြရဘဲ တောကြီးအလယ်၌ မြင်းကိုသာတွေ့ရသဖြင့် မြင်းကို ခေါ်ဆောင်လျက် ဗာရာဏသီမြို့သို့ ပြန်သွားကြပြီးလျှင် ဓမ္မမဝုမင်းကြီးနှင့် နိမ္မာဒေဝီမိဖုရားတို့အား ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ ကပိလမင်းသားသည် တောထဲ၌ တနေ့လုံး အချိန်ကုန်စေလျက် ညနေဘက်တွင် မြို့သို့ ပြန်ရောက်လာပြီးလျှင် ညီငယ်သောဏနန္ဒနှင့် တောထဲတွင် လူချင်း ကွဲသွားသည့်အကြောင်းကို မိဘနှစ်ပါးတို့အား ပြောလေ၏၊ ထိုအခါ မိဘနှစ်ပါး မင်းမိဖုရားတို့သည် နှလုံးကွဲအံ့သကဲ့သို့ ဖြစ်လျက် နန်းတော်ထက်၌ ကြံမှိုင်လျက် နေကြကုန်၍ မယ်တော် နိမ္မာဒေဝီ မိဖုရားသည်ကား လက်နှစ်ဖက်ဖြင့် ရင်ကိုတီးလျက်—

၁၀-၁၂။ ချစ်စွာသော သားတော် သောဏနန္ဒ သင်သည် သားသမင်တို့ ပေါများစုံလင်သော တောထဲ၌ ဆင်းရဲဒုက္ခ များပြားလှသည်ကို သင်ကား ယခုအခါသိမြင်မည်မဟုတ်သေး၊ သင်သည် အပေါင်းအဖော် ပရိသတ်တို့ကို အတူမလိုက်ပါစေဘဲ တယောက်တည်း စွန့်ခွါသွားသဖြင့် တောထဲ၌ သင်သည် သေသည် ရှင်သည်ဟူ၍ မသိရပါ၊ သင်နှင့် ကွေကွင်းသဖြင့် မိခင်မှာများစွာပူဆွေးရပါ၏—သင့်ကိုမတွေ့ရပါလျှင် မိခင်မှာ သေရဘွယ်ရာသာ ရှိပါတော့၏၊ ဟု ငိုကြွေး၍ သောကကိုမမျိုသိပ်နိုင်သဖြင့် အိပ်ရာထက်၌မှိုင်လျက်သာ နေလေ၏၊ ထိုနောက် စစ်သည်ဗိုလ်ပါများ ကခြေသည်များတို့သည်လည်းမင်းသားအားလွမ်းဆွတ်တမ်းတငိုကြွေးကြရာ အကြီးအကျယ် ငိုပွဲကြီး ဖြစ်လေတော့၏။

### သောဏနန္ဒမင်းသား တိုင်းပြည်ပြန်ခြင်း

ဝိသုဒ္ဓရှင်ရသေ့သည် ၄-ရက်ကကြိမ် မိမိ၏သမီးတော် ပဒုမာ၏ နေအိမ်သို့ လာရောက် ကြည့်ရှုလေ့ရှိ၏၊ ဘုရားလောင်း သောဏနန္ဒမင်းသားသည်

ပဒုမာ မင်းသမီးထံ၌ နေရာ ငါးရက်မြောက် ရှိသွားလေပြီ၊ ထိုညဲတွင် မင်းသားသည် ပဒုမာအား ချစ်နှမပဒုမာ ကျွန်ုပ်သည် သင့်အား မြို့တော်သို့ ခေါ်သွား၍ မိဖုရားအဖြစ် ချီးမြှောက်ပါမည်၊ သို့သော်လည်း ယခုအခါ ကျွန်ုပ်သည် မြို့သို့သွား၍ မိဘများထံ အကြောင်းကြားပါမည်၊ နံနက် မိုးသောက် အလင်းရောက်သောအခါ မြို့သို့သွား၍ ၄-ရက်မျှကြာလျှင် လက်ဆောင်ပဏ္ဏာ ပရိသတ်များစွာဖြင့် ပြန်လာပြီး သင့်ဘခင်ရသေ့ထံ ခွင့်ပန်တောင်းယူပြီးလျှင် သင့်ကို ဗာရာဏသီမြို့သို့ တပါတည်း ခေါ်ဆောင် သွားပါမည်၊ သို့ဖြစ်၍ ယခု ကျွန်ုပ်အား မြို့သို့ပြန်ရန် ခေတ္တ ခွင့်ပြုပါဟု ခွင့်တောင်းပြောဆိုလေ၏။

ထိုအခါ ပဒုမာသည်လည်း သဘောတူသဖြင့် ခွင့်ပြုကာ ဘခင် ရသေ့ ကြီး ပြသထားသည့်အတိုင်း ဗာရာဏသီပြည်သို့ သွားရာလမ်းကို မင်းသား အား ညွှန်ပြလေ၏။ သောဏနန္ဒမင်းသားသည် ပဒုမာအား နှုတ်ဆက် လျက် မိမိ၏ သန်လျက် လေး မြားတို့ကို ယူဆောင်ပြီးလျှင် ပဒုမာ၏အိမ်မှ ဆင်းသက်၍ ဗာရာဏသီပြည်သို့ ထွက်ခွါလာခဲ့လေ၏။ ပဒုမာသည်လည်း ချစ်၍မှ အားမရခင် ခေတ္တမျှခွဲခွါရသည်ကိုပင် အလွန်တရာ စိတ်မချမ်းသာ ရကား အမြန်ပြန်လာရန် ဒီတန်တန်မှာကြားလျက် ၇-ရက်ကျော်၍မှ ပြန်မရောက်လာလျှင် ချစ်နှမပဒုမာ သေပြီသာ မှတ်ပါတော့ဟု ဝမ်းနည်း စကား ပြောကြား မှာထားလိုက်လေ၏။ ဘုရားလောင်းသည် ပဒုမာ၏ အသဲထိခိုက်ဖွယ်ရာစကားကို ကြားရသောအခါ ချစ်စွာသောပဒုမာ ကျွန်ုပ် အား လက်ဆောင်ပဏ္ဏာများ စီစဉ်ရန် အခွင့်ပြုပါ၊ ခုနစ်ရက်အတွင်းအမြန် ရောက်အောင် ပြန်ခဲ့ပါမည်၊ စိတ်ချလက်ချသာ နေရစ်ပါဟု ပြောဆိုလျက် ထွက်ခွါလာခဲ့ရာ ၃-ရက်ခရီးဖြင့် ဗာရာဏသီပြည်အတွင်း အစွန်အဖျားရွာ ငယ်များသို့ ရောက်ရှိသွားလေ၏။

ရွာသူ ရွာသားတို့သည် ဓမ္မဓုမင်းကြီး၏ သားတော်မှန်းသိသော ကြောင့် မင်းကြီးထံ အမြန်သွားရောက် အကြောင်းကြားကြရာ မင်းကြီး သည် စစ်သည်ဗိုလ်ပါများကို အမြန်စေလွှတ်၍ သားတော်အား ကြိုဆို လေ၏။ ဘုရားလောင်းမင်းသားသည် စစ်သည်ဗိုလ်ပါ အခြံအရံများနှင့်

အတူ ဗာရာဏသီမြို့သို့ရောက်၍ မယ်တော် ခမည်းတော်တို့အား ရှိခိုးဦးချပြီးလျှင် တောထဲ၌ အမျိုးသမီးတဦးနှင့် တွေ့ဆုံခဲ့ခြင်း အကြောင်းတို့ကို ပြောကြားလေ၏။ ထိုအခါ မယ်တော်ခမည်းတော်တို့သည် များစွာနှစ်သက်ဝမ်းမြောက်ကြလျက် မြို့သူမြို့သားတို့ကိုခေါ်၍ "ငါသည် ဤနေ့မှ သုံးရက်မြောက်သောနေ့တွင် ဟိမဝန္တာမှ ငါ၏ချွေးမတော်ကို သွားရောက်ခေါ်ယူမည်၊ သင်တို့သည် မိမိတို့တတ်စွမ်းသမျှ လက်ဆောင်ပဏ္ဏာများကို ယူဆောင်လျက် ငါနှင့်အတူ လိုက်ပါခဲ့ကြကုန်လော့" ဟု ဗာရာဏသီမြို့အတွင်း မောင်းကြေးနင်းခတ်တီး ကြွေးကြော်စေလေ၏။

**ပဒုမာသတို့သမီးကို ယူဆောင်ရန် တပ်တောင်တာ ဗိုလ်ထုဖြင့်**

**နောက်တနေ့တွင် မင်းကြီးသည် စစ်သည်ဗိုလ်ပါများ ခြံရံလျက် မြို့သူမြို့သားများနှင့်အတူ ဟိမဝန္တာသို့ထွက်ခွါလာလေ၏။** ဓမ္မမဝုမင်းကြီး စစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် ထွက်ခွါလာရာ သုံးရက်လွန်မြောက်သောအခါ ဟိမဝန္တာသို့ရောက်၍ ဟိမဝန္တာ၌ ယာယီတဲစခန်းများ ထိုး၍ တည်းမျှ နေလေ၏၊ ထိုအခါ ဝိသုဒ္ဓရှင်ရသေ့သည် ယခုအခါ ငါ၏သမီးတော်ကို လူများသိရှိသွား၍ သမီးတော်အား လာရောက်ခေါ်ငင်ယူဆောင်ရန် လာကြခြင်းဖြစ်မည်ဟု ကြံစည်လျက် သမီးတော်အား ခေါ်ယူလျက် မိမိထံ၌ နေစေလေ၏၊ နောက်တနေ့၌ ဓမ္မမဝုမင်းသည် သားတော် သောဏနန္ဒ, အခြားပရိသတ်ဗိုလ်ပါများစွာနှင့်အတူ ဝိသုဒ္ဓရှင်ရသေ့ထံ ချဉ်းကပ်ရှိခိုးလျက် ရသေ့အား နှုတ်ဆက်စကား ပြောကြားလိုသဖြင့်—

၁၃-၁၄။ အို ရှင်ရသေ့ သင်သည် ရောဂါကင်းကွာ ကျန်းမာပါ၏လော၊ စိတ်လက်ရွှင်လန်း ချမ်းသာပါ၏လော၊ သစ်သီးကြီးငယ် ရှာဖွေစားသောက်ခြင်းဖြင့် မျှတပါ၏လော၊ မှက် ခြင် မြွေ ကင်း သန်းတို့ဘေးရန်မှ ကင်းပါ၏လော၊ ကြမ်းတမ်းခက်ထန်သော သားသမင်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းမှ ကင်းပါ၏လောဟု နှုတ်ဆက်စကား ပြောကြားလေ၏။

ထိုစကား ကြားသောအခါ ဝိသုဒ္ဓရှင်ရသေ့က—

၁၅-၁၈။။ မြတ်သောမင်းကြီး၊ ကျွန်ုပ်သည် ရောဂါကင်းကွာ ကျန်းမာပါ၏၊ စိတ်လက်ရွှင်လန်းချမ်းသာပါ၏။ သစ်သီးကြီးငယ် ရှာဖွေ

စားသောက်ခြင်းဖြင့် မျှတလုံလောက်ပါ၏၊ မှက် ခြင် မြွေ ကင်း သန်းတို့ဘေးမှ ကင်းဝေးပါ၏၊ ကြမ်းတမ်းခက်ထန်သော သားသမင်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းမှ ကင်းပါ၏၊ မြတ်သောမင်းကြီး သင်၏ ယခုလာရောက်ခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါ၏၊ ကျွန်ုပ်၌ သစ်သီးကြီးငယ် စားသောက်ဖွယ်တို့သည် များစွာရှိပါကုန်၏၊ သင်မင်းကြီးသည် အလိုရှိတိုင်း သုံးဆောင်နိုင်ပါ၏၊ ရေတွင်းမှ ဆောင်ယူခပ်ထားသော ဤရေသည်လည်း ကြည်လင်အေးမြပါ၏၊ သင်မင်းကြီးသည် အလိုရှိတိုင်း သောက်သုံးနိုင်ပါ၏ဟု ပြန်ကြားပြောဆိုလေ၏။

ယင်းသို့ ပြောဆိုပြီးနောက် ဝိသုဒ္ဓရှင်ရသေ့သည် မိမိ၏ရေခွက်ကို မင်းကြီးအား ပေးလေ၏၊ မင်းကြီးသည် ရသေ့လက်မှ ရေခွက်ကိုယူ၍ ရသေ့၌ ရိုသေလေးစားသော စိတ်ထားဖြင့် ရေစက်ရေပေါက်ကိုယူလျက် မိမိ၏ဦး ထိပ်၌ထား၍ မိမိ၏ပရိသတ်တို့အားလည်း ကျန်သောရေစက် ရေပေါက် များကို ပေးလေ၏၊ မင်း၏ပရိသတ်တို့သည်လည်း မိမိတို့၏ ဦးထိပ်ထက် ရေပေါက်ရေစက်တို့ကို ခံယူထားရှိကြကုန်၏၊ ထိုနောက် ဝိသုဒ္ဓရှင်ရသေ့ သည် မင်းကြီးအား လာခြင်းအကြောင်းကို မေးလိုသဖြင့်—

၁၉။ မြတ်သောမင်းကြီး သင်သည် အဘယ်အကြောင်း ကိစ္စဖြင့် ဤ တောကြီးထဲသို့ လာရောက်ပါသနည်း၊ လာရင်း အကြောင်းကို ကျွန်ုပ်အား ပြောကြားပါလော့ဟု မေးလေ၏၊ ထိုအခါမင်းကြီး သည် မိမိလာရင်းအကြောင်းကို ပြောကြားလိုသဖြင့်—

၂၀။ အို ရှင်ရသေ့ ကျွန်ုပ်၏ နန်းတော်၌ ရွှေ ငွေစသော ရတနာများ စွာရှိပါ၏၊ ယင်း ရတနာတို့ကို ကျွန်ုပ်တို့သည် ပေးအပ်ပါမည်၊ သင်ရှင်ရသေ့၏ သမီးတော်ကိုကျွန်ုပ်၏သားနှင့် ထိမ်းမြားလက်ထပ်၍ ကျွန်ုပ်၏အိမ်၌ နေစေရန် ပေးပါလော့ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ ရှင်ရသေ့က မြတ်သောမင်းကြီး ကျွန်ုပ်၏သမီးကို ရွှေ ငွေ ရတနာတို့ဖြင့် မရောင်းပါ၊ ရွှေ ငွေ ပေး၍ သမီးကို ဝယ်ယူမည့်သဘောပါသော သင်မင်းကြီး၏ စကားသည် မသင့်လျော်ပါဟု ဆိုလေ၏။

၂၁။ (မင်းကြီး) အိုရှင်ရသေ့ သင့်သမီးတော်ကို ရွှေငွေရတနာတို့ဖြင့် မရောင်းပါလျှင် အဘယ်အရာ ဝတ္ထုဖြင့် ရောင်းပါမည်နည်း၊ ကျွန်ုပ်အား ပြောကြားပါလော့။

၂၂။ (ရသေ့) အိုမင်းမြတ် ကျွန်ုပ်၏ သမီးကို ကျွန်ုပ်ကျွေးမွေးပြုစု စောင့်ရှောက်သည်ထက် နှစ်ဆ သုံးဆမျှ ပို၍ ကျွေးမွေးပြုစု စောင့်ရှောက်ပါလျှင် ကျွန်ုပ်သမီးအား ပေးပါအံ့။

၂၃။ (မင်းကြီး) အိုရှင်ရသေ့ ကောင်းမြတ် သင့်လျော်ပါ၏။ သင်၏ သမီးတော်ကို သင်ရသေ့ ကျွေးမွေးစောင့်ရှောက်သည်ထက် အဆ များစွာပိုမို၍ ကျွေးမွေးစောင့်ရှောက်ပါအံ့၊ ကျွန်ုပ် သားတော်၏ ဇနီးဖြစ်ရန်အလို့ငှါ ပေးပါလော့။

(ရသေ့) သို့ဖြစ်လျှင် သင်မင်းကြီး၏သားတော်၏ဇနီးဖြစ်ရန် အလို့ငှါ သမီးတော်ကိုယူပါလော့။ သို့သော် တခုကိုတော့ မှာလိုက်ချင်ပါသည်။ သင်၏အိမ်၌နေသောအခါ သမီးတော်၏အပေါ်၌ အပြစ်တစုံတရာ ရှိပါက သင်တို့သည် စိတ်လိုက်မာန်ပါ ငါ့သမီးတော်အားဆဲရေးခြင်း,ရိုက်နှက်ခြင်း ကို မပြုကြရန် မှာကြားလိုပါ၏။

(မင်းကြီး) ကျွန်ုပ်တို့ကောင်းစွာစောင့်ရှောက်ကျွေးမွေးထားပါမည်။

(ရသေ့) သို့ဖြစ်လျှင် သမီးတော်အား ယူပါလော့။

ယင်းသို့ပြောဆိုပြီးနောက် ဝိသုဒ္ဓရှင်ရသေ့သည် သမီးတော်အား မွေ့မဝ မင်းကြီးသို့ ပေးအပ်လိုက်လေ၏။ ထိုအခါ မင်းကြီးသည် လက်ဆောင် ပဏ္ဏာအားလုံးတို့ကို ရသေ့အားအပ်နှင်းလိုသဖြင့်—

၂၄။ အို ရှင်ရသေ့ သင်ရသေ့သည် အလုံးစုံသော လက်ဆောင် ပဏ္ဏာ များ,ပူဇော်ဘွယ်အထူးဖြစ်သောဘဏ္ဍာများ,အုန်းသီး,လိမ္မော်သီး, ကမ္ဗလာသီး စသောချိုမြိန်ကောင်းမြတ်သော အသီးများအားလုံး တို့ကိုလက်ခံယူငင်ပါလော့ဟု လက်ဆောင်ပစ္စည်း အားလုံးတို့ကို ပေးအပ်လေ၏။

ထိုနောက် ဝိသုဒ္ဓရှင်ရသေ့သည် သမီးတော်အား "အို ချစ်စွာသော သမီးတော် သင်သည် ဤမင်းကြီးနှင့်အတူ လိုက်သွားပါလော့၊ မင်း၏

နန်းတော်၌သင်သည် မမေ့မလျော့မပေါ့မဆ သတိဝီရိယဖြင့်နေပါလော့”ဟု ဆုံးမစကား မှာကြားလေ၏။ဘခင်ရသေ့၏ ဆုံးမစကားကိုနာယူပြီးနောက် ပဒုမာသည် ရသေ့ကြီး၏ ခြေတို့ကို ဝပ်လျှိုး ဦးနှိမ့်လျက် ရသေ့အား ပန်ကြား၍ မျက်ရေများ ရီဝေလျက် သောဏနန္ဒ မင်းသားနှင့်အတူ ဗာရာဏသီမြို့သို့ ထွက်ခွါသွားလေ၏။ သောဏနန္ဒ မင်းသားနှင့် ပဒုမာ မင်းသမီးတို့သည် အခြွေအရံများနှင့်အတူ ဗာရာဏသီမြို့သို့ ဆိုက်ရောက်လေ၏။ ထိုနောက် ဓမ္မမဒုမင်းကြီးသည် ပဒုမာအား သားတော် သောဏနန္ဒနှင့် လက်ထပ်ထိမ်းမြား ပေးပြီးလျှင် နေရန် နှစ်ထပ်အိမ်နှင့် ဝတ်ဆင်ရန်တန်ဆာများ အဝတ်အထည်များ အစားအစာများကိုပြည့်စုံစွာ ပေးကမ်း ချီးမြှောက်လျက် ထားလေ၏။ ထိုအခါမှစ၍ ပဒုမာသည် သောဏနန္ဒမင်းသား၏ ချစ်မြတ်နိုးသောဇနီးဖြစ်လေ၏။

## နောင်တော်၏ဇနီးကာလကဏ္ဏီ

ထိုအချိန်၌ နောင်တော်ကပိလ၌ ကာလကဏ္ဏီမည်သောဇနီးရှိ၏။ကာလကဏ္ဏီသည် နောင်တော် ကပိလ၏ဇနီး ဖြစ်သော်လည်း ညီသောဏနန္ဒကို အလွန်တရာ ချစ်မြတ်နိုးနေသူဖြစ်၏။ သောဏနန္ဒမင်းသား အိမ်ထောင်မပြုမီ လူပျိုမင်းသားဘဝကပင် သူမ၏လင်ကပိလကိုသတ်၍ သောဏနန္ဒနှင့် အတူနေရရန်အတွက် ကြိတ်ကြံနေသူလည်းဖြစ်၏။ ယခုအခါ သောဏနန္ဒ မင်းသားတွင် ချစ်ဇနီးအသစ် ပဒုမာကိုရနေပြီဖြစ်၍ ကာလကဏ္ဏီအဖို့အကြံရခက်နေ၏။သို့သော် သောဏနန္ဒမင်းသားအား တဖက်သတ် ချစ်နေသော သူမ၏အကြံကိုကား လက်မလျှော့သေးပေ။ တနေ့တွင် ကာလကဏ္ဏီအား အကြံတခုပေါ်လာ၏။ ထက်မြက်သောအဆိပ်ကိုရှာ၍ သောဏနန္ဒ၏ဇနီး ပဒုမာအား အဆိပ်ခတ်၍သတ်ရန်အကြံဖြစ်လာ၏၊ ယင်းသို့အကြံရပြီးသည့် အခါမှစ၍ ကာလကဏ္ဏီသည် ထက်မြက်သောအဆိပ်ကို ရှာဖွေနေရာ မိန်းမ တဦးထံမှ အဆိပ်ကိုရရှိ၏၊ ထိုမိန်းမအား ငွေတထောင်ပေးလိုက်ပြီးလျှင် အဆိပ်ကိုယူလာလျက် မုံ့ထဲသို့ အဆိပ်ကိုထည့်ပြီးလျှင် ( မုံ့လုံးရေပေါ် မုံ့မျိုးဖြစ်သည်)၊ ခွက်ဖြင့်မုံ့ကိုဖုံးအုပ်၍ ထမင်းအိုး ဟင်းအိုးများထားရာ စင်ပေါ်၌တင်ထားလေ၏။ ထိုနေ့၌ လင်ယောကျ်ားဖြစ်သူ ကပိလမင်းသား

သည် တောထဲ၌ အမဲသားများရှာဖွေရာမှပြန်လာ၍ ညနေဘက်တွင် အိမ်သို့ ရောက်လာရာ ဇနီးဖြစ်သူ ကာလကဏ္ဏီသား အိုရှင်မင်းကြီးသည် အလွန် ဆာလောင် မွတ်သိပ်နေပါသဖြင့် ထမင်းစားရန် ပြင်ဆင်ပေးပါလော့ဟု ဆိုလေ၏။

## သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်

ထိုအခါ ကာလကဏ္ဏီက "အို အရှင် ထမင်းဟင်းများ မကျက်သေး သဖြင့် ခေတ္တမျှ သည်းခံစောင့်ဆိုင်းပါလော့" ဟု ဆိုလေ၏၊ ထိုအခါကပိလ သည် ဆာလောင်မွတ်သိပ်ခြင်းတို့ သည်းမခံနိုင်သဖြင့် အိုးဖုံးကို ဖွင့်၍ ကြည့်သောအခါ မုံ့များကိုတွေ့သဖြင့် ထိုနေရာ၌ပင် မုံ့များကို စားလေ၏၊ ပြင်းထန်သောအဆိပ်သည် ဝမ်းတွင်းသို့ ဝင်သွားလေရာ မချိမဆန့် အဆိပ် ဒဏ်ကို ခံရလျက် သွေးပါသော မစင်များ ကျဆင်းပြီးလျှင် ထိုနေရာ၌ပင် သေဆုံးလေ၏၊ ကာလကဏ္ဏီသည် မိမိ၏ လင်ယောကျ်ားဖြစ်သူ မင်းသား ကပိလ သေဆုံးကြောင်းကို ဘုရင်မင်းကြီးအား အကြောင်းကြားလေ၏၊ မင်းကြီးသည် သားတော်၏ အသုဘအတွက် ပူလုပ်ဖွယ်ကိစ္စ အဝဝကို စီမံ စေပြီးလျှင် အသုဘကို စောင့်ရှောက်ရန် သားငယ်ငါးဦးအား တာဝန်ပေး အပ်ထားလေ၏၊ သေသည့်နေ့မှစ၍ သားတော်ငါးဦး ကရက်ကျစီ စောင့် လာကြရာ ငါးရက်ကျော်လွန်လာ၏၊ ထိုနောက်ကာလကဏ္ဏီသည် ယောကျ်ားမ ဘုရင်ကြီးထံသွား၍ "အရှင်မင်းကြီး အသုဘကိုစောင့်ရှောက်ရန် သား မယားများနှင့်တကွ သားတော်ငါးဦးတို့ လာရောက် စောင့်ရှောက်ကြရာ ယခုအခါ ငါးရက်ရှိသွားပါပြီ၊ နက်ဖြန်တွင် သားတော် သောဏနန္ဒအား သားမယားများနှင့်တကွ အသုဘ စောင့်စေပါလော့"ဟု လျှောက်ထား လေ၏၊ မင်းကြီးလည်း ချွေးမတော် လျှောက်ထားသည့်အတိုင်း သောဏနန္ဒ အား အသုဘစောင့်ရှောက်ရန် မိန့်ကြားပြောဆိုလေ၏။

## အသုဘစောင့်ရန် သောဏနန္ဒနှင့် ပဒုမာ အလှည့်ရောက်သောအခါ

သောဏနန္ဒသည် မယား ပဒုမာ အခြွေအရံများနှင့်အတူ အသု ဘ ရှိရာသို့ သွားရောက်၍ တနေ့လုံးကညလုံး စောင့်ရှောက်နေလေ၏၊ ထို ညဉ့် နောက်ဆုံးယာမ် ၃-နာရီအချိန်တွင် အစောင့်များအားလုံး အိပ်

ပျော်နေစဉ် ကာလကဏ္ဏီသည် သေနေသော ကပိလလက်သန်းကို သင်ခုန်းဓားဖြင့် ဖြတ်ယူပြီးလျှင် ယင်းလက်ချောင်းကို ပဒုမာ၏ ဆံထုံးကြားထဲသို့ မသိအောင် ထိုးထည့်ထားလေ၏၊ နောက်တနေ့ အသုဘချရန် ၇-ရက်မြောက်နေ့ ရောက်လာ၏၊ ထိုနေ့တွင် အသုဘ သင်္ဂြိုဟ်မည် ဖြစ်သဖြင့် ဓမ္မမဓုမင်းကြီးလည်း အသုဘချရန် သုသာန်သို့ လိုက်ပါလာ၏၊ ထိုအခါ ကာလကဏ္ဏီသည် ငိုကြွေးလျက် မင်းကြီးအားလျှောက်ထားသည်မှာ''မြတ်သော မင်းကြီး သင်မင်းကြီး၏ ချွေးမငယ်များအားလုံးသည် အကိုကြီးသေသဖြင့် ဆံပင်များကို ကျောသို့ ကြဲဖြန့်ချကြကုန်လျက် ဝမ်းနည်း ပက်လက် ငိုကြွေးကြပါကုန်၏၊ သင်၏ချွေးမတော် ပဒုမာသည်ကား ဆံထုံးကို မဖြေမချ ငိုကြွေးခြင်းလည်းမပြုဘဲ သူ၏လင် သောကာနန္ဒ အနားမှာသာ နေပါသည်''ဟု ကုံးတိုက်စကား ပြောကြားလေ၏။

ထိုအခါ ဓမ္မမဓုမင်းကြီးသည် ပဒုမာကိုခေါ်၍ ''ချွေးမတော် ပဒုမာ သင်သည်လည်း အခြားချွေးမတော်များကဲ့သို့ ဆံထုံးကိုဖြေ၍ ဆံပင်ကို ကျောပေါ်သို့ ဖြန့်ကြဲထားပါလော့ဟု'' အမိန့်ရှိလေ၏၊ ပဒုမာကလည်း ''ယောက္ခမတော်မင်းကြီး ကျွန်မ၏ဆံထုံးကို ၇-ရက်တကြိမ်မျှ ဖြီး၍ ထုံးပါသည်၊ ယခု ဆံပင်ထုံးထား၍သုံးရက်မျှ ရှိပါသေးသည် ခုနစ်ရက်မြောက်သောနေ့၌ ဆံထုံးကိုဖြေ၍ ဆံပင်ကို ကျောပေါ်သို့ ကြဲဖြန့်ချပါမည်''ဟု လျှောက်ထားလေ၏၊ မင်းကြီးကတဖန် ချွေးမတော်ပဒုမာ ယခုကဲ့သို့ ပူဆွေးသောကရောက်နေချိန်၌ ဤသိုသဘောထား၍ မဖြစ်ပေ၊ သို့ဖြစ်၍ သင်သည်လည်း ဆံထုံးကိုဖြေ၍ ဆံပင်များကို ကျောပေါ်သို့ ကြဲဖြန့်ချပါလော့ဟုထပ်မံအမိန့်ရှိပြန်သဖြင့်ပဒုမာသည် မိမိ၏ဆံထုံးကို ဖြေချလိုက်လေ၏၊

## ပဒုမာ ရာဇဝတ်ဘေးဒဏ် သင့်ရောက်ခြင်း

ယင်းသို့ ဆံထုံးကို ဖြေချလိုက်သည်နှင့်တပြိုင်နက် ဆံထုံးကြားမှ သူသေ၏လက်ချောင်းလေးသည် မြေသို့ကျလာ၏၊ ထိုအချိန်၌ ကာလကဏ္ဏီသည် ပဒုမာထံ အမြန်ပြေးသွား၍ လက်ချောင်းကလေးကို ကောက်ယူလျက် ''ဤအရာဝတ္ထုကား အဘယ်ဟာပါနည်း''ဟု အသံကို ကျယ်လောင်စွာပြု၍ အော်ဟစ်ပြောဆို၍ အို လူအပေါင်းတို့ အံ့သြစရာ ကောင်းလိုက်ပါဘိ

ဤနေရာသို့ လာကြကုန်သော သင်တို့သည် ကျွန်ုပ်အား ညှဉ်းပန်းနှိပ်စက် ပူဆွေးအောင်ပြုရက်သောသူကို တွေ့ရပါလျက် ထိုသူကို လည်ပင်းကိုင်၍ ဆွဲမထုတ်ရဲကြပါသလော ဟု ဆိုလေ၏၊ ထိုအချိန်တွင် ပဒုမာသည် ထို နေရာ၌ရှိသော မိမိ၏ယောက်ျား သောဏနန္ဒကိုမြင်၍ ချစ်စွာသောမင်းသား သင်သည် ဘာမျှမစိုးရိမ်ပါလင့် ကျွန်ုပ်၌ အပြစ်ရှိ မရှိ နောင်အခါ၌ ထင် ရှားလာပါလိမ့်မည်၊ သို့ဖြစ်၍ ကျွန်ုပ်သည် မင်းချင်းယောကျ်ားတို့ ဖမ်း ဆီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားပါမည်ဟု ဆို၍ မင်းချင်းယောကျ်ား တို့ခေါ်ရာသို့ လိုက်ပါသွားလေ၏၊ ထိုအခါ ကာလကဏ္ဏီသည် သူ၏မူလ အကြံအစည်အတိုင်း ဘုရားလောင်း သောဏနန္ဒအိမ်တွင် သွားရောက် နေထိုင်လျက် သောဏနန္ဒနှင့် အကျွမ်းဟာင် ပေါင်းသင်းနေထိုင်လေ၏။

ပဒုမာသည်လည်း မင်းချင်းယောကျ်ားများ ဖမ်းဆီး ခေါ်ဆောင်ရာ သို့ လိုက်ပါလာရာ ဗာရာဏသီမြို့မှ ယူဇနာဝက် ခရီးသို့ ရောက်သောအခါ မင်းချင်းယောကျ်ားတို့အား အမောင်မင်းချင်းယောကျ်ားတို့ ဤကိစ္စတွင် ကျွန်ုပ်သည် ဘာမျှအပြစ်မရှိပါ နောင်အခါတွင် ကျွန်ုပ်၌ အပြစ်မရှိ ကြောင်း သင်တို့သိလာပါလိမ့်မည်၊ သို့ဖြစ်၍ ယခုအခါ ကျွန်ုပ်သည် လက်စွပ်လေးကွင်းတို့ကို ပေးပါအံ့ ဟု ပြောဆိုလေ၏။ ထိုအခါ မင်းချင်း ယောကျ်ားတို့က အို အရှင်မ ကျွန်ုပ်တို့က အသို့ပြုရပါမည်နည်းဟု မေးကြ ရာ အမောင်တို့ သင်တို့သည် အခြားတနေရာ၌ ၆-ရက်မျှ သွားရောက် နေ ထိုင်ကြပြီးလျှင် မည်သူ့ကိုမျှ အသိမပေးဘဲ မင်းကြီးထံသွား၍ "အရှင် မင်းကြီးကျွန်ုပ်တို့သည် ထိုပဒုမာမင်းသမီးကို သူ့ဘခင်ရသေ့ကြီးထံ ပြန် လည် ပေးအပ်လိုက်ပါ၏" ဟု လျှောက်ထားကြကုန်လော့ ဟု မှာကြား ပြောဆိုလျက် ပဒုမာသည် မိမိ၏ တဆောင်တန် လက်စွပ်လေးကွင်းကို မင်းချင်းယောကျ်ား လေးဦးတို့အား ပေးလေ၏၊ ထိုမင်းချင်းယောကျ်ား လေးဦးတို့သည် ပဒုမာထံမှ လက်စွပ်တကွင်းစီ ယူကြပြီးလျှင် ပဒုမာ မင်း သမီးကို ရှိခိုးလျက် အို အရှင်မ ဘာမျှမစိုးရိမ်ပါလင့် ဟု ပြောဆို ထွက်ခွါ သာကြလေ၏၊ မင်းချင်းယောကျ်ားတို့သည် ခြောက်ရက်မျှ အခြားတနေ ရာ၌ နေကြပြီး နောက်မှ မင်းကြီးထံသွား၍ ထိုအကြောင်းကို လျှောက် ထား ကြကုန်၏၊ ထိုအခါ ကာလကဏ္ဏိမိန်းမယုတ်သည် ယနေ့မှစ၍ ငါ၏

အကြံအောင်ပြီ ငါ့အလိုဆန္ဒပြည့်ဝပြီဟု နှစ်သက်ဝမ်းမြောက်လျက် ဥဒါန်းကျူးရင့်လိုသဖြင့်—

၂၅-၂၆။ ငါသည် မချစ်ခင်ဘဲ ပေါင်းသင်းနေရသော ကပိလမင်းသားလည်းသေပြီ၊ ငါချစ်သော သောဏမင်းသား၏ အသဲစွဲချစ်ဇနီး ပဒုမာလည်း အရှက်တကွဲဖြစ်ပြီး သူ့ဘခင်ရသေ့ထံ ပြန်သွားရချေပြီ၊ ယခုအခါ ငါ့အလိုဆန္ဒသည် ပြည့်ဝပေပြီ၊ ငါပြုလုပ်သော အကြံအစည်တို့သည် ကောင်းလှပေသည်၊ ငါသည် ယခုအခါ သောဏနန္ဒ မင်းသားနှင့်အတူတကွ စိတ်ချမ်းသာစွာ နေရပေပြီဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေ၏။

## ပဒုမာ၏ သစ္စာဝိဥ္ဇာန်

ထိုအခါ ပဒုမာမင်းသမီးသည် မိမိဘခင်ရသေ့၏ နေရပ်ဌာနီသို့ ရှေးရှုလျက် ထိခြင်းငါးပါးနှင့် ရှိခိုး၍ ဒူးနှစ်ဖက်တို့ဖြင့် မြေ၌ဝပ်လျှိုးပြီးလျှင် သစ္စာဆိုခြင်းကိုပြုလျက် "အကယ်၍ ငါသည် ကာလကဏ္ဏိ စွပ်စွဲပြောဆိုသည့်အတိုင်း အပြစ်ကျူးလွန်သူ တရားခံဖြစ်ရိုးမှန်ပါလျှင် ဤမဟာပထဝီမြေကြီးသည် အလိုလိုငါ့အား ယူဆောင်သွားပါစေ၊ မြေမျိုပါစေသတည်း။ ထိုသို့မဟုတ် ငါသည် ပဒုမာစွပ်စွဲပြောဆိုသည့်အတိုင်း အပြစ်ကျူးလွန်သူတရားခံ မဟုတ်ပါမူကား ဤနေရာ၌ အလွန်တရာချိုမြိန်ကောင်းမြတ်သော အသီးများနှင့် ပြည့်စုံသော သစ်ပင်များရှိသည့်ဥယျာဉ်တခု ဖြစ်ပေါ်လာပါစေသား၊ ယင်းသစ်ပင်မှ အသီးများကို ယုတ်မာသောသူတို့သည် သုံးဆောင်စားသောက်ခြင်းငှါ မဝံ့မရဲဖြစ်ပါစေ၊ အကယ်၍ ယုယ်မာသူတို့သည် ဤချိုမြိန်သောအသီးတို့ကို စားပါလျှင် ချိုသောအသီးများသည် ခါးပါစေ၊ ချဉ်ပါစေ၊ ဖြူစင်သောစိတ်နှလုံးရှိသူတို့ စားပါလျှင် ချိုမြိန်သောအရသာနှင့် ပြည့်ဝပါစေ၊ ငါ၏ကိုယ်သည် ငါ၏အနီး၌ သစ်ရွက်မိုးဇရပ် ဖြစ်ပါစေ၊ ငါ၏လက်ခြေတို့သည် ဇရပ်၏တိုင်လေးတိုင်ဖြစ်၍ ငါ၏ဝမ်းဗိုက်သည် ဇရပ်၏ဘာအရံဖြစ်ပါစေ၊ ထို့ပြင်ငါ၏ဦးခေါင်းသည် ဇရပ်၏အထွတ်ဖြစ်၍ ငါ၏ကျောသည် ဇရပ်၏ကျောပြင်သဖွယ်ဖြစ်လျက် ငါ၏မျက်စိနှလုံးတို့သည် ငါ၏ဇရပ်၌ အချင်းချင်း လူ့

စကားကိုပြောဆိုသော ကျေး(ကြက်တူရွေး)နှစ်ကောင် ဖြစ်ပါစေသား” ဟု သစ္စာဓိဋ္ဌာန်ပြုလေ၏၊ ယင်းသို့ သစ္စာဓိဋ္ဌာပြုပြီးလျှင် ပဒုမာမင်းသမီး သည် ထိုနေရာ၌ ရပ်တည်နေလေ၏။

## ပဒုမာ၏အကြောင်းကို ကြက်တူရွေးများ ပြောပုံ

ထိုခဏ၌ပင် ပဒုမာ၏ သစ္စာဓိဋ္ဌာန်အတိုင်း ဉယျာဉ်စသည်တို့သည် ဖြစ်ပေါ်လာလေ၏။ ထိုနောက် ရောက်လာကြသောခရီးသည်တို့သည် ဇရပ်တွင်းသို့ဝင်၍ အပန်းဖြေနားနေကြလျက် ချမ်းသာစွာ နေကြကုန်၏။ ကြက်တူရွေး နှစ်ကောင်တို့သည် ဇရပ်၌ရှိကြကုန်၍ တကောင်သည် မေးခွန်းထုတ်သော ကြက်တူရွေးဖြစ်လျက် တကောင်ကား အဖြေပေးသော ကြက်တူရွေး ဖြစ်လေသည်။

(မေး၊ကြက်တူရွေး) ဘယ်နဲ့လဲအဆွေ၊ ပဒုမာမင်းသမီးသည် အပြစ်ကျူးလွန်သော တရားခံ ဟုတ်ပါသလား။

(ဖြေ၊ကြက်တူရွေး) အဆွေ၊ ဒီစကားကို မမေးပါနဲ့၊ ဤပဒုမာသည် ဘုန်းကံကြီးမားသော ဘုန်းရှင် ကံရှင်ဖြစ်ပါသည်၊ အပြစ်ကျူးလွန်ဘို့မဖြစ်နိုင်ပါ၊ သင်သည် ဤ မင်းသမီးအကြောင်းကို မသိပါသလော။

(မေး၊ကြက်တူရွေး) ကျွန်ုပ်သည်ပဒုမာ အကြောင်းကိုမသိပါ။

(ဖြေ၊ကြက်တူရွေး) ဒီလိုဆိုရင် သင့်ကို ပဒုမာအကြောင်း အစအဆုံး ပြောပြမည်၊ ဤပဒုမာသည် သိကြာမင်းက အမိဝမ်းမှ ဂှက်ယောင်ဆောင်၍ ယူလာပြီးလျှင် ဟိမဝန္တာရေအိုင်ကြီးတခု အတွင်းရှိ ပဒုမာကြာပန်းမှယူ၍ ရသေ့တဦးက စောင့်ရှောက်ကျွေးမွေး၍ ကြီးပြင်းလာခြင်းဖြစ်သည်၊ ဗြဟ္မဒတ္တမင်းကြီးက ရှင်းရသေ့ကြီးထံမှ ပဒုမာကိုတောင်း မိမိ၏သားတော် သောဏနန္ဒ မယားအဖြစ် ထိမ်းမြားလက်ထပ်ပေးရန် ခေါ်ဆောင်လာခြင်း ဖြစ်သည်၊ ဤပဒုမာသည် မည်သည့်နည်းနှင့်မျှ အပြစ်ကျူးလွန်သူ တရားခံ မဖြစ်နိုင်ပါ။

(မေး၊ ကြက်တူရွေး) သို့ဖြစ်လျှင် အဘယ့်ကြောင့် ပဒုမာသည် အပြစ်ကျူးလွန်သူ တရားခံအဖြစ် စွပ်စွဲခံရပါသနည်း။

(ဖြေ၊ ကြက်တူရွေး) ကာလကဏ္ဏိမိန်းမယုတ်သည် မိမိယောကျ်ားကပိလ မင်းသားကို အဆိပ်ခတ်၍သတ်ပြီးလျှင် သူသေ၏ လက်သန်းကို ဖြတ်လျက် ပဒုမာ၏ဆံထုံးကြားထဲသို့ တိတ်တဆိတ် ထည့်ထားပြီး ပဒုမာကိုတရားခံ အဖြစ် အပြစ်ကျူးလွန်သူအဖြစ် စွပ်စွဲခြင်းဖြစ်ပါသည်။

(မေး၊ ကြက်တူရွေး) ဤပဒုမာသည် မည်သူ၏သမီးပါလဲ။

(ဖြေ၊ ကြက်တူရွေး) ဤပဒုမာသည် ဗာရာဏသီပြည် သမ္ဘာဓနီ၏သမီး ဖြစ်ပါသည်ဟု အမေးအဖြေပြုလုပ်လျက်နေကြလေသည်။

## ကြက်တူရွေးစကားပြောသည်ကို နားထောင်ကြပုံ

စရပ်သို့ ရောက်လာကြကုန်သောလူတို့သည် ကြက်တူရွေး နှစ်ကောင် အမေးအဖြေလုပ်နေသောစကားကိုကြားကြကုန်သဖြင့် ဗာရာဏသီတမြို့လုံး ထိုအကြောင်းကို သိရှိပြောဆိုနေကြကုန်၏။ ထိုနောက် ဗာရာဏသီ မြို့သူ မြို့သားတို့သည် ဓမ္မမဝုမင်းကြီးအား ထိုအကြောင်းကို လျှောက်ထား သံတော်ဦးတင်ကြကုန်၏။ မြို့သူမြို့သားတို့ လျှောက်ထား သံတော်ဦး တင်သောစကားကို ကြားသောအခါ ဓမ္မမဝုမင်းကြီးသည် အလွန်တရာ အံ့သြလျက် "အို လူများတို့ ငါတို့သည် ယင်းကြက်တူရွေးတို့ကို ကြည့်ရှုရန် သွားကြကုန်အံ့"ဟုဆိုလျက် အခြွေအရံ ပရိသတ်များနှင့်အတူ ဇရပ်ရှိရာသို့ ကြွရောက်တော်မူလေ၏။ ကာလကဏ္ဏိ သူယုတ်မသည်လည်း မင်းသား သောဏနန္ဒအား "ချစ်စွာသောအရှင်မင်းသား ကြက်တူရွေး စကားပြော ဘည်ကို ကျွန်ုပ်တို့လည်း သွားရောက်နားထောင် ကြည့်ရှုကြကုန်အံ့"ဟု ဆိုလျက် ဘုရားလောင်း သောဏနန္ဒ မင်းသားနှင့် အတူ ထိုနေရာသို့ သွားရောက်လေ၏။ ထိုနေရာသို့ ရောက်ကြကုန်သော မင်း၏အခြွေအရံ တို့သည် ဥယျာဉ်မှ သရက်သီးများကိုခူးဆွတ်၍ စားသောက်ကြသောအခါ အလွန်တရာ ချိုမြိန်ကောင်းမြတ်သော အရသာနှင့် ပြည့်စုံသည်ကို သိရှိကြ သဖြင့် မင်းကြီးအားလည်း, အခြား မင်းညီမင်းသားတို့အားလည်း ဆွတ်ခူး ပေးအပ်စားသုံးစေကြကုန်၏။ မင်းနှင့်တကွ အားလုံးသောပရိသတ်တို့သည် အလွန်တရာ ချိုမြိန်ကောင်းမွန်သောအရသာကို စားသုံးကြရသဖြင့် တအံ့ တသြ ပြောဆိုချီးမွမ်းနေကြကုန်၏။

ထိုအခါ ကာလကဏ္ဏိသည် သရက်သီးတလုံးကိုယူ၍စားကြည့်ရာ အလွန်ခါးသီးသော စူးစူးယှယှ ချဉ်သောအရသာကို တွေ့ထိရသဖြင့် ဇလန္ဓြေပျက်လောက်သည်အထိ ရှုံ့တွလျက်ရှိလေ၏။ ကာလကဏ္ဏိသည် ပါးစပ်ထဲမှ သရက်သီးကိုထွေးထုတ်လျက် အို လူအပေါင်းတို့ သင်တို့သည် သိပ်ချိုသိပ်အရသာ ရှိသည်ဟု ပြောကြသော်လည်း ကျွန်ုပ်စားကြည့်သောအခါ သိပ်ခါး၍သိပ်ချဉ်သည်ကို တွေ့ရပါသည်ဟု ပြောဆိုလေ၏။ ထိုစကားကို ကြားသောအခါ ဘုရားလောင်းသောဏနန္ဒမင်းသားသည်မိမိစားနေသော သရက်သီးမှတဝက်ကို ကာလကဏ္ဏိအားပေး၍ စားစေရာ ကာလကဏ္ဏိသည် ယင်းသရက်သီးကို စားကာမျှဖြင့်ပင် ခါးသော ချဉ်သော အရသာကို သည်းမခံနိုင်သဖြင့် ချက်ခြင်းထွေးထုတ်လေ၏။ ထိုအခါမမ္မမခုမင်းကြီးသည် ဇရပ်သို့ဝင်၍ ကြက်တူရွေးများအနီးသို့သွားလျက်—

( မင်းကြီး ) အိုကြက်တူရွေးတို့ သင်တို့သည် အဘယ်အရပ်မှလာ၍ ဤဇရပ်၌နေကြပါသနည်း။

( ကြက်တူရွေးများ ) မြတ်သောမင်းကြီး ကျွန်ုပ်တို့သည် ဟိမဝန္တာမှ လာကြပါကုန်၏။

(မင်းကြီး) အဘယ်အကြောင်းကိစ္စရှိ၍ အဘယ်အလို့ငှါ လာကြပါသနည်း။

(ကြက်တူရွေးများ) ကျွန်ုပ်တို့သည် ပဒုမာ၏အကြောင်းကို လူအများသိအောင်ပြောကြားရန် လာကြခြင်းဖြစ်ပါသည်။

(မင်းကြီး) ဒီလိုဆိုယင် သင်တို့သည် ပဒုမာ၏အကြောင်းကို ပြောကြားကြကုန်လော့။

(ကြက်တူရွေးများ) ဒီလိုဆိုရင် သင်မင်းကြီးတို့သည် နားဆင်တော်မူကြပါကုန်လော့ဟု ဆို၍ တကောင်ကမေး၍ တကောင်ကဖြေကြားပြောဆိုလေ၏၊ မင်းနှင့်တကွသော လူအပေါင်းတို့သည် ကြက်တူရွေးနှစ်ကောင်တို့၏ မေးကြဖြေကြသည်ကို ကြားရသောအခါ လွန်စွာအံ့သြကြကုန်၏။ ယင်းသို့ ပဒုမာ၏အကြောင်းစုံကို အကုန်အစင် ကြားရပြီးနောက် မမ္မမဂု

မင်းကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်လျက် ထိုနေရာ၌ရှိသော ကာလကဏ္ဏိကို ''ဟဲ့ အယုတ်တမာမ သင်သည် မိမိဘာသာ မကောင်းမှုကို ပြုလုပ်ပြီး သူတပါးအပေါ် အပြစ်ချ၍ မဟုတ်မမှန်လုပ်ကြံစွပ်စွဲခဲ့သည်၊ လုံးဝအပြစ်မရှိသော ပဒုမာအား အပြစ်ကျူးလွန်သောတရားခံ အဖြစ်စွပ်စွဲလျက် လူပုံအလယ်၌ အရှက်တကွဲအကျိုးနဲ ဖြစ်စေခဲ့သည်၊ ယင်းသို့မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက် ယခုသင်ဤအရပ်သို့ လာသည်ကို သင်မရှက်ပါသလော၊ ယခုကြက်တူရွေးများ ပြောသော စကားများသည် မှန်ပါသလောဟု မောင်းမဲပြောဆိုလေ၏၊ ထိုအခါ ကာလကဏ္ဏိသည် ကြောက်ရွံ့တုန်လှုပ်သဖြင့် ငြင်းပယ်ရန် မစံ့ရဲရကား မြတ်သောမင်းကြီး ကြက်တူရွေးများပြောသော စကားများသည် အားလုံးမှန်ကန်ပါသည်ဟု ဝန်ခံပြောဆိုလေ၏။

ထိုအခါမင်းကြီးသည် ကာလကဏ္ဏိအား ''ဟယ် သူတပါးကို အကျိုးမဲ့ပျက်စီးအောင် ပြုလုပ်သော အယုတ်တမာမ သင်သည် ငါ့သားတော်ကို အဆိပ်ခတ်၍သတ်ခဲ့သည်၊ယင်းအဆိပ်တို့ကို ယခုယူ၍ပြလော့''ဟု မိန့်တော်မူလေရာ ကာလကဏ္ဏိသည် မိမိအိမ်၌ရှိသော အဆိပ်ကိုသွားရောက် ယူငင်ပြရလေ၏၊ ထိုအခါမင်းကြီးက ''ဟယ်အယုတ်မ သင်သည် ဤအဆိပ်တို့ကို ငါ့ရှေ့၌စားပြလော့၊ အကယ်၍ စားမပြနိုင်လျှင် ငါ၏လက်သုံးတော်သန်လျက်ဖြင့် သင်၏ခေါင်းကို ဖြတ်အံ့ဟု မိန့်တော်မူလေ၏၊ မင်းကြီး၏အမိန့်ကိုကြားရသောအခါ ကာလကဏ္ဏိသည် ငိုလျက်ဘုရင်၏ ရှေ့မှောက်၌ပင် အဆိပ်ကိုသောက်ရလေ၏။ အဆိပ်သောက်၍ မကြာမီမှာပင် ကာလကဏ္ဏိသည် အလွန်တရာပူလောင်လျက် ထိုနေရာ၌ပင် သေလေ၏၊ ထိုအခါ ဓမ္မမဓုမင်းကြီးသည် ကာလကဏ္ဏိ၏ ရုပ်အလောင်းကို ကျီးလင်းတတို့စားစေရန်စွန့်ပစ်လေ၏၊ ကြက်တူရွေးနှစ်ကောင် အနက်မှ အဖြေစကားပြောကြားသောကြက်တူရွေးသည် မင်းနှင့်တကွသော လူအပေါင်းအား မကောင်းမှုအကုသိုလ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ တရားစကား ဟောကြားလိုသဖြင့်–

၂၇၃၁။ လောက၌ မကောင်းမှုကို ပြုလုပ်သောသူသည် ဤကဲ့သို့သော ဆင်းရဲဒုက္ခသို့ ရောက်ရပြီးလျှင် သူတပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်းကို

ခံရလျက် သေသောအခါ မုချမလွဲငရဲသို့သာ ရောက်ရပါ၏၊ လော ကဌ မကောင်းမှုကို ပြုလုပ်သောသူအား ဆိတ်ကွယ်ရာမည်သည် မရှိ၊ မည်မျှဆိတ်ကွယ်သည်ဟု ထင်သောနေရာ၌ မကောင်းမှုကိုပြု လုပ်စေကာမူ နတ်အပေါင်းတို့သိကြသည်ပင် ဖြစ်ပါ၏၊ ထို့ကြောင့် သင်တို့သည် မကောင်းမှုကို မပြုကြပါကုန်လင့်၊ မကောင်းမှုအကု သိုလ်သည် မည်သည့်အခါမျှ ချမ်းသာသောအကျိုးကို မပေးစွမ်း နိုင်ဘဲ ဆင်းရဲခြင်းသို့သာ ရောက်စေတတ်ပါ၏၊ တစက်တစက် အနည်းငယ် ကျသောရေသည် ရေအိုးကြီးကို ပြည့်စေသကဲ့သို့ အနည်းငယ်သော မကောင်းမှုသည်လည်း ကြီးကျယ် များပြား သော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ပါ၏၊ လေညာလေဆန်သို့ လွှတ် ပစ်သော မြူမှုန်တို့သည် မိမိဆီသို့သာ ပြန်လာသကဲ့သို့ ထို့အတူ သူတပါးအား မကောင်းကြံလျှင် မကောင်းမှု၏အကျိုးသည် မိမိ သို့သာ ပြန်ရောက်လာတတ်ပေသည်ဟု တရားစကား ဟောကြား လေ၏။

ထိုအခါ မင်းအစရှိသော လူအပေါင်းတို့သည် ကြက်တူရွေး၏ စကား ကို ကြားရသဖြင့် လွန်စွာအံ့ဩချီးမွမ်းကြလျက် "အို ကြက်တူရွေးတို့ ပဒုမာမင်းသမီးကို ဝိသုဒ္ဓရှင်ရသေ့ထံ ပြန်ပို့လိုက်ကြပြီ ယခုအခါ ငါတို့သည် ပဒုမာမင်းသမီးကို တဖန်ပြန်၍ ယူဆောင် ခေါ်ငင်လိုကြပါကုန်၏၊ အသို့ နည်း ထိုမင်းသမီးသည် ငါတို့နှင့်အတူ လိုက်ပါမည်လော၊ ယခု ငါတို့ အသို့ ပြုရပါကုန်မည်နည်း"ဟု မေးလေရာ ကြက်တူရွေးများက မင်းကြီးအား "မြတ်သောမင်းကြီး သင်မင်းကြီးသည် ပဒုမာအား ပြန်၍ယူဆောင် ခေါ်ငင်လိုပါလျှင် ဤနေရာ၌ နေရာထိုင်ခင်းများ ကျနစွာ ခင်း ကျင်း၍ ပဒုမာအား အောက်မေ့တမ်းတ သတိရပါလော့၊ ပဒုမာသည် တန်ခိုးအာနုဘော်ကြီး၍ ရှေးဘုန်းရှေးကံလည်း ရှိပါသည်၊ သင်မင်းကြီး တမ်းတသတိရလိုက်လျှင် သင်မင်းကြီး၏ စိတ်အလိုဆန္ဒကို သိ၍ ဤနေရာ၌ ကိုယ်ထင်ပြပါလတ့ံ၊ (မိမိကိုယ်ကို ပြပါလတ့ံ) ဟု လျှောက်ထား ပြောဆို လေ၏၊ ထိုစကားကိုကြားသောအခါ မင်းကြီးသည် ထိုနေရာ၌ပင် မြင့်

မြတ်သူတို့နှင့်သာ ထိုက်တန်သောနေရာကို ခင်းကျင်းစီမံလျက် ထီးဖြူများ မိုး၍ ပဒုမာအား နှစ်သိမ့်စေကာ—

၃၂-၃၄။ အို ချစ်စွာသော ချွေးမတော် ကျွန်ုပ်တို့၏အပြစ်ကို သည်းခံတော်မူပါ၊ သင်၏စိတ်ထဲ၌ ကျွန်ုပ်တို့ကို အမှတ်ထားတော် မမူပါလင့်၊ ကျွန်ုပ်တို့အား ရှက်ကြောက်နေစရာလည်း မလိုပါ၊ အို ချွေးမတော် ကျွန်ုပ်တို့ထံသို့ ကြွရောက်၍ သင်၏နေရာ၌ နေတော်မူပါလော့၊ သင်သည် အပြစ်ကျူးလွန်သူမဟုတ်ကြောင်း ကျွန်ုပ်တို့ အထင်အရှား သိကြပါပြီ၊ သင်၏ချစ်စွာသော ခင်ပွန်းသည်နှင့် စိတ်ချမ်းသာစွာ အတူလာရောက်နေပါလော့၊ သင့်အား ရန်ငြိုးထား၍ မကောင်းကြံသော မိန်းမသည် သူ့အပြစ်အားလျော်စွာ သေသွားပါပြီ၊ သင်သည် ရန်သူမရှိဘဲ စိတ်အေးချမ်းသာစွာ နေပါလော့ ဟု ပြောဆိုလေ၏။

ဤသို့တမ်းတပြောဆိုသော ဓမ္မမဝုမင်းကြီး၏ စကားကို ကြားသော အခါ ကြက်တူရွေးနှစ်ကောင်တို့သည် "မြတ်သောမင်းကြီး ဤပဒုမာသည် တစုံတခုသော နေရာ၌မျှ ရှိသည်မဟုတ်ပါ၊ စင်စစ်သော်ကား ပဒုမာသည် မိမိ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဤနေရာ၌ ဇရပ်ကို ဖန်ဆင်းထားခြင်း ဖြစ်ပါ၏၊ ကျွန်ုပ်တို့ ကြက်တူရွေးနှစ်ကောင်သည် ပဒုမာ၏ မျက်စိနှစ်လုံး ဖြစ်ပါ၏၊ စသည်ဖြင့် ပြောပြပြီးလျှင် ခဏချင်းပင် ဇရပ်ကြီးသည် ကွယ်ပျောက်သွားလျက် ပဒုမာသည် ပကတိအသွင်ဖြင့် ထင်ရှားပေါ်လာလေ၏၊ ထိုအခါ ဘုရားအလောင်း သောဏနန္ဒသည် ရှတ်တရက် ချစ်ဇနီး ပဒုမာကို မြင်ရသောအခါ သောကကို ဖြေမဆည်နိုင်ဘဲ ပဒုမာ၏လက်ကို ပြေး၍ ဆွဲကိုင်ပြီးလျှင် ထိုနေရာ၌ပင် မေ့မျောလဲကျလေ၏၊ ပဒုမာသည်လည်း မိမိခင်ပွန်းသည် မေ့မျောလဲကျသည်ကို မြင်ရသဖြင့် သောဏနန္ဒ၏ဘေးတွင် မေ့မျောလဲကျသွားလေ၏၊ မိမိ၏မျက်စိရှေ့မှောက်တွင် ချစ်စွာသော ချွေးမတော်နှင့် သားတော်တို့ မေ့မျောလဲကျသည်ကို တွေ့ရသော ဓမ္မမဝုမင်းကြီးသည် အလွန်တရာ သနားကြင်နာခြင်းဖြစ်လျက် နံ့သာရေဖြင့် ဆွတ်ဖျန်းပေးလေ၏။

ဇနီးမောင်နှံ နှစ်ဦးတို့သည် သတိပြန်ရလာသဖြင့် ဘခင်မင်းကြီးအား ရှိခိုးလျက် နေကြကုန်၏၊ ထိုအခါ ဓမ္မဓုမင်းကြီးသည် ထိုနေရာ၌ပင် ဘိသိက်မင်္ဂလာ မဏ္ဍပ်ကို ဆောက်လုပ်စီမံစေလျက် သားတော်၏ ဦးထိပ် ထက်၌ ဘိသိက်ရေစင် သွန်းဖျန်း၍ ဗာရာဏသီမင်းအဖြစ်ကို ခံယူစေ၏၊ ထို နောက် ပနိမ္မဒေဝီစသော အမျိုးသမီးများကလည်း ပဒုမာ၏ ဦးထိပ်ထက်၌ မင်္ဂလာဘိသိက်ရေစင်များ ဆွတ်ဖျန်းကြလျက် အို ပဒုမာမင်းသမီး ယနေ့မှ စ၍ သင်၏ခင်ပွန်းသည် (ကြင်ရာတော်) သောဏနန္ဒမင်းသားသည် သင့် အား အမြဲမပြတ် စောင့်ရှောက်ပါစေသတည်း၊ သင်၏ ယောက္ခမတော် ဓမ္မဓုမင်းကြီးသည်လည်း သင့်အား စောင့်ရှောက်ပါစေသတည်း၊ သင်၏ ခင်ပွန်းသည် ယောက္ခမတော်များနှင့် လူအားလုံးတို့သည် သင့်အား မေတ္တာ တရား ပွားများ နိုင်ကြပါစေဟု ကောင်းမြတ်သော မင်္ဂလာစကားတို့ကို ပြောကြားကြကုန်၏။

ဘုရားလောင်း သောဏနန္ဒမင်းသားသည် လူများအပေါင်း ခြံရံလျက် ထိုနေရာ၌ပင် ခုနစ်ရက်ပတ်လုံး ဥယျာဉ်ကစားခြင်းကိုပြု၍ စစ်သည်ဗိုလ်ပါ များနှင့်အတူ ဗာရာဏသီမြို့သို့ ဝင်လျက် နန်းတော်ပြာသာဒ် ထက်သို့ တက်ပြီးလျှင် မင်းစည်းစိမ်များကို ခံစားလေ၏။ ပဒုမာသည် သောဏ နန္ဒ၏ ချစ်စွာသောမိဖုရားခေါင်ကြီးအဖြစ် မြတ်နိုးကြင်နာခြင်းကို ခံလျက် စည်းစိမ်တို့ကိုခံစားလေ၏။ ထိုနောက် ပဒုမာသည် အမိအဖများ ဆင်းရဲ သောအဘိုးအဖွားများနှင့် သူဌေးကြီးတို့အား စားဘွယ် သောက်ဖွယ် အဝတ်တန်းဆာစသော လက်ဆောင် ပဏ္ဏာများကို ပေးပို့စေလေ၏။ နောင်အခါတွင် ပဒုမာသည် သောဏနန္ဒမင်းသားနှင့် ဆက်ဆံပေါင်းသင်း သဖြင့် ကိုယ်ဝန်ရရှိလေရာ ဆယ်လလွန်၍ဖွားမြင်သောအခါ မိဂသိနက္ခတ် နှင့် စန်းယှဉ်၍ မွေးဖွားသောကြောင့် သားတော်အား ဣန္ဒသော မင်းသားဟု အမည်မှည့်လေ၏။

## သောဏနန္ဒအား မင်းအဖြစ်လွှဲအပ်

ထိုနောက်ဓမ္မဓုမင်းကြီးသည် မှန်ကြေးမုံ ကြည့်သောအခါ ခေါင်းမှ ဆံပင်ကိုမြင်သဖြင့်တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်ဘာဝနာတို့ကို

ပွားများပြီးနောက် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်၌ဖြစ်လေ၏။ ဘုရားအလောင်း သောဏနန္ဒမင်းသည်လည်း တရားနှင့်အညီမင်းပြုလျက် မိမိသားတော် ဣန္ဒသောရမင်းသားအား အနီးအနား တိုင်းပြည်မှ မင်းသမီးတဦးနှင့်ထိမ်းမြားလက်ထပ်ပေးပြီးနောက် မင်းအဖြစ်ကို ခံစားစေလေ၏။ ထိုနောက် သောဏနန္ဒမင်းသားသည် မိမိဦးခေါင်းမှဆံဖြူများကိုတွေ့သဖြင့် ညီတော်မင်းသား ငါးဦးတို့ကို ခေါ်လျက် "အို ညီတော်မင်းသားတို့ သင်တို့သည် ဤနိုင်ငံ၌ မင်းပြုအုပ်ချုပ်နေရစ်ခဲ့ကြလော့၊ ငါသည် ရဟန်းပြုတော့အံ့ဟု ပြောဆိုသောအခါ ညီတော်ငါးဦးတို့ကလည်း မင်းအဖြစ်ကို လက်မခံ ငြင်းဆန်ကြပြီးလျှင် နောင်တော်နှင့်အတူ အားလုံးပင် ရဟန်းပြုလိုပါကြောင်း ပြောကြားကြကုန်၏။

သောဏနန္ဒမင်းသည် ပဒုမာမိဖုရားကြီးအား "ချစ်စွာသော ပဒုမာ သင်သည် သားတော်ဣန္ဒသောရနှင့်အတူ ဤတိုင်းပြည်၌နေရစ်ခဲ့ပေတော့၊ ကျွန်ုပ်သည်ကား အိမ်ရာတည်ထောင် လူ့ဘောင်၌မနေလိုတော့ပြီ ရဟန်းပြုပါတော့အံ့ဟုခွင့်ပန်စကား ပြောကြားလေ၏။ ထိုအခါ ပဒုမာမိဖုရားက မိမိသည်လည်း အရှင်မင်းကြီးနှင့်အတူ ရသေ့ရဟန်း ပြုလိုပါကြောင်း လျှောက်ထားပြောဆိုလေ၏။ ထိုအခါ သောဏနန္ဒမင်းသည် သားတော်ဣန္ဒသောရအား မင်းအဖြစ်ကိုအပ်နှင်းလျက် မိဖုရား ပဒုမာညီတော်ငါးဦးတို့နှင့်အတူ တောသို့ဝင်၍ ရသေ့ရဟန်းပြုလျက် မေတ္တာဘာဝနာကို ပွားများပြီးနောက် ကွယ်လွန်သောအခါ၌ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကိုဆောင်တော်မူ၍ ရဟန်းတို့ ဤသို့လျှင် စိဉ္စမာဏဝိကာသည် ရှေးအခါကလည်း မိမိမကောင်းမှုပြုသည့်ကို သူတပါးတို့ပြုလေဟန်စွပ်စွဲလျက် နောက်ဆုံးတွင် ကိုးကွယ်ရာမဲ့သေပွဲသို့ဝင်ရလေ၏ဟု မိန့်တော်မူကာ ဇာတ်တော်ကိုပေါင်းလိုရကား—

၃၅-၄၅။ ထိုအခါ ဓမ္မဓဇမင်းကြီးသည် သုဒ္ဓေါဒနမင်း၊ ပနိမ္ဗာမိဖုရားကြီးသည် မဟာမာယာ၊ နောင်တော် ကပိလသည် ဥဒါယီထေရ်၊ ကာလကဏ္ဏိသည်စိဉ္စမာဏ၊ သူဆင်းရဲယောကျ်ားသည် ကောသလမင်းကြီး၊ ပေါက်ဆိန်ပိုင်ရှင် သူဌေးသည် မိဂါရသူဌေး၊ ဝစုန

မင်းသားသည် သိင်္ဂါလသတို့သား၊ သမ္ဗုဝဓိမည်သော မိန်းမသည် ဝိသာခါ၊ ဝိသုဒ္ဓ ရှင်ရသေ့သည် ရှင်ကဿပ၊ တောသောင့်နတ်သည် သာရိပုတ္တရာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ညီငယ်ငါးယောက်ကား အာနန္ဒာ, ဆန္န, ဥပလဂုတ္တ, မောဂ္ဂလာန်, ကစ္စာယန တို့ဖြစ်ကြပြီး ပဒုမာဒေဝီကား ယသော်ဓရာဖြစ်၍ သောဏနန္ဒမင်းသားကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

ကိုးခုမြောက် သောဏနန္ဒမင်းဇာတ်ပြီး၏။

---

# ၁၀-သုဝဏ္ဏကုမာရဇာတ်

[မြွားငါးစင်းပိုင်ရှင် သုဝဏ္ဏမင်းသားသည်မြွားအစွမ်းပြ၍ ရန်သူကို နှိမ်နင်း အောင်မြင်ပြီးနောက် ရန်သူအပေါ်၌ မေတ္တာထားပုံကို ပြဆိုသော သုဝဏ္ဏကုမာရမင်းသားဝတ္ထု]

မြတ်စွာဘုရားသည် မဟံ ဘောဂန္ဒော ပဿိဿာမ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မိမိရှေးကပြုခဲ့သော ကောင်းမှုကြောင့် ရရှိဖြစ်ပေါ်လာသော တန်ခိုးအာနုဘော်ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ မဏ္ဍပ်သဘင်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့ဩဘွယ်ရှိပါပေစွ၊ ငါတို့မြတ်စွာဘုရားသည် နတ်လူတို့ထက် ပို၍လွန်ကဲမြင့်မြတ်သော ဘုန်းတန်ခိုးအာနုဘော်လည်းရှိ၏၊ အလွန်ကြီးကျယ်များပြားသော လာဘ်လာဘရှိ၍ ပူဇော်သက္ကာရတို့ကို ခံလည်းခံယူထိုက်တော်မူပါပေ၏၊ အလွန်မွန်မြတ်တင့်တယ် သပ္ပါယ်သော အဆင်းလည်းရှိတော်မူပါပေ၏ဟု အချင်းချင်း ပြောဆိုနေကြကုန်၏၊ ကိုအခါ မြတ်စွာဘုရားသည် မိမိ၏ဒိဗ္ဗသောတဉာဏ်တော်ဖြင့် ထိုရဟန်းတို့၏ စကားကိုကြား၍ သိတော်မူ၍ ရဟန်းတို့စည်းဝေးရာ တရားသဘင်မဏ္ဍပ်သို့ ကြွရောက်တော်

မူပြီးလျှင် မြတ်စွာဘုရား၏ မြတ်သောနေရာ၌ ထိုင်နေတော်မူလျက် "ငါ၏ ချစ်သား ရဟန်းများတို့ ယခုငါဘုရားကြွလာတော်မူစဉ်တွင် သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေးနေကြပါသနည်း"ဟု မေးတော်မူ၏ ဤမည်သောစကားကို ပြောဆိုစုဝေး နေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားလေလျှင် အို ရဟန်းတို့ ငါဘုရားသည် ယခုမှသာဘုန်းတန်ခိုးအာနုဘော်ကြီး၍ လာဘ်ပူဇော်သက္ကာရကို ခံယူရလျက် မြတ်သောအဆင်းကို ဆောင်သည် မဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် အံ့သြဘွယ်တို့ကို ဖြစ်စေခဲ့ဘူးသည်သာဖြစ်၏ မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရဟန်းတော်များက လျှောက်ထားတောင်းပန်သောကြောင့် ဘုရားရှင်သည် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောပြီ

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုရဘငှမင်း မင်းပြု၏၊ မိဖုရားကြီးကား စန္ဒာဒေဝီအမည်ရှိ၏၊ စန္ဒာဒေဝီမိဖုရားကြီးကား ၁- ရှေးဦးစွာ အိပ်ရာမှထလေ့ရှိခြင်း၊ ၂-နောက်မှအိပ်လေ့ရှိခြင်း၊ ၃ ပြုလုပ်ပေးရန်လင့်အသံကို နာခံလေ့ရှိခြင်း၊ ၄-နှစ်သက်ဖွယ်ကို ပြုလေ့ရှိခြင်း၊ ၅- ချစ်ဖွယ်သောစကားကို ဆိုလေ့ရှိခြင်း၊ ၆-ယောကျ်ားတပါးကို စိတ်ဖြင့်မျှ မကြံစည် မလွန်ကျူးနေလေ့ရှိခြင်းဟူသော မိန်းမမြတ်တို့ လိုက်နာပြုကျင့်အပ်သော အကျင့်မြတ် ၆ ပါးနှင့် ပြည့်စုံသူဖြစ်၏၊ ထို့ကြောင့် သုရဘငှမင်းကြီးသည် ငါးထောင်သော မိဖုရားငယ်တို့တို့၏ အကြီးအကဲမိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်မြှောက်စားလျက် အလွန်တရာ ချစ်မြတ်နိုးတော်မူလေ၏၊ သုရဘငှမင်းကြီး၌ သားတော်ငါးရာရှိ၏၊ ယင်းသားတော်တို့ကား ရဲစွမ်းသတ္တိတို့နှင့် ပြည့်စုံကြသဖြင့် ဘုရင့်စစ်သည်တော်များအဖြစ် အမှုတော်ထမ်းကြကုန်၏၊ ထိုအချိန်၌ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှစုတေ၍ စန္ဒာဒေဝီမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေတည်လေ၏၊ စန္ဒာဒေဝီမိဖုရားသည် ဆယ်လလွန်မြောက်သောအခါ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော ရွှေအဆင်းရှိသော စင်ကြယ်မြင့်မြတ်သော သားရတနာကို ဖွားမြင်၏၊ သားတော်ကို အမည်မှည့်သောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော

အဆင်းရှိသောကြောင့် သုဝဏ္ဏကုမာရဟု အမည်ပေးကြကုန်၏၊ သုဝဏ္ဏကုမာရမင်းသားသည် တဆဲ့ခြောက်နှစ်အရွယ်ရောက်သောအခါ ခွန်အားဗလနှင့် ပြည့်စုံ၍ အဋ္ဌာရသ တဆဲ့ရှစ်ရပ်သော အတတ်ပညာတို့ကို တတ်ကျွမ်းရုံသာမက လေးအတတ်တို့၌ တဖက်ကမ်းခတ် အထူးတတ်မြောက်ကျွမ်းကျင်လေ၏၊ထိုနောက် တနှစ်ခန့်ရှိသောအခါသုရဘဋ္ဌမင်းသည် မိမိ၏စစ်သည်ဗိုလ်ပါများကို စည်းဝေးစေ၍ စစ်သူကြီးတို့အား ခေါ်ယူလျက် "အို စစ်သူကြီးတို့ သမုဒ္ဒရာမည်သည်ကား အလုံးစုံသောရတနာတို့နှင့် ပြည့်စုံ၏၊ အံ့ဩဘွယ်လည်းကောင်း၏၊ ငါတို့သည် သမုဒ္ဒရာကမ်းအနီး၌ ပွဲလမ်းသဘင်ပျော်ပွဲ ဆင်ကြလျက် သမုဒ္ဒရာ၌ရှိသော ထူးဆန်းအံ့ဩဘွယ်တို့ကို ကြည့်ရှုကြကုန်အံ့"ဟု မိန့်တော်မူ၍—

၁။ အို စစ်သူကြီးတို့ ငါတို့သည် သမုဒ္ဒရာကမ်းနား၌ ပျော်ပွဲရှင်ပွဲဆင်ယင်ကျင်းပကြကုန်လျက် ပျော်ပျော်ပါးပါး ရွှင်မြူးကစားကြပါကုန်အံ့၊ ထိုနောက် သမုဒ္ဒရာကမ်းနား၌ ရတနာအမျိုးမျိုးတို့ကို ကြည့်ရှုကြပါကုန်အံ့ဟု ဆိုလေ၏။

မင်းကြီးစကားကို ကြားသောအခါ အမတ်စသော လူအပေါင်းတို့သည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကုန်လျက်—

၂။ မြတ်သောမင်းကြီး သမုဒ္ဒရာ၌ အံ့ဩဘွယ်ရတနာ အမျိုးမျိုးတို့ကို ကြည့်ရှုရန်နှင့် ပျော်ပွဲရှင်ပွဲဆင်နွှဲကြရန် အရှင်မင်းကြီးနှင့် အတူကျွန်ုပ်တို့ သွားကြပါကုန်အံ့ဟု ဆိုကြကုန်၏။

## ဘုရားလောင်းအာနုဘော် ဆင်ပြူတော်ဆက်သ

ထိုနောက် သုရဘဋ္ဌမင်းသည် မိမိ၏သားတော်များ နှစ်သောင်းသောအမျိုးသမီးများ စစ်သည်ဗိုလ်ပါများ ခြံရံလျက် တမ်ခွန်ကက္ကားကိုင်စွဲသူတို့နှင့် တူရိယာအမျိုးမျိုး တီးမှုတ်သူတို့ကို ရှေ့မှသွားစေ၍ ဗာရာဏသီမြို့တော်၏ အရှေ့ဘက်တံခါးမှ ထွက်တော်မူရာ သမုဒ္ဒရာမြစ်ကမ်းနားသို့ဆိုက်ရောက်လေ၏၊ ယင်းမြစ်ဆိပ်တွင် မွေ့လျော်ပျော်စရာ ကောင်းသော မြေအပြင်၌ စစ်တန်းလျားများကို ဆောက်လုပ်လျက် စစ်တပ်စခန်း ချထား ပြီးလျှင် အမတ်အပေါင်းတို့ကိုခေါ်လျက် "အို မှူးမတ်အပေါင်းတို့ သင်

တို့သည် ဤအရပ်၌ နေကြကုန်လျက် ပွဲလမ်းသဘင် ပြုလုပ်ရန်နေရာကိုပိုင်းခြားသတ်မှတ်ကြကုန်လော့၊ ငါတို့သည် ၇-ရက်တိုင်တိုင် အမျိုးမျိုးသောလှေတို့ဖြင့် သမုဒ္ဒရာ၌ ပျော်ပျော်ပါးပါး ကစားပျော်ရွှင်ခြင်းကို ပြုကြကုန်ပြီးလျှင် ဤသမုဒ္ဒရာကမ်းနား၌ အမျိုးမျိုးသော ပွဲလမ်းသဘင်တို့ကိုဆင်ယင်ကျင်းပကြပါကုန်အံ့ဟု မိန့်တော်မူလေ၏၊ မင်းကြီး၏အမိန့်စကားကိုကြားကြသောအခါ မင်းမှူးမတ်တို့သည် မင်းကြီးအမိန့်အတိုင်း ပြုလုပ်စီမံကြကုန်၏။

## ဘုရားလောင်း သုဝဏ္ဏကုမာရမင်းသားထံ နတ်တို့ ဆင်ဖြူတော်ဆက်သခြင်း

ထိုအချိန်၌ ဘုရားအလောင်း သုဝဏ္ဏကုမာရ မင်းသားသည်လည်း ခမည်းတော် သုရဘဥ္စမင်းကြီးအပါး၌ ခစားနေထိုင်လျက် ရှိလေ၏၊ ဘုရားလောင်း၏ တန်ခိုး အာနုဘော်ကြောင့် သမုဒ္ဒရာ၌ရှိသော ကြောက်စရာကောင်းလှသော မိကျောင်း ငါး လိပ် စသော သတ္တဝါတို့သည် မည်သူတဦးတယောက်ကိုမျှ နှိပ်စက်ညှဉ်းပန်းခြင်းကို မပြုကြပေ၊ ထိုအခါ၌ ဘုရားလောင်းသည် မိမိ၏ဘုန်းတန်ခိုးအာနုဘော်ကိုပြလိုသောကြောင့်"အကယ်၍ ငါသည် ဘုန်းတန်ခိုးအာနုဘော် ရှိသူမှန်ပါလျှင် ဤသမုဒ္ဒရာ၌ရှိသော ရေအယဉ်သည် မြေပြင်ကဲ့သို့ ဖြစ်ပါစေသား၊ ၎င်းပြင် သမုဒ္ဒရာ၌ ရှိသော ရတနာအမျိုးမျိုးတို့သည်လည်း သမုဒ္ဒရာမှ ထွက်ပေါ်လာပါစေသား"ဟု သစ္စာဓိဋ္ဌာန်ကို ပြုလေ၏၊ ယင်းသို့ ဘုရားအလောင်း သစ္စာပြုလိုက်သည်နှင့် တပြိုင်နက် သမုဒ္ဒရာ ရေအယဉ်သည် မြေအပြင်ကဲ့သို့ ဖြစ်သွားလေရာ ဘုရားလောင်းသည် မြေအပြင်၌သွားသကဲ့သို့ သမုဒ္ဒရာ၌ လမ်းလျှောက်သွားလေ၏၊ ထိုခဏ၌ သမုဒ္ဒရာစောင့် နတ်သမီးတယောက်သည် နတ်တန်ခိုးဖြင့် ဆဒ္ဒန်ရေအိုင်မှ အလွန်လှပ၍ လက္ခဏာကြန်အင် စုံလင်ပြည့်ဝသော မင်္ဂလာဆင်ဖြူတော်တကောင်ကို ယူဆောင်လျက် နေထွက်ချိန်၌ ဘုရားလောင်းအား ဆက်သပေးအပ်လေ၏။

ဘုရားလောင်းသည် မင်္ဂလာ ဆင်ဖြူတော်ကိုရသဖြင့် အလွန်နှစ်သက်ဝမ်းမြောက်လျက် မိမိကိုယ်ကို ဝတ်စားပြုပြင် တန်ဆာဆင်ပြီးနောက်

ကောင်းသော မင်္ဂလာနက္ခတ်နှင့် ယှဉ်သည့်အချိန်တွင် မင်္ဂလာ ဆင်ဖြူတော်ကို တက်စီးလျက် သမုဒ္ဒရာ၌ ရပ်တည်လေ၏၊ ရေအယဉ်တွင် မြေပြင်သဖွယ် ဆင်ဖြူတော်စီးလျက် သွားလာလှုပ်ရှားနေသော ဘုရားလောင်းကို မြင်ကြသောအခါ လူအပေါင်းတို့သည် အလွန်ဘရာ အံ့ဩကြကုန်လျက် တခဲနက် ကောင်းချီးဩဘာပေးကြကုန်၏။ ထို့နောက် ဘုရားအလောင်း သုဝဏ္ဏမင်းသားသည် ခမည်းတော် သုရာဘဋ္ဌအမှူးရှိသော လူများအပေါင်း ခြံရံလျက် မဟာသမုဒ္ဒရာ၌ မင်္ဂလာဆင်ဖြူတော်ကို စီးနင်း မောင်းနှင်လေ၏၊ မင်္ဂလာဆင်ဖြူတော်သွားရာ သမုဒ္ဒရာအလယ်၌ ရှစ်ဆယ့်လေးယူဇနာ ပမာဏရှိသော သမုဒ္ဒရာရေသည် နှစ်ခြမ်းကွဲထွက်လျက် နံရံသဖွယ် တည်ရှိလေ၏၊ လူအပေါင်းတို့သည်လည်း ဘုရားလောင်း၏ တန်ခိုးဖြင့် သမုဒ္ဒရာ ရေအယဉ်တွင် မြေပြင်ကဲ့သို့ ခြေလျင်သွားကြကုန်လျက် ရတနာ အမျိုးမျိုးတို့ကို ကောက်ယူကြကာ ဘုရားလောင်းအား ဆက်သ ပေးအပ်ကြလေကုန်၏။

တဖက်တချက် ရေနံရံကြီးများတွင် သမုဒ္ဒရာတွင်းမှ ရတနာများသည် ပန်းဆိုင်းများသဖွယ် တွဲရရွဲချိတ်ဆွဲနေကြကုန်၏၊ ရေနတ်နဂါးမင်းနှင့်တကွ နဂါးမအပျိုကညာ များစွာတို့ကသည်း ရတနာဆီမီးတိုင်များကို လက်စွဲကြကုန်လျက် အရပ်ဆက်ဝန်းကျင် ထွန်းလင်း တောက်ပစေကာ ဘုရားလောင်းအား ဝန်းရံနေကြကုန်၏၊ ဘုရားလောင်းသည် လူအများနှင့်အတူ သုံးရက်တိုင်တိုင် သမုဒ္ဒရာအလယ်၌နေလျက် နဂါးမင်းနှင့် နဂါးမအပျိုကညာတို့ ဆက်သကျွေးမွေးသော နတ်ဘုဉ်ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ကို စားသုံးလျက် နတ်စည်းစိမ် ချမ်းသာတို့ကို ခံစားနေလေသည်၊ ထိုအချိန်၌ ဘုရားလောင်း သုဝဏ္ဏမင်းသား၏ မယ်တော် ခမည်းတော်များသည် "ငါတို့၏ သားတော်သည် သမုဒ္ဒရာအလယ် သို့သွားသည်မှာ ကြာလှသွားပေပြီ၊ သားတော်၏အခြေအနေ မည်သို့ရှိလေသနည်း" ဟု ကြံစည်လျက် အမတ်တယောက်ကိုခေါ်၍

၃။ အို အမတ်မင်း သင်သည် သားတော်၏ဟန်ခိုးဖြင့် သမုဒ္ဒရာအလယ်သို့ သွား၍ သားတော်နှင့် အတူသော လူအပေါင်းကို ခေါ်ဆောင်ခဲ့ပါလော့ ဟု မှာကြားစေလွှတ်လိုက်လေ၏။

မင်း မိဖုရားနှစ်ပါးတို့၏ မိန့်ကြားချက်ကို ဦးထိပ်ထက် ပန်ဆင်လျက် အမတ်သည် ဘုရားလောင်း၏တန်ခိုးဖြင့် သမုဒ္ဒရာအလယ်သို့ သွားရောက်လျက် ဘုရားလောင်းအား ရှိခိုးပြီးလျှင် မင်းမိဖုရားတို့ မှာကြားလိုက်သော သတင်းစကားကို ဘုရားလောင်းအား ပြောကြားလေ၏၊ မိမိရပ်ထံ ပြန်လာ ပါမည့်အကြောင်း မှာကြားလိုက်သော မယ်တော်ခမည်းတော်တို့၏ စကားကိုကြားသောအခါ ဘုရားလောင်းသည် နဂါးမင်း နဂါးမအပျိုကညာများနှင့် သမုဒ္ဒရာစောင့် နတ်သမီးတို့ကို ပန်ကြားပြောဆိုလိုသဖြင့်—

၄။ အို နဂါးမင်းနှင့်တကွ နတ်သမီးအပေါင်းတို့ ကျွန်ုပ်တို့၏မယ်တော်ခမည်းတော်များသည် ကျွန်ုပ်အား မိမိရပ်ထံ ပြန်လာခဲ့ပါရန် သတင်းစကား မှာကြားလိုက်ပါသည် ကျွန်ုပ်သည် မိဘရပ်ထံသို့ ပြန်ပါတော့အံ့၊ သင်တို့သည် ဤနေရာ၌ ဘေးရန်ကင်းကွာ ချမ်းသာစွာ နေရစ်ခဲ့ကြပါကုန်လော့ ဟု ပန်ကြားပြောဆိုလေ၏။

ထိုအခါ နဂါးမင်းနှင့်တကွ နတ်သမီးအပေါင်းတို့သည် ဘုရားလောင်းအား ရှိခိုးလျက် ချီးကျူးစကား ပြောကြားကြကုန်၍—

၅။ ဘုရားလောင်း ရောက်ရာအရပ်၌ ရတနာရွှေငွေ အထွေထွေတို့ ပေါများကြွယ်ဝ ပြည့်စုံလှ ပါ၏၊ ဘုရားလောင်းအား ပြုစု လုပ်ကျွေးရသော ကျွန်ုပ်တို့၏ အသက်ရှင် နေခြင်းသည် များစွာ အကျိုးရှိပါ၏၊ ကျွန်ုပ်တို့သည် ဘုရားလောင်းအား ကျွေးမွေး ပြုစု စောင့်ရှောက်ကြ ပါကုန်အံ့ ဟု ပြောဆိုကြကုန်၏။

## ရွှေအဆင်းရှိသောမင်းသား ကျန်းမာပါစေဟု

ယင်းသို့ ပြောဆိုပြီးနောက် နဂါးမင်းနှင့် တကွ နတ်သမီးအပေါင်းတို့သည် မညှိုးနွမ်းသော နတ်ပန်း အမျိုးမျိုးကိုရင်း အဖိုးတန် ရတနာများစွာတို့ကိုရင်း ယူဆောင်၍ ဘုရားလောင်းအား ဆက်သပေးအပ်ကြကုန်လျက် လူအပေါင်းတို့အား "အို လူများ အပေါင်းတို့ သင်တို့သည် သမုဒ္ဒရာမှ အဖိုးတန်ရတနာ အမျိုးမျိုးတို့ကို အလိုရှိသမျှ ယူဆောင်ကြကုန်လော့" ဟု လှည့်လည် ကြွေးကြော်ကြ ကုန်၏၊ လူအပေါင်းတို့သည်

လှည်းများကို ယူဆောင်လျက် အဖိုးတန် ရတနာတို့ကို လှည်းများဖြင့် ဘင်ဆောင် ယူငင်ကြပြီးလျှင် ဘုရားလောင်းအား ချီးကျူးကြကုန်လျက်—

၆-၇။ စန္ဒာဒေဝီ မိဖုရားနှင့် သုရာဘဋ္ဋမင်းကြီးမှ မွေးဖွားသော သား ရတနာသည် လူတို့အား များစွာအကျိုးပြုပေ၏၊ ဤအရပ်သို့ ရောက်လာ ကြကုန်သော မြို့သူမြို့သားတို့သည် အဖိုးတန် ရတနာတို့ကို များစွာရကြ ကုန်သဖြင့် သုဝဏ္ဏ မင်းသားအား လွန်စွာမြတ်နိုး ကြင်နာကြ ကုန်၏၊ မြေအဆင်း ကဲ့သို့ ဝါဝင်းသော အဆင်းရှိသော မင်းသားသည် ကျွန်ုပ် တို့အား အမြဲမပြတ် ချမ်းသာသုခကို ပေးပါစေ သတည်း''ဟု ပြောဆို ချီးမွမ်းကြ ကုန်၏။

ထိုအခါ၌ ဘုရားလောင်းသည် ရတနာ အမျိုးမျိုးတို့ကို ယူဆောင် လျက် လူများအပေါင်း ခြံရံ၍ မိဘနှစ်ဦးတို့အား ရှိခိုးကာ မိဘတို့အား ရတနာ အမျိုးမျိုးတို့ဖြင့် ပူဇော် ကန်တော့လေ၏၊ မင်းမိဖုရား နှစ်ပါးတို့ သည် မတွေ့မြင်ဘူးကုန်သော ထူးထွေဆန်းပြားသော အဖိုးတန် ရတနာ တို့ကို တွေ့မြင်ရသဖြင့် အလွန်တပ နှစ်သက်ဝမ်းမြောက်ကြ ကုန်လျက် သားတော်အား ပွေ့ဖက်လျက် ရင်ခွင်ထက်၌ ထားပြီးလျှင်—

၈-၉။ ငါ၏ သားတော် သုဝဏ္ဏမင်းသားသည် ဘုန်းတန်ခိုး အာနုဘော် ကြီးမား ပါပေ၏၊ ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရသော စကြ ဝတေးမင်းကဲ့သို့ ကျက်သရေမင်္ဂလာ ရှိလှပါ၏၊ ငါ၏ သားတော် ငါးရာတို့ထက် ထူးလွန်ကဲမောက် ဘုန်းတန်ခိုး တောက်လှပါ၏ ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေ၏။

ထိုအခါ သုရောဘဋ္ဋမင်းသည် အဖိုးများစွာ ထိုက်တန်သော ရတနာအနှစ် တို့ကို ယူဆောင်၍ သားတော် သုဝဏ္ဏမင်းသားကို မင်္ဂလာဆင်ဖြူထက်၌ တက်စီးစေပြီးလျှင် စစ်အင်္ဂါလေးပါး ခြံရံလျက် ရှေ့မှသွားစေ၍ မိမိသည် နောက်မှ လိုက်ပါလာလေ၏၊ ဘုရားလောင်း၏ ကျော်စောခြင်း ဂုဏ် သတင်းကား ဇမ္ဗူဒိပ် တကျွန်းလုံးသို့ ပျံ့နှံ့ကျော်ကြားလေ၏၊ နတ် အပေါင်းတို့သည် လူများယူဆောင်၍ ကြွင်းကျန်သော ရတနာတို့ကို ယူဆောင်လျက် ဘုရားလောင်း၏ ရတနာဘဏ္ဍာတိုက်ကို ထည့်သွင်း ပြည့်

စေကြကုန်၏၊ ထိုအခါ၌ ဗာရာဏသီ တမြို့လုံးသည် ဘုရားလောင်း၏ တန်ခိုး မင်္ဂလာ ဆင်ဖြူတော်၏ တန်ခိုးကြောင့် အစစအရာရာ လွန်စွာပြည့်စုံကြွယ်ဝလေ၏။

## တန်ခိုးမွမ်းအား ဘယ်ကရသနည်း

ဘုရားလောင်းသည် ဘုန်းတန်ခိုး အာနုဘော် ကြီးခြင်း, သမုဒ္ဒရာအလယ် ရေအယဉ်တွင် မြေအပြင်ကဲ့သို့ ရပ်တည်နိုင်ခြင်း, အဖိုးတန်ရတနာ များစွာတို့ကို ရရှိခြင်း စသော အကျိုးထူးတို့ကို အဘယ်ကြောင့် ရရှိပါသနည်း ဟူမူ လွန်ခဲ့သော ဘဝက ဘုရားအလောင်းသည် ဤဗာရာဏသီပြည်၌ သူဌေးသားတယောက် ဖြစ်ခဲ့၍ အလွန်တရာ ရုပ်အဆင်းလှပလျက် အလှူအတန်း ပေးကမ်းစွန့်ကြဲခြင်း၌ အလွန်ဝါသနာ ပါခဲ့လေ၏၊ တနေ့သ၌ ဘုရားလောင်းသည် ဝိပဿီမြတ်စွာဘုရား၏ တပည့်သာဝကရဟန်းတော်တပါး ဆွမ်းခံကြွ လာသည်ကို မြင်၍ လွန်စွာ ကြည်ညိုခြင်းဖြစ်သဖြင့် ရဟန်းတော်အား အိမ်သို့ ပင့်ဖိတ်လျက် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်များကို သပိတ်ပြည့်အောင် လှူဒါန်းပြီးလျှင် ရေစက်ချ၍ မထေရ်အား ရှိခိုးကာ- ''အရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ အိမ်၌ အမြဲတန်း ဆွမ်းအလှူခံ ကြွတော်မူပါ''ဟု လျှောက်ထားလေ၏၊ ထိုအခါ ရဟန်းတော်သည် သူဌေးသားအား ဆွမ်း အနုမောဒနာ တရားဟောကြားလျက်—

၁၀။ ဒကာတော် သူဌေးသား လောက၌ အမျက်ထွက်ခြင်း မရှိသူ သူ့အသက် သတ်ခြင်း စသော ရန်မျိုးငါးပါးမှ ကင်းလွတ်သူ မှန်ကန်သော စကားကိုသာ ပြောဆိုတတ်သူ တို့သည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ် ဟူသော စည်းစိမ်ချမ်းသာ သုံးမျိုးတို့ကို ရရှိခံစားကြရ ပါကုန်၏၊ ဟု မိန့်ကြားတော် မူလေ၏။

ဤသို့လျှင် မထေရ်ရဟန်းတော်သည် ဘုရားလောင်း သူဌေးသားအား ဆွမ်း အနုမောဒနာ တရားကို ဟောကြားပြီးနောက် မိမိ၏ ကျောင်းတော်သို့ ပြန်ကြွတော် မူလေ၏၊ နောက်တနေ့၌ တဖန် မထေရ်ရဟန်း

သည် ဘုရားလောင်း၏ အိမ်၌ ဆွမ်းခံရန် ကြွရောက်လာလျက် ဘုရားလောင်းအား တရားဟောလေ၏၊ ထိုအခါ ဘုရားလောင်းသည် မထေရ်အား ရှိခိုးလျက် မိမိအိမ်၌ နေ့စဉ်ဆွမ်းခံကြွရန်နှင့် နေ့စဉ် ဆွမ်းအနုမောဒနာ တရားဟောရန် ပင့်လျှောက်သဖြင့် မထေရ်ရဟန်းသည် နေ့စဉ်ကြွရောက်၍ ဆွမ်းခံပြီးလျှင် ဆွမ်းအနုမောဒနာ တရားကို ဟောလေ၏၊ ဤသို့ ဘုရားလောင်းသည် နေ့စဉ် ဆွမ်းလှူခြင်း တရားနာခြင်း အမှုတို့ကို ပြုခဲ့သဖြင့် ယခုဘဝတွင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိလျက် ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း ဖြစ်ပေသည်။

## သုဝဏ္ဏကုမာရ မင်းသား၏သတင်း သီဟိုဠ်ဘုရင် ကြားလေသော်

ထိုအခါ၌ ငါးရာကုန်သော ကုန်သည်တို့သည် လှေကြီးဖြင့် သီဟိုဠ်ကျွန်းသို့ ကုန်ရောင်းဝယ်ရန် သွားကြရာ သီဟိုဠ်မြို့သို့ဝင်၍ ဘုရားလောင်း သုဝဏ္ဏ မင်းသား၏ စည်းစိမ်ဥစ္စာ များပြားပုံ, မင်္ဂလာ ဆင်ဖြူတော်၏ ဘုန်းတန်ခိုး အာနုဘော် ကြီးမားပုံ, သုဝဏ္ဏမင်းသား၏ ဘုန်းတန်ခိုး ကြီးမားပုံ တို့ကို သီဟိုဠ်ကျွန်း မြို့သူမြို့သား တို့အား ပြောကြားကြ ကုန်၏၊ သီဟိုဠ်ကျွန်းသူ ကျွန်းသား တို့သည် သီဟိုဠ်ဘုရင် ဘဒ္ဒေသိရမင်းအား ထိုအကြောင်းကို တဖန်ပြောကြားကြ ပြန်သည်၊ ထိုအခါ သီဟိုဠ်ဘုရင် ဘဒ္ဒေသိရသည် အလွန်တရာ မနာလိုလျက် အမျက်ထွက် ပြီးလျှင် ကုန်သည်တို့အား ခေါ်၍—

၁၁။ အို ကုန်သည် အပေါင်းတို့ ဆင်ဖြူများအရှင် သင်တို့၏ မင်းသား သုဝဏ္ဏကုမာရသည် ဘုန်းတန်ခိုး အာနုဘော် အလွန်ကြီးသည်ဟု ကြားသိရသည်၊ အဘယ်မျှလောက် ဘုန်းတန်ခိုး အာနုဘော် ကြီးသည်ကို ကျွန်ုပ်အား ပြောကြားကြပါကုန်လော့ဟု ဆိုလေ၏။

သီဟိုဠ်ဘုရင်၏ စကားကို ကြားသောအခါ ကုန်သည်ငါးရာတို့သည် မင်းကြီးအား လက်အုပ်ချီမိုး ရှိခိုးလျက် "အရှင်မင်းကြီး ကျွန်ုပ်တို့မင်းကြီး သုရဇာဋ၏ သားတော် သုဝဏ္ဏကုမာရ မင်းသားသည် ဘုန်းတန်ခိုး အာနုဘော် ကြီးပါ၏၊ သူတပါး၏ စစ်သည်များကို ချိုးဖဲ့ဖျက်ဆီး နှိမ်နင်းနိုင်ပါ၏၊ တရာ့တပါးသော မင်းတို့သည် သုဝဏ္ဏ ကုမာရမင်းသား၏ မျက်

မှောက်၌ ရပ်တည်ခြင်းငှါ မဝံ့ရဲကြပါ''ဟု လျှောက်တင်ကြ ကုန်၏၊ ထို စကားကို ကြားသောအခါ သီဟိုဠ်ဘုရင်သည် ဒုတ်ဖြင့် ရိုက်နှက်ပုတ်ခတ် အပ်သော မြွေကဲ့သို့ အလွန်တရာ အမျက်ထွက်လေ၏၊ သီဟိုဠ်ဘုရင်၌ အလွန်တရာ ရဲရင့်၍ မင်း၏ကိစ္စ အဝဝကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်စွမ်း ရှိသော စစ်သူကြီး လေးဦးရှိ၏။

## သီဟိုဠ်ဘုရင်ရာဇသံ

သီဟိုဠ်ဘုရင်သည် စစ်သူကြီးလေးဦးတို့ကို ခေါ်၍ ''အိုစစ်သူကြီးတို့ သင်တို့သည် ဤကုန်သည်များနှင့် အတူလိုက်၍ ဗာရာဏသီမြို့သို့ သွား ပြီးလျှင် ဗာရာဏသီပြည့်ရှင် ဘုရင်သုရဘဋ္ဋအား ဤစကားကို ပြောကြားကြ ကုန်လော့၊ အိုဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ် ကျွန်ုပ်တို့ သီဟိုဠ်ကျွန်း ကို အစိုးရသော သီဟိုဠ်ဘုရင် ဘဋ္ဋောသုရသည် ဘုန်းတန်ခိုးအာနုဘော် အလွန်ကြီးမားပါ၏၊ တိုင်းတပါးက မင်းတို့ပင်လျှင် လာရောက်ပူဇော်ကြ ရပါကုန်၏၊ ထို့ကြောင့် ဗာရာဏသီပြည့်ရှင် ဘုရင်သုရဘဋ္ဋသည် ကြွန် အင်လက္ခဏာတို့နှင့် ပြည့်စုံသော မင်္ဂလာဆင်ဖြူတော်ကိုယူ၍ ကျွန်ုပ်တို့သီဟိုဠ် ဘုရင်အား ဆက်သပါလော့၊ ထိုသို့ ဆင်ဖြူတော်ကို မဆက်သပါလျှင် သီဟိုဠ်ဘုရင်သည် ဗာရာဏသီမြို့တော်ကို ချီတက်တိုက်ခိုက်၍ ဗာရာဏသီ တမြို့လုံးကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ပြုလုပ်ပါလိမ့်မည်၊ ထိုသို့ ဗာရာ ဏသီတမြို့လုံးကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ပြုလုပ်ပါလျှင် သင်မင်းကြီး လည်း ဆင်းရဲဒုက္ခရောက်ပါလိမ့်မည်၊ ထို့ကြောင့် သင် ဗာရာဏသီမင်း ကြီးသည် ကျွန်ုပ်တို့ သီဟိုဠ်ဘုရင်အား မင်္ဂလာဆင်ဖြူတော်ကို အေးချမ်း သာယာစွာ ဆက်သပါလော့''ဟု ဤစကားကို ယူဆောင်၍ ဗာရာဏသီ မင်းထံ သွားရောက်အကြောင်းကြားပါလော့ဟု စစ်သူကြီးတို့အား အမိန့် ပေး စေလွှတ်လေ၏။

သီဟိုဠ်ဘုရင်၏ စစ်သည်တော် လေးဦးတို့သည် ဘုရင်အမိန့်တော်ကို ဦးထိပ်ထက်ပန်ဆင်လျက်-ကုန်သည် ငါးရာတို့နှင့် အတူလိုက်ပါသွားပြီးလျှင် ဗာရာဏသီမင်းကြီးအား သီဟိုဠ် ဘုရင်ကမှာလိုက်သည့်အတိုင်း သံတော်ဦး တင် လျှောက်ထားလေ၏၊ သီဟိုဠ်ဘုရင် ရာဇသံကို ကြားရသောအခါ

ဗာရာဏသီမင်းကြီးသည် ကြောက်ရွံ့ထိတ်လန့်လျက် မိမိ၏စစ်သူကြီးများ ပုရောဟိတ်များတို့ကို ခေါ်၍ "အိုစစ်သူကြီးများနှင့် မှူးမတ် ပုရောဟိတ် အပေါင်းတို့ သီဟိုဠ်ဘုရင် ဘဒ္ဒေသုရသည် အလွန်တရာ ဘုန်းတန်ခိုးကြီး မားသည်ဟု ကြားသိရပါသည်၊ ယခု သီဟိုဠ်ဘုရင်သည် ငါတို့၏ ဆင်ဖြူ တော်ကို သူ့အားဆက်သရန် သတင်းစကား စေလွှတ်လိုက်ပါ၏၊ အကယ်၍ ဆင်ဖြူတော်ကို မဆက်သပါက ငါတို့၏ ဗာရာဏသီပြည်သို့ စစ်သည်ဗိုလ် ပါ အလုံးအရင်းဖြင့် ချီတက်လာပြီးလျှင် ဗာရာဏသီတမြို့လုံးကို မှုန်မှုန် ညက်ညက် ချေဖျက်ပစ်မည်ဟု ဆိုလာပါသည် သို့ဖြစ်၍ ငါတို့သည် အဘယ် သို့ပြုလုပ်ကြပါမည်နည်းဟု တိုင်ပင်စကား ပြောကြားလေ၏၊ ထိုအခါ စစ်သူကြီးများ, မှူးမတ်များတို့သည် သီဟိုဠ်ဘုရင်၏ ဘုန်းတန်ခိုးကြီး ကြောင်းကို ကြားသိကြသဖြင့် ထိတ်လန့်တုန်လှုပ်ကြကုန်လျက်စကားမပြော နိုင်ကြဘဲ ဆိတ်ဆိတ်သာနေကြကုန်၏။

## သီဟိုဠ်ဘုရင်အား မိမိကိုယ်တိုင် ဖမ်းဆီးခြင်း

ထိုအခါ ဘုရားအလောင်း သုဝဏ္ဏကုမာရမင်းသားသည် မိမိ ခမည်း တော်ကြီး စိတ်ဆင်းရဲနေသည်ကို သိသဖြင့် "အို ခမည်းတော်မင်းမြတ် ခမည်းတော်သည် ကြောက်ရွံ့စိုးရိမ်တော် မမူပါလင့်၊ စိတ်အေးချမ်းသာ စွာသာ နေတော်မူပါ၊ သင်မင်းကြီးသည် သီဟိုဠ်ဘုရင်ထံ ဆင်ဖြူတော်ကို သွားရောက် မဆက်သပါလင့်၊ အကယ်၍ သင်မင်းကြီးသွားပါလျှင် သီဟိုဠ် ဘုရင်သည် အရှင်မင်းကြီးအား သတ်ပစ်ပါလိမ့်မည် သို့ဖြစ်၍ သားတော် သည် သီဟိုဠ်ဘုရင် ဘဒ္ဒေသုရထံ သွား၍ မိမိ၏ ဘုန်းတန်ခိုး အစွမ်း အာနုဘော်ဖြင့် စစ်သည်ဗိုလ်ပါများနှင့်တကွသော သီဟိုဠ်ဘုရင်ကို ဖမ်း ဆီး ခေါ်ဆောင်လာလျက် ဘခင်မင်းကြီး၏ ခြေတော်အစုံကို ခိုလှုံဦးတိုက် စေပါအံ့ဟု လျှောက်တင်လေ၏၊ ထိုအခါ သုရဘဋ္ဋမင်းသည် သားတော် ဘုရားလောင်း သုဝဏ္ဏမင်းသားအား-

(မင်းကြီး) ချစ်သားသုဝဏ္ဏ သင်သည်ငယ်ပါသေးသည် ဤသို့သော စကားကို မပြောပါလင့်၊ သီဟိုဠ်ဘုရင် ဘဒ္ဒေသုရသည် ငါတို့ထက် ဘုန်း တန်ခိုးအာနုဘော် ကြီးမား၏ ထိုမင်း၏ စစ်သည်များသည်လည်း ရဲရင့်၍

အစွမ်းသတ္တိထက်မြက်ကြကုန်၏၊ ငါတို့သည် ထိုမင်း၏နိုင်ငံသို့ သွားရောက်၍ ဆင်ဖြူတော်ကို ဆက်သသင့်ပါ၏၊သင်သားတော်သည် သီဟိုဠ်နိုင်ငံသို့သွား၍ အဘယ်သို့လျှင် ထိုမင်းကို ဖမ်းဆီးခေါ်ဆောင်နိုင်ပါမည်နည်း။

(သားတော်) ခမည်းတော်မင်းကြီး ခမည်းတော်သည် ရန်သူကို အထင်ကြီး၍ ကိုယ့်ကိုယ်ကို အထင်မသေးပါလင့်၊ သီဟိုဠ်မင်းသည် ကျွန်ုပ်တို့ထက် ဘုန်းတန်ခိုးအာနုဘော်ကြီး၍ စစ်သည်တော်များလည်း မည်မျှပင်ရဲရင့်နေပါစေ ကျွန်ုပ်သည် သီဟိုဠ်ကျွန်းသို့သွား၍ ကျွန်ုပ်၏ သစ္စာဓိဋ္ဌာန်တန်ခိုးအစွမ်းဖြင့် ထိုမင်းကို နှိမ်နင်းအောင်မြင်လျက် စစ်သည်အများနှင့်တကွ ထိုမင်းကို ဖမ်းဆီးခေါ်ဆောင်လာပါအံ့။

## ဘုရားလောင်းသည် ဘိသိက်ခံယူပြီးနောက် သီဟိုဠ်သို့

ဘုရားလောင်း လျှောက်တင်သောစကားကို ကြားသောအခါ အမတ်စသော လူအပေါင်းတို့သည် လွန်စွာ နှစ်သက် အားရကျေနပ်ကြသဖြင့် အရှင်မင်းသား သင်သည် သီဟိုဠ်ကျွန်းသို့ ကြွသွားပါလော့ ယင်းသို့ သွားလျှင် သင်မင်းသား၏ စိတ်အလိုဆန္ဒသည် မုချပြည့်ဝပါလတ့်ံဟု ဆိုကြကုန်၏၊ ထိုအခါ သုရဘဋ္ဋမင်းသည်လည်း သားတော်၏ ရဲရင့်စွာ လျှောက်တင်ချက်ကြောင့် ကြေနပ်အားရတော် မူသဖြင့် ချစ်စွာသောသားတော် သီဟိုဠ်ကျွန်းသို့ သင်သွားရောက်ခြင်းသည် ကောင်းမြတ်လှပါ၏၊ ဟု မိန့်ဆိုပြီးလျှင် လူအပေါင်းတို့အား–

၁၂။ အို လူများအပေါင်းတို့ သင်တို့သည် သန်လျက်, ထီးဖြူ, သင်းကျစ်ရွှေခြေနင်း, သားမြီးယပ်ဟု ဆိုအပ်သော မင်းမြောက်တန်ဆာငါးမျိုးတို့ကိုယူ၍ သားတော်ကို အဘိသိက် သွန်းကြကုန်လော့ မင်းမြောက်ကြပါကုန်လော့ဟု မိန့်တော်မူလေ၏။

မင်းမြောက်ဘန်ဆာ ငါးမျိုးတို့ကို ယူစေပြီးနောက် သုရဘဋ္ဋမင်းကြီးသည် မိမိ၏ ပုရောဟိတ်ပုဏ္ဏားစသော လူအပေါင်းတို့ကို နန်းတော်အလယ်၌ နေစေလျက် နံ့သာရေဖြင့်ပြည့်သော ရွှေအိုးများကို ယူစေပြီးလျှင် ထီးတံခွန်တို့ကို ဆင်ယင်စေလျက်ကြံရွက်ငှက်ပျောရွက်စသည်တို့ကိုအရပ်ရှစ်မျက်

နှာတို့၌ ထားစေ၍ မင်းနန်းတော်၏အလယ် ရွှေပြာသာဒ်အလယ်၌ ရတနာ အစုအပုံကိုပြစ်စေလေ၏၊ ထိုရတနာအစုအပုံ၌ သားတော် သုဝဏ္ဏကုမာရ မင်းသားကို နေစေလျက် မင်းမြှောက်တန်ဆာငါးမျိုးတို့ကို လက်ခံစေ လေ၏၊ ထိုနောက် သုရဘဋမင်း အမှူးရှိသောလူအပေါင်းတို့သည် ရတနာ အစုအပုံထက်၌နေသော ဘုရားလောင်း သုဝဏ္ဏကုမာရ မင်းသား၏ထိပ် ထက်၌ အဘိသိက်နံ့သာရေတို့ကို သွန်းလောင်း ဆွတ်ဖျန်းလျက် ယနေ့မှ စ၍ အရှင်မင်းသားသည် အသက်ရှည်ပါစေသတည်းဟု နှုတ်မြွက်၍ မင်္ဂလာ စကား ပြောကြားကြပြီးလျှင် ဗာရာဏသီမင်းအဖြစ်ကို အပ်နှင်းကြကုန်၏၊ ယင်းသို့ အဘိသိက်သွန်းလောင်းခြင်းကို ခံယူပြီးနောက် ဘုရားလောင်း သုဝဏ္ဏကုမာရမင်းသားသည် ကောင်းမြတ်သော နက္ခတ်နှင့် ယှဉ်သည့်နေ့၌ စစ်သည်ဗိုလ်ပါ အပေါင်းခြံရံလျက် ဗာရာဏသီမြို့မှ ထွက်တော်မူလေ၏၊ ထိုခဏ၌ပင် ဘုရားလောင်းမင်းသား၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် ကောင်းကင် တပြင်လုံးတွင် ထီးဖြူတံခွန်ကုက္ကားစသော ပူဇော်ဘွယ်ဘဏ္ဍာ တို့ဖြင့် ပြည့်လျက်နေလေ၏။

ဘုရားလောင်းသည် မိမိ၏ စစ်သည်ဗိုလ်ပါများကိုကြည့်လျက် "ဤလူ့ ပြည်မှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် ရှိရှိသမျှ သတ္တဝါအားလုံးတို့သည် မိမိတို့ ရှေးကပြုခဲ့သော ကုသိုလ်ကောင်းမှုကံအလျောက် စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားကြရကုန်၏၊ ငါသည်လည်း ငါ၏ စစ်သည်ဗိုလ်ပါတို့ကို ကုသိုလ် ကောင်းမှု ပြုစေရလျှင် ကောင်းပေလိမ့်မည် လောက၌ ကုသိုလ်ကောင်းမှု ပြုသူသည် ဘေးရန်အမျိုးမျိုးမှ ကင်းဝေး၍ ချမ်းသာခြင်းအမျိုးမျိုးကို ရရှိ ခံစားရ၏၊ ကံ ကံ၏အကျိုးကို မယုံကြည်သဖြင့် ကုသိုလ်ကောင်းမှု မပြုသူ သည်ကား ဘေးရန်အပေါင်းနှင့် တွေ့ကြုံရလျက် ဆင်းရဲဒုက္ခအပေါင်းနှင့် တွေ့ကြုံရင်ဆိုင်ရပေ၏။

ငါ၏ သီဟိုဠ်ကျွန်းသို့ သွားရခြင်း ရည်ရွယ်ချက်သည်လည်း ကုသိုလ် ကောင်းမှုကြောင့် တမြောက်အောင်မြင်ခြင်းသို့ ရောက်လတ့်၊ စည်းစိမ်ချမ်း သာ များစွာတို့ကိုလည်း အမြဲရရှိပါလတ့် ဟု ကြံစည်စိတ်ကူးလေ၏၊ ယင်း သို့ ကြံစည်စိတ်ကူးပြီးနောက် ဘုရားလောင်းသည် ကိုညဥ့်၌ပင် မွန်မြတ်

ကောင်းမွန်သောဆွမ်းခဲဘွယ်ဘောဇဉ်တို့ကိုစိမ့်စေပြီးလျှင်ဝိပဿီဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်၍ အလှူကြီးကိုပေးလှူလေ၏၊ မိမိ ကိုယ်တိုင်လည်း သရဏဂုံသုံးပါး၌ တည်လျက် သီလကို ဆောက်တည်ပြီးလျှင် ရဟန်းတော်များထံမှ တရားတော်ကို နာယူလေ၏၊ ဘုရားလောင်းသည် ယင်းအလှူကောင်းမှု၏ အဖို့ဘာဂကို စစ်သည်ဗိုလ်ပါအပေါင်းတို့အားရင်း မိဘဆွေမျိုးတို့အားရင်း ရေစက်သွန်ချ အမျှပေးဝေလျက်—

၁၃-၁၅။ ဤကောင်းမှု၏ တန်ခိုးအစွမ်းအာနုဘော်ကြောင့် အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ သတ္တဝါအားလုံး(ဆွေမျိုးတော်သူ မတော်သူ) တို့သည် ဘေးရန်ကင်းကြပါစေ, အသက်ရှည်ကြပါစေ, ဥစ္စာရွှေငွေ အထွေထွေ ပေါကြွယ်ဝပါစေ, ဤကောင်းမှု၏ တန်ခိုးအာနုဘော်ကြောင့် သီဟိုဠ်ကျွန်းသို့ သွားရောက်သော ငါသည်လည်း ချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝပါစေ, ငါ၏ မယ်တော် ခမည်းတော်တို့သည်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါစေ ဟု ဆုတောင်းပတ္ထနာပြုလေ၏။

ထိုအခါ မကောင်းမှုပြုလုပ်သဖြင့် အပါယ်ဆင်းရဲ ကြရောက်နေကြကုန်သော သတ္တဝါအားလုံးတို့သည် ဘုရားလောင်း၏ ကောင်းမှုတန်ခိုးကြောင့် အပါယ်ဆင်းရဲမှ လွတ်ကင်းကြကုန်လျက် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြပြီးလျှင် နတ်စည်းစိမ်အမျိုးမျိုးကို ရရှိခံစားကြရကုန်၏၊ ဘုရားလောင်းသည် မိမိ၏ စစ်သည်ဗိုလ်ပါများနှင့်အတူ သမုဒ္ဒရာကမ်းနားသို့ ရောက်ပြီးနောက် ညဘက်တွင် စိတ်ကူးကြံစည်သည်မှာကား "သီဟိုဠ်ဘုရင် ဘဋ္ဌောသုရ၏ ဘုန်းတန်ခိုးအာနုဘော်ကား အဘယ်မျှကြီးမားပါသနည်း ငါ၏ ဘုန်းတန်ခိုးအာနုဘောဲထက်ပင် ပို၍ ကြီးမားပါသလော" ဟု ကြံစည်စဉ်းစားလေ၏၊ ထိုခဏ၌ ဘုရားလောင်း၏ တန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြ၏။

## သိကြားမင်းထံမှ မြားငါးစင်းရ

ထိုအခါ သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှု ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိသဖြင့် ဘုရားလောင်း ထံသို့ လာ၍ သိကြားမင်း၏

လေးတော်နှင့် တကွ မြှားငါးစင်းတို့ကို ဘုရားလောင်းအား ပေးအပ်ပြီးလျှင် အမောင်ယောကျ်ား ထလော့၊ အိပ်ပျော်ခြင်းကို မပြုလင့်၊ ယခုအခါ ငါသည် သင့်အား ရန်သူကို နှိမ်နင်းရန် လက်နက်များကို ပေးအံ့၊ ဤပထမ မြှားတစင်းကို လွှတ်လိုက်လျှင် လူများအားလုံး ကတုံးဖြစ်သွားသည်၊ (ဆံပင်ရိတ်ပြီးသား ဖြစ်သွားသည်) ဒုတိယ မြှားတစင်းကို ပစ်လိုက်လျှင် ဆင် မြင်း ရထား စသော ယာဉ်များ ဖြစ်ပေါ် လာမည်၊ တတိယမြှားတစင်းကို ပစ်လိုက်လျှင် ဘုံ နန်း ပြာသာဒ် ဗိမာန်များ ကောင်းကင်၌ပေါ်ပေါက်လာမည်၊ စတုတ္ထ မြှားတစင်းကို ပစ်လိုက်လျှင် မီးပုံကြီး မီးတောက် မီးလျှံများ တောက်လောင် လာလိမ့်မည်၊ ပဉ္စမမြောက် မြှားတစင်းကို ပစ်လိုက်လျှင် ရန်သူအားလုံး သေဆုံးပျက်စီးလိမ့်မည် ဤမြှားငါးစင်းနှင့် တကွ ငါ၏ လေးတော်ကို ယူဆောင်လော့ဟု ပေးအပ် လေ၏။

ထိုအခါ ဘုရားလောင်းသည် သိကြားမင်းထံမှ မြှားငါးစင်းနှင့် တကွလေးတော်ကို လက်ခံယူငင်လျက် နှစ်သက် ဝမ်းမြောက်စွာဖြင့် မိမိနေရာ၌ပင် နေလေ၏၊ သိကြားမင်းသည် ဘုရားလောင်းအား—

၁၆-၁၇။ မြတ်သောမင်းကြီး သင်မင်းကြီးသည် အငါးစုံသော အရပ်ဌာနတို့၌ ရန်အပေါင်းကို အောင်မြင်၍ ထင်ပေါ် ကျော်ကြားပါစေ၊ သင်မင်းကြီး၏ ဩဇာအာဏာသည် ဇမ္ဗူဒိပ် တကျွန်းလုံးသို့ ပျံ့နှံ့ပါစေသတည်းဟု ဆိုပေးလေ၏။

ယင်းသို့ ဆိုပေးပြီး နောက် သိကြားမင်းသည် မိမိနေရာ နတ်ပြည်သို့ပြန်ကြွလေ၏၊ ထိုအခါ ဘုရားလောင်းသည် မိမိ၏ စစ်သည် ဗိုလ်ပါတို့ကိုစိစစ်ပြီးလျှင် နက္ခတ်ကောင်းနှင့် ကြုံကြိုက်သော နေ့ကောင်း နေ့မြတ်၌ စစ်သည်ဗိုလ်ပါများနှင့် အတူ လှေကြီးပေါ် သို့ တက်လေ၏၊ ထိုအချိန်၌ သမုဒ္ဒရာစောင့် နတ်အပေါင်းတို့သည် လှေကိုကောင်းစွာ ဆောင်ယူလျက် စစ်သည်ဗိုလ်ပါ အပေါင်းအား စားနပ်ရိက္ခာများကို ပေး၍ ဘုရားလောင်းအား နတ်ဘောဇဉ် နတ်သုဒ္ဓါတို့ဖြင့် ကျွေးမွေးပြုစုကြ ကုန်၏၊ အားလုံးသော စစ်သည်ဗိုလ်ပါတို့သည် ဘေးရန်ကင်းကွာ ချမ်းသာစွာဖြင့် သမုဒ္ဒရာ အလယ်၌ လှေကြီးဖြင့် သွားကြလေကုန်၏၊ သမုဒ္ဒရာ တဘက်ကမ်းသို့

ရောက်သောတခါ စစ်တပ် စခန်းမျှားချလျက် ဘုရားလောင်းသည် သီဟိုဠ် ဘုရင် ဘဋ္ဋေသုရထံ တမန်ကို စေလွှတ်လိုက်၏။

ဘုရားလောင်း၏ တမန်တော်သည် သီဟိုဠ်ဘုရင် ဘဋ္ဋေသုရထံသွား၍ "အရှင်မင်းကြီး ကျွန်ုပ်တို့မင်းကြီး၏သားတော် သုဝဏ္ဏ မင်းသားသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ ရန်သူမင်းတို့ကို နှိမ်နင်းလွှမ်းမိုးနိုင်သော တန်ခိုး သတ္တိရှိသူ ဖြစ်ပါ၏၊ ထိုမင်းသား၏မြှားသည် သင်မင်းကြီး၏ သီဟိုဠ်ကျွန်း တကျွန်းလုံးကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ပြုလုပ်နိုင်စွမ်းရှိပါ၏၊ ထိုသုဝဏ္ဏ မင်းသားသည် အရှင်မင်းကြီး၏ နိုင်ငံအတွင်းသို့ ဆိုက်ရောက်၍ နေပါပြီ၊ အရှင်မင်းကြီးသည် ထိုမင်းသားထံ သွားရောက်၍ အသက်ဘေးမှ ချမ်း သာပေးရန် တောင်းပန် လျှောက်ထားပါလော့၊ ယင်းသို့မတောင်းပန်လို ဘဲ စစ်တိုက်လိုပါကလည်း စစ်ပြင်ဆင်၍ ထွက်တော်မူပါလော့ဟု သတင်း စကား လျှောက်ထားသံတော်ဦး တင်လေ၏။

## မြှားငါးစင်း၏ အစွမ်းထက်ပုံကား

သုဝဏ္ဏမင်းသားထံမှ စေလွှတ်လိုက်သော တမန်၏စကားကို ကြားသော အခါ သီဟိုဠ်ဘုရင်သည် ဒေါသထွက် ကြောက်လည်းကြောက်လန့် ရကား မှူးမတ်အပေါင်းတို့ကို နန်းတော်သို့ ဆင့်ခေါ်လျက် အိုမှူးမတ်များတို့ ဤ သုဝဏ္ဏမင်းသားသည် လေးအတတ်၌ အလွန်တရာ ကျွမ်းကျင်တတ်မြောက် ကြောင်း ကြားသိရပေသည်၊ သူ၏မြှားဖြင့် ပစ်ပါလျှင် ငါတို့တမြို့လုံးမှုန့် မှုန့်ညက်ညက်ဖြစ်၍ သွားနိုင်သောကြောင့် ငါတို့ရှုံးမည် မုချဖြစ်ပေသည်၊ သို့ဖြစ်၍ ငါတို့သည် စစ်သည်ဗိုလ်ပါများနှင့်တကွ သွားရောက်၍ အသက် ဘေးမှ ချမ်းသာပေးရန် တောင်းပန်ကြမည်လော- သို့မဟုတ်-စစ်တိုက်ကြ မည်လောဟု မိန့်ကြားပြောဆိုလေ၏၊ ထိုအခါ မှူးမတ်အများ စစ်သည် အများနှင့် မြို့သူမြို့သားအားလုံးတို့ကား လက်နက်မချလိုဘဲ စစ်တိုက်လိုကြ သဖြင့် တမြို့လုံး အုံးအုံးကျက်ကျက် တခဲနက်စစ်တိုက်ရန်ပြင်ဆင်ကြကုန်၏။

ထိုအခါဘုရားလောင်းသည် မြှားတစင်းကို ပစ်လိုက်သည်၊ သီဟိုဠ် ကျွန်းသားတို့၏ ခေါင်းများအားလုံး ကတုံးပြောင်များ ဖြစ်သွားလေ သည်၊ ထိုနောက် ဒုတိယမြှားတစင်းကို ပစ်လိုက်ပြန်သည် ဆင်ယာဉ် မြင်း

ယာဉ်များ တပ်ဆင်းထားသော ယာဉ်ရထားများ ဖြစ်သွား လေသည်၊ သို့သော် သီဟိုဠ်ဘုရင်နှင့်တကွ စစ်သည်တော်များကား အည့်မခံ လက်နက်မချ အရှုံးမပေးချေ၊ ထိုနောက် တတိယမြှားတစင်းကို ထပ်မံပစ်ပြန်သည်၊ ရတနာအမျိုးမျိုး တို့ဖြင့် တန်ဆာဆင်အပ်သော ဘုံနန်းပြာသာဒ်များ ဖြစ်သွားသည်၊ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်လျက် နတ်သမီးကညာ များစွာတို့ဖြင့် ပြည့်နေသော ဘုံနန်းပြာသာဒ်တို့ ဖြစ်ပေါ်လာ၍ သီဟိုဠ် ဘုရင်နှင့်တကွ စစ်သည်ဗိုလ်ပါအားလုံး အံ့အားသင့်သွားကြသည်၊ သို့သော် အည့်မခံ အရှုံးမပေးချေ၊ ထိုနောက် စတုတ္ထမြှားတစင်းကို ထပ်ပစ်ပြန် သည်၊ စတုတ္ထမြှားတစင်းပစ်သောအခါ ကောင်းကင်အလယ်၌ မိုးတောက် မိုးလျှံများ တဟုန်းဟုန်းတောက်လျက် မြို့အပြင်ကို သုံးကြိမ်မျှရစ်ပတ်၍ မိုးကြိုးသံကဲ့သို့သော ကြောက်မက်ဖွယ်အသံကြီးမြည်ဟည်းကာ ကောင်းကင် တခုလုံး ထိန်လင်းနေလေ၏၊ ထိုအခါ၌ကား မြို့သူမြို့သား အားလုံးတို့ သည် ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ငိုယိုကြကာ လက်နက်ချအရှုံးပေးရန် သီဟိုဠ်ဘုရင်အား ဝိုင်းဝန်းပြောဆိုကြကုန်၏။

## သုဝဏ္ဏမင်းသား၏ နောက်ဆုံးရာဇသံ

သီဟိုဠ်ဘုရင်ကား မာနခက်ထန်ကာတင်းမာလျက်ရှိနေပြီး၊ ဤသုဝဏ္ဏ မင်းသား၏ ဘုန်းတန်ခိုးအစွမ်းသတ္တိကား ဤမျှသာဖြစ်ပါသည်ဟု ဆိုကာ လက်နက်ချ အရှုံးမပေးဘဲ ရှိသမျှအား အစွမ်းဖြင့် ခုခံနေပေ၏၊ ထိုအခါ၌ ဘုရားလောင်း သုဝဏ္ဏမင်းသားသည် ပဥ္စမမြောက် မြှားတစင်းကို မပစ် သေးဘဲ စဉ်းစားဆင်ခြင်သည်မှာ - "ယခုအခါ ငါသည် နောက်ထပ်မြှား တစင်း ထပ်ပစ်လိုက်လျှင် လူများအားလုံး သေကြေပျက်စီးကုန်ဟော့မည် သို့ဖြစ်၍ သီဟိုဠ်ဘုရင်ထံ တမန်တယောက်ကို စေလွှတ်လျက် အကယ်၍ လက်နက်ချ အည့်မခံပါက ညနေဘက်တွင် နောက်ထပ် မြှားတစင်း ထပ်မံ လွှတ်လိမ့်မည်၊ ထိုအခါ အားလုံးသေကြေပျက်စီးကုန်လိမ့်မည်ဟု သတင်း စကား ပို့စေမည်" ဟု စဉ်းစားဆင်ခြင်လျက် တမန်ကိုစေလွှတ်လိုက်လေ၏၊ ထိုအခါ တမန်သည် သီဟိုဠ်ဘုရင်ထံသွားရောက်၍ သတင်းစကား ပြော ကြားလေရာ သီဟိုဠ်ဘုရင်သည် လွန်စွာကြောက်လန့်တုန်လှုပ်လျက် မိမိ၏

စစ်သည်ဗိုလ်ပါများနှင့် မြို့သူမြို့သားအားလုံးတို့အား လက်နက်ချ အညံ့ခံရန် မိန့်ကြားကာ ရွှေ ငွေ ရတနာများစွာတို့ကို ယူဆောက်လျက် မှူးမတ်များနှင့်အတူ သီဟိုဠ်မြို့မှထွက်၍ သုဝဏ္ဏမင်းသား စစ်စခန်းချရာသို့ သွားရောက်၍ ဘုရားလောင်းထံ ချဉ်းကပ်လျက် ဘုရားလောင်းအား ရွှေ ငွေ ရတနာများကို ဆက်သပြီးလျှင် မြေ၌ဝပ်လျှိုးရှိခိုးလျက်—

၁၈–၁၉။ ဘုန်းတန်ခိုးကြီးလှသော အရှင်မင်းသား ဇမ္ဗူတခွင် မြေအပြင်၌ အရှင်မင်းသားကဲ့သို့ ဘုန်းတန်ခိုးအာနုဘော် ကြီးမားသောပုဂ္ဂိုလ်ကို အကျွန်ုပ်သည် တွေ့လည်းမတွေ့ဘူး ကြားလည်းမကြားဘူးပါ၊ သို့ဖြစ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏ ရွှေ ငွေ ရတနာအားလုံးနှင့်တကွ တိုင်းပြည်တခုလုံးကိုပါ အရှင်မင်းသားအား ပေးအပ်ပါ၏၊ ကျွန်ုပ်အား အသက်ဘေးမှ ချမ်းသာပေးတော်မူပါဟု တောင်းပန်စကား လျှောက်ထားလေ၏။

သီဟိုဠ်ဘုရင် လျှောက်တင်သောစကားကို ကြားသောအခါ ဘုရားလောင်းသည် တိုင်းပြည်နှင့်တကွ ဥစ္စာ ရွှေငွေ ရတနာပေးအပ်ခြင်းကို ပယ်မြစ်လိုရကား—

၂၀–၂၁။ အရှင်မင်းမြတ် ကျွန်ုပ်သည် သင်၏ တိုင်းပြည်စည်းစိမ်ချမ်းသာ ဥစ္စာရွှေငွေတို့ကို အလိုမရှိပါ၊ ကျွန်ုပ်သည် တိုင်းပြည်နိုင်ငံ စည်းစိမ်ချမ်းသာတို့ကို အလိုရှိသူမဟုတ်သောကြောင့် သင်သည် ဘာမျှ မကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်ပါလင့်၊ ကျွန်ုပ်သည်ကား သင်၏ ကြမ်းတမ်းခက်ထန်သော စိတ်နှလုံးထား နူးညံ့သိမ်မွေ့လာခြင်းကိုသာ အလိုရှိပါ၏ဟု မိန့်ဆိုလေ၏။

## စိတ်ခက်ထန်သူအား နူးညံ့စေကာ

ထိုစကားကိုကြားသောအခါ သီဟိုဠ်ဘုရင်သည် တွန့်လှုပ်သောကိုယ်ခန္ဓာဖြင့် ဦးခေါင်းငိုက်ဆိုက်ဖြစ်လျက် ခန္ဓာကိုယ်မှ ချွေးများယိုထွက်ကျဆင်းလျက် ရှိလေ၏၊ ထိုအခြင်းအရာကို တွေ့မြင်ရသော ဘုရားလောင်းသည် သီဟိုဠ်ဘုရင်အား အလွန်တရာ သနားကြင်နာလှသဖြင့်—

၂၂-၂၃။ အရှင်မင်းမြတ် သင်သည် ဘာမျှမကြောက်ရွံ့ မတုန်လှုပ်ပါလင့်၊ ကျွန်ုပ်သည်ကား သင်၏ စိတ်နှလုံးနူးညံ့သိမ်မွေ့လာခြင်းကိုသာ တွေ့မြင်လိုပါ၏၊ ခက်ထန်ကြမ်းတမ်းသော စိတ်နှလုံးရှိသူကို နူးညံ့သိမ်မွေ့လာအောင် ပြုလုပ်သော ကုသိုလ်ကောင်းမှုမျိုးကိုသာ ကျွန်ုပ်အလိုရှိပါ၏၊ သင့်အပေါ်၌ ကျွန်ုပ်သည် ချစ်ခင်ကြင်နာခြင်း အပြည့်အဝဖြင့် ခေတ္တာထားပါ၏၊ ကျွန်ုပ်အပေါ်၌လည်း သင်သင် ချင်ခင်ကြင်နာခြင်း အပြည့်အဝဖြင့် မေတ္တာတဖန် တုံ့ပြန်ပါလေ့ဟု ပြောဆိုလေ၏။

ယင်းသို့ပြောဆိုပြီးနောက် ဘုရားလောင်းသည် လူအပေါင်းအား "စိတ်နှလုံး ခက်ထန်ကြမ်းတမ်းသူအား နူးညံ့လာအောင် ပြုလုပ်ခြင်းမည်သည်ကား ခဲယဉ်းသောအလုပ်ဖြစ်ပါ၏၊ အကြင်သူသည် တဖက်သားအပေါ်၌ သနားကြင်နာသောစိတ်ကို မွေးမြူလျက် မကောင်းမှုကို ပြုခြင်း တားမြစ်ပိတ်ပင် သွန်သင်ဆုံးမ၏၊ ထိုသူသည် မွန်မြတ်သောမိတ်ကောင်း ဆွေကောင်းဖြစ်၍ အလိုရှိသမျှ ပေးစွမ်းနိုင်သော စိန္တာမဏိပတ္တမြားရာတနာကဲ့သို့ မိမိအလိုရှိသမျှကို ရရှိခံစားရလေ၏ဟု ဆိုလျက်—

၂၄။ မြတ်သော မင်းကြီး အလိုရှိသမျှ စိတ်ဆန္ဒကို ပေးစွမ်း နိုင်သော စိန္တာမယ ပတ္တမြားရတနာသည် ပတ္တမြားရတနာ အားလုံးတို့တွင် အကောင်းဆုံး အမွန်မြတ်ဆုံး ဖြစ်သကဲ့သို့ ဟိုနည်းတူစွာ မကောင်းမှုကို ပြုလုပ်လိုသူအား မကောင်းမှု ပြုလုပ်ခြင်းမှ တားမြစ်ပိတ်ပင် သွန်သင်ဆုံးမခြင်း သည်လည်း အသွန် မွန်မြတ်သော ကောင်းမှုကုသိုလ် ဖြစ်ပါ၏၊ ထိုသို့ ပြောဆို သွန်သင်သော သူသည် မိတ်ကောင်း ဆွေကောင်းလည်း မည်ပါ၏။

ဟု မိန့်ဆိုပြီးနောက် ဆက်လက်၍—

၂၅-၂၀။ မြတ်သောမင်းကြီး အကြင်မိတ်ဆွေသည် မိတ်ဆွေကို ကျင့်ဝတ်နှင့် အညီ အဆွေခင်ပွန်းတို့ အပေါ်၌ ကျင့်ကြံ ပြုလုပ်လေ့ ရှိ၏၊ ထိုမိတ်ဆွေသည် မျက်မှောက်ဘဝ၌ သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကို ခံရလျက် တမလွန်ဘဝ၌လည်း ကောင်းရာသုဂတိသို့ လားရောက် ရပါ၏၊ အကြင် မိတ်ဆွေသည်ကား နှုတ်အားဖြင့် ချိုသာ

သော်လည်း ချမ်းသာဆင်းရဲ ဖြစ်ပေါ်လာသော အခါ၌ မိတ်ဆွေတို့၏ ဝတ်တရားအတိုင်း မကျင့်ကြံဘဲ ရှေးရှုကြံစည် ပြုလုပ်လေ့ရှိ၏၊ ထိုမိတ်ဆွေသည်ကား အလွန်ယုတ်မာသူ ဖြစ်၍ မျက်မှောက်ဘဝ၌ သူတော်ကောင်း တို့၏ ကဲ့ရဲ့ခြင်းကို ခံရ၍ တမလွန်ဘဝ၌ မကောင်းသော သူတို့ သွားရောက်ရာ ငရဲသို့ ကျရောက်ရ၏၊ မြတ်သောမင်းကြီး သင်မင်းကြီး၌ ဘေးဥပဒ် အန္တရာယ်တစုံတခု ဖြစ်ပေါ်လာပါလျှင် အကျွန်ုပ်အား ဟုတ်တိုင်းမှန်စွာပြောကြား တိုင်ပင်ပါလော့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘုန်းတန်ခိုးအာနုဘော် အစွမ်းဖြင့် သင့်အား ဘေးရန်ကင်းကွာ ချမ်းသာစေရန်, အသက် ရှည်စေရန်, အခြံအရံ များစေရန် ပြုလုပ်စွမ်းဆောင်ကူညီပါအံ့ ဟု မိန့်ဆိုလေ၏။

ဘုရားအလောင်း သုဝဏ္ဏမင်းသား၏ စကားကို ကြားရသောအခါ သီဟိုဠ်မင်းသည် လွန်စွာနှစ်သက် ဝမ်းမြောက်သော စိတ်ရှိသဖြင့်—

၂၉-၃၀။ အရှင်မင်းသား အသင်မင်းသား ပြောသော စကားတို့သည် အလွန် ကောင်းမွန်ပါ၏၊ သင်ယခု ပြောသော စကားမျိုးကို ကျွန်ုပ်သည် ရှေးကတခါမျှ မကြားဘူးပါ၊ သင်မင်းသား၏ တန်ခိုး အာနုဘော်ကြောင့် ကျွန်ုပ်သည် သင်မင်းသားအပေါ်၌ များစွာ ချစ်ခင်မြတ်နိုးပါ၏၊ သို့ပါ၍ ကျွန်ုပ်၏ တိုင်းနိုင်ငံတခုလုံးကို သင့်အား ပေးအပ်ပါ၏၊ သင်မင်းသားသည် ကျွန်ုပ်၏ နိုင်ငံကို လက်ခံ ယူပါလော့ဟု ပြောဆိုလေ၏။

ထိုအခါ ဘုရားလောင်းသည် မြတ်သောမင်းကြီး သင် ပြောသော စကားသည် အကယ်၍ မှန်ပါလျှင် သင်သည် ကျွန်ုပ်အတူ လိုက်ခဲ့ပါလော့၊ ကျွန်ုပ်တို့ နှစ်ဦးသည် ကျွန်ုပ်၏မယ်တော် ခမည်းတော် တို့အား ဖူးခိုးကန်တော့ရန် သွားကြပါကုန်အံ့ဟု ပြောလေရာ သီဟိုဠ်မင်းသည် "ကောင်းပါပြီ အရှင်မင်းသား သို့သော်လည်း သွားရေးလာရေး ကိစ္စအဝဝကို စီစဉ်ရန် အနည်းငယ်မျှ ဆိုင်းငံ့ပါလော့"ဟု ပြောဆိုပြီးလျှင် ဘုရားလောင်းသည်လည်း သဘောတူ ခွင့်ပြုလေ၏၊ သီဟိုဠ်မင်းသည် ဝတ်စား

တန်ဆာများ ဆင်ယင်ထားသော အမျိုးသမီးတထောင် အခြံအရံ ရှိသော လှပတင့်တယ်သော အပျိုကညာ ဆဲ့ရှစ်ဦးတို့ကိုရင်း, အဖိုးအနဂ္ဃထိုက်တန်သော ပူဇော်ဘွယ် ဘဏ္ဍာအမျိုးမျိုးတို့ကိုရင်း ယူဆောင်၍ ဘုရားလောင်းအား ဆက်သ ပေးအပ်လေ၏၊ ထိုအမျိုးသမီး အပျိုကညာတို့သည် ဘုရားလောင်းအား နေ့ညမပြတ် ဖျော်ဖြေကြကုန်၏၊ ထိုနောက် သီဟိုဠ်မင်းသည် မိမိ၏ သေနဂုတ်အမတ်ကိုခေါ်၍ အို အမတ်ကြီး သင်သည် ကျွန်ုပ်၏ အမိန့်ဖြင့် စစ်သည်အားလုံးတို့ကို ဆင့်ခေါ်ပါလော့၊ သင်အမတ်ကြီးနှင့်တကွ စစ်သည်ဗိုလ်ပါ အားလုံးတို့သည် ကျွန်ုပ်နှင့်အတူ ဗာရာဏသီမြို့သို့ သုဝဏ္ဏမင်းသားနှင့် လိုက်ပါသွားကြပါကုန်အံ့ဟု မိန့်ဆိုလျက် မိမိစစ်သည်တို့ကို စီမံလိုရကား--

၃၁-၄၂။ အို မှူးမတ် အပေါင်းတို့ အမျိုးမျိုးသော အဆင်းတန်ဆာတို့ကို ဝတ်ရုံ ဆင်မြန်း ထားကြကုန်သော ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်စစ်တပ် အားလုံး တို့သည်ရင်း, အမျိုးမျိုးသော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားကြ ကုန်သော မြို့သူမြို့သား ရွာသူရွာသား ပုဏ္ဏားပုရောဟိတ် အားလုံးတို့သည်ရင်း၊ ရဲစွမ်းသတ္တိ ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံကုန်သော အမျိုးမျိုးသော စစ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားကြသော တသောင်းသော စစ်သည်အပေါင်းတို့သည်ရင်း စစ်ဝတ်တန်ဆာ အမျိုးမျိုးကို ဝတ်ဆင်၍ နီညိုရွှေဝါ သင်းကျစ်တို့ကို ဝတ်ဆင် ထားကြသော စစ်သူရဲအပေါင်း တို့သည်ရင်း နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် ငါ၏ထံမှောက်သို့ လာရောက် ကြပါကုန်လော့၊ ထို့ပြင် စစ်သည်တော်ဆင် တသောင်းတို့အား ဆင်ကုန်းနှီး ကကြိုးတန်ဆာ စသည်တို့ကို ဆင်ယင်စေ၍ ဆင်စီးသူရဲတို့ အားလည်း မိုန်း ချွန်း စသည်တို့ကို လက်ဆွဲစေကာ လုံ့ ချပ်ဝတ်တန်ဆာ ဝတ်ဆင်စေပြီးလျှင် ဆင်ပေါ်တွင် အသင့်စီးနင်း ကြကုန်လျက်ရင်း၊ စစ်မြင်းတသောင်းတို့အား မြင်းကုန်းနှီး မြင်းကကြိုး တန်ဆာ စသည်တို့ကို ဆင်ယင်စေ၍ မြင်းစီးသူရဲ တို့အားလည်း ချပ်ဝတ်တန်ဆာများ ဝတ်ဆင်စေပြီးလျှင် မြင်းပေါ်တွင် အသင့်စီးကြကုန်လျက်ရင်း၊ မင်္ဂလာရှိသော

မြင်းများဖြင့် ကောင်းစွာ တပ်ဆင်ထားအပ်သော မြင်းရထား ကသောင်းတို့အား အကွပ်, ပုံတောင်း စသည်တို့၌ တန်ဆာများ ဆင်ယင်ပြီးလျှင် ရထားစီး သူ့ရဲတို့အားလည်း စစ်ဝတ်တန်ဆာ များ ဝတ်ဆင်စေ၍ ရထားထက်၌ အသင့်ဖြစ်စေလျက်ငင်း၊ စစ် ဝတ်တန်ဆာ အမျိုးမျိုး,သင်းကျစ်အမျိုးမျိုးကို ဆောင်းကုန်သော ခြေလျင် စစ်သည်တော် တသိန်းတို့အား လက်နက်ကိုယ်စီ ကိုင်စွဲ စေလျက်ငင်း နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် ငါ၏ထံ မှောက်သို့ အရောက် လာရောက်စေကြ ပါကုန်လော့ဟု စစ်တပ် များကို စီစဉ်စေလေ၏။

## သီဟိုဠ်မင်းသည် ဘုရားလောင်းနှင့်အတူ ဗာရာဏသီသို့

သီဟိုဠ်ဘုရင်သည် ယင်းသို့လျှင် စစ်သည်ဗိုလ်ပါများကိုစီစဉ်လျက် တလ ကြာမျှ သွားလာရေးအတွက် စီမံပြီးနောက် အားလုံးအဆင်သင့် ဖြစ်သော အခါ ဘုရားလောင်း သုဝဏ္ဏကုမာရမင်းအား အကြောင်းကြားလေ၏၊ ထို အခါ ဘုရားလောင်းသည် စစ်သည်ပေါင်းများစွာ ခြံရံလျက် မင်္ဂလာဆင်ဖြူ တော်ကို တက်စီးပြီးလျှင် မိမိတပ်စခန်းချရာနေရာမှ ထွက်ကြွတော်မူလေ၏၊ သီဟိုဠ်ဘုရင် ဘဒ္ဒေသုရသည်လည်း စစ်သည်များခြံရံလျက် ဘုရားလောင်း နှင့် အတူ လိုက်ပါလေ၏၊ ဘုရားလောင်းမင်းသားနှင့် သီဟိုဠ်ဘုရင် မင်း နှစ်ပါးတို့သည် စစ်သည်တော် ဗိုလ်ပါများခြံရံ၍ ထွက်ခွါလာရာ မဟာ သမုဒ္ဒရာဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေ၏၊ သမုဒ္ဒရာဆိပ်ကမ်းတွင် ပင်လယ် ကဖက်ကမ်းသိုမကူးကြသေးဘဲ သင့်လျော်ကောင်းမြတ်သော မြေအရပ်၌ ခုနစ်ရက်မျှ အပန်းဖြေ နားနေကြကုန်၏၊ ထို့နောက် ဘုရားလောင်းသည် ကောင်းသောနက္ခတ်နှင့်ယှဉ်သည့် မင်္ဂလာနေ့ကောင်းရက်မြတ်တွင် အခြံအရံ များနှင့်အတူ လှေပေါ်သို့တက်၍ လှေ၏အလယ်တွင် ဆန်းကြယ်စွာပြုလုပ် စီမံထားသော ရတနာပြာသာဒ်ထက်၌ နေတော်မူ၏၊ ထိုအခိုက်တွင် သီဟိုဠ် ဘုရင်သည် မိမိ၏ စစ်သည်တော်များအား အမိန့်ပေးလျက် လှေကြီးပေါ် သို့ တက်ရောက်ကြကုန်၏၊ ဘုရားလောင်း၏ တန်ခိုးအာနုဘော်ကြောင့် သမုဒ္ဒရာစောင့် နတ်များနှင့် နဂါးတို့သည် လှူ့အသွင်ဖန်ဆင်းလျက် လှေ

ကြီးများကို မြစ်လယ်သို့ ဆောင်ယူသွားကြကုန်၏၊ နတ်နဂါးတို့သည် နတ်သုဒ္ဓါခဲဘွယ်ဘောဇဉ်တို့ကို ယူဆောင်ကြကုန်လျက် လူအပေါင်းတို့အား နေ့ညဉ့်မပြတ် ကျွေးမွေးပေးကမ်းကြကုန်၏။

စစ်သည်ဗိုလ်ပါ များနှင့်တကွ အခြံအရံအားလုံးတို့သည် လှေကြီးများပေါ်တွင် စီးနင်းလိုက်ပါကြလျက် နတ်ဘောဇဉ်အမျိုးမျိုးတို့ကို စားသုံးကြ၍ နတ်ပန်းနံ့သာတို့ကို ဆင်ယင်ကြပြီးလျှင် တီးကြမှုတ်ကြ သီချင်းဆိုကြ လေချွန်ကြ ပျော်မြူးကြလျက် သွားကြကုန်၏၊ ဘုရားလောင်း၏ ဘုန်းတန်ခိုးကြောင့် သမုဒ္ဒရာအလယ်၌ သွားသူအားလုံးတို့အား ဆင်းရဲဒုက္ခဘေးအန္တရာယ် တစုံတရာမျှဖြစ်ပေါ်ခြင်းမရှိပေ၊ ယင်းသို့ သမုဒ္ဒရာအလယ်၌ ၇ ရက်မျှ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားလျက်သွားကြရာ ခုနစ်ရက်လွန်မြောက်သောအခါ သမုဒ္ဒရာတဖက်ကမ်းသို့ ဆိုက်ရောက်ကြကုန်၏၊ သမုဒ္ဒရာတဖက်ကမ်း (ဗာရာဏသီမြို့ဘက်) သို့ဆိုက်ရောက်သောအခါ ဘုရားလောင်းသည် မယ်တော်ခမည်းတော်တို့ထံ တမန်စေလွှတ်၍ မိမိလာရောက်ကြောင်းကို အကြောင်းကြားစေလေ၏။

ဘုရားလောင်း၏ မယ်တော်ခမည်းတော်တို့သည် ဗာရာဏသီမြို့တော်ကို တင့်တယ်သပ်ယပ်စွာတန်ဆာဆင်စေပြီးလျှင် ငှက်ပျောရွက် ကြံရွက် တန်ခွန်ကုက္ကားတို့ကို လမ်းတလျှောက်၌ ဆင်ယင်စေလျက် လက်ဆောင် ပဏ္ဏာပစ္စည်းအမျိုးမျိုးတို့ကို ယူဆောင်၍ အခြွေအရံများနှင့်အတူ သွားရောက်၍ သားတော်အား ခရီးဦးကြိုဆိုလျက် ဗာရာဏသီမြို့သို့ ခေါ်ဆောင်သွားကြကုန်၏၊ ဘုရားလောင်းသည် ခမည်းတော်မယ်တော်တို့အား ရွှေငွေရတနာလက်ဆောင်ပဏ္ဏာအမျိုးမျိုးတို့ကို ဆက်သပေးအပ်ပြီးလျှင် စစ်သည်များစွာနှင့်တကွသော သီဟိုဠ်ဘုရင်အားလည်း မယ်တော်ခမည်းတော်တို့၏ ခြေတော် အစုံကို ခိုလှုံညွတ်လျှိုး၍ ရှိခိုးစေလေ၏၊ ထိုအခါ မယ်တော်ခမည်းတော်တို့သည် လွန်စွာနှစ်သက်ကြည်နူး အထူးဝမ်းမြောက်ကြလျက် သားတော် ဘုရားလောင်းအား ဆုပေးလိုရကား—

၄၃။ ချစ်စွာသောသားတော် သင်သည် ကျန်းမာရွှင်ပျော်သက်တော်ရှည်ပါစေ၊ မိဘများနှင့်ရင်း၊ အခြားချစ်ခင် နှစ်သက်အပ်သော ပစ္စည်း

ဝတ္ထုတို့နှင့်ရင်း ကွဲကွာခြင်းမရှိဘဲ အမြဲတူကွ ချမ်းမြပျော်ရွှင်စွာ နေရပါစေ၊ လပြည့်ညလဝန်းသည် ပြည့်ဖြိုးထွန်းပသကဲ့သို့ သင်သားယော်၏ အကြံအစည် ဟူသမျှသည်လည်း မကြာမတင် အလျင်အမြန် အောင်မြင်ပြီး မြောက်ပါစေသတည်းဟု ဆုမွန်ကောင်းများ ပေးကြပြီးနောက် ခမည်းတော်မယ်တော်တို့သည် ဗာရာဏသီတမြို့လုံးကို သုဝဏ္ဏမင်းသားအား အပ်နှင်းကြကုန်၏၊ ဇမ္ဗူတခွင် မြေအပြင်၌ ရှိကြကုန်သောမင်းအားလုံး တို့သည် ဘုရားလောင်း၏ ဘုန်းတန်ခိုးအာနုဘော် ကြီးမားကြောင်း သတင်းကို ကြားသိကြကုန်သဖြင့် ကြောက်ရွံ့ ထိတ်လန့်ကြကုန်လျက် စစ်သည်ဗိုလ်ပါများ ခြံရံ၍ လက်ဆောင်ပဏ္ဏာအမျိုးမျိုးတို့ကို ယူဆောင်ကာ ဗာရာဏသီပြည်သို့ လာရောက်ပေးဆက်ကြကုန်၏။

ထိုအခါ တနေ့သ၌ မင်းအားလုံးတို့သည် ဘုရားလောင်းထံ ခြံရံချဉ်းကပ်ကြကုန်လျက် ဘုရားလောင်းအား မင်းတကာတို့ထက် မွန်မြတ်သောမင်းအဖြစ်ရင်း, သိကြား နတ်မင်းအဖြစ်ရင်း အညီအညွတ် အသိအမှတ်ပြု တင်မြှောက်ကြ၍ ရိုသေစွာဆည်းကပ် ရှိခိုးကြကုန်၏၊ ဘုရားလောင်းသည် မင်းများအားလုံး စစ်သည်ဗိုလ်ပါအားလုံးနှင့် ဆင် မြင်း ကျွဲ နွား အားလုံးတို့အားရင်း ထမင်းအဖျော်စသည်တို့ကို လိုအပ်သည်မရှိစေရန် ကျွေးမွေးပြုစုလေ၏၊ ထိုအခါ၌ ၁၂-ယူဇနာမျှ ကျယ်ဝန်းသော ဗာရာဏသီမြို့သည် လူနတ်တို့၏ သီဆိုတီးမှုတ်ကခုန်သံတို့ဖြင့်အလွန်တရာ စည်ကားလျက်ရှိသေ၏၊ ဘုရားလောင်း၏ ဘုန်းတန်ခိုးကြောင့် ဤမျှများပြားသော ပရိသတ်တို့အား မကျေမနပ်ဖြစ်မှု ငြင်းခုန်ခိုက်ရန်ဖြစ်မှုနှင့် အနာရောဂါဖြစ်မှု စသည် တစုံတခုမျှဖြစ်ပေါ်ခြင်း မရှိပေ၊ တနေ့သ၌ စစ်သည်ဗိုလ်ပါများစွာတို့နှင့် အတူတကွ မင်းအများတို့သည် တရားဆုံးဖြတ်ရာနေရာ၌ စုရုံးကြလျက် တရားဆုံးဖြတ်ရာပလ္လင်ထက်၌ နေသော ဘုရားလောင်းအားရှိခိုးကြကုန်ပြီးလျှင်—

၄၅-၄၇။ အရှင်မင်းသား ကျွန်ုပ်တို့သည် သင်မင်းသားအား နတ်တို့ကို အစိုးရသော သိကြားမင်းကဲ့သို့ မှတ်ထင်ကြပါကုန်၏၊ သင်မင်းသားသည်နတ်ပြည်သို့ သွားရောက်ပါလျှင် ကျွန်ုပ်တို့အား ခေါ်

ဆောင်သွားပါလော့၊ သင်မင်းသား၏ တန်ခိုး အာနုဘော်သည်
ကား သိကြားမင်း၏ တန်ခိုးအာနုဘော်ကဲ့သို့ပင် ဖြစ်ပါ၏ ဇမ္ဗူ
တခွင်မြေအပြင်၌ သင်မင်းသားကဲ့သို့ ဘုန်းတန်ခိုး အာနုဘော်
ကြီးသော ပုဂ္ဂိုလ်မရှိပါ

ဟု ပြောဆိုချီးမွမ်းကြကုန်လျက်—

၄၇။ အရှင်မင်းသား နေမင်း၏ အလင်းရောင်သည် အမိုက်မှောင်ကို
ပယ်ဖျောက်လျက် အလင်းရောင်ကို ရောက်စေသကဲ့သို့ အသင်မင်း
သားသည်လည်း မင်းအပေါင်းတို့ကို အောင်မြင်လျက် ဤကဲ့သို့
ဘုန်းတန်ခိုး ကြီးမားခြင်းသို့ ရောက်ခြင်းမှာ အဘယ်ကောင်းမှု
အဘယ်ကုသိုလ်ကို ပြုလုပ်ခဲ့သဖြင့် ရရှိခြင်းဖြစ်ပါသနည်းဟု မေး
မြန်းလျှောက်ထားကြကုန်၏။

## ဘုရားလောင်း၏ မွန်မြတ်သော တရားစကား

ထိုအခါ ဘုရားလောင်းသည် မိမိ၏ ဇာတိဿရဉာဏ် (ရှေးဘဝကပြုခဲ့
သည်တို့ကို ပြန်လည်သိရှိ သတိရသောဉာဏ်)ဖြင့် မိမိ၏ ရှေးကပြုခဲ့သော
ကုသိုလ်ကောင်းမှုတို့ကို မင်းအပေါင်းနှင့် စစ်သည်ဗိုလ်ပါ အများတို့အား
ပြောကြားလိုရကား—

၄၈-၅၀။ အို မင်းအမတ်နှင့် စစ်သည်အပေါင်းတို့ ကျွန်ုပ်သည် ဤကဲ့သို့
အဆင်းလှခြင်း ခွန်အားကြီးခြင်း ဘုန်းတန်ခိုးအာနုဘော် ကြီး
ခြင်းဟု ဆိုအပ်သော အကျိုးကျေးဇူးတို့ကို ခံစားရခြင်းမှာ ကျွန်ုပ်
သည် ရှေးဘဝက ၁-အမိအဖဆရာသမား သက်ကြီးသူတို့၏စကား
ကို ရိုသေစွာ နာယူမှတ်သား လိုက်နာခဲ့ခြင်း၊ ၂-ငယ်ရွယ်သူ မိမိ
အောက် နိမ့်ကျသူတို့ကို ယဉ်ကျေးစွာ ပြုမူဆက်ဆံခဲ့ခြင်း၊ ၃- သူ့
အသက်သတ်ခြင်းစသော ကံငါးပါး (ရန်ငါးပါး)တို့ကို မပြုလုပ်
ဘဲ ရှောင်ကြဉ်ခဲ့ခြင်း၊ ၄-ဣဿာမှု, မနာလိုဝန်တိုမှု အမျက်ထွက်မှု
တို့မရှိခဲ့ခြင်းဟူသော ဤအကျင့်အကြံကောင်းတို့ကို ပြုလုပ်ခဲ့သော
ကြောင့် ယခုအခါ ဤကဲ့သို့သော ချမ်းသာစည်းစိမ်တို့ကို ရရှိခံ
စားရခြင်း ဖြစ်ပါသည်—

ဟု ဖြေကြားပြီးနောက် ဆက်လက်၍—

၅၁-၅၅။ မင်းမှူးမတ်နှင့် စစ်သည်အပေါင်းတို့သင်တို့သည် ဤမျက်မှောက်ဘဝ၌ ရန်အမျိုးမျိုးကို အောင်မြင်၍ အသက်ရှည်ရှည်နေရလျက် နောက်ဘဝ၌လည်း ချမ်းသာအမျိုးမျိုးတို့နှင့် တွေ့ကြုံခံစား လိုပါလျှင် ၁- သူ့အသက်ကိုသတ်ခြင်း၊ သူတပါးဥစ္စာကို ခိုးယူခြင်း၊ ၃- သူတပါးသားမယားတို့၌ ပြစ်မှားလွန်ကျူးခြင်း၊ ၄- သူတပါးအကျိုး ပျက်စီးအောင် မဟုတ်မမှန်ပြောခြင်း၊ ၅- အရက်သေစာသောက်စားခြင်း တို့ကို အမြဲမပြတ်ရှောင်ကြဉ်ရမည်။

ထို့ပြင်အမျက်ထွက်ခြင်း၊ ခက်ထန်ကြမ်းကြုတ်ခြင်း၊ မနာလိုဝန်တိုခြင်း ငြူစူခြင်း၊ မှားယွင်းသော အယူကို ယူခြင်းတို့ကို ရှောင်ကြဉ်ကြရမည်။ မိမိတို့ပြုလုပ်သော အမှုကိစ္စများသည်ကောင်းသော အမှုဖြစ်သည် သို့မဟုတ် မကောင်းသော အမှုဖြစ်သည်ဟု ဆင်ခြင်စဉ်းစားလျက် မကောင်းမှုကို ရှောင်ကြဉ်၍ ကောင်းမှုကိုသာ ပြုလုပ်ပါလျှင် အခြံအရံများခြင်း၊ ကျော်စောခြင်း၊ ဥစ္စာ ရွှေ ငွေ ရတနာတို့ ပေါများခြင်း အကျိုးတရားတို့ကိုရရှိ ခံစားရပါလိမ့်မည်ဟု ဆုံးမဩဝါဒပေးလေ၏။

ဘုရားလောင်း၏ တရားစကားကို ကြားသောအခါ ပရိသတ်နှင့်တကွ အားလုံးသော မင်းအပေါင်းတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သော စိတ်နှလုံးရှိကြကုန်လျက်—

၅၆။ အသင်မင်းသား အရှင်၏ ဆုံးမညွှန်ကြားသောတရားစကားသည် ကောင်းမွန်လှပါ၏၊ သင်မင်းသားသည် ကျွန်ုပ်တို့၏ အရှင်သခင်ဖြစ်ပါ၏၊ ကျွန်ုပ်တို့ကို ကောင်းရာသုဂတိသို့ ရောက်စေပါ၏ ဟု ပြောဆိုကြကုန်၏။

ထိုနောက် ဘုရားလောင်းသည် ပရိသတ်နှင့်တကွ မင်းအပေါင်းအား ဆုံးမဩဝါဒပေးပြီးလျှင် ထိုမင်းအားလုံးတို့ကိုရင်း၊ သီဟိုဠ်ဘုရင် ဘဋ္ဋောသုရကိုရင်း၊ မိမိတို့ စစ်သည် ဗိုလ်ပါများနှင့်အတူ မိမိတို့နိုင်ငံ အသီးသီးသို့

ပြန်လွှတ်လိုက်လေ၏၊ ထိုအခါ ပရိသတ်နှင့်တကွသော မင်းအပေါင်းတို့သည် လွန်စွာနှစ်သက် ဝမ်းမြောက်ကြကုန်လျက် ဘုရားလောင်းအား ချီးမွမ်း စကားကို အချင်းချင်း ပြောကြားလိုရကား—

၅၇။ အို မင်းအပေါင်းတို့ သူတော်ကောင်းနှင့် ပေါင်းဖော်ရသဖြင့် ငါတို့ရရှိသောလူ့ဘဝသည် မှန်မြတ်လှပါ၏၊ ငါတို့၏ အသက်ရှင် ခြင်းသည် အချည်းနှီးမဖြစ်ပါ၊အကျိုးရှိပါ၏၊ဘုရားလောင်း၏ဘုန်း တန်ခိုးကြောင့် ငါတို့အားလုံးသည် အရာရာကို အောင်မြင်ကြပါ လိမ့်မည် ဟု အချင်းချင်း ပြောဆိုကြကုန်၏။

ထိုနောက် မင်းအပေါင်းတို့သည် စစ်သည်များကို ခေါ်ဆောင်၍ မိမိ တို့၏ တိုင်းနိုင်ငံအသီးသီးသို့ ထွက်ခွါသွားကြကုန်၏၊ ထိုနောက် မင်း အပေါင်းတို့သည် နှစ်စဉ်နှစ်တိုင်း လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကို ယူ ဆောင်၍ ဘုရားလောင်းအား ပူဇော်ကန်တော့ကြပြီးလျှင် ဘုရားလောင်း၏ အဆုံးအမဩဝါဒကို ခံယူကြကုန်၏၊ ထို့နောက် တုတ်၊ ဒါး၊ လက်နက် မဆောင်ဘဲ ဇမ္ဗူဒိပ် တကျွန်းလုံး၌ရှိသော တိုင်းပြည်တို့ကို အုပ်ချုပ်စောင့် ရှောက်တော်မူ၏၊ ဗာရာဏသီမြို့တွင်လည်း မြို့တံခါး လေးဘက်လေးတန် တို့၌၎င်း မြို့အလယ်၌၎င်း၊ နန်းတော်တံခါးအနီး၌၎င်း၊ အလှူ မဏ္ဍပ် ဇရပ် ခြောက်ဆောင်တို့ကို ဆောက်လုပ်စေ၏၊ နေ့စဉ်နေ့တိုင်း ခြောက်သိန်းသော အသပြာငွေကို စွန့်လွှတ်လျက် အလှူမဏ္ဍပ်ဇရပ်သို့ ရောက်လာသမျှသော လူအပေါင်းတို့အား အလှူဝတ္ထုအမျိုးမျိုးတို့ကို ပေးလှူ၏၊ ထိုအခါ ဘုရား အလောင်းသည် နံနက်တကြိမ် ညနေတကြိမ် မှူးမတ်စသော လူအပေါင်း တို့ကို ဆုံးမဩဝါဒပေးလျက် အို မှူးမတ်အပေါင်းတို့ သင်တို့သည် အလှူ ဒါနကို ပေးလှူကြကုန်လော့၊ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို စောင့်သုံးကြ ကုန်လော့ဟု ဩဝါဒပေးတော်မူ၏၊ ထိုအခါမှစ၍ ဘုရားအလောင်းသည် ဗာရာဏသီမြို့၌ မင်းစည်းစိမ်ချမ်းသာကို ခံစားလျက် အသက်ရှည်သမျှ နေ ပြီးနောက် စုတေသောအခါ နတ်ပြည်၌ဖြစ်လေ၏၊ ဘုရားလောင်း၏ ဆုံးမ ဩဝါဒအတိုင်း လိုက်နာပြုလုပ်ကြကုန်သော လူအပေါင်းတို့သည်လည်း လူ့ပြည်မှ စုတေသောအခါ နတ်ပြည်တို့၌ ဖြစ်ကြကုန်၏။

**ဇာတ်တော်ပေါင်းခဏ်း**

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းလိုရကား—

၅၈။ ထိုအခါ သိကြားမင်းသည် အရှင်အနုရုဒ္ဓါ၊ ဖခင်သည် သုဒ္ဓေါ ဓန၊ မယ်တော်သည် မဟာမာယာ၊ ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်တို့ဖြစ်လျက် သုဝဏ္ဏကုမာရမင်းသားသည်ကား ယခုအခါ ငါဘုရား ဖြစ်တော်မူ၏ ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဆယ်ခုမြောက် သုဝဏ္ဏကုမာရဇာတ် ပြီး၏။

---

# ၁-မြဟ္မကုမာရဇာတ်

**[ခြုံနွယ်ဆူးခက် မြက်သစ်ရွက်တို့ဖြင့် ဖုံးအုပ်နေသောစေတီ ဟောင်းကို သုတ်သင် ရှင်းလင်း၍ ဆီမီးပူဇော်သော ကြောင့် စည်းစိမ်ချမ်းသာ များစွာရရှိခံစားရသော မြဟ္မ ကုမာရမင်းသားဝတ္ထု]**

မြတ်စွာဘုရားသည် ဣမိနာ ပုညကမ္မေန ဒအစရှိသော တရားဒေသ နာတော်ကို ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မိမိ၏ရှေးက ပြုခဲ့သော ကုသိုလ်ကောင်းမှုကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ဆို ဦးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ မဏ္ဍပ်သဘင်၌ စုဝေး ကြကုန်လျက် "ငါ့ရှင်တို့ အံ့သြဘွယ်ရှိပါပေစွ ငါတို့၏မြတ်စွာဘုရားသည် ဘုန်းတန်ခိုးအာနုဘော် ကြီး၏ မိမိ၏ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် လောကဓာတ်တခုလုံးကို ပျံ့နှံ့လွှမ်းမိုးခြင်းငှါ စွမ်းနိုင်၏၊ ထိုမြတ်စွာဘုရား သည် ရှေးအခါက အဘယ်သို့သော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့သဖြင့် နတ်လူတို့ထက် လွန်ကဲမြတ်သော ရောင်ခြည်တော်ခြောက်သွယ်တို့နှင့် ပြည့် စုံရခြင်းဖြစ်ပါသနည်း"ဟု အချင်းချင်းပြောဆိုနေကြကုန်၏၊ထိုအခါ မြတ် စွာဘုရားသည် မိမိ၏ ဂန္ဓကုဋီကျောင်းတော်၌နေတော်မူလျက် ဒိဗ္ဗသောတ

အဘိညာဉ်ဖြင့် တိုရဟန်းတို့၏ စကားကို ကြားသိတော်မူသောကြောင့် တရားစည်းဝေးရာ မဏ္ဍပ်သဘင်သို့ ကြွရောက်တော်မူ၍ မြတ်သောဘုရား၏ နေရာ၌ ထိုင်တော်မူပြီးလျှင်— "ရဟန်းတို့ ယခု ငါဘုရားကြွလာတော်မူ သောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုနေကြပါကုန်သနည်း" ဟု မေးတော်မူရာ "ဤမည်သောစကားကို ပြောဆိုနေကြပါသည်"ဟု ရဟန်းတော်များက ပြန်ကြားလျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ငါဘုရားသည် ယခု သဗ္ဗညုမြတ် စွာဘုရား ဖြစ်တော်မူသောအခါ၌သာ ဤကဲ့သို့သော ရောင်ခြည်တော် ခြောက်သွယ်နှင့် ပြည့်စုံ၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိသည် မဟုတ်သေး၊ ရှေးအခါက သံသရာ၌ ကျင်လည်စဉ် အလောင်းတော်ဘဝ ဖြစ်စဉ်ကလည်း တောအလယ်၌တည်ရှိသော ခြုံနွယ် ဆူးခက် မြက် သစ်ရွက် တို့ဖြင့် ဖုံးအုပ်နေသော စေတီဟောင်းတဆူကို သုတ်သင်ရှင်းလင်း၍ ဆီမီး ပူဇော်ခြင်းကို ပြုခဲ့သောကြောင့် အမျိုးမျိုးသော စည်းစိမ်ချမ်းသာတို့ကို ခံစားခဲ့ရပြီးလျှင် ယခုဘုရားဖြစ်သောအခါ၌လည်း ယင်းကောင်းမှုကြောင့် ပင် ရောင်ခြည်ခြောက်ဖြာ ထိန်ဝါကွန့်မြူးလျက် ရွှေအဆင်းကဲ့သို့ ဝါဝင်း သော အဆင်းရှိခဲ့ခြင်းဖြစ်သည်" ဟု မိန့်တော်မူကာ ဆိတ်ဆိတ်နေတော်မူ ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် သူဆင်းရဲအမျိုး၌ဖြစ်လျက် ကရားနှင့်အညီ အသက်မွေးခြင်းကိုပြု၏၊ တနေ့သ၌ ဘုရားလောင်းသည် ပဲခွပ်ပုဆိန်တို့ကို ယူ၍ တောထဲသို့ သွားသောအခါ တောအလယ်၌ တည်ရှိသော ခြုံနွယ် ဆူးခက် မြက် သစ်ရွက်တို့ဖြင့် အုပ်နေသော စေတီဟောင်းတဆူကိုတွေ့၍ မိမိ၏ လုပ်ငန်းကိစ္စတို့ကို စွန့်လွှတ်လျက် ခြုံနွယ် ဆူးခက် မြက် သစ်ရွက် တို့ကို သုတ်သင်ရှင်းလင်းလေ၏၊ ထို့နောက် စေတီဟောင် မြေကြီးပြင်ကို အညီ အညွတ်ဖြစ်အောင် မြေများကိုညှိလျက် မြစ်မှ ခုမှ သဲများကိုယူလာ၍ စေတီ

ယင် မြေအပြင်၌ သဲများကို ခင်းလေ၏၊ ဘုရားလောင်းသည် တင့်တယ် သပ္ပါယ်သော စေတီတော်အား ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်လျက် စေတီကို လက်ျာရစ်ပတ်၍ ရှိခိုးပြီးလျှင်—

၁။ ဤကောင်းမှု ကုသိုလ်ကြောင့် တပည့်တော်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏၊ ဘုရားမဖြစ်မီ သံသရာ၌ ကျင်လည်ရသောအခါ သူဆင်းရဲအမျိုး၌ မည်သည့်အခါမျှ မဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းပတ္ထနာပြုလေ၏။

## စေတနာရှိလျှင် လှူဘွယ်ဝတ္ထုမရှား

ယင်းသို့ ဆုတောင်းပြီးနောက် ဘုရားလောင်းသည် ညနေချမ်းအချိန်ရောက်လတ်သော် ဗာရာဏသီမြို့သို့သွားလျက် ပုဆိုးတထည်ကိုရောင်း၍ ရသောငွေဖြင့် နှမ်းဆီ မုန်ညင်းဆီတို့ကို ဝယ်ယူပြီးလျှင် ဗာရာဏသီမြို့မှ တောထဲသို့ ပြန်လာလျက် စေတီ၏အရပ်ရှစ်မျက်နှာတို့၌ ဆီမီးတို့ကို ထွန်းညှိပူဇော်ကာ—

၂။ ဤဆီမီးပူဇော်ရသောကောင်းမှုကံစေတနာအကျိုးကြောင့် တပည့်တော်သည် နောင်အခါ၌ ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းပြီးလျှင် မိမိ၏ အပေါ်ရုံအဝတ်ပုဆိုးကို တမ်းခွန်ပြုလုပ်၍ စေတီအား လှူဒါန်းပူဇော်လျက်—

၃။ ဤတမ်းခွန်ကို လှူဒါန်းရသော ကောင်းမှုကြောင့် တပည့်တော်သည် နောင်အခါ လူ့ပြည် နတ်ပြည်တို့၌ ချမ်းသာကြွယ်ဝခြင်း အခြံအရံများခြင်း အကျိုးတို့ကို ရရှိခံစားရပါလို၏ဘုရားဟု ဆုတောင်းလေ၏။

ဘုရားလောင်းသည် ကုသိုလ်ပုညကုသလတို့၌ မပျင်းမရိ အမြဲမပြတ် တက်တက်ကြွကြွ ပြုလုပ်သောကြောင့် ပုညစိတ္တဟူသော အမည်ဖြင့် ကျော်စောထင်ရှားလေ၏၊ ထိုနောက် ဘုရားလောင်း ပုညစိတ္တသည် အသက်ထက်ဆုံးနေပြီးလျှင် စုတေသောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၄-၁၁။ ထိုအခါ ဘုရားလောင်း ပုညစိတ္တသည် လူ့ပြည်တွင် အသက်ထက်ဆုံး နေပြီးနောက် စုတေသောအခါ စေတီတော်ကို သုတ်သင်ရှင်းလင်းခဲ့သော ကောင်းမှုကြောင့် တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ နတ်ပြည်တွင် ပတ္တမြားပြာသာဒ် ပတ္တမြားပလ္လင်ထက်၌ နတ်စည်းစိမ်တို့ကို ခံစားလျက် နတ်သမီးတို့၏ သီဆိုတီးမှုတ် ကခုန်ခြင်းတို့ဖြင့် ဖျော်ဖြေခြင်းအရသာကို ကောင်းစွာခံစားလေ၏၊ ထိုဗိမာန်၌ အမျိုးမျိုးသော အပွင့်အသီးတို့နှင့် ပြည့်စုံသော ရေကန်ဥယျာဉ်တို့ဖြင့် တင့်တယ်လျက် နတ်သမီးအပေါင်း ခြံရံကာ ခံစားရလေ၏၊ နတ်သမီးတို့သည် အဆင်တန်ဆာ အမျိုးမျိုးတို့ကို ဝတ်စားဆင်ယင်လျက် ကာမဂုဏ်အမျိုးမျိုးတို့ဖြင့် ဖျော်ဖြေကြကုန်၏၊ ဤသို့လျှင် ဘုရားလောင်းပုညစိတ္တသည် နတ်ပြည်၌ နတ်စည်းစိမ်တို့ကို အသက်ထက်ဆုံး ခံစားလေ၏ ဟု မိန့်တော်မူ၏။

### အတိတ်ကံသည် အံ့မခန်းအကျိုးပေးပုံ

ထိုနောက် ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ ကိုယ်ဝန်ယူလေ၏၊ ဆယ်လလွန်မြောက်သောအခါ ဘုရားလောင်းအား ဖွားမြင်လေ၏၊ ဘုရားလောင်းမွေးဖွားသောအခါမှစ၍ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ရှိကြကုန်သော တရာ့တပါးသောမင်းတို့သည် မိမိတို့နိုင်ငံ၌ရှိသော လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကို ယူဆောင်လျက် ဗာရာဏသီမင်းထံ ဆက်သကြကုန်၏၊ ဘုရားလောင်းအား အမည်မှည့်သောအခါ ဗြဟ္မကုမာရဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏၊ ဗြဟ္မကုမာရမင်းသားသည် ဆဲ့ခြောက်နှစ်အရွယ်ရောက်သောအခါ ပညာရှိ၍ လူအပေါင်းတို့အား အကျိုးအကြောင်းကို ညွှန်ကြားပြသ ဆုံးမသြဝါဒပေးလေ့ရှိပေ၏၊ ဗြဟ္မဒတ်မင်းကြီးသည် သားတော်၏ ကြင်ယာတော်အတွက် အိမ်နီးချင်းတိုင်းပြည်တခုမှ မင်းသမီးတပါးကို ခေါ်ဆောင်လာ၏၊ ထိုမင်းသမီးသည် ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံ၏၊ အကျင့်သီလ, လူ့ကျင့်ဝတ်သိက္ခာတို့နှင့်လည်း ညီညွတ်ပြည့်ဝ၏၊ ထိုနောင် ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီမင်းစည်းစိမ်ကို သားတော်အား အပ်နှင်းလျက် မိမိသည်ကား အေးအေးစွာပင်နေလေ၏။

ထိုအခါဘုရားလောင်းသည် ဗာရာဏသီမြို့သူမြို့သားတို့အား တရားသဖြင့် မင်းပြုအုပ်ချုပ်လျက် လူအပေါင်းအား ဆုံမသြဝါဒပေးလိုရကား—

၁၂-၁၅။ အို လူများအပေါင်းတို့ သင်တို့သည် သူမိုက်တို့ကိုရှင်း သူယုတ်မာတို့ကိုရှင်း မမှီဝဲ မဆည်းကပ် မပေါင်းဖော်ကြပါကုန်လင့် သူမိုက်တို့ကို မှီဝဲဆည်းကပ် ပေါင်းဖော်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ကြပါကုန်လော့၊ သင်တို့သည် သူတော်ကောင်းတို့ကိုသာလျှင် မှီဝဲဆည်းကပ် ပေါင်းဖော်ခြင်းကို ပြုကြပါကုန်လော့၊ သူတော်ကောင်းတို့၏ တရားကိုသိမှသာလျှင် လူကောင်းလူမြတ် ဖြစ်နိုင်ပါ၏၊ အို လူအပေါင်းတို့ သူဆင်းရဲအမျိုး၌ ဖြစ်ရခြင်းသည် ယုတ်ညံ့ပါ၏၊ သူတပါးတို့အား အနိုင်အထက် နှိပ်စက်ညှဉ်းပန်းခြင်းသည် လူ့ပြည် ငရဲပြည်တို့၌ ဆင်းရဲဒုက္ခ တွေ့ကြုံရတတ်သည်ကို သင်တို့ ရှုမြင်ကြပါကုန်လော့ဟု ဆုံးမသြဝါဒ ပေးလေ၏။

ထိုအခါ ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေကြကုန်သော တရာ့တပါးသော မင်းတို့သည် မိမိတို့၏ တိုင်းပြည်နိုင်ငံတို့မှ လာရောက်၍ အမျိုးမျိုးသော ပူဇော်ဘွယ်တို့ဖြင့် ဗြဟ္မကုမာရမင်းသားအား အဘိသိက် သွန်းလောင်းကြကုန်၏၊ ထိုအကြောင်းကို ဘုရားရှင်မိန့်ကြားတော် မူသည်မှာကား—

၁၆-၁၈။ ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေကြကုန်သော တရာ့တပါးသော မင်းတို့သည် ပရိသတ်အခြံအရံများနှင့်အတူ ဗာရာဏသီမြို့သို့ လာရောက်ကြကုန်၍ ဗြဟ္မကုမာရမင်းသားအား ပူဇော်ဘွယ်အမျိုးမျိုးတို့ဖြင့် ပူဇော်ကြကုန်လျက် အဘိသိက် သွန်းလောင်းကြကုန်၏၊ ယင်းသို့ အဘိသိက်သွန်းခြင်းကို ခံယူပြီးနောက် ဗြဟ္မကုမာရမင်းသားသည် ရတနာရွှေငွေ အထွေထွေပေါများလျက် အခြံအရံများစွာတို့ဖြင့် တင့်တယ်စွာ မင်းစည်းစိမ်ကို ခံစားလေ၏၊ တရာ့တပါးသော မင်းတို့သည် တန်ဆာအမျိုးမျိုး ဆင်ယင်ထားသော အမျိုးသမီးကညာ အများကို ဗြဟ္မကုမာရမင်းသားအား အပ်နှင်းလေ၏။

ငှင်းပြင် ဗြဟ္မကုမာရမင်းသည် ဘုန်းတန်ခိုးအာနုဘော်ကြီးမား၏၊ ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံ၏၊ ရွှေခွက်ငွေခွက်တို့လည်း ပေါများ၏၊ ဆွေမျိုးအပေါင်းတို့အား ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်၏၊ ဤအကျိုးတရားတို့ကား တမ်းခွန်လှူဒါန်းခဲ့ခြင်း၏ အကျိုးတရားတို့ပေတည်း။ ငှင်းပြင် ဗြဟ္မကုမာရမင်းသည် ထက်မြက်သော ပညာရှိ၏၊ အကျိုးအကြောင်း အဆိုးအကောင်းတို့၌ တတ်သိလိမ္မာ၏၊ ရဲရင့်၏၊ တည်ကြည်၏၊ ဘေးရန်ကင်း၏၊ အနာရောဂါကင်း၏၊ ဆွေမျိုးတို့၏အလယ်၌ ကြယ်ပွင့်သဖွယ် တင့်တယ်တောက်ပ၏၊ ဤသည်တို့ကား ဆီမီးပူဇော်ခြင်း၏ အကျိုးပေတည်း လူအပေါင်းတို့သည် ဗြဟ္မကုမာရမင်းသား၏ နန်းတော်ယင်ပြင်၌ မြေများကိုညှိလျက် လမ်းတို့၌ သဲများကို ခင်းပေးကြကုန်၏၊ ဗြဟ္မကုမာရမင်းသည် ကောင်းမြတ်သော အစားအစာတို့ကို စားသုံးရ၏၊ ဤသည်တို့ကား စေတီကို ရှင်းလင်းသုတ်သင်ခဲ့ခြင်း၏ အကျိုးပေတည်း။ ထို့ကြောင့် ဤကဲ့သို့သော ချမ်းသာအမျိုးမျိုးတို့ကို အလိုရှိကြကုန်သော ပညာရှိ သူတော်ကောင်းတို့သည် ဘုရားပုထိုးစေတီတို့၌ သုတ်သင်ရှင်းလင်းလျက် ဆီမီးပူဇော်ခြင်းကို ပြုကြကုန်ရာ၏။

ဟု မိန့်ကြားတော် မူလေ၏။

ထိုနောက် ဘုရားလောင်းသည် စည်းစိမ်ဥစ္စာ အခြံအရံတို့ဖြင့် မင်းစည်းစိမ်ကို ခံစားလျက် ဗာရာဏသီ ပြည်သူပြည်သားတို့အား တရားနှင့်အညီ အုပ်ချုပ်တော်မူ၍ နေ့စဉ်နေ့တိုင်း လူအပေါင်းတို့အား အမျိုးမျိုးသော အလှူဝတ္ထုတို့ကို ပေးလှူ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်—

၃၉-၄၄။ ထိုအခါ ဗြဟ္မကုမာရမင်းသည် ကံ ကံ၏ အကျိုးကို ယုံကြည်လျက် အလှူကိုပေး၏၊ အလှူပေးခြင်းသည် တမလွန်ဘဝ၌ သတ္တဝါတို့၏ အားထားမှီခိုရာ ဖြစ်ပေ၏၊ ရွှေငွေရတနာတို့ကို လှူဒါန်းသော ပညာရှိ သူတော်ကောင်းသည် ချမ်းသာသုခကို ရနိုင်ပေ၏ ဟု ဟောတော်မူ၏။

ဤသို့လျှင် ဘုရားလောင်းသည် မိမိလှူဒါန်းခဲ့သော အလှူဒါနများကို အောက်မေ့ဆင်ခြင်လျက် နေ့စဉ်နေ့တိုင်း လူအပေါင်းတို့အား ဆုံးမဩဝါဒ ပေးလိုရကား—

၄၅-၄၆။ အို လူများအပေါင်းတို့ ငါသည်ရှေးအခါက အလှူဒါနကိုပြုခဲ့ သောကြောင့် ယခုအခါ စည်းစိမ်ချမ်းသာတို့ကို ခံစားရသည့် နည်းတူ သင်တို့သည်လည်း စည်းစိမ်ချမ်းသာကို ရရှိခံစားလိုကြ ပါလျှင် မမေ့မလျော့ကြဘဲ အလှူဒါနကို ပြုကြ၍ ကုန်လော့၊ မိမိ တို့တတ်နိုင်သမျှ အလှူဒါနပြုလုပ်ပါလျှင် လူ့ပြ နတ်ပြည်တို့၌ ချမ်းသာ အမျိုးမျိုးကို ရရှိခံစားနိုင်ပေ၏ဟု ဆုံး ဩဝါဒ ပေး လေ၏။

ထိုအခါမှစ၍ ဘုရားလောင်း၏ အဆုံးအမအတိုင်း လိုက်နာပြုကျင့်ကြ သောလူအပေါင်းတို့သည် ဒါနစသော ကောင်းမှုတို့ကို ပြုကြကုန်လျက် အသက်ထက်ဆုံး နေကြပြီးနောက် စုတေသောအခါ နတ်ပြည်အသီးသီး တို့၌ ဖြစ်ကြကုန်၏၊ ဘုရားလောင်းသည်လည်း မင်းစည်းစိမ်ကို ခံစားလျက် အလှူကောင်းမှုတို့ကို ပြုလုပ်ပြီးနောက် စုတေသောအခါ၌ တုသိတာနတ် ပြည်၌ ဖြစ်လေ၏။

ဤသို့လျှင် ဇေတဝန်ကျောင်းတော်၌ စုဝေးနေကြကုန်သော ရဟန်း တို့အား ဤတရားဒေသနာကို ဟောကြားတော်မူလျက် သစ္စာလေးပါးကို တဖန်ဟောကြားတော် မူလိုသော မြတ်စွာဘုရားလည်း ဤဂါထာများကို မိန့်တော်မူ၏။

၄၇-၄၈။ (၃-စန္ဒရာဇဝင် ၉-ပြဟ္မဃောသဇာတ်၌လာသော ၂-၃-ဂါထာ တို့နှင့် တူ၏။)

မြတ်စွာဘုရား၏ သစ္စာလေးပါး တရားဒေသနာအဆုံး၌ အချို့ရဟန်း တို့သည် သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာ အသီးသီးဖြစ် ကြကုန်၏၊ ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့ ငါ့ဘုရားသည် ရှေးအခါ သံသရာ၌ ကျင်လည်စဉ် ပုထုဇဉ်ဘဝက ...ခင်းမှုတို့ကို ပြုခဲ့သည်သာဖြစ်၏ဟု ဇာတ်တော်

၄၈။ ထိုအခါ သုဗြဟ္မမင်း၏ မယ်တော်သည် ယခုအခါ မဟာမာယာ၊ ခမည်းတော်ဗြဟ္မဒတ္တမင်းသည် သုဒ္ဓေါဒန၊ ဗြဟ္မကုမာရမင်း၏ကြင်ယာတော်ဒေဝီသည် ယခုအခါ ယသောဓရာ၊ အမှူးအမတ်စသော ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်များဖြစ်လာ၍ ဗြဟ္မကုမာရမင်းသည်ကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဗြဟ္မကုမာရဇာတ် ပြီး၏။

---

# ၂-သုစိတာပသဇာတ်

[နံ့ကောင်နှင့် လင်းတ တိရစ္ဆာန်နှစ်ကောင်၏ အမေးပြဿနာလေးရပ်ကို ရှင်းလင်းဖြေဆိုခဲ့သော သုစိတာပသ ရှင်ရသေ့၏ ဝတ္ထု]

မြတ်စွာဘုရားသည် သဗ္ဗဒါ သောဘတိ ပညာ အစရှိသော တရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိမိ၏ပညာ ကြီးမားမြင့်နှင့်ပတ်သက်၍ ချီးမွမ်းကြသည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဤ၌ ဆိုဦးအံ့၊ တနေ့သ၌ ကျီးတကောင်သည် အစာရှာရန် ပျံသန်းသွား၍ ဟိမဝန္တာတောသို့ ရောက်သောအခါ ကိုယ်ခန္ဓာကြီးမားသော တီကောင်ကြီးတကောင်ကိုတွေ့သဖြင့် ဤသတ္တဝါသည် ငါ၏အစာဖြစ်ချေပြီဟု ကြံစည်လျက် တီကောင်အနားသို့ သွားပြီးလျှင်—

(ကျီး) အို အဆွေတီကောင် သင့်ကို ကျွန်ုပ်စားရလိမ့်မည်။

(တီ) အို အဆွေကျီး သင်သည် ကျွန်ုပ်ကိုစားမည်ဟု ပြောသည်မှာ သင်သည် အဘယ်မျှ တတ်သိနားလည်ပါသနည်း။

(ကျီး) ကျွန်ုပ်သည် တတ်သိနားလည်ပါသည်။

(တီ) သင်သည် တတ်သိနားလည်သည်ဟု ဆိုပါလျှင် ကျွန်ုပ်သင့်အား မေးခွန်းလေးရပ်ကို မေးပါမည်၊ ဤမေးခွန်းလေးခုကို ဖြေနိုင်ပါလျှင်ကျွန်ုပ်

ကို အလိုရှိသလို စားပါလော့၊ အကယ်၍ မေးခွန်းလေးခုကို မဖြေနိုင်ဘဲ ကျွန်ုပ်ကို သင်စားပါလျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ခုနစ်ဖြာ ကွဲပါလတ့်။

(ကျီး) မေးသာမေးပါ ကျွန်ုပ်ဖြေပါအံ့။

(တီ) ပဌမမေးခွန်း- ကြီးမြတ်၏၊ အလွန်ကြီးမြတ်၏၊ ထိုအရာကား အဘယ်ပါနည်း။

(ကျီး) ပဌမမေးခွန်းအဖြေ- ကြီးမြတ်၏ အလွန်ကြီးမြတ်၏ ဟူသော သင့်မေးခွန်း၏ အဖြေကား နတ်ဖြစ်ပါ၏။

(တီ) သင်၏အဖြေမမှန်ပါ၊ ဒုတိယမေးခွန်းကို ဖြေဆိုဦးလော့၊ ဒုတိယ မေးခွန်း- လျင်မြန်၏၊ အလွန်လျင်မြန်၏ ထိုအရာကား အဘယ်ပါနည်း။

(ကျီး) လျင်မြန်၏ အလွန်လျင်မြန်၏ဟူသော ဒုတိယမေးခွန်းအဖြေကား မြင်းတို့၏အဟုန်သည် အလွန်လျင်မြန်ပါ၏။

(တီ) သင်၏အဖြေ မမှန်ပါ၊ တတိယမေးခွန်းကို ဖြေဆိုဦးလော့။ တတိယမေးခွန်း- ထက်မြက်၏ ဦးချိုကဲ့သို့ ထက်မြက်၏၊ ထိုအရာကား အဘယ်ပါနည်း။

(ကျီး) မြွေားတို့၏ထိပ်ဖျားသည် ထက်မြက်ပါ၏အလွန်ထက်မြက်ပါ၏။

(တီ) သင့်၏အဖြေ မမှန်ပါ၊ စတုတ္ထမေးခွန်းကို ဖြေပါဦးလော့၊ စတုတ္ထမေးခွန်း- ခွန်အားဗလရှိ၏၊ ကြီးမားသောစွမ်းအားဗလ ရှိ၏၊ ထိုအရာကား အဘယ်ပါနည်း။

(ကျီး) ဗိဿနိုးနတ်၏ အစွမ်းဗလ ဖြစ်ပါ၏။

(တီ) သင်၏အဖြေ မမှန်ပါ၊ သင်သည် ကျွန်ုပ်၏မေးခွန်းလေးခုတွင် တခုကိုမျှ မဖြေဆိုနိုင်ပါ၊ သို့ပါလျက် သင်သည် ကျွန်ုပ်ကိုစားပါလျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲပါလိမ့်မည်၊ ဤပြဿနာလေးရပ်ကို ဖြေဆိုနိုင်သူကား ဘုရားမှတပါး မရှိပါ၊ သင်သည် ကျွန်ုပ်ကိုစားလိုပါက ကျွန်ုပ်အား ဘုရားထံသို့ ခေါ်ဆောင်သွားပါလော့၊ မြတ်စွာဘုရားသည် ဤမေးခွန်းလေးရပ်ကို ဖြေဆိုပါလိမ့်မည်၊ ထို့နောက် သင်သည် ဘုရားရှင်၏ ရှေ့မှောက်၌ပင် ကျွန်ုပ်အား စားပါလော့။

(ကျီး) (တီကောင်ကို အလွန် စားလိုသောကြောင့် မြတ်စွာဘုရား၏ ရှေ့မှာပင် တီကောင်ကို စားမည်ဟူသော ရည်ရွယ်ချက်ဖြင့်) အို ကျီး ကျွန်ုပ်သည် ယခုပင် ဘုရားရှင်ထံ အမြန်ပျံသန်း သွားပါအံ့၊ သင်သည် ကျွန်ုပ်နှင့် အတူ ဘုရားရှင်ထံ လိုက်ပါနိုင်မည်လော။

(တီ) သင်သည် ကြိုးသဏ္ဌာန်နွယ်ကို ရှာလျက် နွယ်ကြိုးဖြင့် ကျွန်ုပ်၏ ကိုယ်တကော်ကို ချည်နှောင်၍ နွယ်ကြိုးအဖျားကို နှုတ်သီးဖြင့် ကိုက်လျက် ကောင်းကင်ခရီးဖြင့် ယူဆောင်၍ ဘုရားရှင်ထံ ကျွန်ုပ်အား ခေါ်ဆောင် ပါလော့။

တု တီကောင်က ဆိုသောအခါ ကျီးသည် တီကောင် ဆိုသည့်အတိုင်း ပြုလုပ်၍ ကောင်းကင်ခရီးဖြင့် တီကောင်ကို ယူဆောင် ပျံသန်းလေ၏၊ ထိုအချိန်၌ ဘုရားရှင်သည် လောကကို ကြည့်ရှု ဆင်ခြင်တော် မူလေရာ ထိုတိရစ္ဆာန် နှစ်ကောင်တို့၏ အခြင်းအရာကို မြင်တော်မူသဖြင့် ပြုံးတော် မူလေ၏၊ ထိုအခိုက်တွင် ရှင်အာနန္ဒာက ဘုရားရှင်အား ပြုံးတော်မူခြင်း အကြောင်းကို မေးတော်မူသောအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဤနေရာ၌ပင် ထူဆန်း အံ့ဩဘွယ်ကို သင်မြင်ပါလတ့် ခေတ္တမျှ ဆိုင်းငံ့ ပါလော့"ဟု ရှင်အာနန္ဒာအား မိန့်ကြားလေ၏။ ထိုခဏ၌ပင် ကျီးသည် နှုတ်သီးဖြင့် တီကောင်အား ချည်ထားသော နွယ်ကြိုးကို ကိုက်ချီလျက် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား ရှေ့မှောက်သို့ ရောက်လာ၍ တီကောင် အား ချည်ထားသောကြိုးကိုဖြေလျက် တိရစ္ဆာန် နှစ်ကောင်သည် ဘုရား ရှင်ထံ ချဉ်းကပ်၍—

### တီကောင်ပြဿနာလေးရပ်ကို ဘုရားရှင် ဖြေရှင်းတော်မူပုံ

(တီ) ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် သတ္တဝါ အားလုံးတို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူပါ၏၊ သတ္တဝါတို့ကို ရင် ဝယ်သား ကဲ့သို့ သနားကြင်နာတော် မူတတ်ပါ၏၊ တပည့်တော်တို့အား ချမ်းသာခြင်းကို ပေးသနားတော် မူပါဘုရားဟု လျှောက်ထား ပြီးလျှင် ဆက်လက်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤကျီးသည် တပည့် တော်အား စားလိုနေပါ၏၊ တပည့်တော်က သင်သည် ကျွန်ုပ်ကို စားလို

ပါလျှင် မေးခွန်းလေးခုကို ဖြေဆိုနိုင်မှ စားရမည်၊ မေးခွန်းလေးခုကို မဖြေဆိုနိုင်ဘဲ စားပါလျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မြွာ ကွဲပါလိမ့်မည်ဟုဆိုသဖြင့် မေးခွန်းလေးရပ်ကိုမေးရာ တခုမျှ မဖြေဆိုနိုင်ပါ၊ သို့ဖြစ်ပါ၍ ဤမေးခွန်း လေးရပ်ကို ဖြေဆိုဘို့အတွက် ဘုရားရှင်အား လျှောက်ထားရန် ဤကျီးကို ခေါ်ဆောင် လာပါသည်။

(မြတ်စွာဘုရား) ကျီးအား သင်မေးသော မေးခွန်းလေးရပ်နှင့် ကျီး ဖြေပုံတို့ကို လျှောက်တင်ပါလော့။

(တီ) ပဌမမေးခွန်း အဖြစ် ကြီးမြတ်၏ အလွန် ကြီးမြတ်၏ ထိုအရာ ကား အဘယ်ပါနည်းဟု မေးသောအခါ နတ် ဟု ကျီးက ဖြေပါ၏။

(မြတ်စွာဘုရား) အို ကျီး သင် ဤသို့ဖြေဆိုခဲ့ ပါသလော။

(ကျီး) မှန်ပါသည် ဘုရား။

(မြတ်စွာဘုရား) ဤပဌမ မေးခွန်း၏ အဖြေကား လောကထက် လွန် မြတ်သော လောကုတ္တရာတရား ဖြစ်ပေသည်။

(တီ) ထို့နောက် ဒုတိယမေးခွန်း အဖြစ် လျှင်မြန်၏ အလွန် လျှင် မြန်၏၊ ထိုအရာကား အဘယ်ပါနည်း ဟု ကျီးအား မေးသောအခါ ကျီးက မြင်းတို့၏ အဟုန်သည် အလွန်လျှင်မြန်၏ ဟု ဖြေဆိုပါသည်ဘုရား။

(မြတ်စွာဘုရား) အို ကျီး သင်ဤသို့ ဖြေခဲ့ပါသလား။

(ကျီး) မှန်ပါသည် ဘုရား။

(မြတ်စွာဘုရား) ဤဒုတိယ မေးခွန်း၏ အဖြေကား ဟဒယဝတ္ထုကို မှီ၍ ဖြစ်သောစိတ် ဖြစ်၏၊ စိတ်သည် အလွန် လျှင်မြန်၏၊ စိတ်ကူးကြံစည် လိုက်သည်နှင့် တပြိုင်နက် အဝေးသို့ ရောက်နိုင်၏။

(တီ) ထို့နောက် တတိယမေးခွန်း အဖြစ် ထက်မြက်၏ ဦးချိုကဲ့သို့ အလွန်ထက်မြက်၏၊ ထိုအရာကား အဘယ်ပါနည်းဟု ကျီးအား မေးသော အခါ ကျီးက မြွေးတို့၏ ထိပ်ဖျားသည် အလွန်ထက်မြက်ပါ၏ ဟု ဖြေဆို ပါ၏။

(မြတ်စွာဘုရား) အို ကျီး သင် ဤသို့ ဖြေခဲ့ပါသလော။

'(ကျီး) မှန်ပါသည် ဘုရား။

(မြတ်စွာဘုရား) တတိယ မေးခွန်း၏ အဖြေကား ရေ ဖြစ်သည်၊ ရေသည် အလွန်ထက်မြက်သော တန်ခိုးရှိသည်။

(တီ) ထို့နောက် စတုတ္ထမေးခွန်း အဖြစ် စွမ်းအားဗလ ရှိ၏၊ ကြီးမားသော စွမ်းအားဗလ ရှိ၏၊ ထိုအရာကား အဘယ်ပါနည်းဟု မေးရာ ဗိသဿနိုးနတ်၏ အစွမ်းဗလ ဖြစ်၏ဟု ကျီးက ဖြေပါ၏ဘုရား။

(မြတ်စွာဘုရား) အို ကျီး သင်ဤသို့ ဖြေခဲ့ပါသလော။

(ကျီး) မှန်ပါသည် ဘုရား။

(မြတ်စွာဘုရား) ဤစတုတ္ထ မေးခွန်း၏ အဖြေကား သစ္စာလေးပါးကို သိသော မြတ်စွာဘုရား ဖြစ်ပေ၏ ဟု ဖြေဆိုလေ၏။

ထိုအခါ တီကောင်သည် မြတ်စွာဘုရား၏ ဖြေတော်မူပုံကို များစွာနှစ်သက် သဘောကျသောကြောင့်--

(တီ) အဆွေကျီး သင်သည် မြတ်စွာဘုရား၏ အဖြေကို ကြားပြီ မဟုတ်လား၊ အသို့နည်း သင်သည် ကျွန်ုပ်ကို စားဦးမည်လော။

(ကျီး) ကျွန်ုပ် သင့်ကို မစားတော့ပါ၊ သင် အလိုရှိရာသို့ သွားပါလော့။

(မြတ်စွာဘုရား) အို ကျီး သင်သည် ယနေ့မှ စ၍ မသင့်လျော်သော အစာ အာဟာရတို့ကို မစားဘဲ သင့်လျော်သော အစာအာဟာရ တို့ကိုသာ စားလော့။

ဟု မြတ်စွာဘုရားက ကျီးအား ဆုံးမစကား ပြောသောအခါ ကျီးသည် မြတ်စွာဘုရားအား ရှိခိုးလျက် မိမိ လိုရာခရီးသို့ ပျံသန်းသွားလေ၏၊ ထို နောက် မြတ်စွာဘုရားသည် ထိုနေရာ၌ စုဝေးရောက်လာကြသော ဒါယကာ တို့အား "အို ဒါယကာတို့ သင်တို့သည် ဤတီကောင်ကို ယူ၍ ဆွမ်းစားဇရပ်၌ ထားလျက် ကောင်းစွာစောင့်ရှောက်ကြ ပါကုန်လော့ဟု မိန့်တော် မူသည့်အတိုင်း ဒါယကာတို့သည် တီကောင်ကို ဆွမ်းစားဇရပ်၌ ထား၍ ကောင်းစွာ စောင့်ရှောက် ထားကြကုန်၏၊ နှစ်ရက်သုံးရက် လွန်မြောက် သော အခါ တီကောင်သည် သေသွားလေ၏၊ ထိုအခါ မြတ်စွာဘုရား တော် ဂန္ဓကုဋီ၌

တနေ့သ၌

တို့သည် တရားသဘင်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ အံ့ဩဘွယ် ရှိပါပေစွ ငါတို့ မြတ်စွာဘုရားသည် ကြီးကျယ်သောပညာ, နက်နဲသောပညာ, ထက်မြက်သောပညာ, လျှင်မြန်သောပညာ, ရွှင်လန်းသော ပညာတို့နှင့် ပြည့်စုံပေ၏၊ ငါတို့ မြတ်စွာဘုရားသည် တိရစ္ဆာန်တို့၏ စိတ်ဆန္ဒအလို အဇ္ဈာသယကို သိ၍ တိရစ္ဆာန် နှစ်ကောင်းတို့အား မေးခွန်းလေးရပ်ကို ဖြေဆိုတော်မူပေ၏၊ အလွန်အံ့ဩဘွယ် ကောင်းပါပေစွဟု အချင်းချင်း ပြောဆို နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေတော်မူလျက် ထိုရဟန်းတို့ ပြောဆိုသော စကားကို ကြားသိတော်မူသဖြင့် ဂန္ဓကုဋိ တိုက်တော်မှ ထွက်ခွါ၍ ရဟန်းတို့ တရားစည်းဝေးရာ မဏ္ဍပ်သဘင်သို့ ကြွတော်မူလျက် မြတ်သော မြတ်စွာဘုရား၏ နေရာ၌ နေတော်မူပြီးလျှင် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော် မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုနေကြ ပါသနည်း"ဟု မိန့်တော်မူလေရာ ဤမည်သော စကားကို ပြောဆို နေကြပါသည်ဟု ရဟန်းတော်များက လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ငါဘုရားသည် ယခု ဘုရားဖြစ်တော်မူသော အခါမှသာ ဤ တိရစ္ဆာန် နှစ်ဦးတို့၏ မေးခွန်း လေးရပ်ကို ထင်ရှားစွာ ဖြေဆိုခဲ့သည် မဟုတ်သေး၊ ရှေးအခါ သံသရာ၌ ကျင်လည်စဉ် ပုထုဇဉ်ဘဝကလည်း တိရစ္ဆာန်နှစ်ဦးတို့၏ မေးခွန်းများကို ရှင်းလင်း ဖြေဆိုခဲ့ဘူးသည်သာ ဖြစ်၏"ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ၌ ရဟန်းတော်များက တောင်းပန် လျှောက်ထား သောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် သူကြွယ် တဦး၏မယား ဝမ်း၌ ပဋိသန္ဓေ ကိုယ်ဝန်တည်လေ၏၊ ဆယ်လ လွန်မြောက်၍ ဖွားမြင်ပြီးနောက် ကြီးပြင်းလာသော အခါ စင်ကြယ်သော အသက်မွေးခြင်းကို ပြုလျက် နေလေ၏၊ ဘုရားလောင်းဘခင် သူကြွယ်သည် ဘုရားလောင်းအား သုစိက မည်သော အမည်ကို မှည့်လေ၏၊ ဘုရားလောင်း သုစိကသည် မိမိအိမ်၌

စည်းစိမ်တို့ကို ခံစားနေလျက် နောင်အခါ ဘခင်သေဆုံး သွားသဖြင့် ဘခင်၏ စည်းစိမ်ဥစ္စာ အားလုံးတို့ကို ရရှိခံစားရ လေ၏၊ ထိုအခါ ဘုရားလောင်းသည် မိမိ၏ စည်းစိမ်ချမ်းသာတို့ကို ကြည့်လျက် ထိတ်လန့်ခြင်း သံဝေဂ တရားများ ဖြစ်ပေါ်လာ ပြီးလျှင်–

၁။ လူတို့ အားရင်း, သားငှက် တိရစ္ဆာန်တို့အားရင်း အသိဉာဏ်ပညာ တရားသည် တင့်တယ်၏၊ ဤအသိဉာဏ် ပညာတရားသည် သတ္တဝါတို့ကို ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက် စေတတ်ပါ၏ဟု ဥဒါန်း ကျူးရင့်လေ၏၊ ယင်းသို့ ဥဒါန်းကျူးရင့် ပြီးနောက် ဘုရားလောင်းသည် ယခုအခါ ငါသည် လူအပေါင်းတို့အား အလှူဒါန အမျိုးမျိုးတို့ကို ပေးလှူပြီးလျှင် နတ်ပြည်သို့ သွားတော့အံ့ဟု ကြံလျက် လူအပေါင်းတို့အား ခေါ်၍–

၂။ အို လူအပေါင်းတို့ ကျွန်ုပ်သည် ရှေးအခါက အလှူဒါန ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့သောကြောင့် ယခုအခါ၌ စည်းစိမ်ချမ်းသာတို့ကို ရရှိခံစား ရပါ၏၊ သင်တို့သည်လည်း နောင်အခါ၌ စည်းစိမ် ဥစ္စာတို့ကို ရရှိခံစားကြရန် မိမိတို့ တတ်စွမ်းသမျှ အလှူဒါနကို ယခုကပင် ပြုလုပ်ကြ ပါကုန်လော့ဟု မိန့်တော်မူ၏။

ထိုအခါမှ စ၍ ဘုရားလောင်းသည် လူအပေါင်းအား အလှူဒါနကို ပေးလှူလျက် ခုနစ်ရက် လွန်မြောက်သောအခါ မိမိ၏ ပစ္စည်းဥစ္စာတို့ကို နှစ်ပုံပုံ၍ တပုံကို ဗာရာဏသီမင်းအား အပ်နှင်းလျက် တပုံကို မိမိ၏ဆွေမျိုးတို့အား ပေးဝေပြီးနောက် မိမိသည်ကား ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်း ပြုပြီးလျှင် သစ်မြစ် သစ်သီး တို့ကိုသာ စားလျက် ဘာဝနာ တရားတို့ကို အားထုတ် နေလေရာ မကြာမီ စျာန်တရားများကို ရရှိလေ၏၊ ထို့နောက် ဘုရားလောင်းသည် မိမိ၏တောသို့ နေ၍ တရားအားထုတ် ရခြင်းကို များစွာ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက် ဥဒါန်းကျူး သုတောင်း လိုရကား–

၃။ ဤသို့ တော၌ နေ၍ တရားအားထုတ် ရသော ကောင်းမှုကြောင့် ငါသည် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်ရ ပါလို၏၊ ဘုရားဖြစ်ပြီးနောက် ဗုဒ္ဓကိစ္စများကို ပြုလုပ်ရပါလို၏ဟု ဥဒါန်းကျူးကာ သုပန်လေ၏။

## လင်းတနှင့် နွံကောင်တို့၏ ပြဿနာ

ဘုရားလောင်း သုစိကရသေ့သည် ဟိမဝန္တာအရပ်၌ ဈာန်ချမ်းသာတို့ကို ခံစားလျက် နှစ်ပေါင်းများစွာ နေလေ၏၊ ဘုရားလောင်း၏ ကျောင်းသင်္ခမ်း၏ အရှေ့ဘက် မနီးမဝေး၌ ပညောင်ပင်ကြီးတပင်ရှိ၏၊ ထိုအခါ၌ ကျီးငှက်လောက် ကိုယ်လုံးပမာဏရှိသော နွံကောင်တကောင်သည် ပညောင်ပင်ရင်း၌ နေလေ၏၊ ထိုအခါ လင်းတ တကောင်သည် မိမိအသိုက်မှထွက်၍ အစာရှာဖွေရာ အစာရှာမရသဖြင့် ပညောင်ပင်ရင်းသို့ ချဉ်းကပ်လျက် ဟိုဟိုဒီဒီကြည့်ရှုသောအခါ ထိုနွံကောင်ကိုတွေ့သဖြင့် ယနေ့ဤသတ္တဝါသည် ငါ့အစာအတွက် ဖြစ်ပေသည်ဟု ကြံလျက် နွံကောင်ထံသို့ ချဉ်းကပ်၍—

၄-၅။ အို နွံကောင် ယနေ့ငါသည် အစာရှာထွက်လာခဲ့ရာ အစာမရသဖြင့် ဤအရပ်သို့ ရောက်လာသောအခါ ယခုသင့်ကို တွေ့ရပေ၏၊ ဤနေရာ၌ ငါသည် သင့်ကိုစားပြီးနောက် တခြားတနေရာသို့ အစာရှာရန် သွားရပေဦးမည်ဟု ပြောဆိုလေ၏။

မှတ်ချက်။ ။(ဤနေရာ၌ ဂုရုဒ္ဓဟု ပါဠိရှိ၏၊ ဂရိဒ္ဓဟူသောသက္ကတမှ လာသော ပုဒ်ဖြစ်လျှင် ဘာဂဗ၏ ဟိန္ဒီ အင်္ဂလိပ်အဘိဓာန်၌ လင်းတဟု အနက်ဖွင့်ဆိုထား၏၊ ပါဠိဂိဒ္ဓနှင့်တူ၏၊ ဂရုဍဟူသော သက္ကတစာလုံးမှ ဂုရုဒ္ဓဟူသောပုဒ်ဖြစ်သည်ဟု ယူလျှင် ယင်းအဘိဓာန်၌ပင် ဗျိုင်း ငှက်ကြီးတုံးစပ်, လင်းယုံငှက်, လင်းတဟု အနက်ဖော်ပြထား၏၊ ရုပ်ပုံပြထားသည်မှာကား ဗျိုင်းရုပ်ပုံပြထားပါ၏၊ ဤနေရာ၌ ဗျိုင်းနှင့်လင်းတနှစ်ခု သင့်လျော်ဘွယ်ရှိသည့်အနက် လင်းတကိုယူ၍ ပြန်ဆိုထားပါ၏။)

လင်းတ၏စကားကို ကြားသောအခါ နွံကောင်သည် အလွန်ကြောက်ရွံ့တုန်လှုပ်လျက် "ဤလင်းတသည် ဆာလောင်မွတ်သိပ်၍ စားချင်လောဘဖြစ်နေ၏၊ မစုံမစမ်း အရမ်းအဓမ္မစားပါလျှင် ငါသေမည် မုချဖြစ်သည်၊ သို့ဖြစ်၍ ဥပါယ်တမျဉ်ကို ကြံဆောင်၍ ငါ၏အသက်ဘေးမှ လွတ်အောင်ကြံဦးအံ့"ဟု ကြံစည်ပြီးလျှင် နွံကောင်သည် လင်းတအား စကားဆိုလိုရကား—

၆-၇။ (နှံကောင်) အိုလင်းတ သင်သည် ကျွန်ုပ်ကိုစားလိုသည်ဟု ပြော နေ၏၊ သင်အဘယ်မျှ တတ်သိနားလည်ပါသနည်း၊ ပြောစမ်းပါ လော့၊ သင်သည် ဘာမျှတတ်သိနားလည်ခြင်းမရှိပါဘဲ ကျွန်ုပ်အား စားပါလျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ခုနစ်ဖြာ ကွဲလတ္တံ့။

၈။ (လင်းတ) အို နှံကောင် သင့်ကိုစားမည်ဟု ဆိုနေပါလျက် မကြောက်ရွံ့ဘဲ ရဲတင်းစွာပြောနေခြင်းမှာ သင်ကား အဘယ်မျှ တတ်သိနားလည်ပါသနည်း။

၉-၁၀။ (နှံ) ကျွန်ုပ်သည် သင့်အား မေးခွန်းလေးရပ်ကို မေးပါမည်၊ ဖြေနိုင်လျှင် ကျွန်ုပ်ကိုစားပါလော့၊ မဖြေနိုင်ဘဲ ကျွန်ုပ်ကိုစားပါ လျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ခုနစ်ဖြာ ကွဲပါလတ္တံ့။

၁၁။ (လင်းတ) မေးသမေးပါ သင့်မေးခွန်းကို ဖြေနိုင်လျှင် သင့်ကို စားပါအံ့။

၁၂။ (နှံ) ပဌမမေးခွန်း- တခုသောအရာသည် လှပတင့်တယ်၏၊ အခြား တပါးတို့ထက် အလွန်လှပတင့်တယ်၏၊ ထိုအရာကားအဘယ်နည်း။
(လင်းတ) စန္ဒာလမင်း ဖြစ်ပါ၏။

၁၃။ (နှံ) သင်၏အဖြေမမှန်ပါ၊ နောက်တခု ဖြေဆိုဦးလော့၊ ဒုတိယ မေးခွန်း- အလွန်သိမ်မွေ့နူးညံ့၏၊ အခြားတပါးသောအရာတို့ထက် သာလွန်၍ သိမ်မွေ့နူးညံ့၏၊ ထိုအရာကား အဘယ်ပါနည်း။
(လင်းတ) ဝါဂွမ်းဆိုင် ဖြစ်ပါ၏။

၁၄။ (နှံ) သင်၏အဖြေမမှန်ပါ၊ နောက်တခု ဖြေဆိုဦးလော့၊ တတိယ မေးခွန်း- ဝေးကွာ၏၊ အလွန်ဝေးကွာ၏၊ ထိုအရာကား အဘယ် ပါနည်း။
(လင်းတ) မဆုံးနိုင်သော လမ်းခရီးဖြစ်ပါ၏။

၁၅။ (နှံ) သင်၏အဖြေမမှန်ပါ၊ နောက်တခု ဖြေပါဦးလော့၊ စတုတ္ထ မေးခွန်း- တခုသောအရာသည်မရှိ လုံးဝမရှိ၊ ထိုအရာကား အဘယ် နည်း။
(လင်းတ) သေခြင်းတရားဖြစ်ပါ၏၊ သေသောအခါ၌ ထွက်သက် ဝင်သက်လေသည် လုံးဝမရှိပါ။

(နွား) သင်၏အဖြေ မမှန်ပါ၊ ကျွန်ုပ်၏မေးခွန်းလေးခုလုံးကို သင်ဖြေသည်မှာ တခုမျှ မမှန်ပါ၊ အဖြေတခုမှမမှန်ဘဲ ကျွန်ုပ်ကိုစားပါလျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲပါလတ္တံ့၊ သို့ဖြစ်၍ ဤပညောင်ပင်၏အနီး ကျောင်းသခ်မ်း၌နေသော ရသေ့ထံ သွား၍ မေးလျှောက်ကြမည်၊ ထိုရသေ့၏အဖြေသည် သင့်အဖြေနှင့် တူ၍ သင်မှန်သည်ဆိုပါလျှင် ထိုရသေ့၏ ရှေ့မှာပင် ကျွန်ုပ်ကို စားပါလော့။

လင်းတသည် နွားကောင်ပြောသောစကားကို လက်ခံလျက် တိရစ္ဆာန်နှစ်ကောင်တို့သည် ရသေ့ထံ ပျံသန်းသွားကြ၏၊ ရသေ့ထံ ရောက်သောအခါ—

(နွား) အရှင်ရသေ့ ဤလင်းတသည် တပည့်တော်ကို စားမည်တကဲကဲ ဖြစ်နေပါသည်၊ တပည့်တော်က မေးခွန်းလေးရပ်ကိုမေး၍ ဖြေနိုင်လျှင် စားပါဟု ဆိုလျက် မေးခွန်းလေးရပ်ကိုမေးရာ တခုကိုမျှမှန်အောင် မဖြေနိုင်ပါ၊ သို့ပါ၍ ယင်းမေးခွန်းလေးရပ်ကို အဖြေပေးရန် အရှင်ရသေ့ထံ ရောက်လာကြခြင်း ဖြစ်ပါသည်။

(ရသေ့) အို နွားကောင် သင်၏မေးခွန်း လေးရပ်ကို တခုစီပြောပြပါလော့၊ ငါ၏အဖြေကို သင်တို့နှစ်ကောင်လုံး ကောင်းစွာ နားထောင်ကြလော့။

## ရှင်ရသေ့ ပြဿနာလေးရပ်ကို ဖြေရှင်းပုံ

၁၆။ (နွား) ပဌမမေးခွန်း တခုသောအရာသည် လှပကင့်တယ်၏၊ အခြားတပါးတို့ထက်အလွန်လှပတင့်တယ်၏၊ ထိုအရာကား အဘယ်နည်းဟု မေးသောအခါ လင်းတက စန္ဒာလမင်း ဖြစ်သည်ဟု ဖြေဆိုပါသည်။

(ရသေ့) အမောင်လင်းတ သင်ဤအတိုင်း ဖြေဆိုခဲ့ပါသလော။

(လင်းတ) ဖြေဆိုခဲ့ပါသည်ဘုရား ။

(ရသေ့) ဤမေးခွန်း၏အဖြေကား သီလ၏ စင်ကြယ်ခြင်းသည် လှပကင့်တယ်သည်ကို ဆိုပါသည်၊ ငါးပါးသီလ၏ စင်ကြယ်ခြင်းသည် လှပ

တင့်တယ်၍ ရှစ်ပါး ဆယ်ပါးသီလ၏ စင်ကြယ်ခြင်းဘည် အလွန်လှပ တင့်တယ်သည်ဟု ဆိုခြင်းဖြစ်ပါသည်၊ ဒုတိယမေးခွန်းကို လျှောက်ထားဦးလော့၊

(နှံကောင်) သိမ်မွေ့နူးညံ့၏ အခြားတပါးသောအရာတို့ထက် သာလွန်၍ သိမ်မွေ့နူးညံ့၏ ထိုအရာကား အဘယ်ပါနည်းဟု ဒုတိယမေးခွန်းကို မေးသောအခါ ဤလင်းတက ဝါဠမ်းဆိုင်ဖြစ်သည်ဟု ဖြေဆိုပါသည်ဘုရား။

(ရသေ့) အမောင်လင်းတ သင် ဤအတိုင်း ဖြေခဲ့ပါသလော။

(လင်းတ) ဖြေခဲ့ပါသည် ဘုရား။

(ရသေ့) လောကမှ ထွက်မြောက်တတ်သော လောကုတ္တရာတရားသည် နူးညံ့သိမ်မွေ့၍ ပရိယတ်တရားကား ထိုထက်ပင် ပို၍ နူးညံ့သိမ်မွေ့သည်ကို ဆိုခြင်းဖြစ်သည်၊ နောက်ထပ်တတိယမေးခွန်းကို လျှောက်ထားဦးလော့။

(နှံ) ဝေးကွာ၏ အလွန်ဝေးကွာ၏ ထိုအရာကား အဘယ်ပါနည်းဟု ဤလင်းတအား မေးသောအခါ မဆုံးနိုင်သော လမ်းခရီး ဖြစ်သည်ဟု ဤလင်းတက ဖြေဆိုခဲ့ပါသည်ဘုရား။

(ရသေ့) အမောင်လင်းတ သင် ဤအတိုင်း ဖြေခဲ့ပါသလော။

(လင်းတ) ဖြေဆိုခဲ့ပါသည်ဘုရား။

(ရသေ့) ဤမေးခွန်း၏ အဖြေကား သူတော်ကောင်းတရားနှင့် သူယုတ်မာ တရားဖြစ်ပါ၏၊ သူတော်ကောင်းတရားနှင့်သူယုတ်မာတရားသည် ဝေးကွာလှပါ၏၊ သမုဒ္ဒရာဟိုဘက်ကမ်းနှင့် ဤမှာဘက်ကမ်းမျှမက ဝေးကွာ၏၊ မိုးနှင့်မြေကြီးထက် အဆ အရာအထောင်မက အလွန် ဝေးကွာပါ၏၊ နောက်ထပ်မေးခွန်းကို လျှောက်ထားဦးလော့။

(နှံ) တခုသောအရာသည်မရှိ လုံးဝပင်မရှိ ထိုအရာကား အဘယ်နည်းဟု ဤလင်းတအား မေးသောအခါ သေခြင်းတရားဖြစ်၏ သေသောအခါ ထွက်သက်ဝင်သက်မရကြောင်း ဤလင်းတက ဖြေဆိုပါ၏။

(ရသေ့) အမောင်လင်းတ သင် ဤအတိုင်း ဖြေဆိုခဲ့ပါသလော။

(လင်းတ) ဤအတိုင်း ဖြေဆိုခဲ့ပါသည်ဘုရား။

(ရသေ့) ဤမေးခွန်း၏ အဖြေကား ဘုရားရဟန္တာတို့၌ ကိလေသာ ကုန်ခန်းခြင်း မရှိခြင်းကို ဆိုသည် ၎င်း ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်ပြုသော အခါ၌ လုံးဝမရှိခြင်းကို ဆိုပေသည်။

(နှံ့ကောင်) အဆွေလင်းတ ပညာရှိရသေ့ကြီး ဖြေဆိုသည်ကို ကြား ပြီ မဟုတ်ပါလော၊ သင်၏အဖြေနှင့် ကိုက်ညီပါသလော သို့ဖြစ်၍ သင့် အဖြေ မမှန်ဟု ကျွန်ုပ် ဆိုခဲ့ခြင်း ဖြစ်ပါသည်၊ သင် ကျွန်ုပ်ကို စားလိုက ဤ နေရာ၌ပင် အလိုရှိတိုင်း စားပါလော့။

(လင်းတ) ကျွန်ုပ် သင့်ကို မစားတော့ပါ။

(ရသေ့) အို လင်းတ သင်သည် ဤနေ့မှစ၍ မသင့်လျော်သောအစာ အာဟာရ တို့ကိုမစားဘဲ သင့်လျော်သော အစာ အာဟာရတို့ကိုသာ ရှာ ဖွေ စားသောက်ပါလော့ဟုဆိုကာ နှံ့ကောင်နှင့် လင်းတ တိရစ္ဆာန် နှစ် ကောင်တို့အား ငါးပါးသီလကို ဆောက်တည်စေ၏၊လင်းတသည် ရသေ့နှင့် နှံ့ကောင်တို့အား နှုတ်ဆက်၍ လိုရာခရီးသို့ ပျံသန်းသွားလေ၏၊ နှံ့ကောင် သည်လည်း ဘုရားလောင်းရသေ့အား ပန်ကြားလျက် မိမိနေရာသို့ ပြန် သွားလေ၏၊ ထိုအခါ၌ ဟိမဝန္တာတောင်၌ရှိကြသော နတ်အပေါင်းတို့ သည် ဘုရားလောင်း ရှင်ရသေ့၏ အဖြေကို သဘောကျကြသောကြောင့် ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးကြကုန်၏၊ ဘုရားလောင်း ရသေ့သည် ဟိမဝန္တာ၌ပင် အသက်ရှည်သမျှနေပြီးနောက်ကွယ်လွန်သောအခါ၌ ဗြဟ္မာ ပြည်၌ ဖြစ်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း မဏ္ဍပ်၌ရှိကြကုန်သော ရဟန်းတို့အား ဤတရားဒေသနာကို ဟောကြားတော်မူပြီးနောက် မိမိ ရှေးဘဝက ပညာအစွမ်း ထက်မြက်ခဲ့ပုံကို ဟောပြလိုရကား—

၂၀-၂၃။ ငါ၏ချစ်သား ရဟန်းများတို့ ငါဘုရားသည် ရှေးအခါက သံသရာ၌ ကျင်လည်သောအခါ သုတသောမမင်း ဖြစ်စဉ်က ပညာ ၏ အစွမ်းဖြင့် လူသားစားသော ပေါရိသာဒလက်မှ လွတ်မြောက် ခဲ့သည်၊ ထို့ပြင် အလောင်းတော် မဟောသဓာဖြစ်စဉ်က ပညာ အစွမ်းဖြင့် မင်းအပေါင်းတို့အား လွတ်မြောက်စေခဲ့သည်၊ ထိုမှ တပါး ဝိဓုရအမတ် ပညာရှိဖြစ်စဉ်ကလည်း ပညာ၏အစွမ်းဖြင့် ပုဏ္ဏကဘီလူး၏လက်မှ လွတ်မြောက်ခဲ့သည်၊ ထိုနောက် သုစိက ရှင် ရသေ့ ဖြစ်စဉ်တွင်လည်း မေးခွန်းလေးရပ်ကို ဖြေဆိုခြင်းအားဖြင့်

လင်းတလက်မှ နံ့ကောင်ကို လွတ်စေခဲ့ပြီဟု မိန့်ဆိုဟောကြားလေ၏။

ထိုနောက် မြတ်စွာဘုရားသည် ဆက်လက်၍—

၂၄။ ယခုလည်း ငါဘုရားသည် ကျီး၏ စားသောက်ခြင်း ဘေးမှ တိကောင်အား လွတ်မြောက် စေခဲ့သည်ကို သင်တို့ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ တွေ့ခဲ့ကြရလေပြီဟု မိန့်တော်မူ၏။

ဤသို့ မိန့်ဆို ပြီးနောက် မြတ်စွာဘုရားသည် "ရဟန်းတို့ ယခု မှသာ ငါဘုရားသည် ဤသတ္တဝါ နှစ်ကောင်တို့၏ မေးခွန်းပြဿနာ လေးရပ်ကို ဖြေကြားရှင်းလင်း ထင်ရှားစေခဲ့သည် မဟုတ်၊ ရှေးအခါကလည်း လင်းတနှင့် နံ့ကောင် တိရစ္ဆာန်နှစ်ကောင်တို့၏ မေးခွန်းလေးရပ်ကို ဖြေဆိုရှင်းလင်းခဲ့သည်သာဟု မိန့်ကြားလျက် သစ္စာလေးပါး တရားကို ဟောကြားတော်မူလေ၏။

## ဇာတ်ပေါင်းခဏ်း

၂၅-၂၆။ (၃-စန္ဒရာဇဝဂ် ၆-ဗြဟ္မဃောသဇာတ် ၂-၃-ဂါထာတို့နှင့် လုံးဝတူ၏။)

မြတ်စွာဘုရား၏ သစ္စာလေးပါး တရားဒေသနာ အဆုံး၌ ရဟန်းတို့သည် အချို့သောတာပန်, အချို့ သကဒါဂမ် စသည် တည်ကြကုန်၏၊ မြတ်စွာဘုရားသည် ဇာတ်ကို ပေါင်းလိုရကား—

၂၇-၃၀။ ထိုအခါ မယ်တော်သည် ယခုအခါ မဟာမာယာ၊ ထိုအခါကသူကြွယ်သည် ယခုအခါ သုဒ္ဓေါဒန၊ ပြဟ္မဒတ်မင်းသည် အာနန္ဒာ၊ နံ့ကောင်သည် သာရိပုတ္တရာ၊ လင်းတသည် မောဂ္ဂလာန်၊ သုစိကရသေ့သည်ကား ငါဘုရားဖြစ်လေပြီ။ ဤသို့ ဇာတ်ကော်ကို ရိုသေစွာ နာယူမှတ်သားကြပါကုန်လော့။

နှစ်ခုမြောက် သုစိတာပသ ဇာတ်တော် ပြီး၏။

# ၃-အက္ခရလိခိတဇာတ်

[မြတ်စွာဘုရား အဆုံးအမစကားတော်ဖြစ်သော ပိဋကတ်တော်များကို သာသနာငါးထောင်တိုင်အောင် တည်တံ့စေရန်အတွက် ကျောက်ထက် ပေရွက် စာရွက်တို့၌ ရေးသား ပူဇော်သဖြင့် ချမ်းသာစည်းစိမ်အမျိုးမျိုးကို ခံစားရသော ကပိလမင်းသား ဝတ္ထု]

မြတ်စွာဘုရားသည် ယော နရော ပသန္နော ဘောန္တော အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မိမိ၏ ရှေးကုသိုလ်ကံအစွမ်းဖြင့် ရှေးဂေါတမမြတ်စွာဘုရား၏ အဆုံးအမစကားများဖြစ်သော ပိဋကတ်တော်များကို ရေးသားလှူဒါန်းခဲ့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ခွဲ၍ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးလျက် "အရှင်ဘုရား မြတ်စွာဘုရား၏ သာသနာ၌ ကြည်ညိုသော စိတ်ထားရှိသဖြင့် ဘုရားရှင်၏ စကားတော်ဖြစ်သော ပိဋကတ်တော်များကို ရေးသား ပူဇော်ခြင်းကို မိမိကိုယ်တိုင် ပြုလုပ်သူ, သူတပါးတို့ကို ပြုလုပ်ပူဇော်စေသူတို့သည် အဘယ်သို့သော ချမ်းသာသုခ အကျိုးတရားတို့ကို ရရှိခံစားရပါသနည်းဟု မေးမြန်းလျှောက်ထားလေ၏၊ ထိုစကားကိုကြားသောအခါ မြတ်စွာဘုရားသည် သာရိပုတ္တရာ အကြင်သူသည် ငါဘုရား၏ အဆုံးအမ စကားတော်ဖြစ်သော ပိဋကတ်အက္ခရာများကို ကိုယ်တိုင်ရေးသားခြင်း, သူတပါးတို့ကို ရေးသားစေခြင်းတို့ကို ပြုလုပ်၏၊ ထိုသူသည် အတိုင်းအဆမရှိ များပြားလှစွာသော အကျိုးတရားတို့ကို ရရှိခံစားရပေ၏ဟု မိန့်တော်မူလျက် ချစ်သား သာရိပုတ္တရာ ငါဘုရားသည် ရှေးအခါက ရှေး ဂေါတမမြတ်စွာဘုရား၏ အဆုံးအမစကားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သာသနာ်ငါးထောင် တည်တံ့စေရန် ပိဋကတ်တော် အက္ခရာများကို ကိုယ်တိုင်ရေးသား ပူဇော်ခြင်း သူတပါးတို့ကို ရေးသားပူဇော်စေခြင်းတို့ကို ပြုလုပ်ခဲ့သောကြောင့် စကြဝတေးမင်းစည်းစိမ်စသော ကြီးကျယ်များမြတ်သော စည်းစိမ်တို့ကို

ခံစားခဲ့ပြီးနောက် ယခုအခါ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေ၏ ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တရာသည် တောင်းပန် လျှောက်ထားသောကြောင့် မြတ်စွာဘုရားသည် အဟိတ်ကို ဆောင်တော်မူ၏။

## ရှေးရှေးက ပိဋကတ်တော်များ တည်တံ့အောင် ဆောင်ရွက်ပုံ

ချစ်သား သာရိပုတ္တရာ လွန်လေပြီးသောအခါ ဤလောက၌ ဂေါတမ အမည်ရှိသော ရှေးဘုရားတဆူ ပွင့်တော်မူခဲ့၏၊ ထိုရှေး ဂေါတမဘုရား သည် ငယ်ရွယ်စဉ်က သိဒ္ဓတ္ထအမည်ရှိခဲ့၏၊ မယ်တော်ကား မဟာမာယာ ခမည်းတော်ကား သုဒ္ဓေါဒနဖြစ်၍ မိထွေးတော်မှာ မဟာပဇာပတီအမည် ရှိခဲ့၏၊ ကြင်ယာတော်မှာ ယသောဓရာဖြစ်၍ သားတော်မှာ ရာဟုလာ ဖြစ် လေသည်၊ ဖွားမြင်ရာမြို့တော်သည် ကပိလဝတ္ထု ဖြစ်ခဲ့သည်၊ထိုရှေးဂေါတမ ဘုရား၏ အဆုံးအမသာသနာသည် ဤလောက၌ အနှစ်ငါးထောင် တိုင် အောင် တည်တံ့ခဲ့လေသည်၊ ထိုအခါက ငါဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အမတ်ဖြစ်ခဲ့၍ ဘုရားရှင်၏ သာသနာ၌ အလှူကြီး များ ပေးလှူလျက် မြတ်စွာဘုရား၏ အဆုံးအမ စကားတော်များကို ရေး သား ပူဇော်ခဲ့ပေ၏၊ အမတ်သည် ကြည်ညိုခြင်း သဒ္ဓါတရားဖြင့် ဘုရားရှင် ၏ စကားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သာသနာငါးထောင် တည်တံ့ စေရန် မိမိ၏ဉာဏ်ဖြင့် တတ်စွမ်းသမျှ ဘုရားစကားတော်များကို ကိုယ်တိုင် ရေးသားခဲ့၏၊ ထိုနောက် ပိဋကတ်တော်များကို ရေးသားပူဇော်ရန် အခြား ပညာရှင်တို့အားလည်း တိုက်တွန်းနှိုးဆော်လျက်—

၁။ အို လူများတို့ သင်တို့သည် ဘုရားစကားတော်ဖြစ်သော ပိဋကတ် တော်များကို အရှည် တည်တံ့စေရန်အတွက် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ကျောက်ပြား, ပေရွက်, စာရွက်တို့၌ မိမိတို့ တတ် စွမ်းသမျှ ရေးသား ပူဇော်ကြကုန်လော့ ဟု ပြောဆိုတိုက်တွန်း လေ၏။

ထိုစကားကို ကြားသောအခါ ပညာရှင်အားလုံးတို့သည် မိမိတို့ တတ် စွမ်းသမျှ ရေးသားပူဇော်ကြရန် ဝန်ခံကြကုန်လျက်

၂။ အို အမတ်မင်း ကျွန်ုပ်တို့သည် ဘုရားစကားတော်ဖြစ်သော ပိဋကတ်တော်များကို အရှည်တည်တံ့စေရန်အတွက် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် မိမိတို့ တတ်စွမ်း သမျှ ရေးသား ပူဇော်ကြပါကုန်အံ့ဟု ဝန်ခံ ပြောဆိုကြကုန်၏။

ထိုနောက် ဘုရားလောင်းအမတ်သည် ပေရွက်တို့၌ ပိဋကတ်တော်များကို ရေးသားလျက် မိမိကဲ့သို့ ရေးသားကြသော ပညာရှင်တို့အားလည်း စားနပ်ရိက္ခာ အဝတ်အထည်တို့ဖြင့် ပေးကမ်းထောက်ပံ့ လှူဒါန်းလေ၏၊ တနေ့သ၌ ဘုရားလောင်းသည် ပညာရှင်အပေါင်းခြံရံလျက် ရှေး ဂေါတမမြတ်စွာဘုရား သီတင်းသုံး နေတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက် လက်အုပ်ချီ၍ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်တို့သည် သဒ္ဓါတရား ထက်သန်စွာဖြင့် အရှင်ဘုရား၏ အဆုံးအမစကားတော်ဖြစ်သော ပိဋကတ်တော်များကို ပေရွက်တို့၌ ရေးသားပူဇော်ကြပါကုန်၏"ဟု လျှောက်ထားလေ၏၊ ထိုအခါ "ဒါယကာတို့ ယင်းသို့ ရေးသားပူဇော်ခြင်းသည် ကောင်းမြတ် လှပေ၏ဟု" မိန့်ကြားတော်မူလျက် ပိဋကတ်တော်များ ရေးသား ပူဇော်ကြသောအခါ ဒါယကာတို့၏ ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုလိုသော မြတ်စွာဘုရားသည်—

၃-၅။ ငါဘုရား၏ သာသနာတော်၌ ယုံကြည်သော သဒ္ဓါတရားဖြင့် ပိဋကတ်တော်များကို ရေးသားပူဇော် လှူဒါန်းသောသူသည် လူ့ပြည် နတ်ပြည်တို့၌ အသက်ရှည်ခြင်း, ချမ်းသာခြင်း, ဉာဏ်ပညာကြီးခြင်း, ရဲရင့်တည်ကြည်ခြင်း အကျိုးတရားတို့ကို ရရှိ၍ သံသရာ၌ ကျင်လည်သောအခါ အပါယ်ငရဲသို့ မကျရောက်ရဘဲ လူချမ်းသာ နတ်ချမ်းသာတို့ကို ရရှိခံစား ရလတံ့ဟု ဟောကြားတော်မူလေ၏။

ထို့နောက် ဆက်လက်၍—

၆-၁၉။ ပိဋကတ်တော်များကို ရေးသား ပူဇော်သောသူသည် ယုတ်ညံ့သော အမျိုး၌ တကြိမ်တခါမျှ မဖြစ်ရဘဲ ချမ်းသာကြွယ်ဝသော အမျိုး, မင်းမျိုး, ပုဏ္ဏားမျိုး တို့၌သာ အသက်ရှည်ခြင်း ဘုန်းတန်

ခို အာနုဘော်ကြီးခြင်း, အဆင်းလှခြင်း, ရှုချင့်စဖွယ် တင့်တယ်ခြင်း, နူးညံ့သာယာသော အသံရှိခြင်း, လူအပေါင်းတို့ ချစ်ခင်မြတ်နိုးခြင်း, စကြာဝတေးမင်း အဖြစ် ၇-ကြိမ် နတ်ပြည်၌ ၇-ကြိမ်ဖြစ်ရခြင်း စသည်တို့ကို ရရှိခံစားရပေ၏၊ ထို့ကြောင့် "ဘုရားစကားတော်ကို ကြည့်ရှုမှတ်သား ကြရသော သူတို့သည် အသိဉာဏ်တိုးပွါးလျက် ချမ်းသာသုခ ရကြပါစေ" ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဘုရားစကားတော် များကို ရေးသားပူဇော်ကြကုန်ရာ၏၊ ထို့နောက် ကံကံ၏အကျိုးကို ယုံကြည်လျက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ နိစ္စသီလဖြစ်သော ငါးပါးသီလကို အမြဲစောင့်ထိန်းကြ ပြီးလျှင် အလှူဒါန တို့ကိုလည်း တတ်အားသမျှ ပြုလုပ်ကြကုန်ရာ၏ ဟု ဟောကြားတော် မူလေ၏။

## ကြီးကျယ်များမြတ်သော ကုသိုလ်အကျိုးပေးတွေ

ဤသို့ ပိဋကတ်တော် များကို ရေးသား ပူဇော်ခြင်း၏ အကျိုးတရားတို့ကို ဟောကြားတော် မူပြီးနောက် ရှေးဂေါတမ မြတ်စွာဘုရားသည် ပညာရှိ အမတ်၏ နောင်အနာဂတ် ကာလ၌ ဂေါတမ ဟူသော အမည်ဖြင့် ဘုရားဖြစ်မည်ကို သိမြင်တော် မူသဖြင့် ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏၊ ထိုအခါ ဘုရားလောင်း ပညာရှိအမတ်သည် စည်းစိမ်ချမ်းသာတို့ကို ခံစားလျက် စုတေပြီးနောက် တာဝတိံသာ နတ်ပြည်ဝယ် တဆဲ့နှစ်ယူဇနာ ရှိသော ရွှေနန်းပြာသာဒ်၌ ဖြစ်လေ၏၊ ဘုရားလောင်းသည် တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ် ချမ်းသာတို့ကို ခံစားပြီးနောက် ထိုမှတဖန် စုတေပြန်သောအခါ ရှေးကပိလ မြို့၌ ဣသိန္ဒမင်း၏ နန္ဒာမည်သော မိဖုရားကြီး၏ ဝမ်း၌ ပဋိသန္ဓေ တည်လေ၏၊ နန္ဒာမိဖုရားကြီးသည် ဆယ်လလွန်မြောက်သောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိသည့် သားရတနာကို ဖွားမြင်လေ၏။

ဘုရားလောင်းအား ဖွားမြင်သော အခါ၌ ပိဋကတ်တော်များကို ရေးသား ပူဇော်ခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးဆက်ကြောင့် သိကြားမင်းသည် ကပိလတမြို့လုံး၌ ရတနာ မွှေမိုးငွေမိုးတို့ကို ရွာချစေလေ၏၊ ခုနစ်ရက်

တော် ဣလိန္ဒမင်းကြီးသည် ရတနာ ရွှေမိုးငွေမိုး များစွာ ရွာသွန်းသော ထူးဆန်း အံ့သြဘွယ်တို့ကို တွေ့မြင်သဖြင့် "ငါ၏ သားတော်သည် ဘုန်းတန်ခိုး အာနုဘော်ရှိသော သားတော်မြတ် ဖြစ်ပေသည်"ဟု သိမြင်လျက် ဘုရားလောင်း သားတော်အား အမည်မှည့်သောအခါ ကပိလမြို့၌ မွေးဖွားသောကြောင့် ကပိလမင်းသားဟု အမည်ပေးလေ၏၊ ဘုရားလောင်းအား အမည်မှည့် ကင်ပွန်းတပ်မင်္ဂလာ အခမ်းအနား ကျင်းပသည့်နေ့၌ သိကြားမင်းသည် ရတနာ ခုနစ်ပါးတို့ဖြင့် ပြုလုပ်ထားသော အဆင်တန်ဆာ တို့ဖြင့်ရင်း၊ ဝသဝတ္တီ နတ်မင်းသည် အဝတ်အထည် အမျိုးမျိုးတို့ဖြင့်ရင်း၊ ရုက္ခစိုး နတ်မင်းသည် ပန်းနံ့သာ အမျိုးမျိုးတို့ဖြင့်ရင်း၊ ဘုမ္မစိုး နတ်မင်းသည် ရွှေငွေတို့ဖြင့်ရင်း၊ နဂါးမင်းသည် ရတနာခုနစ်မျိုး တို့ဖြင့်ရင်း ဘုရားလောင်းအား ပူဇော်ကြကုန်၏၊ ခြင်္သေ့မင်းသည် ခြင်္သေ့ငယ်များအား မြောက်ဟိမဝန္တာမှ တိရစ္ဆာန် အမျိုးမျိုး၏ အသားတို့ကို ယူဆောင်စေလျက် ဘုရားအလောင်း၏ အစာအာဟာရ အတွက် နေ့စဉ်ဆက်သ၏။

ပြဟ္မာမင်းကြီးသည် ညချမ်း အခါ၌ရင်း၊ နတ်ပြည်ခြောက်ရပ်မှ နတ်တို့သည် ညဦးယံ၌ရင်း၊ ဘုမ္မစိုး နတ်တို့သည် ည၌၏ နောက်ဆုံးယံ၌ရင်း၊ ရုက္ခစိုး နတ်တို့သည် နံနက်နှင့် နေ့ခင်းအချိန်များတွင်ရင်း မိမိတို့၏ တူရိယာ အမျိုးမျိုးတို့ဖြင့် သီဆိုတီးမှုတ် ကခုန်ကြလျက် ဘုရားလောင်းအား ဖျော်ဖြေ ကြကုန်၏။ နဂါးမင်းသည် နံ့သာရည်တို့ဖြင့် ပြည့်သော ရတနာ ခုနစ်ပါး တို့ဖြင့် ပြုလုပ်ထားသော ရတနာခွက်တို့ဖြင့် ရေကို ယူဆောင်၍ နေ့စဉ် ဘုရားလောင်းအား ဆက်သ၏၊ နတ်အများတို့သည် မြောက်ကျွန်းမှ အလွန်တရာ ချောမွေ့၍ နတ်သမီးတမျှ လှပသော အမျိုးသမီးတယောက်ကို ခေါ်ဆောင်လျက် ဘုရားလောင်းအား ပြုစုလုပ်ကျွေးရန် ပေးအပ်ဆက်သကြကုန်၏။ မြင်းတို့၏ အကြီးအကဲ ဖြစ်သော မြင်းဘုရင်သည် မြင့်မြတ်သော ဝလာဟက မြင်းမျိုးမှ ခွန်အားဗလနှင့် ပြည့်စုံသော အာဇာနည်မြင်းတကောင်ကို တန်ဆာအမျိုးမျိုး ဆင်ယင်လျက် ဆက်ကပ်လာ၏။ ဆင်မင်းသည် ဆဒ္ဒန္တ ဆင်မျိုးမှ ခွန်အားဗလနှင့် ပြည့်စုံသော ကျန်းမာသန်စွမ်းသည့် မင်္ဂလာ ဆင်ဖြူတော်ကို ယူဆောင်ဆက်သလာ၏။

ဗြဟ္မာမင်းသည် ရတနာခုနစ်မျိုးဖြင့်ပြီးသော ပြာသာဒ် ခုနစ်ဆောင် တို့ကိုငင်း၊ သိကြားမင်းသည် ရွှေအတိပြီးသော ပြာသာဒ်ခုနစ်ဆောင်တို့ကိုငင်း၊ နဂါးမင်းသည် ရတနာအမျိုးမျိုးဖြင့်ပြီးသော ပြာသာဒ် ခုနစ်ဆောင်တို့ကိုငင်း၊ ဇမ္ဗူဒိပ်ကျွန်း၌ ရှိရှိသမျှမင်းအပေါင်းတို့သည် ရတနာအမျိုးမျိုးတို့ဖြင့်ပြီးသော ပြာသာဒ်တို့ကိုငင်း၊ ဘုရားလောင်းအား ဆက်သကြ ကုန်၏။ ဘုရားလောင်းစံနေရာ ပြာသာဒ်၏ ပတ်ဝန်းကျင် အရပ်လေးမျက်နှာ ဆယ်ယူဇနာအတွင်း၌ ရွှေအိုးကြီးများသည်ငင်း၊ ယင်းရတနာ ရွှေအိုးကြီးများအလယ်၌ ရတနာရွှေငွေ အသီးအပွင့် အခက်အလက်တို့နှင့် ပြည့်စုံသော ရွှေ ငွေ ရတနာ ပဒေသာပင်တို့သည်ငင်း၊ မြေမှပေါ်ထွက်လာကြ ကုန်၏၊ ထို့ပြင် ဘုရားလောင်းပြာသာဒ်၏ လေးဘက် လေးတန်တို့၌ အဘိုးတန် ရွှေ ငွေ ရတနာ အဝတ်အထည် သင်ယင်စရာ တန်ဆာ၊ ရွှေခွက် ငွေခွက် အသုံးအဆောင် အစားအစာအမျိုးမျိုးတို့ကို တွဲလွဲချိတ်ဆွဲထားကြကုန်သော ပဒေသာပင်ကြီး လေးပင်တို့သည် မြေမှ တွက်ပေါ်လာကုန်၏။

ဘုရားလောင်းစံရာ ပြာသာဒ်၏ လေးဘက်လေးတန်တို့၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော တဆယ့်ရှစ်တောင် အမြင့်ပမာဏရှိသော ရတနာတံတိုင်းကြီးများသည်ငင်း၊ ယင်းတံတိုင်းကြီးများ အတွင်း၌ ရတနာအမျိုးမျိုးတို့ဖြင့်ပြီးသော စင်္ကြံလမ်းများသည်ငင်း၊ အလွန်ကြည်လင်သော ရေများအပြည့်ရှိသည့်ရေကန်များ၊ ရေအိုင်များ၊ ရှစ်သောင်းလေးထောင်မျှ များပြားသော ရွှေတောင် ငွေတောင်များ၊ စန္ဒကူး နံ့သာပင်များသည်ငင်း၊ ရွှေ ငွေ ရတနာတို့ဖြင့်ပြီးသော ရှုချင့်စဖွယ်ရှိသည့် ခွေးရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ကျွဲရုပ်စသည်တို့သည်ငင်း၊ မြေမှထွက်ပေါ်လာကြ ကုန်၏။ ထို့ပြင် ရတနာအမျိုးမျိုးဖြင့်ပြီးသော ဇရပ်တို့သည် တစ်ယူဇနာ၊ တစ်ယူဇနာခြားလောက်တွင် မြေမှပေါ်တွက် တည်ရှိကြကုန်၏၊ မဏိမေခလာ နတ်သမီးသည် ရတနာ အမျိုးမျိုးတို့ဖြင့်ပြီးသော ရွှေလှေ ငွေလှေစသည့် လှေပေါင်းရှစ်သောင်းလေးထောင်တို့ကို ဘုရားလောင်းအား ဆက်သလာ၏၊ ဤမျှများပြားသော စည်းစိမ်ချမ်းသာတို့ကား ပိဋကတ်တော်များကို ရေးသားပူဇော်ခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးတရားများပင် ဖြစ်လေသည်။'

## မင်းသား လူအပေါင်းအား ဩဝါဒပေးခြင်း

ဤသို့လျှင် ဘုရားလောင်းသည် ရှေးဘဝက ပြုခဲ့သော ပိဋကတ်တော်များကို ရေးသားပူဇော်ခဲ့သည့် ကောင်းမှုကြောင့် ရအပ်သော များစွာသော စည်းစိမ်တို့ကို ခံစားပြီးလျှင် မယ်တော် ခမည်းတော်များနှင့်အတူ ကပိလ နေပြည်တော်၌ နှစ်ပေါင်းများစွာ နေလာပြီးနောက် ခမည်းတော် ဣသိန္ဒမင်း နတ်ရွာစံသောအခါ ဘခင်၏ ထီးနန်းအရိုက်အရာကို ဆက်လက်ခံယူလျက် မင်းစည်းစိမ်ကို ခံစားလျက် နေလေ၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် ရှေးကပိလဝတ် မြို့တော်၌ရှိသော အမတ်အပေါင်းနှင့် လူအပေါင်းတို့အား ဆုံးမဩဝါဒပေးလျက် –

၂၀-၂၂။ အို မှူးမတ်အပေါင်းတို့ ကျွန်ုပ်သည်ရှေးအခါက ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့သောကြောင့် ယခုအခါ များစွာသော စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရပေ၏၊ အို လူအပေါင်းတို့ ကုသိုလ်ကောင်းမှုမည်သည်ကား နတ်ပြည် ရောက်ကြောင်း ကောင်းမွန်သော ခရီးလမ်းကြောင်း ဖြစ်ပေ၏၊ အခြွေအရံများနှင့် ပြည့်စုံ၍ စည်းစိမ်ချမ်းသာ အမျိုးမျိုးကို ရရှိခံစားရ၏၊ ထို့ကြောင့် သင်တို့သည်ကုသိုလ်မျိုးစေ့ကိုစိုက်ပျိုးကြဲချရာလယ်ယာမြေကောင်းသဖွယ်ဖြစ်သော ရတနာသုံးပါး၌ ကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးကြဲချပြုလုပ်ကြကုန်ရာ၏ဟု ဩဝါဒပေးလေ၏။

ယင်းသို့ ဆုံးမဩဝါဒပေးပြီးနောက် မှူးမတ်နှင့် လူအပေါင်းတို့အား ကုသိုလ်ကောင်းမှုပြုခြင်း၏ အကျိုးတရားတို့ကို ဟောပြလိုသဖြင့်—

၂၃-၃၂။ ငါးပါးသီလ စောင့်ထိန်းလျက် အလှူဒါန ပြုလုပ်သူတို့သည် အသက်ရှည်ခြင်း၊ ဉာဏ်ပညာကြီးခြင်း အကျိုးတို့ကိုရရှိ၍ သားမယားတို့ကို ပြုစုလုပ်ကျွေးသောသူသည် နတ်ပြည်တို့၌ဖြစ်ရ၏၊ မိဘတို့အား လုပ်ကျွေးပြုစုသူ, ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့သူတို့သည် ဥစ္စာ ရွှေ ငွေ အထွေထွေပေါများခြင်း အကျိုးတို့ကို ရရှိ၍ သူ့ကျေးဇူးကိုသိခြင်း သိသည့်အလျောက် ကျေးဇူးတုံ့ပြန်ဆပ်ခြင်း၊ မိမိကိုယ်တိုင် အလှူဒါနပြုခြင်း သူတပါးပေးလှူသည်ကို

ဝမ်းမြောက်နှမော် သာစုခေါ်ခြင်းတို့ကို ပြုလုပ်သူသည် နတ်ပြည် တို့၌ဖြစ်ရ၏၊ ဆွေမျိုး မိတ်ဆွေဆင်းရဲသူတို့အား ထမင်းအဖျော် စသည်တို့ဖြင့် ကျွေးမွေးပေးကမ်း စွန့်ကြဲသူတို့သည် ဖြစ်လေရာ ဘဝတို့၌ ချိုမြိန်ကောင်းမြတ်သော အရသာရှိသည့် အစာအာဟာရ တို့ကို သုံးဆောင်ခံစားရ၏၊ ပျင်းရိခြင်း ငြိုငြင်ခြင်းမရှိဘဲ လင် သားကို လုပ်ကျွေးခြင်း ယောက္ခမယောကျ်ား, ယောက္ခမမိန်းမ, ဆွေမျိုး မိတ်သင်္ဂဟတို့၌ ကောင်းစွာပြုစု လုပ်ကျွေးသော အမျိုး သမီးသည် ချမ်းသာသုခနှင့် ပြည့်စုံ၍ မင်းကတော် သူဌေးကတော် စသော ရာထူးဌာနန္တရများသို့ ရောက်ရှိရ၏၊ သီလကို စောင့်ထိန်း ခြင်း, လင်သားကို ရိုသေခြင်း, သီလရှိသော ရဟန်း ရှင်လူတို့ကို ဆည်းကပ်လုပ်ကျွေး ပြုစုသော အမျိုးသမီးသည် နတ်ပြည်၌ ဖြစ် ရ၏၊ မိမိလင်သားအားရင်း, သူတပါးတို့အားရင်း, ဆဲရေးခြင်း, တဖြစ်တောက်တောက် ပြောဆိုမြည်တွန်ခြင်းတို့ကို မပြုဘဲ အမျက် ထွက်ခြင်း ကင်းလျက် သူတပါးတို့အား ညှဉ်းဆဲခြင်း မပြုမူ၍ သန့်ရှင်း ကြည်လင်သော စိတ်ထားရှိသည့် အမျိုးသမီးသည် ချမ်း သာများခြင်း, အခြွေအရံများခြင်း အကျိုးတို့ကို ရရှိခံစားရပြီး လျှင် သေသွားသည့် နောက်၌ နတ်ပြည်သို့ ရောက်ရှိရ၏ ဟု ဟော တော်မူလေ၏။

## သိကြားမင်းက သမီးကညာဆက်ခြင်း

ဤသို့လျှင် ဘုရားလောင်းသည် လူအပေါင်းတို့အား ကောင်းမှုကုသိုလ် အမျိုးမျိုးတို့၏ အကျိုးတရား တို့ကို ဟောကြား ညွှန်ပြလျက် နေ့စဉ် ထမင်း အဖျော် ခဲဘွယ်ဘောဇဉ် အဝတ်အထည် အမျိုးမျိုးတို့ဖြင့် လူ အပေါင်းအား လှူဒါန်း၍ နေလေ၏၊ ထို့ပြင်လည်း ပေးကမ်းစွန့်ကြဲခြင်း, ချစ်ဖွယ်သော စကားကို ဆိုခြင်း, သူတပါး၏ အကျိုးစီးပွါးကို ပြုခြင်း, ကိုယ်နှင့် တတန်းစားတည်း ထား၍ ပေါင်းသင်း ဆက်ဆံခြင်း ဟူသော သင်္ဂဟတရား လေးပါးဖြင့် လူအပေါင်းအား စောင့်ရှောက်ချီးမြှောက် လေ၏၊ ထိုအခါ သိကြားမင်းသည် ကြွင်ရာတော် သုဓမ္မာ၏ သမီးကညာ

ဖြစ်သော သုဒ္ဓိနီမည်သော နတ်သမီးတဦးကို ဘုရားလောင်း၏ ကြင်ယာတော် အဖြစ် ပေးဆက်လျက် သုဒ္ဓိနီနတ်သမီး၏ အခြံအရံ အလုပ်အကျွေးအဖြစ် ရှစ်သောင်း လေးထောင်သော နတ်သမီးကညာ တို့ကိုပါ ပေးအပ် ဆက်သလေ၏၊ ဘုရားလောင်းသည် ပိဋကတ်တော်များကို ရေးသား ပူဇော်ခဲ့သော ကောင်းမှုကြောင့်ရင်း အခြားပြုလုပ်ခဲ့သော ကောင်းမှုတို့ကြောင့်ရင်း ရှစ်သောင်း လေးထောင်သော နတ်သမီးအပေါင်း အခြံအရံရှိသည် သုဒ္ဓိနီမည်သော နတ်သမီးကညာကို ရရှိခံစားရလေ၏၊ ဘုရားလောင်းသည် သုဒ္ဓိနီမည်သော နတ်သမီးနှင့်တကွ နတ်သမီး များစွာနှင့်အတူ စည်းစိမ်များကို ခံစားလေရာ ဘုန်းပညာ လက္ခဏာတို့နှင့် ပြည့်စုံသော သားတော်တထောင်ကို ရရှိလေ၏၊ ဘုရားလောင်းသည် သားတော်တထောင်တို့ အနက် အချို့ကို မြောက်ကျွန်းသို့ရင်း, အချို့ကို အရှေ့ကျွန်းသို့ရင်း, အချို့ကို အနောက်ကျွန်းသို့ရင်း, အချို့ကို ဟိမဝန္တာသို့ရင်း, အချို့ကို ဇမ္ဗူဒိပ်ကျွန်းအပြင်ရှိ မင်းအသီးသီးတို့ ထံသို့ရင်း အတတ်ပညာနှင့် အသိဉာဏ် ဗဟုသုတ ကြွယ်ဝစေရန် စေလွှတ်၍ အချို့ကို မိမိ၏အနီးအပါး၌ နေစေ၏၊ ဘုရားလောင်းသည် ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်း တခွင်မြေအပြင်မှ မင်းအပေါင်းတို့ ထံမှ ပို့ဆောင်လာသော လက်ဆောင်ပဏ္ဏာအမျိုးမျိုးနှင့်တကွ လူမိန်းမ နတ်မိန်းမ စသော ဇနီးကြင်ယာ မြောက်မြားစွာ တို့ဖြင့် စကြာဝတေးမင်း ကဲ့သို့ စည်းစိမ်ချမ်းသာ တို့ကို ခံစားလျက် အခြား တဖက်မှလည်း လှူဒါန်းပေးကမ်းခြင်း အလှူဒါန အမျိုးမျိုးတို့ကို ပြုလုပ်၍ နေပြီးနောက် အသက်အတိုင်း နေ၍ ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

## ပိဋကတ်တော် ရေးသား ပူဇော်သူတို့ အကျိုးထူး

ဤသို့လျှင် မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ဤ အတိတ်ဝတ္ထုနှစ်ခုကို ဟောကြားလျက် ချစ်သား သာရိပုတ္တရာ ငါဘုရားသည် ရှေးအခါက သတ္တဝါများကို ဆုံးမညွှန်ကြား ဟောကြားခဲ့လျက် ယခုအခါ၌လည်း သတ္တဝါအများ၏ နောင်အနာဂတ် ကောင်းစားရေး အတွက်ရင်း ငါဘုရား၏ သာသနာတော်သည် အနှစ်ငါးထောင် ကာလ တိုင်အောင်

တည်တံ့စေရန် အတွက်ငှာ ပိဋကတ်တော် အက္ခရာများ ရေးသားပူဇော်ခြင်း၏ အကျိုးတို့ကို ဟောကြားတော် မူလိုရကား—

၃၃-၇၄။ ချစ်သား သာရိပုတ္တရာ ငါဘုရားသာသနာတော် အရှည်တည်တံ့စေရန်အတွက် ပိဋကတ် အက္ခရာများကို ကျောက်ထက် ပေစာရွက်တို့၌ ရေးသား ပူဇော်သော သူသည် အပါယ်ဘုံ တို့၌ မဖြစ်ရဘဲ နတ်ပြည်တို့၌သာ ဖြစ်ရ၏။ လူဖြစ်လျှင်လည်း လူမြတ် နတ်ဖြစ်လျှင်လည်း နတ်မြတ် ဖြစ်ရ၏ အခြံအရံ များခြင်း, ချမ်းသာခြင်း, လူအပေါင်း တို့၏ ပူဇော်ခြင်းကို ခံရခြင်း, ဉာဏ်ပညာ ကြီးခြင်း, ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း, အဆင်းလှခြင်း, လူအပေါင်းတို့ ချစ်ခင် မြတ်နိုးခြင်း, အသက်ရှည်ခြင်း, အနာရောဂါ ကင်းခြင်း, အမျိုး မြတ်ခြင်း, စည်းစိမ်ဥစ္စာ များခြင်း, ရွှေငွေဥစ္စာ ရတနာတို့ ပေါများခြင်း, အဝတ်အထည် အမျိုးမျိုးတို့ကို ရရှိခြင်း, ယုတ်ညံ့သော သူဆင်းရဲမျိုး ဒွန်းစဏ္ဍားမျိုးတို့၌ တကြိမ်တခါမျှ မဖြစ်ရဘဲ မြင့်မြတ်သော မင်းမျိုး ပုဏ္ဏားမျိုး တို့၌သာ ဖြစ်ရခြင်း အမိဝမ်းမှ လွယ်ကူချမ်းသာစွာ မွေးဖွားရခြင်း အသံသာယာခြင်း၊ လယ်ယာ ကိုင်းကျွန်း ကျေးကျွန်တို့ ပေါများခြင်း အကျိုးတို့ကို ခံစားရလေ၏။

ပိဋကတ်တော်များကို ရေးသားပူဇော်သော သူသည် သူတပါးပယောဂ အတတ်ပညာတို့ဖြင့် မသေခြင်း၊ အဆိပ်သင့်၍ မသေခြင်း၊ ရေနစ်၍ မသေခြင်း၊ မီးလောင်၍ မသေခြင်း၊ ရန်သူများ ညှဉ်းဆဲသတ်ဖြတ်၍ မသေခြင်း၊ ငရဲတို့၌ မကျရောက်ခြင်း၊ ပြိတ္တာတို့၌ မဖြစ်ခြင်း၊ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ အဖြစ်မျိုး၌ မတွေ့ကြုံရခြင်း၊ တိရစ္ဆာန်မျိုး၌ မဖြစ်ရခြင်း၊ ဦးခေါင်း စောက်ထိုး ခြေထောက်မိုးမျှော် ခံစားရသော အသူရကာယ်ဘုံတို့၌ မဖြစ်ရခြင်း၊ ရုပ်ပြစ်ရှစ်ပါးတွင်ပါဝင်သော အသညသတ်ဘုံ အရူပဘုံ၊ ပစ္စန္တရာဇ် အရပ်တို့၌ မဖြစ်ရခြင်း၊ လူဖြစ်သောအခါ မျက်မမြင်၊ ဆွံ့အ နားမကြား ပုဂ္ဂိုလ်မျိုး မဖြစ်ရခြင်း၊ နူနာရောဂါ၊ ချောင်းဆိုး ပန်းနာရောဂါ၊ ဝက်ရူးနာ၊ ခွေးရူးနာရောဂါ၊ ဝမ်းရောဂါ၊ ဦးခေါင်း၌ စွဲကပ်သောရောဂါ၊

ကိုယ်ခန္ဓာ၌ စွဲကပ်သော နှလုံးရောဂါ၊ ကင်ဆာရောဂါ စသည်တို့ စွဲကပ်သူ မဖြစ်ခြင်း အကျိုးတို့ကို ခံစားရပေ၏။

နတ်ပြည်၌ ဖြစ်သောအခါ တင့်တယ်မြင့်မြတ်သော ဘုံဗိမာန်တို့၌ နတ်တူရိယာအမျိုးမျိုးတို့ဖြင့် သီဆို တီးမှုတ် ကခုန်ဖျော်ဖြေခြင်းကို ခံရခြင်း၊ ပြဟ္မာဖြစ်သောအခါ အခြားပြဟ္မာတို့ထက် ထူးကဲမြင့်မြတ်၍ အသက်ရှည်စွာတည်နေရခြင်း၊ နတ်ပြည် ပြဟ္မာပြည်တို့မှ စုတေသောအခါ လူ့ပြည်၌ မြင့်မြတ်သော အမျိုး၌ဖြစ်ရခြင်း စသော အကျိုးတို့ကို ခံစားရပေ၏၊ ပိဋကတ်တော် အက္ခရာများကို ရေးသားပူဇော်သောသူသည် ဘုရားဆု၊ သာဝကဆု၊ ပစ္စေကဗုဒ္ဓါဆုတို့ကို ရရှိ၍ အဆုံးဘဝ၌ နိဗ္ဗာန်သို့ရောက်ရှိနိုင်ပေ၏။

## ဇာတ်တော် ပေါင်းခဏ်း

ထိုကြောင့် လူချမ်းသာ နတ်ချမ်းသာ အမျိုးမျိုးတို့ကိုရရှိ ခံစားလိုသောသူသည် သာသနာတော် တည်တံ့ခိုင်မြဲ၍ အနှစ်ငါးထောင်တိုင်အောင် တည်ရှိစေရန် ပိဋကတ်တော်များကို ရေးသားပူဇော်ကြကုန်ရာ၏ဟု ဟောတော်မူလေ၏၊ ယင်းသို့ဟောကြားပြီးနောက် ထိုစဉ်က ရှေးဂေါတမမြတ်စွာဘုရားသည် လူနတ်ပြဟ္မာ သတ္တဝါအများတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရွှေဇာတ်တော် သိမ်းသွားခဲ့လေပြီဟု မိန့်တော်မူပြီးလျှင် ဇာတ်တော်ကို ပေါင်းလိုရကား—

၇၅–၈၄။ ထိုအခါ ဣသိန္ဒမင်းသည် ယခုအခါ သုဒ္ဓေါဒန၊ မယ်တော်နန္ဒာဒေဝီသည် မဟာမာယာ၊ သုဒ္ဓါနီ မိဖုရာသည် ယသောဓရာ၊ သိကြားမင်း ကြင်ယာ သုဓမ္မာ မိဖုရားသည် ဥပ္ပလဝဏ်ထေရီ၊ မြောက်ကျွန်းမှ ခေါ်ဆောင်လာသော မိဖုရားသည် ခေမာဘိက္ခုနီ၊ မဏိမေခလာ နတ်သမီးသည် မိထွေးတော် ဂေါတမီ၊ ဝသဝတ္တိနတ်မင်းသည် နာဂမထေရ်၊ ရုက္ခစိုးနတ်မင်းသည် မဟာကဿပ၊ ဘုမ္မစိုးနတ်မင်းသည် သိသိဇမထေရ်၊ နဂါးမင်းသည် အနုရုဒ္ဓါ၊ ပြဟ္မာမင်းသည် သာရိပုတ္တရာ၊ သိကြားမင်းသည် ရှင်မောဂ္ဂလာန်၊

သားကြီးသည် ရှင်ရာဟုလာ၊ ကျန်သားတော်များသည် ငါဘုရား၏ သာဝကများဖြစ်လာ၍ ရှေး ကပိလမင်းမြတ်သည်ကား ယခုအခါ ငါဘုရားဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

သုံးခုမြောက် အက္ခရလိခိတ ဇာတ်တော် ပြီး၏။

---

# ၄-ဝဍ္ဍန ဇာတ်

[ဗုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်ကို ပြင်ဆင်မွမ်းမံခြင်း ထုလုပ် ကိုးကွယ်ပူဇော်ခြင်းတို့ကြောင့် နဂါးမင်းနှင့် မဏိမေခလာ နတ်သမီးတို့က ရွှေ ငွေ ရတနာများစွာ ပေးလာခြင်း အကျိုးတို့ကို ရရှိသော ဘုရားလောင်းဝဍ္ဍန ကုန်သည် ဝတ္ထု။]

မြတ်စွာဘုရားသည် ယော ဇနော ဣစ္ဆန္တော သုခံ အစရှိသော တရားဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရှေးအခါက ရုပ်ပွားဆင်းတုတော်များကို ပြုလုပ်ပူဇော်ခဲ့သည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ချဲ့၍ဆိုဦးအံ့၊ ထိုအခါ တနေ့သ၌ ပသေနဒီကောသလ မင်းကြီးသည် အခြွေအရံ ပရိသတ်များခြံရံလျက် ပန်းနံ့သာစသော ပူဇော်ဘွယ်များကို ယူဆောင်၍ မိမိ၏မြို့တော်မှ ထွက်ခွါကာ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ပြီးလျှင် လက်အုပ်ချီလျက် ဘုန်းတော်ကြီးသော မြတ်စွာဘုရား မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုသောသူသည် ရှင်တော်ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားရှင်၏ ရုပ်ပွားတော် ဆင်းတုတော်ကို ထုလုပ်ကိုးကွယ် ပူဇော်ပါ၏၊ လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ်လေးပါးနှင့် ပြည့်စုံသော ရုပ်ပွားဆင်းတုတော်ကို ပြုလုပ်ကိုးကွယ် ပူဇော်သောသူသည် အဘယ်သို့သော အကျိုးတရားတို့ကို ရရှိခံစားရပါသနည်းဘုရားဟု လျှောက်ထား လေ၏၊ ပသေနဒီကောသလမင်း လျှောက်ထားသော စကားကို ကြားသောအခါ မြတ်စွာဘုရားသည် "ဒကာတော်မင်းမြတ်၊

ငါဘုရား၏ ရုပ်ပွားဆင်းတုတော်ကို ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ထုလုပ်ကိုးကွယ်ပူဇော်သောသူသည် ကြီးကျယ် များမြတ်သော အကျိုးတရားတို့ကို ရရှိခံစားရပေ၏ဟု မိန့်တော်မူပြီးလျှင် ဒကာတော်မင်းမြတ် ရှေးကပညာရှိတယောက်သည် မိမိအိမ်၌ ရုပ်ပွားဆင်းတုတော်ကို ထုလုပ်ကိုးကွယ်လျက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်သောကြောင့် ကြီးကျယ်များပြားသော စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရပေ၏ဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် လျှောက်ထားတောင်းပန် သောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်တော် ဆင်းတုတော်ပြင်ဆင်

ဒကာတော်မင်းမြတ် လွန်လေပြီးသောအခါ အင်္ဂဝတီမည်သောမြို့တော်ကြီး၌ ကြွယ်ဝချမ်းသာသော ကုန်သည်မျိုးဝယ် ဘုရားလောင်းသည် ဝဓုနသတို့သားဟူသော အမည်ဖြင့် ထင်ရှားဖြစ်ပေါ်ခဲ့၏၊ ဘုရားလောင်း၏ ကြင်ယာကား ကလျာဏီအမည်ရှိ၍ သားတော်သည် ဝရပိယအမည်ရှိလေသည်၊ ဝဓုနသူကြွယ်သည် သဒ္ဓါတရားလည်းရှိ၏၊ ပညာနှင့်လည်း ပြည့်စုံ၏၊ လုံ့လဝီရိယလည်းရှိ၏၊ စည်းစိမ်ဥစ္စာနှင့်လည်းပြည့်စုံ၏၊ ဟနေ့သောအခါ ဝဓုနသူကြွယ်သည် နိုင်ငံရပ်ခြားတိုင်းတပါးသို့ ကူးသန်းရောင်းဝယ်ရန် အတွက် ကြီးကျယ်ခိုင်ခံ့သော လှေကြီးတစင်းကို တည်ဆောက်ပြုလုပ်ပြီးလျှင် အခြေအရံတထောင်တို့နှင့်အတူ ရောင်းဝယ်ရန် ပစ္စည်းဘဏ္ဍာတို့ကို တင်ဆောင်၍ လှေဖြင့်ခရီးထွက်ခဲ့လေ၏၊ လှေကြီးသည်သမုဒ္ဒရာခရီးသို့ထွက်ခွါခဲ့ရာ ကျွန်း၇ကျွန်းသို့ ရောက်ရှိ၍ ဆိပ်ကမ်းတခု၌ ဆိုက်ကပ်လေ၏၊ ထိုအခါ ဘုရားလောင်းသည် အခြေအရံပရိသတ်များနှင့်အတူ လှေမှသက်ဆင်း၍ ကုန်းပေါ်သို့တက်လျက် ထိုထိုဤဤသို့ လှည့်လည်သွားလာသောအခါ စိတ်နှလုံးပျော်မွေ့ဘွယ်ကောင်းသော ကျောင်းအာရမ်တခုကို တွေ့ရှိလေ၏၊ ဘုရားလောင်းသည် ကျောင်းအာရမ်တွင်းသို့ ဝင်ရောက်ကြည့်ရှုသောအခါ ဘုရားရှင်၏ ရုပ်ပွါးဆင်းတုတော်များထားသော ကျောင်းဆောင်တခုကိုတွေ့၍ တက်ရောက်ကြည့်ရှုလေလျှင် ဘုရားရှင်၏ ရုပ်ပွါး

ဆင်းတုတော်များကိုတွေ့သဖြင့် ရိုသေစွာရှိခိုးပြီးနောက် ပန်းစသောလှူဘွယ် ပစ္စည်းများဖြင့်လှူဒါန်းပူဇော်လျက်ယင်းဘုရားကျောင်းဆောင်၌နေလေ၏။

ထိုအခါ ဘုရားလောင်းသည် ဘုရားကျောင်းဆောင်၌နေလျက် နှစ်သက်ဝမ်းမြောက်စွာဖြင့် မြတ်စွာသုရား၏ ရုပ်ပွါးဆင်းတုတော်ကို အဖန်ဖန်ကြည့်ရှုမြတ်နိုးကာ ကြံစည်စိတ်ကူးသည်မှာကား ယခုအခါ ငါ့အားကုသိုလ်ကောင်းမှုပြုရန် အခွင့်ကြုံလာချေပြီ၊ ငါသည် ဤဘုရားကျောင်းဆောင်၌နေလျက် ငါ၏အခြွေအရံပရိသတ်များနှင့်အတူ မြတ်စွာဘုရား၏ ရုပ်ပွါးဆင်းတုတော်ကို ပူဇော်ခြင်းကို ပြုရပါမူကား ငါနှင့်တကွ အခြွေအရံပရိသတ်များပါ အကျိုးများစွာ ရရှိပါလတ့်"ကြံစည်ပြီးနောက် မိမိ၏ပရိသတ်အား ပြောဆိုတိုင်ပင်လိုရကား—

၁။ အိုလူများအပေါင်းတို့ ပစ္စုပ္ပန် သံသရာတို့၌ ကောင်းကျိုးချမ်းသာကို အလိုရှိသောသူသည် ကြည်ညိုသဒ္ဓါ မြတ်နိုးစွာဖြင့် ရုပ်ပွါးဆင်းတုတော်ကို ပူဇော်ကြကုန်ရာ၏၊ ယင်းသို့ပူဇော်ပါလျှင်လူ့ပြည် နတ်ပြည်တို့၌ ကောင်းကျိုးချမ်းသာတို့ကို မုချရရှိပါလတ့်ဟု ပြောဆိုလေ၏။

## ကျိုးပဲ့နေသော ရုပ်ပွါ တော်ကိုပြုပြင်

ယင်းသို့ ပြောဆိုပြီးနောက် ဘုရားလောင်းသည် ရုပ်ပွါးဆင်းတုတော်အား တစိမ့်စိမ့်ကြည့်ရှု ဖူးမြော်သောအခါ ဆင်းတုတော်၌ လက်ချောင်းတချောင်း ကျိုးပဲ့နေသည်ကို တွေ့လေ၏၊ ထိုအခါ ဘုရားလောင်းအား ငါသည် ဆင်းတုတော်၌ ကျိုးပဲ့နေသော လက်ချောင်းကို ပကတိအတိုင်းဖြစ်အောင် ပြုလုပ်ဆက်စပ်ပေးရမူကား ငါ့အား များစွာ အကျိုးရှိလတ့်ဟု ကြံစည်မိလေ၏၊ ထိုနောက် ဝစ္စနမည်သော ဘုရားလောင်းသည် မိမိ၏ အခြွေအရံထဲမှ တမန်တယောက်ကိုခေါ်၍ "အဆွေတမန်ယောကျ်ား သင်သည် သမုဒ္ဒရာမြစ်ကမ်းပါးသို့ သွားပြီးလျှင် အရောင်အဆင်းကောင်း၍ချောမွေ့ညက်ညောသော မြေကြီးများကို ယူဆောင်၍ လာပါလော့"ဟု စေခိုင်းလိုက်ရာ တမန်ယောကျ်ားသည်လည်း ဘုရားလောင်းမှာဆိုသည့်အတိုင်း မြေညက်များကိုယူဆောင်လာလျက် ဘုရားလောင်းအား ပေးအပ်

လေ၏၊ ထိုခဏ၌ပင် ဘုရားလောင်းသည် မြေချားကိုကြိတ်ချေလျက် ထန်းလျက် ဆီ စသည်တို့ဖြင့်နယ်၍ ကျိုးပဲ့နေသော လက်ချောင်းကို ပကတိအတိုင်းဖြစ်အောင် ဆက်စပ်ပြုပြင်လေ၏၊ ယင်းသို့ ဆက်စပ်ပြုလုပ်ပြီးနောက် ဘုရားလောင်းသည် လွန်စွာနှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက် ကျောင်းဆောင်အာရမ်အနီး၌နေသော အဖွားတဦး၏ လက်ထဲသို့ အသပြာငွေတရာကို ပေး၍ "အို အဖွား သင်သည် ဤအသပြာငွေတရာဖြင့် ဤဆင်းတုတော်အား နေ့စဉ်မပြတ် ဆီမီးပူဇော်ခြင်းကို ပြုပါလော့"ဟု ဆို၍ ဘုရားဆင်းတုတော်အား ရှိခိုးလျက်—

၂။ တပည့်တော်သည် ဤအသပြာငွေတရာဖြင့် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်အား ဆီမီးပူဇော်ခြင်းကို ပြုပါ၏၊ ဤကောင်းမှုကြောင့် တပည့်တော်သည် လူ့ပြည်နတ်ပြည်တို့၌ ချမ်းသာသုခ အမျိုးမျိုးတို့ကို ရရှိခံစားရပါစေသတည်း ဟု ဆုတောင်းလေ၏။

ထိုနောက် ဘုရားလောင်းသည် မိမိ၏ အပေါ်ရုံအဝတ်ဖြင့် တမ်ခွန်အမျိုးမျိုးကိုပြုလုပ်လျက် ရုပ်ပွားဆင်းတုတော်အား ပူဇော်၍—

၃။ ဤတမ်ခွန်တို့ကို ပြုလုပ်လှူဒါန်းရသောကောင်းမှုကြောင့် တပည့်တော်သည် ဖြစ်လေရာ ဘဝတို့၌ ဆင်းရဲနွမ်းပါးသူမဖြစ်ဘဲ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသူ ဖြစ်ရပါလို၏ ဟု ဆုတောင်းလေ၏။

ယင်းသို့ဆုတောင်းပြီးနောက် ဆက်လက်၍—

၄ ၅ ၆။ ဤကောင်းမှုကြောင့် တပည့်တော်သည် နောင်အခါ၌ဘုရားစင်စစ်ကေန်ဖြစ်ရပါလို၏၊ ဘုရားမဖြစ်မီအကြား သံသရာ၌ကျင်လည်ရသောအခါတပည့်တော်သည် အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်းတို့နှင့်ပြည့်စုံရပြီးလျှင် ရန်သူတို့ကိုငှင်း ခိုးသူခားပြတို့ကိုငှင်းမိမိ၏မျက်မှောက်၌ မတွေ့မြင်ရဘဲ ရန်ဟူသမျှကို အောင်မြင်ရသည်ကို ဖြစ်ရပါလို၏ ဟု ဆုတောင်းပြန်လေ၏။

## မဏိမေခလာ စောင့်ရှောက်ရှာ

ယင်းသို့ ဆုတောင်းပြီးနောက် ဘုရားလောင်းသည် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရှိခိုးပြီးလျှင် ထိုနေရာမှ ထွက်ခွာခဲ့လျက် နှစ်သက်ဝမ်းမြောက်

စွာဖြင့် လှေပေါ်သို့ တက်လေ၏၊ ထိုခဏ၌ပင် နဂါးမင်းသည် မိမိ၏ နဂါး အခြံအရံပရိသတ်များနှင့် အတူလာ၍ နဂါးပြည်မှ အဖိုးတန်ရတနာ များ စွာတို့ကို ဘုရားလောင်း၏လှေပေါ်သို့ တင်ဆောင်ပေးကြကုန်၏၊ သမုဒ္ဒရာ စောင့် မဏိမေခလာနတ်သမီးသည်လည်း ဘုရားလောင်း၏လှေကိုအန္တရာယ် တစုံတရာ မတွေ့ထိစေရန် စောင့်ရှောက်လျက် ရွှေငွေရတနာအမျိုးမျိုးတို့ဖြင့် လှေကိုပြည့်စေလျက် ချမ်းသာစွာဖြင့် အင်္ဂတိမြို့တော်သို့ ဆိုက်ရောက်စေ လေ၏၊ ထိုအခါ ဘုရားလောင်းသည် အခြံအရံပရိသတ်များနှင့်တကွ လှေမှ ဆင်းသက်၍ မိမိရပ်ရွာသို့ သွားပြီးနောက် လူအများတို့အား လှေပေါ်မှ ရွှေငွေရတနာတို့ကို ယူဆောင်စေလျက် ရွာအလယ်၌ ဘုရားဆင်းတုတော် များ ထားရန် အဆောက်အဦတခုကို ဆောက်လုပ်စေ၍ ဘုရားဆင်းတုတော် တဆူ ထုလုပ်ပြီးလျှင် ယင်းအဆောက်အဦထဲ၌ ထားလျက် နေ့စဉ် ဆွမ်း ဘောဇဉ် ပန်း ဆီမီး တို့ဖြင့် ဆက်ကပ်ပူဇော်လေ၏၊ ထိုအခိုက်၌ ဘုရား လောင်း၏ ရှေးကောင်းမှု ပါရမီတန်ခိုးအဟုန်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကို ပြလေ၏၊ ထို အခါ သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှုဆင်ခြင်လတ်သော် ဘုရား လောင်းသည် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ပူဇော်သက္ကာရ ပြုလုပ်သည်ကို သိမြင်သဖြင့် မိမိနေရာတာဝတိံသာနတ်ပြည်မှ ဆင်းသက်လာပြီးလျှင် ထို ရွာအလယ် ဝခ္ကုန ဘုရားလောင်း၏ ရှေ့မှောက် ကောင်းကင်ထက်ဝယ် ရပ် တည်လျက် မိမိ သိကြားမင်း၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ထက်ပန်းကျင်အရပ် တခွင်ကို ထိန်လင်းထွန်းပစေလေ၏၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာ ဘုရားသည်—

၄-၂၅။ ထိုအခါ ဘုရားလောင်း ဝခ္ကုန၏ ကုသိုလ်ကောင်းမှုပြုလုပ်သည် ကို သိမြင်သဖြင့် သိကြားမင်းသည် မိမိနေရာတာဝတိံသာ နတ် ပြည်မှ သက်ဆင်းလျက် ဘုရားလောင်း၏ ရှေ့မှောက် ကောင်းကင် ထက်ဝယ် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ရပ်တည်လေ၏၊ ဘုရားလောင်းသည် မိမိရှေ့မှောက်၌ ကိုယ်ရောင်ကိုယ်ဝါ တောက် ပစွာဖြင့် ရပ်တည်နေသည်ကို တွေ့သဖြင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ရပ်နေသူကား နတ်လော ဂန္ဓဗ္ဗလော သိကြား

လော ကျွန်ုပ်သည် ထိုသို့သော အဆင်းအရောင်ကို တခါမျှ မတွေ့ဘူးပါ၊ သင်သည် အဘယ့်ကြောင့် ဤအရပ်သို့လာပါသနည်း၊ ကျွန်ုပ်တို့အား ပြောကြားပါလော့ဟု ဆိုလေ၏၊ ထိုအခါ သိကြားမင်းသည်—

"ကျွန်ုပ်သည် နတ် ဂန္ဓဗ္ဗမဟုတ် သိကြားမင်းဖြစ်သည်၊ သင်သည် အဘယ့်ကြောင့် ဤမျှများပြားသော စည်းစိမ်ဥစ္စာ ရွှေငွေရတနာတို့ကို ရရှိခံစားရသည်ကို သိလို၍ လာခြင်းဖြစ်သည်" ဟု ပြောဆိုလေ၏၊ ထိုအခါ ဘုရားလောင်းက "ကျွန်ုပ်သည် ကုန်ရောင်းဝယ်ရန် သမုဒ္ဒရာ လမ်းခရီးဖြင့် ထွက်ခွါလာရာ သမုဒ္ဒရာ တဖက်ကမ်းသို့ ရောက်သောအခါ လှေမှဆင်းသက်၍ ကုန်းပေါ်သို့ တက်သွားခဲ့ပါသည်၊ ယင်းသို့သွားသောအခါ ဘုရားကျောင်းဆောင်တခုကိုတွေ့၍ ဝင်ရောက်ကြည့်ရှုရာ ဗုဒ္ဓရုပ်ပွါး ဆင်းတုတဆူကိုတွေ့ခဲ့ရသည်၊ ယင်းဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို ဖူးမြော်ပူဇော်ပြီးနောက် ဆင်းတုတော်အား အသေအချာ ကြည့်သောအခါ ဆင်းတုတော်၌ လက်ချောင်းတချောင်း ကျိုးပဲ့နေသည်ကိုတွေ့ရသဖြင့် ယင်းကျိုးပဲ့နေသော လက်ချောင်းတော်ကို ပကတိအတိုင်းဖြစ်အောင် ပြုပြင်မွမ်းမံပေးခဲ့ပါ၏၊ ထို့နောက် အနီးအနားရှိ အဖွားအိုတယောက်အား ဘုရားဆင်းတုတော်ကို နေ့စဉ် ဆီမီးပူဇော်ရန် အသပြာငွေတရာ ပေးခဲ့ပါသည်၊ ထို့နောက်တဖန် မိမိ၏အပေါ်အဝတ်ဖြင့်တမ်ခွန်များ ပြုလုပ်၍ ဆင်းတုတော်အား ပူဇော်ခဲ့ပါသည်၊ ထို့နောက် ကျွန်ုပ်ပြန်လာခဲ့ပါသည်၊ ဤကောင်းမှုတို့ကြောင့် ကျွန်ုပ်သည် ဤမျှများပြားသော ဥစ္စာစည်းစိမ် ရွှေငွေရတနာတို့ကို ရရှိခြင်းဖြစ်ပါသည်၊ ယခုလည်း ကျွန်ုပ်သည် ရွာအလယ်၌အဆောက်အဦတခု ဆောက်၍ ဘုရားဆင်းတုတော်များကို ထုလုပ်ကိုးကွယ်လျက် ဆွမ်းခဲဘွယ် ပန်း ဆီမီးတို့ဖြင့် ပူဇော်ခြင်းကို ပြုပါသည်၊ နတ်တို့သနင်းအရှင်သိကြားမင်း သင်သည် ကျွန်ုပ်၏ ကောင်းမှုအစုစုကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါလော့ဟု ဆိုလေ၏ဟု မိန့်တော်မူသည်။

ဤသို့လျှင် ဝဇ္ဇနကုန်သည်၏ စကားကိုကြားသောအခါ သိကြားမင်းသည် ဘုရားအလောင်းနှင့်အတူ ဝမ်းမြောက်ဝမ်းသာစကား ပြောကြား

လျက်ကောင်းကင်၌ရပ်တည်၍သာလျှင် အလှူကောင်းမှုတို့၏ အကျိုးတရားတို့ကို ဘုရားလောင်းအား ပြောကြားလေ၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုလေ၏--

၂၆-၃၇။ ဘုရားလောင်း ဝစ္ဆနကုန်သည်၏စကားကို ကြားသောအခါ သိကြားမင်းသည် လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လျက် "ကျွန်ုပ်သည် သိကြားမင်းဖြစ်သည် သင်၏ ကုသိုလ်ကောင်းမှု ပြုသည်တို့ကို သိရှိရန် သင့်ထံသို့ လာခြင်းဖြစ်သည် သင်သည် ဤကောင်းမှုကုသိုလ်ကြောင့် နောင်အခါ ၌ ဘုရားစင်စစ် ဧကန်ဖြစ်ပါ လတ္တံ့ ဟု ပြောဆိုလေ၏။

ဤသို့လျှင် ဘုရားလောင်း ဝစ္ဆနကုန်သည်အား နောင်အခါ၌ မုချဘုရား ဖြစ်မည့်အကြောင်း ပြောကြားပြီးနောက် သိကြားမင်းသည် ကောင်းကင်၌ ရပ်တည်လျက် ဘုရားလောင်းနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုပြီးလျှင် ထိုရွာ၌ ရတနာမိုးကို ရွာဖြိုးစေလေ၏။

(၃၈-၃၉။ အထက်ပါ စကားအတိုင်း ဂါထာဖွဲ့ဆို၏။)

ထိုအခါ သိကြားမင်းသည် ဘုရားလောင်း၏ ရွာအလယ် ကောင်းကင်ထက်ဝယ် ရပ်ကည်လျက် လူအပေါင်းအား ဆုံးမသြဝါဒ ပေးလျက် ဘုရားလောင်းအား ပန်ကြားပြီးလျှင် မိမိနေရာ နတ်ပြည်သို့ ပြန်ကြွလေ၏။

(၄၀-၄၁။ အထက်ပါ စကားအတိုင်း ဂါထာ ဖွဲ့ဆို၏။)

ထိုအခါ ဘုရားလောင်းသည် မိမိ၏ ရပ်ရွာ၌ လူအပေါင်း ခြံရံလျက် စည်းစိမ်ဥစ္စာတို့ကို ခံစားပြီးလျှင် အလှူပေးခြင်း, သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

## ဆင်းတုတော် ထုလုပ်ကိုးကွယ်သူ၏ အကျိုးတရားတွေ

ဤသို့လျှင် ပသေနဒီကောသလ မင်းကြီးအား ဤဝစ္ဆနဇာတ်တော်ကို ဟောကြားပြီးနောက် ဘုရားရှင်သည် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်ကို ပြုလုပ်

ပူဇော်ခြင်း၏ အကျိုးကို ပသေနဒီ ကောသလမင်းကြီးအား ဟောကြားလိုရကား—

၄၂-၅၆။ ဒကာတော် မင်းကြီး၊ ငယ်သည် ဖြစ်စေ၊ ကြီးသည် ဖြစ်စေ၊ မြေညက် စသည်ဖြင့် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များကို ကိုယ်တိုင် ထုလုပ်ပူဇော် ကိုးကွယ်သူ၊ သူတပါးကို ထုလုပ်စေ၍ ကိုးကွယ်ဘူးသော သူတို့သည် အဆင်းလှခြင်း, ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း, အခြံအရံများခြင်း, စည်းစိမ်ချမ်းသာ များခြင်း, ရဲရင့်ခြင်း, အသက် ရှည်ခြင်း, အနာရောဂါ ကင်းခြင်း, ဘေးရန် အန္တရာယ်တို့ ကင်းဝေးခြင်း စသော အကျိုးတို့ကို ရရှိနိုင်ပေသည်။ ဒကာတော် မင်းကြီး ဗုဒ္ဓရုပ်ပွါးတော်ကို ထုလုပ်ကိုးကွယ်သော သူသည် အပါယ်ဆင်းရဲတို့၌ မကျရောက်ရဘဲ လူ့ပြည်နတ်ပြည်တို့၌သာ ဖြစ်ရပေသည်၊ လူဖြစ်လျှင် ဆင်းရဲသော အမျိုး၌ မဖြစ်ရမူ၍ မင်းမျိုး ပုဏ္ဏားမျိုး၌သာ ဖြစ်ရပြီးလျှင် ဥစ္စာရွှေငွေ အထွေထွေ ပေါကြွယ်ဝလျက် ကျွန်မိန်းမ ကျွန်ယောကျ်ား အခြွေအရံများစွာတို့နှင့် ပြည့်စုံစွာ ဖြစ်ရပေသည်။ ထိုသူကို အခြားလူအပေါင်းတို့သည် မြတ်နိုးကြ၊ ပူဇော်ကြ စောင့်ရှောက်ကြရ ကုန်၏။ ထိုသူသည် နတ်ပြည်၌ ဖြစ်သော အခါတွင်လည်း နတ်သမီးအပေါင်း ခြံရံလျက် နတ်တူရိယာ အမျိုးမျိုးဖြင့် ခံစားပြီးလျှင် အဆုံးဘဝ၌ နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းရပေသည်ဟု မိန့်တော်မူ၏။

ဤသို့ မိန့်ဆိုပြီးနောက် ကျောင်းကောင်းမှု အမျိုးမျိုး၏ အကျိုးကို ဟောကြားတော် မူလိုရကား—

(၅၇-၆၁။ အထက်ပါအတိုင်း အကျိုးတရားတို့ကို မိန့်ကြား၏။)

ဇာတ်တော် ပေါင်းခဏ်း

ဤသို့လျှင် ပသေနဒီ ကောသလမင်းအား ဟောကြား ပြီးနောက် ဒကာတော် မင်းကြီး ရှေးအခါကလည်း ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်ကို ကိုးကွယ် ပူဇော်ခြင်းသည် အမျိုးမျိုးသော စည်းစိမ်ချမ်းသာတို့ကို ပေးတတ်၏ဟု ဇာတ်ကို ပေါင်းလိုရကား—

၆၂-၆၇။ ထိုအခါ ဝစုနကုန်သည်၏ မိခင်ဖခင်တို့သည် ယခုအခါ ငါဘုရား၏ မယ်တော် ခမည်းတော် ဖြစ်လာ၏၊ ကလျာဏီ မိဖုရားသည် ယသော်ရော၊ ဝစုနကုန်သည်၏ သားသည် ရာဟုလာ၊ မြေညက်ကို ယူဆောင်ပေးသော တမန်ယောကျ်ားသည် အာနန္ဒာ၊ နဂါးမင်းသည် ရှင်မောဂ္ဂလာန်၊ သိကြားမင်းသည် အရှင်အနုရုဒ္ဓါ၊ မဏိမေခလာ နတ်သမီးသည် မဟာပဇာပတိ ဂေါတမီ၊ ဝစုန၏ ပရိသတ်တို့ဘည် ငါဘုရား၏ ပရိသတ်တို့ ဖြစ်၍၊ ဘုရားလောင်းဝစုနကုန်သည် သည်ကား ယခုအခါ ငါဘုရား ဖြစ်လာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ။

လေးခုမြောက် ဝစုနဇာတ် ပြီး၏။

---

# ၅- အကတညုဇာတ်

[ငါးများ၏ အသက်မွေးရသော ဘဝမှ မင်းအဖြစ်ရောက်အောင် ပြုလုပ်ပေးသော ကျီး၏ကျေးဇူးကိုမသိဘဲ မင်းစည်းစိမ်ယစ်မူးသော ငါးမျှားယောကျ်ားသည် မင်းစည်းစိမ်မှ ကျလျော၍ ဆင်းရဲစွာ နေရကြောင်းကို ပြဆိုသော ကျေးဇူးမသိတတ်သူ ဝတ္ထု]

မြတ်စွာဘုရားသည် အကတညုနော ပေါသာ အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ခြင်း၍ ဆိုဦးအံ့၊ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ မဏ္ဍပ်သဘင်၌ စုဝေးကြကုန်လျက် "ငါ့ရှင်တို့ ဒေဝဒတ်သည် သူ့ကျေးဇူးကို မသိတတ်သူတယောက် ဖြစ်ပေသည်၊ မြတ်စွာဘုရား၏သာသနာတော်၌ ရဟန်းပြုလျှင် မြတ်စွာဘုရား၏ အဆုံးအမ၌တည်၍ ပုထုဇဉ်အဖြစ်ဖြင့်ပင် သမာပတ်ရှစ်ပါး ဇာန်ခိုးဣဒ္ဓိပါဒ်များကို ရခဲ့ပါလျက် မြတ်စွာဘုရားအား ပြစ်မှားသဖြင့် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရပေ၏"ဟု

ဒေဝဒတ်၏ ကျေးဇူးမဲ့စကားကို ပြောဆိုနေကြကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတော်များထံ ကြွရောက်လာလျက် "ရဟန်းတို့ ယခု ငါဘုရားကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုစည်းဝေးနေကြသနည်း" ဟု မေးတော်မူလေရာ ဤမည်သောစကားကို ပြောဆိုစည်းဝေးနေကြပါကြောင်း ရဟန်းတော်များက လျှောက်ထားကြလေ၏၊ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ဒေဝဒတ်သည် ယခုမှသာသူတပါး ကျေးဇူးကိုမသိသည်မဟုတ်သေး၊ ရှေးအခါကလည်း သူတပါးက ကျေးဇူးပြုသောကြောင့် ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာကို ရောက်ရှိခံစားရသော်လည်း နောင်အခါ၌ သူတပါးကျေးဇူးကို မသိသောကြောင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ရဘူးလေပြီဟု မိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူလေ၏၊ ထိုအခါ ရဟန်းတော်တို့သည် တောင်းပန်လျှောက်ထား သောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဇာတ်တော်

ရဟန်းတို့ လွန်လေပြီးသောအခါ မဟာသမုဒ္ဒရာမြစ်ကမ်း၌ ဝေဒေဒီပကမင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ထိုမြို့၌ရက္ခစိုးနတ်ဖြစ်လေသည်၊ယင်းမြို့တော်၌ ကျွဲကိုယ်လုံးလောက်ပမာဏရှိသော ကျီးတကောင်ရှိလေသည်၊ထိုကျီးသည် ရှေးကဤမြို့၌ အစဉ်အဆက် မင်းလုပ်အုပ်ချုပ်သွားကြသောမင်း, အမတ်, ဆင်မြင်း စစ်သည်ဗိုလ်ပါ စသည်တို့၏ အမည်တို့ကို အားလုံးသိလေ၏၊ ထိုအခါ မင်းသည် ခုနစ်ရက်မြောက်သောနေ့တွင် နတ်ရွာစံလေ၏၊ မင်း၏မှူးမတ်တို့သည် ဘုရင်မင်းမြတ်၏အလောင်းကို တလမျှထား၍ သင်္ဂြိုဟ်ရန်စည်းဝေးတိုင်ပင်ကြကုန်၏၊ ထိုအချိန်၌ ကျွဲပေါက်ပမာဏမျှကိုယ်လုံးရှိသော ကျီးတကောင်သည် ခန္ဓာကိုယ် ကြီးသည်နှင့်အမျှ အစားအစာမျှတအောင် ရှာဖွေစားသောက်ရန် ခဲယဉ်းလျက် ရှိလေရာ မြို့ရွာနိဂုံး ဇနပုဒ်ပါမကျန် လှည့်လည်ပျံသန်းသွားလာလျက် အစာရှာရလေ၏၊ ထိုအချိန်၌ ဆင်းရဲသားတယောက်သည် နေ့စဉ်နံနက်စောစော ထ၍ မြစ်ဆိပ်သို့သွားပြီးလျှင် ငါးများရှာရသောငါးတို့ကို ရောင်းချအသက်မွေးလေ၏၊ ကျီးသည် အစာရှာထွက်သောအခါ ထိုသူဆင်းရဲယောကျ်ားကို

တွေ့မြင်သဖြင့် ထိုသူဆင်းရဲထံ ချဉ်းကပ်လျက် "အို ယောကျာ်း သင်သည် လူသားဖြစ်လျက် မိမိ၏တဝမ်းတခါး အသက်မွေး ဝမ်းကျောင်းအတွက် ဆင်းရဲပင်ပန်းစွာ ရှာဖွေစားသောက်ရပေသည် ငါသည်လည်း ခန္ဓာကိုယ်ကြီးသောကြောင့် ငါ့ဝမ်းပြည့်အောင် ဆင်းရဲပင်ပန်းစွာ အစာရှာဖွေနေရသည်၊ သို့ဖြစ်၍ သင့်အား ပြည့်စုံကြွယ်ဝချမ်းသာအောင် ငါပြုလုပ်ပေးမည်၊ သင်သည်စည်းစိမ်ဥစ္စာပြည့်စုံကြွယ်ဝ ချမ်းသာလာသောအခါ ငါ့အား အစာအာဟာရ ဝစွာကျွေးမည်လော" ဟု မေးလေသည်၊ ထိုအခါ ငါးမျှားနေသူက အဆွေကျီး သင်သည်အကယ်၍ ငါ့အားချမ်းသာ ကြွယ်ဝအောင် ပြုလုပ်ပေးပါကငါသည် သင့်အာ အစာအာဟာရကို ဝစွာကျွေးမွေးပါမည်ဟု ဝန်ခံစကား ပြောကြားလေသည်၊ ထိုအခါ ကျီးက—

(ကျီး) အဆွေ ငါးမျှားယောကျာ်း ငါနေသော ဝေဠဒီပက နိုင်ငံက ဘုရင်မင်းမြတ်သည် ကွယ်လွန်အနိစ္စရောက်သွားပြီ၊ ငါသည် သင့်အား ဝေဠဒီပကနိုင်ငံကို ပိုင်ဆိုင်စိုးမိုးသော မင်းအဖြစ်သို့ ရောက်အောင် ပြုလုပ်ပေးမည်၊ ရှင်ဘုရင်ဖြစ်လျှင် သင်သည် ငါ့အား အဘယ်သို့ကျေးဇူးဆပ်မည်နည်း။

(ငါးမျှားယောကျာ်း) အဆွေကျီး ငါသည် အကယ်၍မင်းဖြစ်ပါလျှင် သင့်အား နေ့စဉ် ကျွဲတကောင်ကိုသတ်၍ ရသောအသားနှင့် အနံ့အရသာနှင့်ပြည့်စုံသော သလေးထမင်းကို ကျွေးမွေးပါမည်။

(ကျီး) သင်တို့လူသား မည်သည်ကား စကားလည်း များများပြောသည်၊ ပြောသမျှမှာလည်း မမှန်သည်ကများသည်၊ သူတပါး၏ ကျေးဇူးတရားကိုလည်း မသိတတ်သည်ကများသည်။

(ငါးမျှားယောကျာ်း) ငါသည် သစ္စာပြုပါမည်၊ ငါ့အားရှင်ဘုရင်သာဖြစ်အောင် ပြုလုပ်ပေးပါက သင့်အား မမေ့မလျော့ဘဲ ကျေးဇူးဆပ်ပါမည်။

## ငါးမျှားယောကျာ်းအား ကျီးကသင်ပေးခြင်း

ကျီးသည် နှစ်ကြိမ်သုံးကြိမ်မျှ သစ္စာအတိုင်း ကျေးဇူးမမေ့ရန် ပြောဆိုသောအခါ ငါးမျှားယောကျာ်းကလည်း နှစ်ကြိမ်သုံးကြိမ်မျှ ကျေးဇူး

မမေ့ဘဲ ကျေးဇူးဆပ်ပါမည့်အကြောင်းကို ပြောဆိုဝန်ခံသောကြောင့် ကျီးသည် ယုံကြည်သွားလေသည်၊ ထိုနောက် ကျီးက သင်သည် သင်ပြောထားသော သစ္စာစကားအတိုင်း ကျေးဇူးဆပ်မည် ဆိုပါက ငါသည် သင့်အား ရှင်ဘုရင်ဖြစ်အောင်ပြုလုပ်ပေးမည်၊ ငါပြောသည့်အတိုင်းသာ လိုက်နာပြုလုပ်ပါလော့၊ သင်သည် ငါ၏ကျောကုန်းပေါ်မှနေ၍ ဝေဒေဟိပကနိုင်ငံသို့ လိုက်ခဲ့လော့၊ သေသွားသော ဝေဒေဟိပကမင်း၏ မယား သားသမီးနှင့် အိမ်ရှေ့မင်း မှူးမတ်သေနာပတိ မောင်းမမိဿံ ခြွေရံပရိသတ်တို့၏ အမည်တို့ကို မှတ်သားထားပါလော့ဟု ပြောဆိုသွန်သင်ပေးလေ၏။

ထိုနောက် ကျီးက ဘုရင်မင်းမြတ်၏အလောင်းကို ဖွင့်၍ လူသေကောင်ကိုငါ၏နှုတ်သီးဖြင့် ချီယူသယ်ဆောင်သွားမည်၊ သင်သည်ထိုအခေါင်းတွင်း၌ ဘုရင့်အစား ဝင်၍အိပ်နေပါလော၊ ထိုအခါတွင်မင်း၏ အခြွေအရံများသည် အံ့အားသင့်စွာဖြင့် သင့်ထံ လာကြလိမ့်မည် သင်သည် မင်းချင်းယောကျ်ားတို့အား "ငါသည် သင်တို့၏မင်းဖြစ်သည် ငါသေသွားပြီးနောက် နတ်ပြည်သို့ရောက်သွားသည် နတ်ပြည်ရောက်သွားသောအခါ နတ်ပြည်တွင် ရောက်နှင့်နေသော ငါ၏မယ်တော်ခမည်းတော်များက ဝေဒေဟိပကနိုင်ငံတွင် မင်းဆက်ဆိတ်သုဉ်း ပြတ်လပ်သွားမည်ဖြစ်သောကြောင့် လူ့ပြည်သို့ ပြန်သွားရန် ပြောသဖြင့် ပြန်လာခြင်းဖြစ်ကြောင်း၊ သို့ရာတွင် သေလွန်ခဲ့ပြီးဖြစ်၍ မူလခန္ဓာကိုယ်အသွင်ဖြင့် လာ၍မရကြောင်း ကိုယ်ခန္ဓာ ပြောင်းလဲပြီးလာမှ အသက်ရှည်မည်ဖြစ်၍ ကိုယ်ခန္ဓာပြောင်းလဲ၍ လာခြင်း ဖြစ်ကြောင်းတို့ကို ပြောဆိုလော့ဟု သွန်သင်မှာထား ပြောကြားလေ၏၊ ကျီးသည် ငါးများယောကျ်ားအား အထက်ပါအတိုင်း ပြောဆိုသင်ကြားပြီးနောက် ငါးများယောကျ်ားအား သူ၏ကျောပေါ်သို့ တင်ဆောင် ခေါ်ယူသွားပြီးလျှင်ဝေဒေဟိပကနိုင်ငံဘုရင့်အလောင်းထားရာအနီးတွင်ချပေးလေ၏၊

ထိုနောက် ညသန်းခေါင် မင်းချင်းယောကျ်ားများ အိပ်ပျော်နေချိန်တွင် ငါးများယောကျ်ားအား အခေါင်းကိုဖွင့်စေပြီးလျှင် ဘုရင့်အလောင်းကို နှုတ်သီးဖြင့် ကိုက်ချီယူဆောင်သွားလေ၏၊ ထိုအခါ ငါးများ ယောကျ်ားသည် အခေါင်းတွင်းသို့ဝင်၍ အိပ်နေပြီးလျှင် မင်းချင်းယောကျ်ား

များ လာရောက်သောအခါ ကြီးသင်ပြထားသည့်အတိုင်း ဆက်လက်၍ ပြောကြားလေ၏၊ ထိုအခါ မင်းချင်းယောကျ်ားများနှင့် တိုင်းသူပြည်သား မှူးမတ်အများတို့သည် ယုံကြည်ကြသဖြင့် ငါးများယောကျ်ားအား မင်းအဖြစ် တင်မြှောက်ကြကုန်၏၊ ငါးများယောကျ်ားသည် မင်းအဖြစ်သို့ ရောက်သောအခါ ကြီးအား ထားခဲ့သော ဂတိသစ္စာအတိုင်း နေ့စဉ် ကျဲ တကောင်ကို သတ်၍ အသားကိုချက်ပြီးလျှင် သလေးထမင်းနှင့်အတူ ကျွေးမွေးလေ၏၊ ထိုသို့ တလမျှကျွေးမွေးပြီးနောက် ငါးများယောကျ်ားသည် မင်းစည်းစိမ်ယစ်မူးလာသဖြင့် တလကျော်လောက် ရှိသောအခါတွင် ကြီးကို မကျွေးဘဲ ခွေး ကြက် စသည်တို့ကိုသတ်၍ ချက်ပြုတ်ကျွေးလေ၏၊ ထို နောက်တွင် မင်းစည်းစိမ်တွင် အလွန်အကျွံ ယစ်မူးလာသဖြင့် ကြီးကို နေ့ စဉ် မှန်မှန်ကျွေးမွေးရမည့် တာဝန်ဝတ်တရားကို သတိမရတော့ဘဲ မင်းချင်း ယောကျ်ားများအား လွှဲအပ်လျက် ဤကြီးကို အစာကျွေးရန် ပြောဆိုမှာ ထားပြီး မိမိမှုကား မင်းစည်းစိမ်တွင် ယစ်မူးလျက် ရှိလေ၏။

ထိုအခါတွင် ကြီးမှာ စားရတလှည့် မစားရတလှည့်ဖြင့် နေ့စဉ် မဝတခါ ဝတခါဖြင့်သာ နေရလေ၏၊ တခါတရံ လုံးဝမစားရသော နေ့များလည်း အတော်များများ ရှိလာခဲ့လေသည်၊ ငါးများယောကျ်ားမင်းသည် အခြံ အရံတို့နှင့် ပျော်ပါးခြင်း အရက်သေစာ သောက်စားအချိန်ကုန်ခြင်း တို့ ကြောင့် ကြီး၏ကျေးဇူးများကို သတိမရတော့ဘဲ ရှိရုံသာမက လွှဲအပ်ထား သော မင်းချင်းယောကျ်ားများကလည်း ကြီးကို လုံးဝဂရုမစိုက် သတိမရဘဲ ရှိနေကြ၏။

## မင်းမိုက်အား ကြီးဆုံးမပြီ

ထိုအခါတွင်ကြီးသည် စဉ်းစားလာ၏၊ ဤယုတ်မာသော ယောကျ်ား သည် ကျေးဇူးတရားကိုမသိတတ် ငါ့ကိုမှီ၍ ငါပြုလုပ်ပေးသောကြောင့် ဤမျှကြီးကျယ်များပြားသော စည်းစိမ်တို့ကို ရရှိလာပါလျက် ငါ့ကို မှန် မှန် ကန်ကန် မကျွေးမွေးမစောင့်ရှောက် ကျေးဇူးရှင်အား ပြုစု လုပ်ကျွေး စောင့်ရှောက်ရမည့် ဝတ်တရားပျက်ကွက်ချေသည်၊ သို့ဖြစ်၍ ဤယုတ်မာ သော သူကို ဤမင်းစည်းစိမ်ချမ်းသာတ်မှ ရွှေလျောပျောက်ကွယ် စေတော့

အံ့ ဟု ကြံစည်စဉ်းစားလေ၏၊ ထိုနောက် တနေ့သောအခါ ကျီးသည် ငါးမျှားယောကျ်ားမင်းထံ ချဉ်းကပ်၍ "မြတ်သောမင်းကြီး ဤအမည်ရှိသောနိုင်ငံ၌ မင်းသည် နတ်ရွာစံသွားလေပြီ၊ ထိုတိုင်းပြည်၌ စည်းစိမ်ချမ်းသာတို့သည် ဤတိုင်းပြည်ထက် အဆအရာအထောင်မက ကြွယ်ဝများပြား၏၊ ထိုတိုင်းပြည်၌သင့်အား မင်းအဖြစ်ရရှိစေရန် ပြုလုပ်ပေးပါအံ့"ဟု ပြောဆိုလေ၏၊ ကျီး၏စကားကိုကြားသောအခါ စည်းစိမ် ချမ်းသာတို့၌ မက်မောခင်မင်သောငါးမျှားယောကျ်ားမင်းသည် အလွန်တရာဝမ်းမြောက်သဘောကျသဖြင့် ကျီး၏စကားကို လက်ခံသဘောတူလိုက်လေ၏၊ ထိုအခါ ကျီးက သို့ဖြစ်လျှင် ငါ၏ကျောပေါ်သို့တက်ပါလော့၊ စည်းစိမ်ချမ်းသာပို၍များသော နိုင်ငံသို့ သင့်အားတင်ဆောင် ခေါ်ယူသွားပါအံ့ ဟု ဆိုကာ ငါးမျှားယောကျ်ားမင်းအား မိမိကျောပေါ်သို့ တက်စေကာ ကောင်းကင်ခရီးဖြင့် ပျံသန်းတင်ဆောင်လျက် ငါးမျှားယောကျ်ားနှင့် မူလ တွေ့ခဲ့ကြသော မြစ်ကမ်းနား ငါးမျှားရာဌာနသို့ ခေါ်ဆောင်သွားလေ၏။

ထို နေရာသို့ ရောက်သော အခါ ကျီးက ငါးမျှားသမား မင်းအား "အို ယုတ်မာသော ယောကျ်ား သင်သည် ရှေးအခါက ဤ နေရာတွင် ဆင်းရဲစွာ အသက်မွေး နေခဲ့ရသည်၊ သင်၏ဆင်းရဲနွမ်းပါးသော အခြေအနေကို မြင်ရသဖြင့် သနားသောကြောင့် စည်းစိမ်ချမ်းသာ များပြားသောမင်း အဖြစ်သို့ရောက်အောင် ပို့ဆောင် ပြုလုပ်ပေးခဲ့သည်၊ သို့သော် သင်သည်ကား ငါ၏ ကျေးဇူးကို မသိတတ် ငါ့ကို ဝမ်းဝအောင် မကျွေးမွေး မပြုစု၊ မင်းစည်းစိမ်၌သာ ယစ်မူးပျော်ပါး၍ နေဘိသည်၊ သို့ဖြစ်၍ သင်ကဲ့သို့သော ကျေးဇူးမသိတတ်သူ ကတိသစ္စာ မတည်သူသည် စည်းစိမ်ချမ်းသာများနှင့် မထိုက်တန်၊ သင်နှင့် ထိုက်တန်သော ဤနေရာ၌သာ ငါးမျှာတံ လက်စွဲ၍ အသက် မွေးပေတော့"ဟု ပြောဆို ထားရစ်ခဲ့ကာ ကျီးသည် ကောင်းကင်သို့ ပျံတက်သွားလေတော့၏။

## ပျက်စီးကြောင်းနှင့် ကြီးပွါးချမ်းသာကြောင်း ၁၀ ပါး

မြတ်စွာဘုရားသည် ဤအဖြစ်အပျက် အတိတ် ဇာတ်လမ်းကို ဟောကြားတော် မူပြီးနောက် ရဟန်းတို့ ၁-သီလ မရှိခြင်း၊ ၂-ပညာ မရှိခြင်း၊

၃-ယုတ်မာသော စိတ်ထားရှိခြင်း၊ ၄ သူတပါး၏ ကျေးဇူးကို မသိတတ်ခြင်း၊ ၅-မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်း၊ ၆-သနားကြင်နာ ကိုယ်ချင်းစာတရား ကင်းခြင်း၊ ၇ ချစ်ခင်မြတ်နိုးတတ်မှု မေတ္တာတရား ခေါင်းပါးခြင်း၊ ၈-နူးညံ့ သိမ်မွေ့သောစိတ်ထား မရှိဘဲ စိတ်ထား ခက်ထန် ကြမ်းတမ်းခြင်း၊ ၉-အနိုင်အထက် နှိပ်စက် ညှဉ်းပန်းတတ်ခြင်း၊ ၁၀-ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့ခြင်း ဟူသော ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော သူသည် ယခု ပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလ၌ သူတပါးတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရလျက် မကြာမီအတွင်း ပျက်စီးခြင်းသို့ ရောက်ရပြီးလျှင် တမလွန် ဘဝ၌လည်း အပါယ်ငရဲသို့ ကျရောက်ရ၏။ ထိုမှ အပြန်အားဖြင့် ၁-သီလ ရှိခြင်း၊ ၂-ပညာ ရှိခြင်း၊ ၃ စိတ်ထား မြင့်မြတ်ခြင်း၊ ၄-သူတပါး၏ ကျေးဇူးကို သိတတ်ခြင်း၊ ၅-မှန်ကန်သော စကားကိုသာ ပြောဆိုတတ်ခြင်း၊ ၆-သနားကြင်နာ ကိုယ်ချင်းစာတရား ရှိခြင်း၊ ၇-ချစ်ခင်မြတ်နိုးတတ်မှု မေတ္တာတရား ရှိခြင်း၊ ၈ စိတ်ထား နူးညံ့သိမ်မွေ့ခြင်း၊ ၉ အနိုင်အထက်, နှိပ်စက်ညှဉ်းပန်းမှု မရှိခြင်း၊ ၁၀-ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း ဟူသော ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော သူသည်ကား ပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလ၌ သူတပါးတို့၏ ချီးမွမ်းခြင်းကို ခံရလျက် စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရပြီးလျှင် နောင်တမလွန် ဘဝ၌လည်း ကောင်းသော သူတို့၏ လားရောက်ရာ နတ်ပြည်သို့ ရောက်ရလေ၏ဟု မိန့်တော်မူ၏။ (၁-၄။ ဤ ၁၀-ပါးကိုပင် ဂါထာ ဖွဲ့ဆိုထား၏။)

## ဇာတ်ပေါင်းသော်

မြတ်စွာသုရားသည် ဤတရားဒေသနာကို ဆောင်တော်မူလျက် ရဟန်းတို့ ဒေဝဒတ်သည် ယခုမှသာ သူတပါးကျေးဇူးကို မသိတတ်သဖြင့် ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်ဟု ဇာတ်ကို ပေါင်းတော်မူလိုရကား—

၅-၆။ ကျေးဇူး မသိတတ်သော ငါးမျှား ယောက်ျားသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၍ ကျီးသည် အာနန္ဒာသတ် ဖြစ်လာသည်၊ သစ်ပင်စောင့် နတ်သည်ကား ငါဘုရား ဖြစ်လာသည်ဟု ဇာတ်ကို ပေါင်းတော်မူ၏။ ။

ငါးခုမြောက် အကတညုဇာတ် ပြီး၏။

# ၆-ဒုကမ္မရာဇဇာတ်

[သုံးလင်ကွာပြီးသော မိန်းမကို မယားမပြုလင့်၊ သုံးကြိမ် လူထွက် ဘူးသော ရဟန်း လူထွက်ကို အပေါင်းအသင်း မပြုလင့်၊ မစူးမစမ်း ပြုလုပ်တတ်သော မင်း၏နိုင်ငံတွင် မနေလင့်ဟု ဘခင်သေခါနီး မှာသွားသော စကားသုံး ခွန်းကို လက်တွေ့စမ်းသပ်သော ဒုကမ္မ သတို့သား ဝတ္ထု။]

မြတ်စွာဘုရားသည် ကုဒေသဥ္စ အစချီသော တရားဒေသနာ တော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဘခင်၏ ဆုံးမစကားကို လိုက်နာသော ယောကျ်ား တယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထု သည် ဩဝါဒဇာတ်၌ ထင်ရှားလတ္တံ့။

## လွန်လေပြီးသော အခါက ဇာတ်တော်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုတော်မူ၏ ထိုအခါ သူကြွယ်တယောက်သည် ဒုကမ္မမည်သော သားကိုရ၍ သေခါနီး အခါ၌ "ချစ်စွာသော သား သင်သည် သုံးလင်ကွာ ပြီးသော မိန်းမကို မယား မပြုလင့်၊ သုံးကြိမ် လူထွက်ဘူးသော ရဟန်းလူထွက်ကို အပေါင်း အသင်း မပြုလင့်၊ မစူးမစမ်း ပြုဘတ်သော မင်း၏ နိုင်ငံတွင် မနေလင့်"ဟု ဆုံးမစကား မှာကြား ပြောဆိုပြီးနောက် ကွယ်လွန် သွားလေ၏၊ ဒုကမ္မ သတို့သားသည် ဘခင်သေခါနီး မှာကြားသွားသော စကားများကို စမ်း သပ် ကြည့်လိုသည်၊ သုံးလင်ကွာပြီးသော မိန်းမကို မယားပြုလျှင် အဘယ် သို့ ဖြစ်မည်နည်း၊ သုံးကြိမ် လူထွက်ဘူးသော ရဟန်းလူထွက်ကို အပေါင်း အသင်းပြုလျှင် အသို့ ဖြစ်မည်နည်း သိချင်နေသည်၊ ထို့ကြောင့် သုံးလင် ကွာပြီးသော မိန်းမကို ရှာဖွေ၍ ယူလိုက်ပြီးလျှင် သုံးကြိမ် လူထွက်ဘူး သော ရဟန်းလူထွက်ကို ရှာဖွေ၍ မိတ်ဆွေ ဖွဲ့လေသည်၊ ထိုအခါမှ စ၍ ဒုကမ္မသည် စမ်းသပ်ရန် ကြံစည်နေရာ တနေ့သော အခါ ဒုကမ္မသည် ရေကန်တွင် ကျက်စား သွားလာနေသော ရှင်ဘုရင် မြတ်နိုးသော ရွှေ ဟင်္သာကို ဖမ်းယူပြီးလျှင် ခြုံတခုအတွင်း၌ တွင်းတူး၍ အစာများ ကျွေး

မွေးလျက် ဝှက်ထားခဲ့ပြီး နောက် အခြား အသားတခုကို ယူ၍ ဟင်းချက် ထားလေ၏။

မယားလာသောအခါ ဟင်းများကို ထည့်ပေးလေရာ ဤအသားဟင်း များကို အဘယ်မှ ရသနည်းဟု မယားကမေးလေလျှင် "ဘုရင့်ရွှေဟင်္သာ ကိုသတ်၍ ချက်ထားခြင်းဖြစ်သည်၊ အခြား မည်သူ့ကိုမျှ မပြောပါနှင့်"ဟု ပြောဆိုလေ၏၊ မကြာမီအတွင်းမှာပင် တမြို့လုံး အုတ်အုတ်ကျက်ကျက် တခဲ နက် ဆူပွက်လေတော့သည်၊ ဘုရင့်ရွှေဟင်္သာပျောက်၍ မင်းခယောကျ်ား များသည် တမြို့လုံးအနှံ့ ပိုက်စိတ်တိုက်၍ ရှာဖွေကြသည်၊ သို့ရာတွင် ဘယ် နေရာတွင်မှ တစွန်းတစရှာဖွေ၍ မရကြချေ၊ ထိုအခါ ဘုရင်မင်းမြတ်က မင်းခယောကျ်ားများအား "အကယ်၍ ရွှေဟင်္သာကိုသော်၎င်း၊ ရွှေဟင်္သာ ခိုးသောသူကိုဓ၎င်း၊ ညွှန်ပြနိုင်ပါက ရွှေစင်တထောင်ပေးမည်"ဟု တမြို့ လုံးသို့ လှည့်လည်ကြေးကျော် မောင်းကြေးနှင်း ခတ်စေလေသည်၊ မင်းခ ယောကျ်ားတို့ မောင်းကြေးနှင်းခတ် ကြေးကျော်သံကို ကြားသောအခါ ဒုကမ္မ၏မယားသည် "လင်တယောက်ရဘို့ရန် မခဲယဉ်းချေ၊ လိုချင်လျှင် အလွယ်တကူရနိုင်သည်၊ သို့ရာတွင် ရွှေစင်တထောင်ဆိုသည်ကား အလွန် တရာ ရနိုင်ခဲပေသည်"ဟု စဉ်းစားကာ မောင်းကြေးနှင်းခတ်သော မင်းခ ယောကျ်ားများထံသွား၍ "ဘုရင့်ရွှေဟင်္သာခိုးသူကို မိမိပြောပြနိုင်ကြောင်း မိမိအား ရွှေစင်တထောင်ပေးပါရန်" တာဝန်ယူလိုက်လေ၏။

မင်းခယောကျ်ားများသည် ထိုမိန်းမအား ဘုရင့်ထံသို့ ခေါ်ဆောင် သွားကြလေ၏၊ ရှင်ဘုရင်က စစ်ဆေး မေးမြန်းသောအခါ ထိုမိန်းမသည် "ဘုရင့်ရွှေဟင်္သာကို မိမိလင်ယောကျ်ား ခိုးယူ [illegible]တ်စားလိုက်ပါ[illegible]ကြောင်း" တင်လျှောက်လေ၏၊ မင်းခယောကျ်ားများသည် ထိုမိန်းမပြော[illegible]ည့်အတိုင်း ဒုကမ္မအား ဖမ်းဆီးခေါ်ဆောင်၍ နေဝင်ချိန်တွင် ဘု[illegible]င်ထံ အပ်နှံကြလေ သည်၊ မင်းကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်သဖြင့် ဒုကမ္မ သူကြွယ်အား ယခုချက်ချင်း သုသာန်ထုတ်၍ သတ်ပစ်ရန်အမိန့်ပေးလိုက်၏၊ မင်းခယောကျ်ားများသည် ဒုကမ္မသူကြွယ်အား သုသာန်သို့ ခေါ်ဆောင် ရန် အရှေ့တံခါး မုခ်ဆီကို ရှေ့ရှု ဖမ်းဆီးသွားကြကုန်၏၊ ထိုအချိန်တွင်

သုံးကြိမ်လူထွက်ဘူးသော ဒုကမ္မ၏မိတ်ဆွေက “အို မိတ်ဆွေ သင့်မှာ သေရမည့် အတူတူ မထူးတော့သဖြင့် သင်၏ အဝတ်အထည်ကောင်းများကို ငါ့အားပေးခဲ့ပါလော့”ဟု ပြောဆိုတောင်းယူထားလိုက်လေ၏။

မင်းခယောကျ်ားများသည် ဒုကမ္မအား ဖမ်းဆီး ခေါ်ဆောင်သွားရာ အရှေ့တံခါးသို့ရောက်သောအခါ တံခါးမှူးအား တံခါးအဖွင့်ခိုင်းလေ၏၊ တံခါးမှူးက တံခါး ဖွင့်မပေးချေ၊ ခုအချိန်သည် တံခါးဖွင့်ပေးရန် အချိန်မဟုတ်သောကြောင့် ဖွင့်မပေးနိုင်ဟု ငြင်းဆိုနေလေ၏၊ မင်းခယောကျ်ားအာဏာသားတို့က ဘုရင့်အမိန့်အရ လူသတ်ရန်ကိစ္စရှိသဖြင့် ဟံခါးဖွင့်ပေးရန် ထပ်မံပြောကြပြန်၏၊ ထိုအခါ တံခါးမှူးက ရှေးအခါကမင်းများသည် ညအခါတွင် ရာဇဝတ်သားတယောက်ကို သတ်ဖြတ်သုတ်သင်ရိုး ထုံးစံမရှိပါ၊ မစူးမစမ်းမဆင်မခြင်ပြုလုပ်ပါလျှင် မြွေပါလည်းဆုံး သားလည်းဆုံးသော လင်မယားကဲ့သို့ နောင်တ တဖန် ပူပန်ရတတ်သည်ဟု ဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

## မြွေပါလည်းဆုံး သားလည်းဆုံး

ရှေးအခါက လင့်မယားနှစ်ယောက်သည် မိမိတို့၏ သားငယ်ကစားရန် မြွေပါတကောင်ကို မွေးထား၏၊ တနေ့သောအခါ လင်မယား နှစ်ယောက်တို့သည် သားငယ်နှင့် မြွေပါကို ထားခဲ့ပြီး သယ်ထဲသို့ ထွက်ခွါသွားကြလေ၏၊ ထိုအခါတွင် မြွေတကောင် ရောက်လာပြီး ကလေးကိုကိုက်သတ်လိုက်သည်၊ မြွေပါသည် သူ့အရှင်ကလေးကို ကိုက်သတ်ရပါမည်လောဟု ယင်းမြွေကို လိုက်လံကိုက်သတ်ပြီး အရှင်သခင်များ ပြန်လာမည့်လမ်းကို စောင့်မျှော်နေလေ၏၊ လင်မယားနှစ်ယောက်တို့ ပြန်လာသောအခါ သားကလေးသေနေသည်ကို တွေ့သဖြင့် “ဤမြွေပါသည် ငါတို့၏သားကလေးကို ကိုက်သတ်လေပြီ”ဟု ယူဆကာ မိမိတို့မွေးထားသော မြွေပါကို ရိုက်သတ်လိုက်လေ၏၊ ထို့နောက် မြွေပါအား ရိုက်သတ်လိုက်သော နေရာအနီးတွင် အခြားမြွေတကောင် သေနေသည်ကို တွေ့ရသောအခါ “ဤမြွေသည် ငါတို့သားကို ကိုက်သတ်သဖြင့် မြွေပါကဤမြွေကို လိုက်လံကိုက်သတ်ခြင်းဖြစ်မည်”ဟု သိရှိကာ မြွေပါကိုရိုက်သတ်မိသဖြင့် ယူကြုံးမရဖြစ်

လျက် ငိုကြွေးမြည်တမ်းကြကာ နောင်တ ရကြကုန်၏၊ ဤသို့ဖြစ်ခဲ့ဘူးသော အကြောင်းများကြောင့် တံခါးကို ဖွင့်မပေးနိုင်ပါ၊ အခြားတံခါးသို့သာ သွားကြပါဟု တံခါးမှူးက ပြောကြားလေသည်။

## သမီးလည်းဆုံး ခွေးလည်းဆုံး

ထိုနောက် မင်းခယောကျ်ားအာဏာသားတို့သည် တောင်ဘက်တံခါး ပေါက်သို့ သွားရောက်ကြပြီးလျှင် တံခါးမှူးအား တံခါးဖွင့်ပေးရန် ပြော ဆိုကြပြန်၏၊ တောင်တံခါးမှူးကလည်း ညအချိန်မတော်ဖြစ်သောကြောင့် တံခါး ဖွင့်မပေးနိုင်ကြောင်း "ရှေးက မင်းကောင်းမင်းမြတ် တို့သည် ည အခါတွင် ရာဇဝတ်သား တရားခံများကို သတ်ဖြတ်လေ့မရှိပါ၊ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်ပါလျှင် သမီးလည်းဆုံး ခွေးလည်းဆုံး သော ဗြဟ္မဒတ်မင်းကဲ့သို့ နောင်တတဖန် ပူပန်ရတတ်ပါသည်ဟု ဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

ရှေးအခါက ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏၊ ထိုမင်း ၏သမီးတော် တပါးသည် ရေကန်မှာ ရေကစားနေ၏၊ ထိုအခါ ဘုရင်၏ ရန်သူတယောက်သည် ဘုရင့်သမီးတော်ကို သေစေလိုသဖြင့် ရေကန်တနေ ရာတွင် ညောင့်(စူးတံကျင်)ထောင်ထားလေသည် ယင်းသို့ ညောင့်ထောင် ထားသည်ကို မည်သူမျှမသိချေ၊ မင်းသမီး၏ခွေးတကောင်က ထိုအကြောင်း ကို သိလိုက်လေ၏၊ မင်းသမီးရေကစားစဉ် ထိုညောင့်နားသို့ ရောက်သော အခါ ခွေးကဟောင်၍ ထိုအနားသို့မသွားရန် တားမြစ်လေ၏၊ သို့သော် မင်းသမီးသည် ညောင့်ရှိရာသို့ သွားသဖြင့် ခွေးသည်မင်းသမီး၏ အဝတ်ကို ကိုက်၍ ဆွဲလေသည်၊ ထိုအခါ ဗြဟ္မဒတ်မင်းသည် မိမိ၏သမီးကို ခွေးကိုက် သည်ဟု ယူဆကာ ခွေးကိုမြားဖြင့် ခုတ်သတ်လိုက်လေ၏၊ မင်းသမီးသည် လည်း ခွေး၏အစောင့်အယှက်မှ လွတ်၍ ရှေ့သို့ဆက်လက် ရေကစားရာ ညောင့်စူး၍ သေလေ၏၊ ထိုအခါကျမှ ဗြဟ္မဒတ်မင်းသည် စဉ်းစားဆင်ခြင် မိကာ ခွေး၏အပြုအမူကို သိရှိလျက် သမီးလည်းဆုံး ခွေးလည်းဆုံးရသည့် အဖြစ်ကို ယူကြုံးမရ နောင်တတဖန် ပူပန်ရလေ၏၊ ဤအကြောင်းများ ရှိခဲ့သဖြင့် တံခါးဖွင့်မပေးနိုင်ပါ၊ အခြားတံခါးသို့ သွားကြပါဟု တောင် တံခါးမှူးက ပြောလိုက်လေသည်။

## ရသေ့လည်းဆုံး ဘုရင်လည်းဆုံး

ထိုနောက် မင်းခယောကျ်ား အာဏာသားတို့သည် အနောက်တံခါးသို့ သွားကြပြန်ကာ တံခါးမှူးအား တံခါးဖွင့်ခိုင်းကြပြန်၏၊ အနောက်တံခါးမှူးကလည်း ရှေးမင်းများသည် ညအချိန်မတော် ရာဇဝတ်တရားခံကို သတ်ဖြတ်သုတ်သင်ရိုး ထုံးစံမရှိချေ၊ အလျင်အမြန် ဆုံးဖြတ်ခြင်းကြောင့် ရသေ့လည်းဆုံး ရှင်ဘုရင်လည်းဆုံးရသော အဖြစ်မျိုးကြုံတတ်၍ တံခါးဖွင့်မပေးနိုင်ကြောင်း ငြင်းဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

ရှေးအခါက ကာသိတိုင်း တောအုပ်တခုတွင် အကျင့်သီလနှင့် ပြည့်စုံသော ရသေ့တပါးသီတင်းသုံး နေထိုင်လေသည်၊ ထိုအခါ သူခိုးတယောက်သည် သူကြွယ်တဦး၏အိမ်သို့ဝင်၍ ပစ္စည်းဘဏ္ဍာများကို ခိုးလေ၏၊ အိမ်ရှင်များ နိုး၍လိုက်သောအခါ ရသေ့၏ကျောင်းသခ်မ်းတွင် အထုပ်ကိုပစ်ကာ လူလွတ်ထွက်ပြေးလေတော့သည်၊ လူတို့သည် ရသေ့၏ ကျောင်းသခ်မ်းတွင် ဥစ္စာထုပ်ကို တွေ့သဖြင့် ဤရသေ့ပင် ခိုးသူဖြစ်လိမ့်မည်ဟု ယူဆကာ ရသေ့ကို ဖမ်းဆီး၍ ဘုရင်မင်းမြတ်ထံ ပို့ဆောင်ကြကုန်၏၊ ဘုရင်မင်းမြတ်ယည်း စူးစမ်းဆင်ခြင်ခြင်းမရှိဘဲ ရသေ့ကြီးအား ခိုးသူအဖြစ်ဖြင့် ကားစင်တင်သတ်စေဟု အမိန့်ပေးသည့်အတိုင်း အာဏာသားတို့သည် ရသေ့ကြီးအား သတ်ပစ်လိုက်ကြကုန်၏။

သူခိုးလည်း လွတ်ပြီဟူသော အထင်ဖြင့် မြို့တွင်းသို့ပြန်အဝင်တွင် ရသေ့အား ပြစ်မှားမိသောကံကြောင့် မြေမျိုလေ၏၊ ထိုအခါတွင်မှ သူ့အားလာကြည့်နေကြသောမြို့သူမြို့သားတို့အား ရသေ့ကြီးမှာ အပြစ်မရှိကြောင်း သူသာ ခိုးသူဖြစ်ကြောင်း ဖွင့်ဟဝန်ခံသွားလေသည်၊ သို့ရာတွင် အပြစ်မရှိသော ရသေ့ကား ကားစင်တင်၍ ထိုးသတ်ခြင်း ခံလိုက်ရလေပြီ၊ မင်းချင်းယောကျ်ားတို့သည် ထိုအကြောင်းကို မင်းကြီးအား ပြန်ကြားလျှောက်တင်ကြကုန်၏၊ ထိုအခိုက်တွင် မဟာပထဝီမြေကြီးသည် နှစ်ခြမ်းကွဲလျက် ပလ္လင်နှင့်တကွ မင်းကြီးအား မျိုလိုက်လေသည်။ ဤသို့ မစူးမစမ်းပြုလုပ်သဖြင့် ရသေ့လည်းဆုံး ဘုရင်လည်းဆုံးသော အဖြစ်မျိုးရှိခဲ့သောကြောင့်

တံခါးကို မဖွင့်ပေးနိုင်ပါ၊ အခြားတံခါးသို့သွားကြပါဟု အနောက်တံခါးမှူးက ငြင်းပယ်လိုက်လေသည်။

## အပြစ်မရှိသော အမတ်ကြီးနှင့် သာမန္တမင်း

ထိုအခါ မင်းခယောကျ်ားအာဇာနာသားတို့သည် မြောက်တံခါးသို့သွားကာ တံခါးဖွင့်ခိုင်းကြပြန်သည်၊ မြောက်တံခါးမှူးကလည်း "ရှေးမင်းများသည် ညအချိန်မတော်တွင် ရာဇဝတ်သားများကို သတ်ဖြတ်စီရင်ရိုးထုံးစံမရှိပါ၊ သို့ဖြစ်၍ တံခါးဖွင့်မပေးနိုင်ပါ၊ အကယ်၍ မစူးစမ်းမဆင်ခြင်ဘဲ ပြုလုပ်ပါလျှင် အပြစ်မရှိသော အမတ်ကြီးအား သတ်ဖြတ်မိသဖြင့် နောင်တရသော သာမန္တမင်းကဲ့သို့ ဖြစ်လိမ့်မည်ဟု ဆိုကာ ထိုအကြောင်းကို ပြောကြားလေသည်။

ရှေးအခါက မဒ္ဒနိုင်ငံတွင် သာမန္တမင်း မင်းပြုသည်၊ ထိုမင်း၏ မိဖုရားကြီးကား ကာမဂုဏ်၌ အလွန် အားကြီးသည် ကာမရာဂတွင် အာသာဆန္ဒ ပြင်းပြလှသည်၊ တနေ့တွင် မင်းကြီးသည် အရေးကြီးသော ကိစ္စတခုဖြင့် မြို့ပြင်ဇနပုဒ်များသို့ လှည့်လည်ရန် သွားလေသည်၊ ရက်အနည်းငယ်ကြာမည် ဖြစ်သောကြောင့် မိဖုရားကြီးကို စောင့်ရှောက်ရန် အမတ်ကြီးလေးဦးအား မှာထားခဲ့သည်၊ မိဖုရားကြီးသည် အမတ်ကြီး သုံးဦးအားကာမဂုဏ်ဖြင့် ဖြားယောင်း သွေးဆောင်လျက် ပျော်ပါး နေလေ၏၊ အမတ်ကြီး တဦးကား မိမိအရှင်သခင်၏ မိဖုရား ဖြစ်သောကြောင့် ထိုသို့ ပြုလုပ်ခြင်းကို မနှစ်သက်ချေ၊ သို့ဖြစ်၍ မိဖုရားကြီး၏ သွေးဆောင်ဖြားယောင်းခြင်းကို လက်မခံရုံသာမက ပြင်းပြင်းထန်ထန် ဝေဖန်ရှုံ့ချ လေသည်၊ မင်းကြီး ပြန်ရောက် လာသောအခါ အပြစ်ရောက်တော့မည်ကို သိသော မိဖုရားကြီးသည် ထိုအမတ်ကြီး အပေါ်တွင် အငြိုးထားကာ မင်းကြီး နေပြည်တော်သို့ ပြန်လာချိန်တွင် ထွက်၍ မကြိုဘဲ နေလေသည်၊ ရိုက်နှက် ပုတ်ခတ်ခြင်း ခံထားရ၍ နေထိုင်မကောင်းကြောင်း အကြောင်းပြလျက် အိပ်ရာထဲတွင် လဲ၍ နေလေသည်၊ မင်းကြီးက စိုးရိမ်စွာဖြင့် လာရောက်မေးသောအခါ ထိုအမတ်က မတရားပြုလုပ်ရန် ကြံစည်ကြောင်း မရသည့်အဆုံး၌ လက်ဆုပ်လက်သီး များဖြင့် ရိုက်နှက်ပုတ်ခတ်ပါကြောင်း

ဖြင့် မိန်းမတို့ မာယာကိုသုံးကာ ငိုကြွေးလျက် တိုင်တန်း ပြောဆိုလေ၏၊ မင်းကြီးသည် လွန်စွာ အမျက်ထွက်သဖြင့် ထိုအမတ်အား ချက်ခြင်းပင် သတ်ပစ်လိုက် လေသည်၊ ထိုနောက် တွင်မှ အကြောင်းမှန်ကို သိသဖြင့် ထိုအမတ်၌ အပြစ်မရှိဘဲ မိမိ၏ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်မိသည်ကို နောင်တရလျက် ရှိပေသည်”၊ ဤအကြောင်းများ ဖြစ်ခဲ့သောကြောင့် တံခါးကို ဖွင့်မပေးနိုင်ပါဟု မြောက်တံခါးမှူးက ငြင်းဆိုလေသည်။

## ဘခင်စကား လက်တွေ့ပြသော ဒုကမှ

ဤသို့လျှင် မြို့၏ လေးဘက် လေးတန်မှ တံခါးမှူးများက တံခါးဖွင့်မပေးသဖြင့် နံနက်မိုးသောက် အလင်းသို့ ရောက်ခဲ့လေသည်။ တံခါးမှူးများ ပြောသော စကားတို့သည် အချင်းချင်း တိုင်ပင်ထားသကဲ့သို့ တထပ်တည်း တူညီနေသဖြင့် မင်းခယောကျ်ား . အာဏာသားတို့သည် ရာဇဝတ်သား အပေါ်၌ ယုံမှား သံသယ ဖြစ်လာကြကာ ထပ်မံ၍ မေးစိစစ်ကြကုန်၏၊ ထိုအခါ ဒုကမှသတို့သားက “ကျွန်ုပ်သေလျှင် ဘုရင့်ရွှေဟင်္သာလည်း သေမည်၊ ကျွန်ုပ်ရှင်လျှင် ဘုရင့်ရွှေဟင်္သာလည်း ရှင်မည်၊ ထိုအကြောင်းကို သိချင်လျှင် ကျွန်ုပ်ကိုဘုရင့်ထံသို့ ပို့ကြကုန်လော့”ဟု ပြောပြလေသည်၊ ဘုရင့် အာဏာသားတို့သည် မင်းကြီးထံသွား၍ တံခါးမှူးများ၏ စကားကိုငှင်း, ရာဇဝတ်တရားခံ ဒုကမှ၏ စကားကိုငှင်း လျှောက်ထားကြကုန်၏၊ ထိုအခါ ဘုရင်မင်းမြတ်က အကယ်၍ ရွှေဟင်္သာကို ပြန်ပေးနိုင်လျှင် ထိုသူအား ငါ၏ ရွှေတော်သို့ ခေါ်ဆောင် ခဲ့ကြကုန်လော့”ဟု အမိန့်ပေးလိုက်၏၊ ထိုအခါ ဒုကမှသည် မိမိဝှက်၍ထားသော ရွှေဟင်္သာကို သွားယူလျက် မင်းကြီးအား ဆက်သလိုက်၏၊ “အမောင်ယောကျ်ား သင်သည် စိတ်ကောင်း ပါ၏လော ရူးသွပ်၍ နေပါသလော ရွှေဟင်္သာကို မသတ်ဘဲ အဘယ့်ကြောင့် သတ်သည်ဟု ဝန်ခံကာ ဖမ်းဆီးချုပ်နှောင် ခံရရုံမက အသက်ကိုပင် အဆုံးခံပါ သနည်း”ဟု မင်းကြီးက ကြင်နာစွာ မေးလေ၏၊ ထိုအခါ ဒုကမှက သူ၏ဖခင် သေခါနီးတွင် မှာကြားသွားသော စကားသုံးခွန်းကို လက်တွေ့စမ်းသပ် သိရှိလို၍ ဤကဲ့သို့ ပြုလုပ်ခဲ့ပါကြောင်း ရှင်းလင်းပြောကြား လျှောက်ထားလေ၏။

## တက္ကသိုလ်ပြည်သို့

ဘုရင်မင်းမြတ်သည် ဒုကမ္မအား လွန်စွာသဘောကျသဖြင့် အမောင်ယောကျ်ား သင်သည် ငါ၏ထံပါး၌ ဆည်းကပ်ခစားနေပါလော့၊ သင့်အား အိမ်ရှေ့မင်းအဖြစ် ချီးမြှောက်ပါအံ့ဟု ဆိုလေ၏၊ ထိုအခါ ဒုကမ္မက—

အရှင်မင်းကြီး ဘခင်၏ သုံးခွန်းသောစကားတွင် မစူးစမ်း မဆင်မခြင် ပြုလုပ်သော မင်း၏နိုင်ငံတွင် မနေလင့်ဟု စကားတခွန်းပါပါသည်၊သို့ပါ၍ သင်မင်းကြီး၏ မင်းစည်းစိမ်ကို ကျွန်ုပ်အလိုမရှိပါ ဟု ဆိုကာ လက်မခံဘဲ တိုင်းပြည်မှထွက်ခွါလျက် တက္ကသိုလ်ပြည်သို့သွားလေ၏၊ တက္ကသိုလ်ပြည်သို့ ရောက်သောအခါ မင်းဥယျာဉ်တော်ဝယ် မင်္ဂလာကျောက်ဖျာထက်၌ ခေါင်းမြီးခြုံ၍အိပ်နေလေ၏၊ ထိုနေ့သည်နတ်ရွာစံသွားသော တက္ကသိုလ်ဘုရင်၏ ဈာပနကိစ္စပြီးဆုံး၍ ခုနစ်ရက်မြောက်သောနေ့ဖြစ်၏၊ ငါတို့၏ဘုရင်၌ ထီးမွေနန်းမွေကို ဆက်လက်ခံယူရန် သားသမီးညီနောင်တို့ မရှိချေ၊ ငါတို့သည် အသို့လျှင် အုပ်ချုပ်ရန်မင်းကို ရပါအံ့နည်းဟု မင်းမှူးမတ်အပေါင်းတို့သည် ဆွေးနွေးတိုင်ပင်ကြကုန်၏၊ ထိုအခါ အမတ်ပညာရှိ ပုရောဟိတ်တယောက်က "အိုမှူးမတ်အများနှင့် တိုင်းသူပြည်သားတို့ သင်တို့သည် ဘာမျှမစိုးရိမ်ကြပါကုန်လင့် ငါတို့သည် ဖုတ်သွင်းရထား(မင်္ဂလာရထား)ကို လွှတ်ကြပါကုန်အံ့၊ မင်္ဂလာရထားကိုလွှတ်၍ ရသောမင်းသည် တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်ရန် စွမ်းနိုင်၏ ဟု ဆိုကာ မင်္ဂလာရထားကို ဝန်သာ ဆင်လျက် မင်းမြောက်တန်ဆာငါးပါးတို့ကို တင်ဆောင်ကာ လွှတ်လိုက်လေ၏။

ရထားသည် မင်းအိမ် (နန်းတော်ကို) လက်ျာရစ်ပတ်၍ မြို့မှထွက်ပြီးလျှင် မင်းဥယျာဉ်တော်သို့ဝင်၍ မင်္ဂလာကျောက်ဖျာကို လက်ျာရစ် လှည့်ပတ်လျက် ရပ်တည်လေ၏၊ ထိုအခါ ပုရောဟိတ် အမတ်ပညာရှိသည် ကျောက်ဖျာထက်၌အိပ်နေသော ဒုကမ္မသတို့သားကို တွေ့မြင်သဖြင့် ခြေ၏လက္ခဏာတို့ကို ကြည့်ရှုသောအခါ ဤသူသည် ငါတို့၏ မင်းအဖြစ် ထိုက်တန်၏ဟု ဆိုကာ ဒုကမ္မထံ ချဉ်းကပ်လျက် အကျိုးအကြောင်း ပြောပြီးလျှင် ထိုနေ့ရာ၌ပင် မင်းအဖြစ် အဘိသိက်သွန်းဖျန်း ပင်မြှောက်ကြကာ

ခြေရုံပရိသတ် များစွာတို့နှင့်အတူ မြို့တော်သို့ခေါ်ဆောင်သွားကြလေ၏။ ဒုကမ္မသည် တက္ကသိုလ်ပြည်၌ တရားသဖြင့် မင်းလုပ်အုပ်ချုပ်ယျက် မြို့၏ တံခါးလေးဘက်လေးတန်တို့၌၎င်း မြို့လယ်၌၎င်း နန်းတော်တံခါး အနီး၌၎င်း အလှူမဏ္ဍပ် ဇရပ်ခြောက်ဆောင်ကို ဆောက်လုပ်စေပြီးလျှင် နေ့စဉ် ခြောက်သိန်းသော အသပြာငွေတို့ကို စွန့်လွှတ်၍ အလှူကြီးကို ပေးလေ၏၊ တိုင်းသူပြည်သား လူအများတို့အားလည်း ဆုံးမဩဝါဒပေးလေ၏။

## သုံးကြိမ်သမားနှစ်ယောက်တို့ရောက်လာခြင်း

ထိုအခါ သုံးကြိမ်လူထွက်ဘူးသော ဒုကမ္မ၏မိတ်ဆွေသည် သုံးလင်ကွာပြီးသောဒုကမ္မ၏မယားကိုယူ၍ မိမိတို့တိုင်းပြည်၌ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေရာမှ ဆင်းရဲနွမ်းပါးလွန်းလှသဖြင့် တက္ကသိုလ်မင်းသည် တရားနှင့်အညီ မင်းပြု၏၊ အလှူမဏ္ဍပ်ဇရပ်ကြီးများ ဆောက်လုပ်၍ နေ့စဉ် အလှူကြီးကို ပေးနေ၏၊ ထိုတက္ကသိုလ်ပြည်သို့သွား၍ မင်းကြီး၏အလှူကို သွားရောက်စားသောက် အသက်ရှင်နေကြကုန်အံ့ဟု ဇနီးမောင်နှံတိုင်ပင်ကာ တက္ကသိုလ်ပြည်သို့ ရောက်လာကြ၏၊ ထိုအခါ တနေ့သ၌ ဒုကမ္မမင်းသည် ဆင်ကျောက်ကုန်းထက်၌နေလျက် အလှူဇရပ်များကို လိုက်လံကြည့်ရှုသောအခါ ထိုဇနီးမောင်နှံကိုတွေ့သဖြင့်မှတ်မိနေရကားအခြားသူများအား မသိစေဘဲ-

## ဥဒါန်းတွင်ခါ ဇာတ်တော်ပေါင်းခြင်း

၁-၄။ မကောင်းသော အရပ်ဒေသကို၎င်း မကောင်းသော အဆွေခင်ပွန်းကို၎င်း မကောင်းသော သားချင်းရင်းချာကို၎င်း မကောင်းသော ဆွေမျိုးကို၎င်း မကောင်းသော မယားကို၎င်း မကောင်းသော တစိမ်းပြင်ပသူကို၎င်း မပေါင်းဖေါ်ဘဲ ဝေးစွာ ရှောင်ကြဉ်ရာ၏၊ အကျင့်ပျက်စီးသော မယား, ကောက်ကျစ်စဉ်းလဲသောမိတ်ဆွေ, ဆုံးမမခံဘဲ နှုတ်လှန်ထိုး၍ ပြန်ပြောသောကျွန်, မြေရှိသောအိမ်၌နေခြင်း ဤသည်တို့ကား ပျက်စီးခြင်း၏အကြောင်း သေခြင်း၏အကြောင်းတို့ ဖြစ်ကုန်၏၊ ယုံမှားသံသယမရှိရာ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖေါ်ကုန်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖေါ်ခြင်းကို ပြုကုန်ရာ၏၊ သူတော်ကောင်းတို့၏

တရားကို ကောင်းစွာဆင်ခြင် ဉာဏ်ဖြင့်မြင်လျှင် မွန်မြတ်၏၊ ယုတ်မာခြင်း မဖြစ်ပေ ဟု ဥဒါန်းကျူးရင့်လေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍—

၅-၆။ သုံးကြိမ်လူထွက်ဘူးသော ရဟန်းလူထွက်သည် ဒေဝဒတ်ဖြစ်၏ သုံးလင်ကွာပြီးသော မိန်းမပျက်သည် စိဉ္စမာနဖြစ်လာ၏၊ ပညာရှိသော ဒုကမ္မမင်းသည်ကား ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းလေ၏။

ခြောက်ခုမြောက် ဒုကမ္မရာဇဇာတ် ပြီး၏။

---

# ၇-ဝိဝါဒဇာတ်

[ကြီးသည် သူတော်ကောင်း ယောင်ဆောင်၍ အခြား ငှက်ငယ်များကို စားသောက် နေသပြင် မခံမရပ်နိုင်ကြ သော အခြားငှက်များက ဝိုင်းဝန်း ပမ်းဆီးသော ဝတ္ထု။]

မြတ်စွာဘုရားသည် ဟာဟာ တာတ အာစရိသော ဤ တရားဒေသနာ တော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သတ္တဝါတို့၏ ငြင်းခုံသော စကားကို အကြောင်းပြု၍ ဟောတော်မူ၏၊ သျှ၍ ဆိုဦးအံ့ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ ဓမ္မာပ်သဘင်၌ “ငါ့ရှင်တို့ အလုံးစုံသော သတ္တဝါတို့၏ ငြင်းခုံသော စကားတို့သည် များပြားလှ ကုန်၏၊ ယင်းသို့ ဖြစ်ခြင်းသည် ထိုသတ္တဝါတို့၏ ရှေးကံကြောင့်သာ ဖြစ်ကြကုန်၏ဟု စကား ကို ပြောဆို နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒိဗ္ဗသောတ အဘိညာဉ် (နတ်တို့ကဲ့သို့ အဝေးမှ စကားကို ကြားနိုင်သော ဉာဏ်)ဖြင့် ထိုရဟန်းတို့ ပြောဆိုနေကြသော စကားကို ကြားသိတော် မူသဖြင့် ဂန္ဓကုဋီ ကျောင်းတော်မှ ထွက်ကြွလာတော်မူလျက် “ရဟန်းတို့ ယခု ငါဘုရား ကြွလာတော် မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုစုဝေး နေကြပါကုန် သနည်းဟု မေးတော်မူ၏၊ ဤမည်သော စကားကို ပြောဆို စုဝေး နေကြပါသည်ဟု လျှောက်ထားလတ်သော် ရဟန်းတို့ ယခုမှသာ

သတ္တဝါတို့ ငြင်းခုံသော စကားသည် များပြားသည် မဟုတ်၊ ရှေးအခါ ကလည်း အားလုံးသော သတ္တဝါတို့၏ ငြင်းခုံသော စကားတို့သည် များပြား ကုန်သည်သာ ဖြစ်၏ဟု မိန့်တော်မူကာ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ ရဟန်းတို့က တောင်းပန် သောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## ဗုဒ္ဓမြတ်စွာ အတိတ် ဟောတော်မူရှာ

ရဟန်းတို့ လွန်လေပြီးသော အခါ ဟိမဝန္တာ အရပ်၌ သပြေပင်ကြီး တပင် ရှိ၏၊ ထိုသပြေပင်၌ အကိုင်းအခက် တထောင် ရှိ၏၊ အသီးအပွင့် များစွာရှိ၍ အရွက်များစွာ ရှိသောကြောင့် ချမ်းအေးသော အရိပ် အာဝါသ ရှိသဖြင့် မွေ့လျော်ဘွယ် ကောင်း၏၊ ထို သစ်ပင်ကြီး၏ အောက်၌ သားငှက်ပေါင်း များစွာတို့သည် မြူးတူးပျော်ပါး ကစားကြ ကုန်၏၊ သပြေပင်၏ အကိုင်းအခက်တို့၌ ငှက်တို့သည် အသိုက်လုပ်၍ နေကြ ကုန်၏၊ အရှေ့ဖက်သို့ ထွက်သော သစ်ကိုင်းတို့၌ ဇင်ယော်ငှက်တို့သည်ငှင်း, တောင်ဘက် သစ်ကိုင်း၌ ဥဩငှက်တို့သည်ငှင်း, အနောက်ဖက် သစ်ကိုင်း၌ ဇရက်တို့သည်ငှင်း, မြောက်ဖက် သစ်ကိုင်း၌ ကျေးငှက်တို့သည်ငှင်း, အသီး သီး အသိုက်လုပ်၍ နေကြကုန်၏၊ ထိုအခါ ယင်း သပြေပင်၏ အနီး၌ သရက်ပင်ကြီး တပင်လည်း ရှိ၏၊ ထိုသရက်ပင်သည် အသီး အပွင့် အခက် အရွက်တို့နှင့် ပြည့်စုံ၍ အေးမြသော အရိပ်အာဝါသလည်း ရှိ၏၊ ယင်း သရက်ပင်၌လည်း ငှက်ပေါင်းများစွာ နေကြကုန်၏၊ ထိုအခါ၌ ဘုရား လောင်းသည် ငှက်တော်မျိုး၌ ဖြစ်၏၊ ဘုရားလောင်း ငှက်တော်သည် အခြား ငှက်များအား ဆုံးမဩဝါဒ ပေးလျက် ထိုသရက်ပင်ကြီး၌ နေ၏၊ ငှက်တော်ပေါင်း တထောင်တို့သည် ထို ဘုရားလောင်း ငှက်တော်အား ခြံရံလျက် နေကြကုန်၏၊ ထိုအခါ ကျီးတကောင်သည် အဝေးမှ လာ၍ သပြေပင်၌နေ၏၊ ငှက်အားလုံးတို့သည် သစ်ပင်ထိပ်ဖျား၌ နေသောကျီးကို တွေ့မြင်ကြ၍ “ဤကျီးသည် ငါတို့၏ အမျိုးအနွယ်မဟုတ် ဆွေမျိုးလည်း မတော်သောကြောင့် ငါတို့နှင့် အတူနေရန် မသင့်၊ သို့ဖြစ်၍ ဤကျီးကို နှင်ထုတ်ကြကုန်အံ့”ဟု ပြောဆိုကြကုန်၏။

ထိုနောက် အခြားငှက်တို့သည် ကျီးအား "အဆွေကျီး သင်သည် ငါတို့၏ အမျိုးအနွယ် မဟုတ်သောကြောင့် ဤနေရာ၌ မနေပါလင့်"ဟု ဆိုကြကုန်၏၊ ထိုအခါကျီးက "အို ငှက်များတို့ ဤသစ်ပင်ကြီးသည် ပျော်စရာကောင်း၏၊ အရိပ်အာဝါသနှင့်လည်း ပြည့်စုံ၏၊ အေးချမ်းသာယာ၏၊ သီလကိုစောင့်ရှောက်ရန် ကောင်း၏၊ ထို့ကြောင့် ကျွန်ုပ်နေခြင်း ဖြစ်ပါ၏၊ အခြားအကြောင်းကြောင့် နေခြင်းမဟုတ်ပါ"ဟု ဆို၏၊ ထိုအခါ အခြားငှက်များက "ကျီးသည် သီလဆောက်တည်ခြင်း ဘာဝနာတရားအားထုတ်ခြင်းတို့ကို သိရိုးထုံးစံမရှိပါ၊ အဘယ်မှာလျှင် ထိုတရားတို့ကို ကျင့်သုံးဆောက်တည်နိုင်ပါမည်နည်း"ဟု ဆိုကြကုန်၏၊ ထိုအခါ ကျီးသည်လိမ်လည်လှည့်ဖြားလျက် အို ငှက်များတို့ ရှေးအခါက 'ကျီးတို့သည် သီလစောင့်ထိန်းခြင်း တရားအားထုတ်ခြင်းတို့ကို မသိနားမလည်ကြပါ၊ ယခုမူကား သီလစောင့်ထိန်းခြင်းတရား အားထုတ်ခြင်းတို့ကို သိနားလည်ကြပါကုန်၏၊ ထို့ဖြစ်၍ ကျွန်ုပ်သည် သီလစောင့်ထိန်းရန် ဤသစ်ပင်ကြီး၌ နေခြင်းဖြစ်ပါသည်ဟု ဆိုလေ၏၊ သီလစောင့်ထိန်း၍ တရားနှလုံးသွင်းလျက် နေမည်ဆိုပါက သင်သည် ဤသစ်ပင်၌နေပါလော့ဟု ကျီးအား အခြားငှက်များက နေခွင့်ပြုကြကုန်၏၊ ထိုနောက် အခြားငှက်များက "အဆွေကျီး ငါတို့သည် သားငယ် သမီးငယ်များအတွက် အစာရှာထွက်ကြရပါမည်၊ ဤအသိုက်များတွင် ကျန်ရစ်ခဲ့သော ငါတို့၏သားငယ် သမီးငယ်များကို အဆွေကျီးသည် စောင့်ရှောက်ထားပါလေော့"ဟု ကျီးအားမှာထားပြီးလျှင် အခြားငှက်များသည် အစာရှာထွက်ကြကုန်၏။

## ကျီးမိုက်၏ ဟန်ပန်

အခြားငှက်များ အစာရှာထွက်သွားသောအချိန်တွင် ကျီးက "ဤအချိန်သည် ငှက်ငယ်များကို စားသောက်ရန် အချိန်ကောင်းဖြစ်၏"ဟု ကြံစည်လျက် ငှက်ကြီးများ အစာရှာထွက်နေတုန်း ကျန်ငှက်ငယ်လေးများကို သတ်ဖြတ်စားပြီးနောက် မိမိနေရာသို့ပြန်၍ ငြိမ်သက်စွာ ဂရုမြှေရှုနေလေ၏၊ အခြားငှက်များသည် အစာရှာရာမှ ပြန်လာကြ၍ မိမိတို့သားငယ် သမီးငယ်များအတွက် အစာများကိုယူဆောင်လျက် မိမိတို့အသိုက်အသီးသီးသို့

ဝင်ရောက်ကြည့်ကြသောအခါအသိုက်တို့၌ သားငယ်သမီးငယ်များကို မတွေ့ရသောကြောင့် "ငါတို့၏သားငယ် သမီးငယ်များအဘယ်သို့ သွားကြကုန်သနည်း"ဟု အချင်းချင်းပြောကြလျက် ကျီးထံသွား၍ "အဆွေကြီး ငါတို့ခလေးငယ်များ အဘယ်အရပ်သို့ သွားကြပါသနည်း၊ သင်မတွေ့မြင်ပါသလော"ဟု မေးမြန်းကြကုန်၏၊ ထိုအခါ ကျီးကလူ့မြေွရစွာဖြင့် လုံးဝမသိဟန်ဆောင်လျက် "အို အဆွေတို့ ကျွန်ုပ်သည်အေးချမ်းငြိမ်သက်စွာ တရား၌ စိတ်ဝင်စားနေသောကြောင့် သင်တို့ သားငယ်သမီးငယ်များ ဘယ်ရောက်သွားသည်ကို မသိပါ၊ မြင်လည်း မမြင်ပါ"ဟုဆိုလေ၏၊ ထိုအခါ အခြားငှက်များက ကျီးအား ငါတို့သားငယ်သမီးငယ်များကို သင်ပင်သတ်ဖြတ်စားပစ်ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုကြကုန်၏၊ ထိုအခါကျီးက အဆွေငှက်များတို့ သင်တို့သားသမီးများကို ငါသတ်ဖြတ်စားသောက်လျှင် ငါစောင့်ထိန်းထားသောသီလ ပျက်သွားမည် ဖြစ်ပါသည်၊ ငါသည် သီလစောင့်ထိန်းထားသဖြင့် မဟုတ်မမှန်လိမ်ညာ၍မပြောပါ၊ အကယ်၍ ငါတို့စကားကို သင်တို့မယုံကြည်ပါလျှင် ငါ့နှုတ်သီးကို ကြိုးဖြင့်တုပ်နှောင်၍ ချည်ထားပါလော့ဟုဆိုလျက်ကျီးသည်နွယ်ကြိုးကိုနှုတ်သီးဖြင့်ကိုက်ဖြတ်ယူဆောင်လာပြီးလျှင် အို ငှက်များတို့ ကြည့်ကြကုန်လော့၊ ငါ၏နှုတ်သီးကို ကြိုးဖြင့် တုပ်နှောင်ထားပါအံ့ဟု ဆိုကာသူ၏ နှုတ်သီးကိုနွယ်ကြိုးဖြင့် တုပ်နှောင်လေ၏။

ထို့နောက် သင်တို့သားငယ် သမီးငယ်များကို ငါသည် စောင့်ရှောက်ပါအံ့၊ သင်တို့ကလေးများကို လာရောက်နှိပ်စက် သတ်ဖြတ်သူအား ငါသည် တတ်နိုင်သမျှ ခုခံကာကွယ်တိုက်ခိုက်ပါအံ့ဟု ဆိုကာ သစ်ပင်ထိပ်ဖျား၌ သီလကို စောင့်ထိန်းနေဟန်ကဲ့သို့ လူ့မြေွရစွာဖြင့် အရှေ့ဘက်သို့မျက်နှာမူ၍ နေလေ၏၊ထိုအခါကျီး၏စကားကိုယုံကြည်ကြသောကြောင့် အခြားငှက်များသည် မိမိတို့၏သားငယ် သမီးငယ်များကိုထားကာ အစာရှာထွက်ကြကုန်၏၊ အခြားငှက်များ အစာရှာထွက်သောအခါ ကျီးသည် အနောက်ဘက်သို့ မျက်နှာမူလျက် ဟိုဟိုဒီဒီကြည့်ပြီးလျှင် ဤအချိန်သည်ငှက်များကို စားသောက်ရန် အချိန်ဖြစ်သည်ဟု ဆို၍ နှုတ်သီးအား နွယ်ကြိုးဖြင့်ချည်နှောင်ထားသည်ကို ဖြေလျက် ငှက်ငယ်များကို သတ်ဖြတ်စားပြီးလျှင်

နှုတ်သီးကို နွယ်ကြိုးဖြင့်တဖန် ပြန်လည်ချည်နှောင်ထားကာ အရှေ့ဘက်သို့ မျက်နှာမူ၍ တရားအားထုတ်ဟန်ကဲ့သို့ ငြိမ်သက်တည်ကြည်စွာ နေလေ၏၊ ထိုအချိန်၌ အခြားငှက်တို့သည် အစာရှာရာမှ ပြန်လာလေရာ သားငယ်သမီးငယ်များကို မတွေ့သောကြောင့် အို အဆွေငှက်တို့ ငါတို့၏ကလေးများကို မမြင်ကြဘူးလား၊ ကလေးများ ဘယ်သွားကုန်ကြသနည်းဟု အချင်းချင်း မေးမြန်းပြောဆိုကြကုန်လျက် အသိုက်ထဲက ကလေးများ သေကုန်ပြီထင်ပါရဲ့ဟု ငိုကြွေးကြပြီးလျှင်—

၁-၂-၃။ ချစ်လှစွာသော သားသမီးတို့ အဘယ်သို့ သွားကြကုန်သနည်း၊ လာကြကုန်လော့၊ သင်တို့အတွက် အစာကိုယူဆောင် လာပါ၏၊ လာရောက်စားကြပါကုန်လော့၊ သိန်း၊ စွန်၊ လင်းတတို့ လာရောက်စားပစ်ကုန်ပြီလော၊ သားသမီးတို့ကို မတွေ့ရသဖြင့် ငါတို့မှာ စိုးရိမ်ပူဆွေးရပါကုန်၏ဟု ဆိုကုန်၏။

ထို့နောက် ဥဩငှက်တို့သည် ကျီးထံသွား၍ အဆွေကျီး ငါတို့ ကလေးငယ်များကို မတွေ့မြင်ဘူးလားဟု မေးကြကုန်၏၊ ထိုအခါ ကျီးက မသိဟန်ဆောင်၍ "အို ငှက်များတို့ ငါသည် သစ်ပင်ထိပ်ဖျား၌ ငြိမ်သက်စွာ သီလစောင့်ထိန်း၍ တရားအားထုတ်ခြင်း၌ စိတ်ဝင်စားနေသဖြင့် သင်တို့ကလေးငယ်များ ဘယ်သွားကုန်သည်ကို မသိလိုက်ပါဟု ဆိုလေ၏၊ ထိုအခါ ဥဩငှက်ကြီးက ရှေးကလည်း သင်သည် ငှက်ငယ်များကိုစားခဲ့သည် ယခုလည်း သင်ပင်စားမည်မှာ အမှန်ဖြစ်သည်၊ ယခုမှ သင်သည် မသိဘူးဟု ပြောင်ငြင်းဆန်လေပြီဟု ပြောလေ၏။

ထိုအခါ ကျီးက ငါနှုတ်သီးကို နွယ်ကြိုးဖြင့် ချည်နှောင်ထားသောကြောင့် ငါဘယ်လိုလုပ်၍ သင်တို့ကလေးများကို စားနိုင်မည်နည်းဟု ဆိုကာ သင်တို့မယုံကြည်ကြပါလျှင် ငါသည် ယခုအခါ မြောက်ဘက်သို့ မျက်နှာ မူ၍နေမည်၊သင်တို့ကလေးများကိုထားသာထားခဲ့ပါ၊ ငါစောင့်ရှောက်ပါမည်ဟု ဆိုပြန်လေ၏၊ ကျီးက ထိုကဲ့သို့ အခြားငှက်များ ယုံလောက်အောင် ပြောပြန်သောအခါ အခြားငှက်များသည် ယုံကြည်သောကြောင့် ကလေးငယ်များကိုထားခါ အစာရှာ သွားကြပြန်ကုန်၏၊ ထိုအချိန်တွင်

ကျီးသည် ဟိုဟိုဒီဒီကြည့်လျက် ငှက်ကြီးများအားလုံး အစာရှာ သွားကြ ပြီဟု သိသောအခါ ဥဩငှက်အကြီးအကဲ၏ ကလေးငယ်များကို စားပြီး နောက် နေမြဲအတိုင်းသာ ဣန္ဒြေရရ နေလေ၏၊ ထို့နောက် အခြားငှက် များသည် အစားအစာများကို ယူဆောင်၍ ပြန်လာကြကုန်၏၊ ဥဩငှက် အကြီးအကဲသည် မိမိ၏ ကလေးငယ်များကို မတွေ့ရသောကြောင့် သနား စဘွယ် ငိုကြွေးလျက်—

၄-၅-၆-၇-၈။ အိုသားငယ်သမီးငယ်တို့ အဘယ်သို့ သွားရောက် နေ ကြ ပါသနည်း။ သင်တို့စားရန် အစားအစာများကို ငါတို့ ယူ ဆောင်လာကြပါကုန်၏၊ သင်တို့မှာ အတောင်များရှိကြ၏၊ မပျံ နိုင်ကြ၊ ခြေများရှိကြ၏ မသွားနိုင်ကြ၊ အမိအဘတို့လည်း အစာ ရှာ ထွက်ကြကုန်၍ အသိုက်ထဲမှာ သင်တို့ချည်းသာ ကျန်ရစ်ခဲ့ကြ ကုန်၏၊ ငယ်ရွယ်သောသင်တို့သည် ယခုအခါ ဆာလောင်မွတ်သိပ် ချိန် တန်နေပြီ၊ လာကြကုန်လော့၊ အစာလာရောက် စားသောက် ကြကုန်လော့ဟု ဆိုလေ၏။

## ကျီးမိုက်အား ဥဩငှက်များဖမ်းခြင်း

ထိုအခါ ဥဩငှက်တို့သည် ချစ်စွာသောသားငယ်သမီးငယ်တို့ကို မတွေ့ သဖြင့် အခြား သစ်ပင်ခြုံနွယ်များ အကြားများသို့ လိုက်လံရှာဖွေကြ သော်လည်း ကလေးများကိုမတွေ့သောကြောင့် ကျီးထံသို့တဖန် သွား ရောက်၍ "အဆွေကျီး ငါတို့၏ကလေးငယ်များ အဘယ်အရပ်သို့ သွားပါ ကုန်သနည်း" ဟု မေးလေ၏၊ ထိုအခါကျီးက မသိဟန်ဆောင်လျက် သင် တို့ ကလေးများ ဘယ်သွားကြသည်ကို မသိပါ၊ ငါသည်လည်း ငြိမ်သက်စွာ တရားအားထုတ်နေ၍ ဘာမျှမသိပါ သင်တို့မယုံကြည်ပါလျှင် ယခုတခါ ငါသည် တောင်ဘက်က မျက်နှာမူ၍နေပါအံ့ ငါ့နှုတ်သီးကိုလည်း ကြိုးဖြင့် ခိုင်ခိုင်ခံ့ခံ့ ချည်နှောင် ထားကြပါကုန်လော့ ဟု ဆိုလေ၏၊ ဥဩငှက် သည် ကြက်တူရွေးထံသွား၍ အဆွေကြက်တူရွေး ငါတို့အစာရှာသွားချိန်၌ ဤကျီးသည် ငါတို့ကလေးငယ်များကို သတ်စားပြီးလျှင် မေးသောအခါ မသိသကဲ့သို့ ဟန်ဆောင်၍ နေဘိသည် ယခုအခါ ငါတို့သည် အစာရှာ

သွားမည်ဟုဆိုကာ သွားဟန်ပြု၍ တနေရာရာ၌ ချောင်းမြောင်း ပုန်းအောင်း နေကြလျက် ကျီးကို ဝိုင်းဖမ်းကုန်အံ့ ကလေးငယ်များကို အသိုက်တွင် သေချာစွာ ထားကြကုန်အံ့ ဟု တိုင်ပင်ကြကာ ကလေးငယ်များကို ထား၍ အစာရှာသွားမည်ဟုဆိုကာ မနီးမဝေး တနေရာမှ ချောင်းမြောင်း စောင့်ဆိုင်း နေကြကုန်၏။

ကျီးသည် ရှေးကကဲ့သို့ ထုံးစံအတိုင်း ငှက်ကြီးများ အစာရှာ သွားကြပြီဟု ထင်မှတ်၍ ကြက်တူရွေးငယ်များကို စားရန်အသိုက်သို့ အလာတွင် ကြက်တူရွေးများ ဥသြများစသော ငှက်များအားလုံးက ဝိုင်း၍ဖမ်းကြကုန်၏၊ ကျီးသည် ခိုးထုပ်ခိုးထည်နှင့်တကွ မိနေသောကြောင့် မည်သို့မျှ မငြင်းဆန်နိုင်တော့သဖြင့် ဝန်ခံရလေတော့၏၊ ထိုအခါငှက်အားလုံးတို့သည် ကျီးအား ဝိုင်းဝန်းထိုးဆိတ်ကြကုန်လျက် ဖမ်းဆီးကာ ဘုရားလောင်း ငှက်တော်၏အထံသို့ ခေါ်ဆောင်သွားကြကုန်၏၊ ဘုရားလောင်းငှက်တော်က ကျီးအား အဆွေကျီး သင်သည် တိရစ္ဆာန်အချင်းချင်းအပေါ်၌ ဤမျှ ရက်စက်ကြမ်းတမ်းသော အလုပ်ကိုပြုလုပ်ဘိသည်၊ သင်သတ်ဖြတ်ထားသော ထိုငှက်တို့၏ ကလေးများကို သူ့နေရာသူ ပြန်ထားပေးလော့ ဟု ဆိုလေ၏၊ ထိုအခါ ကျီးက ငှက်ကလေးများမရှိတော့ပါ စားထားပါသည်ဟု ဆိုကာ မိမိစားထားသည်ကို အန်ထုတ်၍ ပေးလေ၏၊ ငှက်ငယ်ကလေးများ၏ မိခင်ဖခင် ငှက်ကြီးများသည် မိမိတို့ကလေးငယ်များ၏ သေနေသော အသားများကို တွေ့ရသဖြင့်—

၉။ အို ချစ်စွာသော ကလေးများတို့ ဤကျီးယုတ်သည်ယုတ်မာစွာဖြင့် သင်တို့အား သတ်စားခဲ့ပြီ၊ သင်တို့သည် ငါတို့မိဘများနှင့် ကွဲကွာခဲ့ရပြီဟု ငိုကြွေးကြကုန်၏။

## ဘုရားလောင်းငှက်တော်က ကျီးအားနှင်ထုတ်ခြင်း

ဘုရားလောင်းငှက်တော်သည် ကျီးအား အဆွေကျီး သင်သည် အလွန် ရက်စက်ယုတ်မာသော အမှုကိုပြုလုပ်ခဲ့သည်၊ ထို့ကြောင့် သင့်အား ဒဏ် ပေးမည်၊ သင်သည် ယနေ့မှစ၍ ကောင်းသောအသားကို မစားရဘဲ သုသာန်၌ လူသေကောင်ပုပ် ခွေးသေကောင်ပုပ်တို့ကိုသာ စားလော့၊ ယုတ်•

မာသော သင်သည် ငါတို့နှင့်အတူ နေရန်မထိုက်တန်ဟု ဆိုကာ ကျီးအား နှင်ထုတ်လိုက်ပြီးလျှင်—

၁၀။ ကျီး၏ ကာကာ (အာ အာ)ဟူသော မြည်တွန်သံကို သတ္တဝါတို့သည် မကြားလိုကြကုန်။ ကျီးနှင့်သူတော်ကောင်းတရားကား ဝေးကွာလှပါ၏ ဟု ဆိုလေ၏။

ထိုနောက် ကြက်တူရွေးကလည်း-

၁၁။ ကောင်းကင်သည်လည်း မြေနှင့်ဝေး၏၊ မြေသည်လည်း ကောင်းကင်နှင့်ဝေး၏၊ သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းသည် ဤမှာဘက်ကမ်းနှင့် ဝေး၏၊ ထိုကောင်းကင်နှင့် မြေ သမုဒ္ဒရာ ဟိုမှာဘက်နှင့် ဤမှာဘက် ဝေးသည်ထက် သူတော်ကောင်းတို့၏ တရားနှင့် သူယုတ်မာတို့၏ တရားသည်ကား အလွန်ဝေးပေ၏ဟု ဆို၏။

ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည်—

၁၂-၃၀။ ထိုငှက်တို့၏ သနားစရာ အခြေအနေကို တွေ့ရသဖြင့် ထိုငှက်တို့အား ပူဆွေးသောက ကင်းဝေးကြစေရန် ဘုရားလောင်းသည် ဤသို့ဟောကြားလေ၏။ ခြင်္သေ့သည် မြေခွေးနှင့်ငင်း ဟင်္သာသည် ကျီးနှင့်ငင်း ဘီလူးသည် လူနှင့်ငင်း ခွေးသည် ကျားသစ်နှင့်ငင်း မညီညွတ်ကြ ရန်သူသဖွယ် ဖြစ်ကြ၏။ ငါးပုပ်ကို သမန်းဖက်ဖြင့်ထုပ်လျှင် သမန်းဖက်တို့သည်လည်း အပုပ်နံ့လှိုင်သကဲ့သို့ လူမိုက်နှင့်ပေါင်းသင်းလျှင် ပေါင်းသင်းသူမှာလည်း မကောင်းသတင်း ပျံ့နှံ့လေ၏၊ ဇလပ်ပန်းကို ဖက်နှင့်ထုပ်လျှင် ထုပ်သောဖက်သည်လည်း မွှေးပျံ့သင်းကြိုင် ရနံ့လှိုင်သကဲ့သို့ သူတော်ကောင်းနှင့် ပေါင်းသင်းလျှင် ပေါင်းသင်းသူမှာလည်း ကောင်းသော ကျော်စောသတင်း ပျံ့သင်းမွှေးကြိုင် ရနံ့လှိုင်ပေ၏၊ ပျင်းရိသူ ပျင်းရိသူချင်း, ခိုးသူ ခိုးသူချင်း, ရဲရင့်သူ ရဲရင့်သူချင်း, သီလရှိသူ သီလရှိသူချင်း ပေါင်းသင်းဆက်ဆံကြ၏၊ မြတ်သောသူအား မြတ်သောသူနှင့်အဆွေခင်ပွန်း သဘောညီညွတ်၏၊ ဉာဏ်ပညာနှင့် ပြည့်စုံသူအား ဉာဏ်ပညာနှင့် ပြည့်စုံသူနှင့် အဆွေခင်ပွန်း သဘောညီ

ညွတ်၏၊ သူတော်မဟုတ် သူယုတ်မာတို့၏ တရားသည် ရေသို့ပို့ဆောင်၍ သူတော်ကောင်းတို့၏ တရားသည် နတ်ပြည်သို့ပို့ဆောင်၏၊ အမိအဖ ဆွေမျိုးဉာတကာ ဆရာသမား အဆွေခင်ပွန်းတို့အပေါ်၌ လေးစားရိုသေခြင်းမရှိဘဲ မာနခက်ထန်သောသူသည် အဆွေခင်ပွန်းကို ဖျက်ဆီးသော သူယုတ်မာဖြစ်၏၊ သစ်ပင်၏ အရိပ်ကိုခိုလျှင် ယင်းသစ်ပင်၏ သစ်ခက်ကိုမချိုးရာ၊ ကျေးဇူးရှင်ကို ပြစ်မှားလျှင် အဆွေခင်ပွန်းကို ဖျက်ဆီးသော သူယုတ်မာဖြစ်၏၊ သူတပါးကိုပူဇော်သောသူသည် မိမိသည်လည်း ပူဇော်ခြင်းကိုခံရ၍ သူတပါးကို မိမိကရှိခိုးလျှင် မိမိအားလည်း သူတပါးတို့က ရှိခိုးခြင်းကိုခံရ၏၊ အဆွေခင်ပွန်းကို မပြစ်မှားသောသူသည် အခြံအရံ အကျော်အစောတို့ကိုရ၏၊ အဆွေခင်ပွန်းကို မပြစ်မှားသောသူသည် မီးပုံကြီးကဲ့သို့ရင်း, နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်းကဲ့သို့ရင်း, တင့်တယ်ခြင်း အသရေတို့ဖြင့် တောက်ပ၏၊ အဆွေခင်ပွန်းကို မပြစ်မှားသောသူသည် ဆောင်ပေါ်မှ ချောက်ထဲသို့ကျသောအခါရင်း, သစ်ပင်ထက်မှ ကျသောအခါ၌ရင်း,အသက်မသေရဘဲ တစုံတခုသော ထောက်တည်ရာကိုရ၏၊ ခိုင်ခံ့သော အမြစ်ရှိသည့် ပညောင်ပင်သည် လေးပြင်းမုန်တိုင်း တိုက်ခတ်သော်လည်း တုန်လှုပ်ယိုင်လဲခြင်းမရှိ ခိုင်မြဲဘိသကဲ့သို့ ထို့အတူ အဆွေခင်ပွန်းကို မပြစ်မှားသောသူသည် ရန်သူတို့၏ ဖျက်ဆီးနှောက်ယှက်နှိပ်စက်ညှဉ်းပန်းခြင်းကို မခံရပေ။ ကောင်းမှုကုသိုလ် မကောင်းမှုအကုသိုလ်တရားတို့ကို ကြားနာရ၍ ကောင်းမှုကုသိုလ်ကို ပြုလုပ်သူအား အလုံးစုံသော ဘုရားရှင်တို့သည် ချီးမွမ်းကြကုန်၏။ ဆဲရေးခြင်းကိုရင်း, ရေရွတ်ခြင်းကိုရင်း, ကြမ်းတမ်းသောစကားဖြင့် ပြောဆိုခြင်းကိုရင်း, သည်းခံသောသူအား အလုံးစုံသော ဘုရားရှင်တို့သည် ချီးမွမ်းကြကုန်၏။ နူးညံ့သောအသီးမှ အစေ့ကို စိုက်ပျိုးလျှင် နူးညံ့သောအသီးသီး၍ ကြမ်းတမ်းသောအသီးမှ အစေ့ကို စိုက်ပျိုးလျှင် ကြမ်းတမ်းသောအသီး သီးသကဲ့သို့ ကောင်းမှုကို ပြုလုပ်လျှင် ကောင်းကျိုးကိုရ၍ မကောင်းသောအမှုကို ပြု

လုပ်လျှင် မကောင်းသောအကျိုးကိုရ၏။ တရားသည် တရား ကျင့်သူအား စောင့်ရှောက်၏ တရားကို ကောင်းစွာကျင့်လျှင် ကောင်းစွာကျင့်သော တရားသည် ချမ်းသာခြင်းကို ရွက်ဆောင် တတ်၏၊ ဤသို့ ချမ်းသာသို့ရောက်ခြင်းသည် ကောင်းစွာကျင့် သော တရား၏အကျိုးပေတည်း၊ တရားကိုကျင့်သူသည် မကောင်း သော ဒုဂ္ဂတိဘဝသို့ မလားရောက်ရပေဟု ဟောတော်မူ၏။

**ဇာတ်တော်ပေါင်းပြီ**

ထိုငှက်အားလုံးတို့သည် ဘုရားလောင်းငှက်တော်၏စကားကို ကြားနာ ရသဖြင့် မိမိ၏သီလကို စောင့်သုံး၍ နေကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်တော်မူ၍ ရဟန်းတို့ရှေးအခါကလည်း သတ္တဝါ တို့သည် အမျိုးမျိုးသော ငြင်းခုံစကားကို ပြောဆိုကြကုန်၏ဟု ဇာတ် တော်ကို ပေါင်းတော်မူလိုရကား—

၃၃-၃၆။ ဇင်ယော်ငှက်သည် ရှင်မောဂ္ဂလာန်၊ ဥသြငှက်သည် ရှင် သာရိပုတ္တရာ၊ ဇရက်သည် သုမင်္ဂလထေရ်၊ ကြက်တူရွေး အကြီးအကဲသည် ရှင်အာနန္ဒာ၊ စိတ်ယုတ်မာမွေးသောကျီးသည် ဒေဝဒတ်ဖြစ်၍ ငှက်တော် သည်ကား ငါဘုရားဖြစ်၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ခုနစ်ခုမြောက် ဝိဝါဒဇာတ် ပြီး၏။

---

# ၈-သိဒ္ဓိသာရစက္ကဝတ္တိဇာတ်

[ရှေးက ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ခဲ့သောကြောင့် စကြဝတေးမင်းဖြစ်သွားသော သိဒ္ဓိသာရစကြဝတေးမင်း ဝတ္ထု။]

မြတ်စွာဘုရားသည် တတော သိဒ္ဓိ ကုမာ ရောစ ဟူသော တရား ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဓမ္မစကြာရတနာကို

အကြောင်းပြု၍ ဟောတော်မူ၏၊ ခွဲ၍ ဆိုဦးအံ့ တနေ့သ၌ ရဟန်းတို့သည် တရားသဘင် မဏ္ဍပ်၌ "ငါ့ရှင်တို့ မြတ်စွာဘုရား၏ ကုသိုလ် အကျိုးတရား များသည် ပြည့်စုံပါပေ၏" ဟု ပါရမီအဆောက်အဦ ပုညသမ္ဘာရ ပြည့် စုံပုံကို ချီးမွမ်း နေကြကုန်၏။ ဘုရားရှင်သည် ဂန္ဓကုဋီ ကျောင်းတော်မှ ထွက်၍ တရားသဘင်သို့ ကြွလာတော် မူလျက် ရဟန်းတို့ ယခု ငါဘုရား ကြွလာတော် မူစဉ် သင်တို့သည် အဘယ်စကားကို စုဝေး၍ ဆွေးနွေး ပြောဆိုတိုင်ပင် နေကြသနည်းဟု မေးတော်မူ လတ်သော် ဤမည်သော စကားကို စည်းဝေး ဆွေးနွေး၍ နေကြပါကုန်၏ဟု လျှောက်ထားကြ ကုန်၏၊ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ ငါဘုရားသည် ယခုမှသာ ကုသိုလ်အကျိုး တရားတို့နှင့် ပြည့်စုံသည် မဟုတ်သေး၊ ရှေးအခါ ဘုရား လောင်း ဖြစ်စဉ်ကလည်း ဤကဲ့သို့ ကုသိုလ်အကျိုး တရားတို့နှင့် ပြည့်စုံခဲ့ သည်သာ ဖြစ်၏ဟု မိန့်တော် မူလျက် ဆိတ်ဆိတ်နေတော် မူ၏၊ ထိုအခါ ရဟန်းတို့က တောင်းပန်သောကြောင့် ဘုရားရှင်သည် အတိတ်ကို ဆောင် တော်မူ၏။

## အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းဟောရာ

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏၊ ထိုမင်း၏ မိဖုရားကြီးကား ဝိမလာဒေဝီမည်၏၊ ဘုရားအလောင်း သည် ကုသိတာ နတ်ပြည်မှ စုတေ၍ ဝိမလာဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေ တည်၏၊ မိဖုရားကြီးသည် ကိုယ်ဝန်ယူ၍ ဆယ်လ လွန်သော အခါ ရွှေ အဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသော သားရတနာကို ဖွားမြင်၏၊ ထိုသား သူငယ်သည် ကျက်သရေနှင့် ပြည့်စုံသောကြောင့် သိဒ္ဓိသာရဟု အမည်မှည့်ကြ ကုန်၏၊ ထိုအခါ၌ ဘုရင်မင်းမြတ်၏ ဓနဥ္စယ မည်သော အမတ်ကြီးတဦး ရှိ၏၊ အမတ်ကြီး၏ ဇနီးကား သုန္ဒရီ အမည်ရှိ၏၊ ဘုရား လောင်း နတ်သား၏ မိတ်ဆွေဖြစ်သော နတ်သားတဦးသည်ကား အမတ် ကြီးကတော် သုန္ဒရီ၏ ဝမ်း၌ ကိုယ်ဝန် ယူ၏၊ အမတ်ကြီးကတော် သုန္ဒရီ သည်လည်း ကိုယ်ဝန် ဆယ်လစေ့သဖြင့် ရွှေအဆင်းကဲ့သို့ လှပသော အဆင်း ရှိသော သားရတနာကို ဖွားမြင်၏၊ သားသူငယ်သည် ကောင်းမှုနှင့် ပြည့်စုံသောကြောင့် ပုညသာရဟု အမည်မှည့်ကြ ကုန်၏၊ ဘုရားလောင်း

သိဒ္ဓိသာရ သတို့သားသည် အခြွေအရံ တထောင် ရှိ၍ ပုညသာရ သူငယ်ကား အခြွေအရံ ငါးရာ ရှိလေ၏၊ သိဒ္ဓိသာရသည် အမတ်၏ သား ပုညသာရနှင့် အလွန်တရာ ချစ်ကျွမ်းဝင်ကြသည်၊ သူတို့နှစ်ဦးသည် သက်တူရွယ်တူ ဖြစ်၍ အတူတကွ ကစားကြသည်၊ အတူတကွ ပညာသင်ကြသည်၊ အတူတကွ ဆိုးသွမ်းကြသည်၊ သူတို့သည် ကစားဖော် ကစားဘက် သူငယ်များကို ရိုက်နှက်ပုတ်ခတ်ကြသည်၊ နိုင်ထက်စီးနင်း ပြုကြသည်၊ ထိုအခါ အခြား သူငယ်များ၏ မိဘများက မခံမရပ်နိုင်သဖြင့် ဘုရင်မင်းမြတ်အား ဦးတိုက် လျှောက်ထားကြသည်။

ဘုရင်မင်းမြတ်သည် အမျက်တွက်သဖြင့် ထိုသူငယ် နှစ်ဦးတို့အား တိုင်းပြည်မှ နှင်ထုတ်လိုက်သည်၊ မိဖုရားကြီးသည် သားတော်အား တိုင်းပြည်မှ နှင်မထုတ်ရန် တောင်းပန် တားမြစ်သော်လည်း မင်းကြီးသည် မိဖုရားကြီး စကားကို နားမထောင်ဘဲ ထိုသူနှစ်ဦးအား တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်၊ သိဒ္ဓိသာရနှင့် ပုညသာရတို့သည် မိဘနှစ်ပါး တို့အား ရှိခိုးကန်တော့ကြ ကုန်လျက် တိုင်းပြည်မှ ထွက်ခွါခဲ့ကြသည်။

(၁-၂-၃။ အထက်ပါ အကြောင်းကို ဂါထာ ဖွဲ့ဆို၏။)

## တောထဲရောက်သော် နတ်တို့စောင့်ရှောက်

သိဒ္ဓိသာရနှင့် ပုညသာရ တို့သည် အစဉ်သဖြင့် တိုင်းပြည်မှ ထွက်ခွါလာခဲ့ရာ ဟိမဝန္တာတော ပညောင်ပင်ကြီးတပင်သို့ ရောက်လာ၏၊ ပညောင်ပင်စောင့် နတ်သည် သူငယ်နှစ်ဦး တို့ကို တွေ့မြင်သော အခါ "ဤသူငယ်နှစ်ဦးတို့သည် ဘုန်းကံလက္ခဏာနှင့် ပြည့်စုံသော သူငယ်များ ဖြစ်သည်ဟု သိသဖြင့် သူငယ်နှစ်ဦးထံ ချဉ်းကပ်လျက်– အမောင်တို့ သင်တို့သည် ဤမှ ဆက်လက်၍ သွားပါလျှင် ရွှေသမင်တကောင်ကို တွေ့လိမ့်မည်၊ ထိုအခါ ယင်းရွှေသမင်၏ ဦးခေါင်းကို သန်လျက်နှင့် ဖြတ်၍ ထိုရွှေသမင်၏ ညာမျက်လုံးကို စားပါက စကြာတေးမင်း ဖြစ်လိမ့်မည်၊ ဝဲဘက် မျက်လုံးကို စားပါက ပြုံးရယ်လိုက်လျှင် ခံတွင်းမှ ရတနာခုနစ်ပါး ထွက်လိမ့်မည်"ဟု ပြောဆိုလေ၏၊ သူငယ်နှစ်ဦးတို့သည် ရုက္ခစိုးနတ် ပြောသောစကားများကို ဦးထိပ်ပန်ဆင် နာခံလျက် ဆက်လက်၍ ခရီးထွက်ကြသောအခါ ရွှေသမ

တကောင်ကို တွေ့ရလေ၏၊ ထိုရွှေသမင်ကို ပစ်ခတ်ဖမ်းဆီး ခေါင်းဖြတ်၍ ဘုရားလောင်း သိဒ္ဓိသာရသည် ညာမျက်လုံးကို စား၍ ပုညသာရက ဝဲဘက် မျက်လုံးကို စားလေ၏။

(၄-၅။ အထက်ပါ အကြောင်းကို ဂါထာ ဖွဲ့ဆို၏။)

ထိုနောက် သူငယ်နှစ်ဦးတို့သည် ခရီးဆက်လက်ထွက်ခွါကြရာ ပညောင် ပင်ကြီးတပင်ကို တွေ့ပြန်၏၊ ထိုပညောပင်မှ ပညောင်ပင်စောင့် နတ်သည် "ဤသူငယ်နှစ်ဦးတို့ကား ဘုန်းကံလက္ခဏာနှင့် ပြည့်စုံသော သူငယ်များဖြစ် ကြသည်၊ ငါသည် ဤသူငယ်တို့အားစောင့်ရှောက်ကူညီအံ့ဟု ကြံစည်လျက် သူငယ်များထံချဉ်းကပ်၍ "အမောင်တို့ သင်တို့သည် ဤမှဆက်လက်၍ သွားပါလျှင် ယူဇနာတရာမျှဝေးသော နေရာ၌ လမ်းဆုံလမ်းခွဲတခုကိုတွေ့ လိမ့်မည်၊ ထိုလမ်းခွဲတွင် စာများရေးသားထားလိမ့်မည်၊ စာမှာပါသည့် အတိုင်းသွားကြကုန်လော့၊ လမ်းတလမ်းသည် မိထိလာပြည်သို့ သွားသော လမ်းဖြစ်၍ အခြားတလမ်းကား ကုသုမ္ဘပြည်သို့ သွားရာလမ်းဖြစ်သည်"ဟု ပြောဆိုလေ၏၊ သူငယ်နှစ်ဦးတို့သည် ရုက္ခစိုးနတ်စကားကို မှတ်သားနာယူ လျက် ထွက်ခွါလာကြရာ လမ်းဆုံလမ်းခွဲတခုကို တွေ့ကြလေ၏၊ ထိုလမ်း ဆုံ၌ လမ်းတခုသည် မိထိလာပြည်သွားရာလမ်းဖြစ်၍ အခြားတလမ်းမှာ ကုသုမ္ဘပြည်သွားရာလမ်း ဖြစ်ကြောင်း စာရေးသားထားသည်ကို တွေ့ရ၏၊ ဘုရားလောင်း သိဒ္ဓိသာရသည် မိထိလာပြည်သို့သွားရာလမ်းအတိုင်း လာ၍ အမတ်သား ပညာသာရကား ကုသုမ္ဘပြည်သွားရာလမ်းအတိုင်း ခွဲခွါသွား ကြလေသည်။

မိထိလာပြည်သို့သွားရာလမ်းအတိုင်း လိုက်သွားသော ဘုရားလောင်း သိဒ္ဓိသာရသည် မိထိလာပြည်သို့ရောက်၍ မင်း၏ဥယျာဉ်တော် ကျောက်ဖျာ ထက်၌ ခေါင်းမြီးခြုံ၍အိပ်နေလေ၏၊ ထိုနေ့တွင် မိထိလာပြည်မှ ဘုရင်မင်း မြတ်သည် ကွယ်လွန်ခဲ့လေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ မှူးမတ်အများ နှင့်လူအပေါင်းတို့သည် ဘုရင်၏ဈာပနတိစ္စကိုပြုလုပ်ကြပြီးနောက် မှူးမတ် များ၊ ပုရောဟိတ်များ၊ စစ်သေနာပတိများစုပေါင်း၍ ဆွေးနွေးတိုင်ပင်ကြ ကုန်၏၊ "အို လူများအပေါင်းတို့ ငါတို့ဘုရင်မင်းမြတ်၌ တိုင်းပြည်၏

ပဟိုးမွှေနန်းမွှေကိုဆက်ခံရန် သားသမီးတယောက်မျှ မထွန်းကာ မကျန်ရစ်ခဲ့၊ ရှင်ဘုရင်မရှိသော တိုင်းပြည်လည်း ပျက်စီးရန်သာ ရှိပေသည်၊ ထို့ကြောင့် ငါတို့သည်ငါတို့နိုင်ငံကိုအုပ်ချုပ်ရန် ဘုရင်ရရှိဘို့ လိုအပ်ပေသည်” ဟု ပြောဆိုကြကုန်၏၊ ထိုအခါ ပညာရှိပုရောဟိတ်တယောက်က အို မှူးမတ်အများနှင့် သေနာပတိအပေါင်းတို့၊ ငါတို့သည် ရှင်ဘုရင်ကို ရရှိဘို့အတွက် မင်္ဂလာရထား(ဖုတ်သွင်းရထား)ကိုလွှတ်၍ ရှာရလျှင်ကောင်းမည်ဟု အကြံပေးလေ၏၊ ပုရောဟိတ်ပညာရှိ၏အကြံကို အများလက်ခံကြသောကြောင့် မင်္ဂလာရထားကိုလွှတ်၍ ဘုရင်ရှာရန် စီမံကြလေ၏။

“အို မင်္ဂလာရထား သင်သည် ငါတို့နိုင်ငံကိုအုပ်ချုပ်၍ မင်းလုပ်ချန်ထိုက်တန်သော ပုဂ္ဂိုလ်ထံသို့ ရှေးရှူဦးတိုက် သွားပါလော့”ဟု ဆိုလျက်မင်္ဂလာရထားပေါ်၌ မင်းမြောက်တန်ဆာ ငါးပါးတို့ကို တင်ဆောင်ပြီးလျှင် မင်္ဂလာရထားကို လွှတ်ကြကုန်၏၊ မင်္ဂလာရထားသည် မြို့တော်၏တောင်ဘက် တံခါးမှထွက်၍ မင်္ဂလာဥယျာဉ်တော်သို့ ဝင်ရောက်ပြီးလျှင် မင်္ဂလာကျောက်ဖျာကို လက်ျာရစ်ရစ်၍ ရထားပေါ်သို့ တက်စေလိုသောအမူအရာကိုပြလျက် ရပ်တည်လေ၏ မင်္ဂလာကျောက်ဖျာထက်၌ အိပ်နေသောပုဂ္ဂိုလ်ကိုတွေ့မြင်သဖြင့် ဤပုဂ္ဂိုလ်သည် ဘုန်းကံမရှိသူ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရန် မထိုက်တန်သူဖြစ်လျှင် ကြောက်ရွံ့ထိတ်လန့်၍ပြေးလတံ့ဟု ရည်ရွယ်၍ တူရိယာငါးမျိုးတို့ကို တပြိုင်နက် အလန့်တကြားတီးမှုတ်ကြကုန်၏၊ ဘုရားလောင်း သိဒ္ဓိသာရ သည် တူရိယာတီးမှုတ်သံကိုကြားသောအခါ ခေါင်းမြီးခြုံဖွင့်၍ ကြည့်ပြီးလျှင် လက်ဝဲနံပါးဖြင့် ပြန်ပြောင်းစောင်းငဲ့၍ အိပ်နေလေ၏။

ထိုအခါ ပုရောဟိတ်ပညာရှိသည် ဘုရားလောင်း၏ ခေါင်းမြီးခြုံကိုဖွင့်၍ ခြေကိုကြည့်ရာ ခြေ၌မင်းဖြစ်မည့်လက္ခဏာတို့ကို တွေ့ရသဖြင့် “အို လူများအပေါင်းတို့ ဤပုဂ္ဂိုလ်သည် ငါတို့တိုင်းပြည် တခုကိုသာမက ကျွန်းကြီးလေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းပင် ဖြစ်နိုင်သောပုဂ္ဂိုလ်ဖြစ်ပေသည်”ဟု ဆို၍ ဘုရားလောင်းသိဒ္ဓိသာရအားနှိုးလျက် “အရှင်မင်းမြတ် သင့်အား မင်းစည်းစိမ်ချမ်းသာများ ဆိုက်ရောက် လာပါ၏၊

ကျွန်ုပ်တို့နိုင်ငံ၌ မင်းလုပ်၍ အုပ်ချုပ်ပါလော့”ဟု ဆိုလေ၏၊ ထိုအခါဘုရားလောင်းက “သင်တို့မင်းသည် အဘယ်အရပ်သို့သွားပါသနည်း”ဟု မေးမြန်းလေရာ ကျွန်ုပ်တို့မင်းသည် နတ်ရွာစံသွားပါပြီ၊ ထိုမင်း၌ ထီးမွေနန်းမွေဆက်ခံရန် သားသမီးရတနာများလည်း မထွန်းကား မကျန်ရစ်ခဲ့ပါဟု ဝိုင်းဝန်းလျှောက်ထားကြကုန်၏၊ ထိုနောက် မှူးမတ်များနှင့် ပုရောဟိတ်တို့သည် ဘုရားလောင်း သိဒ္ဓိသာရအား ဦးခေါင်းနှင့်တကွ ရေချိုးပေးကြပြီးလျှင် မင်းမြောက်တန်ဆာနှင့် အဝတ်အစားတို့ကို ဝတ်စားဆင်ယင်စေ၍ ရထားထက်သို့တက်စေကာ မိထိလာမြို့သို့ ခေါ်ဆောင်လျက် စကြဝတေးမင်းအဖြစ် အဘိသိက်သွန်း၍ တင်မြှောက်ကြကုန်၏၊ ဘုရားလောင်း သိဒ္ဓိသာရသည် စကြဝတေးမင်းအဖြစ်ဖြင့် တရားနှင့်အညီ စီမံအုပ်ချုပ်လေ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားသည်—

၆-၉။ ထိုအခါ သိဒ္ဓိသာရသည် စကြာရတနာနှင့် ပြည့်စုံသော စကြာမင်းအဖြစ်ဖြင့် မင်းပြုအုပ်ချုပ်၏၊ ဘုန်းတန်ခိုးအာနုဘော်ကြီး၏၊ ပညာအခြံအရံ ခွန်အားဗလတို့နှင့်ပြည့်စုံ၏၊ ထိုမင်းသည် ရှေးဘဝကပြုခဲ့သော ကောင်းမှုကုသိုလ်ကံ၏ အကျိုးကြောင့် စကြဝတေးမင်းစည်းစိမ်ချမ်းသာကို ရရှိခံစားရခြင်းဖြစ်ပေ၏ဟု မိန့်ကော်မူ၏။

အမတ်၏သား ပုညသာရသည် ကုသမ္ဗာပြည်သို့ သွားရာလမ်း အတိုင်းဆက်လက်သွားလေရာ ကုသမ္ဗာပြည်သို့ ရောက်သွားလေ၏၊ ထိုကုသမ္ဗာပြည်တွင် မြို့တံခါးအနီး ဇရပ်တခု၌ ဝင်ရောက် ရပ်နား နေလေ၏၊ ထိုအခါ၌ မင်းသမီး ကပါးသာ် အခြံအရံများနှင့် အတူ မြစ်ဆိပ်တွင် ရေချိုးရာမှ တက်လာ၏၊ မင်းသမီးသည် ပုညသာရကို မြင်လျှင် ချစ်ခင်နှစ်သက်သော စိတ် ဖြစ်ပေါ်လာ၍ အပျိုတော် တဦးအား စုံစမ်းစေလေ၏၊ အပျိုတော်သည် ပုညသာရထံ သွား၍ တွေ့ရာလေးပါး စကားပြောရင်း စုံစမ်းလေ၏၊ ပုညသာရ ပြုံးရယ်သော အခါတွင် ခံတွင်းမှ ရတနာများ ထွက်၍ အရောင်တလက်လက် ရှိနေသည်ကို တွေ့မြင်သွား၏၊ အပျိုတော်မှ တဆင့် မင်းသမီးသည် သိရှိသွား သဖြင့် ဖခင် မင်းကြီးအား လျှောက်ထား လေ၏၊ မင်းကြီးသည် နှစ်သက် ဝမ်းမြောက်လျက် “ပုညသာရအား မိမိထံ ခေါ်

ဆောင်ခဲ့ရန် မင်းခယောကျ်ား တဦးအား စေလွှတ်လိုက်၏၊ မင်းခယောကျ်ားသည် မင်းကြီး အမိန့်အတိုင်း ပုညသာရအား မင်းကြီးထံ ခေါ်ဆောင်လာ၏၊ ပုညသာရသည် နန်းတော် ပြာသာဒ်ထက်သို့ တက်ရောက်လာကာ မင်းကြီးအား ရှိခိုးလျက် နေလေ၏၊ မင်းကြီးသည် အကျိုးအကြောင်း မေးမြန်းလျက် နှစ်သက် သဘောကျသဖြင့် မိမိ၏ သမီးတော်နှင့် လက်ထပ်ထိမ်းမြား ပေးလေ၏။

(၁၀ ထိုအကြောင်းကိုပင် ဂါထာဖြင့် ပြ၏။)

မင်းသမီးသည် ပုညသာရနှင့် ပေါင်းသင်း လာသောအခါ ပုညသာရ ရယ်သော အခါ ခံတွင်းမှ ရတနာများ ထွက်သည်ကို သိရသဖြင့် မိမိ၏ ခမည်းတော် မင်းကြီးအား လျှောက်ထားလေရာ ဘခင်မင်းကြီးက ပုညသာရအား ဖျားယောင်းလျက် ရတနာခုနစ်ပါးကို တောင်းယူရန် သမီးအား တိုက်တွန်းပြောဆို လေ၏၊ သမီးတော် သည်လည်း ဘခင်မင်းကြီး အမိန့်ရှိသည့် အတိုင်း ပုညသာရထံမှ ရတနာ ခုနစ်ပါးကို တောင်းယူ၍ ဘခင်ထံ သွားရောက်ပေးအပ် အကြောင်းကြားလေ၏၊ ထိုအခါ ဘခင်မင်းကြီးသည် သမီးတော်အား "ချစ်သမီး ငါတို့သည် မင်္ဂလာဥယျာဉ်သို့ ပျော်ပွဲစား ထွက်၍ အောင်သေ သောက်ကြကုန်အံ့၊ ထိုအခါတွင် သေအရက်ထည်း၌ အဆိပ်ကို ထည့်လျက် ပုညသာရအား သောက်စေအံ့"ဟု ပြောလေ၏၊ ယင်းသို့ပြောဆိုပြီးလျှင် မင်းကြီးသည် စစ်သည်ဗိုလ်ပါများကို စုဝေးစေ၍ မြို့မှထွက်လျက် ဥယျာဉ်သို့ ဝင်ကာ ပျော်ပွဲစားကြရာ အောင်သေများကို သောက်ကြကုန်၏၊ ထိုနောက် ဟူရိယာ အမျိုးမျိုးတို့ဖြင့် တီးမှုတ် ဖျော်ဖြေစေလျက် စားဘွယ်သောက်ဘွယ် များကို စားသောက်ကြရာ အဆိပ်ထည့် ထားသော အောင်သေကို ပုညသာရအား တိုက်လေ၏၊ ပုညသာရသည် အဆိပ်ကို သောက်မိသဖြင့် ဆင်းရဲစွာ ခံရလေ၏၊ မင်းကြီးသည် အပြင်းအထန် ဆင်းရဲစွာ ဝေဒနာခံ နေရသော ပုညသာရအား စွန့်လွှတ်ထားခဲ့ကာ နန်းတော်သို့ ပြန်ကြကုန်၏။

**ရှေးဘုန်းရှေးကံ ရှိသူများ သွားလေရာ ချမ်းသာလှ၏**

ထိုအခါ သေလုမျောပါး ဖြစ်နေသော ပုညသာရအား စားသောက်ရန် ဘီလူးကြီးများ ရောက်လာကြ ကုန်၏၊ ပညောင်ပင်စောင့် နတ်သည် ပုည

သာရအားစားရန် ဘီလူးကြီးများ လာကြသည်ကို တွေ့မြင်သဖြင့် "ဤပုည သာ‌သည် ရှေးအခါက ဗာရာဏသီပြည်၌ သူဌေးဖြစ်ခဲ့၍ ဇရပ်, ကျောင်း, ပြာသာဒ်, ဆွမ်း, သင်္ကန်း, ဆေးတို့ကို ရဟန်းသံဃာ တို့အား လှူဒါန်းခဲ့ရုံ သာမက ဥပုသ်သီလများ ကိုလည်း စောင့်သုံးဆောက်တည်ခဲ့သည်၊ သို့ဖြစ် သောကြောင့် ငါထင်ရှား ရှိနေပါလျက် ပုညသာရ သေရန်မသင့်"ဟု ကြံ စည်လျက် စားရန် လာကြသော ဘီလူးများထံ ချဉ်းကပ်လျက် "အို ဘီလူး များတို့ သင်တို့သည် ပုညသာရအား မစားကြပါကုန်လင့်၊ ဤပုညသာရ သည် စကြဝတေးမင်း၏ ချစ်စွာသော အဆွေခင်ပွန်းဖြစ်၍ သူ့အသားကို မစားသင့်ပါ"ဟု ပြောလေ၏။

## ကြမ်းတမ်းသော ဘီလူးများပင် မနေသာ

ထိုအခါ ဘီလူးတယောက်က "အို ရက္ခစိုးနတ်မင်း ဤပုညသာရ သူ ငယ်၌ ဤသို့သော ဂုဏ်ထူးဝိသေသ ရှိပါလျှင် ငါတို့သည် သူ့အား မစား ပါ၊ သေသူကို ပြန်ရှင် စေနိုင်သော နတ်ရေစင်ကို ပေးခဲ့ပါအံ့"ဟု ဆို လေ၏၊ အခြားဘီလူး တယောက်ကလည်း ကျွန်ုပ်၌လည်း နတ်၌ဖြစ်သော ထမ်းပိုးတချောင်း ရှိပါ၏၊ ယင်း ထမ်းပိုး၏ တဖက်မှ ရွှေများ ထွက်၍ အခြားတဖက်မှ ငွေများ ထွက်ပါလတ့်ဟု ဆို၏၊ အခြား ဘီလူးတယောက် ကလည်း ကျွန်ုပ်၌လည်း ရွှေခြေနင်းတခု ရှိပါ၏၊ ယင်း ရွှေခြေနင်းကို စီး နင်း လိုက်လျှင် ကောင်းကင်သို့ ပျံနိုင်၏ဟု ဆိုလေ၏၊ ရက္ခစိုး နတ်သည် ဘီလူးကြီးများ ပြောသည့်အတိုင်း နတ်ရေစင်ကို ပက်ဖျန်း ပေးလေရာ ပုညသာရသည် ခြေလက်များ လှုပ်ရှား လူးလွန့်လာ၏၊ ထိုသို့ ပုညသာရ မသေဘဲ လူးလွန့် လှုပ်ရှားသည်ကို တွေ့သောအခါ ဘီလူးများသည် နတ် နံ့သာ, နတ်ထမ်းပိုး, နတ်ရွှေခြေနင်းကို စွန့်လွှတ်၍ ပြေးကြကုန်၏၊ ရက္ခစိုး နတ်သည် နတ်နံ့သာတို့ကို ယူ၍ ပုညသာရ၏ ကိုယ်ကို လိမ်းကျံပေးသော အခါ အိပ်ပျော်ယောကျ်ား နိုးသောလားသို့ အသက်တဖန်ပြန်၍ ရှင်လာ၏၊ ထိုအကြောင်းကို ဘုရားရှင်သည် —

၁၁၁၂။ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ် ခဲ့သော ကောင်းမှုကြောင့် ပုညသာရသည် ရောဂါအန္တရာယ်များ ကင်းရှင်းလျက် အသက်တဖန် ပြန်ရှင်လာလေ၏ ဟု မိန့်တော်မူ၏။

## ယောက္ခမမင်း၏ လောဘရမက်

ယင်းသို့ အသက်ပြန်ရှင်လာပြီးနောက် ပုညသာရသည် ရက္ခစိုးနတ်အား နေးမြန်းလျက် ရွှေခြေနင်းကို စီးနင်းလိုက်သောအခါ ကောင်းကင်သို့ ပျံတက် သွားလေ၏၊ ယင်းသို့ ကောင်းကင်ပျံတက် စီးနင်းလိုက်ပါသွားပြီး နောက် ဘုရင့်နန်းတော် ပြာသာဒ်သို့ သက်ဆင်းလေ၏၊ ပုညသာရ မင်းသား အသက်မသေဘဲ ပြန်ရောက်လာသည်ကို တွေ့ရသောအခါ ဘုရင့် သမီးတော်သည် ကြောက်ရွံ့သဖြင့် ခရီးဦးကြို ပြုလျက် "အရှင်မင်းသား ကြွပါလော့"ဟု ဆိုကာ ပုညသာရအသက်မသေဘဲ ပြန်ရောက်လာကြောင်း ကို ဘခင်မင်းကြီးအားအကြောင်းကြားလေ၏၊ ထိုအခါ ဘုရင်ကြီးက"ချစ် သမီး သင့် လင်တော်မောင် ပုညသာရသည် အဘယ် အရာဝတ္ထုများကို ယူဆောင်၍ လာပါသနည်း"ဟု မေးလေ၏၊ "ဘခင်မင်းကြီး လင်တော် မောင် ပုညသာရသည် နတ်နံ့သာ, နတ်ထမ်းပိုး, နတ်ရွှေခြေနင်းတို့ကို ယူ၍ လာပါ၏"ဟု သမီးတော်က လျှောက်ထား လေလျှင် "ချစ်သမီး သင့်ယောကျ်ား ပုညသာရထံမှ ပစ္စည်းများကို ရအောင် သင်သည် ကြံ ဆောင်ပါလော့ ဟိမဝန္တာသို့ သွားရန် သင့် ယောကျ်ားအား ပြောဆို ပါလော့"ဟု ဘခင်ကြီးက သမီးအား အကြံပေးလေ၏၊ သမီးသည်လည်း ဘခင် ပြောသည့်အတိုင်း ဟိမဝန္တာသို့ သွားရန် လင် ပုညသာရအား ပူဆာ သဖြင့် ပုညသာရသည် ရွှေခြေနင်းကို စီးလျက် မယားကို ရင်ဝယ်ပိုက် ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ပျံသန်း သွားလေ၏၊ အရိပ် အာဝါသ ကောင်းသော ပညောင်တပင်နှင့် ထီးဖြူ ဇရပ်တို့ကို ကောင်း ကင်မှ တွေ့ရသဖြင့် ဟိမဝန္တာတော ပညောင်ပင် ရှိရာသို့ ဆင်းသက်ပြီးလျှင် ဇရပ်၌ တရေးတမော အိပ်နေလေ၏၊ မင်းသမီးသည် ပုညသာရ အိပ် ပျော်နေစဉ် ပုညသာရ၏ နတ်နံ့သာ, နတ်ထမ်းပိုး, နတ်ရွှေခြေနင်း တို့ကို ယူဆောင်လျက် ရွှေခြေနင်းစီးကာ ကောင်းကင်မှပျံ၍ ဘခင်ထံပြန်လာလေ ၏၊ ပုညသာရသည် အိပ်ရာမှ နိုးသောအခါ ရွှေခြေနင်း စသော မိမိပစ္စည်း များနှင့် တကွ မယားကိုပါ မတွေ့ရ သောကြောင့် အလွန်တရာ ပူဆွေး ဝမ်းနည်းလျက် တောမြောင် ချောက်ကြား ချောင်မြောင်များ အနှံ့အပြား လိုက်လံ ရှာဖွေသော်လည်း မတွေ့သဖြင့် ငိုကြွေးလျက်—

၁၃-၁၇။ ကျီးများ သိန်းစွန်များ ခြသေ့ သစ်ကျားတို့သည် ငါ၏ မယားကို ယူဆောင်သွားကြပါသလော ငါသည် ရှေးအခါက သူ တပါးတို့ ချစ်ခင်ခြင်းကို ခွဲခွါခဲ့သောကြောင့် ယခုအခါ ငါသည် မယားနှင့် ကွဲကွာနေရခြင်း ဖြစ်ပါသလော၊ ရဟန်း ပုဏ္ဏား မြတ် သော အကျင့်ကို ကျင့်သောပုဂ္ဂိုလ်များနှင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်းအား ကျွန်ုပ်သည် ရှိခိုးဦးချ ကန်တော့ပါ၏၊ ရဟန်း ပုဏ္ဏားမှစ၍ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည် ကျွန်ုပ် ကို စောင့်ရှောက်တော် မူကြပါ၊ ကျွန်ုပ်၏ ဆင်းရဲဒုက္ခအပေါင်း မှ လွတ်မြောက်အောင် ကယ်တင်တော်မူကြပါဟု ငိုကြွေးလျက် တောတောင်မြောင်ကြား ချောက်ကမ္ဘားတို့ကို အနှံ့အပြား လိုက် လံ ရှာဖွေလျက် သနားစဖွယ် ငိုကြွေးလေ၏။

## တတိယအကြိမ် နတ်တို့စောင့်ရှောက်

ယင်းသို့ ပုညသာရငိုကြွေးနေသည်ကို ပညောင်ပင်စောင့် ရုက္ခစိုးနတ် သည် တွေ့မြင်သဖြင့် "ဤပုညသာရသည် ဘုန်းကံလက္ခဏာနှင့် ပြည့်စုံ၍ ရှေးအခါက ဗာရာဏသီပြည်တွင် သူဌေးကြီးဖြစ်ခဲ့၍ အလှူကြီးကို ပေးခဲ့ဘူး ၏၊ ပညောင်ပင်ကြီးများကို စိုက်ပျိုးခဲ့ဘူး၏၊ ဇရပ် တန်ဆောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ဘူး၏၊ ထိုစဉ်အခါက တနေ့သ၌ တရားမဏ္ဍပ်သို့သွား ၍ တရားနာပြီးလျှင် ကြည်ညိုသောကြောင့် ပုဆိုးတထည်ကို နှစ်ပိုင်း ပိုင်း ၍ တပိုင်းကို ဘုရားအား ပူဇော်လျက် တပိုင်းကို တရားတော်အား ပူဇော် ခဲ့ဘူး၏၊ ငါသည်အသက်ထင်ရှား ရှိနေပါလျက် ပုညသာရသည် ဆင်းရဲဒုက္ခ ရောက်ခြင်းငှါမသင့်၊ ထို့ကြောင့် ငါသည် ပုညသာရအား ချီးမြှောက် ထောက်ပံ့ စောင့်ရှောက်ကူညီအံ့ဟု ကြံစည်လေ၏။

ထိုအခါ ရုက္ခစိုးနတ်သည် ပညောင်ပင်ကြီးကိုအသီးများ သီးနေအောင် ဖန်ဆင်း၍ ဤပညောင်ပင်၏ အရှေ့ဘက်ကိုင်းမှ အသီးကိုစားလျှင် ကျား ဖြစ်မည်၊ တောင်ဘက်ကိုင်းမှအသီးစားလျှင် ဂဏ်ဖြစ်မည်၊ အနောက်ဘက် ကိုင်းမှ အသီးကိုစားလျှင် မျောက်ဖြစ်မည်၊ မြောက်ဘက်ကိုင်းမှ အသီးကို

စားလျှင် ဗျိုင်းဖြစ်မည်၊ သစ်ပင်ထိပ်ဖျားမှ အသီးကိုစားလျှင် လှပ၍ ခွန်အားဗလကောင်းမည်ဟု ပုညသာရအား ပြောပြလေ၏။

ပုညသာရသည် ရုက္ခစိုးနတ်ပြောသည့်အတိုင်း သစ်ကိုင်းတခုစီမှ အသီးတလုံးစီကို ခူးယူ၍ အဝတ်ဖြင့်ထုပ်ပြီးလျှင် မြောက်ဘက်သစ်ကိုင်းမှအသီးကို စား၍ ဗျိုင်းဖြစ်သွားပြီးလျှင် ကောင်းကင်မှပျံ၍ မင်းသမီး၏ နန်းတော် ပြာသာဒ်သို့ ရောက်ရှိလေ၏၊ မင်းသမီးသည် ပုညသာရကို တွေ့မြင်သောအခါ ဟယ်ဗျိုင်းယုတ် အဘယ့်ကြောင့် ငါ၏အိမ်သို့ လာပါသနည်းဟု ဆဲရေးတိုင်းထွာ၏ ပုညသာရသည် ချစ်နှမ ငါသည်ကား သင်၏ ချစ်လှစွာသော ယောကျ်ားဖြစ်၍ သင့်ထံသို့ လာပါ၏ဟု ဆိုလေ၏။

ထို့နောက် ပုညသာရသည် ၎င်း၌ပါလာသော ညောင်သီးများ၏ အကျိုးကျေးဇူးကို ပြောဆိုပြီးလျှင် ထိပ်ဖျားမှ ဆွတ်ယူလာသော ညောင်သီးကို သူကိုယ်တိုင် စားလိုက်လေ၏၊ ထိုအခါ ပုညသာရမှာ နတ်သားတမျှ လှန်စွာလှပသွားလေသည်၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည်— (၁၉–၂၀။ အထက်ပါအကြောင်းကို ဂါထာဖြင့် ဖွဲ့ဆို၏။)

ထိုအခါ မင်းသမီးသည် အရှင့်သား ရုက္ခစိုးနတ်ပေးသော ညောင်သီးကို မိဘနှစ်ပါးတို့အား ပေးပါလော့ဟု ပုညသာရအား ပြော၏၊ ချစ်နှမ ကောင်းပါပြီဟု ဝန်ခံ၍ ပုညသာရသည် တမြို့လုံး၌ရှိသော လူတို့ကို စုရုံး၍ မင်းသမီး၏ မိဘနှစ်ပါးတို့အား ပညောင်ပင် အနောက်ကိုင်းမှ ခူးယူလာသော ညောင်သီးကို ပေးလေ၏၊ ထိုအသီးကိုစားကြသော မိဘနှစ်ပါးတို့သည် မျောက်ဖြစ်သွားကြကုန်၏၊ ထို့နောက် ပုညသာရသည် ရွှေခြေနင်းကိုစီး၍ မယားကိုရင်ခွင်၌ထားလျက် ကောင်းကင်ခရီးဖြင့် ပျံသွားလေ၏။

ပုညသာရသည် မိတ်ဆွေစကြဝတေးမင် ထံသို့သွား၍ အကြောင်းစုံကို ပြောပြ၏၊ ထိုနောက် စကြဝတေးမင်းသည် ပုညသာရအား ရွှေသမင်၏ ညာမျက်လုံးကိုပေး၏၊ ပုညသာရသည် ထိုညာမျက်လုံးကိုယူ၍ သိမ်းဆည်းထား၏၊ ဘုရားလောင်း စကြဝတေးမင်းသည် ပုညသာရကို သေနာပတိ အရာခန့်ထား၏၊ စကြဝတေးမင်းသည် အလှူပေးခြင်းစသော ကောင်းမှု

တို့ကို ပြုပြီးနောက် ကွယ်လွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ အမတ်တို့နှင့်တကွ လူအပေါင်းတို့သည် စကြဝတေးမင်း၏ စျာပနကိုပြုလုပ်ကြပြီးသောအခါ ပုညသာရသည် ရွှေသမင်၏ညာမျက်လုံးကို စားလေ၏၊ ထိုအခါ၌ လူအပေါင်းတို့သည် ပုညသာရအား စကြဝတေးမင်းအဖြစ်တင်မြှောက်ကြကုန်၏၊ စကြဝတေးမင်းဖြစ်သွားသော ပုညသာရသည် တရားနှင့်အညီ မင်းပြု၍အလှူပေးခြင်းစသော ကောင်းမှုတို့ကို ပြုပြီးနောက် သေလွန်သောအခါတွင် တုသိတာနတ်ပြည်၌ ဖြစ်၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ငါဘုရားသည် ရှေးအခါကလည်း ကောင်းမှုကုသိုလ်အကျိုးနှင့် ပြည့်စုံခဲ့သည်သာ ဖြစ်၏ဟု မိန့်တော်မူ၍ ဇာတ်ကိုပေါင်းလိုရကား—

၂၁-၂၆။ ပဉ္စမပညောင်ပင်စောင့် နတ်သည် ဆန္နမထေရ်ဖြစ်၏၊ ဒုတိယပညောင်ပင်စောင့်နတ်သည် ရှင်သာရိပုတ္တရာ၊ တတိယပညောင်ပင်စောင့်နတ်သည် ရှင်မောဂ္ဂလာန်၊ စတုတ္ထပညောင်ပင်စောင့် နတ်သည် ရှင်မဟာကဿပ၊ ပုညသာရသည် ရှင်အာနန္ဒာ၊ ဗာရာဏသီမင်းသည် သုဒ္ဓောဒန၊ ဝိမလဒေဝီသည် မဟာမာယာဖြစ်၍ သိဒ္ဓိသာရစကြဝတေးမင်းသည်ကား ငါဘုရားဖြစ်လာသည်ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ရှစ်ခုမြောက် သိဒ္ဓိသာရစကြဝတေးမင်း ဝတ္ထု ပြီး၏။

---

# ၉-သီလဇာတ်

[သီလ ဆောက်တည်သောကြောင့် အသက်ဘေးမှ ကင်းဝေးပြီးလျှင် စည်းစိမ်ဥစ္စာ များစွာတို့ကို ရရှိခံစားရသော မောင်သီလဝတ္ထု]

မြတ်စွာဘုရားသည် သဗ္ဗကာမဒဒံ သီလံ အစရှိသောတရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဝိမိ၏သီလကိုအကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါဥပါသကာကယောက်သည် ဇေတဝန်ကျောင်း အနီး၌

နေ၍ သဒ္ဒါတရားနှင့်ပြည့်စုံ၏၊ အမိအဖတို့ကို လုပ်ကျွေး၏၊ ကြီးသောသူတို့ကိုရိုသေ၏၊ ရဟန်းသံဃာများကို ဆည်းကပ်ကိုးကွယ်၏၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါးတို့၏ဂုဏ်ကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ် ကိုးကွယ်၏၊ နံနက်တကြိမ် ညတကြိမ်တရားတော်ကို နာယူ၏၊ ကြွယ်ဝချမ်းသာ၏၊ စပါးကျီတို့၌ စပါးအပြည့်ရှိ၏၊ ငါးပါးသီလ ရှစ်ပါးသီလတို့ကို အမြဲစောင့်ထိန်း၏။ တနေ့သ၌ ထိုဥပါသကာသည် ကိစ္စတခုဖြင့် တောသို့သွားသောအခါ သစ်ပင်ရိပ်တခု၌ ထိုင်၍ မိမိ၏သီလများကို ဆင်ခြင်လျက် မိမိနှင့်အတူလာသော ပရိသတ်တို့အား "သင်တို့သည် အိမ်သို့ ပြန်နှင့်ကြကုန်လော့၊ ငါသည်နောက်မှလိုက်လာအံ့" ဟု အတူလာသူတို့အား လွှတ်လိုက်လျက် မိမိသည်ကား သီလကိုစောင့်ထိန်းလျက် ဘုရား, တရား, သံဃာ, ရတနာသုံးပါး၏ ဂုဏ်များကို ပွားများ၍ နေလေရာ၊ ထိုခဏ၌ ထိုဥပါ-သကာ၏ သီလစောင့်ထိန်းသော တန်ခိုးကြောင့် အာကာသဇိုး ဘုမ္မဇိုးနှင့် တောစောင့်နတ် တောင်စောင့်နတ်တို့သည် "အို နတ်များတို့ ဤဥပါ-သကာသည် သီလကို စောင့်ထိန်း၏၊ ရတနာသုံးပါးဂုဏ်ကို အမြဲပွားများအောက်မေ့ဆင်ခြင်၏၊ ဤဥပါသကာအား အိမ်သို့လက်ချည်းသက်သက်ပြန်စေရန် မသင့်၊ ငါတို့တတ်နိုင်သမျှ စောင့်ရှောက်ကြကုန်အံ့" ဟု တိုင်ပင်ဆွေးနွေးကြကုန်၏။

ယင်းသို့ နတ်တို့သည် တိုင်ပင်ကြပြီးနောက် အချို့နတ်တို့သည် ရွှေတို့ကိုငင်း၊ အချို့ကငွေ၊ အချို့က ရတနာခုနစ်မျိုး၊ အချို့က အဝတ်တန်ဆာအမျိုးမျိုးတို့ကို ယူဆောင်၍ ထိုဥပါသကာအား ပူဇော်ပေးအပ်ကြကုန်၏၊ နတ်များပူဇော်သော ရွှေငွေရတနာ အဝတ်တန်ဆာတို့သည် လှည်းအစီးနှစ်ထောက်တိုက်မျှ များပြားကုန်၏၊ ထိုအခါ ဥပါသကာသည် ဤမျှ များပြားသော ပစ္စည်းများကို ငါသည် အဘယ်သို့ သယ်ဆောင်ရပါအံ့နည်းဟု စိတ်အကြံဖြစ်လေ၏၊ ထိုခဏ၌ နတ်သားတယောက်သည် လှည်းအစီး နှစ်ထောင်ကို ဖန်ဆင်းလျက် ပစ္စည်းများကို လှည်းပေါ်သို့ တင်ဆောင်၍ ထိုဥပါသကာအား ပေးလေ၏၊ ထိုနောက် ဥပါသကာသည် "ဤလှည်းများကို ဆွဲယူရန် ငါ့အား နွားများအဘယ်သို့ ရပါအံ့နည်း" ဟု စိတ်ကူး ကြံစည်လေ၏၊ ထိုအခါ၌ နတ်သားတယောက်သည် လေးထောင်

သော နွားတို့ကို ဖန်ဆင်းပေးလေ၏၊ ထိုနောက် ဥပါသကာသည် "ဤလှည်းများကို ဤနွားများ၌ အဘယ်သို့ တပ်ဆင်ယူဆောင်ရပါအံ့နည်း"ဟု စိတ်ကူးကြံစည်ပြန်၏၊ ထိုအခါ၌ နတ်သားတယောက်သည် တထောင်သော ယောကျ်ားတို့ကို ဖန်ဆင်း၍ ဥပါသကာအား ပေးလေ၏၊ ရွှေငွေရတနာ အဝတ်တန်ဆာများကို ဇေတဝန်ကျောင်းတော်သို့ လှည်းများဖြင့်ယူဆောင် သယ်သွားကြကုန်၏၊ ထို့ပြင် နတ်သားတယောက်က ကြာညိုအဆင်း ရှိသော မြင်းလေးကောင်နှင့် ရထားကို ဖန်ဆင်း၍ ထိုဥပါသကာအားလည်း ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ပေးလေ၏။

ဥပါသကာသည် မြတ်စွာဘုရားထံ ချဉ်းကပ်လျက် "အရှင်ဘုရား ဤ များပြားသော ရွှေငွေရတနာ အဝတ်တန်ဆာတို့သည် တပည့်တော်၏ သီလ တန်ခိုးကြောင့် ရရှိခြင်း ဖြစ်ပါသည်၊ တပည့်တော်သည် ဤပစ္စည်း အားလုံးကို မြတ်စွာဘုရားအား လှူဒါန်းပါ၏"ဟု လျှောက်ထားပြီးလျှင် မြတ်စွာဘုရားနှင့် ရဟန်း သံဃာတို့အား လျှောက်ပတ်သော ကပ္ပိယဝတ္ထုများ ဘုရားအမှူးရှိသော သံဃာတို့အား အလှူကြီးကို ပေးလှူလေ၏၊ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားစည်းဝေးရာ မဏ္ဍပ်သဘင်၌ "ငါ့ရှင်တို့ အံ့ဩဘွယ် ရှိပါပေစွ သီလ၏တန်ခိုးကား အကျိုးကြီးမား များပြားလှပေ ၏၊ ဤမည်သောဥပါသကာသည် သီလကို စောင့်ထိန်းသောကြောင့် ကြီး ကျယ် များပြားသော စည်းစိမ်ချမ်းသာတို့ကို ရရှိပေ၏"ဟု တအံ့တဩ ပြောဆိုချီးမွမ်းနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ တရားစည်းဝေးရာ မဏ္ဍပ်သို့ကြွ သာတော်မူလျက် "ရဟန်းတို့ ယခု ငါဘုရား ကြွလာတော်မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆို ဟိုင်ပင်နေကြပါကုန်သနည်း"ဟု မေးတော်မူလေရာ ဤမည်သောစကားကို ပြောဆိုတိုင်ပင်နေကြပါကုန်၏ ဟု လျှောက်ထားကြကုန်၏၊ ထိုအခါ ဘုရားရှင်က "ရဟန်းတို့ ဤ ဥပါ သကာသည် ယခုမှသာ သီလဆောက်တည်သဖြင့် သီလအကျိုးကြောင့် များစွာသော စည်းစိမ်ချမ်းသာတို့ကို ရသည်မဟုတ်သေး၊ ရှေးအခါကလည်း ပညာရှိသောယောကျ်ားသည် သီလကို စောင့်ထိန်းသဖြင့် သီလ၏ အကျိုး

ကြောင့် ကြီးကျယ်များမြတ်သော စည်းစိမ်ချမ်းသာတို့ကို ရဘူးသည်သာ ဖြစ်ခဲ့၏''ဟုမိန့်တော်မူလျက် ဆိတ်ဆိတ်နေတော်မူလေ၏၊ ထိုအခါ ရဟန်းတော်များက တောင်းပန်လျှောက်ထားသောကြောင့် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ် ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်း မောင်သီလသည် ထိုမင်း၏ သားတော် ဥပရာဇာ၏ ထံတွင် ခစား နေပေသည်၊ ထိုအခါ တနေ့သ၌ မုဆိုးတယောက်သည် တောသို့သွား၍ ရလာသော ငှက်သုံးကောင်တို့ကို အိမ်ရှေ့မင်းသားအား ဆက်သလေ၏၊ အိမ်ရှေ့ မင်းသားသည် ယင်းငှက်သုံးကောင်တို့၏ အသားကို စားလိုသ ဖြင့် ဘုရားအလောင်း မောင်သီလကို ခေါ်၍''မောင်သီလ ဤ ငှက်သုံးကောင်တို့ကို သတ်၍ ချက်ပြီးလျှင် ငါ့အားပွဲတော်တည်ပါလော့''ဟု အမိန့်ပေးလေ၏၊ ထိုအခါ ဘုရားအလောင်း မောင်သီလသည် ယင်းငှက်တို့ကို သနားသဖြင့်'' ဤမင်းသားသည် ငါ၏ ဦးခေါင်းကို ဖြတ်လိုက ဖြတ်ပစေ ငါသည် ဤ ငှက်သုံးကောင်တို့ မသတ်''ဟု ကြံကာ မသတ်ဘဲ နေလေ၏၊ ထိုအခါ အိမ်ရှေ့မင်းသားသည် မောင်သီလအား အကြီးအကျယ် ဒေါသထွက်လျက်''ငါ၏ အာဏာကို ဖီဆန်၍ ငါ့အမိန့်ကို မလိုက်နာသော ဤမောင်သီလအား လက်ပြန်ကြိုးတုပ် သုသာန်ထုတ်၍ သတ်စေရန် မင်းချင်းယောကျ်ား လူသတ်သမားတို့အား အမိန့်ပေးလေ၏၊ မင်းချင်းယောကျ်ား လူသတ်သမားတို့သည် မောင်သီလအား လက်ပြန်ကြိုးတုပ်၍ သုသာန်သို့ ခေါ်ဆောင် သွားကြကုန်၏၊ ဖမ်းဆီးခေါ်ဆောင်သွားရာ လမ်းတလျှောက်ရှိ လမ်းဆုံလမ်းခွ တို့၌လည်း မောင်သီလအား ရိုက်နှက် ပုတ်ခတ်ကြကုန်၏။

ထိုနောက် မောင်သီလက မင်းခယောကျ်ား လူသတ်သမား တို့အား ''သင်တို့ မင်းသားက အသို့ မှာလိုက်ပါသေး သနည်း''ဟု မေးလေ၏၊ ထိုအခါ လူသတ်သမား တို့က ''သင်သည် ထိုငှက်သုံးကောင်ကို သတ်မည်

ဆိုပါက သင့်အား လွှတ်ရန် အမိန့် ပေးလိုက်ပါ၏”ဟု ပြောကြ ကုန်၏၊ မောင်သီလကား မင်းခယောကျ်ား လူသတ်သမား တို့အား “သင်တို့ မင်း သားသည် ငါ့အား ခေါင်းဖြတ် လိုလျှင်လည်း ဖြတ်ပစေ, ဆုံထည်းထဲ့၍ ထောင်းထုလိုက ထောင်းထုပစေ၊ ငါသည်ကား ငါ့သီလဖျက်၍ သူတပါး အသက်ကို သတ်လိမ့်မည် မဟုတ်”ဟု ဆိုလေ၏၊ ထိုအချိန်၌ မြစ်ကြီးတခု သည် ရေစီးသန်၍ မိကျောင်းတို့ ပေါများလှ၏၊ မင်းသားသည် သူသတ် ယောကျ်ားတို့အား “ဤမောင်သီလအား မိကျောင်းပေါသော မြစ်ထဲသို့ ပစ်၍ မိကျောင်းစာ ကျွေးကြ ကုန်လော့”ဟု အမိန့်ပေးလိုက်၏၊ မင်းခ ယောကျ်ား လူသတ်သမားတို့ သည်လည်း မင်း၏ အမိန့်အတိုင်း မောင် သီလအား မိကျောင်း ပေါများသော မြစ်ထဲသို့ ပစ်ချကြကုန်၏။

## သီလ၏စွမ်းရည် မိကျောင်းကယ်ပြီ

ထိုအခါ မောင်သီလ၏ သီလတန်ခိုးကြောင့် ခုနစ်ကောင် ရှစ်ကောင် သော မိကျောင်းတို့သည် မိမိတို့ ကျောကုန်းဖြင့် လာရောက် ခံထားကြ လျက် မောင်သီလအား ဝန်းရံ စောင့်ရှောက်ကြကုန်၏၊ မြစ်ကိုစောင့်သော နတ်သည် မောင်သီလ၏ သီလတန်ခိုးကြောင့် လာရောက်၍ မိကျောင်း တို့ကို ဖယ်ရှားစေလျက် ရတနာတို့ဖြင့် တန်ဆာဆင်လားသော ဆယ်လန်မျှ အမြင့် ပမာဏရှိသော ရွှေပြာသာဒ်တခုကို ပေါ်ပေါက်စေလျက် မောင် သီလအား ခံထားလေ၏၊ ဘုရားလောင်းသည် ယင်း ပြာသာဒ်တွင် ရွှေ ပလ္လင်ထက်၌ နေလေ၏၊ ပြာသာဒ်၏ လေးဘက် လေးတန်တို့၌ ပဒေသာ ပင် လေးခု ပေါ်ပေါက်၏၊ ရွှေ, ငွေ, ရတနာ ခုနစ်ပါးနှင့် အဝတ်အစား များတို့သည် ပဒေသာပင်၏ လေးဘက် လေးတန်တို့၌ ချိတ်ဆွဲလျက် ရှိ၏၊ ကို ရတနာပြာသာဒ်သည် နတ်တို့၏ တန်ခိုးကြောင့် ရေစုန်ရေဆန် မျော လျက် နေလေ၏၊ ထိုအခါ၌ တမြို့လုံး၌ ရှိကြသော လူအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် တခဲနက် တအံ့တသြ မှုမောမဆုံး ရှိကြကုန်၏။

မင်းနှင့် အိမ်ရှေ့မင်းသားတို့သည် မောင်သီလ၏ သီလတန်ခိုး အစွမ်း သတ္တိကို ရှုမြင်ကြရသဖြင့် များစွာကျောက်ရွံ့တုန်လှုပ်လျက် မိမိတို့၏အပြစ်

ကို သည်းခံခွင့်လွှတ် ကျေနပ်ပါရန် ပူဇော်ဘွယ် များစွာတို့ဖြင့် လာရောက် ပူဇော်တောင်းပန်ကြကုန်၏၊ ထိုခဏ၌ နတ်တို့၏ တန်ခိုးအာနုဘော်ကြောင့် မောင်သီလသည် ပြာသာဒ်နှင့်တကွ ကောင်းကင်သို့ပျံတက်ပြီးလျှင် ကောင်းကင်မှ ဆင်းသက်၍ မြို့အလယ်၌ ရပ်တည်လေ၏၊ ထိုအခါ မင်း, အိမ်ရှေ့မင်းသားနှင့်တကွ လူအပေါင်းတို့သည် မောင်သီလထံ ချဉ်းကပ်ရှိခိုးကြကုန်လျက် မောင်သီလအား မင်းစည်းစိမ်ကို အပ်နှင်းကြကုန်၏၊ မောင်သီလကား မင်းစည်းစိမ်ကို မမက်မောသဖြင့် တိုင်းပြည်စည်းစိမ်အပ်နှင်းခြင်းကို ငြင်းပယ်လျက်"မြတ်သောမင်းကြီး ကျွန်ုပ်သည်မင်းစည်းစိမ်ကို အလိုမရှိပါ ကျွန်ုပ်သည် ဟိမဝန္တာတောသို့သွား၍ ရဟန်းပြုပါအံ့"ဟု ဆိုလေ၏။

ထိုအခါ မင်းကြီးနှင့် အိမ်ရှေ့မင်းသားတို့က "အိုယောကျ်ားမြတ် သင်သည် ဟိမဝန္တာတောသို့ဝင်၍ရဟန်းပြုပါလျှင် ကျွန်ုပ်တို့သည်လည်း သင်နှင့်အတူ လိုက်ပါလျက်ရဟန်းပြုပါကုန်အံ့"ဟု ဆိုသောအခါ မောင်သီလသည် မင်းကြီးနှင့် အိမ်ရှေ့မင်းသား နှစ်ဦးတို့ကိုပါ ခေါ်ဆောင်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြုလျက် တရားအားထုတ်လေရာ သမာပတ် ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ရလေ၏၊ မောင်သီလသည် သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ရရှိပြီးနောက် ဟိမဝန္တာတွင် ဆက်လက်၍ အသက်ရှည်သမျှ နေပြီးလျှင် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ ထို့ကြောင့် ရဟန်းတို့ သီလမည်သည်ကား မကျိုးမပေါက် မပျောက်မကျားအောင် ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းပါလျှင် မျက်မှောက်ဘဝ တမလွန်ဘဝတို့၌ ကြီးကျယ်များပြားသော အကျိုးတရားတို့ကို ရရှိနိုင်ပေ၏ ဟု မိန့်တော်မူပြီးလျှင်—

၁၂၃။ သီလသည် လိုအင်ဆန္ဒအဝဝကို ပေးစွမ်းနိုင်၏၊ စကြဝတေးမင်း စည်းစိမ်ချမ်းသာကို ရခြင်း၏အကြောင်းလည်း ဖြစ်၏၊ သီလသည် အလိုရှိသမျှကို ပေးစွမ်းနိုင်သော ရွှေအိုးကြီးနှင့်၎င်း ပဒေသာပင်ကြီးနှင့်၎င်း တူ၏၊ မိုးရေဖြင့်ပြည့်သောမြစ်ရေသည် သုံးစွဲ၍ မကုန်ခန်းနိုင်သကဲ့သို့ သီလစောင့်ထိန်းသောသူအား ရရှိသော စည်းစိမ်ချမ်းသာတို့သည်လည်း သုံးစွဲမကုန် ရှိပေ၏၊ သီလသည်

စည်းစိမ်ကို တိုးပွါးစေတတ်၏၊အခြံအရံအကျော်အစောကို ပေးတတ်၏၊ သီလကိုစောင့်ထိန်းသူသည် အသက်ရှည်၏၊ သီလသည် အရိယာတို့၏ဥစ္စာလည်း ဖြစ်၏၊ ထို့ကြောင့်ဘုရားရှင်တို့၏ ကျက်စားရာဖြစ်သော သီလကို မကျိုးမပေါက် မပျောက်မကျားအောင် ကြိုးစား၍ အားထုတ်ရာ၏ဟု မိန့်တော်မူ၏။

ဇာတ်ပေါင်းသော်

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုမှသာလျှင်သီလသည်ဤဥပါသကာအား စည်းစိမ်ချမ်းသာကို ပေးသည် မဟုတ်၊ ရှေးအခါကလည်း ငါဘုရားအား စည်းစိမ်များစွာကို ပေးခဲ့ဘူး၏ဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာလေးပါး တရားဟောပြီးသည်အဆုံး၌ ရဟန်းအားလုံးတို့သည် သောတာပန် စသည် တည်ကြကုန်၏၊ ထို့နောက် မြတ်စွာဘုရားသည်—

၄-၅-၆။ မြစ်ကိုစောင့်သောနတ်သည် ရှင်သာရိပုတ္တရာ၊ ပြဟ္မဒတ်မင်းသည် ရှင်မောဂ္ဂလာန်၊ အိမ်ရှေ့မင်းသားသည် ရှင်အာနန္ဒာဖြစ်၍ သီလစောင့်သော မောင်သီလသည်ကား ငါဘုရားဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ကိုးခုမြောက် ဘီလဝတ္ထုသည် ပြီး၏။

---

# ၁၀-မဟာသုဒဿနဇာတ်

[ရဟန်း တပါးအား စရပ်တဆောင်နှင့် ပရိက္ခရာရှစ်ပါးတို့ကို လှူဒါန်းသဖြင့် စကြဝတေးမင်း ဖြစ်သွားသော မဟာသုဒဿန စကြာမင်း ဝတ္ထု။]

မြတ်စွာဘုရားသည် ယံကိဉ္စိ ဒါနံ အစရှိသော ဤတရားဒေသနာကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အဇိကမင်း၏ ပရိက္ခရာရှစ်ပါး အလှူကို

အကြောင်းပြု၍ ဟောတော်မူ၏၊ ခဲ့၍ ဆိုဦးအံ့၊ ထိုနှစ် မိုးကာလ၌ ရှင်ကောဏ္ဍညမထေရ်သည် နောက်ပါ အခြွေအရံ သံဃာတော်များနှင့် အတူ မြတ်စွာဘုရားကို ပန်ကြား လျှောက်ထားလျက် ဇေတဝန်ကျောင်းတော်မှ ထွက်ခွါ၍ သာကေတမြို့သို့ ဆိုက်ရောက်လေ၏၊ ထိုနေ့၌ အဇိတမင်းသည် ရှင်ကောဏ္ဍညမထေရ်ကို ဖူးမြင်ရ၍ အလွန်တရာ ကြည်ညိုခြင်းဖြစ်ရကား အမတ်တို့ကို ခေါ်၍ "အို အမတ်များတို့ ရှင်ကောဏ္ဍညမထေရ်ကို ငါတို့၏ ကျောင်းအရံ၌ ဝါကပ် သီတင်းသုံးတော်မူရန် သွားရောက်ပင့်ဖိတ်ကြ ကုန်လော့"ဟု စေခိုင်းတော်မူ၏၊ ထိုအမတ်သည်လည်း သွားရောက်၍ "အရှင်ဘုရားတပည့်တော်တို့၏ အဇိတမင်းကြီးသည် တပည့်သံဃာများနှင့် အတူ အရှင်ဘုရားအား ဤကျောင်းအရံ၌ ဝါကပ် သီတင်းသုံးနေတော်မူရန်ပင့်ဖိတ်ပါ၏"ဟု လျှောက်ထားပင့်ဖိတ်လေ၏၊ ရှင်ကောဏ္ဍညမထေရ်သည် ပင့်ဖိတ်ခြင်းကို လက်ခံတော်မူလျက် ယင်းသို့ လက်ခံတော်မူပြီးနောက် ရှင်ကောဏ္ဍညမထေရ်သည် အဇိတမင်း၏ ကျောင်း၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံး နေထိုင်တော်မူ၏၊ ဝါကျွတ်သောအခါ ရှင်ကောဏ္ဍညသည် ဝါလကင်းလွတ် သီတင်းကျွတ်သဖြင့် အခြားတနေရာသို့ ကြွရောက်မည်ဖြစ်ကြောင်း အဇိတမင်းကြီးအား ပန်ကြား ပြောဆိုလေ၏။

ထိုအခါ အဇိတမင်းသည် ကျောင်းအရံ၏ အလယ်၌ ပဒေသာပင်တခုကို ပြုလုပ်စီမံလျက် အမြဲတန်း အလှူဒါနကို ပြုထား၏၊ ပဒေသာပင်၏ အရှေ့မျက်နှာဘက်၌ ဆန်စပါး ပဲ နှမ်း ငှက်ပျောသီး အုန်းသီး ကြံစသည်တို့ကိုရင်း၊ အနောက် မျက်နှာဘက်၌ ကောသေယျတိုင်း ဥဒုမ္ဗရတိုင်းတို့မှ ဖြစ်သော အဝတ်အထည်များ ဝါ ကမ္ဗလာ အဝတ်အထည်နှင့် ဝါဂွမ်း အဝတ်အထည် အမျိုးမျိုးတို့ကိုရင်း၊ တောင်မျက်နှာ ဘက်၌ ရွှေငွေ ပုလဲ ပတ္တမြား စသော ရတနာ အမျိုးမျိုးကိုရင်း ချိတ်ဆွဲ ထားလေ၏၊ ပဒေသာပင်၏ အလယ်ချက်၌ ရွှေထီးနှင့် တမ်းခွန်တို့ကိုရင်း စိုက်ထူထားလေ၏၊ အဇိတ မင်းသည် ပစ္စည်းမျိုးစုံ ချိတ်ဆွဲထားသော ပဒေသာပင်ကိုရင်း, ပရိက္ခရာ ရှစ်ပါးကိုရင်း, ဆွမ်းဘောဇဉ် ချိုချဉ် အဖျော်ယမကာတို့ကိုလည်း ရှင်ကောဏ္ဍည အမှူးရှိသော သံဃာတော် အပေါင်းအား အလှူကြီးကို

ပေးလှူလေ၏၊ ရှင်ကောဏ္ဍည မထေရ်သည် မင်းကြီး၏ အလှူကို သာဓုခေါ်၍ အနုမောဒနာတရား ဟောကြားလေ၏၊ အဇိတမင်းသည် ရှင်ကောဏ္ဍည ဟောကြားသော တရားကို ကြားနာရ၍ နှစ်သက်အားရ ကျေနပ်လှပြီးနောက် မထေရ်အား ရှိခိုးလျက် ဖဲခွါသွားလေ၏။

ထိုနောက် အခါတပါး၌ အဇိတမင်းသည် နောက်ပါအခြံအရံများနှင့်အတူ ဇေတဝန် ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် "အသုံးအဆောင် အမျိုးမျိုး ပြည့်စုံသော ပဒေသာပင်နှင့် တကွ ပရိက္ခရာရှစ်ပါး ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ ယမကာ အမျိုးမျိုးတို့ကို တပည့်တော်သည် ရှင်ကောဏ္ဍည အမှူးရှိသော သံဃာတော် အရှင်မြတ်များအား လှူဒါန်းခဲ့ပါ၏၊ တပည့်တော်၏ ထိုအလှူဒါနသည် မည်မျှအကျိုးရှိသည်ကို ဒကာတော်အား မိန့်ကြားတော်မူပါ"ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားက "ဒကာတော် မင်းမြတ် သံဃာတော်အား ပေးလှူသော သင်၏ အလှူဒါနသည် ကြီးမြတ် များပြားသော အာနိသင် ရှိပါ၏"ဟု မိန့်ကြားတော် မူလေ၏၊ မြတ်စွာဘုရား မိန့်ကြားဟောမြွက်တော် မူပြီးသည်၏ အဆုံး၌ မင်းနှင့်တကွ ပရိသတ်တို့သည် သောတာပန် စသည် ဆိုက်ရောက်ကြကုန်၏။

ထိုအခါ တရားစည်းဝေးရာ မဏ္ဍပ်သဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့ အဇိတ မင်းသည် ရှင်ကောဏ္ဍည အမှူးရှိသော သံဃာတော်များအား ပဒေသာပင်နှင့်တကွ ပရိက္ခရာရှစ်ပါး ဆွမ်းခဲဘွယ် ဘောဇဉ်များကို လှူဒါန်းခဲ့သောကြောင့် ဇမ္ဗူဒိပ်တကျွန်း၌ ထင်ရှားကျော်ကြားလေ၏"ဟုပြောဆိုဆွေးနွေး နေကြကုန်၏၊ ထိုရဟန်းတို့ ပြောဆိုသော စကားကို မြတ်စွာဘုရားသည် ဂန္ဓကုဋိ ကျောင်းတော်မှ ကြားသိတော် မူသဖြင့် ရဟန်းတို့တရားစည်းဝေးရာမဏ္ဍပ်သို့ ကြွရောက်တော်မူလျက်"ရဟန်းတို့ ယခုငါဘုရားကြွလာတော် မူသောအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆိုစည်းဝေး နေကြပါကုန် သနည်း"ဟု မေးတော်မူ၏၊ ဤမည်သော စကားကို ပြောဆိုစည်းဝေးနေကြ ပါကုန်သည်ဟု ရဟန်းတော်များက လျှောက်ထားလေလျှင် "ရဟန်းတို့ ရဟန်းသံဃာတို့အား အလှူကြီးကို ပေးလှူခြင်း.

သည် ယခုမှသာ ကြီးမြတ်သော အကျိုးကို ရရှိသည် မဟုတ်ပေ၊ ရှေးအခါ ကလည်း ရှေးပညာရှိ တို့သည် ကဿပ မြတ်စွာဘုရားနှင့် တပည့်သာဝက တို့အား ဇရပ်စသော အလှူများကို ပေးလှူခဲ့သောကြောင့် များမြတ်သော အကျိုးတရားတို့ကို ရရှိခဲ့ပေသည်''ဟု မိန့်တော်မူလျက် အတိတ်ကို ဆောင် တော်မူ၏။

## အတိတ်ဇာတ်ကြောင်း

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်း ပြု၏၊ ထိုမင်းမိဖုရားကြီးကား သုမနဒေဝီအမည်ရှိ၏၊ ဗာရာဏသီပြည်၌ သူဌေးကြီးတဦးရှိ၏၊ စည်းစိမ်ဥစ္စာများစွာကြွယ်ဝ၍ အခြံအရံလည်း များ စွာရှိ၏၊ ထိုအခါ၌ ဘုရားလောင်းသည် ထိုသူဌေးကြီးအိမ်၌ဖြစ်၍ အခြံအရံ များစွာဖြင့် ကြီးပြင်းလာခဲ့ပြီးနောက် ဖခင်သူဌေးကြီး ကွယ်လွန်သော အခါ သူဌေးရာထူးကို ဆက်လက်ခံယူ၏၊ ထိုအချိန်၌ ကဿပမြတ်စွာဘုရား သည် လောက၌ ဖြစ်ထွန်းပေါ်ပေါက်လာ၍ နတ်လူတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ဗာရာဏသီမြို့ရှိ ကျောင်းတော် ကြီးတွင် သီတင်းသုံးနေထိုင်တော်မူ၏၊ ထိုအခါ ကဿပမြတ်စွာဘုရား၏ တပည့်ရဟန်းတပါးသည် ဆိတ်ငြိမ်ခြင်းကိုအလိုရှိသဖြင့် တောသို့ဝင်လျက် ကမ္မဋ္ဌာန်းတရားကိုအားထုတ်၏၊ ထိုအခါ ဘုရားလောင်းသည် မိမိ၏ကိစ္စ တခုဖြင့် တောသို့သွားသောအခါ ဟိုဟိုဒီဒီ ကြည့်ရှုလတ်သော် တရားအား ထုတ်နေသော ထိုမထေရ်ကို တွေ့မြင်သဖြင့် ကြည်ညိုသောစိတ် ရှိရကား မထေရ်မြတ်ထံချဉ်းကပ်လျက် "အရှင်ဘုရား အရှင်ဘုရားသည် ဤနေရာ၌ သီတင်းသုံးနေထိုင်တော်မူပါသလော''ဟု လျှောက်၏၊ "ဒါယကာ မှန်ပါ ၏''ဟု မထေရ်က မိန့်ဆို၏။

ဘုရားလောင်းသည်"ဤအချိန်အခါကား ငါ့အားကုသိုလ် ကောင်းမှုပြု ရန်အခွင့်ကောင်း အခါကောင်းပေတည်း''ဟု ကြံစည်လျက် သစ်ဝါးတို့ဖြင့် ဇရပ်တဆောင် ဆောက်လုပ်ပြီးလျှင် ဇရပ်၏ပတ်ဝန်းကျင်၌ သဲများဖြန့် ခင်းပြီးနောက် ရွာသို့ဝင်လေ၏၊ နောက်တနေ့တွင် ဘုရားလောင်းသည်

နှံ့သာပန်းစသည်ကိုငင်း, အခြားလှူဘွယ်ဝတ္ထုတို့ကိုငင်း, ယူဆောင်လျက် မထေရ်မြတ်အား ရှိခိုးလျက် အရှင်ဘုရား တပည့်တော်အား သနားသော အားဖြင့် တပည့်တော်ဆောက်လုပ် စီမံထားသော ဤဇရပ်၌ သီတင်းသုံး နေထိုင်တော်မူပါဘုရားဟု လျှောက်ထားလျက် ဇရပ်ကိုအပ်နှင်း လှူဒါန်း လေ၏၊ မထေရ်မြတ်သည် ဒါယကာအား သနားသောအားဖြင့် ဒါယကာ လှူဒါန်းသောဇရပ်ကို လက်ခံတော်မူလျက် ထိုနေ့၌ပင်ထိုဇရပ်၌ သီတင်းသုံး နေထိုင်တော်မူလေ၏၊ ထိုနောက် ဘုရားလောင်းသည် မထေရ်မြတ်အား သင်္ကန်းစသော လှူဘွယ်ဝတ္ထုတို့ ပေးလှူလျက် "ဤအလှူသည် သဗ္ဗညုတ ဉာဏ်၏ အထောက်အပံ့ဖြစ်ပါစေသတည်း"ဟု ဆုတောင်းလေ၏၊ မထေရ် မြတ်သည် ဒါယကာ၏အလှူကို အနုမောဒနာပြုလိုရကား—

၁-၄။ ဇရပ်ကိုလှူခြင်းကြောင့် နတ်၌ဖြစ်သောပြာသာဒ်ကိုရ၍ စင်္ကြံကိုလှူ ခြင်းကြောင့် ကြီးစွာသော နေရာဌာနကိုရတတ်၏၊ နေရာဌာနကို ပေးလှူခြင်းကြောင့် မြေကြီးကိုအစိုးရ၏၊ ထမင်း(ဆွမ်း)ကိုလှူခြင်း ကြောင့် ခွန်အားဗလနှင့်ပြည့်စုံရ၏၊ လှည်းယာဉ်လှေယာဉ် မော် တော်ယာဉ်တို့ကို လှူဒါန်းခြင်းကြောင့် ချမ်းသာစွာသွားလာရ၏၊ ဆီမီးကို ထွန်းညှိပူဇော်သောကြောင့် မျက်စိမှုန်စေခြင်းမရှိ ကြည် လင်၏၊ ခတင်ညောင်စောင်းကို လှူဒါန်းခြင်းကြောင့် နတ်၌ဖြစ် သော ပလ္လင်ကိုရ၏၊ သင်သည်ဤဇရပ်စသည်ကို လှူဒါန်းသော ကောင်းမှုကြောင့် နောင်အခါ၌ ဘုရားစင်စစ် ကေန်ဖြစ်လတံ့ဟု မိန့်တော်မူ၏။

ဘုရားလောင်းသည် မထေရ်၏ တရားစကားကိုကြားနာရ၍ အလွန် ကြည်ညိုလေ၏၊ ဘုရားလောင်းသည် ရှစ်ရက်လပြည့်လကွယ် ဥပုသ်နေ့တို့၌ ဥပုသ်သီတင်းစောင့်သုံးလျက် အလှူပေးခြင်းစသော ကောင်းမှုတို့ကို ပြုလုပ် ပြီးနောက် ကွယ်လွန်သောအခါ နတ်ပြည်၌ ယူဇနာတရာမြင့်သော ရွှေပြာ သာဒ်ထက်တွင် ဖြစ်လေ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားသည်—

၅-၁၇။ ငါသည်ဇရပ်စသည်တို့ကို ပေးလှူခဲ့သော ကောင်းမှုကြောင့်ငင်း၊ မွန်မြတ်သော စေတနာတို့ကြောင့်ငင်း၊ လှူပြည်မှု စုတေသော

အခါ နတ်ပြည်၌ ဖြစ်ခဲ့ရ၏၊ ထိုနတ်ပြည်၌ ရွှေဖြင့်ပြီးသော ပြိုးပြိုး ပြက်ပြက်အရောင်ထွက်သော အလျားယူဇနာ ခြောက်ဆယ်၊ အနံ ယူဇနာသုံးဆယ် အမြင့်ယူဇနာတရာရှိသော ပြာသာဒ်၊ အဆင်း အမျိုးမျိုးရှိသော တံခွန်ကုက္ကား၊ မုလေးပွားတို့ဖြင့် တန်ဆာဆင် အပ်သော ပြာသာဒ်တို့၌ဖြစ်ခဲ့ရ၏၊ ပတ္တမြားနီဖြင့် ပြီးသောတိုင် ရွှေအတိရှိသောနံရံ၊ ကုန္ဒနီလာကျောက်အမိုး၊ ဖလ်ဖြင့် ပြီးသော တံခါးမကြီးများ၊ ပတ္တမြားအတိဖြစ်သော လေသာပြူတင်းတို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ထက်တွင် ပိုးချည်၊ ကမ္ဗလာချည်၊ အဝတ်အထည် အမျိုးမျိုးတို့ဖြင့် ခင်းအပ်သောပလ္လင်ထက်၌ အဝတ် တန်ဆာအမျိုးမျိုးတို့ကို လုပစ္စာဝတ်ဆင်ထားသော နတ်တူရိယာ အမျိုးမျိုးကို သီဆိုကခုန်တီးမှုတ်သော နတ်သမီးအပေါင်း ခြံရံ လျက်ဖြစ်ခဲ့ရ၏၊ ထိုငါသည် ရွှေ ငွေ မြဖလ်ခွက် အမျိုးမျိုးတို့ဖြင့် နတ်ဘောဇဉ်အမျိုးမျိုးကို စားသုံးခဲ့ရ၍ နတ်၌ဖြစ်သော ပန်းနံ့ သာအမျိုးမျိုးတို့ကို ခံစားခဲ့ရသည်ဟု မိန့်တော်မူ၏။

ဘုရားအလောင်းသည်တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ချမ်းသာတို့ ကို ခံစားပြီးနောက် နတ်ပြည်မှစုတေသောအခါ ကုသဝတီမည်သောမြို့တွင် မင်းမျိုး၌ဖြစ်၍ အခြေအရံများစွာဖြင့် လုပဝါဝင်း ရွှေအဆင်းကဲ့သို့ တင့် တယ်သောအဆင်းရှိလေ၏၊ နောက်အခါ၌ ကုသဝတီမင်းကြီးသည် ဘုရား လောင်းအား အိမ်ရှေ့မင်းအရာကိုပေး၍ မကြာမီပင် နတ်ရွာစံကံတော် ကုန်ခဲ့၏၊ ထိုအခါမှစ၍ ဘုရားလောင်းသည် မင်းပြု၏၊ မဟာသုဒဿန မည်သော စကြဝတေးမင်းဖြစ်၏၊ ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရ၍ စကြာရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံလျက် ဘုန်းတန်ခိုးအာနုဘော် ကြီး မားလှ၏၊ ဘုရားလောင်းအား စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးရတနာ သားကြီးရတနာ ဟူသော ရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။

### စကြာရတနာစသော ရတနာခုနစ်ပါး

(မေး) စကြာရတနာစသော ရတနာခုနစ်ပါးတို့သည် မဟာသုဒဿန စကြာမင်းအား အဘယ်သူတို့သည် ပေးအပ်ကြပါကုန်သနည်း၊ မိဘ နှစ်

ပါးတို့က ပေးအပ်ခြင်း ဖြစ်ပါသလော သို့မဟုတ် နတ် သိကြား ဗြဟ္မာ တို့က ပေးအပ်ခြင်း ဖြစ်ပါသလော။

(ဖြေ) အမိအဖ နတ် သိကြား ဗြဟ္မာ တစုံတယောက်ကမျှ ပေးအပ်ခြင်း မဟုတ်ပါ၊ ရှေးရှေးဘဝများက မိမိပြုခဲ့သော ကောင်းမှု ကုသိုလ်ကံတို့ကြောင့် ရရှိခြင်း ဖြစ်ပါသည်။

(မေး) ထိုစကြာရတနာတို့သည် အဘယ်မှရောက်လာကြပါသနည်း။

(ဖြေ) ရှေးဦးစွာ ကပ်ဦးအခါမှစ၍ စကြာရတနာသည် ဘုန်းကံရှိသော မင်းများအတွက် ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပြီးလျှင် ကပ္ပါပျက်သည်တိုင်အောင် မပျက်စီးဘဲ သမုဒ္ဒရာ၌ တည်ရှိ၏၊ ထို စကြာရတနာသည် ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်အပ်သော ဝေဇယန္တာရထားမျှ ပမာဏရှိ၏၊ စကြာဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ ထိုစကြာရတနာသည် သမုဒ္ဒရာမှ အလိုလိုရောက်လာ၏၊ ဆင်ရတနာသည်ကား ဆင်တို့၏ ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံ၍ ကိုယ်လုံးဖြူသော ကေလာသ ဆင်မျိုးနှင့်တူ လျက် မင်္ဂလာဘိသိက် သွန်းလောင်းခြင်းငှါ ထိုက်တန်သောဆင်ဖြစ်၏၊ ဆဒ္ဒန်ဆင်မျိုး ဥပေါသထဆင်မျိုးတို့မှ ဆင်းသက်သော ဆင်မျိုးဖြစ်၏၊ မြင်းရတနာသည်ကားမြင်း၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍တကိုယ်လုံးဖြူ၍ငွေအဆင်းကဲ့သို့ တင့်တယ်၏၊ အရွယ်ရင့်ပြီး၍ ဝလာဟကာနတ်သား စောင့်ရှောက်သော မြင်းဖြစ်၏၊ဝလာဟကမြင်းမျိုးမှပေါက်ဖွားသောမြင်းဖြစ်၏၊ ပတ္တမြား ရတနာသည်ကားဝေပုလ္လတောင်၌တည်ရှိ၏၊ ကုမ္ဘဏ်တကောင်စောင့်ရှောက်၏၊ စကြာမင်း ဖြစ်ထွန်း ပေါ်ပေါက်သောအခါ၌ ဝေပုလ္လတောင်မှ အလိုအလျောက် ရောက်လာခြင်းဖြစ်၏၊ မိဖုရား ရတနာသည်ကား မြောက်ကျွန်းသူ အမျိုးသမီးဖြစ်၏၊ စကြာဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သော အခါ သိကြားမင်းစသောနတ်များက မြောက်ကျွန်းမှ ယူဆောင်ဆက်သခြင်း ဖြစ်၏၊ သူဌေးရတနာသည်ကား ဇမ္ဗူဒိပ်ကျွန်း၌နေ၏၊ စကြာဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ သိကြားမင်းစသော နတ်များက စကြာဝတေးမင်းအား လာရောက် ဆက်သပေးအပ်ကြခြင်း ဖြစ်၏၊ သားကြီးရတနာသည်ကား အရှေ့ကျွန်း၌တည်ရှိ၏၊ စကြာဝတေးမင်း ဖြစ်ထွန်း

ပေါ်ပေါက်သောအခါ သိကြားမင်းစသော နတ်များက စကြဝတေး မင်းအား လာရောက် ဆက်သပေးအပ်ကြခြင်း ဖြစ်၏။

## စကြာရတနာ စွမ်းရည်အာနုဘော်

(မေး) စကြဝတေးမင်း၏ ရတနာခုနစ်ပါးအနက် စကြာရတနာ သည် အဘယ်သို့ ဘုန်းတန်ခိုးအာနုဘော် ရှိပါသနည်း။

(ဖြေ) စကြဝတေးမင်းသည် တစုံတခုသော အရပ်သို့ သွားလိုလျှင် များစွာသော ကချေသည် မိန်းမတို့နှင့်တကွ စကြာရတနာကိုစီး၍ ကုသဝတီ မင်းနေပြည်ကို လကျ်ာရစ် လည်ပတ်၏၊ ထိုအခါ စကြာရတနာသည် မင်းကိုတင်ဆောင်လျက် တပြိုင်နက် လဝန်းတထောင် ထွန်းလင်း တောက် ပ သကဲ့သို့ ထွန်းလင်းလျက် ကောင်းကင်သို့ ပျံတက်၍ ထိုထို အလိုရှိရာ ဒေသသို့ ကြွရောက်၏၊ စကြဝတေးမင်းသည် စစ်သည်ဗိုလ်ပါတို့ကို အလို ရှိပါလျှင် အလိုရှိသမျှသော စစ်သည်ဗိုလ်ပါ တရာ တထောင် တသောင်း တသိန်းတို့သည် မင်းအားခြံရံ၍ ကောင်းကင်သို့ပျံတက် လိုက်ပါကြကုန်၏၊ ထိုအခါ လူတို့သည် လက်ဆောင်ပဏ္ဏာ အမျိုးမျိုးကို ယူ၍ မင်းအား ရှိခိုး ချဉ်းကပ်ကြကုန်၏၊ မင်းသည် စကြာရတနာ၌တည်လျက် အို လူ အပေါင်းတို့ သင်တို့သည် သီလကို စောင့်ထိန်းကြကုန်လော့၊ အလှူဒါန ပြုကြကုန်လော့၊ မေ့လျော့ပေါ့ဆ မနေကြကုန်လင့် ဟု ဆုံးမဩဝါဒ ပေးလေ၏။

အရှေ့ကျွန်းသို့ စကြာရတနာရောက်သောအခါ လူတို့သည် ထိုမင်း အား ပူဇော်သက္ကာရပြု၍ ရှိခိုးကြကုန်၏၊ စကြာမင်းသည် နတ်ပြည်သို့ သွားလိုသောအခါ စကြာရတနာကိုစီး၍ မြို့တော်ကို လကျ်ာရစ် ရစ်ပတ် လျှက် သွားလေ၏၊ ထိုအခါ စကြာရတနာသည် ရွှေ့ရှားလျက် မင်းကို ထင်ဆောင်၍ ကောင်းကင်ခရီးဖြင့် သွားလေ၏၊ စစ်သည်ဗိုလ်ပါတို့သည် လည်း ကောင်းကင်သို့ပျံတက်လျက် မင်းနှင့်အတူ ပျော်ရွှင်စွာ လိုက်ပါ ကြကုန်၏၊ ထိုစစ်သည် ဗိုလ်ပါတို့သည် ကကြ ခုန်ကြ သီဆိုကြ လက်ပန်း ပေါက်ခတ်ကြ ကောင်းချီးကြွေးကြော် ဟစ်အော်ပျော်မြူးကြ တူရိယာ

တို့ကို တီးမှုတ်ကြကုန်လျက် ပျော်ရွှင်မြူးထူးကြကုန်၏၊ မိုးချုန်းသံကဲ့သို့သော တခဲနက်သော တူရိယာသံတို့သည် ခြိမ့်ခြိမ့်သဲမျှ ထွက်ပေါ်ကုန်၏။ စကြာရတနာသည် နတ်ပြည်သို့ရောက်သောအခါ သိကြားမင်းသည် နတ်ပရိသတ်များနှင့်အတူ မင်းကြီးအား ခရီးဦး ကြိုဆို၍ နတ်၌ဖြစ်သော လက်ဆောင်ပဏ္ဏာတို့ဖြင့် ပူဇော်လျက် မင်းကြီးအား ခေါ်ဆောင်ကာ တာဝတိံသာ နတ်ပြည်သို့ ဝင်ရောက်ပြီးလျှင် နတ်စည်းစိမ်ချမ်းသာတို့ကို ပြောကြားပြသခံစားစေ၏၊ သိကြားမင်းသည် စကြဝတေးမင်းကို မြင်သောအခါ လွန်စွာဝမ်းမြောက် အံ့သြလေ၏၊ စကြာရတနာသည် မင်းအား တင်ဆောင်၍ လေးကျွန်းဂိုးကို လှည့်ပတ်ပြီးနောက် ချက်ခြင်းပင် မိမိမြို့သို့ ပြန်ရောက်လာ၏၊ ဤကား စကြာရတနာ၏ တန်ခိုး အာနုဘော်များ ဖြစ်၏။

### ဆင်စသော ရတနာတို့၏ စွမ်းရည်များ

(မေး) ဆင်ရတနာသည် အဘယ်သို့ တန်ခိုးအာနုဘော်ရှိပါသနည်း။

(ဖြေ) စကြဝတေးမင်းသည် နံနက်အချိန်၌ ဆင်ရတနာကိုစီး၍ သမုဒ္ဒရာအဆုံးရှိသော မြေအပြင်ရှိသမျှကို လှည့်ပတ်သွားလာပြီးနောက် ကုသာဝတီပြည်သို့ ပြန်ရောက်လျက် နံနက်စာကို စားသုံးနိုင်၏၊ ဤကား ဆင်ရတနာ၏ တန်ခိုးအာနုဘော်ဖြစ်၏။

(မေး) မြင်းရတနာသည်အဘယ်သို့ တန်ခိုးအာနုဘော်ရှိသနည်း။

(ဖြေ) ဆင်ရတနာကဲ့သို့ပင်ဖြစ်၏၊ စကြဝတေးမင်းသည် ဆင်ရတနာ မြင်းရတနာတို့ကိုစီး၍ အလိုရှိသောအရပ်ဒေသသို့ သွားရောက်လေ၏။

(မေး) ပတ္တမြားရတနာသည်အဘယ်သို့ တန်ခိုးအာနုဘော်ရှိသနည်း။

(ဖြေ) ပတ္တမြားရတနာသည်ကား အဘိုးများစွာ ထိုက်တန်၏ သန္ဓါးသီးလုံးခန့် ပမာဏရှိ၏၊ ရှစ်မြောင့်ရှိ၏၊ လွန်စွာကြည်လင်၏၊ ထိုပတ္တမြားရတနာ၏ အရောင်သည်ကား ပတ်ဝန်းကျင် တယူဇနာ (ခုနစ်မိုင်ခန့်) သို့ ထွန်းလင်းတောက်ပ၏၊ စကြဝတေးမင်းသည် ပတ္တမြားရတနာကို စူးစမ်းလိုသဖြင့် စစ်အင်္ဂါလေးပါးရှိသော စစ်တပ်များကိုဖွဲ့၍ ပတ္တမြားရတနာ

ကို တံခွန်ထိပ်ဖျားသို့ တင်၍ အမိုက်အမှောင်ထဲ၌ ထား၏၊ အနီးအနား ရွာချားကို အလင်းရောင်ဖြင့် ဖုံးလွှမ်းသွား၍ ရွာသူရွာသားတို့သည် မိမိ တို့လုပ်ငန်းကိစ္စများကို ပြုလုပ်ဆောင်ရွက်နိုင်သည်ကို တွေ့ရ၏၊ ရေကိုအလို ရှိလျှင် ပတ္တမြားရတနာသည် မိမိဖာသာ မြေထဲသို့ဝင်၍ ထန်းပင်လုံးခန့် ဆင်၏ ကိုယ်ပမာဏခန့်ရှိသော ရေများကိုယူဆောင်လျက် မြေမှထွက်ပေါ် လာ၏၊ ထို့နောက် ပတ္တမြားရတနာသည် ကောင်းကင်သို့ ပျံတက်၍ ကြီး စွာသော မိုးရေအလျဉ်ကို ရွာချစေ၏၊ မီးကိုအလိုရှိလျှင် ပတ္တမြားရတနာ ကို မြေ၌ပစ်ချသော် မီးသည် မြေမှထွက်ပေါ်၍လာ၏၊ တဖန် ပတ္တမြား ရတနာသည် ကောင်းကင်သို့ ပျံတက်၍ မိုးရွာသကဲ့သို့ မီးများကိုရွာချစေ ၏၊ လေကိုအလိုရှိလျှင် ပတ္တမြားရတနာသည်၊ မိမိကိုယ်တိုင် ထိုထိုအရပ် ဒေသသို့ ပျံနှံ့၍ လေပြေလေညှင်း လေပြင်းမုန်တိုင်းတို့ကို ဖြင်စေလျက် အရပ်လေးမျက်နှာတို့၌ လေကိုတိုက်ခတ်စေ၏၊ စကြဝတေးမင်းသည် အလိုရှိသမျှကို ထိုပတ္တမြားရတနာ၏ အစွမ်းအာနုဘော်ကြောင့် ပြည့်စုံ၏၊ ဤသည်ကား ပတ္တမြားရတနာ၏ တန်ခိုးအာနုဘော်ဖြစ်၏။

(မေး) မိဖုရားရတနာသည်အဘယ်သို့တန်ခိုးအာနုဘော်ရှိပါသနည်း။

(ဖြေ) မိဖုရားရတနာသည် အလွန်အဆင်းလှ၏၊ ရှုချင်စဘွယ်ရှိ၏၊ ရွှေအဆင်းကဲ့သို့ ဝါငင်းသောအဆင်းရှိ၏၊ မနိမ့်လွန်း မမြင့်လွန်း မဆူလွန်း မကျုံ့လွန်း မဖြူလွန်း မမဲလွန်းသော အဆင်းအရောင်ရှိ၍ နတ်သမီးတမျှ လှပ၏၊ ဝါဂွမ်းကဲ့သို့ နူးညံ့သောအသွေးရှိ၏၊ ထိုမိဖုရားကို မြင်ရသော ယောကျ်ားတို့သည် အရူးပမာဖြစ်ရကုန်၏၊ ထိုမိဖုရား၏ ကိုယ်ရနံ့သည် စန္ဒကူးနံ့သာ အနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်၏၊ ခံတွင်းနံ့သည် ကြာညိုပန်းနံ့ကဲ့သို့ ပျံ့သင်း၏၊ သွားများသည် ဖြူဖွေး၍ ပုလဲတမျှ ညီ ညာလှပကုန်၏၊ ဆံကေသာတို့သည်ကား ပိတုန်းရောင်ပမာဏ နက်မှောင် လျက်ရှိ၏၊ လက်ခြေတို့သည်ကား နီမြန်းသောအဆင်းရှိကုန်၏၊ ထိုမိဖုရား သည် မိန်းမတို့၏ ကြန်အင်လက္ခဏာ အဖြာဖြာနှင့် ပြည့်စုံ၏၊ သီလရှိ၏၊ ရှေးဦးစွာ အိပ်ယာမှထလေ့ရှိ၏၊ နောက်မှအိပ်လေ့ရှိ၏၊ ပြုလုပ်ပေးရန် လင့်အ ဏာ ကို အသင့်နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဘွယ်ကိုပြုလေ့ရှိ၏၊ ချစ်

ဖွယ်စကားကိုဆိုလေ့ရှိ၏၊ တပါးသောယောကျ်ားကို စိတ်ဖြင့်မျှ မကြံစည် မလွန်ကျူးဘဲနေလေ့ရှိ၏၊ ထိုမိဖုရား၏ ခန္ဓာကိုယ်သည် အေးချမ်းသော အချိန်၌ပူနွေး၍ ပူအိုက်သောအချိန်၌ အေးမြ၏၊ ဤကား မိဖုရားရတနာ ၏ တန်ခိုးအာနုဘော်ဖြစ်၏။

(မေး) သူဌေးရတနာ၏ တန်ခိုးအာနုဘော်ကား အဘယ်နည်း။

(ဖြေ) သူဌေး ရတနာသည် လယ်များသို့ သွားလျှင် လယ်၌ စပါး တို့သည် ကိုယ်တိုင်စိုက်ပျိုးထား သကဲ့သို့ ပေါက်ရောက်၏၊ စပါးကျီများ သို့ သွားလျှင် စပါးကျီများသည် စပါးများဖြင့် ပြည့်နေ၏၊ ဆင်တင်း ကုပ် မြင်းတင်းကုပ် နွားဟင်းကုပ် များသို့ သွားလျှင် ဆင် မြင်း နွားတို့ သည် သားပေါင်းများစွာ မွေးဖွား၍ အများအပြား ဖြစ်လာ၏၊ သူဌေး ရတနာသည် သိမ်းဆည်း ယူငင်အပ်သော ဥစ္စာ ရွှေ ငွေများ ကို ရေ မီး ခိုးသူတို့ မယူငင် မဖျက်ဆီးနိုင်၊ သူဌေးရတနာသည် ရွှေငွေဥစ္စာကို အလို ရှိ၍ မြေကြီးခဲ ကျောက်စရစ်ခဲ သစ်ပင် မြက် စသည်တို့ကို ကိုင်ယူလိုက်လျှင် ထိုမြေ ကျောက်စရစ် စသည်တို့သည် ရွှေငွေဥစ္စာတို့ ဖြစ်လာကြ၏၊ ပိုင်ရှင် မရှိဘဲ မြေထဲ၌ နစ်မြုပ်နေသော ရွှေအိုးတို့သည် သူဌေးအား ချဉ်းကပ် လျက် အို အရှင် သင်သည် ရွှေငွေများဖြင့် ပူဇော်ဖွယ်ကိစ္စတို့ကို ပြုလုပ်စိမ့် ပါလော့ဟု ဆိုသကဲ့သို့ ရောက်လာကြကုန်၏။ စကြဝတေးမင်းသည် သူဌေး ရတနာကို စူးစမ်းလိုသဖြင့် လှေကိုစီး၍ မြစ်ပင်လယ် ခရီးဖြင့် သွားရာ၊ မြစ်အလယ်သို့ ရောက်သော အခါ ငါ၏ သူဌေးရတနာ ငါသည် ရွှေငွေ တို့ကို အလိုရှိသည်ဟု မင်းကဆိုလျှင် လှေကို မြစ်ကမ်းသို့ ဆိုက်ကပ်စေလျက် ရေကို လက်ဖြင့်သုံးသပ်၍ ရွှေအိုးများကို ယူဆောင်ကာ မင်းအား ပေးလေ ၏၊ ဤကား သူဌေးရတနာ၏ တန်ခိုးအာနုဘော် ဖြစ်၏။

(မေး) သားကြီး ရတနာသည် အဘယ်သို့ တန်ခိုး အာနုဘော် ရှိပါသနည်း။

(ဖြေ) သားကြီး ရတနာသည် ပညာရှိ၏၊ လိမ္မာ၏၊ အရာရာ၌ ကျွမ်း ကျင်၏။ သားကြီး ရတနာသည် မင်းအား ချဉ်းကပ်၍ ခမည်းတော

မင်းကြီး စိတ်အေးချမ်းသာစွာ နေပါလော့၊ ကျွန်တော်သည် အရာရာကို စီမံပါအံ့ဟု ဆို၍ စီမံအုပ်ချုပ်၏။ ဆင်ပြောင် ဆယ်စီးအားကို ဆောင်၏၊ ရဲရင့်၏၊ ရန်သူတို့ကို နှိမ်နင်းနိုင်စွမ်း ရှိ၏၊ စစ်မြေပြင်၌ရင်း၊ တရားဆုံး ဖြတ်ရာ၌ရင်း လိမ္မာကျွမ်းကျင်၏၊ သားကြီးရတနာ ရောက်ရာအရပ်တွင် ဘေးရန်မရှိ၊ မင်းအပေါင်းတို့သည် သားကြီးရတနာကို မြင်လျှင်သော် ၎င်း၊ အသံကြားလျှင် သော်၎င်း၊ အဝေးမှ ရှောင်ရှားကြရ ကုန်၏၊ ဤကား သားကြီးရတနာ၏ တန်ခိုးအာနုဘော် ဖြစ်၏။

ဤသို့လျှင် စကြဝတေးမင်းအား ဘုန်းတန်ခိုး အာနုဘော် ရှိသော ရတနာ ခုနစ်ပါးတို့သည် အလှူကောင်းမှု၏ အကျိုးကြောင့် ရရှိပေါ်ထွက် လာခြင်း ဖြစ်ပေ၏၊ ကုသဝတီ မြို့သူမြို့သားတို့သည် ချိုမြိန်ကောင်းမြတ် သော ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စားသောက်ကြ ကုန် လျက် အောင်သေတို့ကို သောက်ကြကုန်၍ လုပသော အဝတ်တန်ဆာ တို့ကို ဝတ်ဆင်ကြကုန်ပြီးလျှင် သီဆိုကခုန် မြူးတူးပျော်ပါး ကြကုန်၏၊ ကုသဝတီတပြည်လုံး၌ နေကြသူအားလုံးတို့သည် ရောဂါမရှိ၊ ဆင်းရဲမရှိ၊ ရန်သူမရှိ ချမ်းသာစွာ နေကြရကုန်၏။ ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ အိုးစည် ပုံမောင်းသံ၊ တူရိယာအမျိုးမျိုးအသံတို့ကြောင့် ကုသဝတီတပြည်လုံး သည် မဟာပထဝီပြိုကွဲပျက်စီးသကဲ့သို့ အုံးအုံးကျက်ကျက် တခဲနက်ပျော်၍ မဆုံးရှိကြကုန်၏။ ကုသဝတီ မင်းနေပြည်သည်စားသောက်ဘွယ် အာဟာရ အမျိုးမျိုး ရွှေငွေစသော ရတနာအသုံးအဆောင် အမျိုးမျိုးတို့ဖြင့် ပြည့်စုံကြွယ်ဝသော ပဒေသာပင် မြို့တော်ကြီးဖြစ်၏၊ သုဒဿနစကြာမင်းသည် ထိုကုသဝတီမြို့၌ မင်းဖြစ်၏။ ဤကဲ့သို့ စကြဝတေးမင်းစည်းစိမ် ချမ်းသာ တို့ကို ရခြင်းမှာကား တခုသောဘဝ၌ ရဟန်းတပါးအား ဇရပ်တဆောင် နှင့် ပရိက္ခရာတို့ကို လှူဒါန်းခဲ့သော အကျိုးအာနိသင်ကြောင့် ရရှိသော အကျိုးများဖြစ်သည်။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင် တော်မူ၍ ရဟန်းတို့ ယခုမှသာဒါနကို ပြုကြသည်မဟုတ်၊ ရှေးအခါ၌လည်း ပညာရှိတို့သည် အလှူဒါနကို ပြုကြကုန်သည်သာ ဖြစ်သည်ဟု ဇာတ်ကို ပေါင်းတော်မူလိုရကား—

## ဇာတ်ပေါင်းခဏ်း

၁၈-၂၇။ ထိုစဉ်ကဆင်ရတနာသည် သုဒ္ဒေါဒနမင်းကြီး၏ ဆင်ဖြစ်လာ၏၊ မြင်းရတနာသည် ကဏ္ဍကမြင်း ဖြစ်လာ၏၊စကြဝတေးမင်း၏ မယ်တော်ခမည်းတော်တို့သည် သုဒ္ဒေါဒနနှင့် မယ်တော်မာယာတို့ ဖြစ်ကြ၏၊ စကြာမင်းအား မြောက်ကျွန်းမှပို့ဆက်လာသော မိဖုရားရတနာသည်ကား ယခုအခါ ယသောဓရာဖြစ်လာ၏၊ သူဌေးရတနာသည် ရှင်အာနန္ဒာဖြစ်လာ၏၊ သားကြီးရတနာသည် ရှင်သာရိပုတ္တရာဖြစ်လာ၏၊ စကြဝတေးမင်း၏ ပရိသတ်တို့သည် ငါဘုရား၏ပရိသတ်များဖြစ်လာ၏၊ မဟာသုဒဿန စကြာမင်းသည်ကား ငါဘုရားဖြစ်လာလေ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဆယ်ခုမြောက် မဟာသုဒဿနဇာတ်ဝတ္ထုပြီး၏။

**ဇင်းမယ်ပဏ္ဏာသ ဝတ္ထုတော်ကြီး ပြီး၏။**

---

၁၃၃၈-ခု တပို့တွဲလပြည့်ကျော် ၆-ရက် အင်္ဂါနေ့(၈.၂.၇၇)နေ့ နံနက် (၅ း ၃၀)အချိန်တွင် ဇင်းမယ်ပဏ္ဏာသမြန်မာပြန် ပြီးဆုံး၏။

တိုင်းသူပြည်သား ဗုဒ္ဓဘာသာဝင်များနှင့်တကွ ကမ္ဘာသူကမ္ဘာသားတို့သည် ဤကျမ်းစာကို ကြည့်ရှုလေ့လာမှတ်သားကြလျက် အတုယူ လိုက်နာကျင့်ကြံနိုင်ကြပါစေ သတည်း။

ဤကျမ်းစာသည် သာသနာတော်အား ကျေးဇူးများသော ကျမ်းစာတစောင်ဖြစ်ပါစေသတည်း၊ ထို့ထက် ကောင်းမွန်သော ကျမ်းစာများ မထွက်သေး သမျှ ကာလပတ်လုံး ဤကျမ်းစာသည် တည်ရှိနေပါစေ သတည်း။

ပုဒ်ဒီ အာနှင့် ပြည့်စုံရပါလို၏။ ။

## နိဂုံးရတုပိုဒ်စုံ

သုံးလုံ့မြတ်စွာ။ ။စေသတ္တာကား၊ သတ္တဝါဝေနေ၊ မျှားဗိုလ်ခြေတို့၊ ဆွတ်ချေတရား၊ ဟောမိန့်ကြားခဲ့၊ မျှားပြားဓမ္မ၊ ဝိနယကို၊ ဉာဏကုံလုံ၊ မထေရ်စုံတို့၊ ဖုံဖုံရေးသား၊ ကျမ်းအများဝယ်၊ မှတ်သား ဖွယ်ရာ၊ ပြည့်စုံစွာသား၊ သမ္ဘာတင့်တယ်၊ ဤဇင်းမယ်ကား၊ ယင်းဝယ်မွေးဖွား၊ ဘုန်းဘုရားလျှင်၊ ရှေးဖျားဝေးလံ၊ မြို့ပုဂံတို့၊ ပြောင်လှုံထွန်းဝင်း၊ ရောင်ထိန်လင်းလျက်၊ မှောင်တွင်းမသိ၊ ခေတ်လောက်ဆိက၊ ရေးစီပြုလာ၊ ခန့်မှန်းရာသား၊ ငါးဖြာဝင်များ၊ စဉ်ကာတားလျက်၊ တပါးငင်တွင်၊ ဆယ်ဇာတ်ယှဉ်၍၊ စီစဉ်ရေးပြု၊ ဤဝတ္ထု၌၊ လူမှုဘဝ၊ လူဒါနနှင့်၊ သီလစသည်၊ အလီလီတို့၊ စုံညီပြည့်ဖြိုး၊ လောကီကျိုးနှင့်၊ အမျိုးစုံစွာ၊ မှတ်လောက်ရာသည်၊ **ဂန္ထာဆင်းဝယ်ထွတ်နုတကား**။

ထုံးပြုမှတ်ရာ။ ။ဤကျမ်းစာကား၊ ရှေးခါရေးသား၊ ပါဠိအားဖြင့်၊ ရှည်လျားကာလ၊ တည်ရှိကလည်း၊ မြန်မာ့ဘာသာ၊ ပြည့်စုံစွာဖြင့်၊ ဖတ်ဖွယ်ရာကင်း၊ မရှိခြင်းကြောင့်၊ ခပင်းအကျိုး ရည်မျှော်ကိုးလျက်၊ ဖွံ့ဖြိုးစေတနာ၊ ဖြူစင်စွာဖြင့်၊ သစ္စာမဏ္ဍိုင်၊ စာအုပ်ဆိုင်မှ၊ ပိုင်ရှင်ဖြစ်သား၊ လူငယ်ငြားလည်း၊ တရားရှိပေ၊ **ကိုညွန့်ဝေ၏**၊ ထွေထွေရည်ညွန်း၊ လွန်ဝိုက်တွန်း၍၊ ပွင့်ထွန်းသာသနာ၊ စည်ပင်ငှါဟု၊ **ဉာဏဓ္ဓဇ**၊ ဘွဲ့နာမမှ၊ တဝဖြိုးဝင့်၊ အကျိုးတင့်ဘို့၊ **စိုးမြင့်**သမုတ်၊ အကျွန်ုပ်သည်၊ ချွန်းအုပ်ဉာဏ၊ ဥဿာဟဖြင့်၊ ဆရာ့ကျေးဇူး၊ ဂုဏ်အထူးကို၊ ရည်စူးပန်ဆင်၊ ဦးထိပ်တင်လျက်၊ စီစဉ်ကျနု၊ ရေးစီသ၍၊ မြန်မာ့ဘာသာ၊ ပြန်ဆိုပါသည်၊ **မြန်မာ့ဇင်းမယ်ဝတ္ထုတကား**။

ဆုံးခုသတ်ရာ။ ။လို့လဖြာ၍၊ မြန်မာ့စာဖတ်၊ ပရိသတ်တို့၊ သိမှတ်စေသား၊ ရည်ရွယ်ထားလျက်၊ အားပါးစိုက်ခါ၊ ရေးစီပါသည်၊

မာသာရှစ်လ၊ အချိန်မျှဖြင့်၊ လုံးဝပြီးမြောက်၊ ဆုံးခန်းရောက်၏၊ မျက်မှောက်ကောဇာ၊ ထောင့်သုံးရာနှင့်၊ စွန်းဖြာသုံးဆယ်၊ ရှစ်ခုဝယ်တည့်၊ တသွယ်ပေါက်လဲ၊ တပိုတွဲ၏၊ ကျော်ကဲခြောက်ရက်၊ ထိုနံနက်တွင်၊ ငိတ်လက်ကြည်ရှင်၊ ပြီးအောင်မြင်၏၊ ဤလျှင်ပုည၊ ကုသလကြောင့်၊ ဘဝနှောင်ခါ၊ ဖြစ်လေရာ၌၊ ဖြာဖြာပြည့်စုံ၊ လွန်ကုံလုံသား၊ ဉာဏ်ဟုန်ထက်မြက်၊ လွန်သွက်လက်၍၊ အသက်ရှည်စွာ၊ ဖြစ်လိုပါ၏၊ လိုရာဆန္ဒ၊ ပြည့်စုံရလျက်၊ ဘဝအဆုံး၊ ဝဋ်နှောင်ထုံးကို၊ ကင်းသုဉ်းဖြောင့်တန်း၊ နိဗ္ဗာန်နန်းသို့၊ တက်လှမ်းစေရာ၊ တောင်းဆုဖြာသည်၊ မှန်စွာလင်းဘွယ် ကျွတ်ဆုတကား။